အမရပူရမြို့

မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်

အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်

ရေးသား စီရင်တော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(ဒုတိယတွဲ)

ဒုက-တိက-စတုက္ကနိပါတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

၂၀၇၄၈

အမရပူရမြို့

မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်

**အရှင်ကဝိန္ဒာဘိဝံသ မဟာထေရ်**

ရေးသား စီရင်တော်မူအပ်သော

# ငါးရာငါးဆယ်ဇာတ်ဝတ္ထု

(ဒုတိယတွဲ)

**ဒုက-တိက-စတုက္ကနိပါတ်**

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

မဟာသမ္မတ အသမ္ဘိန္နဟု ခတ္တိယဇာတ် မင်းမြတ်ရာဇာ သိဒ္ဓတ်လောင်းလျာ သည် ကမ္ဘာ့ကမ္ဘာ သံသရာက သမ္ဘာရဆောက်ဦး ဖြည့်ဆည်းပူး၍ မြေဦး ဗောဓိ အပရာဇိတ်တွင် ရွှေပလ္လင်ဝယ် ငါးအင်ဥ ယျ ဒသ ဇလ ဆ-အသာဓာရဏ စသည့်မကြွင်း အလုံးစုံ ဉာဏ်ထွင်းပြီးလျှင် သုံးလူ့မင်း ဖြစ်သည်က စ၍ သောင္ဌသနဂိုရ် ပြည့်ရာဇကြိုဟ်မှစ၍ လေးနှ ယ့်ငါးဝါ ရှည်ကြာသမ ယ ကာလ အတွင်း ခပင်းဉဿုံ ဇာတ်နိပါတ်အစုံ ကို ကြာမုံပွင့်ဖူသင်း ရွှေနှုတ်ဟော်ခံတွင်းမှ ကြောင်းခြင်းသင့်ရာ ဟောဟော်မူခဲ့သော ဒေသနာတော်သည်ကား—

ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး ဇာတ်တော်ပေါင်း အားလုံးကို သိမ်းရုံးပြီးလျှင် အမရပူရမြို့တည် နန်းတည် အပြည်ပြည်တို့ ဦးတင် ဆင်ဖြူများ အရှင် ဘုရင်မင်းတရားကြီး၏ သားတော်အကြီး လက်ထီးမကွာ အိမ်ရှေ့ ဥပရာဇာ၏ မယ်တော် မိဖုရားမြတ်သည် ဆောက်လုပ် လှူဒါန်းအပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်ပျော်စံ ညောင်ကန် ဆရာတော်ဘုရားကြီးသည် မူလဘာသာ မာဂဓအနာ ဗုဒ္ဓပါဝစနာမှ ကရုဏာ ရှန်းစို မြန်မာဘာသာ ပြန်ဆိုအပ်သော ငါးရာငါးဆယ် ဇာတ်ဝတ္ထုကို သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်က ရိုက်နှိပ်ဖြန့်ချိအပ်ပါသည်။

# ငါးရာငါးဆယ်ဇာတ်တော်

## (ဒုတိယတွဲ)

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၂-ဒုကနိပါတ်** | |
| | **၁-ဒဠှဝဂ်** | |
| ၁၅၁။ | ရာဇောဝါဒဇာတ် (မင်း) .... .... | ၀ |
| | ဘုရင်၏ဩဝါဒ .... .... .... | ၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁ |
| | အတိတ်ဝတ္ထု .... .... .... | ၂ |
| | ဗလ္လိကမင်း .... .... .... | ၃ |
| | ဗလ္လိကမင်း၏အကျင့် .... .... .... | ၄ |
| | ဗြဟ္မဒတ်မင်း၏အကျင့် .... .... .... | ၅ |
| | ဇာတ်ပေါင်း .... .... .... | ၆ |
| | အရေးကြုံပြန်၊ ကိုယ်ကျင့်မှန် ကေန်အောင်နိုင်မှု .... | ၆ |
| ၁၅၂။ | သိင်္ဂါလဇာတ် (ခြင်္သေ့) .... .... | ၆ |
| | ဖလ်ဂူရှင်မြေခွေးနှင့် ခြင်္သေ့မငယ် .... .... | ၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆ |
| | အတိတ်ဝတ္ထု .... .... .... | ၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၀ |
| | အရာမဟုတ် ကြိုးအားထုတ် ဆုတ်ယုတ်ပျက်စီးမှု .... | ၁၁ |
| ၁၅၃။ | သူကရဇာတ်(ခြင်္သေ့) .... .... .... | ၁၁ |
| | မစင်လူးသောဝက်နှင့် ခြင်္သေ့ .... .... | ၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၄ |
| | မတူလျှင် မတုရ .... .... .... | ၁၄ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၄။ | ဥရဂဇာတ် (ရသေ့) .... .... .... | ၁၅ |
| | ရသေ့, နဂါး, ဂဠုန် .... .... .... | ၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၆ |
| | ဇာတ်ပေါင်း .... .... .... | ၁၈ |
| | မေတ္တာသက်ဝင် ပြစ်ချက်စင် ခင်မင်ပေါင်းသင်းပြု .... | ၁၈ |
| ၁၅၅။ | ဘဂ္ဂဇာတ် (ပုဏ္ဏား) .... .... | ၁၈ |
| | ချေဆတ်မန္တန် .... .... .... | ၁၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၂ |
| ၁၅၆။ | အလီနစိတ္တဇာတ် (မင်း) .... .... | ၂၂ |
| | ဆင်ဖြူတော်၏အစွမ်း .... .... .... | ၂၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၂ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃ |
| | ဇာတ်ပေါင်း .... .... .... | ၂၈ |
| | လို့လတန်ခိုး ပြည်လုံးစိုး အကျိုးကြီးလှသိ .... | ၂၈ |
| ၁၅၇။ | ဂုဏဇာတ် (ခြင်္သေ့) .... .... .... | ၂၈ |
| | မြေခွေးနှင့်ခြင်္သေ့ .... .... .... | ၂၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈ |
| | အတိတ်ဝတ္ထု .... .... .... | ၃၂ |
| | ခြင်္သေ့မ၏ သံသယ .... .... .... | ၃၃ |
| | ဇာတ်ပေါင်း .... .... .... | ၃၅ |
| | ကျေးဇူးပြုမှ ကျေးဇူးရ .... .... | ၃၆ |
| ၁၅၈။ | သုဟနုဇာတ် (အမတ်) .... .... | ၃၆ |
| | မြင်းစဉ်းလဲနှစ်ကောင် ... .... | ၃၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၇ |
| | ဇာတ်ပေါင်း .... .... .... | ၃၉ |
| | မသူတော်ချင်း ပေါင်းဖက်လျှင်း ချဉ်ပြင်းဆားနှယ်တွေ့ | ၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၉။ | မောရဇာတ် (ဥဒေါင်း) .... .... | ၃၉ |
| | ရွှေဥဒေါင်းနှင့် ညွတ်ကွင်း .... .... | ၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၀ |
| | ရွှေဥဒေါင်း၏ နေ့စဉ်ကျင့်ဝတ် .... .... | ၄၀ |
| | မိဖုရားလျှင် အိပ်မက်မြင် .... .... | ၄၃ |
| | ရွှေဥဒေါင်းကိုဖမ်းခန်း .... .... .... | ၄၄ |
| | မင်းကြီး၏ တရားမဲ့ ရွှေပေလွှာ .... .... | ၄၄ |
| | 'မ' အသံ .... .... .... | ၄၄ |
| | ဓမ္မမိုက်ဆေး တိုက်ကျွေးသံ .... .... | ၄၆ |
| | ဇာတ်ပေါင်း .... .... .... | ၄၆ |
| | မ နှင့်ဖက်က မိုက်ဖက်ပါ .... .... | ၄၆ |
| ၁၆၀။ | ဝိနီလဇာတ် (မင်း) .... .... | ၄၆ |
| | ဟင်္သာညီနောင်နှင့် ကျီးဟင်္သာ .... .... | ၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၈ |
| | မတူဘဲတု ပျက်စီးမှု ကြည့်ရှုဆင်ခြင်တွေ့ .... | ၄၈ |

## ၂-သန္ထဝဝဂ်

| | | |
|---|---|---|
| ၁၆၁။ | ဣန္ဒသမာနဂေါတ္တဇာတ် (ရသေ့) .... .... | ၄၈ |
| | ရသေ့နှင့်ဆင် .... .... .... | ၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၈ |
| | အတိတ်ဝတ္ထု .... .... .... | ၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၅၂ |
| | ဆုံးမခက်ခဲ ပျက်စီးမြဲ၊ သေပွဲနောက်ဆုံးတွေ့ .... | ၅၂ |
| ၁၆၂။ | သန္ထဝဇာတ် (ရသေ့) .... .... .... | ၅၂ |
| | ရသေ့နှင့်မီး .... .... .... | ၅၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၂ |
| | အတိတ်ဝတ္ထု .... .... .... | ၅၂ |
| | ဇာတ်ပေါင်း .... .... .... | ၅၄ |
| | သူတော်တရား မပျော်ငြားဘဲ အမှားကျင့်တွက် အကျိုးပျက် ဆိုးချက်နာလှပေ့ .... .... | ၅၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၃။ | သုသီမဇာတ် (ပုဏ္ဏား) .... .... | ၅၄ |
| | တစ်ညဉ့်တည်းဖြင့် ဗေဒင်သုံးပုံသင် .... .... | ၅၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၄ |
| | အတိတ်ဝတ္ထု .... .... .... | ၅၆ |
| | ပညာရှာထွက် .... .... .... | ၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၆၀ |
| | တစ်နေ့တည်းဖြင့် ယူဇနာ တစ်ရာနှစ်ဆယ်သွား၍ တစ်ညဉ့်တည်းဖြင့် ဗေဒင်သုံးပုံသင်ပြ .... .... | ၆၀ |
| ၁၆၄။ | ဂိဇ္ဈဇာတ် (လင်းတ) .... .... | ၆၁ |
| | မိဘလုပ်ကျွေးသော လင်းတ .... .... | ၆၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၁ |
| | အတိတ်ဝတ္ထု .... .... .... | ၆၁ |
| | ဘုရင်နှင့်လင်းတ .... .... .... | ၆၂ |
| | ဇာတ်ပေါင်း .... .... .... | ၆၄ |
| | မိဘကျွေးမွေး ကောင်းချီးပေး ပဂေးစောမြတ်စွာ .... | ၆၄ |
| ၁၆၅။ | နကုလဇာတ် (ရသေ့) .... .... | ၆၄ |
| | ရန်ဘက်စစ်သူကြီးနှစ်ဦး.... .... .... | ၆၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၄ |
| | အတိတ်ဝတ္ထု .... .... .... | ၆၄ |
| | ဇာတ်ပေါင်း .... .... .... | ၆၆ |
| ၁၆၆။ | ဥပသာဠှကဇာတ် (ရသေ့) .... .... | ၆၆ |
| | သင်္ချိုင်းလွတ်ရာမြေကိုရှာ .... .... | ၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၆ |
| | အတိတ်ဝတ္ထု .... .... .... | ၆၇ |
| | ဇာတ်ပေါင်း .... .... .... | ၆၈ |
| | သင်္ချိုင်းလွတ်ရာမြေကိုရှာ ဘယ်မှာမရှိမှတ် .... | ၆၈ |
| ၁၆၇။ | သမိဒ္ဓိဇာတ် (ရသေ့) .... .... .... | ၆၈ |
| | ရသေ့နှင့်နတ်သမီး .... .... .... | ၆၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၈ |
| | အတိတ်ဝတ္ထု .... .... .... | ၇၀ |
| | ဇာတ်ပေါင်း .... .... .... | ၇၁ |
| | ရုပ်သွင်နုနယ်၊ ကာမနယ်၊ မြူဆွယ်မှားတတ်လှ .... | ၇၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၇။ | သကုဏဂ္ဃိဇာတ် (ဘီလုံးငှက်) .... .... | ၇၁ |
| | အနေကောင်းလျှင် တစ်သက် .... .... | ၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇၁ |
| | အတိတ်ဝတ္ထု .... .... .... | ၇၂ |
| | ဇာတ်ပေါင်း .... .... .... | ၇၄ |
| | မိဘနှစ်ပါး၊ကျက်စားစဉ်လာ စွန့်ပစ်ခွါ ဘေးသာဖြစ်တတ်လှ | ၇၄ |
| ၁၆၈။ | အရကဇာတ် (ရသေ့).... .... .... | ၇၄ |
| | မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး .... .... | ၇၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇၄ |
| | အတိတ်ဝတ္ထု .... .... .... | ၇၆ |
| | ဇာတ်ပေါင်း .... .... .... | ၇၇ |
| | မေတ္တာတရား ဖြည့်တိုးပွား၊ ကျိုးကားဆယ့်တစ်ရ .... | ၇၇ |
| ၁၇၀။ | ကကဏ္ဍကဇာတ် (မဟောသဓာ) .... .... | ၇၇ |

## ၃ ကလျာဏဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၁။ | ကလျာဏဓမ္မဇာတ် (သူဌေး) .... .... | ၇၇ |
| | ပညတ်သွားရာ ဓာတ်သက်ပါ .... .... | ၇၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၇၇ |
| | အတိတ်ဝတ္ထု .... .... | ၇၈ |
| | ဇာတ်ပေါင်း .... .... | ၈၀ |
| | နိမိတ်ကောင်းမှ၊ ကောင်းကျိုးရ မုချဖြစ်တတ်စွ .... | ၈၀ |
| ၁၇၂။ | ဒဒ္ဒရဇာတ် (ခြင်္သေ့) .... .... .... | ၈၁ |
| | မြေခွေးနှင့်ပြိုင်၍ ခြင်္သေ့-မဟောက် .... .... | ၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၁ |
| | အတိတ်ဝတ္ထု .... .... | ၈၂ |
| | ဇာတ်ပေါင်း .... .... | ၈၃ |
| | အမဲရိုးနှယ် ဟင်းအိုးမှ ဒေါသမနာ .... .... | ၈၃ |
| | စိန်ကောင်းကျောက်ကောင်းရောင်းတဲ့နေရာ .... | |
| | ဆေးရိုးသည်က ကန့်လန့် .... .... | ၈၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၃။ | မက္ကဋဇာတ် (ရသေ့) .... .... .... | ၈၄ |
| | ရသေ့ယောင်ဆောင်သော မျောက် .... .... | ၈၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၄ |
| | အတိတ်ဝတ္ထု .... .... | ၈၄ |
| | ဇာတ်ပေါင်း .... .... | ၈၆ |
| | ရသေ့သို့ယောင်၊ အသွင်ဆောင်၊ မျောက်လှောင်အံ့ဖွယ်ပြ | ၈၆ |
| ၁၇၄။ | ဒုဗ္ဘိယမက္ကဋဇာတ် (ပုဏ္ဏား) .... .... | ၈၆ |
| | ကျေးဇူးကန်းသော မျောက် .... .... | ၈၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၆ |
| | အတိတ်ဝတ္ထု .... .... | ၈၆ |
| | မျောက်ရဲ့အကျင့် .... .... .... | ၈၇ |
| | ဇာတ်ပေါင်း .... .... | ၈၈ |
| | အရိပ်နေနေ အခက်ချိုးချိုး .... .... | ၈၈ |
| ၁၇၅။ | အာဒိစ္စုပဋ္ဌာနဇာတ် (ရသေ့) .... .... | ၈၈ |
| | သူတော်ကောင်းဟန်ဆောင်သော မျောက် .... | ၈၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၈၈ |
| | အတိတ်ဝတ္ထု .... .... | ၈၉ |
| | မျောက်၏ ခါတော်မှီဉာဏ် .... .... | ၈၉ |
| | ဇာတ်ပေါင်း .... .... | ၉၀ |
| ၁၇၆။ | ကဠာယမုဋ္ဌိဇာတ် (အမတ်) .... .... | ၉၁ |
| | ကုလားပဲတစ်စေ့အတွက် ကုလားပဲတစ်ဆုပ်ဆုတ် .... | ၉၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၉၁ |
| | အတိတ်ဝတ္ထု .... .... | ၉၂ |
| | ဇာတ်ပေါင်း .... .... | ၉၃ |
| | လက်ထဲက ငှက်တစ်ကောင်သည် .... .... ချုံထဲကငှက်နှစ်ကောင်ထက် ပို၍တန်ဖိုးရှိ .... | ၉၃ |
| ၁၇၇။ | တိန္ဒုကဇာတ် (မျောက်) .... .... | ၉၄ |
| | တစ်ယောက်ကောင်းက အပေါင်းချမ်းသာ .... | ၉၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၉၄ |
| | အတိတ်ဝတ္ထု .... .... .... | ၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၉၆ |
| | အကြောင်းကောင်းက တစ်ချက် .... .... | ၉၆ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၈။ | ကစ္ဆပဇာတ် (အိုးထိန်းသည်) .... .... | ၉၇ |
| | စွဲလမ်း၍ အသည်းကျွမ်းရပြီ .... .... | ၉၇ |
| | ဒေသစွဲအားကြီးသောလိပ် .... .... | ၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၉၇ |
| | အတိတ်ဝတ္ထု .... .... .... | ၉၇ |
| | ဇာတ်ပေါင်း .... .... .... | ၉၉ |
| | လာမည့်ဘေး အဝေးကရှောင် .... .... | ၉၉ |
| ၁၇၉။ | သတဓမ္မဇာတ်(ဒွန်းစဏ္ဍား) .... .... | ၁၀၀ |
| | ဒွန်းစဏ္ဍားစားကြွင်းကို စားမိ၍ သွေးအန်ရသူ .... | ၁၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၀၀ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၀ |
| | ဇာတ်ပေါင်း .... .... .... | ၁၀၃ |
| ၁၈၀။ | ဒုဒ္ဒဒဇာတ် (ရသေ့) .... .... | ၁၀၃ |
| | နည်းရှောင်း များရောင်း ဝေခင်းပြည့် .... | ၁၀၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၀၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၄ |
| | ဇာတ်ပေါင်း .... .... .... | ၁၀၅ |


## ၄-အသဒိသဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈၁။ | အသဒိသဇာတ် (မင်းသား) .... .... | ၁၀၅ |
| | စစ်နေးကြုံတော့ သူရဲကောင်းတောင့်တ .... | ၁၀၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၀၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၀၅ |
| | မင်းခစားတို့၏ ကုန်းချော့စကား .... .... | ၁၀၆ |
| | အသဒိသမင်းသား လေးစွမ်းပြ .... .... | ၁၀၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၁၀ |
| | စစ်ရေးကြုံတော့ သူရဲကောင်းကို သတိရသည် .... | ၁၁၀ |
| ၁၈၂။ | သင်္ဂါမာဝစရဇာတ် (ဆင်ဆရာ) .... .... | ၁၁၀ |
| | မင်းနန်းချတ်ခန်းနှင့် စစ်မြေပြင်၌ ရဲရင့်သောဆင် .... | ၁၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု ... .... .... | ၁၁၀ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁၄ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဇာတ်ပေါင်း .... .... .... | ၁၁၅ |
| | သင့်တင့်လျောက်ပတ် စကားရပ်ဖြင့် လိုအပ် .... မြောက်တင်မှုအောင်မြင် ဆင်ခြင် ပြောကြားရာ.... | ၁၁၅ |
| ၁၈၃။ | ဝါလောဒကဇာတ် (အမတ်) .... .... | ၁၁၅ |
| | မပြည့်တဲ့ရေအိုး ဘောင်ဘင်ခတ် .... .... | ၁၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁၆ |
| | ဇာတ်ပေါင်း .... .... .... | ၁၁၈ |
| | အရက်ပြတ် ခွက်ကပ်နဲ့မူး .... .... | ၁၁၈ |
| ၁၈၄။ | ဂိရိဒတ္တဇာတ် (အမတ်) .... .... | ၁၁၈ |
| | အတုမြင် အတတ်သင် .... .... | ၁၁၈ |
| | တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး.... .... | ၁၁၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၁၈ |
| | အတိတ်ဝတ္ထု .... .... .... | ၁၁၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၀ |
| ၁၈၅။ | အနဘိရတိဇာတ် (ဒိသာပါမောက္ခ).... .... | ၁၂၀ |
| | စိတ်ကြည်လင်မှ ပညာရှင်မည် .... .... | ၁၂၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၂၀ |
| | အတိတ်ဝတ္ထု .... .... .... | ၁၂၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၃ |
| ၁၈၆။ | ဒဓိဝါဟနဇာတ် (အမတ်) .... .... | ၁၂၃ |
| | ခွေးတောက်, သရက်၊ ပင်ရောယှက်က သရက်ပင်မင်း၊ သီးချိုကင်း၏။ ပဒါးရှင်လုံး, ပဲကွပ်ပုံ, ဆင်ပြေးဆင်ခေါ်စည်, မကုန်နိုင်သည့် နို့ဓမ်းအိုး .... .... | ၁၂၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၂၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၂၃ |
| | နတ်သရက်သီး .... .... .... | ၁၂၆ |
| | အရသာဖျက် .... .... .... | ၁၂၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၂၈ |
| | ခါးတောက်မြစ်ယှက်၊ စိုက်ရေးဖျက်မှု၊ သရက်ပင်မင်း၊ သီးချိုကင်းသို့ .... | ၁၂၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၇။ | စတုမဋ္ဌဇာတ် (မျက္ခစိုး) .... .... | ၁၂၉ |
| | လူပြောမသန့်, လူသန့်မပြော .... .... | ၁၂၉ |
| | တန်ရာတန်ရာပြော .... .... | ၁၂၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၂၉ |
| | အတိတ်ဝတ္ထု .... .... | ၁၃၀ |
| | ဇာတ်ပေါင်း .... .... .... | ၁၃၁ |
| ၁၇၈။ | သီဟကောတ္ထုဇာတ်(ခြသေ့) .... .... | ၁၃၁ |
| | တိတ်တိတ်နေ ထောင်တန် .... .... | ၁၃၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၃၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၃၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၃၃ |
| | အသွင်သဏ္ဌာန် တူဟန်မျှနှင့် မတုပသင့် .... | ၁၃၃ |
| ၁၇၉။ | သီဟစမ္မဇာတ်(သူကြွယ်) .... .... | ၁၃၃ |
| | ခြသေ့အရေခြုံ မြည်း .... .... | ၁၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၃၃ |
| | ဇာတ်ပေါင်း .... .... | ၁၃၅ |
| | ခြသေ့အရေခြုံ၊ တူရုံနှင့်မျှ၊ သံဟစ်ပြ ဒုက္ခကြီးစွာဘိ | ၁၃၅ |
| ၁၈၀။ | သီလာနိသံသဇာတ်(နတ်) .... .... | ၁၃၅ |
| | ဘုရားဂုဏ် အာရုံပြုလျက် ရေပြင်ပေါ်လမ်းလျှောက် | ၁၃၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၃၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၃၆ |
| | ဇာတ်ပေါင်း .... .... .... | ၁၃၇ |


## ၅-ရုဟကဝဂ်


| | | |
|---|---|---|
| ၁၈၁။ | ရုဟကဇာတ် (မင်း).... .... .... | ၁၃၇ |
| | ဖက်ရှင်ဆန်း ဆင်မြန်း၍ အရှက်ကွဲသောပုဏ္ဏား .... | ၁၃၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၃၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၃၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၄၀ |
| ၁၈၂။ | သိရိကာဠကဏ္ဏိဇာတ်(မဟောသဓာ) .... | ၁၄၀ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၃။ | စူဠပဒုမဇာတ်(မင်း) .... .... | ၁၄၁ |
| | ပဒုမခင်းသားနှင့် မောင်ပေါင်တို .... .... | ၁၄၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၁၄၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၄၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၄၇ |
| ၁၉၄။ | မဏိစောရဇာတ်(မင်း) .... .... | ၁၄၇ |
| | ပတ္တမြားဦးသျှောင်ကျင်သူခိုး .... .... | ၁၄၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၄၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၄၈ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၁ |
| | သူတော်ကောင်း နတ်ကောင်းစောင်မ .... | ၁၅၁ |
| ၁၉၅။ | ပဗ္ဗတူပတ္ထရဇာတ်(အမတ်) .... .... | ၁၅၂ |
| | ခြင်္သေ့စောင့်သည့် တောင်ထိပ်ရေကန် မြေခွေးသောက်သင့် မသောက်သင့် .... | ၁၅၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅၂ |
| | အတိတ်ဝတ္ထု .... .... .... | ၁၅၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၄ |
| ၁၉၆။ | ဝလာဟကဇာတ် (မြင်း) .... .... | ၁၅၄ |
| | ဘီလူးမြို့မှ နတ်မြင်းပျံ .... .... | ၁၅၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅၄ |
| | အတိတ်ဝတ္ထု .... .... .... | ၁၅၅ |
| | ဝလာဟကနတ်မြင်းပျံ .... .... | ၁၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၅၈ |
| | ကာမဂုဏ်တိုက်၊ အာရုံမိုက်၍၊ ပျော်ပိုက်လေ့လေ့ သေဘေးတွေ့၏ .... .... .... | ၁၅၈ |
| ၁၉၇။ | မိတ္တာမိတ္တဇာတ်(ရသေ့) .... .... | ၁၅၉ |
| | မိတ်ဆွေနှင့်ရန်သူခွဲခြားနည်း ... .... | ၁၅၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၅၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၅၉ |
| | ဇာတ်ပေါင်း.... .... .... .... | ၁၆၀ |
| ၁၉၈။ | ရာဓဇာတ်(ကျေး) .... .... | ၁၆၀ |
| | မှန်တာပြော အသတ်ခံရ .... .... | ၁၆၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၆၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၁၆၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၆၃ |
| | ပညာရှိကား၊ ဟုတ်မှန်ငြားလည်း၊ မပွားချမ်းသာ၊မပြောရာတဲ့ | ၁၆၃ |
| ၁၉၉။ | ဂဟပတိဇာတ် (မင်း) .... .... | ၁၆၃ |
| | ကြာကူရီရွာသူကြီး လင်ကြီးနှင့်တွေ့၍ အထောင်းခံရ | ၁၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၆၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၆၄ |
| | ဇာတ်ပေါင်း .... .... .... | ၁၆၆ |
| ၂၀၀။ | သာဓုသီလဇာတ်(ဒိသာပါမောက္ခ) .... .... | ၁၆၆ |
| | ကိုယ်ကျင့်သီလရှိသူကို ရွေးပါ .... .... | ၁၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၆၆ |
| | အတိတ်ဝတ္ထု .... .... .... | ၁၆၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၆၈ |

## ၆-နတံဒဠှဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၁။ | ဗန္ဓနာဂါရဇာတ်(ရသေ့) .... .... | ၁၆၉ |
| | တဏှာနှောင်အိမ် .... .... | ၁၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၆၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၆၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၇၁ |
| | တစ်ထောင့်ငါးရာ၊ ကိလေသာ၊ ကြိုးစွာနှောင်အိမ်မှတ် | ၁၇၁ |
| ၂၀၂။ | ကေဠိသီလဇာတ်(သိကြား) .... .... | ၁၇၂ |
| | ကစားသန်သောမင်း .... .... | ၁၇၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၇၂ |
| | အတိတ်ဝတ္ထု .... .... .... | ၁၇၃ |
| | ဇာတ်ပေါင်း .... .... .... | ၁၇၅ |
| ၂၀၃။ | ခန္ဓဇာတ် (ရသေ့) .... .... .... | ၁၇၅ |
| | မေတ္တာခံတပ် .... .... .... | ၁၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၇၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၇၆ |
| | ဇာတ်ပေါင်း .... .... .... | ၁၇၈ |
| | မေတ္တာခြုံမှ လုံ .... .... .... | ၁၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၄။ | ဝီရကဇာတ် (တင်ကျီးငှက်) .... .... | ၁၇၉ |
| | တင်ကျီးနှင့် ကျီးကန်း .... .... .... | ၁၇၉ |
| | ဖားတုလို့ခရုခုန် အိုင်ပျက်ရုံသာ .... .... | ၁၇၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၇၉ |
| | အတိတ်ဝတ္ထု .... .... .... | ၁၇၉ |
| | ဇာတ်ပေါင်း .... .... .... | ၁၈၁ |
| | ကိုယ်မစွမ်းပေါင်၊ မာန်ထောင်၊ ကျီးကောင်ပျက်စီးသို့ .... | ၁၈၁ |
| ၂၀၅။ | ဂင်္ဂေယျဇာတ် (ရုက္ခစိုး) .... .... | ၁၈၁ |
| | ကိုယ့်ဗိုက်အောက် ကိုယ်ယက်တတ်သည့်လိပ် .... | ၁၈၁ |
| | ငါးနှင့်လိပ် .... .... .... | ၁၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈၂ |
| | ဇာတ်ပေါင်း .... .... .... | ၁၈၃ |
| ၂၀၆။ | ကုရုင်္ဂမိဂဇာတ် (ဆတ်) .... .... | ၁၈၄ |
| | မိတ်ဆွေသုံးဦး .... .... .... | ၁၈၄ |
| | စုပေါင်းညီညာ အောင်ကြောင်းဖြာ .... .... | ၁၈၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈၄ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈၄ |
| | ဇာတ်ပေါင်း .... .... .... | ၁၈၆ |
| ၂၀၇။ | အဿကဇာတ် (ရသေ့).... .... .... | ၁၈၇ |
| | ရှက်ကျပင်ပေါက် ပမာ .... .... .... | ၁၈၇ |
| | နွားချေးပိုး .... .... .... | ၁၈၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၈၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၈၇ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၀ |
| | တကျော့ရစ်သန်း၊ လွန်စွဲလမ်းက၊ ဆင်းရဲရ၏ .... | ၁၉၀ |
| ၂၀၈။ | သုသုမာရဇာတ် (မျောက်) .... .... | ၁၉၀ |
| | မျောက်နှင့်မိကျောင်း .... .... .... | ၁၉၀ |
| | အပင်ကြီး အသီးသေးတဲ့ညောင် .... .... | ၁၉၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၁ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၁ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၉။ | ကုက္ကုဋဇာတ် (ရှက္ကစိုး).... .... .... | ၁၉၃ |
| | မုဆိုးနှင့် မတောကြက် .... .... .... | ၁၉၃ |
| | တစ်ခါသေဖူး ပျဉ်ဖိုးနားလည် .... .... | ၁၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၅ |
| ၂၁၀။ | ကလန္ဒုကဇာတ် (သစ်တောက်ငှက်) .... | ၁၉၇ |
| | သစ်တောက်ငှက် .... .... .... | ၁၉၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၅ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၅ |
| | ဇာတ်ပေါင်း .... .... .... | ၁၉၅ |
| | အထင်ကြီးက၊ ပျက်စီးရ၊ ဒုက္ခကိုယ်ပင်ပွေ့ .... | ၁၉၇ |


## ၇- ဗီရဏထမ္ဘဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၁။ | သောမဒတ္တဇာတ် (ပုဏ္ဏား) .... .... | ၁၉၇ |
| | ခုတ်ရာတခြား ရှရာတလွဲ .... .... | ၁၉၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၁၉၇ |
| | အတိတ်ဝတ္ထု .... .... .... | ၁၉၈ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၀ |
| | ကြောက်တတ်များက မှားတက်လှ သူရနေ့စဉ်လေ့ .... | ၂၀၁ |
| ၂၁၂။ | ဥစ္စိဋ္ဌဘတ္တဇာတ် (သူဆင်းရဲ) .... .... | ၂၀၁ |
| | နောက်မှပေါ်လွှင် ရွှေကြာပင် .... .... | ၂၀၁ |
| | စားကြွင်းစားပုဏ္ဏား .... .... .... | ၂၀၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၁ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၁ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၃ |
| ၂၁၃။ | ဘရုဇာတ် (ရသေ့) .... .... .... | ၂၀၄ |
| | လာဘ်စားသောမင်း .... .... .... | ၂၀၄ |
| | ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ် .... | ၂၀၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၂၀၆ |
| | ဇာတ်ပေါင်း .... .... .... | ၂၀၈ |
| ၂၁၄။ | ပုဏ္ဏနဒီဇာတ် (ပုဏ္ဏား) .... .... | ၂၀၉ |
| | အမှားသိလျှင် အမှန်ပြင် .... .... | ၂၀၉ |
| | ပုရောဟိတ်နှင့် မင်း .... .... .... | ၂၀၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၀၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၀၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၁ |
| ၂၁၅။ | ကစ္ဆပဇာတ် (အမတ်) .... .... | ၂၁၁ |
| | ဟင်္သာနှင့် လိပ် .... .... .... | ၂၁၁ |
| | စကားများ အမှားတွေ့ .... .... .... | ၂၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၁ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၁ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၃ |
| | နှုတ်ကြောင့် သေတတ်သည်၊ လက်ကြောင့် ကြေတတ်သည် | ၂၁၃ |
| ၂၁၆။ | မစ္ဆဇာတ် (ပုဏ္ဏား) .... .... .... | ၂၁၄ |
| | မယားအပူ မီးထက်ပူ .... .... .... | ၂၁၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၄ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၅ |
| | လောက၌ ရာဂထက် ပူသော မီးကား မရှိ .... | ၂၁၅ |
| ၂၁၇။ | သေဂ္ဂုဇာတ် (ရုက္ခစိုး) .... .... .... | ၂၁၅ |
| | ငှက်မသိတော့ ဆက်ရက်ချိုးထင် .... .... | ၂၁၅ |
| | သီလရှိသောသမီး .... .... .... | ၂၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၁၅ |
| | အတိတ်ဝတ္ထု .... .... .... | ၂၁၆ |
| | ဇာတ်ပေါင်း .... .... .... | ၂၁၇ |
| ၂၁၈။ | ကူဋဝါဏိဇဇာတ် (အမတ်) .... .... | ၂၁၈ |
| | သံကြွက်စား သားငှက်ချီ .... .... | ၂၁၈ |
| | ဘတစ်ပြန် ကျွားဝစ်ပြန် .... .... | ၂၁၈ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပစ္စုပ္ပန်ဝတ္ထု .... .... .... ၂၁၈
အတိတ်ဝတ္ထု .... .... .... ၂၁၉
ဇာတ်ပေါင်း .... .... .... ၂၂၁
ကိုယ်ကဥ်းလဲတတ်လျှင် စဉ်းလဲသူပေါ်၍
လိမ်တတ်လျှင် လိမ်သူပေါ်၍ .... .... ၂၂၁
၂၁၉။ ဂရဟိတဇ္ဇာတ် (မျောက်) .... .... ၂၂၂
လူ့အရေး မျောက်အတွေး .... .... ၂၂၂
ကိစ္စမြားမြောင် လူတို့ဘောင် မျောက်တောင်မကြားဝံ့ .... ၂၂၂
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၂၂၂
အတိတ်ဝတ္ထု .... .... .... ၂၂၂
ဇာတ်ပေါင်း .... .... .... ၂၂၄
၂၂၀။ ဓမ္မဓဇဇာတ် (အမတ်).... .... .... ၂၂၄
ကိုယ့်စေတနာ ကိုယ့်ပြန်အကျိုးပေး .... .... ၂၂၄
အင်္ဂါ ၄-ပါးရှိ ဉယျာဉ်မှူး .... .... ၂၂၄
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၂၂၄
အတိတ်ဝတ္ထု .... .... .... ၂၂၅
လာဘ်စားမှု .... .... .... ၂၂၅
ကုန်းချော .... .... .... ၂၂၆
ဉယျာဉ် .... .... .... ၂၂၆
သိကြားကူညီ .... .... .... ၂၂၇
ရေကန် .... .... .... ၂၂၇
စံတော်အိမ် .... .... ၂၂၈
ရောင်ရှင်ပတ္တမြား .... .... ၂၂၈
အင်္ဂါလေးပါးရှိလူ . .... .... .... ၂၂၉
ဖြူ နှင့် မျောက်မွေး .... .... .... ၂၃၂
အရက်မူးလွန်၍ သားငယ်ကို သတ်စားမိ .... .... ၂၃၃
အချစ်ကိုယ် .... .... .... ၂၃၄
ဇာတ်ပေါင်း .... .... .... ၂၃၅
သူများ မကောင်းကြံ၊ ကိုယ့်ပြန် ဘေးဒဏ်ထိ .... ၂၃၅

## ၈-ကာသာဝဂ်

၂၂၁။ ကာသာဝဇာတ် (ဆင်) .... .... .... ၂၃၆
ဆင်မင်းနှင့် မုဆိုး .... .... .... ၂၃၆

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သူ့အိုးနှင့် သူ့ဆန် တန်ရုံခပ် .... .... | ၂၃၆ |
| | မတန်မရာ မမှန်းရ .... .... .... | ၂၃၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၃၆ |
| | ပညာမဲ့သူ၏ မျှားရာဆန္ဒ .... .... | ၂၃၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၇ |
| | ဆင်မင်းနှင့် မုဆိုး .... .... .... | ၂၃၈ |
| | ဇာတ်ပေါင်း .... .... .... .... | ၂၃၈ |
| | မလျော်ရာဝတ်၊ မအပ်ရာလုပ်၊ မဟုတ်တာပြော .... | ၂၃၉ |
| | သဘောကောက်ကျစ်၊ လူညစ်၊ စင်စစ်ရှောင်ဖယ်ခွါ .... | ၂၃၉ |
| ၂၂၂။ | ဂူဋ္ဌနန္ဒိယဇာတ် (မျောက်) .... .... | ၂၃၉ |
| | မိခင်အတွက် အသက်စွန့်သည့် မျောက်ညီနောင် .... | ၂၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၃၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၃၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၄၃ |
| | သူတော်ကောင်းပြစ်မှား၍ ဒိဋ္ဌဓမ္မအကျိုးပေး .... | ၂၄၃ |
| ၂၂၃။ | ပုဋဘတ္တဇာတ် (အမတ်) .... .... | ၂၄၃ |
| | ချင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင် .... | ၂၄၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၄၃ |
| | အတိတ်ဝတ္ထု .... .... | ၂၄၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၄၇ |
| ၂၂၄။ | ကုမ္ဘီလဇာတ် (မျောက်) .... .... | ၂၄၇ |
| | မျောက်နှင့်မိကျောင်း .... .... .... | ၂၄၇ |
| | ရန်အောင်ကြောင်း တရားလေးပါး .... .... | ၂၄၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၄၇ |
| | စကားမှန်စွာ၊ ပညာ၊ ဝီရိယ၊ စွန့်စာဂ လေးဝ ရန်အောင်ကြောင်း .... .... | ၂၄၈ |
| ၂၂၅။ | ခန္တိဝဏ္ဏဇာတ် (မင်း) .... .... | ၂၄၈ |
| | နားတာကို သာတာနဲ့ဖြေ .... .... | ၂၄၈ |
| | အိမ်ရာမှားဒေ မတ် .... .... .... | ၂၄၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၄၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... | ၂၄၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၀ |
| ၂၂၆။ | ကောသိယဇာတ် (အမတ်) .... .... | ၂၅၀ |
| | အချိန်အခါမဟုတ်ဘဲ ထွက်လျှင် ဘေးသင့်တတ်၏ .... | ၂၅၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၀ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၁ |
| | အခါမဟုတ်၊ စွမ်းအားထုတ်၊ ခင်ပုပ်ငှက်နှယ်ပ .... | ၂၅၁ |
| ၂၂၇။ | ဂူထပါဏဇာတ် (နတ်) .... .... | ၂၅၁ |
| | အိုးရှဲ့တော့ စလောင်းရှဲ့နဲ့ဖုံး .... .... | ၂၅၁ |
| | ချေးပိုးနှင့် ဆင်ပြောင် .... .... .... | ၂၅၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၁ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၃ |
| | အရက်တန်ခိုး .... .... .... | ၂၅၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၅၄ |
| | ဒါမတုသင့်၊ ဖက်ပြိုင်လင့်၊ ဘေးနှင့်လက်ငင်းတွေ့ .... | ၂၅၄ |
| ၂၂၈။ | ကာမနီတဇာတ် (သိကြား) .... | ၂၅၅ |
| | ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိ .... | ၂၅၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၅ |
| | ဇာတ်ပေါင်း .... .... | ၂၅၆ |
| ၂၂၉။ | ပလာယိတဇာတ် (မင်း) .... .... .... | ၂၅၆ |
| | အပြောကတော့ မိုးလားကဲလား .... .... | ၂၅၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၅၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၅၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၁ |
| ၂၃၀။ | ဒုတိယပလာယိတဇာတ် (မင်း) .... .... | ၂၆၁ |
| | ငါလိုလူ ဇမ္ဗူမရှိဟု ထင်သူ .... .... | ၂၆၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၆၁ |
| | အတိတ်ဝတ္ထု .... .... | ၂၆၂ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

### ၉-ဥပါဟနဝဂ်


| | | |
|---|---|---|
| ၂၃၁။ | ဥပါဟနဇာတ် (ဆင်ဆရာ) .... .... | ၂၆၃ |
| | သက်သာစေရန် ဖိနပ်စီး၊ ဖိနပ်ကိုက်ခံရ .... .... | ၂၆၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၆၃ |
| | အတိတ်ဝတ္ထု .... .... | ၂၆၄ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၆ |
| ၂၃၂။ | ဝီဏာဂုဏဇာတ် (သူဌေး) .... .... .... | ၂၆၆ |
| | ဘိုရှိုလျင် ဥသဘလော .... .... | ၂၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု ... .... .... | ၂၆၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၆၇ |
| | ဇာတ်ပေါင်း .... .... .... | ၂၆၈ |
| ၂၃၃။ | ဝိကဏ္ဏကဇာတ် (မင်း) .... .... | ၂၆၉ |
| | အရှက်မဲ့မြား .... .... .... | ၂၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၆၉ |
| | အတိတ်ဝတ္ထု .... .... .... | ၂၆၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၇၀ |
| | ရှက်မဲ့မြားပမာ ကိလေသာ .... .... | ၂၇၀ |
| ၂၃၄။ | အသိတာဘူဇာတ် (ရသေ့) .... .... | ၂၇၀ |
| | ငါးစိမ်းမြင် ငါးကင်ပစ် .... .... | ၂၇၀ |
| | မြေပါလည်းဆုံး သားလည်းဆုံး .... .... | ၂၇၀ |
| | မ-လိုက်မင်း .... .... | ၂၇၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၇၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၇၂ |
| | ဇာတ်ပေါင်း .... .... | ၂၇၃ |
| | အရှုံးထဲမှ အမြတ်ထုတ် .... .... | ၂၇၃ |
| ၂၃၅။ | ဝစ္ဆနခဇာတ် (ရသေ့) .... .... | ၂၇၄ |
| | ကိစ္စမြားမြောင် လူတို့ဘောင် .... .... | ၂၇၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၂၇၄ |
| | အတိတ်ဝတ္ထု .... .... .... | ၂၇၅ |
| | ဇာတ်ပေါင်း .... .... .... | ၂၇၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၃၆။ | ဗကဇာတ် (ငါး) .... .... .... | ၂၇၆ |
| | သီလကြောင်ဗျိုင်း .... .... .... | ၂၇၆ |
| | ပစ္စုပ္ပန်ဘွတ္ထု .... .... .... | ၂၇၆ |
| | အတိတ်ဝတ္ထု .... .... .... | ၂၇၇ |
| | ဇာတ်ပေါင်း .... .... .... .... | ၂၇၈ |
| | အကျင့်ရှိရောင် သီလကြောင် ဗျိုင်းကောင်ပုံပမာ .... | ၂၇၈ |
| ၂၃၇။ | သာကေတဇာတ် (ပုဏ္ဏား) .... .... .... | ၂၇၈ |
| | မြင်လျှင်မြင်ခြင်း ချစ်ခြင်းပြင်း .... .... | ၂၇၈ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု .... .... .... | ၂၇၈ |
| | ဇာတ်ပေါင်း .... .... .... .... | ၂၇၉ |
| | အတူနေဖူး ကျေးဇူးဆောင်လင့် .... .... | |
| | မေတ္တာသင့်၊ ရေနှင့်ကြာပမာ .... .... | ၂၇၉ |
| ၂၃၈။ | ဧကပဒဇာတ် (သူဌေး) .... .... | ၂၇၉ |
| | ဖအထက် သားတစ်လကြီး .... .... | ၂၇၉ |
| | စီးပွါးရေးပြဿနာ .... .... | ၂၇၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈၀ |
| | အတိတ်ဝတ္ထု .... .... .... .... | ၂၈၁ |
| | ဇာတ်ပေါင်း .... .... .... | ၂၈၁ |
| ၂၃၉။ | ဟရိတမဏ္ဍူကဇာတ် .... .... .... | ၂၈၁ |
| | မြွေနှင့် ဖားညို .... .... .... .... | ၂၈၁ |
| | ရေများတော့ရေနိုင် မီးများတော့မီးနိုင် .... .... | ၂၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၂၈၁ |
| | အတိတ်ဝတ္ထု .... .... .... .... | ၂၈၂ |
| | ဇာတ်ပေါင်း .... .... .... .... | ၂၈၃ |
| | စည်းလုံးစိတ်တူ၊ ရှိတုံမူ .... .... .... | |
| | ရန်သူပျက်ယွင်း၊ အောင်ပွဲခင်း .... .... | ၂၈၃ |
| ၂၄၀။ | မဟာပိင်္ဂလဇာတ် (မင်း) .... .... .... | ၂၈၃ |
| | မတရားမင်း .... .... .... | ၂၈၃ |
| | ယမမင်းက ဆလံသရ .... .... .... | ၂၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈၃ |
| | အတိတ်ဝတ္ထု .... .... .... | ၂၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဇာတ်ပေါင်း .... .... .... | ၂၈၇ |
| | နိုင်ထက်ကလူ၊ ပြုတတ်သူ၊ ဗိုလ်လူမတောင့်တ .... | ၂၈၇ |

## ၁၀-သိင်္ဂါလဝဂ်

| | | |
|---|---|---|
| ၂၄၁။ | သဗ္ဗဒါဌိကဇာတ် (ပုဏ္ဏား) .... .... .... | ၂၈၇ |
| | ပထဝီဇယမန္တန် .... .... .... | ၂၈၇ |
| | ကိုယ့်ဇာတ် ကိုယ်မနိုင် .... .... .... | ၂၈၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၈၇ |
| | အတိတ်ဝတ္ထု .... .... .... | ၂၈၈ |
| | မန္တန်ဖြင့် မာန်ကြီးသော မြေခွေး .... .... | ၂၈၉ |
| | ဇာတ်ပေါင်း .... .... .... | ၂၉၀ |
| | မန္တန်တတ်မှု အကြောင်းပြု သားဆုသေပျက်ပြုန်း .... | ၂၉၀ |
| ၂၄၂။ | သုနခဇာတ် (သူငှေး) .... .... .... | ၂၉၀ |
| | ခွေးလိမ္မာ .... .... .... | ၂၉၀ |
| | တစ်ချက်ခုတ်, နှစ်ချက်ပြတ် .... .... .... | ၂၉၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၉၀ |
| | အတိတ်ဝတ္ထု .... .... .... | ၂၉၂ |
| | ဇာတ်ပေါင်း .... .... .... | ၂၉၃ |
| | ကိုယ်ရေးကိုယ်တာ၊ လွတ်ကြောင်းရှာ မျက်နှာရွှင်ရွှင်သုံး .... .... .... | ၂၉၃ |
| ၂၄၃။ | ဂုတ္တိလဇာတ် (စောင်းသမား) .... .... | ၂၉၃ |
| | စောင်းဂီတာ .... .... .... .... | ၂၉၃ |
| | သူတော်ကောင်း နတ်ကောင်းမ .... .... | ၂၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၂၉၃ |
| | အတိတ်ဝတ္ထု .... .... .... .... | ၂၉၄ |
| | ဆရာနှင့် တပည့် စောင်းပြိုင်ပွဲ .... .... | ၂၉၇ |
| | အံ့ဩဖွယ်စောင်း .... .... .... | ၂၉၈ |
| | စောင်းတီးခ .... .... .... | ၃၀၁ |
| | ဇာတ်ပေါင်း .... .... .... | ၃၀၃ |
| | အတတ်ပညာ၊ သင်ဆရာအား၊ ပညာအံ့တု၊ ဖက်ပြိုင်ပြု၊ လူထုရှုံ့ကာမုန်း .... .... | ၃၀၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၄။ | ဝိဂတိစ္ဆဇာတ် (ရသေ့) .... .... .... | ၃၀၄ |
| | ပရိဗိုဇ်ပြေး .. .... .... .... | ၃၀၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၀၄ |
| | အတိတ်ဝတ္ထု .... .... | ၃၀၄ |
| | ဇာတ်ပေါင်း .... .... | ၃၀၆ |
| ၂၄၅။ | မူလပရိယာယဇာတ် (ဒိသာပါမောက္ခ) .... .... | ၃၀၆ |
| | မာန်ယစ် ပုဏ္ဏားများ .... .... .... | ၃၀၆ |
| | ပညာမတောက်တခေါက် မာနရောက် .... .... | ၃၀၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၃၀၆ |
| | အတိတ်ဝတ္ထု .... .... .... .... | ၃၀၇ |
| | ဇာတ်ပေါင်း .... .... .... .... | ၃၀၈ |
| ၂၄၆။ | ဗာလောဝါဒဇာတ် (ရသေ့) .... .... .... | ၃၀၈ |
| | သတ်သတ်လွတ် စားခြင်း .... .... .... | ၃၀၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... .... | ၃၀၈ |
| | အတိတ်ဝတ္ထု .... .... .... | ၃၀၈ |
| | ဇာတ်ပေါင်း .... .... .... | ၃၁၀ |
| ၂၄၇။ | ပါဒဉ္ဇလိဇာတ် (မင်း) .... .... .... | ၃၁၁ |
| | နှုတ်ခမ်းကိုက်မင်းသား .... .... .... | ၃၁၁ |
| | မသိလျှင်တွေး၊ မတတ်လျှင်ငေး .... .... | ၃၁၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၁ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၁ |
| | ဇာတ်ပေါင်း .... .... .... | ၃၁၂ |
| ၂၄၈။ | ကိံသုကောပမဇာတ် (မင်း) .... .... .... | ၃၁၃ |
| | မင်းသားလေးယောက် ပေါက်လေးပင် .... .... | ၃၁၃ |
| | ကိုယ့်ဘက်ကတော့ ကိုယ်မှန်နေကြသည် .... .... | ၃၁၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၃ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၃ |
| | ဇာတ်ပေါင်း .... .... .... | ၃၁၅ |
| | ရည်မှန်းချက်မှာ၊ တူတုံပါလည်း၊ လုပ်ရာအမှု၊ ကွဲပြားပုံ၍၊ ဘယ်ဟုဘယ်ပင်၊ ပြစ်မတင်သင့် .... | ၃၁၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၉။ | သာလကဇာတ် (သူဌေး) .... .... .... | ၃၁၅ |
| | ရှင်ကြီးနှိပ်စက်, ရှင်ငယ်ထွက် .... .... .... | ၃၁၅ |
| | မရခင်ဖျာလိုလိပ် ထိပ်ပေါ်တင် .... .... .... | ၃၁၅ |
| | တစ်ခါဆက်ဆံ ဆယ်ခါလန် .... .... .... | ၃၁၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၅ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၆ |
| | ဇာတ်ပေါင်း .... .... .... | ၃၁၇ |
| ၂၅၀။ | ကပိဇာတ် (ရသေ့) .... .... .... | ၃၁၇ |
| | ရသေ့သွင်မျောက် .... .... .... | ၃၁၇ |
| | ဟန်ဆောင်ကောင်းသောမျောက် .... .... | ၃၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၁၇ |
| | အတိတ်ဝတ္ထု .... .... .... | ၃၁၈ |
| | ဇာတ်ပေါင်း .... .... .... | ၃၂၀ |


## ၃–တိကနိပါတ်

### ၁-သင်္ကပ္ပဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၁။ | သင်္ကပ္ပရာဂဇာတ် (ရသေ့) .... .... .... | ၃၂၁ |
| | ဝတ်လဲလျှော့ပြေ ချွန်ယာဉ်ကြွေ .... .... | ၃၂၁ |
| | မပြင်ဖူး မူးမြစ်ထင် .... .... .... | ၃၂၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၂၂ |
| | "မ" တို့အင်အား .... .... .... | ၃၂၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၂၂ |
| | ဝတ်လဲလျှော့ပြေ ချွန်ယာဉ်ကြွေ .... .... .... | ၃၂၄ |
| | ကိလေသာညစ်ဆိုး နှလုံးထိုး .... .... .... | ၃၂၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၂၆ |
| | သူတော်သူမြတ်၊ ဖြစ်တုံလတ်လည်း၊ မ-ခတ်စိတ်ဖောက်၊ အကျိုးပျက်၊ လျှောသက်၊ ချွန်ယာဉ်ကြွေ .... | ၃၂၇ |
| ၅၂ | တိလမုဋ္ဌိဇာတ်(ဒိသာပါမောက္ခ) .... .... .... | ၃၂၇ |
| | နှမ်းတစ်ဆုပ် ဒုတ်သုံးချက် .... .... .... | ၃၂၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၂၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၃၂၇ |
| | ဇာတ်ပေါင်း .... .... .... | ၃၃၁ |
| | တပည့်တကာ်တာ၊ နောင်ကျိုးရှာလင်၊ ဆရာဖြစ်လည်း ကြောင်းနည်းဆင်ခြင်၊ ရိုက်ပုတ်သင်၊ ရန်လျှင်ဖွဲ့တတ်သည် | ၃၃၁ |
| ၂၅၃။ | မဏိကဏ္ဍဇာတ် (ရှသေ့) .... .... | ၃၃၁ |
| | တောင်းလှန်းလျှင် အမုန်းခံရ .... .... | ၃၃၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၃၁ |
| | အတိတ်ဝတ္ထု .... .... | ၃၃၂ |
| | မဏိကဏ္ဍနဂါး .... .... | ၃၃၂ |
| | ဇာတ်ပေါင်း .... .... | ၃၃၅ |
| | ပစ္စည်းရတနာ၊ တောင်းတုံပ၊ မေတ္တာမဲ့တတ်လှ .... | ၃၃၅ |
| ၂၅၄။ | ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ် (အမတ်) .... | ၃၃၅ |
| | သိန္ဓောမြင်း .... .... .... | ၃၃၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၃၅ |
| | အတိတ်ဝတ္ထု .... .... .... | ၃၃၇ |
| | သိန္ဓောမြင်းစွမ်းရည် .... .... | ၃၃၉ |
| | ဇာတ်ပေါင်း .... .... .... | ၃၄၀ |
| ၂၅၅။ | သုကဇာတ် (ကျေး) .... .... | ၃၄၁ |
| | စားပို့နင့်သောကျေး .... .... | ၃၄၁ |
| | တန်ဆေး လွန်ဘေး .... .... | ၃၄၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၄၁ |
| | အတိတ်ဝတ္ထု .... .... | ၃၄၁ |
| | မိဘကေကားမနာယူ .... .... | ၃၄၂ |
| | ဇာတ်ပေါင်း .... .... | ၃၄၃ |
| ၂၅၆။ | ဇရူဒပါနဇာတ် (လှည်းကုန်သည်) .... | ၃၄၃ |
| | ရေတွင်းပျက်ကြီး .... .... | ၃၄၃ |
| | ရလေ လိုလေ အိုဝ-ဇွေ .... .... | ၃၄၃ |
| | လူ့လောဘ အတောမသတ်နိုင် .... .... | ၃၄၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၃၄၃ |
| | အတိတ်ဝတ္ထု .... .... | ၃၄၄ |
| | ဇာတ်ပေါင်း .... .... | ၃၄၅ |
| | လောဘလွန်ကဲ၊ သောပွဲဝင်၊ ဆင်ခြင်ထောက်ကြည့်၊ အလုံပြည့် | ၃၄၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅၇။ | ဂါမဏိစန္ဒဇာတ် (မင်း) .... .... | ၄၆၃ |
| | အမေး ၁၀-ထွေ အဖြေ ၁၀-လွှာ .... .... | ၃၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၄၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၄၆ |
| | တရားလေးချက် .... .... .... | ၃၄၉ |
| | အမေး ၁၀ ထွေ .... .... .... | ၃၅၁ |
| | ဆုံးဖြတ်ချက် ၄-ခု .... .... .... | ၃၅၄ |
| | အဖြေ ၁၀-လွှာ .... .... .... | ၃၅၅ |
| | ဇာတ်ပေါင်း .... .... .... | ၃၅၈ |
| ၂၅၈။ | မန္ဓာတုဇာတ် (မင်း) .... .... | ၃၅၉ |
| | ကာမတဏှာ သမုဒ္ဒရာကို မပြည့်စေနိုင် .... .... | ၃၅၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၅၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၅၉ |
| | ဇာတ်ပေါင်း .... .... .... | ၃၆၂ |
| | ကာမတဏှာ၊ ပြည့်စေရာဟု၊ နှစ်ဖြာလှူနတ်၊ ဒွေမြတ်ကာမဂုဏ် အာရုံနှင့်ဖြည့်၊ သူမပြည့်ခဲ့ .... .... | ၃၆၂ |
| ၂၅၉။ | တိရီဋဝစ္ဆဇာတ် (ရသေ့).... .... .... | ၃၆၂ |
| | အသက်သခင် ကျေးဇူးရှင် .... .... | ၃၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆၂ |
| | အတိတ်ဝတ္ထု .... .... .... | ၃၆၃ |
| | ဇာတ်ပေါင်း .... .... .... | ၃၆၆ |
| ၂၆၀။ | ဒူတဇာတ် (မင်း) .... .... .... | ၃၆၆ |
| | ဝမ်းပိုက်တမန် .... .... .... | ၃၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၆၆ |
| | ဇာတ်ပေါင်း .... .... .... | ၃၆၈ |


## ၂-ပဒုမဝဂ်


| | | |
|---|---|---|
| ၂၆၁။ | ပဒုမဇာတ် (သူဌေးသား) .... .... | ၃၆၉ |
| | အပြောမတတ်တော့ ဆဲသလို .... .... | ၃၆၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၆၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၇၀ |
| | ဇာတ်ပေါင်း .... .... .... | ၃၇၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၂။ | မုဒုပါဏိဇာတ် (မင်း) | ၃၇၁ |
| | သမီးတစ်ကောင် နွားတစ်ထောင် | ၃၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု | ၃၇၂ |
| | အတိတ်ဝတ္ထု | ၃၇၂ |
| | ဇာတ်ပေါင်း | ၃၇၄ |
| ၂၆၃။ | စူဠပလောဘနဇာတ် (မင်းသား) | ၃၇၅ |
| | အနိတ္ထိဂန္ဓ | ၃၇၅ |
| | မိန်းမမာယာ သဲကိုးဖြာ | ၃၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု | ၃၇၅ |
| | အတိတ်ဝတ္ထု | ၃၇၅ |
| | ဇာတ်ပေါင်း | ၃၇၈ |
| ၂၆၄။ | မဟာပနာဒဇာတ် (သိကြား) | ၃၇၈ |
| | ကျောင်းအလှူအကျိုးအာနိသင် | ၃၇၈ |
| | ပစ္စုပ္ပန်ဝတ္ထု | ၃၇၈ |
| | အတိတ်ဝတ္ထု | ၃၈၁ |
| | ဇာတ်ပေါင်း | ၃၈၂ |
| ၂၆၅။ | ခုရပ္ပဇာတ် (ယောစောင့်) | ၃၈၃ |
| | သေ ဝံ့မှ သူ ရဲကောင်း | ၃၈၃ |
| | သူ့ဆန်စား ရဲမှ၊ ကြောက်လျှင်လွဲ၊ ရဲမင်းဖြစ် | ၃၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု | ၃၈၃ |
| | အတိတ်ဝတ္ထု | ၃၈၃ |
| | ဇာတ်ပေါင်း | ၃၈၅ |
| | မသေဝံ့ဘဲ သူရဲမလုပ်နှင့်၊ သေဝံ့မှသူရဲလုပ် | ၃၈၅ |
| ၂၆၆။ | ဝါတဂ္ဂသိန္ဓဝဇာတ် | ၃၈၅ |
| | အမူလှန်သောမိန်းမ | ၃၈၅ |
| | ပစ္စုပ္ပန်ဝတ္ထု | ၃၈၅ |
| | အတိတ်ဝတ္ထု | ၃၈၇ |
| | ဇာတ်ပေါင်း | ၃၈၇ |
| | မူလှန်းလျှင်လွဲ၊ ချဲလှန်းလျှင်မုန်း၊ ပြုံးလှန်းတော့ ပျက်... | ၃၈၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆၇။ | ကက္ကဋကဇာတ် (ဆင်) .... .... | ၃၇၉ |
| | မ-သံကြားလျှင် မေ့လျော့ .... .... | ၃၇၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၇၉ |
| | အတိတ်ဝတ္ထု .... .... .... | ၃၉၀ |
| | စည်နှစ်ချိုးပေါ်ပုံ .... .... .... | ၃၉၂ |
| | ဇာတ်ပေါင်း .... .... .... | ၃၉၂ |
| ၂၆၈။ | အာရာမဒူသကဇာတ် (ပညာရှိ) .... .... | ၃၉၃ |
| | ဥယျာဉ်ဖျက်မျောက် .... .... .... | ၃၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၃၉၃ |
| | ဇာတ်ပေါင်း .... .... .... | ၃၉၅ |
| ၂၆၉။ | သုဇာတဇာတ် (မင်း) .... .... | ၃၉၅ |
| | နှုတ်ချို လျှိုတစ်ပါး၊ နှုတ်ကောင်းတော့ ပြည်စိုး .... | ၃၉၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၉၅ |
| | မယားအပြား ခုနစ်ပါး .... .... .... | ၃၉၆ |
| | အတိတ်ဝတ္ထု .... .... .... | ၃၉၇ |
| | ဇာတ်ပေါင်း .... .... .... | ၃၉၉ |
| | ချစ်စေလို ခံတွင်းလက်လေးသစ် မုန်းစေလို ခံတွင်းလက်လေးသစ် .... .... | ၃၉၉ |
| ၂၇၀။ | ဥလူကဇာတ် (မင်း) .... .... | ၃၉၉ |
| | ကျီးနှင့် ခင်ပုပ် ကမ္ဘာရန် .... .... | ၃၉၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၃၉၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၀၀ |
| | ဇာတ်ပေါင်း၊ .... .... .... | ၄၀၁ |

## ၃-ဥဒပါနဝဂ်

| | | |
|---|---|---|
| ၂၇၁။ | ဥဒပါနဒူသကဇာတ် (ရသေ့) .... .... | ၄၀၂ |
| | ခွေးတို့၏ရိုးရာ အစဉ်အလာ စားခွက်သေးပန်း .... | ၄၀၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၀၂ |
| | အတိတ်ဝတ္ထု .... .... .... | ၄၀၂ |
| | ဇာတ်ပေါင်း .... .... .... | ၄၀၃ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂၇၂။ | ဗျဂ္ဃဇာတ် (နတ်) | .... | .... | ၄၀၄ |
| | အတူလဲမနေနိုင် ခွဲလဲမနေနိုင် | .... | .... | ၄၀၄ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၀၄ |
| | အတိတ်ဝတ္ထု | .... | .... | ၄၀၄ |
| | ဇာတ်ပေါင်း | .... | .... | ၄၀၆ |
| | ပုပ်နံ့ညှီနံ့၊ သည်းမခံ၊ ဗိမာန်တောလုံးပျက် | | .... | ၄၀၆ |
| ၂၇၃။ | ကစ္ဆပဇာတ် (ရသေ့) | .... | .... | ၄၀၆ |
| | လိပ်ခဲတည်းလည်း | .... | .... | ၄၀၆ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၀၆ |
| | အတိတ်ဝတ္ထု | .... | .... | ၄၀၇ |
| | ဇာတ်ပေါင်း | .... | .... | ၄၀၈ |
| | ကာမသေ့ာသွမ်း၊ ထင်တိုင်းရမ်း၊ သေပန်းရှာ၏သို | | .... | ၄၀၈ |
| ၂၇၄။ | လောလဇာတ် (ခို) | .... | .... | ၄၀၈ |
| | အစာမက်၍ အသက်သေ | .... | .... | ၄၀၈ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၀၈ |
| | အတိတ်ဝတ္ထု | .... | .... | ၄၀၉ |
| | ဇာတ်ပေါင်း | .... | .... | ၄၁၁ |
| ၂၇၅။ | ရုစိရဇာတ် (ခို) | .... | .... | ၄၁၁ |
| | အစားတစ်လုတ်ကြောင့် အမွေးနုတ်ခံရ | .... | .... | ၄၁၁ |
| | ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု | .... | .... | ၄၁၁ |
| | ဇာတ်ပေါင်း | .... | .... | ၄၁၂ |
| ၂၇၆။ | ဂရုဓမ္မဇာတ် (မင်း) | .... | .... | ၄၁၃ |
| | သီလစောင့်မှ အမူတောင့်မည် | .... | .... | ၄၁၃ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၁၃ |
| | အတိတ်ဝတ္ထု | .... | .... | ၄၁၄ |
| | ဇာတ်ပေါင်း | .... | .... | ၄၂၆ |
| | ငါးပါးသီလလုံလျှင် မိုးလေဝသမှန် | .... | .... | ၄၂၆ |
| ၂၇၇။ | ရောမကဇာတ် (ခို) | .... | .... | ၄၂၆ |
| | ခိုသတ်စားလိုသောရသေ့ပျက် | .... | .... | ၄၂၆ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၄၂၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၄၂၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၂၈ |
| ၂၇၈။ | မဟိံသရာဇဇာတ် (ကျွဲ) .... .... | ၄၂၈ |
| | သူတော်ကောင်း မကောင်းကြံ ကိုယ့် ဘေးဒဏ်ထိ .... | ၄၂၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၂၈ |
| | အတိတ်ဝတ္ထု .... .... .... | ၄၃၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၃၁ |
| | မျိုးဇာတ်နွယ်မှာ၊ တူကုန်ပါလည်း၊ မှတ်ရာတူဖြင့် .... | |
| | မှုမကျင့်လင့် .... .... .... | ၄၃၂ |
| ၂၇၉။ | သတပတ္တဇာတ် (ခိုးသူ) .... .... | ၄၃၂ |
| | ရန်သူကို မိတ်ဆွေထင် .... .... .... | ၄၃၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၂ |
| | အတိတ်ဝတ္ထု .... .... .... | ၄၃၃ |
| | ဇာတ်ပေါင်း .... .... .... | ၄၃၅ |
| | ရန်သူ မိတ်ဆွေခွဲတတ်ပါစေ .... .... | ၄၃၅ |
| ၂၈၀။ | ပုဋဒူသကဇာတ် (ပုဏ္ဏား) .... .... | ၄၃၆ |
| | မျောက်ဟူသည် အဖျက်သမားသက်သက် .... | ၄၃၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၃၆ |
| | ဇာတ်ပေါင်း .... .... .... | ၄၃၇ |


## ၄·ဒ ဗ္ဘန္တရဝဂ်


| | | |
|---|---|---|
| ၂၈၁။ | အဗ္ဘန္တရဇာတ် (ရသေ့) .... .... | ၄၃၈ |
| | ကျေးစေတမန် .... .... .... | ၄၃၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၃၈ |
| | အတိတ်ဝတ္ထု .... .... .... | ၄၄၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၄၆ |
| ၂၈၂။ | သေယျဇာတ် (မင်း) .... .... | ၄၄၆ |
| | နှောင်အိမ်တွင်းမှ မေတ္တာစျာန် .... .... | ၄၄၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၄၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၄၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၄၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀၃။ | ဝစ္စကိသူကရဇာတ် (ရှက္ခစိုး) .... .... | ၄၄၉ |
| | စစ်ပညာနည်း၌ မဟာဗျူဟာ စစ်ခင်းခြင်း,စစ်ဆင်ခြင်း | ၄၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၄၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၅၁ |
| | ဇာတ်ပေါင်း .... .... .... | ၄၅၅ |
| ၂၀၄။ | သိရိဇာတ် (ရသေ့) .... .... .... | ၄၅၆ |
| | ကျက်သရေ .... .... .... | ၄၅၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၅၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၅၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၆၁ |
| ၂၀၅။ | မဏိသူကရဇာတ် (ရသေ့) .... .... | ၄၆၁ |
| | ပတ္တမြားမှန်လျှင် နွံနှစ်သော်လည်းမညစ် .... | ၄၆၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၆၁ |
| | အတိတ်ဝတ္ထု .... .... .... | ၄၆၄ |
| | ဇာတ်ပေါင်း .... .... .... | ၄၆၅ |
| ၂၀၆။ | သာလူကဇာတ် (နွား) .... .... | ၄၆၆ |
| | အန္တရာယ်ကင်းသော အစာ .... .... | ၄၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၆၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၆၆ |
| | ဇာတ်ပေါင်း .... .... .... | ၄၆၇ |
| | စားကောင်းကျွေးလည်း အရေးထောက်ချင့် ဝမ်းမမြောက်လင့် .... .... .... | ၄၆၈ |
| ၂၀၇။ | လာဘဂရဟဇာတ်(ဒိသာပါမောက္ခ).... .... | ၄၆၇ |
| | လာဘ်များဖို့ .... .... .... | ၄၆၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၆၇ |
| | အတိတ်ဝတ္ထု .... .... .... | ၄၆၉ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၀ |
| ၂၀၈။ | မစ္ဆုဒ္ဒါနဇာတ် (သူကြွယ်) .... .... | ၄၇၀ |
| | အမျှဝေခြင်း၏ အကျိုး .... .... | ၄၇၀ |
| | ဥစ္စာရင်းမှန်လျှင် ပြန်ရမည် .... .... | ၄၇၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၀ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၁ |
| | ဇာတ်ပေါင်း .... .... — | ၄၇၃ |
| | လှည့်စားကောက်ကျစ် အကြံသွင်၊ မချစ်နတ်သူများ | ၄၇၃ |
| ၂၇၉။ | နာနာဆန္ဒဇာတ် (မင်း) .... .... | ၄၇၄ |
| | လူတစ်ကိုယ် အကြိုက်တစ်မျိုး .... .... | ၄၇၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၄၇၄ |
| | အတိတ်ဝတ္ထု .... .... | ၄၇၄ |
| | ဇာတ်ပေါင်း .... .... | ၄၇၆ |
| ၂၈၀။ | သီလဝီမံသဇာတ် .... .... .... | ၄၇၆ |
| | သီလ၏ အကျိုးအာနိသင်ကိုစုံစမ်း .... .... | ၄၇၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၆ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၇ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၈ |

## ၅-ကုမ္ဘဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈၁။ | သုရာဃဋဇာတ် (သိကြား) .... .... | ၄၇၈ |
| | လူမိုက်နှင့်ငွေ အတူမနေ .... .... | ၄၇၈ |
| | လူမိုက်ကို သိကြားမင်း မကယ်နိုင် .... .... | ၄၇၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၈ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၉ |
| | ဇာတ်ပေါင်း .... .... .... | ၄၈၀ |
| | မကြော့ကြမ်းနှင့်၊ မဖောဘ့ရမ်းနှင့်၊ မသော့သွမ်းနှင့် | ၄၈၀ |
| ၂၈၂။ | သုပတ္တဇာတ် (ကျီး) .... .... .... | ၄၈၁ |
| | အရှင့်အတွက် အသက်စွန့်ရဲသော ကျီး .... | ၄၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၁ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၁ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၄ |
| | သူဆန်စားရဲမှု .... .... .... | ၄၇၄ |
| ၂၉၃။ | ကာယနိဗ္ဗိန္ဒဇာတ် (ရခဲ့) .... .... | ၄၇၅ |
| | အကာယထဲမှာ အနှစ်ရှာ .... .... | ၄၇၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၅ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၅ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၇ |
| ၂၉၄။ | ဇမ္ဗုခါဒက ဇာတ် (ရကွဲစိုး) .... .... | ၄၇၇ |
| | ကျီးနှင့်မြေခွေး .... .... .... | ၄၇၇ |
| | နှုတ်ခမ်းပဲ့ချင်း မီးမှုတ် .... .... | ၄၇၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၇ |
| | အတိတ်ဝတ္ထု .... .... .... | ၄၇၈ |
| | ဇာတ်ပေါင်း .... .... .... | ၄၇၉ |
| | ဂုဏ်ရည်မဲ့ချင်း အကဲသွင်း ကြားပြင်း လူတိုင်းကပ် .... | ၄၇၉ |
| ၂၉၅။ | အန္တဇာတ် (ရကွဲစိုး).... .... .... | ၄၇၉ |
| | ဂုဏ်မဲ့သူချင်း ဂုဏ်တင် .... .... | ၄၇၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၇၉ |
| | အတိတ်ဝတ္ထု .... .... .... | ၄၈၀ |
| | ဇာတ်ပေါင်း .... .... .... | ၄၈၁ |
| ၂၉၆။ | သမုဒ္ဒဇာတ် (နတ်) .... .... .... | ၄၈၁ |
| | သမုဒ္ဒရာရေ ချေတာသုံး .... .... | ၄၈၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၈၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၄၉၂ |
| | ဇာတ်ပေါင်း .... .... .... | ၄၉၃ |
| ၂၉၇။ | ကာမဝိလာပဇာတ် (နတ်) .... .... | ၄၉၃ |
| | မယားအတွက် ရတက်မအေးနိုင် .... .... | ၄၉၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၄၉၄ |
| | ဇာတ်ပေါင်း .... .... .... | ၄၉၅ |
| ၂၉၈၊ | ဥဒုမ္ဗရဇာတ် (ရုက္ခစိုး) .... .... | ၄၉၅ |
| | နေရာလုသောမျောက် .... .... | ၄၉၅ |
| | သူများမျက်ခုံးမွေးပေါ် စကြံလျှောက် .... | ၄၉၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၉၅ |
| | အတိတ်ဝတ္ထု .... .... .... | ၄၉၆ |
| | ဇာတ်ပေါင်း .... .... .... | ၄၉၇ |
| ၂၉၉။ | ကောမာရပုတ္တဇာတ် (ရသေ့) .... .... | ၄၉၈ |
| | ဆရာကောင်းတပည့် ပန်းကောင်းပန် .... | ၄၉၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၄၉၈ |
| | အတိတ်ဝတ္ထု .... .... | ၄၉၉ |
| | ဇာတ်ပေါင်း .... .... .... | ၅၀၀ |
| | သူတော်ကောင်းနှင့် ပေါင်းဖက်သင့် ကိုယ်ကျင့်ကောင်းမွန်လာ | ၅၀၀ |
| ၃၀၀။ | ဝကဇာတ် (သိကြား) .... .... | ၅၀၁ |
| | နို့အိုးကျက်ခွဲတော့ ရှေ့စည်းခုံလှူ .... .... | ၅၀၁ |
| | စားစရာမရှိတဲ့နေ့ သီလစောင့် .... .... | ၅၀၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၀၁ |
| | အတိတ်ဝတ္ထု .... .... .... | ၅၀၂ |
| | ဇာတ်ပေါင်း .... .... .... | ၅၀၃ |
| | ဝမ်းရေးမလှ စောင့်သီလ ညီမျှသစ်ကျူတ်သာ .... | ၅၀၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၄-စတုက္ကနိပါတ်

### ၁-ကာလိင်္ဂဝဂ်


၃၀၁။ စူဠကာလိင်္ဂဇာတ် (ရသေ့) .... .... ၅၀၅
နိုင်မည်ဆိုတိုင်းမပေါ့ရ ရှုံးမည်ဆိုတိုင်း မလျှော့ရ .... ၅၀၅
ယောကျ်ားတို့လို့လ သိကြားမင်းလက်လျှော့ရ .... ၅၀၅
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၅၀၅
အတိတ်ဝတ္ထု .... .... .... ၅၀၇
ဇာတ်ပေါင်း .... .... ၅၁၂

၃၀၂။ မဟာအဿာရောဟဇာတ် .... .... ၅၁၂
မင်းနှင့် တောတွင်းသား .... .... ၅၁၂
တစ်လုတ်စားဖူး သူကျေးဇူး .... .... ၅၁၂
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၅၁၂
အတိတ်ဝတ္ထု .... .... ၅၁၃
ဇာတ်ပေါင်း .... .... .... ၅၁၇

၃၀၃။ ဧကရာဇဇာတ် (ရသေ့) .... .... ၅၁၇
တရားစောင့်သောမင်း .... .... ၅၁၇
တရားကို နတ်စောင့်.... .... ....
ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွှေ့ .... ၅၁၇
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၅၁၇
အတိတ်ဝတ္ထု .... .... .... ၅၁၇
ဇာတ်ပေါင်း .... .... .... ၅၁၉
တရားစောင့်သူ၊လှည့်ပြန်ကူ စောင့်ယူတရား ကူပံ့ပြား၏ ၅၁၉

၃၀၄။ ဒဒ္ဒရဇာတ် (နဂါး) .... .... ၅၁၉
မစင်စွန့်မြေ သုံးနှစ်နေ .... .... ၅၁၉
အမျက်ထွက်၍ နှင်ထုတ်ခံရ .... .... ၅၁၉

 ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၁၉ |
| | အတိတ်ဝတ္ထု .... .... .... | ၅၂၀ |
| | ဇာတ်ပေါင်း .... .... .... | ၅၂၂ |
| ၄၀၅။ | သီလဝီမံသနဇာတ် (ပုဏ္ဏား) .... .... | ၅၂၂ |
| | သီလရှိသူ သမီးယူ .... .... .... | ၅၂၂ |
| | မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ .... .... | ၅၂၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၂၂ |
| | အတိတ်ဝတ္ထု .... .... .... | ၅၂၃ |
| | ဇာတ်ပေါင်း .... .... .... | ၅၂၅ |
| ၄၀၆။ | သုဇာတာဇာတ် (အမတ်) .... .... | ၅၂၅ |
| | ဆီးသီးသည် ဘုရင်ကတော်ဖြစ်တော့ .... | |
| | ဆီးသီးကို ဘာသီးလဲမေး .... .... | ၅၂၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၂၅ |
| | အတိတ်ဝတ္ထု .... .... .... | ၅၂၆ |
| | ဇာတ်ပေါင်း .... .... .... | ၅၂၈ |
| ၄၀၇။ | ပလာသဇာတ် (ရုက္ခစိုး) .... .... | ၅၂၈ |
| | လုပ်ကျွေးကျိုး .... .... .... | ၅၂၈ |
| | စေတနာသည် ရောင်ပြန်ဟပ်စမြဲ .... .... | ၅၂၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၂၈ |
| | အတိတ်ဝတ္ထု .... .... | ၅၂၉ |
| | ဇာတ်ပေါင်း .... .... | ၅၃၁ |
| ၄၀၈။ | သကုဏဇာတ် (ခေါက်ရှာငှက်) .... .... | ၅၃၁ |
| | ကျေးဇူးရှိမှ ကျေးစွပ်တတ် .... .... | ၅၃၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၃၁ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... | ၅၃၁ |
| | ဇာတ်ပေါင်း .... .... | ၅၃၃ |
| ၁၀၉။ | ဆဝကဇာတ် (ဒွန်းစဏ္ဍား) .... .... | ၅၃၃ |
| | ဒူးနေရာဒူး တော်နေရာတော် .... .... | ၅၃၃ |
| | ပညာရှာ ပမာသူဖုန်းစား .... .... | ၅၃၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၃၃ |
| | အတိတ်ဝတ္ထု .... .... | ၅၃၃ |
| | ဇာတ်ပေါင်း .... .... | ၅၃၅ |
| ၁၁၀။ | သေယျဇာတ် (ရသေ့) .... .... | ၅၃၆ |
| | ရဟန်းချမ်းသာသည် မင်းစည်းစိမ်ထက် သာလွန် .... | ၅၃၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၃၆ |
| | အတိတ်ဝတ္ထု .... .... | ၅၃၆ |
| | ဇာတ်ပေါင်း .... .... | ၅၃၇ |


## ၂-ပုစိမန္ဒဝဂ်


| | | |
|---|---|---|
| ၁၁၁။ | ပုစိမန္ဒဇာတ် (နတ်) .... .... .... | ၅၃၉ |
| | တမာရုက္ခစိုး .... .... .... | ၅၃၉ |
| | ပညာရှိသည် လူမိုက်ကိုရှုံ့ရှာမြဲ .... .... | ၅၃၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၃၉ |
| | အတိတ်ဝတ္ထု .... .... | ၅၃၉ |
| | ဇာတ်ပေါင်း .... .... | ၅၄၁ |
| ၁၁၂။ | ကဿပမန္ဒိယဇာတ် (ရသေ့) .... .... | ၅၄၁ |
| | သက်ကြီး သည်းခံ .... .... .... | ၅၄၁ |
| | အသက်ကြီးသူက ခွင့်လွှတ်တတ်ရာ၏ .... .... | ၅၄၁ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၄၁ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... .... | ၅၄၃ |
| | ဇာတ်ပေါင်း .... .... .... | ၅၄၄ |
| ၁၁၃။ | ခန္တိဝါဒီဇာတ် (ရသေ့) .... .... | ၅၄၅ |
| | မတုပနိုင်သောခန္တီ .... .... | ၅၄၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၄၅ |
| | အတိတ်ဝတ္ထု .... .... | ၅၄၅ |
| | ဇာတ်ပေါင်း .... .... | ၅၄၉ |
| ၁၁၄။ | လောဟကုမ္ဘီဇာတ် (ရသေ့) .... .... | ၅၄၉ |
| | ဒု, သ, န, သော .... .... .... | ၅၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၄၉ |
| | အတိတ်ဝတ္ထု .... .... .... | ၅၅၀ |
| | ဇာတ်ပေါင်း .... .... | ၅၅၄ |
| ၁၁၅။ | သဗ္ဗမံသလာဘဇာတ် (သူဌေးသား).... .... | ၅၅၅ |
| | မိတ်ဆွေသည် ကိစ္စအားလုံး ပြီးစေနိုင်သည် .... | ၅၅၅ |
| | စကားလိမ္မာ များစွာအကျိုးရှိ .... .... | ၅၅၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၅၅ |
| | အတိတ်ဝတ္ထု .... .... | ၅၅၆ |
| | ဇာတ်ပေါင်း .... .... | ၅၅၈ |
| ၁၁၆။ | သ သ ပဏ္ဍိတဇာတ် (ယုန်) .... .... | ၅၅၈ |
| | ကမ္ဘာတည်သရွေ့ ရှိနေမည့် လဝယ် ယုန်တံဆိပ် .... | ၅၅၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၅၈ |
| | အတိတ်ဝတ္ထု .... .... | ၅၅၉ |
| | ဇာတ်ပေါင်း .... .... | ၅၆၂ |
| ၁၁၇။ | မတရောဒနဇာတ် (ရသေ့) — .... | ၅၆၃ |
| | ငို၍ အကျိုးမရှိ .... .... .... | ၅၆၃ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၆၃ |
| | အတိတ်ဝတ္ထု | .... | .... | ၅၆၄ |
| | ဇာတ်ပေါင်း | .... | .... | ၅၆၅ |
| ၃၁၈။ | ကဏဝေရဇာတ် (ခိုးသူကြီး) | .... | .... | ၅၆၆ |
| | အသက်ညာဏ်စောင့် .... | .... | .... | ၅၆၆ |
| | အန္တရာယ်ကို ကြိုမြင်ရမည် | .... | .... | ၅၆၆ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၆၆ |
| | အတိတ်ဝတ္ထု | .... | .... | ၅၆၆ |
| | ဇာတ်ပေါင်း | .... | .... | ၅၇၁ |
| ၃၁၉။ | တိတ္တိရဇာတ် (ရသေ့) | .... | .... | ၅၇၁ |
| | တည်–ခါ | .... | .... | ၅၇၁ |
| | ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့ | | .... | ၅၇၁ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၇၁ |
| | အတိတ်ဝတ္ထု | .... | .... | ၅၇၂ |
| | ဇာတ်ပေါင်း | .... | .... | ၅၇၄ |
| ၃၂၀။ | သုစ္စဇဇာတ် (အမတ်) | .... | .... | ၅၇၄ |
| | အေးအတူ ပူအမျှ .... | .... | .... | ၅၇၄ |
| | ကောင်းတူ ဆိုးဖက် .... | .... | .... | ၅၇၄ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၅၇၄ |
| | အတိတ်ဝတ္ထု | .... | .... | ၅၇၅ |
| | ဇာတ်ပေါင်း | .... | .... | ၅၇၈ |


## ၃·ကုဋိဒူသကဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၃၂၁။ | ကုဋိဒူသကဇာတ် (သိင်္ဂီလငှက်) | .... | .... | ၅၇၈ |
| | ကိုယ်ထက်မြတ်သူ့တန်းတူမတွေ့က တစ်ယောက်တည်းနေပါ | .... | .... | ၅၇၈ |

# ဒါးရှင်းဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | လူမိုက်ကို အဖော်မပြုရ .... .... | ၅၇၈ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၅၇၈ |
| | အတိတ်ဝတ္ထု .... .... .... | ၅၈၁ |
| | ဇာတ်ပေါင်း .... .... .... | ၅၈၂ |
| ၃၂၂။ | ဒုဒ္ဒုဘဇာတ် (ခြသေ့်) .... .... | ၅၈၃ |
| | မစူးမစမ်းကောလာဟလ ယုံသူများ .... | ၅၈၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၈၃ |
| | အတိတ်ဝတ္ထု .... .... .... | ၅၈၃ |
| | ဇာတ်ပေါင်း .... .... .... | ၅၈၆ |
| | ပညာကင်းမဲ့ တွေးနယ်ချဲ့၊ ကျိုးမဲ့ဖြစ်တတ်လှ .... | ၅၈၆ |
| ၃၂၃။ | ဗြဟ္မဒတ္တဇာတ်(ရသေ့) .... .... | ၅၈၇ |
| | တောင်းလျှင်မုန်း .... .... .... | ၅၈၇ |
| | တောင်းခြင်းသည် ငိုသည်နှင့်တူ .... .... | ၅၈၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၈၇ |
| | အတိတ်ဝတ္ထု .... .... | ၅၈၇ |
| | ဇာတ်ပေါင်း .... .... .... | ၅၉၀ |
| ၃၂၄။ | စမ္မသာဋကဇာတ်(ကုန်သည်) .... .... | ၅၉၀ |
| | သိုး ခွေ့ ပရိဗိုဇ် .... .... | ၅၉၀ |
| | လူမိုက်နောင်တ နောင်မှရ .... .... | ၅၉၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၉၀ |
| | အတိတ်ဝတ္ထု .... .... .... | ၅၉၁ |
| | ဇာတ်ပေါင်း .... .... .... | ၅၉၃ |
| ၃၂၅။ | ဂေါဓရာဇဇာတ် (ဖွတ်) .... .... | ၅၉၃ |
| | ဖွတ်သားစား ရသေ့ .... .... | ၅၉၃ |
| | ဖွတ်မရ မားမဆုံး .... .... | ၅၉၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၉၃ |
| | အတိတ်ဝတ္ထု .... .... .... | ၅၉၄ |
| | ဇာတ်ပေါင်း .... .... | ၅၉၅ |
| ၃၂၆။ | ကက္ကာရုဇာတ် (နတ်) .... .... | ၅၉၆ |
| | နတ်ပန်းခိုင်ကို ပန်လိုမှု .... .... | ၅၉၆ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၅၉၆ |
| | အတိတ်ဝတ္ထု .... .... .... | ၅၉၆ |
| | ဇာတ်ပေါင်း .... .... .... | ၅၉၉ |
| | လူလယ်ခေါင် သီလရှိဟန် ဆောင်လိုသူ .... | ၅၉၉ |
| | မုသားမနိုင်၊ သင်းနံ့ကြိုင်၊ ပန်းခိုင်ဆင်မှ၊ ဆင်းရဲရ | ၅၉၉ |
| ၃၂၇။ | ကာကဝတီဇာတ် (မင်း) .... .... | ၆၀၀ |
| | မယားခိုးဂဠုန် .... .... | ၆၀၀ |
| | ကတုံးပေါ်ထိပ်ကွက် သူခိုးလက် သူဝှက်လု .... | ၆၀၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၀၀ |
| | အတိတ်ဝတ္ထု .... .... .... | ၆၀၀ |
| | ဇာတ်ပေါင်း .... .... .... | ၆၀၂ |
| ၃၂၈။ | အနနုသောစိယဇာတ် (ရသေ့) .... .... | ၆၀၂ |
| | မယားသေ စိတ်ဒထွ .... .... | ၆၀၂ |
| | သေသူကို ရှင်သူက-တ .... .... | ၆၀၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၀၂ |
| | အတိတ်ဝတ္ထု .... .... .... | ၆၀၃ |
| | ဇာတ်ပေါင်း .... .... .... | ၆၀၆ |
| ၃၂၉။ | ကာဠဗာဟုဇာတ် (ကျေး) .... .... | ၆၀၆ |
| | တောတွင်းမောင်ညို .... .... .... | ၆၀၆ |
| | ကိုယ့်ထမင်းအိုး ကိုယ်ရိုက်ခွဲ .... .... | ၆၀၆ |

## ငါးရာငါးဆယ်ဇာတ်ဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆ဝ၆ |
| | အတိတ်ဝတ္ထု .... .... .... | ၆ဝ၇ |
| | ဇာတ်ပေါင်း .... .... .... | ၆ဝ၉ |
| ၃၃ဝ။ | သီလ ဝိမံသဇာတ် (ပုဏ္ဏား) .... .... | ၆ဝ၉ |
| | မရှိတောင့်တ ရှိကြောင့်ကြ .... .... | ၆ဝ၉ |
| | ကိုယ်ချမ်းသာမှုထက် စိတ်ချမ်းသာမှုက အဓိက .... | ၆ဝ၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆ဝ၉ |
| | ဇာတ်ပေါင်း .... .... .... | ၆၁၂ |

### ၄-ကောကာလိကဝဂ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃၁။ | ကောကာလိကဇာတ် (အမတ်) .... .... | ၆၁၂ |
| | ကိုယ့်ဒုက္ခကိုယ်ရှာ .... .... | ၆၁၂ |
| | အသံကြောင့် ဖားသေ .... .... | ၆၁၂ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၁၂ |
| | အတိတ်ဝတ္ထု .... .... .... | ၆၁၂ |
| | ဇာတ်ပေါင်း .... .... .... | ၆၁၄ |
| ၃၃၂။ | ရထလဋ္ဌိဇာတ် (တရားသူကြီး) .... .... | ၆၁၄ |
| | မကောင်းကျောင်းပို့ — .... | ၆၁၄ |
| | ကိုယ့်အပြစ် သူများပုံချ .... .... | ၆၁၄ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၁၄ |
| | အတိတ်ဝတ္ထု .... .... .... | ၆၁၅ |
| | ဇာတ်ပေါင်း .... .... .... | ၆၁၆ |
| ၃၃၃။ | ပက္ကဂေါဓဇာတ် (အမတ်) .... .... | ၆၁၇ |
| | ဖွတ်ကင်ထွက်ပြေးသတဲ့ .... .... | ၆၁၇ |
| | ဂျင်းစိမ်းနဲ့ မိဿလင် သူကြင်မှ ကိုယ်ကြင် .... | ၆၁၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... .... | ၆၁၇ |
| | အတိတ်ဝတ္ထု .... ... .... | ၆၁၇ |
| | ဇာတ်ပေါင်း .... .... .... | ၆၂ဝ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃၃၄။ ရာဇောဝါဒဇာတ် (ရသေ့) ၆၂၀
ခေါင်းဆောင် သီလရှိလျှင် အသီးပင်ချိုရ .... ၆၂၀
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၆၂၀
အတိတ်ဝတ္ထု .... .... .... ၆၂၀
ဇာတ်ပေါင်း .... .... .... ၆၂၃
ကတိသစ္စာ၊ တည်သောခါဝယ်၊ ရသာလေးနက်၊
ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏ ၆၂၃
၃၃၅။ ဇမ္ဗုကဇာတ် (ခြသေ့) .... .... ၆၂၃
ခွေးအလုပ် မြင်းဝင်ရှုပ် ဝါးရင်းတုတ်နှင့် အရိုက်ခံရ ၆၂၃
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၆၂၃
အတိတ်ဝတ္ထု .... .... .... ၆၂၄
ဇာတ်ပေါင်း .... .... .... ၆၂၆
၃၃၆။ ဗြဟာဆတ္တဇာတ် (အမတ်) .... .... ၆၂၆
ပညာဆောင်ငြား စီးပွားပြန်ရ .... .... ၆၂၆
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၆၂၆
အတိတ်ဝတ္ထု .... .... .... ၆၂၆
ဇာတ်ပေါင်း .... .... .... ၆၂၉
၃၃၇။ ပီဌဇာတ် (ရသေ့) .... .... ၆၃၀
ကိုယ့်အလွဲ သူ့စွဲ — .... ၆၃၀
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၆၃၀
အတိတ်ဝတ္ထု .... .... .... ၆၃၁
ဇာတ်ပေါင်း .... .... .... ၆၃၂
၃၃၈။ ထုသဇာတ် (ဒိသာပါမောက္ခ) .... .... ၆၃၃
ဆရာ့ကျေးဇူးကြောင့် အသက်ချမ်းသာဆုရ .... ၆၃၃
အသက်ပေးဂါထာ .... .... .... ၆၃၃
ပစ္စုပ္ပန်ဝတ္ထု .... .... .... ၆၃၃

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အတိတ်ဝတ္ထု .... .... | ၆၃၄ |
| | ဇာတ်ပေါင်း .... .... | ၆၃၇ |
| ၃၃၉။ | ဗာဝေရုဇာတ် (ဥဒေါင်း) .... .... | ၆၃၇ |
| | နေမသွက်ခင် လဘုရင် .... .... | ၆၃၇ |
| | နေရောင်လဲရောက် လလဲပျောက် .... .... | ၆၃၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၃၇ |
| | အတိတ်ဝတ္ထု .... .... | ၆၃၈ |
| | ဇာတ်ပေါင်း .... .... | ၆၄၀ |
| ၃၄၀။ | ဝိသယှဇာတ် (သူဌေး) .... .... | ၆၄၀ |
| | အချိန်ရှိခိုက် လို့လစိုက် .... .... | ၆၄၀ |
| | အလှူကြီး .... .... | ၆၄၀ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၄၀ |
| | အတိတ်ဝတ္ထု .... .... | ၆၄၁ |
| | ဇာတ်ပေါင်း .... .... | ၆၄၄ |


## ၅—စူဠကုဏာလဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄၁။ | ကိန္နရီဇာတ် (ပုရောဟိတ်) (ကဏ္ဍရီဇာတ်) .... .... | ၆၄၄ |
| ၃၄၂။ | ဝါနရဇာတ် (မျောက်) .... .... | ၆၄၅ |
| | အသက်ဘေးလွတ်ရန် ဉပါယ်တံမျဉ်သုံးရသည် .... | ၆၄၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၄၅ |
| | အတိတ်ဝတ္ထု .... .... | ၆၄၅ |
| | ဇာတ်ပေါင်း .... .... | ၆၄၆ |
| ၃၄၃။ | ကုန္တိနီဇာတ် (မင်း) .... .... | ၆၄၇ |
| | ရန်ကိုရန်ချင်း တုံ့လျှင်းတတ်သူ .... .... | ၆၄၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပညာရှိသည် သည်းခံတတ်၏ .... .... | ၆၄၇ |
| | လူမိုက်သည် သည်းမခံတတ် .... .... | ၆၄၇ |
| | ကြိုးကြာမ .... .... | ၆၄၇ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၄၇ |
| | အတိတ်ဝတ္ထု .... .... | ၆၄၈ |
| | ဇာတ်ပေါင်း .... .... | ၆၄၉ |
| ၃၄၄။ | အဒ္ဒဇာတ် (သိကြား) .... .... | ၆၄၉ |
| | သရက်သီးသူခိုး စွပ်စွဲခြင်း .... .... | ၆၄၉ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၄၉ |
| | အတိတ်ဝတ္ထု .... .... | ၆၅၀ |
| | ဇာတ်ပေါင်း .... .... | ၆၅၂ |
| | မိန်းမပျိုတို့၏ ကြောက်ဖွယ် ကျိန်ဆိုချက်များ .... | ၆၅၂ |
| ၃၄၅။ | ရာဇကုမ္ဘဇာတ် (အမတ်) .... .... | ၆၅၃ |
| | ပျင်းလွန်းသူ .... .... | ၆၅၃ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၅၃ |
| | အတိတ်ဝတ္ထု .... .... | ၆၅၃ |
| | ဇာတ်ပေါင်း .... .... | ၆၅၅ |
| ၃၄၆။ | ကေသဝဇာတ် (ရသေ့) .... .... | ၆၅၅ |
| | ကျွမ်းဝင်သူပေး ဆေးဝါး .... .... | ၆၅၅ |
| | ပစ္စုပ္ပန်ဝတ္ထု .... .... | ၆၅၅ |
| | အတိတ်ဝတ္ထု .... .... | ၆၅၆ |
| | ဇာတ်ပေါင်း .... .... | ၆၅၈ |
| ၃၄၇။ | အယကူဋဇာတ် (မင်း) .... .... | ၆၅၈ |
| | သံတူစွဲဘီလူး .... .... | ၆၅၈ |
| | လူမင်းဘုန်းကြီးလျှင် နတ်မင်းမနေနိုင် .... | ၆၅၈ |

## ငါးရာငါးဆယ်ဇာတ်တော်


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၆၅၉ |
| | အတိတ်ဝတ္ထု | .... | .... | ၆၆၀ |
| | ဇာတ်ပေါင်း | .... | .... | ၆၆၂ |
| ၃၄၈။ | အရညဇာတ် (ရသေ့) | .... | .... | ၆၆၂ |
| | မိတ်ဆွေစစ် | .... | .... | ၆၆၂ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၆၆၂ |
| | အတိတ်ဝတ္ထု | .... | .... | ၆၆၂ |
| | ဇာတ်ပေါင်း | .... | .... | ၆၆၄ |
| ၃၄၉။ | သန္ဓိဘေဒဇာတ် (မင်း) | .... | .... | ၆၆၄ |
| | ကုန်းချောမြေခွေး | .... | .... | ၆၆၄ |
| | ပစ္စုပ္ပန်ဝတ္ထု | .... | .... | ၆၆၄ |
| | အတိတ်ဝတ္ထု | .... | .... | ၆၆၅ |
| | ဇာတ်ပေါင်း | .... | .... | ၆၆၇ |
| ၃၅၀။ | ဒေဝတာပဉ္စဇာတ် (မဟောသဓာ) | .... | .... | ၆၆၇ |
| | နိဂုံး | .... | .... | ၆၆၇ |


ငါးရာငါးဆယ် ဇာတ်ဝတ္ထု ဒုတိယတွဲ မာတိကာပြီး၏။

# ငါးရာငါးဆယ်ဇာတ်တော်

## (ဒုတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၂-ဒုကနိပါတ်

### ၁-ဒဠှဝဂ်

### ၁၅၁-ရာဇောဝါဒဇာတ်

ဘုရင်၏ ဩဝါဒ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒဠှံ ဒဠှဿ ခိပ္ပတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရာဇောဝါဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထို ကောသလမင်းကြီးအား ဆုံးမတော်မူခြင်းသည် တေဘာလီသနိပါတ် ဓတသကုဏဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

အထူးကား-ဝ စ်နေ့သ၌ ကောသလမင်းကြီးသည် တစ်ခုသော အဂတိသို့ လိုက်အပ်သော ဆုံးဖြတ်ခက်သော တရားကို တရားသဖြင့် ဆုံးဖြတ်၍ နံနက်စာစားပြီးသော် စွတ်စိုသော လက်ရှိလျက်သာလျှင် တန်ဆာဆင်အပ်သော ရထားကိုစီး၍ မြတ်စွာဘုရား၏ အထံတော်သို့သွား၍ ပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ တင့်တယ်ခြင်းရှိကုန်သော ခြေတော်တို့၌ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေ၏။ ထိုအခါ ထိုကောသလမင်းကြီးကို မြတ်စွာဘုရားသည် "မြတ်သောမင်းကြီး သင် မင်းကြီးသည် အဘယ်အကြောင်းကြောင့် ယခု အလွန်နေမြင့်မှသာလျှင် လာခဲ့တုံသနည်း"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား ယနေ့ အကျွန်ုပ်သည် တစ်ခုသောအဂတိသို့ လိုက်အပ်သော ဆုံးဖြတ်ခက်သော တရားကို တရားသဖြင့် ဆုံးဖြတ်ခြင်းကြောင့် ယခုမှအခွင့်ကို ရ၍ ထိုတရားကို ပြီးစေပြီးလျှင် နံနက်စာစား၍ စွတ်စိုသောလက်ရှိလျက် သာလျှင် အရှင်ဘုရားတို့အား ခစားရာအရပ်သို့ လာသည်ဖြစ်၏" ဟုလျှောက်၏၊ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး တရားနှင့်ညီစွာ တရားကိုဆုံးဖြတ်ခြင်း မည်သည်ကားကောင်း၏။ ဤတရားနှင့်ညီစွာ စီရင်ခြင်းသည် နတ်ရွာခရီးတည်း။ မြတ်သောမင်းကြီး ငါကဲ့သို့သော သဗ္ဗညုဘုရား၏ အထံတော်မှ အဆုံးအမကို ရကုန်၍ သင်မင်းကြီးတို့သည် တရားနှင့်ညီစွာ တရားကို အကြင့်ကြောင့် ဆုံးဖြတ်ကုန်ရာ၏၊ ထိုသို့ ဆုံးဖြတ်ခြင်းသည် စင်စစ်သဖြင့် အံ့ဖွယ်မရှိသေး။ ရှေးမင်းတို့သည် အလုံးစုံသော တရားတို့ကို မသိကုန်သော်လည်း ပညာရှိတို့၏ စကားကို နာရကုန်၍ တရားနှင့်ညီစွာ တရားကို ဆုံးဖြတ်ကုန်လျက် လေးပါး ကုန်သော မလားအပ်ကုန်သော ချစ်ခြင်းအစရှိသည်တို့သို့ လားခြင်းတို့ကို ကြဉ်ရှောင်ကုန်၍ မင်းကျင့်တရား ဆယ်ပါးတို့ကို မပျက်စေကုန်မူ၍ တရားသဖြင့် မင်းပြုကုန်၍ နတ်ပြည်၏ ပြည့်ခြင်းကို ပြုကုန်လျက် အကြောင်ဖြစ်ဖူးပြီ။ ထို ဖြစ်ဖူးခြင်းသည်သာလျှင် အံ့ဖွယ်ရှိ၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထို့နောင် ထိုကောသလမင်းကြီးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ် မင်း၏ မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေယူ၍ ပဋိသန္ဓေအစောင့်အရှောက်ကို ရ၍ ချမ်းသာစွာ အမိဝမ်းမှ ဖွား၏။ ထိုဘုရားလောင်းအား အမည်မှည့်သော နေ့၌ကား ဗြဟ္မဒတ်သတို့သားဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏။ ထိုဗြဟ္မဒတ် သတို့သားသည် အစဉ်သဖြင့် အရွယ်သို့ရောက်၍ တစ်ဆယ့်ခြောက်နှစ် ရှိသော ကာလ၌ တက္ကသိုလ်ပြည်သို့သွား၍ ခပ်သိမ်းကုန်သော အတတ်တို့၏ အပြီးသို့ ရောက်၍ အဘလွန်သဖြင့် မင်းအဖြစ်၌တည်၍ တရားနှင့်ညီစွာ မင်းပြု၏။ ဆန္ဒအစရှိသည်တို့၏ အစွမ်းအားဖြင့် မလားအပ်သော အရာသို့ မလားမူ၍ အဆုံးအဖြတ်ကို စီရင်ဆုံးဖြတ်၏။ ထိုဘုရားလောင်းသည် ဤသို့ တရားသဖြင့် မင်းပြုသည်ရှိသော် အမတ်တို့သည်လည်း ဟုတ်မှန်သဖြင့်သာလျှင် တရားကို ဆုံးဖြတ်ကုန်၏။ တရားတို့ကို ဟုတ်မှန်သဖြင့် ဆုံးဖြတ် စီရင်အပ်ကုန်သည် ရှိသော် ကောက်တကျစ် တရားတွေ့တတ်ကုန်သော သူတို့မည်သည် မဖြစ်ကုန်။ ထိုကောက်တကျစ် တရားတွေ့တတ်ကုန်သော သူတို့၏ မရှိခြင်းကြောင့် တရား

တွေ့ခြင်း အကျိုးငှါ မင်းရင်ပြင်၌ ဘေးရန်သည်ပြတ်၏။ အမတ်တို့သည် တစ်နေ့ပတ်လုံးလည်း တရားဆုံးဖြတ်ရာအရပ်၌ နေကုန်၍ တင်စုံတစ်ယောက် သော သူကို တရားဆုံးဖြတ်စိမ့်သောငှါ လာလတ်သည်ကို မမြင်ကုန်လျှင် ထ၍ ဖဲ့ကြကုန်၏၊ ထိုစကားသည် မှန်၏။ တရားဆုံးဖြတ်ရာ အရပ်သည် စွန့်အပ် သည်၏ အဖြစ်သို့ရောက်၏။

ဘုရားလောင်းသည် ငါဖြဟ္မဒတ်မင်းသည် တရားသဖြင့် မင်းပြုသည်ရှိသော် ဆုံးဖြတ်ရာ အရပ်သို့ လာကုန်သော သူတို့မည်သည် မရှိကုန်။ ဘေးရန် သည်လည်း ပြတ်၏။ ဆုံးဖြတ်ရာအရပ်သည်လည်း စွန့်အပ်သည်၏ အဖြစ်သို့ ရောက်၏။ ယခုအခါ၌ ငါသည် မိမိ၏ ကျေးဇူးမဲ့ကို ရှာခြင်းငှါ သင့်၏။ ဤ မည်သည်ကား ငါ၏ကျေးဇူးမဲ့တည်း။ ဤသို့ကြား၍ ထိုကျေးဇူးမဲ့ကို ပယ်၍ ဂုဏ်ကျေးဇူး၌သာလျှင် ကိုယ်ကျင့်ဖြစ်စေအံ့ဟု ကြံ၏။ ထိုကာလမှစ၍ ငါ၏ ကျေးဇူးမဲ့ကိုပြောဆိုသော တစ်စုံတစ်ယောက်သော သူတို့သည် ရှိသလောဟု စုံစမ်းသည်ရှိသော် နန်းတော်တွင်း၌ သုံးဆောင်စေပါးကုန်သော သူတို့၏ အတွင်း၌ ကျေးဇူးမဲ့ကို ပြောဆိုသော တစ်စုံတစ်ယောက်သော သူကို မမြင် မတွေ့၍ မိမိ၏ ဂုဏ်ကျေးဇူးစကားကိုသာလျှင် ကြား၍ ထိုသူတို့သည် ငါ့ကို ကြောက်ခြင်းကြောင့်လည်း ကျေးဇူးမဲ့ကို မဆိုကုန်မူ၍ ကျေးဇူးကိုသာလျှင် ဆိုကုန်ရာ၏ဟု ကြံ၍ နန်းတော်အပ၌ သုံးဆောင်စေပါးသောသူ အပေါင်း၌ စုံစမ်းသည်ရှိသော် ထိုသူတို့၌လည်း မမြင်မတွေ့၍ မြို့တွင်း၌ စုံစမ်း၏။ မြို့ပ၌ လည်းကောင်း၊ မြို့တံခါး လေးမျက်နှာတို့၌လည်းကောင်း၊ မြို့လေးမျက်နှာ ရွာ၌လည်းကောင်း စုံစမ်း၏၊ ထိုအရပ်တို့၌လည်း ကျေးဇူးမဲ့ကို ပြောဆိုသော တစ်စုံတစ်ယောက်သောသူကို မမြင်မတွေ့ မိမိ၏ဂုဏ်ကျေးဇူးစကားကိုသာလျှင် ကြား၍ ဇနပုဒ်ကိုစုံစမ်းအံ့ဟု အမတ်တို့ကို ပြည်ကို ဆောက်နှင်းခဲ့ပြီးလျှင် ရထားစီး၍ ရထားထိန်းကိုသာယူ၍ မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ခဲ့၍ ဇနပုဒ်ကို စုံစမ်းလျက် အရပ်စွန်တိုင်အောင်သွား၍ ကျေးဇူးမဲ့ကို ပြောဆိုသော တစ်စုံတစ်ယောက်သောသူကို မတွေ့မမြင်၍ မိမိ၏ ဂုဏ်ကျေးဇူးစကားကို သာလျှင်ကြား၍ အရပ်စွန် အပိုင်းအခြားမှ ခရီးမဖြင့် မြို့သို့ ရှေးရှုသာလျှင် ပြန်ခဲ့၏။

## ဗလ္လိကမင်း

ထိုကာလ၌ကား ဗလ္လိကအမည်ရှိသော ကောသလမင်းသည်လည်း တရား သဖြင့် မင်းပြုသည်ရှိသော် ကျေးဇူးမဲ့ကို ပြောဆိုသော သူကို ရှာသည်ဖြစ်၍ နန်းတော်တွင်း၌ စေပါးသုံးဆောင် ကုန်သောသူ အစရှိသည်တို့၌ မိမိ၏

ကျေးဇူးစကားကိုသာလျှင် ကြား၍ ဇနပုဒ်ကိုစုံစမ်းသည်ရှိသော် ထိုအရပ်သို့ ရောက်၏။ ထိုမင်းနှစ်ပါးတို့သည်လည်း တစ်ခုသော ချိုင့်ဝှမ်းရာလှည်းကြောင်း ခရီး၌ ရှေးရှုဆိုင်မိကြကုန်၏။ ရထား၏ ရှောင်လွဲစရာအရပ်သည် မရှိ။ ထိုအခါ၌ ဗလ္လိကမင်း၏ ရထားထိန်းသည် ဗာရာဏသီမင်း၏ ရထားထိန်းကို အိုရထားထိန်း သင်၏ရထားကို ရှောင်လွဲလော့ဟု ဆို၏။ ထိုဗာရာဏသီမင်း၏ ရထားထိန်း သည်လည်း ဗလ္လိကမင်း၏ ရထားထိန်းကို အိုရထားထိန်း သင်၏ရထားကို ရှောင်လွဲလော့။ ဤရထား၌ ဗာရာဏသီပြည့်ရှင်ဖြစ်သော ဗြဟ္မဒတ် မင်းမြတ်သည် စီးတော်မူ၏ဟုဆို၏ ဗလ္လိကမင်း၏ ရထားထိန်းသည်လည်း ထိုဗာရာဏသီမင်း၏ ရထားထိန်းကို အိုရထားထိန်း ဤရထား၌ ကောသလပြည့်ရှင်ဖြစ်သော ဗလ္လိကမင်းမြတ်သည် စီးတော်မူ၏။ သင်၏ရထားကို ရှောင်လွဲ၍ ငါတို့မင်း၏ ရထားအား အခွင့်ကို ပေးလော့ဟုဆို၏။

ဗာရာဏသီမင်း၏ ရထားထိန်းသည် ဤအရှင်သည်လည်း မင်းလျှင်ဖြစ်သတတ်။ အသို့လျှင်ပြုအပ်သနည်းဟုကြံသည်ရှိသော် အရွယ်ကိုမေး၍ ငယ်သော မင်း၏ ရထားကို ရှောင်လွဲစေ၍ ကြီးသောမင်းအား အခွင့်ကို ပေးအံ့။ ဤ အကြောင်းသည် ရှိ၏ဟုဆုံးဖြတ်ခြင်းကို ပြု၍ ထိုကောသလမင်း၏ရထားထိန်းကို ကောသလမင်း၏အရွယ်ကိုမေး၍ စုံစမ်းသည်ရှိသော် နှစ်ပါးကုန်သော မင်းတို့၏ လည်း အရွယ်တူမျှကြကုန်သည်၏ အဖြစ်ကိုသိ၍ ပြည်ပမာဏကိုလည်းကောင်း၊ ဗိုလ်ပါကို လည်းကောင်း, စည်းစိမ် ဥစ္စာကို လည်းကောင်း, အခြွေအရံကို လည်းကောင်း ဇာတ်အနွယ် အမျိုးဟူသော ညွှန်ပြအပ်သော ဂုဏ်ကိုလည်း ကောင်း။ ဤသို့အလုံးစုံကို မေးဦး၍ မင်းနှစ်ပါးတို့သည်လည်း ယူဇနာသုံးရာ နှင့်နှင့်ရှိသော ပြည်၏အရှင် ဖြစ်ကြကုန်၏။ တူသောဗိုလ်ပါ ဥစ္စာအခြွေအရံ ဇာတ်အနွယ် အမျိုးဟူသော ညွှန်ပြအပ်သောဂုဏ် ရှိကြကုန်၏ဟုသိ၍ သီလ ရှိသောသူအား အခွင့်ကို ပေးအံ့ဟု ကြံ၍ အိုရထားထိန်း သင်တို့ မင်း၏ သီလ အကျင့်သည် အဘယ်သို့ သဘော ရှိသနည်းဟု မေးသည်ရှိသော် ထိုဗလ္လိက မင်း၏ ရထားထိန်းသည် ဤသည်ကား ငါတို့မင်း၏ သီလအကျင့်တည်းဟု မိမိမင်း၏ ကျေးဇူးမဲ့ကိုပင်လျှင် ကျေးဇူးဟူ၍ ပြလိုရကား ရှေးဦးစွာသော ဤဂါထာကို ဆို၏—

## ဗလ္လိကမင်း၏ အကျင့်

၁။ ဒဠှံ ဒဠှဿ ခိပတိ၊ ဗလ္လိကော မုဒုနာ မုဒုံ။
သာဓုမ္ပိ သာဓုနာ ဇေတိ၊ အသာဓုမ္ပိ အသာဓုနာ။
တာဒိသော အယံ ရာဇာ၊ မဂ္ဂါ ဥယျာဟိ သာရထိ။

အိုရထားထိန်း ငါတို့၏ ဗလ္လိကမင်းသည် ကြမ်းကြုတ်ခက်ထန်သော သူ၏ အပေါ်၌ ကြမ်းကြုတ်သော ဒဏ်ကို တင်၏။ နူးညံ့သောသူကို နူးညံ့သဖြင့် အောင်၏၊ မကောင်းသောသူကိုလည်း မကောင်းသဖြင့် အောင်၏၊ ရထားထိန်း ဤငါ့ကိုသခင် အရှင်ဗလ္လိကမင်းသည် ဤသို့ သဘောရှိ၏၊ သင်သည် ခရီးမှ ဖဲလေလော့။

ထိုအခါ၌ ဗလ္လိကမင်း၏ ရထားထိန်းကို ဗာရာဏသီမင်း၏ ရထားထိန်းသည် အိုရထားထိန်း သင်သည် မိမိမင်း၏ ကျေးဇူးစကားကို ဆိုသလောဟု ဆို၍ ဗလ္လိကမင်း၏ ရထားထိန်းက ဟုတ်၏ဟု ဆိုသည်ရှိသော် ထိုအကျင့်တို့ကို ဂုဏ်ကျေးဇူးတို့ဟူ၍ အကယ်၍ ဆိုတုံအံ့။ ကျေးဇူးမဲ့တို့သည်ကား အသို့သဘော ရှိလေတုံအံ့နည်းဟု ဗာရာဏသီမင်း၏ ရထားထိန်းကဆို၍ ထိုအကျင့်တို့သည် ကျေးဇူးမဲ့တို့သည် ဖြစ်စေဦး။ သင်တို့မင်း၏ ကျေးဇူးသည်ကား အဘယ်သို့ သဘောရှိသနည်းဟု ဗလ္လိကမင်း၏ ရထားထိန်းက ဆိုသည်ရှိသော် ထိုသို့ ဝ.ပြီးကား နာလောဟုဆို၍ နှစ်ခုမြောက် ဤဂါထာကို ဆို၏—

## ဗြဟ္မဒတ်မင်း၏ အကျင့်

၂ အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။
ဧတာဒိသော အယံ ရာဇာ၊ မဂ္ဂါ ဥယျာဟိ သာရထိ။

အိုရထားထိန်း ဗာရာဏသီ ပြည်ကြီးသေဌ်နင်း တို့ရှင်မင်းသည် အမျက်ထွက်ဘက်သူကို မေတ္တာဖြင့် အောင်၏၊ မကောင်းသောသူကို ကောင်းသဖြင့် အောင်၏၊ နှမြောစေးနှဲသောသူကို ပေးကမ်းသဖြင့် အောင်၏၊ မဟုတ်မမှန် ဖောက်ပြန်ယွင်းချွတ် ဆိုလေ့ရှိသောသူကို အဟုတ်အမှန်ကို ဆိုသဖြင့် အောင်၏၊ ရထားထိန်း ဤငါတို့သခင် အရှင်မင်းမြတ်သည် ဤသို့သဘောရှိ၏၊ သင်သည် ခရီးမှ ရှောင်လွှဲလေလော့။

ဤသို့ ဆိုသည်ရှိသော် ဗလ္လိကမင်းသည် လည်းကောင်း, ရထားထိန်းသည် လည်းကောင်း, နှစ်ယောက်ကုန်သော သူတို့သည်လည်း ရထားမှ သက်ကုန်၍ မြင်းတို့ကို ချွတ်ပြီးလျှင် ရထားကို ပယ်ကုန်၍ ဗာရာဏသီမင်းအား ခရီးကို ပေးကုန်၏။ ဗာရာဏသီမင်းသည်လည်း ဗလ္လိကမင်းအား အဆွေမင်းမည် သည်ကား ဤမည်သော ဤမည်သော အမှုကိုပြုလျှင် ပြုခြင်းငှါ သင့်၏ဟု အဆုံးအမကို ပေးလိုက်ပြီးလျှင် ဗာရာဏသီပြည်သို့ သွား၍ ဒါနအစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏။ ဗလ္လိကမင်း

သည်လည်း ထိုဗာရာဏသီမင်း၏ အဆုံးအမကို ယူပြီးလျှင် ဇနပုဒ်ကို စိုးစမ်း၍ မိမိ၏ ကျေးဇူးမဲ့ကို ဆိုသောသူကို မတွေ့မမြင်လျှင် မိမိမြို့သို့ သွားလေ၍ ဒါန အစရှိကုန်သော ကောင်းမှုတို့ကို ပြု၍ အသက်၏ အဆုံး၌ နတ်ပြည်ကိုသာလျှင် ပြည့်စေ၏။

## ဇာတ် ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ကောသလ မင်းအား ဆုံးမတော်မူအံ့သောငှါ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မြတ်သော ကောသလမင်းကြီး ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ဗလ္လိကမင်း၏ ရထားထိန်းဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗလ္လိကမင်း ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဗာရာဏသီမင်း၏ ရထားထိန်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်ကား ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်တော်ကို ပေါင်းတော်မူ၏။

(အရေးကြုံပြန်၊ ကိုယ်ကျင့်မှန်၊ ကေန် အောင်နိုင်မှု)

တစ်ရာငါးဆယ့် တစ်ခုမြောက်သော ရာဇောဝါဒဇာတ်သည် ပြီး၏။

---

## ၁၅၂-သိင်္ဂါလဇာတ်

### ဖလ်ဂူရှင် မြေခွေးနှင့် ခြင်္သေ့မယေ် ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အသမေက္ခိတ ကမ္မန္တံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိင်္ဂါလဇာတ်ကို ကူဋာဂါရ ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေသာလီပြည်၌ နေသော တစ်ယောက်သော ဆတ္တာသည် သားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုလုလင်ငယ်၏ အဘသည် မင်းတို့၏လည်းကောင်း၊ မင်းမောင်းမတို့၏လည်းကောင်း၊ မင်းသားတို့၏လည်းကောင်း မင်းသမီးတို့၏လည်းကောင်း၊ မုတ်ဆိတ်ကျင်စွယ်ကို ပြုပြင်ခြင်း ဆံကို ကောင်းစွာ ဖွဲ့စေခြင်းငှာ ထားသင့်ရာ၌ ထားခြင်း အစရှိကုန်သော ခပ်သိမ်းကုန်သော ကိစ္စတို့ကို ပြု၏။ သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ရတနာသုံးပါးအား ကြည်ညို၏။ ရတနာသုံးပါးသို့ ဆည်းကပ်၏။ ပဉ္စသီလဆောက်တည်၏။ ကြိုးကြား ကြိုးကြားသော ကာလ၌ မြတ်စွာဘုရား၏ တရားတော်ကို နာလျက် ကာလကို လွန်စေ၏။ ထိုဆတ္တာသည် ဒါယကာသည်

တစ်နေ့သ၌ မင်း၏ နန်းတော်တွင် အမှုကို ပြုအံ့သောငှါ သွားသည်ရှိသော် မိမိသားကို ခေါ်၍သွား၏။ ထိုဆေတ္တာသည်သားသည် ထိုမင်း၏ နန်းတော်၌ နတ်သမီးနှင့် တူသော တန်ဆာဆင်ခြင်းနှင့် စပ်သော လိစ္ဆဝီ မင်းသမီးကို မြင်၍ ကိလေသာ၏ အစွမ်းဖြင့် စွန်းငြိသော စိတ်ရှိသည်ဖြစ်၍ အဘနှင့်တကွ မင်း၏ နန်းတော်မှ ထွက်ခဲ့၍ ထိုမင်းသမီးငယ်ကို ရမှသာလျှင် အသက်ရှင်အံ့၊ မရသည် ရှိသော် ဤအရပ်၌ပင်လျှင် ငါအား သေခြင်းသည် ဖြစ်စေဟု အစာ အာဟာရကို ဖြတ်လျက် ညောင်စောင်းပေါင်ကို ဖက်၍အိပ်၏။ ထိုအခါ ထိုလုလင်ကို အဘသည်ချဉ်းကပ်၍ ချစ်သား အရာမဟုတ်သည်၌ ပြင်းပြစွာသော တပ်စွန်းခြင်းကို မပြုလင့်။ သင်ကား "ဆေတ္တာသည်သားဖြစ်၍ ယုတ်ညံ့သော အမျိုးရှိသော သူဖြစ်ချေသည်တကား။ လိစ္ဆဝီ သတို့သမီးသည်ကား မင်းသမီး ဖြစ်၍ အမျိုးနှင့် ပြည့်စုံပေ၏၊ ထိုလိစ္ဆဝီမင်းသမီးသည် သင့်အား မထိုက် မလျော်ချေ။ တစ်ပါးသော အမျိုးအနွယ်တို့ဖြင့် သင်နှင့် တူသော သတို့သမီး ငယ်ကို သင့်ဖို့ ဆောင်အံ့ဟုဆို၏။ "ထိုလုလင်ငယ်သည် အဘစကားကိုမယူ။

ထိုအခါ ထိုလုလင်ကို အမိသည် လည်းကောင်း အစ်ကိုသည်လည်းကောင်း၊ နှမသည်လည်းကောင်း၊ဘထွေးသည်လည်းကောင်း၊ မိထွေးသည်လည်းကောင်း၊ အလုံးစုံလည်း ဖြစ်ကုန်သော ဆွေမျိုးတို့သည် လည်းကောင်း အဆွေခင်ပွန်း နှလုံးအကျွမ်းဝင် ကုန်သော သူတို့သည်လည်းကောင်း စည်းဝေးစေကုန်၍ အမှတ်ပေးကုန်သော်လည်း မှတ်စိမ့်သောငှါ မတတ်နိုင်ကုန်။ ထိုလုလင်သည် ထိုညောင်စောင်းပေါ်၌သာလျှင်ခြောက်တပ်၍ အသက်ကုန်ခြင်းသို့ ရောက်၏။ ထိုအခါ၌ ထိုလုလင်၏ အဘသည် သေသူတို့အား ပြုအပ်သော ကိစ္စတို့ကိုပြု၍ စိုးရိမ်ခြင်း ပွါးလတ်သော် မြတ်စွာဘုရားကို ရှိခိုးအံ့ဟု များစွာသောနံ့သာ ပန်း နံ့သာပျောင်းကို ယူ၍ မဟာဝုန်တောသို့သွားပြီးလျှင် မြတ်စွာဘုရားကို ပူဇော်ရှိခိုးပြီးလျှင် တင့်အပ်သော အရပ်၌ နေ၍ ဒါယကာ သင်သည် အဘယ့် ကြောင့် များစွာသော နေ့တို့ပတ်လုံး မလာတုံသနည်းဟု မိန့်တော်မူသည် ရှိသော် ထိုအကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရားသခင်သည် ဒါယကာ သင်၏ သားသည် ယခုအခါ၌သာလျှင် အရာမဟုတ်သည်၌ ပြင်းပြစွာသော တပ်စွန်းခြင်းကို ဖြစ်စေ၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေး၌ လည်း ရောက်ဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ထိုဆေတ္တာသည် ဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ခြင်္သေ့

အမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်း၏ ညီငယ်တို့သည်ခြောက်စီးတို့သည် ဖြစ်ကုန်၏။ နှမသည် တစ်စီးသည် ဖြစ်၏။ အလုံးစုံသော ခြင်္သေ့တို့သည်လည်း ရွှေဂူ၌ နေကြကုန်၏။ ထိုရွှေဂူ၏ အနီး၌ကား ငွေတောင်၌ တစ်ခုသော ဖလ်ဂူသည် ရှိ၏၊ ထိုဖလ်ဂူ၌ တစ်ခုသော မြေခွေးသည် နေ၏။ နောက်အဖို့၌ ခြင်္သေ့တို့၏ အမိအဘတို့သည် သေကုန်၏။ ထိုခြင်္သေ့တို့သည် ခြင်္သေ့မငယ် ဖြစ်သော နှမကို ရွှေဂူ၌ ထားခဲ့၍ အစာရှာကုန်အံ့သောငှါ ဖဲကုန်၍ အသားကိုဆောင်ခဲ့ကုန်၍ ထိုနှမအား ပေးကုန်၏။ ထိုမြေခွေးသည် ထိုခြင်္သေ့မငယ်ကို မြင်၍ ကြိုက်နှစ်သက်သော စိတ်ရှိသည် ဖြစ်၏။ ထိုခြင်္သေ့မငယ်၏ကား မိဘတို့၏ ထင်ရှားရှိစဉ် ကာလ၌ ထိုမြေခွေးသည် အခွင့်ကို မရ။ ထိုမြေခွေးသည် ထိုခုနစ်စီးကုန်သော ခြင်္သေ့တို့၏ အစာ ရှာအံ့သောငှါ သွားသော ကာလ၌ ဖလ်ဂူမှ သက်၍ ရွှေဂူ၏ တံခါးသို့ သွားပြီးလျှင် ခြင်္သေ့မငယ်၏ ရှေ့မှ လောကာမိသဟု ဆိုအပ်သော ကာမဂုဏ်ငါးပါးနှင့် ယှဉ်သော ဤသို့ သဘောရှိသော လျှို့ဝှက်အပ်သော စကားကို ဆို၏။ အဘယ်သို့ ဆိုသနည်း ဟူမူကား အရှင်ခြင်္သေ့မငယ် ငါသည်လည်း အခြေလေးချောင်း ရှိသော သားတည်း။ သင်သည်လည်း အခြေလေးချောင်း ရှိသော သားမတည်း။ သင်သည် ငါ၏ မယား ဖြစ်ပါလော့။ ငါသည် သင်၏ လင် ဖြစ်ပါအံ့၊ ထိုငါတို့သည် ညီညွတ်ကြကုန်၍ ဝမ်းမြောက်ကြကုန်၍ နေကြကုန်အံ့။ သင်သည် ဤနေ့မှ စ၍ ငါ့ကို ကိလေသာ၏ အစွမ်းဖြင့် ချီးမြှောက် ထောက်ပံ့ပါလော့ဟု ဆို၏။

ထိုခြင်္သေ့မငယ်သည် မြေခွေးစကားကို ကြား၍ ကြံ၏။ အဘယ်သို့ ကြံသနည်း ဟူမူကား ဤမြေခွေးသည် အခြေလေးချောင်း ရှိကုန်သော သားတို့၏ ဘောင်၌ ယုတ်၏ စက်ဆုပ်ဖွယ် ရှိ၏။ ဒွန်းစဏ္ဍားမျိုးနှင့် တူ၏။ ငါတို့သည်ကား မြတ်သော မင်းမျိုးဟု သမုတ်အပ်ကုန်သော သားတို့တည်း။ ဤမြေခွေးသည်လျှင် ငါနှင့် တကွ မလျောက်ပတ် မထိုက်တန်သော စကားကို ဆိုလာ၏။ ငါသည် ဤသို့ သဘောရှိသော စကားကို ကြား၍ အသက်ရှင်ခြင်း၌ အဘယ်မူအံ့နည်း နှာခေါင်းလေကို အောင့်၍ သေတော့အံ့ဟု ကြံ၏။ ထိုနောက်မှ ခြင်္သေ့မအား ဤသို့သော အကြံသည် တစ်ဖန် ဖြစ်ပြန်၏။ အဘယ်သို့ ဖြစ်ပြန်သနည်းဟူမူကား ငါ့အား ဤသို့သာလျှင် သေခြင်းသည် မသင့်လျော်သေး။ ငါ့မောင်တို့သည် လာစေကုန်ဦး။ ထိုမောင်တို့အား ပြောဆို၍ သေအံ့ဟု အကြံသည် ဖြစ်ပြန်၏။ မြေခွေးသည်လည်း ခြင်္သေ့မငယ်၏ အထံမှ စကားတုံ့ကို မရ၍ ယခုအခါ၌ ဤခြင်္သေ့မငယ်သည် ငါ့အား အမျက်ထွက်၏ဟု နှလုံး မသာယာခြင်းသို့ ရောက်၍ ဖလ်ဂူသို့ ဝင်၍ အိပ်၏။ ထိုအခါ၌ ခြင်္သေ့ငယ်တစ်စီးသည် ကျွဲ ဆင် ဒ စသည်တို့တွင် တစ်ခုခုကို သတ်လျက် အသားကို စားပြီးလျှင် နှမဖို့ ဆောင်ခဲ့၍ နှမငယ် အသားကို စားလော့ဟု ဆို၏၊ မောင်ချစ် အကျွန်ုပ်

သည် အသားကို မစားပြီ။ သေတော့အံ့ဟု ဆိုသည်ရှိသော် နှမငယ် အဘယ့်ကြောင့် သင်သည် သေလတ္တံ့နည်းဟု ဆို၏။ ထိုခြင်္သေ့မငယ်သည် ထိုမြေခွေး ဆိုလာသော အကြောင်းကို ကြား၏။ နှမငယ် ထိုမြေခွေးသည် ယခု အဘယ်မှာ နေသနည်းဟု မေးသည်ရှိသော် ဖလ်ဂူ၌ အိပ်သော မြေခွေးကို ကောင်းကင်၌ အိပ်လေသည် ထင်မှတ်၍ မောင်ချစ် အဘယ့်ကြောင့် မောင် မမြင်သနည်း၊ ထိုမြေခွေးသည် ငွေတောင်ထိပ် ကောင်းကင်၌ အိပ်၏ဟု ဆို၏။ ခြင်္သေ့ငယ်သည် ထိုမြေခွေး၏ ဖလ်ဂူ၌ အိပ်သည်၏ အဖြစ်ကို မသိခြင်းကြောင့် ကောင်းကင်၌ အိပ်၏ဟု အမှတ်ရှိသည် ဖြစ်၍ ထိုမြေခွေးကို သတ်အံ့ဟု ခြင်္သေ့တို့၏ အဟုန်ဖြင့် ပြေးလေ၍ ဖလ်ဂူကို ရင်ဖြင့်သာလျှင် တိုက်မိ၏။ ခြင်္သေ့သည် ရင်ကွဲလေ၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၍ တောင်ခြေရင်း၌ ကျလေ၏။

ထို့နောက် တစ်စီးသော ခြင်္သေ့သည် လာ၏၊ ထိုခြင်္သေ့မငယ်သည် ထိုခြင်္သေ့ အားလည်း ထို့ရှုအတူသာလျှင် ဆို၏။ ထိုခြင်္သေ့သည်လည်း ထိုရှေးအတူ သာလျှင် ပြု၍ အသက်ကုန်ခြင်းသို့ ရောက်၍ တောင်ခြေရင်း၌ ကျလေ၏။ ဤသို့သော နည်းဖြင့် ခြောက်စီးကုန်သော မောင် ခြင်္သေ့တို့သည်လည်း သေကုန်သည်ရှိသော် အလုံးစုံကုန်သော ခြင်္သေ့ခြောက်စီးတို့၏ နောက်၌ ဘုရားလောင်းသည် လာ၏၊ ထိုခြင်္သေ့မသည် ထိုဘုရားလောင်း ခြင်္သေ့အားလည်း ထိုအကြောင်းကို ကြား၍ ယခုအခါ၌ ထိုမြေခွေးသည် အဘယ်အရပ်၌ နေသနည်းဟု မေးသည်ရှိသော် မောင်ကြီး ထိုမြေခွေးသည် ငွေတောင်ထိပ် ကောင်းကင်၌ အိပ်၏ဟု ဆို၏၊ ဘုရားလောင်းသည် မြေခွေးတို့၏ ကောင်းကင်၌ တည်ရာမည်သည်ကား မရှိ။ ဖလ်ဂူ၌ အိပ်သည် ဖြစ်လတ္တံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် တောင်ခြေရင်းသို့ သက်လေ၍ ခြောက်စီးကုန်သော ညီတို့ သေကုန်သည်ကို မြင်၍ ဤခြင်္သေ့တို့သည် မိမိ မိမိတို့၏ မိုက်သည်၏ အဖြစ်ကြောင့် စုံစမ်း ဆင်ခြင်တတ်သော ပညာ၏ မရှိခြင်းကြောင့် ဖလ်ဂူ၏ အဖြစ်ကို မသိကုန်၍ ရင်ဖြင့် တိုက်မိ၍ သေကြကုန်သည် ဖြစ်လတ္တံ့။ မဆင်ခြင်ကုန်မူ၍ အလွန် လျင်မြန်စွာ ပြုကုန်သော သူတို့၏ အမှုမည်သည်ကား ဤသို့ သဘောရှိသည် ဖြစ်တတ်၏ဟု ဆိုလို၍ ရှေးဦးစွာ ဤဂါထာကို ဆို၏—

၃။ အသမေက္ခိတကမ္မန္တံ၊ တုရိတာဘိနိပါတိနံ။
တာနိ ကမ္မာနိ တပ္ပေန္တိ၊ ဥဏှံဝဇ္ဈောဟိတံ မုခေ။

ခံတွင်းသို့ သွင်းအပ်သော ပူသော အာဟာရသည် ခံတွင်း ဒဏ်ရှိသည်တို့ကို လောင်သကဲ့သို့ ထို့အတူ အကြင် မဆင်မခြင် ပြုအပ်ကုန်သော အမှုတို့သည် ရှိကုန်၏။ ထိုမဆင်မခြင် ပြုကုန်သော အမှုတို့သည် လျင်မြန်စွာ ပြုအပ်လေ့ ရှိသော မဆင်မခြင် ရှက်ဆောင်တတ်သော အမှုရှင်ကို လောင်စေတတ်ကုန်၏။

ဒါယကာ ထိုခြင်္သေ့သည် ဤဂါထာကို ဆို၍ ငါ့ညီတို့သည် အကြောင်းဌာ မလိမ္မာကုန်သည် ဖြစ်၍ မြေခွေးကို သတ်ကုန်အံ့ဟု အလွန် လျင်မြန်စွာ ပြေးကုန်၍ မိမိတို့သည် သေကုန်၏။ ငါသည်တမူကား ဤသို့ ညီများအတူ မပြုမူ၍ မြေခွေး၏ ဖလ်ဂူဌာ အိပ်စဉ်သာလျှင် နှလုံးကို ကွဲစေအံ့ဟု ကြံ၍ ထိုမြေခွေး၏ တက်ရာ သက်ရာ ခရီးကို မှတ်ပြီးလျှင် ထိုခရီးသို့ ရှေးရှုဖြစ်၍ သုံးကြိမ် ခြင်္သေ့သံကို ဟောက်၏။ မြေကြီးနှင့် တကွ ကောင်းကင်သည် တစ်စပ်တည်း ပဲ့တင်ထပ်သည် ဖြစ်၏။ မြေခွေး၏ ဖလ်ဂူဌာ အိပ်စဉ်သာလျှင် အလွန်ထိတ်လန့်သည်၏ အဖြစ်ကြောင့် နှလုံးသည် ကွဲ၏။ ထိုမြေခွေးသည် ထိုဖလ်ဂူတွင်းဌာသာလျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ဤသို့လျှင် အဗ္ဗညူ မြတ်စွာဘုရားသည် ဒါယကာ ထိုမြေခွေးသည် ခြင်္သေ့သံကို ကြား၍ အသက်ကုန်ခြင်းသို့ ရောက်၏ဟု ဟောတော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ နှစ်ခုမြောက် ဤဂါထာကို ဟောတော်မူ၏–

၄။ သီဟော စ သီဟနာဒေန၊ ဒဒ္ဒရံ အဘိနာဒယိ။
သုတွာ သီဟဿ နိဂ္ဃောသံ၊ သိင်္ဂါလော ဒဒ္ဒရေ ဝသံ။
ဘီတော သန္တာသမာပါဒိ၊ ဟဒယဉ္စဿ အပ္ဖလီ။

ဒါယကာ သားအမျိုးကို အစိုးရသော ခြင်္သေ့မင်းသည်လည်း မိုးကြိုးသံနှင့် တူသော ခြင်္သေ့သံဖြင့် ငွေတောင်ကို ပဲ့တင်သံ တစ်စပ်တည်း ရှိသည်ကို ပြု၏၊ ဖလ်နှင့် ရောသော ငွေတောင်ထိပ်၌ နေသော မြေခွေးသည် ခြင်္သေ့မင်း၏ ပြင်းထန်စွာသော အသံကို ကြား၍ ကြောက်၏၊ ထိတ်လန့်ခြင်းသို့ ရောက်၏၊ အလွန် ကြောက်ခြင်းကြောင့် ထိုမြေခွေး၏ နှလုံးသည်လည်း ကွဲလေ၏။

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ခြင်္သေ့မင်းသည် မြေခွေးကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ ညီခြောက်စီးတို့ကို တစ်ခုတည်းသော အရပ်၌ ဖုံးလွှမ်းခဲ့၍ ထိုညီတို့၏ သေသည်၏ အဖြစ်ကို နှမအား ကြားပြီးလျှင် ထိုနှမယယ်ကို နှစ်သိမ့်စေ၍ အသက်ထက်ဆုံး ရွှေဂူ၌ နေ၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ဒါယကာ ဆေတ္တာသည်သည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဆေတ္တာသည်၏ သားသည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ။ ယခုအခါ လိစ္ဆဝိမင်းသမီးငယ်သည် ထိုအခါ ခြင်္သေ့မငယ် ဖြစ်ဖူးပြီ။ ယခုအခါ မထင်ရှားကုန်သော မထေရ်ခြောက်ပါးသည် ထိုအခါ

ခြောက်စီးကုန်သော ညီငယ် ခြင်္သေ့တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အစ်ကိုကြီး ခြင်္သေ့ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်တော်ကို ပေါင်းတော် မူ၏။

(အရာမဟုတ်၊ ကြိုးအားထုတ်၊ ဆုတ်ယုတ် ပျက်စီးမှု)
တစ်ရာငါးဆယ့်နှစ်ခုမြောက် သိင်္ဂါလဇာတ်သည် ပြီး၏။

---

## ၁၅၃-သူကရဇာတ်

### မစင်လူးသော ဝက်နှင့် ခြင်္သေ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "စတုပ္ပဒေါ အဟံ သမ္မ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသူကရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထေရ်အို တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ ညဉ့်အခါ တရားနာခြင်းသည် ဖြစ်လတ်သည် ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် ဂန္ဓကုဋိတံခါးဝယ် မွေ့လျော်ဖွယ်ရှိသော စောင်းတန်းပျဉ်၌ ရပ်တော်မူ၍ ရဟန်းအပေါင်းအား ဘုရားတို့၏ အဆုံးအမကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူသည် ရှိသော် ပညာကြောင့် ဘုရားပရိသတ်၏ အကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ မိမိ ပရိဝုဏ်သို့ ကြွတော်မူ၏၊ မောဂ္ဂလာန် မထေရ်မြတ်သည်လည်း ပရိဝုဏ်သို့ ကြွတော်မူ၍ အပင်ပန်း ဖြေတော်မူပြီးလျှင် အရှင်သာရိပုတ္တရာ မထေရ်၏ အထံသို့ လာလတ်၍ ပြဿနာကို မေး၏။ မေးတိုင်း မေးတိုင်းသော ပြဿနာကို ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ကောင်းကင် ပြင်၌ လကို ပေါ်စေဘိသကဲ့သို့ ဖြေ၍ ထင်ရှားသည်ကို ပြတော်မူ၏။ ပရိသတ် လေးပါးတို့သည် တရားတော်ကို နာကုန်လျက် နေကြကုန်၏။ ထိုလေးပါးကုန်သော ပရိသတ်တို့တွင် မထေရ်အို တစ်ပါးသည် ငါသည် တရားနာ ပရိသတ်တို့၏ အလယ်၌ သာရိပုတ္တရာကို နှောက်နှယ်လျက် ပြဿနာကို အကယ်၍ မေးအံ့။ ဤသို့ မေးသည်ရှိသော် ဤပရိသတ်သည် ဤရဟန်းအိုကား အကြားအမြင်များသော ရဟန်းပေတည်းဟု သိလျှင် ကောင်းစွာ စိရင်၍ လှူဒါန်းခြင်း မြတ်နိုးတနာ ပြုခြင်းကို ပြုလတ္တံ့ဟု ကြံ၏။ ကြံပြီးလျှင် ပရိသတ်တို့၏ အကြားမှ ထ၍ မထေရ်သို့ ကပ်၍ လျောက်ပတ်စွာ ရပ်လျက် ဆို၏။

အဘယ်သို့ဆိုသနည်း ဟူမူကား ငါ့ရှင် သာရိပုတ္တရာ ငါတို့သည်လည်း အရှင်ကို တစ်ခုသော ပြဿနာကို မေးကုန်အံ့။ ငါတို့အားလည်း အခွင့်ကို ပြုလော့။ ရှေးရှု ဖြေခြင်း၌လည်းကောင်း၊ အကြင်းမဲ့ ဖြေခြင်း၌လည်းကောင်း၊ နှိပ်ခြင်း၌ လည်းကောင်း၊ ချီးမြှောက်ခြင်း၌လည်းကောင်း၊ အထူးပြုခြင်း၌လည်းကောင်း၊ တစ်ဖန် အထူးပြုခြင်း၌လည်းကောင်း အဆုံးအဖြတ်ကို ငါ့အား ပေးလော့ဟု ဆို၏။

သာရိပုတ္တရာ မထေရ်မြတ်သည် ထိုရဟန်းအိုကို ကြည့်တော်မူ၍ ဤရဟန်း အိုသည် ဝေဘန်နိုင်ငံသို့ လိုက်၍ ကျင့်ခြင်း၌ တည်၏၊ အချည်းနှီးသော တကား။ တစ်စုံတစ်ခုကိုမျှ မသိဟု ထိုရဟန်းနှင့်တကွ မပြောဆိုမူ၍ သာလျှင် ရှက်စနိုး၍ ယပ်ကို ချပြီးလျှင် နေရာမှ သက်၍ ပရိဝုဏ်သို့ ဝင်တော်မူ၏။ မောဂ္ဂလာန် မထေရ်သည်လည်း မိမိ၏ ပရိဝုဏ်သို့ သာလျှင် ကြွတော်မူလေ၏။ လူတို့သည် ထလတ်ကုန်၍ ဤရဟန်းအိုသည် ငါတို့အား သာယာစွာသော တရားကို နာစိမ့်သောငှါ နာခြင်းကို မပေး၊ ထိုအချည်းနှီးသော ရဟန်းအိုကို ဖမ်းကြကုန်ဟု လိုက်ကြကုန်၏။ ထိုရဟန်းအိုသည် ပြေးလေသည် ရှိသော် ကျောင်းစွန်၌ ပျက်သော ပျဉ်ရှိသော ကျင်ကြီးတွင်းသို့ ကျ၍ မစင်အလူးလူး လိမ်းကျံလျက် တည်၏။ လူတို့သည် ထိုမစင် အလိမ်းလိမ်းကပ်သော ရဟန်းအိုကို မြင်ကုန် ၍လျှင် နှလုံး မသာယာကုန်သည် ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ လာကြ ကုန်၏။ မြတ်စွာဘုရားသည် ဒါယကာတို့ကို မြင်တော်မူ၍ ဒါယကာတို့ အခါမဲ့၌ အဘယ့်ကြောင့် လာကြကုန် သနည်းဟု မေးတော်မူ၏။ လူတို့သည် ထို အကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဒါယကာတို့ ထိုရဟန်း အိုသည် ယခု အခါ၌သာလျှင် လျှပ်ပေါ်သည် ဖြစ်၍ မိမိ၏ အစွမ်းကို မသိ၍ အစွမ်းကြီးကုန်သော သူတို့နှင့်တကွ ပြိုင်ဆိုင်၍ မစင်အလိမ်းလိမ်း ကပ်သည်ကား မဟုတ်သေး။ ရှေး၌လည်း ထိုရဟန်းအိုသည် လျှပ်ပေါ်သည် ဖြစ်၍ မိမိ၏ အစွမ်းကို မသိသေး၍ အစွမ်းကြီးကုန်သော သူတို့နှင့်တကွ ပြိုင်ဆိုင်၍ မစင် အလူးလူး ကပ်ဖူးလေပြီဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထိုဒါယကာ တို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ဖြစ်၍ ဟိမဝန္တာအရပ် တောင်ဂူ၌ နေခြင်းကို ပြု၏။ ထိုဂူ၏ အနီး၌ တစ်ခုသော အိုင်ကို မှီကုန်၍ များစွာကုန်သော ဝက်တို့သည် နေကုန်၏။ ထိုအိုင်ကိုသာလျှင် မှီကုန်၍ ရသေ့ တို့သည်လည်း သစ်ရွက်ဖြင့် မိုးသော သင်္ခမ်း၌ နေခြင်းကို ပြုကြကုန်၏။ ထိုအခါ

တစ်နေ့သ၌ ခြင်္သေ့သည် ကျွဲ, ဆင် အစရှိသည်တို့တွင် တစ်ခုခုကို သတ်၍ အလို ရှိတိုင်း အသားကို စားပြီးလျှင် ထိုအိုင်သို့ သက်၍ ရေကို သောက်၍ တက်၏။ ထိုခဏ၌လျှပ်ပေါ်သောဝက်တစ်ကောင်သည် ထိုအိုင်ကိုမှီ၍ အစာကိုယူ၏။ခြင်္သေ့ သည် ထိုဝက်ကို မြင်လျှင် ယနေ့မှ တစ်ပါးသော တစ်နေ့သ၌ ဤဝက်ကို စားအံ့။ စင်စစ်သော်ကား ငါ့ကို မြင်၍ ဤဝက်သည် တစ်ဖန် မလာရာဟု ကြံ၍ ထိုဝက်၏ မလာအံ့သည်မှ စိုးသောကြောင့် ရေအိုင်မှ သက်၍ နံပါးတစ်ဖက်ဖြင့် သွားအံ့ သောငှါ အားထုတ်၏။ ဝက်သည် ကြည့်မျှော်၍ ဤခြင်္သေ့သည် ငါ့ကို မြင်၍ ငါမှ ကြောက်သောကြောင့် အနီးသို့ သွားအံ့သောငှါ မဝံ့ရကား ပြေး၏။ ယနေ့ ငါသည် ဤခြင်္သေ့နှင့် တကွ စစ်ထိုးအံ့သောငှါ သင့်၏ဟု ဦးခေါင်းကို မော်၍ စစ်ထိုးအံ့သောငှါ ခေါ်လိုရကား ရှေးဦးစွာသော ဤဂါထာကို ဆို၏-

၅။ စတုပ္ပဒေါ အဟံ သမ္မ၊ တွံပိ သမ္မ စတုပ္ပဒေါ။
ဧဟိ သမ္မ နိဝတ္တဿု၊ ကိန္နု ဘီတော ပလာယသိ။

အချင်း ခြင်္သေ့ ငါသည် အခြေလေးချောင်းရှိသော သားတည်း၊ အိုမိတ်ဆွေ သင်သည်လည်း အခြေလေးချောင်းရှိသော သားတည်း၊ အို မိတ်ဆွေ သင်သည် ငါမှ ကြောက်၍ ပြေးသလော၊ ပြန်ခဲ့ဦးလော့၊ လာဦးလော့။

ခြင်္သေ့သည် ထိုဝက်၏စကားကို ကြား၍ အချင်းဝက် ယနေ့ ငါတို့အား သင်နှင့်တကွ စစ်ထိုးခြင်းသည် မရှိသေး၊ ဤယနေ့မှကား ခုနစ်ရက်မြောက်သော နေ့၌ ဤအရပ်၌သာလျှင် စစ်ထိုးခြင်းသည် ဖြစ်စေဟု ဆို၍ ဖဲ၏။ ဝက်သည် ခြင်္သေ့နှင့် တကွ စစ်ထိုးရပေအံ့ဟု ရွှင်ရွှင်လန်းလန်း ထိုအကြောင်းကို ဆွေ အမျိုးတို့အား ကြား၏။ ဆွေမျိုးတို့သည် ထိုဝက်၏စကားကို ကြားကုန်၍ အလွန်ကြောက်ကုန်ရကား ယခုအခါ၌ ဤဝက်သည် အလုံးစုံ ဖြစ်ကုန်သော ငါတို့ကို ဖျက်ဆီးဘိ၏။ မိမိ၏ အစွမ်းကို မသိဘဲ ခြင်္သေ့နှင့်တကွ စစ်ထိုးခြင်းကို ပြုလိုဘိ၏။ ခြင်္သေ့သည် လာလတ်၍ အလုံးစုံလည်း ဖြစ်ကုန်သော ငါတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့။ ရုန့်ရင်း ကြမ်းယမ်းသော အမှုကို မပြု လင့်ဟု ဆိုကြကုန်၏။ ထိုဝက်သည်လည်း အလွန်ကြောက်သည် ဖြစ်၍ ယခု အခါ၌ အဘယ်သို့ပြုပါအံ့နည်းဟု မေး၏။

ဝက်တို့သည် အချင်း သင်သည် ရသေ့တို့၏ ကျင်ကြီး စွန့်ရာ မြေသို့သွား၍ ဟောင်ပုပ်သော မစင်၌ ခုနစ်ရက်တို့ပတ်လုံး ကိုယ်ကို လူး၍ ခြောက်စေပြီးလျှင် ခုနစ်ရက်မြောက်သော နေ့၌ ကိုယ်ကို ဆီးနှင်းပေါက်တို့ဖြင့် ဆွတ်၍ ခြင်္သေ့၏ မလာမီကလျှင် သွား၍ လေသင့်ရာ အရပ်ကို သိ၍ လေညာ၌ ရပ်လော့။ ခြင်္သေ့ ဟူသည်ကား စင်ကြယ်သော သဘောရှိသတည်း။ သင်သည် ဟောင်ပုပ်သော

မစင်ဖြင့် ထိုအပ်သော ကိုယ်နံ့၏ နံခြင်းကြောင့် သင့်အား အောင်ခြင်းကို ပေး၍ သွားလတ္တံ့ဟု ဆိုကုန်၏။ ထိုဝက်သည် ထိုအစီအရင်အတိုင်း ပြု၍ ခုနစ်ရက်မြောက်သော နေ့၌ ထိုအရပ်၌ တည်၏။ ခြင်္သေ့သည် ထိုဝက်၏ ကိုယ်နံ့ နံလာခြင်းကြောင့် မစင်လူးသည်၏ အဖြစ်ကို သိ၍ အချင်းဝက် သင်သည် အရေးကောင်းကို ကြံမိလေ၏။ သင်သည် အကယ်၍တည်း မစင်ပုပ်ကို မလူးငြားအံ့။ ဤအရပ်၌ပင်လျှင် သင်သည် အသက်ကုန်ခြင်းသို့ ရောက်လေရာ၏။ ယခုမူကား သင်၏ ကိုယ်ကို နှုတ်သီးဖြင့်လည်း ကိုက်အံ့သောငှါ မတတ်ကောင်း ခြေဖြင့်လည်း ကျောက်ကန်အံ့သောငှါ မတတ်ကောင်း သင့်အား အောင်ခြင်းကို ငါပေး၏ဟု ဆိုလိုရကား နှစ်ခုမြောက် ဤဂါထာကို ဆို၏—

၆။ အသုစိ ပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါသိ သူကရ။
သစေ ယုဇ္ဈိတုကာမောသိ၊ ဇယံ သမ္မ ဒဒါမိ တေ။

အချင်းဝက်ပုပ် သင်သည် မစင်လူးခြင်းကြောင့် ပုပ်သော အမွေးရှိသည် ဖြစ်၏၊ ပုပ်နံ့နံ၏၊ အကယ်၍ စစ်ထိုးလိုသည် ဖြစ်အံ့၊ သင့်အား အောင်ခြင်းကို ငါပေး၏။

ဤသို့ ဆို၍ ခြင်္သေ့သည် ထိုအရပ်မှသာလျှင် ပြန်၍ အစာကို ယူ၍ အိုင်၌ ရေကို သောက်၍ တောင်ဂူသို့သာလျှင် သွား၏။ ဝက်သည်လည်း ခြင်္သေ့ကို ငါအောင်ပြီဟု ဆွေမျိုးတို့ကို ကြားလေ၏။ ထိုဆွေမျိုးတို့သည် တစ်ဖန် တစ်နေ့သ၌ လာလတ်၍ ခြင်္သေ့သည် အလုံးစုံသာလျှင် ဖြစ်ကုန်သော ငါတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့ဟု လွန်စွာ ကြောက်ကုန်ရကား ပြေးကုန်၍ တစ်ရပ်တစ်ပါးသို့ သွားကြကုန်၏။

**ဇာတ်ပေါင်း**

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းအိုသည် ထိုအခါ ဝက်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့ ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မတူလျှင် မတုရ)

တစ်ရာငါးဆယ့်သုံးခုမြောက် သူကရဇာတ်သည် ပြီး၏။

# ၁၅၄-ဉရဂဇာတ်

## ရသေ့, နဂါး, ဂဠုန်

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဣဓူရဂါနံ ပဝရော ပဝိဋ္ဌော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဉရဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် စစ်သူကြီး နှစ်ယောက်တို့၏ ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ကောသလမင်း၏ ခြေရင်း၌ မှီဝဲ ခစားကုန်သော စစ်သူကြီး ဖြစ်ကုန်သော အမတ်ကြီး နှစ်ယောက်တို့သည် အချင်းချင်း တွေ့မြင်ကြရာ အရပ်၌ ငြင်းခုံခြင်းကို ပြုကုန်သတတ်။ ထိုအမတ်ကြီး နှစ်ယောက်တို့၏ ရန်ဘက်၏ အဖြစ်သည် မြို့အလုံး၌ ထင်ရှားသည် ဖြစ်၏။ ထိုအမတ်ကြီး နှစ်ယောက်တို့ကို ကောသလမင်းသည်လည်းကောင်း, အဆွေအမျိုး မိတ်ဆွေခင်ပွန်းတို့သည် လည်းကောင်း ညီညွတ် သင့်တင့်သည်တို့ကို ပြုအံ့သောငှါ မစွမ်းနိုင်ကုန် သာလျှင်ကတည်း။ ထိုအခါ တစ်နေ့သ၌ သဗ္ဗညု မြတ်စွာဘုရားသည် မိုးသောက်ထ အခါ၌ ကျွတ်ထိုက်ကုန်သော အဆွေအမျိုးတို့ကို ကြည့်တော်မူသည်ရှိသော် ထိုစစ်သူကြီး နှစ်ယောက်တို့၏ သောတာပတ္တိမဂ်၏ အကြောင်း ဉပနိဿယဖြစ်သော ကုသိုလ်ကံကို မြင်တော်မူ၍ မိုးသောက်သောနေ့၌ ကိုယ်တော်တစ်ပါးတည်းသာလျှင် သာဝတ္ထိမြို့သို့ ဆွမ်းအလို့ငှါ ဝင်တော်မူ၍ ထိုနှစ်ယောက်သော စစ်သူကြီးတို့တွင် တစ်ယောက်သော စစ်သူကြီး၏ အိမ်တံခါး၌ ရပ်တော်မူ၍ ထိုစစ်သူကြီးသည် ထွက်၍ သပိတ်တော်ကို ယူပြီးလျှင် မြတ်စွာဘုရားကို အိမ်တွင်းသို့ ပင့်၍ နေရာကိုခင်း၍ နေတော်မူစေ၏။ မြတ်စွာဘုရားသည် နေတော်မူ၍ ထိုစစ်သူကြီးအား မေတ္တာဘာဝနာ၏ အကျိုးကို ဟောတော်မူ၍ ခံ့သောစိတ်ရှိသည်၏ အဖြစ်ကို သိတော်မူလျှင် သစ္စာတို့ကို ပြတော်မူ၏။ ထိုစစ်သူကြီးသည် သစ္စာကို ပြတော်မူသည်၏ အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၏။

မြတ်စွာဘုရားသည် ထိုစစ်သူကြီး၏ သောတာပန် ဖြစ်ပြီးသည်၏ အဖြစ်ကို သိတော်မူ၍ ထိုစစ်သူကြီးကိုသာလျှင် သပိတ်တော်ကို ယူစေ၍ ထပြီးလျှင် တစ်ယောက်သော စစ်သူကြီး၏ အိမ်တံခါးသို့ ကြွတော်မူ၍ ထိုစစ်သူကြီးသည်လည်း ထွက်၍ မြတ်စွာဘုရားကို ရှိခိုးလျက် အမှင်ဘုရားတို့ ဝင်တော်မူလော့ဟု လျှောက်၍ အိမ်တွင်းသို့ ဝင်၍ နေတော်မူစေ၏။ တစ်ယောက်သော စစ်သူကြီးသည်လည်း သပိတ်ကိုယူ၍ မြတ်စွာဘုရားနှင့် တကွသာလျှင် ဝင်၏။

မြတ်စွာဘုရားသည် ထိုစစ်သူကြီးအား တစ်ဆယ့်တစ်ပါးကုန်သော မေတ္တာ၏ အကျိုးအာနိသင်တို့ကို ဟောတော်မူ၍ ခံ့သော စိတ်ရှိသည်၏ အဖြစ်ကို သိတော်မူလျှင် သစ္စာတို့ကို ပြတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ထိုစစ်သူကြီးသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤသို့လျှင် ထိုနှစ်ယောက် ကုန်သော စစ်သူကြီးတို့သည်လည်း သောတာပန်တို့ချည်း ဖြစ်ကုန်၍ အချင်းချင်း အပြစ်ကို ဖြေကုန်၍ ကန်တော့ကြကုန်၍ ညီညွတ်ကြကုန်သည် ဝမ်းမြောက်ကြ ကုန်သည် ဆန္ဒတူကြကုန်သည် ဖြစ်ကုန်၏။ ထိုနေ့၌သာလျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ အတူတကွ စားကြကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကိုပြီးစေ၍ ကျောင်းတော်သို့ ကြွတော်မူ၏။ ထို နှစ်ယောက်ကုန်သော စစ်သူကြီးတို့သည်လည်း များစွာကုန်သော ပန်းနံ့သာ နံ့သာပျောင်းတို့ကို လည်းကောင်း, ထောပတ် ပျား တင်လဲ အစရှိသည်တို့ကို လည်းကောင်း ယူကုန်၍ မြတ်စွာဘုရားနှင့် တကွသာလျှင် ထွက်ကုန်၏။ မြတ်စွာဘုရား အား ရဟန်းအပေါင်းသည် ဝတ်ကို ပြုသည်ရှိသော် ဘုရားတို့၏ အဆုံးအမကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။

ရဟန်းတို့သည် ညချမ်းအခါ တရားသဘင်၌ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူး စကားကို ဖြစ်စေကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်း ဟူမူကား ငါ့ရှင်တို့ မြတ်စွာဘုရားသည် မယဉ်ကျေးသေးသော သူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သည် သာလျှင်တည်း။ အမတ်ကြီး နှစ်ယောက်တို့ကို ရှည်မြင့်စွာ နေကြကုန်သော်လည်း ကောသလမင်းသည် ညီညွတ်သည်တို့ကို ပြုအံ့သောငှါ မတတ်နိုင်သည် သာလျှင်တည်း။ အဆွေအမျိုး မိတ်ခင်ပွန်း အစရှိသော သူတို့သည်လည်း မတတ်နိုင်ကြကုန် သာလျှင်တည်း။ နှစ်ယောက် ကုန်သော စစ်သူကြီးတို့ကို တစ်နေ့ခြင်းသာလျှင် မြတ်စွာဘုရားသည် ဆုံးမတော် မူအပ်၏ဟု မြတ်စွာဘုရား၏ ကျေးဇူးစကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရား သည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော်မူလတ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤ မည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ဤနှစ်ယောက်ကုန်သော သူတို့ကို ညီညွတ်သင့်တင့်သည်တို့ကို ပြုတော်မူသည် မဟုတ်သေး။ ရှေး၌လည်း ထို နှစ်ယောက်ကုန်သော သူတို့ကို ငါသည် ညီညွတ်သင့်တင့် ကုန်သည်တို့ကို ပြုအပ် ကုန်သည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသတတ်။ ထိုအခါ ဗာရာဏသီပြည်၌ ပွဲသမ်းသဘင်ကို

ကြွေးကြော်သည်ရှိသော် ကြီးမားသော ပွဲလမ်းသဘင်သည် ဖြစ်၏၊ များစွာကုန်သော လူတို့သည် လည်းကောင်း, နတ် နဂါး ဂဠုန် အစရှိသည်တို့သည် လည်းကောင်း ပွဲသဘင်ကြည့်အံ့သောငှါ စည်းဝေးလာကြကုန်၏။ ထိုပွဲသဘင်ဝယ် တစ်ခုသောအရပ်၌ တစ်ခုသော နဂါးသည် လည်းကောင်း, တစ်ခုသော ဂဠုန်သည် လည်းကောင်း သဘင်ကို ကြည့်ကုန်လျက် အတူတကွ ရပ်ကြကုန်၏။ နဂါးသည် ဂဠုန်၏အဖြစ်ကို မသိသည်ဖြစ်၍ ဂဠုန်၏ ပခုံး၌ လက်ကို တင်၏။ ဂဠုန်သည် ငါ၏ ပခုံး၌ ဘယ်သူလက် တင်သနည်းဟု ပြန်ကြည့်လတ်သော် နဂါးမှန်းသိ၏။ နဂါးသည်လည်း ကြည့်လတ်သည်ရှိသော် ဂဠုန်၏ အဖြစ်ကို သိ၍ သေခြင်းမှ အလွန်ကြောက်ရကား မြို့မှထွက်၍ မြစ်ဆိပ်သို့ ပြေးလေ၏၊ ဂဠုန်သည်လည်း ထိုနဂါးကို ဖမ်းအံ့ဟု လိုက်၏။ ထိုအခါ ဘုရားလောင်းသည် ရသေ့ဖြစ်၍ ထိုမြစ်၏ ကမ်းနားဝယ် သစ်ရွက်မိုးသော သခမ်း၌ နေလျက် နေပူခြင်းကို ငြိမ်းစိမ့်သောငှါ ရေသနုပ်ကို ဝတ်၍ လျှော်တေသင်္ကန်းကို ထားပြီးလျှင် မြစ်သို့သက်၍ ရေချိုး၏။ နဂါးသည် ဤရဟန်းကိုမှီ၍ အသက်ကိုရပါအံ့ဟု ပကတိအသွင်ကို စွန့်ပြီးလျှင် ပတ္တမြားတုံးအသွင် ဖန်ဆင်း၍ လျှော်တေသင်္ကန်းကြားသို့ ဝင်၏။ ဂဠုန်သည် လိုက်လာသည်ရှိသော် ထိုနဂါးကို လျှော်တေသင်္ကန်းကြားသို့ ဝင်သည်ကို မြင်၍ လျှော်တေသင်္ကန်းအား ရိုသေလေးမြတ်သည်၏ အဖြစ်ကြောင့် မယူမူ၍ ဘုရားလောင်းကို ခေါ်ပြီးလျှင် အရှင်ဘုရား အကျွန်ုပ်သည် ဆာမွတ်၏။ အရှင်ဘုရားတို့၏ သင်္ကန်းတော်ကို ယူကုန်လော့၊ ဤနဂါးကို စားအံ့၊ ဤသို့သောအနက်ကို ပြအံ့သောငှါ ရှေးဦးစွာသော ဤဂါထာကိုဆို၏—

၇။ ဣဓူရဂါနံ ပဝရော ပဝိဋ္ဌော၊ သေလဿ ဝဏ္ဏေန ပမောက္ခမိ ။
ဗြဟ္မံ စ ဝဏ္ဏံ အပစာယ မာနော၊ ဗုဘုက္ခိတော နော ဝိတရာမိ ဘောတ္တုံ။

အို ရှင်ရဟန်း နဂါးတို့၏ အထွတ်အမြတ်ဖြစ်သော နဂါးမင်းသည် ငါမှ လွတ်ခြင်းကို အလိုရှိသည်ဖြစ်၍ ပတ္တမြားတုံး၏ အသွင်ဖြင့် ဤအရှင်ဘုရား၏ သင်္ကန်းတော်သို့ ဝင်၏၊ အကျွန်ုပ်သည် အရှင်ဘုရားတို့၏ မြတ်သည်လည်း ဖြစ်သော လျှော်တေသင်္ကန်းကို အလေးဂရုပြုသည် ဖြစ်၍ အလွန်စားလိုလျက် လည်း ထိုနဂါးကို စားခြင်းငှါ မဝံ့။

ဤသို့ ဆိုသည်ရှိသော် ဘုရားလောင်းသည် ရေ၌ တည်လျက် သာလျှင် ဂဠုန်မင်းအား ချီးမွမ်းခြင်းကို ပြုလိုရကား နှစ်ခုမြောက်ဂါထာကို ဆို၏—

၈။ ယော ဗြဟ္မဂုတ္တော စိရမေဝ ဇီဝ၊ ဒိဗျာ စ တေ ပါတုဘဝန္တု ဘက္ခာ။
ယော ဗြဟ္မဝဏ္ဏံ အပစာယမာနော၊ ဗုဘုက္ခိတော နော ဝိတရာသိ ဘောတ္တုံ။

ဂဋ္ဌုန်ငှက်မင်း အကြွင်းသင်္ဃည့် မြတ်သော လျှော်တေသကာန်းကို အလေး ဂရုပြု သည်ဖြစ်၍ အလွန်စားလိုသျက်လည်း ထိုနဂါးကို စားခြင်းငှါ မဝံ့၊ ထို သင်္ဃည့် မြတ်သော လျှော်တေသကာန်းကို စောင့်ရှောက်သည်ဖြစ်၍ အခါမြင့် သာလျှင် အသက်ရှည်စေသော သင်အား နတ်၌သာလျှင် ဖြစ်ကုန်သော အာဟာရတို့သည် ထင်ရှားဖြစ်စေကုန်သတည်း။

ဤသို့ ဘုရားလောင်းသည် ရေ၌သာလျှင် အနုမောဒနာပြု၍ ရေမှတက်၍ လျှော်တေသကာန်းကို ဝတ်၍ ထိုနဂါး ဂဋ္ဌုန် နှစ်ပါးစုံတို့ကိုလည်း ခေါ်၍ ကျောင်းသို့ သွားပြီးလျှင် မေတ္တာဘာဝနာ၏ အကျိုးကို ဟောတော်မူ၍ နဂါး ဂဋ္ဌုန် နှစ်ပါးစုံတို့ကိုလည်း ညီညွတ်သင့်တင့်သည်တို့ကို ပြုတော်မူ၏။ ထိုနဂါး ဂဋ္ဌုန် နှစ်ပါးစုံတို့သည် ထိုအခါမှစ၍ ညီညွတ်ကုန်သည်ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ကြကုန်သည်ဖြစ်၍ ချမ်းသာစွာနေခြင်းဖြင့် နေကြကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းဘို့ ယခုအခါ နှစ်ယောက်ကုန်သော ဤအမတ်ကြီးတို့သည် ထိုအခါ နဂါးသည် လည်းကောင်း, ဂဋ္ဌုန်သည် လည်းကောင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မေတ္တာသက်ဝင်၊ ပြစ်ချက်စင်၊ ခင်မင်ပေါင်းသင်းပြု။)

တစ်ရာငါးဆယ့်လေးခုမြောက်သော ဥရဂဇာတ်သည် ပြီး၏။

၁၅၅—ဘဂ္ဂဇာတ်

(ချေဆတ်မန္တန်)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ဇီဝ ဝဿသတံ ဘဂ္ဂ" အစရှိသော ဂါထာဥဒ်ဖြင့် တန်ဆာဆင်အပ် သော ဤဘဂ္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၏ အနီး၌ ပသေနဒီ ကောသလ မင်းကြီးသည် ဆောက်အပ်သော ရာဇကာရုံ၌ သီတင်းသုံးနေတော်မူစဉ် ကိုယ် တော်၏ ချေတော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ရာဇကာရုံဘွင် ပရိသတ် လေးပါးတို့၏ အလယ်၌ နေတော်မူ၍ တရားကို ဟောတော်မူစဉ် ချေတော်မူ၏။ ရဟန်း တို့သည် အရှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သက်တော်ရှည်

စေသော ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် သက်တော်ရှည်စေသောဟု အရပ်မျက်နှာကို ပျံ့နှံ့သည်၏ အစွမ်းဖြင့် ကျယ်သော အသံ အုတ်အုတ်သဲသဲသော အသံကို ပြုကုန်၏။ ထိုအသံကြောင့် တရားဟော ခြင်း၏ အန္တရာယ်သည် ဖြစ်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ စင်စစ် သဖြင့်လျှင် ချေသည်ရှိသော် အသက်ရှည်စေသောဟု ဆိုသည်ရှိသော် ထို အကြောင်းကြောင့် ရှင်ရာသလော သေရာသလောဟု မိန့်တော်မူ၏။ အရှင်ဘုရား တို့သို့ချေသည်ရှိသော် အသက်ရှည်စေသောဟု ဆိုခြင်းတည်းဟူသောအကြောင်း ကြောင့် ရှင်ရခြင်း သေရခြင်း၏ ဖြစ်ခြင်းသည် မဖြစ်သင့်ဟု ရဟန်းတို့သည် လျှောက်ကြကုန်၏။ ရဟန်းတို့ ထိုသို့တပြီးကား ချေသည်ရှိသော် အသက်ရှည် စေသောဟု မဆိုအပ်။ အကြင်ရဟန်းသည် ဆိုငြားအံ့၊ ထိုရဟန်းအား ဒုက္ကဋ် အာပတ် သင့်စေဟု မိန့်တော်မူ၏။

ထိုအခါ၌ လူတို့သည် ရဟန်းတို့အား ချေသည်ရှိသော် အရှင်ဘုရားတို့သည် သက်တော် ရှည်စေကုန်သတည်းဟု ဆိုကြကုန်၏။ ရဟန်းတို့သည် မအပ်ဟု ကုက္ကုစ္စဖြစ်ကြကုန်၍ အသက်ရှည်စေကုန်ဟု တုံ့၍ မဆိုကုန်။ လူတို့သည် အဘယ့် ကြောင့်သာလျှင် သာကီဝင်မင်းသား ဖြစ်ကုန်သော ရဟန်းတို့သည် အရှင် ဘုရားတို့ အရှင်ဘုရားတို့သည် သက်တော်ရှည်စေကုန်သတည်းဟု ဆိုကုန်သည် ရှိသော် စကားမဆိုနေကုန်ဘိသနည်းဟု ကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားအား ထို အကြောင်းကို ကြားလျှောက်ကုန်၏။ ရဟန်းတို့ လူတို့သည် နှုတ်မင်္ဂလာစကားကို ချီးမွမ်းတတ်ကုန်၏။ ရဟန်းတို့ လူတို့အား အသက်ရှည်စေဟု တုံ့၍ဆိုစိမ့်သောငှါ ငါခွင့်ပြုတော်မူ၏။ ရဟန်းတို့ လူတို့သည် အရှင်ဘုရား အရှင်ဘုရားသည် အသက် ရှည်စေသတည်းဟု ဆိုသည်ရှိသော် ကြာမြင့်စွာ အသက်ရှည်စေဟု တုံ့၍ဆိုအံ့ သောငှါ အပ်၏ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ ရဟန်းတို့သည် အရှင် ဘုရား အသက်ရှည်စေဟူ၍ ဆိုသော် စကားတုံ့၍ အသက်ရှည်စေဟူ၍ဆိုသော စကား မည်သည်ကား အဘယ်အခါ၌ ဖြစ်သနည်းဟု မြတ်စွာဘုရားကို မေး ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ အသက်ရှည်စေဟုဆိုသော် စကားတုံ့၍ အသက်ရှည်စေဟုဆိုသော စကားမည်သည်ကား ရှေးကာလ၌ ဖြစ်၏ဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်း သည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်းဝယ် တစ်ဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၏၊ ထိုဘုရားလောင်း၏ အဖသည် ကုန်သွယ်ခြင်းကို ပြု၍ အသက်မွေး၏။ ထိုပုဏ္ဏားသည် တစ်ဆယ့်ခြောက်နှစ်ရှိသော သား ဘုရား

လောင်းကို ရောင်းအပ်သော ဘဏ္ဍာကို ထုပ်စေ၍ ရှာနိဂုံး အစရှိသည်တို့၌ သွားသည်ရှိသော် ဗရာဏသီသို့ ရောက်၍ တံခါးစောင့်၏အိမ်၌ ထမင်းကို ချက်စေပြီးလျှင် ထမင်းစား၍ နေရာအရပ်ကို မရသည်ရှိသော် အခါမဲ့၌လာကုန်သော ဧည့်သည်တို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု မေး၏။ ထိုအခါ၌ ထိုပုဏ္ဏားကို လူတို့သည် မြို့ပ၌ ဇရပ်တစ်ဆောင်သည် ရှိ၏။ ထိုဇရပ်သည်ကား ဘီလူးစောင့်ရှောက်၏။ အကယ်၍ အလိုရှိကုန်အံ့။ ထိုဇရပ်၌ နေကုန်လောဟု ဆိုကုန်၏။ ဘုရားလောင်းသည် ဖခင် လာကုန်လော့ သွားကြကုန်အံ့။ ဘီလူးဘေးမှ မကြောက်ကုန်လင့်။ အကျွန်ုပ်သည် ထိုဘီလူးကို ဆုံးမ၍ ဖခင်တို့၏ ခြေရင်းတို့၌ ဝပ်စေအံ့ဟု အဖကို ခေါ်၍ ထိုဇရပ်သို့ သွား၏။

ထိုအခါ၌ ဘုရားလောင်း၏ အဖသည် အင်းပျဉ်၌ လျောင်း၏။ မိမိသည် အဖ၏ ခြေဘို့ကို ဆုပ်နယ်လျက် နေ၏။ ထိုဇရပ်၌ စောင့်သော ဘီလူးသည် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ဝေဿဝဏနတ်မင်းကို ခစား၍ ထိုဇရပ်ကို ရသည်ရှိသော် ဤဇရပ်သို့ ဝင်ကုန်သော လူတို့တွင် အကြင်လူသည် ချေသည်ရှိသော် အသက်ရှည်စေ သတည်းဟု ဆို၏။ အကြင်သူသည်လည်း အသက်ရှည်စေသတည်းဟု ဆိုသည်ရှိသော် တို့၍ အသက်ရှည်စေသတည်းဟု ဆို၏။ ထိုအသက်ရှည်စေသတည်းဟု ဆိုသောလူ တို့၍ အသက်ရှည်စေကုန်သတည်းဟု ဆိုကုန်သော သူတို့ကိုထား၍ ကြွင်းသောသူတို့ကို စားလေလော့၊ ဤသို့ ဆုရ၏။ ထိုဘီလူးသည် ခေါင်အုပ်ဝါး၏ ဖွံ့ရာလျောက်၌ နေ၏။ ထိုဘီလူးသည် ဘုရားလောင်း၏ အဖကို ချေစေအံ့ဟူ၍ မိမိ၏အာနုဘော်ဖြင့် သိမ်မွေ့သောအမှုန့်ကို လွှတ်၏။ အမှုန့်သည် လာလတ်၍ ပုဏ္ဏား၏နှာခေါင်းပေါက်၌ ဝင်၏။ ထိုပုဏ္ဏားသည် အင်းပျဉ်ပေါ်၌ လျောင်းလျက်သာ ချေ၏။ ဘုရားလောင်းသည် ထိုအဖကို အသက်ရှည်စေသောဟူ၍ ဆို၏။ ဘီလူးသည် ထိုပုဏ္ဏားကို စားအံ့သော်ငါ ခေါင်လျောက်မှဆင်း၏။ ဘုရားလောင်းသည် ထိုဘီလူးဆင်းသည်ကို မြင်၍ ဤဘီလူးသည် ငါ၏အဖကို ချေစေအပ်သည် ဖြစ်လတ္တံ့။ ဤဘီလူးသည် ချေသည်ရှိသော် အသက်ရှည်စေသောဟူ၍ မဆိုသောသူကို စားသော ဘီလူးသည် ဖြစ်လတ္တံ့ဟု နှလုံးပြု၍ အဖကို ရည်မှတ်၍ ရှေးဦးစွာသော ဂါထာကို ဆို၏။

၉။ ဇီဝ ဝဿသတံ ဂဂ္ဂ၊ အပရာနိ စ ဝီသတိံ။
မာ မံ ပိသာစာ ခါဒန္တု၊ ဇီဝ တွံ့ သရဒေါသတံ။

ဖခင်ဂဂ္ဂ သင်သည် အနှစ်တစ်ရာပတ်လုံးလည်းကောင်း, ထိုမှ တစ်ပါးကုန်သော အနှစ်နှစ်ဆယ်ပတ်လုံးလည်းကောင်း အသက်ရှည်သော ငါ့ကို ဘီလူးတို့သည် မစားစေကုန်သတည်း။ သင်သည်လည်း နှစ်ဆယ်အလွန်ရှိသော အနှစ်တစ်ရာပတ်လုံး အသက်ရှည်စေသော်။

ဘီလူးသည် ဘုရားလောင်း၏ စကားကို ကြား၍ ဤလုလင်ကို ရှေးဦးစွာ အဖကို အသက်ရှည်စေသောဟူ၍ ဆိုအပ်သည်၏အဖြစ်ကြောင့် စားအံ့သောငှါ မတတ်ကောင်း၊ ထိုလုလင်၏အဖကိုကား စားအံ့ဟု အဖထံသို့ သွား၏။ ထိုပုဏ္ဏားသည် ထိုဘီလူး လာလတ်သည်ကို မြင်၏။ ဤဘီလူးသည် အတွံ့အသက်ရှည် စေသောဟူ၍ မဆိုကုန်သောသူတို့ကို စားတက်သော ဘီလူးသည် ဖြစ်လတ္တံ့။ တွံ့၍အသက်ရှည်စေဟု ဆိုခြင်းကို ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုပုဏ္ဏားသည် သားကို အာရုံပြု၍ ဤဂါထာကို ဆို၏။

၁၀။ တွမ္ပိ ဝဿသတံ ဇီဝ၊ အပရာနိ စ ဝီသတိံ။
　　ဝိသံ ပိသာစာ ခါဒန္တု၊ ဇီဝ တွံ သရဒေါသတံ။

ချစ်စွာသောသား သင်သည်လည်း အနှစ်တစ်ရာပတ်လုံး လည်းကောင်း, တစ်ပါးကုန်သော အနှစ်နှစ်ဆယ်ပတ်လုံးလည်းကောင်း အသက် ရှည်စေသော်၊ ဘီလူးတို့သည် လတ်တလော သေစေတတ်သော အဆိပ်ကိုသာ စားရလေစေ ကုန်သတည်း။ သင်သည် အနှစ်တစ်ရာ့နှစ်ဆယ် အသက်ရှည်စေသော်။

ထိုပုဏ္ဏား၏စကားကို ကြား၍ သားအဖ နှစ်ယောက်တို့သည်လည်း ငါမစား သင့်ချေပြီဟု ပြန်လေ၏။ ထိုအခါ၌ ထိုဘီလူးကို ဘုရားလောင်းသည် အိုဘီလူး အဘယ့်ကြောင့် ဤဇရပ်သို့ ဝင်လာကုန်သော သူတို့ကို သင် စားသနည်းဟု မေး၏။ အိုလုလင် တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ဝေဿဝဏနတ်မင်းကို ခစားရ သည်၏ အဖြစ်ကြောင့် ငါစား၏ဟု ဆို၍ အလုံးစုံသော သူကိုပင်လျှင် စားအံ့ သောငှါ သင်ရသလောဟု မေးသည်ရှိသော် ထိုဘီလူးသည် အသက်ရှည်စေသော ဟု ဆိုသောသူ တွံ့၍အသက်ရှည်စေသောဟု ဆိုသောသူတို့ကိုထား၍ ကြွင်းကုန် သော သူတို့ကို ငါစားရ၏ဟု ဆို၏။ ဘီလူး သင်သည် ရှေး၌လည်း အကုသိုလ် ကို ပြုခြင်းကြောင့် ကြမ်းတမ်းရုန့်ရင်းသော သူတစ်ပါးကို ညှဉ်းဆဲတတ်သော ဘီလူး၏ အဖြစ်အားဖြင့် ဖြစ်၏။ ယခုအခါ၌လည်း ထိုသို့ သဘောရှိသော မကောင်းမှုကို ပြုပြန်၍ အမိုက်မှ အမိုက်သို့ လားရသည်ပင် ဖြစ်လတ္တံ့။ ထိုကြောင့် ဤနေ့မှစ၍ ပါဏာတိပါတ အစရှိသည်တို့မှ ကြဉ်ရှောင်လော့ဟု ဘီလူးကို ဆုံးမ၍ ရဲဘေးဖြင့် ခြိမ်းခြောက်၍ ပဉ္စသီတို့၌ တည်စေ၍ ဘီလူးကို ကျွန်အမှုလုပ်ကို ကဲ့သို့ ပြု၏။ မိုးသောက်သောနေ့၌ လှည့်လည်လာကုန်သော သူတို့သည် ဘီလူး ကို မြင်ကုန်၍ ဘုရားလောင်းသည်လျှင် ထိုဘီလူးကို ဆုံးမသည်၏အဖြစ်ကို သိ ကုန်၍ မင်းအား ကြားလျှောက်ကုန်၏။ အဘယ်သို့ ကြားလျှောက်ကုန်သနည်း ဟူမူကား မြတ်သောမင်းကြီး လုလင်တစ်ယောက်သည် ထိုဘီလူးကို ဆုံးမ၍ ကျွန်အမှုလုပ်ကိုကဲ့သို့ ပြု၍ တည်၏ဟု ကြားလျှောက်ကုန်၏။ မင်းသည် ဘုရား လောင်းကို သေနာပတိအရာ၌ ထား၏။ ထိုဘုရားလောင်း၏ အဖအားလည်း

များစွာသော စည်းစိမ်ကို ပေး၏။ ထိုမင်းသည် ဘီလူးကို ဗလိနတ်စာ ခံသော နတ်ကိုပြု၍ ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်ကို ပြည့်စေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍ အသက်ရှည်စေ ဟူ၍ ဆိုခြင်း တန့်၍ အသက်ရှည်စေဟူ၍ ဆိုခြင်း မည်သည်ကား ထိုကာလ၌ ဖြစ်၏ဟု မိန့်တော်မူ၍ ရဟန်းတို့ ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ ဘီလူး ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ကဿပသည် ထိုအခါ အဖ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာငါးဆယ့် ငါးခုမြောက်သော ဘဂ္ဂဇာတ်သည် ပြီး၏။

---

## ၁၅၆-အလီနစိတ္တဇာတ်

## (ဆင်ဖြူတော်၏ အစွမ်း)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် အလီနစိတ္တံ နိဿာယ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤအလီနစိတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လုံ့လကို လျှော့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုသည် ကောသမ္ဗကနိပါတ် သံဝရဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

ထိုရဟန်းအား မြတ်စွာဘုရားသည် ရဟန်း သင်သည် လုံ့လကို လျှော့ သတတ် ဟူသည် မှန်သလောဟု မိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ရှေး၌ လုံ့လကို မလျှော့မူ၍ အသားတစ်နှင့်တူသော နုနယ် လှသော သူငယ်အား တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့၌ မင်းအဖြစ်ကို ယူ၍ ပေးဖူးသည် မဟုတ်တုန်လော၊ အခုအခါ အဘယ့်ကြောင့် ဤသို့ သဘောရှိသော သာသနာတော်၌ ရဟန်းပြု၍ လုံ့လကို လျှော့ဘိသနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဗာရာဏသီမြို့မှ မနီးမဝေးသော အရပ်၌ လက်သမားတို့၏ ရွာသည် ရှိသည် ဖြစ်၏။ ထိုလက်သမားတို့၏ ရွာ၌ ငါးရာကုန်သော လက်သမားတို့သည် နေကုန်၏။ ထိုလက်သမားတို့သည် လှေဖြင့် မြစ်ညာသို့ သွားကုန်၍ တောသို့ ဝင်ကုန်၏။ အိမ်၏အဆောက်အဦး သစ်တို့ကို ရွေကုန်၍ ထိုတောအရပ်၌ သာလျှင် ဘုံတစ်ဆင့် နှစ်ဆင့် အစရှိသည် အပြားရှိကုန်သော အိမ်အဆောက်အဦးတို့ကို စီရင်ကုန်၍ တိုင်မှစ၍ ခပ်သိမ်းကုန်သော သစ်တို့၌ အမှတ်ပြုကုန်၍ မြစ်နားသို့ ဆောင်ကုန်ပြီးလျှင် လှေသို့ တင်ကုန်၍ မြစ်၏ အကြောဖြင့် မြို့သို့ လာကုန်၍ အကြင်သူတို့သည် အကြင်သို့ သဘောရှိကုန်သော အိမ်တို့ကို အလိုရှိကုန်၏။ ထိုသူတို့ကို ထိုသို့ သဘောရှိကုန်သော အိမ်တို့ကို ပြုကုန်၍ အသပြာတို့ကို ယူကုန်ပြီးလျှင် တဖန် ထိုအရပ်သို့သာလျှင် သွားကုန်၍ အိမ်၏ အဆောက်အဦတို့ကို ဆောင်ကုန်၏။

ဤသို့သော နည်းဖြင့် အသက်မွေးခြင်းကို ပြုကုန်သော ထိုလက်သမားတို့သည် တင်ရံရောအခါ တော၌ သစ်ခက်တပ်ကို ဖွဲ့ကုန်၍ သစ်တို့ကို ရွေကုန်သော် ထိုလက်သမားတို့၏ မနီးမဝေးသော အရပ်၌ ဆင်တစ်စီးသည် ရှားငုတ်ကို နင်းမိ၍ ထိုရှားငုတ်သည် ထိုဆင်၏ ခြေကို စူး၏။ သည်းမှုကုန်သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ခြေသည် ဖူးဖူးယောင်၍ ပြည်ကို ယူ၏။ ထိုဆင်သည် ဝေဒနာသို့ ရောက်၍ ထိုလက်သမားတို့၏ သစ်ရွေသံကို ကြား၍ ဤလက်သမားတို့ကို မှီ၍ ငါ့အား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု အောက်မေ့၍ ခြေသုံးချောင်းတို့ဖြင့် လက်သမားတို့၏ အထံသို့ သွားလေ၍ အနီး၌ ဝင်၏။

လက်သမားတို့သည် ထိုဆင်ကို ဖူးဖူးယောင်သော ခြေရှိသည်ကို မြင်ကုန်လျှင် ချဉ်းကပ်ကုန်၍ ခြေ၌ ရှားငုတ်ကို မြင်ကုန်၍ ထက်လှစွာသော ပဲခွပ်ဖြင့် ရှားငုတ်၏ ထက်ဝန်းကျင်မှ အရစ်ကို ပြုကုန်ပြီးလျှင် ကြိုးဖြင့် ဖွဲ့၍ ငင်ကုန်၍ ငြောင့်ကို နုတ်ပြီးလျှင် ပြည်ကို ယိုစေ၍ ရေနွေးဖြင့် ဆေးကုန်၍ ထိုအနာနှင့် သင့်လျော်ကုန်သော ဆေးတို့ဖြင့် လိမ်းကျံ၍ မကြာမြင့်မီသာလျှင် အနာကို ချမ်းသာသည်ကို ပြုကုန်၏။ ထိုဆင်သည် အနာကင်းသည် ဖြစ်၍ ငါသည် ဤလက်သမားတို့ကို မှီ၍ အသက်ကို ရပေ၏။

ယခုအခါ၌ ထိုလက်သမားတို့အား ငါသည် ကျေးဇူးကို ပြုခြင်းငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ထိုဆင်သည် ထိုနေ့မှစ၍ လက်သမားတို့နှင့် တကွ သစ်တို့ကို ထုတ်၏။ ရွေကုန်သော လက်သမားတို့အား လှန်၍ လှန်၍ ပေး၏။ ပဲခွပ်

အစရှိသည်ဘို့ကို ဆောင်၏။ နှာမောင်းဖြင့် ရစ်၍ မည်းသော အဆင်းရှိသော တမျဉ်းကြိုးစွန်း၌ ကိုင်၏။ လက်သမားတို့သည်လည်း ထိုဆင်အား ထမင်းစားသော အခါ၌ တစ်ဆုပ် တစ်ဆုပ်စီသော ထမင်းဆုပ်တို့ကို ပြုကုန်၍ ငါးရာကုန်သော ထမင်းဆုပ်တို့ကို ပေးကုန်၏။ ထိုဆင်အားကား အလုံးစုံဖြူသော ငယ်သေးသော ဆင်အာဇာနည်ဖြစ်သော သားသည် ရှိ၏။ ထို့ကြောင့် ထိုဆင်အား ငါသည် ယခုအခါ၌ အိုမင်းပြီ။ ယခုအခါ ငါသည် ဤလက်သမားတို့အား အမှုလုပ်စိမ့်သောငှါ သားကို ပေး၍ သွားအံ့သောငှါ သင့်၏။ ဤသို့သော အကြံသည် ဖြစ်၏။ ကြံ၍ ထိုဆင်သည် လက်သမားတို့အား မကြားမူ၍ သာလျှင် တောသို့ ဝင်၍ သားကို ဆောင်ခဲ့ပြီးလျှင် ဤဆင်ငယ်သည် ငါ့သားတည်း။ သင်တို့သည်ကား ငါ့အသက်ကို ပေးပေ၏။ ငါသည် သင်တို့အား ဆေးဖိုးအကျိုးငှါ ဤသားဆင်ငယ်ကို ပေး၏။ ဤဆင်ငယ်သည် ဤနေ့မှစ၍ သင်တို့၏ အမှုတို့ကို ပြုလတ္တံ့ဟု ဆို၍ ဤနေ့မှစ၍ကား ငါပြုအပ်သော အမှုကို သင်ပြုလော့ ဟု၍ သားကို ဆုံးမပြီးလျှင် လက်သမားတို့အား ပေး၍ မိမိသည် တောသို့ ဝင်၏။

ထိုနေ့မှစ၍ ဆင်ငယ်သည် လက်သမားတို့၏ စကားကို လိုက်နာသည်၊ အဆုံးအမကို ခံသည်ဖြစ်၍ ခပ်သိမ်းကုန်သော အမှုတို့ကို ပြု၏။ ထိုလက်သမားတို့သည်လည်း ထိုဆင်ငယ်ကို ထမင်းဆုပ် ငါးရာတို့ဖြင့် မွေးကျွေးကုန်၏။ ထိုဆင်သည် အမှုလုပ်ပြီးလျှင် မြစ်သို့ သက်ပြီး၍ ရေချိုး၍ ကစား၍ လာ၏။ လက်သမားတို့၏ သားငယ်တို့သည်လည်း ထိုဆင်ကို နှာမောင်း အစရှိသည်တို့၌ ဖက်ကုန်၍ ရေ၌ လည်းကောင်း၊ ကြည်း၌ လည်းကောင်း ထိုဆင်ငယ်နှင့် တကွ ကစား ကြကုန်၏။ စင်စစ်သဖြင့် အာဇာနည် ဖြစ်ကုန်သော ဆင်တို့သည် လည်းကောင်း၊ မြင်းတို့သည် လည်းကောင်း၊ ယောကျ်ားတို့သည် လည်းကောင်း ရေ၌ ကျင်ကြီးကို လည်းကောင်း၊ ကျင်ငယ်ကို လည်းကောင်း မစွန့်ကုန်။ ထို့ကြောင့် ထိုဆင်ငယ်သည်လည်း ရေ၌ ကျင်ကြီး ကျင်ငယ်ကို မစွန့်မူ၍ မြစ်ကမ်းမှ အပ၌သာလျှင် စွန့်၏။ ထိုအခါ တနေ့သ၌ မြစ်ညာ၌ မိုးရွာ၏။ ထိုသို့ ရွာသည်ရှိသော် ဆင်ချေးခြောက်တို့သည် မိုးရေကြောင့် မြစ်သို့ သက်ကုန် မျောကုန်၏။ ဗာရာဏသီမြို့ ဆိပ်တွင် ချုံတစ်ခု၌ ငြိ၍ တည်၏။ ထိုအခါ ဗာရာဏသီမင်း၏ ဆင်ထိန်းတို့သည် ဆင်တို့ကို ရေချိုးကုန်အံ့ဟု ဆင်ငါးရာတို့ကို ဆောင်ကြကုန်၏။ အာဇာနည် ဆင်ချေး၏ အနံ့နံခြင်းကြောင့် တစ်စီးသော ဆင်မျှသည် လည်း မြစ်သို့ သက်အံ့သောငှါ မဝံ့။ အလုံးစုံသော ဆင်တို့သည်လည်း အမြီးကို ထောင်၍ ပြေးအံ့သောငှါ အားထုတ်ကုန်၏။

ဆင်ထိန်းတို့သည် ဆင်ဆရာတို့အား ကြားကုန်၏။ ထိုဆင်ဆရာတို့သည် ရေ၌ ဘေးရန်ရှိသည် ဖြစ်ရာ၏ဟု ရေကို သုတ်သင်စေကုန်၍ ထိုချုံ၌

ထိုအာဇာနည် ဆင်ချေးကို မြင်ကုန်၍ ဤဆင်ချေးသည်ကား ဤရေ၌ ဆင်တို့သည် မဆင်းဝံ့သော အကြောင်းတည်းဟု သိကုန်၍ ရေအိုးကို ဆောင်ကုန်၍ ရေဖြင့် ပြည့်စေပြီးလျှင် ထိုဆင်ချေးကို ထိုရေ၌ ဖျော်ကုန်၍ ဆင်တို့၏ ကိုယ်တို့၌ သွန်စေကုန်၏။ ကိုယ်တို့သည် မွေးကြိုင်ကုန်သည် ဖြစ်ကုန်၏။ ထိုကာလ၌ ထိုဆင်တို့သည် မြစ်သို့ သက်ကုန်၍ ရေချိုးကုန်၏။ ဆင်ဆရာတို့သည် မင်းအား ထိုအကြောင်းကို ကြားလျှောက်ကုန်၍ မြတ်သော မင်းကြီး ထိုဆင်အာဇာနည်ကို ရှာ၍ ဆောင်အံ့သောငှါ သင့်၏ဟု လျှောက်ကုန်၏။ မင်းသည် မြစ်သို့ သွားလေ၍ အညာသို့ ဆန်ကုန်သော လှေဖောင်တို့ဖြင့် လက်သမားတို့၏ နေရာအရပ်သို့ ရောက်၏။ ဆင်သူငယ်သည် မြစ်၌ ကစားစဉ် စည်သံကို ကြား၍ သွားလေ၍ လက်သမားတို့၏ အထံ၌ တည်၏။ လက်သမားတို့သည် မင်းအား ခရီးဦးကြိုပြုခြင်းကို ပြုကုန်၍ မြတ်သောမင်းကြီး သစ်တို့ဖြင့် အကယ်၍ အလိုတော်ရှိသည် ဖြစ်အံ့၊ ဤသို့ အလိုတော် ရှိလတ်သော် အဘယ် အကြောင်းကြောင့် ကြွတော်မူလာသနည်း၊ စေတော်မူ၍ တင်စိမ့်သောငှါ သင့်၏ဟု လျှောက်ကုန်၏။ အချင်းတို့ သစ်တို့၏ အကျိုးငှါ မလာကုန်၊ ဤဆင်၏ အကျိုးငှါသာ ငါလာ၏ဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး ယူတော်မူ၍ ကြွတော်မူလော့ဟု လျှောက်ကုန်၏။

ဆင်ငယ်သည် မလိုက်လို၊ အချင်းတို့ ဆင်ငယ်သည် အသို့ပြုစေလိုသနည်းဟု ဆို၏။ မြတ်သောမင်းကြီး ဆင်သည် လက်သမားတို့အား မွေးကျေးဇူးကို ဆပ်စေလို၏ဟု လျှောက်ကုန်၏။ မင်းသည် ဆင်၏ ခြေလေးချောင်းတို့၏ လည်းကောင်း၊ နှာမောင်း၏ လည်းကောင်း အမြီး၏ လည်းကောင်း အနီး၌ တစ်သိန်း တစ်သိန်းကုန်သော အသပြာတို့ကို ထားစေ၏။ ဆင်သည် ဤမျှလောက်သော ဥစ္စာကို ထားကာမျှဖြင့်လည်း မလိုက်မူ၍ ပေးသိမ်းကုန်သော လက်သမားတို့အား ပုဆိုးအစုံတို့ကို လက်သမားတို့၏ မယားတို့အား ဝတ်စရာ အဝတ်တို့ကို ပေးကုန်သည်ရှိသော် ဤမျှဖြင့်လည်း မလိုက်မူ၍ မိမိနှင့် တကွ ကစားဖော် သူငယ်တို့အားလည်း ပေးကမ်း ချီးမြှောက်ခြင်းကို ပြုသည်ရှိသော် လက်သမားတို့ကို လည်းကောင်း၊ မိန်းမတို့ကို လည်းကောင်း၊ သူငယ်တို့ကို လည်းကောင်း ပြန်၍ ကြည့်ပြီးလျှင် မင်းနှင့်တကွ လိုက်လေ၏။ မင်းသည် ထိုဆင်ပြူကို ယူ၍ မြို့သို့ သွား၍ မြို့ကို လည်းကောင်း ဆင်တင်းကုပ်ကို လည်းကောင်း တန်ဆာဆင်စေ၍ ဆင်ကို မြို့ရ၍ လကျာ်ရစ်လှည့်သည်ကို ပြုစေပြီးလျှင် ဆင်တင်းကုပ်သို့ သွင်း၍ ခပ်သိမ်းကုန်သော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ အဘိသိက်သွန်းပြီးလျှင် မင်္ဂလာဆင်တော်ပြု၍ မိမိ၏ ဒုတိယအဆွေခင်ပွန်း အရာ၌ ထား၍ ပြည်ထက်ဝက်ကို ဆင်အား ပေး၍ မိမိနှင့် ပူဇော်သက္ကာရ အမျှ ခံစေသည်ကို ပြု၏။

ထိုဆင် ရောက်သော ကာလမှ စ၍ ဇမ္ဗူကျွန်းအလုံး၌ မင်းအဖြစ်သည် ဗာရာဏသီမင်း၏ လက်သို့ ရောက်သည်သာလျှင် ဖြစ်၏။ ဤသို့ အခါနိကာလ ရှည့်မြင့်ကြာလက်သော် ဘုရားလောင်းသည် ထိုဗာရာဏသီမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေနေ၏။ ကိုမိဖုရား၏ ကိုယ်ဝန်ရသော ကာလ၌ မင်းသည် သေလွန်၏။ မင်္ဂလာဆင်ဖြူသည်ကား မင်း၏ သေလွန်သည်၏ အဖြစ်ကို အကယ်၍ သိငြားအံ့။ ထိုတင်းကုပ်၌သာလျှင် မင်္ဂလာဆင်ဖြူ၏ နှလုံးသည် ကွဲလေရာ၏။ ထို့ကြောင့် မင်္ဂလာဆင်ဖြူကို မင်းသေလွန်သည်၏ အဖြစ်ကို မသိစေကုန်မူ၍ သာလျှင် လုပ်ကျွေးကြကုန်၏။ မင်းသေလွန်သည်၏ အဖြစ်ကိုကား ကြား၍ ဗာရာဏသီ ပြည်သည် အချည်းနှီး ဖြစ်သတက်ဟု အခြားမဲ့ ဖြစ်သော မြို့အနီး၌ နေသော ကောသလမင်းသည် များစွာသော စစ်သည် ဗိုလ်ပါဖြင့် လာလတ်၍ ဗာရာဏသီမြို့ကို ဝန်းရံ၏။ မြို့တံခါးတို့ကို ပိတ်ကုန်၍ ကောသလမင်းအား သတင်းစကားကို စေကုန်၏။ အဘယ်သို့ စေကုန်သနည်းဟူမူကား ငါတို့ မင်း၏ မိဖုရားမြတ်သည် ပြည့်သောကိုယ်ဝန် ရှိ၏။ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ သားတော် ဖွားမြင်လတ္တံ့ဟု လက်ခြေ အစရှိသော ကိုယ်အဇိတ်ကို ကြည့်၍ ဤသူအား ဤသို့ ဖြစ်လတ္တံ့ စသည်ဖြင့် အကျိုးအပြစ်ကို ဟောစွမ်းနိုင်ကုန်သော ပုဏ္ဏားတို့သည် ဆိုကုန်၏။ ထိုမိဖုရားမြတ်သည် အကယ်၍ သားဖွားမြင်သည် ဖြစ်အံ့၊ ခုနစ်ရက်မြောက်သော နေ့၌ ငါတို့ စစ်ထိုးကြကုန်အံ့။ ပြည်ကို ငါတို့ မပေးကုန်အံ့။ ဤမျှလောက်သော ကာလပတ်လုံး ငံ့လင့်ကုန်ဦးဟု စေကုန်၏။

ကောသလမင်းသည် ကောင်းပြီဟု ဝန်ခံ၏၊ မိဖုရားသည် ခုနစ်ရက်မြောက်သောနေ့၌ သားဖွားမြင်၏။ ထိုမင်းသား၏ အမည်မှည့်သော နေ့၌ကား အကြင်မင်းသားသည် လူများ၏ တွန့်တိုဆုတ်နစ်ခြင်း ကင်း၍ ရဲတင်းသော စိတ်ကို ယူလျက် ဖွား၏။ ထို့ကြောင့် ထိုမင်းသားအား အလီနစိတ္တ မင်းသားဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏၊ ထိုဘုရားလောင်း၏ ဖွားသော နေ့မှ စ၍သာလျှင် ဗာရာဏသီ မြို့သူတို့သည် ကောသလမင်းနှင့်တကွ စစ်ထိုးကြကုန်၏။ စစ်သည်အပေါင်း၏ အကြီး မရှိသည်၏ အဖြစ်ကြောင့် ဗိုလ်ပါသည် များပါလျက်လည်း စစ်ထိုးကြသည် ရှိသော် စဉ်းငယ် စဉ်းငယ် ဆုတ်နစ်၏။ အမတ်တို့သည် မိဖုရားအား ထိုအကြောင်းကို ကြားကုန်၍ ဤသို့ ဗိုလ်ပါသည် ဆုတ်နစ်သည် ရှိသော် ရှုံးအံ့သည်မှ အကျွန်ုပ်တို့ ကြောက်ကုန်၏။ ငါတို့မင်းကား စုတေသည်၏ အဖြစ်ကိုလည်းကောင်း၊ သားဖွားသည်၏ အဖြစ်ကိုလည်းကောင်း ကောသလမင်း လာလတ်၍ စစ်ထိုးသည်၏ အဖြစ်ကိုလည်းကောင်း မင်းမြတ်၏ အဆွေတော်ဖြစ်သော မင်္ဂလာဆင်တော်သည် မသိသေး၊ ထိုမင်္ဂလာဆင်တော်ကို သိစေကုန်အံ့ဟု ပန်ကြားကုန်၏။ မိဖုရားသည် ကောင်းပြီဟု ဝန်ခံ၍ သားတော်ကို

တန်ဆာဆင်စေပြီးလျှင် ဘွဲ့ပြုပုဆိုး အခင်း၌ အိပ်စေ၍ ပြာသာဒ်ထက်မှ သက်၍ အမာတ်အပေါင်း ခြံရံအပ်သည် ဖြစ်၍ ဆင်တင်းကုပ်သို့ သွား၍ ဘုရားလောင်းကို ဆင်၏ ခြေရင်း၌ အိပ်စေ၍ အရှင် သင်၏ အဆွေတော်လည်း သေလွန်ပြီ။ သင်တို့အား နှလုံးကွဲအံ့သည်မှ စိုးသောကြောင့် ငါတို့ မကြားကုန်၊ ဤသူငယ် သည် သင့်အဆွေတော်၏ သားတော်တည်း။ ကောသလမင်းသည် လာလတ်၍ မြို့ကို ဝန်းရံ၍ သင့်သားနှင့်တကွ စစ်ထိုး၏။ ငါတို့ ဗိုလ်ပါသည် ဆုတ်နစ်၏။ သင့် သားကို သင်သည်သာလျှင် စောင့်ရှောက်ပါလော့၊ ထိုသင့်သားအား မင်းအဖြစ် ကိုသည်း ယူ၍ ပေးပါလော့ဟု ဆို၏။ ထိုကာလ၌ ဆင်သည် ဘုရားအလောင်းကို နှာမောင်းဖြင့် သုံးသပ်ပြီးလျှင် ချီ၍ ဦးကင်း၌ ထား၍ ငိုပြီးလျှင် ဘုရား လောင်းကို ချ၍ မိဖုရား၏ လက်၌ အိပ်စေ၍ ကောသလမင်းကို ဖမ်းအံ့ဟူ၍ ဆင်တင်းကုပ်မှ ထွက်၏။

ထိုအခါ၌ အမတ်တို့သည် ချပ်မိန်ညို ဝတ်ကုန်၍ ဆင်အား တန်ဆာဆင် ကုန်၍ မြို့တံခါးကို ဖွင့်ကုန်၍ ထိုဆင်ကို ခြံရံ၍ ထွက်ကြကုန်၏။ ဆင်သည် မြို့မှ ထွက်၍ ကြိုးကြာသံနှင့် တူသော ဟည်းသံကို ပြု၍ လူများကို ထိတ်လန့် စေ၍ ပြေးစေပြီးလျှင် ဗိုလ်ထုကို ဖျက်ဆီး၍ ကောသလမင်းကို ဦးသျှောင်၌ ဆွဲ၍ ဆောင်ခဲ့ပြီးလျှင် ဘုရားလောင်း၏ ခြေရင်း၌ ဝပ်စေ၍ သတ်အံ့သောငှါ လာကုန်သော သူတို့ကို တားမြစ်၍ ဤနေ့မှ စ၍ မမေ့မလျော့ ဖြစ်လေလော့။ မင်းသားသည် ငယ်သေး၏ဟူသော အမှတ်ကို မပြုလေလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏။ ထိုနေ့မှ စ၍ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မင်းအဖြစ်သည် ဘုရား လောင်း၏ လက်သို့ ရောက်သည်သာလျှင် ဖြစ်၏။ ထအံ့သောငှါ စွမ်းနိုင်သော တစ်ပါးသော ဆန့်ကျင်ဘက် ရန်သူ မည်သည်ကား မရှိ။ ဘုရားလောင်းသည် ခုနစ်နှစ်မြောက်သော ကာလ၌ အဘိသိက်သွန်းခြင်းကို ရ၍ အလီနစိတ္တမည်သော မင်းသည် ဖြစ်၍ တရားသဖြင့် မင်းပြု၍ အသက်၏ အဆုံး၌ နက်ပြည်သို့ ပြည့်စေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် အတိတ်ကို ဆောင်ပေ၍ ဘုရား ဖြစ်တော်မူပြီး၍—

၁၁။ အလီနစိတ္တံ နိဿာယ၊ ပဟဋ္ဌာ မဟတီ စမူ။
ကောသလံ သေနသန္တုဋ္ဌံ၊ ဇီဝဂ္ဂါဟံ အဂါဟယိ။

၁၂။ ဧဝံ နိဿယသမ္ပန္နော၊ ဘိက္ခု အာရဒ္ဓဝီရိယော။
ဘာဝယံ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန၊ သဗ္ဗသံယောဇနက္ခယံ–

ဟူသော ဂါထာကို ဟောတော်မူ၏။

ရဟန်းများစွာသော ဗာရာဏသီ စစ်သည်အပေါင်းသည် အလီနစိတ္တမင်းသားကို အမှီရ၍ ငါတို့သည် အနွယ်အဆက် ဖြစ်သော တိုင်းပြည်ကို ရပေသကည်းဟူ၍ ရွှင်ရွှင်လန်းလန်း ပြည့်ဖြင့် မရောင့်ရဲသော စစ်အင်္ဂါရှိသော ကောသလမင်းကို အရှင်ဖမ်းခြင်းကို ဆင်ကိုဖမ်းစေသကဲ့သို့ ထိုအတူ ယောဂတရားလေးပါးတို့မှ ကင်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်စိမ့်သောငှါ အပြစ်မရှိ ကောင်းကျိုးချမ်းသာကို ပေးခြင်း လက္ခဏာရှိသော သုံးဆယ်ခုနစ်ပါးသော ဗောဓိပက္ခိယတရားကို ပွားစေသော ကလျာဏမိတ္တတည်းဟူသော အမှီကောင်းနှင့် ပြည့်စုံသော အားထုတ်အပ်သော လေးပါးသော အပြစ်မှကင်းသော ဝီရိယနှင့် ပြည့်စုံသော ဖြူစင်သော သီလရှိသော ပုဂ္ဂိုလ်သည် ဝိပဿနာပွားသည်မှစ၍ အစဉ်သဖြင့် အလုံးစုံသော သံယောဇဉ် ဆယ်ပါးတို့၏ ကုန်ခြင်း၏ အဆုံး၌ ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ရာ၏။

ဇာတ်ပေါင်း

ဤသို့ သဗ္ဗညု မြတ်စွာဘုရားသည် သေခြင်းကင်းရာ မဟာနိဗ္ဗာန်ဖြင့် ဓမ္မဒေသနာ၏ အထွတ်ကို ယူတော်မူ၍ အလွန်လည်း သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသော အဆုံး၌ လုံ့လကို လျှော့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။ အသယ်သို့ ဇာတ်ကို ပေါင်းသနည်းဟူမူကား ယခုအခါ မဟာမာယာသည် ထိုအခါမယ်တော်ဖြစ်ဖူးပြီ။ ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် ထိုအခါ ခမည်းတော် ဖြစ်ဖူးပြီ။ ယခုအခါ လုံ့လကို လျှော့သော ရဟန်းသည် ထိုအခါ မင်းအဖြစ်ကိုယူ၍ ပေးတတ်သော ဆင်ဖြူဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆင်ဖြူရတနာ၏ အဖ ဖြစ်သော ဆင်ဖြူဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ မြို့နီးချင်း ကောသလမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ အလီနစိတ္တမင်းသား ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လုံ့လတန်ခိုး၊ ပြည်လုံးစိုး၊ အကျိုးကြီးလှဘိ။)

တစ်ရာငါးဆယ့်ခြောက်ခုမြောက်သော အလီနစိတ္တဇာတ်သည် ပြီး၏။

---

၁၅၇-ဂုဏဇာတ်

( မြေခွေးနှင့် ခြင်္သေ့ )

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယေန ကာမံ ပဏာမတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂုဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

မူစဉ် အရှင်အာနန္ဒာမထေရ်၏ ပုဆိုးတစ်ထောင်ရခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ကောသလမင်းကြီး၏ နန်းတော်တွင်း၌ အရှင်အာနန္ဒာမထေရ်၏ တရားတော်ကို သင်စေသော ဝတ္ထုသည် အောက် ဧကနိပါတ် မဟာသာရဇာတ်၌ လာပြီးသလျှင် ကတည်း။ ဤသို့ မဟာသာရဇာတ်၌ လာသော နည်းဖြင့် အရှင်အာနန္ဒာမထေရ်သည် ကောသလမင်း၏ နန်းတော်တွင်း၌ တရားတော်ကို သင်စေသည်ရှိသော် ကောသလမင်းအား တစ်ထည်လျှင် အဖိုးတစ်ထောင် ထိုက်သော ပုဆိုးတစ်ထောင်ကို ဆက်လာကုန်၏။ ကောသလမင်းသည် ထိုတစ်ထောင်သော ပုဆိုးမှ ငါးရာကုန်သော ပုဆိုးတို့ကို ငါးရာကုန်သော မိဖုရားတို့အား ပေး၏။ ထိုအလုံးစုံကုန်သော မိဖုရားတို့သည်လည်း ထိုပုဆိုးတို့ကို ထားကုန်၍ နက်ဖြန်နေ့၌ အရှင်အာနန္ဒာမထေရ်အား လှူကုန်၍ မိမိတို့သည် ပုဆိုးဟောင်းတို့ကိုသာလျှင် ဝတ်ရုံကုန်၍ ကောသလမင်း၏ နံနက်စာ စားရာ အရပ်သို့ လာကုန်၏။

ကောသလမင်းသည် မိဖုရားတို့ ငါသည် သင်တို့အား အဖိုးတစ်ထောင် ထိုက်ကုန်သော ပုဆိုးတို့ကို ပေးအပ်ကုန်သည်။ အဘယ့်ကြောင့် သင်တို့သည် ထိုပုဆိုးသစ်တို့ကို မရုံကုန်မူ၍ သာလျှင် လာကုန်သနည်းဟု မေး၏။ မြတ်သော မင်းကြီး၊ ထိုပုဆိုးတို့ကို အကျွန်ုပ်တို့သည် အရှင်အာနန္ဒာမထေရ်အား လှူအပ်ကုန်၏ဟု လျှောက်ကုန်၏။ ကောသလမင်းသည် အာနန္ဒာမထေရ်သည် အလုံးစုံသော ပုဆိုးတို့ကို ယူအပ်ကုန်သလောဟု မေး၏။ မိဖုရားတို့သည် မြတ်သော မင်းကြီး ဟုတ်၏ဟု လျှောက်ကုန်၏။ ကောသလမင်းကြီးသည် မြတ်စွာဘုရားသည် သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူအပ်၏။ အာနန္ဒာမထေရ်သည် ပုဆိုးကုန်သွယ်ခြင်းကို ပြုလတ္တံ့ဟု ငါထင်၏။ ထိုသို့ ပုဆိုးကုန်သွယ်ခြင်းကို ပြုလတ္တံ့သည်၏ အဖြစ်ကြောင့်အလွန် များစွာကုန်သော ပုဆိုးတို့ကို ယူအပ်ကုန်၏ဟု အရှင်အာနန္ဒာ မထေရ်အား အမျက်ထွက်၍ နံနက်စာစားပြီးသော် ကျောင်းသို့သွား၍ အရှင်အာနန္ဒာ မထေရ်၏ ပရိဝုဏ်သို့ ဝင်ပြီးလျှင် မထေရ်ကို ရှိခိုး၍ ထိုင်လျက် အရှင်ဘုရား၊ အကျွန်ုပ်တို့၏နန်းတော်၌ မင်းမိန်းမတို့သည် အရှင်ဘုရားတို့၏ အထံ၌ တရားတော်တို့ကို သင်မူလည်း သင်ကုန်သလော၊ နာမူလည်း နာကုန်သလောဟု မေး၏။ မြတ်သောမင်းကြီး ဟုတ်၏၊ သင်အပ်သည် အားလျော်သော တရားကို သင်ကုန်၏။ နာအပ်သည်အားလျော်သော တရားကို နာကုန်၏။ ဤသို့ အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။

ကောသလ မင်းကြီးသည် အရှင်ဘုရား တရားနာသည်သာလျှင် ဖြစ်ကုန်သော ထိုမိန်းမတို့သည် အရှင်ဘုရားတို့အား အဝတ်ကိုလည်းကောင်း၊ အရုံကို

လည်းကောင်း လှူကုန်သလော၊ ထိုသို့မဟုတ်မူကား မလှူကုန် သလောဟု မေး၏။ မြတ်သောမင်းကြီး၊ ယနေ့ ထိုမိန်းမတို့သည် ငါ့အား အဖိုးတစ်ထောင် ထိုက်ကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို လှူကုန်၏ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ယူအပ် ကုန်သလောဟု ကောသလမင်းသည် မေး၏။ မြတ်သောမင်းကြီး၊ ယူသည် ဟုတ်၏ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား၊ မြတ်စွာ ဘုရားသည် သင်္ကန်းသုံးထည်ကိုသာလျှင် ခွင့်ပြုတော်မူအပ်သည် မဟုတ်လော ဟု ကောသလမင်းသည် မေး၏။ မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် တစ်ပါးတစ်ပါးသောရဟန်းအား သင်္ကန်းသုံးထည်ကိုသာလျှင် သုံးဆောင်ခြင်း ကို ခွင့်ပြုတော်မူအပ်သည် ဟုတ်၏၊ ခံခြင်းကို တားမြစ်တော်မမူ၊ ထို့ကြောင့် ငါသည်လည်း တစ်ပါးကုန်သောသင်္ကန်း နွမ်းရိကုန်သော ရဟန်းတို့အား ပေးအံ့ သောငှါ ထိုပုဆိုးတို့ကို ခံအပ်ကုန်၏ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော် မူ၏။ အရှင်ဘုရားတို့၊ ရဟန်းတို့သည်ကား အရှင်ဘုရားတို့၏အထံတော်မှ ပုဆိုး တို့ကို ရကုန်၍ သင်္ကန်းဟောင်းသုံးထည်တို့ကို အသို့ပြုကုန်လတ္တံ့နည်းဟု ကော- သလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး၊ ဒုကုဋ်ဟောင်းဖြစ်သောသင်္ကန်း တို့ကို ကိုယ်ဝတ်ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား၊ ကိုယ်ဝတ်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု လျှောက်၏။

မြတ်သောမင်းကြီး၊ သင်းပိုင်ပြုလတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား၊ သင်းပိုင်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏။ မြတ်သောမင်းကြီး၊ အိပ်ရာလွှမ်းပြုကုန် လတ္တံ့ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား အိပ်ရာ လွှမ်းဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏။ မြတ်သောမင်းကြီး၊ မြေအခင်းပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာ မထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား မြေအခင်းဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏။ မြတ်သောမင်းကြီး ခြေသုတ် ပြုကုန်လတ္တံ့ ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏၊ အရှင်ဘုရား ခြေသုတ်ဟောင်းကို အသို့ပြုကုန်လတ္တံ့နည်းဟု ကောသလမင်းသည် လျှောက်၏၊ မြတ်သောမင်းကြီး သဒ္ဓါ၍ လှူအပ်သောပစ္စည်းမည်သည်ကို ပျက်စီးစိမ့်သောငှါ မအပ်၊ ထို့ကြောင့် ခြေသုတ်ဟောင်းကို ပဲခွပ်ဖြင့်စင်း၍ မြေဖြင့်နယ်၍ ကျောင်းတို့၌ မြေကျဉ် လိမ်းကျံခြင်းကို ပြုကုန်လတ္တံ့ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား အရှင်ဘုရားတို့အား လှူအပ်သော သင်္ကန်းသည် ခြေသုတ်ဖြစ် သည်တိုင်အောင်လည်း ပျက်စီးအံ့သောငှါ မရဟု ကောသလမင်းသည် လျှောက်၏။ မြတ်သော မင်းကြီး၊ ငါတို့အား လှူအပ်သော သင်္ကန်းသည်

ပျက်စီးအံ့သောငှါ မရသည်ဟုတ်၏။ အသုံးအဆောင်သည်သာလျှင် ဖြစ်၏ဟု အရှင်အာနန္ဒာမထေရ်သည် မိန့်တော်မူ၏။

ကောသလမင်းသည် နှစ်သက်ဝမ်းမြောက်ခြင်းကို ရသည်ဖြစ်၍ ဤမှ တပါးလည်းဖြစ်ကုန်သော နန်းတော်၌ထားအပ်ကုန်သော ငါးရာကုန်သောပုဆိုး တို့ကို ဆောင်စေ၍ အရှင်အာနန္ဒာ မထေရ်အားလှူ၍ တရားအနုမောဒနာကို ပြုပြီးလျှင် မထေရ်ကိုရှိခိုး၍ လက်ျာရစ်လှည့်သည်ကိုပြု၍ ဖဲ၏။ အရှင်အာနန္ဒာ မထေရ်သည် ရှေးဦးစွာရကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို သက်န်းနွမ်းရှိ ကုန်သော ရဟန်းတို့အား ပေး၏။ အာနန္ဒာမထေရ်အားကား ငါးရာကုန်သော အတူနေတပည့်တို့သည် ရှိကုန်၏။ ထိုငါးရာကုန်သော အတူနေ တပည့်တို့တွင် ရဟန်းငယ်တစ်ပါးသည် အရှင်အာနန္ဒာမထေရ်အား ကျေးဇူးများ၏။ ပရိဝုဏ်ကို တံမြက်လှည်း၏။ သောက်ရေ သုံးဆောင်ရေကို တည်ထား၏။ ဒန်ပူမျက်သစ်ရေ ချိုးရေပေး၏။ ဝစ္စကုဋိ ဇရုံးအိမ်ကျောင်းတို့ကို သုတ်သင်၏။ လက်ကိုဆုပ်နယ် ခြင်း ခြေကိုဆုပ်နယ်ခြင်း ကျောက်ကိုဆုပ်နယ်ခြင်းတို့ကို ပြု၏။

အရှင်အာနန္ဒာမထေရ်သည် နောက်၌ ရအပ်ကုန်သော အလုံးစုံကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို ဤရဟန်းငယ်သည် ကျေးဇူးများ၏ဟု နှလုံးပိုက်၍ ထိုက်လျောက်သည်၏ အစွမ်းအားဖြင့် ထိုရဟန်းငယ်အားသာလျှင် ပေး၏။ ထို ရဟန်းငယ်သည် အလုံးစုံကုန်သော ပုဆိုးတို့ကို ဝေ၍ မိမိနှင့် ဥပဇ္ဈာယ်တူ ဖြစ်ကုန်သော ရဟန်းတို့အား ပေး၏။ ဤသို့လျှင် ပုဆိုးကိုရကုန်သော အလုံး စုံလည်းဖြစ်ကုန်သော ထိုရဟန်းတို့သည် ပုဆိုးတို့ကို ဖြတ်ကုန် ဆိုးကုန်၍ မဟာလှေကားပန်းနှင့်တူကုန်သော သက်န်းတို့ကို ဝတ်ကုန်၍ လည်းကောင်း ရုံကုန်၍လည်းကောင်း မြတ်စွာဘုရားသို့ ကပ်ကုန်ပြီးလျှင် ရှိခိုးကုန်၍ တင့်အပ် လျောက်ပတ်စွာ နေကုန်လျက် အရှင်ဘုရား သောတာပန်ဖြစ်သော ဘုရား တပည့်အား မျက်နှာကြည့်၍ ပေးခြင်းမည်သည်ကား ရှိသလောဟု လျှောက် ကုန်၏။ ရဟန်းတို့၊ ဘုရားတပည့်တို့အား မျက်နှာကြည့်၍ ပေးခြင်းမည်သည် မရှိဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အရှင်ဘုရား၊ အကျွန်ုပ်တို့၏ ဥပဇ္ဈာယ် တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာမထေရ်သည် အဖိုးတစ်ထောင်ထိုက် ကုန်သော ငါးရာကုန်သော ပုဆိုးတို့ကို ရဟန်းငယ်အားသာလျှင် ပေးအပ်၏။ ထိုရဟန်းသည်ကား မိမိသည် ရအပ်ကုန်သော ပုဆိုးတို့ကို ဝေ၍ အကျွန်ုပ်တို့ အား ပေး၏ဟု ရဟန်းတို့သည် လျှောက်ကုန်၏။

ရဟန်းတို့ အာနန္ဒာမထေရ်သည် မျက်နှာကြည့်၍ ထိုရဟန်းအား မပေး၊ ထိုရဟန်းငယ်သည်ကား ထိုအာနန္ဒာအား ကျေးဇူးများ၏၊ ထို့ကြောင့် မိမိ အား ကျေးဇူးပြုသောသူအား ကျေးဇူးပြုသည်၏အစွမ်းအားဖြင့် ထိုက်သည်၏

အစွမ်းအားဖြင့် ကျေးဇူးပြုခြင်းမည်သည်ကို ပြုခြင်းငှါ သင့်၏ဟု နှလုံးသွင်းခြင်းကို ပြု၍ သူပြုအပ်သော ကျေးဇူးကို အောက်မေ့သည်၏ အစွမ်းအားဖြင့် သိခြင်း၊ သူပြုအင်သောကျေးဇူးကို ဆပ်သောအားဖြင့် သိခြင်းရှိသည်၏ အဖြစ်ဖြင့် ပေး၏။ ထိုစကားသည် မှန်၏။ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုကုန်သော သူတို့အားသာလျှင် ကျေးဇူးတို့ကို ပြုကုန်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခြင်္သေ့ ဖြစ်၍ တောင်ဂူ၌ နေ၏။ ထိုခြင်္သေ့သည် တစ်နေ့သ၌ ဂူမှ ထွက်ပြီးလျှင် တောင်ထိပ်၌ ရပ်၍ တောင်ခြေရင်းကို ကြည့်၏။ ထိုတောင်ခြေရင်းကို ပတ်ရစ်၍ အိုင်ကြီးသည် ဖြစ်၏။ ထိုအိုင်ကြီး၏ တစ်ခုသော မြင့်ရာအရပ်၌ အထက်၌ မာသော ညွန်အပြင်ဝယ် နုကုန် စိမ်းညိုကုန်သော မြက်တို့သည် ပေါက်ရောက်ကုန်၏။ ယုန်ငယ်တို့သည် လည်းကောင်း၊ မြေခွေး ကြောင်အစရှိကုန်သော သတ္တဝါတို့ သည်လည်းကောင်း, ပေါ့ပါးကုန်သော သားတို့သည်လည်းကောင်း ညွန်ထိပ်အပြင်၌ လှည့်လည်လျက် စားကုန်၏။ ထိုနေ့၌ သမင်တစ်ကောင်သည် ထိုစိမ်းညိုကုန်သော မြက်နုတို့ကို စားလျက် သွား၏။ ခြင်္သေ့သည် ထိုသမင်ကို ဖမ်းအံ့ဟု တောင်ထိပ်မှခုန်၍ ခြင်္သေ့တို့၏ လျင်မြန်ခြင်းအဟုန်ဖြင့် ပြေး၏၊ သမင်သည် သေဘေးမှကြောက်၍ မြည်သျှက် ပြေး၏။ ခြင်္သေ့သည် အဟုန်တန့်စေသောငှါ မတတ်နိုင်သည်ဖြစ်၍ ညွန်အပြင်၌ကျ၍ နစ်လျှင် တက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ခြေလေးချောင်းတို့ကို တိုင်ကဲ့သို့ထောက်၍ ခုနစ်ရက်ပတ်လုံး အစာမစားရဘဲ တည်၏။

ထိုအခါ ထိုခြင်္သေ့ကို အစာရှာသွားသော မြေခွေးတစ်ကောင်သည် မြင်၍ ကြောက်ခြင်းကြောင့် ပြေး၏။ ခြင်္သေ့သည် ထိုမြေခွေးကိုခေါ်၍ အို မြေခွေး မပြေးလင့်၊ ငါသည် ညွန်၌ နစ်၏။ ငါ့အား အသက်ကို ပေးလှည့် ပါလောဟု ဆို၏။ မြေခွေးသည် ထိုခြင်္သေ့၏ အထံသို့သွား၍ အို ခြင်္သေ့၊ ငါသည် သင့်ကို ညွန်မှ ထုတ်လိုပါ၏။ ထုတ်သော်တမူကား ငါ့ကို သင်စားရာ၏။ ထို့ကြောင့် ငါ ကြောက်ပေ၏ဟု ဆိုသည်ရှိသော် အို မြေခွေး မကြောက်ပါလင့် သင့်ကို ငါမစားအံ့၊ စင်စစ်လျှင် သင့်အား များစွာသော ကျေးဇူးကိုပြုပါအံ့။ တစ်ခုသော အကြောင်းဖြင့် ငါ့ကို ညွန်က ထုတ်ပါလောဟု ဆို၏။ မြေခွေးသည် ထိုခြင်္သေ့၏ ဝန်ခံခြင်းကိုယူ၍ အခြေလေးချောင်းတို့၏ ထက်ဝန်းကျင်မှညွန်တို့ကို ပယ်၍ အခြေလေးချောင်းတို့၏ တည်ရာအရပ်မှ မြောင်းလေးခုတို့ကိုလည်း

ယက်၍ ရေသို့ ရှေးရှုသွယ်၏။ ရေကို သွင်း၍ ညွန်ကို ပျော့အောင် ပြု၏။ ထိုခဏ၌ မြေခွေးသည် ခြင်္သေ့၏ ဝမ်းအောက်သို့ ဝင်၍ သခင် လုံ့လကို ပြုလော့ဟု ကျယ်သော အသံကို ပြုလျက် ဦးခေါင်းဖြင့် ဝမ်းကို ရွက်၏။ ခြင်္သေ့သည် အဟုန်ကို ဖြစ်စေ၍ ညွန်မှ တက်ပြီးလျှင် ပြေး၍ ကုန်း၌ တည်၏။ ထိုခြင်္သေ့သည် အတန်ငယ် အပင်အပန်း ဖြေ၍ အိုင်သို့ ဆင်း၍ ညွန်ကို ဆေး၍ ရေချိုး၍ ပူပန်ခြင်းကို ငြိမ်းစေပြီးလျှင် တစ်ခုသော ကျွဲကို သတ်၍ အစွယ်တို့ဖြင့် ထွင်၍ အသားကို ခွါ၍ ကောင်းသော မြေခွေး စားလော့ဟု ဆို၍ မြေခွေး၏ ရှေ့မှာ ထား၍ ထိုမြေခွေးသည် စားပြီးသော နောက်မှ မိမိသည် စား၏။

တစ်ဖန် မြေခွေးသည် သားတစ်တစ်တုံး ကို ကိုက်၍ ချီ၏။ ကောင်းသော မြေခွေး ဤအမဲတုံးကို အဘယ်အကျိုးငှါ ချီသနည်းဟု မေးသည် ရှိသော် သခင် အရှင်တို့၏ ကျွန်မသည် ရှိ၏၊ ထိုကျွန်မဖို့ ဖြစ်လတ္တံ့ ဟု ဆို၏။ ခြင်္သေ့သည် ချီလော့ဟု ဆို၍ မိမိသည်လည်း ခြင်္သေ့မ၏ အကျိုးငှါ အမဲကို ချီ၍ ကောင်းသော မြေခွေး လာလော့၊ ငါတို့၏ တောင်ထိပ်၌ တည်၍ အဆွေခင်ပွန်းမ၏ နေရာ အရပ်သို့ သွားကြကုန်အံ့ဟု ဆို၍ ထိုအရပ်သို့ သွားပြီးလျှင် ဒူမဲကို စားစေ၍ မြေခွေးဖိုကို လည်းကောင်း, မြေခွေးမကိုလည်းကောင်း နှစ်သိမ့်စေ၍ ဤနေ့မှ စ၍ ယခုအခါ၌ သင်တို့ကို ငါလုပ်ကျွေးအံ့ဟု ဆို၍ မိမိနေရာအရပ်သို့ ဆောင်၍ မိမိဂူ၏ တံခါးနား ဂူတစ်ခု၌ နေစေ၏။ ထိုခြင်္သေ့ မြေခွေးတို့သည် ထိုနေ့မှ စ၍ အစာရှာအံ့သောငှါ သွားကုန်သည် ရှိသော် ခြင်္သေ့မကိုလည်းကောင်း, မြေခွေးမ ကိုလည်းကောင်း ထားခဲ့ကုန်၍ မြေခွေးနှင့်တကွ သွားကြကုန်၍ အထူးထူး ကုန်သော သားတို့ ကို သတ်၍ ခြင်္သေ့ မြေခွေး နှစ်ဦးတို့သည်လည်း ထိုအရပ်၌ ပင်လျှင် အသားကို စားကုန်၍ မိမိတို့မှ တစ်ပါးကုန်သော ခြင်္သေ့မ မြေခွေးမ တို့အား ဆောင်ခဲ့ကုန်၍ ပေးကုန်၏။ ဤသို့ ကာလရှည်မြင့်လတ်သော် ခြင်္သေ့ မလည်း သားနှစ်ခုတို့ကို ဖွား၏။ မြေခွေးမလည်း သားနှစ်ခုကို ဖွား၏။ ထိုအလုံး စုံကုန်သော ခြင်္သေ့ မြေခွေးတို့သည်လည်း အညီအညွတ် နေကြကုန်၏။

## ခြင်္သေ့မ၏ သံသယ

ထိုအခါ တစ်နေ့သ၌ ခြင်္သေ့မအား ဤသို့သောအကြံသည် ဖြစ်၏၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား ဤခြင်္သေ့သည် မြေခွေးဖိုကို လည်းကောင်း, မြေခွေးမကို လည်းကောင်း, မြေခွေးငယ်ကို လည်းကောင်း အလွန်လျှင် ချစ်ခင်မြတ်နိုး၏။ ဤခြင်္သေ့အား မြေခွေးမနှင့်တကွ စပ်ယှက်ရခြင်း ရှိသည်သာ ပျှော်တည်း၊ ထိုသို့ စပ်ယှက်ရသောကြောင့်သာ ဤသို့သော ချစ်ခြင်းကို ပြု၏၊ အကယ်၍ကား ငါသည် ဤမြေခွေးမကို နှိပ်စက်ခြိမ်းခြောက်၍ ဤအရပ်မှ ပြေးစေရမူကား

ကောင်း၏ဟု ခြင်္သေ့မသည် အကြံဖြစ်၏။ ထိုခြင်္သေ့မင်းသည် မြေခွေးဖိုကို ခေါ်၍ အစာရှာအံ့သောငှါ သွားသော ကာလ၌ မြေခွေးမကို နှိပ်စက်ညှဉ်းဆဲ၏ ခြိမ်းခြောက် မောင်းမဲ၏၊ အသို့ နှိပ်စက်ညှဉ်းဆဲ ခြိမ်းခြောက် မောင်းမဲသနည်း ဟူမူကား အဘယ့်ကြောင့် ဤအရပ်၌ နေလာတိသနည်း၊ အဘယ့်ကြောင့် ဤအရပ်မှ မပြေးသေးသနည်း၊ ဤသို့ နှိပ်စက်ညှဉ်းဆဲ ခြိမ်းခြောက် မောင်းမဲ၏။ ထိုခြင်္သေ့မ၏ သားငယ်တို့သည်လည်း မြေခွေးမ၏ သားတို့ကို ထိုအတူသာလျှင် ခြိမ်းခြောက် မောင်းမဲကုန်၏။

မြေခွေးမသည် ထိုအကြောင်းကို မြေခွေးဖိုအား ပြောဆို၍ ခြင်္သေ့မင်း၏ စကားဖြင့် ဆိုခြင်္သေ့မ၏ ဤသို့ ပြုသည်၏ အဖြစ် ကိုလည်း ငါတို့ မသိကုန်၊ ငါတို့သည် ကြာမြင့်စွာ နေကုန်ပြီ။ ထို့ကြောင့် ထိုခြင်္သေ့သည် ငါတို့ကို မချစ်အပ်ကုန်ပြီ။ ငါတို့၏ နေရာအရပ်သို့သာလျှင် သွားကြကုန်အံ့ဟု ဆို၏။ ထိုမြေခွေးဖိုသည် ထိုမြေခွေးမ၏ စကားကို ကြား၍ ခြင်္သေ့မင်းသို့ ကပ်၍ သခင် အကျွန်ုပ်တို့သည် သင်တို့၏ အထံ၌ ကြာမြင့်စွာ နေပြီ။ အလွန်ကြာမြင့်စွာ နေကုန်သော သူတို့မည်သည်ကို မုန်းကုန်သည် ဖြစ်တတ်ကုန်၏။ အကျွန်ုပ်တို့၏ အစာရှာ သွားသော ကာလ၌ ခြင်္သေ့မသည် မြေခွေးမကို ညှဉ်းဆဲ၏၊ ဤအရပ်၌ နင်တို့ အဘယ့်ကြောင့် နေပါကုန်သနည်း၊ အဘယ့်ကြောင့် နင်တို့ မပြေးကုန်သနည်းဟု ခြိမ်းခြောက်၏။ ခြင်္သေ့ငယ်တို့သည်လည်း မြေခွေးမ၏ သားငယ်တို့ကို ခြိမ်းခြောက်၏။ အကြင်သူသည် မိမိ၏အထံ၌ အကြင်သူ၏ နေခြင်းကို မနှစ်သက်၊ ထိုသူသည် ထိုမနှစ်သက်သော သူကို သွားလေလော့ဟူ၍ မနှင်ထုတ်ကောင်းသလော။ ညှဉ်းဆဲခြင်းမည်သည် အဘယ်အကျိုး ရှိအံ့နည်းဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၁၃။ ယေန ကာမံ ပဏာမေတိ၊ ဓမ္မော ဗလဝတံ မိဂီ။
ဥန္နဒန္တိ ဝိဇာနာဟိ၊ ဇာတံ သရဏတော ဘယံ။

အထက်သို့ ကော့ညွတ်သော အစွယ်ရှိသော သားတို့သခင်နင်း ခြင်္သေ့မင်း အစိုးရသူသည် မိမိကို မှီဝဲစားသော သူကို သွားလိုရာ အရပ်သို့ သွားကြရန် နှင်လိုက်၏၊ ဤသို့ နှင်လိုက်ခြင်းသည် အိမ်ရှင်တို့၏ ထုံးစံတည်းဟု သင် သိပါလော့၊ ငါတို့အား ကိုးကွယ်ရာအရပ်မှ ဘေးဖြစ်သောကြောင့် မိမိနေရာအရပ်သို့ သာလျှင် ငါတို့ သွားကြကုန်ဟော့အံ့။

ခြင်္သေ့မင်းသည် ထိုမြေခွေး၏ စကားကို ကြား၍ ကောင်းသော ခြင်္သေ့မ ဤမည်သော ကာလ၌ ငါ၏ အစာရှာအံ့သောငှါ သွား၍ ခုနစ်ရက်မြောက်သော နေ့၌ ဤမြေခွေးနှင့် လည်းကောင်း, ဤမြေခွေးမနှင့် လည်းကောင်း တကွ

လာသည်၏ အဖြစ်ကို သင်သည် အောက်မေ့မိ၏လောဟု ခြသေ့မကို မေး၏။ အရှင် အောက်မေ့မိပါ၏ဟု ဆိုသည် ရှိသော် ခုနစ်ရက်ပတ်လုံး ငါမလာခြင်း အကြောင်းကို သင်သိ၏လောဟု ဆို၏၊ အရှင် အကျွန်ုပ် မသိဟု ဆိုသည် ရှိသော် ကောင်းသော ခြသေ့ ငါသည် သားတစ်ခုကို ဖမ်းအံ့ဟု သွားရာ ချော်၍ ညွန်၌ ကျံနစ်၏၊ ထိုညွန်မှ ထွက်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ခုနစ်ရက် ပတ်လုံး အစာ မစားရဘဲ တည်ရ၏။ ထိုငါသည် ဤမြေခွေးကို မှီ၍ အသက်ကို ရ၏၊ ဤမြေခွေးသည် ငါ၏ အသက်ကို ပေးပေသော အဆွေခင်ပွန်းတည်း။ အဆွေခင်ပွန်းတို့၏ တရား၌ တည်အံ့သောငှါ စွမ်းနိုင်သော မြေခွေးကည်း။ ထိုစကားသည်မှန်၏၊ အဆွေခင်ပွန်းသည် အားနည်းသော မည်သည် မရှိ။ ဤနေ့မှ စ၍ ငါ၏ အဆွေခင်ပွန်း မြေခွေးအား လည်းကောင်း, အဆွေခင်ပွန်း ဖြစ်သော မြေခွေးမအား လည်းကောင်း, အဆွေခင်ပွန်းတို့၏ သားငယ်တို့အား လည်းကောင်း ဤသို့ အစရှိသော မထီမဲ့မြင် အမှုကို မပြုလင့်ဟု ဆို၍ ခြသေ့မင်းသည် ဤဂါထာကို ဆို၏—

၁၄။ အပိ စေပိ ဒုဗ္ဗလော မိတ္တော၊ မိတ္တဓမ္မေသု တိဋ္ဌတိ။
　　သော ဉာတကော စ ဗန္ဓု စ၊ သော မိတ္တော သော စ မေ သခါ။
　　ဒါဋ္ဌိနိ မာ’တိမညိတ္ထော၊ သိဂါလော မမ ပါဏဒေါ။

ခြသေ့မ အကယ်၍ အားနည်းငြားသော်လည်း အဆွေခင်ပွန်းသည် အဆွေခင်ပွန်းတို့၏ အကျင့်၌ တည်သော သူသည် ငါ၏ ဆွေမျိုးလည်း မည်၏၊ အဆွေခင်ပွန်းလည်း မည်၏၊ မိတ်ဆွေလည်း မည်၏၊ အပေါင်းအဖော် သူငယ်ချင်းလည်း မည်၏။ မြေခွေးသည် ငါ့အား အသက်ပေးထားသောကြောင့် အပေါင်းအဖော်ဖြစ်သော မြေခွေးကိုလည်းကောင်း, မြေခွေးမကို လည်းကောင်း သင်သည် မထီမဲ့မြင် မပြုလေလင့်။

ထိုခြသေ့မသည် ခြသေ့မင်း၏ စကားကို ကြား၍ မြေခွေးမကိုလည်း သည်းခံစေ၍ ထိုနေ့မှ စ၍ သားနှင့် တကွသော မြေခွေးမနှင့်တကွ အညီအညွတ် နေကြ၏။ ခြသေ့ငယ်တို့သည်လည်း မြေခွေးငယ်တို့နှင့်တကွ ကစားကုန်လျက် ဝမ်းမြောက်ဝမ်းသာ နေကုန်သည် ဖြစ်၍ မိဘတို့၏ လွန်သော ကာလ၌လည်း ချစ်ခင်လေးမြတ်ကြကုန်၏၊ အချစ် မပျက်ကုန်မူ၍သာလျှင် ဝမ်းမြောက်ဝမ်းသာ နေကြကုန်၏။ ထိုခြသေ့ မြေခွေးတို့အား အမျိုးခုနစ်ဆက် တိုင်အောင် မပျက်သော ချစ်ခြင်းသည်သာ ဖြစ်လာသတည်း။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူ

သည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မြေခွေး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးပြုမှု၊ ကျေးဇူးရ)

တစ်ရာငါးဆယ့်ခုနစ်ခုမြောက်သော ဂုဏဇာတ်သည် ပြီး၏။

---

## ၁၅၈-သုဟနုဇာတ်

### မြင်းစဉ်းလဲ နှစ်ကောင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နယိဒံ ဝိသမသီလေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုဟနုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကြမ်းကြုတ်ကုန်သော နှစ်ယောက်ကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ဇေတဝန်ကျောင်းတော်၌လည်း တစ်ယောက်သော ရဟန်းသည် ကြမ်းကြုတ်ရုန့်ရင်း၏၊ နိုင်ထက်ကလူမှုတတ်၏။ ဇနပုဒ်၌လည်း တစ်ယောက်သော ရဟန်းသည် ကြမ်းကြုတ်ရုန့်ရင်း၏၊ နိုင်ထက်ကလူမှုတတ်၏။ ထိုအခါ တစ်နေ့သ၌ ဇနပုဒ်နေ ရဟန်းသည် တစ်စုံတစ်ခုသော အမှုကြောင့်သာလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၏။ သာမဏေတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း ထိုဇနပုဒ်နေ ရဟန်း၏ ကြမ်းကြုတ်သည်၏ အဖြစ်ကို သိကုန်၍ ထိုသာမဏေရဟန်းငယ်တို့သည် ကြမ်းကြုတ်ကုန်သောရဟန်းနှစ်ပါးတို့၏ ခိုက်ရန်ဖြစ်ခြင်းကို မြင်ရကုန်အံ့ဟု အုတ်အုတ်ကျက်ကျက်အားဖြင့် ထိုဇနပုဒ်နေ ရဟန်းကို ဇေတဝန်ကျောင်းနေ ရဟန်း၏ ပရိဝုဏ်သို့ ပို့ကြကုန်၏။ ကြမ်းကြုတ်ကုန်သော ထိုနှစ်ပါးကုန်သော ရဟန်းတို့သည်လည်း အချင်းချင်း မြင်ကုန်၍လျှင် ချစ်ခင်ကြကုန်လျက် နေကြကုန်၏၊ ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်၏၊ လက်ကို ဆုပ်နယ်ခြင်း၊ ခြေကို ဆုပ်နယ်ခြင်း၊ ကျောက်ကို ဆုပ်နယ်ခြင်း အစရှိသည်တို့ကို ပြုကြကုန်၏။

ရဟန်းတို့သည် တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်းဟူမူကား ငါ့ရှင်တို့ ကြမ်းကြုတ်သော ရဟန်း နှစ်ပါးတို့သည် တစ်ပါးသူတို့၏ အပေါ်၌သာ ကြမ်းကြုတ်ရုန့်ရင်းကုန်၏၊ နှိုင်ထက်ကလူ မှုတတ်ကုန်၏။ အချင်းချင်းမူကား ထိုနှစ်ပါးကုန်သော ရဟန်းတို့သည် ညီညွတ်ကြကုန်သည်၊ ဝမ်းမြောက်ဝမ်းသာကုန်သည်၊ ချစ်လျက် နေကြကုန်သည် ဖြစ်ကုန်၏၊ ဤသို့စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းတို့သည် တစ်ပါးကုန်သောသူတို့၏ အပေါ်၌ သာလျှင် ကြမ်းကြုတ်ကုန်သည် ရုန့်ရင်းကုန်သည် နှိုင်ထက်ကလူ မှုတတ်ကုန်သည် ဖြစ်၍ အချင်းချင်းမူကား ညီညွတ်ကုန်သည် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည် ချစ်ခင်လျက် နေကြကုန်သည် မဟုတ်သေး။ ရှေး၌လည်း ထိုနှစ်ယောက်ကုန်သော ရဟန်းတို့သည် တစ်ပါးကုန်သော သူတို့၏ အပေါ်၌သာ ကြမ်းကြုတ်ရုန့်ရင်းကုန်သည် နှိုင်ထက်ကလူမှုတတ်ကုန်သည် ဖြစ်၍ အချင်းချင်းမူကား ညီညွတ်ကုန်သည် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည် ချစ်ခင်လျက် နေကြကုန်သည် ဖြစ်ဖူးကုန်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ခပ်သိမ်းသော ကိစ္စတို့ကို ပြီးစေတတ်သော အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်သည် ဖြစ်၏။ ထိုဗြဟ္မဒတ်မင်းသည်ကား စဉ်းငယ်ဥစ္စာကို မက်မောတတ်သော သဘောရှိ၏။ ထိုဗြဟ္မဒတ်မင်းအား မဟာသောဏ အမည်ရှိသော စဉ်းလဲသော မြင်းသည် ရှိ၏။ ထိုအခါ ဥတ္တရာပထ၌ နေကုန်သော မြင်းကုန်သည်တို့သည် မြင်းငါးရာတို့ကို ဆောင်ခဲ့ကုန်၏။ မြင်းတို့ လာသည်၏ အဖြစ်ကို မင်းအား ကြားလျှောက်ကုန်၏။ ထိုကာလမှ ရှေး၌ကား ဘုရားလောင်းသည် မြင်းတို့ကို အဖိုးဖြတ်၍ အရင်းဥစ္စာကို မလျော့စေမူ၍ ပေးစေ၏။ မင်းသည် ထိုအဖိုးရင်းကို မလျော့စေသည် ရှိသော် တစ်ပါးသော အမတ်ကို ခေါ်စေ၍ အချင်း သင်သည် မြင်းတို့ကို အဖိုးဖြတ်လော့။ အဖိုးဖြတ်သော်လည်း ရှေးဦးစွာ မဟာသောဏမြင်းကို အကြင်သို့သော အခြင်းအရာအားဖြင့် လွှတ်သည်ရှိသော် ထိုဥတ္တရာပထမြင်းတို့၏ အတွင်းသို့ ဝင်၏။ ထိုသို့သော အခြင်းအရာအားဖြင့် လွှတ်လိုက်၍ မြင်းတို့ကို ကိုက်စေ၍ အနာကို ပြုစေ၍ အားနည်းသော ကာလ၌ အဖိုးရင်းကို လျော့၍ မြင်းတို့ကို အဖိုးဖြတ်လော့ဟု ဆို၏။ ထိုအမတ်သည်

ကောင်းပြီဟု ဝန်ခံ၍ ထိမင်း ဆိုတိုင်း ပြု၏။ မြင်းကုန်သည်တို့သည် မနှစ်သက်ကုန်သည် ဖြစ်၍ ထိုဗြဟ္မဒတ်မင်းသည် ပြုအပ်သော အမှုအရာကို ဘုရားလောင်းအား ကြားကုန်၏။

ဘုရားလောင်းသည် သင်တို့၏ မြို့၌ စဉ်းလဲသော မြင်းသည် မရှိသလောဟု မေး၏။ အရှင် သုဟနု အမည်ရှိသော ကြမ်းကြုတ် ရုန်းရင်းသော စဉ်းလဲသော မြင်းသည် ရှိ၏ဟု ဆိုကုန်၏။ ထိုသို့တပြီးကား တစ်ဖန်လာကုန်သည် ရှိသော် ထိုသုဟနုအမည်ရှိသော မြင်းကို ဆောင်ခဲ့ကြကုန်လော့ဟု ဘုရားလောင်းသည် ဆို၏။ ထိုမြင်းကုန်သည်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ တစ်ဖန် လာသည် ရှိသော် ထိုသုဟနု အမည်ရှိသော မြင်းစဉ်းလဲကို ယူခဲ့၍ လာကုန်၏။ ဗြဟ္မဒတ်မင်းသည် မြင်းကုန်သည်တို့လာကုန်၏ဟု ကြား၍ ခြင်္သေ့ခံသောလေသွန်တံခါးကို ဖွင့်လှစ်၍ မြင်းတို့ကို ကြည့်၍ မဟာသောဏမြင်းကို လွတ်စေ၏။ မြင်းကုန်သည်တို့သည်လည်း မဟာသောဏမြင်းလာသည်ကို မြင်ကုန်၍ သုဟနုမြင်းကို လွှတ်ကုန်၏၊ ထိုမဟာသောဏမြင်း သုဟနုမြင်းတို့သည် တစ်စီးသည် တစ်စီးသို့ ရောက်ကုန်၍ ကိုယ်တို့ကို လျက်ကြကုန်လျက် ရပ်ကြကုန်၏။ ဗြဟ္မဒတ် မင်းသည် နှစ်စီးကုန်သော မြင်းစဉ်းလဲတို့ကို သင်သည် မြင်၏လော၊ ဤမြင်းစဉ်းလဲ နှစ်စီးတို့သည် တစ်ပါးကုန်သော မြင်းတို့၏ အပေါ်၌သာ ကြမ်းကြုတ် ရုန့်ရင်း ကုန်၏။ နိုင်ထက်ကလူ မှုတတ်ကုန်၏။ တစ်ပါးကုန်သော မြင်းတို့ကို ကိုက်ကုန်၍ နာသည်၏ အဖြစ်သို့ ရောက်စေတတ်ကုန်၏။ ယခုအခါ၌ အချင်းချင်းကား ကိုယ်ကို လျက်ကြကုန်လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၍ ရပ်ကြကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ်မည်သော အကြောင်းကြောင့်တုံနည်းဟု ဘုရားလောင်းကို မေး၏။ မြတ်သော မင်းကြီး ဤမြင်းနှစ်စီးတို့သည် မညီမျှသော အလေ့ရှိကုန်သည်လည်း မဖြစ်ကုန်၊ မညီမျှသော သဘောရှိကုန်သည်လည်း မဖြစ်ကုန်။ ထိုမြင်းနှစ်စီးတို့သည် တူမျှသော အလေ့ရှိကုန်သည်လည်း ဖြစ်ကုန်၏။ တူမျှသော သဘောရှိကုန်သည်လည်း ဖြစ်ကုန်၏ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၅။ နယိဒံ ဝိသမသီလေန၊ သောဏေန သုဟနူ သဟ။
သုဟနူပိ တာဒိသောယေဝ၊ ယော သောဏဿ သဂေါစရော။

၁၆။ ပက္ခန္ဒိနာ ပဂဗ္ဘေန၊ နိစ္စံ သန္ဒာနခါဒိနာ။
သမေတိ ပါပံ ပါပေန၊ သမေတိ အသတာ အသံ။

မြတ်သောမင်းကြီး သုဟနုမြင်းသည် သောဏမြင်းနှင့်အတူတကွချစ်ခြင်းကို မိမိ၏ မတူမျှသော အလေ့အားဖြင့် မပြု၊ မြတ်သောမင်းကြီး သောဏမြင်း၏

အခြားမြင်းတို့ကို ကိုက်လျက် ကျက်စားသော အကျင့်ရှိသလို သုဟနုမြင်းသည်လည်း ထိုသို့သော အကျင့်ရှိသည်သာတည်း။

မြတ်သောမင်းကြီး ထိုမြင်းနှစ်စီးတို့တွင် တစ်ကောင်နှင့် တစ်ကောင်သည် အခြားမြင်းတို့၏အပေါ်သို့ ပြေးလွှားသွားခြင်း အလေ့အထအားဖြင့် လည်းကောင်း၊ ကိုယ်၏ ရှုန့်ရင်း ကြမ်းတမ်းခြင်း စသည်နှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော ကောင်းသော အလေ့အထဖြင့်လည်းကောင်း၊ မိမိကို ချည်သောကြိုးကို အမြဲမကိုက်ဖြတ်သော အလေ့အထဖြင့်လည်းကောင်း တူမျှကြ၏၊ တစ်ကောင်နှင့် တစ်ကောင်သည် ယုတ်မာသော အလေ့လည်း တူကြ၏၊ မသူတော်တို့ အချင်းချင်း မကောင်းမှုပြုသော အရာလည်း တူကြ၏။

ဘုရားလောင်းသည် ဤသို့ ဆိုပြီး၍လျှင် မြတ်သော မင်းကြီး မင်းမည်သည်ကား အလွန်မက်မောတတ်သည် မဖြစ်ရာ၊ သူတစ်ပါး၏ဥစ္စာမည်သည်ကို ဖျက်ဆီးခြင်းသည် မအပ်ဟု ထိုမင်းကို ဆုံးမ၍ မြင်းတို့ကို အဖိုးဖြတ်၍ မှန်သော အဖိုးကို ပေးစေ၏။ မြင်းကုန်သည်တို့သည် သဘောအားလျော်သည်သာ ဖြစ်သော အဖိုးကို ရကုန်၍ ရွှင်လန်း နှစ်သက်ကုန်လျက် သွားကြကုန်၏။ မင်းသည် ဘုရားလောင်း အဆုံးအမ၌ တည်၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤမေ့ဒေသနာတော်ကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ကုန်သည်ရဟန်းကြမ်း နှစ်ယောက်တို့သည် ထိုအခါ မြင်းကြမ်း နှစ်စီးတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ်ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မသူတော်ချင်း၊ ပေါင်းဖက်လျှင်း၊ ချင့်ပြင်း ဆားနှယ်တွေ့)

တစ်ရာငါးဆယ့်ရှစ်ခုမြောက်သော သုဟနုဇာတ်သည် ပြီး၏။

၁၅၉-မောရဇာတ်

ရွှေဥဒေါင်းနှင့် ညွှတ်ကွင်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးစေ၍ ပေါင်းတတ်သော သဗ္ဗညူ မြတ်စွာဘုရားရှင်သည် "ဥဒေတယံ စက္ခုမာ ဧကရာဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမောရဇာတ်ကို ဇေတဝန် ကျောင်းတော်၌

သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော တစ်ယောက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုငြီးငွေ့သော ရဟန်းကို အဆွေခင်ပွန်း ဖြစ်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ဆောင်အပ်သည် ဖြစ်၍ ရဟန်း သင်သည် ငြီးငွေ့၏ ဟူသည်* မှန်သလော ဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်၍ အဘယ်ကို မြင်၍ ငြီးငွေ့သနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား တစ်ယောက်သော တန်ဆာဆင်ခြင်းနှင့်စပ်သော မိန်းမကို မြင်၍ ငြီးငွေ့ခြင်းဖြစ်ပါသည်ဟု လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမမည်သည်ကား သင်တို့ကဲ့သို့သော သူ၏ စိတ်ကို အဘယ့်ကြောင့် မလှုပ်ချောက်ချားစေနိုင်အံ့နည်း။ လှုပ်ချောက်ချား စေနိုင်သည်သာလျှင်တည်း။ ထိုစကားသည် မှန်၏၊ ရှေးပညာရှိတို့အား အနှစ်ခုနစ်ရာ တို့ပတ်လုံး ဖြစ်ကုန်သော ကိလေသာတို့သည် မိန်းမ၏ အသံကို ကြားလတ်သော် အခွင့်ကို ရကုန်၍ တစ်ခဏချင်းသာလျှင် ဖြစ်လာကုန်၏။ စင်ကြယ်ကုန်သော သတ္တဝါတို့ စဉ်လျက်လည်း ညစ်နွမ်းရကုန်သေး၏၊ မြတ်သော ဆန္ဒနှင့် ပြည့်စုံသော သူတို့ စဉ်လျက်လည်း အကျော်အစောမဲ့ခြင်း၏ အဖြစ်သို့ ရောက်ရကုန်သေး၏။ မစင်ကြယ်သော သူသည်ကား အဘယ်မှာ ဆိုဖွယ်ရှိအံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဥဒေါင်းအမျိုး၌ ပဋိသန္ဓေကို ယူ၍ အဥဖြစ်သော ကာလ၌လည်း မဟာလှေကား အငုံနှင့် တူသော အဆင်း ရှိသော ဥခွံရှိသည် ဖြစ်၍ ဥခွံကို ခွဲ၍ ပေါက်သည်ရှိသော် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည် ဖြစ်၏။ ရှုချင်ဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိ၏။ အတောင်ကြားတို့၌ နီနီတွေးတွေး ယုန်သွေး ဟင်္သပဒါး ဆွတ်၍ ထားသကဲ့သို့ အခြားဗားရေး တို့ဖြင့် ထူး၍ တင့်တယ်၏။ ထိုရွှေဥဒေါင်းသည် အသက်ကို စောင့်ရှောက်လို ရကား တောင်ရေးသုံးခုတို့ကို လွန်၍ လေးခုမြောက်သော တောင်ရေး၏ တစ်ခုသော ဒဏ္ဍက ရွှေတောင်အပြင်၌ နေခြင်းကို ပြု၏။

## ရွှေဥဒေါင်း၏ နေ့စဉ်ကျင့်ဝတ်

ထိုရွှေဥဒေါင်းသည် ညဉ့်၏ လင်းလတ်သောအခါ ရွှေတောင်ထိပ်၌ နေလျက် တက်လတ်သော နေမင်းကို ကြည့်၍ မိမိ၏ ကျက်စားရာမြေ၌ အစောင့်အရှောက် အရံအတား အကျိုးငှါ မြတ်သောမန္တရားကို ဖွဲ့လိုရကား ဤဂါထာကို ရွတ်၏–

၁၇။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတတ်သော မြတ်သော မင်းဖြစ်ထသော ရွှေအဆင်းနှင့် တူသော အဆင်း ရှိထသော မြေကြီးကို ထွန်းပစေတတ်ထသော ဤနေမင်းသည် အရှေ့ လောကဓာတ်မှ ထွက်လာသောကြောင့် ရွှေအဆင်းနှင့် တူသော အဆင်း ရှိသော မြေကြီးကို ထွန်းပစေတတ်သော ထိုရှင်နေမင်းကို ရှိခိုးပါ၏၊ ယနေ့ ရှင်နေမင်းသည် စောင့်ရှောက်သည် ဖြစ်၍ ငါတို့သည် ဤသို့ သဘောရှိသော နေ့ပတ်လုံး ချမ်းသာစွာ နေရပါလိုကုန်၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာဖြင့် နေမင်းကို ရှိခိုးပြီး၍ ဒုတိယ ဂါထာဖြင့် လွန်တော်မူလေကုန်ပြီးသော ပရိနိဗ္ဗာန်ပြုတော်မူကုန်ပြီးသော ဘုရား ရှင်တို့ကိုလည်းကောင်း, ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကိုလည်းကောင်း ရှိခိုးလို ရကား ဤဂါထာကို ရွတ်၏—

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

(ဣမံ သော ပရိတ္တံ ကတွာ၊ မောရော စရတိ ဧသနာ-ဟူသော ဤနှစ်ပါဒ ကိုကား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှ ဆက်၍ ဟောတော်မူ၏။)

မကောင်းမှုကို အပပြုတော်မူကုန်ပြီးထသော ခပ်သိမ်းသော တရားတို့ကို ဉာဏ်တော်အားဖြင့် ထင်ရှားသည်ကို ပြုတော်မူကုန်ပြီး၍ ဗောဓိဒုပြင်၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူကုန်ပြီးထသော မြတ်စွာ ဘုရားတို့သည် ရှိကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံယူလည်း ခံယူတော်မူစေကုန်သတည်း၊ ဤသို့ အကျွန်ုပ်သည် ရှိခိုးအပ် ကုန်သော မြတ်စွာဘုရားတို့သည် အကျွန်ုပ်ကို စောင့်လည်း စောင့်တော်မူစေ ကုန်သတည်း၊ ပရိနိဗ္ဗာန် ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့အား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ ထိုဘုရားရှင်တို့၏သာလျှင် မဂ်လေးတန် ဖိုလ်လေးတန်တို့၌ ဉာဏ်ဟု ဆိုအပ်သော ဗောဓိအား အကျွန်ုပ်၏ ရှိခိုးခြင်းသည်

ဖြစ်ပါစေသတည်း၊ အရဟတ္တဖိုလ်တည်းဟူသော ဝိမုတ္တိအားဖြင့် ဝိမုတ္တိရှိတော်မူကုန်သော ထိုဘုရားရှင်အားသာလျှင် အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်ပါစေသတည်း။ ထိုဘုရားရှင်တို့၏ ငါးပါးသော ဝိမုတ္တိအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်စေသတည်း။

ရဟန်းတို့ ထို ရွှေဥဒေါင်းမင်းသည် ဤအရံဇတားကို ပြု၍ အပွင့်အသီးစသော အထူးထူးသော အစာကို ရှာခြင်းငှါ သွား၏။

ရဟန်းတို့ ထိုရွှေဥဒေါင်းမင်းသည် ဤသို့ တစ်နေ့တစ်လုံး ကျက်စားရ၍ ညအခါ တောင်ထိပ်၌ နေ၍ ဝင်လေသော နေမင်းကို ကြည့်လတ် ဘုရားရှင်တို့၏ ဂုဏ်တော်ကို ဆင်ခြင်၍ နေရာအရပ်၌ အစောင့်အရှောက် အရံအတားအကျိုးငှါ တစ်ဖန် မြတ်သော မန္တရားကို ဖွဲ့ပြန်လိုရကား ဤဂါထာကို ရွတ်၏–

၁၈။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော၊
တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ။
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။

( ဣမံ သော ပရိတ္တံ ကတွာ၊ မောရော ဝါသမကပ္ပယိ-ဟူသော နှစ်ပါဒကိုလည်း ဘုရားအဖြစ်သို့ ရောက်တော်မူပြီးမှ ဆက်၍ ဟောတော်မူ၏။)

အလုံးစုံသော စကြဝဠာ၌ နေကုန်သော သူတို့အား မျက်စိအမြင်ကို ပေးတတ်ထသော မြတ်သော မင်းဖြစ်ထသော ရွှေအဆင်းနှင့် တူသော အဆင်းရှိသော မြေကြီးကို ထွန်းပစေတတ်ထသော ဤနေမင်းသည် ငင်သောကြောင့် ရွှေအဆင်းနှင့် တူသော အဆင်းရှိသော မြေကြီးကို ထွန်းပစေတတ်သော ထိုအရှင်နေမင်းကို ရှိခိုးပါ၏၊ ယနေ့ ရှင်နေမင်းသည် စောင့်ရှောက်အပ်ကုန်သည် ဖြစ်၍ အကျွန်ုပ်တို့သည် ဤသို့ သဘောရှိသော ညဉ့်ပတ်လုံး ချမ်းသာစွာ နေရပါလိုကုန်၏။

မကောင်းမှုကို အပပြုတော်မူကုန်ပြီးထသော ခပ်သိမ်းကုန်သော သင်္ခတ, အသင်္ခတ တရားတို့ကို ဉာဏ်တော်အားဖြင့် ထင်ရှားသည်တို့ကို ပြုတော်မူ

ကုန်၍ သံသရာကို လွန်တော်မူကုန်ပြီးထသော မြတ်စွာဘုရားတို့သည် ရှိတော်မူကုန်၏၊ မြတ်စွာဘုရားတို့သည် အကျွန်ုပ်၏ ရှိခိုးခြင်းကို ခံလည်း ခံတော်မူစေကုန်သတည်း၊ ဤသို့ ငါသည် ရှိခိုးအပ်ကုန်သော ထိုသို့ သဘောရှိကုန်သော မြတ်စွာဘုရားတို့သည် အကျွန်ုပ်ကို စောင့်လည်း စောင့်တော်မူစေကုန်သတည်း။ ပရိနိဗ္ဗာန် ပြုတော်မူကုန်ပြီးသော ဘုရားရှင်တို့အား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ ထိုဘုရားရှင်တို့၏သာ လျှင် မဂ်လေးတန် ဖိုလ်လေးတန်တို့၌ ဉာဏ်ဟု ဆိုအပ်သော ဗောဓိအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ အရဟတ္တဖိုလ် တည်းဟူသော ဝိမုတ္တိအားဖြင့် ဝိမုတ္တိ ရှိတော်မူကုန်သော ထိုဘုရားရှင်တို့အားသာလျှင် အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ ထိုဘုရားရှင်တို့၏ ငါးပါးသော ဝိမုတ္တိအား အကျွန်ုပ်၏ ရှိခိုးခြင်းသည် ဖြစ်စေသတည်း။

ရဟန်းတို့ ထိုရွှေဥဒေါင်းသည် ဤအရံအတားကို နေရာအရပ်၌ နေခြင်းကို ပြု၏။

ထိုရွှေဥဒေါင်းအား ညဉ့်၌ လည်းကောင်း၊ နေ့၌ လည်းကောင်း ဤသို့ သဘောရှိသော ပရိတ်၏ အာနုဘော်ကြောင့် ဘေးသည်လည်း မဖြစ်သည်သာလျှင်တည်း။ ကြက်သီးမွေးညင်း ထခြင်းသည်လည်း မဖြစ်သည်သာလျှင်တည်း။ ထိုအခါ ဗာရာဏသီပြည်၏ မနီးမဝေးသော အရပ်၌ မုဆိုးတို့၏ ရွာ၌ နေသော မုဆိုး တစ်ယောက်သည် ဟိမဝန္တာအရပ်၌ လှည့်လည်သည် ရှိသော် ထိုဒဏ္ဍကရွှေတောင်ထိပ်၌ နေသော ဘုရားအလောင်း ရွှေဥဒေါင်းကို မြင်လျှင် လာလတ်၍ သားအား ကြား၏။

## မိဖုရားလျှင် အိပ်မက်မြင်

ထိုအခါ တစ်နေ့သ၌ ဗာရာဏသီမင်း၏ ခေမာအမည်ရှိသော မိဖုရားသည် အိပ်မက်ဖြင့် ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ရွှေဥဒေါင်း တရားဟောသည်ကို မြင်မက်၍ နိုးသောကာလ၌ မင်းကြီးအား လျှောက်၏။ အဘယ်သို့ ကြားလျှောက်သနည်းဟူမူကား မြတ်သောမင်းကြီး အကျွန်ုပ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဥဒေါင်း၏ တရားကို နာလို၏ဟု လျှောက်၏။ မင်းသည် အမတ်တို့ကို မေး၏၊ အမတ်တို့သည် အရှင်မင်းကြီး ပုဏ္ဏားတို့သည် သိကုန်လတ္တံ့ဟု လျှောက်၏။ ပုဏ္ဏားတို့သည် ထိုစကားကို ကြားကုန်၍ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော ဥဒေါင်းတို့မည်သည် ရှိကုန်၏ဟု လျှောက်ကြကုန်၍ အဘယ်အရပ်၌ ရှိသနည်းဟု မေးသည် ရှိသော် အရှင်မင်းကြီး မုဆိုးတို့သည် သိကုန်လတ္တံ့ဟု လျှောက်ကုန်၏။ မင်းကြီးသည် မုဆိုး

တို့ကို စည်းဝေးစေ၍ မေး၏။ ထိုအခါ ထိုမုဆိုး၏ သားသည် မြတ်သော မင်းကြီး ဒက္ခိဏ အမည်ရှိသော ရွှေတောင်သည် ရှိ၏။ ထိုရွှေတောင်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ရွှေဥဒေါင်းသည် နေ၏ဟု လျှောက်၏။

## ရွှေဥဒေါင်းကို ဖမ်းခန်း

အို မုဆိုး ထိုသို့တပြီးကား သင်သည် ထိုဥဒေါင်းကို မသတ်ဘဲ နှောင်ဖွဲ့၍ သာလျှင် ဆောင်ခဲ့လော့ဟု ဆို၏။ ထိုမုဆိုးသည် သွား၍ ထိုရွှေဥဒေါင်း၏ ကျက်စားရာမြေ၌ ကျော့ကွင်းတို့ကို ထောင်၏။ ဥဒေါင်းသည် နင်းရာမှာရပ်၌လည်း ကျော့ကွင်းသည် မရွေ့၊ မုဆိုးသည် ဖမ်းအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ခုနစ်နှစ်တို့ပတ်လုံး ထိုအရပ်၌သာလျှင် ကျက်စား၍ သေလေ၏။ ခေမာ မိဖုရားသည်လည်း တောင့်တအပ်သော ရွှေဥဒေါင်းကို မရရ၍ သေ၏။

## မင်းကြီး၏ တရားမဲ့ ရွှေပေလွှာ

မင်းသည် ဥဒေါင်းကို မှီ၍ ငါ၏ မိဖုရား သေလွန်ရ၏ဟု အမျက်ထွက်၍ ဟိမဝန္တာအရပ်၌ ဒက္ခိဏမည်သော ရွှေတောင်သည် ရှိ၏။ ထိုရွှေတောင်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောဥဒေါင်းသည် နေ၏။ အကြင်သူတို့သည် ထိုရွှေဥဒေါင်း၏ အသားကို စားရကုန်၏။ ထိုသူတို့သည် မအိုသည် ဖြစ်ကုန်၏၊ မသေသည် ဖြစ်ကုန်၏ဟု အက္ခရာကို ရွှေပြား၌ ရေးသားစေ၍ ရွှေတံတင်း၌ ထားစေ၏။ ထိုမင်းသည် စုတေသည် ရှိသော် တစ်ပါးသော မင်းသည် မင်းအဖြစ်သို့ ရောက်သည် ဖြစ်၍ ရွှေပြား၌ ရေးထားသော အက္ခရာကို ဖတ်စေ၍ ငါသည် မအိုသည် မသေသည် ဖြစ်ရအံ့ဟု တစ်ပါးသော မုဆိုးကို စေလွှတ်၏။ ထိုမုဆိုးသည်လည်း သွားလေ၍ ဘုရားလောင်းကို ဖမ်းအံ့သောငှါ မတတ်နိုင်၍ ထိုအရပ်၌သာလျှင် သေလေ၏။ ထိုသို့သော နည်းဖြင့်သာလျှင် မင်းခြောက်ဆက် လဲသည်၏ အဖြစ်သို့ ရောက်၏။

## မ အသံ

ထိုအခါ၌ ခုနစ်ဆက်မြောက်ဖြစ်သော မင်းသည် မင်းအဖြစ်သို့ ရောက်၍ မုဆိုးတစ်ယောက်ကို စေလိုက်၏။ ထိုမုဆိုးသည် သွားလေ၍ ဘုရားလောင်းသည် နင်းရာအရပ်၌လည်း ကျော့ကွင်း၏ မရွေ့သည်အဖြစ်ကို သိ၍ မိမိ၏ အကျိုးငှါ အရံအတားကို ပြု၍ ထိုရွှေဥဒေါင်း၏ ကျက်စားရာမြေသို့ သွားခြင်းကိုလည်း သိ၍ အရပ်စွန်းသို့ သက်ခဲ့၍ တစ်ခုသော ဥဒေါင်းမကို ဖမ်း၍ အကြင်သို့သော အခြင်းအရာအားဖြင့် သင်အပ်သည် ရှိသော် ဥဒေါင်းမသည် လက်ခုပ်တီးသံဖြင့် က၏။ လက်ဖျစ်တီးသံဖြင့်လည်း ဝန်၏။ ထိုသို့သော အခြင်းအရာအားဖြင့် သင်ပြီးလျှင် ထိုဥဒေါင်းမကို ယူ၍ သွားလေ၍ ရွှေဥဒေါင်းသည်

အရံအတားကို မပြုမီ စောစောကသျှင် ကျော့ကွင်းကို ကျော့ကွင်းတံသို့ တင်၍ ကျော့ကွင်းတို့ကို ထောင်၍ ဥဒေါင်းမကို တွန်စေ၏။ ရွှေဥဒေါင်းသည် သဘော မတူသော ဥဒေါင်းမ၏ အသံကို ကြား၍ ကိလေသာဖြင့် ကြင်နာသည် ဖြစ်၍ ပရိတ်ကို ပြုအံ့သောငှါ မစွမ်းနိုင်ဘဲ သွားလေလျှင် ကျော့ကွင်း၌ မိ၏။ ထိုဘုရားလောင်းကို မုဆိုးသည် ဖမ်း၍ သွားပြီးလျှင် မင်းအား ဆက်၏။ မင်းသည် ထိုရွှေဥဒေါင်း၏ အဆင်း၏ ပြည့်စုံခြင်းကို မြင်၍ နှစ်သက်သောစိတ် ရှိသည် ဖြစ်၍ နေရာကို ပေးစေ၏။ ဘုရားအလောင်းသည် ခင်းအပ်သော နေရာ၌ နေ၍ မြတ်သော မင်းကြီး အဘယ့်ကြောင့် ငါ့ကို ဖမ်းစေသနည်းဟု မေး၏။

ရွှေဥဒေါင်း အကြင်သူတို့သည် သင်၏ အသားကို စားရကုန်၏။ ထိုသူတို့သည် မအိုကုန်သည် မသေကုန်သည် ဖြစ်၏ဟု ငါကြားရ၏။ ထိုငါသည် သင်၏ အသားကို စား၍ မအိုမသေ ဖြစ်လို၍ သင့်ကို ဖမ်းစေ၏ဟု ဆို၏။ မြတ်သော မင်းကြီး ငါ၏ အသားကို စားရကုန်သော သူတို့သည် မအိုကုန်သည် မသေကုန်သည် ဖြစ်စေကုန်ဦးတော့ ငါသည်မူကား သေရအံ့။ ဤသို့ ငါသည် သေတတ်သော သဘောရှိလျက် ငါ၏ အသားကို စားကုန်သော သူတို့သည် အဘယ် အကြောင်းကြောင့် မသေကုန်လတ္တံ့နည်းဟု ဆိုသည် ရှိသော် ဥဒေါင်းမြတ် သင်သည် ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏။ ထို့ကြောင့် သင်၏ အသားကို စားရကုန်သော သူတို့သည် မအိုမသေကုန်သည် ဖြစ်ကုန်လတ္တံ့ဟု ဆိုလေ၏။ မြတ်သောမင်းကြီး ငါသည် အကြောင်းမဲ့ ရွှေအဆင်းနှင့်တူသောအဆင်းရှိသည် မဟုတ်၊ ရှေး၌ကား ငါသည် ဤမြို့၌သာလျှင် စကြာဝတေးမင်း ဖြစ်၍ မိမိသည်လည်း ပဉ္စသီလတို့ကို စောင့်ခဲ့ဖူး၏။ အလုံးစုံသော စကြာဝဠာ၌ နေကုန်သော သူတို့ကိုလည်း စောင့်စေဖူး၏။ ထိုငါသည် စုတေ၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ခဲ့ဖူး၏။ ထိုတာဝတိံသာနတ်ပြည်၌ အသက်ထက်ဆုံးတည်၍ ထိုတာဝတိံသာ နတ်ပြည်မှ စုတေသည် ရှိသော် တစ်ပါးသော အကုသိုလ်အကျိုးဆက်ကြောင့် ဥဒေါင်းမျိုး၌ ဖြစ်သော်လည်း ရှေး၌ ဆောက်တည်ခဲ့ဖူးသော သီလ၏ အာနုဘော်ကြောင့် ရွှေအဆင်းနှင့် တူသော အဆင်းရှိသည် ဖြစ်၏ဟု ဆိုသည် ရှိသော် ဥဒေါင်းမြတ် သင်သည် စကြာဝတေးမင်းဖြစ်၍ သီလကို စောင့်ရှောက်၍ သီလ၏ အာနုဘော်ကြောင့် ရွှေအဆင်းနှင့် တူသော အဆင်းရှိသည် ဖြစ်၏ဟု ဆို၏။

သင်၏ စကားကို အဘယ်သို့သော အကြောင်းကြောင့် ငါတို့သည် ယုံကြည် အပ်သနည်း၊ တစ်စုံတစ်ခုသော သက်သေရှိ၏လောဟု ဆို၏။ မြတ်သော မင်းကြီး ရှိ၏ဟု ဆိုသည်ရှိသော် အဘယ်မည်သော သက်သေနည်းဟု မေး၏။ မြတ်သောမင်းကြီး ငါသည် စကြာဝတေးမင်းဖြစ်သော ကာလ၌ ရတနာဖြင့် ပြီးသော ရထား၌ စီး၍ ကောင်းကင်ခရီးဖြင့် သွားဖူး၏၊ ငါ၏ ထိုရတနာ ရထားကို မင်္ဂလာရေကန်၏ မြေအတွင်း၌ မြှုပ်စေအပ်၏။ ထိုရတနာရထားကို

မင်္ဂလာရေကန်မှ ဖော်စေလော့၊ ထိုရတနာရထားသည် ငါ၏သက်သေဖြစ်လတ္တံ့ဟု ဆိုသည်ရှိသော် မင်းသည် ကောင်းပြီဟု ဝန်ခံ၍ မင်္ဂလာရေကန်မှ ရေကို ပယ်စေပြီးလျှင် ရတနာရထားကို ဆောင်ခဲ့စေ၍ မင်းသည် ထိုအခါ၌ ဘုရားလောင်းအား ယုံကြည်၏။

မမှုမိုက်ဆေး တိုက်ကျွေးသ

ဘုရားလောင်းသည် မြတ်သောမင်းကြီး အမှိုက်ဖြစ်သော မဟာနိဗ္ဗာန်ကို ထား၍ ကြွင်းသော ခပ်သိမ်းကုန်သော သခ်တတရားတို့သည် ဖြစ်ကုန်၍ အမြဲမဟုတ်သော သဘောရှိကုန်၏။ မမြဲသည်ဖြစ်ကုန်၏။ ကုန်တတ်ပျက်တတ်သော သဘောရှိကုန်သည်သာလျှင် ဖြစ်ကုန်၏ဟု မင်းအား ပြရေးဟော၍ မင်းကို ငါးပါးကုန်သော သီလတို့၌ တည်စေ၏။ မင်းသည် ကြည်ညိုသည်ဖြစ်၍ ဘုရားလောင်းကို မင်းအဖြစ်ဖြင့် ပူဇော်၏။ ထိုဘုရားလောင်းသည် မင်းအဖြစ်ကို ထိုမင်းအားသာလျှင် အပ်နှင်းပြီးလျှင် နှစ်ရက်သုံးရက်နေ၍ မြတ်သောမင်းကြီး မမေ့မလျော့ ဖြစ်ရစ်လောဟု ဆုံးမ၍ ကောင်းကင်၌ ပျံ၍ ဒဏ္ဍကရွှေတောင်သို့ သွားလေ၏။ မင်းသည်လည်း ဘုရားလောင်းအဆုံးအမ၌ တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ သစ္စာတို့ကို ပြတော်မူသောအဆုံး၌ ငြီးငွေ့သော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရွှေဥဒေါင်းဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မနှင့်ဖက်က မိုက်ဖက်ပါ)

တစ်ရာငါးဆယ့်ကိုးခုမြောက်သော မောရဇာတ်သည် ပြီး၏။

---

၁၆၀-ဝိနီလဇာတ်

ဟသ်ာညီနောင်နှင့် ကျီးဟသ်ာ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝေမေဝ နူန ရာဇာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိနီလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ ဘုရားအတုပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် ဂယာသီသသို့ ရောက်လာကုန်သော နှစ်ပါးကုန်သော အဂ္ဂသာဝကတို့အား ဘုရားအသွင်ကို ပြု၍ အိပ်သည်ရှိသော် မထေရ်မြတ်နှစ်ပါးတို့သည်လည်း တရားကို ဟောကုန်၍ မိမိတို့၏ တပည့်တို့ကို ယူကုန်၍ ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် သာရိပုတ္တရာ မောဂ္ဂလာန်တို့ ဒေဝဒတ်သည် သင်တို့ကို မြင်၍ အသို့ပြုသနည်းဟု မြတ်စွာဘုရားသခင် မေးအပ်သည် ရှိသော် အရှင်ဘုရား မြတ်စွာဘုရားအသွင်ကို ပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရား၏ အတုပြုစ်သော အမူအရာကို ပြု၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေး၌လည်း ရောက်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ သာရိပုတ္တရာ မထေရ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

သာရိပုတ္တရာ လွန်လေပြီးသောအခါ ဝိဒေဟတိုင်း မိထိလာပြည်၌ ဝိဒေဟတိုင်းသူတို့ကို အစိုးရသော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဝိဒေဟမင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌တည်၏။ ထိုအခါ၌ တစ်ခုသော ရွှေဟင်္သာမင်း၏ ကျက်စားရာမြေ၌ ကျီးမနှင့်တကွ ပေါင်းဖော်ခြင်းသည် ဖြစ်၏။ ထိုကျီးမသည် သားကို ဖွား၏။ ထိုငှက်ငယ်သည် အမိနှင့်လည်းမတူ အဘနှင့်လည်း မတူသလျှင်ကတည်း။ထိုအခါ၌ ထိုငှက်ငယ်အား မညိုမရွှေသော သဘောရှိသည်၏ အဖြစ်ကြောင့် ဝိနီလကဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏။ ရွှေဟင်္သာမင်းသည် မပြတ်လာ၍ သားကို ကြည့်၏။ ထိုရွှေဟင်္သာမင်းအားကား တစ်ပါးကုန်သော နှစ်ခုကုန်သော ဟင်္သာငယ် ဖြစ်ကုန်သော သားတို့သည် ရှိကုန်၏။ ထိုဟင်္သာငှက်ငယ်တို့သည် အဘဖြစ်သော ရွှေဟင်္သာမင်းကို မပြတ် လူ့ပြည်လမ်းသို့ ပျံသွားလေသည်ကို မြင်ကုန်၍ မေးကုန်၏။ အဘယ်သို့ မေးကုန်သနည်းဟူမူကား ဖခင် သင်တို့သည် အဘယ့်ကြောင့် မပြတ် လူ့ပြည်လမ်းခရီးသို့ သွားကုန်သနည်းဟု မေးကုန်၏။

ချစ်သားတို့ ငါ့အား ကျီးမတစ်ကောင်နှင့်တကွ ပေါင်းဖော်ခြင်းကို စွဲ၍ တစ်ကောင်သော သားသည် ဖြစ်၏။ ထိုငါ့သားအား ဝိနီလကဟူသော အမည်ကို မှည့်ကုန်၏။ ငါသည် ထိုဝိနီလကကို ကြည့်အံ့သောငှါ သွား၏ဟု ဆို၏။ ဖခင် ထိုဝိနီလကသည် အဘယ်အရပ်၌လျှင် နေသနည်းဟု မေးကုန်၏။ ချစ်သားတို့ ဝိဒေဟတိုင်း မိထိလာပြည်၏ မနီးမဝေးသော အရပ်၌ ဤအမည်ရှိသော တစ်ခုသော ထန်းပင်ဖျား၌ နေ၏ဟုဆို၏။ဖခင် လူတို့ကျက်စားရာ အရပ်မည်သည်ကား

ရွှံရှာဖွယ် ရှိ၏။ ဘေးဘျမ်းနှင့်တကွ ဖြစ်၏။ သင်ဖခင်တို့သည် မသွားကုန်လင့်။ ကျွန်ုပ်တို့သည် သွားကုန်၍ ထိုဝိနီလကကို ဆောင်ချေကုန်အံ့ဟု ဆိုကုန်၍ ဟသ်ာငှက် နှစ်ကောင်တို့သည် အဘဖြစ်သော ရွှေဟသ်ာမင်း ကြားလိုက်သော အမှတ်ဖြင့် ထိုအရပ်သို့ သွားကုန်၍ ထိုဝိနီလကကို တစ်ခုသော တုတ်တံ၌ စီးစေ၍ နှုတ်သီးဖြင့် တုတ်တံစွန်း၌ ကိုက်၍ မိထိလာမြို့၏ အပေါ် ကောင်းကင် ခရီးဖြင့် ဆောင်ကုန်၏။ ထိုခဏ၌ ဝိဒေဟမင်းသည် အလုံးစုံဖြူသော သိန္ဓောမြင်း လေးစီး ကသော မြတ်သော ရထား၌ စီး၍ မြို့ကို လက်ယာရစ် လှည့်သည်ကို ပြု၏။ ဝိနီလကသည် ထိုဝိဒေဟမင်းကို မြင်၍ ငါ့အား ဝိဒေဟမင်းနှင့် အဘယ်မှာ ထူးအံ့နည်း။ ဤဝိဒေဟရာဇ်မင်းသည် သိန္ဓောမြင်းလေးစီး ကသော ရထား၌ စီး၍ မြို့ကို လှည့်၏။ ငါသည် တစ်မူကား ဟသ်ာ ကသော ရထား၌ စီး၍ သွားရအံ့ဟု ကြံ၏။ ကြံ၍ ကောင်းကင်ဖြင့် သွားလျက် ဤဂါထာကို ဆို၏—

၁၉။ ဧဝမေဝ နူန ရာဇာနံ၊ ဝေဒေဟံ မိထိလဂ္ဂဟံ။
အဿာ ဝဟန္တိ အာဇညာ၊ ယထာ ဟံသာ ဝိနီလကံ။

သေသေချာချာ ပြန်တွေးကြည့်လိုက်တော့ ဝိဒေဟတိုင်း၏ အရှင်ဖြစ်သော မိထိလာပြည်၌ အိမ်ကို သိမ်းပိုက်၍ နေသော မင်းကို အကြောင်း ဟုတ်သည်၊ မဟုတ်သည်ကို သိတတ်ကုန်သော မြင်းတို့သည် ဆောင်ကုန်သည်သကဲ့သို့ ထိုအတူ လျှင် ဝိနီလကမည်သော ငါ့ကို ဤဟသ်ာမျိုး ညီနောင်တို့သည် ဆောင်ကြကုန်၏။

ဟသ်ာငယ် ညီနောင်တို့သည် ထိုဝိနီလက၏ စကားကို ကြားကုန်၍ အမျက်ထွက်၍ ဤအရပ်၌သာလျှင် ထိုဝိနီလကကို ချကုန်၍ သွားကုန်အံ့ဟု စိတ်ကို ဖြစ်စေကုန်၍ ဤသို့ ပြုသည်ရှိသော် ငါတို့အား အဘသည်အသို့ဆိုလတ္တံ့ နည်းဟု ကဲ့ရဲ့အံ့သည်မှကြောက်သောကြောင့် အဘ၏အထံသို့ဆောင်ကုန်၍ ထိုဝိနီလက သည် ပြုအပ်သော အမူအရာကို အဘအား ကြားကုန်၏။ ထိုအခါ၌ ထိုဝိနီလကကို အဘသည် အမျက်ထွက်၍ သင်သည်ငါ၏သားတို့ထက် အလွန်မြတ်သလော။ ငါ၏သားတို့ကို နှိပ်စက်၍ ရထား၌ ကကုန်သော သိန္ဓောမြင်းတို့ကို ကဲ့သို့ ပြုဘိ၏။ မိမိ၏ ပမာဏကို မသိ၊ ဤအရပ်သည် သင်၏ ကျက်စားရာ အရပ် မဟုတ်။ သင့်အမိ၏ နေရာအရပ်သို့သာလျှင် သွားလေလော့ဟု ခြိမ်းခြောက်၍ ဤဂါထာကို ဆို၏—

၂၀။ ဝိနီလ ဒုဂ္ဂံ ဘဇသိ၊ အဘူမိံ တာတ သေဝသိ။
ဂါမန္တကာနိ သေဝဿု၊ ဧတံ မာတာလယံ တဝ။

အချင်းဝိနီလက သင်သည် ဤဟင်္သာတို့၏ အစွမ်းအားဖြင့် ရောက်နိုင်ခဲ့သော တောင်မြောင် ချောက်ကြားအရပ်သို့ ရောက်လာ၏။ သင်၏အရာမဟုတ်သော မြေအရပ်ကို သင်သည် မှီဝဲလာ၏။ သင်သည် ရွာစွန်ရွာနား အရပ်တို့ကို မှီဝဲလေလော့။ သင်သည် ထိုသို့သဘောရှိသော မစင်တော အကောင်ပုပ် စွန့်ပစ်ရာ အရပ်ဖြစ်သော သင့်အမိ ကျီးမ နေရာအရပ်သို့ သွားလေလော့။

ဤသို့ ထိုဝိနီလကကို ခြိမ်းခြောက်၍ ရွှေဟင်္သာငယ်တို့ သင်တို့သည် သွားကြကုန်။ ထိုဝိနီလကကို မိထိလာမြို့၏ မစင်စွန့်ရာ အရပ်၌သာလျှင် ချခဲ့၍ လာကြကုန်လောဟု သားတို့ကို စေလိုက်၏။ ထိုရွှေဟင်္သာငယ်တို့သည် ထိုအဖ ရွှေဟင်္သာမင်း ဆိုတိုင်းသာလျှင် ပြုကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သာရိပုတ္တရာ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကျီးမ သား ဝိနီလကဖြစ်ဖူးပြီ။ ယခုအခါ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် ထိုအခါ ရွှေဟင်္သာမျိုး ညီနောင်စုံတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ အဖဖြစ်သော ရွှေဟင်္သာမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝိဒေဟမင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မတူဘဲတု၊ ပျက်စီးမှု၊ ကြည့်ရှုဆင်ခြင်တွေ့)

တစ်ရာ့ခြောက်ဆယ်ခုမြောက်သော ဝိနီလကဇာတ်သည် ပြီး၏။

၁-ဒဠှဝဂ် ပြီး၏။

## ၂-သန္ထဝဂ်

### ၁၆၁-ဣန္ဒသမာနဂေါတ္တဇာတ် (ရသေ့နှင့်ဆင်)

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "န သန္ထဝံ ကာပုရိသေန ကရိယာထ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဣန္ဒသမာနဂေါတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆုံးမခက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်း၏ဝတ္ထုသည် နဝကနိပါတ် ဂိဇ္ဈဇာတ်၌ထင်စွာဖြစ်လတ္တံ့။ ဒေထူးဂ ား မြတ်စွာဘုရားသည် ရဟန်းသင်သည်ကား ရှေး၌ သည်း ဆုံးမခက်သော သဘောရှိသည်အဖြစ်ကြောင့် ပညာရှိတို့၏ စကားကို နားမထောင်သောကြောင့် အမုန်ယစ်သော ဆင်သည် ခြေတို့နှင့် မှုန်မှုန်ညက်ညက် ပြုအပ်လေပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြု သည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ကြီး ခြင်းသို့ ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကို ပယ်ပြီးလျှင် ရသေ့ရဟန်း ပြု၍ ငါးရာကုန်သော ရသေ့တို့၏ ဂိုဏ်းဆရာကြီးဖြစ်၍ ဟိမဝန္တာဒေသ၌ နေခြင်းကိုပြု၏၊ ထိုအခါ၌ ထိုရသေ့အပေါင်းတို့တွင် ဣန္ဒသမာနဂေါတ္တ ဒေမည် ရှိသော ပ စ်ယောက်သော ရသေ့သည် ဆုံးမခက်သည် အဆုံးအမကို မခံယူ သည် ဖြစ်၏။ ထိုဣန္ဒသမာနဂေါတ္တ ရသေ့သည် ဆင်ငယ်တစ်စီးကို မွေး၏။ ဘုရားလောင်းသည် ထိုစကားကြား၍ ထိုဣန္ဒသမာနဂေါတ္တရသေ့ကို ခေါ်စေ၍ ရသေ့ သင်သည် ဆင်ငယ်ကိုမွေး၏ဟူ၍ ငါကြားသည် မှန်သလောဟု မေး၏။ ဆရာ မှန်ပေ၏၊ အမိသေသော ဆင်ငယ်တစ်စီးကို မွေး၏ဟု ဆိုသည်ရှိသော် ရသေ့ ဆင်တို့မည်သည်ကား ကြီးခြင်းသို့ရောက်ကုန် သည်ရှိသော် မွေးမြူသော အမျှင်ကိုသာလျှင် သတ်တတ်ကုန်၏။ သင်သည် ထိုဆင်ငယ်ကို မမွေးလင့်ဟု ဆို၏။ ဆရာ ထိုဆင်ငယ်နှင့် ကင်း၍ နေခြင်းငှါ မတတ်နိုင်ဟု ဆိုသည်ရှိသော် ထိုသို့ တပြီးကား ထင်ရှားလတ္တံ့ဟု ဆို၏။ ထိုဣန္ဒသမာနဂေါတ္တသည် မွေးအပ် သော ထိုဆင်ငယ်သည် နောင်အခါ၌ ကြီးသော ကိုယ်ရှိသည် ဖြစ်၏၊ ထိုသို့ ကြီးလတ်သည်ရှိသော် အခါတစ်ပါး၌ ရသေ့တို့သည် တော၌ ဖြစ်သော သစ်မြစ် သစ်သီး ကြီးငယ် အကျိုးငှါ ဝေးသော အရပ်သို့ သွားကုန်၍ ထိုအရပ်၌သာလျှင် နှစ်ရက်သုံးရက် နေကုန်၏။

ဆင်သည်လည်း ရှေးဦးစွာသော တောင်လေသည် လာသည်ရှိသော် မုန်ယို သည်ဖြစ်၍ ထိုဣန္ဒသမာနဂေါတ္တ ကျောင်းသို့ ဝင်၍ ရေအိုးကုန်ခွဲ၍ ကျောက် ပျဉ်ကို ပစ်၍ တံကဲပျဉ်ကို နုတ်၍ ထိုရသေ့ကို သတ်၍သာလျှင် သွားအံ့ဟု တခုသော တောအရပ်သို့ ဝင်၍ ထိုဣန္ဒသမာနဂေါတ္တရသေ့၏ လာလတ္တံ့ သော ခရီးသို့ ကြည့်လျက် ရပ်၏။ ထိုဣန္ဒသမာနဂေါတ္တရသေ့သည် ထို ဆင်၏ အကျိုးငှါ အစာကိုယူ၍ ခပ်သိမ်းကုန်သောရသေ့တို့၏ ရှေ့မှသာလျှင် လာလတ်သည်ရှိသော် ထိုဆင်ကို မြင်၍ ပကတိသော အမှတ်ဖြင့်သာလျှင် ထို ဆင်၏အထံသို့ သွား၏။ ထိုအခါ၌ ထိုဣန္ဒသမာနဂေါတ္တကို ထိုဆင်သည် တောအုပ်

အရပ်မှ ထွက်၍ နှာခေါင်းဖြင့် မြဲစွာကိုင်ပြီးလျှင် မြေ၌ ပုတ်ခတ်၏။ ဦးခေါင်းကို ခြေဖြင့်နင်း၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ကြိုးကြာသံနှင့်တူသော မြည်ခြင်းကို ပြု၍ တောသို့ ဝင်လေ၏။ ကြွင်းကုန်သော ရသေ့တို့သည် ထိုအကြောင်းကို ဘုရားလောင်းအား ကြားကုန်၏။ ဘုရားလောင်းသည် စက်ဆုပ်ဖွယ်ရှိသော ယောကျ်ားနှင့်တကွ ပေါင်းဖော်ခြင်းကို မပြုအပ်ဟု ဆို၍ ဤဂါထာတို့ကိုဆို၏—

၂၁။　န သန္ထဝံ ကာပုရိသေန ကယိရာ
　　အရိယော အနရိယေန ပဇာနမတ္ထံ။
　　စိရာနုဝုတ္ထောပိ ကရေ တိ ပါပံ၊
　　ဂဇော ယထာ ဝုန္နသ မာနဂေါ္တံ။

၂၂။　ယံ တွေဝ ဇညာ သဒိသော မမန္တိ၊
　　သီလေန ပညာယ သုတေန စ ပိ။
　　တေနေဝ မေတ္တိံ ကယိရာထ သဒ္ဓိံ၊
　　သုခေါဟဝေ သပ္ပုရိသေန သင်္ဂမော။

အံ့ရသေ့ဘို့ အကျိုးစီးပွားကို သိသော ကောင်းသော အကျင့်၌ တည်သော ပုဂ္ဂိုလ်သည် သူတော်မဟုတ်သော စက်ဆုပ်ရွံရှာဖွယ်သော ပုဂ္ဂိုလ်နှင့်တကွ ပေါင်းဖော်ခြင်းကို မပြုရ။ အဘယ့်ကြောင့် မပြုအပ်သနည်းဟူမူ ဝုန္နသမာနဂေါတ္တရသေ့သည် မွေးမြူအပ်သော ဆင်သည် ဝုန္နသမာနဂေါတ္တရသေ့ကို သတ်လျက် ယုတ်မာသော အမှုကို ပြုသကဲ့သို့ ထိုအတူ အရိယာ မဟုတ်သော ပုဂ္ဂိုလ်သည် ကြာမြင့်စွာ အတူတကွ နေသော်လည်း ယုတ်မာသော အမှုကို ပြုတတ်သောကြောင့် ပေါင်းဖော်ခြင်းကို မပြုရာ။

မိမိနှင့် သီလအားဖြင့် လည်းကောင်း, ပညာအားဖြင့် လည်းကောင်း, အကြားအမြင် အားဖြင့် လည်းကောင်း, တူသော ပုဂ္ဂိုလ်ကို သိ၍ ထိုပုဂ္ဂိုလ်နှင့်သာ အတူတကွ မိတ်ဖွဲ့ခြင်းကို ပြုရာ၏။ အဘယ့်ကြောင့်နည်းဟူမူ— သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် စင်စစ် ချမ်းသာသောကြောင့် ထိုပုဂ္ဂိုလ်နှင့်သာလျှင် အတူတကွ မိတ်ဖွဲ့ခြင်းကို ပြုရာ၏။

ဤဂါထာနှစ်ခုဘို့၏ အစပါင်းဖြင့် ဘုရားလောင်း၏ အဆုံးအမကို မခံမယူသော မည်သည် မဖြစ်ရာ။ ပညာရှိတို့ ဆုံးမတိုင်း ကောင်းစွာ ကျင့်ရာ၏ဟု ရသေ့အပေါင်းကို ဆုံးမ၍ ဝုန္နသမာနဂေါတ္တ၏ အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ ဗြဟ္မဝိဟာရတို့ကို ပွါးစေ၍ ဗြဟ္မာ့ပြည်သို့လား၏။

### ဇာတ်ပေါင်း

သဗ္ဗညူမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဤဆုံးမခက်သော ရဟန်းသည် ထိုအခါ ဣန္ဒသမာနဂေါတ္တရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့အပေါင်းတို့၏ဆရာ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ဆုံးမ ခက်ခဲ၊ ပျက်စီးမြဲ၊ သေပွဲနောက်ဆုံးတွေ့)။

တစ်ရာခြောက်ဆယ့်တစ်ခုမြောက်သော ဣန္ဒသမာနဂေါတ္တဇာတ်သည်ပြီး၏။

---

## ၁၆၂-သန္ထဝဇာတ် (ရသေ့နှင့်မီး)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် န သန္ထဝသ္မာ ပရံမတ္ထိ ပါပိယော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသန္ထဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မီးပူဇော်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤဝတ္ထုသည် အောက် ဧကကနိပါတ် နင်္ဂုဋ္ဌဇာတ်၌ ဆိုအပ်ပြီးသည်နှင့်တူသည် သာလျှင်တည်း။ ရဟန်းတို့သည် ထိုမိစ္ဆာအယူရှိကုန်သော ရသေ့တို့ မီး ပူဇော်သည်တို့ကို မြင်ကုန်၍ အရှင်ဘုရား ရသေ့တို့သည် အထူးထူး အပြားပြား ရှိကုန်သော မိစ္ဆာအကျင့်ကို ပြုကုန်၏။ ထိုမိစ္ဆာအကျင့်၌ အစီးအပွါးသည် ရှိသလောဟု မြတ်စွာဘုရားကို မေးလျှောက်ကုန်၏။ ရဟန်းတို့ မိစ္ဆာ အကျင့်၌ တစ်စုံတစ်ခုသော အစီးအပွါးမည်သည် မရှိ။ ရှေးပညာရှိတို့သည် လည်း မီးပူဇော်ခြင်း၌ အစီးအပွါးသည် ရှိ၏ဟူသော အမှတ်ဖြင့် ကြာမြင့် စွာသော ကာလပတ်လုံး မီးကို ပူဇော်ကုန်၍ ထိုမီးပူဇော်ခြင်းအမှု၌ အစီး အပွါးမဲ့ကိုသာလျှင် မြင်ကုန်၍ မီးကိုရေဖြင့် ငြိမ်းစေကုန်၍ သင်ခက် အစရှိသည် တို့ဖြင့် ပုတ်ခတ်ကုန်၍ တစ်ဖန်ပြန်၍မျှလည်း မကြည့်ကြကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ မိဘတို့

သည် ထိုဘုရားလောင်း၏ ဖွားသောနေ့၌ မီးကိုယူကုန်၍ တစ်ဆယ့်ခြောက်နှစ် အရွယ်၌ တည်သော ထိုဘုရားလောင်းကို ဆိုကုန်၏။ အဘယ်သို့ ဆိုကုန် သနည်း ဟူမူကား ချစ်သား ဖွားသောနေ့၌ မီးကိုယူ၍ တော၌ မီးကို လုပ်ကျွေးလတ္တံ့လော။ ထိုသို့မဟုတ်မူကား ဗေဒင်သုံးပုံတို့ကို သင်၍ ဥစ္စာကို ဖြစ်စေ၍ အိမ်ရာထောင်သော လူတို့ဘောင်၌ နေခြင်းကို ပြုလတ္တံ့လောဟု ဆိုကုန်၏။ ထိုဘုရားလောင်းသည် ငါ့အား အိမ်ရာထောင်သော လူတို့ဘောင်၌ နေခြင်းဖြင့် အလိုမရှိ။ ဖွားသောနေ့၌ မီးကိုယူ၍ တော၌ မီးကို ပုပ်ကျွေး၍ ဗြဟ္မာ့ပြည်သို့ လားသည်ဖြစ်အံ့ဟု ဆို၍ ဖွားသောနေ့၌ မီးကိုယူ၍ မိဘတို့ကို ရှိခိုး၍ တောသို့ဝင်၍ သစ်ရွက်မိုးသော ကျောင်း၌ နေ၍ မီးကိုလုပ်ကျွေး၏။ ထိုဘုရားလောင်းသည် တစ်နေ့သ၌ ဆွမ်းဖိတ်ရာ အရပ်သို့သွား၍ ထောပတ်နှင့် ရောနှော‌အပ်သော ဃနာကိုရခဲ့၍ ဤထောပတ်နှင့် ရောအပ်သော ဃနာကို ဗြဟ္မာကြီးအား လှူအံ့ဟု ထိုဃနာကိုဆောင်၍ မီးကိုညှိ၍ အရှင်မီးမင်း ရှေးဦးစွာ အရှင်ကိုထောပတ်နှင့် ယှဉ်သော ဃနာကို သောက်စေအံ့ဟု ဆို၍ ဃနာကို မီး၌ထည့်၏။ များသော ထောပတ်စေးရှိသော ဃနာကို မီး၌ ထည့်ကာမျှ၌ သာလျှင် မီးသည် တောက်၍ အလွန်လျှင် အထက်သို့ တက်၏။ ထို့ကြောင့် သစ်ရွက်တို့ဖြင့် မိုးအပ်သော ကျောင်းကို လောင်၏၊ ရသေ့သည် အလွန် ထိတ်လန့်ကား ပြေး၍ အပ၌ ရပ်၍ စက်ဆုပ်ဖွယ် ရှိကုန်သော ယောကျ်ားတို့နှင့် ပေါင်းဖော်ခြင်းမည်သည်ကို မပြုအပ်။ ယခုအခါ ငါသည် ငြိုငြင်သဖြင့် ဆောက်လုပ်အပ်သော သစ်ရွက်မိုးသော ကျောင်းကို ဤမီးသည် လောင် ခဲ့ပြီဟု ဆို၍ ဤဂါထာကိုဆို၏—

၂၃။ န သန္ထဝသ္မာ ပရ မတ္ထိ ပါပိယော၊
ယော သန္ထဝေါ ကာပုရိသေန ဟောတိ။
သန္တပ္ပိတော သပ္ပိနာ ပါယသေန၊
ကိစ္ဆာကတံ ပဏ္ဏကုဋိံ အဒယှိ။

စက်ဆုပ်ဖွယ်ရှိသော ယောကျ်ားနှင့် ပေါင်းဖော်ရခြင်းသည် အလွန် ယုတ်မာ၏၊ ထိုစက်ဆုပ်ဖွယ်ရှိသော ယောကျ်ားနှင့် ပေါင်းဖော်ရခြင်းအောက် အလွန်ယုတ်မာခြင်း မည်သည် မရှိ၊ ထောပတ်ဖြင့်လည်းကောင်း, ဃနာဖြင့် လည်းကောင်း ရောင့်ရဲစေပါလျက်လည်း ဤမီးသည် ငါသည် ပင်ပန်းဆင်းရဲစွာ ဆောက်လုပ်ထားသော သစ်ရွက်မိုးကျောင်းကို လောင်ခဲ့ပြီ။

ထိုဘုရားလောင်းသည် ကုသိုဆိုင် အဆွေခင်ပွန်း ပြစ်မှားတတ်သော သင်ဖြင့် ငါ့အား အလိုမရှိဟု ထိုမီးကိုငြိမ်းစေ၍ သင်ဝေ့ဖြင့် ပုတ်ခတ်၍ ဟိမဝန္တာ၏ အတွင်းသို့ ဝင်သည်ရှိသော် တစ်ကောင်သော ရွှေနှင့်တူသော အဆင်းရှိသည်၏

အဖြစ်ကြောင့် သာမာအမည်ရှိသော သမင်မကို ခြင်္သေ့၏လည်းကောင်း ကျား၏လည်းကောင်း, သစ်၏လည်းကောင်း မျက်နှာကို လျက်သည်ကိုမြင်၍ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းထက် မြတ်ခြင်းမည်သည် မရှိဟုကြံ၍ ဤဂါထာကို ဆို၏—

၂၄။ န သန္ထဝသ္မာ ပရ’ မတ္ထိ သေယျော၊
ယော သန္ထဝေါ သပ္ပုရိသေန ဟောတိ။
သီဟဿ ဗျဂ္ဃဿ စ ဒီပိနော စ၊
သာမာ မုခံ လေဟတိ သန္ထဝေန။

သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းသည် မြတ်၏၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းထက် လွန်မြတ်သော အခြင်းအရာသည် မရှိ၊ နေ့အဆင်းနှင့်တူသော အဆင်းရှိသော သမင်မသည် ချစ်ခြင်းကြောင့် ခြင်္သေ့၏လည်းကောင်း, ကျား၏လည်းကောင်း, သစ်၏လည်းကောင်း မျက်နှာကို လျက်၏။

ဤသို့ဆို၍ ဘုရားလောင်းသည် ဟိမဝန္တာ၏ အတွင်းသို့ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် အဘိညာဉ်တို့ကိုလည်းကောင်း သမာပတ်ရှစ်ပါးတို့ကိုလည်းကောင်း ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယင်းအခါ ငါဘုရားသည် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်တော်ကို ပေါင်းတော်မူ၏

(သူတော်တရား မပျောင်ပြောင်းဘဲ အမှားကျင့်တွက် အကျိုးပျက်
ဆိုးချက်နာလှပေ့)
တစ်ရာခြောက်ဆယ့်နှစ်ခုမြောက်သော သန္ထဝဇာတ်သည် ပြီး၏။

၁၆၃—သုသီမဇာတ်

တစ်ညဉ့်တည်းဖြင့် ဗေဒင်သုံးပုံသင်

ပစ္စုပ္ပန်ဝတ္ထု

နက်နှင့်တကွသော လောကကို အုံးမဘော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် “ကာဠာ မိဂါ သေတဒန္တာ တဝိမေ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုသီမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အလှူဆန္ဒကို ညှိနှိုင်းတတ်၍လှူခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိမြို့၌ ရံခါ တက်ဦးသော အမျိုးသည်သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကို လှူ၏။ ရံခါ သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော သူတို့အား လှူ၏။ ရံခါ ဂိုဏ်းဖွဲ့သောအားဖြင့် များစွာကုန်သော သူတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ လှူကုန်၏။ ရံခါ လမ်းအစဉ်အားဖြင့် လှူကုန်၏။ ရံခါ မြို့အလုံး၌ နေကုန်သော သူတို့သည် အလိုကို ညီညွတ်၍ လှူကုန်၏။ ဤအခါ၌ကား မြို့အလုံး၌ နေကုန်သော သူတို့သည် အလိုဆန္ဒကို ညီညွတ်ကုန်၍ အလုံးစုံသော ပရိက္ခရာအလှူဝတ္ထုကို စီရင်ကုန်၍ နှစ်စုတို့သည်ဖြစ်ကုန်၍ အချို့ကုန်သော သူတို့သည် ဤအလုံးစုံသော အလှူဝတ္ထုကို သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော အရှင်တို့အား လှူကုန်အံ့ဟု ဆိုကုန်၏။ အချို့ကုန်သော သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား လှူကုန်အံ့ဟု ဆိုကုန်၏။ ဤသို့ စကားသည် အဖန်တလဲလဲ ဖြစ်လတ်သည်ရှိသော် သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော သူတို့၏တပည့်တို့သည် သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော အရှင်တို့အားသာလျှင် ငါတို့သည် လှူကုန်အံ့။ ဘုရားတပည့်တို့သည်လည်း ဘုရားအမှူးရှိသော သံဃာတော်တို့အားသာလျှင် ငါတို့သည် လှူကုန်အံ့ ဤသို့ဆိုအပ်ကုန်၏။ ထိုနှစ်ပါးကုန်သော စကားတို့ဝယ် အကြင်စကားကို များစွာဆိုကြကုန်၏။ များသည်၏အဖြစ်ကြောင့် ထိုစကားကို ငါတို့ လိုက်နာကုန်အံ့ဟု ပြည်သူအများ ဆိုလတ်သည်ရှိသော် ငါတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား လှူကုန်အံ့ဟု ဆိုကုန်သော သူတို့သည်သာလျှင် များကုန်၏။ ထိုသူတို့၏ စကားသည်သာလျှင် တည်၏။ သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော သူတို့၏ တပည့်တို့သည် ဘုရားတို့အား လှူအပ်သော အလှူ၏အန္တရာယ်ကို ပြုအံ့သောငှါ မတတ်နိုင်ကုန်၊ မြို့သူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်ကုန်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးဖြစ်စေကုန်၍ ခုနစ်ရက်မြောက်သော နေ့၌ အလုံးစုံကုန်သော ပရိက္ခရာတို့ကို လှူကုန်၏။

မြတ်စွာဘုရားသည် အနုမောဒနာပြုတော်မူ၍ လူအများကို မဂ်ဖိုလ်တို့ဖြင့် မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးစေတော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့သာလျှင် ကြွတော်မူ၍ ရဟန်းသံဃာသည် ဝတ်ပြုခြင်းကို ပြုသည်ရှိသော် ဂန္ဓကုဋိဦး၌ ရပ်တော်မူ၍ ဘုရားတို့၏ အဆုံးအမတော်ကို ပေးတော်မူ၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။ ညချမ်းအခါ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်၍ ငါ့ရှင်တို့ သာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော သူတို့၏ တပည့်တို့သည် ဘုရားတို့အား လှူအပ်သော အလှူ၏ အန္တရာယ်ကို ပြုအံ့သောငှါ လုံ့လပြုကုန်သော်လည်း အန္တရာယ်ကို

ပြုအံ့သောငှါ မတတ်နိုင်ကုန်။ ထိုအလုံးစုံသော ပရိက္ခရာအလှူကို မြို့သူတို့သည် ဘုရားတို့၏ ခြေတော်ရင်းသို့သာလျှင် ဆောင်အပ်ကုန်၏၊ ဘုရားတို့၏ အစွမ်းတော်မည်သည်ကား အံ့ဖွယ်သရဲရှိပေ၏ ကြီးလှပေ၏ဟုစကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုသာသနာတော်မှ တစ်ပါးသော အယူရှိကုန်သော သူတို့၏ ဒါယကာတို့သည် ယခုအခါ၌သာလျှင် ငါ့အား လှူအပ်သော အလှူ၏အန္တရာယ်ကို ပြုအံ့သောငှါ လုံ့လပြုသည်ကား မဟုတ်သေး၊ ရှေး၌လည်း လုံ့လပြုကုန်သလျှင်ကတည်း။ ထိုပရိက္ခရာသည်ကား ခပ်သိမ်းသော ကာလ၌လည်း ငါ၏ခြေရင်းသို့သာလျှင် ရောက်လာရ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုသီမ အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ထိုသုသီမမင်း၏ ပုရောဟိတ်၏ ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေကိုယူ၏။ ထိုဘုရားလောင်း၏ တစ်ဆယ့်ခြောက်နှစ်မြောက်သော ကာလ၌ အဘသည် သေ၏။ ထိုပုရောဟိတ်ပုဏ္ဏားသည်ကား တင်ရှားရှိစဉ် ကာလ၌ မင်း၏ဆင်မင်္ဂလာအမှုကို ပြုတတ်သော သူသည်ဖြစ်၏။ ဆင်တို့၏ မင်္ဂလာပြုရာအရပ်၌ ရောက်လာသော အဆောက်အဦ ဘဏ္ဍာကိုလည်းကောင်း ဆင်တို့ကို မင်္ဂလာပြုခြင်းကိုလည်းကောင်း အလုံးစုံကို ထိုပုဏ္ဏားသည်သာလျှင် ရ၏၊ ဤသို့ ထိုပုရောဟိတ်ပုဏ္ဏားအား တစ်ခုတစ်ခုသော မင်္ဂလာ၌ ကုဋေအတိုင်းအရှည်ရှိသော ဥစ္စာသည်ဖြစ်၏။ ထိုအခါ ထိုပုဏ္ဏားသည် သေလွန်သည်ရှိသော် မင်္ဂလာပွဲသည် ရောက်၏။ ကြွင်းကုန်သော ပုဏ္ဏားတို့သည် မင်းသို့ ကပ်ကုန်၍ မြတ်သောမင်းကြီး ဆင်မင်္ဂလာပွဲသည် ရောက်ပြီ၊ မင်္ဂလာကို ပြုခြင်းငှါသင့်၏။ ပုရောဟိတ်ပုဏ္ဏား၏ သားသည်ကား အလွန်ငယ်သေး၏၊ ဗေဒင်သုံးပုံတို့ကို မတတ်သေးသလျှင်ကတည်း။ ဆင်၏လက္ခဏာကိုပြသော ကျမ်းကို မတတ်သေးသလျှင်ကတည်း။ အကျွန်ုပ်တို့သည် ဆင်မင်္ဂလာအမှုကို ပြုကုန်အံ့ဟု လျှောက်ကုန်၏။ မင်းသည် ကောင်းပြီဟု ဝန်ခံ၏။

ပုဏ္ဏားတို့သည် ပုရောဟိတ်သားအား ဆင်မင်္ဂလာကို မပေးကုန်မူ၍ ဆင်မင်္ဂလာကိုပြုကုန်၍ ငါတို့သည် ဥစ္စာကိုယူကုန်အံ့ဟု ရွှင်လန်းကုန်မူ၍ ဆင်မင်္ဂလာကို ပြုကုန်၍ ငါတို့သည် ဥစ္စာကို ယူကုန်အံ့ဟု ရွှင်လန်း နှစ်သက်ကုန်လျက် သွားကြကုန်၏။ ထိုအခါ လေးရက်မြောက်ဖြစ်သော နေ့၌ ဆင်မင်္ဂလာပွဲသည်

ဖြစ်လတ္တံ့ဟု ဆိုအပ်သော ကာလ၌ ဘုရားလောင်း၏ အမိ ပုဏ္ဏေးမသည် ထိုအကြောင်းကို ကြား၍ ဆင်မင်္ဂလာမှုကို ပြုခြင်းမည်သည်ကား အမျိုး ခုနစ် ဆက်လသ်သည့် တိုင်အောင် ငါတို့အနွယ်တည်း၊ ငါတို့၏ အနွယ်သည် ပျက်စီး လတ္တံ့။ ငါတို့သည် ဥစ္စာမှလည်း ဆုတ်ယုတ်လတ္တံ့ဟု ငိုးရိမ်သည် ဖြစ်၍ ငို၏။ ဘုရားလောင်းသည် မိခင် အဘယ်ကြောင့် ငိုသနည်းဟု ဆို၍ ထိုအကြောင်းကို ကြား၍ မိခင် ကျွန်ုပ်သည် မင်္ဂလာကို ပြုရအံ့သည် မဟုတ်လောဟု ဆို၏၊ ချစ်သား သင်သည် ဗေဒင် သုံးပုံတို့ကို မသိသည် သာတည်း။ ဆင်၏ လက္ခဏာကို ပြသော ကျမ်းကို မတတ်သည်သာတည်း။ မင်္ဂလာကို အဘယ်သို့ ပြုလတ္တံ့နည်းဟု ဆိုသည်ရှိသော် မိခင် အဘယ်အခါ၌ကား ဆင်မင်္ဂလာကို ပြုလတ္တံ့နည်းဟု ဆို၏။ ချစ်သား ဤနေ့မှ လေးရက်မြောက်သော နေ့၌ ပြုလတ္တံ့ဟု ဆိုသည်ရှိသော်—

## ပညာရှာထွက်

မိခင် ဗေဒင် သုံးပုံတို့ကို လေ့လာသည်တို့ကို ပြု၍ ဆင်၏ လက္ခဏာကို ပြသော ကျမ်းကို တတ်သော ဆရာသည်ကား အဘယ်အရပ်၌ နေသနည်းဟု ဆို၏။ချစ်သား ဤသို့ သဘောရှိသော ပညာအားဖြင့် အရပ်မျက်နှာ၌ နေသော သူတို့ထက် ကြီးမြတ်သော ဆရာသည် ဤအရပ်မှ ယူဇနာ တစ်ရာ့နှစ်ဆယ် ထက်၌ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ နေ၏ဟု ဆိုသည်ရှိသော် မိခင် ငါတို့၏ အနွယ်ကို မပျက်စေအံ့။ ကျွန်ုပ်သည် နက်ဖြန် တစ်နေ့ချင်းသာလျှင် တက္ကသိုလ် ပြည်သို့ သွား၍ တစ်ညဉ့်ချင်းသာလျှင် ဗေဒင် သုံးပုံတို့ကို လည်းကောင်း၊ ဆင်၏ လက္ခဏာကို ပြသော ကျမ်းကို လည်းကောင်း သင်ခဲ့၍ နက်ဖြန် နေ့၌ လာလတ်၍ လေးရက်မြောက်သော နေ့၌ ဆင်မင်္ဂလာကို ပြုအံ့။ သင်မိခင် မငိုလင့်ဟု အမိကို နှစ်သိမ့်စေ၍ နက်ဖြန် နေ့၌ ဘုရားလောင်းသည် နံနက် စောစောကသာလျှင် စား၍ တစ်ယောက် အထီးတည်း သာလျှင် ထွက်၍ ဘုရားလောင်း၏ အာနုဘော်အားဖြင့် နတ်တို့၏ မြေကို ချုံ့ခြင်းကြောင့် တစ်နေ့ချင်းသာလျှင် တက္ကသိုလ်ပြည်သို့ ရောက်၍ ဆရာကို ရှိခိုး၍ လျောက် ပတ်စွာ နေ၏။

ထိုအခါ၌ ထိုဘုရားလောင်းကို ဆရာသည် လုလင် သင်သည် အဘယ် အရပ်မှ လာသနည်းဟု မေး၏။ ဆရာ ကျွန်ုပ်သည် ဗာရာဏသီမှ လာ၏ဟု ဆိုသည်ရှိသော် အဘယ်ကိစ္စကြောင့် လာခဲ့သနည်းဟု မေး၏။ ဆရာ သင်တို့၏ အထံ၌ ဗေဒင်သုံးပုံတို့ကို လည်းကောင်း၊ ဆင်၏ လက္ခဏာကို ပြသော ကျမ်းကို လည်းကောင်း သင်အံ့သောငှါ လာ၏ဟု ဆိုသည်ရှိသော် လုလင် ကောင်းပြီ သင်လော့ဟု ဆို၏။ ဘုရားလောင်းသည် ဆရာ အကျွန်ုပ်၏ အမှုသည်

အလွန်လျှင် နည်း၏ဟု အလုံးစုံသော အကြောင်းကို ကြား၍ ကျွန်ုပ်သည် တစ်နေ့ချင်းသာလျှင် ယူဇနာ တစ်ရာ့နှစ်ဆယ်ရှိသော ခရီးကို လာ၏။ ယနေ့ ပင်လျှင် တစ်ညဉ့်ပတ်လုံး ကျွန်ုပ်အား အခွင့်ကို ပြုကုန်လော့။ ဤနေ့မှ သုံးရက်မြောက်သော နေ့၌ ဆင်မင်္ဂလာ အမှုသည် ဖြစ်လတ္တံ့။ ကျွန်ုပ်သည် တစ်ကြိမ်တည်းသာလျှင် ဖြစ်သော ရွတ်ခြင်းအစဉ်ဖြင့် အလုံးစုံကို သင်ပါအံ့ဟု ဆို၏။ ဆရာကို အခွင့်ပြုစေ၍ ဆရာ၏ စားစဉ်ကာလ၌ မိမိသည် စား၍ ဆရာ၏ ခြေတို့ကို ဆေး၍ ဥစ္စာထောင်ထုပ်ကို ရှေ့မှထား၍ ရှိခိုး၍ လျောက်ပတ်စွာ နေလျက် သင်ခြင်းကို ဖြစ်စေ၍ အရုဏ်တက်လတ်သော် ဗေဒင်သုံးပုံတို့ကို လည်းကောင်း ဆင်၏လက္ခဏာကို ပြသော ကျမ်းကိုလည်းကောင်း မိမိပညာ အားနှင့်အားဖြင့် ပြီးစေ၍ ဆရာ ဤမှ တစ်ပါးသည်လည်း ရှိသေးသလောဟု မေး၍ လုလင် မရှိပြီ။ အလုံးစုံသည် အဆုံးသို့ရောက်ပြီဟု ဆိုသည်ရှိသော် ဆရာ ဤကျမ်း၌ ပျက်သော ပုဒ်သည် ဤမျှ အတိုင်းအရှည် ရှိ၏။ သရဇ္ဈာယ် သည်၏ အစွမ်းအားဖြင့် တွေဝေရာ ဌာနသည် ဤမျှအတိုင်းအရှည် ရှိ၏။ ဤနေ့မှစ၍ တပည့်တို့ကို သင်သောကာလ ဤသို့ မသင်ကုန်လင့်ဟု ဆရာ၏ အတတ်တို့ကို သုတ်သင်ခဲ့၍ စောစောကလျှင် စား၍ ဆရာကို ရှိခိုး၍ တစ်နေ့ ချင်းသာလျှင် ဗာရာဏသီပြည်သို့ ပြန်လာ၍ ချစ်သား သင်သည် အတတ်ကို သင်အပ်ပြီလောဟု မိခင်က မေးသည်ရှိသော် မိခင် သင်ခဲ့ပြီဟု ဆို၍ အမိကို နှစ်သက်စေ၏။

နက်ဖြန်နေ့၌ ဆင်တို့၏ မင်္ဂလာပွဲကို စီရင်အပ်၏၊ တစ်ရာ အတိုင်းအရှည် ရှိကုန်သော ဆင်တို့၏ နှာမောင်း တန်ဆာတို့ကို လည်းကောင်း ရွှေတံခွန်တို့ကို လည်းကောင်း ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းသည်တို့ကို ပြုကုန်၍ ထားကုန်၏။ မင်းရင်ပြင်ကို တန်ဆာဆင်ကုန်၏။ တစ်ဖန် ပုဏ္ဏားတို့သည် ဆင်မင်္ဂလာကို ပြုရ ပေကုန်အံ့ဟု တန်ဆာတို့ဖြင့် ဆင်ယင်ကုန်လျက် တည်ကုန်၏။ သုသိမ မင်း သည်လည်း ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဆင်အပေါင်းအား လျောက်ပတ်တင့်တယ်သော အဆောက်အဦ ဘဏ္ဍာတို့ကို ယူစေ၍ မင်္ဂလာ ပြုရာ အရပ်သို့ သွား၏။ ဘုရားလောင်းသည်လည်း သူငယ် အခြံအရံဖြင့် တန်ဆာ ဆင်အပ်သည် ဖြစ်၍ မိမိ၏ ပရိသတ်ဖြင့် ခြံရံအပ်သော အခြွေအရံ ရှိသည် ဖြစ်၍ မင်း၏ အထံသို့သွား၍ မြတ်သောမင်းကြီး အရှင်မင်းကြီးတို့သည် အကျွန်ုပ်တို့၏ လည်းကောင်း အရှင်မင်းကြီးတို့၏ လည်းကောင်း အနွယ်ကိုဖျက်၍ တစ်ပါး ကုန်သော ပုဏ္ဏားတို့ကို ဆင်မင်္ဂလာကိုပြုစေ၍ ဆင်တို့၏ တန်ဆာတို့ကို လည်းကောင်း အဆောက်အဦတို့ကို လည်းကောင်း တစ်ပါးကုန်သော ပုဏ္ဏား တို့အား ပေးအံ့ဟူ၍ ဆိုတော်မူကုန်သည်ဟု ကြားရသည်ကား မှန်သလောဟု ဆိုလို၍ ဤဂါထာကို ဆို၏ —

၂၅။ ကာဠာ မိဂါ သေတဒန္တာ တဝီမေ၊
ပရောသတံ ဟေမဇာလာဘိဆန္နာ။
တေ တေ ဒဒါမီတိ သုသီမ ဗြူသိ၊
အနုဿရံ ပေတ္တိ ပိတာမဟာနံ။

မင်းမြတ် သုသီမ အရှင်မင်းမြတ်၏ အထံတော်၌ မည်းညိုကုန်သော, သားမျိုးဖြစ်ကုန်သော, ဖြူသောအစွယ်ရှိကုန်သော, တစ်ရာထက်အလွန် ရှိကုန်သော, ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ဤဆင်တော်တို့သည် ရှိကုန်၏။ မင်းမြတ်သုသီမ အရှင်မင်းမြတ်သည် အကျွန်ုပ်တို့၏လည်းကောင်း, ကိုယ်တော်၏ လည်းကောင်း အနွယ်၌ အဘ အဘိုးတို့၏ အလေ့အကျင့်ကို အောက်မေ့တော် မူနိုင်လျက် အကျွန်ုပ်တို့၏လည်းကောင်း, ကိုယ်တော်၏ လည်းကောင်း အနွယ်ကို ဖျက်ဆီး၍ ကိုဆင်တော်တို့ ကို မင်္ဂလာပြုစိမ့်သောငှါ အကျွန်ုပ်မှ တစ်ပါး ကုန်သော ပုဏ္ဏားတို့အား ပေးအံ့ဟု ဆိုတော်မူသည်ကို ကြားရခြင်းသည် မှန်ပါသလော။

ဤသို့ ဘုရားလောင်း မေးသည်ကို ပြန်၍ဖြေဆိုလိုသော သုသီမမင်းသည် ဤဂါထာကို ဆို၏—

၂၆။ ကာဠာ မိဂါ သေတဒန္တာ မမီမေ၊
ပရောသတံ ဟေမဇာလာဘိဆန္နာ။
တေ တေ ဒဒါမီတိ ဝဒါမိ မာဏဝ၊
အနုဿရံ ပေတ္တိပိတာမဟာနံ။

လုလင် ငါ၏အထံ၌ မည်းညိုသော အဆင်းရှိကုန်သော, သားမျိုးဖြစ်ကုန်သော, ဖြူသောအစွယ်ရှိကုန်သော, တစ်ရာထက်အလွန်ရှိကုန်သော, ရွှေကွန်ရက်ဖြင့် ကောင်းစွာဖုံးလွှမ်းအပ်ကုန်သော ဤဆင်တို့သည် ရှိကုန်၏။ ငါသည် အဘ အဘိုးတို့၏ အမှုကို အောက်မေ့လျက် ထိုဆင်တို့ကို သင်မှ တစ်ပါး ကုန်သော ပုဏ္ဏားတို့အား မင်္ဂလာပြုစိမ့်သောငှါ ပေးအံ့ဟု ဆိုသည်ကား မှန်သည်သာတည်း။

ထိုအခါ ထိုသုသီမ မင်းကို ဘုရားလောင်းသည် မြတ်သော မင်းကြီး အကျွန်ုပ်တို့၏ လည်းကောင်း, ကိုယ်တော်၏ လည်းကောင်း အနွယ်ကို အောက်မေ့လျက် သာလျှင် အဘယ်ကြောင့် အကျွန်ုပ်ကိုထား၍ တစ်ပါး ကုန်သော ပုဏ္ဏားတို့ကို ဆင်မင်္ဂလာကို ပြုစေတော်မူကုန် အံ့နည်းဟု လျှောက်၏။ အမောင်လုလင် သင်သည် ဗေဒင်သုံးပုံတို့ကို လည်းကောင်း, ဆင်၏လက္ခဏာကို

ပြသောကျမ်းကိုလည်းကောင်း, မတတ်သေးဟု ပုဏ္ဏားတို့သည် ငါ့အား လျှောက်ကုန်၏၊ ထို့ကြောင့် တစ်ပါးကုန်သော ပုဏ္ဏားတို့ကို ပြုစေအံ့ဟု ဆိုသည် ရှိသော် မြတ်သောမင်းကြီး ထိုသို့တပြီးကား ဤမျှ အတိုင်းအရှည်ရှိကုန်သော ပုဏ္ဏားတို့ကို ဗေဒင်သုံးပုံတို့၌ လည်းကောင်း, ဆင်၏ လက္ခဏာကိုပြသော ကျမ်း၌လည်းကောင်း တစိတ်တဒေသကိုလည်း အကျွန်ုပ်နှင့်တကွ ပြောဆိုအံ့သောငှါ စွမ်းနိုင်သော တစ်ယောက်သောပုဏ္ဏားသည် အကယ်၍ ရှိသည် ဖြစ်အံ့ ထပါစေသော၊ မြတ်သောမင်းကြီး ဆင်မင်္ဂလာပြုခြင်းနှင့်တကွ ဗေဒင်သုံးပုံ တို့ကို လည်းကောင်း, ဆင်၏ လက္ခဏာကိုပြသော ကျမ်းကို လည်းကောင်း အကျွန်ုပ်ကို တား၍ တစ်ပါးသော ဇမ္ဗူဒီပါကျွန်းအလုံး၌ တတ်သောသူ မည်သည်ကား မရှိဟု ခြင်္သေ့ဟောက်သကဲ့သို့ ကြောက်ရွံ့မဲ့လျှင်း ရဲတင်းသော စကားကို ဆို၏။ တစ်ယောက်သော ပုဏ္ဏားသည်လည်း ထိုဘုရားလောင်း၏ ဆန့်ကျင်ဘက် ရန်သူဖြစ်၍ ထအံ့သောငှါ မစွမ်းနိုင် ဘုရားလောင်းသည် မိမိ အမျိုးအနွယ်ကို တည်စေ၍ ဆင်မင်္ဂလာကို ပြု၍ များစွာသော ဥစ္စာကိုယူ၍ မိမိအိမ်သို့ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန်ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ်ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ မယ်တော် မဟာမာယာသည် ထိုအခါ အမိပုဏ္ဏေးမ ဖြစ်ဖူးပြီ။ ယခုအခါ ခမည်းတော် သုဒ္ဓေါဒနမင်းမြတ်သည် ထိုအခါ အဘပုဏ္ဏား ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ သုသီမမင်း ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပုဏ္ဏားလုလင် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

( တစ်နေ့တည်းဖြင့် ယူဇနာ တစ်ရာနှစ်ဆယ်သွား၍
တစ်ညဉ့်တည်းဖြင့် ဗေဒင်သုံးပုံ သင်ပြ)

တစ်ရာခြောက်ဆယ့်သုံးခုမြောက်သော သုသီမဇာတ်သည် ပြီး၏။

## ၁၆၄-ဂိဇ္ဈဇာတ်

### မိဘလုပ်ကျွေးသော လင်းတ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် သံနုဂိဇ္ဈော ယောဇနသတံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂိဇ္ဈဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တစ်ပါးသော မိဘတို့ကို လုပ်ကျွေးသော ရဟန်းကို** အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုသည် **သုဝဏ္ဏသာမဇာတ်**၌ ထင်စွာဖြစ်လတ္တံ့။ အထူးကား သဗ္ဗညူ မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း သင်သည် လူတို့ကို မွေးမြူ၏ဟု ငါကြားတော်မူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် အဘယ်သူတို့ကို မွေးမြူသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား မိဘတို့ကို မွေးမြူပါ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း ကောင်းစွ ကောင်းစွဟု ထိုရဟန်းအား ကောင်းချီး ပေးတော်မူ၍ ရဟန်းတို့ ဤရဟန်းကို သင်တို့သည် မကဲ့ရဲ့ကြကုန်လင့်။ ရှေးပညာရှိတို့သည်လည်း ကျေးဇူးကို သိသည်၏ အစွမ်းအားဖြင့် အဆွေမတော်ကုန်သော သူတို့အားလည်း ကျေးဇူးဆပ်ခြင်းကို ပြုကုန်၏။ မိဘတို့အား မွေးမြူခြင်းသည် ကား ဤရဟန်း၏ ဝန်ဖြစ်ပေသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ဂိဇ္ဈကုဋ်တောင်ဝယ် လင်းတမျိုး၌ ဖြစ်၍ မိဘတို့ကို မွေးမြူ၏။ ထိုအခါ တစ်ပါးသော ကာလ၌ သည်းထန်စွာသော လေနှင့်တကွသော မိုးရွာခြင်းသည် ဖြစ်၏၊ လင်းတတို့သည် လေလာပျက် ရွာသောမိုးကို သည်းခံအံ့သောငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ချမ်းခြင်းတည်းဟူသော ဘေးကြောင့် ဗာရာဏသီပြည်သို့ သွားကုန်၍ မြို့တံခါးတိုင်၏ အနီး၌ လည်းကောင်း, ကျုံး၏အနီး၌ လည်းကောင်း ချမ်းအေးခြင်းကြောင့် တုန်ယင်ကုန်လျက် နေကြကုန်၏။ ထိုအခါ ဗာရာဏသီသူဌေးသည် မြို့မှထွက်၍ မြစ်သို့ ရေချိုးအံ့သောငှါ သွားသည်ရှိသော် ထိုလင်းတတို့ ပင်ပန်းကုန်သည်တို့ကို မြင်၍ တစ်ခုသော မိုးမစွတ်ရာအရပ်၌ စည်းဝေးစေပြီးလျှင် မီးကိုညှိစေ၍ မိမိအား မှီခိုစားကုန်သော သူတို့ကို သုသာန်သို့စေလိုက်၍

နွားသားတို့ကို ဆောင်စေ၍ ထိုလင်းတတို့ကို စားစေ၍ အစောင့်အရှောက်ကို ထား၏။ လင်းတတို့သည် လေနှင့်တကွ ရွာသောမိုးသည် ငြိမ်းလတ်သည် ရှိသော် ခံ့သောကိုယ် ရှိကုန်သည်ဖြစ်၍ ငါ့ဘကုန်ရှိတောင်သို့ သာလျှင် ပျံကြကုန်၏။ ထိုလင်းတတို့သည် ထိုတောင်၌သာလျှင် စည်းဝေးကုန်၍ အချင်းတို့ ဗာရာဏသီသူဌေးသည် ငါတို့အား ကျေးဇူးပြုအပ်၏။ ပြုဖူးသော ကျေးဇူး ရှိပေသော သူအားလည်း ကျေးဇူးတုံ့ မည်သည်ကို ပြုခြင်းငှါ အပ်၏။ ထို့ကြောင့် ဤနေ့မှစ၍ သင်တို့တွင် အကြင်လင်းတသည် အကြင်အဝတ်ကို လည်းကောင်း, အကြင်တန်ဆာကို လည်းကောင်း ရအံ့။ ထိုလင်းတသည် ထိုအဝတ်တန်ဆာကို ဗာရာဏသီသူဌေး၏ အိမ်အထက် ကောင်းကင်ပြင်၌ ချအပ်၏ဟု တိုင်ပင်ကုန်၏။

ထိုအခါမှစ၍ လင်းတတို့သည် လူတို့၏ အဝတ်တန်ဆာတို့ကို နေပူ၌ လှမ်းစဉ် မေ့လျော့ခြင်းကို ကြည့်ကုန်၍ နန့်ဘ်သည် သားငှက်ကို ထိုးယူချီကုန်သကဲ့သို့ ထိုထူ အဆောတလျင် ချီကုန်၍ ဗာရာဏသီသူဌေး၏ အိမ်အထက် ကောင်းကင်ပြင်၌ ချကုန်၏။ ထိုဗာရာဏသီ သူဌေးသည် လင်းတတို့၏ ဆောင်ခဲ့သည်၏ အဖြစ်ကို သိ၍ အလုံးစုံကုန်သော အဝတ်တန်ဆာတို့ကို အသီး အသီး သာလျှင် ထား၏။ ပြည်သူတို့သည် မြတ်သောမင်းကြီး လင်းတတို့သည် မြို့ကို ဖျက်ဆီးကုန်၏ဟု မင်းအား ကြားလျှောက်ကုန်၏။ မင်းသည် တစ်ကောင်သော လင်းတကို ဖမ်းကြကုန်ဦးလော့၊ အလုံးစုံသော ဝတ်စားတန်ဆာတို့ကို ဆောင်စေအံ့ဟုဆို၍ ထိုထိုအရပ်၌ ကျော့ကွင်းတို့ကို လည်းကောင်း, ကွန်တို့ကို လည်းကောင်း ထောင်စေ၏။ အမိအား လုပ်ကျွေးသော လင်းတကို မိ၏။ ထိုအမိအား လုပ်ကျွေးသော လင်းတကို ယူကုန်၍ မင်းအား ပြကုန်အံ့ဟု သွားကုန်၏။ ဗာရာဏသီသူဌေးသည်ကား မင်းခစားရာသို့ သွားသည်ရှိသော် ထိုလူတို့ လင်းတကိုယူ၍ သွားကုန်သည်တို့ကို မြင်၍ အချင်းတို့ ဤလင်းတကို မသတ်ပါကုန်လင့်ဟု ဆို၍ ထိုလင်းတကိုယူ၍ သွားကုန်သော သူတို့နှင့်တကွ သာလျှင် လိုက်၏။ လူတို့သည် လင်းတကို မင်းအား ပြကုန်၏။

ဘုရင်နှင့်လင်းတ

ထိုအခါ ထိုလင်းတကို မင်းသည် အို လင်းတ သင်တို့သည် မြို့ကို ဖျက်ဆီးကုန်၍ အဝတ်အစရှိသည်တို့ကို ယူကုန်သလောဟု မေး၏။ မြတ်သောမင်းကြီး ယူပေကုန်ဟု ဆို၏။ အို လင်းတ သင်တို့သည် ထိုဝတ်စားတန်ဆာတို့ကို အဘယ်သူအား ပေးအပ်ကုန်သနည်းဟု မေး၏။ မြတ်သော မင်းကြီး ဗာရာဏသီသူဌေးအား ပေးကုန်၏ဟု ဆို၏။ အဘယ့်ကြောင့် ဗာရာဏသီ သူဌေးအား ပေးအပ်ကုန်သနည်းဟု မေး၏၊ မြတ်သော မင်းကြီး ထိုဗာရာဏသီ

သူဌေးသည် အကျွန်ုပ်တို့အား အသက်ကို ပေးအပ်၏။ ကျေးဇူးရှိသော သူကို ကျေးဇူးတုံ့ ပြုအံ့သောငှါ အပ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပေးကုန်၏ဟု ဆို၏။ ထိုအခါ၌ ထိုဘုရားလောင်းကို မင်းသည် အို လင်းတ လင်းတတို့ သည်ကား ယူဇနာ တစ်ရာထက်၌ တည်ကုန်၍ သားကောင်ကို မြင်ကုန်လျက် အဘယ့်ကြောင့် သင်သည် မိမိအကျိုးငှါ ထောင်အပ်သော ကျော့ကွင်းကို မမြင်သနည်းဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၂၇။ ယံ နု ဂိဇ္ဈော ယောဇနသတံ၊ ကုဏပါနိ အဝေက္ခတိ။
ကသ္မာ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

အိုလင်းတ လင်းတမည်သည်ကား ယူဇနာတစ်ရာကိုလွန်၍ တည်ကုန်သော သားကောင်ပုပ်တို့ကို မြင်၏ဟူသတတ်-သင်သည် မိမိ၏ အကျိုးငှါ ထောင်အပ်သော ကွန်သို့လည်းကောင်း, ကျော့ကွင်းသို့ လည်းကောင်း ရောက်၍လည်း အဘယ့်ကြောင့် မသိလေသနည်း။

လင်းတသည် ထိုမင်း၏ စကားကိုကြား၍ ဤဂါထာကို ဆို၏—

၂၈။ ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတသင်္ခယေ။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသဇ္ဇာပိ န ဗုဇ္ဈတိ။

မြတ်သောမင်းကြီး ပျက်စီးရန်, သေဆုံးရန် အကြောင်းပါလာသော သတ္တဝါသည် မိမိ၏ အကျိုးငှါ ထောင်အပ်သော ကွန်ရက်သို့ လည်းကောင်း, ကျော့ကွင်းသို့ လည်းကောင်း ရောက်၍သည်း မသိလေ။

မင်းသည် လင်းတ၏ စကားကိုကြား၍ သူဌေးကြီး လင်းတတို့သည် သင်၏ အိမ်သို့ ပုဆိုး အဝတ် အစရှိသည်တို့ကို ဆောင်အပ်ကုန်၏ဟူသည် မှန်သလောဟု သူဌေးကို မေး၏။ အရှင်မင်းကြီး မှန်ပေ၏ဟု လျှောက်၏။ သူဌေးကြီး ထိုအဝတ်တန်ဆာတို့ကို အဘယ်၌ သင် ထားအပ်သနည်းဟု မေး၏။ အရှင်မင်းကြီး အကြင် အထည် ဝတ်စား တန်ဆာသည် အကြင်သူတို့၏ ဥစ္စာဖြစ်၏။ ထိုဝတ်စား တန်ဆာကို ထိုဥစ္စာရှင်တို့အား ပေးအံ့ဟု နှလုံးသွင်း၍ အကျွန်ုပ်သည် အလုံးစုံကုန်သော ဝတ်စား တန်ဆာတို့ကို အသီးအသီး ထားအပ်ကုန်၏ဟု လျှောက်၏။ မင်းသည် ဤလင်းတကို လွှတ်ကုန်လော့ဟု ဆို၍ လွှတ်စေ၍ သူဌေးကြီးကို ဥစ္စာတို့ကို အလုံးစုံကုန်သော ဥစ္စာရှင်တို့အား ပေးစေ၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ မိဘတို့ကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဗာရာဏသီ သူဌေးကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မိဘတို့ကို လုပ်ကျွေးသော လင်းတ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘကျွေးမွေး၊ ကောင်းချီးပေး၊ ပဂေးစောမြတ်စွာ။)

တစ်ရာခြောက်ဆယ့်လေးခုမြောက်သော ဂိဇ္ဈဇာတ်သည် ပြီး၏။

---

## ၁၆၅–နကုလဇာတ်

## ( ရန်ဘက်စစ်သူကြီးနှစ်ဦး )

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် သန္ဓိကတွာ အမိတ္တေန အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနကုလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် **အမတ်စစ်သူကြီး နှစ်ယောက်တို့၏** ခိုက်ရန်ဖြစ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤဝတ္ထုသည် **ဥရဂဇာတ်တို့၌** ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း၊ ဤနကုလဇာတ်၌လည်း မြတ်စွာဘုရားသည် ရဟန်းတို့ **နှစ်ယောက်ကုန်သော** အမတ်ကြီးတို့ကို ယခုအခါ၌သာလျှင် ငါသည် ညီညွတ် သင့်တင့်သည်တို့ကို ပြုအပ်ကုန်သည် မဟုတ်သေး။ ရှေး၌လည်း ငါသည် ဤအမတ်ကြီးတို့အား ညီညွတ်သင့်တင့်သည်တို့ကို ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာသင်္ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့ သွား၍

အလုံးစုံသော အတက်တို့ကို သင်ပြီးလျှင် အိမ်ရာထောင်ခြင်းကို ပယ်၍ ရသေ့ ရဟန်း ပြုပြီးသည်ရှိသော် အဘိညာဉ်တို့ကို လည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ တောသစ်မြစ် သစ်သီးဟူသော အာဟာရကို ဆောင်၍ ယူအံ့သောငှါ၊ သွားသဖြင့် တောသစ်မြစ် သစ်သီးဟူသော အာဟာရ ရှိသည်ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုဘုရားလောင်း၏ စင်္ကြံဝယ် တစ်ခု သော တောင်ပို့၌ မြွေပါသည် နေ၏။ ထိုတောင်ပို့၏ အနီး၌သာလျှင် တစ်ခု သော သစ်ခေါင်း၌ မြွေသည်နေ၏။ ထိုနှစ်ခုကုန်သော မြွေ, မြွေပါတို့သည်လည်း အခါခပ်သိမ်း ခိုက်ရန်ကို ပြုကုန်၏။ ဘုရားလောင်းသည် ထိုမြွေ, မြွေပါတို့အား ခိုက်ရန်ဖြစ်ခြင်း၌ အပြစ်ကိုလည်းကောင်း၊ မေတ္တာကို ပွားစေခြင်း၌ အကျိုးကို လည်းကောင်း ဟော၍ ခိုက်ရန်မည်သည်ကို မပြုမူ၍ ညီညွတ်သင့်တင့်စွာ နေခြင်းကို နေအံ့သောငှါ သင့်၏ဟု ဆုံးမပြီး၍ ထို နှစ်ခုကုန်သော မြွေ, မြွေပါတို့ကိုလည်း ညီညွတ်သင့်တင့်သည်တို့ကို ပြု၏။ ထိုအခါ၌ မြွေအပသို့ ထွက်သောကာလ၌ မြွေပါသည် စင်္ကြံဦး တောင်ပို့၏ တွင်းပေါက်ဝ၌ ဦးခေါင်း ကိုထုတ်၍ ခံတွင်းကိုဖွင့်၍ ဝပ်လျက် ထွက်သက်ကို ဖြစ်စေလျက် ဝင်သက်ကို ဖြစ်စေလျက် အိပ်ပျော်ခြင်းသို့ရောက်၏။ ဘုရားလောင်းသည် ထိုမြွေပါကို ထိုအခြင်းဖြင့် ဝပ်၍ အိပ်သည်ကို မြင်၍ မြွေပါ သင်အား အဘယ်ကိုလျှင် မှီ၍ ဘေးသည်ဖြစ်သနည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၂၉။ သန္ဓိံ ကတွာ အမိတ္တေန၊ အဏ္ဍဇေန ဇလာဗုဇ။
ဝိဝရိယ ဒါဌံ သေသိ၊ ကုတော တေ ဘယမာဂတံ။

မြွေပါ သင်သည် ရန်သူဖြစ်သော မြွေနှင့် ချစ်ကြသည်၏ အဖြစ်ကို ပြု၍ အစွယ်ကိုဖော်၍ အိပ်၏။ သင့်အား အဘယ်မှ ဘေးလာသနည်း။

ဤသို့ ဘုရားလောင်းသည် မေးအပ်သော မြွေပါသည် အရှင် ရန်သူမည် သည်ကို မထီမဲ့မြင် မပြုအပ်။ ရွံရှာအပ်သလျှင်ကတည်းဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၃၀။ သင်္ကေထေဝ အမိတ္တသ္မိံ၊ မိတ္တသ္မိမ္ပိ န ဝိဿသေ။
အဘယာ ဘယမုပ္ပန္နံ၊ အပိ မူလာနိ ကန္တတိ။

ရှင်ရသေ့ ရန်သူဖြစ်စေ၊ အဆွေခင်ပွန်းဖြစ်စေ မယုံကြည်အပ် အကျွမ်း တဝင် မပြုအပ်သည်သာတည်း။ အဆွေခင်ပွန်းမှ ဖြစ်သော ဘေးသည်လည်း အမြစ်အရင်းတို့ကို ဖြစ်တတ်၏။

ထိုအခါ၌ ထိုမြွေပါကို ဘုရားလောင်းသည် မြွေပါ သင်သည်မကြောက်လင့်၊ အကြင်သို့သော အခြင်းအရာဖြင့် ပြုသည်ရှိသော် မြွေသည် သင်၌မပြစ်မှား၊

ထိုသို့သော အခြင်းအရာဖြင့် ငါသည်ပြုအံ့။ သင်သည် ဤနေ့မှစ၍ ထိုမြေ၌ ရှိရှာခြင်းကို မပြုလင့်ဟု ဆုံးမ၍ ဖြဟ္မဝိဟာရဘ ရားလေးပါးတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လားၿ၏။ ထိုမြေ, မြေပါတို့သည်လည်း ကံအားလျော်စွာ လားကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဤနှစ်ယောက်ကုန်သော ဤအမတ်ကြီးတို့သည် ထိုအခါကာလ မြေသည်လည်းကောင်း၊ မြေပါသည်လည်းကောင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာခြောက်ဆယ့်ငါးခုမြောက်သော နကုလဇာတ်သည် ပြီး၏။

---

## ၁၆၆-ဥပသာဠကဇာတ်

## သင်္ချိုင်းလွတ်ရာ မြေကိုရှာ

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဥပသာဠကနာမာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥပသာဠကဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ဥပသာဠက အမည်ရှိသော သူသေ မချဖူးရာ သန့်ရှင်းစင်ကြယ်သော **သင်္ချိုင်းကိုရှာသော ပုဏ္ဏား** ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် ကြွယ်ဝသည် များသော ဥစ္စာရှိသည် ဖြစ်သတတ်။ မိစ္ဆာဒိဋ္ဌိ အယူရှိသည်၏ အဖြစ်ကြောင့်ကား အနီးဖြစ်သော ကျောင်း၌ နေကုန်သော မြတ်စွာဘုရားတို့အား ထောက်ပံ့ခြင်းမည်သည်ကို မပြုစဖူး။ ထိုဥပသာဠက ပုဏ္ဏား၏ သားသည်ကား ပညာရှိသည် ဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၏။ ထိုဥပသာဠကပုဏ္ဏားသည် အိုမင်းသောကာလ၌ သားကို ချစ်သား သင်သည် ငါ့ကို တစ်ပါးသော သူယုတ်၏ သင်္ဂြိုဟ်ရာ သင်္ချိုင်း၌ မသင်္ဂြိုဟ်ရစ်လင့်။ အထူးသဖြင့် တစ်ခုသော တစ်ယောက်သော သူအားလည်း မသင်္ဂြိုဟ်ဖူးသော သင်္ချိုင်း၌သာလျှင် ငါ့ကို သင်္ဂြိုဟ်ရစ်လော့ဟု ဆို၏။ ဖခင် အကျွန်ုပ်သည် သင်တို့အား သင်္ဂြိုဟ်အပ်သည် အားလျော်သော အရပ်ကိုမသိ။ ဖခင် အကျွန်ုပ်သည် သင်ဖခင်ကို တောင်းပန် ပါ၏။ စင်စစ် ကျွန်ုပ်ကို ဆောင်၍ သွားပြီးလျှင်

ဤအရပ်၌ သင်္ဂြိုဟ်ရစ်လော့ဟု သင်ဖခင်တို့သည် ကြားခဲ့ကုန်လော့ဟု ဆို၏။ ပုဏ္ဏားသည် ချစ်သား ကောင်းပြီဟု ထိုသားကိုယူ၍ မြို့မှထွက်၍ ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်ပြီးလျှင် ဤအရပ်၌ ဝပါးသော သူယုတ်၏ မသင်္ဂြိုဟ်ဖူးရာ ဖြစ်သော အရပ်တည်း။ ဤအရပ်၌ ငါ့ကို သင်သည် သင်္ဂြိုဟ်ရစ်လော့ဟု ဆို၍ သားနှင့်တကွ တောင်မှ ဆင်းအံ့သောငှါ အားထုတ်၏။

မြတ်စွာဘုရားသည် ထိုနေ့မိုးသောက်ထ ကာလ၌ သစ္စာတရားကို သိစေအပ်ကုန်သော အဆွေအမျိုးတို့ကို ကြည့်တော်မူ၍ သားအဖ ဖြစ်ကုန်သော ထိုပုဏ္ဏားတို့၏ သောတာပတ္တိမဂ်၏ ဥပနိဿယ ကို မြင်တော်မူ၏။ ထို့ကြောင့် သမင်ကို ဖမ်းလို၍ သမင်လာလတ္တံ့သော လမ်း၌ စောင့်သော သားမုဆိုးကဲ့သို့ ဂိဇ္ဈကုဋ်တောင်ခြေရင်းသို့ ကြွတော်မူ၍ တောင်ထိပ်မှ သက်ကုန်သော ထိုပုဏ္ဏားသားအဖတို့၏ လာခြင်းကို မျှော်လင့်တော်မူလျက် နေတော်မူ၏။ တောင်ထိပ်မှ သက်ကြကုန်သော ထိုပုဏ္ဏား သားအဖတို့သည် မြတ်စွာဘုရားကို မြင်ကုန်၏။ မြတ်စွာဘုရားသည် စကားစေ့စပ်ခြင်းကို ပြုတော်မူလိုရကား ပုဏ္ဏားတို့ သင်တို့သည် အဘယ်သို့ သွားကြချေကုန် သနည်းဟု မေးတော်မူ၏။ ပုဏ္ဏားလုလင်သည် ထိုအကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ပုဏ္ဏားထို့သို့ဖြစ်လျှင် သင်၏ အဖသည် ကြားအပ်သော အရပ်သို့ သွားကြကုန်အံ့ဟု နှစ်ယောက်ကုန်သော ပုဏ္ဏားသားအဖတို့ကို ခေါ်တော်မူ၍ တောင်ထိပ်သို့ တက်တော်မူ၍ ပုဏ္ဏား သင်၏အဖသည် ကြားအပ်သော အရပ်သည် အဘယ်အရပ်နည်းဟု မေးတော်မူ၏။ ပုဏ္ဏား လုလင်သည် အရှင်ဘုရား အကျွန်ုပ်၏ အဖသည် ဤတောင် သုံးလုံးတို့၏ အကြားကို ကြား၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် လုလင် သင်၏အဖသည် ယခုအခါ၌သာလျှင် သူသေကို မချဖူးရာ သန့်ရှင်းစင်ကြယ်သော သင်္ချိုင်းကို ရှာတတ်သည် မဟုတ်သေး။ ရှေး၌လည်း သူသေကို မချဖူးရာ သန့်ရှင်းစင်ကြယ်သော သင်္ချိုင်းကို ရှာတတ်သည်သာလျှင်တည်း။ ယခုအခါ၌သာလျှင် ဤအရပ်၌ ငါ့ကိုသင်္ဂြိုဟ်ရစ်လော့ဟု သင့်အားကြားသည်ကား မဟုတ်သေး ရှေး၌လည်း ဤအရပ်၌သာလျှင် မိမိအားသင်္ဂြိုဟ်အပ်သည်၏ အဖြစ်ကို ကြားဖူး၏ဟု မိန့်တော်မူ၍ ထိုပုဏ္ဏားလုလင်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လုလင် လွန်လေပြီးသောအခါ ဤရာဇဂြိုဟ်ပြည်၌သာလျှင် ဤပုဏ္ဏားသည်သာလျှင် ဥပသာဠှအမည်ရှိသော ပုဏ္ဏားဖြစ်ဖူး၏။ ဤသားသည်သာလျှင် ထိုဥပသာဠှကပုဏ္ဏား၏ သားဖြစ်ဖူး၏။ ထိုအခါ၌ ဘုရားလောင်းသည် ဤမဂဓတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ပြည့်စုံသော အတတ်ရှိသည် ဖြစ်၍ ရသေ့ ရဟန်း

ပြု၍ အဘိညာဉ်တို့ကို လည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဈာန်ဖြင့်မွေ့လျော်ခြင်းကို မွေ့လျော်လျက် ဟိမဝန္တာအရပ်၌ ကြာမြင့်စွာ နေ၏။ ဆားချဉ် မှီဝဲ အံ့သောငှါ ဂိဇ္ဈကုဋ်တောင်၌ သစ်ရွက်ဖြင့်မိုးအပ်သော ကျောင်း၌ နေ၏။ ထိုအခါ၌ ထိုပုဏ္ဏားသည် ဤသို့သော အမှတ်ဖြင့်သာလျှင် သားကိုဆို၍ သားသည် ဖခင် သင်ဖခင်တို့သည်သာလျှင် ထိုသို့ သဘောရှိသော အရပ်ကို ကြားကုန်လော့ဟု ဆိုသည်ရှိသော် တောင်သုံးလုံးတို့၏ အကြားဖြစ်သော ဤအရပ်ကိုသာလျှင် ကြား၍ သားနှင့်တကွ တောင်ထိပ်မှ ဆင်းသည်ရှိသော် ဘုရားလောင်းကိုမြင်၍ ထိုဘုရားလောင်း၏ ထံသို့ ကပ်၍ ဘုရားလောင်းသည် ဤသို့သော အမှတ်ဖြင့်သာလျှင် မေးလတ်၍ လုလင်၏ စကားကိုကြား၍ လုလင် လာလှည့် သင်၏ အဖသည် ကြားအပ်သော အရပ်၌ သူသေကို သင်္ဂြိုဟ်ဖူး သည်၏ အဖြစ်ကိုလည်းကောင်း၊ သူသေကို မသင်္ဂြိုဟ်ဖူးသေးသည်၏ အဖြစ်ကို လည်းကောင်း စုံစမ်းကြကုန်အံ့ဟု ဆို၍ ထိုပုဏ္ဏား သားအဖတို့နှင့် တကွ တောင်ထိပ်သို့တက်၍ ရှင်ရသေ့ ဤတောင်သုံးလုံးတို့၏ အကြားသည် တစ်ယောက်သော သူသေကိုမျှ မသင်္ဂြိုဟ်ဖူးရာ အရပ်တည်းဟု လုလင်သည် ဆိုသည်ရှိသော် လုလင် ဤအရပ်၌သာလျှင် သင်္ဂြိုဟ်အပ်ကုန်သော သူတို့၏ အတိုင်းအရှည်သည် မရှိ။ သင်၏ အဘသည်သာလျှင် ဤရာဇဂြိုဟ်ပြည်၌သာလျှင် ပုဏ္ဏားအမျိုး၌သာလျှင် ဖြစ်၍ ဥပသာဠက အမည်ရှိသည်သာလျှင် ဖြစ်၍ ဤတောင်သုံးလုံးတို့၏ အကြား၌ ဘဝတစ်သောင်းလေးထောင်တို့ ပတ်လုံး ဖုတ်ကြည်း သင်္ဂြိုဟ်သည်ကို ခံရဖူးလေပြီ။ ထိုစကားသည် မှန်၏၊ မြေ၌ သုသာန် မဟုတ်ရာအရပ်ကို လည်းကောင်း၊ မသေဖူးရာ အရပ်ကိုလည်းကောင်း ရအံ့ သောငှါ မတတ်ကောင်းဟု ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ပိုင်းခြား၍ ဤဂါထာကိုဆို၏-

၃၁။ ဥပသာဠကနာမာနိ၊ သဟဿာနိ စတုဒ္ဒသ။
အသ္မိံ ပဒေသေ ဒဍ္ဎာနိ၊ နတ္ထိ လောကေ အနာမတံ။

၃၂။ ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
ဧတံ အရိယာ သေဝန္တိ၊ ဧတံ လောကေ အနာမတံ။

လုလင် ဤအရပ်၌ ဥပသာဠက အမည်ရှိကုန်သော တစ်သောင်း လေးထောင်ကုန်သောသူတို့ကိုဖုတ်ကြည်းသင်္ဂြိုဟ်အပ်ကုန်ပြီ၊ လောက၌ မသေရာ အရပ်မည်သည်ကား မရှိ၊ လုလင် လောကုတ္တရာတရား၏ ရှေးအဖို့၌ ဖြစ်သော သစ္စာဉာဏ် လောကုတ္တရာတရား သူတစ်ပါးတို့အား မညှဉ်းဆဲ ဝိရမိတဗ္ဗဝတ္ထုမှ စောင့်ရှောက်ခြင်း၊ ဣန္ဒြေကိုဆုံးမခြင်းဟူသော ဤဂုဏ်အပေါင်းရှိသော ပုဂ္ဂိုလ် ကို အရိယာသူမြတ်တို့သည် မှီဝဲကုန်၏၊ ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်အပေါင်းသည် လောက၌ မသေရာ အရပ်မည်၏။

ဤသို့ ဘုရားလောင်းသည် ပုဏ္ဏားသားအဖတို့အား တရားဟော၍ ဖြဟ္မ-ဝိဟာရတရား လေးပါးတို့ကို ပွားများစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သားအဖ နှစ်ယောက်တို့သည်ပင် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား လုလင် ယခုအခါ အဘ သား နှစ်ယောက်တို့သည်သာလျှင် ထိုအခါ အဘသား နှစ်ယောက်တို့ ဖြစ်ဖူး ကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သချိုင်းသွတ်ဆု၊ မြေကိုရှာ၊ ဘယ်မှာ မရှိမှတ်။)

တစ်ရာခြောက်ဆယ့်ခြောက်ခုမြောက်သော ဥပသာဠကဇာတ်သည် ပြီး၏။

---

## ၁၆၇-သမိဒ္ဓိဇာတ်

### ရသေ့နှင့် နတ်သမီး

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "အဘုတွာ ဘိက္ခသိ ဘိက္ခု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသမိဒ္ဓိဇာတ်ကို ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တပေါဒါရုံ၌ နေတော်မူစဉ် သမိဒ္ဓိမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အရှင်သမိဒ္ဓိမထေရ်သည် တစ်ညဉ့်ပတ်လုံး လုံ့လကို အားထုတ်၍ အရုဏ် တက်သောအခါ၌ ရေချိုး၍ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော အတ္တဘော ကို ခြောက်စေပြီးလျှင် သင်းပိုင်ကိုဝတ်၍ ကိုယ်ဝတ်ကို လက်ဖြင့် ကိုင်လျက် ရပ်၏။ ထိုမထေရ်အား ကောင်းစွာ အပြေအပြစ် ပြုအပ်သော ရွှေဆင်းတု ကဲ့သို့သော အတ္တဘော၏ ပြည့်စုံခြင်းသည်လျှင် အကြင့်ကြောင့် ရှိ၏။ ထို့ကြောင့် သမိဒ္ဓိဟူသော အမည်သည် ဖြစ်၏။ ထိုအခါ၌ ထိုသမိဒ္ဓိမထေရ်၏ ကိုယ်၏ တင့်တယ်ခြင်းကိုမြင်၍ တစ်ယောက်သော နတ်သမီးသည် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မထေရ်ကို ရဟန်း သင်သည်လျှင် ငယ်၏။ နုနယ်၏။ မည်း ညိုသော ဆံရှိ၏။ ကောင်းသောအရွယ်နှင့် ပြည့်စုံ၏။ အလွန် အဆင်း လှ၏။ ရှုဖွယ်ရှိ၏။ ကြည်ညိုဖွယ် ရှိ၏။ ဤသို့ သဘောရှိသော သင်အား ဝတ္ထုကာမ

ကိလေသာကာမတို့ကို မခံစားမူ၍ ရဟန်းပြုသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဝတ္ထုကာမ ကိလေသာကာမတို့ကို ရှေးဦးစွာ ခံစားဦးလော့။ နောက်မှ ရဟန်း ပြု၍ ရဟန်းတရားကို ကျင့်ရလတ္တံ့ဟု ဆို၏။ ထိုအခါ၌ ထိုနတ်သမီးကို မထေရ် သည် နတ်သမီး ငါသည် ဤမည်သော အရွယ်၌ တည်၍ သေလတ္တံ့ဟု ငါ၏ သေလတ္တံ့သော ကာလကိုမသိ။ ငါ့အား ဤသေလတ္တံ့သော ကာလသည် ဖုံးလွှမ်း၏။ ထို့ကြောင့် ငယ်စဉ်ကာလ၌သာလျှင် ရဟန်းတရားကို ကျင့်၍ ဆင်းရဲ၏ အဆုံးကို ပြုအံ့ဟုဆို၏။ ထိုနတ်သမီးသည် မထေရ်၏အထံမှ အစေ့အစပ် ဖြစ်သော စကားကိုမရ၍ ထိုအရပ်၌သာလျှင် ကွယ်၏။ မထေရ်သည် မြတ်စွာ ဘုရားသို့ ကပ်၍ ထိုအကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် သမိဒ္ဓိ ယခု အခါ၌ သင့်ကိုသာလျှင် နတ်သမီးသည် ဖြားယောင်းအပ်သည် မဟုတ်သေး။ ရှေး၌လည်း နတ်သမီးတို့သည် ရဟန်းတို့ကို ဖြားယောင်းဖူးကုန်သလျှင်ကတည်း ဟု မိန့်တော်မူ၍ ထိုသမိဒ္ဓိမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

သမိဒ္ဓိ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်း သည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ကာသိကရွာငယ်ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ခပ်သိမ်းကုန်သော အတတ် တို့၌ အပြီးသို့ရောက်၍ ရသေ့ရဟန်း ပြုပြီးသည်ရှိသော် အဘိညာဉ်တို့ကို လည်းကောင်း, သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ တစ်ခုသော အလိုလိုဖြစ်သော အိုင်ကို အမှီပြု၍ နေ၏။ ထိုဘုရားလောင်းသည် အလုံးစုံသော ညဉ့်ပတ်လုံး လုံ့လကိုအားထုတ်၍ အရုဏ်တက်သော ကာလ၌ ရေချိုး၍ တစ်ထည်သော လျှော်တေသက်န်းကိုဝတ်၍ တစ်ထည်သော လျှော်တေ သင်္ကန်းကို လက်ဖြင့်ကိုင်၍ ကိုယ်ကို ရေမရှိသည်ကို ပြုလျက်ရပ်၏။ ထိုအခါ၌ ထိုဘုရားလောင်း၏ အဆင်းအားဖြင့် တင့်တယ်သော မြတ်သော အဖြစ်သို့ ရောက်သော ကိုယ်တော်ကို ကြည့်မိ၍ တပ်စွန်းသော စိတ်ရှိသော တစ်ယောက် သော နတ်သမီးသည် ဘုရားလောင်းကို ဖြားယောင်းလိုရကား ဤဂါထာကို ဆို၏။

၃၃။ အဘုတွာ ဘိက္ခသိ ဘိက္ခု၊ န ဟိ ဘုတွာန ဘိက္ခသိ။
ဘုတွာန ဘိက္ခု ဘိက္ခဿု၊ မာ တံ ကာလော ဉပစ္စဂါ။

ရဟန်း သင်သည် ငယ်သောအခါ၌ ကိလေသာကာမ၏ အစွမ်းအားဖြင့် ဝတ္ထုကာမတို့ကို မခံစားရသေးဘဲ ရဟန်းပြု၏၊ ကိလေသာကာမ၏အစွမ်းအားဖြင့် ဝတ္ထုကာမတို့ကို ခံစားပြီး၍ ရဟန်းပြုလာခြင်း မဟုတ်၊ ရဟန်း သင်သည်

ယ်သောအခါ၌ ရှေးဦးစွာ ကာမတို့ကို ခံစားပြီး၍ နောက်ဖြစ်သော အိုမင်းသော အခါ၌ ရဟန်းပြုလော၊ သင့်ကို ကာမချမ်းသာကို ခံစားရာဖြစ်သော ပျိုရွယ်သော အခါကို မလွန်စေလင့်။

ဘုရားလောင်းသည် နတ်သမီး၏ စကားကိုကြား၍ မိမိ၏အလိုကို ပြလိုရကား ဤဂါထာကို ဆို၏။

၃၄။ ကာလံ ဝေါဟံ န ဇာနာမိ၊ ဆန္နော ကာလော န ဒိဿတိ။
တသ္မာ အဘုတ္တွာ ဘိက္ခာမိ၊ မာ မံ ကာလော ဥပစ္စဂါ။

နတ်သမီး ငါသည် သေလတ္တံ့သောအခါကို မသိ၊ ငါ့အား ဖုံးလွှမ်းအပ်သည်ဖြစ်၍ သေလတ္တံ့သောအခါသည် မထင်၊ ထို့ကြောင့် ကာမဂုဏ်ငါးပါးတို့ကို မခံစားမူ၍ ငါ့ကို ရဟန်းတရားကို ကျင့်ရာအခါသည် မလွန်စေသတည်းဟု ရဟန်းပြု၏။ နတ်သမီးသည် ဘုရားလောင်း၏ စကားကို ကြား၍ ထိုအရပ်၌သာလျှင် ကွယ်လေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား သမိဒ္ဓိ ယခုအခါ သင့်အား ဖြားယောင်းသော နတ်သမီးသည် ထိုအခါ ငါ့အား ဖြားယောင်းဖူးသော နတ်သမီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရုပ်သွင်တင့်တယ်၊ ကာမနယ်၊ မြူဆွယ်မှားတတ်လှ)

တစ်ရာခြောက်ဆယ့်ခုနစ်ခုမြောက်သော သမိဒ္ဓိဇာတ်သည် ပြီး၏။

---

## ၁၆၈-သကုဏဂ္ဃိဇာတ်

### အနေကောင်းလျှင် တစ်သက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် သေနော ဗလသာ ပတမာနော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသကုဏဂ္ဃိ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိမိအလို၏ အစွမ်းအားဖြင့် ဟောအပ်သော သကုဏောဝါဒသုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် တစ်နေ့သ၌ ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ အဖဥစ္စာဖြစ်သော အာရုံ၌သာလျှင် ကျက်စားကုန်လော့၊ ဤသို့ အစရှိသော မဟာဝဂ္ဂသံယုတ်၌ ဤသုတ္တန်ကို ဟောတော်မူသည်ရှိသော် ရဟန်းတို့ သင်တို့ကို ထားကုန်ဘိဦး။ ရှေး၌ တိရစ္ဆာန်တို့သည်လည်း အဖဥစ္စာဖြစ်သော မိမိအရာကို စွန့်ကုန်၍ မကျက်စားသင့်သော အရာ၌ ကျက်စားကုန်သည်ရှိသော် ရန်သူတို့၏ လက်သို့ ရောက်ကုန်၏။ ရောက်ကုန်၍ မိမိပညာ၏ ပြည့်စုံခြင်းအားဖြင့် အကြောင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့် ရန်သူတို့၏ လက်မှ လွတ်ဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗီလုံးငှက်မျိုး၌ ဖြစ်၍ ထွန်တုံး၌ တပ်အပ်သော ထွန်သွားတို့ဖြင့် ထွန်ခြင်းကို ပြုရာဖြစ်သော မြေစိုင်ခဲ ရှိရာ အရပ်၌ နေခြင်းကို ပြု၏။ ထိုဗီလုံးငှက်သည် တစ်နေ့သော အခါဝယ် မိမိအရာ၌ အစာ ယူခြင်းကို စွန့်၍ သူတစ်ပါးတို့၏ အရာ၌ အစာကို ယူအံ့ဟူ၍ တောအုပ်၏ အဆုံးသို့ သွား၏။ ထိုအခါ၌ ထိုဗီလုံးငှက်ကို ထိုတောအုပ်၏ အဆုံး၌ အစာကို ယူသည်ကို မြင်၍ သိန်းသည် အဆောတလျင် ပြေးလာ၍ ထိုးယူလေ၏။ ထိုဗီလုံးငှက်ကို သိန်းသည် ဆောင်ယူလေသည် ရှိသော် ငါတို့သည် သာလျှင် ကျက်သရေ မရှိကုန်သည် ဖြစ်ကုန်၏။ ငါတို့သည်သာလျှင် ဘုန်းမရှိကုန်သည် ဖြစ်ကုန်၏။ ငါတို့သည် သူတစ်ပါးတို့၏ အရာဖြစ်သော မကျက်စားအပ်သော အရပ်၌ ကျက်စားမိကုန်၏။ ငါတို့သည် မိမိနေရာသို့ ရောက်ကုန်၍ အဖဥစ္စာ ဖြစ်သော မိမိ အရာဖြစ်သော ကျက်စားရာ အရပ်၌ ကျက်စားရကုန်ငြားအံ့။ သိန်း၏ အကြင် ထိုးခြင်းသည် ရှိ၏။ ထိုကဲ့သို့ ထိုးခြင်းငှါ ဤ သိန်းသည် စွမ်းနိုင်သည် မဖြစ်လေရာဟု ငိုကြွေးမြည်တမ်း၏။

ဤသို့ ငိုကြွေးမြည်တမ်းသည် ရှိသော် ဗီလုံးငှက် သင်၏ အဖဥစ္စာဖြစ်သော မိမိ အရာဖြစ်သော ကျက်စားရာ အရပ်သည် အဘယ် အရပ်နည်းဟု မေး၏။ သိန်းငှက် ထွန်တုံး၌ တပ်အင်သော ထွန်သွားဖြင့် ထွန်ခြင်းကို ပြုရာ ဖြစ်သော အကြင် မြေစိုင်ခဲရှိရာ အရပ်သည် ရှိ၏။ ထိုအရပ်သည် ငါ၏ ကျက်စားရာ အရပ်တည်းဟု ဆို၏။ ထိုအခါ၌ ထိုဗီလုံးငှက်ကို သိန်းသည် မိမိအစွမ်းကို ယုံသည်၏ အဖြစ်ကြောင့် ဗီလုံးငှက် သင်သွားလေ။ သင်၏ ကျက်စားရာ ဖြစ်သော ထိုအရပ်သို့လည်း သွားလေ၍ ငါမှ မလွတ်လတ္တံ့ ဟု ဆို၍ လွှတ်လိုက်၏။ ထိုဗီလုံးငှက်သည် ထို မိမိ ကျက်စားရာ အရပ်သို့ သွားလေ၍ ကြီးစွာသော မြေစိုင်ခဲပေါ်သို့ တက်ပြီးလျှင် သိန်းငှက် ယခု လာလော့ဟု သိန်းကို ခေါ်လျက်

ရပ်၏။ သိန်းသည် မိမိအစွမ်းကို ယုံသည်၏ အဖြစ်ကြောင့် အတောင်နှစ်ဖက်တို့ကို ဖြန့်၍ ဗီလုံးငှက် အထံကို လျင်မြန်စွာ ပြေးလာ၏။ အကြင်အခါ၌ကား ထိုသိန်းကို ဗီလုံးငှက်သည် ငါ၏ အထံသို့ ဤသိန်းသည် လျင်မြန်စွာ လာသလျှင်ကတည်းဟု သိ၏။ ထိုအခါလှည့်လည်တုံ့ပြန်၍ ထိုမြေစိုင်ခဲ၏ အကြားသို့သာလျှင် ဝင်၏။ သိန်းသည် အဟုန်ကို တန့်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုမြေစိုင်ခဲ၌သာလျှင် ရင်ကို တိုက်ကွဲစေ၏။ ဤသို့ ထိုသိန်းသည် ရင်ကွဲလေ၍ မျက်စိနှစ်လုံးတို့သည် ထွက်ကုန်၍ အသက်ကုန်ခြင်းသို့ ရောက်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤအတိတ်ကို ပြတော်မူ၍ ရဟန်းတို့ ဤသို့ တိရစ္ဆာန်တို့သည်လည်း မကျက်စားသင့်သော အရပ်၌ ကျက်စားကုန်သည် ရှိသော် ရန်သူလက်သို့ ရောက်ကုန်၏။ အဘ ဥစ္စာဖြစ်သော မိမိ အရပ်ဖြစ်သော ကျက်စားသင့်သော အရပ်၌ကား ကျက်စားကုန်သည် ရှိသော် ရန်သူကို နှိပ်နင်းနိုင်ကုန်၏။ ထို့ကြောင့် သင်တို့သည်လည်း သူတစ်ပါးတို့၏ အရပ်ဖြစ်သော မကျက်စားသင့်သော အရပ်၌ မကျက်စားကြကုန်လင့်။ ရဟန်းတို့ သူတစ်ပါးတို့၏ အရပ်ဖြစ်သော မကျက်စားအပ်သော အရပ်၌ ကျက်စားသည်ရှိသော် မာရ်သည် အခွင့်ကိုရ၏။ မာရ်သည် စွဲလမ်းရာကို ရ၏။ ရဟန်းတို့ သူတစ်ပါးတို့၏ အရပ်ဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရပ်သည် အဘယ်နည်းဟူမူကား အကြင် ငါးပါးကုန်သော ကာမဂုဏ်တို့သည် ရှိကုန်၏။ ထိုငါးပါးကုန်သောကာမဂုဏ်တို့သည် သူတစ်ပါးတို့၏အရပ်ဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရပ်တည်း၊ ငါးပါးကုန်သော ကာမဂုဏ်တို့သည် အဘယ်သည်တို့နည်း ဟူမူကား စက္ခုဝိညာဉ် စသည်ဖြင့် သိအပ်သော ရူပါရုံ အစရှိသည်တို့တည်း။ ရဟန်းတို့ ကာမဂုဏ်ဖြစ်သော ဤအာရုံငါးပါးသည် သူတစ်ပါးတို့၏ အရပ်ဖြစ်သော ရဟန်းတို့ မကျက်စားအပ်သော အရပ်တည်းဟု ဟောတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

၃၅။ သေနော ဗလသာ ပတမာနော၊ လာပံ ဂေါစရဌာယိနံ။
သဟသာ အဇ္ဈပ္ပတ္တော၀၊ မရဏံ တေနုပါဂမိ။

ရဟန်းတို့ အစာရှာအံ့သောငှါ တောအုပ်၏ အစွန်း၌ တည်သော ဗီလုံးငှက်ဆီသို့ သိန်းငှက်သည် အားအစွမ်းဖြင့် ထိုးအံ့သောငှါ ဆင်းသက်လာသည်ရှိသော် အရှိန်ပြင်းစွာ ကျရောက် သက်ဆင်းလေသောကြောင့် ထိုသိန်းငှက်သည် သေရလေ၏။

ထိုသိန်းသည် သေခြင်းသို့ ရောက်သည်ရှိသော် ဗီလုံးငှက်သည် မြေစိုင်ခဲအကြားမှ ထွက်၍ စင်စစ်လျှင် ငါသည် ရန်သူ၏ ပျက်စီးခြင်းကို မြင်အပ်၏ဟု

ထိုဗိလုံးငှက်၏ နှလုံး၌ ထား၍ ဝမ်းမြောက် ဝမ်းသာ ကျူးရင့်လိုရကား ဤဂါထာကို ဆို၏–

၃၆။ သောဟံ နယေန သမ္ပန္နော၊ ပေတ္တိကေ ဂေါစရေ ရတော။
အပေတသတ္တု မောဒါမိ၊ သံပဿံ အတ္တမတ္တနော။

ဘေးမှ လွတ်ခြင်း၏ အကြောင်းဖြစ်သော ဉာဏ်နှင့် ပြည့်စုံသော ထိုငါသည် အဖ ဉစ္စာဖြစ်သော ကျက်စားရာ အရပ်၌ မွေ့လျော်သည်ရှိသော် ရန်သူမှ ကင်းလွတ်သည်ဖြစ်၍ မိမိ၏ ရောဂါကင်းသည်၏ အဖြစ်ဟု ဆိုအပ်သော အစီးအပွါးကို ကောင်းစွာ မြင်ရခြင်းကြောင့် ဝမ်းမြောက်ရ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ သိန်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗိလုံးငှက် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မိဘနှစ်ပါး၊ ကျက်စားစဉ်လာ၊ စွန့်ပစ်ခွါ၊ ဘေးသာဖြစ်တတ်လှ)

တစ်ရာခြောက်ဆယ့်ရှစ်ခုမြောက်သော သကုဏဂ္ဃိဇာတ်သည် ပြီး၏။

---

၁၆၉-အရကဇာတ်

မေတ္တာအကျိုး တစ်ဆယ့်တစ်ပါး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ယော ဝေ မေတ္တေန စိတ္တေန-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ အရကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မေတ္တသုတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသော အခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ရှိသေစွာမှီဝဲအပ်သော ပွါးစေအပ်သော များစွာ ပြုအပ်သော ကသော ယာဉ်ကိုကဲ့သို့ပြုအပ်သော တည်ရာကိုကဲ့သို့ ပြုအပ်သော ဆောက်တည်အပ်သော လေ့ကျက်အပ်သော ကောင်းစွာ အားထုတ်အပ်သော မေတ္တာနှင့် ယှဉ်သော စေတောဝိမုတ္တိကြောင့် တစ်ဆယ့်တစ်ပါးကုန်သော အကျိုးတို့သည် မချွတ်

ဖြစ်ကုန်၏။ မေတ္တာအကျိုး တစ်ဆယ့်တစ်ပါးဟူသည် အဘယ် သည်တို့နည်း ဟူမူကား—

—ချမ်းသာစွာ အိပ်ရ၏။
—ချမ်းသာစွာ နိုးရ၏။
—ယုတ်မာသော အိပ်မက်ကို မမြင်မက်ရ။
—လူတို့သည် ချစ်မြတ်နိုး၏။
—နတ်တို့သည် ချစ်ကုန်၏။
—နတ်တို့သည် စောင့်ကုန်၏။
—ထိုမေတ္တာကို ပွားစေသော သူအား မီးသည်လည်း မလောင်နိုင် အဆိပ်သည်လည်း မသင့်နိုင် လက်နက်သည်လည်း မစူးမရှနိုင်။
—ပျံ့လွင့်သောစိတ်သည် လျင်မြန်စွာသာလျှင် တည်ကြည်၏။
—မျက်နှာအဆင်းသည် အထူးသဖြင့် ကြည်လင်၏။
—မတွေ့မဝေ သေရ၏။
—မေတ္တာသမာပတ်ထက် လွန်မြတ်သော မဂ်ဖိုလ်ကို ထိုးထွင်း၍ မသိနိုင်သည် ရှိသော် ဗြဟ္မာ့ပြည်သို့ လားရ၏။

ဤတစ်ဆယ့်တစ်ပါးတို့တည်း။

ရဟန်းတို့ ရှိသေစွာ မှီဝဲအပ်သော များစွာပြုအပ်သော ပွါးစေအပ်သော ကသော ယာဉ်ကိုကဲ့သို့ ပြုအပ်သော တည်ရာကိုကဲ့သို့ ပြုအပ်သော ဆော်က်တည်အပ်သော လေ့ကျက်အပ်သော ကောင်းစွာအားထုတ်အပ်သော မေတ္တာနှင့် ယှဉ်သော စေတောဝိမုတ္တိကြောင့် တစ်ဆယ့်တစ်ပါးကုန်သော ဤအကျိုးတို့သည် မချွတ်ဖြစ်ကုန်၏။ ဤသို့ တစ်ဆယ့်တစ်ပါးကုန်သော အကျိုးကိုယူ၍ တည်သော မေတ္တာဘာဝနာကို ချီးမွမ်းတော်မူ၍ ရဟန်းတို့၊ ရဟန်းမည်သည်ကား ခပ်သိမ်းကုန်သော သတ္တဝါတို့၌ သြဓိသက အနောဓိသက၏ အစွမ်းအားဖြင့် မေတ္တာကို ပွားစေအပ်၏။ မိမိအစီးအပွားကို လိုသော သူကိုလည်း အစီးအပွားကို လိုသောစိတ်ဖြင့် နှံ့စေအပ်၏။ မိမိအစီးအပွါးကို မလိုသောသူကိုလည်း အစီးအပွါးကို လိုသောစိတ်ဖြင့် နှံ့စေအပ်၏။ မိမိအစီးအပွား ကို လိုသည်လည်း မဟုတ် မလိုသည်လည်း မဟုတ်၊ လျစ်လျူဖြစ်သော သူတို့ကိုလည်း အစီးအပွါးကို လိုသောစိတ်ဖြင့် နှံ့စေအပ်၏။ ဤသို့ ခပ်သိမ်းကုန်သော သတ္တဝါတို့၌ သြဓိသက အနောဓိသက၏ အစွမ်းအားဖြင့် မေတ္တာကို ပွားစေအပ်၏၊ ကရုဏာကို ပွါးစေအပ်၏၊ မုဒိတာကို ပွါးစေအပ်၏။ ဥပေက္ခာကို ပွါးစေအပ်၏၊ လေးပါးကုန်သော ဗြဟ္မဝိဟာရတို့၌ အမှုကိုပြုအပ်သည်သာလျှင်ကတည်း။ ထိုစကားသည်မှန်၏။ ဤသို့ပြုသောရဟန်းသည် မဂ်ကိုလည်းကောင်း,

ဖိုလ်ကိုလည်းကောင်း, မရသော်လည်း, ဗြဟ္မာ့ပြည်သို့ လားရသည် ဖြစ်၏။ ရှေးပညာရှိတို့သည်လည်း ခုနစ်နှစ်တို့ပတ်လုံး မေတ္တာကို ပွားစေ၍ ခုနစ်ပါး ကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ပတ်လုံး ဗြဟ္မာ့ပြည်၌သာလျှင် နေဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ တစ်ခုသောကပ်၌ ဘုရားလောင်းသည် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ကာမတို့ကိုပယ်ပြီးလျှင် ရသေ့ ရဟန်းပြု၍ ဗြဟ္မဝိဟာရတရား လေးပါးကိုရသော အရက အမည်ရှိသော ဆရာဖြစ်၍ ဟိမဝန္တာအရပ်၌နေ၏။ ထိုအရကဆရာအား များသောအခြံအရံ ရှိသည်ဖြစ်၏၊ ထိုအရကဆရာသည် ရသေ့အပေါင်းကို ဆုံးမသည် ရှိသော် ရဟန်းမည်သည်ကား မေတ္တာကို ပွါးစေအပ်၏။ ကရုဏာကို ပွားစေအပ်၏။ မုဒိတာကိုပွါးစေအပ်၏။ ဥပေက္ခာကို ပွါးစေအပ်၏။ ထိုစကားသည်မှန်၏။ ထို မေတ္တာစိတ်မည်သည်ကား အပ္ပနာသို့ရောက်သည်ရှိသော် ဗြဟ္မာ့ပြည်သို့လားရ ခြင်းကို ပြီးစေ၏ဟု မေတ္တာ၏ အကျိုးအာနိသင်ကိုပြလိုရကား ဤဂါထာတို့ကို ဆို၏။

၃၇။ ယော ဝေ မေတ္တေန စိတ္တေန၊ သဗ္ဗလောကာနုကမ္ပတိ။
ဥဒ္ဓံ အဓော စ တိရိယံ၊ အပ္ပမာဏေန သဗ္ဗသော။

၃၈။ အပ္ပမာဏံ ဟိတံ စိတ္တံ၊ ပရိပုဏ္ဏံ သုဘာဝိတံ။
ယံ ပမာဏကတံ ကမ္မံ၊ န တံ တတြာဝသိဿတိ။

အို ရသေ့အပေါင်းတို့၊ မင်းစသည် တို့တွင်လည်းကောင်း, ရဟန်းပုဏ္ဏား တို့တွင်လည်းကောင်း မြေအပြင်မှ နေဝသညာ နာသညာယတန ဗြဟ္မာ့ပြည် တိုင်အောင်သောအရပ်ဟု ဆိုအပ်သော အထက်အရပ်မျက်နှာ, မြေပြင်မှ ဥဿဒငရဲတိုင်အောင်သော အရပ်ဟုဆိုအပ်သော အောက်အရပ်မျက်နှာ, လူတို့ ပြည်၌ စကြဝဠာဟုဆိုအပ်သော ဖီလာအရပ်မျက်နှာတို့၌ ဖြစ်ကုန်သော သတ္တဝါ အားလုံးတို့သည် ဘေးရန်ကင်းကြပါစေကုန်, ကြောင့်ကြခြင်း ကင်းကြပါ စေကုန်။ ဆင်းရဲကင်းကြပါစေကုန်, ချမ်းသာခြင်း ရှိကြပါစေကုန်, မိမိ ကိုယ်ကို ဆောင်နိုင်ကြပါစေကုန်ဟု ထက်အောက်ဖီလာ အရပ်မျက်နှာ ဟု ဆိုအပ်သော သုံးတိ, ဒုဂ္ဂတိဖြစ်သော ခပ်သိမ်းသော အခြင်းအရာ အားဖြင့် အတိုင်းအရှည် မရှိသော မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် လောကအားလုံးကို ကေန်စောင့်ရှောက်သောသူ၏ အတိုင်းအရှည် မရှိသော သတ္တဝါလျှင် အာရုံရှိသည်ကိုပြု၍ ကောင်းစွာ ပွားစေအပ်သော, ပြည့်စုံသော

သတ္တဝါအားလုံးတို့၌ အစီးအပွားကို အလိုရှိသော ရူပါဝစရစိတ်၌ ယှဉ်သော ကံဟူသော ရူပါဝစရ ကံ၌ အတိုင်းအရှည်အားဖြင့် ပြုအပ်သော ကာမာဝစရကံသည် လွှမ်းမိုး၍ မတည်နိုင်၊ စင်စစ်သော်ကား ရူပါဝစရ ကံသည်သာလျှင် ကာမာဝစရကံကို လွှမ်းမိုး၍ တည်နိုင်၏။

ဤဂါထာတို့ဖြင့် ဘုရားလောင်းသည် တပည့်တို့အား မေတ္တာကိုပွားစေခြင်း၏ အကျိုးကို ဟော၍ မယုတ်သော ဈာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ဖြစ်၍ သံဝဋ္ဋ ဝိဝဋ္ဋ ခုနစ်ကပ်တို့ပတ်လုံး ဤလူ့ပြည်သို့ တစ်ဖန်မလား မဖြစ်ကုန်။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အရက အမည်ရှိသော ရသေ့အပေါင်းတို့၏ ဆရာဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(မေတ္တာတရား ဖြည့်တိုးပြား ကျိုးကားဆယ့်တစ်ရ)

တစ်ရာခြောက်ဆယ့်ကိုးခုမြောက်သော အရကဇာတ်သည် ပြီး၏။

---

## ၁၇၀-ကကဏ္ဋကဇာတ်

နာယံ ပုရေ ဥန္နမတိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ ကကဏ္ဋကဇာတ်သည် မဟာနိပါတ် မဟာ ဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

တစ်ရာခုနစ်ဆယ်ခုမြောက်သော ကကဏ္ဋကဇာတ်သည် ပြီး၏။

၂-သန္ထဝဝဂ်ပြီး၏

---

# ၃-ကလျာဏဝဂ်

## ၁၇၁-ကလျာဏဓမ္မဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

### ပညတ်သွားရာ ဓာတ်သက်ပါ

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကလျာဏဓမ္မော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကလျာဏဓမ္မဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော နားပင်းသော ယောက္ခမကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိမြို့၌ တစ်ယောက်သော သူကြွယ်သည် သဒ္ဓါခြင်းနှင့် ပြည့်စုံ၏။ ကြည်ညိုခြင်းရှိ၏။ ရတနာသုံးပါးသို့ ဆည်းကပ်၏၊ ငါးပါးသောသီလနှင့် ပြည့်စုံ၏။ ထိုသူကြွယ်သည် တစ်နေ့သ၌ များစွာကုန်သော ထောပတ် အစရှိကုန်သော ဆေးတို့ကို လည်းကောင်း၊ ပန်းနံ့သာ အဝတ် အစရှိသည်တို့ကို လည်းကောင်း ယူ၍ ဇေတဝန်ကျောင်းတော်ဝယ် မြတ်စွာဘုရားအထံတော်၌ တရားတော်ကို နာအံ့သောငှါ သွား၏။ ထိုသူကြွယ်၏ သွားသောကာလ၌ ယောက္ခမသည် ခဲဖွယ်ဘောဇဉ်ကိုယူ၍ သမီးကိုမြင်ခြင်းငှါ အလိုရှိသည်ဖြစ်၍ ထိုအိမ်သို့လာ၏။ ထိုယောက္ခမဖြစ်သော မိန်းမသည်လည်း အတန်ငယ် နားပင်းသည်ဖြစ်၏။ ထိုမိန်းမသည် သမီးနှင့်တကွ ထမင်းစားပြီး၍ ထမင်းဆီယစ်ခြင်းကို ဖျောက်လျက် ချစ်သမီး သင့်လင်သည် သင်နှင့် ဝမ်းမြောက် ဝမ်းသာ ချစ်ခင်လျက် နေခြင်းကို ပြု၏လောဟု မေးလေ၏။ မိခင် အသို့ ဆိုကုန်ဘိသနည်း၊ သင် မိခင်တို့၏ သမက်သည် သီလအားဖြင့် လည်းကောင်း, အကျင့်၏ပြည့်စုံခြင်းအားဖြင့် လည်းကောင်း, အကြင်သို့ သဘောရှိ၏။ ထိုသို့ သဘောရှိသည်ကို ရဟန်းဖြစ်သော သူသည်လည်း ရခဲစွတကားဟု ဆိုသည်ရှိသော် ဒါယိကာမသည် သမီး၏စကားကို ကောင်းစွာ မမှတ်နိုင်၍ ရဟန်းဟူသော အသံကိုသာလျှင်ယူ၍ ချစ်သမီး အဘယ့်ကြောင့် သင်၏ လင်သည် ရဟန်းပြုလေသနည်းဟု ကျယ်စွာသော အသံကိုပြု၏။ ထိုအသံကိုကြား၍ အိမ်အလုံး၌ နေကုန်သောသူတို့သည် ငါတို့၏ သူကြွယ်သည် ရဟန်းပြုသတတ်ဟု မြည်တမ်းကြကုန်၏။ ထိုအိမ်သူတို့၏ အသံကိုကြားကုန်၍ တံခါးဖြင့် သွားကုန်သောသူတို့သည် အဘယ်မည်သော အကြောင်းကြောင့် ငိုကုန်သနည်းဟု မေးကုန်၏။ ဤအိမ်၌ သူကြွယ်သည် ရဟန်းပြုသတတ်ဟု ဆိုကြကုန်၏။

ထိုသူကြွယ်သည်လည်း မြတ်စွာဘုရား၏ တရားတော်ကိုနာပြီးလျှင်ကျောင်းမှ ထွက်ခဲ့၍ မြို့သို့ဝင်လာ၏၊ ထိုအခါ၌ ထိုသူကြွယ်ကို ခရီးအကြား၌ သာလျှင် တစ်ယောက်သောယောကျ်ားကို မြင်၍ အဆွေ သင်သည် ရဟန်းပြုသတတ်ဟု သင်၏ အိမ်၌သားမယား အခြွေအရံတို့သည် ငိုကြွေး မြည်တမ်းကြကုန်၏ဟုဆို၏။ ထိုအခါ၌ ထိုသူကြွယ်အား ဤသို့သော အကြံသည် ဖြစ်၏။ အဘယ်သို့ဖြစ်သနည်းဟူမူကား ရဟန်း မပြုသည်သာလျှင် ဖြစ်သော ငါ့ကို ရဟန်း ပြုသတတ်ဟု ဆို၏။ ကောင်းသော အသံသည် ဖြစ်သလျှင်ကတည်း။ ထိုကောင်းသော အသံကို မကွယ်စေအပ်။ ယနေ့ပင်လျှင် ငါသည် ရဟန်းပြုအံ့သောငှါ သင့်၏ဟု ဤသို့ အကြံဖြစ်၍ ထိုအကြံ ဖြစ်ပြီးသော နောက်မှ ပြန်၍ မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ဒါယကာ ယခုပင်လျှင် ငါဘုရားအား ခစားခြင်းကို ပြုပြီးလျှင် သွား၍ ယခုပင်လျှင် အဘယ့်ကြောင့် ပြန်လာသနည်းဟု မိန့်တော်မူသည်ရှိသော် ထိုအကြောင်းကို လျှောက်၍ အရှင်ဘုရား ဖြစ်သော ကောင်းသော အသံ

မည်သည်ကို ကွယ်စိမ့်သောငှါ မသင့်။ ထို့ကြောင့် ရဟန်းပြုလိုသည် ဖြစ်၍ လာပါသည်ဟု လျှောက်၏။ ထိုဒါယကာသည် ရှင်အဖြစ်ကိုလည်းကောင်း ပဉ္စင်းအဖြစ်ကိုလည်းကောင်း ရ၍ ကောင်းစွာ ကျင့်သည် ဖြစ်၍ မကြာမြင့်မီသာလျှင် အရဟတ္တဖိုလ်သို့ ရောက်၏။

ဤအကြောင်းသည် ရဟန်းသံဃာအပေါင်း၌ ထင်ရှားသည် ဖြစ်သတတ်။ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်းဟူမူကား ငါ့ရှင်တို့ ဤအမည်ရှိသော သူကြွယ်သည် ဖြစ်သော ကောင်းသော အသံကို မကွယ်စေအပ်၏ဟု ရဟန်းပြု၍ ယခုအခါ၌ အရဟတ္တဖိုလ်သို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ရှေးပညာရှိတို့သည်လည်း ဖြစ်သော ကောင်းသော အသံကို ချွတ်ယွင်းစိမ့်သောငှါ မအပ်ဟု ရဟန်းပြုကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် အဖလွန်သဖြင့် သူဌေးအရာသို့ ရောက်၏။ ထိုဘုရားလောင်းသည် တစ်နေ့သ၌ အိမ်မှ ထွက်၍ မင်း၏ အနီးဖြစ်သော အရပ်သို့ သွား၏။ ထိုအခါ၌ ထိုဘုရားလောင်း၏ ယောက္ခမသည် သမီးကို ကြည့်အံ့ဟူ၍ ထိုသမီး၏ အိမ်သို့ သွားလေ၏။ ထိုဒါယိကာသည် အတန်ငယ် နားပင်းသော သဘောရှိသည် ဖြစ်၏။ အလုံးစုံသော စကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်ကတည်း။ ထိုဘုရားလောင်းကိုကား မင်း၏ အနီးဖြစ်သော အရပ်သို့ သွား၍ မိမိ၏ အိမ်သို့ လာလတ်သည်ကို မြင်၍ ယောကျ်ားတစ်ယောက်သည် ရှင်သူဌေးတို့ ရဟန်းပြုကုန်သတတ်ဟု သင်တို့၏ အိမ်၌ သည်းစွာသော ငိုကြွေး မြည်တမ်းခြင်းကို ငိုကြွေး မြည်တမ်းကြ၏ဟု ဆို၏။ ဘုရားလောင်းသည် ဖြစ်သော ကောင်းသော အသံမည်သည်ကို ကွယ်စေခြင်းငှါ မသင့်ဟု ထိုအရပ်မှ ပြန်ပြီး၍ မင်း၏ အထံတော်သို့ သွား၍ သူဌေးကြီး ယခုပင်လျှင် သွား၍ အဘယ့်ကြောင့် လာပြန်သနည်းဟု ဆိုသည်ရှိသော် မြတ်သော မင်းကြီး အကျွန်ုပ်တို့၏ အိမ်သူအပေါင်းသည် အကျွန်ုပ်ကို ရဟန်း ပြုသတတ်ဆို၍ ငိုကြွေး မြည်တမ်းကြကုန်၏။ စင်စစ်သဖြင့်လျှင် ဖြစ်သော ကောင်းသော အသံကို မကွယ်စေအပ်။ ထို့ကြောင့် အကျွန်ုပ်သည် ရဟန်းပြုအံ့။ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူပါလော့ဟု ထိုအကြောင်းကို ပြအံ့သောငှါ ဤဂါထာတို့ကို ဆို၏

၄၁။ ကလျာဏဓမ္မောတိ ယဒါ ဇနိန္ဒ၊
လောကေ သမညံ အနုပါပုဏာတိ။
တသ္မာ န ဟိယျေထ နရော သပညော၊
ဟိရိယာပိ သန္တော ဓုရမာဒိယန္တိ။

၄၂။ သာယံ သမညာ ဣဓ မ'ဇ္ဇပတ္တာ၊
ကလျာဏဓမ္မောတိ ဇနိန္ဒ လောကေ၊
တာဟံ သမေက္ခံ ဣဓ ပဗ္ဗဇိဿံ၊
န ဟိ မ'တ္ထိ ဆန္ဒော ဣဓ ကာမဘောဂေ။

လူတို့ကို အစိုးရသော မင်းမြတ် လောက၌ ကောင်းသော သဘောရှိသော သူသည် သီလရှိသူ, ကောင်းသော တရားရှိသူဟု ခေါ်ဝေါ်သမုတ် ခံရသော နေ့မှ စ၍ ပညာရှိ သူမြတ်သည် ထိုသီလရှိသူ, ကောင်းသော တရားရှိသူဟု အခေါ်ခံရခြင်းမှ မဆုတ်ယုတ် မပျောက်ကွယ်စေရာ။ မြတ်သော မင်းကြီး သူတော်ကောင်းတို့ ငြည်သည်ကား ရှက်ခြင်းဖြင့်လည်းကောင်း, ထိတ်လန့်ခြင်းဖြင့်လည်းကောင်း ရဟန်းအဖြစ်ဟူသော ဝန်ကို ယူကုန်၏။

လူတို့ကို အစိုးရသော မင်းမြတ် ဤလောက၌ ဖြစ်သော ထိုရဟန်းဟူသော အမည်နာမ ပညတ်သို့ ယခုနေ့၌ အကျွန်ုပ်သည် ရောက်အပ်၏၊ ကောင်းသော အကျင့်ရှိသော အကျွန်ုပ်သည် ထိုဂုဏ်၏ အစွမ်းဖြင့် ရအပ်သော အမည် နာမ ပညတ်ကို ကောင်းစွာရှုလျက် ဤလောက၌ ရဟန်းပြုအံ့၊ ဤလောက၌ ကိလေသာ ကာမဖြင့် ဝတ္ထုကာမတို့ကို ခံစားခြင်း၌ အကျွန်ုပ်အား ဆန္ဒ မရှိတော့သည်သာတည်း။

ဘုရားလောင်းသည် ဤသို့ဆို၍ မင်းကို ရဟန်းအဖြစ်ကို ခွင့်ပြုစေပြီးလျှင် ဟိမဝန္တာအရပ်၌ ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကို လည်းကောင်း သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ပြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ဗာရဏသီ သူဌေး ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(နိမိတ်ကောင်းမှု၊ ကောင်းကျိုးရ၊ မုချဖြစ်တတ်စွာ။)

တစ်ရာခုနစ်ဆယ့်တစ်ခုမြောက်သော ကလျာဏဓမ္မ ဇာတ်သည် ပြီး၏။

## ၁၇၂-ဒဒ္ဒရဇာတ်

## မြေခွေးနှင့် ပြိုင်၍ ခြင်္သေ့မဟောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ကောနု သဒ္ဒေန မဟတာ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဒ္ဒရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ အကြားအမြင်များကုန်သော ရဟန်းတို့သည် ဆေးဒန်း မြင်းသီလာ အပြင်၌ နေကုန်သော ခြင်္သေ့မျိုးတို့ကဲ့သို့ လည်းကောင်း၊ ကောင်းကင်ပြင်၌ စီးသော မြစ်ကို အောက်သို့ စီးစေကုန်သကဲ့သို့ လည်းကောင်း သံဃာ့အလယ်၌ အသံဖြင့် ဟောအပ်သော တရားကို ဟောကုန်၏။ ကောကာလိကသည် ထိုအကြားအမြင် များကုန်သော ရဟန်းတို့သည် အသံဖြင့် ဟောအပ်သော တရားကို ဟောကုန်သည်ရှိသော် မိမိ အချည်းနှီး၏ အဖြစ်ကို မသိမူ၍ သာလျှင် ငါသည်လည်း အသံဖြင့် ဟောအပ်သော တရားကို ဟောအံ့ဟု ရဟန်းတို့၏ အလယ်သို့ ဝင်၍ ငါတို့အား အသံဖြင့် ဟောအပ်သော တရားကို ရဟန်းတို့သည် မရောက်စေကုန်။ ငါတို့အား အကယ်၍ ရောက်စေကုန်ငြားအံ့၊ ငါတို့သည်လည်း ဟောချင်ပါကုန်၏ဟု သံဃာ၏ အမည်ကို မယူမူ၍ ထိုထိုအရပ်၌ ဆိုလျက် လှည့်လည်၏။ ထိုကောကာလိက၏ ထိုစကားသည် ရဟန်းသံဃာ၌ ထင်ရှားသည် ဖြစ်၏၊ ထိုရဟန်းတို့သည် ထိုကောကာလိကကို စုံစမ်းကုန်ဦးအံ့ ဟူသောအမှတ်ဖြင့် ဤသို့ ဆိုကုန်၏။ အဘယ်သို့ ဆိုကုန်သနည်း ဟူမူကား ငါ့ရှင် ကောကာလိက ယနေ့ ရဟန်းသံဃာအား အသံဖြင့် ဟောအပ်သော တရားကို ဟောလော့ဟု ဆိုကုန်၏။ ထိုကောကာလိကသည် မိမိ၏ အစွမ်းကို မသိဘဲသာလျှင် ကောင်းပြီဟု ဝန်ခံ၍ ယနေ့ အသံဖြင့် ဟောအပ်သော တရားကို ဟောအံ့ဟု မိမိအား ရောက်သော ယာဂုကို သောက်၏။ ခဲဖွယ်ကို ခဲ၏။ လျောက်ပတ်သည် သာလျှင် ဖြစ်သော ဟင်းဖြင့် စား၏။ နေဝင်၍ တရားနာသော ကာလကို ကြေးကြော်သည် ရှိသော် ရဟန်းအပေါင်းသည် စည်းဝေး၏။

ထိုကောကာလိကသည် လိပ်ဆူးရွှေပန်း အဆင်းနှင့်တူသော သင်းပိုင်ကို ဝတ်၍ မဟာလှေကားပန်း အဆင်းနှင့်တူသော သင်္ကန်းကို ရုံ၍ သံဃာ့အလယ်သို့ ဝင်၍ သီတင်းကြီးသော ရဟန်းတို့ကို ရှိခိုး၍ တန်ဆာဆင်အပ်သော ရတနာမဏ္ဍပ်၌ ခင်းအပ်သော ဓမ္မကထိကတို့၏ နေရာသို့ တက်၍ ဆန်းကြယ်သော ယပ်ကို ကိုင်၍ အသံဖြင့် ဟောအပ်သော တရားကို ဟောအံ့ဟူ၍ နေ၏၊ ထိုခဏ၌သာလျှင် ကောကာလိက၏ ကိုယ်မှ ချွေးတို့သည် ယိုကုန်၏။ ရှံ့ရှား

သည်၏ အဖြစ်သည်လည်း သက်ဝင်၏။ ဟောဦးစဉ် ပထမပုဒ်ကို ဟော၍ ပထမပုဒ်မှ တစ်ပါးကို မမြင်သလျှင်ကဘည်း။ ထိုကောကာလိကသည် တုန်လှုပ်လျက် နေရာမှ သက်၍ ရှက်စနိုးသည် ဖြစ်၍ သံဃာ့ အလယ်မှ ဖဲ၍ မိမိ၏ ပရိဝုဏ်သို့ သွားလေ၏။ တစ်ပါးသော အကြွားအမြင်များသော ရဟန်းသည် အသံဖြင့် ဟောအပ်သော တရားကို ဟော၏။ ထိုအခါမှ စ၍ ရဟန်းတို့သည် ထိုကောကာလိက၏ အချည်းနှီး၏ အဖြစ်ကို သိကုန်၏၊ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့ရှင်တို့ ရှေးဦးစွာသော ကောကာလိက၏ အချည်းနှီး၏ အဖြစ်ကို သိနိုင်ခဲ၏။ ယခုအခါ၌ကား မိမိသည် မြွက်၍ ထိုကောကာလိက၏ ထိုအချည်းနှီး၏ အဖြစ်သည် ထင်ရှား၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ကောကာလိကသည် ယခုအခါ၌သာလျှင် ဤကဲ့သို့ ဆို၍ မိမိ၏ အချည်းနှီးအဖြစ်သည် ထင်ရှားသည် မဟုတ်သေး။ ရှေး၌လည်း ဤကဲ့သို့ ဆို၍ ထင်ရှားသည် ဖြစ်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်ဝယ် ခြင်္သေ့မျိုး၌ ဖြစ်၍ များစွာကုန်သော ခြင်္သေ့တို့၏ မင်းဖြစ်၏။ ထိုခြင်္သေ့မင်းသည် များစွာသော ခြင်္သေ့အပေါင်း ခြံရံလျက် ငွေဂူ၌ နေ၏။ ထိုဂူ၏ အနီး၌ တစ်ခုသော မြေခွေးသည်လည်း နေ၏။ ထိုအခါ တစ်နေ့သ၌ မိုးသည် ရွာ၍ စဲသည်ရှိသော် ခပ်သိမ်းကုန်သော ခြင်္သေ့တို့သည် ခြင်္သေ့မင်း၏ ဂူတံခါး၌ စည်းဝေးကုန်၍ ခြင်္သေ့သံကို ဟောက်ကုန်လျက် ခြင်္သေ့တို့၏ ကစားမြူးထူးခြင်းကို ကစား မြူးထူးကုန်၏။ ထိုခြင်္သေ့တို့၏ ဤသို့ ဟောက်ကုန်၍ ကစား မြူးထူးသော ကာလ၌ ထိုမြေခွေးသည်လည်း ဟောင်၏။ ခြင်္သေ့တို့သည် ထိုမြေခွေး၏ အသံကို ကြားကုန်၍ ဤမြေခွေးသည် ငါတို့နှင့်တကွ ဟောင်၏ဟု ရှက်စနိုးကုန်၍ ဆိတ်ဆိတ်နေကုန်၏။ ခြင်္သေ့တို့၏ ဆိတ်ဆိတ်နေသော ကာလ၌ ဘုရားလောင်း၏ သားဖြစ်သော ခြင်္သေ့ငယ်သည် ဤခြင်္သေ့တို့သည် ဟောက်ကုန်၍ ခြင်္သေ့တို့၏ ကစားမြူးထူးခြင်းကို ကစား မြူးထူးကုန်စဉ် ထိုသတ္တဝါ၏ အသံကို ကြားကုန်၍ ရှက်ခြင်းကြောင့် ဆိတ်ဆိတ်နေသည် ဖြစ်ကုန်၏။ သားအမျိုးကို အစိုးရသော ခြင်္သေ့မင်း အကြင်သတ္တဝါသည် မိမိ၏အသံဖြင့် မိမိကိုယ်ကို သိစေ၏။ ဤသတ္တဝါသည် အဘယ်မည်သော သတ္တဝါနည်းဟု အဖ ခြင်္သေ့မင်းကို မေးလိုရကား ဤဂါထာကို ဆို၏—

၄၃။ ကော နု သဒ္ဒေန မဟတာ၊ အဘိနာဒေတိ ဒဒ္ဒရံ။
တံ သီဟာ နပ္ပဋိနဒန္တိ၊ ကောနာမေသော မိဂါဓိဘူ။

သားများ‌ေ႐ှင်နင်း ခြင်္သေ့မင်း သည်းစွာသော အသံဖြင့် ငွေတောင်ကို ပဲ့တင်ထပ်စေသော သတ္တဝါသည် အဘယ်မည်သော သတ္တဝါမျိုးနည်း၊ ယင်း သတ္တဝါ၏ အသံမျိုးကို ခြင်္သေ့တို့လည်း မဟောက်ကြကုန်၊ ဤသတ္တဝါသည် အဘယ်မည်သော သတ္တဝါပါနည်း။

ထိုအခါ၌ ထိုခြင်္သေ့၏ စကားကို ကြား၍ အဖ ခြင်္သေ့မင်းသည် ဤဂါထာကို ဆို၏။

၄၄။ အဓမော မိဂဇာတာနံ၊ သိင်္ဂါလော တာတ ဝဿတိ။
ဇာတိမဿ ဇိဂုစ္ဆန္တော၊ တုဏှီ သီဟာ သမစ္ဆရေ။

ချစ်သား သားမျိုးသတ္တဝါတို့တွင် ဂုဏ်မရှိသော မြေခွေးသည် ဟောင်၏၊ ထိုမြေခွေး၏ အမျိုးကို ရွံရှာကုန်သည် ဖြစ်၍ ခြင်္သေ့တို့သည် ဆိတ်ဆိတ် နေကြကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကသည် ယခုအခါ၌သာလျှင် မိမိကိုယ်ကို ထင်ရှားသည်ကို ပြုသည်ကား မဟုတ်သေး။ ရှေး၌လည်း ပြုဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ကောကာလိကသည် ထိုအခါ မြေခွေး ဖြစ်ဖူးပြီ။ ယခုအခါ ရာဟုလာသည် ထိုအခါ ခြင်္သေ့ငယ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့မင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ၊ စိန်ကောင်းကျောက်ကောင်း ရောင်းတဲ့ နေရာ ဆေးရိုးသည်က ကန့်လန့်]

တစ်ရာခုနစ်ဆယ့်နှစ်ခုမြောက်သော ဒဒ္ဒရဇာတ်သည် ပြီး၏။

## ၁၇၃-မက္ကဋဇာတ်

## ရသေ့ယောင်ဆောင်သော မျောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "တာတ မာဏဝကော ဧသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမက္ကဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုသည် ပကိဏ္ဏကနိပါတ် ဥဒ္ဒါလကဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ထိုအခါ ၌ကား မြတ်စွာဘုရားသည် ယခုအခါ၌သာလျှင် ဤရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည် မဟုတ်သေး။ ရှေး၌လည်း မျောက်ဖြစ်၍ မီးဟူသော ဒုကြောင်းကြောင့် အံ့ဖွယ်၏အဖြစ်ကို ပြုဖူးသည်သာလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ကာသိကရွာဝယ် ပုဏ္ဏား မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ အိမ်ရာ ထောင်ခြင်းကို ဖြစ်စေ၏။ ထိုအခါ၌ ထိုဘုရားလောင်း၏ ပုဏ္ဏေးမသည် တစ်ယောက်သော သားကိုဖွား၍ သား၏ ရှေးရှု ထက်ဝန်းကျင် ပြေး၍ သွား နိုင်သော ကာလ၌ ပုဏ္ဏေးမသည် သေ၏။ ဘုရားလောင်းသည် ထိုပုဏ္ဏေးမ၏ သူသေကိစ္စကိုပြု၍ ငါ့အား အိမ်ရာ ထောင်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု သားကိုယူ၍ ရဟန်းပြုအံ့ဟု မျက်ရည်တို့ဖြင့် ပြည့်သော မျက်နှာရှိသော အမျိုး အဆွေအပေါင်းကိုစွန့်၍ သားကိုယူ၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ ရဟန်း ပြု၍ အလိုလိုသာလျှင် ဖြစ်သော သစ်မြစ် သစ်သီးဟူသော အာဟာရရှိသည် ဖြစ်၍ နေ၏။

ထိုဘုရားလောင်းသည် တစ်နေ့သ၌ မိုးတွင်းကာလဝယ် မိုးရွာသည်ရှိသော် မြတ်ကုန်သော ထင်းတို့ကို မီးညှို၍ လှုံလျက် သစ်ပျဉ်များ၏ အလယ်၌ အိပ်၏။ ထိုဘုရားလောင်း၏ သားဖြစ်သော ရသေ့ငယ်သည်လည်း ခြေတို့ကို ဆုပ်နယ် လျက်သာလျှင် နေ၏။ ထိုအခါ၌ တစ်ခုသော တောမျောက်သည် အချမ်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ ထိုဘုရားလောင်း၏ သစ်ရွက်ဖြင့် မိုးသောကျောင်း၌

ထိုမီးကိုမြင်၍ ငါသည် ထိုကျောင်းသို့ အကယ်၍ ဝင်အံ့၊ မျောက် မျောက်ဟူ၍ ငါ့ကို ရိုက်ကုန်၍ ထုတ်ကုန်လတ္တံ့။ မီးကို လှုံအံ့သောငှါ မရလတ္တံ့။ ယခုအခါ၌ ငါ့အား အကြောင်းရှိ၏။ ရသေ့တို့၏ အသွင်ကိုယူ၍ ရသေ့၏ အဖြစ်ကိုပြု၍ သွားအံ့ဟု ကြံ၍ တစ်ပါးသော သေလေပြီးသော ရသေ့၏ သင်္ကန်းတို့ကို ဝတ်ရုံ၍ ခြင်းတောင်းကိုလည်းကောင်း၊ ချွန်းရိုးကိုလည်းကောင်း ကိုင်၍ သစ်ရွက်ဖြင့် မိုးသော ကျောင်းတံခါး၌ တစ်ခုသော ထန်းပင်ကိုမှီ၍ ဆောင့်ကြောင့် ထိုင်လျက်နေ၏။ ရသေ့ငယ်သည် ထိုမျောက်ကိုမြင်၍ မျောက်၏အဖြစ်ကို မသိသည်ဖြစ်၍ တစ်ပါးသော ရသေ့အိုသည် အချမ်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ မီးလှုံအံ့သောငှာ လာသည်ဖြစ်လတ္တံ့ဟု အောက်မေ့၍ အဖဖြစ်သော ရသေ့အား ဆို၍ ထိုရသေ့အိုကို သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းသို့ဝင်စေ၍ မီးလှုံစေအံ့ဟု ကြံ၍ အဖကို ခေါ်လိုရကား ဤဂါထာကို ဆို၏—

၄၅။ တာတ မာဏဝကော ဧသော၊ တာလ မူလံ အပဿိတော။
အဂါရကဥ္စိဒံ အတ္ထိ၊ ဟန္ဒ ဒေမဿ, ဂါရကံ။

ဖခင် ဤရသေ့သည် ထန်းတုံးကိုမှီ၍ နေ၏၊ ငါတို့အား ဤမီးတင်းကုပ်သည်လည်း ရှိ၏၊ ချမ်းခြင်းဟူသော ဘေးကြောင့် လာသော ထိုရသေ့အား မီးတင်းကုပ်ကို ပေးကုန်အံ့။

ဘုရားလောင်းသည် သား၏စကားကို ကြားလျှင် ထ၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်းတံခါး၌ရပ်၍ ကြည့်သည်ရှိသော် ထိုသတ္တဝါ၏ မျောက်၏ အဖြစ်ကိုသိ၍ အမောင် လူတို့၏ မျက်နှာမည်သည်ကား ဤသို့ သဘောရှိသည် မဖြစ်။ ဤသတ္တဝါသည် မျောက်တည်း။ ကျောင်းတွင်းသို့ မခေါ်အပ်ဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၄၆။ မာ ခေါ တွံ တာတ ပက္ကောသိ၊ ဒူသေယျ နော အဂါရကံ။
နေတာဒိသံ မုခံ ဟောတိ၊ ဗြာဟ္မဏဿ သုသီလိနော။

ချစ်သား ကောင်းသောသီလရှိသော ရသေ့၏မျက်နှာသည် ထိုသို့မဟုတ်ချေ၊ ဤသတ္တဝါသည် မျောက်တည်း၊ ဤမျောက်သည် ဤကျောင်းတွင်းသို့ ဝင်လာသည်ရှိသော် ငါတို့၏ ကျောင်းကို ဖျက်ဆီးရာ၏၊ သင်သည် မခေါ်လင့်။

ဤသတ္တဝါသည် မျောက်တည်းဟုဆို၍ ဘုရားလောင်းသည် မီးစထစ်ခုကို ယူ၍ ဤအရပ်တွင် မနေလင့်ဟု ပစ်လိုက်၍ ထိုမျောက်ကို ပြေးစေ၏။ မျောက်သည် သင်္ကန်းတို့ကိုစွန့်၍ သစ်ပင်သို့တက်၍ တောအုပ်တွင်းသို့ ဝင်လေ၏။

ဘုရားလောင်းသည် မြဟ္မဝိဟာရတရား လေးပါးတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အံ့ဖွယ် သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မျောက်ဖြစ်ဖူးပြီ။ ယခုအခါ ရာဟုလာသည် ထိုအခါ သားရသေ့ငယ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရသေ့သို့ယောင်၊ အသွင်ဆောင်၊ မျောက်လှော်င် အံ့ဖွယ်ပြ)

တစ်ရာခုနစ်ဆယ့်သုံးခုမြောက်သော မက္ကဋဇာတ်သည် ပြီး၏။

---

၁၇၄-ဒုဗ္ဘိယမက္ကဋဇာတ်

ကျေးဇူးကန်းသောမျောက်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည်"အဒမှ တေ ဝါရိ ပဟူတရူပံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဒုဗ္ဘိယမက္ကဋဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ် ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ဒေဝဒတ်၏ ကျေးဇူးမသိ သည်၏ အဖြစ်၊ အဆွေခင်ပွန်း ပြစ်မှားတတ်သည်၏ အဖြစ်ကို ပြောဆိုလျက် နေကြကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ကျေးဇူးမသိတတ်သည်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်သည် မဟုတ်သေး ရှေး၌လည်း ဤသို့ သဘောရှိသည် ဖြစ်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ကာသိကရွာဝယ် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် အိမ်ရာထောင်ခြင်းကို ဖြစ်စေ၏။

ထိုအခါ ကာသိတိုင်း၌ ခရီးလမ်းမကြီး၏ အနီး၌ နက်သော တိရစ္ဆာန်တို့၏ ဆင်းသက်၍ သောက်ခြင်းငှါ မဟုတ်ကောင်းသော တစ်ခုသော ရေတွင်းသည် ဖြစ်၏။ ခရီးသွားကုန်သော ကောင်းမှုကို အလိုရှိကုန်သော လူတို့သည် ကြိုးရှည်ဖြင့် ဖွဲ့သော အိုးဖြင့် ရေကိုငင်၍ တစ်ခုသောကျင်း၌ ပြည့်စေ၍ တိရစ္ဆာန်တို့အား ရေကိုပေးကုန်၏။ ထိုရေတွင်း၏ ထက်ဝန်းကျင်မှ ကြီးစွာသော တောသည် ရှိ၏။ ထိုတော၌ များစွာကုန်သော မျောက်တို့သည် နေကုန်၏။

ထိုအခါ ထိုလမ်း၌ နှစ်ရက်သုံးရက်တို့ ပတ်လုံး လူတို့၏ အသွားအလာလည်း ပြတ်၍ တိရစ္ဆာန်တို့သည် ရေကိုမရကုန်၊ မျောက်တစ်ကောင်သည် ရေငတ်ခြင်း နှိပ်စက်အပ်သည် ဖြစ်၍ ရေကိုရှာလျက် ရေတွင်း၏ အနီး၌ သွား၏။ ဘုရားလောင်းသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် ထိုလမ်းသို့ သွား၍ ရောက်သည်ရှိသော် ထိုရေတွင်း၌ ရေကိုငင်၍ သောက်ပြီးလျှင် လက်ခြေကို ဆေး၍ ရပ်သည်ရှိသော် ထိုမျောက်ကိုမြင်၏။ ထိုအခါ၌ ထိုမျောက်၏ ရေငတ်သည်၏ အဖြစ်ကို သိ၍ ရေကိုငင်၍ ကျင်း၌လောင်း၍ ပေး၏။ ပေးပြီး၍ကား အပင်အပန်းဖြေအံ့ဟု တစ်ခုသော သစ်ပင်ရင်း၌ လျောင်း၏။ မျောက်သည် ရေကိုသောက်၍ မနီးမဝေးသော အရပ်၌နေ၍ နှုတ်သီးဖြင့် ဖောက်ပြန်သော ရှုဖွယ်ရှိသည်ကို ပြုလျက် ဘုရားလောင်းကို ခြောက်၏။ ဘုရားလောင်းသည် ထိုမျောက်၏ အမူအရာကို မြင်၍ ဟယ် ပြက်ချော်သောမျောက် ငါသည် ရေငတ်သည်ဖြစ်၍ ပင်ပန်းသော သင့်အား များစွာသော ရေကိုပေး၏။သင်သည် ယခုအခါ၌ ငါ့အား နှုတ်သီးဖြင့် ဖောက်ပြန်သော ရှုဖွယ်ရှိသည်ကို ပြုဘိ၏။ ယုတ်မာသော သူအား ပြုအပ်သော ကျေးဇူးပြုခြင်းမည်သည်ကား အကျိုးမဲ့ တကားဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၄၇။ အဒမှ တေ ဝါရိ ပဟူတရူပံ၊ ဃမ္မာဘိတတ္တဿ ပိပါသိတဿ၊
သော ဒါနိ ပိတွာန ကိရိက်ရောသိ၊အသင်္ဂမော ပါပဇနေနသေယျော။

ဟယ်–မျောက်ပြက်ချော်၊ အပူနှိပ်စက်ခံရ၍ ရေငတ်သော သင့်အား ငါသည် ရေများစွာ ပေးခဲ့ဘိ၏။ ယခုအခါ၌ သင်သည် ငါပေးသောရေကို သောက်သုံးပြီး ကိရိ ကိရိ အသံကိုပြု၏။ ယုတ်မာသော သင်နှင့် မပေါင်းဖော်ရခြင်းသည်သာ ကောင်းမြတ်ပေ၏။

### မျောက်ရဲ့အကျင့်

ထိုအဆွေခင်ပွန်း ပြစ်မှားတတ်သော မျောက်သည် ထိုစကားကို ကြား၍ သင်သည် ဤမျှဖြင့်သာလျှင် ထိုပြစ်မှားသော အမှုကို ပြီးပြီဟူသော အမှတ်ကို

ပြ၏။ ယခုအခါ၌ သင်၏ဦးခေါင်းပေါ်၌ မစင်ကိုချ၍ သွားအံ့ဟု ဆိုလိုရကား ဤဂါထာကို ဆို၏—

၄၈။ ကော တေ သုတော ဝါ ဒိဋ္ဌော ဝါ၊ သီလဝါ နာမ မက္ကဋော။
ဣဒါနိ ခေါ တံ ဩဟစ္ဆံ၊ သော အသ္မာက ဓမ္မတာ။

အို-ပုဏ္ဏား၊ သီလရှိသောမျောက် ရှိသည်ဟူ၍ သင် ကြားဖူးပါသလား။ မြင်ကော မြင်ဖူးပါသလား၊ ယခုအခါ၌သာလျှင် ငါသည် သင့်ဦးခေါင်းထက်သို့ ကျင်ကြီးစွန့်လိုက်ရဦးအံ့။ ဤသို့သော အမူအကျင့်မှာ ငါတို့မျောက်မျိုး၏ ဓမ္မတာသဘောတည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ထ၍ သွားအံ့သောငှါ အားထုတ်၏။ မျောက်သည် ထိုခဏ၌သာလျှင် ခုန်၍ သစ်ခက်၌ ထိုင်ပြီးလျှင် တွဲလျားဆွဲလျက် သက်ဘီသကဲ့သို့ ပြု၍ ထိုဘုရားလောင်း ဦးခေါင်း၌ ကျင်ကြီးကိုချ၍ မြည်လျက် တောအုပ်သို့ ဝင်လေ၏။ ဘုရားလောင်းသည် ရေချိုး၍ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ပြုအပ်သော ကျေးဇူးကို မသိသည် မဟုတ်သေး။ ရှေး၌လည်း ငါသည်ပြုအပ်သော ကျေးဇူးကို မသိသည်သာလျှင်ကတည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မျောက်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အရိပ်နေနေ အခက်ချိုးချိုး)

တစ်ရာခုနစ်ဆယ့်လေးခုမြောက် ဒုဗ္ဘိယမက္ကဋဇာတ်သည် ပြီး၏။

## ၁၇၅-အာဒိစ္စုပဋ္ဌာနဇာတ်

### သူတော်ကောင်း ဟန်ဆောင်သောမျောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သဗ္ဗေသု ကိရ ဘူတေသု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအာဒိစ္စုပဋ္ဌာန ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုသည် အောက်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း။

## အတီတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းကုန်သော အတတ်တို့ကို သင်၍ ရသေ့ရဟန်း ပြုပြီးလျှင် အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ များသော အခြံအရံရှိသော ရသေ့အပေါင်းတို့၏ ဆရာဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုဘုရားလောင်းသည် ထိုဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ဆားချဉ် မှီဝဲအံ့သောငှါ တောင်မှသက်၍ အရပ်စွန်၌ တစ်ခုသောရွာကို မှီ၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်း၌ နေ၏။ ထိုအခါ၌ တစ်ခုသော လျှပ်ပေါ်သော မျောက်သည် ရသေ့အပေါင်းတို့ ဆွမ်းခံအံ့သောငှါ သွားသည်ရှိသော် ရသေ့တို့၏ နေရာအရပ်သို့ လာလတ်၍ သစ်ရွက်ဖြင့် မိုးအပ်သော ကျောင်း၏အပေါ်၌ မြူးခုန်ကစား ပြေးလွှားခြင်းတို့ကို ပြု၏။ သောက်ရေ အိုး၌ ရေကိုစွန့်၏။ ကရားကိုခွဲ၏။ မီးတင်းကုပ်၌ ကျင်ကြီးကို စွန့်၏။ ရသေ့ တို့သည် မိုးလပတ်လုံးနေကုန်၍ ယခုအခါ ဟိမဝန္တာ၌ အပွင့်အသီးနှင့် ပြည့်စုံ သည်ဖြစ်၍ မွေ့လျော်ဖွယ်ရှိလေအံ့။ ထိုဟိမဝန္တာသို့သာလျှင် သွားကြကုန်အံ့ဟု အရပ်စွန်၌နေသော ဒါယကာတို့ကို ပန်ကြားကုန်၏။ လူတို့သည် အရှင်ဘုရားတို့ နက်ဖြန်အကျွန်ုပ်တို့သည် ဆွမ်းကို ယူကုန်၍ အရှင်မြတ်တို့၏ နေရာအရပ်သို့ လာပါကုန်အံ့။ ထိုဆွမ်းကို ဘုဉ်းပေးတော်မူကုန်၍ ကြွတော်မူကုန်လော့ဟု လျှောက်ကုန်၍ နှစ်ရက်မြောက်သောနေ့၌ များစွာသော ခဲဖွယ်ကိုလည်း ကောင်း၊ ဘောဇဉ်ကိုလည်းကောင်း ယူခဲ့ကုန်၍ ထိုကျောင်းသို့ လာကြကုန်၏။

## မျောက်၏ ခါတော်မှီညဏ်

ထိုမျောက်သည် ထိုခဲဖွယ် ဘောဇဉ်ကိုမြင်၍ ငါသည် အံ့ဖွယ်ပြုသည်၏ အဖြစ်ကိုပြု၍ လူတို့ကို နှစ်သက်စေ၍ ငါ့အားလည်း ခဲဖွယ်ကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း ပေးစေအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုမျောက်သည် ရသေ့တို့၏ အကျင့်ကို ကျင့်သကဲ့သို့ ဖြစ်၍ ရသေ့တို့၏ မနီးမဝေးသော အရပ်၌ နေကို ရှိခိုးလျက်သာလျှင် ရပ်၏။ လူတို့သည် ထိုမျောက်ကို မြင်ကုန်၍ သီလ ရှိကုန်သော သူတို့၏ အထံ၌ နေခြင်းကြောင့် သီလရှိသည်ဖြစ်၏ဟု ဆို၍ ဤဂါထာကိုဆို၏။

၄၉။ သဗ္ဗေသု ကိရ ဘူတေသု၊ သန္တိ သီလသမာဟိတာ။
ပဿ သာခါမိဂံ ဇမ္မံ၊ အာဒိစ္စမုပတိဋ္ဌတိ။

သတ္တဝါခပ်သိမ်းတို့၌ သီလနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် ရှိကုန်သတတ်။ ယုတ်မာသော မျောက်ကို ရှုလော့၊ ဤမျောက်သည် နေကို ရှိခိုးလျက်တည်၏။

ဤသို့ ထိုမျောက်၏ ကျေးဇူးကိုဆိုကုန်သော ထိုလူတို့ကို ဘုရားလောင်းသည် မြင်၍ သင်တို့သည် ဤသို့လျှပ်ပေါ်သော မျောက်၏သီလအကျင့်ကို မသိကုန်မူ၍ အရာမဟုတ်သည်၌သာလျှင် ကြည်ညိုကုန်၏ဟုဆို၍ ဤဂါထာကို ဆို၏။

၁၀။ နာဿ သီလံ ဝိဇာနာထ၊ အနညာယ ပသံသထ။
အဂ္ဂိဟုတ္တဉ္စ ဥဟန္နံ၊ ဒွေ့ စ ဘိန္နာ ကမဏ္ဍလူ။

အို ဒါယကာတို့ သင်တို့သည် ထိုမျောက်ယုတ်မာ၏သီလကို မသိကုန်၊ မသိသဖြင့် ချီးမွမ်းကုန်၏၊ ဤမျောက်ယုတ်မာသည် ငါတို့၏ မီးတင်းကုပ်ကို လည်း ကျင်ကြီးစွန့်၏။ ကရား နှစ်ခုကိုလည်း ခွဲခဲ့ပြီ။

ဤသို့ ဘုရားလောင်းသည် ထိုမျောက်၏ ကျေးဇူးမဲ့ကို ဆို၏။ လူတို့သည် မျောက်၏ အံ့ဖွယ်ကို ဖြစ်စေသည်၏ အပြစ်ကို သိကုန်၍ ခဲကိုလည်းကောင်း၊ တုတ် လုံတံကိုလည်းကောင်း ကိုင်ကုန်၍ ပစ်ခတ် ရိုက်ပုတ်ကုန်၍ ပြေးစေပြီးလျှင် ရသေ့အပေါင်းအား ဆွမ်းကို လှူဒါန်းကုန်၏။ ရသေ့အပေါင်းတို့သည်လည်း ဟိမဝန္တာသို့သာလျှင် သွားကုန်၍ မပျက်သော စျာန်ရှိကုန်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား၊ ယခုအခါ၌ အံ့ဖွယ်သရဲကို ဖြစ်စေကတ်သော ရဟန်းသည် ထိုအခါ မျောက်ဖြစ်ဖူးပြီ၊ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာ့နှစ်ဆယ့်ငါးခုမြောက်သော အာဒိစ္စုပဋ္ဌာနဇာတ်သည် ပြီး၏။

## ၁၇၆-ကဠာယမုဋ္ဌိဇာတ်

## ကုလားပဲ တစ်စေ့အတွက် ကုလားပဲ တစ်ဆုပ် ဆုတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် “ဗာလော ဝတာယံ ဒုမသာခဂေါစရော”အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဠာယမုဋ္ဌိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကောသလမင်းကြီးကိုအကြောင်းပြု၍ဟောတော်မူ၏။

တစ်ပါးသောအခါ၌ မိုးတွင်းကာလ၌ ကောသလမင်း၏ ပစ္စန္တရစ်သည် ပျက်၏။ ထိုပစ္စန္တရစ်၌ နေကုန်သောသူခိုးတို့သည် နှစ်ကြိမ်သုံးကြိမ်ကုန်သော စစ်ထိုးခြင်းတို့ကို ပြုကုန်၍ ရန်သူတို့ကို နှိမ်နင်းအံ့သောငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ မင်းအား သတင်းစကားကို စေကုန်၏၊ ကောသလမင်းသည် စစ်ထိုးသင့်သောအခါ မဟုတ်သော မိုးတွင်းကာလ၌ပင်လျှင် ထွက်၏၊ ဇေတဝန်ကျောင်းတော်၏အနီး၌ သစ်ခက်တပ်ကိုဖွဲ့၍ ကြံ၏။ အဘယ်သို့ကြံသနည်းဟူမူကား ငါသည်ကား စစ်ထိုးသင့်သော အခါမဟုတ်သည်၌ စစ်ထိုးအံ့သောငှါ ထွက်၏။ ချောင်း မြောင်း ထုံးအိုင်တို့သည် ရေဖြင့်ပြည့်ကုန်၏။ လမ်းခရီးသည် သွားရန် ခဲယဉ်း၏။ မြတ်စွာဘုရားသို့ ဆည်းကပ်အံ့။ ထိုမြတ်စွာဘုရားသည် ငါ့ကို မြတ်သောမင်းကြီး သင်သည် အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော်မူလတ္တံ့။ ထိုအခါ၌ ငါသည် ထိုအကြောင်းကို ကြားလျှောက်အံ့။ ငါ့ကို မြတ်စွာဘုရားသည် တမလွန်ဘဝ၌ဖြစ်သော အကျိုးဖြင့်သာလျှင် ချီးမြှောက်တော်မူသည်မဟုတ်။ ပစ္စုပ္ပန် မျက်မှောက်၌ဖြစ်သော အကျိုးဖြင့်လည်း ချီးမြှောက်တော်မူပေ သလျှင်ကတည်း။ ထို့ကြောင့် စစ်ထိုးသွားခြင်း၌ ငါ့အား အစီးအပွား မရှိသည် အကယ်၍ဖြစ်လတ္တံ့။ မြတ်သောမင်းကြီး အခါမဟုတ်သေးဟု မိန့်တော်မူလတ္တံ့။ အစီးအပွားသည် အကယ်၍ဖြစ်လတ္တံ့၊ ဆိတ်ဆိတ် နေတော်မူသည် ဖြစ်လတ္တံ့။ ဤသို့ကြံ၏။ ကြံပြီး၍ ထိုကောသလမင်းသည် ဇေတဝန်ကျောင်းတော်သို့ဝင်၍ မြတ်စွာဘုရားအား ရှိခိုးလျက် တင့်အပ် လျှောက်ပတ်စွာ နေ၏။

မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ယခုသင်သည် နေမွန်းတည့်သော အခါ၌ အဘယ်အရပ်မှ လာသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ကျွန်ုပ်သည် ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ ခွါထွက်ခဲ့၏။ အရှင်ဘုရားတို့ကို ရှိခိုး၍ သွားအံ့သောငှါ လာပါသည်ဟု လျှောက်၏။ မြတ်စွာဘုရားသည် မြတ်သောမင်းကြီး ရှေး၌လည်း မင်းတို့သည် စစ်သည်ဗိုလ်ပါဖြင့် စစ်ထိုးအံ့သောငှါ ထွက်လတ်

ကုန်သည်ရှိသော် ပညာရှိတို့၏စကားကို နာကုန်၍ စစ်ထိုးသင့်သော အခါ မဟုတ်သည်၌ စစ်ထိုးအံ့သောငှါ သွားခြင်းကို မသွားကုန်ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အလုံးစုံသော အမှုကိစ္စကို ရွက်ဆောင်သော အမတ်ဖြစ်၏။ ထိုအခါ၌ ပစ္စန္တရစ်သည် ပျက်သည်ရှိသော် ဗြဟ္မဒတ်မင်းအား ပစ္စန္တရစ်၌ နေကုန်သော သူဆင်းရဲတို့သည် လျှောက်စာကို ဆက်ကုန်၏။ မင်းသည် မိုးတွင်းကာလ၌ ထွက်၍ ဥယျာဉ်၌ သစ်ခက်တပ်ကို ဖွဲ့၏၊ ဘုရားလောင်းသည် မင်း၏အထံ၌ တည်၏။

ထိုခဏ၌ မြင်းတို့၏အကျိုးငှါ ပြောင်းတို့ကို ပြုတ်ပြီးလျှင် ဆောင်ခဲ့ကုန်၍ မြင်းစာ-ခွက်၌ ထည့်ကုန်၏။ ဥယျာဉ်၌ မျောက်တို့တွင် တစ်ကောင်သော မျောက်သည် သစ်ပင်မှဆင်း၍ ထိုမြင်းတို့စားခွက်မှ ပြောင်းတို့ကို ယူ၍ ခံတွင်းကို ပြည့်စေပြီးလျှင် လက်တို့ဖြင့်ယူ၍ ခုန်၍ သစ်ပင်၌ထိုင်လျက် စားအံ့ သောငှါ အားထုတ်၏၊ ထိုအခါ၌ စားစဉ် ထိုမျောက်၏လက်မှ ပြောင်းတစ်စေ့ သည် မြေ၌ကျ၏။ ထိုမျောက်သည် ခံတွင်းဖြင့်လည်းကောင်း၊ လက်ဖြင့် လည်းကောင်း ယူအပ်ကုန်သော အလုံးစုံကုန်သော ပြောင်းတို့ကို စွန့်ပြီးလျှင် ဆင်းသက်၍ ထိုကျလေသော ပြောင်းတစ်စေ့ကိုသာလျှင် ကြည့်လတ်သည် ရှိသော် ထိုကျလေသော ပြောင်းတစ်စေ့ကို မမြင်ရှိသာလျှင် တစ်ဖန်သစ်ပင်သို့ တက်၍ တရားတွေ့ရာ၌ တစ်ထောင်သော ဥစ္စာမှ ရှုံးသော သူကဲ့သို့ စိုးရိမ်လျက် မျက်နှာမသာသည် ဖြစ်၍ သစ်ခက်၌နေ၏၊ မင်းသည် မျောက်၏အမှုအရာကို မြင်၍ ဘုရားလောင်းကိုခေါ်၍ အိုအမတ် မျောက်သည် ပြုအပ်သော ထိုအမှု အရာကို မြင်၏လော၊ အဘယ်မည်သော အမှုနည်းဟု မေး၏၊ ဘုရားလောင်း သည် မြတ်သောမင်းကြီး များသည်ကို မကြည့်ကုန်မူ၍ အနည်းငယ်ကို ကြည့်ကုန်သော ပညာ မရှိကုန်သော သူမိုက်တို့သည် ဤသို့သဘောရှိသော အမှုကို ပြုကုန်မြဲသာလျှင်တည်း။ ဤသို့ဆို၍ ဤဂါထာကို ဆို၏—

၅၁။ ဗာလော ဝတာယံ ဒုမသာခဂေါစရော၊
ပညာဇနိန္ဒ နယိမဿ ဝိဇ္ဇတိ။
ကဠာယမုဋ္ဌိံ အဝကိရိယ ကေဝလံ၊
ဧကံ ကဠာယံ ပတိတံ ဂဝေသတိ။

လူတို့ကို အစိုးရသော မင်းမြတ်၊ သစ်ပင်သစ်ခက်တို့၌ ကျက်စားတတ်သော ထိုမျောက်သည် မိုက်မဲတကား၊ မျောက်သည် ပညာမရှိသောကြောင့် ကုလားပဲ တစ်ဆုပ်လုံးကို ဖရိုဖရဲကြဲ၍ လွတ်ကျသော ကုလားပဲ တစ်စေ့ကို ရှာ၏။

ဤသို့ ဆိုပြီး၍ တစ်ဖန် ဘုရားလောင်းသည် ထိုမျောက်ကို ဥပမာပြု၍ မင်းကို သိစေလိုရကား ဤဂါထာကို ဆို၏။

၅၂။ ဧဝမေဝ မယံ ရာဇ၊ ယေ စညေ အတိလောဘိနော။
　　အပ္ပေန ဗဟုံ ဇိယျာမ၊ ကဋ္ဌာယေနေဝ ဝါနရော။

မင်းမြတ် မျောက်သည် ကုလားပဲ တစ်စေ့ကို ရှာသည်ရှိသော် ကုလားပဲ တစ်စေ့ကြောင့် ကုလားပဲစေ့ တစ်ဆုပ်လုံး ဆုတ်ယုတ်သကဲ့သို့ ဤအတူ လျှင် လောဘကြီးကုန်သော တစ်ပါးသူတို့သည် လည်းကောင်း၊ ငါတို့သည် လည်းကောင်း အနည်းငယ်သော အကျိုးကြောင့် များစွာသော အကျိုးတို့ ပျက်ပြားခံရတတ်ကုန်၏ တကား။

မင်းသည် ထိုဘုရားလောင်း၏ စကားကိုကြား၍ ထိုဥယျာဉ်မှ ပြန်၍ ဗာရာဏသီပြည်သို့ သာလျှင် ဝင်၏။ ခိုးသူတို့သည်လည်း မင်းသည် ခိုးသူကို ဆုံးမခြင်းကို ပြုအံ့ဟူ၍ မြို့မှထွက်သတတ်ဟု ကြားကုန်၍ ပစ္စန္တရစ်မှ ပြေးလေကုန်၏။ ပစ္စုပ္ပန်၌လည်း ခိုးသူတို့သည် ကောသလမင်းသည် ထွက်သတတ်ဟု ကြားကုန်၍ ပြေးလေကုန်၏။ ကောသလမင်းသည် မြတ်စွာဘုရား၏ ဓမ္မဒေသနာတော်ကို နာရ၍ နေရာမှထပြီးလျှင် ရှိခိုးလျက် လက်ယာရစ်လှည့်သည်ကို ပြု၍ သာဝတ္ထိပြည်သို့သာလျှင် ဝင်လေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား၊ မြတ်သောမင်းကြီး ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

လက်ထဲက ငှက်တစ်ကောင်သည် ချုံထဲက ငှက်နှစ်ကောင်ထက် ပို၍ တန်ဖိုးရှိသည်။

တစ်ရာခုနစ်ဆယ့်ခြောက်ခုမြောက် ကဋ္ဌာယမုဋ္ဌိ ဇာတ်သည် ပြီး၏။

## ၁၇၇-တိန္ဒုကဇာတ်

## တစ်ယောက်ကောင်းက အပေါင်းချမ်းသာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဓနုဟတ္ထကလာပေဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိန္ဒုကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားသည်မှန်၏၊ မြတ်စွာဘုရားသည် ပဏ္ဏာသကနိပါတ် မဟာဗောဓိဇာတ်၌ကဲ့သို့ လည်းကောင်း၊ မဟာနိပါတ် ဥမင်ဇာတ်၌ကဲ့သို့ လည်းကောင်း မိမိပညာ၏ ကျေးဇူးကို ချီးမွမ်းသည်ကို ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌ သာလျှင် ငါဘုရားသည် ပညာရှိသည် မဟုတ်သေး။ ရှေး၌လည်း ငါဘုရားသည် ပညာရှိသည်သာလျှင်တည်း၊ အကြောင်း၌ လိမ္မာသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မျောက်အမျိုး၌ ဖြစ်၍ ရှစ်သောင်းသော မျောက်တို့သည် ခြံရံအပ်သည် ဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုဟိမဝန္တာအရပ်၏ အနီး၌ တစ်ခုသော ပစ္စန္တရစ်ရွာသည် ရံခါ လူနေ၏၊ ရံခါ ပျက်စီး၏။ ထိုရွာ၏ အလယ်၌ကား အခက်အခွနှင့် ပြည့်စုံသော ချိုမြိန်ကောင်းမြတ်သော အသီးရှိသော တည်တစ်ပင်သည် ရှိ၏။ မျောက်အပေါင်းသည် ရွာပျက်စီးသော ကာလ၌ လာလတ်၍ ထိုတည်ပင်၏ အသီးတို့ကို စား၏။ ထိုနောင်မှ တစ်ပါးသော သီးသော အလှည့်၌ ထိုရွာသည် တစ်ဖန် နေသော လူရှိသည်ဖြစ်၏။ မြဲမြံ လုံခြုံသော အရံအတား ရှိ၏။ တံခါးနှင့်ယှဉ်၏။ ထိုတည်ပင်သည်လည်း အသီးလေးခြင်းကြောင့် ညွတ်သော အခက် ရှိသည် ဖြစ်၍ တည်၏။ မျောက်အပေါင်းသည် ဤသို့ကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူကား ငါတို့သည် ရှေးအခါ ဤမည်သောရွာ၌ တည်သီးတို့ကို စားကြကုန်၏၊ ထိုတည်ပင်သည် ယခုအခါ၌ အသီးသီးသလော၊ ထိုသို့မဟုတ်မူကား၊ အသီးမသီးသလော။ ထိုရွာသည်လည်း လူတို့နေသလော၊ ထိုသို့ မဟုတ်မူကား လူတို့ မနေသလော ဤသို့ ကြံ၏။ ကြံပြီး၍ သွားချေ ဤအကြောင်းကို စုံစမ်းချေဟု မျောက်တစ်ကောင်ကို စေလိုက်၏။ ထိုမျောက်သည် သွား၍ တည်ပင်၏

အသီး သီးသည်၏ အဖြစ်ကိုလည်းကောင်း, ရွာ၌ဝင်၍ လူနေသည်၏ အဖြစ်ကို လည်းကောင်း သိလျှင် လာလတ်၍ မျောက်တို့အား ကြား၏။

မျောက်တို့သည် ထိုတည်ပင်၏ အသီး သီးသည်၏ အဖြစ်ကို ကြားကုန်၍ ချိုကုန်သော တည်သီးတို့ကို စားကုန်အံ့ဟု အားထုတ် ခြင်းဖြစ်ကုန်၍ မျောက်မင်းအား ထိုအကြောင်းကို ကြားကုန်၏။ မျောက်မင်းသည် ရွာ၌ လူနေသလော၊ မနေသလောဟု မေး၏။ အရှင်မျောက်မင်း လူနေ၏ဟု ဆိုသည်ရှိသော် ထိုသို့ ဖြစ်ပါမူကား မသွားအပ်၊ ထိုစကားသည်မှန်၏။ လူတို့သည် မာယာများကုန်၏ ဟု ဆို၏။ အရှင်မျောက်မင်း လူတို့ အိပ်ပျော်ချိန်ဖြစ်သော သန်းခေါင်အခါ၌ စားကုန်အံ့ဟု များစွာကုန်သော မျောက်တို့သည် သွားကုန်၍ မျောက်မင်းကို ဝန်ခံစေကုန်၍ ဟိမဝန္တာမှ သက်ခဲ့ကုန်ပြီးလျှင် ထိုရွာ၏ မနီးမဝေးသော အရပ်၌ လူတို့၏ အိပ်ပျော်ချိန်ကာလကို ငံ့လင့်ကုန်လျက် ကျောက်ဖျာအပြင်၌ အိပ်ကြကုန်၍ သန်းခေါင်ယံ၌ လူတို့သည် အိပ်ပျော်ခြင်းသို့ ရောက်ကုန်သည် ရှိသော် တည်ပင်ကို တက်ကုန်၍ တည်သီးတို့ကို စားကြကုန်၏၊ ထိုအခါ တစ်ယောက်သော ယောကျ်ားသည် ကိုယ်၏ ကိစ္စဖြင့် အိမ်မှထွက်၍ ရွာ၏ အလယ်သို့ သွားသည်ရှိသော် မျောက်တို့ကို မြင်၍ ရွာနေသူလူအပေါင်းတို့အား ပြောကြား၏၊ များစွာကုန်သော လူတို့သည် လေးတောင့်ကို ဖွဲ့ကုန်လျက် အထူးထူးသော လက်နက် စွဲကိုင်လျက် ခဲ, အုတ်, လှံတံ အစရှိသည်တို့ကို ယူကုန်၍ ညဉ့်သည် လင်းလတ်သည်ရှိသော် မျောက်တို့ကို ဖမ်းကုန်အံ့ဟု တည်ပင်ကို ဝန်းရံ၍ စောင့်ကုန်၏၊ ရှစ်သောင်းကုန်သော မျောက်တို့သည် လူတို့ကိုမြင်ကုန်၍ သေဘေးမှ ကြောက်ကုန်ရကား မျောက်မင်းကို ထား၍ ငါတို့အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိပြီဟု ထိုမျောက်မင်း၏ အထံသို့ သွားကုန်၍ ဤဂါထာကို ဆို၏--

၅၃။ ဓနုဟတ္ထကလာပေဟိ၊ နေတ္တိံသဝရဓာရိဘိ။
　　သမန္တာ ပရိကိဏ္ဏမှ၊ ကထံ မောက္ခော ဘဝိဿတိ။

မျောက်မင်း လေး တောင့် လက်စွဲကုန်၍ မြတ်သော သန်လျက်ကို ဆောင်ကုန်သော သူတို့သည် အကျွန်ုပ်တို့အား ထက်ဝန်းကျင်မှ ဝန်းရံကြကုန်၏။ အဘယ်သို့လျှင် အကျွန်ုပ်တို့အား သေဘေးမှ လွတ်မြောက်ကုန် လတ္တံ့နည်း။

ထိုမျောက်တို့၏ စကားကိုကြား၍ မျောက်မင်းသည် မကြောက်ကြကုန်လင့်၊ လူတို့မည်သည်ကား များသောကိစ္စ ရှိကုန်၏။ ယခုလည်း မဇ္ဈိမယံသည် ဖြစ်၏။ ငါတို့ကို သတ်ကုန်အံ့ ဟူ၍ ဝန်းရံကုန်သော ထိုလူတို့အား ဝန်းရံခြင်း ဟူသော ဤကိစ္စ၏ အန္တရာယ်ကို ပြုတတ်သော တစ်ပါးသော ကိစ္စသည်

ဖြစ်ငြားအံ့လည်း မသိဟု မျောက်တို့ကို နှစ်သိမ့်စေလိုရကား ဤဂါထာကို ဆို၏—

၁၄။ အပ္ပေဝ ဗဟုကိစ္စာနံ၊ အတ္ထော ဇာယေထ ကောစိ နံ။
အတ္ထံ ရုက္ခသ အစ္ဆိန္နံ၊ ခဇ္ဇထေယျေဝ တိန္ဒုကံ။

အို မျောက်အပေါင်းတို့ အမှုကိစ္စ များမြောင်လှစွာသော လူတို့အား အမှု တစ်စုံတစ်ရာ ဖြစ်ငြားအံ့လည်း မသိ။ တည်ပင်တွင် အသီးမပြတ်ပေ။ သင်တို့ သည် အလိုရှိတိုင်းသာ စားကြကုန်။

ဘုရားလောင်းသည်ကား ဤသို့ မျောက်အပေါင်းကို နှစ်သိမ့်စေ၍ အလုံးစုံ ကုန်သော မျောက်တို့ကို စုရုံးကုန်လော့ဟု ဆို၏။ စုရုံးကုန်သည်ရှိသော် ထိုမျောက်မင်း၏ တူဖြစ်သော သေနကအမည်ရှိသော မျောက်ကို မမြင်ကုန်၍ သေနကသည် မပါလာဟု မျောက်မင်းအား ကြားကုန်၏။ သေနကသည် အကယ်၍ မပါလာသည်ဖြစ်အံ့၊ သင်တို့သည် မကြောက်ကြကုန်လင့်၊ ယခုအခါ၌ သေနကသည် သင်တို့အား ချမ်းသာခြင်းကို ပြုလတ္တံ့ ဟု ဆို၏။ သေနက သည်လည်း မျောက်အပေါင်း၏ သွားသောကာလ၌ အိပ်ပျော်၍ နောက်မှ နိုးလတ်သည်ရှိသော် တစ်စုံတစ်ခုသော မျောက်ကိုမမြင်၍ ခြေရာသို့ အစဉ် လျှောက်သော ခြေရာရှိသည်ဖြစ်၍ လာလတ်သော် လူတို့ကိုမြင်၍ မျောက် အပေါင်းအား ဘေးဖြစ်၏ဟု သိ၍ တစ်ခုသော အစွန်ဖြစ်သော အိမ်၌ မီးကို ထွန်း၍ ချည်ငင်သော မိန်းမအို၏ အထံသို့သွား၍ လယ်သို့ သွားသော ရွာသူ သားငယ်ကဲ့သို့ တစ်ခုသော မီးစကို ယူ၍ လေညာ၌ရပ်၍ ရွာကို မီးတိုက်၏။ လူတို့သည် မျောက်တို့ကို စွန့်ကုန်၍ မီးကိုငြိမ်းစေအံ့သောငှါ ပြေးကြကုန်၏။ မျောက်တို့သည် ပြေးကြကုန်သည် ရှိသော် သေနက၏ အကျိုးငှါ တစ်လုံးစီ တစ်လုံးစီသော တည်သီးကို ယူကုန်၍ ပြေးကြကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ သာကီဝင်မင်းမျိုးဖြစ်သော မဟာနာမ်သည် ထိုအခါ မျောက်မင်း၏ တူဖြစ်သော သေနကဖြစ်ဖူးပြီ။ 'ယခုအခါ' ဘုရားပရိသတ်တို့သည် ထိုအခါ မျောက်အပေါင်းတို့ ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မျောက်မင်းဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အကြောင်းကောင်းက တစ်ချက်)

တစ်ရာခုနှစ်ဆယ့်ခုနစ်ခုမြောက် တိန္ဒုကဇာတ်သည် ပြီး၏။

———

## ၁၇၈-ကစ္ဆပဇာတ်

### စွဲလမ်း၍ အသေကျမ်းရပြီ
### ဒေသစွဲ အားကြီးသော လိပ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူမြတ်စွာဘုရားသည် "ဇနိတ္တံ မေ ဘဝိတ္တံ မေ" အစရှိသော ဂါထာပုဒ်နှင့် တန်ဆာဆင်အပ်သော ဤကစ္ဆပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ယဉ်းအနာရောက်သော အမျိုးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်ဝယ် တစ်ဦးသောအမျိုး၌ ယဉ်းအနာသည် ဖြစ်သတတ်။ မိဘတို့သည် သားကို ချစ်သား ဤအိမ်၌ မနေလင့်၊ နံရံကို ဖောက်ပြေး၍ အမှတ်မရှိသော အရပ်သို့သွား၍ အသက်ကို စောင့်လေလော့ နောက်မှ လာလတ်၍ ဤမည်သောအရပ်၌ မြှုပ်၍ထားအပ်သော များစွာသောဥစ္စာသည် ရှိ၏။ ထိုဥစ္စာကို ထုတ်ဖော်၍ ဥစ္စာကို ဖြစ်စေ၍ ချမ်းသာသဖြင့် အသက်မွေးရစ်လော့ဟု ဆိုကုန်၏။ သားသည် မိဘတို့၏စကားကို ဝန်ခံ၍ နံရံကိုဖောက်၍ ပြေးလေ၍ မိမိ၏အနာသည် ငြိမ်းလတ်သည်ရှိသော် လာလတ်၍ မြှုပ်ထားအပ်သော ဥစ္စာကို ထုတ်ဖော်ပြီးလျှင် ဥစ္စာကိုဖြစ်စေ၍ အိမ်ရာထောင်သော လူတို့ဘောင်၌ နေ၏။ ထိုအမျိုးသားသည် တစ်နေ့သ၌ ထောပတ်ဆီ အစရှိသည်တို့ကိုလည်းကောင်း အဝတ် အရုံ အစရှိသည်တို့ကိုလည်းကောင်း ယူခဲ့စေ၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက် နေလေ၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ထိုအမျိုးသားနှင့်တကွ စကားအစေ့အစပ်ကို ပြုတော်မူ၍ ဒါယကာ သင်တို့၏အိမ်၌ ယဉ်းအနာသည် ဖြစ်၏ဟု ငါတို့ကြားဖူးကုန်၏။ သင်တို့သည် အဘယ်သို့ပြု၍ လွတ်သနည်းဟု မေးတော်မူ၏။ ထိုအမျိုးသားသည် ထိုအကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ဒါယကာ ရှေးအခါ၌လည်း ဘေးဖြစ်သည်ရှိသော် မိမိ၏နေရာအရပ်၌ တပ်စွန်းခြင်းကို ပြုကုန်၍ တစ်ပါးသော အရပ်သို့ မသွားကုန်သော သတ္တဝါတို့သည် အသက်ကုန်ခြင်းသို့ ရောက်ဖူးကုန်၏။ မတပ်စွန်းခြင်းကို ပြုကုန်၍ တစ်ပါးသောအရပ်သို့ သွားကုန်သော သတ္တဝါတို့သည်ကား အသက်ကို ရဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကရွာဝယ်ဝယ်

အိုးထိန်းသည်အမျိုး၌ဖြစ်၍ အိုးထိန်းတို့၏အမှုကို ပြု၍ သားမယားကို မွေး၏။ ထိုအခါ ဗာရာဏသီပြည်၌ မြစ်ကြီးနှင့်တကွ တစပ်တည်းသော အလိုလို ဖြစ်သော အိုင်ကြီးသည် ရှိ၏။ ထိုအိုင်ကြီးသည် ရေများသော ကာလ၌ မြစ်နှင့်တကွ ရေတစ်စပ်တည်း ရှိ၏။ ရေသည် နည်းလတ်သော် အသီးအခြားဖြစ်၏။ ငါးလိပ်တို့သည်ကား ဤနှစ်၌ မိုးကောင်းသည် ဖြစ်လတ္တံ့။ ဤနှစ်၌ မိုးခေါင်သည် ဖြစ်လတ္တံ့ဟု သိကုန်၍ ရေအိုင်၏ မြစ်ရေနှင့်တစ်စပ်တည်းရှိသောကာလ၌ သာလျှင် အိုင်မှ ထွက်ကုန်၍ မြစ်သို့သွားကုန်၏။ လိပ်တစ်ကောင်သည်ကား ဤအရပ်သည် ငါ၏ဖွားရာအရပ်တည်း၊ ကြီးမြင့်ရာအရပ်တည်း။ မိဘတို့သည် နေသောအရပ်တည်း၊ ငါသည် ဤအရပ်ကို စွန့်အံ့သောငှါ မတတ်နိုင်ဟု မြစ်သို့ မသွား။ ထိုအခါ နွေကာလပယ် အိုင်တို့၌ ရေသည်ပြတ်၏။ ထိုလိပ်သည် ဘုရားလောင်း၏ မြေစိုင်ယူရာ အရပ်၌ မြေကိုကျစ်၍ ဝပ်၏။ ဘုရားအလောင်းသည် မြေစိုင်ကို ယူအံ့ဟူ၍ ထိုအရပ်သို့ သွား၍ ပေါက်တူးကြီးဖြင့် မြေကို ပေါက်သည်ရှိသော် လိပ်၏ကျောက်ကုန်းကို ပေါက်မိ၍ မြေစိုင်ကိုကဲ့သို့ ပေါက်တူးနှင့်သာလျှင် ထိုလိပ်ကိုဆုတ်၍ ကုန်း၌ကျစေ၏။ ထိုလိပ်သည် ဝေဒနာသို့ ရောက်သည်ဖြစ်၍ နေရာအရပ်၌ တပ်စွန်းခြင်းကို စွန့်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ဤသို့သော ပျက်စီးခြင်းသို့ ရောက်ရ၏ဟု ဆို၍ ငိုကြွေး လိုရကား ဤဂါထာတို့ကို ဆို၏—

၇၇။ ဇနိတ္တံ မေ ဘဝိတ္တံ မေ၊ ဣတိ ပင်္ကေ အဝဿယိံ။
တံ မံ ပင်္ကော အဇ္ဈဘဝိ၊ ယထာ ဒုဗ္ဗလကံ တထာ။
တံ တံ ဝဒါမိ ဘဂ္ဂဝ၊ သုဏောဟိ ဝစနံ မမ။

၇၈။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ သုခံ ယတြာဓိဂစ္ဆတိ။
တံ ဇနိတ္တံ ဘဝိတ္တဉ္စ၊ ပုရိသဿ ပဇာနတော။
ယမှိ ဇီဝေ တမှိ ဂစ္ဆေ၊ န နိကေတဟတော သိယာ။

ဘဂ္ဂဝ—ဤအရပ်သည် ငါ၏ဖွားရာအရပ်တည်း၊ ဤအရပ်သည် ငါ၏ဖြစ်ရာ အရပ်တည်း၊ ဤသို့သောအကြောင်းကြောင့် ညွန်၌ ငါသည် နေမိ၏။ ထိုငါ့ကို ညွန်သည် အားနည်းသောသူကို အားရှိသောသူ နှိပ်စက်သကဲ့သို့ ထိုအတူ နှိပ်စက်၏၊ ဘဂ္ဂဝ သင်သည် ငါ၏စကားကို နာဦးလော။

ရွာ၌လည်းကောင်း, တော၌လည်းကောင်း ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း ကို ရသော အရပ်သည် အကျိုးရှိ-မရှိ အကြောင်းဟုတ်-မဟုတ်ကို သိသော ယောကျ်ား၏ ဖွားရာအရပ်သည် လည်းကောင်း, ကြီးမြင့်ရာအရပ်သည် လည်းကောင်း ဖြစ်၏၊ ပညာရှိသည် အသက်ရှင်ရာအရပ်သို့ သွားရာ၏၊ ဤသို့ သွားသည်ရှိသော် နေရာအရပ်၌ အသတ်ခံရသည် မဖြစ်ရာ။

ဤသို့ ထိုလိပ်သည် ဘုရားလောင်းနှင့်တကွ စကားပြောဆိုလျက် သေလေ၏။ ဘုရားလောင်းသည် ထိုလိပ်ကိုယူ၍ အလုံးစုံသော ရွာ၌ နေကုန်သော သူတို့ကို စည်းဝေးပြီးလျှင် ထိုလူတို့ကို ဆုံးမလို၍ ဤသို့ဆို၏၊ အချင်းတို့ ဤလိပ်ကို သင်တို့သည် ရှုကြကုန်လော့။ ဤလိပ်သည် တစ်ပါးကုန်သော ငါး လိပ်တို့၏ မြစ်ကြီးသို့ သွားလေသောကာလ၌ မိမိတို့၏ နေရာအရပ်၌ တပ်စွန်းခြင်းကို ဖျက်ဆီးအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုငါး လိပ်တို့နှင့် တကွ မသွားမူ၍ ငါ၏ မြေစိုင်ယူရာအရပ်သို့ ဝင်၍ နေ၏။ ထိုအခါ၌ ငါသည် မြေစိုင်ကို ယူသည်ရှိသော် ထိုလိပ်၏ကျောက်ကုန်းကို ပေါက်တူးဖြင့် ပေါက်မိ၍ မြေစိုင်ကိုကဲ့သို့ ကုန်း၌ကျစေ၏။ ဤလိပ်သည် မိမိ၏ပြုအပ်သော အမှုကို အောက်မေ့၍ နှစ်ဂါထာတို့ဖြင့် ငိုကြွေး၍ သေ၏။ ဤသို့ ဤလိပ်သည် မိမိ၏ နေရာအရပ်၌ တပ်စွန်းခြင်းကိုပြု၍ သေခြင်းသို့ ရောက်၏။ သင်တို့သည်လည်း ဤလိပ်နှင့်အတူ ပြုကုန်သည် မဖြစ်ကုန်လင့်။ ဤနေ့မှစ၍ ငါ၏ရူပါရုံ၊ ငါ၏ သဒ္ဒါရုံ၊ ငါ၏ဂန္ဓာရုံ၊ ငါ၏ရသာရုံ၊ ငါ၏ဖောဋ္ဌဗ္ဗာရုံ၊ ငါ၏သား၊ ငါ၏သမီး၊ ငါ၏ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ အပိုင်းအခြား ငါ၏ ရွှေ ငွေဥစ္စာဟု တဏှာ၏ အစွမ်းအားဖြင့်လည်းကောင်း-အသုံးအဆောင်၏အစွမ်းအားဖြင့်လည်းကောင်း မယူကုန်လင့်။ သတ္တဝါသည် တစ်ယောက်အထီးထီးသာလျှင် ဘဝသုံးပါးတို့၌ တပြောင်းပြန်ပြန် ဖြစ်၏ဟု ဆို၏။ ဤသို့လျှင် ဘုရားကဲ့သို့သော တင့်တယ်ခြင်းဖြင့် လူများအား အဆုံးအမကို ပေး၏။ ထိုအဆုံးအမသည် ဇမ္ဗူဒိပ်ကျွန်း အလုံးကို ပျံ့၍ ခြောက်သောင်းအတိုင်းအရှည်ရှိကုန်သော နှစ်တို့ပတ်လုံး တည်၏။ လူများသည် ဘုရားလောင်း၏ အဆုံးအမ၌တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏။ ဘုရားလောင်းသည်လည်း ထို့အတူသာလျှင် ကောင်းမှုတို့ကိုပြု၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ထိုအမျိုးကောင်းသားသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ဒါယကာ ယခုအခါ အာနန္ဒာသည် ထိုအခါ လိပ်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အိုးထိန်းသည် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကိုပေါင်းတော်မူ၏။

လာမည့်အေး အဝေးက ရှောင်

တစ်ရာခုနစ်ဆယ့်ရှစ်ခုမြောက်သော ကစ္ဆပဇာတ်သည် ပြီး၏။

---

## ၁၇၉-သတဓမ္မဇာတ်

### ဒွန်းစဏ္ဍားစားကြွင်းကို စားမိ၍ သွေးအန်ရသူ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "တဉ္စ အပ္ပဉ္စ ဥစ္ဆိဋ္ဌံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသတဓမ္မဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် နှစ်ဆယ့်တစ်ပါးအပြားရှိသော အနေသန[၁]ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသော ကာလ၌ များစွာကုန်သော ရဟန်းတို့သည် ဆေးကုခြင်း အမှုဖြင့်လည်းကောင်း သလုံးမြင်းခေါင်းဖြင့် အစေအပါးခံခြင်း၌ ယှဉ်သဖြင့် လည်းကောင်း ဆွမ်းဘုဉ်းပေးခြင်းလည်းကောင်း ဤသို့စသည် သဘောရှိသော နှစ်ဆယ့်တစ်ပါး အပြားရှိသော အနေသနဖြင့် အသက်မွေးခြင်းကို ပြုကုန်၏။ ထိုအနေသနသည် သာကေတဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ သဗ္ဗညု မြတ်စွာဘုရား သည် ထိုရဟန်းတို့၏ ထိုသို့သော အခြင်းအရာဖြင့် အသက်မွေးခြင်း ပြုသည်၏ အဖြစ်ကို သိတော်မူ၍ ယခုအခါ၌ များစွာကုန်သော ရဟန်းတို့သည် အနေသန ဖြင့် အသက်မွေးခြင်းကို ပြုကုန်၏။ ထိုရဟန်းတို့သည်ကား ဤသို့သောအသက် မွေးခြင်းကို ပြုကုန်၍ ဘီလူး၏ အဖြစ်မှလည်းကောင်း ပြိတ္တာ၏အဖြစ်မှ လည်း ကောင်း မလွတ်ကုန်လတ္တံ့၊ လှည်းဦး၌ကအပ်ကုန်သော နွားတို့၏ အဖြစ်ဖြင့်လည်း ဖြစ်ကုန်လတ္တံ့၊ ငရဲ၌ ပဋိသန္ဓေကို ယူကုန်လတ္တံ့။ ငါသည် ထိုရဟန်းတို့၏ အစီး အပွါး အကျိုးငှါ ချမ်းသာခြင်း အကျိုးငှါ မိမိ၏ အလိုအားဖြင့် ဖြစ်သော မိမိဉာဏ်အား သာလျှင် ထင်သော တစ်ပါးသော ဓမ္မဒေသနာကို ဟောအံ့ သောငှါ သင့်၏ဟု နှလုံး ပြုတော်မူ၍ ရဟန်းအပေါင်းကို စည်းဝေးစေပြီးလျှင် ရဟန်းတို့ နှစ်ဆယ့်တစ်ပါး အပြားရှိသော အနေသနဖြင့် ပစ္စည်းတို့ကို မဖြစ် စေအပ်ကုန်၊ ထိုစကားသည် မှန်၏။ အနေသနကြောင့် ဖြစ်သော ဆွမ်းသည် ရဲရဲသီးသောသံတွေခဲနှင့်တူ၏။ လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏။ ထိုစကားသည်မှန်၏။ ဤသို့ ဖြစ်သော ဆွမ်းသည် ငါ၏သာသနာတော်၌ ဒွန်း စဏ္ဍား၏ စားကြွင်းသောဇဉ် နှင့်တူ၏။ ထိုအနေသနကြောင့်ဖြစ်သော ဆွမ်းကို သုံးဆောင်ခြင်းသည် သတဓမ္မ လုလင်၏ ဒွန်းစဏ္ဍား၏ စားကြွင်းထမင်းကို သုံးဆောင်ခြင်းကဲ့သို့ ဖြစ်၏ဟု ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဒုံးမြင့်မှာတော်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဒွန်းစဏ္ဍားအမျိုး၌ ဖြစ်၍

၁။ အနေသ = အသက်မွေးဖို့ရန် မရှာမှီးအပ်သော အမှု။ (ညွှန်းသော်လည်းမရှိ။)

အရှယ်သို့ရောက်သည်ရှိသော် တစုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် ရိက္ခာဆန်တို့ကို လည်းကောင်း ထမင်းထုပ်ကိုလည်းကောင်း ယူ၍ ခရီးသို့သွား၏။ ထိုအခါ မာရဏသီပြည်၌ အခည်အားဖြင့် သတဓမ္မမည်သော ဥဒိစ္စပြဟ္မဏမဟာသာလ အမျိုး၌ ဖြစ်သော တစ်ယောက်သော လုလင်သည် ရှိ၏။ ထိုလုလင်သည်လည်း တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် ဆန်တို့ကိုလည်းကောင်း ထမင်းထုပ်ကို လည်းကောင်း မယူမူ၍ သာလျှင် ခရီးသို့သွား၏။ ထိုနှစ်ယောက် ကုန်သော သူတို့သည်လည်း ခရီးမ၌ ပေါင်းမိကြကုန်၏။ သတဓမ္မလုလင်သည် ဘုရား လောင်းကို အချင်း သင်သည် အဘယ်အမျိုး၌ ဖြစ်သောသူနည်းဟု မေး၏။ ထို ဘုရားလောင်းသည် ငါသည် ဒွန်းစဏ္ဍားမျိုးတည်းဟု ဆို၍ သင်သည်အဘယ် အမျိုး၌ဖြစ်သော သူနည်းဟု လုလင်ကို မေး၏။ ထိုသတဓမ္မလုလင်သည် ငါ သည် ဥဒိစ္စပုဏ္ဏားမျိုးတည်းဟုဆို၍ ကောင်းပြီသွားကြကုန်အံ့ဟု ထိုနှစ်ယောက် ကုန်သော သူတို့သည်လည်း ခရီးသို့ အတူသွားကြကုန်၏။ ဘုရားလောင်းသည် နံနက်စာစားသောအခါ၌ ရေချမ်းသာရာ အရပ်၌နေ၍ လက်တို့ကို ဆေး၍ ထမင်းထုပ်ကိုဖြေ၍ လုလင် ထမင်းစားလှည့် လော့ဟု ဆို၏။ ဟယ်ဒွန်းစဏ္ဍား ငါ့အား ထမင်းဖြင့် အလိုမရှိဟုဆို၏။ ဘုရား လောင်းသည် ကောင်းပြီဟု ထုပ်ခဲ့ သောထမင်းကို စားကြွင်းကို မပြုမူ၍ သာလျှင် မိမိ၏ မျှလောက်ရုံ မျှသော ထမင်းကို တစ်ခုသော ဖက်၌ ထည့်၍ ထုပ်ခဲ့သောထမင်းကိုတင်၍ သင့်အပ် သောအရပ်၌ထား၍ စား၍ ရေကိုသောက်၍ လက်ခြေဆေးပြီးလျှင် ဆန်တို့ကို လည်းကောင်း ကြွင်းသော ထမင်းကိုလည်း ကောင်း ယူ၍လုလင် သွားကြ ကုန်အံ့ဟုဆို၍ခရီးသို့သွား၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည်လည်း တစ် နေ့ပတ်လုံးသွားကုန်၍ ညအခါတစ်ခုသော ရေချမ်းသာရာအရပ်၌ ရေချိုးကုန်၍ တက်ကြကုန်၏။ ဘုရားလောင်းသည် ရေချမ်းသာရာ အရပ်၌နေ၍ ထမင်း ထုပ်ကိုဖြေပြီးလျှင် လုလင်ကို မပန်ကြားဘဲသာ လျှင် စား၏။

လုလင်သည် တစ်နေ့ပတ်လုံး ခရီးကို သွားခြင်းကြောင့် ပင်ပန်းရကား ကိုယ်တွင်း၌ ဆာမွတ်ခြင်းသည်ဖြစ်၍ ငါ့အားထမင်းကို အကယ်၍ပေးအံ့။စားအံ့ ဟုကြည့်လျက်ရပ်၏။ ဒွန်းစဏ္ဍားသည် တစ်စုံတစ်ခုသော စကားကို မဆိုမူ၍ သာလျှင် စား၏။ သတဓမ္မလုလင်သည် ကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူကား ဤဒွန်းစဏ္ဍားသည် ငါ့အားစားလှည့်ဟု မခေါ်မူ၍သာလျှင် အလုံးစုံကို စား၏။ ထိုဒွန်းစဏ္ဍားကို နှိပ်စက်ပြီးလျှင် ယူ၍ အပေါ်၌ စားဆဲထမင်းကို စွန့်စေ၍ အကြွင်းကို စားခြင်းငှါ သင့်၏ဟု ဤသို့ကြံ၏။ ကြံပြီး၍ ထိုသတဓမ္မလုလင် သည် ထိုသို့ကြံတိုင်းသာလျှင် ပြု၍ စားကြွင်းထမင်းကို စား၏။ ထိုအခါ၌ ထို သတဓမ္မလုလင်အား စားစဉ်ပင်လျှင် ငါသည်မိမိ၏ ဇာတ်အနွယ် အမျိုးအချပ် တို့အား မသလျောက်ပတ်သော ဒွန်းစဏ္ဍား၏ စားကြွင်းထမင်းကို စင်လျက်

စားအပ်၏ဟု အလွန်နှလုံး မသာယာခြင်းသည် ဖြစ်၏။ ထိုခဏ၌ သာလျှင် ထိုသတမမွလုလင်အား သွေးနှင့်တကွသော ထမင်းသည် ခံတွင်းမှအန်၏။ ထို သတမမွလုလင်သည် စင်စစ်လျှင် ငါသည် အနည်းငယ်သော ထမင်းဟူသော အကြောင်းကြောင့် မလျော်ကန်ပတ်သော အမှုကိုပြုအပ်၏ ဟု အလွန်ဖြစ်သော စိုးရိမ်ခြင်းရှိသည်၏ အဖြစ်ကြောင့် ငိုကြွေးလိုရကား ရှေးဦးစွာသော ဤ ဂါထာကိုဆို၏။

၅၇။ တဉ္စ အပ္ပဉ္စ ဥစ္ဆိဋ္ဌံ၊ တဉ္စ ကိစ္ဆေန နော အဒါ။
သောဟံ ဗြဟ္မဏဇာတိကော၊ ယံ ဘုတ္တံ တမ္ပိ ဥဂ္ဂတံ။

ငါသည် စားအပ်သော ထမင်းသည် အနည်းငယ်သည်လည်း ဖြစ်၏ စားကြွင်း သည်လည်း ဖြစ်၏ ထိုထမင်းကိုလည်း ထိုဒွန်းစဏ္ဍားသည် မိမိ၏ အလိုအားဖြင့် ငါ့ကိုမပေး ငြိုငြင်ဆင်းရဲခြင်းကြောင့်ပေး၏၊ ထိုငါသည် စင်ကြယ်သော ပုဏ္ဏား မျိုး၌ ဖြစ်သောသူတည်း ထို့ကြောင့်သာလျှင် ငါသည် စားအပ်သော ထမင်း ကိုလည်း သွေးနှင့်တကွ အန်၏။

ဤသို့ သတမမွလုလင်သည် ငိုကြွေး၍ ယခုအခါ ငါ့အား ဤသို့ သဘောရှိသော မလျော်ကန်ပတ်သော အမှုကိုပြု၍ အသက်ရှင်သဖြင့် အဘယ်အကျိုးရှိအံ့နည်း ဟု တောသို့ဝင်ပြီးလျှင် တစ်စုံတစ်ယောက်သော သူအား မိမိကိုယ်ကို မမြင်စေ မူ၍ သာလျှင် ကိုးကွယ်ရာ မရှိသော သေခြင်းသို့ ရောက်လေ၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ဤလွန်လေပြီးသော အကြောင်းကို ပြတော် မူ၍ ရဟန်းတို့ မိမိအား မလျော်ကန်ပတ်သော ဘောဇဉ်ကို စားမိသည်၏ အဖြစ်ကြောင့် သတမမွလုလင်အား ထိုဒွန်းစဏ္ဍား၏ စားကြွင်းထမင်းကို စား၍ ရှင်ခြင်းသည် မဖြစ်သကဲ့သို့ နှလုံးသာယာသည်၏ အဖြစ်သည် မဖြစ်သကဲ့သို့ ထို့အတူသာလျှင် ဤသာသနာတော်၌ အကြင်ရဟန်းသည် အနေသနဖြင့် အသက်ကိုမွေးလျက် ထိုသို့သောအခြင်းအရာအားဖြင့် ရအပ်သော ပစ္စည်းကို သုံးဆောင်၏။ ဘုရားစက်ဆုပ်အပ် ကဲ့ရဲ့အပ်သော အသက်မွေးခြင်းရှိသည် အဖြစ် ကြောင့် ထိုရဟန်းအား ရှင်ခြင်းသည် မဖြစ်သလျှင်ကတည်း၊ နှလုံးသာယာ သည်၏ အဖြစ်သည် မဖြစ်သလျှင်ကတည်းဟု မိန့်တော်မူ၍ ဘုရားဖြစ်တော်မူပြီး နှစ်ခုမြောက် ဂါထာကို ဟောတော်မူ၏။

၅၈။ ဧဝံ ဓမ္မံ နိရံ ကတွာ၊ ယော အဓမ္မေန ဇီဝတိ။
သတမမ္ဗောဝ လာဘေန၊ လဒ္ဓေန ပိ န နန္ဒတိ။

ရဟန်းတို့ သတမမွလုလင်သည် နှိပ်စက်ခြင်းကြောင့် ရအပ်သော ဒွန်းစဏ္ဍား၏ စားကြွင်း ထမင်းဟူသော လာဘ်ဖြင့် ဝမ်းမမြောက်သကဲ့သို့ ထို့အတူ

ဤသာသနာတော်၌လည်း အာဇီဝပါရိသုဒ္ဓိ သီလဟု ဆိုအပ်သော တရားကို အပပြု၍ အနေသန နှစ်ဆယ့်တစ်ပါးဟု ဆိုအပ်သော အဓမ္မဖြင့် အသက်မွေးသော ရဟန်းသည် ဝမ်းမမြောက်နိုင်။

ဇာတ်ပေါင်း

ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူ သနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ သတဓမ္မလုလင် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒွန်းစဏ္ဍား၏ သားဖြစ်ဖူးပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာခုနှစ်ဆယ့်ကိုးခုမြောက်သော သတဓမ္မဇာတ်သည် ပြီး၏။

---

၁၀၀-ဒုဒ္ဒဒဇာတ်

နည်းရောင်း များရောင်း တောင်းပြည့်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဒုဒ္ဒဒံ ဒဒမာနာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုဒ္ဒဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒါယကာအပေါင်းတို့၏ အလှူကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ သူငယ်ချင်းသားဖြစ်ကုန်သော အဆွေခင်ပွန်းနှစ်ယောက်တို့သည် အလိုဆန္ဒကို တပေါင်းတည်း ဆောင်ကုန်၍ ခပ်သိမ်းကုန်သော ပရိက္ခရာအလှူဝတ္ထုတို့ကို စီရင်ကုန်၍ ဘုရား အမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံးအလှူကြီးကိုဖြစ်စေကုန်၍ ခုနစ်ရက်မြောက်သောနေ့၌ ခပ်သိမ်းကုန်သော ပရိက္ခရာတို့ကို လှူကုန်၏။ ထိုဒါယကာတို့တွင် အပေါင်း၏ အကြီးဖြစ်သော ဒါယကာသည် မြတ်စွာဘုရားကို ရှိခိုး၍ လျှောက်ပတ်စွာ နေလျက် အရှင်ဘုရား ဤအလှူ၌ များစွာလှူကုန်သော သူတို့သည်လည်း ရှိကုန်၏။ အနည်းငယ် လှူကုန်သော သူတို့သည်လည်း ရှိကုန်၏၊ အလုံးစုံဖြစ်ကုန်သော ထိုသူတို့အား ဤအလှူသည် များစွာသောအကျိုးရှိသည် ဖြစ်စေသတည်းဟု အလှူ၏ အကျိုးကို အမျှပြု၍ပေး၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဒါယကာ

ဘုရားအမှူးရှိသော ရဟန်းသံဃာဘို့အား အလှူကိုလှူ၍ ဤသို့ အလှူ၏ အကျိုးကို အမျှပြုကုန်၍ ပေးကုန်သော သင်တို့သည်လျှင် မြတ်သောအမှုကို ပြုအပ်၏။ မှေးပညာရှိတို့သည်လည်း အလှူကို လှူကုန်၍ ဤအတူသာလျှင် အလှူ၏အကျိုးကို အမျှပြု၍ ပေးဖူးကုန်ပြီဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏၊

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကာတိုင်းဝယ် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်သို့သွား၍ အလုံးစုံ ကုန်သော အတတ်တို့ကို သင်ပြီးလျှင် အိမ်ရာထောင်ခြင်းကို ပယ်၍ ဟိမဝန္တာ အရပ်၌ ကြာမြင့်စွာနေ၍ ဆားချဉ်မှီဝဲအံ့သောငှါ ဇနပုဒ်သို့ လှည့်လည် သွားခြင်းကို သွားသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်လျှင် မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ တံခါး၏အနီးဖြစ်သော ရွာ၌ အခြံအရံနှင့်တကွ ဆွမ်းခံအံ့သောငှါ သွား၏။ လူတို့သည် ဆွမ်းကို လှူကုန်၏။ သံဘက်နေ့၌ ဗာရာဏသီပြည်၌ ဆွမ်းခံသွား၏။ လူတို့သည် မြတ်နိုးစုံမက်ကုန်သည် ဖြစ်၍ ဆွမ်းကို လှူကုန်၍ ဂိုဏ်းဖွဲ့သဖြင့် အလိုဆန္ဒကို တပေါင်းဝ ည်း ဆောင်ကုန်၍ အလှူဝတ္ထုတို့ကို စီရင်ကုန်၍ ရသေ့အပေါင်းတို့အား အလှူကြီးကို ဖြစ်စေ ကုန်၏။ အလှူ၏အဆုံး၌ အပေါင်း၏အကြီးဖြစ်သော ဒါယကာသည် ဤအတူ သာလျှင်ဆို၍ ဤသို့သော အမှတ်ဖြင့် အလှူ၏အကျိုးကို အမျှပြု၍ ပေး၏။ ဘုရားလောင်းသည် ဒါယကာ စိတ်ကြည်ညိုခြင်းသည် ရှိသော် ဒါနသည် နည်းသောမည်သည်မရှိဟု ဆို၍ အနုမောဒနာ ပြုလိုရကား ဤဂါထာတို့ကို ဟောတော် မူ၏—

၅၉။ ဒုဒ္ဒဒံ ဒဒမာနာနံ၊ ဒုက္ကရံ ကမ္မ ကုဗ္ဗတံ။
အသန္တော နာနုကုဗ္ဗန္တိ၊ သတံ ဓမ္မော ဒုရန္နယော။

၆၀။ တသ္မာ သတဉ္စ အသတံ၊ နာနာ ဟောတိ ဣတော ဂတိ။
အသန္တော နိရယံ ယန္တိ၊ သန္တော သဂ္ဂပရာယဏာ။

ဒါယကာတို့ ပညာမရှိကုန်သော သူတို့သည် လှူနိုင်ခဲသော ဒါနကို လှူကုန်သော ပညာမရှိကုန်သော သူတို့သည် ပြုနိုင်ခဲသော လှူခြင်းအမှုကို သူမိုက်ဘို့သည် မပြုကုန်၊ သူတော်ကောင်းတို့၏ လှူခြင်းအမှုကို ပညာမရှိ ကုန်သော သူဘို့သည် ဤသို့သော အလှူကြောင့် ဤသို့သော် ကောင်းမှု အကျိုးကို ရ၏ဟူ၍ အကျိုးနှင့်စပ်သောအားဖြင့် သိနိုင်ခဲ၏။

ထို့ကြောင့် ဤဘဝမှ တမလွန်ဘဝသို့ လားကုန်သော ပညာရှိ သူတော်ကောင်းတို့၏ လည်းကောင်း၊ မသူတော်တို့၏ လည်းကောင်း ပဋိသန္ဓေယူခြင်းသည် အထူးသည်ဖြစ်၏။ မသူတော်တို့သည် ငရဲသို့ လားရကုန်၏။ ပညာရှိသူတော်ကောင်းတို့သည် နတ်ပြည်သို့ လားရကုန်သည် ဖြစ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် အနုမောဒနာပြု၍ မိုးတွင်း လေးလပတ်လုံး ထိုဗာရာဏသီပြည်၌သာ လျှင် နေ၍ မိုးလေးလလွန်သည် ရှိသော် ဟိမဝန္တာ အရပ်သို့ သွား၍ ဈာန်ကိုဖြစ်စေ၍ မယုတ်သော ဈာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ဒါယကာ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့ ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာရှစ်ဆယ်ခုမြောက် ဒုဒ္ဒဒဇာတ်သည် ပြီး၏။

၃-ဂ. လျာဏဝဂ် ပြီး၏။

---

## ၄-အသဒိသဝဂ်

### ၁၈၁-အသဒိသဇာတ်

စစ်ဘေးကြုံတော့ သူရဲကောင်း တောင့်တ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဓနုဂ္ဂဟော အသဒိသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအသဒိသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မြတ်သော တောထွက်တော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည်ယခုအခါ၌သာလျှင် မြတ်သော တောထွက်တော်မူခြင်း၏ အစွမ်းအားဖြင့် တောထွက်တော် မူသည်ကား မဟုတ်သေး၊ ရှေး၌လည်းထီးဖြူကိုစွန့်၍ တောထွက်တော်မူဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရား

ဝမ်း၌ ပဋိသန္ဓေကိုယူ၍ ချမ်းသာသဖြင့် ဖွားမြင်သော ထိုဘုရားလောင်းအား အမည်မှည့်သောနေ့၌ အသဒိသ သတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ထိုနောင်မှ ဘုရားလောင်း၏ ရှေးရှုပြေး၍ ထက်ဝန်းကျင်ပြေး၍ သွားနိုင်သော ကာလ၌ တစ်ယောက်သော ဘုန်းရှိသော သတ္တဝါသည် မိဖုရား၏ ဝမ်း၌ ပဋိသန္ဓေကို ယူ၏။ ချမ်းသာသဖြင့် ဖွားမြင်သော ထို သတို့သား အား အမည်ကိုမှည့်သောနေ့၌ ဗြဟ္မဒတ်ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုနှစ်ယောက်ကုန်သော မင်းသားတို့တွင် ဘုရားလောင်းသည် တစ်ဆယ့်ခြောက်နှစ်မြောက်သောကာလ၌ တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခဖြစ်သော ဆရာ၏ အထံ၌ ဗေဒင်သုံးပုံကိုလည်းကောင်း၊ တစ်ဆယ့်ရှစ်ပါးကုန်သော အတတ်တို့ကို လည်းကောင်း သင်၍ လေးသမားတို့၏ အတတ်၌ အတုမရှိသည် ဖြစ်၍ ဗာရာဏသီ ပြည်သို့ လာ၏။ မင်းသည် သေလွန် သည်ရှိသော် အသဒိသ မင်းသားအား မင်းအဖြစ်ကို ပေး၍ ဗြဟ္မဒတ်မင်းသားအား အိမ်ရှေ့မင်း အဖြစ်ကို ပေးရစ်ကြကုန်လော့ဟုဆို၍ သေလွန်၏။ ထိုဗြဟ္မဒတ်မင်း သေလွန်၍ ဘုရားလောင်းသည် မိမိအား မင်းအဖြစ်ကို ပေးသည်ရှိသော် ငါ့အား မင်း အဖြစ်ဖြင့် အလိုမရှိဟုပယ်၏။ ဗြဟ္မဒတ် မင်းသားကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၏။ ဘုရားလောင်းသည် အကယ်၍ကား မင်းအဖြစ်ကို အလိုမရှိ။ ထိုသို့ အလိုမရှိသော်လည်း ညီသည် မင်းအဖြစ်ကို ပြုသည် ရှိသော် ပြကတေ့ အားဖြင့် မင်း၏အခြင်းအရာအားဖြင့်သာလျှင်နေ၏။

## မင်းခစားတို့၏ ကုန်းစကား

မင်း၏ခြေရင်း၌ မြဲစွဲကုန်သော သူတို့သည် အသဒိသ မင်းသားသည် မင်းအဖြစ်ကို တောင့်တ၏။ ဤသို့ဆိုကုန်၍ မင်း၏အထံ၌ ဘုရားလောင်းကို ဖျက်ဆီးကုန်၏။ ထိုဗြဟ္မဒတ်မင်းသည်လည်း ထိုမင်းခြေရင်း၌ မြဲစွဲကုန်သော သူတို့၏ စကားကိုယူ၍ အချစ်ပျက်သောစိတ် ရှိသည်ဖြစ်၍ ငါ၏ နောင်တော်ကို ဖမ်းကြကုန်လော့ဟု လူတို့ကို စေ၏။ ထိုအခါ ဘုရားလောင်း၏အကျိုးစီးပွါးကို ဆောင်ရွက်သော တစ်ယောက်သော ယောကျာ်းသည် ထိုအကြောင်းကို ဘုရားလောင်းအား ကြား၏။ ဘုရားလောင်းသည် ညီငယ်အား အမျက်ထွက် သောကြောင့် မြို့မှထွက်၍ တစ်ပါးသော တိုင်းသို့သွား၍ တစ်ယောက်သော လေးသမားသည်လာ၍ မင်းအိမ်တံခါး၌ တည်၏ဟု မင်းအား ကြားစေ၏။ မင်းသည် အဘယ်မျှသော စည်းစိမ်ကို အလိုရှိသနည်းဟုမေး၏။ တစ်နှစ်ဖြင့် တစ်သိန်းသော ဥစ္စာကို အလိုရှိ၏ဟု ဆိုသည်ရှိသော် ကောင်းပြီ လာစေ လော့ဟု ဆို၏။ ထိုအခါလာ၍ အနီး၌ တည်သော ထိုအသဒိသမင်းသားကို သင်သည် လေးသမားလောဟု မေး၏။ မင်းမြတ် ဟုတ်၏ဟု ဆိုသည် ရှိသော် ကောင်းပြီ၊ ငါ့ ကို ခစားသော့ဟု ဆို၏။ ထိုအသဒိသ မင်းသားသည် ထိုအခါမှ

စ၍ မင်းကို ခစား၏။ ထိုအသဒိသ မင်းသားအား ပေးအပ်သော ရိက္ခာကို မြင်ကုန်၍ အလွန်များစွာ ရ၏ဟု လေးသမားဟောင်းတို့သည် ကဲ့ရဲ့ ကုန်၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် ဥယျာဉ်သို့ သွား၍ မင်္ဂလာ ကျောက်ဖျာ အနီး၌ တင်းတိမ်အရံကို ကာရံစေ၍ သရက်ပင်၏ အရင်းဖြစ်သော မြတ်သော အိပ်ရာ၌ လျောင်းလျက် အထက်သို့ ကြည့်လတ်သည် ရှိသော် သရက်ပင်ဖျား၌ တစ်ခုသော သရက်သီးခိုင်ကို မြင်၍ ဤသရက်သီး ခိုင်ကို တက်၍ ယူအံ့သောငှါ မတတ်ကောင်းဟု လေးသမားတို့ကိုခေါ် စေ၍ ဤသရက်သီးခိုင်ကို မြားဖြင့်ဖြတ်၍ ကျစိမ့်သောငှါ စွမ်းနိုင် ကုန်လတ္တံ့လောဟု ဆို၏။ မင်းမြတ် ထိုသရက်သီးခိုင်ကို ကျစေခြင်းသည် အကျွန်ုပ်တို့အား ဝန်မလေး၊ အရှင်မင်းမြတ်သည်ကား အကြိမ် များစွာ အကျွန်ုပ်တို့၏ အမှုကို မြင်ဖူးတော်မူ၏။ ယခု ရောက်သစ်စဖြစ်သော လေးသမားတော်သည် အကျွန်ုပ်တို့ထက် များစွာသော ရိက္ခာကို ရ၏။ ထိုသရက်သီးခိုင်ကို ထိုလေးသမားတော်သစ်ကို ကြွေအောင် ပစ်စေတော်မူလော့ဟု လေးသမားဟောင်းတို့ လျှောက်ကြကုန်၏။ မင်းသည် ဘုရား လောင်းကို ခေါ်စေ၍—

## အသဒိသမင်းသား လေးစွမ်းပြ

အမောင် ထိုသရက်သီးခိုင်ကို ကြွေစိမ့်သောငှါ စွမ်းနိုင် လတ္တံ့လောဟု မေး၏။ မင်းမြတ် တစ်ခုသော အရပ်ကို ရသည်ရှိသော် စွမ်းနိုင်ပါလတ္တံ့ဟု ဘုရားလောင်းသည် လျှောက်၏။ အဘယ်အရပ်ကို ရသည်ရှိသော် စွမ်းနိုင် လတ္တံ့နည်းဟု မင်းသည် မေး၏။ မင်းမြတ် အရှင်မင်းမြတ်တို့၏ နေရာတော်၏ အတွင်းအရပ်ကိုရသည်ရှိသော် စွမ်းနိုင်လတ္တံ့ဟု ဘုရားလောင်းသည် လျှောက်၏၊ မင်းသည် အိပ်ရာကို ဆောင်စေ၍ လေးပစ်ရာ အရပ်ကို ပြုစေ၏။ ဘုရားလောင်း လက်၌ လေးသည် မရှိ၊ ဝတ်သော ပုဆိုး၏ အတွင်း၌ လေးကို ဖွဲ့၍ သွား၏၊ ထိုကြောင့် တင်းတိမ်ကို ရခြင်းငှါ သင့်၏ဟု ဆို၏။ မင်းသည် ကောင်းပြီဟု တင်းတိမ်ကို ဆောင်စေ၍ ရံစေ၏။ ဘုရားလောင်းသည် တင်းတိမ်တွင်းသို့ ဝင်၍ အပေါ်၌ အမြဲဝတ်သော ဖြူသော အဝတ်ကို ပယ်၍ တစ်ထည်သော နီသော ပုဆိုးကို ဝတ်၍ အောက်ပိုးကျိုက်၍ တစ်ထည်သော နီသော ပုဆိုးကို ဝမ်း၌ ဖွဲ့၍ အိမ်မှ အစပ်နှင့်ယှဉ်သော သန်လျက်ကို ထုတ်၍ လက်ဝဲနံပါးဖြင့် လွယ်၍ ရွှေသင်တိုင်းကို ဝတ်၍ လေးထည့်သော ကျည်ကို နောက်မှ လွယ်၍ အစပ်နှင့် ယှဉ်သော ဆိတ်ချိုလေးကြီးကို ယူ၍ သန္တာ အဆင်းနှင့်တူသော ညှို့ကို တင်၍ သင်းကျစ်ကို ဦးခေါင်း၌ စွပ်၍ ထက်စွာသော စဉ်းသွားကို လက်သည်းတို့ဖြင့် ပွတ်လျက် တင်းတိမ်ကို နှစ်ဖြာလှစ်၍ မြေကို ခွဲ၍ ထွက်သော နဂါးလုလင်ကဲ့သို့ ထွက်ပြီးလျှင် မြားပစ်ရာ အရပ်သို့ သွား၍ စဉ်းသွားကို မြား၌ တပ်၍ မင်းကို မင်းမြတ် ထိုသရက်သီးခိုင်ကို အထက်သို့တက်သော မြားဖြင့် ကျစေရအံ့လော။

ထိုသို့ မဟုတ်မူကား အောက်သို့ သက်သော မြားဖြင့် ကျစေရအံ့လောဟု လျှောက်၏။ အမောင် တက်သော မြားဖြင့် ကျစေသည်ကို ငါမြင်ဖူးသည်ကား များ၏။ အောက်သို့သက်သော မြားဖြင့်သော်ကား ကျစေသည်ကို ငါမမြင်စဖူးသေး။ အောက်သို့သက်သော မြားဖြင့် ကျစေလောဟု ဆိုသည် ရှိသော် မင်းမြတ် ဤမြားသည် ဝေးသော အရပ်သို့ တက်လတ္တံ့။ အကြင်မျှလောက် စတုမဟာရာဇ် နတ်ပြည်သည် ရှိ၏။ ထိုမျှလောက် သွားလေ၍ ညအခါ သက်လတ္တံ့။ အကြင်မျှလောက် ထိုမြား၏ သက်ခြင်းသည် ရှိ၏။ ထိုမျှလောက် အရှင်မင်းမြတ်တို့သည် သည်းခံအံ့ဘသောငှါ သင့်၏ဟု ဆို၏။ မင်းသည် ကောင်းပြီဟု ဝန်ခံ၏။ ထိုနောင်မှ မင်းမြတ် ဤမြားသည်ကား တက်လတ်သည်ရှိသော် သရက်သီးခိုင် အညှာကို အလယ်တိုင်အောင် ဖြတ်လျက် တက်လတ္တံ့။ သက်လတ်သည် ရှိသော်ကား ဆံခြည်ဖျားမျှလည်း ဤမှ လည်းကောင်း ထိုမှ လည်းကောင်း မရွေ့မူ၍ အပိုင်းအခြားဌ်သာလျှင် ကျ၍ သရက်သီးခိုင်ကို ယူ၍ သက်လတ္တံ့။ မင်းမြတ် ရှုတော်မူလော့ဟု တစ်ဖန် မင်းကို ဆို၏။ ဆိုပြီးသော် အဟုန်ကို ဖြစ်စေ၍ မြားကို ပစ်၏။ ထိုမြားသည် သရက်သီးခိုင် အညှာကို အလယ်တိုင်အောင် ဖြတ်လျက် တက်၏။

ဘုရားလောင်းသည် ယခုအခါ၌ မြားသည် စတုမဟာရာဇ် နတ်ပြည် တိုင်အောင် ရောက်သည် ဖြစ်လတ္တံ့။ ဤသို့ သိ၍ ရှေးဦးစွာ ပစ်အပ်သော မြားထက် အထူးသဖြင့် လွန်စွာ လျင်မြန်ခြင်းကို ဖြစ်စေ၍ တစ်စင်းသော မြားကို ပစ်၏။ ထိုနောင်မှ ပစ်အပ်သော မြားသည် သွားလေ၍ ရှေးဦးစွာ ပစ်အပ်သော မြားကို မြားလှွာ မြားတောင့်ဖြင့် ခတ်၍ ညည်စေ၍ မိမိသည် တာဝတိံသာ နတ်ပြည်သို့ တက်လေ၏။ ထိုတာဝတိံသာ နတ်ပြည်၌ ထိုမြားကို နတ်တို့သည် ယူကုန်၏။ ပြန်လည်လာသော မြား၏ လေကို ဖြတ်သော အသံသည် မိုးကြိုး သံကဲ့သို့ ဖြစ်၏။ လူများသည် ဤအသံသည်ကား အဘယ် အသံနည်းဟု ဆိုသည် ရှိသော် ဘုရားလောင်းသည် ပြန်လည်လာသော မြား၏အသံတည်းဟု ဆို၍ မိမိကိုယ်၌ မြား၏ ကျအံ့သော ဘေးဖြင့် အလွန်ထိတ်လန့်သော လူများကို မြင်၍ မကြောက်ကုန်လင့်ဟု နှစ်သိမ့်စေ၍ မြားအား မြေသို့ ကျစိမ့်သောငှါ မပေးဟု ဆို၏။ မြားသည် သက်လာသည်ရှိသော် တစ်ဆံခြည်ဖျားမျှ လည်းကောင်း ထိုမှ ဤမှ မရွေ့မူ၍ အပိုင်းအခြား၌သာလျှင် ကျ၍ သရက်သီးခိုင်ကို ဖြတ်၏။ ဘုရားလောင်းသည် သရက်သီးခိုင်အား လည်းကောင်း မြားအား လည်းကောင်း မြေသို့ ကျစိမ့်သောငှါ မပေးမူ၍ ကောင်းကင်ပြင်၌သာလျှင် ခံလျက် လက်တစ်ဘက်ဖြင့် မြားကို လက်တစ်ဘက်ဖြင့် သရက်သီးခိုင်ကို ယူ၏။ လူများတို့သည် ထိုအံ့ဖွယ် သရဲကို မြင်၍ ငါတို့သည် ဤသို့ သဘောရှိသော အတတ်ကို မမြင်စဖူးဟု ဘုရားလောင်းကို ချီးမွမ်း ကုန်၏။

ကြီးစွာသော ရယ်ရွှင်ခြင်းကို ရယ်ရွှင် ကုန်၏။ ပဲ့တင်ထပ်စေ ကုန်၏။ လက်ပန်းပေါင်း ခပ်ကုန်၏။ လက်ချောင်းတို့ကို ခါကုန်၏။ ပုဆိုးကို ပစ်လွှားခြင်း များနှင့်တို့ကို ဖြစ်စေကုန်၏။ မင်း၏ ပရိသတ်တို့သည် နှင်သက် ရွှင်လန်းခြင်းကြောင့် ဘုရားလောင်းအား ပေးအပ်သော ဥစ္စာသည် ကုဋေ အတိုင်းအရှည် ရှိသည် ဖြစ်၏။ မင်းသည်လည်း ထိုဘုရားလောင်းအား မိုးကြီးသည်းထန်စွာ ရွာဘိသကဲ့သို့ များစွာသော ဥစ္စာကို လည်းကောင်း များစွာသော အခြံအရံကို လည်းကောင်း ပေး၏။ ဤသို့ မင်းသည် အရှိအသေ အလေးအမြတ် ပြုခြင်းကြောင့် ဘုရားလောင်းသည် ထိုပြည်၌ နေသည်ရှိသော် အသဒိသ မင်းသားသည် ဗာရာဏသီပြည်၌ မရှိသည် ထတ်ဟု ခုနစ်ပြည်ထောင်သော မင်းတို့သည် ၎ ၁လတ် ကုန်၏။ ဗာရာဏသီပြည်ကို ခြံရံကုန်၍ ပြည်ကိုမူလည်း ပေးမည်လော၊ စစ်ထိုးခြင်းကိုမူလည်း ပေးမည်လော ဤသို့ ဗြဟ္မဒတ် မင်းအား မှာစာကို သကုန်၏။

ဗြဟ္မဒတ် မင်းသည် သေဘေးမှ ကြောက်သည်ဖြစ်၍ ငါ၏ နောင်တော်သည် အဘယ်အရပ်၌ နေသနည်းဟု မေး၍ တစ်ပါးသော ပြည်နီးချင်း မင်းကို ခစား၏။ ဤသို့ ကြား၍ ငါ၏ နောင်တော်သည် မလာသည် ရှိသော် ငါ့အား အသက်သည် မရှိလတ္တံ့။ သွားကြကုန်။ ငါ၏ စကားဖြင့် ထိုအသဒိသ မင်းသား၏ ခြေတော်တို့ကို ရှိခိုးကုန်လျက် ကန်တော့ ပင့်ဆောင်ကုန်၍ လာကြကုန်လော့ဟု တမန်တို့ကို စေလိုက်၏။ ထိုတမန်တို့သည် သွားကုန်၍ ဘုရားလောင်းအား ထိုအကြောင်းကို လျှောက်ကုန်၏။ ဘုရားလောင်းသည် မင်းကို ပန်၍ ဗာရာဏသီပြည်သို့ တစ်ဖန် ပြန်လည်၍ မင်းကို မကြောက်လင့်ဟု နှစ်သိမ့်စေ၍ ငါ အသဒိသ မင်းသားသည် လာပြီ ဤမြားမှ တစ်ပါး တစ်ခင်းသော မြားကို ပစ်၍ ခပ်သိမ်းကုန်သော မင်းတို့၏ အသက်ကို သေစေအံ့။ အသက်ဖြင့် အလိုရှိသော သူတို့သည် ပြေးလေကုန်။ ဤသို့ အက္ခရာတို့ကို မြား၌ ရေး၍ ပစ္စင်ပေါ်၌ ရပ်၍ ခုနစ်ဦးကုန်သော မင်းတို့၏ စားကုန်စဉ် ရွှေခွက်၏ အဖုံး၌သာလျှင် မြားခုနစ်စင်းတို့ကို ကျစေ၏။ ထိုမင်းတို့သည် အက္ခရာတို့ကို မြင်ကုန်၍ သေဘေးမှ ကြောက်ကုန်၍ ပြေးလေကုန်၏။ ဤသို့ ဘုရားလောင်းသည် တစ်ခုသော ယင်ယယ်သည် သောက်လောက်ရုံသော သွေးကိုလည်း မဖြစ်စေမူ၍ ခုနစ်ပြည်ထောင်ကုန်သော မင်းတို့ကို ပြေးစေ၍ ညီတော်ငယ်ကို ပန်၍ ကာမတို့ကို ပယ်ပြီးလျှင် ရသေ့ ရဟန်းပြု၍ အဘိညာဉ်တို့ကို လည်းကောင်း သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ အသက်၏ အဆုံး၌ ဗြဟ္မာ့ပြည်သို့ လား၏။

သ ညူ မြတ်စွာဘုရား သည် ရဟန်းတို့ ဤအသဒိသ မင်းသားသည် ခုနစ်ပြည်ထောင်သော မင်းတို့ကို ပြေးစေ၍ အောင်မြင်ပြီးသော စစ်ပွဲရှိသည် ဖြစ်၍

ရသေ့ ရဟန်း အဖြစ်သို့ ကပ်လေ၏ဟု ပြတော်မူလိုရကား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ဂါထာတို့ကို ဟောတော်မူ၏—

၆၁။ မနုဂ္ဂဟော အသဒိသော၊ ရာဇ ပုတ္တော မဟဗ္ဗလော။
ဒူရေ ပါတီ အက္ခဏဝေဓီ၊ မဟာကာယပ္ပဒါလနော။

၆၂။ သဗ္ဗာမိတ္တေ ရဏံ ကတွာ၊ န စ ကိဉ္စိ ဝိဟေဌယိ။
ဘာတရံ သောတ္ထိံ ကတွာန၊ သံယမံ အဇ္ဈုပါဂမိ။

ရဟန်းတို့ ကြီးသော ကိုယ်အား ဉာဏ်အားရှိထသော ဝေးစွာသော စတုမဟာရာဇ်တာဝတိံသာ တိုင်အောင်သော အရပ်သို့ မြားကို ရောက်စေနိုင်ထသော မချွတ်မယွင်း ပစ်နိုင်ထသော တနည်းကား လျှပ်တပြက်၌ ခုနစ်ချက်ရှစ်ချက်မြားတို့ကို ပစ်နိုင်ထသော များစွာကုန်သော အစုအပေါင်းတို့ကို တုတ်ချင်းတွင်းအောင်ပစ်နိုင်ထသော မင်း၏သားဖြစ်ထသော အသဒိသအမည်ရှိထသော လေးသမားကျော်သည် ခပ်သိမ်းကုန်သောရန်သူတို့ကိုစစ်တိုက်ခြင်းကို ပြု၍ ပြေးစေ၏၊ တစ်စုံ တစ်ယောက်ကိုမျှလည်း မညှင်းဆဲ ညီတော်ကို ချမ်းသာခြင်းကို ပြု၍ သီလကို စောင့်ချောက်သော ရသေ့ အဖြစ်သို့ ကပ်လေ၏။

## ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဟောတော်မူ၍ ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီငယ်ဖြစ်ဖူးလေပြီ။ ထိုမှတပါး ယခုအခါ၌ ငါဘုရားသည်သာလျှင် ထိုအခါ အသဒိသမင်းသား ဖြစ်ဖူးလေပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

စစ်ရေးကြုံတော့ စစ်သူရဲကောင်းကို သတိရသည်

တစ်ရာ ရှစ်ဆယ့်တစ်ခုမြောက်သော အသဒိသဇာတ်သည် ပြီး၏။

## ၁၈၂-သင်္ဂါမာဝစရဇာတ်

## မင်းနန်းချွတ်ခဏ်းနှင့် စစ်မြေပြင်၌ ရဲရင့်သောဆင်

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "သင်္ဂါမာဝစရော သူရော"အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသင်္ဂါမာဝစရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နန္ဒထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ရှေးဦးစွာ ကြွတော်မူခြင်းဖြင့် ကပိလဝတ်ပြည်တော်သို့ ကြွတော်မူ၍ ညီတော်ငယ်ဖြစ်သော နန္ဒမင်းသားကို ရဟန်းပြု၍ ကပိလဝတ်ပြည်မှ ထွက်တော်မူ၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်တော်မူ၍ နေတော်မူသည် ရှိသော် အရှင်နန္ဒသည် မြတ်စွာဘုရား၏ သပိတ်တော်ကိုယူ၍ မြတ်စွာဘုရားနှင့်တကွ နန်းတော်မှ ထွက်သောကာလ၌ နန္ဒမင်းသားသည် မြတ်စွာဘုရားနှင့်တကွ လိုက်လေသတတ်ဟု ကြား၍ ထင်ရှားကျော်အားဖြင့် ဖြတ်အပ်ကုန်သေးသော ဆံရှိကုန်လျက် လေသွန် ပြတင်းပေါက်ကြားဖြင့် မျှော်လိုက်၍ အရှင်သားတော် လျင်မြန်စွာသာလျင် ပြန်လည်တော် မူခဲ့ပါလော့ဟု ဇနပဒကလျာဏီ မှာလိုက်သောစကားကို အစဉ်အောက်မေ့လျက် လူ၏ အဖြစ်ကို တမော့မော့မျှော်သော လည်ရှိသည်ဖြစ်၍ မမွေ့ မလျော်ခြင်းကြောင့် ဖက်ရွက်ရော်ကဲ့သို့ အလွန်ဖြော့တော့သော အဆင်းအကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိသည်ဖြစ်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကိုသိတော်မူ၍ အကယ်၍လျှင် ငါသည် နန္ဒကို အရဟတ္တဖိုလ်၌ တည်စေရမူကားကောင်း၏။ ဤသို့ကြံတော်မူ၍ ထိုနန္ဒထေရ်၏ နေရာ ပရိဝုဏ်သို့ ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာတော်၌ နေတော်မူလျက် နန္ဒ ဤသာသနာတော်၌ မွေ့လျော်ပါ၏ လောဟု မေးတော်မူ၏။ အရှင်ဘုရား ဇနပဒကလျာဏီ၌ ဝပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ မမွေ့မလျော်ပါဟု လျှောက်၏၊ နန္ဒ ဟိမဝန္တာသို့ လှည့်လည် သွားလာခြင်းကို သွားလာဖူး၏ လောဟု မေးတော်မူ၏။ အရှင်ဘုရား မသွားဖူးပါဟု လျှောက်၏။ နန္ဒ ထိုသို့တပြီးကား သွားကြကုန်အံ့။ ဤသို့ မိန့်တော်မူသည်ရှိသော် အရှင်ဘုရားအကျွန်ုပ်အား တန်ခိုးသည်မရှိ။ အကျွန်ုပ် အသို့သွားနိုင်ပါအံ့နည်းဟု လျှောက်၏။ မြတ်စွာဘုရားသည် နန္ဒ ငါ၏ တန်ခိုးအစွမ်းအားဖြင့် သင့်ကို ငါဆောင်အံ့ဟု မိန့်တော်မူပြီးလျှင် နန္ဒမထေရ်ကို လက်၌ ကိုင်တော်မူ၍ ကောင်းကင်သို့ ပျံကြွတော်မူသည်ရှိသော် ခရီးအကြား၌ တစ်ခုသောမီးလောင်ရာအပြင်၌ မီးလောင်ငုတ်တွင်နေသော ပြတ်သော နားနှာခေါင်း မြီးထူးရှိသော မီးလောင်သော အမွေးရှိသော အပေါ်ရေ စုတ်သည်ဖြစ်၍ အတွင်းရေမျှသာ ရှိသော နီသော အဆင်းဖြင့် ထက်ဝန်းကျင် လွှမ်းအပ်သော တင်ကောင်သော မျောက်မကိုမြင်၍ နန္ဒ တင်ကောင်သော မျောက်မကိုရှုလောဟု ပြတော်မူ၏။ အရှင်ဘုရားမြင်၏ဟု နားတော် လျှောက်သည်ရှိသော် ကောင်းစွာ မျက်စိအားဖြင့် ရှုရှုခြင်းကို ပြုလောဟု မိန့်တော်မူ၏။

ထိုနောင် နန္ဒမထေရ်ကိုဆောင်၍ ယူဇနာ ခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာအပြင်ကိုလည်းကောင်း အနောတတ်အိုင် အစရှိကုန်သော အိုင်ကြီးခုနစ်အိုင်တို့ကိုလည်းကောင်း မြစ်ကြီး ငါးစင်းတို့ကိုလည်းကောင်း ရွှေတောင်ငွေတောင်၊ ပတ္တမြားတောင်တို့ဖြင့် တန်ဆာဆင်အပ်သော တစ်ပါးမက များသော

မွေ့လျော်ဖွယ်ရှိသော ဟိမဝန္တာတောင်ကိုလည်းကောင်း ပြ၍ နန္ဒ ကာဝတိံသာ နတ်ပြည်ကို မြင်ဖူး၏လောဟု မေးတော်မူ၍ အရှင်ဘုရား မမြင်ဖူးပါဟု နားတော်လျှောက်သည် ရှိသော် နန္ဒ လာလှည့် သင့်အား တာဝတိံသာနတ်ပြည်ကို ငါပြအံ့ဟု မိန့်တော်မူပြီးလျှင် ထိုတာဝတိံသာ နတ်ပြည်သို့ ဆောင်၍ ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ နေတော်မူ၏။ သိကြားနတ်မင်းသည် နတ်ပြည်နှစ်ထပ်တို့၌ နတ်တို့၏ အပေါင်းနှင့်တကွ လာလတ်၍ ရှိခိုးလျက် တင့်တယ် လျောက်ပတ်စွာ နေ၏။ နှစ်ကုဋေငါးသန်း အရေအတွက် ရှိသော ပရိသတ် အပေါင်းခြံရံအပ်ကုန်သော ငါးရာကုန်သော ခိုခြေအဆင်းနှင့် တူကုန်သော နတ်သမီးတို့သည်လည်း လာလတ်ကုန်၍ ရှိခိုးကုန်လျက် လျောက်ပတ်စွာ နေကုန်၏။ မြတ်စွာဘုရားသည် အရှင်နန္ဒကို ငါးရာကုန်သော နတ်သမီးတို့ကို ကိလေသာ၏ အစွမ်းအားဖြင့် အဖန် တလဲလဲ ကြည့်စေ၏။ နန္ဒ ခိုခြေအဆင်းနှင့် တူကုန်သော ဤနတ်သမီးတို့ကို သင်သည် မြင်၏လောဟု မိန့်တော်မူ၍ အရှင်ဘုရား မြင်ပါ၏ဟု နားတော် လျှောက်သည် ရှိသော် နန္ဒ ထိုနတ်သမီးတို့သည် တင့်တယ်ကုန်သလော၊ ထိုသို့ မဟုတ်မူကား ဇနပဒကလျာဏီသည် တင့်တယ်သလော၊ ဤသို့ မေးတော်မူ၏။ အရှင်ဘုရား မီးလောင်၍ စုတ်ပြတ်သော မျောက်မသည် မတင့်တယ်သကဲ့သို့ ဤအတူသာလျှင် ဤနတ်သမီးကို ထောက်၍ ဇနပဒကလျာဏီသည် မတင့်တယ်၊ ဤသို့ နားတော်လျှောက်သည် ရှိသော် နန္ဒ ယခုအခါ၌ အသို့ပြုလတ္တံ့နည်း ဤသို့ မိန့်တော်မူ၏ အရှင်ဘုရား အဘယ်ကောင်းမှု ကံကိုလျှင် ပြုကုန်၍ ဤနတ်သမီးတို့ကို ရကုန်အံ့နည်း၊ ဤသို့နားတော်လျှောက်သည် ရှိသော် နန္ဒ ရဟန်းတရားကို ကျင့်ကုန်၍ ရကုန်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤနတ်သမီးတို့ကို ရစိမ့်သောငှါ အရှင်ဘုရားသည် အကယ်၍ ဝန်ခံအံ့။ အကျွန်ုပ်သည် ရဟန်းတရားကို ကျင့်ပါအံ့ဟု နားတော်လျှောက်သည် ရှိသော် နန္ဒ ငါသည် သင့်အား ဝန်ခံ၏ဟု မိန့်တော်မူ၏။ ဤသို့ နန္ဒမထေရ်သည် နတ်အပေါင်းတို့၏ အလယ်၌ မြတ်စွာဘုရားကို ဝန်ခံစေ၍ အရှင်ဘုရား အလွန်ကြာမြင့်ခြင်းကို ပြုတော်မမူပါလင့်။ ထလော့ သွားကြကုန်အံ့၊ အကျွန်ုပ်သည် ရဟန်းတရားကို ကျင့်အံ့ဟု လျှောက်၏၊ မြတ်စွာဘုရားသည် ထိုနန္ဒကိုဆောင်၍ ဇေတဝန် ကျောင်းတော်သို့သာလျှင် ပြန်တော်မူ၏။ နန္ဒမထေရ်သည် ရဟန်းတရားကို ကျင့်အံ့သောငှါ အားထုတ်၏။

မြတ်စွာဘုရားသည်တရားစစ်သူကြီးဖြစ်သောအရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ သာရိပုတ္တရာ ငါ၏ညီတော်ငယ်ဖြစ်သော နန္ဒသည် တာဝတိံသာနတ်ပြည်ဝယ် နတ်အပေါင်းတို့၏အလယ်၌ နတ်သမီးတို့၏အကြောင်းကြောင့် ငါ့ကို ဝန်ခံစေ၏ဟု ကြားတော်မူ၏။ ထိုသို့သော အကြောင်းဖြင့်သာလျှင် မဟာမောဂ္ဂလာန်မထေရ်အားလည်းကောင်း မဟာကဿပမထေရ်အား လည်းကောင်း

အနုရုဒ္ဓါ မထေရ်အား လည်းကောင်း၊ တရားဘဏ္ဍာစိုး ဖြစ်သော အာနန္ဒာ မထေရ်အားလည်းကောင်း၊ ဤသို့သော အစဉ်ဖြင့် အသီတိ သာဝကတို့အား လည်းကောင်း၊ များသောအားဖြင့် အသီတိသာဝကတို့မှ ကြွင်းကုန်သော ရဟန်းတို့အား လည်းကောင်း ကြားတော်မူ၏။ တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်သည် နန္ဒမထေရ်သို့ ကပ်၍ ငါ့ရှင် နန္ဒ သင်သည် တာဝတိံသာနတ်ပြည်ဝယ် နတ်အပေါင်းတို့၏ အလယ်၌ နတ်သမီးတို့ကို ရလိုသောကြောင့် ရဟန်းတရားကို ကျင့်အံ့ဟူ၍ မြတ်စွာဘုရားကို ဝန်ခံစေသည်ဟု ကြားရသည်ကား မှန်သလောဟု ဆို၍ နတ်သမီးတို့၏ အကျိုးငှါ ရဟန်းတရားကို သင်သည် ကျင့်သည် ဖြစ်လတ်သော် သင်၏ မြတ်သော သီတင်းကို သုံးခြင်းသည် မိန်းမတို့နှင့် စပ်သည်ဖြစ်၍ ကိလေသာကို မှီသည် မဟုတ်တုံလော။ ထိုသင်အား မိန်းမတို့၏အကျိုးငှါ အခအားဖြင့် အမှုကိုပြုသော အမှုကိုလုပ်သော ယောကျ်ားနှင့်တကွ အဘယ်မှာလျှင် ထူးအံ့နည်းဟု နန္ဒမထေရ်ကို ရှက်စေ၏။ အရှိန်အဝါမဲ့သည်ကိုပြု၏။ ထိုသို့သော အကြောင်းဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော အသီတိသာဝကတို့သည်လည်းကောင်း၊ ကြွင်းကုန်သော ရဟန်းတို့သည် လည်းကောင်း ထိုအရှင်နန္ဒကို ရှက်စေကုန်၏။

ထိုနန္ဒမထေရ်သည် စင်စစ် မသင့်မလျော်သည်ကို ငါသည် ပြုအပ်၏ဟု ရှက်ခြင်းကြောင့်လည်းကောင်း၊ ထိတ်လန့်ခြင်းကြောင့်လည်းကောင်း လုံ့လကို လွန်စွာအားထုတ်၍ ဝိပဿနာကို ပွါး၍ အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားထံသို့ ကပ်လေ၍ အရှင်ဘုရား အကျွန်ုပ်သည် အရှင်ဘုရားတို့၏ ဝန်ခံတော်မူခြင်းကို ဖြေပါ၏ဟု လျှောက်၏။ မြတ်စွာဘုရားသည်လည်း နန္ဒအကြင်အခါ၌ကား သင်သည် အရဟတ္တဖိုလ်သို့ ရောက်၏။ ထိုအခါ၌သာလျှင် ငါသည် ဝန်ခံခြင်းမှ လွတ်၏ဟု မိန့်တော်မူ၏။ ထိုအကြောင်းကို သိကုန်၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ နန္ဒမထေရ်သည် အလွန်သျှင် ဆုံးမခြင်းငှါ ခံ့ပေ၏။ တစ်ကြိမ်တည်းသော အဆုံးအမဖြင့်သာလျှင် အရှက်အကြောက်ကို ဖြစ်စေ၍ ရဟန်းတရားကို ပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ဤစကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပေါင်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် နန္ဒသည် ဆုံးမခြင်းငှါခံ့သည် မဟုတ်သေး။ ရှေး၌လည်း နန္ဒသည် ဆုံးမခြင်းငှါ ခံ့သည် သာလျှင်တည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

ငါးရှေ့ငါးဆယ် (၃) ၈—ပ မ-သ-စ

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုစဉ် ရှိသော် ဘုရားလောင်းသည် ဆင်ဆရာတို့၏ အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် ဆင်ဆရာတို့၏ အတတ်၌ အပြီးသို့ ရောက်၍ ဗာရာဏသီမင်း၏ ပြည်နီးချင်းဖြစ်သော မင်းတစ်ပါးကို ခစားလေ၏။ ထိုဘုရားလောင်းသည် ထိုမင်း၏ မင်္ဂလာဆင်ကို ကောင်းစွာသင်သည်ကို ပြု၍ တတ်စေ၏။ ထိုမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟူ၍ ဘုရားလောင်းကို ယူ၍ မင်္ဂလာဆင်ကို စီး၍ များစွာသော စစ်သည်ဖြင့် ဗာရာဏသီပြည်သို့ သွား၍ ခြံရံလျက် ပြည်ကိုမူလည်း ပေးမည်လော၊ စစ်ထိုးခြင်းကိုမူလည်း ပေးမည်လောဟု ဗာရာဏသီမင်းအား မှာစာကို ပို့စေ၏၊ ဗြဟ္မဒတ်မင်းသည် စစ်ထိုးခြင်းကို ပေးအံ့ဟူ၍ တံတိုင်း တံခါး ပစွင်တံခါးမုတ် တို့၌ ဗိုလ်ပါ အပေါင်းတို့ကို တက်စေ၍ စစ်ထိုးခြင်းကို ပေး၏။ ပြည်နီးချင်းမင်းသည် မင်္ဂလာဆင်ကို ချပ်ဖြင့် ဖုံးလွှမ်း၍ မိမိသည်လည်း ချပ်ကို ဝတ်၍ မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက် ထက်စွာသော ချွန်းတောင်းကို စွဲ၍ မြို့ကို ဖြို၍ ရန်သူကို အသက်ကုန်ဆုံးခြင်းသို့ ရောက်စေ၍ ပြည်ကို လက်သို့ ရောက်သည်ကို ပြုအံ့ဟု ဆင်ကို မြို့သို့ ရှေးရှုသွားစေ၏။ ထိုမင်္ဂလာဆင်သည် ပွက်လျက် ပူတိုက်ကိုလည်းကောင်း, အထူးထူး အပြားပြား ရှိကုန်သော လက်နက် တို့ကိုသည်းကောင်း လွှတ်ကြကုန်သော သူတို့ကိုမြင်၍ သေဘေးမှ ကြောက်ရကား ကပ်အံ့သောငှါ မဝံ့သည်ဖြစ်၍ နောက်သို့ ဆုတ်၏။ ထိုအခါ ဤမင်္ဂလာ ဆင်ကို ဆင်ဆရာသည် ကပ်၍ အမောင် သင်သည် ရဲရင့်သော ဆင်တည်း။ စစ်မြေပြင်ကို နှိပ်နင်းသွားတတ်သော ဆင်တည်း။ ဤသို့သဘောရှိသော အရပ်၌ ဆုတ်ခြင်းသည်ကား သင့်အား မလျောက်ပတ်ဟုဆို၍ ဆင်ကို ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏—

၆၃။ သင်္ဂါမာဝစရော သူရော၊ ဗလဝါ ဣတိ ဝိဿုတော။
ကိံ နု တောရဏမာသဇ္ဇ၊ ပဋိက္ကမသိ ကုဉ္ဇရ။

၆၄။ ဩမဒ္ဒ ခိပ္ပံ ပလိဃံ ဧသိကာနိ စ အဗ္ဗုဟ။
တောရဏာနိ စ မဒ္ဒိတွာ၊ ခိပ္ပံ ပဝိသ ကုဉ္ဇရ။

မင်္ဂလာဆင်မြတ် သင်သည် စစ်မြေပြင်ကို နှိမ်နင်း၍သွားတတ်၏၊ ရဲရင့်၏၊ ခွန်အားရှိ၏၊ ဤသို့ ကျော်စောသော ဆင် ဖြစ်ပါလျက် အဘယ့်ကြောင့် တံခါး ပေါင်သို့ ရောက်ကာမှ နောက်ပြန်ဆုတ်ဘိသနည်း။

မင်္ဂလာဆင်မြတ် တံခါးကျည်ကို လျင်စွာ အောက်သို့ ချလော၊ တံခါးတိုင် တို့ကိုလည်း နုတ်လော၊ တံခါးပေါင်တို့ကိုလည်း နင်း၍ လျင်စွာ ဝင်လော။

မင်္ဂလာဆင်တော်သည် ထိုစကားကို ကြား၍ ဘုရားလောင်း၏ တစ်ကြိမ်တည်းသော အဆုံးအမဖြင့်သာလျှင် ပြန်၍ တံခါးတိုင်ကို နှာမောင်းဖြင့် ရစ်၍ မှိုတိုကို ကဲ့သို့နုတ်၍ တံခါးပေါင်ကို နင်း၍ တံခါးကျည်ကို ချ၍ မြို့တံခါးကို ဖွင့်၍ မြို့သို့ဝင်၍ ပြည်ကိုယူ၍ ပေး၏။

ဇာတ်ပေါင်း၊

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နန္ဒသည် ထိုအခါ မင်္ဂလာဆင် ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆင်ဆရာ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[ သင့်တင့်လျှောက်ပတ်၊ စကားရပ်ဖြင့်၊ လိုအပ်မြှောက်တင်၊ မှုအောင်မြင်၊ ဆင်ခြင်ပြောကြားရေး ။ ]

တစ်ရာရှစ်ဆယ့်နှစ်ခုမြောက်သော သင်္ဂါမာဝစရဇာတ်သည် ပြီး၏။

———

၁၇၃-ဝါလောဒကဇာတ်

(မပြည့်တဲ့ ရေအိုး ဘောင်ဘင်ခတ်)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝါလောဒကံ အပ္ပရသံ နိဟီနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါလောဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငါးရာကုန်သော စားကြွင်းစားတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ ငါးရာကုန်သော ဒါယကာတို့သည် အိမ်၌ ပလိဗောဓကို သားမယားအား အပ်နှင်း၍ မြတ်စွာဘုရား၏ ဓမ္မဒေသနာကို နာကုန်လျက် တစ်ပေါင်းတည်း သွားကုန်၏၊ ထိုဒါယကာတို့တွင် အချို့ကုန်သော ဒါယကာတို့သည် သောတာပန် တို့တည်း။ အချို့ကုန်သော ဒါယကာတို့သည် သကဒါဂါမ် တို့တည်း။ အချို့ကုန်သော ဒါယကာတို့သည် အနာဂါမ်တို့တည်း။ တယောက်မျှလည်း ပုထုဇဉ် မည်သည် မရှိ။ မြတ်စွာဘုရားကို ဆွမ်းဖိတ်ကုန်သော်လည်း ထိုဒါယကာတို့ကို အတွင်းပြုကုန်၍ သာလျှင်

ဆွမ်းဖိတ်ကုန်၏။ ထိုငါးရာကုန်သော ဒါယကာတို့၏ကား ဒန်ပူမျက်နှာသစ်ရေ အဝတ်အရုံ နံ့သာပန်း ပေးကြကုန်သော ငါးရာကုန်သော အလုပ်အကျွေး ငယ်တို့သည် စားကြွင်း စားကုန်သည်ဖြစ်၍ ရဟန်းတို့၏ အထဲ၌ နံနက်စာ စားပြီးလျှင် အိပ်ကုန်၍ ထကုန်လတ်သော် အစိရဝတီ မြစ်သို့ သွားကုန်၍ မြစ်နား၌ ကြော်ငြာကုန်လျက် လက်ပမ်းလုံးထွေးခြင်းကို လုံးထွေးကြကုန်၏။ ငါးရာကုန်သော ထိုဒါယကာတို့သည်ကား အသံမရှိကုန်သည်ဖြစ်ကုန်၍ ကြွေးကြော်ခြင်းကင်းကုန်လျက် ဖိုလ်ဝင်စားခြင်းကို အားထုတ်ကုန်၏။

မြတ်စွာဘုရားသည် ထိုစားကြွင်းစားတို့၏ ပြင်းထန်စွာသော အသံကို ကြားတော်မူ၍ အာနန္ဒာ ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူ၍ အရှင်ဘုရား စားကြွင်းစားတို့၏ အသံတည်းဟု နားတော်လျှောက်သည်ရှိသော် ဤစားကြွင်းစားတို့သည် ယခုအခါ၌သာလျှင် စားကြွင်းကိုစားကုန်၍ ကြော်ငြာကုန်သည်ကား မဟုတ်ကုန်သေး၊ ရှေး၌လည်း ကြော်ငြာကုန်သလျှင်ကတည်း။ ဤဒါယကာတို့သည်လည်း ယခုအခါ၌သာလျှင် ငြိမ်သက်စွာနေကုန်သည် မဟုတ်သေး။ ရှေး၌လည်း ငြိမ်သက်စွာ နေဖူးကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် မင်း၏အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏၊ ထိုအခါ တစ်ပါးသောအခါ၌ ထိုမင်းသည် ပစ္စန္တရစ်ကို ခိုးသူတို့ဖျက်ဆီးအပ်၏ဟု ကြား၍ ငါးရာကုန်သော သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့ကို ပြင်စေ၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် သွား၍ ပစ္စန္တရစ်ကို ငြိမ်းစေ၍ ဗာရာဏသီပြည်သို့သာလျှင် ပြန်၍ သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့သည် ပင်ပန်းကုန်၏၊ ထိုသိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့အား စိုသော အရသာရှိသည်သာလျှင်ဖြစ်သော မုဒရက်အဖျော်ကို ပေးကုန်လော့ဆို၍ ပေးစေ၏။ သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့သည် အဦးဖြစ်သော အဖျော်ရည်ကို သောက်ကုန်၍ မြင်းတင်းကုပ်သို့ သွားကုန်၍ မိမိ မိမိတို့၏ အရာတို့၌ တည်ကုန်၏။ ထိုသိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့အားကား ပေးကြွင်းသည် အရည်နည်းသည်ဖြစ်၍ အဖတ်များသည် ဖြစ်၏။

လူတို့သည် ဤအကြောင်းကို အသို့ပုံ ကုန်အံ့နည်းဟု မင်းအား လျှောက်ကုန်၏။ မင်းသည် ရေဖြင့်နယ်၍ သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်နွမ်းဖြင့် စစ်ကုန်၍ အကြွင်းမြည်းတို့သည် သိန္ဓောအမျိုးဖြစ်ကုန်သော မြင်းတို့အား ရိက္ခာကို မီရကုန်၏။ ထိုမြည်းတို့အား ပေးကုန်လောဟု ပေးစေ၏။ မြည်းတို့သည် မုဒရက်ဖတ်ကို စစ်သောရေကို သောက်ရခြင်းကြောင့် ယစ်ကုန်သည်ဖြစ်၍ ခုန်လွှား ပေါက်ကန်ကုန်သောအားဖြင့် မြည်ကုန်လျက် မင်းရင်ပြင်၌သွားကုန်၏။ မင်းသည် လေသွန်တံခါးမကိုဖွင့်၍ ကြည့်သည်ရှိသော် မြင်၍ အနီး၌တည်ကုန်သော ဘုရားလောင်းကိုခေါ်၍ အမတ်ကြီး သင်သည် မြင်၏လော ဤမြည်းတို့သည် မုဒရက်ဖတ်ကို စစ်သောအရည်ကို သောက်ရခြင်းကြောင့် ယစ်ကုန်သည်ဖြစ်၍ ခုန်လွှား ပေါက်ကန် ကုန်သောအားဖြင့် မြည်ကုန်လျက် သွားကုန်၏။ သိန္ဓဝအမျိုး၌ ဖြစ်ကုန်သော သိန္ဓောမြင်းတို့သည် အဦးဖြစ်သော အဖျော်ရည်ကို သောက်ကုန်၍ အသံကင်းကုန်လျက် ငြိမ်သက်စွာ နေကုန်၏။ မရွှင်မြူးကုန်။ အကြောင်းသည် အသို့နည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၆၅။ ဝါလောဒကံ အပ္ပရသံ နိဟီနံ၊
ပိတွာ မဒေါ ဇာယတိ ဂဒြဘာနံ။

ဣမံ စ ပိတွာန ရသံ ပဏီတံ၊
မဒေါ န သဉ္ဇာယတိ သိန္ဓဝါနံ။

အမတ်ကြီး မြည်းတို့အား ယုတ်သော, အရသာအနည်းငယ်သာ ရှိသော သင်ပန်းလျှော်ဖြင့် ရက်အပ်သော အဝတ်နွမ်းဖြင့် စစ်အပ်သော မုဒရက်ရည်ကို သောက်ရ၍ မူးယစ်၏၊ သိန္ဓဝမျိုးဖြစ်သော မြင်းတို့အားကား မွန်မြတ်သော ဤမုဒရက်အရည်ကို သောက်၍ မယစ်ခြင်းသည် အဘယ်ကြောင့်နည်း။

ထိုအခါ ပြဟ္မဒတ်မင်းအား အကြောင်းကို ကြားလိုရကား ဘုရားလောင်းသည် ဤပါထာကို ဆို၏—

၆၆။ အပ္ပံ ပိဝိတွာန နိဟီနဇစ္စော၊
သော မဇ္ဇတိ တေန ဇနိန္ဒ ပုဋ္ဌော။

ဓောရယှသီလီ စ ကုလမှိ ဇာတော၊
န မဇ္ဇတိ အဂ္ဂရသံ ပိဝိတွာ။

လူတို့ကို အစိုးရတော်မူသောမင်းမြတ် ထိုမြည်းအပေါင်းသည် အမျိုးယုတ်ညံ့၏။ ထိုအမျိုးယုတ်ညံ့ခြင်းသဘောသည် နိုပ်စက်အပ်သည်ဖြစ်၍ အရသာ အနည်းငယ်သာရှိသော မုဒရက်အဖျော်ကို သောက်၍ ယစ်၏။ အမျိုးမြတ်၌

ဖြစ်သည်၏အဖြစ်ကြောင့် ဝန်ကိုဆောင်တတ်သော မြင်းအပေါင်းသည်ကား ဦးစွာယူအပ်သော မုဒရက်အဖျော်ရည်ကို သောက်၍ မယစ်။

ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း၏ စကားကိုကြား၍ မြင်းတို့ကို မင်းရင်ပြင်မှ ထုတ်စေ၍ ဘုရားလောင်း၏ အဆုံးအမ၌သာလျှင် တည်၍ ဒါနအစ ရှိကုန်သော ကောင်းမှုကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ အာနန္ဒာ ယခုအခါ၌ ဤစားကြွင်းစားတို့သည် ထိုအခါ ငါးရာကုန်သော မြည်းတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ဤဒါယကာတို့သည် ထိုအခါ ငါးရာကုန်သော သိန္ဓဝအမျိုးဖြစ်ကုန်သော မြင်းတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ထိုမှတပါး ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ်ကြီး ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အရက်ပြတ်၊ ခွက်ကပ်နဲ့မူး)

တင့်ရာရှစ်ဆယ့်သုံးခုမြောက်သော ဝါလောဒကဇာတ်သည် ပြီး၏။

---

၁၈၄-ဂိရိဒတ္တဇာတ်

(အတုမြင် အတတ်သင်)

တငါနားနီး တငါ နဆိုးနားနီး မုဆိုး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဒူသိတော ဂိရိဒတ္တေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဂိရိဒတ္တဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ဝင်စပါးသော ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤဝတ္ထုကို အောက် မဟိလာမုခဇာတ်[၁]၌ ဆိုအပ်ပြီးသည်နှင့် တူသာလျှင် ကတည်း။ အထူးကား သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်း တို့ ဤရဟန်းသည်

---

၁။ မဟိလာမုခဇာတ်ကေနိပါတ်မှာ။

ယခုအခါ၌သာလျှင် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသည် မဟုတ်သေး။ ရှေး၌လည်း ဤရဟန်းသည် ဆန့်ကျင်ဘက်ဖြစ်သော အပေါင်း အဖော်ကို မှီဝဲသလျှင်ကတည်းဟု မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်း ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သာမမည်သောမင်းသည် မင်းပြု ပြုသည်ရှိသော် ထိုအခါ ဘုရားလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လျှင် ထိုသာမမင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ် ဖြစ်၏။ မင်း၏ မင်္ဂလာမြင်းသည် ပဏ္ဍဝအမည်ရှိ၏။ ထိုမင်္ဂလာမြင်း၏ မြင်းထိန်း သည် ဂိရိဒတ္တအမည်ရှိ၏။ ထိုဂိရိဒတ္တသည် ခွင်သည်ဖြစ်၏။ မြင်းသည် နှာရှုပ် ကြိုး၌ ကိုင်၍ ရှေ့မှသွားသော ထိုဂိရိဒတ္တကိုမြင်၍ ဤဂိရိဒတ္တသည် ငါ့ကိုသင်၏ ဟု သဘောအမှတ်ဖြင့် ထိုဂိရိဒတ္တအတုကျင့်၍ ခွင်သည်ဖြစ်၏။ ထိုမြင်း၏ ခွင်သည်၏အဖြစ်ကို မင်းအား လျှောက်ကုန်၏၊ မင်းသည် ဆေးသမားတို့ကို စေ၏။ ထိုဆေးသမားတို့သည် သွားကြကုန်၍ မြင်း၏ကိုယ်၌ အနာကို မမြင် ကုန်သည်ဖြစ်၍ ထိုမြင်း၏ အနာကို မမြင်ကုန်ဟု မင်းအား လျှောက်ကုန်၏။ မင်းသည် ဘုရားလောင်းကို ပညာရှိ သွား၍ ကြည့်ရှုကုန်လော့၊ ထိုခွင်သည်၏ အဖြစ်၌ အကြောင်းကို စုံစမ်းချေလော့ဟု စေ၏။ ဘုရားလောင်းသည် သွား၍ ခွင်သော မြင်းထိန်းနှင့် ပေါင်းဖော်ခြင်းကြောင့် ထိုမြင်း၏ ခွင်သောအဖြစ်ကို သိ၍ မင်းအား ထိုအကြောင်းကို ကြား၍ ပေါင်းဖော်ခြင်းကြောင့်ဖြစ်သော အပြစ်မည်သည်ကား ဤသို့ဖြစ်၏ဟု ပြလိုရကား ဤဂါထာကို ဆို၏—

၆၇။ ဒူသိတော ဂိရိဒတ္တေန၊ ဟယော သာမဿ ပဏ္ဍဝေါ။
ပေါရာဏံ ပကတိံ ဟိတွာ၊ တဿေဝါနု ဝိဓိယျတိ။

မြင်းထိန်းဂိရိဒတ်သည် ဖျက်ဆီးအပ်သည်ဖြစ်၍ သာမမင်း၏ ပဏ္ဍဝအမည် ရှိသော မင်္ဂလာမြင်းတော်သည် ရှေး၌ဖြစ်သော တင့်တယ်စံပယ်စွာ သွားခြင်း သဘောကို စွန့်၍ ထိုမြင်းထိန်း ဂိရိဒတ်၏သာလျှင် ခွင်သောအတုသို့ လိုက်၍ ကျင့်၏။

ထိုအခါ၌ ဘုရားလောင်းကို သာမမင်းသည် ယခုအခါ၌ ထိုမြင်းအား အသို ပြုအပ်နည်းဟု မေး၏။ ဘုရားလောင်းသည် ကောင်းသော သွားခြင်းရှိသော မြင်းထိန်းကို ရ၍ ရှေး၌ ကောင်းသကဲ့သို့ ဖြစ်လတ္တံ့ဟု ဆိုလိုရကား ဤ ဂါထာကို ဆို၏—

၆၇။ သစေ စ တနုဇော ပေါသော၊ သိခရာကာရ ကပ္ပိတော။
အာနန္ဒေ နံ ဂဟေတွာန၊ မဏ္ဍလေ ပရိဝတ္တယေ။
ခိပ္ပမေဝ ပဟန္တွာန၊ တဒေဝ ဝါ’ နုဝိဓိယတိ။

မင်းမြတ် ထိုကောင်းသော အကျင့်နှင့်ပြည့်စုံသော မင်းအားလျော်စွာ ဖြစ်သော ကောင်းစွာသော အခြင်းအရာအားဖြင့် ပြုပြင်တတ်သော ဆံမုတ်ဆိတ် ရှိသော ယောကျ်ားသည် ထိုမြင်းတော်ကို နှုတ်သီးကြိုး၌ (နှာနှပ်ကြိုး၌) ကိုင်၍ မြင်းတင်းကုပ်၌ အကယ်၍ သွားငြားအံ့၊ မြင်းတော်သည် လျင်စွာ သာလျှင် ခွင်သည်၏ အဖြစ်ကို စွန့်၍ ထိုတင့်တယ်စွာသော ယောကျ်ား၏ သာလျှင် အတုသို့လိုက်၍ ကျင့်လတ္တံ့။

မင်းသည် ထိုဘုရားလောင်းဆိုတိုင်း ပြုစေ၏။ မြင်းသည် ပြကတေ့သော အဖြစ်၌ တည်၏၊ မင်းသည် တိရစ္ဆာန်တို့၏ အလိုကို စင်လျက်လည်း သိပေ၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းအား များစွာသော စည်းစိမ်ကို ပေး၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့- ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဂိရိဒတ္တဖြစ်ဖူးလေပြီ။ ယခုအခါ ဆန့်ကျင်ဘက် ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသော ရဟန်းသည် ထိုအခါ မင်္ဂလာမြင်း ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ အမတ်ပညာရှိ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော် မူ၏။

တစ်ရာရှစ်ဆယ့်လေးခုမြောက်သော ဂိရိဒတ္တဇာတ်သည် ပြီး၏။

---

## ၁၈၅- အနဘိရတိဇာတ်

## (စိတ်ကြည်လင်မှ ပညာရှင်သည်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ယထောဒကေ အာဝိလေ အပ္ပသန္နေ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအနဘိရတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မထင်ရှားသော ပုဏ္ဏားဖြစ်သော သတို့သားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော ပုဏ္ဏားဖြစ်သော သတို့သားသည် ဗေဒင်သုံးပုံ ကို၏ ကမ်းတစ်ဘက်သို့ ရောက်သည်ဖြစ်၍ များစွာသော မင်းသားငယ်တို့ကို လည်းကောင်း, ပုဏ္ဏားသားငယ်တို့ကို လည်းကောင်း ဗေဒင်တို့ကို သင်သတတ်။ ထိုပုဏ္ဏားလုလင်သည် နောက်အဖို့၌ အိမ်ရာထောင်ခြင်းကို ဖြစ်စေ၍ အဝတ်တန်ဆာ ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာ နွားကျွဲ သားမယား အစရှိသည်တို့၏ အကျိုးငှါ ကြံသည်ရှိသော် ရာဂ ဒေါသ မောဟနိုင်ငံသို့ လိုက်သည်ဖြစ်၍ နောက်ကျုသောစိတ် ရှိသည်ဖြစ်၏။ ဗေဒင်တို့ကို အစဉ်အားဖြင့် ပြန်အံ့သောငှါ မစွမ်းနိုင်။ ထိုမှ၍မှလည်း ဗေဒင်တို့သည် မထင်ကုန်။ ထိုပုဏ္ဏားသည် တစ်နေ့သ၌ များစွာကုန်သော နံ့သာပန်း အစရှိသည်တို့ကို ယူ၍ ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ လျောက်ပတ်စွာ နေ၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားနှင့် စကားစေ့စပ်ခြင်းကို ပြုတော်မူ၍ လုလင် သင်သည် ဗေဒင်တို့ကို သင်စေ၏လော။ သင်သည် ဗေဒင်တို့ကို လေ့ကျက်အပ် ကုန်၏လောဟု မေးတော်မူ၏။ အရှင်ဘုရား ရှေး၌ အကျွန်ုပ်အား ဗေဒင်တို့သည် နှုတ်တက်ကုန်သည် ဖြစ်ကုန်၏။ အိမ်ရာထောင်ခြင်းကို ယူသောကာလမှစ၍ အကျွန်ုပ်၏ စိတ်သည် နောက်ကျု၏။ ထို့ကြောင့် ယခုအခါ၌ အကျွန်ုပ်အား ဗေဒင်တို့သည် နှုတ်မတက်ကုန်ဟု လျှောက်၏။

ထိုအခါ၌ ထိုပုဏ္ဏားကို မြတ်စွာဘုရားသည် လုလင် ယခုအခါ၌သာလျှင် သင်၏ စိတ်မနောက်ကျုသော ကာလ၌ သင်အား ဗေဒင်တို့သည် နှုတ်တက်ကုန်သည်ဖြစ်၍ ရာဂ အစရှိသည်တို့ကြောင့် နောက်ကျုသောအခါ၌ သင့်အား ဗေဒင်တို့သည် မထင်ကုန်သည်ကား မဟုတ်ကုန်သေး၊ ရှေး၌လည်း သင်၏ စိတ်မနောက်ကျုသော ကာလ၌ သင့်အား ဗေဒင်တို့သည် နှုတ်တက်ကုန်သည်ဖြစ်ကုန်၏။ ရာဂအစရှိသည်တို့ကြောင့် နောက်ကျုသော ကာလ၌ သင်အား ဗေဒင်တို့သည် မထင်ကုန်။ ဤသို့ မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ပုဏ္ဏား၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် ပုဏ္ဏားသူကြွယ်အမျိုး၌ ဖြစ်လေ၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ ဗေဒင်တို့ကို သင်၍ ဒိသာပါမောက္ခဆရာဖြစ်၍ ဗာရာဏသီပြည်၌ များစွာသော မင်းသားတို့ကို လည်းကောင်း၊ ပုဏ္ဏားသားတို့ကိုလည်းကောင်း ဗေဒင်တို့ကို သင်စေ၏။ ထိုဘုရားလောင်း၏ အထံ၌ တစ်ယောက်သော ပုဏ္ဏားလုလင်သည် ဗေဒင်သုံးပုံတို့ကို

လေ့ကျက်၏၊ တစ်ပုဒ်မျှလည်း ယုံမှားခြင်းမရှိသော ဆရာငယ်ဖြစ်၍ ဗေဒင်တို့ကို သင်စေ၏။ ထိုပုဏ္ဏားသည် နောင်အခါ၌ အိမ်ထောင်ခြင်းကိုပြု၍ အိမ်ထောင်မှုကို ကြံသဖြင့် နောက်ကျုသော စိတ်ရှိသည်ဖြစ်၍ ဗေဒင်တို့ကို ပြန်အံ့သောငှါ မစွမ်းနိုင်။ ထိုအခါ၌ဆရာသည် မိမိ၏အထံသို့လာသော ထိုပုဏ္ဏားကို လုလင် သင်သည် ဗေဒင်တို့ကို လေ့ကျက်အပ်၏လော၊ ဤသို့မေး၍ ဆရာ၊ အိမ်ရာထောင်ခြင်းကို ယူသောကာလမှစ၍ အကျွန်ုပ်၏စိတ်သည် နောက်ကျုသော သဘောရှိသည်ဖြစ်၍ အကျွန်ုပ်သည် ဗေဒင်တို့ကို ပြန်အံ့သောငှါ မစွမ်းနိုင်ပါဟု ဆိုသည်ရှိသော် ချစ်သား၊ စိတ်သည် နောက်ကျုသည်ရှိသော် လေ့ကျက်အပ်သော်လည်း ဗေဒင်တို့သည် မထင်ကုန်၊ စိတ်သည် မနောက်ကျုသည်ရှိသော်ကား မထင်သောမည်သည် မရှိ၊ ဤသို့ ဆိုလိုရကား ဂါထာတို့ကို ရွတ်ဆို၏—

၆၉။ ယထောဒကေ အာဝိလေ အပ္ပသန္နေ၊
န ပဿတိ သိပ္ပိကသမ္ဗုကံ စ။
သက္ခရံ ဝါလုကံ မစ္ဆဂုမ္ဗံ၊
ဧဝံ အာဝိလမှိ စိတ္တေ။
န ပဿတိ အတ္တဒတ္ထံ ပရတ္ထံ။

၇၀။ ယထောဒကေ အစ္ဆေ ဝိပ္ပသန္နေ၊
သော ပဿတိ သိပ္ပိကသမ္ဗုကံ စ။
သက္ခရံ ဝါလုကံ မစ္ဆဂုမ္ဗံ၊
ဧဝံ အနာဝိလမှိ စိတ္တေ။
သော ပဿတိ အတ္တဒတ္ထံ ပရတ္ထံ။

ချစ်သား၊ ရေသည် နောက်ကျုသည်ရှိသော် မကြည်လင်သည်ရှိသော် ယောက်သွားခရုကိုလည်းကောင်း, ကျောက်စရစ်ကိုလည်းကောင်း, သဲကိုလည်းကောင်း, ငါးအပေါင်းကိုလည်းကောင်း မမြင်သကဲ့သို့ ထို့အတူ စိတ်သည် နောက်ကျုသည်ရှိသော် မိမိအကျိုးစီးပွားကိုလည်းကောင်း, သူတစ်ပါးအကျိုးစီးပွားကိုလည်းကောင်း ထိုယောကျ်ားသည် မမြင်။

ချစ်သား၊ ရေသည် ကြည်လင်သည်ရှိသော် အထူးသဖြင့် ကြည်လင်သည်ရှိသော် ထိုယောက်သွားအစရှိသည်ကို ရှာသောယောကျ်ားသည် ယောက်သွားခရုကိုလည်းကောင်း, ကျောက်စရစ်ကိုလည်းကောင်း, သဲကိုလည်းကောင်း, ငါးအပေါင်းကိုလည်းကောင်း မြင်သကဲ့သို့ ထို့အတူ စိတ်သည် မနောက်ကျုသည်ရှိသော် ထိုအကျိုးစီးပွားကိုရှာသော ယောကျ်ားသည် မိမိအကျိုးစီးပွားကိုလည်းကောင်း, သူတစ်ပါးအကျိုးစီးပွားကိုလည်းကောင်း မြင်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာကို ပြတော်မူသည်၏အဆုံး၌ ပုဏ္ဏားဖြစ်သော သတို့သားသည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား လုလင် ယခုအခါ ဤလုလင်သည်လျှင် ထိုအခါ လုလင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာရှစ်ဆယ့်ငါးခုမြောက်သော အနဘိရတိဇာတ်သည် ပြီး၏။

---

၁၈၆-ဒဓိဝါဟနဇာတ်

ခွေးတောက် သခွါး၊ ပင်ရောယှက်က၊ သရက်ပင်မင်း၊ သီးချိုကင်း၏၊

(ပဒါးရှင်လုံး ပဲကွပ်ပုံ ဆင်ပြေးဆင်ခေါ် စည် မကုန်နိုင်သည့် နို့ဓမ်းအိုး)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝဏ္ဏဂန္ဓရသော ပေသော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒဓိဝါဟန ဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူစဉ် ဆန့်ကျင်ဘက် ဖြစ်သော အပေါင်းအဖော်ကို မှီဝဲသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကို အောက်၌ ဆိုအပ်သလျှင်ကတည်း။

အထူးကား မြတ်စွာဘုရားသည် ရဟန်းတို့ သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်ခြင်းမည်သည် ယုတ်မာ၏။အကျိုးမဲ့ကို ပြုတတ်သည်သာလျှင်တည်း။ ထိုစကား၌ လူဖြစ်၍ ဖြစ်ကုန်သော သူတို့၏ သူယုတ်မာတို့နှင့် ပေါင်းဖော်ခြင်း၏ အကျိုးမဲ့ကို ပြုသည်၏ အဖြစ်၌ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း။ ရှေး၌ကား သာယာဖွယ် မရှိသော ချိုခြင်းကင်းသော တမာပင်နှင့်တကွပေါင်းဖော်ခြင်းကိုစွဲ၍ နတ်တို့၌ဖြစ်သော အရသာနှင့်တူသော ချိုသော အရသာရှိသော စိတ်မရှိသော သရက်ပင် စင်လျှက်လည်း အချိုကင်းသည်ဖြစ်၍ ခါးသည် ဖြစ်၏ဟု မိန့်တော်မူ၍ လွန်လေပြီးသောအကြောင်း ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ကာသိကတိုင်း၌ ညီနောင်ဖြစ်ကုန်သော လေးယောက်ကုန်သော ပုဏ္ဏားတို့သည် ရသေ့ရဟန်းပြုကုန်၍ ဟိမဝန္တာအရပ်၌ အစဉ်

အားဖြင့် ကျောင်းကိုဆောက်၍ နေကုန်၏။ ထိုလေးပါးကုန်သော ရသေ့တို့တွင် အစ်ကိုကြီး ရသေ့သည် စုတေ၍ သိကြားမင်း အဖြစ်သို့ရောက်၏။ ထိုသိကြားမင်းသည် ထိုအကြောင်းကို သိ၍ အကြားအကြား၌ ခုနစ်ရက်, ရှစ်ရက် လွန်သဖြင့် ညီငယ်ရသေ့တို့၏ အထံသို့သွားသည်ရှိသော် တစ်နေ့သ၌ ရသေ့ကြီးကို ရှိခိုး၍ လျောက်ပတ်စွာနေ၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်းဟု မေး၏။ ရသေ့သည် ဖျော့တော့နာ စွဲသည်ဖြစ်၍ ငါ့အား မီးဖြင့် အလိုရှိ၏ဟုဆို၏။ ထိုသိကြားမင်းသည် ထိုစကားကိုကြား၍ ထိုရသေ့ကြီးအား ပဲခွပ်ပါ ပုဆိန်ကိုပေး၏။ ပဲခွပ်ပါ ပုဆိန်မည်သည်ကား အရိုးတပ်သည်၏ အစွမ်းအားဖြင့် ပဲခွပ်သည် လည်း ဖြစ်၏။ ပုဆိန်သည်လည်း ဖြစ်၏၊ ရသေ့သည် ဤပဲခွပ်ပါ ပုဆိန်ကိုယူ၍ ငါ့ဖို့ အဘယ်သူသည် ထင်းတို့ကို ဆောင်လတ္တံ့နည်းဟု ဆို၏။

ထိုအခါ၌ ထိုရသေ့ကို သိကြားမင်းသည် ဤသို့ဆို၏။ အဘယ်သို့ ဆိုသနည်းဟူမူကား အရှင်ဘုရား အကြင်အခါ၌ အရှင်ဘုရားအား ထင်းတို့ဖြင့်အလိုတော်ရှိသည် ဖြစ်အံ့၊ ဤပဲခွပ်ရဖြစ်သော ပုဆိန်ကို အရှင်ဘုရားသည် လက်ဖြင့်ခတ်၍ ငါ့ဖို့ ထင်းတို့ကို ဆောင်၍ မီးကိုပြုလော၊ ဤသို့ ဆိုတော်မူလော့၊ ထိုအခါ၌ ထင်းတို့ကိုဆောင်၍ မီးကိုညှိ၍ ပေးလတ္တံ့ဟု ဆို၍ ထိုရသေ့ကြီးအား ပဲခွပ်ပုဆိန်ကို ပေး၍ အလတ်ဖြစ်သော ရှင်ရသေ့သို့လည်း ကပ်၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုတော် ရှိသနည်းဟု မေး၏။ ထိုရသေ့ကျောင်း၏ အနီး၌ ဆင်တို့၏ သွားရာလမ်းသည် ဖြစ်၏။ ထိုရသေ့၏ ဆင်တို့သည် နှိပ်စက်အပ်သည် ဖြစ်၍ ဆင်တို့၏ မစင် အညစ်အကြေးနှံ့တို့၏ အစွမ်းအားဖြင့် ဆင်းရဲခြင်းသည် ငါ့အား ဖြစ်၏။ ထိုဆင်တို့ကို ပြေးစေလော့ဟု ဆို၏၊ သိကြားသည် ထိုရသေ့အား စည်တစ်လုံးကို ပေး၍ အရှင်ဘုရား ဤဘက်အပြင်ကို တီးသည်ရှိသော် အရှင်ဘုရားတို့၏ ရန်သူတို့သည် ပြေးကုန်လတ္တံ့၊ ဤဘက်အပြင်ကို တီးသည်ရှိသော်ကား မေတ္တာစိတ် ရှိကုန်သည်ဖြစ်၍ အင်္ဂါလေးပါး ရှိကုန်သော စစ်သည်တို့သည် ခြံရံလာကုန်လတ္တံ့၊ ဤသို့ဆို၍ စည်ကို ပေးပြီးသော် ညီငယ်ရသေ့ အထံသို့သွား၍ အရှင်ဘုရား အရှင်ဘုရားအား အဘယ်ဝတ္ထုဖြင့် အလိုရှိသနည်း၊ ဤသို့ မေး၏။ ထိုရသေ့ငယ်သည်လည်း ဖျော့တော့နာစွဲသောဓာတ် ရှိသလျှင်ကတည်း။ ထို့ကြောင့် ငါ့အား နို့ဓမ်းဖြင့် အလိုရှိ၏၊ ဤသို့ဆို၏။ သိကြားသည် ထိုရသေ့ငယ်အား တစ်လုံးသော နို့ဓမ်းအိုးကို ပေး၍ အရှင်ဘုရားတို့သည် အလိုရှိကုန်သည်ဖြစ်၍ ဤနို့ဓမ်းကို အကယ်၍ သွန်ကုန်သည်ဖြစ်အံ့ မြစ်ကြီးဖြစ်၍ များစွာရေအလျဉ်ကို ဖြစ်စေ၍ အရှင်ဘုရားတို့အား မင်းအဖြစ်ကို ယူ၍ ပေးအံ့သောငှါ စွမ်းနိုင်သည်ဖြစ်လတ္တံ့၊ ဤသို့ဆို၍ သွား၏။ ထိုအခါမှစ၍ ပဲခွပ်ပါပုဆိန်သည် အစ်ကိုကြီး ဖြစ်သော

ရသေ့၏ အကျိုးငှါ မီးကိုပြု၏၊ အလတ်ဖြစ်သော ရသေ့သည် စည်အပြင်ကို တီးသည်ရှိသော် ဆင်တို့သည် ပြေးကုန်၏၊ ရသေ့ငယ်သည် နို့ခမ်းကို ဘုဉ်းပေး၏။

ထိုကာလ၌ တစ်ခုသော ဝက်သည် ရှေး၌ ရှာတည်ဖူးသော တစ်ခုသော အရပ်၌ ကျက်စားသည် ရှိသော် အာနုဘော်နှင့် ပြည့်စုံသော ပတ္တမြား တုံးကို မြင်လေ၏၊ ထိုဝက်သည် ထိုပတ္တမြားတုံးကို နှုတ်သီးဖြင့် ကိုက်၍ ထို ပတ္တမြား၏ အာနုဘော်အားဖြင့် ကောင်းကင်၌ ပျံ၍ သမုဒ္ဒရာ၏ အလယ်၌ ကျွန်းငယ်တစ်ခုသို့ ရောက်၍ ယခုအခါ ဤကျွန်း၌ ငါသည် နေခြင်းငှါ သင့်၏ဟု ဆင်းသက်၍ ချမ်းသာရာအရပ်၌ တစ်ခုသော ရေသဖန်းပင်၏ အောက်၌ နေခြင်း ကိုပြု၏။ ထိုဝက်သည် တစ်နေ့သ၌ ထိုသဖန်းပင်ရင်းတွင် ပတ္တမြားတုံးကို ရှေ့မှ ထား၍ အိပ်ပျော်ခြင်းသို့ ရောက်၏။ ထိုအခါ ကာသိကတိုင်း၌ နေသော တစ် ယောက်သော လူသည် ဤသူကား ငါတို့အား ကျေးဇူးပြုခြင်း မသိသည် မရှိ ဟု မိဘတို့သည် အိမ်မှ နှင်ထုတ်အပ်သည်ဖြစ်၍ တစ်ခုသော သင်္ဘောဆိပ်ရွာသို့ ရောက်၍ လှေသူကြီးတို့၏ အမှုလုပ် အဖြစ်ဖြင့် လှေကို စီး၍ သွားသည်ရှိသော် သမုဒ္ဒရာ၏ အလယ်၌ လှေသည် ပျက်စီးသဖြင့် ပျဉ်၌စီးလျက် ထိုကျွန်းသို့ ရောက်၍ သစ်သီးကြီးငယ်တို့ကို ရှာသည်ရှိသော် အိပ်ပျော်လျက် နေသော ထိုဝက်ကိုမြင်၍ သာယာစွာ သွားလျက် ပတ္တမြားတုံးကိုယူ၍ ထိုပတ္တမြားတုံး၏ အာနုဘော်အားဖြင့် ကောင်းကင်သို့ ပျံတက်၍ ရေသဖန်းပင်၌ နေလျက် ဤသို့ ကြံ၏။ ဤဝက်သည် ဤပတ္တမြားတုံး၏ အာနုဘော်အားဖြင့် ကောင်းကင်ခရီး ဖြင့် ပျံသွား၍ ဤအရပ်၌ နေယောင်တကား ငါသည်လည်း ရှေးဦးစွာ ဤဝက်ကို သတ်ပြီးလျှင် အသားကိုစား၍ တစ်ဖန် ပျံသွားသော်ငှါ သင့်၏ ဟု ကြံပြီးသော် ထိုသူသည် တစ်ခုသော တုတ်လုံးတံကို ကျိုး၍ ထိုဝက်ဦးခေါင်းပေါ်သို့ ချလိုက်၏။

ဝက်သည် နိုးလာ၍ ပတ္တမြားကို မမြင်သည်ရှိသော် တုန်လှုပ်သောစိတ်ရှိသည် ဖြစ်၍ ထိုမှ ဤမှ ပြေး၍ သွား၏၊ ရေသဖန်းပင်၌ နေသော ယောကျ်ားသည် ရယ်၏။ ဝက်သည် ကြည့်လတ်သည်ရှိသော် ထိုယောကျ်ားကိုမြင်၍ ရေသဖန်း ပင်ကို ဦးခေါင်းဖြင့်တိုက်၍ ထိုအရပ်၌သာလျှင် သေ၏။ ထိုယောကျ်ားသည် ရေသဖန်းပင်မှ ဆင်းသက်၍ မီးကိုညှိပြီးလျှင် ထိုဝက်၏ အသားကို ကင်၍ စားသောက်ပြီးလတ်သော် အာကာသသို့ပျံတက်၍ ကောင်းကင်ခရီးဖြင့် သွားသော အခါ ဟိမဝန္တာ၏ အပေါ်သို့ ရောက်သဖြင့် သင်္ခမ်းကို မြင်၍ အစ်ကိုကြီးဖြစ် သော ရသေ့၏သင်္ခမ်း၌ သက်၍ နှစ်ရက်သုံးရက် နေလျက် ရသေ့အား ဝတ်ကြီး ဝတ်ငယ်ကိုပြု၏။ ပဲခွက်ရဖြစ်သော ပုဆိန်၏ အာနုဘော်ကိုလည်း မြင်၏။ ထိုယောကျ်ားသည် ဤပဲခွပ်ပုဆိန်ကို ငါသည် ယူအံ့သောငှါ သင့်၏ဟု ကြံ၍ ပတ္တမြားတုံး၏ အာနုဘော်ကို ရသေ့အား ပြပြီးသော် အရှင်ဘုရား ဤပတ္တမြား တုံးကိုယူ၍ အကျွန်ုပ်အား ပဲခွပ်ရဖြစ်သော ပုဆိန်ကို ပေးပါလော့ဟု ဆို၏၊

ရသေ့သည် ကောင်းကင်ခရီးဖြင့် သွားလိုရကား ထိုပတ္တမြားကိုယူ၍ ပဲခွပ်ရ ဖြစ်သော ပုဆိန်ကို ပေး၏။ ထိုယောကျ်ားသည် ပဲခွပ်ရ ဖြစ်သော ပုဆိန်ကို ယူ၍ အဝေးနယ် သွားပြီးသော် ပဲခွပ်ဖြစ်သော ပုဆိန်ကို ခတ်၍ ရသေ့ဦးခေါင်းကို ဖြတ်ပြီးလျှင် ပတ္တမြားကို ဆောင်ယူချေလော့ဟု ဆို၏။ ထိုပဲခွပ်ရ ပုဆိန်သည် သွား၍ ရသေ့၏ ဦးခေါင်းကိုဖြတ်ပြီးလျှင် ပတ္တမြားတုံးကို ဆောင်ယူခဲ့၏။

ထိုယောကျ်ားသည် ပဲခွပ်ပုဆိန်ကို ဖုံးကွယ်ရာအရပ်၌ ထား၍ အလတ်ဖြစ်သော ရသေ့ထံသို့ သွား၍ နှစ်ရက်သုံးရက်နေပြီးလျှင် စည်၏ အာနုဘော်ကို မြင်သဖြင့် ပတ္တမြားတုံးကိုပေး၍ စည်ကိုယူပြီးသော် ရှေးနည်းဖြင့် သာလျှင် ထိုအလတ်ဖြစ်သော ရသေ့၏ ဦးခေါင်းကို ဖြတ်စေ၍ အငယ်ဖြစ်သော ရသေ့ထံသို့ ကပ်ပြီးသော် နို့ဓမ်းအိုး၏ အာနုဘော်ကို မြင်ခြင်းကြောင့် ပတ္တမြားတုံးကို ပေး၍ နို့ဓမ်းအိုးကို ယူပြီးလျှင် ရှေးနည်းဖြင့်သာလျှင် ထိုရသေ့ငယ်၏ ဦးခေါင်းကို ဖြတ်စေ၍ ပတ္တမြားတုံးကိုလည်းကောင်း၊ ပဲခွပ်ရဖြစ်သော ပုဆိန်ကိုလည်းကောင်း၊ စည်ကိုလည်းကောင်း၊ နို့ဓမ်းအိုးကိုလည်းကောင်း ယူ၍ ကောင်းကင်သို့ ပျံသွားပြီးသော် ဗာရာဏသီပြည်၏ မနီးမဝေးဖြစ်သော အရပ်၌ တည်၍ ဗာရာဏသီမင်းအား ပြည်ကို တည်း ပေးမည်လော။ စစ်ထိုးခြင်းကိုတည်း ပေးမည်လောဟု ယောကျ်ား တစ်ယောက်၏ လက်၌ မှာစာကို သလိုက်၏။ မင်းသည် သတင်းစကားကို ကြား၍ ခိုးသူကို ဖမ်းအံ့ဟူ၍ မြို့မှ ထွက်၏။ စည်တစ်ဘက် အပြင်ကိုတီး၍ အင်္ဂါလေးပါး ရှိသော စစ်သည်ကို ခြံရံစေ၏။ ဗာရာဏသီ မင်း၏ လွှမ်းမိုးသည်၏ အဖြစ်ကို သိ၍ နို့ဓမ်းအိုးကို သွန်သည်ရှိသော် မြစ်ကြီး ဖြစ်၍ လူများသည် နို့ဓမ်းမြစ်၌ နစ်မွန်း၍ ထွက်အံ့သောငှါ မစွမ်းနိုင်။ ပဲခွပ်ရ ဖြစ်သော ပုဆိန်ကို ခတ်၍ မင်းဦးခေါင်းကို ဆောင်ချေလော့ဟု ဆို၏။ ပဲခွပ်ရ ဖြစ်သော ပုဆိန်သည် သွား၍ မင်း၏ ဦးခေါင်းကို ဖြတ်ယူပြီးလျှင် ခြေရင်း၌ ချ၏။တစ်ယောက်သော သူသည် မျှလည်း လက်နက်ကို ချီအံ့သောငှါ မစွမ်းနိုင်။ ထိုယောကျ်ားသည် များစွာသော အခြံအရံဖြင့် ခြံရံလျက် မြို့သို့ဝင်ပြီးသော် အဘိသိက်ခံခြင်းကို ပြု၍ ဒဓိဝါဟနအမည်ရှိသော မင်းဖြစ်၍ တရားနှင့်ညီ သဖြင့် မင်းပြု၏။

နတ်သရက်သီး

တစ်နေ့သ၌ ထိုဒဓိဝါဟနမင်းသည် မြစ်ကြီး၌ ကွန်ယက်သဖွယ် ဖြစ်သော ကွန်ဖြင့် ကစားစဉ် ကဏ္ဍမုဏ္ဍအိုင်မှ နတ်ဘုံ၏ အသုံးအဆောင် ဖြစ်သော တစ်လုံးသော သရက်သီးမှည့်သည် မျောလာ၍ ကွန်၌ ငြိ၏။ ကွန်ကို ချီကုန် သောသူတို့သည် ထိုသရက်သီးကို မြင်ကုန်၍ မင်းအား ဆက်ကုန်၏။ ထိုသရက်သီးသည် အုံးစရည်း ပမာဏရှိ၏၊ လုံးဝန်း၏၊ ရွှေအဆင်းနှင့်တူသော

အဆင်းရှိ၏။ မင်းသည် ဤသစ်သီးကား အဘယ်မည်သော သစ်သီးနည်းဟု မှုဆိုးတို့ကိုမေး၍ သရက်သီးတည်းဟု ပြန်ကြားသဖြင့် သုံးဆောင်လေ၏။ ထို သရက်သီး၏အစေ့ကို မိမိဥယျာဉ်၌စိုက်စေ၍ နို့ရည်ဖြင့် သွန်းစေ၏။ သရက်ပင် သည် ဖြစ်သတ်၍ သုံးနှစ်မြောက်၌ အသီးနှင့် ပြည့်စုံ၏။ ထိုသရက်ပင်အား များစွာသော ပူဇော်သက္ကာရသည် ဖြစ်၏၊ နို့ရည်ဖြင့် သွန်းလောင်းကုန်၏၊ နံ့သာ အစရှိသည်တို့ဖြင့် လိမ်းကျံခြင်း ပန်းဆိုင်း အစရှိသည်တို့ဖြင့် ဆွဲခြင်း၊ မွှေးကြိုင် သောဆီဖြင့် ဆီမီးညှိထွန်းခြင်း၊ ပုဆိုးတင်းတိမ်ဖြင့် ကာရံခြင်းဟု ဆိုအပ်သော အမှုကို ပြုအပ်၏။ ဒ သီးတို့သည် ချိုသော အရသာ ရှိကုန်၏။ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်၏၊ ဒဓိဝါဟနမင်းသည် တစ်ပါးကုန်သော မင်းတို့အား သရက်သီးကို ပို့စေသည်ရှိသော် အစေ့မှ အပင်ဖြစ်လတ္တံ့ သည်မှ စိုးသော ကြောင့် အညွန့်ဖြစ်ရာအရပ်ကို အဆိပ်နှံ့သော အရိုး ဖြင့် ထိုး၍ ပို့၏၊ ထိုမင်း အား သရက်သီးကိုစား၍ အစေ့ကို စိုက်ပျိုးခြင်းငှါ မတတ်ကောင်းရကား ထို မင်းတို့သည် ဤအရာ၌ အကြောင်းသည် အသို့နည်းဟု မေးကုန်သည်ရှိသော် ထိုအကြောင်းကို သိကုန်၏။

**အရသာဖျက်**

ထိုအခါ တစ်ယောက်သောမင်းသည် ဥယျာဉ်စောင့်ကို ခေါ်၍ ဒဓိဝါဟန မင်း၏သရက်သီး၏အရသာကိုဖျက်၍ ခါးသည်၏အဖြစ်ကိုပြုအံ့သောငှါ သင်သည် စွမ်းနိုင်လတ္တံ့လောဟု မေး၍ မင်းမြတ်၊ အကျွန်ုပ်သည် စွမ်းနိုင်ပါ၏ဟုဆိုသည် ရှိသော် ထိုသို့တပြီးကား သွားလေလော့ဟုဆို၍ တစ်ထောင်သောဥစ္စာကိုပေး၍ စေလိုက်၏။ ထိုဥယျာဉ်စောင့်သည် ဗာရာဏသီပြည်သို့သွား၍ တစ်ယောက်သော ဥယျာဉ်စောင့် လာ၏ဟု မင်းအားကြားစေ၍ ဒဓိဝါဟနမင်းသည် ခေါ်အပ် သည်ဖြစ်၍ မင်း၏အထံသို့ သွားပြီးလျှင် ရှိခိုးလျက် လျောက်ပတ်သောအရပ်၌ နေ၏။ မင်းသည် ဥယျာဉ်စောင့်ဟူသည် သင်လောဟု မေးသည်ရှိသော် မင်းမြတ်၊ မှန်၏ဟုဆို၍ မိမိအစွမ်းကိုပြောဆို၍ ဒဓိဝါဟနမင်းသည် သွားချေ လော့၊ ငါတို့၏ဥယျာဉ်စောင့်အထံ၌ နေလော့ဟုဆို၏။ ထိုအခါမှစ၍နှစ်ယောက် သော ထိုသူတို့သည် ဥယျာဉ်ကို ပြုပြင်ကြကုန်၏။ ရောက်သစ်ဖြစ်သော ဥယျာဉ် စောင့်သည် အခါမဲ့ဖြစ်ကုန်သော ပန်းတို့ကို ကောင်းစွာပွင့်စေလျက် အခါမဲ့ဖြစ် ကုန်သော အသီးတို့ကို သီးစေလျက် ဥယျာဉ်ကို မွေ့လျော်ဖွယ် ရှိသည်ကို ပြု၏။

ဒဓိဝါဟနမင်းသည် ထိုရောက်သစ်ဖြစ်သော ဥယျာဉ်စောင့်အား ကြည်ညို၍ ဥယျာဉ်စောင့်ဟောင်းကို ထုတ်သိုက်၍ ထိုရောက်သစ်ဖြစ်သော ဥယျာဉ်စောင့် အားသာလျှင် ဥယျာဉ်ကို ပေး၏။ ထိုဥယျာဉ်စောင့်သည် ဥယျာဉ်၏ မိမိလက် သို့ရောက်သည်၏အဖြစ်ကိုသိ၍ သရက်ပင်ကိုခြံရံ၍ တမာပင်တို့ကိုလည်းကောင်း၊

ခွေးတောက်နွယ်တို့ကို လည်းကောင်း စိုက်ပျိုး၏။ အစဉ်သဖြင့် တမာပင်တို့သည် ကြီးကုန်၏။ တမာမြစ်တို့နှင့် သရက်မြစ်တို့သည်လည်းကောင်း၊ တမာခက်တို့နှင့် သရက်ခက်တို့သည်သည်းကောင်း ရောနှော ထွေးယှက်ခြင်း ဖြစ်ကုန်၏။ သာယာအပ်သောအရသာ မရှိသော ချိုသော အရသာ ကင်းသော ထိုတမာပင်နှင့် နှောခြင်းကြောင့်လျှင် ချိုသောအသီးရှိသော သရက်ပင်သည် တမာရွက်နှင့်တူသော အရသာရှိသည်ဖြစ်၍ ခါးခြင်းသို့ရောက်၏။ ထိုဥယျာဉ်စောင့်သည် သရက်သီးတို့၏ ခါးသည်၏အဖြစ်ကိုသိ၍ ပြေးလေ၏။ ဒဓိဝါဟနမင်းသည် ဥယျာဉ်သို့သွား၍ သရက်သီးကို စားသည်ရှိသော် ခံတွင်း၌ သွင်းအပ်သော သရက်ရည်အရသာသည် တမာရည်တို့ကဲ့သို့ ဖြစ်၍ မျိုအံ့သောငှါ မတတ်ကောင်းရကား တက်၍ထွေး၏။ ထိုအခါ ဘုရားလောင်းသည် ဒဓိဝါဟနမင်း၏ အကျိုးအကြောင်း ဆုံးမတတ်သောအမတ်သည် ဖြစ်၏။ ဒဓိဝါဟန မင်းသည် ဘုရားလောင်းကိုခေါ်၍ ပညာရှိ ဤသရက်ပင်အား ရေး၌ဖြစ်သော ပူဇော်သက္ကာရမှ ယုတ်ခြင်းသည် မရှိ။ ဤသို့ဖြစ်လျက်လည်း ထိုသရက်ပင်၏ အသီးသည် ခါး၏။ အကြောင်း အသို့နည်းဟု မေးလိုရကား ဤဂါထာကို ဆို၏။

၇၁။ ဝဏ္ဏဂန္ဓရသူပေတော အမ္ဗာယံ အဟုဝါ ပုရေ။
တမေဝ ပူဇံ လဘမာနော၊ ကေနမ္ဗော ကဋုကပ္ဖလော။

ပညာရှိ ဤသရက်ပင်သည် ရှေး၌ အဆင်း အနံ့ အရသာနှင့်ပြည့်စုံသည်သာတည်း။ ယခုအခါ၌ ထိုရှေး၌ ပြုမြဲတိုင်းဖြစ်သော ပူဇော်ခြင်းကိုသာလျှင် ရပါလျက် သရက်သည် အဘယ့်ကြောင့် ခါးသောအသီးရှိလေသနည်း။

ထိုအခါ၌ ဒဓိဝါဟနမင်းအား အကြောင်းကို ကြားလိုရကား ဘုရားလောင်းသည် ဤဂါထာကို ဆို၏–

၇၂။ ပုစိမန္ဒပရိဝါရော၊ အမ္ဗော တေ ဒဓိဝါဟန။
မူလံ မူလေန သံသဋ္ဌံ၊ သာခါ သာခါ နိသေဝရေ။
အသာတသန္နိဝါသေန၊ တေနမ္ဗော ကဋုကပ္ဖလော။

နို့ဓမ်းတည်းဟူသော စစ်သည် ဗိုလ်ပါရှိသော မင်းမြတ်၊အရှင်မင်းမြတ်၏ မင်္ဂလာသရက်တော်သည် တမာပင်ခြံရံ၍ နေ၏။ သရက်ပင်၏ အမြစ်သည် တမာပင်အမြစ်နှင့် နီးနှော၏၊ တမာပင်၏အခက်တို့သည် သရက်ပင်၏အခက်ကို မှီဝဲကုန်၏။ မချိုကုန်သော တမာပင်တို့နှင့် ပေါင်းဖော်ခြင်းကြောင့် သရက်ပင်သည် ခါးသော အသီးရှိ၏။

ဒဓိဝါဟနမင်းသည် ဘုရားလောင်း၏ စကားကိုကြား၍ အမြစ်နှင့်တကွ တမာပင် ခွေးတောက်နွယ်တို့ကို ဖြတ်စေ၍ ထက်ဝန်းကျင်မှ မချိုသောမြေမှုန့်

တို့ကို ပယ်စေ၍ ချိုသော မြေမှုန့်တို့ကို တည်စေပြီးလျှင် နို့ရည်ရေ သကာရေ နှံ့သာရေတို့ဖြင့် သရက်ပင်ကို ပြုပြင်စေ၏။ ထိုသရက်သည် ချိုသော အရသာ ရှိသော ဝတ္ထုနှင့် ပေါင်းဖော်ရပ်နေသောကြောင့် တစ်ဖန် ချိုသော အသီး ရှိသည် သာလျှင် ဖြစ်၏။ ဒဓိဝါဟနမင်းသည် ပြက်တေ့သော ဥယျာဉ်စောင့်အား သာလျှင် ဥယျာဉ်ကို ဆောက်နှင်းသဖြင့် အသက်ထက်ဆုံး တည်၍ ကံအား လျော်စွာ လား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခု အခါ၌ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခါးတောက်မြစ်ယှက်၊ စိုက်ရောဖက်မူ၊ သရက်ပင်မင်း၊ သီးချိုကင်းသို့။

(စတုဓမ္မသာရပျို)

တစ်ရာခုနစ်ဆယ့်ခြောက်ခုမြောက်သော ဒဓိဝါဟနဇာတ်သည် ပြီး၏။

---

## ၁၇၇-စတုမဋ္ဌဇာတ်

## လူပြောမသန် လူသန်မပြော

## တန်ရာတန်ရာ ပြော

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဥစ္စေ ဝိဋ္ဌဘိမာရုယှ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤစတုမဋ္ဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မယဉ်ရှားသော ရဟန်းအိုကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည် အချင်းချင်း မေးခြင်း ဖြေခြင်း စကားဖြင့် နေကုန်သည် ရှိသော် တစ်ယောက်သော ရဟန်းအိုသည် ထိုအဂ္ဂသာဝကတို့၏ အထံသို့ သွား၍ သုံးယောက်မြောက်ဖြစ်၍ နေ၏၊ ထိုရဟန်း အိုသည် အရှင်ဘုရားတို့ အကျွန်ုပ်သည် ဤရှိသော ရဟန်းတို့အား ပြဿနာကို မေးပါအံ့၊ အရှင်ဘုရားတို့သည်လည်း မိမိ၏ ယုံမှားခြင်းကို အကျွန်ုပ်ကို မေးပါ ကုန်လော့ဟု ဆို၏၊ မထေရ်မြတ်တို့သည် ထိုရဟန်းအိုကို ရွံရှာသဖြင့် နေရာမှ ထ၍ ဖဲလကုန်၏။ မထေရ်မြတ်တို့၏ တရားတော်ကို နာခံအံ့သောငှါ နေကုန်သော ပရိသတ်တို့၏ အစည်းအဝေးပျက်သောကာလ၌ ရဟန်းတို့သည် မြတ်စွာဘုရား၏

အထံတော်သို့ သွားကြကုန်၍ အဘယ့်ကြောင့် အခါမဟုတ်သည်၌ လာကြကုန်သနည်းဟု မိန့်တော်မူသည် ရှိသော် ထိုအကြောင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် သာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ထိုရဟန်းအိုကို ရှုံ့ရှာသဖြင့် စကားမဆိုမူ၍ ဖဲကုန်သည် မဟုတ်သေး၊ ရှေး၌လည်း ဖဲလေကုန်ပြီဟု မိန့်ဆိုတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ဧ.တိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိလတ်သော် ဘုရားလောင်းသည် တစ်ခုသော တောအရပ်၌ သစ်ပင်စောင့်နတ် ဖြစ်၏။ ထိုအခါ နှစ်ကောင်ကုန်သော ဟင်္သာငယ်တို့သည် စိတ္တကုဋ်တောင်မှ ထွက်ကုန်သည် ရှိသော် ဘုရားလောင်း ရုက္ခစိုးနတ်သည် စောင့်အပ်သော သစ်ပင်၌ နားကုန်၍ အစာရှာအံ့သောငှါ တစ်ပါးသော အရပ်သို့ သွား၍ ပြန်လာကုန်သော်လည်း ထိုသစ်ပင်၌သာလျှင် အပင်အပန်းဖြေ၍ စိတ္တကုဋ်တောင်သို့ သွားကုန်၏။ ကာလ မြင့်ရှည်ခြင်းသို့ ရောက်သည် ရှိသော် ထိုဟင်္သာငယ်တို့အား ဘုရားလောင်းနှင့် တကွ အကျွမ်းဝင်သည် ဖြစ်၏။ သွားကုန်သော် လည်းကောင်း, လာကုန်သော် လည်းကောင်း အချင်းချင်း ဝမ်းမြောက် ဝမ်းသာသဖြင့် တရားစကားကို ပြောဟောကြကုန်၍ ဖဲကုန်၏၊ ထိုအခါ တစ်နေ့သ၌ ထိုဟင်္သာငယ်တို့သည် သစ်ပင်ဖျား၌ နားကုန်၍ ဘုရားလောင်းနှင့်တကွ ပြောဟောကြကုန်သည် ရှိသော် မြေခွေးတစ်ကောင်သည် ထိုသစ်ပင်အောက်၌ ရပ်၍ ထိုဟင်္သာငယ်တို့နှင့်တကွ တိုင်ပင် ပြောဟောလိုရကား ဤဂါထာကို ဆို၏—

၇၃။ ဥစ္စေ ဝိဋဘိမာရုယှ၊ မန္တယဝှေါ ရဟောဂတာ။
နီစေ ဩရုယှ မန္တဝှေါ၊ မိဂရာဇာပိ သောဿတိ။

ဒိ ဟင်္သာငယ်တို့ သင်တို့သည် ပင်ကိုအားဖြင့် မြင့်သော သစ်ပင်၌ မြင့်လွန်းသော အခွပေါ်သို့ တက်ကုန်၍ ဆိတ်ကွယ်ရာ အရပ်သို့ ကပ်ကုန်၍ တိုင်ပင် ပြောဟောကြကုန်၏၊ နိမ့်သောအရပ်သို့ သက်ကုန်၍ တိုင်ပင် ပြောဟော လာကြကုန်လှည့်၊ သားချင်းသေ၌နင်း ငါမင်းမြတ်သည်လည်း နားထောင် လတ္တံ့။

ထိုအခါ၌ ဟင်္သာငယ်တို့သည် ရှုံ့ရှာသဖြင့် ထ၍ စိတ္တကုဋ်တောင်သို့သာလျှင် ပျံသွားလေကုန်၏။ ထိုဟင်္သာငယ်တို့၏ ပျံသွားသော ကာလ၌ ဘုရားလောင်းသည် မြေခွေးအား ဤဂါထာကို ဆို၏—

၇၄။ ယံ သုဝဏ္ဏော သုဝဏ္ဏေန၊ ဒေဝေါ ဒေဝေန မန္တယေ။
ကိံ တေ' တ္ထ စတုမဋ္ဌဿ၊ ဗိလံ ပဝိသ ဇမ္ဗုကာ။

ဟယ် မြေခွေး ကောင်းသော အဆင်းရှိသော ဟင်္သာတစ်ကောင်သည် ကောင်းသော အဆင်းရှိသော ဟင်္သာတစ်ကောင်နှင့်၊ နတ်ဖြစ်သော ဟင်္သာ တစ်ဦးသည် နတ်ဖြစ်သော ဟင်္သာတစ်ဦးနှင့် တိုင်ပင် ပြောဆိုရာ၌ ကိုယ်, အမျိုး, အသံ, ဂုဏ်တည်းဟူသော လေးပါးသော အင်္ဂါတို့ဖြင့် ကောင်းမြတ်လှ ပေသော မြေခွေးအား အဘယ်ပြုဖွယ်နည်း၊ ဟယ် မြေခွေး သင်သည် တွင်းသို့ ဝင်လေလော့။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ရဟန်းအိုသည် ထိုအခါ မြေခွေး ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာ မောဂ္ဂလာန် တို့သည် ထိုအခါ ဟင်္သာငယ်နှစ်ကောင် ဖြစ်ဖူးကုန်ပြီ၊ ထိုမှ တစ်ပါး ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သစ်ပင်စောင့်နတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာရှစ်ဆယ့်ခုနစ်ခုမြောက်သော စတုမဋ္ဌဇာတ်သည် ပြီး၏။

---

၁ဂဂ-သီဟကောတ္ထုဇာတ်

တိတ်တိတ်နေ ထောင်တန်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သီဟင်္ဂုလိ သီဟနခေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသီဟကောတ္ထု ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောကာလိက ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ ကောကာလိကသည် တစ်ပါးသော အကြား အမြင်များ ကုန်သော ရဟန်းတို့သည် တရားကို ဟောကုန်သည် ရှိသော် မိမိသည်လည်း ဟောလိုသတတ်။ အလုံးစုံသော အကြောင်းကို တစ်ရာခုနစ်ဆယ့်နှစ်ခုမြောက် သော ဒဒ္ဒရဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ချဲ့အပ်၏။ အထူးကား ထိုအကြောင်းကို ကြားတော်မူ၍ မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာ- လိကသည် ယခုအခါ၌သာလျှင် မိမိ၏ အသံကြောင့် ထင်ရှားသည် မဟုတ်သေး။ ရှေး၌လည်း ထင်ရှားသည်သာလျှင် ဖြစ်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ထိုအခါ ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ ခြင်္သေ့ဖြစ်၍ တစ်ခုသော မြေခွေးမနှင့်တကွ ပေါင်းဖော်ခြင်းကို စွဲ၍ သားကို ရ၏။ ထိုမြေခွေးမ သားသည် လက်ချောင်း, ခြေချောင်းတို့ဖြင့်လည်းကောင်း၊ လက်သည်း, ခြေသည်းတို့ဖြင့်လည်းကောင်း၊ မွင်ဆံအားဖြင့်လည်းကောင်း၊ အဆင်းသဏ္ဍာန် အားဖြင့်လည်းကောင်း အဘနှင့် တူ၍ အသံသည်ကား အမိနှင့် တူ၏။ ထိုအခါ တစ်နေ့သ၌ မိုးသည် ရွာ၍ စဲသည် ရှိသော် ခြင်္သေ့တို့သည် ဟောက်ကုန်၍ ခြင်္သေ့တို့၏ မြူးထူးခြင်းကို မြူးထူးကုန်သည် ရှိသော် ထိုမြေခွေးမသား ခြင်္သေ့ သည်လည်း ထိုခြင်္သေ့စစ်တို့၏ အလယ်၌ ဟောက်လိုသည် ဖြစ်၍ မြေခွေးသံကို မြည်၏။ ထိုအခါ မြေခွေးမ သား၏ မြေခွေးသံကို ကြားကုန်၍ ခြင်္သေ့တို့သည် ဆိတ်ဆိတ် နေကုန်၏။ ထိုမြေခွေးမ သား၏ အသံကို ကြား၍ တစ်ပါးသော ဘုရားလောင်း၏ ဇာတ်တူ ဖြစ်သော သားသည် ဖခင် ဤခြင်္သေ့သည် အဆင်း အစရှိသည်တို့ဖြင့် အကျွန်ုပ်တို့နှင့် တူ၏။ ထိုခြင်္သေ့၏ အသံသည် တမူကား အကျွန်ုပ်တို့မှ တစ်ပါးသော မြေခွေးသံနှင့် တူ၏။ ဤခြင်္သေ့သည် အဘယ် မည်သော ခြင်္သေ့နည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၇၅။ သီဟင်္ဂုလီ သီဟနခေါ၊ သီဟပါဒပတိဋ္ဌိတော။
သော သီဟော သီဟသံဃမှိ၊ ဧကော နဒတိ အညထာ။

ဖခင် ဤခြင်္သေ့သည် ခြင်္သေ့တို့၏ ခြေချောင်း, လက်ချောင်းတို့နှင့် တူသော ခြေချောင်း, လက်ချောင်းရှိ၏၊ ခြင်္သေ့တို့၏ ခြေသည်း, လက်သည်းနှင့်တူသော ခြေသည်း, လက်သည်း ရှိ၏၊ ခြင်္သေ့တို့၏ ခြေတို့ဖြင့်သာလျှင် ရပ်၏၊ ထိုခြင်္သေ့ သည် ခြင်္သေ့အပေါင်း၌ သူတစ်ကောင်တည်းသာ တခြားသော မြေခွေးအသံဖြင့် မြည်၍ ဘယ်သို့သော သဘောရှိသော ခြင်္သေ့မျိုးနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ချစ်သား ဤခြင်္သေ့သည် သင်၏ ညီတည်း။ မြေခွေးမ၏သား ဖြစ်၍ အဆင်းအားဖြင့် ငါနှင့် တူ၏။ အသံအားဖြင့် အမိနှင့် တူ၏။ ဤသို့ ဆိုပြီးသော် မြေခွေးမ သားကို ခေါ်၍ ချစ်သား ဤနေ့မှ စ၍ ဤအရပ်၌ နေသည် ရှိသော် နည်းသော အသံရှိသည် ဖြစ်၍ နေလော့။ တစ်ဖန် အကယ်၍ မြည်ပြန်အံ့။ မြေခွေး၏ အဖြစ်ကို သိပြန် လတ္တံ့ဟု ဆုံးမလိုရကား ဤဂါထာကို ဆို၏—

၇၆။ မာ တွံ နဒိ ရာဇပုတ္တ၊ အပ္ပသဒ္ဒေါ ဝနေ ဝသ။
သရေန ခေါ တံ ဇာနေယျုံ၊ န ဟိ တေ ပေတ္တိကော သရော။

ကေသရရာဇာ ခြင်္သေ့မင်း၏သား သင်သည် မမြည်လင့်၊ အသံမရှိသည်ဖြစ်၍ တော၌ နေလော့၊ အသံအားဖြင့် သင့်ကို ခွေးဟူ၍ မသိစေကုန်လင့်၊ သင်၏ အသံသည် ဖခင်ဖြစ်သော ခြင်္သေ့မင်း၏ အသံနှင့် မတူ။

အဘဖြစ်သော ခြင်္သေ့မင်း၏ ဤသို့သော အဆုံးအမကို ကြား၍ တစ်ဖန် မြည်အံ့သောငှါ မဝံ့လေ။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ ကောကာလိကသည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ ခြင်္သေ့မင်းသား ဖြစ်ဖူးပြီ၊ ထိုမှ တစ်ပါး ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခြင်္သေ့မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(အသွင်သဏ္ဍာန်၊ တူဟန်မျှနှင့်၊ မတုပသင့်)

တစ်ရာ့ရှစ်ဆယ့်ရှစ်ခုမြောက်သော သီဟကောတ္ထုဇာတ်သည် ပြီး၏။

---

၁၇၉-သီဟစမ္မဇာတ

ခြင်္သေ့အရေခြုံ မြည်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "နေတံ သီဟဿ နဒိတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီဟစမ္မ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိက ကိုပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။ ထိုကောကာလိကသည် ဤကာလ၌ အသံဖြင့် ဟောအပ်သော တရားကို ဟောလိုသည် ဖြစ်၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ကြားတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သော် ဘုရားလောင်းသည် လယ်လုပ်မျိုး၌ ဖြစ်၍ အရွယ်သို့

ရောက်သည် ရှိသော် လယ်လုပ်သော အမှုဖြင့် အသက်မွေးခြင်းကို ပြု၏။ ထိုကာလ၌ တစ်ယောက်သော ကုန်သည်သည် မြည်း၌ ဝန်ကို တင်သဖြင့် ကုန်သွယ်ခြင်းကိုပြုလျက် သွား၏။ ထိုကုန်သည်သည် ရောက်လေရာ ရောက်လေရာ အရပ်၌ မြည်း၏ ကျောက်ကုန်းမှ ကုန်ထုပ်ကို ချ၍ မြည်းကို ခြင်္သေ့အရေဖြင့် ရုံ၍ သလေးခင်း, မုယောခင်းတို့၌ လွှတ်၏။ လယ်စောင့်ကုန်သော သူတို့သည် မြည်းကို မြင်ကုန်၍ ခြင်္သေ့ဟူသော အမှတ်ဖြင့် ချဉ်းကပ်အံ့သောငှါ မဝံ့ကုန်။ ထိုအခါ တစ်နေ့သ၌ ထိုကုန်သည်သည် တစ်ခုသော ရွာတံခါး၌ နေခြင်းကို ယူ၍ နံနက်စာချက်စဉ် ထိုအရပ်မှ မြည်း၌ ခြင်္သေ့ရေကို ရုံ၍ မုယောခင်း၌ လွှတ်၏။ လယ်စောင့်ကုန်သော သူတို့သည် ခြင်္သေ့ဟူသော အမှတ်ဖြင့် ထိုမြည်းသို့ ချဉ်းကပ်အံ့သောငှါ မဝံ့ကုန်သဖြင့် အိမ်သို့ သွားကုန်၍ လယ်ရှင်တို့အား ကြားကုန်၏။ ရွာ၌ နေကုန်သော သူတို့သည် လက်နက်ကို ယူကုန်၍ စည်, ခရုသင်းတို့ကို တီးမှုတ်ကုန်လျက် လယ်၏ အနီးသို့ သွားကုန်၍ ကြွေးကြော်ကုန်၏။ မြည်းသည် သေဘေးမှ ကြောက်သည် ဖြစ်၍ မြည်း၏ မြည်သံကို မြည်၏။ ထိုအခါ ထိုသတ္တဝါ၏ မြည်းအဖြစ်ကို သိ၍ ဘုရားလောင်းသည် ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၇၇။ နေတံ သီဟဿ နဒိတံ၊ ဗျဂ္ဃဿ န စ ဒီပိနော။
ပါရုတော သီဟစမ္မေန၊ ဇမ္မော နဒတိ ဂြဒြဘော။

အချင်းတို့ ထိုအသံသည် ခြင်္သေ့၏ အသံမဟုတ်၊ ကျား၏လည်း အသံ မဟုတ်၊ သစ်၏လည်း အသံမဟုတ်၊ ခြင်္သေ့အရေဖြင့် ရုံအပ်သော ယုတ်မာသော မြည်းသည် မြည်၏။

ရွာ၌ နေကုန်သော သူတို့သည်လည်း ထိုသတ္တဝါ၏ မြည်း၏အဖြစ်ကို သိကုန်၍ အရိုးတို့ကို ကျိုးအောင် ရိုက်နှက်ကုန်သဖြင့် လဲစေပြီးသော် ခြင်္သေ့ အရေကို ယူ၍ သွားလေကုန်၏။ ထိုနောက်မှ ထိုကုန်သည်သည် လာလတ်၍ ပျက်စီးခြင်းသို့ ရောက်သော မြည်းကို မြင်၍ နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

၇၈။ စိရမ္ပိ ခေါ တံ ခါဒေယျ၊ ဂြဒြဘော ဟရိတံ ယဝံ။
ပါရုတော သီဟစမ္မေန၊ ရဝမာနောဝ ဒူသယိ။

ဤမြည်းသည် မိမိ၏ မြည်း၏ အဖြစ်ကို မသိလေသည် ရှိသော် ခြင်္သေ့ အရေဖြင့် ရုံအပ်သည် ဖြစ်၍ မြင့်ရှည်စွာသာလျှင် စိမ်းစိုသော မုယောကို စားရလေရာ၏၊ မြည်သည် ဖြစ်၍သာလျှင် မိမိ ကိုယ်ကို ဖျက်ဆီး၏။

ထိုကုန်သည်သည် ဤသို့ ဆိုစဉ်ပင်လျှင် မြည်းသည် ထိုအရပ်၌ပင်လျှင် ဝပ်လျက် သေ၏။ ကုန်သည်သည်လည်း ထိုမြည်းကို စွန့်၍ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကုန်သည် ဖြစ်ဖူးပြီ၊ ယခုအခါ ကောကာလိကသည် ထိုအခါ မြည်း ဖြစ်ဖူးလေပြီ၊ ထိုမှတစ်ပါး ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော လယ်လုပ်ယောကျ်ား ဖြစ်ဖူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ခြသေ့်ရေခြုံ၊ တူရိုနှင့်မျှ၊ သံဟစ်ပြ၊ ဒုက္ခကြီးဖွ့ာတိ)
တစ်ရာရှစ်ဆယ့်ကိုးခုမြောက်သော သီဟစမ္မဇာတ်သည် ပြီး၏။

## ၁၉၀-သီလာနိသံသဇာတ်

### ဘုရားဂုဏ် အာရုံပြုလျက် ရေပြင်ပေါ် လမ်းလျှောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ပဿ သဒ္ဓါယ သီလဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသီလာနိသံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာကို အကြောင်းပြု၍ ဟောတော်မူ၏။

သဒ္ဓါတရားနှင့် ပြည့်စုံသော ရတနာသုံးပါးအား ကြည်ညိုသော ဘုရား ၁ ဗ္ဗညု၏ တပည့်ဖြစ်သော ထိုဒါယကာသည် တစ်နေ့သ၌ ဇေတဝန်ကျောင်း တော်သို့ သွားသည် ရှိသော် ညချမ်းသော အခါ၌ အစိရဝတီမြစ်နားသို့ ရောက်၍ လှေရှင်သည် လှေကို တစ်ဖက်ကမ်းနား၌ ထား၍ တရားနာအံ့သောငှါ သွားသည်ရှိသော် ထိုဆိပ်၌ လှေကို မမြင်၍ ဘုရားလျှင် အာရုံရှိသော ပီတိကို ယူလျက် မြစ်သို့ သွား၍ ဆင်း၏။ ခြေတို့သည် ရေ၌ မနစ်ကုန်။ ထိုဒါယကာ သည် မြေအပြင်၌ သွားသကဲ့သို့ ဖြစ်၏။ အလယ်သို့ ရောက်သော ကာလ၌ လှိုင်းတံပိုးကို ရှု၏။ ထိုအခါ ထိုဒါယကာ၏ ဘုရားလျှင် အာရုံရှိသော ပီတိသည် ညှိုးသည် ဖြစ်၏။ ခြေတို့သည် နစ်ဒုံ့သောငှါ အားထုတ်ကုန်၏။ ထိုဒါယကာသည် တစ်ဖန် ဘုရားလျှင် အာရုံရှိသော ပီတိကို မြဲမြံစွာ ပြု၍ ရေပေါ် အပြင်ဖြင့် သာလျှင် သွားလျက် ဇေတဝန်ကျောင်းတော်သို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုးလျက် လျှောက်ပတ်စွာ နေ၏။ မြတ်စွာဘုရားသည် ထိုဒါယကာနှင့်တကွ စကားစေ့စပ်ခြင်းကို ပြုတော်မူ၍ ဒါယကာ အသင်နည်း၊ ခရီးသို့ လာလတ်သည် ရှိသော် ပင်ပန်းခြင်း ကင်းသဖြင့် လာရ၏လောဟု မေးတော်မူ၏။ အရှင်ဘုရား ဘုရားလျှင် အာရုံရှိသော ပီတိကို ယူ၍ ရေအပြင်၌ တည်ရာကို ရ၍ မြေကို

နင်းသကဲ့သို့ လာရ၏ဟု နားတော်လျှောက်သည် ရှိသော် ဒါယကာ သင်သည် သာလျှင် ဘုရားကျေးဇူးတော်တို့ကို အောက်မေ့၍ တည်ရာကို ရသည် မဟုတ်သေး။ ရှေး၌လည်း ဒါယကာတို့သည် သမုဒ္ဒရာ၏ အလယ်၌ သင်္ဘောလှေ ပျက်လတ်သည် ရှိသော် ဘုရားကျေးဇူးတို့ကို အောက်မေ့ကုန်သည် ဖြစ်၍ တည်ရာကို ရဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်ဇပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ထိုကဿပ မြတ်စွာဘုရား၏ တပည့် ဖြစ်သော သောတာပန် ဒါယကာသည် တစ်ယောက်သော ဆေတ္တာသည် ဖြစ်သောသူနှင့် အတူတကွ သင်္ဘောကို စီး၏။ ထိုဆေတ္တာသည်၏ မယားသည် အရှင် ဤသူ၏ ချမ်းသာခြင်း, ဆင်းရဲခြင်းသည် အရှင်၏ ဝန်သည် ဖြစ်စေဟု ဆို၍ ဆေတ္တာသည်ကို ထိုဒါယကာ၏ လက်၌ အပ်လိုက်၏။ ထိုအခါ ထိုဒါယကာ၏ သင်္ဘောသည် ခုနစ်ရက်မြောက်သော နေ့ဝယ် သမုဒ္ဒရာ၏ အလယ်၌ ပျက်လေသည် ရှိသော် နှစ်ယောက်ကုန်သော ထိုသူတို့သည်လည်း တစ်ခုသော ပျဉ်၌ စီးကုန်လျက် တစ်ခုသော ကျွန်းငယ်သို့ ရောက်ကုန်၏။ ထိုကျွန်းငယ်၌ ထိုဆေတ္တာသည်သည် ငှက်တို့ကို သတ်၍ စားသည် ရှိသော် ထိုသောတာပန် ဒါယကာအားလည်း ပေး၏။ သောတာပန် ဒါယကာသည် ငါ့အား အလိုမရှိဟု ဆို၍ မစားဘဲ နေပြီးမှ ထိုဒါယကာသည် ဤအရပ်၌ ရတနာသုံးပါးတို့ကို ထားဘိ၍ တစ်ပါးသော ကိုးကွယ်ရာသည် မရှိဟု ကြံ၍ ရတနာသုံးပါး၏ ကျေးဇူးကို အောက်မေ့၏။ ထိုအခါ ထိုဒါယကာ၏ ရတနာသုံးပါးဂုဏ်ကို အောက်မေ့စဉ် ထိုကျွန်းငယ်၌ ဖြစ်သော နဂါးမင်းသည် မိမိ၏ ကိုယ်ကို သင်္ဘောကဲ့သို့ ပြု၍ ဖန်ဆင်း၏။ သမုဒ္ဒရာစောင့် နတ်သားသည် သင်္ဘောသူကြီး ပြု၏။ သင်္ဘောကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ လင်းယဉ်တိုင် သုံးခုတို့သည် ပတ္တမြားညိုတို့ဖြင့် ပြီးကုန်၏။ တန်ဆာသည် ရွှေဖြင့် ပြီးကုန်၏။ ကြိုးတို့သည် ငွေဖြင့် ပြီးကုန်၏။ ထိုဝါးတက်မတို့သည် ရွှေဖြင့် ပြီးကုန်၏။ သမုဒ္ဒရာစောင့် နတ်သားသည် သင်္ဘော၌ စီး၍ ဇမ္ဗူဒိပ်သို့ သွားလိုကုန်သော သူတို့သည် ရှိကုန်သလောဟု ကြွေးကြော်၏။ ဒါယကာသည် ငါတို့သည်သွားလိုကုန်၏ဟု ဆို၏။ ထိုသို့ဖြစ်လျှင် လာလော့၊ သင်္ဘောသို့ တက်လော့ဟု သမုဒ္ဒရာစောင့် နတ်သား ဆိုသည် ရှိသော် ထိုဒါယကာသည် သင်္ဘောလှေသို့ တက်၍ ဆေတ္တာသည်ကို ခေါ်၏။ သမုဒ္ဒရာစောင့် နတ်သားသည် သင့်အားသာလျှင် ထိုက်၏။ ထိုဆေတ္တာသည်အား မထိုက်ဟု ဆို၏။ အဘယ့်ကြောင့်နည်းဟု ဆိုသည် ရှိသော် ထိုဆေတ္တာသည်အား သီလဂုဏ် အာစာရသည် မရှိသော ကြောင့် မထိုက်။ ငါသည် သင်၏ အကျိုးငှါသာလျှင် သင်္ဘောကို ဆောင်ခဲ့၏။

ထိုဆေတ္တာသည်၏ အကျိုးငှါ မဆောင်ခဲ့ဟု ဆို၏။ သင်ဆိုတိုင်း မှန်သည်ဖြစ်စေ ငါသည် လှူအပ်သော အလှူဖြင့်လည်းကောင်း၊ စောင့်ရှောက်အပ်သော သီလဖြင့်လည်းကောင်း၊ ပွားအပ်သော ဘာဝနာဖြင့်လည်းကောင်း ထိုဆေတ္တာသည်အား အဖို့ကို ပေး၏ဟု ဆိုသည် ရှိသော် ဆေတ္တာသည်သည် အရှင် ဝမ်းမြောက်ပါ၏ဟု ဆို၍ နတ်သားသည် ယခုအခါ၌ ယူအံ့ဟု ထိုဆေတ္တာသည်ကိုလည်း တင်၍ နှစ်ယောက်ကုန်သော လူတို့ကိုလည်း သမုဒ္ဒရာမှ ထွက်စေ၍ မြစ်ဖြင့် ဗာရာဏသီပြည်သို့ သွား၍ မိမိ၏ အာနုဘော်အားဖြင့် နှစ်ယောက်ကုန်သော သူတို့၏လည်း အိမ်၌ ဥစ္စာကို တည်စေ၍ ပညာရှိတို့နှင့်သာလျှင် ဧကန္တပေါင်းဖော်ခြင်းမည်သည်ကို ပြုအပ်၏။ ဤဆေတ္တာသည်အား ဤဒါယကာနှင့် အကယ်၍ ပေါင်းဖော်ခြင်းသည် မဖြစ်ငြားအံ့။ သမုဒ္ဒရာ၏ အလယ်၌သာလျှင် ဆေတ္တာသည်သည် ပျက်စီးလတ္တံ့ဟု ပညာရှိနှင့် ပေါင်းဖော်ခြင်း၏ ကျေးဇူးကို ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၇၉။ ပဿ သဒ္ဓါယ သီလဿ၊ စာဂဿ စ အယံ ဖလံ။
နာဂေါ နာဝါယ ဝဏ္ဏေန၊ သဒ္ဓံ ဝဟတု ပါသကံ။

၈၀။ သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊
သတံ ဟိ သန္နိဝါသေန၊ သောတ္ထိံ ဂစ္ဆတိ နှာပိတော။

အချင်းတို့ လောကီ လောကုတ္တရာဖြစ်သော သဒ္ဓါ၏လည်းကောင်း၊ လောကီ လောကုတ္တရာဖြစ်သော သီလ၏ လည်းကောင်း၊ ပေးကမ်း စွန့်ကြဲအပ်သော ဝတ္ထုကို ပေးကမ်း စွန့်ကြဲခြင်း ကိလေသာကို စွန့်ခြင်း၏ လည်းကောင်း၊ ဤအကျိုးကို ရှုကုန်သော၊ တစ်နည်းကား- လောကီ လောကုတ္တရာ သဒ္ဓါ၏ လည်းကောင်း၊ လောကီ လောကုတ္တရာ သီလ၏လည်းကောင်း၊ ပေးကမ်း စွန့်ကြဲအပ်သော ဝတ္ထုကို ပေးကမ်း စွန့်ကြဲခြင်း ကိလေသာကို စွန့်ခြင်း၏ လည်းကောင်း အကျိုးကို ရှုကုန်သော ဤနဂါးသည် သင်္ဘော၏ အဆင်း သဏ္ဌာန်ဖြင့် ရတနာသုံးပါးတို့၌ သဒ္ဓါခြင်းနှင့် ပြည့်စုံသော ဒါယကာကို ကြဉ်းဆောင်၏။

ယောကျ်ားသည် ပညာရှိတို့နှင့်သာ ပေါင်းဖော်ရာ၏၊ ပညာရှိတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏၊ ထိုစကားသည် သင့်၏။ ပညာရှိတို့နှင့် ပေါင်းဖော်ခြင်းကြောင့် ဆေတ္တာသည်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဤသို့ သမုဒ္ဒရာစောင့် နတ်သားသည် ကောင်းကင်၌ ရပ်လျက် တရားဟော၍ ဆေတ္တာသည်ကို ဆုံးမပြီးလျှင် နဂါးမင်းကို ယူ၍ မိမိ၏ ဗိမာန်သို့ သာလျှင် သွား၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ဒါယကာသည် သကဒါဂါမိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ဒါယကာ ကိုအခါ သောတာပန်ဖြစ်သော ဒါယကာသည် ပရိနိဗ္ဗာန်ပြုလေပြီ၊ ယခုအခါ၌ သာရိပုတ္တရာသည် ထိုအခါ နဂါးမင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သမုဒ္ဒရာစောင့်နတ်သား ဖြစ်ဖူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာရှင်နှင့်၊ ပေါင်းသင်းလင့်၊ ရေးခွင့်ကြုံက၊ ချမ်းသာရ)
တင်ရာကိုးဆယ်ခုမြောက်သော သီလာနိသံသဇာတ်သည် ပြီး၏။
၄-အသဒိသဝဂ် ပြီး၏။

## ၅-ရုဟကဝဂ်

### ၁၉၁-ရုဟကဇာတ်

#### ဖက်ရှင်ဆန်း ဆင်မြန်း၍ အရှက်ကွဲသော ပုဏ္ဏား

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အပိ ရုဟက ဆိန္နာပိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤရုဟက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်း ကို အကြောင်းပြု၍ ဟောတော် မူ၏၊ ဝတ္ထုသည် အဋ္ဌက နိပါတ် ဣန္ဒြိယဇာတ်၌ တင်စွာဖြစ်လတ္တံ့။ အထူးကား– မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်သော မိန်းမတည်း။ ရှေး၌လည်း ဤမိန်းမသည် သင့်အား မင်းနှင့် တကွသော ပရိသတ်၏ အလယ်၌ အရှက်ခွဲ၍ အိမ်မှ နှင်ထုတ်သော အခြင်း အရာကို ပြုစေဖူး၏။ ဤသို့ မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည် ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် ခမည်းတော် ဗြဟ္မဒတ်မင်း လွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏။ ထိုဘုရားလောင်းအား

ရုဟက အမည်ရှိသော ပုရောဟိတ်သည် ရှိ၏။ ထိုရုဟကပုရောဟိတ်၏ ပုဏ္ဏေးမ ဖြစ်သော မယားသည် ပုရာဏီ အမည်ရှိ၏။ မင်းသည် ပုဏ္ဏားအား မြင်းတို့၏ တန်ဆာဖြင့် တန်ဆာဆင်၍ မြင်းကို ပေးလိုက်၏။ ထိုရုဟကပုဏ္ဏားသည် ထိုမြင်းကို စီး၍ မင်းအား ခစားရာ အရပ်သို့ သွား၏။ ထိုအခါ၌ ရုဟကပုဏ္ဏားကို တန်ဆာဆင်အပ်သော မြင်း၏ ကျောက်ကုန်း၌ စီး၍ သွားသည်ကိုလည်းကောင်း, လာသည်ကိုလည်းကောင်း မြင်ကုန်၍ ထိုထိုအရပ်၌ နေကုန်သော လူတို့သည် မြင်း၏အဆင်းသည် အံ့ဖွယ်ရှိစွ။ မြင်းသည် အံ့ဖွယ်သရဲလျှင် တင့်တယ်၏။ ဤသို့ မြင်းကိုသာလျှင် ချီးမွမ်းကြကုန်၏။ ထိုရုဟကပုဏ္ဏားသည် အိမ်သို့ သွားလေ၍ ပြာသာဒ်သို့ တက်၍ မယားကို ရှင်မ ငါတို့၏ မြင်းသည် အလွန်လျှင် တင့်တယ်၏။ နံပါးနှစ်ဖက်၌ နေကုန်သော လူတို့သည် ငါတို့၏ မြင်းကိုသာလျှင် ချီးမွမ်းကြကုန်၏ဟု ပြောဆို၏။ ထိုပုဏ္ဏေးမသည်ကား အတန်ငယ် ဖုံးလွှမ်းအပ်သော အကျင့်နှင့် ယှဉ်၏။ ယောကျ်ားတစ်ပါးတို့နှင့် လွန်ကျူးသော သဘော ရှိ၏။ ထို့ကြောင့် ထိုရုဟကပုဏ္ဏားကို သင်သည် မြင်း၏ တင့်တယ်ခြင်းအကြောင်းကို မသိ၊ ဤမြင်းသည် မိမိ၌ ဆင်ယင်အပ်သော တန်ဆာကို မှီ၍ တင့်တယ်၏။ သင်သည် မြင်းကဲ့သို့ တင့်တယ်လိုသည် ဖြစ်အံ့။ မြင်း၌ ဆင်ယင်သော တန်ဆာကို ဆင်၍ ခရီးအလယ်သို့ သက်၍ မြင်းကဲ့သို့ ခြေတို့ကို ထောင်လျက် သွား၍ မင်းကို ဖူးလေလော့၊ မင်းသည် သင့်ကို ချီးမွမ်းလတ္တံ့။ လူတို့သည်လည်း သင့်ကိုသာလျှင် ချီးမွမ်းကုန်လတ္တံ့ဟု ဆို၏။ ရူးသော သဘောရှိသော ထိုပုဏ္ဏားသည် ထိုပုဏ္ဏေးမ၏ စကားကို ကြား၍ ဤမည်သော အကြောင်းကြောင့် ထိုပုဏ္ဏေးမသည် ငါ့ကို ဆို၏ဟု မသိ၍ အဟုတ်အမှန်ပင် ဆို၏ဟု အမှတ်ရှိသည် ဖြစ်၍ ထိုပုဏ္ဏေးမ ဆိုတိုင်း ပြုလေ၏။ အကြင်အကြင်သူတို့သည် မြင်ကုန်၏၊ ထိုထို သူတို့သည် ပြက်ရယ်ပြုကုန်လျက် ဆရာသည် တင့်တယ်လှပေ၏ဟု ဆိုကြကုန်၏။ မင်းသည်ကား ထိုရုဟကပုဏ္ဏားကို ဆရာ သင်၏ အအိမ်ဖြင့် ဖုံးအပ်သော သည်းခြေသည် ပျက်သလော၊ သင်သည် ရူးသလော။ ဤသို့ အစရှိသော စကားတို့ကို ဆို၍ ရှက်စေ၏။ ထိုအခါ၌ ပုဏ္ဏားသည် မလျောက်ပတ်သော အမှုကို ငါသည် ပြုအပ်ပြီဟု ရှက်သည် ဖြစ်၍ ထိုပုဏ္ဏေးမသည် မင်းနှင့်တကွသော ပရိသတ်၏ အတွင်း၌ ရှက်စေ၏ဟု ပုဏ္ဏေးမအား အမျက်ထွက်၍ သတ်ပုတ်၍ ထိုပုဏ္ဏေးမကို နှင်ထုတ်အံ့ဟု ကြံ၍ အိမ်သို့ သွားလေ၏။ ယောကျ်ား တစ်ပါး တို့နှင့် လွန်ကျူးလေ့ရှိသော ပုဏ္ဏေးမသည် ထိုရုဟက၏ အမျက်ထွက်၍ လာသည်၏ အဖြစ်ကို သိ၍ မဆိုက်ကသာလျှင်။ တံခါးငယ်ဖြင့် ထွက်၍ မင်း၏ နန်းတော်သို့ သွား၍ လေးရက် ငါးရက်ပတ်လုံး နန်းတော်၌သာလျှင် နေလေ၏။ မင်းသည် ထိုအကြောင်းကို သိ၍ ပုရောဟိတ်ကို ခေါ်စေ၍ ဆရာ မိန်းမ၏ အဖြစ် မည်သည်ကား ဖြစ်မြဲသာလျှင်တည်း။ ပုဏ္ဏေးမအား သည်းခံအံ့သောငှါ သင့်၏ဟု သည်းခံစိမ့်သောငှါ နှေးဦးစွာသော ဤဂါထာကို ဆို၏—

ဂ၁။ အပိ ရူဟက ဆိန္နာပိ၊ ဇိယာ သန္ဓိယတေ ပုန။
သန္ဓိယဿု ပုရာဏိယာ၊ မာ ကောဓဿ ဝသံ ဂမိ။

အိုရူဟက ပြတ်လေသော်လည်း လေးညို့ကို တစ်ဖန် ဆက်ပြန်အပ်၏၊ ပုရာဏီနှင့်တကွ စေ့စပ်ပြန်ဦးလော့၊ အမျက်၏ နိုင်ငံသို့ မလိုက်သင့်။

ထိုစကားကို ကြား၍ ရူဟကသည် နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

ဂ၂။ ဝိဇ္ဇမာနေသု ဝါကေသု၊ ဝိဇ္ဇမာနေသု ကာရိသု။
အညံ ဇိယံ ကရိဿာမိ၊ အလညေဝ ပုရာဏိယာ။

မင်းမြတ် နူးညံ့ကုန်သော လျှော်တို့သည် ရှိကုန်သော် လည်းကောင်း၊ လေးညို့ကိုပြုကတတ်ကုန်သော သူတို့သည် ရှိကုန်သော်လည်းကောင်း၊တစ်ပါးသော လေးညို့သစ်ကို ပြုအံ့၊ လေးညို့ဟောင်းဖြင့် အကျွန်ုပ်အား အလိုမရှိပြီတည်း။

ဤသို့ ဆို၍ ထိုပုဏ္ဏေးမကို နှင်ထုတ်၍ တစ်ပါးသော ပုဏ္ဏေးမကို ဆောင်ယူလေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်း ဟူမူကား ရဟန်း ယခုအခါ သင်၏ မယားဟောင်းသည် ထိုအခါ ပုဏ္ဏေးမ ဖြစ်ဖူးလေပြီ၊ ယခုအခါ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် ထိုအခါ ရူဟကမည်သော ပုဏ္ဏား ဖြစ်ဖူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာကိုးဆယ့်တစ်ခုမြောက်သော ရူဟကဇာတ်သည် ပြီး၏။

---

## ၁၉၂-သိရိကာဠကဏ္ဏိဇာတ်

"ဣတ္ထီ သိယာ ရူပဝတီ" ဤသို့ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိကာဠကဏ္ဏိဇာတ်သည် မဟာနိပါတ် မဟာဥမင်ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။

တစ်ရာကိုးဆယ့်နှစ်ခုမြောက်သော သိရိကာဠကဏ္ဏိဇာတ်သည် ပြီး၏။

## ၁၉၃-စူဠပဒုမဇာတ်

### ပဒုမမင်းသားနှင့် မောင်ပေါင်တို

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အယမေဝ သာ အဟမပိ သော အနညော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠပဒုမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဤဝတ္ထုသည် ပဏ္ဍာသနိပါတ် ဥမ္မာဒန္တီဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

အထူးကား သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် ရဟန်း သာသနာတော်၌ ငြီးငွေ့၏ဟု ငါကြားရသည်ကား မှန်သလောဟု ဘုရားမိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးသော မြတ်စွာဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏။ အဘယ်သူသည်လျှင် သင့်ကို ငြီးငွေ့စေသနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား အကျွန်ုပ်သည် တန်ဆာဆင်ခြင်းနှင့် စပ်သော မိန်းမတစ်ယောက်ကို မြင်၍ ကိလေသာ၏ အလိုသို့ လိုက်သည် ဖြစ်၍ သာသနာတော်၌ ငြီးငွေ့၏ဟု နားတော်လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမမည်သည်ကား ကျေးဇူးကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်၏။ မာယာများ၏။ ရှေးပညာရှိတို့သည် မိမိ၏ လက်ယာပုဆစ်ဒူးသွေးကို သောက်စေကုန်၍ ဇီဝိတဒါနတိုင်အောင် ပေးကုန်သော်လည်း မိန်းမ၏ စိတ်ကို မရဖူးကုန်။ ဤသို့ မိန့်တော်မူ၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၏။ အမည်မှည့်သော နေ့၌ ထိုဘုရားလောင်းအား ပဒုမသတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ထိုပဒုမသတို့သား၏ နောက်အခါ၌ ခြောက်ယောက်သော ညီတော်ငယ်တို့သည် ဖြစ်ကုန်၏။ ထိုမင်းသား ခုနစ်ယောက်တို့သည် အစဉ်သဖြင့် ကြီးကုန်၏။ အိမ်ရာထောင်ခြင်းကို ယူကုန်၍ မင်း၏ ပရိသတ်သို့ သွားလာကုန်၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် မင်းရင်ပြင်ကို ကြည့်လျက် ရပ်သည် ရှိသော် များစွာသော အခြံအရံဖြင့် မင်းခစားရာအရပ်သို့ လာလတ်ကုန်သောမင်းသားတို့ကို မြင်၍ ဤမင်းသားတို့သည် ငါ့ကို သတ်၍ မင်းအဖြစ်ကို ယူကုန်ရာ၏ဟု ရွံရှာခြင်းကို ဖြစ်စေ၍ ထိုမင်းသားတို့ကို ခေါ်စေပြီးလျှင် ချစ်သားတို့ သင်တို့သည် ဤမြို့၌ နေအံ့သောငှါ မရကုန်၊ သင်တို့သည်

တစ်ပါးသော အရပ်သို့ သွားကုန်၍ ဂါလွန်မှ လာလတ်ကုန်၍ အမျိုး၏ ဥစ္စာ ဖြစ်သော ပြည်ကို ယူကြကုန်လော့ဟု ဆို၏။

ထိုမင်းသားတို့သည် ခမည်းတော်စကားကို ဝန်ခံကုန်လျက် မျက်ရည်စွတ်စို ငိုကြကုန်၍ မိမိတို့၏ အိမ်မှ ထွက်ကုန်၍ မယားတို့ကို ယူကုန်၍ သွားလိုရာ အရပ်သို့ သွားကုန်၍ အသက်မွေးကုန်အံ့ဟု မြို့မှ ထွက်ကုန်၍ ခရီးသို့ သွားကြကုန်သည် ရှိသော် တစ်ခုသော ကန္တာရသို့ ရောက်ကုန်၍ ထမင်းအဖျော်ကို မရကုန်သည် ဖြစ်၍ ငတ်မွတ်ဆာလောင်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်ကုန်သည် ဖြစ်၍ ငါတို့သည် အသက်ရှင်ကုန်မူကား မိန်းမတို့ကို ရကုန်လတ္တံ့ဟု နှလုံးသွင်းကြကုန်၍ ညီငယ်၏ မယားကို သတ်ကုန်၍ တစ်ဆယ့်သုံးစု ပြုကုန်၍ အသားကို စားကြကုန်၏။ ဘုရားလောင်းသည် မိမိ၏လည်းကောင်း၊ မယား၏ လည်းကောင်း ရအပ်သော အစုတို့တွင် တစ်စုကို ထား၍ တစ်စုကို နှစ်ယောက်သော သူတို့သည် စားကြကုန်၏။ ဤသို့ ခြောက်ရက်ပတ်လုံး ခြောက်ယောက်သော မိန်းမတို့ကို သတ်ကုန်၍ အသားကို စားကြကုန်၏။ ဘုရားလောင်းသည်ကား နေ့တိုင်း နေ့တိုင်း တစ်စုစီ ထား၍ ခြောက်စုတို့ကို ရှိစေ၏။ ခုနစ်ရက်မြောက်သော နေ့၌ ဘုရားလောင်း၏ မယားကို သတ်ကြကုန်အံ့ဟူ၍ ဆိုသည် ရှိသော် ဘုရားလောင်းသည် ထိုခြောက်စုတို့ကို ညီတော်တို့အား ပေး၍ ယနေ့ ဤခြောက်စုတို့ကို စားကြကုန်ဦးလော့၊ နက်ဖြန်မှ သိကြကုန်အံ့ဟု ဆို၍ အသားကို စားကြကုန်၍ ထိုညီတော်တို့၏ အိပ်ပျော်စဉ် မယားကို ယူ၍ ပြေး၏။ ထိုမိန်းမသည် အတန်ငယ် သွား၍ အရှင့်သား အကျွန်ုပ် မသွားနိုင်ဟု ဆို၏။ ထိုအခါ၌ ထိုမယားကို ဘုရားလောင်းသည် ပခုံးဖြင့် ထမ်း၍ အရုဏ်တက်သော အခါ၌ ကန္တာရမှ ထွက်၏။ ထိုမိန်းမသည် နေထွက်လတ်သော် သခင် အကျွန်ုပ် ရေငတ်၏ဟု ဆို၏။ ဘုရားလောင်းသည် နှမ ရေသည် မရှိဟု ဆို၍ အဖန်တလဲလဲ ရေငတ်လှ၏ဟု ဆိုသည် ရှိသော် သန်လျက်ဖြင့် လက်ယာ ပုဆစ်ဒူးကို ဖောက်၍ နှမ ရေသည် မရှိ၊ ငါ၏ လက်ယာပုဆစ်ဒူးသွေးကိုလျှင် သောက်လော့ဟု ဆို၏။ ထိုမိန်းမသည် ဘုရားလောင်းဆိုတိုင်း ပြု၏။ ထိုနှစ်ယောက်ကုန်သော သူတို့သည် အစဉ်သဖြင့် မြစ်ကြီးသို့ ရောက်ကုန်၍ ရေသောက်ကုန်၍ လည်းကောင်း၊ ရေချိုးကုန်၍လည်းကောင်း သစ်သီးကြီးငယ်ကို စားကုန်၍ ချမ်းသာရာ အရပ်၌ အပင်အပန်း ဖြေ၍ တစ်ခုသော မြစ်ကွေ့၌ အရိပ်သင်္ခမ်းကို ဆောက်လုပ်၍ နေကုန်၏။

ထိုအခါ တစ်နေ့သ၌ မြစ်ညာမှ မင်းပြစ်သင့်သော ခိုးသူကို လက်ခြေတို့ကို လည်းကောင်း၊ နား နှာခေါင်းတို့ကို လည်းကောင်း ဖြတ်ကုန်၍ တစ်ခုသော လှေငယ်၌ အိပ်စေ၍ မြစ်ကြီး၌ မျှောလိုက်၏။ ထိုခိုးသူသည် သည်းစွာသော ညည်းညူသံကို ပြုလျက် ထိုဘုရားလောင်းနေရာ မြစ်ကွေ့အရပ်သို့ ရောက်လာ၏။

ဘုရားလောင်းသည် ထိုခိုးသူ၏ ဆင်းရဲခြင်းကြောင့် ဖြစ်သော ငိုကြွေးသံကို ကြား၍ ဆင်းရဲခြင်းသို့ ရောက်သော သတ္တဝါသည် ငါ့ထင်ရှားရှိစဉ် မပျက်စီးစေလင့်ဟု မြစ်နားသို့ သွား၍ ထိုခိုးသူကို ဆယ်၍ အရိပ်သခ်မ်းသို့ ဆောင်၍ ဖန်ရေဆေးခြင်း ဆေးလိမ်းခြင်း အစရှိသည်တို့ဖြင့် အနာကို ဆေးဝါး ကုစား၏။ ထိုဘုရားလောင်း၏ မယားသည်ကား မြစ်၌ မျောအပ်သော ဤသို့ သဘောရှိသော လက် ခြေ နား နှာခေါင်း ဟူသော အညွန့်မရှိသော တုံးကိုစင်လျက် လုပ်ကျွေး မွေးမြူဘိ၏ဟု ဆို၍ ထိုလက် ခြေ နား နှာခေါင်းဟူသော အညွန့်မရှိသော တုံးကို ရွံရှာနိုးသည်ဖြစ်၍ တံတွေးထွေးလျက် သွား၏။ ဘုရားလောင်းသည် ထိုတုံး၏ အနာတို့သည် အသားနုတက်ကုန်သည် ရှိသော် မယားနှင့်တကွ ထိုတုံးကို အရိပ် သခ်မ်း၌သာလျှင် ထားခဲ့၍ တောအုပ်၌ သစ်သီးကြီးငယ်တို့ကို ဆောင်၍ ထိုတုံးကိုလည်းကောင်း၊ မယားကိုလည်းကောင်း မွေး၏။

ထိုနှစ်ယောက်ကုန်သော သူတို့သည် ဤသို့ နေကုန်သည် ရှိသော် ထိုမိန်းမသည် ထိုတုံး၌ ကိုက်သော စိတ်သည် ဖြစ်၍ ထိုတုံးနှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်၍ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဘုရားလောင်းကို သတ်လိုသည်ဖြစ်၍ အရှင် အကျွန်ုပ်သည် အရှင်တို့၏ ပေါင်ခုံ၌ စီး၍ ကန္တာရမှ ထွက်လတ်သည်ရှိသော် တစ်ခုသော တောင်ကို ကြည့်၍ အရှင်တောင်စောင့် နတ်မင်း အကျွန်ုပ်သည် လင်နှင့်တကွ အန္တရာယ်ကင်းသည် ဖြစ်၍ အသက်ကို အကယ်၍ ရပါအံ့။ အရှင့်အား ပူဇော်ပသသော အမှုကို ပြုပါအံ့ဟု တောင်းပန်၏။ ထိုတောင်စောင့်နတ်သည် ယခုအခါ၌ အကျွန်ုပ်ကို ထိတ်လန့်စေ၏။ ထိုတောင်စောင့်နတ်အား ဗလိနတ်စာ တင်သော အမှုကို ပြုကြကုန်အံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုမိန်းမ၏ မာယာကို မသိသည် ဖြစ်၍ ကောင်းပြီဟု ဝန်ခံ၍ ဗလိနတ်စာ အမှုကို စီရင်၍ ထိုမိန်းမကို ဗလိနတ်စာ ထည့်သော တောင်းကို ရွက်ခဲ့စေ၍ တောင်ထိပ်သို့ တက်၏။ ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမိန်းမသည် သခင် သခင်သည်လျှင် မြတ်သော နတ်တည်း။ ရှေးဦးစွာလျှင် သင့်ကို မြတ်သော ပန်းတို့ဖြင့် ပူဇော်၍ လက်ယာရစ် လှည့်သည်ကို ပြု၍ နောက်မှ တောင်စောင့်နတ်အား ပူဇော် ပသသော အမှုကို ပြုအံ့ဟု ဆို၍ ထိုမိန်းမသည် ဘုရားလောင်းကို တောင်ကမ်းပြတ်သို့ ရှေးရှုထား၍ ယောပတ်တုံ့ဖြင့် ပူဇော်၍ လက်ယာရစ် လှည့်သည်ကို ပြု၍ ရှိခိုးလိုအံ့သကဲ့သို့ ဖြစ်၍ ကျောက်ကုန်းနား၌ ရပ်၍ ကျောက်၌ တွန်းလိုက်၍ ကမ်းပါးပြတ်သို့ ကျစေ၍ ငါ၏ ရန်သူ ပျက်စီးခြင်းကို မြင်ရပေပြီဟု နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ တောင်မှ ဆင်း၍ တုံး၏ အထံသို့ သွား၏။ ဘုရားလောင်းသည်လည်း တောင်ကမ်းပြတ်သို့ အစဉ်လျှောက်သဖြင့် တောင်မှ ကျလေသည်ရှိသော် ရေသဖန်းပင်အထက်၌ တစ်ခုသော အဆူး

မရှိသော အရွက်တို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော ချုံပေါ်၌ တင်လေ၏။ တောင်အောက်သို့ ဆင်းအံ့သောငှါ မတတ်ကောင်း။ ထိုဘုရားလောင်းသည် ရေသဖန်းသီးတို့ကို စား၍ အခက်ကြား၌ နေ၏။

ထိုအခါ တစ်ခုသော ကြီးသော ကိုယ်ရှိသော ဖွတ်မင်းသည် အောက်တောင်ခြေရင်းမှ တက်၍ ထိုရေသဖန်းပင်၌ အသီးတို့ကို စား၏။ ထိုဖွတ်မင်းသည် ထိုနေ့၌ ဘုရားလောင်းကို မြင်၍ ပြေး၏။ နက်ဖြန်နေ့၌ လာလတ်၍ နံပါးတစ်ဖက်၌ သဖန်းသီးကို စား၍ သွား၏။ ဤသို့ အဖန်တလဲလဲ လာလတ်သည်ရှိသော် ဘုရားလောင်းနှင့်တကွ အကျွမ်းဝင်ခြင်းသို့ ရောက်၍ သင်သည် ဤအရပ်သို့ အဘယ်အကြောင်းကြောင့် ရောက်လာသနည်းဟု မေး၍ ဤမည်သော အကြောင်းကြောင့် ရောက်လာသည် ဖြစ်၏ဟု ဆိုသည်ရှိသော် ထိုသို့တပြီးကား မကြောက်လင့်ဟု ဆို၍ ဘုရားလောင်းကို မိမိ၏ကျောက်ကုန်း၌ စီးစေ၍ ဆင်း၏။ တောမှ ထွက်၍ ခရီးမ၌ ထား၍ သင်သည် ဤခရီးဖြင့် သွားလေလောဟု လွှတ်လိုက်၍ တောသို့ ဝင်၏။ ဘုရားလောင်းသည် တစ်ခုသော ရွာငယ်သို့ ရောက်၍ ထိုရွာငယ်၌ပင်လျှင် နေလျက် ခမည်းတော်၏ သေလွန်သည်၏ အဖြစ်ကို ကြား၍ ဗာရာဏသီပြည်သို့ သွား၍ အမျိုးတို့၏ အမွေခံဥစ္စာဖြစ်သောမင်းအဖြစ်၌ တည်၍ ပဒုမအမည်ရှိသော မင်းသည် ဖြစ်၍ ရာဇဓမ္မဆယ်ပါးတို့ကို မပျက်စေမူ၍ တရားသဖြင့် မင်းပြုသည် ရှိသော် မြို့တံခါး လေးမျက်နှာတို့၌ လည်းကောင်း၊ မြို့လယ်၌လည်းကောင်း၊ နန်းဦးတံခါး၌ လည်းကောင်း ဤခြောက်ပါးကုန်သော အရပ်တို့၌ အလှူတင်းကုပ်တို့ကို ဆောက်စေ၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းကုန်သော ဥစ္စာတို့ကို စွန့်၍ အလှူကို ပေး၏။

ထိုမိန်းမယုတ်သည်လည်း ထိုငတုံးကို ကျောက်ကုန်း၌ ပိုး၍ တောမှ ထွက်၍ လူတို့ ကျက်စားရာ အရပ်သို့ သွား၍ တောင်းလျက် ယာဂုထမင်းကို စုရုံး၍ ထိုငတုံးကို မွေးမြူ၏။ လူတို့သည် ဤငတုံးသည် သင်နှင့် အသို့ တော်ကြသနည်းဟု မေးလတ်သည် ရှိသော် ငါသည် ဤယောကျ်ား၏ ဦးရီးသမီးတည်း။ ဤယောကျ်ားသည် ငါ၏ ဦးရီးသားတည်း။ ဤယောကျ်ားအားလှူ၍ ငါ့ကို မိဘတို့ ပေးစားကြကုန်၏။ ထိုငါသည် မင်းပြစ်သင့်ခြင်းသို့ ရောက်လေသော်လည်း မိမိ၏ လင်ကို ရွက်ဆောင်ကြဉ်းလျက် တောင်းစားမွေးမြူ၏ဟုဆို၏။ လူတို့သည် ဤမိန်းမသည် နတ်ကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမပေတည်းဟု ထိုအခါမှစ၍ နှစ်သက်ကုန်သည် ဖြစ်၍ များစွာသော ယာဂုထမင်းတို့ကို ပေးကြကုန်၏။ တစ်ပါးကုန်သော လူတို့သည် ဤသို့ ဆိုကုန်၏။ သင်သည် ဤသို့ မသွားလည်လင့်။ ပဒုမမင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏။ ဇမ္ဗူဒိပ်ကျွန်း အလုံးကို ချောက်ချားစေ၍ အလှူကို လှူ၏။ ထိုပဒုမမင်းသည် သင့်ကို မြင်၍ နှစ်သက်လတ္တံ့၊ နှစ်သက်သည် ဖြစ်၍ များစွာသော ဥစ္စာကို ပေးလတ္တံ့။ သင်၏

လင်ကို ဤကြိမ်တောင်း၌လျှင် နေစေ၍ သွားလေလော့ဟု မြဲမြံစွာပြု၍ ကြိမ်တောင်းကို ပေးကုန်၏။

ထိုယုတ်မာသော အကျင့်ရှိသော မိန်းမသည် ထိုငတုံးကို ကြိမ်တောင်း၌ နေစေ၍ တောင်းကိုရွက်၍ ဗာရာဏသီပြည်သို့သွား၍ အလှူတောင်းကုပ်တို့၌ တောင်းစားလျက် သွား၏။ ဘုရားလောင်းသည် တန်ဆာဆင်အပ်သော မြတ်သောဆင်ကျောက်ကုန်း၌ စီးလျက် အလှူတောင်းကုပ်သို့ သွား၍ ရှစ်ယောက်ကုန်သော သူတို့အားလည်းကောင်း တစ်ကျိပ်ကုန်သော သူတို့အားလည်းကောင်း မိမိ၏လက်ဖြင့် အလှူကိုပေး၍ တစ်ဖန် အိမ်သို့ သွား၏။ ထိုယုတ်မာသော အကျင့်ရှိသော မိန်းမသည် ထိုငတုံးကို တောင်း၌နေစေ၍ ရွက်လျက် ထိုဘုရားလောင်း၏ လာလတ္တံ့သော လမ်းသို့သွား၍ ခရီး၌ နေ၏။ မင်းသည် မြင်၍ ဤမိန်းမကား အဘယ်မိန်းမနည်းဟု မေး၏။ မင်းမြတ် တစ်ယောက်သော နတ်ကိုကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမတည်းဟု လျှောက်သည်ရှိသော် ထိုအခါ၌ ထိုမိန်းမကို ခေါ်စေ၍ သိလျက် ငတုံးကို တောင်းမှထုတ်စေ၍ ဤငတုံးသည် သင်နှင့်အသို့ တော်ကြသနည်းဟု မေး၏။ ထိုမိန်းမသည် မင်းမြတ် ဤသူသည် အကျွန်ုပ်၏ ဦးရီးသား ဖြစ်သော မိဘတို့ ပေးစားအပ်သော ယောက်ျားပင်တည်းဟု ဆို၏။ လူဘို့သည် ထိုအကြောင်းကို မသိကုန်သည် ဖြစ်၍ နတ်ကိုကဲ့သို့ လင်ကို လုပ်ကျွေးသော မိန်းမပေတည်းဟု အံ့ဖွယ်သရဲ ရှိ‌ပေ၏။ ဤသို့ အစရှိသည်တို့ကို ဆိုကုန်၍ ထိုယုတ်မာသော အကျင့်ရှိသော မိန်းမကို ချီးမွမ်းကြကုန်၏၊ တစ်ဖန် မင်းကြီးသည် ဤငတုံးသည် သင်၏ မိဘပေးစားသော ယောက်ျားလင်ပင် ဟုတ်၏လောဟု မေး၏။ ထိုမိန်းမယုတ်သည် မင်းကို မသိသည်ဖြစ်၍ မင်းမြတ် ဟုတ်၏ဟု ရဲတင်းစွာ ဆို၏။

ထိုအခါ ထိုမိန်းမယုတ်ကို ပဒုမမင်းသည် ဤငတုံးကား ဗာရာဏသီမင်း၏ သားပင်လော။ ပဒုမမင်းသား၏ မယားဖြစ်သော ဤအမည်ရှိသော မင်း၏ သမီးဖြစ်သော သင်သည် ငါ၏ ပုဆစ်ထူး သွေးကို သောက်၍ ဤငတုံး၌ ကြိုက်သော စိတ်ရှိသည်ဖြစ်၍ ငါ့ကို တောင်ကမ်းပါးပြတ်၌ တွန်းချလိုက်သည် မဟုတ်တုံလော။ ယခုအခါ၌ ထိုသင်သည် နဖူးပြင်၌ သေမင်းကို ယူခဲ့၍ ငါ့ကို သေလေပြီဟု ထင်မှတ်၍ ဤအရပ်သို့လာ၏။ ငါသည် အသက်ရှင်သည်မဟုတ်တုံလောဟုဆို၍ အမတ်တို့ကို ခေါ်၍ အိုအမတ်တို့ သင်တို့ မေးအပ်သည်ရှိသော် ဤမိန်းမသည် ဤသို့ပင် ဆိုသလောဟု ငါ၏ ညီတော်ယောက်ျားတို့သည် ခြောက်ယောက်သော မိန်းမတို့ကို သတ်ကုန်၍ အသားကို စားကုန်၏။ ငါသည် တမူကား ငါ၏ မယားကို အန္တရာယ်မရှိသည်ကို ပြု၍ မြစ်နားသို့ဆောင်၍ အရိပ်သင်္ခမ်း၌ နေလျက် တစ်ယောက်သော သတ်အပ်သောအဖြစ်သို့ ရောက်သော လက်,ခြေ,နား,နှာခေါင်းတို့ကို ဖြတ်လေသောသူကို ကယ်တင်၍မွေးမြူ၏။

ထိုမိန်းမသည် ထိုင်တုံး၌ ကိုက်နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ငါ့ကို တောင်ကမ်းပါးပြတ်၌ တွန်းချလိုက်၏။ ငါသည် မိမိ၏ မေတ္တာစိတ်ရှိသည်၏ အဖြစ်ကြောင့် အသက်ကိုရ၏။ အကြင် မိန်းမသည် ငါ့ကို တောင်မှ တွန်းချအပ်၏။ ထိုမိန်းမသည် သီလမရှိသော ဤမိန်းမပင်တည်း၊ တစ်ပါးမိန်းမမဟုတ်၊ သတ်ဆပ်သော အဖြစ်သို့ ရောက်သော ထို ငါ့မွေးမြူအပ်သော တောသည်လည်း ဤတောင်ပင်တည်း။ တစ်ပါးသူမဟုတ်။ ဤသို့ဆိုလို၍ နှစ်ဂါထာတို့ကိုဆို၏—

၇၃။ အယမေဝ သာ အဟမပိ သော အနညော။
အယမေဝ သော ဟတ္ထစ္ဆိန္နော အနညော။
ယမာဟ "ကောမာရပတိ မမ"န္တိ၊
ဝဇ္ဈော'တ္ထိယော နတ္ထိ ဣတ္ထီသု သစ္စံ။

၇၄။ ဣမဥ္စ ဇမ္မံ မုသလေန ဟန္တွာ၊
လုဒ္ဒံ ဆဝံ ပရဒါရူပသေဝိံ။
ဣမိဿာ စ နံ ပါပပတိဗ္ဗတာယ။
ဇီဝန္တိယာ ဆိန္ဒထ ကဏ္ဏနာသံ။

အို အမတ်တို့ ငါ့ကို တောင်ကမ်းပါးပြတ်မှ တွန်းချသော မိန်းမသည် ဤမိန်းမပင်တည်း၊ တစ်ပါးသော မိန်းမ မဟုတ်၊ ထိုမိန်းမသည် တောင်ကမ်းပါးပြတ်မှ တွန်းချသော ယောကျ်ားသည် ငါသည်ပင်တည်း။ တစ်ပါးသောသူမဟုတ်၊ ငါသည် မွေးမြူအပ်သော ပြတ်အပ်သော လက်, ခြေ, နား, နှာခေါင်းရှိသော သူယုတ်မာသည် ဤသူယုတ်မာပင်တည်း။ တစ်ပါးသောသူ မဟုတ်၊ ဤမိန်းမယုတ်သည် အကြင်တောင်းကို ဤယောကျ်ားသည် ငါ၏ယော်လင်တည်း။ ဤသို့ ဆို၏။ ထိုမိန်းမသည် ငါ၏ခင်ပွန်းဖြစ်သော မိန်းမပင်လျှင်တည်း။ တစ်ပါးသော မိန်းမ မဟုတ်၊ မိန်းမတို့ မည်သည်ကား သတ်အပ်သောအပြစ်ရှိကုန်၏။ မိန်းမတို့၌ သစ္စာသည် မရှိ။

ရှန့်ရင်း ကြမ်းကြုတ်စွာသောသော သူသေကောင်နှင့် တူသော သူတစ်ပါးကို မှီဝဲတတ်သောသော ဤသုတ်မာစွာသော ဘဲးကိုလည်း ကျည်ပွေ့ဖြင့် စိစိညက်ညက် ကြေအောင် ရိုက်၍ ဒဏ်ကို ပြုကုန်ကြလော၊ ယုတ်မာစွာသော လင်ကို လုပ်ကျွေးသော ဤသီလမရှိသော မိန်းမအားလည်း အသက်ရှင်စဉ်လျှင် နား, နှာခေါင်းကို ဖြတ်ကြကုန်လော။

ဘုရားလောင်းသည် အမျက်ကို သည်းခံအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ဤသို့လျှင် ထိုယုတ်မာကုန်သော သူတို့အား ဒဏ်ကိုစေ၍လည်း ထိုသို့ စေတိုင်း မပြုစေ။ စင်စစ်ကား အမျက်ကို ညှဉ့်သည်ကို ပြု၍ အကြောင်းအခြင်းဖြင့် ဖွဲ့စေအပ်သည်ရှိသော် ထိုယုတ်မာသော မိန်းမသည် တောင်းကို ဦးခေါင်းမှ ချအံ့သောငှါ မတတ်နိုင်။ ထိုအခြင်းဖြင့် မြဲစွာဖွဲ့စေ၍ တေုံးကို ထိုတောင်း၌ ထည့်စေ၍ မိမိ၏ နိုင်ငံမှ နှင်ထုတ်စေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာ၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မထင်ရှားကုန်သော မထေရ်တို့သည် ထိုအခါ ညီတော် ခြောက်ယောက် ဘို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ စိဥ္စမာဏဝိကာသည် ထိုအခါ မယားဖြစ်ဖူးလေပြီ။ ယခုအခါ ဒေဝဒတ်သည် ထိုအခါ တေုံး ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ဖွတ်မင်း ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စူဠပဒုမမင်း ဖြစ်ဖူးလေပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာကိုးဆယ့်သုံးခုမြောက်သော စူဠပဒုမဇာတ်သည် ပြီး၏။

---

## ၁၉၄။ မဏိစောရဇာတ်

## ပတ္တမြားဦးသျှောင်ကျင် သူခိုး

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “န သန္တိ ဒေဝါ ပဝသန္တိ နူန” အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဏိစောရဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားကို သတ်အံ့သောငှါ လုံ့လပြုသော ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့ကို သတ်အံ့သောငှါ လုံ့လပြုသည်မဟုတ်သေး ရှေး၌လည်း ဒေဝဒတ်သည် ငါ့ကို သတ်အံ့သောငှါ လုံ့လပြုသလျှင်

ကတည်း၊ လုံ့လပြုသော်လည်း သတ်အံ့သောငှါ မစွမ်းနိုင်သလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုဒုဟန်းဘို့သည် တောင်းပန်အပ်သည်ဖြစ်၍ လွှန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်မှ မနီးမဝေးသော ရွာငယ်ဝယ် သူကြွယ်မျိုး၌ ဖြစ်၏။ ထိုအခါ၌ အရွယ်သို့ရောက်သော ထိုဘုရားလောင်း၏ အကျိုးငှါ ဗာရာဏသီပြည်မှ အမျိုးသမီးကိုဆောင်ကုန်၏၊ ထိုအမျိုးသမီးသည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ အလွန်အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏။ နတ်သမီးကဲ့သို့လည်းကောင်း၊ ပွင့်သောပန်းရှိသော အနွယ်ကဲ့သို့လည်းကောင်း၊ ယစ်သော ကိန္နရီမကဲ့သို့လည်းကောင်း တင့်တယ်စံပယ်ခြင်းရှိ၏။ အမည်အားဖြင့် သုဇာတာ အမည်ရှိ၏။ နတ်ကိုကဲ့သို့ လင်ကိုလုပ်ကျွေးခြင်း ဝတ်နှင့် ပြည့်စုံ၏။ သီလအကျင့်နှင့် ပြည့်စုံ၏။ အခါခပ်သိမ်း လင်၏ ဝတ်ကိုလည်းကောင်း ယောက္ခမယောကျ်ားသူ ယောက္ခမမိန်းမသူတို့၏ ဝတ်ကိုလည်းကောင်း ပြုသည်သာလျှင်ဖြစ်၏။ ဘုရားလောင်းသည် သုဇာတာကို ချစ်အပ် မြတ်နိုးအပ်သည် ဖြစ်၏။ ဤသို့လျှင် ထိုနှစ်ယောက်ကုန်သော လင်မယားတို့သည်လည်း၊ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ တူသော စိတ်ရှိကြကုန်သည်ဖြစ်၍ အညီအညွတ်နေကြကုန်၏။

ထိုအခါ တစ်နေ့သ၌ သုဇာတာသည် မိဘတို့ကို ဖူးမြင်လို၏ဟု ဘုရားလောင်းအား ကြား၏။ ထိုဘုရားလောင်းသည် ရှင်မ-ကောင်းပြီ ရိက္ခာကိုစီရင်လော့ဟု ဆို၍ ခဲဖွယ်အထူးကို ချက်စေ၍ ခဲဖွယ်အစရှိသည်တို့ကို လှည်း၌တင်၍ လှည်းကိုနှင်လျက် လှည်းဦး၌စီး၏။ သုဇာတာသည် နောက်၌စီး၏။ ထိုနှစ်ယောက်ကုန်သော သမီးခင်ပွန်းတို့သည် မြို့အနီးသို့ရောက်ကုန်၍ လှည်းကို ချွတ်ကုန်၍ ရေချိုးကုန်၏။ ရေချိုးကုန်ပြီး၍ စားကုန်၏။ စားပြီး၍ ဘုရားလောင်းသည် လှည်းကိုက၍ လှည်းဦး၌နေ၏။ သုဇာတာသည် အဝတ်တန်ဆာကိုလဲ၍ တန်ဆာဆင်၍ ဘုရားလောင်း၏ အနီး၌ စီး၏။ လှည်း၏မြို့တွင်းသို့ ဝင်သောကာလ၌ ဗာရာဏသီမင်းသည် မြတ်သော ဆင်ကျောက်ကုန်းထက်၌ စီးလျက် မြို့ကို လက်ျာရစ် လည်သည်ကိုပြု၍ ထိုအရပ်သို့ ရောက်၏။ သုဇာတာသည် ဆင်း၍ လှည်း၏နောက်မှ ခြေဖြင့်သွား၏။ မင်းသည် ထိုသုဇာတာကို မြင်၍ ထိုသုဇာတာ၏ အဆင်း၏ ပြည့်စုံခြင်းသည် ငင်အပ်သော မျက်စိရှိလျက် ကိုက်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ တစ်ယောက်သောအမတ်ကို သွားချေ၊ ထိုမိန်းမ၏ အရှင် ရှိသည်၏ အဖြစ်ကိုလည်းကောင်း အရှင်မရှိသည်၏ အဖြစ်ကို

လည်းကောင်း စုံစမ်းချေဟု စေလိုက်၏။ ထိုအမတ်သည် သွား၍ ထိုသုဇာတာ၏ အရှင်ရှိသည်၏ အဖြစ်ကိုသိ၍ မင်းမြတ်-အရှင်ရှိ၏၊ လှည်း၌နေသောယောက်ျား သည် ထိုမိန်းမ၏ လင်တည်းဟု ဆို၏။ မင်းသည် တပ်စွန်းသော စိတ်ကို ဖျောက်အံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ကိလေသာကြောင့် ကျင်နာစိတ်ရှိ သည်ဖြစ်၍ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ထိုယောက်ျားကို သတ်စေ၍ မိန်းမကို ယူအံ့ဟု ကြံ၍ တစ်ယောက်သော ယောကျ်ားကို ခေါ်၍ သွားချေ၊ ဤပတ္တမြား ဥသျှောင်ကျင်ကို ယူ၍ သွားသကဲ့သို့ ဖြစ်၍ ထိုယောက်ျား၏ လှည်း၌ ထားခဲ့၍ လာလည့်လော့။ ဤသို့ဆို၍ ပတ္တမြားဥသျှောင်ကျင်ကို ပေး၍ လွှတ်လိုက်၏။ ထိုယောကျ်ားသည် ကောင်းပြီဟု ထိုပတ္တမြားဥသျှောင် ကျင်ကို ယူ၍ သွား၍ လှည်း၌ထား၍ မင်းမြတ် အကျွန်ုပ်သည် ထားအပ်ပြီဟု လာလတ်၍ ကြား၏။ မင်းသည် ငါ၏ ပတ္တမြားဥသျှောင်ကျင်သည် ပျောက်၏ ဟု ဆို၏။ လူတို့သည် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်ကိုပြုကုန်၏။ မင်းသည် နပ်သိမ်းသော တံခါးတို့ကို ပိတ်ကုန်၍ သူခိုးကို ရှာကြကုန်လော့ဟု ဆို၏။ မင်းချင်းတို့သည် ထိုမင်းဆိုတိုင်း ပြုကုန်၏။ မြို့သည် တစ်ပြိုင်နက် ခေါက်ချားသည် ဖြစ်၏။ တစ်ယောက်သော မင်းချင်းသည် လူတို့ကို ယူ၍ ဘုရား လောင်း၏ အထံသို့ သွား၍ အချင်း လှည်းကို ရပ်လော့။ မင်း၏ ပတ္တမြား ဥသျှောင်ကျင်တော်သည် ပျောက်၏။ လှည်းကို သုတ်သင်အံ့ဟု ဆို၍ လှည်းကို သုတ်သင်လျက် မိမိသည် ထားအပ်သော ပတ္တမြားကို ယူ၍ ဘုရာလောင်းကို ဖမ်း၍ ပတ္တမြားခိုးသူဟူ၍ လက်တို့ဖြင့်လည်းကောင်း၊ ခြေတို့ဖြင့် လည်းကောင်း ညှဉ်းဆဲ၍ လက်ပြန်နှောင်ဖွဲ့ပြီးလျှင် ဆောင်ယူခဲ့၍ ဤသူသည် ပတ္တမြားခိုးသူ တည်းဟု မင်းအား ပြ၏။ မင်းသည်လည်း ထိုခိုးသူ၏ ဦးခေါင်းကို ဖြတ်လေ ကုန်ဟု စေ၏။

ထိုအခါ၌ ဘုရားလောင်းကို မင်းချင်းတို့သည် ခရီးလေးလမ်းဆုံ၌ ကြိမ်တို့ဖြင့် ရိုက်ကုန်လျက် တောင်တံခါးဖြင့် မြို့မှ ထွက်ကုန်၏။ သုဇာတာသည်လည်း ယာဉ်ကို စွန့်၍ မောင်းတို့ကို မြှောက်၍ ငါ့ကိုမှီ၍ ငါ့လင်သည် ဤဆင်းရဲခြင်းသို့ ရောက်၏။ ဤသို့ ငိုကြွေးလျက် နောက်မှ လိုက်၏။ မင်းချင်းတို့သည် ထိုဘုရား လောင်း၏ ဦးခေါင်းကို ဖြတ်ကုန်အံ့ဟု ဘုရားလောင်းကို ပက်လက်အိပ်စေ ကုန်၏၊ ထိုအခြင်းအရာကို မြင်၍ သုဇာတာသည် မိမိ၏ သီလ ကျေးဇူးကို ဆင်ခြင်၍ ဤလောက၌ သီလရှိကုန်သောသူတို့ကို ညှဉ်းဆဲတတ်ကုန်သော ယုတ်မာကုန်သော နိုင်ထက်ကလူ ပြုတတ်ကုန်သော သူတို့ကို မြစ်အံ့သောငှါ စွမ်းနိုင်ကုန်သော နတ်ဘို့မည်သည်ကား မရှိယောင်တကားဟု ဆိုလို၍ ငိုရှေးဦး စွာသော ဤဂါထာကို ဆို၏—

၈၇။ န သန္တိ ဒေဝါ ပဝသန္တိ နူန၊
န ဟိ နူန သန္တိ ဣဓ လောကပါလာ။
သဟသာ ကရောန္တာန မသညတာနံ၊
န ဟိ နူန သန္တိ ပဋိသေဓိတာရော။

ဤလောက၌ သီလရှိကုန်သော သူတို့ကို ကြည့်တတ်ကုန်သော နတ်တို့သည် မရှိကုန်ယောင်တကား၊ ဤသို့ သဘောရှိကုန်သော ကိစ္စတို့သည် ဖြစ်ကုန်သည်ရှိသော် သီလရှိသော သူတို့ကို ကြည့်ရှုတတ်ကုန်သော နတ်တို့သည် ဤအရပ်မှ ကင်းကုန်ယောင်တကား၊ လောကပါလဟု သမုတ်အပ်သော သီလရှိကုန်သော သူတို့ကို ချီးမြှောက်တတ်ကုန်သော ရဟန်း ပုဏ္ဏားတို့သည် မရှိကုန်ယောင်တကား၊ မဆင်မခြင် အဆောတလျင်အားဖြင့် ရုန့်ရင်းကြမ်းတမ်းသော အမှုကို ပြုတတ်ကုန်သော ကိုယ်နှုတ်နှလုံးကို မစောင့်ကုန်သော သူတို့ကို တားမြစ်တတ်ကုန်သော နတ်တို့သည် မရှိကုန်ယောင်တကား။

ဤသို့လျှင် သီလနှင့်ပြည့်စုံသော သုဇာတာသည် ငိုကြွေးသည်ရှိသော် နတ်တို့၏ မင်းဖြစ်သော သိကြား၏နေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြလေ၏။ သိကြားမင်းသည် အဘယ်သူသည်လျှင် ငါ့ကို သိကြား၏ အဖြစ်မှ ရွေ့လျောစေလိုသနည်းဟု ဆင်ခြင်လတ်သည်ရှိသော် ဤအကြောင်းကို သိ၍ ဗာရာဏသီ မင်းသည် အလွန်ကြမ်းကြုတ်သော အမှုကို ပြု၏။ သီလနှင့်ပြည့်စုံသော သုဇာတာကို ပင်ပန်းစေ၏။ ယခု ငါသည် သွားအံ့သောငှါ သင့်၏ဟု နတ်ပြည်မှ သက်၍ မိမိအာနုဘော်အားဖြင့် ဆင်ကျောက်ကုန်းနေ၍ ထိုယုတ်မာသော မင်းကို ဆင်ကျောက်ကုန်းထက်မှ ချ၍ စဉ်းတီတုံး၌ ပက်လက်အိပ်စေ၍ ဘုရားလောင်းကို ချီ၍ ပေသိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ မင်း၏ အသွင်ကို ယူစေ၍ ဆင်ကျောက်ကုန်းထက်၌ နေစေ၏၊ မင်းချင်းတို့သည် သန်လျက်ကို ရိုက်နှ်၍ ဦးခေါင်းကို ဖြတ်ကုန်သည်ရှိသော် ဗာရာဏသီမင်း၏ ဦးခေါင်းကို ဖြတ်မိကုန်၏။ ဖြတ်ပြီးသော ကာလ၌သာလျှင် ထိုဗာရာဏသီမင်း၏ ဦးခေါင်း အဖြစ်ကို သိကုန်၏။ နတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည် ထင်ရှားသော ကိုယ်ဖြင့်သာလျှင် ဘုရားလောင်း၏ အထံသို့သွား၍ ဘုရားလောင်းအား ရာဇာဘိသေကကို သွန်း၍ သုဇာတာကို သာလျှင် မိဖုရားအရာ၌ ထား၏။ အမတ်တို့သည် လည်းကောင်း ပုဏ္ဏား သူကြွယ်တို့သည် လည်းကောင်း နတ်တို့၏ မင်းဖြစ်သော သိကြားကို မြင်ကုန်၍ တရားမစောင့်သော မင်းကို သတ်အပ်ပြီ၊ ယခုအခါ၌ ငါတို့သည် သိကြားပေးအပ်သော တရားစောင့်သော မင်းကို ရပေပြီဟု ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန်သည်ဖြစ်၍ သိကြားမင်းသည်လည်း ကောင်းကင်၌

ရပ်၍ သိကြားမင်းသည် ပေးအပ်သော ဤမင်းသည် ဤမိန့်ခွန်းကြ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုလတ္တံ့၊ မင်း တရားမစောင့်ရာ၌ အပြစ်ကို ထင်ရှားပြအံ့၊ မင်းသည် တရားမစောင့်သည် အကြောင်း၍ ဖြစ်အံ့၊ မရွာသင့်သော ကာလ၌ မိုးသည် ရွာ၏။ ရွာသင့်သောကာလ၌ မရွာ၊ ဝတ်မှတ်ခြင်းဘေးလည်းကောင်း၊ အနာနှိပ်စက်ခြင်းဘေး လည်းကောင်း၊ ဓားလက်နက်ဘေး လည်းကောင်း ဤဘေး သုံးပါးတို့သည် ရေကလာကုန်သည် သာလျှင် ဖြစ်ကုန်၏။ ဤသို့ ဆုံးမလိုသည်ဖြစ်၍ နှစ်ခုမြောက်သော ဂါထာကို ဆို၏—

၈၈။ အကာလေ ဝဿတိ တဿ၊ ကာလေ တဿ န ဝဿတိ။
သဂ္ဂါ စ စဝတိ ဌာနာ၊ နနု သော တာဝတာ ဟတော။

ထိုတရားမစောင့်သော မင်း၏ပြည်၌ မိုးသည် ရွာသည် ရှိသော် မရွာသင့်သော ကာလ၌ ရွာ၏၊ ထိုတရားမစောင့်သော မင်း၏ ပြည်၌ မိုးသည် ရွာသင့်သော ကာလ၌ကား မရွာ၊ တရားမစောင့်သော မင်းသည် နတ်ရွာဌာနမှ လွတ်ကင်း၏။ တစ်နည်းကား – တရားမစောင့်သော မင်းသည် နတ်ပြည်၌ မင်းအဖြစ်ကို ပြုရသော်လည်း နတ်ပြည်မှ ရွေ့လျောရ၏၊ ထိုတရားမစောင့်သော မင်းသည် ထိုမျှ အတိုင်းအရှည်ဖြင့် ညှဉ်းဆဲသည် မဟုတ်တော့လော၊ တနည်းကား ထိုတရားမစောင့်သော မင်းသည် စင်စစ် ထိုမျှသော ညှဉ်းဆဲရသည် မဟုတ်သေး။

ဤသို့လျှင် သိကြားမင်းသည် လူများအား အဆုံးအမကို ပေး၍ မိမိ၏ ဗိမာန်သို့သာလျှင် သွား၏၊ ဘုရားလောင်းသည်လည်း မင်းအဖြစ်ကို ပြု၍ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ တရားမစောင့်သော မင်း ဖြစ်ဖူးလေပြီ။ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ၌ သိကြားမင်း ဖြစ်ဖူးလေပြီ။ ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ သုဇာတာဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ၌ သိကြားပေးအပ်သောမင်း ဖြစ်ဖူးလေပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်ကောင်း နတ်ကောင်းစောင်မ)

တစ်ရာကိုးဆယ့်လေးခုမြောက်သော မဏိစောရဇာတ်သည် ပြီး၏။

## ၁၉၅-ပဗ္ဗတပတ္တရဇာတ်

## ခြသေ့်စောင့်သည့် တောင်ထိပ်ရေကန် မြေခွေးသောက်သင့် မသောက်သင့်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပဗ္ဗတပတ္တရေ ရမ္မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဗ္ဗတပတ္တရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ကောသလမင်း၏ တစ်ယောက်သော အမတ်သည် နန်းတွင်းသူတစ်ယောက်၌ မှားယွင်းလေသတတ်။ ကောသလမင်းသည်လည်း ထိုအမတ်ကို စုံစမ်းသည်ရှိသော် မှန်သောအားဖြင့် သိ၍ မြတ်စွာဘုရားအား လျှောက်အံ့ဟု ဇေတဝန်ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ အရှင်ဘုရား အကျွန်ုပ်တို့၏ နန်းတွင်းသူတစ်ယောက်၌ အမတ်တစ်ယောက်သည် မှားယွင်း၏။ ထိုအမတ်အား အသို့ပြုအံ့သောငှါ သင့်သနည်းဟု မေးလျှောက်၏။ ထိုအခါ၌ ကောသလမင်းကို မြတ်စွာဘုရားသည် မင်းမြတ် ထိုအမတ်သည် သင့်အား ကျေးဇူးပြုသော အမတ်လော၊ ထိုမိန်းမသည်လည်း သင်သည် ချစ်မြတ်လေသော မိန်းမလောဤသို့ မေးတော်မူ၍ အရှင်ဘုရား ဟုတ်၏။ ထိုအမတ်သည် အလွန်လျှင် ကျေးဇူးပြု၏။ အလုံးစုံသော မင်းမျိုးကို ကောင်းစွာဆောင်၏။ ထိုမိန်းမသည်လည်း အကျွန်ုပ်သည် ချစ်အပ်သော မိန်းမတည်းဟု နားတော်လျှောက်သည်ရှိသော် မင်းမြတ် မိမိအား ကျေးဇူးပြုကုန်သော မှီဝဲစားကုန်သော သူတို့၌လည်းကောင်း၊ ထိုသို့ သဘောရှိကုန်သော မှီဝဲစားကုန်သော ချစ်အပ်ကုန်သော မိန်းမတို့၌လည်းကောင်း ဖျက်ဆီးအံ့သောငှါ မတတ်ကောင်း။ ရှေး၌လည်း မင်းတို့သည် ပညာရှိတို့၏ စကားကို ကြားကုန်၍ လစ်လျူရှုကုန်သည်သာလျှင် ဖြစ်ဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

မင်းမြတ် လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော ပင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်သည် ဖြစ်၏။ ထိုအခါ၌ ဗြဟ္မဒတ်မင်း၏ တစ်ယောက်သောအမတ်သည်

နန်းတွင်းသူ မင်းမောင်းမတစ်ယောက်၌ မှားယွင်း၏။ မင်းသည် မှန်သော အားဖြင့် သိ၍ အမတ်သည်လည်း ငါ့အား ကျေးဇူးများ၏။ ဤမိန်းမသည် လည်း ငါချစ်သော မိန်းမတည်း။ နှစ်ယောက်ကုန်သော ဤသူတို့ကိုလည်း ဖျက်ဆီးအံ့သော်ငါ မတတ်ကောင်း ပညာရှိသော အမတ်ကို ပြဿနာကို မေး၍ သည်းခံအပ်သည် အကယ်၍ ဖြစ်လတ္တံ့ သည်းခံအံ့။ သည်းခံအပ်သည် အကယ်၍ မဖြစ်လတ္တံ့ သည်းမခံအံ့။ ဤသို့ နှလုံးသွင်းခြင်းကိုပြု၍ ဘုရားလောင်းကို ခေါ်စေ၍ ပညာရှိ ငါသည် သင့်ကို ပြဿနာမေးအံ့ဟု ဆို၍ မင်းမြတ် အရှင်တို့သည် မေးတော်မူကုန်လော့ ဖြေအံ့ဟု ဆိုသည်ရှိသော် ပြဿနာကို မေးလိုရကား ရှေးဦးစွာသော ဂါထာကိုဆို၏—

၇၉။ ပဗ္ဗတပတ္ထရေ ရမ္မေ၊ ဇာတာ ပေါက္ခရဏီ သိဝါ။
တံ သိင်္ဂါလော အပါပါယိ၊ ဇာနံ သီဟေန ရက္ခိတံ။

ပညာရှိ မွေ့လျော်ဖွယ်ရှိသော ဟိမဝန္တာတောင်ခြေရင်း၌ ပြန့်၍တည်သော မြေပြင်၌ ချမ်းအေးချိုမြိန်သော ရေနှင့်ပြည့်စုံသော ရေကန်သည် ဖြစ်၏၊ တနည်းကား– ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သော မြစ်သည် ဖြစ်၏၊ ထိုရေကန်ကို တနည်းကား– ထိုမြစ်ကို ခြင်္သေ့မင်းသည် စောင့်ရှောက်အပ်၏ဟူ၍ သိလျက် မြေခွေးသည် သောက်ကောင်းသလော။

ဘုရားလောင်းသည် မချွတ် ထိုမင်း၏နန်းတွင်းသူ၌ အမတ်တစ်ယောက် သည် မှားယွင်းသည် ဖြစ်လတ္တံ့ဟု သိ၍ နှစ်ခုမြောက်သော ဂါထာကို ဆို၏—

၈၀။ ပိဝန္တိ စေ မဟာရာဇ၊ သာပဒါနိ မဟာနဒိံ။
န တေန အနဒီ ဟောတိ၊ ခမဿု ယဒိ တေ ပိယာ။

မင်းမြတ် ကြာတို့ဖြင့် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ပေါက္ခရဏီဟု ဆိုအပ်သော အမည်ရှိသော မြစ်ကြီးကို ငှက်၊ ခွေး၊ ယုန်၊ ကြောင်၊ သမင် အစရှိသော သားမျိုးတို့သည် သောက်ကုန်စေကာမူ ထိုသို့ သောက်ခြင်းတည်း ဟူသော အကြောင်းကြောင့် ထိုမြစ်ကြီးသည် မြစ်မဟုတ်သည် မဖြစ်၊ ထိုမိန်းမ ကို အရှင်မင်းမြတ်သည် အကယ်၍ ချစ်မြတ်နိုးတော်မူသည် ဖြစ်အံ့၊ သည်းခံ တော်မူလော့။

ဤသို့လျှင် ဘုရားလောင်းသည် မင်းအား အဆုံးအမကို ပေး၏။ မင်းသည် ထိုဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဤသို့ သဘောရှိသော ယုတ်မာသော အမှုကို မပြုကုန်လင့်ဟု ဆို၍ နှစ်ယောက်ကုန်သော သူတို့အားလည်း သည်းခံ၏။

ထိုအခါမှစ၍ ထိုသူယုတ်တို့သည် ကြည်ရွှင်ကုန်၏။ မင်းသည်လည်း ဒါနအစ ရှိကုန်သော ကောင်းမှုတို့ကိုပြု၍ အသက်၏ အဆုံး၌ နတ်ပြည်၌ ပြည့်စေ၏။ ကောသလမင်းသည်လည်း ဤဓမ္မဒေသနာကို နာ၍ နှစ်ယောက်ကုန်သော သူတို့ အားလည်း သဉ်းခံ လျစ်လျူရှုသည် ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား မင်းမြတ် ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကြာမျိုးငါးတန်၊ ပွင့်ရေကန်တွင်၊ တိရစ္ဆာန်များ၊ သောက်သုံး ငြားလည်း၊ ကန်ကားမဟုတ်၊ မသမုတ်သို့၊ ကျင့်ယုတ်မိန်းမ၊ ဖြစ်ကာ မျှဖြင့်၊ မိန်းမမဟုတ်၊မသမုတ်တည်း။

တစ်ရာကိုးဆယ့်ငါးခုမြောက်သော ပဗ္ဗတပတ္ထရဇာတ်သည် ပြီး၏။

---

၁၉၆-ဝလာဟကဇာတ်

ဘီလူးမြို့မှ နတ်မြင်းပျံ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ယေန ကာဟန္တိ ဩဝါဒံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဝလာဟကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော် မူစဉ် တစ်ပါးသော သာသနာတော်၌ ငြီးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ရဟန်း သင်သည် ငြီးငွေ့၏ဟူ၍ ငါကြားရသည်ကား မှန်သလောဟုမြတ်စွာဘုရားသည် မေးတော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ ၏ဟု နားတော်လျှောက်၍ အဘယ်ကြောင့် ငြီးငွေ့သနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား တစ်ယောက်သော မိန်းမသည် တန်ဆာဆင်ဒေါ်သည်ကို မြင်၍ ကိလေသာ၏ အစွမ်းအားဖြင့် ငြီးငွေ့သည်ဖြစ်၏ဟု နားတော်လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း မိန်းမတို့မည်သည်ကား မိမိ၏

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် လည်းကောင်း၊ မိန်းမတို့၏ အမူအရာ ဟန်ပန်တို့ဖြင့် လည်းကောင်း၊ တင့်တယ် စံပယ်ခြင်းတို့ဖြင့် လည်းကောင်း ယောကျ်ားတို့ကို ဖြားယောင်းကုန်၍ မိမိအလိုသို့ လိုက်သည်၏ အဖြစ်ကို သိကုန်၍ သီလ၏ ပျက်စီးခြင်းသို့ လည်းကောင်း၊ ဥစ္စာ၏ ပျက်စီးခြင်းသို့ လည်းကောင်း ရောက်စေတတ်သော သဘောကြောင့် ဘီလူးမတို့ မည်ကုန်၏ဟူ၍ ဆိုအပ်ကုန်၏။ ထိုစကားသည် မှန်၏။ ရှေး၌လည်း ဘီလူးမတို့သည် မိန်းမတို့၏ အမူအရာဖြင့် တစ်ယောက်သော ယောကျ်ားဖြစ်သော ဆတ္တဝါသို့ ကပ်ကုန်၍ ကုန်သည်တို့ကို ဖြားယောင်း၍ မိမိ၏အလိုသို့ လိုက်သည်တို့ကို ပြုကုန်ပြီး၍ တစ်ဖန် တစ်ပါးကုန်သော ယောကျ်ားတို့ကို မြင်ကုန်၍ ထိုခပ်သိမ်းကုန်သော သူတို့ကိုလည်း အသက် ကုန်ခြင်းသို့ ရောက်စေကုန်၍ မေးပါးစောင်နှစ်ဖက်တို့မှ သွေးကို ယိုစီးကျစေလျက် ကြုပ်ကြုပ် ကြုပ်ကြုပ် မြည်စေကုန်လျက် စားဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ သိင်္ဟိုဠ်ကျွန်း၌ သိရိဝတ္ထုအမည်ရှိသော ဘီလူးမတို့၏ မြို့သည်ရှိ၏။ ထိုသိရိဝတ္ထု အမည်ရှိသောမြို့၌ ဘီလူးမတို့သည် နေကုန်၏။ ထိုဘီလူးမတို့သည် သင်္ဘောပျက်ကုန်သော ကုန်သည်တို့ ရောက်လာသော ကာလ၌ တန်ဆာဆင်ခြင်းနှင့် ပြည့်စုံကုန်သည်ဖြစ်၍ ခဲဖွယ်ဘောဇဉ်ကို ယူ၍ စေကုန်၍ ကျွန်မအပေါင်း ခြံရံကုန်လျက် သူငယ်တို့ကို ရင်ခွင်၌ ပိုက်ကုန်၍ ကုန်သည်တို့သို့ ကပ်ကုန်၍ ထိုကုန်သည်တို့အား လူတို့၏ နေရာအရပ်သို့ရောက်ကုန်၏ဟု သိစိမ့်သောငှါ ထိုထိုအရပ်၌ လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း အစရှိသည်တို့ကို ပြုကုန်သော လူတို့ကိုလည်းကောင်း၊ နွားနွေး အစရှိသည်တို့ကို လည်းကောင်း ပြကုန်လျက် ကုန်သည်တို့၏ အထံသို့သွား၍ ဤယာဂုကို သောက်ကြကုန်လော့၊ ဤထမင်းကို စားကြကုန်လော့၊ ဤခဲဖွယ်ကို ခဲကြကုန်လော့ဟု ဆိုကုန်၏။ ကုန်သည်တို့သည် မသိကြကုန်သည်ဖြစ်၍ ဘီလူးမတို့သည် ပေးအပ်သော ခဲဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်၏။ ထိုနောင်မှ ထိုကုန်သည်တို့၏ ခဲကုန် စားကုန်၍ အပင်အပန်းပြေသောကာလ၌ အမောင်တို့ သင်တို့သည် အဘယ်အရပ်၌ နေကုန်သော သူတို့နည်း၊ အဘယ်အရပ်မှ လာကြကုန်သနည်း၊ အဘယ်အရပ်သို့ သွားကြကုန်အံ့နည်း၊ အဘယ်အမှုကြောင့် ဤအရပ်သို့ လာကြကုန်သနည်းဟု မေးမြန်းကုန်လျက် ပျူငှါလေ့ကဝတ်ကို ပြုကုန်၏။ လှေပျက်ကုန်သည်ဖြစ်၍ ဤအရပ်သို့ ရောက်လာကြကုန်၏ဟု ဆိုသည်ရှိသော် အမောင်တို့ ကောင်းပြီ၊ သင်္ဘောစီး၍ သွားလေကုန်သော ငါတို့၏ လင်တို့အားလည်း သုံးနှစ်ဘိုသည့် လွန်ကုန်ပြီ။ ငါတို့၏ လင်တို့သည် သေသည်ဖြစ်ကုန်

လတ္တံ့။ သင်တို့သည်လည်း ကုန်သည်တို့ပင်လျှင်တည်း။ ငါတို့သည် သင်တို့၏ ခြေရင်း၌ အလုပ်အကျွေးတို့သည် ဖြစ်ပါကုန်အံ့ဟု ဆိုကုန်၍ ထိုကုန်သည်တို့ကို မိန်းမ၏ အသွင်အပြင် မိန်းမ၏အဖြစ်ဖြင့် တင့်တယ် စံပယ်ခြင်း တို့ဖြင့် ဖြားယောင်းကုန်၍ ဘီလူးတို့၏ မြို့သို့ဆောင်ကုန်ပြီးလျှင် ရှေးဦးစွာ ယူအပ်ကုန်သော လူတို့သည် အကယ်၍ ရှိကုန်အံ့၊ ထိုရှေးဦးစွာ ယူအပ်ကုန်သော လူတို့ကို နတ်တို့၏ သံခြေချင်းဖြင့် ဖွဲ့ကုန်၍ နှောင်အိမ်၌ သွင်းကုန်၏။ မိမိ၏ နေရာ အရပ်၌ သင်္ဘောပျက်ကုန်သော လူတို့ကို မရကုန်မူကား ထိုမှာဘက်မှ ကလျာဏီ မြစ်တိုင်အောင် ဤမှာဘက်မှ နာဂဒီပတိုင်အောင် ဤသို့ သမုဒ္ဒရာ ကမ်းကို လှည့်လည်ကုန်၏။ ဤသည်ကား ထိုဘီလူးမတို့၏သဘောတည်း။

ထိုအခါ တစ်နေ့သ၌ ငါးရာကုန်သော သင်္ဘောပျက်ကုန်သော ကုန်သည် တို့သည် ထိုဘီလူးမတို့၏ မြို့အနီးသို့ ကူးကြကုန်၏။ ထိုဘီလူးမတို့သည် ထို ငါးရာကုန်သော ကုန်သည်တို့၏ အထံသို့ သွားကုန်၍ ဖြားယောင်းကုန်၍ ဘီလူးမတို့၏ မြို့သို့ ဆောင်ကုန်၍ ရှေးဦးစွာ ယူအပ်ကုန်သောလူတို့ကို နတ်တို့၏ သံခြေချင်းတို့ဖြင့် နှောင်ဖွဲ့ကုန်၍ နှောင်အိမ်၌ သွင်းကုန်၏။ ဘီလူးမ အကြီးသည် ကုန်သည်အကြီးကို ကြွင်းကုန်သော ဘီလူးမတို့သည် ကြွင်းကုန် သော ကုန်သည်တို့ကို ဤသို့ ငါးရာကုန်သော ဘီလူးမတို့သည် ငါးရာကုန် သော ကုန်သည်တို့ကို မိမိတို့၏ လင်ပြုကုန်၏။ ထိုအခါ၌ ထိုဘီလူးမအကြီးသည် ညဉ့်အဖို့၌ ကုန်သည်တို့ အိပ်ပျော်ခြင်းသို့ ရောက်သည် ရှိသော် ထ၍သွားပြီး လျှင် နှောင်အိမ်၌ လူတို့ကို သတ်၍ အသားကိုစား၍လာ၏။ ကြွင်းကုန်သော ဘီလူးမတို့သည်လည်း ထိုဘီလူးမအကြီး အတူသာလျှင် ပြုကုန်၏။ ဘီလူးမ ကြီးသည် လူသားကိုစား၍ လာသောကာလ၌ ကိုယ်သည် အေး၏။ ကုန်သည် ကြီးသည် စုံစမ်းသည်ရှိသော် ထိုဘီလူးမကြီး၏ ဘီလူးမ၏ အဖြစ်ကို သိ၍ ငါးရာကုန်သောမိန်းမတို့သည် ဘီလူးမတို့သာ ဖြစ်ကုန်လတ္တံ့။ ငါတို့သည်ပြေးအံ့ သောငှါ သင့်၏ဟု မိုးသောက်သောနေ့၌ စောစောကသာလျှင် မျက်နှာသစ် အံ့သောငှါ သွားလေ၏။ ကြွင်းကုန်သော ကုန်သည်တို့အား အချင်းတို့ ဤ မိန်းမတို့သည် ဘီလူးမတို့တည်း။ လူမိန်းမတို့ မဟုတ်ကုန်။ တစ်ပါးကုန်သော သင်္ဘောပျက်ကုန်သော ကုန်သည်တို့၏ လာသောကာလ၌ လင်တို့ကို ပြုကုန်၍ ငါတို့ကို စားကုန်လတ္တံ့။ ငါတို့သည် ဤအရပ်မှ ပြေးကြကုန်အံ့ဟု ဆိုသည် ရှိသော် ထိုငါးရာကုန်သော ကုန်သည်တို့တွင် နှစ်ရာ့ငါးကျိပ်ကုန်သော ကုန်သည် တို့သည် ငါတို့၏ မိန်းမတို့ကို စွန့်အံ့သောငှါ မတတ်နိုင်ကုန်။ သင်တို့သည်သာ သွားကြကုန်လော့။ ငါတို့သည် မပြေးကြကုန်အံ့ဟု ဆိုကုန်၏။ ကုန်သည်ကြီး သည် မိမိ၏စကားကို လိုက်နာကုန်သော ကုန်သည်တို့ကိုယူ၍ ထိုဘီလူးမတို့မှ ကြောက်သည်ဖြစ်၍ ပြေးလေ၏။

## ဝလာဟကနတ်မြင်းပျံ

ထိုကာလ၌ကား ဘုရားလောင်းသည် ဝလာဟက မြင်းမျိုး၌ ဖြစ်၏။ ကိုယ်အလုံးဖြူ၏။ ညိုသော ဦးခေါင်း ရှိ၏။ ဖြူဆံမြက်ကဲ့သို့သော လည်ဆံရှိ၏။ တန်ခိုးနှင့်ပြည့်စုံ၏။ ကောင်းကင်သို့ ပျံသွား နိုင်၏။ ထိုဝလာဟက မြင်းမင်းသည် ဟိမဝန္တာမှ ကောင်းကင်သို့ ပျံ၍ သိန်းဃိုဠ်ကျွန်းသို့ ရောက်၍ သိန်းဃိုဠ်ကျွန်းအိုင်ဝယ် ညွန်ပျောင်း၌ အလိုလိုသာလျှင် ရောက်သော သလေးစပါးကို စား၍ သွား၏။ ဤသို့ သွားသည်ရှိသော် ထိုဝလာဟက မြင်းမင်းသည် ဇမ္ဗူဒိပ် ဇနပုဒ်သို့ သွားလိုသောသူသည် ရှိသလောဟု သုံးကြိမ် ကရုဏာသည် ထုံမွမ်းအပ်သော လူတို့၏ စကားကို ဆို၏။ ထိုနှစ်ရာ့ငါးကျိပ် ကုန်သော ကုန်သည်တို့သည် ဘုရားလောင်း၏ စကားကို ကြားကုန်လျှင် ဘုရားလောင်းသို့ ကပ်ကုန်၍ လက်အုပ်ချီကုန်လျက် အရှင် အကျွန်ုပ်တို့သည် ဇမ္ဗူဒိပ် ဇနပုဒ်သို့ သွားပါကုန်အံ့ဟု ဆိုကုန်၏။ ထိုသို့တပြီးကား ငါ၏ ကျောက်ကုန်းသို့ တက်ကြကုန်လော့ဟု ဆို၏။ အချို့သော သူတို့သည် တက်ကုန်၏။ ထိုသူတို့တွင် အချို့သော သူတို့သည် အမြီးကို ဆွဲကုန်၏။ အချို့ ကုန်သော သူတို့သည် လက်အုပ်ချီကုန်၍ တည်ကုန်သလျှင်ကတည်း။ ဘုရား လောင်းသည် အယုတ်သဖြင့် လက်အုပ်ချီကုန်၍ တည်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော နှစ်ရာ့ငါးကျိပ်ကုန်သော ထိုကုန်သည်တို့ကို မိမိ၏ အာနုဘော်ဖြင့် ဇမ္ဗူဒိပ် ဇနပုဒ်သို့ ဆောင်ပြီးလျှင် မိမိတို့၏ နေရာအရပ်တို့၌ တည်စေ၍ မိမိ၏ နေရာ အရပ်သို့ သွားလေ၏။ ထိုဘီလူးမတို့သည်လည်း တစ်ပါးကုန်သော ကုန်သည်တို့၏ လာသောကာလ၌ ထိုဘီလူးတို့၏ မြို့၌ ကျန်ရစ်ကုန်သော နှစ်ရာ့ငါးကျိပ်ကုန်သော လူတို့ကို သတ်၍ စားကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ဘီလူးမတို့၏ အလိုသို့ လိုက်ကုန်သော ထိုနှစ်ရာ့ငါးကျိပ်ကုန်သော ကုန်သည် တို့သည် အသက်ကုန်ခြင်းသို့ ရောက်သကဲ့သို့ ဝလာဟက မြင်းမြတ်၏ စကားကို လိုက်နာကုန်သော ကုန်သည်တို့သည် မိမိတို့၏ တည်ရာ အရပ်တို့၌ တည်ကုန် သကဲ့သို့ ထိုအတူသာလျှင် မြတ်စွာဘုရားတို့၏ အဆုံးအမကို မနာယူကုန်သော ရဟန်းယောကျ်ားတို့သည် လည်းကောင်း, မိန်းမတို့သည် လည်းကောင်း, ဒါယကာယောကျ်ားတို့သည် လည်းကောင်း, ဒါယိကာမိန်းမတို့သည် လည်း ကောင်း ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း ကာမဂုဏ် ပြုရာအရပ် အစရှိ ကုန်သော လေးပါးကုန်သော အပါယ်တို့၌ ကြီးစွာသော ဆင်းရဲသို့ ရောက် ကုန်၏။ မြတ်စွာဘုရား ဆုံးမတိုင်း ကျင့်ကုန်သော သူတို့သည်ကား သုံးပါး ကုန်သော ဂဟပတိမဟာသာလ ဗြာဟ္မဏမဟာသာလ ခတ္တိယမဟာသာလဟု ဆိုအပ်ကုန်သော သူကြွယ်မျိုးတို့သို့လည်းကောင်း, ကာမာဝစရ ခြောက်ထပ်

တို့သို့လည်းကောင်း၊ ပြဟ္မာ့ပြည်နှစ်ဆယ် တို့သို့လည်းကောင်း ဤသို့ရပ်တို့သို့ ရောက်ကုန်၍ သေခြင်းကင်းရာ မဟာနိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၍ ကြီးစွာသော ချမ်းသာကို ခံစားရကုန်၏ဟု မိန့်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၉၁။ ယေ န ကာဟန္တိ ဩဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
ဗျသနံ တေ ဂမိဿန္တိ၊ ရက္ခသီဟိဝ ဝါဏိဇာ။

၉၂။ ယေစ ကာဟန္တိ ဩဝါဒံ၊ နရာ ဗုဒ္ဓေန ဒေသိတံ။
သောတ္ထိံ ပါရံ ဂမိဿန္တိ၊ ဝလာဟေနေဝ ဝါဏိဇာ။

ရဟန်းတို့ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အဆုံးအမကို မပြုကုန်သော လူသူသည် ဘီလူးမတို့သည် ဖြားယောင်းအပ်ကုန်သော ကုန်သည်တို့သည် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကုန်သကဲ့သို့ ထိုအတူ ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။

မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အဆုံးအမကို ပြုကုန်သော လူတို့သည် ဝလာဟက မြင်းမြတ်သည် လာကြကုန်လော့၊ ဤသို့ ဆိုအပ်သည် ရှိသော် ထိုဝလာဟကမြင်းမြတ်၏ စကားကို လိုက်နာကုန်သော ကုန်သည်တို့ကဲ့သို့ ချမ်းသာစွာ သံသရာ၏ ကမ်းတစ်ဘက်ဖြစ်သော နိဗ္ဗာန်သို့ ရောက်ရကုန်လတ္တံ့။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ တစ်ပါးကုန်သော များစွာကုန်သော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ဇာတ်ကို အဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ဝလာဟကမြင်းမင်း၏ စကားကို လိုက်နာကုန်သော နှစ်ရာ့ငါးကျိပ်ကုန်သော ကုန်သည်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝလာဟကမြင်းမင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ကာမဂုဏ်တိုက်၊ အာရုံမှိုက်၍၊ ပျော်ပိုက်လေ့လေ့၊ သေဘေးတွေ့၏။)

တစ်ဆယ့်ကိုးဆယ့်ခြောက်ခုမြောက်သော ဝလာဟက

ဇာတ်သည် ပြီး၏။

## ၁၉၇-မိတ္တာမိတ္တဇာတ်

### (မိတ်ဆွေနှင့် ရန်သူ ခွဲခြားနည်း)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "န နံ ဥမှယတေ ဒိသွာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမိတ္တာမိတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲ့ဦးအံ့၊ မထင်ရှားသော ရဟန်းသည် ငါသည် ယူအပ်သည်ရှိသော် ငါ၏ဥပဇ္ဈာယ်သည် ငါ့အား အမျက်မထွက်လတ္တံ့ဟု ဥပဇ္ဈာယ်သည် ထားအပ်သော ဟစ်ခုနသော အဝတ်လွှာပိုင်းကို အကျွမ်းဝင်သဖြင့် ယူပြီးလျှင် ဖိနပ်အိတ်ကို ပြု၍ နောက်မှ ဥပဇ္ဈာယ်ကိုပန်၏။ ထိုအခါ ထိုတပည့်ကို ဥပဇ္ဈာယ်သည် အဘယ်ကြောင့် သင်သည် ယူဘိသနည်းဟု ဆို၍ အကျွန်ုပ်ယူသည်ရှိသော် အရှင်ဘုရားသည် အမျက်မထွက်သတ္တံ့ဟု အရှင်ဘုရားတို့အား အကျွမ်းဝင်သဖြင့် ယူမိပေ၏ဟု ဆိုသည်ရှိသော် ငါနှင့်တကွ သင်အား အဘယ်မှာလျှင် အကျွမ်းဝင်ခြင်းမည်သည် ရှိဖူးသနည်းဟု ဆို၍ အမျက်ထွက်သည်ဖြစ်၍ ထပြီးလျှင် သတ်ပုတ်၏။ ထိုရဟန်း၏ ထိုအမှုအရာသည် အလွန်ထင်ရှားသည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤမည်သော ပဉ္စင်းငယ်သည် ဥပဇ္ဈာယ်ဆရာအား အကျွမ်းဝင်သဖြင့် အဝတ်လွှာပိုင်းကို ယူ၍ ဖိနပ်အိတ်ကိုပြု၏။ ထိုနောင်မှ ပဉ္စင်းငယ်ကို ဥပဇ္ဈာယ်ဆရာသည် ငါနှင့်တကွ အဘယ်မှာလျှင် အကျွမ်းဝင်ခြင်းမည်သည် ရှိအံ့နည်းဟု အမျက်ထွက်ရကား တပည့်ကို ရိုက်ပုတ်၏။ ဤသို့ စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုရဟန်းသည် မိမိ၏အတူနေ တပည့်နှင့်တကွ အကျွမ်းမဝင်သည် မဟုတ်သေး၊ ရှေး၌လည်း အကျွမ်းမဝင်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ရသေ့ရဟန်းပြု၍ အဘိညာဉ်တို့ကို

လည်းကောင်း, သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ရသေ့အပေါင်းတို့၏ ဆရာဖြစ်၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုရသေ့တို့၏အပေါင်း၌ တစ်ယောက်သော ရသေ့သည် ဘုရားအလောင်း၏ စကားကို မလိုက်နာမူ၍ တစ်စီးသော အဓိသေသော ဆင်ငယ်ကိုမွေး၏။ ထိုအခါ၌ ထိုရသေ့ကို ထိုဆင်သည် ကြီးခြင်းသို့ ရောက်သည်ရှိသော် သတ်၍ တောသို့ဝင်လေ၏၊ ထိုရသေ့ အလောင်း သင်္ဂြိုဟ်ခြင်းကိစ္စကို ပြုကုန်၍ ရသေ့အပေါင်းတို့သည် ဘုရား လောင်းကို ခြံရံကုန်၍ အရှင်ဘုရား အဘယ်သို့သော အကြောင်းကြောင့်လျှင် အဆွေခင်ပွန်း၏ အဖြစ်ကိုလည်းကောင်း, ရန်သူ၏ အဖြစ်ကိုလည်းကောင်း သိအပ်သော်ငါ့ တတ်ကောင်းအံ့နည်းဟု မေးကုန်၏။ ထိုရသေ့တို့အား ဘုရား လောင်းသည် ဤသို့သော အကြောင်းကြောင့် အဆွေခင်ပွန်း၏ အဖြစ်ကို လည်းကောင်း ရန်သူ၏အဖြစ်ကိုလည်းကောင်း သိအပ်သော်ငါ တတ်ကောင်း၏ ဟု ကြားလိုရကား ဤဂါထာတို့ကို ဆို၏—

၉၃။ န နံ ဥမှယတေ ဒိသွာ၊ န စ နံ ပဋိနန္ဒတိ။
စက္ခူနိ စဿ န ဒဒါတိ၊ ပဋိလောမဉ္စ ဝတ္တတိ။

၉၄။ ဧတေ ဘဝန္တိ အာကာရာ၊ အမိတ္တသ္မိံ ပတိဋ္ဌိတာ။
ယေဟိ အမိတ္တံ ဇာနေယျ၊ ဒိသွာ သုတွာ စ ပဏ္ဍိတော။

အချင်းတို့ ရန်သူဖြစ်သော ပုဂ္ဂိုလ်သည် ရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်ကို မြင်၍မပြုံးရွှင်၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်၏ စကားကို ကြား၍လည်း ထို ရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်ကို မနှစ်သက်၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်အား ဆိုင်၍ ကြည့်ခြင်းတို့ကိုလည်း မပေး၊ ထိုရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်၏ ဆန့်ကျင် ဘက်ကိုလည်း ကျင့်၏။

ပညာရှိသည် မပြုံးမရွှင်ခြင်း အစရှိကုန်သော အကြောင်းတို့ကို မြင်၍ လည်းကောင်း၊ ကြား၍လည်းကောင်း ဤသူသည် ငါ၏ရန်သူတည်း၊ ဤသို့ ရန်သူကို သိရာ၏။ ထိုမပြုံးမရွှင်ခြင်း အစရှိကုန်သော အကြောင်းတို့သည် ရန်သူ၌ တည်ကုန်သည် ဖြစ်ကုန်၏။

ဤသို့ ဘုရားလောင်းသည် အဆွေခင်ပွန်း ဖြစ်ခြင်း၊ ရန်သူဖြစ်ခြင်း၏ အကြောင်းတို့ကို ကြား၍ ဗြဟ္မဝိဟာရတို့ကို ပွါးစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့- ယခု အခါ အတူနေ တပည့်သည် ထိုအခါ ဆင်ငယ်ကို မွေးသော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ ဥပဇ္ဈာယ် ဆရာသည် ထိုအခါ ဆင်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဖူးကုန်၏။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ ဆရာဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ဆက်ကိုးဆယ့် ခုနစ်ခုမြောက်သော မိတ္တာမိတ္တ
ဇာတ်သည် ပြီး၏။

---

၁၉၈- ရာဓဇာတ်

မှန်တာပြောအသတ်ခံရ

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ပဝါသာအာဂတောတာတ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရာဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဟောတော်မူ၏။ ထိုရဟန်းသည် ရဟန်း သင်သည် ငြီးငွေ့သတတ် ဟူသည် မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူသည်ရှိသော် အရှင် ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၍ အဘယ်ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား တန်ဆာဆင်အပ်သော မိန်းမ တစ် ယောက်ကို မြင်၍ ကိလေသာ၏ အစွမ်းဖြင့် ငြီးငွေ့၏ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း၊ မိန်းမမည်သည်ကို စောင့်ရှောက်အံ့ သောငှါ မတတ်ကောင်း။ ရှေး၌လည်း အိမ်ရှင် ယောကျ်ားတို့သည် တံခါးစောင့် တို့ကို ထား၍ စောင့်ရှောက်ကုန်သော်လည်း စောင့်ရှောက်အံ့သောငှါ မတတ် နိုင်ကုန်။ သင်သည် လျှပ်ပေါ်လော်လည်သည်လည်း ဖြစ်ကုန်သော မိန်းမတို့ကို စောင့်ရှောက်အံ့သောငှါ အဘယ်သို့တတ်နိုင်အံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကျေးမျိုး၌ ဖြစ်၏။ ထို ကျေးသားအား ရာဓ ဟူသော အမည်ကို မှည့်ကြ၏။ ညီငယ် ကျေးသား

သည်ကား ပေါဋ္ဌပါဒအမည်ရှိ၏။ ထိုကျေးသား ညီနောင် နှစ်ဦးတို့သည်လည်း ငယ်သော ကာလကသာလျှင် တစ်ယောက်သော မုဆိုးသည် ယူခဲ့၍ ဗာရာဏသီ ပြည်၌ မထင်ရှားသော ပုဏ္ဏားအား ပေး၏။ ပုဏ္ဏားသည် ထိုကျေးသား ညီနောင်တို့ ကို သားအရာ၌ထား၍မွေး၏။ ပုဏ္ဏား၏ ပုဏ္ဏေးမသည်ကား မစောင့် ရှောက်သည့်ဖြစ်၏။ သီလမရှိသည် ဖြစ်၏။ ထိုပုဏ္ဏားသည် ကုန်သွယ်အံ့သော ငှါ သွားသည်ရှိသော် ထိုကျေးသားငယ်တို့ကို ခေါ်၍ အမောင်တို့- ငါသည် ကုန်သွယ်ခြင်းကို ပြုခြင်းငှါသွားအံ့၊ ကာလ၌လည်းကောင်း၊ ကာလမဟုတ်သည် ၌သည်းကောင်း သင်တို့အမိ ပုဏ္ဏေးမသည် ပြုအပ်သောအမှုကို ကြည့်ရှုရစ်ကြ ကုန်လော။ တစ်ပါးသော ယောကျ်ား၏ ရောက်ပေါက်သည်၏ အဖြစ်ကိုလည်း ကောင်း မရောက်ပေါက်သည်၏ အဖြစ်ကိုလည်းကောင်း သိအောင် ပြုရစ်ကြ ကုန်လောဟု ဆို၍ ပုဏ္ဏေးမအားကျေးသားငယ်တို့ကို အပ်နှင်းခဲ့၍သွား၏ ထို ပုဏ္ဏေးမသည် ထိုပုဏ္ဏား၏ ထွက်သွားသောကာလမှစ၍ ယုတ်မာသောအကျင့်ကို ကျင့်၏။ ညဉ့်၌လည်းကောင်း နေ့၌သည်းကောင်း လာကုန်သော ယောကျ်ား တို့၏အတိုင်း အရှည်သည် မရှိ။ ထိုအခြင်း အရာကိုမြင်၍ ပေါဋ္ဌပါဒသည် ရာဓကိုပန်၏၊ အဘယ်သို့ ပန်သနည်းဟူမူကား ရာဓ ပုဏ္ဏားသည် ဤပုဏ္ဏေးမကို ငါတို့အား အပ်နှင်းခဲ့၍ သွား၏။ ဤပုဏ္ဏေးမသည်လည်း ယုတ်မာသောအမှုကို ပြု၏။ ထိုပုဏ္ဏေးမကို ငါသည် ပိုအံ့။ ဤသို့ပန်၏။ ပေါဋ္ဌပါဒသင်သည် မဆိုလင့်ဟု ရာဓသည် တားမြစ်၏။ ထိုပေါဋ္ဌပါဒသည် ရာဓ၏ စကားကို မနာယူမူ၍ မိခင် အဘယ့်ကြောင့် သင်သည် ယုတ်မာသော အမှုကို ပြုသနည်းဟု ဆို၏။ ထိုပုဏ္ဏေးမ သည် ထိုပေါဋ္ဌပါဒကို သတ်လိုသည်ဖြစ်၍ ချစ်သား ပေါဋ္ဌပါဒ သင်သည် ငါ၏ သားတည်း၊ ငါသည် ဤနေ့မှ စ၍ မပြုအံ့ဟု ဆို၍ ချစ်သား ပေါဋ္ဌပါဒ လာလော့ဟု ချစ်သကဲ့သို့ ခေါ်၍လာသော ပေါဋ္ဌပါဒကိုကိုင်၍ သင်သည် ငါ့ကို ဆို၏၊ မိမိ၏ ပမာဏကို မသိဟု လည်ကိုလိမ်၍ သတ်ပြီးလျှင် ခုံလောက်ကြား တို့၌ သွင်း၏ ပုဏ္ဏားသည် လာလတ်၍ အပင်အပန်းဖြေပြီးလျှင် ဘုရားလောင်းကို ချစ်သား ရာဓ သင်၏ အမိသည် ယုတ်မာသော အကျင့်ကို ကျင့်သလော မကျင့်သလောဟု မေးလိုရကား ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၉၅။ ပဝါသာ အာဂတော တာတ၊ ဣဒါနိ နစိရာဂတော။
ကစ္စိန္နု တာတ တေ မာတာ၊ နအညမုပသေဝတိ။

ချစ်သားရာဓငါသည် အရပ်တစ်ပါးမှ ယခုပင် လျှင် ရောက်လာသည်ဖြစ်၏ ရောက်သည်မကြာသေး ချစ်သားရာဓသင်၏ အမိသည် ယောကျ်ားတပါးသို့ မမှီဝဲရှောင်ပါ၏လော။

ရာဓသည် ဖခင်ပညာရှိမည်သည်ကား ဟုတ်မှန်သော်လည်း ချမ်းသာခြင်းသို့ မပို့မဆောင်တတ်သော် စကားကို မဆိုကုန်ဟု သိစေလိုသည်ဖြစ်၍ နှစ်ခုမြောက် ဤဂါထာကိုဆို၏–

၉၆။ နခေါပနေတံ သုဘဏံ၊ ဂိရံ သစ္စုပသံဟိတံ။
သယေထ ပေါဋ္ဌပါဒေါဝ၊ မုမ္မုရေ ဥပကူထိတော။

ဘခင် ပညာရှိကိုမည်သည်ကား သစ္စာနှင့်စပ်သော စကားလည်း ချမ်းသာ ခြင်းသို့ မပို့မဆောင်တတ်သည်ဖြစ်၍ မကောင်းသည် ဖြစ်အံ့၊ မဆိုကုန်ဆိုသည် ရှိသော် ငါ၏ ရှေး၌ဆိုသော ကျေးသားပေါဋ္ဌပါဒသည် မီးနှင့်ရောသော ပြာပူ၌ အိပ်ရသကဲ့သို့ ထို့အတူအိပ်ရရာ၏။

ဤသို့ ဘုရားလောင်းသည် ပုဏ္ဏားအား တရားဟော၍ ငါသည်လည်း ဤ အရပ်၌ နေအံ့သောငှါ မတတ်ကောင်းဟု ပုဏ္ဏားကို ပန်၍ တောသို့သာလျှင် ဝင်လေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဒေ‌ဝါနန္ဒာသည် ထိုအခါ ပေါဋ္ဌပါဒ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရာဓ ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာရှိကား ဟုတ်မှန်ငြားလည်း၊ မပွါးချမ်းသာ၊ မပြောရာတဲ့။)

တစ်ရာကိုးဆယ့် ရှစ်ခုမြောက်သော ရာဓဇာတ် ပြီး၏။

## ၁၉၉-ဂဟပတိဇာတ်

### ကြာကူရိ ရွာသူကြီး လင်ကြီးနှင့်တွေ့၍ အထောင်းခံရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် ဥဘယံမေနခမတီ-အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆောင်အပ်သော ဤဂဟပတိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လူ့ဒါ့အဖြစ်ကို လည်တမော့မော့ မျှော်ခြင်းရှိ သောရဟန်းကို အကြောင်းပြု၍

ဟောတော်မူ၏။ ဟောတော်မူသည်ကား ရဟန်း မိန်းမသည်သည်ကား မစောင့်ရှောက်နိုင်။ ယုတ်မာသော အမှုကို ပြု၍ တစ်စုံ တစ်ခုသော ဥပါယ်တမျဉ်ဖြင့် လင်ကို လှည့်စားတတ်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် သူကြွယ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် အိမ်ရာ ထောင်ခြင်းကို ယူ၏။ ထိုဘုရားလောင်း၏ မယားသည် သီလမရှိသည် ဖြစ်၍ ရွာသူကြီးနှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို သိ၍ စုံစမ်းလျက်သွား၏။ ထိုအခါ၌ကား မိုးတွင်းကာလဝယ် ပဲမျိုးတို့ကို ပျိုးအပ်ကုန်ပြီးသည် ရှိသော် ငတ်မွတ်ခြင်းသည် ဖြစ်၏။ ကောက်တို့၏ အဖုံးအလုံးသည် ထွက်သော ကာလဖြစ်လတ်သည် ရှိသော် ရွာအဆုံး၌ နေကုန်သော သူတို့သည် ဤလမှ နှစ်လဖြင့် ကောက်တို့ကို သိမ်းဆည်းကုန်၍ ကောက်တို့ကို ပေးကုန်အံ့ဟု တစ်ပေါင်းဘည်း ဖြစ်ကုန်၍ ရွာသူကြီး၏ လက်မှ တစ်ခုသော နွားအိုကို ယူကုန်၍ အသားကို စားကြကုန်၏။ ထိုအခါ တစ်နေ့သ၌ ရွာသူကြီးသည် ထိုခိုးစားသင့်သော အခွင့်ကို ကြည့်၍ ဘုရားလောင်း အပသို့ သွားသော ကာလ၌ အိမ်သို့ ဝင်၏။ ထိုနှစ်ယောက်ကုန်သော သူတို့၏ စည်းဝေး (ဆုံမိ)ကြသော ခဏ၌သာလျှင် ဘုရားလောင်းသည် ရွာတံခါးဖြင့် ဝင်လာ၍ အိမ်သို့ ရှေးရှုလာ၏။ ထိုမိန်းမသည် ရွာတံခါးသို့ ရှေးရှုလာသော ထိုဘုရားလောင်းကို မြင်၍ အဘယ်သူနည်းဟု တံခါးခုံ၌ ရပ်၍ ကြည့်သည် ရှိသော် ငါ၏ ယောက်ျားပင်လျှင်တည်းဟု သိ၍ ရွာသူကြီးအား ကြား၏။ ရွာသူကြီးသည် ကြောက်သည်ဖြစ်၍ တုန်လှုပ်၏။

ထိုအခါ၌ ရွာသူကြီးကို ထိုမိန်းမသည် မကြောက်လင့်။ တစ်ခုသော ဥပါယ်တမျဉ်သည် ရှိ၏၊ ငါတို့သည် သင်၏ လက်မှ နွားသားကို စားအပ်၏။ သင်၏ အမဲဖိုးကို တောင်းဟန်ပြုလော့၊ ငါကျီသို့ တက်၍ ကျီတံခါး၌ ရပ်လျက် စပါးသည် မရှိဟုဆိုအံ့။ သင်သည် အိမ်လယ်၌ ရပ်၍ ငါတို့အိမ်၌ သူငယ်တို့သည် ငတ်မွတ်ကုန်၏။ အမဲဖိုးကို ပေးလော။ ဤသို့ အဖန်တလဲလဲ တောင်းလောဟု ဆို၍ ကျီသို့ တက်၍ ကျီတံခါး၌ နေ၏။ ရွာသူကြီးသည် အိမ်လယ်၌ ရပ်၍ အမဲဖိုးကို ပေးလော့ဟု ဆို၏၊ ထိုမိန်းမသည် ကျီတံခါး၌ နေလျက် စပါးသည် မရှိပါ၊ ကောက်ကို သိမ်းသောအခါမှ သာလျှင် ပေးပါအံ့။ ယခု သွားပါဦးလော့ဟု ဆို၏၊ ဘုရားလောင်းသည် အိမ်သို့ ဝင်၍ ထိုနှစ်ယောက်ကုန်သော သူတို့ အမှုအရာကို မြင်၍ ဤအမှုသည် ဤမိန်းမယုတ် ပြုအပ်သော ဥပါယ်တမျဉ်

ဖြစ်လတ္တံ့ဟု သိလျှင် ရွာသူကြီး ငါတို့သည် သင်၏ နွားအို အသားကို စားကုန်သည် ရှိသော် ဤလမှ နှစ်လဖြင့် စပါးကို ပေးကုန်အံ့ဟု ဆို၍ စားကြကုန်၏။ သင်သည် လခွဲကိုလည်း မလွန်စေမူ၍ ယခုပင်လျှင် အဘယ် ကြောင့် တောင်းရဘိသနည်း။ သင်သည် ဤအမဲဖိုးကို တောင်းလိုခြင်း ဟူသော အကြောင်းကြောင့် မလာ။ တစ်ပါးသော အကြောင်းကြောင့် လာသည် ဖြစ်လတ္တံ့။ ငါသည် သင်၏ အမှုအရာကို မနှစ်သက်။ ဤယုတ်မာသော အကျင့်ကို ကျင့်သော ယုတ်မာသော သဘောရှိသော မိန်းမညစ်သည်လည်း ကျီ၌ စပါးမရှိသည်ကို သိ၏။ ထိုမိန်းမညစ်သည် ကျီသို့ တက်၍ စပါးသည် မရှိဟု ဆို၏။ သင်သည်လည်း ပေးလော့ဟု ဆို၍ နှစ်ယောက်ကုန်သော သင်တို့၏ အမှုအရာကို ငါသည် မနှစ်သက်ဟု ထိုအနက်ကို ပြလိုသည်ဖြစ်၍ ဤဂါထာ တို့ကို ဆို၏—

၉၇။ ဥဘယံ မေ န ခမတိ၊ ဥဘယံ မေ န ရုစ္စတိ။
ယာစာယံ ကောဋ္ဌမောတိဏ္ဏာ၊ နာဒ္ဒသံ ဣတိ ဘာသတိ။

၉၈။ တံတံ ဂါမပတိဗြူမိ၊ ကဒရေ အပ္ပသ္မိ ဇီဝိတေ။
ဒွေ မာသေ သင်္ဂရံ ကတွာ၊ မံသံ ဇရဂ္ဂဝံ ကိသံ။
အပ္ပတ္တ ကာလေ စောဒေသိ၊ တမ္ပိ မယှံ န ရုစ္စတိ။

ရွာသူကြီး ငါသည် သင်တို့၏ အမှုအရာကို မနှစ်သက်ခြင်းကြောင့် သင့်ကို ငါသည် ဆိုအံ့၊ ငါတို့၏ အသက်သည် ငြိုငြင်ဆင်းရဲသည် ရှိသော် နည်းသည် ရှိသော် နွားသားကို ဝယ်ကုန်သော ငါတို့အား ကြုံသော နွားအိုကို အဖိုးကို ပေးအပ်၏။ ဤသို့ နှစ်လတို့ကို ပိုင်းခြားခြင်းကို ပြု၍ ပိုင်းခြားသော ကာလသို့ မရောက်မီ အမဲအဖိုးကို တောင်းလာ၏၊ ထိုအမှုအရာ ကိုလည်း ငါသည် မနှစ်သက်၊ အကြင် မိန်းမညစ်သည်လည်း ကျီသို့ သက်၍ စပါးကို မမြင်၊ ဤသို့ ဆို၏၊ ထိုအမှုအရာကိုလည်း ငါသည် မနှစ်သက်၊ ဤသို့ နှစ်ပါးသော အမှုအရာကိုလည်း ငါသည် မနှစ်သက်၊ နှစ်ပါးသော အမှုအရာကို ငါသည် မကြိုက်။

ထိုဘုရားလောင်းသည် ဤသို့ဆိုလျက် ရွာသူကြီးကို ဥဒေါင်း၌ ကိုင်ပြီးလျှင် ငင်၍ အိမ်လယ်၌ သတ်ပုတ်၍ ငါ့ရွာသူကြီးကိုကား ဟူ၍ သူတစ်ပါး၏ စောင့်ရှောက် ထိန်းသိမ်းအပ်သော ဥစ္စာ၌ ပြစ်မှားကောင်းသလော။ ဤသို့ အစရှိသော စကားတို့ဖြင့် ဆဲရေး ပုတ်သတ်၍ အားနည်းသည်ကို ပြုပြီးလျှင် လည်၌ ကိုင်၍ အိမ်မှ ထုတ်သိုက်၍ ထိုမိန်းမကိုလည်း ဆံ ကို ဆွဲ၍ ကျီမှချပြီးလျှင် သတ်ပုတ်၍ တစ်ဖန် ဤသို့သဘောရှိသော အမှုကို အကယ်၍ ပြုပြန်အံ့၊

သိရလတ္တံ့ဟု ခြိမ်းခြောက်၏။ ထိုအခါမှ စ၍ ရွာသူကြီးသည် ထိုအိမ်ကို ကြည့်အံ့သောငှါလည်း မဝံ့လေ။ ထိုမိန်းမသည်လည်း တစ်ဖန် စိတ်ဖြင့်လည်း လွန်ကျူး၍ ကျင့်ခြင်းငှါ မဝံ့လေ။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လူ၏အဖြစ်သို့ လည်တမော့မော့ မျှော်ခြင်းရှိသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ရွာသူကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ နှိပ်စက်ခြင်းကို ပြုတတ်သော အိမ်ရှင် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တစ်ရာကိုးဆယ့်ကိုးခုမြောက်သော ဂဟပတိဇာတ်သည် ပြီး၏။

---

၂၀၀-သာဓုသီလဇာတ်

ကိုယ်ကျင့်သီလ ရှိသူကို ရွေးပါ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်, သရီရဒဗ္ဗံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာဓုသီလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားအား လေးယောက်ကုန်သော သမီးတို့သည် ရှိကုန်သတတ်။ ထိုလေးယောက်ကုန်သော သမီးတို့ကို လေးယောက်ကုန်သော သူတို့သည် တောင်းလာကုန်၏။ ထိုလေးယောက်ကုန်သော သူတို့တွင် တစ်ယောက်သော သူသည် အဆင်းလှ၏။ တင့်အပ်သော ကိုယ်နှင့် ပြည့်စုံ၏။ တစ်ယောက်သော သူသည် အရွယ်သို့ ရောက်၏။ ကြီးရင့်၏။ တစ်ယောက်သော သူသည် မြတ်သော အမျိုးနှင့် ပြည့်စုံ၏။ တစ်ယောက်သောသူသည် သီလရှိ၏။ ပုဏ္ဏားသည် ကြံ၏။ အဘယ်သို့ ကြံသနည်း ဟူမူကား ဤလေးယောက်သော သူတို့တွင် အဘယ်သူအားလျှင် ငါ၏သမီးကို အလို၌ တည်စေသောအားဖြင့် ပေးအပ်သနည်း။ အဆင်းနှင့် ပြည့်စုံသော သူအား ပေးအပ်သလော။ ထိုသို့မဟုတ်မူကား ကြီးသော အရွယ်သို့ ရောက်သောသူ မြတ်သော အမျိုးနှင့် ပြည့်စုံသောသူ

သီလရှိသော သူတို့တွင် တစ်ယောက်ယောက်သော သူအား ပေးအပ်သလော။ ဤသို့ ကြံ၏။ ကြံသော်လည်း မသိ၍ ဤအကြောင်းကို မြတ်စွာဘုရားသည် သိတော်မူလတ္တံ့ ။ ထိုမြတ်စွာဘုရားကို မေး၍ ထိုလေးယောက်ကုန်သော သူတို့၏ အတွင်း၌ လျော်သော သူအား ပေးပါအံ့ဟု နှလုံးသွင်း၍ နံ့သာပန်း အစရှိသည်ကို ယူခဲ့စေ၍ ကျောင်းတော်သို့ သွားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ လျောက်ပတ်စွာ နေလျက် အစမှ စ၍ ထိုအကြောင်းကို လျှောက်၏။ အရှင်ဘုရား ဤလေးယောက်ကုန်သော သူတို့တွင် အဘယ်သူအား ပေးအံ့ သောငှါ သင့်ပါသနည်းဟု မေး၏။ သဗ္ဗညု မြတ်စွာဘုရားသည် ပုဏ္ဏား ရှေး၌လည်း ပညာရှိတို့သည် ပြဿနာကို ဖြေဖူးကုန်ပြီ။ ထိုသို့ ဖြေဖူးကုန် သော်လည်း ဘဝဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် မှတ်အံ့သောငှါ မစွမ်းနိုင်ဟု မိန့်တော်မူ၍ ထိုပုဏ္ဏားသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ပုဏ္ဏား လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ကို သင်ပြီးလျှင် လာလတ်၍ ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာ ဖြစ်၏။ ထိုအခါ တစ်ယောက်သော ပုဏ္ဏားအားလေးယောယ်ကုန်လော သမီးတို့သည် ရှိကုန်၏ ထိုလေးယောက်ကုန်သော သမီးတို့ကို ယခုအခါ လေးယောက်ကုန်သော လူတို့သည် တောင်းကုန်သကဲ့သို့ ဤအတူသာလျှင် လေးယောက်ကုန်သော သူတို့သည် တောင်းကုန်၏။ ထိုပုဏ္ဏားသည် အဘယ်သူအားလျှင် ပေးအပ်ကုန် သနည်းဟု မသိသည် ဖြစ်၍ ဆရာကို မေးပြီးလျှင် ပေးသင့်သော သူအား ပေးအံ့ဟု နှလုံးသွင်းပြီး၍ ထိုဆရာ၏ အထံသို့ သွား၍ ထိုအကြောင်းကို မေးလိုရကား ရှေးဦးစွာသော ဤဂါထာကို ဆို၏–

၉၉။ သရီရဒဗျံ ဝုဒ္ဓဗျံ၊ သောဇစ္စံ သာခုသီလိယံ။
ဗြဟ္မဏံတေဝ ပုစ္ဆာမ၊ ကန္နု တေသံ ဝနိမှသေ။

ဆရာပုဏ္ဏား....အကျွန်ုပ်၏ သမီးတို့ကို လေးယောက်ကုန်သော သူတို့သည် တောင်းကုန်၏၊ ထိုလေးယောက်ကုန်သော သူတို့တွင် တစ်ယောက်သော သူအား အဆင်းလှသည်၏အဖြစ်သည်ရှိ၏။ တစ်ယောက်သော သူအား အရွယ်ကြီးသည်၏အဖြစ်သည်ရှိ၏။ တစ်ယောက်သော သူအား အမျိုးမြတ် သည်၏ အဖြစ်သည်ရှိ၏၊ တစ်ယောက်သော သူအား ကောင်းသော သီလနှင့်

ပြည့်စုံသူ၏အဖြစ်သည်ရှိ၏၊ ထိုလေးယောက်ကုန်သော သူတို့တွင် ဤအမည်ရှိသော သူအား ငါ၏ ထိုသမီးတို့ကို ပေးအပ်ကုန်၏၊ ဤသို့ မသိကုန်သည် ဖြစ်၍ အရှင် ပုဏ္ဏားကိုသာလျှင် မေးကုန်၏၊ ထိုလေးယောက်ကုန်သော သူတို့တွင် အဘယ်သူကို လျှင် ငါတို့သည် အလိုရှိရကုန်အံ့နည်း။

ဆရာသည် ပုဏ္ဏား၏ စကားကို ကြား၍ အဆင်းနှင့် ပြည့်စုံခြင်း အစ ရှိကုန်သော ဂုဏ်တို့သည် ရှိပါကုန်သော်လည်း သီလပျက်သောသူကို ကဲ့ရဲ့အပ်၏။ ထို့ကြောင့် ငါတို့သည် သီလရှိသည်၏ အဖြစ်ကိုသာလျှင် နှစ်သက်၏ဟု ဤအနက်ကို ပြလိုရကား–နှစ်ခုမြောက် ဤဂါထာကို ဆို၏–

၉၇။ အတ္ထော အတ္ထိ သရီရသ္မိံ၊ ဝုစ္စုဗျဿ နမော ကရေ။
အတ္ထော အတ္ထိ သုဇာတသ္မိံ၊ သီလံ အသ္မာက ရုစ္စတိ။

ပုဏ္ဏား .... တင့်တယ်သော အဆင်းနှင့် ပြည့်စုံသော ကိုယ်၌လည်း အကျိုးစီးပွားသည် ရှိပေ၏၊ အရွယ်ကြီးသော သူအားကား ရှိခိုးခြင်းကိုလျှင် ပြုအပ်ပေတည်း။ မြတ်သော အမျိုးနှင့် ပြည့်စုံသော ယောကျ်ား၌လည်း အကျိုးစီးပွားသည် ရှိပေ၏၊ ငါတို့သည်မူကား သီလရှိသောသူကို နှစ်သက် အပ်၏။

ပုဏ္ဏားသည် ထိုဘုရားလောင်း၏ စကားထို ကြား၍ သီလရှိသော သူအား သာလျှင် သမီးဘို့ကို ပေး၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏အဆုံး၌ ပုဏ္ဏား သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူ သနည်းဟူမူကား ယခုအခါ ပုဏ္ဏားသည် ထိုအခါ ပုဏ္ဏားသည်ပင်လျှင် ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဒိသာပါမောက္ခဆရာ ဖြစ်ဖူးလေပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာမြောက် သာဓုသီလဇာတ်သည် ပြီး၏

ရုဟကဝဂ် ပြီး၏။

# ၆-နတံဒဠ္ဟဝဂ်

## ၂၀၁-ဗန္ဓနာဂါရဇာတ်

## (တဏှာနှောင်အိမ်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် နတံ ဒဠှံဗန္ဓနမာဟုဓီရာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗန္ဓနာဂါရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နှောင်အိမ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ များစွာကုန်သော အိမ်ခြံစပ်ကို ဖြတ်၍ ခိုးကုန်သောသူ ခရီးသွားတို့ကို သတ်ပုတ်၍ ခိုးကုန်သောသူတို့ကို ဆောင်ခဲ့ကုန်၍ ကောသလမင်းအား ပြကုန်သတတ်။ ထိုသူခိုးတို့ကို ကောသလမင်းသည် ထောင်အနှောင်အဖွဲ့ သံခြေချင်းအနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့စေ၏။ ထက်ဝန်းကျင်ကုန်သော ဇနပုဒ်၌ နေကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးလိုရကား လာလတ်ကုန်၍ ဖူးမြင်ကုန်လျက် ရှိခိုး၍ နက်ဖြန်၌ ဆွမ်းခံသွားကုန်သည်ရှိသော် နှောင်အိမ်သို့ ရောက်ကုန်၍ ခိုးသူတို့ကို မြင်ကုန်၍ ဆွမ်းခံရာမှ ဖဲခဲ့ကုန်၍ ညချမ်းအခါ၌ မြတ်စွာဘုရားကို ကပ်ကုန်၍ အရှင်ဘုရား ယနေ့ဆွမ်းခံသွားကုန်သောအကျွန်ုပ်တို့သည် နှောင်ဖွဲ့ခြင်း အစရှိသည်ဖြင့် ကြီးစွာသော ဆင်းရဲကို ခံရကုန်သော များစွာကုန်သော ခိုးသူတို့ကို မြင်ခဲ့ကုန်၏။ ထိုခိုးသူတို့သည် ထိုအနှောင်အဖွဲ့တို့ကို ဖြတ်ကုန်၍ ပြေးအံ့သောငှါ မစွမ်းနိုင်ကုန် ထိုအနှောင်ဖွဲ့တို့ထက် သာလွန်၍ မြဲသော အနှောင်အဖွဲ့ မည်သည်ကား ရှိသလောဟု လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ထိုအနှောင်အဖွဲ့တို့သည် အဘယ်မှာလျှင် အနှောင်အဖွဲ့ မည်ကုန်ဦးအံ့နည်း။ ဥစ္စာစပါး သားမယား အစရှိသည်တို့၌ တဏှာဟူ၍ ဆိုအပ်သော အကြင်ကိလေသာတည်းဟူသော အနှောင်အဖွဲ့သည် ရှိ၏။ ထိုကိလေသာ တည်းဟူသော အနှောင်အဖွဲ့သည် ထိုသံခြေချင်း အစရှိကုန်သော အနှောင်အဖွဲ့တို့ထက် အဆအရာအားဖြင့်လည်းကောင်း၊ အဆအထောင်အားဖြင့်သည်းကောင်း သာလွန်၍ မြဲ၏။ ဤသို့ သာလွန်၍ မြဲသော်လည်း ထိုကိလေသာတည်းဟူသော အနှောင်အဖွဲ့ကို ရှေးပညာရှိတို့သည် ဖြတ်ကုန်၍ ဟိမဝန္တာသို့ ဝင်ကုန်၍ ရဟန်းပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ဦးသော သူဆင်းရဲအမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အဖသည် လွန်၏။ ထိုဘုရားလောင်း

သည် အခစားလုပ်၍ အမိကို မွေး၏။ ထိုအခါ၌ ထိုဘုရားလောင်း၏ အမိသည် သားဇာလို မရှိဘဲလျက်လျှင် တစ်ယောက်သော အမျိုးသမီးကို ဆောင်ယူ၍ ပေး၏၊ နောက်အဖို့၌ အမိသည် လွန်၏။ ထိုဘုရားလောင်း၏ မယားဝမ်း၌လည်း ပဋိသန္ဓေတည်၏။ ဘုရားလောင်းသည် ပဋိသန္ဓေ တည်သည်၏ အဖြစ်ကို မသိသည် ဖြစ်၍ နှမ သင်သည် အခစားလုပ်၍ အသက်မွေးရစ်လော ငါကား ရဟန်းပြုအံ့ဟု ဆို၏။ အရှင် ငါသည် ပဋိသန္ဓေ တည်၏ ငါသည် သားဖွား ပြီးသည်ရှိသော် သူငယ်ကို ရှု၍ သင်သည် ရဟန်းပြုရလတ္တံ့ဟု ထိုမိန်းမသည် ဆို၏။ ထိုဘုရားလောင်းသည် ကောင်း၏ဟု ဝန်ခံ၍ ထိုမိန်းမ၏ သားဖွားသော ကာလ၌ နှမ သင်သည် ချမ်းသာစွာ သားဖွားလေပြီ။ ယခုအခါ ငါသည် ရဟန်းပြုအံ့ဟု ပန်၏။ ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမိန်းမသည် သားငယ်ကို နို့ကွာသည် ကာလတိုင်အောင် ငံ့ပါဦးလော့ဟု ဆို၍ တစ်ဖန် ပဋိသန္ဓေကို ယူပြန်၏၊ ထိုဘုရားလောင်းသည် ဤမိန်းမကို ဝန်ခံစေ၍ သွားအံ့သောငှါ မတတ်ကောင်း။ ဤသို့ မိန်းမအား အကြောင်းမကြားမူ၍ ပြေး၍သာလျှင် ရဟန်းပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် ထိုမယားအား မကြားမူ၍ ညဉ့်အဖို့၌ ထ၍ ပြေး၏။ ထိုအခါ၌ ထိုဘုရားလောင်းကို မြို့စောင့်တို့ ဖမ်းကုန်၍ ထိုဘုရားလောင်းသည် အရှင်တို့ ငါတို့သည် အမိကို မွေးသော ယောကျ်ားတည်း။ သင်တို့သည် ငါ့ကို လွှတ်ပါကုန်လော့ဟု ဆို၍ ထိုမြို့စောင့်တို့ကို မိမိကိုယ်ကို လွှတ်စေ၍ တစ်ခုသော အရပ်၌ နေ၍ မြတ်သော တံခါးဖြင့်လျှင် ထွက်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်ဘိုကိုလည်းကောင်း၊ သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဈာန်ဖြင့် ပျော်ပါးခြင်းကို ပျော်ပါးလျက် နေ၏။ ထိုဘုရားလောင်းသည် ထိုဟိမဝန္တာ၌ နေလျက် ငါသည် ဖြတ်နိုင်ခဲသော ဤသို့ပင် သဘောရှိသည် ဖြစ်သော သားမယားတို့၌ ချစ်ခြင်း အနှောင်အဖွဲ့ဟု ဆိုအပ်သော ရာဂကိလေသာ အနှောင်အဖွဲ့ကို ဖြတ်နိုင်၏ဟု ဥဒါန်း ကျူးရင့်လိုရကား နှစ်ဂါထာကို ဆို၏–

၁၀၁။ နတံဒဠှံ ဗန္ဓနမာဟု ဓီရာ၊ ယဒါယသံ ဒါရုဇ ပဗ္ဗဇဉ္စ။
သာရတ္တ ရတ္တာ မဏိကုဏ္ဍလေသု၊
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ။

၁၀၂။ ဧတံဒဠှံဗန္ဓနမာဟု ဓီရာ၊ ဩဟာရိနံသိထိလံ ဒုပ္ပမုဉ္စံ။
ဧတမ္ပိဆေတွာန ဝဇန္တိဓီရာ၊အနပေက္ခိနော ကာမသုခံ ပဟာယာတိ။

သံဖြင့် ပြုအပ်သော သံခြေချင်းဟု ဆိုအပ်သော အနှောင်အဖွဲ့ကို လည်းကောင်း, သစ်သားဖြင့် ပြုလုပ်အပ်သော ဒေါက်ဟုဆိုအပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း, ဖြူဆံမြက်လျှော် စသည်တို့ဖြင့် ပြုအပ်သော ကြိုးဟု

ဆိုအပ်သော အနှောင်အဖွဲ့ကိုလည်းကောင်း, မြဲ၏ ဟူ၍ ပညာရှိတို့သည် မဆိုကုန်၊ ပတ္တမြား, နားတောင်းတို့၌ လွန်စွာ ရာဂရှိကုန်သည် ဖြစ်၍ တပ်စွန်းကုန်သူတို့၏ လွန်စွာ တပ်စွန်းခြင်းသည်လည်းကောင်း, ထိုသူတို့၏ သားမယားတို့၌ လောဘတည်းဟူသော ငဲ့ကွက်ခြင်း အနှောင်အဖွဲ့ကို မြဲ၏ ဟူ၍ ပညာရှိတို့သည် ဆိုကုန်၏၊ အောက် အပါယ်လေးဘုံသို့ ဆောင်တတ်သော နှောင်ဖွဲ့ရာ အရပ်တို့၌ အပေါ်ရေ အတွင်းရေ အသားတို့ကိုလည်း မဖြတ်တတ်, သွေးကိုလည်း မထွက်စေတတ်, နှောင်ဖွဲ့သည်၏ အဖြစ်၌လည်း မသိစေတတ်, ကုန်းကြောင်းခရီး ရေကြောင်းခရီး စသည်တို့၌ အမှုတို့ကို ပြုစိမ့်သောငှါ ပေးတတ်သည်၏ အဖြစ်ကြောင့် လျော့သော အနှောင်အဖွဲ့ရှိသော ဖြေနိုင်ခက်သော ထိုတဏှာ အနှောင်အဖွဲ့ကိုသော်လည်း ပညာရှိတို့သည် ဖြတ်၍ ကာမဂုဏ်ချမ်းသာကို ငဲ့ကွက်ခြင်း မရှိကုန်ဘဲ စွန့်ကုန်၍ သွားနိုင်ကုန်၏။

ဇာတ်ပေါင်း

ဤဓမ္မဒေသနာကို ဆောင်တော်မူလျက် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကုန်၏။ ဇာတ်ကို အသယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ မဟာမာယာဒေဝီသည် ထိုအခါ အမိ ဖြစ်ဖူးပြီ။ ယခုအခါ သုဒ္ဓေါဒန မင်းမြတ်သည် ထိုအခါ အဖ ဖြစ်ဖူးပြီ။ ယခုအခါ ရာဟုလာ မယ်တော်သည် ထိုအခါ မယား ဖြစ်ဖူးပြီ။ ယခုအခါ ရာဟုလာသည် ထိုအခါ သား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သားလျှင် ထိုအခါ သားမယားကို စွန့်၍ ရဟန်းပြုသော ယောကျ်ား ဖြစ်ဖူးပြီ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(တစ်ထောင့်ငါးရာ၊ ကိလေသာ၊ ကြီးစွာ နှောင်အိမ်မှတ်)

နှစ်ရာတစ်ခုမြောက်သော ဗန္ဓနာဂါရဇာတ်သည် ပြီး၏။

## ၂၀၂-ကေဠိသီလဇာတ်

### ကစားသန်သော မင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဟံသာကောဉ္စာမယူရာ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကေဠိသီလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှည်သော သက်တော် ရှိသော ထိုလကုဏ္ဍကဘဒ္ဒိယ မထေရ်သည် မြတ်စွာဘုရား သာသနာတော်၌ ထင်ရှား ကျော်စောသည် ဖြစ်၏။ သာယာသော အသံရှိသည် ဖြစ်၏။ သာယာစွာသော တရားကို ဟောတတ်သည် ဖြစ်၏။ ပဋိသမ္ဘိဒါကို ရသည် ဖြစ်၏၊ ရဟန္တာကြီး ဖြစ်၏။ အသီတိ မဟာထေရ်တို့၏ အတွင်း၌ တည်သည် ဖြစ်၏။ ပမာဏအားဖြင့် သော်ကား ငယ်၏၊ ကွ၏။ ငယ်သော သာမဏေသည် ကစားအံ့သောငှါ သွားသကဲ့သို့ ဖြစ်၏။ ထိုလကုဏ္ဍကဘဒ္ဒိယမထေရ်သည် တစ်နေ့သ၌ မြတ်စွာဘုရားကို ရှိခိုးသွားရာ ဇေတဝန်ကျောင်းတံခါးမုခ်၌ နေစဉ် ဇနပုဒ်မှ လာကုန်သော သုံးကျိပ် အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်အံ့ဟူ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ကုန်သည် ရှိသော် ကျောင်းတံခါးမုခ်၌ မထေရ်ကို မြင်ကုန်၍ ဤသူကား သာမဏေတည်းဟူသော အမှတ်ဖြင့် မထေရ်ကို သင်္ကန်းစွန်း၌ ဆွဲကုန်လျက် ဦးခေါင်း ကို လက်ဖြင့် ကိုင်ကုန်၍ နှာခေါင်းကို ဆွဲပြီးလျှင် နားတို့၌ ကိုင်လှုပ်ကုန်၍ လက်ဆော့ခြင်းကို ပြုကုန်လျက် သပိတ်သင်္ကန်းကို သိမ်းကုန်၍ မြတ်စွာဘုရားသို့ ကပ်ကုန်ပြီးလျှင် ရှိခိုးလျက် နေကုန်၍ မြတ်စွာဘုရားသည် သာယာစွာ ပဋိသန္ထာရကို ပြုတော်မူသည် ရှိသော် အရှင်ဘုရား အရှင်ဘုရားတို့၏ တပည့်ဖြစ်သော သာယာစွာသော တရားကို ဟောတတ်သော တစ်ပါးသော လကုဏ္ဍကဘဒ္ဒိယ အမည်ရှိသော မထေရ်သည် ရှိသတတ်။

ထိုမထေရ်သည် ယခုအခါ အဘယ်အရပ်၌ နေသနည်းဟု လျှောက်ကုန်၏။ ရဟန်းတို့ သင်တို့သည် ဖူးမြင်လိုကုန်သလောဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ဖူးမြင်ပါလိုကုန်၏ဟု နားတော်လျှောက်ကုန်၏။ သင်တို့သည် ကျောင်းတံခါး မုခ်၌ အကြင်မထေရ်ကို မြင်ကုန်၍ သင်္ကန်းစွန်းအစရှိသည်တို့၌ ဆွဲကုန်လျက် လက်ဆော့ခြင်းကို ပြုကြကုန်၍ လာကြကုန်၏၊ ထိုမထေရ်သည် လကုဏ္ဍက

ဘဒ္ဒိယ မထေရ်တည်းဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏။ အရှင်ဘုရား ဤသို့ သဘောရှိသော တောင်းအပ်ပြီးသော ပတ္ထနာရှိသော ကုသိုလ်ကံနှင့် ပြည့်စုံသော သာဝကသည် အဘယ်အကြောင်းကြောင့် ဘုန်းတန်ခိုးနည်းသနည်းဟုရဟန်းတို့သည်လျှောက် ကုန်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ မိမိသည် ပြုအပ်သော မကောင်းမှုကံကို အမှီပြု၍ ဘုန်းတန်ခိုးနည်းသည် ဖြစ်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့ သည် တောင်းပန်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏ ထိုအခါ၌ ဗြဟ္မဒတ်မင်းအား ကိုယ်ခန္ဓာဟောင်းမြင်းသော အိုခြင်းသို့ ရောက်ပြီးသော ဆင်ကိုလည်းကောင်း မြင်းကိုလည်းကောင်း နွားကိုလည်းကောင်း မြင်စိမ့်သောငှါ မတတ်ကောင်း။ မင်းသည် ကစားတတ်သော အလေ့ရှိသည်ဖြစ်၍ ထိုသို့သဘောရှိသော ဆင်အို မြင်းအို အစရှိသည်တို့ကို မြင်လျှင် လိုက်စေ၏ လှည်းအိုကို မြင်၍ ဖျက်စေ၏။ မိန်းမအိုကိုမြင်ရှိလည်း ခေါ်စေ၍ ဝမ်း၌တွန်း၍လဲစေ၏၊ တစ်ဖန် ထပြန်စေ၍ ထိတ်လန့်စေ၏။ ယောကျ်ားအိုတို့ကိုမြင်၍ ကျွမ်းသမားတို့ကဲ့သို့ မြေ၌ ကျွမ်းထိုးခြင်း အစရှိသည်တို့ဖြင့် ကစားခြင်းကို ကစားစေ၏။ မမြင်သည် ရှိသော် ဤမည်သောအိမ်၌ သူအိုသည်ရှိ၏။ ဤသို့ကြား၍လည်းခေါ်၍ ကစား၏။ လူတို့သည် ရှက်ကုန်သည်ဖြစ်၍ မိမိတို့၏ မိဘတို့ကို တိုင်းတပါးထိုသို့ ပို့ကုန်၏။ အမိကို လုပ်ကျွေးသော တရားသည်လည်းကောင်း အဘကိုလုပ်ကျွေးသော တရားသည်လည်းကောင်း ပြတ်၏ မင်းစေးတို့သည် ကစားလေ့ရှိကုန်သည် သာလျှင် ဖြစ်ကုန်၏။ သေတိုင်းသေတိုင်းကုန်သော သူတို့သည် အပါယ်လေးဘုံတို့ကို ပြည့်စေကုန်၏။ နတ်၏ ပရိသတ်တို့သည် ယုတ်ကုန်၏။ သိကြားမင်းသည် အသစ်ဖြစ်ကုန်သော နတ်သားတို့ကို မမြင်သည်ဖြစ်၍ အကြောင်း အသို့ရှိသနည်းဟု ဆင်ခြင်သည်ရှိသော် ထိုအကြောင်းကို သိ၍ ထိုဗြဟ္မဒတ်မင်းကို ဆုံးမအံ့ဟု လူအို၏ သဏ္ဌာန်ကို ဖန်ဆင်း၍ လှည်းအို၌ ရက်တက်အိုး နှစ်လုံးဘို့ကိုတင်၍ နှစ်ကောင်သော နွားအိုကိုကဲ၍ တပါးသော ပွဲလမ်းသဘင်နေ့၌ ဗြဟ္မဒတ်မင်းသည် တန်ဆာ ဆင်အပ်သော ဆင်ကိုစက်စီးပြီးလျှင်တန်ဆာဆင်အပ်သော မြို့ကိုလက်ျာရစ်လှည့်လည်ခြင်းကို ပြုလတ်သော် ဟောင်းနွမ်းသော အဝတ်ကို ဝတ်ဆင်လျက် ထုံလှည်းအိုကို မောင်းနှင်လျက် ဗြဟ္မဒတ်မင်းကြီး၏ ရှေ့ရှု သွား၏။

ဗြဟ္မဒတ်မင်းကြီးသည် ထိုလှည်းအိုကိုမြင်၍ ထိုလှည်းအိုကိုပယ်ကြ ကုန်လော့ဟု ဆို၏။ လူတို့သည် မင်းမြတ် အဘယ်မှာနည်း အကျွန်ုပ်တို့သည် မမြင်ကုန်ဟုဆိုကုန်၏။သိကြားသည် မိမိ၏ အာနုဘော်အားဖြင့် မင်းအားပြ၏။ ထိုအခါ၌ ထိုအရပ်သို့ အများ ချောက်လတ်သည်ရှိသော် ထိုလှည်းအိုကို ထိုမင်း၏ အထက်အဖို့ဖြင့် နှင်လျက် မင်း၏ဦးခေါင်းထက်၌ တလုံးသော ရက်တက်အိုးကိုခွဲ၍ ပြန်လည်လတ်သည်ရှိသော် နှစ်ခုမြောက်သော ရက်တက်အိုးကိုခွဲ၏။ ထိုအခါ၌ ထိုမင်း၏ ဦးခေါင်းမှစ၍ ထိုမှဤမှ ရက်တက်ရည်တို့သည် စီးကုန်၏။ ထိုမင်းသည် ထိုသို့ ရက်တက်ရည် စီးခြင်းကြောင့် ငြီးငွေ့၏ ရှက်၏ စက်ဆုပ်ရွံရှာ၏။ ထိုအခါ၌ ထိုမင်း၏ ထုံပင်ပန်း ဆင်းရဲသည်၏ အဖြစ်ကိုသိ၍ သိကြားသည် လှည်းကိုကွယ်စေ၍ သိကြား၏ ကိုယ်ကို ဘန်ဆင်း၍ ဝရဇိန်လက်နက်စွဲလျက် ကောင်းကင်၌ တည်၍ ယုတ်မာသော တရားမစောင့်သော မင်းသင်သည် မအိုလတ္တံ့လော။ သင်၏ကိုယ်ကို အိုခြင်းသည် မညှဉ်းဆဲလတ္တံ့လော။ သင်သည် ကစားလေ့ရှိသည်ဖြစ်၍ သူအိုတို့အား နှိပ်စက်ညှဉ်းဆဲသော အမှုကို ပြု၏။ တယောက်ထည်းသော သင့်ကိုမှီကုန်၍ ထိုအမှုကို ပြုကုန်ကြသဖြင့် သေတိုင်း သေတိုင်းကုန်သော သူတို့သည် အပါယ်တို့ကို ပြည့်စေကုန်၏။ လူတို့သည် မိဘတို့ကို လုပ်ကျွေးအံ့သောငှါ မရကုန်၊သင်သည် ဤအမှုမှ အကယ်၍ မကြဉ်အံ့။ ဤဝဇိန်လက်နက်ဖြင့် ဦ ခေါင်းကို ခွဲအံ့။ ဤနေ့မှစ၍ ထိုအမှုကို မပြုလင့်။ ဤသို့ ခြိမ်းချောက်၍ မိဘတို့၏ ကျေးဇူးကိုဟော၍ ကြီးကုန်သော သူတို့အား အရိုအသေပြုသော ကောင်းမှု၏ အကျိုးဆက်ကိုပြ၍ ဆုံးမပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန်သွား၏။ မင်းသည် ထိုအခါမှစ၍ ထိုသို့သဘောရှိသော အမှုကို ပြုအံ့သောငှါ စိတ်ကိုသည်းမဖြစ် မြတ်စွာဘုရားသည် ဤလွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏။

၁၀၃။ ဟံသာ ကောဉ္စာ မယူရာစ၊ ဟတ္ထယော ပသဒါ မိဂါ။
သဗ္ဗေ သီဟဿ ဘာယန္တိ၊ နတ္ထိကာယသ္မိ တုလျတာ။

၁၀၄။ ဧဝ မေဝ မနုဿေသု၊ ဒဟရောစေပိ ပညဝါ။
သောဟိ တတ္ထ မဟာ ဟောတိ၊ နေဝ ဗာလော သရီရဝါ။

ရဟန်းတို့၊ ကိုယ်၌နှိုင်းယှဉ်အပ်သည်၏ အဖြစ်သည် မရှိသောကြောင့် ဟင်္သာတို့သည်လည်းကောင်း၊ကြိုးကြာတို့သည်လည်းကောင်း၊ ဥဒေါင်းတို့သည်လည်းကောင်း၊ ဆင်တို့သည်လည်းကောင်း၊ ချေဟုဆိုအပ်သော သားတို့သည်လည်းကောင်း၊ သတ္တဝါအားလုံးတို့သည် ခြင်္သေ့မှ ကြောက်ကုန်၏၊ ထို့အတူ လူတို့တွင် ငယ်သော်လည်း ပညာရှိသောသူသည် ထိုလူတို့၌ ကြီးသည် မည်၏၊

ပညာမရှိသောသူသည် ကိုယ်ခန္ဓာအသက်ကြီးသော်လည်း ကြီးသည် မမည်သော ကြောင့် သင်တို့သည် လကုဏ္ဍကဘဒ္ဒိယသည် ကိုယ်ခန္ဓာအားဖြင့် သေးငယ် သောကြောင့် ထိုလကုဏ္ဍကဘဒ္ဒိယကို ဉာဏ်အားဖြင့်လည်း သေးငယ်နည်းပါး လိမ့်မည်ဟူ၍ မမှတ်ထင်ကြကုန်လင့်။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းတို့တွင် အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ် ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန် သော ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့၊ ထိုသို့ အိုမင်းကုန်သော သူတို့အား ကစားလေ့ ရှိဖူးသည်၏အဖြစ် ကြောင့် ယခုအခါ၌ သူတော်ပါးတို့၏ ကစားခြင်းဝတ္ထုဖြစ်သော ထိုသို့သဘော ရှိသော လကုဏ္ဍကဘဒ္ဒိယသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာနှစ်ခုမြောက်သော ကေဠိသီလဇာတ်သည် ပြီး၏။

---

## ၂၀၃-ခန္ဓဇာတ်

### မေတ္တာခံတပ်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် ဝိရူပက္ခေဟိမေ မေတ္တံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤခန္ဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မြွေကိုက်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဇရီးအိမ်တံခါး၌ ထင်းတို့ကိုခွဲသော ထိုရဟန်းကို သစ်ဆွေးကြားမှထွက်၍ တစ်ကောင်သောမြွေသည် ခြေချောင်း၌ ခဲသတတ်၊ ထိုရဟန်းသည် ထိုမြွေခဲရာ အရပ်၌သာလျှင်သေ၏၊ ထိုရဟန်း၏ ထိုသို့သော အကြောင်းအရာအားဖြင့် သေသည်၏ အဖြစ်သည် အလုံးစုံသောကျောင်း၌ ထင်ရှားသည် ဖြစ်၏။ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့၊ ဤအမည်ရှိသောရဟန်းသည် ဇရီးအိမ်တံခါး၌ ထင်းခွဲ သည်ရှိသော် မြွေသည်ခဲ၍ ထိုမြွေခဲရာအရပ်၌သာလျှင် သေသတတ်ဟုစကားကို

ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့၊ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့၊ ထိုရဟန်းသည် လေးပါးကုန်သော မြွေတို့ကို အာရုံပြု၍ မေတ္တာကို အကယ်၍ ပွါးစေငြားအံ့၊ မြွေသည် ထိုရဟန်းကို မခဲလေရာ၊ ထိုစကားသည် မှန်၏။ ရသေ့ဖြစ်ကုန်သော ရှေးပညာရှိတို့သည်လည်း ဘုရားဖြစ်တော် မမူမီ လေးပါးကုန်သော မြွေမျိုးတို့၌ မေတ္တာကို ပွါးစေကုန်၍ ထိုထို မြွေမင်းအမျိုးတို့ကို မှီ၍ဖြစ်သောဘေးမှ လွတ်ဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်သည်ရှိသော် ကာမတို့ကို ပယ်၍ ရသေ့ရဟန်းအဖြစ်သို့ ကပ်၍ အဘိညာဉ်တို့ကိုလည်းကောင်း, သမာပတ်တို့ကိုလည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်ဝယ် တစ်ခုသောမြစ်ကွေ့၌ အရိပ်သခ်မ်းကို ဖန်ဆင်း၍ ဈာန်ဖြင့် မွေ့လျော်ပျော်ပါးခြင်းကို မွေ့လျော် ပျော်ပါးလျက် ရသေ့အပေါင်းခြံရံ၍နေ၏။ ထိုအခါ ဂင်္ဂါနား၌ အထူးထူးအပြားပြား များကုန်သော ရှည်သောအမျိုး၌ဖြစ်ကုန်သော တိရစ္ဆာန်တို့သည် ရသေ့အပေါင်းအား ဘေးရန်ပြုကုန်၍ များသောအားဖြင့် ရသေ့အပေါင်းတို့သည် အသက်ကုန်ခြင်းသို့ရောက်ကုန်၏။ ထိုရသေ့တို့သည် ထိုအကြောင်းကို ဘုရားလောင်းအားကြား၏။ ဘုရားလောင်းသည် ခပ်သိမ်းကုန်သော ရသေ့တို့ကို စည်းဝေးစေ၍ ရသေ့တို့၊ သင်တို့သည် လေးပါးကုန်သော မြွေတို့၌ဤသို့ မေတ္တာကို ပွါးလေကုန်လောဟု ဆို၍ ဤဂါထာတို့ကို ဆို၏–

၁၀၅။ ဝိရူပက္ခေဟိ မေ မေတ္တံ၊ မေတ္တံ ဧရာပထေဟိမေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊ မေတ္တံ ကဏှာဂေါတမကေဟိစ။

အပါဒကေ ဟိ မေ မေတ္တံ၊ မေတ္တံ ဒွိပါဒကေဟိ မေ။
စတုပ္ပဒေဟိ မေ မေတ္တံ၊ မေတ္တံ ဗဟုပ္ပဒေဟိ မေ။

မာမံ ဒ.ပါဒကော ဟိံသိ၊ မာမံ ဟိံသိ ဒွိပါဒကော။
မာမံ စတုပ္ပဒေါ ဟိံသိ မမံ ဟိံသိ ဗဟုပ္ပဒေါ။

သဗ္ဗေသတ္တာ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာစ ကေဝလာ။
သဗ္ဗေဘဒြာနိ ပဿန္တု၊ မာကိဉ္စိ ပါပမာဂမာ။

၁၀၆။ အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော။
အပ္ပမာဏော သံဃော၊ ပမာဏဝန္တာနိ သရီသပါနိ။
အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏနာဘိ သရဗူ မူသိကာ။

ကတာ မေ ရက္ခာ ကတာ မေ ပရိတ္တာ၊ ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊ နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

အိုရသေ့တို့ သင်တို့သည် ဝိရူပက္ခနဂါးမျိုးတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ဧရာပထနဂါးမျိုးတို့နှင့်လည်းတကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ဆဗျာပုတ္တနဂါးမျိုးတို့နှင့်လည်းတကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ကဏှာဂေါတမ နဂါးမျိုးတို့နှင့်လည်း တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ ဤသို့ မေတ္တာကို ပွါးစေကြကုန်လော။

အို ရသေ့တို့ သင်တို့သည် အခြေ မရှိကုန်သော သတ္တဝါတို့နှင့်တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ အခြေနှစ်ချောင်း ရှိကုန်သော သတ္တဝါတို့နှင့် လည်းတကွ ငါ၏ချစ်ခြင်းသည် ဖြစ်စေသတည်း။ အခြေလေးချောင်းရှိကုန်သော သတ္တဝါတို့နှင့်လည်း တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်း။ များသော အခြေရှိကုန်သော သတ္တဝါတို့နှင့်လည်း တကွ ငါ၏ ချစ်ခြင်းသည် ဖြစ်စေသတည်းဟု ဤသို့ မေတ္တာကို ပွါးစေကြကုန်လော။

အို ရသေ့တို့ သင်တို့သည် ငါ့ကို အခြေမရှိသော သတ္တဝါသည် မညှဉ်းဆဲစေသတည်း။ အခြေနှစ်ချောင်းရှိသော သတ္တဝါသည်လည်း ငါ့ကို မညှဉ်းဆဲစေသတည်း။ အခြေလေးချောင်းရှိသော သတ္တဝါသည်လည်း ငါ့ကို မညှဉ်းဆဲစေသတည်း။ များသောအခြေရှိသော သတ္တဝါသည်လည်း ငါ့ကို မညှဉ်းဆဲစေသတည်းဟု မေတ္တာကို ပွားကြကုန်လော့။

အို ရသေ့တို့ သင်တို့သည် ခပ်သိမ်းကုန်သော ဝဋ်တရား ခန္ဓါငါးပါးတို့၌ ငြိစွန်းတတ်ကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ ခပ်သိမ်းကုန်သော ထွက်သက် ဝင်သက်နှင့်ပြည့်စုံကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ခပ်သိမ်းကုန်သော ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်ကုန်သော သတ္တဝါတို့သည် လည်းကောင်း၊ အလုံးစုံကုန်သော ခပ်သိမ်းကုန်သော သတ္တဝါတို့သည် ကောင်းသော အာရုံတို့ကိုသာလျှင် မြင်စေကုန်သတည်း၊ တစ်စုံတစ်ခုသော ယုတ်မာသော ဆင်းရဲခြင်းသို့ မရောက်စေကုန်သတည်းဟု မေတ္တာကို ပွားစေကြကုန်လော့။

အို ရသေ့တို့ ဘုရားကျေးဇူးတော်သည် အတိုင်းအရှည် မရှိ၊ တရားတော်ဂုဏ်သည် အတိုင်းအရှည် မရှိ၊ သံဃာတော်၏ဂုဏ်သည် အတိုင်းအရှည် မရှိဟု သင်တို့သည် ရတနာသုံးပါးတို့၏ ကျေးဇူးတို့ကို အောက်မေ့ကုန်လော့။

အို ရသေ့တို့ သင်တို့သည် မြေ ကင်းမြီးကောက် ကင်းခြေများကိုလည်းကောင်း၊ ပင့်ကူကိုလည်းကောင်း၊ တက်တူ ကြွက်တို့ကိုလည်းကောင်း ဤသို့ သဘောရှိကုန်သော ရွရွတွား၍ သွားတတ်ကုန်သော ကိုယ်ဖြင့် သွားတတ်ကုန်သော သတ္တဝါတို့သည် ကိလေသာ ရှိကုန်၏၊ ဤကိလေသာ ရှိကုန်သော သတ္တဝါတို့သည် ကိလေသာ မရှိကုန်သော သုံးပါးကုန်သော ရတနာတို့၏ အာနုဘော်အားဖြင့် ညဥ့်နေ့ပတ်လုံး စောင့်ရှောက်သော အမှုကို ပြုစေကုန်သတည်းဟု တောင့်တကုန်လော့။

အို ရသေ့တို့ သင်တို့သည် ငါသည် ရတနာသုံးပါးတို့၏ ကျေးဇူးတို့ကို အောက်မေ့သောအားဖြင့် အစောင့် အရှောက်ကို ပြုအပ်ပြီ၊ ငါသည် ရတနာသုံးပါးတို့၏ ကျေးဇူးတို့ကို အောက်မေ့သောအားဖြင့် အရံအတားကို ပြုအပ်ပြီ၊ ငါ၏အကျိုးမဲ့ကို အလိုရှိကုန်သော သတ္တဝါတို့သည် ဖဲစေကုန်သတည်းဟု တောင့်တကုန်ခလော့၊ ထိုငါသည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော မြတ်စွာဘုရားအား ရှိခိုးခြင်းကို ပြုပါ၏။ ထိုငါသည် ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့အား ရှိခိုးခြင်းကို ပြုပါ၏ဟု ရှိခိုးခြင်းကို ပြုကြကုန်လော့။

ဤသို့ ဘုရားလောင်းသည် ရသေ့အပေါင်းအား ဤပရိတ်ကို ဖွဲ့၍ ပေး၏။ ထိုအခါမှ စ၍ ရသေ့အပေါင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ မေတ္တာကို ပွါးစေ၏။ ဘုရားကျေးဇူးတော်တို့ကို အောက်မေ့၏။ ထိုရသေ့တို့သည် ဘုရားကျေးဇူးတော်တို့ကို အောက်မေ့ကုန်သည်ရှိသော် ခပ်သိမ်းကုန်သော မြွေမျိုးတို့သည် ဖဲကုန်၏၊ ဘုရားလောင်းသည်လည်း ဗြဟ္မဝိဟာရဈာန်ကို ပွါးစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ ရသေ့အပေါင်းတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်းတို့၏ဆရာ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

[အစမှကား နှစ်ဂါထာတို့ဖြင့် ၄ မြွေမင်းမျိုး လေးပါးတို့၌ မေတ္တာကို ပြသည်၏ အဖြစ်ကြောင့် တစ်နည်းကား ဩဒိသက, အနောဒိသက တို့၏ အစွမ်းအားဖြင့် နှစ်ပါးကုန်သော မေတ္တာဘာဝနာတို့ကို ပြသည်၏ အဖြစ်ကြောင့် ဤခန္ဓပရိတ်ကို ဤဒုကနိပါတ်၌ ဟောအပ်၏။ ဤသို့ သိအပ်၏။]

(မေတ္တာခြုံမှ လုံ)

နှစ်ရာသုံးခုမြောက်သော ခန္ဓဇာတ်သည် ပြီး၏။

## ၂၀၄-ဝီရကဇာတ်

## (တင်ကျီးနှင့် ကျီးကန်း)

### ဖားတုလို့ ခရုနှန် အိုင်ပျက်ရုံသာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အပိဝီရက ပဿေသိ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝီရကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား၏ အတုပြုခြင်းကို အကြောင်းပြု၍ ဟောတော်၏။

သာရိပုတ္တရာ မောဂ္ဂလာန်မထေရ်တို့သည် ဒေဝဒတ်၏ ပရိသတ်ကို ယူကုန်၍ လာကုန်သည် ရှိသော် မြတ်စွာဘုရားသည် သာရိပုတ္တရာ – ဒေဝဒတ်သည် သင်တို့ကို မြင်၍ အသို့ပြုသနည်း။ ဤသို့ မေးတော်မူ၍ အရှင်ဘုရား.... ဘုရားသဗ္ဗညု အတုကို ပြု၏ဟု နားတော်လျှောက်သည်ရှိသော် သာရိပုတ္တရာ.... ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ၏ အတုဖြစ်သော အမူအရာကို ပြုခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေး၌လည်း ပျက်စီးခြင်းသို့ ရောက်ဖူးပြီဟု မိန့်တော်မူ၍ သာရိပုတ္တရာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

သာရိပုတ္တရာ ...လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် တင်ကျီးမျိုး၌ဖြစ်၍ တစ်ခုသော အိုင်ကို အမှီပြု၍ နေ၏။ ထိုဘုရားလောင်းအား ဝီရကဟူသော အမည်သည် ဖြစ်၏။ ထိုအခါ ကာသိတိုင်း၌ ငတ်မွတ်ခြင်းသည် ဖြစ်၏။ လူတို့သည် ကျီးစာ ထမင်းကို ပေးအံ့သောငှါလည်းကောင်း၊ ဘီလူး နဂါးတို့အား ပူဇော်ပသခြင်း အမှုကို ပြုအံ့သောငှါလည်းကောင်း မစွမ်းနိုင်ကုန်။ ငတ်မွတ်သော တိုင်းမှ ကျီးတို့သည် များသောအားဖြင့် တောသို့ ဝင်ကုန်၏။ ထိုတော၌ ဗာရာဏသီ ပြည်နေ သဝိဋ္ဌကအမည်ရှိသော တစ်ခုသော ကျီးသည် ကျီးမကို ခေါ်ခဲ့၍ ဝီရက၏ နေရာအရပ်သို့ ရောက်၍ ထိုအိုင်ကို မှီ၍ လျှောက်ပတ်သော အရပ်၌ နေ၏။ ထိုသဝိဋ္ဌကသည် တစ်နေ့သ၌ ထိုအိုင်၌ အစာကို ယူလတ်သည်ရှိသော် ဝီရကသည် အိုင်သို့ သက်၍ ငါးတို့ကို စား၍ အိုင်မှ တက်၍ ကိုယ်ကို ခြောက်စေသည်ကို မြင်၍ တင်ကျီးကို

အမှိုက်ပုံ၌ များစွာကုန်သော ငါးတို့ကို ရစိမ့်သောငှါ ဤတင်ကျီးကို ခစားအံ့ဟု နှလုံးသွင်း၍ ထိုဝီရကသို့ကပ်၍ အဆွေ.... အဘယ်အလိုရှိသနည်းဟု ဆိုလတ်သည်ရှိသော် အရှင် ငါသည် အရှင့်ကို ခစားအံ့သောငှါ အလိုရှိ၏ဟု ဆို၍ ကောင်းပြီဟု ထိုဝီရကသည် ဝန်ခံအပ်သည်ဖြစ်၍ ထိုအခါမှစ၍ ခစား၏။

ဝီရကသည်လည်း ထိုအခါမှစ၍ မိမိမျိုလောက်ရုံကိုသာ စား၍ ငါးတို့ကို ဆယ်၍ သဝိဋ္ဌကအား ပေး၏။ ထိုသဝိဋ္ဌကသည်လည်း မိမိမျိုလောက်ရုံသာ စား၍ အကြွင်းကို ကျီးမအား ပေး၏။ ထိုသဝိဋ္ဌကအား နောက်အဖို့၌ မာန သည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား ဤတင်ကျီးသည်လည်း မည်းသော အဆင်းရှိ၏။ ငါသည်လည်း မည်းသော အဆင်းရှိ၏။ မျက်စိ နှုတ်သီး ခြေသည်းတို့ဖြင့်လည်း ထိုတင်ကျီး၏လည်းကောင်း၊ ငါ၏လည်းကောင်း အထူးသည် မရှိ၊ ဤနေ့မှစ၍ ဤတင်ကျီးသည် ယူအပ်ကုန်သော ငါးတို့ဖြင့် ငါ့အား စားခြင်းအမှုသည် မရှိ၊ ငါသည်သာလျှင် ယူအံ့ ဤသို့ မာနသည် ဖြစ်၏။ ဖြစ်ပြီး၍ ထိုဝီရကသို့ ကပ်၍ အဆွေ–ဤနေ့မှစ၍ ငါသည်သာလျှင် အိုင်သို့ ဆင်း၍ ငါးတို့ကို ယူအံ့ဟု ဆို၏။ အဆွေ....သင်သည် ရေသို့ သက်၍ ငါးတို့ကို ဖမ်းသော အမျိုး၌ မဖြစ်ချေ မပျက်စီးစေလင့်ဟု တားမြစ်သော်လည်း ဝီရက စကားကို မယူမူ၍ အိုင်သို့ သက်၍၊ ရေသို့ဝင်၍ ငုပ်သည်ရှိသော် မှော်ကို ဖောက်၍ ထွက်အံ့သောငှါ မစွမ်းနိုင်၊ မှော်ကြား၌ ငြိ၏။ နှုတ်သီးဖျားမျှသာလျှင် ထင်၏၊ ထိုသဝိဋ္ဌကသည် အသက် မရှူနိုင်သည်ဖြစ်၍ ရေထဲ၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ထိုအခါ၌ သဝိဋ္ဌက၏ မယားသည် လာလဘ်သည်ကို မမြင်သည်ရှိသော် အကြောင်းကို သိစိမ့်သောငှါ ဝီရက၏ အထံသို့သွား၍ အရှင်....သဝိဋ္ဌကသည် မထင်၊ ထိုသဝိဋ္ဌကသည် အဘယ်မှာလျှင် ရှိလေသနည်း ဤသို့ မေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏–

၁၀၇။ အပိ ဝီရက ပဿေသိ၊ သကုဏံ မဉ္ဇုဘာဏကံ။
မယူရဂီဝသင်္ကာသံ၊ ပတိံ မယှံ သဝိဋ္ဌကံ။

အရှင်ဝီရက သာယာသောအသံ ရှိထသော၊ ဥဒေါင်းလည်နှင့်တူသော အဆင်းရှိထသော၊ ငါ၏လင်ဖြစ်သော သဝိဋ္ဌကအမည်ရှိသော ငှက်ကို အရှင်သည် မြင်ပါ၏လော။

ထိုစကားကို ကြား၍ ဝီရကသည် သင်၏ လင်သွားရာ အရပ်ကို ငါသိ၏ဟု ဆိုလိုရကား ဤဂါထာကို ဆို၏–

၁၀၇။ ဥဒကထလစရဿ ပက္ခိနော၊
နိစ္စံ အာမကမစ္ဆဘောဇိနော။
တဿာ'နုကရံ သဝိဋ္ဌကော၊
သေဝါလေ ပလိဂုဏ္ဍိတော မတော။

ကျီးမ ရေ, ကြည်းအရပ်၌ ကျက်စားခြင်းငှါ စွမ်းနိုင်ထသော ငှက်သည် အမြဲ ဆယ်၍ပေးအပ်သော ငါးစိမ်းကို စားသော၊သဝိဋ္ဌကသည် ထို ရေ, ကြည်း အရပ်၌ ကျက်စားခြင်းငှါ စွမ်းနိုင်သောငှက်၏ အတုပြုခြင်းကြောင့် မှော်၌ ငြိသည်ဖြစ်၍ သေလေပြီ။

ထိုစကားကိုကြား၍ ကျီးမသည် ငို၍ ဗာရာဏသီပြည်သို့လျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သာရိပုတ္တရာ– ယခုအခါ ဒေဝဒတ်သည် ထိုအခါ သဝိဋ္ဌက ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဝီရက ဖြစ်ဖူးလေပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ကိုယ်မစွမ်းပေါင်၊ မာနထောင်၊ ကျီးကောင်ပျက်စီးသို့)

နှစ်ရာလေးခုမြောက်သော ဝီရကဇာတ်သည် ပြီး၏။

---

၂၀၅-ဂဂ်ေယျဇာတ်

ကိုယ့်ဗိုက်အောက် ကိုယ်ယက်တတ်သည့် လိပ်

ငါးနှင့်လိပ်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "သောဘတိ မစ္ဆော ဂဂ်ေယျော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂဂ်ေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် ပဉ္စင်းငယ်နှစ်ယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေကုန်သော အမျိုးကောင်းသားဖြစ်ကုန်သော နှစ်ယောက် ကုန်သော ရဟန်းတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၍ အသုဘဘာဝနာကို အားမထုတ်မူ၍ အဆင်းကို ချီးမွမ်းတတ်ကုန်သည်ဖြစ်၍ အဆင်းကို ဝင့်တယ် စကုန်လျက် သွားကုန်သတတ်။ ထိုနှစ်ယောက်ကုန်သော ရဟန်းတို့သည်

တစ်နေ့သ၌ သင်သည် မတင့်တယ်၊ ငါသည် တင့်တယ်၏။ ဤသို့ အဆင်းကိုမှီ၍ ငြင်းခုံခြင်း ဖြစ်ကုန်လတ်သော် အနီး၌ဒနသော တစ်ပါးသော မထေရ်အိုကို မြင်၍ ဤရဟန်းအိုသည် ငါတို့၏ တင့်တယ်သည် မတင့်တယ်သည်၏ အဖြစ်ကို သိလတ္တံ့ဟု ဆိုကုန်၍ ထိုရဟန်းအိုသို့ ကပ်ကုန်၍ အရှင်ဘုရား– ငါတို့တွင် အဘယ်သူသည်လျှင် တင့်တယ်သနည်းဟု မေးကုန်၏။ ထိုရဟန်းအိုသည် ငါ့ရှင်တို့– သင်တို့ထက် ငါသည်သာလျှင် လွန်၍ တင့်တယ်၏ဟု ဆို၏။ ပဉ္စင်းငယ်တို့သည် ဤရဟန်းအိုကား ငါတို့မေးအပ်သည်ကို မဖြေမူ၍ မမေးအပ်သည်ကို ဆို၏ဟု ထိုရဟန်းအိုကို ဆဲရေးကုန်၍ သွားကုန်၏။ ထိုရဟန်းတို့၏ ထို အမှုအရာသည် ရဟန်းသံဃာ၌ ထင်ရှား၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည်ရှိသော မထေရ်အိုသည် အဆင်းကိုမှီကုန်သော ထိုရဟန်းငယ်တို့ကို ရှက်စေသတတ်ဟု စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့–ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြသနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား-ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့-နှစ်ယောက်ကုန်သော ရဟန်းငယ်တို့သည် ယခုအခါ၌သာလျှင် မိမိတို့၏အဆင်းကို ချီးမွမ်းတတ်သည် မဟုတ်ကုန်သေး၊ ရှေး၌လည်း ထိုရဟန်းငယ်တို့သည် မိမိတို့၏ အဆင်းကိုသာလျှင် ချီးမွမ်းကုန်လျက် သွားဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဂင်္ဂါမြစ်နား၌ ရုက္ခစိုးနတ်ဖြစ်၏၊ ထိုအခါ၌ ဂင်္ဂါ, ယမုနာမြစ်တို့၏ ဆုံရာအရပ်၌ ဂင်္ဂါငါး, ယမုနာငါး ဤငါးနှစ်ကောင်တို့သည် ငါသည် တင့်တယ်၏၊ သင်သည် မတင့်တယ်ဟု အဆင်းကို အမှီပြုကုန်၍ ငြင်းခုံသည်ရှိသော် အနီးဖြစ်သော ဂင်္ဂါကမ်းနား၌နေသော လိပ်ကို မြင်ကုန်၍ ဤလိပ်သည် ငါတို့၏ တင့်တယ်သည် မတင့်တယ်သည်၏ အဖြစ်ကို သိလတ္တံ့ဟု ဆိုကုန်၍ ထိုလိပ်သို့ကပ်ကုန်၍ အဆွေလိပ် ဂင်္ဂါငါးသည် တည်း တင့်တယ် လေသလော၊ ထိုသို့ မဟုတ်မူကား ယမုနာ ငါးသည်တည်းပင် တင့်တယ် သလောဟု မေးကုန်၏။ လိပ်သည်လည်း ဂင်္ဂါငါးသည်လည်း တင့်တယ်ပေ၏၊ ယမုနာ ငါးသည်လည်း တင့်တယ်ပေ၏။ နှစ်ခုလည်း ဖြစ်ကုန်သော သင်တို့ထက်ကား ငါသည်သာလျှင် အတိုင်းထက်အလွန် တင့်တယ်၏။ ဤသို့သော အနက်ကို ပြလိုရကား ဤဂါထာကို ဆို၏—

၁၀၉။ သောဘတိ မစ္ဆော ဂင်္ဂေယျော၊ အထော သောဘတိ ယာမုနော။
စတုပ္ပဒါယံ ပုရိသော၊ နိဂြောဓပရိမဏ္ဍလော။
ဤကာယတ ဂီဝေါ စ၊ သဗ္ဗေ အတိရောစတိ။

ဂင်္ဂါမြစ်ငါးသည်လည်း တင့်တယ်လှပေ၏။ ထိုမှတစ်ပါး ယမုနာငါးသည်လည်း တင့်တယ်လှပေ၏။ အခြေလေးချောင်းရှိထသော၊ ပညောင်ပင်၏ အဝန်းကဲ့သို့ ဝန်းသော ကိုယ်ရှိထသော ရထားသံကဲ့သို့ ရှည်သောလည်ရှိထသော ဤ ယောကျ်ားသည်ကား အလုံးစုံသော သင်တို့ကိုလျှင် လွန်၍ တင့်တယ်သေး၏။

ငါးတို့သည် ထိုလိပ်၏ စကားကို ကြားကုန်၍ အိုလိပ်ယုတ်မာ ငါတို့သည် မေးအပ်သည်ကို မဖြေမူ၍ တစ်ပါးကိုသာလျှင် ဆို၏ဟု ဤဂါထာကို ဆိုလို၍ ဆို၏—

၁၁၀။ ယံ ပုစ္ဆိတော န တံ အက္ခာသိ၊ အညံ အက္ခာသိ ပုစ္ဆိတော။
အတ္တပ္ပသံသကော ပေါသော၊ နာယံ အသ္မာက ရုစ္စတိ။

အိုလိပ်ယုတ်မာ မေးအပ်သော လိပ်သည် ငါတို့သည် မေးအပ်သော ထိုပြဿနာကို မဖြေဆိုဘဲ တစ်ပါးကို ဖြေဆို၏။ မိမိကိုယ်ကို ချီးမွမ်းတတ်သော ငါတို့သည် မေးအပ်သော ဤယောကျ်ားသည် ငါတို့အား မနှစ်သက်စေ။

ဤသို့ ဆိုကုန်၍ လိပ်၏အပေါ်သို့ ရေကိုပက်ခဲ့ကုန်၍ မိမိတို့၏ နေရာအရပ်သို့ လျှင် သွားကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ၌ နှစ်ယောက်ကုန်သော ပဋ္ဌင်းငယ်တို့သည် ထိုအခါ ငါးနှစ်ကောင်တို့ ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ရဟန်းအိုသည် ထိုအခါ လိပ်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဤဆိုအပ်ပြီးသော အကြောင်းကို မျက်မှောက် ပြုခဲ့ရသော ဂင်္ဂါမြစ်နား၌ ဖြစ်သော ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးခုမြောက်သော ဂင်္ဂေယျဇာတ်သည် ပြီး၏။

---

## ၂၀၆-ကုရုင်္ဂမိဂဇာတ်

## (မိတ်ဆွေ သုံးဦး)

## စုပေါင်းညီညာ အောင်ကြောင်းဖြာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဣဃံ ဝဋ္ဋ မယံ ပါသံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုရုင်္ဂမိဂဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားအား ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု မြတ်စွာဘုရားသည် ကြားတော်မူ၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေး၌လည်း လုံ့လပြုသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ကုရုင်္ဂမည်သော သမင်ဖြစ်၍ တောဝယ် တစ်ခုသော ရေအိုင်၏အနီး ဝ စ်ခုသောချုံ၌ နေ၏။ ထိုအိုင်၏အနီး တစ်ခုသော သစ်ပင်ဖျား၌ ခေါက်ရှာငှက်သည် နေ၏။ ရေအိုင်၌ လိပ်သည် နေ၏။ ဤသို့ ထိုသုံးခုကုန်သော တိရစ္ဆာန်တို့သည် အဆွေခင်ပွန်း ဖြစ်ကုန်၏။ အချင်းချင်း ချစ်စွာသောနေခြင်းဖြင့် နေကုန်၏။ ထိုအခါ၌ တစ်ယောက်သော သားမုဆိုးသည် တော၌လှည့်လည်သည် ရှိသော် ရေဆိပ်၌ ဘုရားလောင်း၏ ခြေရာကိုမြင်၍ သံချောင်းနှင့်တူသော လုံး၍ ပြုအပ်သော သာရေကျော့ကွင်းကို ထောင်၍သွား၏။ ဘုရားလောင်းသည် ရေကိုသောက်အံ့သောငှါ လာသည်ရှိသော် ညဉ့်ဦးယံကပင်လျှင် ကျော့ကွင်း၌ မိခြင်းကြောင့်ဖြစ်သော မြည်သံကို မြည်၏။ ထိုဘုရားလောင်း၏ အသံကြောင့် သင်ပင်မှ ခေါက်ရှာငှက်သည် လည်းကောင်း, ရေမှလိပ်သည်လည်းကောင်း လာလတ်ကုန်၍ အသို့လျှင် ပြုအပ်သနည်း ဤသို့တိုင်ပင်ကြကုန်၏။ ထိုအခါ၌ ခေါက်ရှာငှက်သည် လိပ်ကို ခေါ်၍ အဆွေလိပ် သင့်အား သွားတို့သည်ရှိကုန်၏။ သင်သည် ကျော့ကွင်းကို ဖြတ်လော့။ ငါသည် သွား၍ အကြင်သို့ပြုအပ်သည်ရှိသော် ထိုမုဆိုးသည် မလာလတ္တံ့။ ထိုသို့ ပြုချေအံ့။ ဤသို့ နှစ်ယောက်ကုန်သော ငါတို့သည် ပြုအပ်သော လုံ့လဖြင့် ငါတို့၏အဆွေသည် အသက်ကို ရလတ္တံ့။ ဤသို့သော အနက်ကို ပြလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏—

၁၁၁။ ဃ္ဃဿ ဝဋ္ဋမယံ ပါသံ၊ ဆိန္ဒ ဒန္တေဟိ ကစ္ဆပ။
အဟံ တထာ ကရိဿာမိ၊ ယထာ နေဟိတိ လုဒ္ဒကော။

အဆွေလိပ် ငါတိုက်တွန်း၏။ သင်သည် လုံး၍ပြုအပ်သော သားရေကျော့ကွင်းကို သွားတို့ဖြင့် ဖြတ်လော၊ ငါသည်ကား အကြင်သို့ ပြုအပ်သည်ရှိသော် မုဆိုးသည် မလာလတ္တံ့၊ ထိုသို့ ပြုချေအံ့။

လိပ်သည် သားရေဖြင့်ပြီးသော လုံးသော ကျော့ကွင်းကို ကိုက်အံ့သောငှါ အားထုတ်၏။ ခေါက်ရှာငှက်သည်ကား မုဆိုး၏နေရာ ရွာသို့ ပြန်လေ၍ အနီးဖြစ်သော သစ်ပင်၌ နေ၏။ မုဆိုးသည် မိုးသောက်ထကာလ၌လျှင် လှံကို ယူ၍ ထွက်၏။ ခေါက်ရှာငှက်သည် ထိုမုဆိုး ထွက်သည်၏အဖြစ်ကို သိ၍ မြည်လျက် အတောင်ကိုခါပြီးလျှင် အရှေ့တံခါးဖြင့် ထွက်လာသော ထိုမုဆိုးကို မျက်နှာ၌ ပုတ်၏။ မုဆိုးသည် ငှက်ယုတ်မာသည် ပုတ်ခတ်အပ်သည်ဟု ပြန်၍ အတန်ငယ်အိပ်၍ တစ်ဖန် လှံကိုယူ၍ ထ၏။ ခေါက်ရှာငှက်သည် ဤမုဆိုးသည် ရှေးဦးစွာ အရှေ့တံခါးဖြင့် ထွက်လတ်၏။ ယခုအခါ၌ အနောက်တံခါးမှ ထွက်လတ္တံ့ဟု သွား၍ အိမ်၏အနောက်၌ နေ၏။ မုဆိုးသည်လည်း အရှေ့တံခါးဖြင့် ထွက်သော ငါသည် ငှက်ယုတ်မာကို မြင်အပ်၏။ ယခုအခါ၌ အနောက်တံခါးဖြင့် ထွက်အံ့ ကြံလျက် ထွက်၏။ ငှက်သည် မြည်လျက် ပြေးလာ၍ မျက်နှာ၌ ပုတ်ခတ်၏၊ မုဆိုးသည် ငှက်ယုတ်မာသည် ပုတ်ခတ်ပြန်၏။ ယခုအခါ၌ ဤငှက်ယုတ်မာသည် ငါ့အား ထွက်စိမ့်သောငှါ မပေးဟု ပြန်၍ အရုဏ်တက်သည်တိုင်အောင် အိပ်၍ အရုဏ်တက်သော အခါ၌ လှံကို ယူ၍ ထွက်၏။ ငှက်သည် လျင်မြန်စွာ ပျံသွား၍ မုဆိုးသည် လာချေပြီဟု ဘုရားလောင်းအား ပြောဆို၏။ ထိုခဏ၌ လိပ်သည်သားရေတစ်လွန်းမျှကိုသာ လျှင် ထား၍ ကြွင်းသော အလွန်းကို ခဲအပ်ပြီးသည်ဖြစ်၍ ထိုလိပ်၏သွားတို့သည်ကား ကျွေလုသော အခြင်းအရာသို့ ရောက်ကုန်၏။ ခံတွင်းသည် သွေးအလိမ်း ဒလိမ်းကပ်၏။

ဘုရားလောင်းသည် လှံကိုကိုင်၍ မိုးကဲ့သို့သော အဟုန်ဖြင့် လာလတ်သော မုဆိုးကို မြင်၍ ထိုအနှောင်အဖွဲ့ကို ဖြတ်၍ တောသို့ ဝင်၏။ ခေါက်ရှာငှက်သည် သစ်ပင်ဖျား၌ နေ၏။ လိပ်သည်ကား အားနည်းသည်၏အဖြစ်ကြောင့် ထိုအရပ်၌သာလျှင် ဝပ်၏။ မုဆိုးသည် လိပ်ကိုယူ၍ အိတ်၌ထည့်၍ တစ်ခုသော သစ်ငုတ်၌ ဆွဲ၏။ ဘုရားလောင်းသည် ပြန်၍ကြည့်လတ်သည်ရှိသော် လိပ်ကို ယူသည်၏အဖြစ်ကို သိ၍ ငါ၏အဆွေအား အသက်အလှူကို ပေးအံ့ဟု အားနည်းဟန်ပြု၍ မုဆိုးအား ကိုယ်ကိုပြ၏။ မုဆိုးသည် ဤကုရုင်္ဂသမင်သည်ကား

အားနည်းသည် ဖြစ်လတ္တံ့၊ ထိုကုရင်္ဂသမင်ကို သတ်အံ့ဟု လှံကိုယူ၍ လိုက်၏။ ဘုရားလောင်းသည် မဝေးလွန်း မနီးလွန်းသဖြင့် သွားလျက် ထိုမုဆိုးကို သွေးဆောင်၍ တောသို့ ဝင်၏။ အဝေးသို့ ရောက်သည်၏ အဖြစ်ကို သိ၍ ခြေရာ လှည့်စား၍ ခရီးတစ်ပါးဖြင့် လေကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် ပြေးလေ၏။ ချိဖြင့်ချိတ်ချီ၍ မြေ၌ချ၍ဖောက်၍ လိပ်ကိုထုတ်၏။ ခေါက်ရှာငှက် သည်လည်း သစ်ပင်မှ သက်လာ၏။ ဘုရားလောင်းသည် နှစ်ကောင်ကုန်သော ငှက်လိပ်တို့အား အဆုံးအမကိုပေးလျက် ငါသည် အသင်တို့ကိုမှီ၍ အသက်ကို ရပေ၏။ သင်တို့သည် အဆွေဖြစ်သော ငါ၏ပြုအပ်သော ကိစ္စကို ပြုပေ၏၊ ယခုအခါ၌ မုဆိုးသည် လာလတ်၍ သင်တို့ကို ဖမ်းရာ၏။ ထို့ကြောင့် အဆွေ ခေါက်ရှာငှက် သင်သည် မိမိ၏ သားငယ်တို့ကိုယူ၍ တစ်ပါးသောအရပ်သို့ သွားလော့။ အဆွေလိပ် သင်သည်လည်း ရေသို့ ဝင်လေလော့ဟု ဆို၏။

ထိုငှက်တို့သည် ထိုဘုရားလောင်းဆိုတိုင်း ပြုကုန်၏၊ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏—

၁၁၂။ ကစ္ဆပေါ ပါဝိသီ ဝါရိံ၊ ကုရင်္ဂေါ ပါဝိသီ ဝနံ။
သတပတ္တော ဒုမဂ္ဂမှာ၊ ဒူရေ ပုတ္တေ အပါနယိ။

ရဟန်းတို့ ထိုအခါ၌ ငါသည် အဆုံးအမကို ပေးအပ်သည်ရှိသော် လိပ်သည် ရေသို့ ဝင်၏၊ ကုရင်္ဂမည်သော သမင်သည်ကား တောသို့ ဝင်၏၊ ခေါက်ရှာငှက် သည်ကား သစ်ပင်ဖျားမှ ဝေးသောအရပ်သို့ သားတို့ကို ဆောင်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မုဆိုးဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခေါက်ရှာငှက် ဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ လိပ်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကုရင်္ဂမည်သော သမင်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ခုမြောက်သော ကုရင်္ဂမိဂဇာတ်သည် ပြီး၏။

## ၂၀၇-အဿကဇာတ်

### ရှက်ကျပင်ပေါက်ပမာ

(နွားချေးပိုး)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် အယ’မဿကရေဇေန အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဿကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ရဟန်း သင်သည် ငြီးငွေ၏ ဟူ၍ ကြားရသည်ကား မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူသည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၏။ ရဟန်း သင့်ကို အဘယ်သူသည် ငြီးငွေစေအပ်သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား မယားဟောင်းသည် ငြီးငွေစေအပ်၏ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်၌ ထိုမိန်းမ၏ ချစ်ခြင်းသည် မရှိ။ ရှေး၌လည်း ထိုမိန်းမကို မှီ၍ သင်သည် ကြီးစွာသော ဆင်းရဲသို့ ရောက်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ကာသိတိုင်းဝယ် ပါဋလိမြို့၌ အဿက အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအဿကမင်းအား ဥပရိအမည်ရှိသော ချစ်မြတ်နိုးစွာသော မိဖုရားသည် ရှိ၏။ ထိုဥပရိသည် အလွန် အဆင်းလှ၏။ ရှုချင်ဖွယ်ရှိ၏၊ ကြည်ညိုဖွယ်ရှိ၏။ လူမိန်းမ၏ အဆင်းကို လွန်၏။ နတ်သမီး အဆင်းကို မမှီတတ်၊ ထိုဥပရိသည် သေ၏။ ထိုဥပရိသေခြင်းကြောင့် အဿကမင်းသည် သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ပင်ပန်းသည် ဖြစ်၏။ နှလုံးမသာသည် ဖြစ်၏။ ထိုအဿကမင်းသည် ထိုဥပရိ၏အလောင်းကို တလား၌ ယှောင်းစေ၍ ဆီ၌ ထည့်စေ၍ ညောင်စောင်းနေရာအောက်၌ ထားစေ၍ အာဟာရကင်းလျက် မျက်ရည်ယို၍ ငိုကြွေးလျက် အိပ်၏။ မယ်တော် ခမည်းတော်တို့သည်လည်းကောင်း၊ ကြွင်းကုန်သော အဆွေအမျိုး အဆွေခင်ပွန်း အမှုးအမတ်တို့သည်လည်းကောင်း၊ ပုဏ္ဏားသူကြွယ် အစရှိကုန်သော သူဘို့သည် လည်းကောင်း မင်းမြတ် စိုးရိမ်ဘော်မမူလင့်။ သင်္ခါရတို့သည် အနိစ္စသာလျှင် ဖြစ်ကုန်၏။

ဤသို့ အစရှိသည်တို့ကို ဆိုကုန်လျက် ကောင်းစွာ သိစိမ့်သောငှါ မတတ်နိုင်ကုန်။ ထိုအသကမင်း၏ ငိုကြွေးမြည်တမ်းစဉ်ပင်လျှင် ခုနစ်ရက်တို့သည် လွန်ကုန်၏။

ထိုအခါ၌ ဘုရားလောင်းသည် ငါးပါးသော အဘိညာဉ် ရှစ်ပါးသော သမာပတ်တို့ကို ရသော ရသေ့ဖြစ်၍ ဟိမဝန္တာ အရပ်၌နေလျက် အလင်းကို ပွားစေ၍ ဒိဗ္ဗစက္ခုဖြင့် ဇမ္ဗူဒိပ်ကို ကြည့်လတ်သည်ရှိသော် ထိုအသကမင်း ငိုကြွေးလျက် နေသည်ကိုမြင်၍ ငါသည် ထိုအသကမင်း၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟု နှလုံးသွင်း၍ တန်ခိုးအာနုဘော်အားဖြင့် ကောင်းကင်၌ ပျံ၍ မင်း၏ဥယျာဉ်၌ သက်၍ မင်္ဂလာကျောက်ဖျာ၌ ရွှေဆင်းတုကဲ့သို့ နေ၏။ ထိုအခါ၌ တစ်ယောက်သော ပါဋလိမြို့၌ နေသော ပုဏ္ဏားလုလင်သည် ဥယျာဉ်သို့ ရောက်လတ်သော် ဘုရားလောင်းကို မြင်၍ ရှိခိုး၍ နေ၏။ ဘုရားလောင်းသည် ထိုပုဏ္ဏားလုလင်နှင့်တကွ စကားစေ့စပ်ခြင်းကို ပြုလေ၏။ လုလင် မင်းသည် တရားစောင့်ပါ၏လောဟု မေး၏။ အရှင်ဘုရား မင်းသည် တရား ကား စောင့်၏။ ထိုသို့ တရားစောင့်သော်လည်း ထိုမင်း၏ မိဖုရားသည် သေ၏။ ထိုမင်းသည် မိဖုရား၏ ကိုယ်ကို ဝါလားငယ်၌ ထည့်စေပြီး၍ ငိုကြွေးမြည်တမ်းလျက် အိပ်သည်ကား ယနေ့ ခုနစ်ရက်ရှိပြီ၊ အရှင်ဘုရားတို့ သည် မင်းကို ဤသို့သဘောရှိသော ဆင်းရဲမှ အဘယ့်ကြောင့် မလွတ်စေကုန် သနည်း၊ အရှင်ဘုရားတို့ ကဲ့သို့သော သီလရှိကုန်သော အရှင်မြတ်တို့သည် ရှိကုန်လျက် မင်းအား ဤသို့ သဘောရှိသော ဆင်းရဲဒုက္ခကို ခံရအံ့သောငှါ သင့်သလောဟု ပုဏ္ဏားလုလင်သည် လျှောက်သည်ရှိသော် လုလင်၊ ငါသည် မင်းကိုမသိသည်လျှင်ကတည်း၊ ထိုသို့မသိသော်လည်း ထိုမင်းသည် လာလတ်၍ ငါ့ကို အကယ်၍ မေးငြားအံ့၊ ငါသည်လျှင် ထိုမိဖုရား၏ ဖြစ်ရာအရပ်ကို ထိုမင်းအား ကြား၍ မင်း၏ အထံ၌လျှင် ထိုမိဖုရားကို စကားဆိုစေအံ့ဟု ဘုရားလောင်း သည် ဆို၏။ အရှင်ဘုရား ထိုသို့ဖြစ်လျှင် အကြင်မျှလောက်သော ကာလ ပတ်လုံး မင်းကို ဆောင်ပါအံ့၊ ထိုမျှလောက်သော ကာလပတ်လုံး ဤအရပ်၌ သာလျှင် နေပါကုန်လော့ဟု ပုဏ္ဏားလုလင်သည် ဘုရားလောင်း၏ ဝန်ခံခြင်းကို ယူ၍ မင်း၏အထံသို့ သွား၍ ထိုအကြောင်းကို ကြား၏။ ဒိဗ္ဗစက္ခုနှင့်ပြည့်စုံ သော ရသေ့၏အထံသို့ သွားအံ့သောငှါ သင့်၏ဟု လျှောက်၏။

အသကမင်းသည် ဥပရိကို မြင်အံ့သောငှါ ရအံ့ဟူ၍ ကြားရလေ၏ဟု နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ရထားကိုစီး၍ ထိုဥယျာဉ်သို့သွား၍ ဘုရား လောင်းကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မိဖုရား၏ ဖြစ်ရာအရပ်ကို သိကုန်၏ဟူ၍ အကျွန်ုပ်ကြားရ သည်ကား မှန်သလောဟု မေး၏။ မင်းမြတ် မှန်၏ဟု ဆိုသည်ရှိသော် အရှင် ဘုရား အဘယ်အရပ်၌ ဖြစ်သနည်းဟု လျှောက်၏။ မင်းမြတ်၊ ထိုဥပရိသည်

အဆင်းကြောင့် ယစ်သည်ဖြစ်၍ မေ့လျော့ခြင်းကိုစွဲ၍ ကုသိုလ်ကောင်းမှု မပြုမူ၍ ဥယျာဉ်၌လျှင် နွားချေးပိုး၏အမျိုး၌ဖြစ်၏ဟု ဆို၏။ အရှင်ဘုရား၊ အကျွန်ုပ်သည် မယုံဟု ဆိုအပ်သည်ရှိသော် ထိုသို့ဖြစ်လျှင် ထို နွားချေးပိုးမကို သင်မင်းမြတ်အား ပြ၍ဆိုစေအံ့ဟု ဆို၏၊ အရှင်ဘုရား ကောင်းပြီ၊ ဆိုစေကုန်လော့ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မိမိ၏အာနုဘော်အားဖြင့် နှစ်ခုကုန်သော နွားချေးပိုး ဖိုမတို့သည် နွားချေးစိုင်ကို ဖောက်ကုန်လျက် မင်း၏ ရှေ့သို့ လာစေကုန်သတည်းဟု ထိုနှစ်ခုကုန်သော နွားချေးပိုး ဖိုမတို့၏ လာခြင်းကို ပြု၏၊ ထိုနှစ်ခုကုန်သော နွားချေးပိုးဖိုမတို့သည် ဘုရားလောင်းမိန့်ခွန်းတိုင်းလျှင် လာလတ်ကုန်၏။ ဘုရားလောင်းသည် ထိုနွားချေးပိုးမကိုပြလျက် မင်းမြတ် နွားချေးပိုးမသည် သင်မင်းမြတ်၏ ဥပရိမည်သော မိဖုရားတည်း၊ သင့်ကိုစွန့်၍ နွားချေးပိုးဖို၏နောက်မှ လိုက်၏၊ ထိုနွားချေးပိုးမကို ရှုကုန်လော့ဟု ဆို၏။ အရှင်ဘုရား၊ ဥပရိစဉ်လျက် နွားချေးပိုး၏အမျိုး၌ ဖြစ်လတ္တံ့ဟူ၍ အကျွန်ုပ်သည် မယုံဟု ဆိုသည်ရှိသော် မင်းမြတ်၊ ထိုနွားချေးပိုးမကို ဆိုစေအံ့ဟုဆို၍ အရှင်ဘုရား၊ ဆိုစေကုန်လော့ဟု လျှောက်သည်ရှိသော် ဘုရားလောင်းသည် မိမိ၏ အာနုဘော်အားဖြင့် ထိုနွားချေးပိုးမသည် ဆိုစေသတည်းဟုမိန့်ခွန်း၍ ဥပရိဟူ၍ ခေါ်၏။ နွားချေးပိုးမသည် လူ့ဘာသာဖြင့် အရှင်ဘုရား၊ အဘယ်ပြုအံ့နည်းဟုဆို၏။ သင်သည် လွန်လေပြီးသောဘဝ၌ အဘယ်အမည်ရှိသနည်းဟု ဆိုသည်ရှိသော် အရှင်ဘုရား အဿကမင်း၏ မိဖုရားကြီးဖြစ်သော ဥပရိအမည်ရှိသည် ဖြစ်၏ဟု ဆို၏။ ယခုအခါ၌ သင်သည် အဿကမင်းကိုတည်း ချစ်သလော၊ ထိုသို့မဟုတ်မူကား နွားချေးပိုးဖိုကိုတည်း ချစ်သလောဟု မေး၏။ အရှင်ဘုရား ထိုအဿကမင်းသည် ရှေးဘဝ၌ အကျွန်ုပ်၏ လင်ဖြစ်၏၊ ထိုအခါ၌ အကျွန်ုပ်သည် ဥယျာဉ်၌ အဿကမင်းနှင့်တကွ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို ခံစားလျက် သွားရ၏၊ ယခုတမူကား ဘဝဖုံးလွှမ်းခြင်းဖြစ်သောကာလမှစ၍ ထိုအဿကမင်းသည် အကျွန်ုပ်အား အသို့တော်သနည်း၊ ထို့ကြောင့် ယခုအခါ အကျွန်ုပ်သည် အဿကမင်းကိုသတ်၍ ထိုအဿကမင်း၏လည်ချောင်းသွေးဖြင့် အကျွန်ုပ်၏လင်ဖြစ်သော နွားချေးပိုးဖို၏ ခြေတို့ကို လိမ်းချင်၏ဟု ဆို၍ ပရိသတ်အလယ်၌ လူ၏ဘာသာဖြင့် ဤနှစ်ဂါထာတို့ကို ရွတ်ဆို၏။

၁၁၃။ အယံ မဿကရာဇေန၊ ဒေသော ဝိစရိတော မယာ။
အနုကာမယ ကာမေန၊ ပိယေန ပတိနာ သဟ။

၁၁၄။ နဝေန သုခဒုက္ခေန၊ ပေါရာဏံ အပိဓီယတိ။
တသ္မာ အဿကရညာဝ၊ ကီဋော ပိယတရော မမ။

အရှင်ဘုရားမွေလျော်ဖွယ်ရှိသော ဤဥယျာဉ်အရပ်သည် နှစ်သက်၍ ချစ်အပ်သော လင်ဖြစ်သူ အဿကမင်းနှင့် အကျွန်ုပ်တို့ သွားလာဖူးသော အရပ်တည်း။

ယခုအခါ၌ အသစ်ဖြစ်သော ချမ်းသာဆင်းရဲက အဟောင်း ဖြစ်သော ချမ်းသာဆင်းရဲကို ဖုံးလွှမ်းခဲ့ပါပြီ၊ ထို့ကြောင့် အဿကမင်းသက် နွားချေးပိုးဖို ကိုသာလျှင် အကျွန်ုပ်သည် အလွန်ချစ်နှစ်သက်အပ်ပါ၏။

ထိုစကားကိုကြား၍ အဿကမင်းသည် နှလုံးမသာသည် ဖြစ်၍ ထိုအရပ်၌ တည်လျက် အကောင်ပုပ်ကို ထုတ်စေ၍ ဦးခေါင်းလျှော်၍ ဘုရားလောင်းကို ရှိခိုး၍ မြို့သို့ဝင်၍ တစ်ပါးသော မိန်းမကို မိဖုရားကြီးအရာ၌ ထား၍ တရားသဖြင့် မင်းအဖြစ်ကို ပြု၏။ ဘုရားလောင်းသည်လည်း မင်းကို ဆုံးမ၍ သောကမရှိသည်ကိုပြု၍ ဟိမဝန္တာသို့လျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ဥပရိမည်သော မိဖုရား ဖြစ်ဖူးပြီ။ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ အဿကမင်း ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုဏ္ဏားလုလင် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ၌ ရသေ့ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

တဏှာရစ်သန်း၊ လွန်စွဲလမ်းက၊ ဆင်းရဲရ၏။

နှစ်ရာခုနစ်ခုမြောက်သော အဿကဇာတ်သည် ပြီး၏။

---

## ၂၀၈-သုသုမာရဇာတ်

## (မျောက်နှင့် မိကျောင်း)

## အပင်ကြီး အသီးသေးတဲ့ ညောင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အလ မေတေဟိ အမ္ဗေဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သုသုမာရ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး

နေတော်မူစဉ် ဒေဝဒတ်သည် ဘုရားသဗ္ဗညုအား သတ်အံ့သောငှါ လုံ့လပြုခြင်းကို အစကြောင်း ပြု၍ ဟောတော်မူ၏။

ထိုအခါ မြတ်စွာဘုရားကို ဒေဝဒတ်သည် သတ်အံ့သောငှါ လုံ့လပြု၏ဟု ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေး၌လည်း လုံ့လပြုသည်သာလျှင်တည်း။ ထိုသို့ လုံ့လပြုသော်လည်း ထိတ်လန့်ခြင်းမျှကိုလည်း ပြုအံ့သောငှါ မစွမ်းနိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဟိမဝန္တာအရပ်၌ ဘုရားလောင်းသည် မျောက်အမျိုး၌ဖြစ်၍ ဆင်ပြောင်အားကို ဆောင်နိုင်သည့် အစွမ်းနှင့် ပြည့်စုံသည်၊ ကြီးသောကိုယ် ရှိသည်၊ တင့်တယ်ခြင်းအစုသို့ ရောက်သည် ဖြစ်၍ မြစ်ကွေ့ဖြစ်သော တောနေရာ၌ နေ၏။ ထိုအခါ ဂင်္ဂါ၌ မိကျောင်းသည် နေ၏။ ထိုအခါ ထိုမိကျောင်း၏ မယားသည် ဘုရားလောင်း၏ ကိုယ်ကိုမြင်၍ ဘုရားလောင်း၏ နှလုံးသား၌ ချင်ခြင်းကို ဖြစ်စေ၍ မိကျောင်းဖိုကို အရှင် ငါသည် ထိုမျောက်မင်း၏ နှလုံးသားကို စားလို၏ဟု ဆို၏။ ရှင်မ ငါတို့သည် ရေ၌ကျက်စားကုန်၏။ ထိုမျောက်မင်းသည် တမူကား ကုန်း၌ ကျက်စား၏။ ထို့ကြောင့် ထိုမျောက်မင်းကို ဖမ်းအံ့သောငှါ မစွမ်းနိုင်ဟု ဆိုသည်ရှိသော် အရှင် တစ်စုံတစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဖမ်းလော။ အကယ်၍ မရအံ့။ သေအံ့ဟု ဆို၏။ နှမ မစိုးရိမ်လင့်။ တစ်ခုသော ဥပါယ်တံမျဉ်သည် ရှိ၏။ ထို့ကြောင့် ထိုမျောက်မင်း၏ နှလုံးသားကို စားစေပါအံ့ဟု မိကျောင်းမကို နှစ်သိမ့်စေ၍ ဘုရားလောင်းသည် ဂင်္ဂါ၌ ရေကိုသောက်၍ ဂင်္ဂါနား၌ နေသောကာလ၌ ဘုရားလောင်း၏ အထံသို့ သွား၍ မျောက်မင်း ဤအရပ်၌ ငှက်ပျောသီးတို့ကို စားလျက် ကျက်စားမြဲ အရပ်၌သာလျှင် သင်သည် အဘယ်ကြောင့် ကျက်စားဘိသနည်း။ ဂင်္ဂါ၏ တစ်ဘက်ကမ်း၌ သရက်, ပိန္နဲ အစရှိကုန်သော ချိုကုန်သော သစ်သီးတို့၏ အဆုံးသည် မရှိ၊ သင်သည် ထိုဂင်္ဂါတစ်ဘက်သို့ သွား၍ သစ်သီးကြီးငယ်တို့ကို စားအံ့သောငှါ မသင့်လောဟု ဆို၏။ မိကျောင်းမင်း ဂင်္ဂါသည် ရေများ၏၊ အပြောကျယ်၏။ ထိုဂင်္ဂါတစ်ဘက်သို့ အသို့ သွားအံ့နည်းဟု မျောက်မင်းဆိုသည်ရှိသော် မျောက်မင်း သင်သည် အကယ်၍ သွားလိုအံ့။ ငါသည် သင့်ကို ငါ၏ကျောက်ကုန်း၌ တင်၍ ဆောင်အံ့ဟု မိကျောင်းသည် ဆို၏။

ဘုရားလောင်းသည် ယုံကြည်၍ ကောင်းပြီဟု ဝန်ခံ၏။ ထိုသို့ဖြစ်လျှင် လာလော့။ ငါ၏ ကျောက်ကုန်းသို့ တက်လော့ဟု မိကျောင်း ဆိုသည် ရှိသော် မျောက်မင်းသည် တက်၏။ မိကျောင်းသည် အတန်ငယ် ဆောင်၍ ရေ၌ နှစ်၏။ ဘုရားလောင်းသည် အဆွေ သင်သည် ငါ့ကို ရေ၌ မွန်းစေ၏။ ထိုသို့ မွန်းစေခြင်းသည် အကြောင်း အသို့နည်းဟု ဆို၏၊ မျောက်မင်း ငါသည် သင့်ကို ကောင်းသော သဘောရှိသည်၏ အဖြစ် ဖြင့် ယူ၍ မသွား။ စင်စစ်ကား သင်၏ နှလုံးသား၌ ငါ၏ မယားအား ချင်ခြင်းသည် ဖြစ်၏။ ငါ၏ မယားကို ငါသည် သင်၏ နှလုံးသားကို စားစေ လို၏။ ထို့ကြောင့် သင့်ကို ယူ၍ သွား၏ဟု မိကျောင်းသည် ဆို၏၊ အဆွေ အသို့မူ၍ သင်သည် ကောင်းစွာ မမှတ်သနည်း။ ထိုစကားသည် မှန်၏။ ငါတို့၏ ရင်၌ နှလုံးသည် အကယ်၍ ရှိသည်ဖြစ်ငြားအံ့၊ သစ်ပင်ဖျားတို့၌ ပြေးသွား လတ်သည် ရှိသော် မှုန့်မှုန့်ညက်ညက် ကြေသည် ဖြစ်ရာ၏ဟု ဘုရားလောင်းသည် ဆို၏။ မျောက်မင်း အဘယ် အရပ်၌ကား သင်တို့သည် နှလုံးကို ထားကုန် သနည်းဟု မိကျောင်း ဆိုသည်ရှိသော် ဘုရားလောင်းသည် အနီး၌ မြင်သော အသီး အပွင့်နှင့် ပြည့်စုံသော ရေသဖန်း တစ်ပင်ကို ပြ၍ ရှုပါလော့။ ငါတို့၏ နှလုံးတို့ကို ထိုရေသဖန်းပင်၌ ဆွဲအပ်ကုန်၏ဟု ဆို၏။ မျောက်မင်း သင်သည် ငါ့အား နှလုံးကို အကယ်၍ ပေးအံ့။ ငါသည် သင့်ကို မသတ်အံ့ဟု မိကျောင်း သည် ဆို၏။ ထိုသို့ ဖြစ်လျှင် ထိုအရပ်သို့ ငါ့ကို ဆောင်လော့။ ငါ သင့်အား သစ်ပင်၌ ဆွဲ၍ ထားသော နှလုံးကို ပေးပါအံ့ဟု ဘုရားအလောင်းသည် ဆို၏။ ထိုမိကျောင်းသည် ထိုဘုရားအလောင်းကို ယူ၍ ထိုရေသဖန်းပင်သို့ သွား၏။ ဘုရားလောင်းသည် ထိုမိကျောင်း၏ ကျောက်ကုန်းမှ ခုန်၍ ရေသဖန်းပင်၌ ထိုင်၍ အချင်း မိကျောင်းမိုက် သင်သည် ဤသတ္တဝါတို့၏ နှလုံးမည်သည်ကား သစ်ပင်ဖျား၌ ဖြစ်၏ဟု အမှတ်ရှိသည် ဖြစ်၏။ မိုက်လေစွတကား၊ ငါသည် သင့်ကို လှည့်စား၏။ သင့်အား ကိုယ်သည်သာလျှင် ကြီး၏။ ပညာသည် တမူကား မရှိ။ ဤသို့သော အနက်ကို ပြလိုရကား ဤဂါထာကို ဆို၏–

၁၁၅။ အလံ မေ’တေဟိ အမ္ဗေဟိ၊ ဇမ္ဗူဟိ ပနသေဟိ စ။
ယာနိ ပါရံ သမုဒ္ဒဿ၊ ဝရံ မယှံ ဥဒုမ္ဗရော။

၁၁၆။ မဟတီ ဝတ တေ ဗောန္ဒိ၊ န စ ပညာ တဒူပိကာ။
သုသုမာရ ဝဉ္စိတော မေသိ၊ ဂစ္ဆ ဒါနိ ယထာသုခံ။

မိကျောင်း၊ ဂင်္ဂါမြစ် တစ်ဖက်ကမ်း၌ အသင် မြင်သည့် သရက်သီး, သပြေ သီး, ပိန္နဲသီးတို့ဖြင့် ငါ့အား အလိုမရှိပြီ။ ငါ့အဖို့ ရေသဖန်းသာ ကောင်းပါ၏။

မိကျောင်း စင်စစ်သော် သင်ကား ကိုယ်ထည်ကြီးသော်လည်း ပညာမူ မရှိ။ သင့်ကို ငါသည် လှည့်စားခဲ့ပြီတည်း။ ယခုအခါ သင်အလိုရှိရာ မြန်းပေတော့။

မိကျောင်းသည် ဥစ္စာတစ်ဆောင်မှ ရှုံးသော သူကဲ့သို့ ဆင်းရဲခြင်းရှိသည် ဖြစ်၍ နှလုံးမသာယာသည် ဖြစ်၍ မှိုင်လျက်လျှင် မိမိ၏ နေရာသို့ သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်း ဖြစ်ဖူးပြီ၊ ယခုအခါ စိဉ္စမာဏဝိကာသည် ထိုအခါ မိကျောင်းမ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မျောက်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာ့ရှစ်ခုမြောက်သော သုသုမာရဇာတ်သည် ပြီး၏။

---

၂၀၉-ကုက္ကုဋဇာတ်

မုဆိုးနှင့် တောကြက်

တစ်ခါသေဖူး ပျဉ်ဖိုးနားလည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒိဋ္ဌာ မယာ ဝနေ ရုက္ခာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုက္ကုဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာမထေရ်၏ အတူနေ တပည့်ဖြစ်သော ပဉ္စင်းငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပဉ္စင်းငယ်သည် မိမိ၏ ကိုယ်ကို စောင့်ရှောက်ခြင်း အမှု၌ လိမ္မာသည် ဖြစ်သတတ်၊ ငါ၏ ကိုယ်အား ချမ်းသာခြင်းသည် မဖြစ်ဟု ကြောက်သောကြောင့် အလွန်အေးသည်ကို လည်းကောင်း၊ အလွန်ပူသည်ကိုလည်းကောင်း သုံးဆောင်ခြင်းကို မပြု၊ အချမ်းအပူတို့ဖြင့် ကိုယ်သည် ပင်ပန်းရာ၏ဟု ကြောက်သောကြောင့် အပသို့ မထွက်၊ အလွန်ပျော့သောဆွမ်း မနပ်သောဆွမ်း အစရှိသည်တို့ကို မစား၊ ထိုပဉ္စင်းငယ်၏ ကိုယ်ကို စောင့်ရှောက်ခြင်း၌ လိမ္မာသည်၏ အဖြစ်သည် သံဃာအလယ်၌ ထင်ရှားစွာဖြစ်၏။ ရဟန်းတို့သည်တရားသဘင်၌ ငါ့ရှင်တို့

ဤအပြည့်ရှိသော ငယ်သော ရဟန်းသည် ကိုယ်ကို စောင့်ရှောက်ခြင်း အမှု၌ လိမ္မာသတတ်ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဤပဉ္စင်းငယ်သည် ယခုအခါ၌သာလျှင် ကိုယ်ကို စောင့်ရှောက်ခြင်းအမှု၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း လိမ္မာသည်သာလျှင် ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တောနေ၌ သစ်ပင်စောင့်နတ် ဖြစ်၏။ ထိုအခါ၌ တစ်ယောက်သော ငှက်မုဆိုးသည် တစ်ခုသော တိန်ညင်ဖြစ်သော ကြက်ကို ယူ၍ သားမြီးဖြင့် ကျစ်အပ်သော ကျော့ကွင်းကြီးကို လည်းကောင်း၊ ကျော့ကွင်းတံကို လည်းကောင်း ယူ၍ တော၌ ကြက်တို့ကို ထောင်လတ်သည် ရှိသော် ပြေး၍ တောသို့ ဝင်လေသော ဝစ်ကောင်သော ကြက်ဟောင်းကို ထောင်အံ့သောငှါ အားထုတ်၏။ ထိုကြက်သည် သားမြီး ကျော့ကွင်း၌ လိမ္မာသည်၏ အဖြစ်ကြောင့် ကိုယ်ကို မိစိမ့်သောငှါ မပေး၊ ပျံ၍ ပျံ၍ နား၏။ မုဆိုးသည် ကိုယ်ကို သစ်ခက်ရွက်နုတို့ဖြင့် ဖုံးလွှမ်း၍ အဖန်တလဲလဲ ကျော့ကွင်းတံကို လည်းကောင်း၊ ကျော့ကွင်းကို လည်းကောင်း ထောင်၏။ ကြက်သည် ထိုမုဆိုးကို ရှက်စေလိုသည် ဖြစ်၍ စကားမြွက်လို၍ ဤဂါထာကို ဆို၏—

၁၁၇။ ဒိဋ္ဌာ မယာ ဝနေ ရုက္ခာ၊ အဿကဏ္ဏာ ဝိဘီဋကာ။
န တာနိ ဧဝံ သက္ကန္တိ၊ ယထာ တွံ ရုက္ခ သက္ကသိ။

အချင်းသစ်ပင် တော၌ အင်ကြင်းပင်တို့ကို လည်းကောင်း၊ သစ်ဆိမ့်ပင်တို့ကိုလည်းကောင်း မြင်ဖူးကုန်ပြီ။ ထိုသစ်ပင်တို့သည်ကား သင် သစ်ပင်ကဲ့သို့ ထိုမှဤမှ မရွေ့ကုန်တကား။

ဤသို့ ဆို၍ ထိုကြက်သည် ပြေး၍ တစ်ပါးသော အရပ်သို့ သွား၏။ ထိုကြက်၏ ပြေးသော ကာလ၌ မုဆိုးသည် ဤဂါထာကို ဆို၏—

၁၁၈။ ပုရာဏကုက္ကုဋော အယံ၊ ဘေတွာ ပဉ္ဇရမာဂတော။
ကုသလော ဝါလပါသာနံ၊ အပက္ကမတိ ဘာသတ်။

ကြက်လှောင်ဆောင်းကို ဖောက်ထွက်ဖူးသော ဤကြက်ဟောင်းသည် သားမြီးကျော့ကွင်းကို ယှဉ်ပါးပြီး ဖြစ်၍ မိမိကိုယ်ကို မခြင်း၄ါ မပေးတဲ ရှောင်လည်း ရှောင်၏။ ငါ့ကို ပြောဆို၍လည်း ပြေးသွား၏။

ဤသို့ ဆို၍ မုဆိုးသည် တော၌ လှည့်ပတ်၍ ခုသမျှကို ယူ၍ အိမ်သို့လျှင် သွား၏၊

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခု အခါ ဒေဝဒတ်သည် ထိုအခါ မုဆိုးဖြစ်ဖူးပြီ၊ ယခုအခါ ကိုယ်ကို စောင့်ခြင်း၌ လိမ္မာသော ငယ်သော ရဟန်းသည် ထိုအခါ ကြက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆိုခဲ့ပြီးသော အကြောင်းကို မျက်မှောက် ပြုသော ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှင်ရာ့ကိုးခုမြောက်သော ကုက္ကုဋဇာတ်သည် ပြီး၏။

---

## ၂၁၀-ကလန္ဒုကဇာတ်

### သစ်တောက်ငှက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "အမ္ဗော ကော နာမ ယံ ရုက္ခော" ဟူ ဆို၏ ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကလန္ဒုက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားအတုပြုခြင်းကို အကြောင်းပြု၍ဟောတော်မူ၏။

ထိုအခါ ဒေဝဒတ်သည် ဘုရားအတုကို ပြု၏ဟု ဘုရားရှင်သည် ကြားတော် မူ၍ ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ၏ အတု ဖြစ်သော အမူအရာကို ပြုခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်၌ သစ်တောက်လောက် ငှက်မျိုး၌ ဖြစ်၏။ ဘုရားလောင်းအား ခဒိရဝနိယ

ဟူသော အမည်သည် ရှိ၏။ ရှားတော၌လျှင် အစာကို ယူ၏။ ထို ခဒိရဝနိယ အား တစ်ခုသော ကလန္ဒက အမည်ရှိသော အဆွေခင်ပွန်းသည် ဖြစ်၏။ ထိုကလန္ဒကသည် လက်ပံတော ကသစ်တော၌ အစာရှာယူ၍ ထိုကလန္ဒကသည် တစ်နေ့သ၌ ခဒိရဝနိယ၏ အထံသို့ သွား၏။ ခဒိရဝနိယသည် ငါ၏ အဆွေ ခင်ပွန်းသည် လာ၏ဟူ၍ ကလန္ဒကကို ခေါ်၍ ရှားတောသို့ ဝင်၍ ရှားပင်တုံးကို နှုတ်သီးဖြင့် ပေါက်၍ ရှားပင်မှ ပိုးတို့ကို ထုတ်၍ ထိုကလန္ဒကအား ပေး၏။ ကလန္ဒကလည်း ပေးတိုင်း ပေးတိုင်းကုန်သော ပိုးတို့ကို ချိုစွာကုန်သော မုန့်တို့ ကဲ့သို့ ဖြတ်၍ စား၏။

ထိုကလန္ဒကအား စားစဉ်ပင်လျှင် မာနသည် ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်း ဟူမူကား ဤခဒိရဝနိယသည်လည်း သစ်တောက်လောက် အမျိုး၌ ဖြစ်သော ငှက်တည်း။ ငါသည်လည်း သစ်တောက်လောက် အမျိုး၌ ဖြစ်သော ငှက်တည်း။ ငါ့အား ထိုခဒိရဝနိယသည် ပေးအပ်သော အစာဖြင့် အဘယ် အကျိုးရှိအံ့နည်း။ အလိုလိုသာလျှင် ရှားတော၌ အစာကို ငါယူအံ့ဟု မာနသည် ဖြစ်၏။ ဖြစ်ပြီး၍ ထိုကလန္ဒကသည် ခဒိရဝနိယကို အဆွေ သင်သည် ဆင်းရဲကို မခံလင့်။ ငါသည် ပင်လျှင် ရှားတော၌ အစာကို ယူအံ့ဟု ဆို၏။ ထိုအခါ၌ ကလန္ဒကကို ခဒိရဝနိယ သည် အဆွေ သင်သည် လက်ပံတော ကသစ်တောဝယ် အနှစ်မရှိသော သစ်ပင်၌ အစာယူသော အမျိုး၌ ဖြစ်၏။ ရှားပင်တို့ မည်သည်ကား ဇာတ်အားဖြင့် အနှစ်ရှိကုန်၏။ ချင်ချင်မာကုန်၏။ သင်သည် ဤသို့ အလိုလို အစာယူခြင်းကို မနှစ်သက်လင့်ဟု ဆို၏။ ကလန္ဒကသည် ငါသည် သစ်တောက်လောက် အမျိုး၌ ဖြစ်သော ငှက်မဟုတ်ပါလောဟု ခဒိရဝနိယ၏ စကားကို မယူမူ၍ လျင်မြန်စွာ ပျံ၍ ရှားပင်ကို နှုတ်သီးဖြင့် ပေါက်၏။ ထိုခဏ၌လျှင် ထိုကလန္ဒက၏ နှုတ်သီးသည် ပြတ်၏။ မျက်လုံးတို့သည် ထွက်သော အခြင်းအရာသို့ ရောက်ကုန်၏။ ဦးခေါင်း သည် ကွဲ၏။ ထိုကလန္ဒကသည် ပင်စည်၌ တည်အံ့သောငှါ မစွမ်းနိုင်သည် ဖြစ်၍ မြေသို့ကျ၍ ဤဂါထာကို ဆို၏—

၁၁၉။ အမ္ဘော ကော နာမ ယံ ရုက္ခော၊ သန္နပတ္တော သကဏ္ဋကော။
ယတ္ထ ဧကပ္ပဟာရေန၊ ဥတ္တမင်္ဂံ ဝိဘိန္နိတံ။

အဆွေ ခဒိရဝနိယ သစ်ပင်၌ တစ်ချက်တည်းသာ ပေါက်မိသဖြင့် ငါ၏ ဦးခေါင်း ကွဲပျက်၏။ အဆူးရှိပြီး အရွက်သေးသော ဤသစ်ပင်ကား အဘယ် သစ်ပင်နည်း။

ထိုကလန္ဒက၏ စကားကို ကြား၍ ခဒိရဝနိယသည် ဤဂါထာကို ဆို၏—

၁၂၀။ အစာရိ ဝတာယံ ဝိတုဒံ ဝနာနိ၊ ကဋ္ဌင်္ဂရုက္ခေသု အသာရကေသု။
အထာ'သဒါ ခဒိရံ ဇာတသာရံ၊ ယတ္ထ'ဗ္ဘိဒါ ဂရုဠော ဉတ္တမင်္ဂ ။

အို ကလန္ဒုက ငှက်မြတ်တို့၏ သဘောသဘာဝနှင့် ပြည့်စုံသော သင်သည် အနှစ်မရှိကုန်သော လက်ပံတော ကသစ်တောတို့ကို ထွင်းလျက် အနှစ်မရှိဘဲ ထင်းအဖို့ရာသာ အသုံးဝင်သော သစ်တို့၌ ကျက်စားခဲ့၏။ ထို့နောင်မှ ဇာတ်အားဖြင့် အနှစ်ရှိသော ရှားတောသို့ ရောက်လာပြီးလျှင် (သစ်ပင်ကို ဆိတ်ပေါက်ရာ) ဦးခေါင်း ကွဲကြေခဲ့၏။ ထိုသစ်ပင်ကား ရှားပင် ခေါ်သတည်း။

ထိုကလန္ဒုကသည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကလန္ဒုက ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခဒိရဝန်ယ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အထင်ကြီးက၊ ပျက်စီးရ၊ ဒုက္ခကိုယ်ပင်တွေ့)

နှစ်ရာ့တစ်ဆယ်ခုမြောက်သော ကလန္ဒုကဇာတ်သည် ပြီး၏။

၆-နတံဒဠှဝဂ် ပြီး၏။

---

## ၇-ဗီရဏထမ္ဘဝဂ်

### ၂၁၁-သောမဒတ္တဇာတ်

ခုတ်မှတခြား ရှရာတလွဲ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အကာသိယောဂ္ဂံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသောမဒတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လာဠုဒါယီမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုလာဠုဒါယီသည် နှစ်ယောက် သုံးယောက်ကုန်သော သူတို့၏ အတွင်း၌ တစ်ခွန်းသောစကားကိုလည်း ပြည့်စုံစေ၍ ဆိုအံ့သောငှါ မစွမ်းနိုင်။ ရှုံ့ရှာခြင်းများသည် ဖြစ်၍ တစ်ပါးကို ဆိုအံ့ဟူ၍ တစ်ပါးကိုသာလျှင် ဆို၏၊ ထို လာဠုဒါယီမထေရ်၏ ထိုအကြောင်းကို ရဟန်းတို့သည် တရားသဘင်၌ ပြောဟောကုန်လျက် နေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍

ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ လာဋုဒါယီသည် ယခုအခါ၌သာလျှင် ရှုံ့ရှာခြင်းများသည် မဟုတ်၊ ရှေး၌လည်း ရှုံ့ရှာခြင်းများသည်သာလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ တစ်ဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ အတတ်ကို သင်၍ တစ်ဖန် အိမ်သို့ လာလတ်၍ အမိအဘတို့၏ ဆင်းရဲသည်၏ အဖြစ်ကို သိ၍ ယုတ်မာသော အမျိုးမှ မြတ်သော အမျိုးကို ဖြစ်စေအံ့ဟူ၍ အမိအဘတို့ကို ပန်၍ ဗာရာဏသီသို့ သွား၍ မင်းကို ခစား၏။ မင်းသည် ချစ်မြတ်နိုးသည် ဖြစ်၏။

ထိုအခါ သောမဒတ္တ၏နွားနှစ်ကောင်တို့ဖြင့်လျှင် ထွန်၍ အသက်ကို မွေးသော အဘ၏ ထိုနွားနှစ်ကောင်တို့တွင် နွားတစ်ကောင်သည် သေ၏။ ထိုပုဏ္ဏားသည် ဘုရားလောင်းသို့ ကပ်၍ ချစ်သား တစ်ကောင်သော နွားသည် သေ၏၊ ထွန်ခြင်း အမှုသည် မဖြစ်နိုင်၊ ထို့ကြောင့် သင်သည် မင်းကို နွားတစ်ကောင်ကို တောင်းလော့ဟု ဆို၏။

ဖခင် ငါသည် မင်းကို မြင်ရသည်ကား မမြင့်သေး၊ ယခုအခါ၌လျှင် ငါသည် မင်းကို နွားတောင်းအံ့သောငှါ မသင့်။ သင်တို့ပင်လျှင် တောင်းကုန်လော့ဟု ဘုရားလောင်းသည် ဆို၏။ ချစ်သား၊ သင်သည် ငါ၏ ရှက်ကြောက်ရှုံ့ရှာခြင်းများသည်၏ အဖြစ်ကို မသိ၊ ထိုစကားသည် မှန်၏၊ ငါသည် နှစ်ယောက် သုံးယောက်ကုန်သော သူတို့၏ မျက်မှောက်၌ စကားကို ပြည့်စုံစိမ့်သောငှါ မပြောနိုင်၊ ငါသည် မင်း၏ အထံသို့ နွားကို တောင်းအံ့သောငှါ အကယ်၍ သွားအံ့၊ ဤနွားကိုလည်း ပေးခဲ့၍ လာလတ္တံ့ဟု ပုဏ္ဏားသည် ဆို၏။ ဖခင် ဖြစ်လိုရာ ဖြစ်စေ၊ ငါသည် မင်းအား နွားကို တောင်းအံ့သောငှါ မစွမ်းနိုင်၊ စင်စစ်သော်ကား ငါသည် သင်တို့ကို အတတ်ပညာ သင်ခြင်းကို ပြုအံ့ဟု ဘုရားလောင်းသည် ဆို၏။ ထိုသို့တပြီးကား ကောင်း၏။ ငါ့ကို အတတ်ပညာ သင်ခြင်းကို ပြုလော့ဟု ဆိုသည် ရှိသော် ဘုရားလောင်းသည် အဘကို ခေါ်၍ ဗီရဏထမ္ဘက အမည်ရှိသော သုသာန်သို့ သွား၍ ထိုထိုအရပ်၌ မြက်စုတို့ကို

စည်း၍ ဤကား မင်းတည်း။ ဤကား အိမ်ရှေ့မင်းတည်း၊ ဤကား စစ်သူကြီးတည်း၊ ဤသို့ အမည်ပြု၍ အစဉ်အားဖြင့် ပြ၍ ဖခင် သင်သည် မင်း၏ အထံသို့ သွား၍ မင်းမြတ် အရှင်သည် အောင်တော်မူစေသတည်းဟု ဆိုလော့၊ ဆိုပြီး၍ ဂါထာကို ရွတ်ကာ နွား ကို တောင်းလော့ဟု ဆို၍ ဤဂါထာကို ဆို၏—

ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ။

မင်းမြတ် အကျွန်ုပ်အား နွားနှစ်ကောင်တို့ ရှိကြပါကုန်၏။ ထိုနွားနှစ်ကောင်တို့ဖြင့် အကျွန်ုပ်သည် လယ်ကို ထွန်ရပါ၏။ မင်းမြတ် ထိုနွားနှစ်ကောင်အနက် နွားတစ်ကောင်သည် သေခဲ့ပါ၏။ မင်းမြတ် အဖက်နွားတစ်ကောင်ကို ပေးသနားတော်မူပါလော့။

ဤသို့ ပုဏ္ဏားသည် တစ်နှစ်လည်သဖြင့် ဂါထာကို လေ့လာသည်ကို ပြု၍ ဘုရားလောင်းကို ချစ်သား သောမဒတ် ဂါထာသည် လေ့လာသည် ဖြစ်ပြီ။ ယခုအခါ ငါသည် အမှတ်မရှိသော သူ၏ အထံ၌ ဆိုအံ့သောငါ့ စွမ်းနိုင်အံ့။ ငါ့ကို မင်း၏ အထံသို့ ဆောင်လော့ဟု ဆို၏။ ဘုရားလောင်းသည် ဖခင် ကောင်းပြီဟု ဆို၍ သင့်တင့်လျောက်ပတ်သော လက်ဆောင်ကို ယူစေ၍ အဘကို မင်း၏ အထံသို့ ဆောင်၏။ ပုဏ္ဏားသည် မင်းမြတ် အရှင်သည် အောင်စေသတည်းဟု ဆို၍ လက်ဆောင်ကို ဆက်၏။ မင်းသည်လည်း သောမဒတ် ဤပုဏ္ဏားသည် သင်နှင့် အဘယ်သို့ တော်ကြသနည်းဟု မေး၏။ မင်းမြတ် အကျွန်ုပ်၏ အဘတည်းဟု သောမဒတ်သည် လျှောက်၏။ အဘယ်အမှုကြောင့် လာသနည်းဟု မင်းသည် မေး၏။ ထိုခဏ၌ ပုဏ္ဏားသည် နွားကို တောင်းအံ့သောငှါ ဤဂါထာကို ဆို၏—

ဒွေ မေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ။
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဂဏှ ခတ္တိယ။

မင်းမြတ် အကျွန်ုပ်အား နွားနှစ်ကောင်တို့သည် ရှိကြပါကုန်၏။ ထိုနွားနှစ်ကောင်တို့ဖြင့် အကျွန်ုပ်သည် လယ်ကို ထွန်ပါ၏။ မင်းမြတ် ထိုနွားနှစ်ကောင်တို့အနက် နွားတစ်ကောင် သေခဲ့ပါ၏။ မင်းမြတ် ဒုတိယနွားကို ယူတော်မူပါလော့။

မင်းသည် ပုဏ္ဏား ချွတ်ယွင်း၍ ဆိုသည်၏ အဖြစ်ကို သိ၍ ရယ်ခြင်းကို ပြုလျက် သောမဒတ် သင်တို့၏ အိမ်၌ နွားတို့သည် များကုန်ယောင်တကားဟု ဆိုသည် ရှိသော် မင်းမြတ် နွားတို့ကို အရှင်မင်းမြတ်တို့သည် ပေးတော်မူအပ်ကုန်သည် ဖြစ်၍ များကုန်လတ္တံ့ဟု သောမဒတ် လျှောက်၏။ မင်းသည် ဘုရားလောင်းအား

နှစ်သက်၍ ပုဏ္ဏားအား တစ်ဆယ့်ခြောက်ကောင်သော နွားတို့ကိုလည်းကောင်း၊ ထိုပုဏ္ဏား၏ နေအံ့သော ရွာကိုလည်းကောင်း မြတ်သော ပေးခြင်းဖြင့် ပေးလိုက်၍ များသော အခြံအရံဖြင့် ပုဏ္ဏားကို လွှတ်လိုက်၏။ ပုဏ္ဏားသည် ကိုယ်လုံးဖြူသော သိန္ဓောမြင်းတို့ဖြင့် ကအပ်သော ရထားကို စီး၍ များစွာသော အခြံအရံဖြင့် ရွာသို့ သွား၏။ ဘုရားလောင်းသည် အဖနှင့်တကွ ရထားစီး၍ သွားသည် ရှိသော် ဖခင် ငါသည် သင်တို့ကို တစ်နှစ်ပတ်လုံး လေ့ကျက်ခြင်းကို ပြုစေ၏။ ထိုသို့ ပြုပါစေလျက် တောင်းခြင်းကို ပြီးစေသော ကာလ၌ သင်တို့၏ နွားကို မင်းအား ပေး၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၂၁။ အကာသိ ယောဂ္ဂံ ဓုဝံ မပ္ပမတ္တော၊
သံဝစ္ဆရံ ဗီရဏထမ္ဘကသ္မိံ။
ဗျာကာသိ သည့ံ ပရိသံ ဝိဂယှ၊
န နိယျမော တာယတိ အပ္ပပည့ံ။

ဖခင် အစဉ်သဖြင့် မမေ့လျော့ဘဲ တစ်နှစ်ပတ်လုံး ဗီရဏထမ္ဘက သုသာန်၌ လေ့ကျက်ခဲ့၏။ သို့ဖြစ်ပါလျက် ပရိသတ် အကြား ဝင်၍ အခြား စကားကို ဆိုဘိ၏၊ ပညာနည်းသူကို အမြဲလေ့ကျင့်ခြင်းသည် မစောင့်ရှောက်။

ထိုအခါ ဘုရားလောင်း၏ စကားကို ကြား၍ ပုဏ္ဏားသည် ဤဂါထာကို ဆိုပြန်၏—

၁၂၂။ ဒွယံ ယာစနကော တာတ၊ သောမဒတ္တ နိဂစ္ဆတိ။
အလာဘံ ဓနလာဘံ ဝါ၊ ဧဝံဓမ္မာ ဟိ ယာစနာ။

ချစ်သား သောမဒတ် ဥစ္စာကို တောင်းသော သူသည် ရရှိခြင်း၊ မရရှိခြင်း နှစ်မျိုးသို့ ဆက်ရောက်လေ၏။ မှန်ပါ၏၊ တောင်းခြင်းမှန်လျှင် ဤသဘော သာတည်း။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ လာဠုဒါယီသည် ယခုအခါ၌သာလျှင် ကြောက်ရှက် ရှုံ့ရှာတတ်သော အဖြစ်များသည် မဟုတ်သေး၊ ရှေး၌လည်း ကြောက်ရှက် ရှုံ့ရှာတတ်သော အဖြစ်များသည်သာလျှင်တည်းဟု မိန့်တော်

မှု၍ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ လာဠုဒါယီသည် ထိုအခါ သောမဒတ်၏ အဘဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သောမဒတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကြောက်တတ်များက၊ မှားတတ်လှ၊ သူရ နေ့စဉ်လေ့)

နှစ်ရာတစ်ဆယ့်တစ်ခုမြောက်သော သောမဒတ္တဇာတ်သည် ပြီး၏။

## ၂၁၂-ဥစ္ဆိင္ဒဘတ္တဇာတ်

### နောက်မှပေါ် လွှင် ရှေ့ကြာပင်

### စားကြွင်းစား ပုဏ္ဏား

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည်“အညော ဥပရိမော ဝဏ္ဏော” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဥစ္ဆိဋ္ဌဘတ္တ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **မယားဟောင်း** ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ရဟန်း သင်သည် ငြီးငွေ့သည်ဟူ၍ ငါကြားရသည်ကား မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူလတ်သည် ရှိသော် မှန်ပေ၏ဟု နားတော် လျှောက်၏၊ သင့်ကို အဘယ်သူသ ည် ငြီးငွေ့စေသနည်းဟု မိန့်တော် မူသည် ရှိသော် အရှင်ဘုရား မယား ဟောင်းသည် ငြီးငွေ့စေအပ်၏ဟု နားတော် လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးစီးပွားမဲ့ကိုသာ ပြုတတ်၏။ ရှေး၌လည်း မိမိ၏ သယောက်လင်၏ စားကြွင်းထမင်းကို ကျွေးဖူးပြီတကားဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ဦးသော ထမင်းကို လှည့်ပတ် တောင်းစား၍ အသက်မွေးရသော နဋအမျိုး၌ ဖြစ်၍ အရွယ်သို့

ရောက်သည် ရှိသော် ဆင်းရဲသည် မကောင်းသော အဆင်းနှင့် ပြည့်စုံသည်ဖြစ်၍ ထမင်းကိုလှည့်ပတ် တောင်းစား၍ အသက်ကို မွေး၏။ ထိုအခါ ကာသိတိုင်းဝယ် တစ်ခုသော ရွာငယ်၌ တစ်ယောက်သော ပုဏ္ဏား၏ ပုဏ္ဏေးမသည် သီလမရှိသည် ဖြစ်၏။ ထိုပုဏ္ဏေးမသည် ထိုသယောက်လင်နှင့်တကွ အလွန်အကြူးကို ကျင့်၍ အတန်ငယ်နေဦးလော့၊ ဦးသော အစာ၌သာလျှင် စားရလတ္တံ့ဟု ဆို၍ ထမင်းကို ပြည့်စုံစေ၍ အမဲဟင်းလျာနှင့် ပြည့်စုံသော နွေးသော ထမင်းကို ခူး၍ စားလော့ဟု ထိုသယောက်လင်အား ပေး၍ မိမိသည် ပုဏ္ဏား၏ လာခြင်းကို မျှော်လျက် တံခါး၌ ရပ်၏။

ဘုရားလောင်းသည် ပုဏ္ဏေးမ၏ သယောက်လင် စားရာအရပ်၌ ထမင်းကို တောင့်တလျက် ရပ်၏။ ထိုခဏ၌ ပုဏ္ဏားသည် အိမ်သို့ ရှေးရှုလာ၏။ ပုဏ္ဏေးမသည် ထိုပုဏ္ဏား လာလတ်သည်ကို မြင်၍ လျင်မြန်စွာ ဝင်၍ ထလော့၊ ပုဏ္ဏားသည် လာ၏ဟု သယောက်လင်ကို ကျီတွင်းသို့ သွင်း၏၊ ပုဏ္ဏားသည် ဝင်၍ နေသော ကာလ၌ သေးရေခံခွက်ကို ဆောင်၍ လက်ဆေးရေကို ပေး၍ သယောက်လင်၏ စားကြွင်းဖြစ်သော အေးသော ထမင်း၏ အပေါ်၌ နွေးသော ထမင်းကို ခူး၍ ပုဏ္ဏားအား ပေး၏။ ထိုပုဏ္ဏားသည် ထမင်း၌ လက်ကို ချ၍ အထက်၌ ပူသော အောက်၌ အေးသော ထမင်းကို မြင်၍ ဤထမင်းသည်ကား တစ်ပါးသောလူ၏ စားကြွင်းဖြစ်ရာ၏ဟု ကြံ၏။ ကြံ၍ ထိုပုဏ္ဏားသည် ပုဏ္ဏေးမကို မေးလိုရကား ဤဂါထာကို ဆို၏—

၁၂၃။ အညော ဥပရိမော ဝဏ္ဏော၊ အညော ဝဏ္ဏော စ ဟေဋ္ဌိမော။
ဗြာဟ္မဏီ တွေဝ ပုစ္ဆာမိ၊ ကိံ ဟေဋ္ဌာ ကိဉ္စ ဥပ္ပရိ။

ပုဏ္ဏေးမ ထမင်း၏ အထက်အဖို့ အခြင်းအရာက တစ်ပါး အောက်အဖို့ အခြင်းအရာက တခြားတည်း။ သင့်ကို ငါမေး၏၊ အောက်ထမင်းက အဘယ်သို့နည်း၊ အထက်ထမင်းက အဘယ်သို့နည်း။

ပုဏ္ဏေးမသည် မိမိသည် ပြုအပ်သော အမှု၏ ထင်ရှားအံ့သည်မှ ကြောက်သောကြောင့် ပုဏ္ဏားသည် အဖန်တလဲလဲ မေးသော်လည်း ဆိတ်ဆိတ်နေသည်သာလျှင် ဖြစ်၏။ ထိုခဏ၌ နင္ဒအမျိုးသားအား ကျီ၌ နေစေအပ်သော ယောကျ်ားသည် သယောက်လင်ဖြစ်၏၊ ဤပုဏ္ဏားသည် အိမ်ရှင် ဖြစ်ရာ၏။ ပုဏ္ဏေးမသည် တမူကား မိမိပြုအပ်သော အမှု၏ ထင်ရှားအံ့သည် အဖြစ်မှ ကြောက်သောကြောင့် တစ်စုံတစ်ခုသော စကားကို မဆို ယခု ငါသည် ဤပုဏ္ဏေးမသည် ပြုအပ်သော အမှုကို ထင်ရှားပြု၍ သယောက်လင်ကို ကျီထဲ၌ နေစေသည်၏

အဖြစ်ကို ပုဏ္ဏားအား ဆိုအံ့၊ ဤသို့ အကြံသည် ဖြစ်၏၊ ကြံပြီး၍ ထိုနဋ္ဌအမျိုးသား ဖြစ်သော ပုဏ္ဏားသည် အိမ်မှ ထွက်သော ကာလမှ စ၍ သယောက်လင်သည် အိမ်သို့ ဝင်ခြင်းကို လည်းကောင်း၊ အလုန်ဖကြူး ကျင့်ခြင်းကို လည်းကောင်း၊ ထမင်းစားခြင်းကို လည်းကောင်း၊ ပုဏ္ဏေးမသည် တံခါး၌ ရပ်၍ ခရီးကို မျှော်ခြင်းကို လည်းကောင်း၊ သယောက်လင်သည် ကျီသို့ ဝင်သည်၏ အဖြစ်ကို လည်းကောင်း အလုံးစုံသော ထိုအကြောင်းကို ကြားလို၍ ဤဂါထာကို ဆို၏—

၁၂၄။ အဟံ နဋ္ဌောသ္မိ ဘဒ္ဒန္တေ၊ ဘိက္ခကောသ္မိ ဣဓာဂတော။
အယံ ဟိ ကောဋ္ဌမောတိဏ္ဏော၊ အယံ သော ယံ ဂဝေသသိ။

အို အရှင်ပုဏ္ဏား ငါသည် နဋ္ဌ အမျိုးသား ဖြစ်၏။ ထမင်းတောင်းလို၍ ဤအရပ်သို့ လာရောက်သူတည်း။ အရှင်သည် ဤထမင်းသည် အဘယ်သူ၏ စားကြွင်း ဖြစ်မည်နည်းဟု ရှာ၏။ ဤထမင်းကို စားသူပုဏ္ဏေးမ၏ သယောက်လင်သည်ကား သင့်အား ကြောက်သဖြင့် ကျီထဲသို့ ဝင်နေ၏။

ဦးသျှောင်ကို ဆွဲ၍ ကျီမှ ထုတ်၍ နောင်တစ်ဖန် ဤသို့ သဘောရှိသော ယုတ်မာသော အကျင့်ကို မကျင့်ဝံ့အောင် ဆုံးမလော့ဟု ဆို၍ ဖဲ၏။ ပုဏ္ဏားသည် ထိုနှစ်ယောက်သော သူတို့ကိုလည်း ကြိမ်းမောင်းခြင်း သတ်ပုတ်ခြင်းတို့ဖြင့် အကြင်သို့ ပြုသည် ရှိသော် တစ်ဖန် ဤသို့သဘောရှိသော အမှုကို မပြုဝံ့ကုန်။ ထိုသို့သော အခြင်းအရာအားဖြင့် ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ပုဏ္ဏေးမ ဖြစ်ဖူးပြီ၊ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ ပုဏ္ဏား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နဋ္ဌ အမျိုးသား ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာတစ်ဆယ့်နှစ်ခုမြောက်သော ဥစ္ဆိင်္ဂဇာတ်သည် ပြီး၏။

## ၂၁၃-ဘရုဇာတ်

### လာဘ်စားသောမင်း

### ငါးခုံမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် ''ဣသီနံ'မန္တရံ ကတွာ''အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော ဤဘရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားအား လည်းကောင်း၊ ရဟန်း အပေါင်းအား လည်းကောင်း ပစ္စည်း လေးပါးတည်းဟူသော လာဘ်ပူဇော် ဝိသေသတည်းဟူသော သက္ကာရသည် များစွာ ဖြစ်၏။ ငါသည် ဆိုအပ်သော စကား၏ သက်သေဖြစ်သော အဘယ်သို့သော စကားကို ဟောတော်မူသနည်း ဟူမူကား ထိုအခါ မြတ်စွာဘုရားကို ကောင်းစွာ ပူဇော်အပ်သည် ဖြစ်၏၊ အလေးအမြတ် ပြုအပ်သည် ဖြစ်၏၊ မြတ်နိုးအပ်သည် ဖြစ်၏၊ ပူဇော်အပ်သည် ဖြစ်၏။ အရိုအသေ ပြုအပ်သည် ဖြစ်၏။ သင်္ကန်း, ဆွမ်း, ကျောင်း, သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေးတည်းဟူသော အသက်၏ အရံအတားတို့ကို ရတော်မူသည် ဖြစ်၏။ ရဟန်း အပေါင်းကိုလည်း ကောင်းစွာ ပြုအပ်သည် ဖြစ်၏၊ အလေးအမြတ် ပြုအပ်သည် ဖြစ်၏၊ မြတ်နိုးအပ်သည် ဖြစ်၏။ ပူဇော်အပ်သည် ဖြစ်၏။ အရိုအသေ ပြုအပ်သည် ဖြစ်၏၊ ရဟန်း အပေါင်းသည် သင်္ကန်း, ဆွမ်း, ကျောင်း, သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော အရံအတားတို့ကို ရသည် ဖြစ်၏၊ အညတိတ္ထိယ ဖြစ်ကုန်သော ပရိဗိုဇ် တို့သည်ကား ကောင်းစွာ ပြုအပ်ကုန်သည် မဖြစ်ကုန်၊ အလေးအမြတ် ပြုအပ်ကုန်သည် မဖြစ်ကုန်၊ မြတ်နိုးအပ်ကုန်သည် မဖြစ်ကုန်၊ ပူဇော်အပ် အရိုအသေ ပြုအပ်ကုန်သည် မဖြစ်ကုန်၊ ပရိဗိုဇ်တို့သည် သင်္ကန်း, ဆွမ်း, ကျောင်း, သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေးတည်းဟူသော အရံအတားတို့ကို ရကုန်သည် မဖြစ်ကုန်ဟု ဟောတော်မူဖူး၏။

ထိုတိတ္ထိတို့သည် ဤသို့လာအံ့သော သက္ကာရမှ ယုတ်ကုန်၍ နေ့ညဉ့် ပတ်လုံး လွန်စွာ ငြီးငွေ့ခြင်းကို ပြုကုန်၍ အရှင်တို့ ရဟန်း ဂေါတမ၏ ဖြစ်ထွန်းသော ကာလမှ စ၍ ငါတို့သည် ပျောသော လာဘသက္ကာရ ရှိကုန်သည် ဖြစ်ကုန်၏။ ရဟန်း ဂေါတမသည်ကား လာဘအစု အကျော် အစောအခြံအရံ အစုကို ရသည် ဖြစ်၏။ အဘယ် အကြောင်းကြောင့်လျှင် ထိုရဟန်း

ဂေါတမအား ထိုပြည့်စုံခြင်းသည် ဖြစ်သနည်းဟု တိုင်ပင်ကြကုန်၏။ ထိုသို့ တိုင်ပင်ကြကုန်သော အညတိတ္ထိယ အပေါင်းတို့သည် အရှင်တို့ ရဟန်းဂေါတမ သည် ဇမ္ဗူဒိပ်ကျွန်း အလုံး၏ မြတ်သော ဌာနဖြစ်သော မြေတို့၏ အထွတ် အထိပ်၌ နေရ၏။ ထို့ကြောင့် ထိုရဟန်း ဂေါတမအား လာဘသက္ကာရသည် ဖြစ်၏ဟု ဆိုကုန်၏။ ကြွင်းကုန်သော အညတိတ္ထိယတို့သည်ကား အရှင်တို့ ထိုအရှင်တို့ ဆိုသော အကြောင်းသည်ရှိ၏။ ငါတို့သည် ဇေတဝန်အပြင်၌ တိတ္ထိ တို့၏ အရံကို ပြုကြကုန်အံ့၊ ဤသို့ ပြုကြကုန်သည် ရှိသော် လာဘရှိကုန်သည် ဖြစ်လတ္တံ့ဟု ဆိုကုန်၏။ ထိုအလုံးစုံသော တိတ္ထိတို့သည်လည်း ထိုစကားသည် ကောင်းပြီဟု အပြီးသတ်ခြင်းကို ပြုကုန်၍ ငါတို့သည် မင်းအား မကြားကုန် မူ၍ အရံကို အကယ်၍ ပြုကုန်အံ့၊ ရဟန်းတို့သည် မြစ်ကုန်လတ္တံ့၊ တံစိုးကိုရ၍ မပျက်သော မည်သည်ကား မရှိ။ ထို့ကြောင့် မင်းအား တံစိုးကို ပေးကုန်၍ အရံရာကို ယူကုန်အံ့ဟု တိုင်ပင်ကြကုန်၍ အလုပ်အကျွေးတို့ကို တောင်းကုန်၍ မင်းအား တစ်သိန်းသော လက်ဆောင်ကို ပေးကုန်၍ မင်းမြတ် ငါတို့သည် ဇေတဝန်အပြင်၌ အရံကို ပြုကုန်အံ့။ ရဟန်းတို့သည် ပြုစိမ့်သောငှါ မပေးအံ့ဟူ၍ အရှင်မင်းကြီးတို့အား အကယ်၍ ကြားလာကုန်အံ့၊ ထိုရဟန်းတို့အား စကားကို မပေးပါလင့်ဟု ဆိုကုန်၏၊ မင်းသည် တံစိုး၌ တပ်မက်မောခြင်းကြောင့် ကောင်းပြီဟု ဝန်ခံ၏။ တိတ္ထိတို့သည် မင်းနှင့်ကို ကောင်းစွာ ယူကုန်၍ လက်သမားတို့ကို ခေါ်စေကုန်၍ အမှုတို့ကို ဖြစ်စေကုန်၏။ ကျယ်စွာသော အသံသည် ဖြစ်၏။

မြတ်စွာဘုရားသည် အာနန္ဒာ ကျယ်စွာသော အသံရှိကုန်သော ထိုလူတို့ သည်ကား အဘယ်သူတို့နည်းဟု မေးတော်မူ၍ အာနန္ဒာသည် အရှင်ဘုရား အညတိတ္ထိယတို့သည် ဇေတဝန်အပြင်၌ တိတ္ထိတို့၏ အရံကို ပြုကုန်၏။ ထိုအသံ သည်ကား ထိုအရံပြုရာ၌ ဖြစ်သော အသံတည်းဟု လျှောက်၏၊ အာနန္ဒာ ထိုအရပ်သည်ကား တိတ္ထိတို့၏ အရံအား မလျှောက်ပတ်။ တိတ္ထိတို့သည် ကျယ်သောအသံကို အလိုရှိကုန်၏၊ ထိုတိတ္ထိတို့နှင့်တကွ နေအံ့သောငှါ မတတ် ကောင်းဟု မိန့်တော်မူ၍ ရဟန်းအပေါင်းကို စည်းဝေးစေ၍ ရဟန်းတို့ သင်တို့ သည် သွားကြကုန်၍ မင်းအား ကြားကုန်၍ အညတိတ္ထိယတို့၏ အရံပြုခြင်းကို မြစ်ကုန်လော့ဟု မိန့်တော်မူ၏။ ရဟန်းအပေါင်းသည် သွား၍ မင်း၏ နန်းတံခါး၌ ရပ်၏။ မင်းသည် သံဃာ လာသည်၏ အဖြစ်ကို သိ၍ အညတိတ္ထိယ တို့၏ အရံကို မှီကုန်၍ လာကုန်သည် ဖြစ်ကုန်လတ္တံ့ဟု နှလုံးသွင်း၍ တံစိုးကို ယူမိသည်၏ အဖြစ်ကြောင့် မင်းသည် နန်းတော်၌ မရှိဟု ဆိုစေ၏။ ရဟန်း တို့သည် လာကုန်၍ မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် တံစိုးကို အမှီပြု၍ မင်းသည် ဤသို့ ပြု၏ဟု သိတော်မူ၍ နှစ်ပါးကုန်သော

အင်္ဂုလိမာလကတို့ကို စေတော်မူ၏။ မင်းသည် ထိုနှစ်ပါးကုန်သော အင်္ဂုလိမာလက တို့၏လည်း လာသည်၏ အဖြစ်ကိုလည်း သိ၍ ထိုအတူ ရှင်းလင်း ဆုံစေ၏။ ထိုနှစ်ပါးကုန်သော အင်္ဂုလိမာလကတို့သည်လည်း လာလတ်ကုန်၍ မြတ်စွာဘုရား အား လျှောက်ကုန်၏။

မြတ်စွာဘုရားသည် သာရိပုတ္တရာ ယခုအခါ၌ မင်းသည် နန်း၌နေအံ့သောငါ မရရာဟု နှလုံးသွင်း၍ အပသို့ ထွက်၏ဟု မိန့်တော်မူ၍ နက်ဖြန် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူ၍ ငါးရာကုန်သော ရဟန်းတို့နှင့်တကွ မင်း၏ နန်းတံခါးသို့ ကြွတော်မူ၍ မင်းသည် ကြွ၍ ပြာသာဒ်မှ သက်၍ သပိတ်တော်ကို ယူ၍ မြတ်စွာဘုရားကို ပင့်၍ ဘုရားအမှူး ရှိသော ရဟန်းအပေါင်းအား ယာဂု ခဲဖွယ်ကို လှူ၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်သော အရပ်၌ နေ၏။ မြတ်စွာဘုရားသည် မင်းအား တစ်ပါးသော အကြောင်းအားဖြင့် ဖြစ်သော ဓမ္မဒေသနာတော်ကို ဟောတော်မူလို၍ မင်းမြတ် ရှေးမင်းတို့သည် တံစိုးကို ယူကုန်၍ သီလရှိကုန်သော သူမြတ်တို့ကို တစ်ယောက် သည် တစ်ယောက်အား အငြင်းအခုံကို ပြုစေကုန်၏။ မိမိတိုင်းနိုင်ငံကို အစိုးမရ သည် ဖြစ်ကုန်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော် မူ၏။

အတိတ်ဝတ္ထု

မင်းမြတ် လွန်လေပြီးသောအခါ ဗာရာဏသီ၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြု၏။ ထိုအခါ၌ ဘုရားလောင်းသည် ငါးပါးသော အဘိညာဉ်, ရှစ်ပါးသော သမာပတ်ကိုရသော ရသေ့အပေါင်းတို့၏ ဆရာဖြစ်သော ရသေ့ဖြစ်၍ ဟိမဝန္တာ အရပ်၌ ကြာမြင့်စွာနေ၍ ဆားချဉ်မှီဝဲအံ့သောငှါ ရသေ့ငါးရာ ခြံရံလျက် ဟိမဝန္တာမှ သက်၍ အစဉ်သဖြင့် ကုရုမြို့သို့ ရောက်၍ ထိုကုရုမြို့၌ ဆွမ်းခံ၍ မြို့မှ ထွက်၍ မြောက်တံခါးအနီး၌ အခက်အခွနှင့် ပြည့်စုံသော ပညောင်ပင် အရင်း၌ နေ၍ ဆွမ်းစားခြင်းကိစ္စကို ပြု၍ ထိုပညောင်ပင် အရင်း၌လျှင် နေခြင်းကို ပြု၏။ ဤသို့ ထိုရသေ့အပေါင်းသည် ထိုပညောင်ပင်ရင်း၌လျှင် နေသည်ရှိသော် လခွဲလွန်သဖြင့် တစ်ပါးသော ငါးရာ အခြံအရံရှိသော ရသေ့အပေါင်းတို့၏ ဆရာသည် လာလတ်၍ မြို့၌ ဆွမ်းခံ၍ မြို့မှ ထွက်၍ တောင်တံခါး၌ တည်၍ ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော ပညောင်ပင်ရင်း၌ နေခြင်းကို ပြု၏။ ဤသို့ ထိုနှစ်ဦးကုန်သော ရသေ့အပေါင်းတို့သည်လည်း ကုရုမြို့၌ မွေ့လျော် ပျော်ပိုက်သရွေ့ နေကုန်၍ ဟိမဝန္တာသို့လျှင် သွားကြကုန်၏။

ထိုရသေ့တို့၏ သွားသော ကာလ တောင်တံခါး၌ ပညောင်ပင်သည် ခြောက်၏၊ နောက်တစ်ကြိမ်၌ ထိုရသေ့တို့သည် ရှေးဦးစွာ လာလတ်ကုန်၍ မိမိတို့၏ ပညောင်ပင်သည် ခြောက်သည်၏ အဖြစ်ကို သိကုန်၍ ဆွမ်းခံကုန်၍ မြို့မှ ထွက်ကုန်၍ မြောက်တံခါးအနီး၌ ပညောင်ပင် အရင်းသို့ သွားကုန်၍ ဆွမ်းစားခြင်း ကိစ္စကို ပြုကုန်၍ ထိုမြောက်တံခါး၏ အနီးဖြစ်သော ပညောင်ပင်ရင်း၌ နေခြင်းကို ပြုကုန်၏၊ ဤမှ တစ်ပါးသော ရသေ့တို့သည်ကား နောက်မှ လာလတ်ကုန်၍ မြို့၌ ဆွမ်းခံကုန်၍ မိမိ၏ ပညောင်ပင်ရင်းသို့လျှင် သွားကုန်၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြုကုန်၍ နေခြင်းကို ပြုကုန်၏၊ ထိုရသေ့တို့သည် သင်တို့၏ သစ်ပင်လော ငါတို့၏ သစ်ပင်တကားဟု ဤသို့ သစ်ပင်ကိုမှီကုန်၍ တစ်ယောက်သည် တစ်ယောက်အား ခိုက်ရန်ကို ပြုကြကုန်၏၊ ထိုခိုက်ရန်သည် ကြီးသည် ဖြစ်၏။ အချို့ကုန်သော ရသေ့တို့သည် ငါတို့၏ ရှေးဦးစွာ နေသော အရပ်ကို သင်တို့သည် မရလတ္တံ့ဟု ဆိုကုန်၏။ အချို့ကုန်သော ရသေ့တို့သည် ငါတို့သည် ဤအရပ်၌ ရှေးဦးစွာ လာ၍ နေကုန်၏၊ သင်တို့သည် မရကုန်လတ္တံ့ဟု ဆိုကုန်၏။ ဤသို့ နှစ်ဦးကုန်သော ရသေ့တို့သည် ငါတို့သည်သာ အရှင်ဖြစ်ကုန်၏၊ ငါတို့သည်သာ အရှင်ဖြစ်ကုန်၏ဟု ငြင်းခုံခြင်းကို ပြုကုန်လျက် ရုက္ခမူ၏ အကျိုးငှါ မင်းအိမ်သို့ သွားကြကုန်၏။ မင်းသည် ရှေးဦးစွာ နေဖူးသော ရသေ့အပေါင်းကိုသာလျှင် အရှင်ပြု၏၊ နောက်မှ နေလာကုန်သော ရသေ့တို့သည် ယခုအခါ၌ ငါတို့သည် ဤရသေ့တို့မှ မရှုံးသင့်ကုန်သေး၊ ငါတို့ကိုသာလျှင် ပေးစေကုန်ဦးအံ့ဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်ကုန်၍ တစ်ခုသော စကြဝတေးမင်း၏ အသုံးအဆောင် ဖြစ်သော ရထားချိုင့်ကို မြင်ကုန်၍ ဆောင်ကုန်၍ မင်းအား တံစိုးကို ပေးကုန်၍ မင်းမြတ် ငါတို့ကိုလည်း အရှင်တို့ကို ပြုဦးလော့ဟု ဆိုကုန်၏။ မင်းသည် တံစိုးကို ယူ၍ နှစ်ဦးသော ရသေ့တို့သည်လည်း နေကြကုန်လော့၊ ဤသို့ နှစ်ဦးသော ရသေ့တို့ကိုလည်း အရှင်တို့ကို ပြုကုန်၏။

ဤမှ တစ်ပါးကုန်သော ရသေ့တို့သည် ထိုရထားချိုင့်၏ ရထားလှည်းဘီးတို့ကို ထုတ်ကုန်၍ တံစိုးကို ပေးကုန်၍ မင်းမြတ် ငါတို့ကို သာလျှင် အရှင်တို့ကို ပြုပါလော့ဟု ဆိုကုန်၏။ မင်းသည် ထိုရသေ့တို့ ဆိုတိုင်း ပြု၏။ ရသေ့အပေါင်းတို့သည် ဝတ္ထုကာမတို့ကိုလည်းကောင်း၊ ကိလေသာကာမတို့ကိုလည်းကောင်း စွန့်၍ ရဟန်းပြုကုန်သော ငါတို့သည် ရုက္ခမူ၏ အကြောင်းကြောင့် ငြင်းခုံခြင်းကို ပြုကုန်သဖြင့် တံစိုးကို ပေးလျက် မသင့်သည်ကို ပြုအပ်၏ဟု နှလုံးမသာကုန်သည် ဖြစ်၍ လျင်မြန်စွာ ပြေးလေကုန်၍ ဟိမဝန္တာသို့သာလျှင် သွားကြလေကုန်၏၊ အလုံးစုံသော ကုရုတိုင်း၌ နေကုန်သော နတ်တို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၍ သီလရှိကုန်သော ရသေ့တို့ကို ငြင်းခုံခြင်းကို ပြုစေသဖြင့် မင်းသည် မသင့်သည်ကို ပြုအပ်၏ဟု ဘရုမင်းအား အမျက်

ထွက်ကုန်၍ ယူဇနာသုံးရာ ရှိသော ကုရုတိုင်းကို သမုဒ္ဒရာသို့ ရောက်စေ၍ တိုင်းမဟုတ်သည်ကို ပြုကုန်၏။ ဤသို့လျှင် တစ်ယောက်သော ဘရုမင်းကို အမှီပြု၍ တိုင်းအလုံး၌ နေကုန်သော သူတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်လေကုန်၏ဟု မြတ်စွာဘုရားသည် လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၂၅။ ဣသီနံ' မန္တရံ ကတွာ၊ ဘရုရာဇာတိ မေ သုတံ။
ဥစ္ဆိန္နော သဟ ရဋ္ဌေဟိ၊ သရာဇာ ဝိဘဝင်္ဂတော။

၁၂၆။ တသ္မာ ဟိ ဆန္ဒာဂမနံ၊ နပ္ပသံသန္တိ ပဏ္ဍိတာ။
အဒုဋ္ဌစိတ္တော ဘာသေယျ၊ ဂိရံ သစ္စုပသံဟိတံ။

မင်းမြတ် ရှေး၌ ဘရုမင်း ဟူသော ထိုစကားကို ငါကြားဖူး၏၊ ထိုဘရုမင်းသည် ရသေ့တို့ကို ရန်တိုက်လျက်' တိုင်းနိုင်ငံနှင့်တကွ အမြစ်အရင်း ပြတ်၍ ပျက်စီးခြင်းသို့ ရောက်ဖူးသောကြောင့် ဆန္ဒာဂတိ စသည်သို့ လိုက်ခြင်းကို ရောက်ဖူးသောကြောင့် ဆန္ဒာဂတိ စသည်သို့ လိုက်ခြင်းကို ပညာရှိတို့သည် မချီးမွမ်းကြကုန်၊ ကိလေသာတို့သည် မဖျက်ဆီးအပ်သော စိတ်ရှိသည် ဖြစ်၍ မှန်သော စကားကိုသာ ဆိုရာ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ် ဆန္ဒ၏ အလိုသို့ လိုက်သောမည်သည် မဖြစ်ရာ။ နှစ်ဦးသော ရဟန်းတို့ကို ငြင်းခုံခြင်းကို ပြုစိမ့်သောငှါ မသင့်ဟု မိန့်တော်မူ၍ မင်းမြတ် ယခုအခါ ငါဘုရားသည် ထိုအခါ ရသေ့ကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။ မင်းသည် မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြု၍ ကြွတော်မူသော ကာလ၌ လူတို့ကို စေ၍ အညတိတ္ထိယတို့၏ အရံကို ဖျက်ဆီးစေ၏။ အညတိတ္ထိယတို့သည် တည်ရာ မရကုန်သည် ဖြစ်ကုန်၏။

နှစ်ရာတစ်ဆယ့်သုံးခုမြောက်သော ဘရုဇာတ်သည် ပြီး၏။

## ၂၁၄-ပုဏ္ဏနဒီဇာတ်

### အမှားသိလျှင် အမှန်ပြင်

### ပုရောဟိတ်နှင့် မင်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟု" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုဏ္ဏနဒီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် ငါ့ရှင်တို့ မြတ်စွာဘုရားသည် ကျယ်သော ပညာရှိတော်မူ၏၊ ကြီးသော ပညာ ရှိတော်မူ၏။ ရွှင်သော ပညာ ရှိတော်မူ၏။ မြတ်သော ပညာ ရှိတော်မူ၏။ ထက်သော ပညာ ရှိတော်မူ၏။ နက်နဲသော ပညာ ရှိတော်မူ၏။ ထိုးထွင်းသော ပညာ ရှိတော်မူ၏။ အကြောင်းကို သိသော ပညာနှင့် ပြည့်စုံတော်မူ၏။ ဤသို့ မြတ်စွာဘုရား၏ စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ငါဘုရားသည် ယခုအခါ၌ သာလျှင် ပညာရှိသည်၊ အကြောင်း၌ လိမ္မာသည် မဟုတ်သေး။ ရှေး၌လည်း ငါဘုရားသည် ပညာရှိသည် သာလျှင် တည်း။ အကြောင်း၌ လိမ္မာသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုရောဟိတ်မျိုး၌ ဖြစ်၍ အဘလွန်သဖြင့် ပုရောဟိတ် အရာကို ရ၍ ဗာရာဏသီမင်း၏ အကျိုးအကြောင်း ကို ဆုံးမတတ်သော အမတ်ဖြစ်၏။ နောက်အဖို့၌ မင်းသည် ကုန်းချောတတ် ကုန်သော သူတို့၏ စကားကို ယူ၍ ဘုရားလောင်းအား အမျက်ထွက်၍ ငါ၏ အထံ၌ မနေလင့် ဟူ၍ ဘုရားလောင်းကို ဗာရာဏသီပြည်မှ နှင်ထုတ်လိုက်၏။ ဘုရားလောင်းသည် သားမယားကို ယူ၍ တစ်ခုသော လယ်ထွန်မျိုးတို့၏ ရွာ၌ နေ၏။ နောက်အဖို့၌ မင်းသည် ထိုဘုရားလောင်း၏ ကျေးဇူးကို အောက်မေ့၍ တစ်စုံတစ်ယောက်သော သူကို စေ၍ ဆရာကို ခေါ်အံ့သောငှါ

ငါ့အား မလျှောက်ပတ်၊ စင်စစ်သော်ကား တစ်ခုသော ဂါထာကို ဖွဲ့၍ ထန်းရွက်၌ ရေး၍ ကျီးသားကို ချက်စေ၍ စာခွေကိုလည်းကောင်း, ကျီးသားကို လည်းကောင်း ပဝါဖြူဖြင့် ထုပ်၍ မင်း၏ တံဆိပ်ဖြင့် ခတ်၍ ပို့စေအံ့။ ထိုဆရာသည် ပညာရှိသည် ဖြစ်အံ့၊ မှာစာကို ဖတ်၍ ကျီးသား၏ အဖြစ်ကို သိ၍ လာလတ္တံ့။ ပညာ မရှိသည် ဖြစ်အံ့။ မလာလတ္တံ့ဟု ကြံ၍ ထိုမင်းသည် ဤဂါထာကို ထန်းရွက်၌ ရေး၏—

၁၂၇။ ပုဏ္ဏံ နဒိံ ယေန စ ပေယျမာဟု၊
ဇာတံ ယဝံ ယေန စ ဂုယှမာဟု။
ဒူရံ ဂတံ ယေန စ အဝှယန္တိ၊
သော တျာ'ဂတော ဟန္ဒ စ ဘုဉ္ဇ ဗြာဟ္မဏ။

ပုဏ္ဏား အကြင်ငှက်ကြောင့် ရေဖြင့် ပြည့်သော မြစ်ကိုလည်း ကမ်းနား၌ ရပ်၍ သောက်ခြင်းငှါ စွမ်းနိုင်ကောင်းသော ရေရှိသော မြစ်ဟူ၍ ဆိုကုန်၏။ အကြင်ငှက်ကြောင့် ပေါက်သစ်စ ဖြစ်သော မုယော စသော စပါးပင်နှ ကိုလည်း ဖုံးလွှမ်းနိုင်ပြီးသော စပါးပင်ဟူ၍ ဆိုကြကုန်၏၊ အကြင်ငှက်ကြောင့် ဝေးသော အရပ်သို့ သွားလတ်သော အဆွေခင်ပွန်းကို ပြန်ရောက်အံ့ဟူ၍ ဆိုကုန်၏။ ထိုငှက်ကို သင့်အတွက် ပို့နိုင်း၏ ဟူ၍ ထိုငှက်သားကို စားလော။

မင်းသည် ဤဂါထာကို ထန်းရွက်၌ ရေး၍ ဘုရားလောင်းအား ပို့စေ၏။ ဘုရားလောင်းသည် မှာစာကို ဖတ်၍ မင်းသည် ငါ့ကို မြင်လိုပြီဟု သိ၍ ဤဂါထာကို ဆို၏—

၁၂၈။ ယဒါ မံ သရတီ ရာဇာ၊ ဝါယသမ္ပိ ပဟေတဝေ။
ဟံသာ ကောဉ္စာ မယူရာ စ၊ အသတိယေဝ ပါပိယာ။

မင်းသည် အကြင်အခါ၌ ကျီးသားကို ရ၍ ကျီးသားကိုသော်လည်း ပို့ပေးခြင်းငှါ ငါ့ကို သတိရ အောက်မေ့သေး၏၊ ဟင်္သာသားတို့ကိုလည်းကောင်း, ကြိုးကြာသားတို့ကိုလည်းကောင်း, ဥဒေါင်းသားတို့ကိုလည်းကောင်း ဆက်သလာကုန်သည် ရှိသော် ထိုဟင်္သာသား စသည်တို့ကို ပို့လာခြင်းငှါ ငါ့ကို အောက်မေ့သည်သာ ဖြစ်လိမ့်မည်၊ လောက၌ သတိမရ မအောက်မေ့ခြင်းသည်သာလျှင် ယုတ်မာ၏၊ သတိရ အောက်မေ့ခြင်းသည်ကား မြတ်၏။

မင်းသည် ငါ့ကို အောက်မေ့၏။ ငါ၏ လာခြင်းကို တောင့်တ၏။ ထိုကြောင့် ငါသည် သွားအံ့ဟု လှည်းကို က စေ၍ မင်းကို ဖူးမြင်လေ၏။ မင်းသည် နှစ်သက်၍ ပုရောဟိတ် အရာ၌လျှင် တည်စေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ပုရောဟိတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာတစ်ဆယ့်လေးခုမြောက်သော ပုဏ္ဏနဒီဇာတ်သည် ပြီး၏။

---

## ၂၁၅-ကစ္ဆပဇာတ်

### ဟသ်ာနှင့် လိပ်

### စကားများ အမှားတွေ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အဝဓီ ဝတ အတ္တာနံ" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္ဆပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထုသည်ကား မဟာတက္ကာရိယ ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ အထူးကား ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ ကောကာလိကကို ယခုအခါ၌ သာလျှင် မိမိစကားသည် သတ်သည် မဟုတ်သေး။ ရှေး၌လည်း မိမိစကားသည် သတ်ဖူးသလျှင် ဏတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ အကျိုး အကြောင်းကို ဆုံးမတတ်သော အမတ်သည် ဖြစ်၏။ ထိုဗြဟ္မဒတ်မင်းသည်ကား စကားများသည် ဖြစ်၏၊ ထိုဗြဟ္မဒတ်မင်းသည် ပြောဆိုသည် ရှိသော် တစ်ပါးကုန်သော သူတို့အား စကား၏ အခွင့်မည်သည်မရှိ။ ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ စကားများသည်၏ အဖြစ်ကို မြစ်လိုသည် ဖြစ်၍ တစ်ခုသော အကြောင်းကို စုံစမ်းလျက် သွား၏။ ထိုကာလ၌လည်း ထိုဟိမဝန္တာအရပ်ဝယ် တစ်ခုသော အိုင်၌ လိပ်သည် နေ၏။ ဟသ်ာငယ်နှစ်ကောင်တို့သည် အစာရှာ၍အံ့သောငှါ သွားကုန်သည်ရှိသော်

ထိုလိပ်နှင့်တကွ အကျွမ်းဝင်ခြင်းကို ပြုကုန်၏။ ထိုဟင်္သာ လိပ်တို့ယည် မြဲစွာ အကျွမ်းဝင်ကုန်သည်ဖြစ်၍ တစ်နေ့သ၌ လိပ်ကို အဆွေလိပ် ငါတို့၏ ဟိမဝန္တာ၌ စိတ္တကူဋ်တောင်အပြင်ဝယ် ရွှေဂူ၌ နေရာ အရပ်သည် ရှိ၏။ ထိုအရပ်သည် မွေ့လျော်ဖွယ် ရှိ၍ ငါတို့နှင့်တကွ လိုက်ခဲ့လောဟု ဆိုကုန်၏။ ငါသည် အဘယ်သို့ ပြု၍ သွားနိုင်အံ့နည်းဟု လိပ်သည် ဆိုသည်ရှိသော် အဆွေ သင်သည် နှုတ်ကို စောင့်အံ့သော်ငါ အကယ်၍ ဆွမ်းနိုင်သည် ဖြစ်အံ့၊ တင်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခုသော စကားကို အကယ်၍ မဆိုလတ္တံ့။ ငါတို့သည် သင့်ကို ယူကုန်၍ သွားကုန်အံ့ဟု ဆိုကုန်၏။ အရှင်တို့ စောင့်ပါအံ့။ အရှင်တို့သည် ငါ့ကို ယူ၍ သွားကြကုန်လောဟု လိပ်ဆိုသည် ရှိသော် ထိုဟင်္သာတို့သည် ကောင်း ပြီဟုဆိုကုန်၍ တစ်ခုသော တုတ်တံကို လိပ်ကို ကိုက်စေ၍ မိမိတို့သည် ထို တုတ်တံ၏ အစွန်းနှစ်ဖက်တို့ကို ကိုက်၍ ကောင်းကင်သို့ ပျံကုန်၏။ ထိုလိပ်ကို ထိုသို့သော အခြင်းအရာအားဖြင့် ဟင်္သာတို့သည် ဆောင်လတ်သည်တို့ကို ရွာသူ သားငယ်တို့သည် မြင်ကုန်၍ ဟင်္သာနှစ်ကောင်တို့သည် လိပ်ကို တုတ်တံဖြင့် ဆောင်ကုန်၏ဟု ဆိုကုန်၏။

မင်းရင်ပြင်သို့ ငါ့ကို အဆွေခင်ပွန်းတို့သည် ဆောင်ကုန်၏။ သူငယ်ပျက်တို့ ဤသို့ ဟင်္သာတို့သည် ငါ့ကိုဆောင်ရာ၌ သင်တို့အား အဘယ်ပြုသနည်းဟု ဆိုလို၏၊ ဤသို့လိပ်သည် ဆိုလိုသည်ဖြစ်၍ ဟင်္သာတို့၏ လျင်မြန်သော အဟုန် ရှိသည်၏အဖြစ်ကြောင့် ဗာရာဏသီမြို့၌ မင်းအိမ်၏အထက်အဖို့သို့ရောက်သော ကာလ၌ ကိုက်ရာအရပ်မှ တုတ်တံကိုလွှတ်သော် ကောင်းကင်ပြင်မှကျ၍ နှစ်စိတ် ကွဲလေ၏။ လိပ်သည် ကောင်းကင်မှကျ၍ နှစ်စိတ် ကွဲလေ၏ဟု တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်၏။ မင်းသည် ဘုရားလောင်းကိုခေါ်၍ အမတ် အပေါင်းခြံရံလျက် ထိုအရပ်သို့သွား၍ လိပ်ကို မြင်၍ ဘုရားလောင်းကို ပညာရှိ ဤလိပ်သည် အသို့ပြု၍ ကျသနည်းဟု မေး၏၊ ဘုရားလောင်းသည် ငါသည် မင်းကို ဆုံးမလိုသည်ဖြစ်၍ အကြောင်းကို စုံစမ်းလျက် ကြာမြင့်စွာသော ကာလပတ်လုံးလျှင် သွား၏။ ဤလိပ်သည် ဟင်္သာတို့နှင့်တကွ အကျွမ်းတဝင် ရှိခြင်းကို ပြုအပ်သည် ဖြစ်လတ္တံ့။ ထိုဟင်္သာတို့သည် ဤလိပ်ကို ဟိမဝန္တာသို့ ဆောင်ကုန်အံ့ဟု တုတ်တံကိုကိုက်စေ၍ ကောင်းကင်သို့ ပျံသည် ဖြစ်ရာ၏။ ထိုသို့ ပျံကုန်သည်ရှိသော် ဤလိပ်သည် တစ်စုံတစ်ယောက်သောသူ၏ စကားကို ကြားလေ၍ နှုတ်မစောင့်သည်၏အဖြစ်ဖြင့် တစ်စုံတစ်ခုသော စကားကို ဆိုလို ခြင်းကြောင့် တုတ်တံကိုလွှတ်သည် ဖြစ်လတ္တံ့။ ဤသို့ လွှတ်သည် ရှိသော် ကောင်းကင်မှကျ၍ အသက်ကုန်ခြင်းသို့ ရောက်သည်သာလျှင်ဖြစ်ရာ၏။ ဤသို့ ကြံ၍ မင်းမြတ် အာလွန်နှုတ်ကြမ်းကုန်သော အဆုံးမရှိ ပြောဆိုတတ်သော သူတို့

မည်သည်ကား ဤသို့ သဘောရှိသော ဆင်းရဲခြင်းသို့ ရောက်ကုန်သလျှင်ကတည်းဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၁၂၉။ အဝဓိ ဝတ အတ္တာနံ၊ ကစ္ဆပေါ ဗျာဟရံ ဂိရံ။
သုဂ္ဂဟီတသ္မိံ ကဋ္ဌသ္မိံ၊ ဝါစာယ သကိယာ ဝဓိ။

၁၃၀။ ဧတမ္ပိ ဒိသွာ နရဝီရိယသေဋ္ဌ၊ ဝါစံ ပမုဉ္စေ ကုသလံ နာတိဝေလံ။
ပဿသိ ဗဟုဘာဏေန၊ ကစ္ဆပံ ဗျသနံ ဂတံ။

မင်းမြတ် ထိုလိပ်သည် ကောင်းစွာကိုက်ချီအပ်သော တုတ်တံ၌ စကားဆိုခြင်းကြောင့် မိမိကိုယ်ကို သတ်လေ၏၊ မိမိစကားဖြင့် မိမိကိုယ်ကို မိမိသတ်၏၊ လူတို့တွင် ရဲရင့်ခြင်းဖြင့် မြတ်တော်မူသော အရှင်မင်းမြတ် ပညာရှိသူသည် ထိုအကြောင်းကိုလည်း သိ၍ အပြစ်မရှိသော စကားကိုသာလျှင် ပြောဆိုရာ၏၊ ထိုအပြစ်မရှိသော စကားကိုလည်း အကြာကြီး မပြောရာ၊ စကားများ များပြောခြင်းကြောင့် ပျက်စီးရသောလိပ်ကို မြင်ပါ၏လော။

မင်းသည် ငါ့ကိုရည်၍ ဆို၏ဟု သိ၍ ပညာရှိ သင်သည် ငါတို့ကို ရည်၍ ဆို၏ဟု ဆို၏။ ဘုရားလောင်းသည် မင်းမြတ် အရှင်မြတ်သည်မူလည်း ဖြစ်စေ၊ တစ်ပါးသော သူသည်မူလည်း ဖြစ်စေ အမှတ်မရှိသော သူသည် ပမာဏကို လွန်သော စကားကိုဆိုသည်ရှိသော် ဤသို့သဘောရှိသောပျက်စီးခြင်းသို့ရောက်၏ဟု ထင်ရှားစွာ ပြု၍ဆို၏။ မင်းသည် ထိုအခါမှစ၍ များစွာဆိုခြင်းမှ ကြဉ်ရှောင်၍ စကားနည်းသည်ဖြစ်၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ကောကာလိကသည် ထိုအခါ လိပ်ဖြစ်ဖူးပြီ။ ယခုအခါ နှစ်ပါးကုန်သော သာရိပုတ္တရာ မောဂ္ဂလာန်ဖြစ်ကုန်သော မဟာထေရ်တို့သည် ထိုအခါ နှစ်ကောင်ကုန်သော ဟင်္သာငယ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(နှုတ်ကြောင့် သေတတ်သည်၊ လက်ကြောင့် ကြေတတ်သည်။)

နှစ်ရာတစ်ဆယ့်ငါးခုမြောက်သော ကစ္ဆပဇာတ်သည် ပြီး၏။

## ၂၁၆-မစ္ဆဇာတ်

### မယားအပူ မီးထက်ပူ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်“န မာ’ယ မဂ္ဂိ တပတိ”အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမစ္ဆဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း သင်သည် ငြီးငွေ၏ဟူ၍ ကြားရသည်ကား မှန်သလောဟု မေးတော်မူ၍ အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မေးတော်မူ၍ အရှင်ဘုရား မယားဟောင်းသည် ငြီးငွေ့စေ၏ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်၏။ ရှေး၌လည်း သင်သည် ထိုမိန်းမကို အမှီပြု၍ တံစို့ဖြင့် လျှို၍ မီးကျီး၌ ကင်၍ စားအပ်သည်၏အဖြစ်သို့ ရောက်၍ ပညာရှိတို့ကို အမှီရ၍ အသက်ကို ရဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ပုရောဟိတ်ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ တံငါတို့သည် ကွန်၌ငြိသော ငါးကို ဆယ်ကုန်၍ ပူသော သဲအပြင်၌ ထားကုန်၍ မီးကျီးဘို့၌ ထိုငါးကိုကင်၍ စားကုန်အံ့ဟု တံစို့ကို ချွန်သည်ရှိသော် ငါးဖိုသည် ငါးမကို အာရုံပြု၍ ငိုကျွေ ဤဂါထာတို့ကို ဆို၏–

၁၃၁။ န မာ’ယ မဂ္ဂိ တပတိ၊ န သူလော သာဓုတစ္ဆိတော။
ယဉ္စ မံ မညတေ မစ္ဆီ၊ အညံ သော ရတိယာ ဂတော။

၁၃၂။ သော မံ ဒဟတိ ရာဂဂ္ဂိ၊ စိတ္တံ စူပတာပေတိ မံ။
ဇာလိနော မုဉ္စထာ’ ယိရာ မံ၊ န ကာမေ ဟညတေ ကွစိ။

အရှင် တံငါတို့ ဤမီးသည် ငါ့ကို မပူစေ။ ကောင်းစွာ ချွန်အပ်သော ဤတံစို့သည်လည်း ငါ့ကို မပူစေ၊ ထိုငါ့လင် ငါးဖိုသည် ကာမဂုဏ်ငါးပါး၌ မွေ့လျော်သဖြင့် တစ်ပါးသော ငါးမ နောက်သို့ လိုက်လေပြီ။ ဤသို့ ငါးမ၏

ငါ့ကို အောက်မေ့ခြင်းဆည်သာလျှင် ပူလောင်စေ၏။ ထို ငါးမကို တပ်စွန်းခြင်း တည်းဟူသော ရာဂမီးလျှံသည်သာလျှင် ငါ့ကိုပူစေ၏။ ကာမတို့ကို တောင့်တ သော သတ္တဝါကို တစ်ရံတခါစ်၌ မှသတ်အပ်။ အရှင်တံငါတို့ ငါ့ကို လွှတ်ကြ ပါကုန်လော။

ထိုခဏ၌ ဘုရားလောင်းသည် မြစ်ကမ်းနားသို့ရောက်၍ ထိုငါး၏ ငိုကြွေး သော အသံကို ကြားရ၍ တံငါတို့ကို ကပ်လေ၍ ထိုငါးကို လွှတ်စေ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည့်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ မယားဟောင်းသည် ထိုအခါ ငါးမ ဖြစ်ဖူးပြီ၊ ယခုအခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ ငါးဖိုဖြစ်ဖူးပြီ။ ယခု အခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်ဖြစ်ဖူးပြီ၊ ဤသို့ဇာတ်ကို ပေါင်းတော်၏။

(လောက၌ ရာဂထက်ပူသော မီးကား မရှိ)

နှစ်ဆာတစ်ဆယ့်ခြောက်ခုမြောက်သော မစ္ဆဇာတ်သည် ပြီး၏။

---

၂၁၇-သေဂ္ဂုဇာတ်

ငှက်မသိတော့ ဆက်ရက်ချိုးထင်

သီလရှိသော သမီး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သဗ္ဗော လောကော" အစရှိသော ဂါထာပုဒ်ဖြင့် ပန်ဆာ ဆင်အပ်သော ဤသေဂ္ဂုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ဟင်းချက်သည် ဖြစ်သော ဒါယကာ ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုကို ကေကနိပါတ်၌ ချဲ့အပ်ပြီး သလျှင်ကတည်း။

မြတ်စွာဘုရားသည် ထိုဒါယကာကို ဒါယကာ သင်သည် ကြာမြင့်စွာမှ လာသလောဟု မေးတော်မူ၍ အရှင်ဘုရား အကျွန်ုပ်အား အမြဲရှင်သော မျက်နှာရှိသောသမီးသည် ရှိ၏။ထိုသမီးကို အကျွန်ုပ်သည်စုံစမ်း၍တစ်ယောက်သော အမျိုးသားအားပေး၏။ထိုထိမ်းမြားမင်္ဂလာအမှုကိစ္စကို ဆောင်အပ်သည်၏အဖြစ်ကြောင့် အရှင်ဘုရားတို့အား အဖူးအမြင်လာအံ့သောငှါ အခွင့်ကိုမရဟု လျှောက်၏။ ထိုအခါ၌ ဒါယကာကို မြတ်စွာဘုရားသည် ဒါယကာ ယခုအခါ၌သာလျှင် ထိုသတို့သမီးသည် သီလရှိသည် မဟုတ်သေး၊ ရှေး၌လည်း သီလရှိသည်သာလျှင်တည်း။ သင်သည်လည်း ယခုအခါ၌သာလျှင် ထိုသတို့သမီးကို စုံစမ်းသည် မဟုတ်သေး။ ရှေး၌လည်း စုံစမ်းဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရုက္ခစိုးနတ်ဖြစ်၏။ ထိုအခါ၌ ဤဟင်းရွက်သည်သည်သာလျှင် သမီးကို စုံစမ်းအံ့ဟူ၍ တောသို့ ဆောင်၍ ကိလေသာ၏ အစွမ်းအားဖြင့် အလိုရှိသကဲ့သို့ပြု၍ လက်၌ကိုင်၏။ ထိုအခါ၌ ငိုလတ်သော် ထိုသမီးကို အဘသည် ဤဂါထာကို ဆို၏—

၁၃၃။ သဗ္ဗော လောကော အတ္တမနော အဟောသိ၊
အကောဝိဒါ ဂါမဓမ္မဿ သေဂ္ဂု။
ကုမာရိ ကော နာမ တဝ'ဇ္ဇ ဓမ္မော။
ယံ တွံ ဂဟိတာ ပဝနေ ပရောဒသိ။

အမိ သတ္တဝါအားလုံးသည် ကာမကို မှီဝဲခြင်း၌ ဝမ်းမြောက် ဝမ်းသာရှိဘိ၏။ သမီးသေဂ္ဂု သင်သည်ကား ရွာသူ၏အကျင့်၌ အဘယ့်ကြောင့် မလိမ္မာသနည်း။ တောအရပ်၌ သင်နှင့် ပေါင်းဖော်လိုသည်၏အစွမ်းဖြင့် ငါသည် သင့်လက်ကို ဆွဲကိုင်သည် ရှိသော် ငိုယို၏။ ဤသို့ ငိုယိုခြင်းဟူသော သဘောကား အဘယ်နည်း၊ သင်သည် သူငယ်မ သာ မဟုတ်လော။

ထိုစကားကိုကြား၍ သူငယ်မသည် ဖခင် ကျွန်ုပ်သည် သူငယ်မ ဟုတ်သလျှင်ကတည်း။ ကျွန်ုပ်သည် မေထုန်အကျင့်မည်သည်ကို မသိဟုဆို၍ ငိုကြွေးလျက် ဤဂါထာကိုဆို၏—

၁၃၄။ ယော ဒုက္ခဖုဋ္ဌာယ ဘဝေယျ တာဏံ၊
သော မေ ပိတာ ဒုဗ္ဘိ ဝနေ ကရောတိ။
သာ ကဿ ကန္ဒာမိ ဝနဿ မဇ္ဈေ။
ယော တာယိတာ သော သဟသံ ကရောတိ။

ဖခင် ဖခင်မည်သည် ဆင်းရဲနှင့် တွေ့ကြုံသော် စောင့်ရှောက်သူဖြစ်ရာ၏။ ငါ့အဘသည် တောအရပ်၌ ကိုယ်မွေးသည့် သမီး၌ လွန်ကျူးခြင်းကိုပြုအပ်၏ဟု မှတ်ထင်၏။ ငါသည် တောမြိုင်အလယ်၌ အဘယ်သူ၏ အစောင့်အရှောက်ကို ယူအံ့သောငှာ ငိုရအံ့နည်း။ စောင့်ရှောက်ထိုက်သော ထိုအဘ-က ရှုန့်ရင်းသောအမှုကို ပြုလေ၏။

ထိုဟင်းရွက်သည်ဒါယကာသည် ထိုအခါ၌ သမီးကိုစုံစမ်း၍ အိမ်သို့ဆောင်၍ အမျိုးသားအားပေး၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ဟင်းရွက်သည်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ဒါယကာ ယခုအခါ သင့်သမီးသည်လျှင် ထိုအခါ သင့်သမီးဖြစ်ဖူးပြီ။ ယခုအခါ သတို့သမီး၏ အဘသည်လျှင် ထိုအခါ သတို့သမီး၏ အဘဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက် ပြုခဲ့ရသော ရုက္ခစိုးနတ် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာတစ်ဆယ့်ခုနစ်ခုမြောက်သော သောဂ္ဂဇာတ်သည် ပြီး၏။

## ၂၁၈-ကူဋဝါဏိဇဇာတ်

### သံကြွက်စား သားစွန်ချီ
### ဘတစ်ပြန် ကျွဲတစ်ပြန်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သဌဿ သာဌေယျမိဒံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကူဋဝါဏိဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ကုန်သည်စဉ်းလဲကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေကုန်သော ကုန်သည်စဉ်းလဲလည်း တစ်ယောက်၊ ကုန်သည်ပညာရှိလည်း တစ်ယောက် ဤနှစ်ယောက်ကုန်သော ကုန်သည်တို့သည် မိတ်ဖွဲ့ကြကုန်၍ လှည်းငါးရာတို့ကို ဘဏ္ဍာဖြင့် ပြည့်စေကုန်၍ အရှေ့အစွန်းမှ အနောက်အစွန်းသို့ သွားကုန်လျက် ကုန်သွယ်ခြင်းကို ပြုကုန်၍ များစွာသော လာဘ်ကို ရကုန်၍ သာဝတ္ထိပြည်သို့ ပြန်ကြကုန်၏။ ပညာရှိသော ကုန်သည်သည် စဉ်းလဲသော ကုန်သည်ကို အဆွေ ဥစ္စာကို ဝေကြကုန်အံ့ဟု ဆို၏။ ကုန်သည်စဉ်းလဲသည် ဤသူသည် ရှည်မြင့်စွာသော ကာလပတ်လုံး ဆင်းရဲငြိုငြင်သော အိပ်ရခြင်းဖြင့် လည်းကောင်း, မကောင်းသော ဘောဇဉ်ကို စားရခြင်းဖြင့် လည်းကောင်း ပင်ပန်း၏။ မိမိအိမ်၌ အထူးထူး မြတ်သော အရသာရှိသော ထမင်းကို စား၍ အစာမကြေခြင်းကြောင့် သေလတ္တံ့။ ထိုသို့ သေလတ်သည် ရှိသော် အလုံးစုံလည်း ဖြစ်သော ထိုဥစ္စာသည် ငါ့ဖို့သာလျှင် ဖြစ်လတ္တံ့ဟု ကြံ၍ ယနေ့ နက္ခတ်သည် မကောင်းသေး။ နက်ဖြန်မှ သိရကုန်အံ့၊ သန်ဘက်နေ့မှ သိရှိကုန်အံ့ဟုဆို၍ ကာလကို ကုန်စေ၏။ ထိုအခါ၌ ထိုကုန်သည်စဉ်းလဲကို ပညာရှိသော ကုန်သည်သည် နှိပ်၍ဝေစေ၍ နံ့သာပန်းကိုယူ၍ မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုးပူဇော်၍ တင့်အပ်သောအရပ်၌ နေ၏။ မြတ်စွာဘုရားသည် ဒါယကာ သင်သည် အဘယ်အခါ၌ လာခဲ့သနည်းဟု မေးတော်မူ၍ အရှင်ဘုရား လာသော အကျွန်ုပ်အား လခွဲမျှရှိပြီဟု လျှောက်၏။ ထိုသို့လခွဲရှိလျက် အဘယ့်ကြောင့် ကြာမြင့်ခြင်းကို ပြု၍ ဘုရား၏ အနီးဖြစ်သောအရပ်သို့ လာခဲ့သနည်းဟု မေးပ သည်ရှိသော် ထိုအကြောင်းကို လျှောက်၏၊ မြတ်စွာဘုရားသည် ဒါယကာ ထိုကုန်သည်သည်ကား ယခုအခါ၌သာလျှင် စဉ်းလဲသည် မဟုတ်သေး၊ ရှေး၌လည်း ထိုကုန်သည်သည် စဉ်းလဲခြင်း ဖြစ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ တရားဆုံးဖြတ်သော အမတ် ဖြစ်၏။ ထိုအခါ ရွာနေကုန်သည်လည်း တစ်ယောက်၊ မြို့နေကုန်သည်လည်း တစ်ယောက် ဤနှစ်ယောက်ကုန်သော ကုန်သည်တို့သည် အဆွေခင်ပွန်း ဖြစ်ကုန်၏။ ရွာနေကုန်သည်သည် မြို့နေကုန်သည်၏ အထံ၌ သံထွန်သွား ငါးရာတို့ကို အပ်ထား၏၊ ထိုမြို့နေကုန်သည်သည် ထိုထွန်သွားတို့ကို ရောင်း၍ အဖိုးကို ယူ၍ ထွန်သွားတို့ကို ထားရာအရပ်၌ ကြွက်တို့၏ မစင်ကို ကြဲ၍ထား၏။ နောက်အဖို့၌ ရွာနေကုန်သည်သည် လာလတ်၍ ငါ၏ထွန်သွားတို့ကို ပေးလော့ဟုဆို၏။ ကုန်သည် စဉ်းလဲသည် သင်၏ ထွန်သွားတို့ကို ကြွက်တို့သည် စားအပ်ကုန်ပြီဟု ဆို၍ ကြွက်တို့၏ မစင်ကိုပြ၏။ ရွာနေကုန်သည်သည် ကြွက်ခဲအပ်သည် သာလျှင် ဖြစ်စေကုန်။ ကြွက်တို့သည် ခဲအပ်ကုန်သည်ရှိသော် အသို့ပြုအံ့သောငှါ တတ်ကောင်းအံ့နည်းဟုဆို၍ ရေချိုးအံ့သောငှါ ထိုကုန်သည် စဉ်းလဲ၏ သားကိုယူ၍ သွားသည်ရှိသော် တစ်ယောက်သော အဆွေခင်ပွန်း၏ အိမ်၌ ဤသူငယ်အား တစ်စုံတစ်ခုသော အရပ်သို့ သွားစိမ့်သောငှါ မပေးပါလင့်ဟု ဆို၍ တိုက်တွင်း၌ နေစေ၍ မိမိသည် ရေချိုး၍ ကုန်သည်စဉ်းလဲ၏ အိမ်သို့သွား၏။

ထိုကုန်သည်စဉ်းလဲသည် ငါ၏သားကား အဘယ်မှာနည်းဟု ဆို၏။ အဆွေ သင်၏ သားကို ကမ်းနား၌ထား၍ ငါရေငုပ်သောကာလ၌ တစ်ကောင်သော စွန်သည် လာလတ်၍ သင်၏သားကို ခြေသည်းချိုင့်ဖြင့် ချီ၍ ကောင်းကင်သို့ ပျံ၏။ ငါသည် လက်ခုပ်တီးလျက် ကြွေးကြော်၍ လုံ့လပြုသော်လည်း လွှတ်စိမ့်သောငှါ မတတ်နိုင်ဟု ဆိုသည်ရှိသော် အချင်း သင်သည် မမှန်သော စကားကို ဆို၏။ သူငယ်တို့ကို ချီကုန်၍ ပျံအံ့သောငှါ စွမ်းနိုင်ကုန်သော စွန်တို့မည်သည်ကား မရှိကုန်ဟု ကုန်သည်စဉ်းလဲသည် ဆို၏။ အဆွေ သင့်သည် မူလည်း ဖြစ်စေ မသင့်သည်မူလည်း ဖြစ်စေ စွန်သည်သာလျှင် သင်၏သားကို ချီလေ၏။ ငါသည် အသို့ပြုအံ့နည်းဟု ဆိုသည်ရှိသော် ဟယ် သူခိုးပျက် ဟယ် သူငယ်ခိုး ယခုအခါ၌ သင့်ကို တရားဆုံးဖြတ်ရာသို့သွား၍ ဆုံးဖြတ်စေအံ့ဟု ဆို၍ ထွက်၏၊ ထိုရွာနေကုန်သည်သည် ငါနှစ်သက်သော အမှုကိုသာလျှင် သင်သည် ပြု၏ဟုဆို၍ ထိုကုန်သည်စဉ်းလဲနှင့်တကွ တရားဆုံးဖြတ်ရာ အရပ်သို့ သွား၏။ ကုန်သည်စဉ်းလဲသည် ဘုရားလောင်းကို အရှင် ဤသူသည် အကျွန်ုပ်၏သားကို ယူ၍ ရေချိုးအံ့သောငှါ သွား၏။ အကျွန်ုပ်သည် ငါ၏သားကား အဘယ်မှာ

နည်းဟု ဆိုလက်သော် စွန်သည် ချီလေ၏ဟု ဆို၏၊ အကျွန်ုပ်၏တရားကို ဆုံးဖြတ်တော်မူကုန်လော့ဟု ဆို၏။

ဘုရားလောင်းသည် ရွာနေကုန်သည်ကို အချင်း မှန်သလောဟု မေး၏။ ထိုရွာနေကုန်သည်သည် သခင် ဟုတ်၏။ သခင် အကျွန်ုပ်သည် ထိုသူငယ်ကို ခေါ်၍ သွားလတ်သည်ရှိသော် စွန်သည် ချီသည်၏ အဖြစ်သည် မှန်သလျှင် ကတည်းဟု ဆို၏။ အချင်း လောက၌ စွန်တို့မည်သည်ကား သူငယ်ကို ချီနိုင်သည်မရှိဟု ဆိုသော် အရှင် အကျွန်ုပ်သည်လည်း အရှင်တို့ကို မေးဦးအံ့၊ စွန်တို့သည် သူငယ်တို့ကို ချီကုန်၍ ကောင်းကင်၌ ပျံ့အံ့သောငှါ မတတ်နိုင်ကုန်၊ ကြွက်တို့သည်မူကား သံထွန်သွားတို့ကို စားနိုင်ကုန်အံ့လောဟု ဆိုသည်ရှိသော် သင်၏ ဤစကားသည် အဘယ်မည်သော စကားနည်းဟု ဆို၏။ အရှင် အကျွန်ုပ်သည် ထိုသူ၏ အိမ်၌ သံထွန်သွား ငါးရာတို့ကို ထားအပ်ကုန်၏။ ထိုသူသည် သင်၏ထွန်သွားတို့ကို ကြွက်တို့သည် စားအပ်ကုန်၏ဟု ဆို၍ ဤသည်ကား သင်၏ ထွန်သွားတို့ကို စားကုန်သောကြွက်တို့၏ မစင်တည်းဟု မစင်ကိုပြ၏။ အရှင် ကြွက်တို့သည် ထွန်သွားတို့ကို အကယ်၍ စားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း သူငယ်တို့ကို ချီနိုင်ကုန်လတ္တံ့၊ ကြွက်တို့သည် ထွန်သွားတို့ကို အကယ်၍ မစားနိုင်ကုန်အံ့၊ စွန်တို့သည်လည်း ထိုသူငယ်ကို မချီနိုင်ကုန်လတ္တံ့၊ ဤသူသည်ကား သင်၏ထွန်သွားတို့ကို ကြွက်တို့သည် ခဲအပ်ကုန်၏ဟူ၍ ဆို၏။ ထိုကြွက်တို့၏ ခဲသည်၏ အဖြစ်ကိုလည်းကောင်း, မခဲသည်၏ အဖြစ်ကို လည်းကောင်း သိတော်မူပါကုန်လော့၊ တရားကို ဆုံးဖြတ်တော်မူပါကုန်လော့ဟု ဆို၏။ ဘုရားလောင်းသည် ထိုကုန်သည်၏ အတုစဉ်းလဲသည်၏အဖြစ်ကို သိစေအံ့ဟူ၍ ဤကုန်သည် ပြုသည် ဖြစ်လတ္တံ့ဟု သိ၍ သင်သည် ကောင်းစွာ ကြံအပ်၏ဟု ဆို၍ ဤဂါထာကို ဆို၏—

၁၃၅။ သဌေဿ သာဌေယျမိဒံ သုစိန္တိတံ။
ပစ္စောဍ္ဍိတံ ပဋိကူဋဿ ကူဋံ ။
ဖာလံ စေ ခါဒေယျုံ မူသိကာ။
ကသ္မာ ကုမာရံ ကုလလာ န ဟရေယျုံ။

၁၃၆။ ကူဋဿ ဟိ သန္တိ ကူဋကူဋာ။
ဘဝတိ စာပိ နိကတိနော နိကတျာ။
ဒေဟိ ပုတ္တနဋ္ဌ ဖာလနဋ္ဌဿ ဖာလံ။
မာ တေ ပုတ္တမဟာသိ ဖာလနဋ္ဌော။

အချင်း သင်သည် စဉ်းလဲသော သူ၏ ဤအတုစဉ်းလဲသည်၏ အဖြစ်ကို ကောင်းစွာ ကြံအပ်၏။ ကောက်ကျစ်သော သူ၏ အတုကောက်ကျစ်သည်၏ အဖြစ်ကို တုစွာပြု၍ ကြောအပ်၏။ ထွန်သွားကို ကြွက်တို့သည် အကယ်၍ စားကုန်ငြားအံ့၊ သူငယ်ကို စွန်တို့က အဘယ်မှာ မချီနိုင်ကုန်ရာအံ့နည်း။

ဤလောက၌ ကောက်သောသူနှင့် ကောက်တုံ ကောက်ကုန်သော သူတို့သည် လည်းကောင်း၊ လှည့်စားတတ်သောသူနှင့် လှည့်စားတုံ လှည့်စားတတ်သူတို့သည် လည်းကောင်း ရှိကြကုန်၏။ သားပျောက်သောသူနှင့် ထွန်သွားပျောက်သော သူတို့အား ထွန်သွားကိုပေးလော့။ ထွန်သွားပျောက်သောသူသည် သင့်သားကို မယူဆောင်စေလင့်။

အရှင် ငါ၏ သားကို အကယ်၍ ပေးအံ့၊ ထွန်းသွားကို ပေးအံ့ ဟု သားပျောက်သောသူသည်ဆို၏။ အရှင် ငါ၏ ထွန်သွားတို့ကို အကယ်၍ပေးအံ့ သူငယ်ကိုပေးအံ့ဟု ထွန်သွားပျောက်သော သူသည်ဆို၏။ ဤသို့သားပျောက် သောသူသည် သားကို ထွန်သွားပျောက်သောသူသည် ထွန်သွားကိုရကြကုန်၍ နှစ်ယောက်ကုန်သော သူတို့သည်လည်း ကံအားလျော်စွာ လားကြကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ ယခုအခါ ကုန်သည် စဉ်းလဲသည် ထိုအခါ ကုန်သည်စဉ်းလဲ ဖြစ်ဖူးပြီ၊ယခုအခါ ကုန်သည်ပညာရှိသည် သာလျှင် ထိုအခါ ကုန်သည်ပညာရှိဖြစ်ဖူးပြီ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တရားဆုံးဖြတ်သော အမတ်ကြီးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်က စဉ်းလဲတတ်လျှင် စဉ်းလဲသူပေါ်၏၊ လိမ်တတ်လျှင် လိမ်သူပေါ်၏။)

နှစ်ရာတစ်ဆယ့်ရှစ်ခုမြောက် သော ကူဋဝါဏိဇဇာတ်သည် ပြီး၏။

## ၂၁၉-ဂရဟိတဇာတ်

လူအရေး မျောက်အတွေး
ကိစ္စမြားမြောင် လူတို့ဘောင် မျောက်တောင် မကြားဝံ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည်"ဟိရညံ မေ သုဝဏ္ဏံ မေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဂရဟိတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သာသနာတော်၌ ငြီးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသား အသီးယူအပ်သော အာရုံမည်သည်ကား မရှိ မမွေ့လျော် သော ဖြစ်ခြင်းရှိသည်ဖြစ်၍ နေသော ထိုရဟန်းကို မြတ်စွာဘုရားအထံတော်သို့ ဆောင်ကုန်၍ ထိုရဟန်းကို ရဟန်း သင်သည် ငြီးငွေ့လေသည်ဟု ငါကြားရ သည်ကား မှန်သလောဟုမြတ်စွာဘုရားသည် မေးအပ်သည် ရှိသော် အရှင်ဘုရား မှန်ပေ၏ဟုနားတော်လျှောက် ၍ အဘယ်အကြောင်းကြောင့်ငြီးငွေ့ဘိသနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ကိလေသာ၏ အစွမ်းကြောင့် ငြီးငွေ့၏ဟု လျှောက်၏။ ထိုအခါ၌ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ဤကိလေသာ မည်သည်ကို ရှေး၌ တိရစ္ဆာန်တို့ကဲ့ရဲ့ဖူး၏။ သင်သည် ဤသို့ သဘောရှိသော သာသနာတော်၌ ရဟန်းပြုလျက် အဘယ့်ကြောင့် တိရစ္ဆာန်တို့သည် ကဲ့ရဲ့ အပ်သော ကိလေသာ၏ အစွမ်းအားဖြင့် ငြီးငွေ့ဘိသနည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ မျောက် မျိုး၌ ဖြစ်၍ ဟိမဝန္တာ၌နေ၏။ ထိုဘုရားလောင်းမျောက်ကို တစ်ယောက်သော မုဆိုးသည် ဖမ်း၍ ဆောင်ရွ် မင်းအားဆက်၏။ ထိုဘုရားလောင်း မျောက်သည် ကြာမြင့်စွာ မင်းအိမ်၌ နေလက်သည်ရှိသော် ဝတ်နှင့် ပြည့်စုံ၏။ လူ့ပြည်၌ ဖြစ်သော အမှုအရာကို သိ၏။ မင်းသည် ထိုဘုရားလောင်း မျောက်အား ဝတ်နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ကြည်ညို၍ မုဆိုးကို ခေါ်စေ၍ ဤမျောက်ကို

ဖမ်းရာအရပ်၌လျှင် လွှတ်ချေဟုစေ၏။ ထိုမုဆိုးသည် ထိုသို့ စေတိုင်း ပြု၏။ မျောက်အပေါင်းသည် ဘုရားလောင်း၏ လာသည်၏ အဖြစ်ကို သိ၍ ထိုဘုရားလောင်းအား ဖူးမြင်ခြင်း အကျိုးငှါ ကြီးစွာသော ကျောက်ဖျာ အပြင်၌ စည်းဝေးကုန်၏။ ဘုရားလောင်းနှင့်တကွ ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော စကားကို ပြောကုန်၍ အရှင် သင်သည် ဤမျှလောက်သော ကာလပတ်လုံး အဘယ်အရပ်၌ နေချေသနည်းဟု မေးကြကုန်၏။ ဗာရာဏသီပြည် မင်းအိမ်၌ နေရ၏ဟု ဆိုသည် ရှိသော် ထိုသို့မင်းအိမ်၌ နေရသော် အသို့မူ၍ လွှတ်သနည်းဟု မေးကုန်၏။ မင်းသည်ငါ့ကို ခစားခြင်းကုံပြု၍ ဝတ်နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့် ငါ့အား ကြည်ညိုသည်ဖြစ်၍ ငါ့ကို လွှတ်၏ဟု ဆိုပေ၏။ ထိုအခါ၌ ထိုဘုရားလောင်းကို ထိုမျောက်တို့သည် လူ့ပြည်၌ လူတို့၏ ဖြစ်သော အမှုအရာ မည်သည်ကို သင်တို့သည် သိကုန်လတ္တံ့။ ငါတို့အားလည်း ပြောဆိုကုန်လော့။ ငါတို့သည် နာလိုကုန်၏ဟု ဆိုကြကုန်၏။ လူတို့၏ အမှုအရာကို သင်တို့သည် ငါ့ကို မမေးကြကုန်လင့်ဟု ဘုရားလောင်းသည် ဆိုလတ်သည် ရှိသော် ဆိုပါကုန်ဦးလော့ နာလိုကုန်၏ဟု မျောက်တို့သည် ဆိုကြကုန်၏။ ဘုရားလောင်းလည်း အချင်းတို့ လူတို့မည်သည်ကား မင်းတို့သည် လည်းကောင်း ပုဏ္ဏားတို့သည် လည်းကောင်း ငါ့ဥစ္စာ, ငါ့ဥစ္စာ ဟူ၍သာလျှင် ဆိုကုန်လျက် ဖြစ်ကုန်၍ အတည်မရှိသော သဘောကြောင့် အနိစ္စ၏ အဖြစ်ကို မသိကြကုန်။ ယခုအခါ၌ အလွန်မိုက်ကုန်သော လူတို့၏အကြောင်းကိုသင်တို့သည် နားထောင်ကုန်လော့ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၁၃၇။ ဟိရညံ မေ သုဝဏ္ဏံ မေ၊ ဧသာ ရတ္တိံ ဒိဝါ ကထာ။
ဒုမ္မေဓာနံ မနုဿာနံ၊ အရိယဓမ္မံ အပဿတံ။

၁၃၈။ ဒွေ ဒွေ ဂဟပတယော ဂေဟေ၊ ဧကော တတ္ထ အမဿုကော။
လမ္ဗတ္ထနော ဝေဏိကတော၊ အထော အင်္ကိတကဏ္ဏကော။
ကီတော ဓနေန ဗဟုနာ၊ သော တံ ဝိတုဒတေ ဇနံ။

အချင်းတို့ ပညာ မရှိကုန်သော ဘုရားအရိယာတို့၏ အပြစ် မရှိသည့် လောကုတ္တရာတရားကိုးပါးကို မမြင်ကုန်သော သူတို့၏ နေ့ညဉ့်ပတ်လုံး မပြတ်ပြောသော စကားသည် ရွှေငွေစကားများသာတည်း။

အိမ်တစ်အိမ်၌ အိမ်မှူးနှစ်ယောက်ရှိရာ တစ်ယောက်သည် မုတ်ဆိတ်ကျင်စွယ်မရှိ၊ သားမြတ်လည်းရှည်၏၊ ဆံထုံးကိုလည်းထုံး၏၊ နားလည်း ဖောက်ထား၏၊ ဥစ္စာများစွာဖြင့်လည်း ဝယ်ထားရ၏၊ ထိုအိမ်ရှင်မသည် ကျွန်အမှုလုပ်စသူတို့အား မြည်တွန်ပြောဆိုတတ်၏။

ထိုစကားကို ကြားကုန်၍ ခပ်သိမ်းကုန်သော မျောက်တို့သည် မဆိုကုန်လင့်၊ မကြားသင့်သော စကားကို ကြားရကုန်၏ဟု လက်နှစ်ဖက်တို့ဖြင့် နားကို ကြပ်ကြပ် ပိတ်ကြကုန်၏။ဤအရပ်၌ ငါတို့သည် မသင့်သော စကားကို ကြားအပ်၏ဟု ဤအရပ်ကို ကဲ့ရဲ့ကုန်၍ တစ်ပါးသော အရပ်သို့ သွားကြကုန်၏။ ကျောက်ဖျာသည် ကဲ့ရဲ့ရာ ကျောက်ဖျာဟု တွင်သည်လျှင်ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ရဟန်း ယခုအခါ ဘုရားပရိသတ်တို့သည် ထိုအခါ မျောက်အပေါင်းတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မျောက်မင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာတစ်ဆယ့် ကိုးခုမြောက်သော

ဂရဟိတဇ္ဇာတ်သည် ပြီး၏။

---

၂၂၀-ဓမ္မဒ္ဓဇဇာတ်

ကိုယ့်စေတနာ ကိုယ့်ပြန်အကျိုးပေး
အင်္ဂါ ၄-ပါးရှိ ဥယျာဉ်မှူး
ပစ္စုပ္ပန်ဝတ္ထု

- နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် သုခ ဇီဝိတရှုပေါ်သိ အစရှိသောဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဓမ္မဒ္ဓဇဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်၏ သတ်အံ့သောငှါ လုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ လုံ့လ ပြုသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် ငါ့အား သတ်အံ့သောငှါ လုံ့လပြုသလျှင်ကတည်း၊ ထိုသို့ပြုသော်လည်း ထိတ်လန့်ခြင်းကိုမျှလည်း ပြုအံ့ သောငှါ မစွမ်းနိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ ယသပါဏိမည်သော မင်းသည် မင်းပြုလေ၏။ စစ်သူကြီးသည် ကာလက အမည်ရှိ၏။ ထိုအခါ၌ ဘုရားလောင်းသည် ထိုယသပါဏိမင်း၏ ပုရောဟိတ်ဖြစ်၏။ အမည်အားဖြင့် ဓမ္မဒ္ဓဇမည်၏။ ထိုယသပါဏိမင်း၏ ဦးခေါင်းကို တန်ဆာ ဆင်တတ်သော ဆေဘ္တာသည် သည့်ကား ဆတ္တပါဏိ အမည်ရှိ၏။ မင်းသည် တရားသဖြင့် မင်းပြု၏။

## လာဘ်စားမှု

ထိုယသပါဏိမင်း၏ စစ်သူကြီးသည် တမူကား အဆုံးအဖြတ်ကို ပြုလတ်သည်ရှိသော် တံစိုးကိုယူ၍စား၏။ သူတစ်ပါးတို့၏ ကျောက်ကုန်းသားကိုစားတတ်သော စစ်သူကြီးသည် တံစိုးကိုယူ၍ အရှင်မဟုတ်ကုန်သော သူတို့ကို ဥစ္စာရှင်ပြု၏။ ထိုအခါ၌ တစ်နေ့သ၌ တရားအဆုံးအဖြတ်မှ ရှုံးသောလူသည် လက်တို့ကိုမြှောက်၍ ငိုလျက် တရားဆုံးဖြတ်ရာမှထွက်သည်ရှိသော် မင်းခစားရာသို့ သွားသော ဘုရားလောင်းကိုမြင်၍ ထိုဘုရားလောင်း၏ ခြေတို့၌ဝပ်၍ အရှင်မင်း၏ အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း ဆုံးမတတ်ကုန်သော အရှင်တို့ကဲ့သို့သော သူတို့သည် ထင်ရှားရှိ ကုန်စင်လျက် ကာလက စစ်သူကြီးသည် တံစိုးကိုယူ၍ ဥစ္စာရှင်တို့ကို အရှင်မဟုတ်သည်ကို ပြု၏ဟု ဆို၍ မိမိရှုံးသည်၏အဖြစ်ကို ဘုရားလောင်းအား ပြောဆို၏။ ဘုရားလောင်းသည် သနားခြင်းကို ဖြစ်စေ၍ အချင်း လာလှည့်၊ သင်၏တရားကို ငါဆုံးဖြတ်အံ့ဟု ထိုတရား ရှုံးသောသူကိုယူ၍ တရားဆုံးဖြတ်ရာ အရပ်သို့ သွား၏။ လူများသည် စည်းဝေးသည်ရှိသော် ဘုရားလောင်းသည် ထိုတရားကို တစ်ဖန် ဆုံးဖြတ်၍ ဥစ္စာရှင် ဟုတ်သောသူကို ဥစ္စာရှင်ပြု၏။ လူများသည် ကောင်းချီးပေးသောအသံသည် သည်းထန်စွာဖြစ်၏။

မင်းသည် ထိုကောင်းချီးပေးသော အသံကိုကြား၍ ဤအသံသည် အဘယ်မည်သောအသံနည်းဟု မေး၏၊ မင်းမြတ် ဓမ္မဓဇပညာရှိသည် မကောင်းသဖြင့် ဆုံးဖြတ်အပ်သောတရားကို ကောင်းစွာ ဆုံးဖြတ်အပ်၏၊ ဤအသံသည် ထိုတရားဆုံးဖြတ်ရာ အရပ်၌ ကောင်းချီးပေးအပ်သော အသံတည်းဟု လျှောက်သည် ရှိသော် မင်းသည် နှစ်သက်သည်ဖြစ်၍ ဘုရားလောင်းကို ခေါ်စေ၍ ဆရာ သင်သည် တရားကို ဆုံးဖြတ်၏ဟူ၍ ငါးကြားရသည် မှန်သလောဟု မေး၏၊ မင်းမြတ် မှန်၏။ ကာလကသည် မကောင်းသဖြင့် ဆုံးဖြတ်အပ်သော တရားကို ဆုံးဖြတ်အပ်၏ဟု လျှောက်သည်ရှိသော် ဤနေ့မှစ၍ သင်တို့သည်

သာလျှင် တရားကို ဆုံးဖြတ်ကုန်လော့ ငါ၏နားချမ်းသာခြင်းသည်လည်း ဖြစ်လတ္တံ့၊ လူ၏အစီးအပွားသည်လည်း ဖြစ်လတ္တံ့ဟု ဆို၍ အလိုမရှိသည်လည်း ဖြစ်သော ထိုဘုရားလောင်းကို သတ္တဝါတို့အား သနားသဖြင့် တရားဆုံးဖြတ်သော အရာ၌ နေကုန်လော့ဟု တောင်းပန်၍ ဝန်ခံစေ၏။ ထိုနေ့မှစ၍ ဘုရားလောင်း သည် တရားဆုံးဖြတ်သောအရာ၌နေ၏။ဥစ္စာရှင်ဖြစ်ကုန်သော သူတို့ကို သာလျှင် ဥစ္စာရှင်ကို ပြုကုန်၏။

## ကုန်းချော

ကာလကသည် ထိုအခါမှစ၍ တံစိုးကို မရသတ်သော် လာဘ်မှယုတ်၍ ဘုရားလောင်းအား ရန်ငြိုးဖွဲ့၍ မင်းမြတ်၊ ဓမ္မဓဇပညာရှိသည် အရှင်၏ မင်း၏အဖြစ်ကို တောင့်တ၏ဟု ဘုရားလောင်းကို မင်း၏စိတ်၌ အချစ်ဖျက်၏။ မင်းသည် မယုံကြည်ဖြစ်၍ ဤသို့မဆိုလင့်ဟု ပယ်၍ တစ်ဖန် ထိုကာလကသည် မင်းမြတ် အကျွန်ုပ်၏စကားကို အကယ်၍ယုံကြည်တော် မမူကုန်အံ့၊ ထိုဓမ္မဓဇသည် လာသောကာလ၌ လေသွန်တံခါးပေါက်ဖြင့် ကြည့်တော်မူလော့၊ ထိုသို့ကြည်တော် မူလတ်သည်ရှိသော် ဤဓမ္မဓဇသည် မြို့အလုံးကို မိမိ၏ လက်သို့ ရောက်စေသည်၏အဖြစ်ကို မြင်ဘော်မူကုန်လတ္တံ့ဟု လျှောက်သည်ရှိသော် မင်းသည် ထိုဓမ္မဓဇ၏အထံ၌ တရားတွေ့သော ပရိသတ်ကိုမြင်၍ ထိုဓမ္မဓဇ၏ ပရိသတ်ဟူ၍ ထင်မှတ်သဖြင့် အချစ်ပျက်၍ စစ်သူကြီး၊ အသို့ပြုကုန်အံ့နည်းဟု မေး၏။ မင်းမြတ်၊ ထိုဓမ္မဓဇကို သတ်အံ့သောငှါ သင့်၏ဟု လျှောက် သည်ရှိသော် ရှန့်ရင်းသောအပြစ်ကို မမြင်ဘဲ အသို့သတ်အံ့နည်းဟု ဆို၏။ မင်းမြတ် တစ်ခုသော ဥပါယ်တမျဉ်သည် ရှိ၏ဟုလျှောက်သည်ရှိသော် အဘယ်မည်သော ဥပါယ်တမျဉ်နည်းဟု ဆို၏။ မင်းမြတ် ထိုဓမ္မဓဇအား ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်သောအမှုကို တင်၍အမှုကို ပြုအံ့သောငှါ မစွမ်းနိုင်ငြားအံ့၊ ထိုအပြစ်ဖြင့် သတ်ကြကုန်အံ့ဟု လျှောက်သည်ရှိသော် ထိုဓမ္မဓဇ၏ ဆောင်ရွက်ခြင်းငှါမစွမ်းနိုင်သောအမှုသည်ကား အဘယ်အမှုနည်းဟု ဆို၏။

## ဥယျာဉ်

မင်းမြတ်၊ ဥယျာဉ်မည်သည်ကား ကောင်းမြတ်သောမြေ၌ စိုက်ပျိုးအပ်သည် ဖြစ်၍ ပြုပြင်အပ်သည်ရှိသော် သုံးနှစ် လေးနှစ်တို့ဖြင့် အသီးကိုပေး၏။အရှင်မင်းမြတ်တို့သည် ထိုဓမ္မဓဇကိုခေါ်စေ၍ နက်ဖြန် ဥယျာဉ်ကစားကုန်အံ့၊ ငါ့အဖို့ ဥယျာဉ်ဖန်ဆင်းလော့ဟု ဆိုတော်မူကုန်လော့၊ ထိုဓမ္မဓဇသည် ဖန်ဆင်းအံ့သောငှါ မစွမ်းနိုင်လတ္တံ့၊ ထိုသို့မစွမ်းနိုင်သည်ရှိသော် ထိုဓမ္မဓဇကို ထိုအပြစ်ဖြင့် သတ်ကြကုန်အံ့ဟု လျှောက်၏။မင်းသည် ဘုရားလောင်းကိုခေါ်၍ ပညာရှိ ငါတို့သည်

ဥယျာဉ်ဟောင်း၌ ကစားရသည်ကား ကြာကုန်ပြီ၊ ယခုအခါ၌ ဥယျာဉ်သစ်၌ ကစားလိုကုန်၏၊ နက်ဖြန်ကစားကုန်အံ့၊ ငါတို့ဖို့ ဥယျာဉ်ကိုဖန်ဆင်းလော့၊ ဖန်ဆင်းအံ့သောငှါ အကယ်၍ မစွမ်းနိုင်လျှင်သင်၏အသက်သည်မရှိလတ္တံ့ ဟုဆို၏။

## သိကြားကူညီ

ဘုရားလောင်းသည် ကာလကသည် တံစိုးကိုမရခြင်းကြောင့် မင်း၏အတွင်း၌ အချစ်ဖျက်အပ်သည် ဖြစ်လတ္တံ့ဟု သိ၍ မင်းမြတ် စွမ်းနိုင်ပါမူကား သိရလတ္တံ့ ဟုဆို၍ အိမ်သို့သွား၍ကောင်းသော ဘောဇဉ်ကို စား၍ ကြံလျက် အိပ်ရာ၌ အိပ်၏။ သိကြားမင်း၏ နေရာသည် ပူသောအခြင်းအရာကို ပြ၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ဘုရားလောင်း၏ စိတ်ကိုသိ၍ လျင်မြန်စွာသွား၍ ကျက်သရေရှိသော တိုက်တို့၌ ဝင်၍ ကောင်းကင်၌ တည်၍ ပညာရှိ အဘယ်ကို ကြံသနည်းဟု မေး၏။ သင်သည် အဘယ်သူနည်းဟု ဆိုလတ်သည် ရှိသော် ငါသိကြားတည်းဟု ဆို၏။ သိကြားမင်း မင်းသည် ငါ့ဖို့ ဥယျာဉ်ကို ဖန်ဆင်းလော့ ဆို၏။ ငါသည် အသို့ပြု၍ ဖန်ဆင်းရအံ့နည်းဟု ကြံ၏။ ဤသို့ ဆိုသည် ရှိသော် ပညာရှိ မကြံလင့် ငါသည် သင့်ဖို့ နန္ဒဝန်ဥယျာဉ် စိတ္တလတာဥယျာဉ်နှင့် တူသော ဥယျာဉ်ကို ဖန်ဆင်းအံ့ အဘယ်အရပ်၌ ဖန်ဆင်းအံ့နည်းဟု ဆို၏။ သိကြားမင်း ဤမည်သော အရပ်၌ ဖန်ဆင်းလော့ဟု ဆိုသည်ရှိသော် သိကြားသည် ဖန်ဆင်း၍ နတ်ပြည်သို့လျှင် သွား၏။ နက်ဖြန်နေ့၌ ဘုရားလောင်းသည် ဥယျာဉ်ကို မျက်မှောက်အားဖြင့် မြင်၍ သွား၍ မင်းအား မင်းမြတ် ဥယျာဉ်သည် ပြီးပြီ ကစားတော်မူပါလော့ဟု လျှောက်၏။ မင်းသည် သွား၍ တစ်ဆယ့်ရှစ်တောင်ရှိသော ဆေးဒန်း မြင်းသီလာအဆင်းနှင့် တူသော အဆင်းရှိသော တံတိုင်းဖြင့် ခြံရံအပ်သော တံခါးပစ္စင်နှင့် ပြည့်စုံသော အပွင့်အသီးတို့ဖြင့် ပြည့်သော အထူးထူးသော သစ်ပင်တို့ဖြင့် တန်ဆာဆင်အပ်သော ဥယျာဉ်ကို မြင်၍ ကာလကကို ကာလက— ပညာရှိသည် ငါတို့၏ စကားကို ပြုလေပြီ၊ ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု မေး၏။

## ရေကန်

မင်းမြတ် တစ်ညဉ့်ခြင်းဖြင့် ဥယျာဉ်ကို ဖန်ဆင်းအပ်သောငှါ စွမ်းနိုင်သော သူသည် မင်းအဖြစ်ကို ယူအံ့သောငှါ အဘယ်မှာ မစွမ်းနိုင်ရှိအံ့နည်းဟု ကာလက ဆို၏။ ထိုသို့ဆိုသည်ရှိသော် ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ဆို၏။ မင်းမြတ် ထိုပညာရှိကို တစ်ပါးလည်း ဖြစ်သော မဆောင်ရွက် မစွမ်းနိုင်သော အမှုကို ပြုစေကုန်အံ့ဟု လျှောက်၏။ အဘယ်မည်သော အမှုကို ပြုစေရကုန်အံ့နည်းဟု ဆို၏။ မင်းမြတ် ရတနာ ခုနစ်ပါးဖြင့်ပြီးသော ရေကန်ကို ဖန်ဆင်းစေကုန်လော့

ဟု လျှောက်၏။ မင်းသည် ကောင်းပြီဟု ဘုရားလောင်းကို ခေါ်၍ ဆရာ ဥယျာဉ်ကို သင်သည် ဖန်ဆင်းအပ်လေပြီ၊ ထိုဥယျာဉ်အား လျှောက်ပတ်သော ရတနာခုနစ်ပါးဖြင့် ပြီးသော ရေကန်ကို ဖန်ဆင်းဦးလော့၊ ဖန်ဆင်းအံ့သောငါ့ အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ သင်၏ အသက်သည် မရှိရလတ္တံ့ဟု ဆို၏။ ဘုရားလောင်းသည် မင်းမြတ် ကောင်းပြီ စွမ်းနိုင်ပါမူကား ဖန်ဆင်းပါအံ့ဟု ဆို၏။ ထိုအခါ၌ ဘုရားလောင်း၏ အကျိုးငှါ သိကြားသည် ရေကန်ကို ဖန်ဆင်း၏။ ဖန်ဆင်းသည်ရှိသော်လည်း တင့်တယ်ခြင်း အစုသို့ ရောက်သော ဆိပ်တစ်ရာ ရှိသော အကောက် တစ်ထောင်ရှိသော ငါးပါးသော အဆင်းရှိသော ပဒုမ္မာ တို့ဖြင့် ဖုံးလွှမ်းသော နန္ဒာရေကန်နှင့် တူသော ရေကန်ကို ဖန်ဆင်း၏။ နက်ဖြန် နေ့၌ ဘုရားလောင်းသည် ထိုရေကန်ကိုလည်း မျက်မှောက်ပြု၍ မင်းအား မင်းမြတ် အကျွန်ုပ်သည် ရေကန်ကို ဖန်ဆင်းအပ်ပြီဟု လျှောက်၏၊ မင်းသည် ထိုရေကန်ကိုလည်း မြင်၍ ကာလက ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ကာလကကို မေး၏။

## စံတော်အိမ်

မင်းမြတ် ဥယျာဉ်အား လျှောက်ပတ်သော အိမ်ကို ဖန်ဆင်းစိမ့်သောငှါ စေလော့ဟု လျှောက်၏။ မင်းသည် ဆရာ ဤဥယျာဉ်အားလည်းကောင်း၊ ဤရေကန်အားလည်းကောင်း လျှောက်ပတ်သော အလုံးစုံ ဆင်စွယ်ဖြင့် ပြီးသောအိမ်ကို ဖန်ဆင်းဦးလော့။ အကယ်၍ မဖန်ဆင်းနိုင်အံ့၊ သင်၏အသက် သည် မရှိရလတ္တံ့ဟု ဆို၏။ ထိုအခါ၌ ထိုဘုရားလောင်း၏ အကျိုးငှါ သိကြား သည် အိမ်ကိုလည်း ဖန်ဆင်း၏။ ဘုရားလောင်းသည် နက်ဖြန်နေ့၌ မျက်မှောက် ပြု၍ မင်းအားလျှောက်၏။ မင်းသည်လည်း ထိုအိမ်ကိုမြင်၍ ယခုအခါ၌ အသို့ပြုရကုန်အံ့နည်းဟု ကာလက ကို မေး၏။

## ရောင်ရှင်ပတ္တမြား

မင်းမြတ် အိမ်အား လျှောက်ပတ်သော ပတ္တမြားကို ဖန်ဆင်းစိမ့်သောငှါ စေလော့ဟု လျှောက်၏။ မင်းသည် ဘုရားလောင်းကို ခေါ်၍ ပညာရှိ ဤ ဆင်စွယ်ဖြင့်ပြီးသော အိမ်အား လျှောက်ပတ်သော ပတ္တမြားကို ဖန်ဆင်းလော့။ ပတ္တမြားရောင်ဖြင့် သွားကုန်အံ့။ ဖန်ဆင်းအံ့သောငှါ အကယ်၍ မစွမ်းနိုင်အံ့။ သင်၏အသက်သည် မရှိရလတ္တံ့ဟု ဆို၏။ ထိုအခါ၌ ဘုရားလောင်း၏ အကျိုးငှါ သိကြားသည် ပတ္တမြားကိုလည်း ဖန်ဆင်း၏။

ဘုရားလောင်းသည် နက်ဖြန်နေ့၌ ထိုပတ္တမြားကို မျက်မှောက်ပြု၍ မင်းအား လျှောက်၏။ မင်းသည် ထိုပတ္တမြားကိုလည်းမြင်၍ ယခုအခါ၌ အသို့ ပြုရကုန် အံ့နည်းဟုကာလကကိုမေး၏။ မင်းမြတ်ဓမ္မဓဇပုဏ္ဏားအားအလိုရှိတိုင်း ပေးတတ်

သော နတ်သည် ရှိယောင်တကား။ ယခုအခါ၌ အကြင်အမှုကို နတ်သည်လည်း ဖန်ဆင်း၍ပြုအံ့သောငှါ မတတ်ကောင်း။ ထိုအမှုကို စေလော့ဟု လျှောက်၍—

## အင်္ဂါ ၄-ပါးရှိလူ

မင်းမြတ် အင်္ဂါလေးပါးနှင့် ပြည့်စုံသောလူ မည်သည်ကို နတ်တို့သည်လည်း ဖန်ဆင်းအံ့သောငှါ မတတ်နိုင်ကုန်။ ထို့ကြောင့် အင်္ဂါလေးပါးနှင့် ပြည့်စုံသောဥယျာဉ်စောင့်ကို ငါ့ဖို့ဖန်ဆင်းလော့။ ဤသို့ ဆိုလော့ဟု လျှောက်၏။ မင်းသည် ဘုရားလောင်းကိုခေါ်၍ ဆရာ သင်သည် ငါတို့ဖို့ ဥယျာဉ်ကိုလည်းကောင်း ရေကန်ကိုလည်းကောင်း၊ ဆင်စွယ်ဖြင့်ပြီးသော ပြာသာဒ်ကိုလည်းကောင်း ထိုပြာသာဒ်၏ အလင်းကို ပြုအံ့သောငှါ ပတ္တမြား ရတနာကိုလည်းကောင်း ဖန်ဆင်းအပ်ကုန်ပြီ။ ယခုအခါ၌ ငါ့ဖို့ ဥယျာဉ်ကိုစောင့်တတ်သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို ဖန်ဆင်းလော။ အကယ်၍ မဖန်ဆင်းနိုင်အံ့၊ သင်၏ အသက်သည် မရှိရ လတ္တံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုသို့ဖြစ်စေကုန်မူကား သိရလတ္တံ့ဟု အိမ်သို့သွား၍ ကောင်းသော ဘောဇဉ်ကို စားပြီး၍ အိပ်သည်ရှိသော် မိုးသောက်ထသော ကာလ၌ နိုး၍ အိပ်ရာအပြင်၌နေလျက် သိကြားနတ်မင်းသည် အကြင်အမှုကို ဖန်ဆင်းအံ့သောငှါ စွမ်းနိုင်၏။ ထိုအမှုကို ဖန်ဆင်းလေပြီ။ လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကို တမူကား ဖန်ဆင်းအံ့သောငှါ မတတ်ကောင်းလေ။ ဤသို့ ဖန်ဆင်းခြင်းငှါမတတ်ကောင်းသည် ဖြစ်သော် သူတစ်ပါးတို့၏ လက်၌သေရသည့်ထက် တော၌ ကိုးကွယ်ရာမရှိ သေရခြင်းသည်သာလျှင် ကောင်းမြတ်၏ဟုကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် တစ်စုံတစ်ယောက်သော သူအား မကြားမူ၍ ပြာသာဒ်မှသက်၍ မြတ်သော တံခါးဖြင့်လျှင် မြို့မှ ထွက်၍ တောသို့ဝင်၍ တစ်ခုသော သစ်ပင်ရင်း၌ သူတော်ကောင်းတို့၏ လောကဓံတရားရှစ်ပါး နှိပ်စက်လတ်သော် မတုန်မလှုပ်ခြင်းဟု ဆိုအပ်သော သဘောကို ဆင်ခြင်လျက်နေ၏။ သိကြားသည် ထိုအကြောင်းကို သိ၍ တောသွားမုဆိုးကဲ့သို့ဖြစ်၍ ဘုရားလောင်းသို့ကပ်လေ၍ ပုဏ္ဏား သင်သည်နူးညံ့သိမ်မွေ့သောသဘောရှိလျက် အလွန်ဆင်းရဲသော သဘောရှိသကဲ့သို့ ဤတောသို့ဝင်၍ အဘယ်ပြုလျက် နေသနည်း။ ဤသို့မေးလိုရကား—

၁၃၉။ သုခံ ဇီဝိတ ရူပေါသိ၊ ရဋ္ဌာ ဝိဝန မာဂတော၊
　　သော ဧကကော ရုက္ခမူလေ၊ ကပဏော ဝိယ ဈာယသိ။

ဟူသော ရှေးဦးစွာသော ဤဂါထာကိုဆို၏။

ပုဏ္ဏား သင်သည် ချမ်းသာစွာ အသက်ရှည်သော သဘောရှိသည် ဖြစ်၏။ ထိုသင်သည် ပြည့်သောလူရှိရာ အရပ်မှ ရေ မရှိသော တောအရပ်သို့ လာ၍ သစ်ပင်ရင်း၌ တစ်ယောက်အထီးတည်း အထီးကျန်သော သူကဲ့သို့နေလျက် အဘယ်သို့ ကြံဘိသနည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏-

၁၄၈။ သုခံ ဇီဝိတ ရူပေါသ္မိ၊ ရဋ္ဌာ ဝိဝနမာဂတော၊
သော ကေကော ရုက္ခမူလေ၊ ကပဏောဝိယ ဈာယာမိ၊
သတံ ဓမ္မံ အနုဿရံ။

အဆွေငါသည် ချမ်းသာစွာ အသက်မွေးရသော သူကဲ့သို့ ဖြစ်၏ထိုငါသည် ပြည့်သောလူတို့၏ နေရာဒေသမှ ရေမရှိသော တောအရပ်သို့ဝင်လာ၍ သစ်ပင်ရင်း၌ အထီးကျန်သော သူကဲ့သို့ တယောက် အထီးတည်းနေလျက် ဘုရား ပစ္စေကဗုဒ္ဓါ သာဝကဟု ဆိုအပ်ကုန်သော သူတော်ကောင်းတို့၏ လောကဓံတရား ရှစ်ပါးသည် နှိပ်စက်၍ တုန်လှုပ်ခြင်းမရှိသော သဘောကို အောက်မေ့လျက် ကြံ၏။

ထိုအခါ၌ ထိုဘုရားလောင်းကို သိကြားမင်းသည် ပုဏ္ဏား ဤသို့ သူတော်ကောင်းတို့၏ သဘောကို ဆင်ခြင်သည် ဖြစ်လတ်သော်သင်သည် ဤအရပ်၌ အဘယ်ကြောင့် နေဘိသနည်းဟု ဆို၏။ အဆွေ မင်းသည် လေးပါးသော အင်္ဂါနှင့်ပြည့်စုံသော ဥယျာဉ်စောင့်ကို ဆောင်စေ၏။ ထိုသို့ သဘောရှိသော ဥယျာဉ်စောင့်ကို ရအံ့သောငှါ မစွမ်းနိုင် ထိုငါသည် သူတစ်ပါး၏ လက်၌ သေသဖြင့် အဘယ်ပြုအံ့နည်း တောသို့ ဝင်၍ ကိုးကွယ်ရာမရှိ သော သေခြင်းဖြင့် သေအံ့ဟု ကြံ၍ ဤသို့လာ၍ နေ၏ဟု ဘုရားလောင်း၊ သည် ဆို၏၊ ပုဏ္ဏား....ငါသည် သိကြားနတ်မင်းတည်း ငါသည် သင်တို့ ဥယျာဉ် ဒေစရှိသည်တို့ကို ဖန်ဆင်းအပ်ကုန်ပြီ အင်္ဂါလေးပါးနှင့် ပြည့်စုံ သော ဥယျာဉ်စောင့်ကို ဖန်ဆင်းအံ့သောငှါ မတတ်ကောင်း သင်တို့၏ မင်း၏ ဦးခေါင်းကို တန်ဆာဆင်တတ်သော ဆတ္တာသည်သည် ဆတ္တပါဏိ မည်၏။ ထိုဆတ္တာပါဏိသည် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ အင်္ဂါလေးပါး နှင့် ပြည့်စုံသော ဥယျာဉ်စောင့်ဖြင့် အလိုရှိသည် ရှိသော် ထို ဆတ္တာသည်ကို ဥယျာဉ်စောင့် ပြုစိမ့်သောငှါဆိုလေလောဟု သိကြားမင်း သည် ဘုရားလောင်းအား အဆုံးအမကို ပေး၍ မကြောက်လင့်ဟု နှစ်သိမ့် စေ၍ မိမိ၏ နတ်ပြည်သို့လျှင် သွား၏။ ဘုရားလောင်းသည် အိမ်သို့သွား၍ နံနက်စာစားပြီးသော် မင်းအိမ်တံခါးသို့ သွား၍ ဆတ္တာပါဏိကိုလည်း ထိုမင်း အိမ်တံခါး၌လျှင် မြင်၍ လက်၌ ကိုင်၍ အဆွေ ဆတ္တာပါဏိ–သင်သည်

လေးပါးသော အင်္ဂါနှင့် ပြည့်စုံသလောဟု မေး၏။ ငါ၏ အင်္ဂါလေးပါးနှင့် ပြည့်စုံသည်၏ အဖြစ်ကို သင်အား အဘယ်သူသည်ကြားသနည်းဟု ဆိုသည် ရှိသော် သိကြားနတ်မင်းသည် ကြား၏ဟု ဆို၍ အဘယ်အကြောင်းကြောင့် ကြားသနည်းဟု မေးအပ်သည်ရှိသော် ဤမည်သော အကြောင်းကြောင့် ကြား၏ဟု အလုံးစုံကို ပြောဆို၏။ ထိုဆတ္တပါဏိသည် ငါသည် လေးပါးသော အင်္ဂါနှင့် ပြည့်စုံသည် မှန်၏ဟု ဆို၏။

ထိုအခါ ဆတ္တပါဏိကို ဘုရားလောင်းသည် လက်၌ ကိုင်၍ မင်း၏အထံသို့ သွား၍ မင်းမြတ်–ဤဆတ္တပါဏိသည် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ဖြင့် အလိုရှိသည်ရှိသော် ဤဆတ္တပါဏိကို ဥယျာဉ်စောင့် ပြုစေတော်မူကုန်လော့ဟု ဆို၏။ ထိုအခါ ဆတ္တပါဏိကို မင်းသည် အချင်း....သင်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသလောဟု မေး၏။ မင်းမြတ်....ဟုတ်၏ဟု ဆိုသည်ရှိသော် အချင်း.... သင်သည် အဘယ်မည်ကုန်သော အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသနည်းဟု မေး၏။ မင်းမြတ်....အကျွန်ုပ်သည် ငြူစူခြင်းမရှိ။ မင်းမြတ် အကျွန်ုပ်သည် ယစ်မျိုးကိုလည်း မသောက်။ မင်းမြတ်....အကျွန်ုပ်သည် ချစ်ခြင်းလည်း မရှိ၊ မင်းမြတ်....အကျွန်ုပ်သည် အမျက် မထွက်ခြင်းကို ဆောက်တည်အပ်၏။ ထိုစကားသည် မှန်၏။ မင်းမြတ်–အကျွန်ုပ်အား ငြူစူခြင်းမည်သည်ကား မရှိ၊ အကျွန်ုပ်သည် သေကိုလည်း မသောက်စဖူး သူတစ်ပါးတို့၌ အကျွန်ုပ်သည် ချစ်ခြင်းသည်လည်းကောင်း၊ အမျက်ထွက်ခြင်းသည်လည်းကောင်း မဖြစ်စဘူး ဤသို့ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏ဟု ဆို၏။ ထိုအခါ၌ မင်းသည် အို....ဆတ္တပါဏိ....သင်သည် ငါ ငြူစူခြင်းမရှိသော သူဖြစ်၏ဟု ဆိုသလော့ဟု ဆို၏။ မင်းမြတ်....အကျွန်ုပ် ငြူစူခြင်းမရှိသောသူ ဖြစ်၏ဟူ၍ ဆိုသည်ဟုတ်၏ဟု လျှောက်သည်ရှိသော် အဘယ်အာရုံကို မြင်၍ ငြူစူခြင်းမရှိသနည်းဟု ဆို၏။ မင်းမြတ်....နာတော်မူလောဟု လျှောက်၍ မိမိ၏ ငြူစူခြင်း မရှိသည်၏ အဖြစ်ကို ဆိုလိုရကား– ဤဂါထာကို ရွတ်၏–

(က) ဣတ္ထိယာ ကာရဏာ ရာဇ၊ ဗန္ဓပေသိံ ပုရောဟိတံ။
　　သော မံ အတ္တေ နိဝေဒေသိ၊ တသ္မာဟံ အနုသူယကော။

မင်းမြတ် အကျွန်ုပ်သည် ရှေးဘဝက ဤဗာရာဏသီပြည်၌သာလျှင် မင်းဖြစ်ဖူး၏။ မိန်းမ၏အကြောင်းကြောင့် ပုရောဟိတ်ကို နှောင်ဖွဲ့စေ၏။ ထိုပုရောဟိတ်သည် အကျွန်ုပ်ကို အကျိုးစီးပွါးတို့ကို ကြားပေသောကြောင့် အကျွန်ုပ်သည် ငြူစူခြင်းမရှိ၊

## ၆၄-နှင့် မျောက်မွေး

အဗန္ဓာ တတ္ထ ဗဇ္ဈန္တိ၊ ယတ္ထဗာလာ ပဘာသရေ၊
ဗန္ဓာ ပိ တတ္ထ မုစ္စန္တိ၊ ယတ္ထဓီရာ ပဘာသရေ။

ဟူသော ကေကနိပါတ်ဗန္ဓနမောက္ခဇာတ်၌ လာသော နည်းဖြင့်လျှင် တစ်ပါးသော ကာလ၌ ဤဆတ္တပါဏိသည် မင်းဖြစ်၍ ခြေရင်း၌ မြဲကုန်သော ခြောက်ကျိပ်လေးယောက်ကုန်သော အမတ်တို့နှင့်တကွ ချတ်ယွင်းပြီး၍ မိမိ၏ နှလုံးအလိုကို မဖြည့်သော ဘုရားလောင်းကို ဖျက်ဆီးလိုသော မိဖုရားသည် ချောပစ်၍ နှောင်ဖွဲ့စေ၏။ ထိုအခါ၌ ထိုဘုရားလောင်းကို နှောင်ဖွဲ့၍ ဆောင်အပ်သည် ရှိသော် ဘုရားလောင်းသည် မိဖုရား၏ အဟုတ်အမှန် ဖြစ်သော အပြစ်ကို ကြား၍ မိမိသည် လွတ်သည်ရှိသော် မင်းသည် နှောင်ဖွဲ့စေအပ်ကုန်သော အလုံးစုံလည်း ဖြစ်ကုန်သော ခြေရင်း၌ မြဲကုန်သော အမတ်တို့ကို လွှတ်စေ၍ မင်းမြတ် ထိုခြောက်ကျိပ်လေးယောက်ကုန်သော အမတ်တို့၏ လည်းကောင်း, မိဖုရား၏ လည်းကောင်း အပြစ်ကို အရှင်မင်းမြတ်သည် သည်းခံတော် မူကုန်လော့ဟု ဆုံးမ၏၊ အလုံးစုံကို အောက်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် အကျယ်အားဖြင့် သိအပ်၏။ ထိုစကားကို ရည်၍ ဤဂါထာကို ဆို၏–

ဣတ္တိယာ ကာရဏာ ရာဇ၊ ဗန္ဓာပေသိ ပုရောဟိတံ။
သော မံ အဇ္ဈေ နိဝေဒေသိ၊ တသ္မာ ဟံ အနုသူယကော။

ထိုအခါ၌ကား ထိုမင်းသည် ငါသည် တစ်သောင်းခြောက်ထောင်ကုန်သော မိန်းမတို့ကို စွန့်ပစ်၍ ထိုတစ်ယောက်ဘည်းသော မိန်းမကိုသာလျှင် ကိလေသာ၏ အစွမ်းအားဖြင့် ထောက်ပံ့ပါသော်လည်း ရောင့်ရဲစိမ့်သောငှါ မစွမ်းနိုင်၊ ဤသို့ အလိုဆန္ဒ ပြည့်နိုင်ခဲကုန်သော မိန်းမတို့အား အမျက်ထွက်ခြင်း မည်သည်ကား ဝတ်သော အဝတ်သည် ညစ်နွမ်းလတ်သည်ရှိသော် အဘယ့်ကြောင့် နင်ညစ်နွမ်း ဘိသနည်းဟု အမျက်ထွက်သည်နှင့် တူ၏။ ထိုစားသော ထမင်းသည် မစင်၏ အဖြစ်သို့ ရောက်လတ်သည်ရှိသော် အဘယ့်ကြောင့် မစင်၏ အဖြစ်သို့ နင်ရောက်ရဘိသနည်းဟု အမျက်ထွက်သည်နှင့် တူ၏။ ယခုအခါ ယနေ့မှ စ၍ အကြင်မျှလောက်သော ကာလပတ်လုံး အရဟတ္တဖိုလ်သို့ မရောက်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ကိလေသာကို မှီ၍ ငါ၌ ငြူစူခြင်းတို့သည် မဖြစ်စေကုန်သတည်းဟု မိဋ္ဌာန်၏။ ထိုအခါမှ စ၍ ငြူစူခြင်း မရှိသည် ဖြစ်၏။ ဤအကြောင်းကို ရည်၍ တသ္မာဟံ အနုသူယကော ဟူ၍ ဆို၏။

ထိုအခါ၌ ထိုဆတ္တပါဏိကို မင်းသည် အချင်းဆတ္တပါဏိ အဘယ်အာရုံကို မြင်၍ ယစ်မျိုးကို မသောက် သနည်းဟု မေး၏။ ထိုဆတ္တပါဏိသည် ထိုအကြောင်းကို ကြားလိုရကား ဤဂါထာကို ဆို၏—

(၁) မဋ္ဌော အဟံ မဟာရာဇ၊ ပုတ္တ မံသာနိ ခါဒယိံ။
တဿ သောကေနာ ဟံ ဖုဋ္ဌော၊ မဇ္ဇပါနံ ဝိဝဇ္ဇယိံ။

မင်းမြတ် အကျွန်ုပ်သည် ယစ်သည်ဖြစ်၍ သား၏ အသားတို့ကို စားဖူး၏။ အကျွန်ုပ်သည် ထိုသေသော သားအား အောက်မေ့စိုးရိမ်ခြင်း နှိပ်စက်အပ်သည် ဖြစ်၍ သေရည်သောက်ခြင်းကို ကြဉ်ရှောင်၏။

## အရက်မူးလွန်၍ သားငယ်ကို သတ်စားမိ

မင်းမြတ် အကျွန်ုပ်သည် ရှေး၌ ထိုသို့ သဘောရှိသော ဗာရာဏသီမင်း ဖြစ်၍ ယစ်မျိုးနှင့် ကင်း၍ ဖြစ်အံ့သောငှါ မစွမ်းနိုင်။ အမဲမရှိသော ထမင်းကိုလည်း စားအံ့သောငှါ မစွမ်းနိုင်။ မြို့၌ ဥပုသ်နေ့တို့၌ အသက်သတ်ခြင်းသည် မဖြစ်စေလင့်ဟု စည်ကို လည်စေ၏။ စားတော်ချက်သည် ပက္ခ၏ တစ်ဆယ့်သုံးရက်နေ့၌လျှင် အမဲကို ယူ၍ ထား၏။ မကောင်းသဖြင့် ထားအပ်သော ထိုအမဲကို ခွေးတို့သည် စားကုန်၏။ စားတော်ချက်သည် ဥပုသ်နေ့၌ အမဲကို မရ၍ မင်းအား အထူးထူး အပြားပြား မြတ်သော အရသာရှိသော ဘောဇဉ်ကို ချက်၍ ပြာသာဒ်ထက်သို့ တင်၍ ကပ်အံ့သောငှါ မဝံ့ရကား မိဖုရားသို့ ကပ်လေ၍ အရှင်မိဖုရား ယနေ့ အကျွန်ုပ်သည် အမဲကို မရ၊ အမဲမရှိသော စားတော်မည်သည်ကို ဆက်ကပ်အံ့သောငှါ မဝံ့။ အသို ပြုရအံ့နည်းဟု လျှောက်၏။ အမောင်စားတော်ဆက် ငါ၏သားကို မင်းသည် ချစ်ခင်လေးမြတ်၏။နှစ်သက်၏။ ငါ၏ သားကို မြင်၍ မင်းသည် ထိုသားတော်ကိုလျှင် နမ်းတော်မူလျက် ဖက်တော်မူလျက် မိမိ၏ ရှိသည်၏ အဖြစ်ကိုလည်း မသိ၊ ငါသည် သားကို တန်ဆာဆင်၍ မင်း၏ ပေါင်ပေါ်၌ နေစေအံ့၊ မင်းအား သားတော်နှင့်တကွ မွေ့လျော်ပျော်ပါး ကစားစဉ် ကာလ၌ သင်သည် စားတော်ထမင်းကို တည်လေလော့ဟု ဆို၏။

ထိုမိဖုရားသည် ဤသို့ ဆို၍ မိမိ၏သားကို ဆင်အပ်သော တန်ဆာကို ဆင်ယင်၍ မင်း၏ ပေါင်ပေါ်၌ နေစေ၏။ မင်းအား သားတော်နှင့်တကွ ကစားမွေ့လျော် ရွှင်ပျော်စဉ် ကာလ၌ စားတော်ချက်သည် စားတော်ကို တည်၏။ မင်းသည် သုရာယစ်သည်ဖြစ်၍ စားတော်ခွက်၌ အမဲဟင်းလျာကို မမြင်၍ အမဲဟင်းလျာကား အဘယ်မှာနည်းဟု မေး၍ မင်းမြတ် ယနေ့ဥပုသ်နေ့

ဖြစ်ရကား အသက်မသေတ်စေလင့်ဟု စည်လည်သည်၏ အဖြစ်ကြောင့် အမဲကို မရဟု လျှောက်သည်ရှိသော် ငါ့ကို အမဲမည်သည်ကို ရခဲသလောဟု ဆို၍ ပေါင်ပေါ်၌နေသော ချစ်စွာသောသား၏ လည်ကိုလိမ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ စားတော်ချက်၏ ရှေ့သို့ ပစ်လိုက်၍ လျင်စွာ ပြည့်စုံစေ၍ ဆောင်ခဲ့လေ့ဟု ဆို၏။ စားတော်ချက်သည် ထိုမင်း အမိန့်ရှိတိုင်း ပြု၏။ မင်းသည် သား၏ အသားဖြင့် ထမင်းကို စား၏။ မင်းမှကြောက်ခြင်းကြောင့် ငိုအံ့သောငှါ လည်းကောင်း, မျက်ရည်ထွက်စိမ့်သောငှါ လည်းကောင်း, ငွမ်းနိုင်သော တစ်ယောက်သော သူမည်သည်လည်း မရှိ။ မင်းသည် စားပြီး၍ အိပ်ရာအပြင်၌ အိပ်ပျော်ခြင်းသို့ ရောက်၍ မိုးသောက်သောကာလ၌ နိုးလတ်၍ သုရာယစ်ခြင်း ပြေလတ်သော် ငါ၏သားတော်ကို ဆောင်ခဲ့ကြကုန်လော့ဟု ဆို၏၊ ထိုကာလ၌ မိဖုရားသည် ငိုကြွေးလျက် ခြေရင်း၌ ဝပ်၏။ ရှင်မ အသို နည်းဟု ဆိုသည်ရှိသော် မင်းမြတ် ယမန်နေ့က အရှင်မင်းမြတ်သည် သားကို သတ်၍ သား၏ အသားဖြင့် စားတော်ထမင်းကို စားအပ်၏ဟု လျှောက်၏။ မင်းသည် စိုးရိမ်ခြင်းကြောင့် မျက်ရည်ယို၍ ငိုကြွေး၍ ငါ့အား ဤဆင်းရဲသည် သေသောက်ခြင်းကို အမှီပြု၍ ဖြစ်၏ဟု သုရာသောက်ခြင်း၌ အပြစ်ကို မြင်၍ ဤယနေ့မှစ၍ အကြင်မျှလောက် အရဟတ္တဖိုလ်သို့ မရောက်သေး၊ ထိုမျှလောက် ဤသို့ သဘောရှိသော ပျက်စီးခြင်းကို ပြုတတ်သော သုရာမည်သည်ကို မသောက်အံ့ဟု မြေမှုန့်ကို ယူ၍ မျက်နှာကို ပွတ်၍ ဝန်ခံ၏။ ထိုအခါမှ စ၍ ယစ်မျိုးမည်သည်ကို မသောက်ဖူး။ ဤကိုရည်၍ မတွေ့အပ် မဟာဆာဇာ အစရှိသော ဂါထာကို ရွတ်၏။

ထိုအခါ၌ ထိုဆတ္တပါဏိကို မင်းချင်းသည် အချင်း ဆတ္တပါဏိ အဘယ် အာရုံကို မြင်၍ ချစ်ခြင်း မရှိသနည်းဟု မေး၏။ ထိုဆတ္တပါဏိသည် ထို အကြောင်းကို ကြားလိုရကား ဤဂါထာကို ရွတ်၏–

(ဂ) ကိတဝါသော နာမဟံရာဇာ၊ ပုတ္တော ပစ္စေကဗောဓိသာ မေ။
ပတ္တံ ဘိန္ဒိတွာဝ ဋ္ဌိတော၊ နိဿေဟော တသ္မာ ကာရဏာ။

မင်းမြတ် အကျွန်ုပ်သည် ရှေး၌ ဗာရာဏသီပြည်၌သာလျှင် ကိတဝါသ မည်သော မင်းဖြစ်ဖူး၏။ ထိုအခါ၌ အကျွန်ုပ်၏ သားသည် ပစ္စေကဗုဒ္ဓါ၏ သပိတ်တော်ကို ခွဲသဖြင့် ငရဲရောက်ခဲ့၏။ ထိုသား၏ အကြောင်းကြောင့် အကျွန်ုပ်သည် မချစ်။

အချစ်ကိုပယ်

မင်းသည် ထိုအကြောင်းကို ကြား၍ သားကို စွဲ၍ ဖြစ်သော စိုးရိမ်ခြင်း သည် နှိပ်စက်အပ်သည်ဖြစ်၍ ငါ့အား ဤစိုးရိမ်ခြင်းသည် ချစ်သောသူကြောင့် ဖြစ်၏၊ ချစ်ခြင်းသည် အကယ်၍ မဖြစ်ငြားအံ့၊ စိုးရိမ်ခြင်းသည် မဖြစ်လတ္တံ့ဟု

ကြ၍၊ ကြပြီး၍ ယခုအခါ၌ ဤကာလမှစ၍ သဝိညာဏက၌ လည်းကောင်း, အဝိညာဏက၌ လည်းကောင်း တစ်စုံတစ်ခုသော ဝတ္ထု၌ ချစ်ခြင်းမည်သည်ကား ငါ့အား မဖြစ်စေသတည်းဟု မိဋ္ဌာန်၏။ ထိုအခါမှစ၍ ချစ်ခြင်းမည်သည်ကား မရှိ၊ ထိုအကြောင်းကိုရည်၍ ကိတဝါသောနာမဟံ အစရှိသော ဂါထာကိုရွတ်၏။ ထိုအခါ၌ မင်းသည် ဆတ္တပါဏိကို အချင်းဆတ္တပါဏိ အဘယ်အာရုံကိုမြင်၍ အမျက်ထွက်ခြင်း မရှိသနည်းဟု မေး၏။ ထိုဆတ္တပါဏိသည် ထိုအကြောင်းကို ကြားလိုရကား ဤဂါထာကို ရွတ်၏-

(ဃ) အရကော ဟုတ္ဂာ မေတ္တစိတ္တံ၊ သတ္တဝဿာနိ ဘာဝယိံ။
သတ္တကပ္ပေ ဗြဟ္မလောကေ၊ တသ္မာ အကောဓနော အဟံ။

မင်းမြတ် အကျွန်ုပ်သည် အရကမည်သော ရသေ့ဖြစ်၍ ခုနစ်နှစ်တိုင်တိုင် မေတ္တာနှင့် ယှဉ်သော စိတ်ကို ပွားစေဖူး၏။ ထိုသို့ ပွားစေသောကြောင့် ခုနစ်ပါးကုန်သော သံဝဋ္ဋကပ်, ဝိဝဋ္ဋကပ်တိုင်တိုင် ဗြဟ္မာ့ပြည်၌ နေခဲ့သောကြောင့် အကျွန်ုပ်သည် အမျက်ထွက်ခြင်း မရှိ။

ဤသို့ ဆတ္တပါဏိသည် မိမိ၏ လေးပါးကုန်သော အင်္ဂါတို့ကို ဆိုအပ်ကုန်သည်ရှိသော် မင်းသည် ပရိသတ်အား မျက်စိမှိတ်ခြင်း, လည်ညိတ်ခြင်း အမှတ်ကို ပေး၏။ ထိုခဏ၌ပင်လျှင် အမတ်, ပုဏ္ဏား, သူကြွယ် အစရှိကုန်သော သူတို့သည် ထကုန်၍ ဟယ်တံစိုးစားတတ်သော ခိုးသူပျက် သင်သည် တံစိုးကို မရ၍ ပညာရှိကို စွပ်စွဲ၍ သေစေလို၏ဟု ကာလကစစ်သူကြီးကို လက်ခြေတို့၌ ကိုင်ကုန်၍ မင်းအိမ်မှ ချကုန်၍ ကိုင်မိတိုင်း ကိုင်မိတိုင်းသာလျှင် ဖြစ်ကုန်သော ကျောက်, ထောက်ပုတ်တို့ဖြင့် ဦးခေါင်းကို ခွဲကုန်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၍ ခြေတို့၌ ကိုင်ကုန်၍ ငင်ကုန်လျက် တံမြက်ချေး အမှိုက်စွန့်ရာ အရပ်၌ စွန့်ကုန်၏။ ထိုအခါမှစ၍ မင်းသည် တရားသဖြင့် မင်းအဖြစ်ကိုပြုလျက် ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့၊ ယခုအခါ ဒေဝဒတ်သည် ထိုအခါကာလက စစ်သူကြီး ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆတ္တပါဏိအမည်ရှိသော ဆေတ္တာသည် ဖြစ်ဖူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဓမ္မဓဇဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(သူများမကောင်းကြံ၊ ကိုယ့်ပြန် ဘေးဒဏ်ထိ)
နှစ်ရာနှစ်ဆယ်မြောက်သော ဓမ္မဓဇဇာတ်သည် ပြီး၏။
၇-ဗီရဏထမ္ဘဝဂ် ပြီး၏။

## ၈-ကာသာဝဝဂ်

### ၂၂၁-ကာသာဝဇာတ်

### ဆင်မင်းနှင့် မုဆိုး

### သူ့ အိုးနှင့်သူ့ဆန် တန်ရုံခပ်
### မတန်မရာ မမှန်းရ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အနိက္ကသာဝေါ ကာသာဝံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာသာဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ပါးသောအခါ၌ တရားစစ်သူကြီး ဖြစ်သော အရှင်သာရိပုတ္တရာသည် ငါးရာကုန်သော ရဟန်းအပေါင်းနှင့်တကွ ဝေဠုဝန်ကျောင်းတော်၌ နေ၏။ ဒေဝဒတ်သည်လည်း မိမိအားလျော်သော သီလမရှိသော ပရိသတ်ဖြင့် ခြံရံလျက် ဂယာသီသ၌ နေ၏။ ထိုအခါ ရာဇဂြိုဟ်ပြည်၌ နေကုန်သောသူတို့သည် ဆန္ဒကို တစ်ပေါင်းတည်းပြုကုန်၍ အလှူကို စီရင်ကုန်၏။ ထိုအခါ တစ်ယောက်သော ကုန်ပွဲအံ့သောငှါ လာသော ကုန်သည်သည် ဤပုဆိုးကို စွန့်ကုန်၍ ငါ့ကိုလည်း ကုသိုလ်၏အဖို့ရှိသည်ကို ပြုပါကုန်လော့ဟု များစွာ အဖိုးထိုက်သော မွေးကြိုင်သော သက်န်းလျာပုဆိုးကိုပေး၏။ ပြည်သူတို့သည် အလှူကြီးကို ဖြစ်စေကုန်၏။

#### ပညာမဲ့တို့၏ မျှားရာဆန္ဒ

အလုံးစုံသော အလှူဝတ္ထုသည် ဆန္ဒတူသော အားဖြင့် စုရုံးအပ်ကုန်သော အသပြာဘို့ဖြင့်သာလျှင် ပြီး၏။ ထိုမွေးသော အနံ့ရှိသော ပုဆိုးသည် လွန်ကဲသည်ဖြစ်၏။ လူများသည် စည်းဝေးကုန်၍ မွေးကြိုင်သောပုဆိုးသည် လွန်ကဲ၏၊ အဘယ်အရှင်အား လှူရကုန်အံ့နည်း၊ သာရိပုတ္တရာ မထေရ်အားတည်း လှူရကုန်အံ့လော၊ ထိုသို့ မဟုတ်မူကား အရှင်ဒေဝဒတ်အားတည်း လှူရကုန်အံ့လောဟု စည်းဝေးတိုင်ပင် ကြကုန်၏။ ထိုအစည်းအဝေး၌ အချို့ကုန်သောသူတို့သည် သာရိပုတ္တရာ မထေရ်အား လှူကုန်အံ့ဟု ဆိုကုန်၏။ တစ်ပါးကုန်သောသူတို့သည် သာရိပုတ္တရာမထေရ်သည် နှစ်ရက် သုံးရက်နေ၍ အလိုအလျောက် သွားလိမ့်မည်သာတည်း၊ အရှင်ဒေဝဒတ်သည် တမူကား အမြဲ ငါတို့၏ မြို့ကိုသာလျှင် အမှီပြု၍ နေကုန်လတ္တံ့ သတည်း။ သေမှု ရှင်မှုတို့၌ အရှင်ဒေဝဒတ်သည်သာလျှင် ငါတို့၏ကိုးကွယ်ရာ ဖြစ်လတ္တံ့၊ ဒေဝဒတ်

အား လှူကုန်အံ့ဟု ဆိုကြကုန်၏။ အကြိမ်များစွာ ဆိုကုန်သော်လည်း အရှင်ဒေဝဒတ်အား လှူကုန်အံ့ဟု ဆိုကုန်သော သူတို့သည်သာလျှင် များကုန်၏။

ထိုအခါ၌ ထိုမွေးကြိုင်သော ပုဆိုးကောင်းကို ဒေဝဒတ်အား လှူကုန်၏။ ထိုပုဆိုးကိုဖြတ်၍ စနစ်ကိုချုပ်၍ ရွှေပြားအဆင်းနှင့်တူသော အဆင်းရှိသည်ကို ပြု၍ ရုံ၏၊ ထိုကာလ၌ သုံးကျိပ်အတိုင်းအရှည်ရှိကုန်သော ရဟန်းတို့သည် ရာဇဂြိုဟ်မှ ထွက်ကုန်၍ သာဝတ္ထိပြည်သို့ လာလတ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်၍ ပြုအပ်သော ပဋိသန္ထာရ ... ပျူငှါလောကဝတ် ရှိကုန်သည်ဖြစ်၍ ထိုအကြောင်းကို ကြားကုန်၍ အရှင်ဘုရား ဤသို့ ဒေဝဒတ်သည် မိမိအား မလျောက်ပတ်သော ရဟန္တာတို့၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းကိုရုံ၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် မိမိအား မလျောက်ပတ်သော ရဟန္တာတို့၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းကို ဝတ်သည် မဟုတ်သေး။ ရှေး၌လည်း ဝတ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ဆင်ချိုး၌ဖြစ်၍ တောနက်ရာ၌နေ၏။ ထိုအခါ၌ တစ်ယောက်သော ဗာရာဏသီပြည်၌ နေသော ဆင်းရဲသောလူသည် ဆင်စွယ်လုပ်ကုန်သော သူတို့၏ လမ်းရေး၌ ဆင်စွယ်တို့ကို ဆင်စွယ် လက်ကောက် အစရှိသည်တို့ကို လုပ်အပ်ကုန်သည်တို့ကို မြင်၍ အရှင်တို့ ဆင်စွယ်တို့ကို ရကုန်သော် ယူကြကုန်လတ္တံ့လောဟု မေး၏။ ထိုဆင်စွယ်သမားတို့သည် ယူကြကုန်အံ့ဟု ဆိုကုန်၏။ ထိုဆင်းရဲသော ယောကျ်ားသည် ကောင်းပြီဟု လက်နက်ကိုယူ၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်လျက် ပစ္စေကဗုဒ္ဓါ အသွင်ကိုယူ၍ ဦးခေါင်းကိုခြုံ၍ ဆင်တို့၏ ခရီး၌ရပ်၍ လက်နက်ဖြင့် ဆင်ကိုသတ်၍ အစွယ်တို့ကိုယူ၍ ဗာရာဏသီပြည်၌ ရောင်းလျက် အသက်မွေးခြင်းကို ပြု၏။ ထိုယောကျ်ားသည် နောက်အဖို့၌ ဘုရားလောင်း၏ အခြံအရံဖြစ်ကုန်သော ဆင်တို့တွင် အလုံးစုံသော ဆင်တို့၏ နောက်ဆုံးဖြစ်သော ဆင်ကို သတ်အံ့သောငှါ အားထုတ်၏၊ ဆင်တို့သည် နေ့တိုင်းနေ့တိုင်း လျော့ကုန်သည်ရှိသော် အဘယ်အကြောင်းကြောင့်လျှင် ဆင်တို့သည် လျော့ကုန်ဘိသနည်းဟု ဘုရားလောင်းအား ကြားလျှောက်ကုန်၏။ ဘုရားလောင်းသည် စုံစမ်းသည်ရှိသော် ပစ္စေကဗုဒ္ဓါ၏ အသွင်ကိုယူ၍ ဆင်တို့သွားရာလမ်းနား၌ ယောကျ်ားတစ်ယောက်သည် ရှိ၏၊ ထိုယောကျ်ားသည် သတ်လေသလော။ ထိုယောကျ်ားကို စုံစမ်းအံ့ဟု တစ်နေ့သ၌ အခြံအရံဖြစ်ကုန်သော ဆင်တို့ကို ရှေ့ထား၍ မိမိသည် နောက်မှ လိုက်၏။

## ဆင်မင်းနှင့် မုဆိုး

ထိုယောကျ်ားသည် ဘုရားလောင်းကို မြင်၍ လက်နက်ကို ကိုင်၍ ပြေးလာ၏။ ဘုရားလောင်းသည် ပြန်လည် တည့်၍ ကြည့်လျက် ထိုယောကျ်ားကို မြေ၌ ရိုက်ပုတ်၍ သတ်အံ့ဟု နှာမောင်းကို ဆန့်၍ ထိုယောကျ်ားသည် ဝတ်အပ်ကုန်သော သင်္ကန်းတို့ကို မြင်၍ ဤရဟန္တာတို့၏ တံခွန်ဖြစ်သော သင်္ကန်းတော်ကို ငါသည် ဒုလေးဒုမြတ်ပြုအံ့သောငှါ သင့်၏ဟု နှာမောင်းကို တစ်ဖန် သိမ်းဆည်းပြန်၍ အိုယောကျ်ား ဤရဟန္တာတို့၏ တံခွန်ဖြစ်သောသင်္ကန်းတော်သည် သင့်အား မလျောက်ပတ်သည် မဟုတ်တုံလော။ အဘယ့်ကြောင့် ထိုသင်္ကန်းကို ဝတ်ဘိသနည်းဟု ဆို၍ ဤဂါထာကို ဆို၏။

၁၄၃။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဒဟိဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝ မရဟတိ။

၁၄၄။ ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သဝေ ကာသာဝ မရဟတိ။

အို-ယောကျ်ား မနှင်ထုတ်အပ်သော တစ်ထောင့်ငါးရာ ကိလေသာရှိသော ဣန္ဒြေကို ဆုံးမခြင်းဒမနှင့် လေးပါးသော သစ္စာမှ ကင်းသော ပုဂ္ဂိုလ်တို့ဝတ်ရုံ သည့် ဖန်ရည်စွန်းသင်္ကန်းကို ဝတ်ရုံဘိ၏။ ထိုပုဂ္ဂိုလ်သည် သင်္ကန်းကို မဝတ်ရုံထိုက်။

ထွေးအန်ပြီးသော တစ်ထောင့်ငါးရာ ကိလေသာရှိသော မဂ်ဖိုလ်သီလတို့၌ ကောင်းစွာဆောင်ရွက်၍ ထားသကဲ့သို့တည်သော ဣန္ဒြေကို ဆုံးမခြင်းဟုဆိုအပ်သော ဒမ-နိဗ္ဗာန်ဟုဆိုအပ်သော ပရမတ္ထသစ္စာနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် သာလျှင် စင်စစ်သင်္ကန်းတော်ကို ဝတ်ရုံထိုက်၏။

ဤသို့ ဘုရားလောင်းသည် ထိုယောကျ်ားအား ဤအကြောင်းကို ဆို၍ ဤနေ့မှစ၍ ဤအရပ်ကို မလာလင့် အကယ်၍လာအံ့ သင်၏ အသက်သည် မရှိရလတ္တံ့ဟု ခြိမ်းခြောက်၍ ပြေးစေ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ဆင်သတ်သော ယောကျ်ား ဖြစ်ဖူးပြီ။ ယခုအခါ

ငါဘုရားသည်လျှင် ထိုအခါ ဆင်အပေါင်းတို့၏ အကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မလျှော်ရာဝတ်၊ မအပ်ရာလုပ်၊ မဟုတ်ထာပြော၊)
(သဘောကောက်ကျစ်၊ လူညစ်၊ စင်စစ်ရှောင်ဖယ်ခွါ။)
နှစ်ရာနှစ်ဆယ် တစ်ခုမြောက်သော ကာသာဝဇာတ်သည် ပြီး၏၊

---

## ၂၂၂-စူဠနန္ဒိယဇာတ်

### မိခင်အတွက် အသက်စွန့်သည့် မျောက်ညီနောင်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ' ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဣဒံတဒါစရိယဝစော" အစရှိသော ဂါထာပုဒ်ဖြင့် ဝေဠုဝန်ဆာဆင်အပ်သော ဤစူဠနန္ဒိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် ကြမ်းတမ်း၏။ ရုန့်ရင်း၏၊ နိုင်ထက်ကလူမူတတ်၏။ မြတ်စွာဘုရား၌ လေးသမားတို့ကို လုံ့လပြုစေ၏။ ကျောက်ချာကို လှိမ့်၏။ နာဠာဂိရိဆင်ကို လွှတ်လိုက်၏။ မြတ်စွာဘုရား၌ ထိုဒေဝဒတ်၏ အနည်းငယ်သော သည်းခံခြင်း သနားခြင်း မေတ္တာသည်လည်း မရှိ၊ ဤသို့ စကားကို ဖြစ်စေကုန်၏၊ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ကြမ်းတမ်းသည် ရုန့်ရင်းသည် သနားခြင်းမရှိသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည်ကြမ်းတမ်း ရုန့်ရင်းသည် သနားခြင်း မရှိသည် ဖြစ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ မဟာနန္ဒိယ အမည်ရှိသော မျောက်ဖြစ်၏၊ ညီငယ်ဖြစ်သော မျောက်သည်ကား စူဠနန္ဒိယ

မည်၏၊ ထိုညီနောင် မျောက်နှစ်ကောင်တို့သည်လည်း ရစ်သောင်းသော မျောက်အခြံအရံ ရှိကုန်သည်ဖြစ်၍ ဟိမဝန္တာအရပ်၌ အမိမျက်မမြင်ကို မွေးမြူလျက်နေကုန်၏။ ထိုစူဠနန္ဒိယ မဟာနန္ဒိယတို့သည် အမိကို နေရာချ၍ ထားခဲ့ကုန်၍ တောသို့ ဝင်ကုန်၍ ချိုမြိန်ကောင်းမြတ်သော သစ်သီးတို့ကို အမိသို့ ပို့စေကုန်၏။ ဆောင်ကုန်သော မျောက်တို့သည် ထိုအမိအား မပေးကုန်။ ထိုမျက်မမြင်ဖြစ်သော မျောက်မသည် ငတ်မွတ်ခြင်း နှိပ်စက်အပ်သည်ဖြစ်၍ အရိုးအရေမျှသာ ကြွင်းသည်ဖြစ်၏။ ထိုအခါ ထိုအမိကို ဘုရားလောင်းသည်မိခင် သင်တို့ကို ချိုမြိန်မြတ်ကုန်သော သစ်သီးကြီးငယ်တို့ကို ငါတို့ ပို့လာစေကုန်၏။ သင်တို့သည် အဘယ့်ကြောင့် ညှိုးနွမ်းရဘိသနည်းဟု ဆို၏။ ချစ်သား ငါသည် မရဟုဆိုသည်ရှိသော် ဘုရားလောင်းသည် ကြံ၏။ အဘယ်သို့ ကြံသနည်းဟူမူကား ငါသည် မျောက်အပေါင်းကို ရွက်ဆောင်သည်ရှိသော် ငါ၏အမိသည် ပျက်စီးလတ္တံ့။ မျောက်အပေါင်းကို စွန့်၍ အမိကိုသာလျှင် လုပ်ကျွေးအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် စူဠနန္ဒိယကိုခေါ်၍ ညီထွေး သင်သည် မျောက်အပေါင်းကို ဆောင်လော့။ ငါသည် အမိကို လုပ်ကျွေးအံ့ဟု ဆို၏။

ထိုစူဠနန္ဒိယသည်လည်း ထိုဘုရားလောင်းကို အစ်ကိုကြီး အကျွန်ုပ်အား မျောက်အပေါင်းကို ဆောင်ခြင်းဖြင့် အမှုသည်မရှိ။ ကျွန်ုပ်သည်လည်း အမိကိုသာလျှင် လုပ်ကျွေးအံ့ဟု ဆို၏။ ဤသို့ ထိုနှစ်ယောက်ကုန်သော ညီနောင်တို့သည်လည်း တူသော ဆန္ဒရှိကုန်ရကား မျောက်အပေါင်းကို စွန့်ခဲ့ပြီးလျှင် အမိကို ဆောင်ယူကုန်လျက် ဟိမဝန္တာမှ သက်ကုန်၍ အရပ်စွန်ဖြစ်သော ပညောင်ပင်၌ နေကုန်၍ အမိကို လုပ်ကျွေးကုန်၏။ ထိုအခါ ဗာရာဏသီပြည်၌ နေသော တစ်ယောက်သော ပုဏ္ဏားလုလင်သည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဖြစ်သော ဆရာ၏အထံ၌ ခပ်သိမ်းသော အတတ်တို့ကို သင်ပြီးလျှင် သွားအံ့ဟူ၍ ဆရာကိုပန်၏။ ဆရာသည် အင်္ဂဝိဇ္ဇာ၏ အာနုဘော်အားဖြင့် ထိုပုဏ္ဏားလုလင်၏ ကြမ်းတမ်းသည်၏ အဖြစ်၊ ရုန့်ရင်းသည်၏ အဖြစ်၊ နိုင်ထက်ကလူ မှုတတ်သည်၏ အဖြစ်ကို သိ၍ လုလင် သင်သည် ကြမ်းတမ်း၏။ ရုန့်ရင်း၏။ နိုင်ထက်ကလူ မှုတတ်၏။ ထိုသို့ သဘောရှိသော သူကား အခါခပ်သိမ်း အတူမျှသာလျှင် မပြည့်စုံတတ်။ ကြီးစွာသော ပျက်စီးခြင်းသို့ ကြီးစွာသော ဆင်းရဲခြင်းသို့ ရောက်လတ္တံ့။ သင်သည် ကြမ်းတမ်းသည် မဖြစ်စေလင့်။ နောင်တ ပူပန်ခြင်းကို ပြုတတ်သောအမှုကို မပြုလေလင့်ဟု ဆုံးမ၍ လွှတ်လိုက်၏။

ထိုပုဏ္ဏားလုလင်သည် ဆရာကိုရှိခိုး၍ ဗာရာဏသီပြည်သို့သွား၍ အိမ်ရာထောင်ခြင်းကိုပြု၍ တပါးကုန်သော အတတ်တို့ဖြင့် အသက်မွေးခြင်းကို ပြုအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ လေးအတတ်ကိုမှီ၍ အသက်မွေးအံ့၊ မုဆိုးတို့၏

အမှုကိုပြု၍ အသက်မွေးခြင်းကို ပြုအံ့ဟု ဗာရာဏသီပြည်မှ ထွက်၍ အရပ်စွန်ဖြစ်သော ရွာငယ်၌ နေလျက် လေး, ဘောင်းလွယ်လျက် တောသို့ဝင်၍ အထူးထူးသော သားတို့ကို သတ်၍ အသားကို ရောင်းသဖြင့် အသက်မွေးခြင်းကို ပြု၏။ ပုဏ္ဏားလုလင်သည် တစ်နေ့သ၌ တောဝယ် တစ်စုံတစ်ခုကို မရမူ၍ လာလတ်သည်ရှိသော် အရှင်၌ တည်သော ပညောင်ပင်ကို မြင်၍ ဤပညောင်ပင်၌ တစ်စုံတစ်ခုရှိသည် ဖြစ်ငြားအံ့လည်း မသိဟု ပညောင်ပင်သို့ ရှေးရှုသွား၏။ ထိုခဏ၌ နှစ်ကောင်ကုန်သော မျောက်ညီနောင်တို့သည်လည်း အမိကို သစ်သီးစားစေကုန်၍ ရှေ့မှ ထားကုန်၍ သစ်ခွကြား၌ နေကုန်လျက် လာလတ်သော မုဆိုးကို မြင်ကုန်၍ အမိကို အသို ပြုလတ္တံ့နည်းဟု သစ်ခက်ကြား၌ ပုန်းအောင်းကြကုန်၏။ ထိုနိုင်ထက်ကလူ မူဘတ်သော ယောကျ်ားသည်လည်း ပညောင်ပင်ရင်းသို့ လာလတ်၍ ထိုမျောက်ညီနောင်တို့၏ အမိသည် ဖြစ်၍ အားနည်းသော ကန်းသော ထိုအမိမျောက်မကို မြင်၍ ငါ့အား လက်ချည်းစည်းသွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤမျောက်မကို ပစ်၍ ယူ၍ သွားအံ့ဟု ထိုကြမ်းကြုတ်သော ယောကျ်ားသည် ထိုမျောက်မအား ပစ်အံ့သောငှါ လေးကို ကိုင်၏။

ထိုအခြင်းအရာကို မြင်၍ ဘုရားလောင်းသည် ညီတော်း စူဠနန္ဒိယ ဤယောကျ်ားသည် ငါ၏ အမိကို ပစ်လို၏၊ ငါသည် ဇီဝိတဒါနကို လှူအံ့။ သင်သည် ငါလွန်သဖြင့် အမိကို လုပ်ကျွေးရစ်လော့ဟု ဆို၍ သစ်ခက်ကြားမှ ထွက်၍ အိုယောကျ်ား သင်သည် ငါ၏ အမိကို မပစ်ပါလင့်၊ ဤမျောက်မသည် ကန်းလည်း ကန်း၏။ အိုလည်း အို၏။ အားလည်း နည်း၏။ ငါသည် ထိုမျောက်မအိုအား ဇီဝိတဒါနကို ပေးအံ့။ သင်သည် ထိုမျောက်မအိုကို မသတ်မူ၍ ငါ့ကို သတ်လော့ဟု ထိုယောကျ်ားအား ဝန်ခံခြင်းကို ယူ၍ မြား၏ အနီးဖြစ်သော အရပ်၌ နေ၏။ သနားခြင်း မရှိသော ထိုယောကျ်ားသည် ဘုရားလောင်းကို ပစ်၍ ကျစေ၍ ထိုဘုရားလောင်း၏ အမိကိုလည်း ပစ်အံ့သောငှါ တစ်ဖန် လေးကို တင်ပြန်၏။ စူဠနန္ဒိယသည် ထိုအခြင်းအရာကို မြင်၍ ဤယောကျ်ားသည် ငါ၏ အမိကို ပစ်လို၏။ တစ်နေ့မျှလည်း ငါ၏ အမိသည် အသက်ရှင်လတ်သော် အသက်ကို ရသော မည်သည်သာလျှင် ဖြစ်၏။ ထိုအမိအား ဇီဝိတဒါနကို လှူအံ့ဟု သစ်ခက်ကြားမှ ထွက်၍ အိုယောကျ်ား သင်သည် ငါ၏ အမိကို မပစ်ပါလင့်၊ ငါသည် ထိုအမိအား ဇီဝိတဒါနကို လှူအံ့။ သင်သည် ငါ့ကို ပစ်၍ ငါတို့ ညီနောင် နှစ်ကောင်တို့ကို ယူ၍ ငါတို့၏ အမိအား ဇီဝိတဒါနကို ပေးလော့ဟု ထိုယောကျ်ားအား ဝန်ခံခြင်းကို ယူ၍ မြား၏ အနီးဖြစ်သော အရပ်၌ နေ၏။

ထိုယောကျ်ားသည် ထိုစူဠနန္ဒိယကိုလည်း ပစ်၍ ကျစေပြီးလျှင် ဤမျောက်မ အိုသည် အိမ်၌ သူငယ်တို့ဖို့ ဖြစ်လတ္တံ့ဟု ထိုမျောက်ညီနောင်တို့၏ အမိကိုလည်း

ပစ်၍ ကျစေ၍ မျောက်သုံးကောင်တို့ကိုလည်း ထမ်းပိုးဖြင့် ထမ်း၍ အိမ်သို့ ရှေးရှုသွား၏။ ထိုအခါ ယုတ်မာသော ယောက်ျား၏ အိမ်ကို မိုးကြိုးသည် ကျ၍ မယားကိုလည်းကောင်း, သားငယ် နှစ်ယောက်တို့ကိုလည်းကောင်း အိမ်နှင့်သ လျှင်တကွ လောင်၏။ ခေါင်အုပ်ဝါး၏ ဖွဲ့ရာတိုင်မျှသည် ကြွင်း၏။ ထိုအခါ ထိုယောက်ျားအား ရွာတံခါး၌လျှင် တစ်ယောက်သော ယောက်ျားသည် မြင်၍ ထို အကြောင်းကို ကြား၏၊ ထိုယောက်ျားသည် သားမယားတို့ကို စွဲ၍ ဖြစ်သော စိုးရိမ်ခြင်းသည် နှိပ်စက်အပ်သည် ဖြစ်၍ ထိုအရပ်၌လျှင် အမဲနှင့်တကွသော ထမ်းပိုးကိုလည်းကောင်း, လေးကိုလည်းကောင်း စွန့်ခဲ့၍ ပုဆိုးကို ပစ်၍ ကိုယ်ချည်းစည်း မောင်းတို့ကို မြှောက်၍ ငိုကြွေးလျက် သွားလေ၍ အိမ်သို့ ဝင်၏၊ ထိုအခါ ထိုယုတ်မာသော ယောက်ျား၏ ဦးခေါင်း၌ ခေါင်တိုင်တို့သည် လဲ၍ ဦးခေါင်းကို ခွဲ၏၊ မြေသည် ဟင်းလင်းသော အခြင်းအရာကို ပေး၏။ အဝီစိမှ မီးလျှံသည် တက်၏။ ထိုယောက်ျားသည် မြေမျိုလတ်သည် ရှိသော် ဆရာ၏ အဆုံးအမကို အောက်မေ့၍ စင်စစ် ဤအကြောင်းကို မြင်၍ ရှေးဆရာ ဖြစ်သော ပုဏ္ဏားသည် ငါ့အား အဆုံးအမကို ပေး၏ဟု ငိုကြွေးလိုရကား ဤဂါထာတို့ကို ဆို၏—

၁၄၃။ ဣဒံ တဒါစရိယ ဝစော၊ ပါရာသရိယော ယဒဗြဝိ။
မာသု တွံ အကရိ ပါပံ၊ ယံ တွံ ပစ္ဆာ ကတံ တပေ။

၁၄၄။ ယာနိ ကရောတိ ပုရိသော၊ တာနိ အတ္တနိ ပဿတိ။
ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

လုလင် သင်သည် မကောင်းမှုကို မပြုလင့်၊ ပြုအပ်ပြီးသော မကောင်းမှုသည် နောက်အခါ၌ သင့်ကိုသာလျှင် လောင်ရာ၏ ဟု ယခင်က ဆရာပုဏ္ဏားသည် ပြောဆိုဖူး၏၊ ထိုစကားသည် ဆရာ့ အဆုံးအမ စကားတည်း။ မိမိပြုသော အမှု၏ အကျိုးကို ရသည်ရှိသော် ထိုအကျိုးကို မိမိ၌ မြင်ရ၏၊ ဤမည်သော မျိုးစေ့ကို စိုက်ပျိုးသည်ရှိသော် ထိုမျိုးစေ့နှင့် တူသော အသီးကို ဆောင်သကဲ့သို့ ထိုအတူ ကုသိုလ်ကောင်းမှုကို ပြုသော သူသည် ကောင်းကျိုးကို ခံစားရ၏၊ မကောင်းမှု ပြုသူသည် မကောင်းကျိုးကို ခံစားရ၏။

ထိုယောက်ျားသည် ငိုကြွေးလျက် မြေသို့ ဝင်ရလေ၏။ အဝီစိငရဲကြီး၌ ဖြစ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ကြမ်းတမ်းချုန့်ရင်းသည် သနားခြင်းမရှိသည် မဟုတ်သေး။ ရှေး၌လည်း ကြမ်းတမ်းသည် သာလျှင်တည်း၊ ရုန့်ရင်းသည် သာလျှင်တည်း၊ သနားခြင်း မရှိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်း ယခုအခါ ဒေဝဒတ်သည် ထိုအခါ ရုန့်ရင်း ကြမ်းတမ်းသော ယောကျ်ား ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဒိသာပါမောက္ခ ဖြစ်သော ဆရာ ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ စူဠနန္ဒိယ ဖြစ်ဖူးပြီ။ ယခုအခါ မဟာပဇာပတိဂေါတမီသည် ထိုအခါ အမိ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မဟာနန္ဒိယ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်ကောင်းပြစ်မှား၊ ဒိဋ္ဌဓမ္မအကျိုးပေး)

နှစ်ရာနှစ်ဆယ့်နှစ်ခုမြောက်သော စူဠနန္ဒိယဇာတ်သည် ပြီး၏။

## ၂၂၃-ပုဋဘတ္တဇာတ်

### ချင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "နမေ နမန္တဿ ဘဇေ ဘဇန္တံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ ပုဋဘတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော သူကြွယ်သည် ဇနပုဒ်နေ ဖြစ်သော တစ်ယောက်သော သူကြွယ်နှင့်တကွ ကုန်ဖုံ့မြီးခြင်းကို ပြု၏။ ထိုသာဝတ္ထိမြို့နေ သူကြွယ်သည် မိမိ၏ မယားကို ခေါ်၍ ထိုမြီဆောင်သော သူ၏ အထံသို့ သွား၏။ ထံမြီကို ဆောင်သောသူသည် ပေးအံ့သောငှါ မတတ် နိုင်သေးဟူ၍ တစ်စုံတစ်ခုကို မပေး။ မြီရှင်သည် အမျက်ထွက်၍ ထမင်းကို မစားမူ၍ ထွက်၏၊ ထိုအခါ ခရီးအကြား၌ အလွန်ဆာမွတ်သော ကိုယ်ရှိသော ထိုယောကျ်ားကို မြင်ကုန်၍ ခရီးသွားကုန်သော ယောကျ်ားတို့သည် မယား အားလည်း ပေး၍ စားလောဟု ထမင်းထုပ်ကို ပေးကုန်၏။ ထိုယောကျ်ားသည် ထမင်းထုပ်ကို ယူ၏၊ ထိုမယားအား မပေးလိုသည်ဖြစ်၍ နှမ ဤအရပ်သည်ကား

ခိုးသူဘို့၏ တည်ရာ အရပ်တည်း။ သင်သည် ရွှေမှ သွားလော့ဟု လွှတ်လိုက်၍ အလုံးစုံသော ထမင်းကို စား၍ အချည်းနှီးသော ထမင်းထုပ်ကို ပြ၍ နွမ မကောင်းသော အချည်းနှီးသော ထမင်းကို သာလျှင် ပေးကြ၏ဟု ဆို၏။ ထိုမိန်းမသည် တစ်ယောက်တည်းသာလျှင် ဖြစ်သော ထိုယောကျ်ားသည် စားအပ်သည်၏ အဖြစ်ကို သိ၍ နှလုံးမသာယာခြင်းသို့ ရောက်သည် ဖြစ်၏။ ထိုနှစ်ယောက်ကုန်သော သမီးခင်ပွန်းတို့သည်လည်း ဇေတဝန်ကျောင်းတော်၏ နောက်အဖို့ဖြစ်သော ကျောင်းသို့ သွားကြလေကုန်သည် ရှိသော် ရေကို သောက်ကုန်အံ့ဟူ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ကုန်၏။

မြတ်စွာဘုရားလည်း ထိုသမီး ခင်ပွန်း နှစ်ယောက်တို့၏လျှင် လာခြင်းကို သိတော်မူလျက် သမင်ကို ဖမ်းလို၍ စောင့်နေသော မုဆိုးကဲ့သို့ ဂန္ဓကုဋိ အရိပ်၌ နေတော်မူ၏။ ထိုနှစ်ယောက်ကုန်သော သမီး ခင်ပွန်းတို့သည် မြတ်စွာဘုရားကို မြင်ကုန်လျှင် ကပ်ကုန်၍ ရှိခိုးကုန်လျက် နေကုန်၏။ မြတ်စွာဘုရားသည် ထိုဒါယကာ ဒါယိကာမတို့နှင့်တကွ စကားစေ့စပ်ခြင်းကို ပြု၍ ဒါယိကာမ သင်၏ လင်သည် သင်၏ အစီးအပွါးကို အလိုရှိသလော မရှိသလောဟု မေးတော်မူ၏။ အရှင်ဘုရား အကျွန်ုပ်သည် ထိုယောကျ်ားအား အလွန်ချစ်၏။ ဤယောကျ်ားသည်ကား အကျွန်ုပ်အား ချစ်ခြင်းမရှိ၊ တစ်ပါးသော နေ့တို့ကိုလည်း ထားဘိဦး။ ယနေ့ ဤယောကျ်ားသည် ခရီး အကြား၌ ထမင်းထုပ်ကို ရ၍ အကျွန်ုပ်အား မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟု လျှောက်၏။ ဒါယိကာမ သင်သည် အခါခပ်သိမ်းလည်း ထို ယောကျ်ား၏ အစီးအပွါးကို အလိုရှိ၏။ အလွန်ချစ်၏။ ဤယောကျ်ားသည်ကား သင့်အား ချစ်ခြင်း မရှိသည်တည်း။ အကြင်အခါ၌ကား ပညာရှိတို့ကို မှီ၍ သင်၏ ကျေးဇူးတို့ကို သိ၏။ ထိုအခါ၌ သင့်အား အလုံးစုံသော စည်းစိမ် ချမ်းသာ အစိုးရသည်၏ အဖြစ်ကို ဆောင်နှင်းဖူး၏ဟု မိန့်တော်မူ၍ ထိုဒါယိကာမသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ဒါယိကာမ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် အမတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမ တတ်သော အမတ်ဖြစ်၏။ ထိုအခါ၌ မင်းသည် ဤငါ၏ သားတော်သည် ငါ့အား ပြစ်မှားငြားအံ့လည်း မသိဟု သားကို ရွံရှာနိုး၍ နှင်ထုတ်လိုက်၏။ ထိုမင်းသားသည် မိမိ၏မယားကို ယူ၍ မြို့မှ ထွက်၏၊ တစ်ခုသောလယ်သုံ၍ အသက်မွေးကုန်သော သူတို့၏ ရွာ၌နေ၏။ ထိုမင်းသားသည် နောက်အဖို့၌

အဖသေသည်၏ အဖြစ်ကို သိ၍ အမျိုးတို့၏ ဥစ္စာဖြစ်သော မင်းအဖြစ်ကိုယူအံ့ဟူ၍ ဗာရာဏသီပြည်သို့ ပြန်၏။ ထိုအခါ ခရီးအကြား၌ မယားအားလည်း ပေး၍ စားလေလောဟု ဆို၍ ပေးအပ်သော ထမင်းထုပ်ကိုရ၍ ထိုမယားအား မပေးမူ၍ မိမိချည်းသာလျှင် စား၏။ ထိုမိန်းမသည် ဤယောကျ်ားသည် ကြမ်းတမ်းရုန့်ရင်းစွ တကားဟု နှလုံးမသာသော အဖြစ်သို့ ရောက်၏၊ ထိုမင်းသားသည် ဗာရာဏသီပြည်၌ မင်းအဖြစ်ကိုယူ၍ ထိုမယားကို မိဖုရားကြီးအရာ၌ထား၍ ထိုမိန်းမအား ဤမျှသည်ပင်လျှင် သင့်ပြီဟု တစ်ပါးသော လာဘသက္ကာရကို လည်းကောင်း မြတ်နိုးတနာကိုလည်းကောင်းမပြု။ အဘယ်သို့ မှုရသနည်း ဟူ၍မူလည်း မမေး။ ဘုရားလောင်းသည် ကြံ၏။ အဘယ်သို့ ကြံသနည်း ဟူမူကား ဤမိဖုရားသည် မင်းအား ကျေးဇူးများ၏။ အလွန်ချစ်၏၊ မင်းသည်တမူကား ထိုမိဖုရားကို အနည်းငယ်မျှလည်း မအောက်မေ့။ ငါသည် ထိုမိဖုရားအား လာဘ သက္ကာရကိုလည်းကောင်း မြတ်နိုးတနာကို လည်းကောင်း ပြုစေအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် ထိုမိဖုရားသို့ ကပ်၍ ခစားခြင်းကိုပြု၍ မိဖုရားသည် အမောင် အသို့နည်းဟု မေးသည်ရှိသော် စကားကို ဖြစ်စိမ့်သောငှါ ရှင်မိဖုရား အကျွန်ုပ်တို့သည် အရှင်တို့ကို ခစားပါကုန်၏။ သက်ကြီးမိဘတို့အား အဝတ်တည်ပုဆိုးကိုမျှ လည်းကောင်း ထမင်းဆုပ်ကိုမျှ လည်းကောင်း ပေးအံ့သောငှါ မသင့်လေသောဟု ဆို၏။

ဖခင် အကျွန်ုပ်သည် မိမိ၏အကျိုးငှါ တစ်စုံတစ်ခုကိုမျှ မရပါ၊ သင်တို့အား အဘယ်ကို ပေးရပါအံ့နည်း ရသောကာလ၌ ပေးအံ့သည် မဟုတ်တုံလော၊ ယခုတမူကား မင်းသည် ငါ့အား တစ်စုံတစ်ခုကိုမျှ မပေး၊ တစ်ပါးကို ပေးခြင်းကို ထားဘိဦး၊ မင်းအဖြစ်ကို ယူအံ့သောငှါ လာလတ်သည် ရှိသော် ခရီးအကြား၌ ထမင်းထုပ်ကိုရ၍ ထမင်းကိုမျှလည်း ငါ့အား မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟုဆို၏၊ အမိ အသို့နည်း၊ မင်း၏ အထံ၌ ဤသို့ဆိုအံ့သောငှါ စွမ်းနိုင်အံ့လောဟု ဆိုသည်ရှိသော် အမောင် စွမ်းနိုင်လတ္တံ့ဟု ဆို၏။ အမိ ထိုသို့တပြီးကား ယနေ့ပင်လျှင် ကျွန်ုပ်မင်း၏ အထံ၌ တည်စဉ်ကာလ၌ ကျွန်ုပ် မေးလတ်သည်ရှိသော် ဤသို့ ဆိုကုန်လော။ ယနေ့ပင်လျှင် သင်တို့၏ ကျေးဇူးကို သိစေအံ့ဟု ဆို၍ ဘုရားလောင်းသည် ရှေးဦးစွာသွား၍ မင်း၏ အထံ၌ နေ၏။ ထိုမိဖုရားသည် မင်း၏ အနီး၌ နေလာ၏။

ထိုအခါ၌ ထိုမိဖုရားကို ဘုရားလောင်းသည် အမိ အရှင်တို့သည် အလွန်လျှင် ရက်ရောကုန်၏။ အဘတို့အား အဝတ်ပိုင်းကိုမျှ လည်းကောင်း ထမင်းကိုမျှ လည်းကောင်း ပေးပါအံ့သောငှါ သင့်သည် မဟုတ်တုံလောဟု ဆို၏။ အမောင် အကျွန်ုပ်သည်ပင် မင်း၏အထံမှ တစ်စုံတစ်ခုကိုမျှမရပါ၊ သင်တို့အား အဘယ်ကို

ပေးရပါအံ့နည်းဟု ဆိုသည်ရှိသော် အရှင်သည် မိဖုရားမြတ်အရာကို ရသည် မဟုတ်တုံလောဟု ဆို၏။ အမောင် တစ်စုံတစ်ခုသော ပူဇော်သက္ကာရကို ရခြင်းသည် မရှိသော် မိဖုရားမြတ် အရာသည် အဘယ်ပြုလတ္တံ့နည်းဟု ဆို၍ ယခုအခါ၌ သင်တို့၏ မင်းသည် ငါ့အား အဘယ်ကို ပေးလတ္တံ့နည်း၊ ထို မင်းသည် ခရီးအကြား၌ ထမင်းထုပ်ကိုရ၍ ထိုထမင်းထုပ်မှ တစ်စုံတစ်ခုကိုမျှ မပေးမူ၍ မိမိချည်းသာလျှင် စား၏ဟု ဆိုသည်ရှိသော် ဘုရားလောင်းသည် မင်းမြတ် ကြားရသည်ကား ဤသို့ ကြားတိုင်းပင် ဟုတ်သလောဟု မေး၏။ မင်းသည်လည်း သည်းခံ၏။ ဘုရားလောင်းသည် ထိုမင်း၏ သည်းခံခြင်းကိုသိ၍ အမိ ထိုသို့တပြီးကား မင်းသည် မချစ် မလေးမြတ်သော ကာလမှစ၍ အရှင် တို့အား ဤအရပ်၌နေသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ လောကငွ် မချစ်သော သူတို့နှင့် ပေါင်းဖော်ရခြင်းသည်လည်း ဆင်းရဲ၏၊ သင်တို့သည် ဤအရပ်၌ နေသည်ရှိသော် မင်းအားလည်း မချစ်သော သူနှင့် ပေါင်းဖော်ရခြင်းသည် ဖြစ်၏။ ဆင်းရဲခြင်းသည် ဖြစ်လတ္တံ့၊ ဤသတ္တဝါတို့ မည်သည်ကား ငါ်မိကို မပေါင်းဖော်သည်၏ အဖြစ်ကိုသိကုန်၍ တစ်ပါးသောအရပ်သို့ သွားအပ်ကုန်၏။ လူတို့နေရာသည် ကျယ်၏ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၄၅။ နမေ နမန္တဿ ဘဇေ ဘဇန္တံ၊
ကိစ္စာနုကုဗ္ဗဿ ကရေယျ ကိစ္စံ၊
နာနတ္ထကာမဿ ကရေယျ အတ္ထံ၊
အသံဘဇန္တံ ပိ န သံဘဇေယျ။

၁၄၆။ စဇေ စဇန္တံ ဝနထံ န ကရိယာ၊
အပေတစိတ္တေန န သမ္ဘဇေယျ။
ဒိဇော ဒုမံ ခီဏ ဖလန္တိ ဉတွာ။
အညံ သမေက္ခေယျ မဟာ ဟိ လောကော။

မိမိသို့ ညွတ်သောသူအားသာလျှင် ပြန်လည်ညွတ်ရာ၏၊ မိမိသို့ ဆည်းကပ်သောသူကိုသာလျှင် ဆည်းကပ်ရာ၏၊ မိမိအမှုကိစ္စကို ဆောင်ရွက်သော သူ၏သာလျှင် အမှုကိစ္စကို ဆောင်ရွက်ပေးရာ၏၊ အကျိုးစီးပွားကို အလိုမရှိသော သူ၏ အမှုကိစ္စကို မဆောင်ရွက်ရာ၊ အတူတကွ မဆည်းကပ်သော သူကိုလည်း အတူတကွမဆည်းကပ်ရာ။

မိမိကိုစွန့်သောသူကို စွန့်ရာ၏၊ မိမိကို စွန့်ပစ်သောသူအပေါ်၌ စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခြင်းကင်းသောစိတ် ရှိသူနှင့် မပေါင်းဖော်ရာ၊ ငှက်သည် သစ်ပင်၌ အသီးကုန်သောအခါ အခြားသစ်ပင်ကို ရှာသကဲ့သို့ ထို့အတူ တစ်ပါးသော အရပ်ကို ရှာရာ၏၊ မှန်၏၊ လူတို့နေရာအရပ်သည် အကျယ်ကြီး ရှိပေ၏။

သင်တို့သည် အလှန်ချက်သော တစ်ယောက်သောယောက်ျားကို ရကန် လတ္တံ့ဟုဆိုသည်ရှိသော် ထိုစကားကို ကြား၍ ဗာရာဏသီမင်းသည် အလုံးစုံသော စည်းစိမ်ကို ပေး၏။ ထိုအခါမှစ၍ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နေကြကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဤလင်မယားနှစ်ယောက် တို့သည် ထိုအခါ လင်မယားနှစ်ယောက် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရား သည်သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာနှစ်ဆယ့်သုံးခုမြောက်သော ပုဋဘတ္တဇာတ်သည် ပြီး၏။

---

## ၂၂၄-ကုမ္ဘိလဇာတ်

### မျောက်နှင့်မိကျောင်း

### ရန်အောင်ကြောင်းတရား ၄-ပါး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် 'ယဿေ တေ စတုရော ဓမ္မာ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကုမ္ဘိလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

၁၄၇။ ယဿေ တေ စတုရော ဓမ္မာ၊ ဝါနရိန္ဒ ယထာ တဝ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ။

၁၄၈။ ယဿ စေတေ န ဝိဇ္ဇန္တိ၊ ဂုဏာ ပရမ ဘဒ္ဒကာ။
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော နာတိဝတ္တတိ။

အိုမျောက်မင်း သင်မျောက်မင်းအား အမှန်ကိုဆိုခြင်း ဝစီသစ္စာ, ပညာ, အားထုတ်ခြင်း လုံ့လ, စွန့်ကြဲခြင်း ဟူသော ဤတရားလေးပါးရှိသလို ရှိကြကုန်သော အကြင်သို့သော သဘောရှိသော ပုဂ္ဂိုလ်အား သင်သည် ငါ့ကို လွန်မြောက်နိုင်သကဲ့သို့ ထိုတရားလေးပါးရှိသောကြောင့် ရန်သူကို လွန်မြောက်နိုင်၏။

အလွန်ကောင်းသော မိကျောင်းမင်း အမှန်ကိုဆိုခြင်း ဝစီသစ္စာ၊ ပညာ၊ အားထုတ်ခြင်းလုံ့လ၊ စွန့်ကြဲခြင်းဟူသော ဤတရားလေးပါးတို့မရှိကြသော သူသည် ရန်သူကို မလွန်မြောက်နိုင်။ ဤကုမ္ဘိလဇာတ်၌ ဇာတ်ပေါင်းနှင့်တကွ ကြွင်းသော အလုံးစုံသော စကားကို အောက်ဖြစ်သော ကုမ္ဘိလဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်သာ သိအပ်၏။

[ကုမ္ဘိလသဒ္ဒါနှင့် သုသုမာရသဒ္ဒါ မိကျောင်းဟောချည်း ဖြစ်၍ ကုမ္ဘိလဇာတ်ဟူသည် သုသုမာရဇာတ်ကို ဆိုသည်။]

(စကားမှန်စွာ၊ ပညာ, ဝီရိယ၊ စွန့်စာဂ၊ လေးဝ ရန်အောင်ကြောင်း)

နှစ်ရာနှစ်ဆယ့်လေးခုမြောက်သော ကုမ္ဘိလဇာတ်သည် ပြီး၏။

---

## ၂၂၅-ခန္တိဝဏ္ဏဇာတ်

### နာတာကို သာတာနှင့်ဖြေ

### အိမ်ရာမှား အမတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "အတ္ထိ မေ ပုရိသော ဒေဝ" အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤခန္တိဝဏ္ဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကောသလမင်း၏ နန်းတွင်း၌ တစ်ယောက်သော ကျေးဇူးများသော အမတ်သည် နန်းတွင်းသူ၌ မှားယွင်း၏။ မင်းသည် ဤသူသည် ငါ့အား ကျေးဇူးများ၏ဟု သိ၍လည်း သည်းခံ၍ မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားသည် မင်းမြတ် ရှေးမင်းတို့သည်လည်း ဤကဲ့သို့ သည်းခံသည် လျှင်တည်းဟု မိန့်တော်မူ၍ ထိုကောသလမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတီတ်ဝတ္ထု

မင်းမြတ် လွန်လေပြီးသောအခါ ကုရုတိုင်း၌ ကုရုမည်သော မင်းသည် မင်းပြုလတ်သည်ရှိသော် ထိုကုရုမင်း၏ နန်းတော်တွင်း၌ တစ်ယောက်သော အမတ်သည် အိမ်ရာပြစ်မှားပြီ။ အမတ်ကိုလည်း ခစားသောသူသည် ထိုအခါ၌ ထိုအမတ်၏အိမ်ရာကို ပြစ်မှား၏။ ထိုအမတ်သည် ထိုယောကျ်ား၏အပြစ်ကို သည်းခံအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုယောကျ်ားကိုယူ၍ မင်း၏အထံသို့ သွား၍ မင်းမြတ် အကျွန်ုပ်၏ အလုပ်အကျွေးဖြစ်သော အလုံးစုံသော ကိစ္စကို ဆောင်ရွက်သော ဤယောကျ်ားသည် အိမ်ရာပြစ်မှား၏၊ ထိုယောကျ်ားအား အသို့ပြုအံ့သောငှါ သင့်သနည်းဟု မေးလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏—

၁၄၉။ အတ္ထိမေ ပုရိသော ဒေဝ၊ သဗ္ဗကိစ္စေသု ဗျာဝဋော။
တဿ စေကော ပရာဓတ္ထိ၊ တတ္ထ တွံ ကိန္တိ မညသိ။

မင်းမြတ် အကျွန်ုပ်အား ကိစ္စအားလုံးတို့၌ လုံ့လပြုတတ်သော ထိုယောကျ်ားသည် အိမ်ရာပြစ်မှားသော အပြစ်တစ်ခုသည် ရှိ၏။ ထိုအိမ်ရာပြစ်မှားသော အပြစ်ကြောင့် အသို့ပြုအပ်၏ဟူ၍ အရှင်မင်းမြတ်သည် အောက်မေ့တော်မူ သနည်း။

ထိုစကားကို ကြား၍ မင်းသည် ဤဂါထာကို ဆို၏—

၁၅၀။ အမှာကမ္ပ၊ ပတ္ထိ ပုရိသော၊ ဒေိသော ဣဓ ဝိဇ္ဇတိ။
ဒုလ္လဘော အင်္ဂသမ္ပန္နော၊ ခန္တိ ရုစ္စာက ရုစ္စတိ။

အို အမတ် ငါတို့အားလည်း ဤသို့သဘောရှိသော အိမ်ရာပြစ်မှားတတ်သော ယောကျ်ားသည် ရှိ၏။ ဤသို့ သဘောရှိသော ယောကျ်ားသည် ဤအရပ်၌ ပင်လျှင် ရှိ၏၊ ကျေးဇူးအင်္ဂါနှင့် ပြည့်စုံသော ယောကျ်ားကို ရခဲသောကြောင့် သည်းခံခြင်းကိုသာ ငါတို့သည် နှစ်သက်၏။

ထိုအမတ်သည် မိမိကိုယ်ကိုရည်၍ မင်းဆိုသည်ဖြစ်ကို သိ၍ ထိုအခါမှစ၍ နန်းတွင်း၌ ပြစ်မှားအံ့သောငှါ မဝံ့။ ထိုအမတ်ကို ခစားသော ယောကျ်ားသည်လည်း မင်းအား ကြားသည်၏ အဖြစ်ကို သိ၍ ထိုအခါမှစ၍ ထိုအမှုကို ပြုအံ့သောငှါ မဝံ့။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ် ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကုရုတိုင်း၌ မင်းဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။ ထိုအမတ်သည် ကောသလမင်းသည် မြတ်စွာဘုရားအား လျှောက်သည်၏ အဖြစ်ကို သိ၍ ထိုအခါမှစ၍ ထိုအမှုကို ပြုအံ့သောငှါ မဝံ့။

နှင်ရာနှစ်ဆယ့်ငါးခုမြောက်သော ခန္တိဝဏ္ဏဇာတ်သည် ပြီး၏။

---

### ၂၂၆-ကောသိယဇာတ်

### အချိန်အခါမဟုတ်ဘဲ ထွက်လျှင် ဘေးသင့်တတ်၏

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကာလေ နိက္ခမနာ သာဓု အစရှိသောဂါထာပုဒ်ဖြင့် ကန်ဆာဆင်အပ်သော ဤကောသိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ကောသလမင်းသည် ပစ္စန္တရစ်ကို ငြိမ်းစိမ့်သောငှါ အခါမဟုတ်သည်၌ ထွက်၏၊ ဝတ္ထုသည် အောက်၌ဆို အပ်ပြီးသောနည်းရှိသလျှင်ကတည်း။ မြတ်စွာဘုရားသည်ကား လွန်လေပြီးသော အကြောင်းကို ဆောင်တော်မူ၍ ဟောတော်မူ၏။

### အတိတ်ဝတ္ထု

မင်းမြတ် လွန်လေပြီးသောအခါ ဗာရာဏသီမင်းသည် အခါမဟုတ်သည်၌ ထွက်၍ ဥယျာဉ်ဝယ် သစ်ခက်တပ်၌နေ၏။ ထိုကာလ၌တစ်ခုသော ခင်ပုပ်ငှက်သည် ဝါးရုံချုံသို့ဝင်၍ ပုန်းအောင်း၏။ ကျီးအပေါင်းတို့သည် လာလတ်ကုန်၍ ထွက်လာသော ခင်ပုပ်ငှက်ကို ဖမ်းကုန်အံ့ဟူ၍ ခြံရံကုန်၏။ ထိုခင်ပုပ်ငှက်သည် နေဝင်ခြင်းကိုမကြည့်မူ၍ အခါမဲ့၌သာလျှင် ထွက်၍ပြေးအံ့သောငှါ အားထုတ်၏။ ထိုအခါ၌ ထိုခင်ပုပ်ငှက်ကို ကျီးတို့သည် ခြံရံကုန်၍ နှုတ်သီးတို့ဖြင့် ထိုးကုန်၍ ကျစေကုန်၏။ မင်းသည် ဘုရားလောင်းကိုခေါ်၍ ပညာရှိ- ကျီးတို့သည် ခင်ပုပ်ကို အဘယ်ကြောင့်လျှင် ကျစေဘိသနည်းဟု မေး၏။ ဘုရားလောင်းသည် မင်းမြတ် အခါမဟုတ်သည်၌ မိမိ၏နေရာအရပ်မှ ထွက်ကုန်သော သူတို့သည် ဤသဘောရှိသော ဆင်းရဲကို ခံရကုန်မြဲ သာလျှင်တည်း၊ ထိုကြောင့် အခါမဟုတ်သည်၌ မိမိ၏အရပ်မှ ထွက်အံ့သောငှါ မသင့်ဟု ပြလိုရကား ဤဂါထာတို့ကို ဆို၏ —

၁၅၁။ ကာလေ နိက္ခမနာ သာဓု၊ နာကာလေ သာဓု နိက္ခမော။
အကာလေန ဟိ နိက္ခမ္မ၊ ဧကကမ္ပိ ဗဟုဇ္ဇနော။
န ကိဉ္စိ အတ္ထံ ဇောတေတိ၊ ဓင်္ကသေနာဝ ကောသိယံ။

၁၅၂။ ဓီရော စ ဝိဓိဝိဓာနညူ၊ ပရေသံ ဝိဝရာနုဂူ။
သဗ္ဗာမိတ္တေ ဝသီကတွာ၊ ကောသိယောဝ သုခီသိယာ။

မင်းမြတ်၊ အချိန်ကျမှ ထွက်ခြင်း လုံ့လပြုခြင်းသည် ကောင်း၏၊ အချိန် အခါမဟုတ်ဘဲ ထွက်ခြင်းလုံ့လပြုခြင်းသည် မကောင်း၊ တစ်စုံ တစ်ယောက် သော ယောကျ်ားသည် အချိန်မဟုတ်ဘဲ ထွက်၍ တစ်စုံတစ်ခုသော အကျိုး စီးပွားကို မထွန်းပစေနိုင်၊စင်စစ်သော်ကား တစ်ယောက်ထည်းသော်သူကိုလည်း များစွာသောရန်သူသည် အချိန်အခါမဟုတ်၌ ထွက်လတ်သည်ရှိသော် ငြိရ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်စေတတ်၏၊ အဘယ်ကဲ့သို့နည်းဟူမူ ကျီး အပေါင်းတို့သည် ခင်ပုပ်ကို နှုတ်သီးတို့ဖြင့် ထိုးကုန်သကဲ့သို့တည်း၊ မင်းမြတ် အချိန်အခါ၌သာထွက်သော ခင်ပုပ်လိမ္မာသည် ချမ်းသာခြင်းရှိသကဲ့သို့ ထိုအတူ ရှေးပညာရှိတို့သည် ထားအပ်သောထုံး ပဝေဏီ အစီအရင်ကို သိသော သူတစ် ပါးတို့၏ လင်ဟင်းခြင်းကို သိသော ပညာရှိသည် ရန်သူအားလုံးကို မိမိအလိုသို့ လိုက်စေလျက် ချမ်းသာခြင်းနှင့် ပြည့်စုံရာ၏။

မင်းသည် ဘုရားလောင်း၏စကားကို ကြား၍ ပြန်၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ မင်းမြတ်၊ ယခု အခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသောအမတ် ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အခါမဟုတ်၊ စွမ်းအားထုတ်၊ ခင်ပုပ်ငှက်နှယ်ပ)

နှစ်ရာနှစ်ဆယ့်ခြောက်ခုမြောက်သော ကောသိယဇာတ်သည် ပြီး၏။

---

## ၂၂၇-ဂူထပါဏဇာတ်

### အိုး၌တော့ စလောင်း၌နဲ့ဖုံး

### ချေးပိုးနှင့် ဆင်ပြောင်

**ပစ္စုပ္ပန်ဝတ္ထု**

နဟ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် သူ့ရော သူ့ရေန သင်္ကမ္မ အစ ရှိသော ဂါထာပုဒ်ဖြင့် ဟန်ဆာဆင်အပ်

သော ဂူထပါဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ ဇေတဝန်ကျောင်းတော်မှ သုံးဂါဝုတ် ယူဇနာခန့်ရှိသော အရပ်၌ တစ်ခုသော နိဂုံးရွာသည် ရှိ၏။ ထိုနိဂုံးရွာ၌ များစွာကုန်သော စာရေးတံဆွမ်း လဆန်းပက္ခ လဆုတ်ပက္ခ လျှံအင်ကုန်သော ဆွမ်းတို့သည် ရှိကုန်၏။ ထိုရွာ၌ တစ်ယောက်သော ပြဿနာကို မေးတတ်သော ငတုံးသည် နေ၏။ ထိုငတုံးသည် သလာကဘတ် ပက္ခိကဘတ်တို့၏ အကျိုးငှါ သွားကုန်သော ပဥ္စင်းငယ်တို့ကိုလည်းကောင်း၊ သာမဏေတို့ကို လည်းကောင်း၊ အချို့ကုန်သော ပဥ္စင်းသာမဏေတို့ကို ခဲကုန်စဉ် အချို့ကုန်သော ပဥ္စင်းသာမဏေတို့ကို သောက်ကုန်စဉ် အချို့ကုန်သော ပဥ္စင်းသာမဏေတို့ကို စားကုန်စဉ် ပြဿနာကိုမေး၍ ဖြေအံ့သောငှါ မစွမ်းနိုင်ကုန်သည်ရှိသော် ရှက်စေ၏။ ထိုပဥ္စင်းသာမဏေတို့သည် ငတုံးမှ ကြောက်ခြင်းကြောင့် သလာကဘတ် ပက္ခိကဘတ်တို့၏ အကျိုးငှါ ထိုရွာသို့ မသွားကြကုန်။ ထိုအခါ တစ်နေ့သ၌ တင်ပါးသောရဟန်းတို့သည် စာရေးတံ ချရာသို့သွား၍ အရှင်ဘုရားတို့ ဤအမည်ရှိသော ရွာ၌ သလာကဘတ်သည်လည်းကောင်း၊ ပက္ခိကဘတ်သည်လည်းကောင်း ရှိသလောဟု မေး၍ ငါ့ရှင် ရှိ၏၊ ထိုသို့ရှိသော်လည်း ထိုရွာ၌ တစ်ယောက်သော ငတုံးသည် ပြဿနာကို မေးသတတ်၊ ဖြေအံ့သောငှါ မတတ်နိုင်ကုန်သော ရဟန်းသာမဏေတို့ကို ဆဲရေး၏။ ငတုံးမှ ကြောက်သောကြောင့် တစ်စုံတစ်ယောက်သော ရဟန်းသာမဏေတို့သည် သွားအံ့သောငှါ မဝံ့ဟုဆိုသည်ရှိသော် အရှင်ဘုရားတို့ ထိုရွာ၌ ဆွမ်းဘိုကို ငါ့သို့ ရောက်စေကုန်လော့၊ ငါသည် ထိုငတုံးကို ဆုံးမ၍ မာနမရှိသည်ကိုပြု၍ ထိုအခါမှစ၍ သင်တို့ကိုမြင်၍ ပြေးအောင်ပြုခဲ့အံ့ဟုဆို၏။

ရဟန်းတို့သည် ကောင်းပြီဟုဝန်ခံ၍ ထိုရဟန်းသို့ ထိုရွာ၌ ဆွမ်းတို့ကို ရောက်စေကုန်၏။ ထိုရဟန်းသည် ထိုရွာသို့သွား၍ ရွာတံခါး၌ သင်္ကန်းကိုရုံ၏။ ထိုရဟန်းကို မြင်၍ ငတုံးသည် ကြမ်းသောဆိတ်ကဲ့သို့ လျင်မြန်စွာ ကပ်လာသည့်၍ ရဟန်း ငါ၏ပြဿနာကို ဖြေလော့ဟုဆို၏။ ဒါယကာ ရွာ၌ဆွမ်းခံ၍ ယာဂုကို ယူ၍ ဆွမ်းစားဇရပ်သို့ အကြင်မျှလောက် လာခြင်းသည် ရှိ၏။ ထိုမျှလောက်သော အခွင့်ကို ပေးဦးလော့ဟု ဆို၏။ ထိုငတုံးသည် ထိုရဟန်းသည် ယာဂုကို ယူ၍ ဆွမ်းစားဇရပ်သို့ လာသော်လည်း ထိုအတူသာလျှင် ဆို၏။ ထိုရဟန်းသည်လည်း ထိုငတုံးကို ငါ့အား ယာဂုကို သောက်စိမ့်သောငှါ အခွင့်ကိုပေးဦးလော့၊ ဆွမ်းစားဇရပ်ကို တံမြက်လှည်းအံ့သောငှါ အခွင့်ပေးဦးလော့၊ စာရေးတံဆွမ်းကို ဆောင်အံ့သောငှါ ငါ့အား အခွင့် ပေးဦးလော့ဟုဆို၍ စာရေးတံဆွမ်းကို ဆောင်ခဲ့၍ ထိုငတုံးကိုပင်လျှင် သပိတ်ကိုကိုင်စေ၍လာလော့၊ ပြဿနာကို မေးလတ်သော် လျော်ကပ်သောအခါကို သိသည် ဖြစ်၍ ဖြေအံ့ဟု

ရွာတံခါးအပသို့ဆောင်၍ သက်နင်းကိုခေါက်၍ ပခုံး၌တင်၍ ထိုငတုံး၏လက်မှ သပိတ်ကိုယူ၍ ရပ်၏။ ထိုအရပ်၌လည်း ထိုရဟန်းကို ထိုငတုံးသည် ငါ၏ ပြဿနာကို ဖြေလော့ဟုဆို၏။

ထိုအခါ၌ ထိုငတုံးကို ထိုရဟန်းသည် သင်၏ ပြဿနာကို ဖြေအံ့ဟုဆို၍ တစ်ချက်တည်းဖြင့်သာလျှင် လဲစေ၍ အရိုးတို့ကို ကြေစေဘိသကဲ့သို့ သတ်၍ ခံတွင်း၌ မစင်ကိုထည့်၍ ယခုအခါ၌ ဤနေ့မှစ၍ ဤရွာသို့ လာသော ရဟန်းကို တစ်စုံတစ်ခုသော ပြဿနာကို မေးသောကာလ၌ သိစေအံ့ဟု ခြိမ်းခြောက်၍ သွား၏။ ထိုငတုံးသည် ထိုအခါမှစ၍ ရဟန်းတို့ကို မြင်လျှင် ပြေး၏။ နောက်အဖို့၌ ထိုရဟန်း၏ ထိုအမှုအရာသည် ရဟန်းသံဃာ၌ ထင်ရှားသည်ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းသည် ငတုံး၏ခံတွင်း၌ မစင်ကိုထည့်၍ သွားသတတ်ဟု စကားကို ဖြစ်စေ၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့၊ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးပါကုန်သနည်းဟု မေးတော်မူလတ်သော် ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းသည် ယခုအခါ၌သာလျှင် ထိုငတုံးကို မစင်ကိုစားစေသည် မဟုတ်သေး၊ ရှေး၌လည်း စားစေဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့၊ လွန်လေပြီးသောအခါ အင်္ဂတိုင်းမဂဓတိုင်း၌ နေကုန်သော သူတို့သည် တစ်ဦးသည် တစ်ဦး၏ တိုင်းသို့ သွားကုန်လတ်သော် တစ်နေ့သ၌ ထိုတိုင်းနှစ်တိုင်း၏ သိမန္တရိက်၌ တစ်ခုသောအိုင်ကိုမှီကုန်၍ သုရာကိုသောက်ကုန်၍ငါးအမဲကိုစားကုန်၍ စောစောကလျှင်လှည်းတို့ကိုကကုန်၍ သွားကုန်၏၊ ထိုသူတို့သည် သွားသောကာလ၌ တစ်ခုသော မစင်စားသော ပိုးသည် မစင်နံ့ နံသောကြောင့် လာလတ်၍ ထိုသူတို့၏ သောက်ရာအရပ်၌ စွန့်အပ်သော သုရာကိုမြင်၍ ချင်ခြင်းကြောင့် သောက်၍ ယစ်သည်ဖြစ်၍ မစင်ပုံသို့တက်၏၊ ထိုပိုးသည် တက်လတ်သော် မစင်စိုသည် အတန်ငယ် ညွတ်၏။ ထိုမစင်ပိုးသည် ငါ့ကို ခံအံ့သော ငှါ မစွမ်းနိုင်ဟုကြုံးဝါး၏။ ထိုခဏ၌သာလျှင် အမုန်ယစ်သော ဆင်ပြောင်တစ်စီးသည် ထိုအရပ်သို့ လာလတ်၍ မစင်နံ့ နံခြင်းကြောင့် စက်ဆုပ် ရွံရှာ၍ ဖဲ၏။ ထိုမစင်ပိုးသည် ထိုဆင်

---

သိမန္တရိက် သီမ အန္တရိက၊သီမ=အပိုင်းအခြား၊ အန္တရိက=အကြားဖြစ်သောအရပ်၊ တိုင်းနှစ်ခုတို့၏ အကြားဖြစ်သော အရပ်ကို သိမန္တရိက်ဟု ခေါ်၏။

ပြောင်ကြီးကို မြင်၍ ဤဆင်ပြောင်ကြီးသည် ငါ့မှကြောက်သောကြောင့် ပြေး၏ဟု အမှတ်ရှိသည်ဖြစ်၍ ဤဆင်ပြောင်ကြီးနှင့်ဝ ကွ စစ်ထိုးခြင်းကုံပြုအံ့ သောငှါ သင့်၏ဟု နှလုံးသွင်း၍ ခေါ်လိုရကား ဤဂါထာကိုဆို၏—

အရက်တန်ခိုး

၁၅၃။ သူရော သူရေန သင်္ဂမ္မ၊ ဝိက္ကန္တေန ပဟာရိနာ။
ဧဟိ နာဂ နိဝတ္တဿု၊ ကိံ နု ဘီတော ပလာယသိ။
ပဿန္တု အင်္ဂမဂဓာ၊ မမ တုယှဉ္စ ဝိက္ကမံ။

အိုဆင်ပြောင် ရဲရင့်သောသင်သည် လုံ့လကြီးသော စစ်ထိုးခြင်းငှါ စွမ်းနိုင်သော ရဲရင့်သော ငါနှင့်အတူ ရင်ဆိုင်မိကြလျက် အဘယ့်ကြောင့် စစ်မထိုးဘဲ သွားလေသနည်း၊တစ်ကြိမ်မျှ ပေါက်သော စစ်ထိုးခြင်းကို ပြုသင့်သည် မဟုတ်သော၊ ဆင်ပြောင်လာပါဦး ပြန်ခဲ့ပါဦး ကြောက်၍ ပြေးသလော ငါနှင့် သင်၏ လုံ့လကို အင်္ဂတိုင်းသား မဂဓတိုင်းသားတို့ မြင်အောင်ပြုကြကုန်စို့။

ထိုဆင်သည် နားထောင်၍ ထိုမစင်ပိုး၏ စကားကိုကြား၍ ထိုမစင်ပိုး၏ အထံသို့သွား၍ ထိုမစင်ပိုးကို ကြိမ်းမောင်းလိုရကား ဤဂါထာကိုဆို၏—

၁၅၄။ န တံ ပါဒါ ဝဓိဿာမိ၊ န ဒန္တေဟိ န သောဏ္ဍိယာ။
မီဠ္ဟေန တံ ဝဓိဿာမိ၊ ပူတိ ဟညတု ပူတိနာ။

မစင်ပိုး သင့်ကို ခြေတို့ဖြင့် ငါမသတ်အံ့၊ အစွယ်တို့ဖြင့်လည်း ငါမသတ်အံ့၊ နှာမောင်းဖြင့် ငါမသတ်အံ့၊ မစင်ဖြင့်သာလျှင် သင့်ကို သတ်လိုက်အံ့၊ မစင်ပိုးသည် မစင်ဖြင့် သေစေသတည်း။

ဤသို့ ဆို၍ ထိုမစင်ပိုး၏ ထိပ်ထက်၌ ကြီးစွာသော မစင်တုံးကို ချလိုက်၍ ကျင်ငယ်ကိုစွန့်လိုက်၍ ထိုအရပ်၌လျှင် ထိုမစင်ပိုးကို အသက် ကုန်ခြင်းသို့ ရောက်စေ၍ ကြိုးကြာသံနှင့် တူသော ဆင်သံကို ဟီလျက် တောသို့ ဝင်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ တုံးသည် ထိုအခါ မစင်ပိုးဖြစ်ဖူးပြီ။ ယခုအခါ ထိုရဟန်းသည် ထိုအခါ ဆင်ပြောင်ကြီး ဖြစ်ဖူးပြီ။ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ထိုအကြောင်းကို မျက်မှောက်ပြုခဲ့ရသော ထိုတောအုပ်၌ နေသော နတ်ဖြစ်ဖူးပြီ ဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အံမတုသင့်၊ ဖက်ပြိုင်လင့်၊ ဘေးနှင့် လက်ငင်းတွေ့ )

နှစ်ရာနှစ်ဆယ့်ခုနစ်ခုမြောက်သော ဂူထပါဏဇာတ်သည် ပြီး၏။

## ၂၂၈-ကာမနီတဇာတ်

### ကာမရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် တယောဂိရိ အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော ဤကာမနီတ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကာမနီတ အမည်ရှိသောပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

#### ပစ္စုပ္ပန်ဝတ္ထု

အတိတ်ဝတ္ထုသည် ဒွါဒသ နိပါတ် ကာမဇာတ်၌ ထင်စွာဖြစ်လတ္တံ့၊ အထူးကား နှစ်ယောက် ကုန်သော ထိုမင်းသားတို့တွင် မင်းသားကြီးသည် လာလတ်၍ ဗာရာဏသီပြည်၌ မင်းဖြစ်၏။ မင်းသားငယ်သည် အိမ်ရှေ့မင်းဖြစ်၏။ ထိုနှစ်ယောက်ကုန်သော မင်း အိမ်ရှေ့မင်းတို့တွင် မင်းသည် ဝတ္ထုကာမ ကိလေသာကာမတို့၌ မရောင့်ရဲ၊ ဥစ္စာ၌ လောဘ ရှိသည်ဖြစ်၏။ ထိုအခါ ဘုရားလောင်းသည် သိကြားနတ်မင်းဖြစ်၍ ဇမ္ဗူဒိပ်သို့ ကြည့်လတ်သည် ရှိသော် ထိုမင်း၏ နှစ်ပါးကုန်သော ဝတ္ထုကာမ ကိလေသာကာမတို့၌လည်း မရောင့်ရဲသည်၏ အဖြစ်ကိုသိလျှင် မင်းကိုနှိပ်၍ ရှက်စေအံ့ဟု ပုဏ္ဏားလုလင်၏ အသွင်ဖြင့် လာလတ်၍ မင်းကို ဖူးမြင်၏။ မင်းသည်လည်း လုလင် အဘယ်ကိစ္စကြောင့် လာသနည်းဟု မေးလတ်သည်ရှိသော် မင်းမြတ် အကျွန်ုပ်သည် ဘေးကင်းကုန်သော ဝပြောကုန်သော များစွာသော ဆင် မြင်း ရထား ခြေသည် ဥစ္စာ ရွှေငွေ တန်ဆာတို့ဖြင့် ပြည့်ကုန်သော သုံးပြည်ထောင်တို့ကို မြင်ခဲ့၏။ ထိုသုံးပြည်ထောင်တို့ကိုကား အနည်းငယ်မျှသာလျှင် ဖြစ်သော စစ်သည် ဗိုလ်ပါဖြင့် ယူအံ့သောငှါ တတ်ကောင်း၏။ အကျွန်ုပ်တို့သည် အရှင်မင်းမြတ်အား ထိုသုံးပြည်ထောင်တို့ကို ယူ၍ပေးအံ့သောငှါ လာခဲ့၏ဟု ဆို၏။ လုလင် အဘယ်အခါ၌ သွားအံ့နည်းဟု ဆိုသည်ရှိသော် မင်းမြတ်– နက်ဖြန်သွားအံ့ဟု ဆို၏။ ထိုသို့ ဖြစ်လျှင် သွားလေဦးလော့။ စောစောကလျှင် ပြန်လာလှည့်ဦးလော့ဟု ဆိုသည်ရှိသော် မင်းမြတ် ကောင်းပြီဟု ဝန်ခံ၍ လျင်မြန်စွာ ဗိုလ်ပါကို စီရင်ခန့်ထားလော့ဟု ဆို၍ မိမိနေရာ တာဝတိံသာသို့သာလျှင် သွား၏။

မင်းသည် နက်ဖြန်နေ့၌ စည်ကို လည်စေ၍ ဗိုလ်ပါစီရင်ခြင်းကို ပြုစေ၍ အမတ်ကို ခေါ်စေ၍ ယမန်နေ့က တစ်ယောက်သော ပုဏ္ဏားလုလင်သည် ဥတ္တရပဉ္စာလမြို့၌ လည်းကောင်း၊ ဣန္ဒပတ္တမြို့၌ လည်းကောင်း၊ ကေကကမြို့၌ လည်းကောင်း ဤသုံးမြို့တို့၌ မင်းအဖြစ်ကိုယူ၍ ပေးအံ့ဟုဆို၍ ထိုလုလင်ကို ဆောင်ယူ၍ သုံးပြည်ထောင်တို့၌ မင်းအဖြစ်ကို ယူကုန်အံ့။ လျင်မြန်စွာ ထိုလုလင်ကို ခေါ်ကြကုန်လော့ဟု ဆိုသည်ရှိသော် မင်းမြတ် ထိုလုလင်အား နေရာကို အဘယ်အရပ်၌ ပေးစေအပ်သနည်းဟု ဆိုကုန်၏။ ထိုလုလင်အား

နေရာအိမ်ကို မပေးစေအပ်ဟု ဆိုသည်ရှိသော် အဝတ်ရိက္ခာကိုကား ပေးအပ်၏ လောဟု ဆိုကြကုန်၏။ ထိုအဝတ် ရိက္ခာကိုလည်း မပေးအပ်ဟု ဆိုသည်ရှိသော် ထိုသို့မပေးအပ်သည် ရှိသော်ထိုလုလင်ကို အဘယ်မှာ မြင်ရကုန်အံ့နည်းဟု ဆိုကြကုန်၏။ မြို့လမ်းတို့၌ ကြည့်ကြကုန်လော့ဟု ဆိုသည်ရှိသော် ကြည့်၍ မမြင်ကုန်၊ မင်းမြတ် မမြင်ပါကုန်ဟု ဆိုကြကုန်၏။ လုလင်ကို မမြင်သော မင်းအား ဤသို့ ကြီးစွာသော စည်းစိမ်ချမ်းသာ အစိုးရသည်၏ အဖြစ်မှ ယုတ်၏ဟု ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏။ ဟဒယဝတ္ထုသည် ပူ၏။ နှလုံးသွေးသည် ပျက်၏။ ဝမ်းသွေးသည် သွန်ခြင်းသည်ဖြစ်၏။ ဆေးသမားတို့သည် ဆေးကုအံ့သောငှါ မစွမ်းနိုင်ကုန်။ ထိုနောင်မှ သုံးလေးရက် လွန်သဖြင့် သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုမင်း၏ ထိုအနာကို သိ၍ ထိုမင်းကို ဆေးကုအံ့ဟု ပုဏ္ဏားအသွင်ဖြင့် လာသတ်၍ တံခါး၌ရပ်ဘည်၍ ဆေးသမားပုဏ္ဏားသည် အရှင်မင်းမြတ်တို့အား ဆေးကုအံ့သောငှါ လာ၏ဟု ကြားစေ၏။

မင်းသည် ထိုစကားကိုကြား၍ လျင်မြန်စွာ ကြီးမြတ်ကုန်သော မင်း၏ ဆေးသမားတို့သည် ကုစားအံ့သောငှါ မစွမ်းနိုင်ကုန်၊ ထိုဆေးသမားအား ရိက္ခာကို ပေး၍ လွှတ်လိုက်ကုန်လော့ဟု ဆို၏။ သိကြားမင်းသည် ထိုစကားကို ကြား၍ ငါသည် ဆေးကုအံ့၊ အဝတ်ရိက္ခာဖြင့် အလိုမရှိသလျှင်ကတည်း။ ဆေးခကိုလည်း မယူအံ့၊ တစ်ဖန် မင်းသည် ငါ့ကိုရှုစေသတည်းဟု ဆို၏။ မင်းသည် ထိုစကားကိုကြား၍ ထိုသို့ဖြစ်လျှင် လာစေသတည်းဟု ဆို၏။ သိကြားမင်းသည် ဝင်၍ အောင်စေသတည်းဟု ဆို၍ လျောက်ပတ်စွာ ရပ်၏။ မင်းသည် သင်သည် ငါ့ကို ဆေးကုအံ့လောဟု မေး၏။ မင်းမြတ် ကုအံ့ဟု ဆိုသည်ရှိသော် ထိုသို့ ဖြစ်လျှင် ကုလော့ဟုဆို၏။ မင်းမြတ်– ကောင်းပြီဟူ၍ ယခု အနာ၏လက္ခဏာကို ဆိုကုန်လော့ အဘယ်အကြောင်းကြောင့် ဖြစ်သနည်း၊ ခဲဖွယ်ကိုလည်းကောင်း၊ သောက်ဖွယ်ကိုလည်းကောင်း အမှီပြု၍ ဖြစ်သလော။ ထိုသို့မဟုတ်မူကား မြင်ခြင်းကိုလည်းကောင်း၊ ကြားခြင်းကိုလည်းကောင်း အမှီပြု၍ ဖြစ်သလောဟု ဆိုသည်ရှိသော် အရှင် ပုဏ္ဏား ငါ၏အနာသည် သောကကို အမှီပြု၍ ဖြစ်၏ဟု ဆို၏။ အရှင်မင်းမြတ်သည် အဘယ်သို့ ကြားသနည်းဟု ဆို၏။ တစ်ယောက်သော လုလင်သည် လာလတ်၍ ငါ့အား သုံးပြည်ထောင်တို့၌ မင်းအဖြစ်ကို ယူ၍ ပေးအံ့ဟုဆို၏။ ငါသည် ထိုလုလင်အား နေရာအရပ်ကိုလည်းကောင်း၊ အဝတ်ရိက္ခာကိုလည်းကောင်း မပေးစေမိ။ ထိုလုလင်သည် ငါ့အား အမျက်ထွက်၍ တစ်ပါးသော မင်းအထံသို့ သွားလတ္တံ့၊ ထိုသို့ သွားသည်ရှိသော် ဤသို့ ကြီးစွာသော စည်းစိမ်ချမ်းသာ အစိုးရသည်၏ အဖြစ်မှ ငါ ယုတ်ရချေလိမ့်သတည်းဟု ကြံသော ငါ့အား ဤအနာသည် ဖြစ်၏ဟု ဆို၍ သင်သည် ငါ၏ လောဘနှင့် ယှဉ်သောစိတ်ကို မှီ၍ဖြစ်သော အနာကို ဆေးကုအံ့သောငှါ

အကယ်၍ နှမ်းနိုင်အံ့ ကုစားလော့ဟု ထိုအနက်ကို ထင်စွာ ပြလိုရကား ဤဂါထာကို ဆို၏—

၁၅၅။ တယော ဂိရိ အန္တရံ ကာမယာမိ၊
မဥ္စာလာ ကုရုယော ကေကကေ စ။
တတုတ္တရိံ ဗြာဟ္မဏ ကာမယာမိ၊
တိကိစ္ဆ မံ ဗြာဟ္မဏ ကာမနီတံ။

ပုဏ္ဏား တုန်လှုပ်စေခြင်းငှါ စွမ်းနိုင်ခဲသည်၏ အဖြစ်ကြောင့် တောင်သဖွယ်ဖြစ်ကုန်သော မြို့သုံးလုံးတို့ကို လည်းကောင်း, ဥတ္တရပဉ္စာလတိုင်း, ကုရုတိုင်း, ကေကကတိုင်း ဟူသော တိုင်းသုံးတိုင်းကို လည်းကောင်း လိုချင်၏၊ ပုဏ္ဏား ထိုဗာရာဏသီမင်းထက် အလွန်ဖြစ်သော သုံးပြည်ထောင်ကိုလည်း လိုချင်၏။ ပုဏ္ဏား ဝတ္ထုကာမ, ကိလေသာကာမတို့သည် နှိပ်စက်အပ်သော ငါ့ကို အကယ်၍ ကုစားနိုင်က ကုစားလော။

ထိုအခါ၌ ထိုမင်းကို သိကြားမင်းသည် မင်းမြတ် သင်မင်းမြတ်ကို သစ်မြစ်ဆေးအစရှိသည်တို့ဖြင့် မကုစားကောင်း ဉာဏ်တည်းဟူသော ဆေးဖြင့်သာလျှင် ကုစားအပ်၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၅၆။ ကဏှာဟိ ဒဋ္ဌဿ ကရောန္တိ ဟေကေ။
အမနုဿပဝိဋ္ဌဿ ကရောန္တိ ပဏ္ဍိတာ။
န ကာမနီတဿ ကရောန္တိ ကောစိ၊
သုက္ကဓမ္မသုက္ကဿ ဟိကာ တိကိစ္ဆာ။

မင်းမြတ် အချို့သော ပညာရှိတို့သည် မည်းသော အဆင်းရှိသော မြွေကိုက်ခံရသူအား ဆေးကုကုန်၏၊ အချို့ပညာရှိတို့သည် ဘီလူးဖမ်းစား ခံရသူအား ဆေးကုကုန်၏၊ အချို့ကုန်သော သူတို့သည် ကာမနှိပ်စက်သောသူအား ဆေးမကုနိုင်ကုန်။ အဘယ့်ကြောင့်နည်းဟူမူ အကုသိုလ်တရားသို့ သက်ဝင်သောသူအား မန္တရား, ဆေးဝါး စသည်တို့ဖြင့် ကုစား၍ မရနိုင်သောကြောင့် အချို့ကုန်သော သူတို့သည် ကာမနှိပ်စက်ခံရသောသူအား ဆေးကုမပေးနိုင်ကြကုန်။

ဤသို့ ထိုမင်းအား သိကြားမင်းသည် ဤအကြောင်းကို ပြ၍ အလွန်ဤသို့ ဆို၏။ မင်းမြတ် သင်သည် ထိုသုံးပြည်ထောင်တို့ကို အကယ်၍ ရအံ့၊ ဤလေးမြို့တို့၌ မင်းအဖြစ်ကို ပြုလတ်သော် တစ်ပြိုင်နက်ခြင်း သာလျှင် လေးထည်ကုန်သော ပုဆိုးအစုံတို့ကို ဝတ်အံ့လော၊ လေးခုကုန်သော ရွှေခွက်တို့၌လည်း တစ်ပြိုင်နက်ပင် စားအံ့လော၊ လေးခုကုန်သော မြတ်သော အိပ်ရာတို့၌ တစ်ပြိုင်နက်ပင် အိပ်အံ့လော၊ မင်းမြတ် တဏှာအလိုသို့ လိုက်သော

မည်သည် ဖြစ်ခြင်းငှါ မသင့်၊ ထိုတဏှာ မည်သည်ကား ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။ ထိုတဏှာသည် ပွားလတ်သည်ရှိသော် စိုးရိမ်ခြင်းကို ပွားစေ၏။ ထိုတဏှာ၏ တည်ရာဖြစ်သော ပုဂ္ဂိုလ်ကို ရှစ်ထပ်ကုန်ဖြစ်သော ငရဲကြီးတို့၌ လည်းကောင်း၊ ဥဿဒ ငရဲ တစ်ဆယ့်ခြောက်ထပ်တို့၌ လည်းကောင်း၊ အထူးထူး အပြားပြားဖြင့် များကုန်သော ငရဲမှ ကြွင်းကုန်သော အပါယ်တို့၌ လည်းကောင်း ပစ်ချတတ်၏ဟု ဆို၏။ ဤသို့ ဘုရားလောင်းသည် မင်းကို ငရဲအစရှိသော ဘေးဖြင့် ခြိမ်းခြောက်၍ ဤတရားကို ဟော၏။ မင်းသည်လည်း ထိုဘုရားလောင်း၏ တရားကို နာရ၍ စိုးရိမ်ခြင်း ကင်းသည်ဖြစ်၍ ထိုခဏ၌လျှင် အနာမရှိသည်၏ အဖြစ်သို့ ရောက်၏။ သိကြားသည်လည်း ထိုမင်းအား အဆုံးအမကို ပေး၍ သီလတို့၌ တည်စေ၍ နတ်ပြည်သို့လျှင် သွား၏။ ထိုမင်းသည်သည်း ထိုအခါမှစ၍ ဒါနအစရှိသည်တို့ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ကာမနီတပုဏ္ဏားသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာနှစ်ဆယ့်ရှစ်ခုမြောက်သော ကာမနီတဇာတ်သည် ပြီး၏။

---

## ၂၂၉။ ပလာယိတဇာတ်

### အပြောကတော့ မိုးလား ကဲလား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဂဇဂ္ဂမေဃေဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပလာယိတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပြေးသော ပရိဗိုဇ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပရိဗိုဇ်သည် စကားပြောဆို ပြိုင်ဆိုင်ခြင်း အကျိုးငှါ ဇမ္ဗူဒီပါကျွန်းအလုံးကို လှည့်လည်၍ တစ်စုံတစ်ယောက်သော ပြောဆိုဘက်ကို မရ၍ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ငါနှင့်တကွ ပြောဆိုခြင်းကို ပြုခြင်းငှါ စွမ်းနိုင်အံ့သော တစ်စုံတစ်ယောက်သော သူသည် ရှိသလောဟု လူတို့ကို မေး၏။ လူတို့သည် ထိုသို့သဘောရှိကုန်သော သူတို့၏ တစ်ထောင်နှင့်လည်း တကွ ပြောဆိုခြင်းငှါ

စွမ်းနိုင်သော ခပ်သိမ်းသော တရားကို သိတော်မူသော အခြေနှစ်ချောင်းရှိကုန်သော သူတို့အက် မြတ်သောတရားဖြင့် လူနတ်တို့ကို အစိုးရသော သူတစ်ပါးတို့၏ အယူဝါဒကို ဖျက်ဆီးခြင်းငှါ တတ်နိုင်သော မဟာဂေါတမသည် ရှိ၏။ ဇမ္ဗူကျွန်းလုံး၌လည်း ဖြစ်စေသော တစ်ပါးသော ဝါဒရှိသော ထိုမြတ်စွာဘုရားကို လွန်အံ့သောငှါစွမ်းနိုင်သော သူမည်သည်မရှိ။ ကမ်းနားသို့ ရောက်ကုန်၍ လှိုင်းတံပိုးတို့သည် ပျောက်ကုန်ဘိသကဲ့သို့ ခပ်သိမ်းကုန်သော ဝါဒတို့သည် ထိုမြတ်စွာဘုရား၏ ခြေတော်ရင်းသို့ ရောက်၍ ပျောက်ကုန်၏ဟု ဘုရားကျေးဇူးတော်တို့ကို ဆိုကြကုန်၏။ ပရိဗိုဇ်သည် ထိုဘုရားသည်ကား ယခုအခါ၌ အဘယ်မှာနည်းဟု မေး၍ ဇေတဝန်ကျောင်းတော်မှာတည်းဟု ကြား၍ ယခုအခါ၌ ထိုဘုရားအား အမေးပုစ္ဆာကို တင်အံ့ဟု လူများဖြင့် ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ သွားလတ်သည်ရှိသော် ဇေတမင်းသားသည် ကိုးကုဋေသော ဥစ္စာကိုစွန့်၍ ဆောက်အပ်သော ဇေတဝန်ကျောင်းတော် တံခါးမုခ်ကို မြင်၍လျှင် ဤပြာသာဒ်သည်ကား ရဟန်း ဂေါတမ၏ နေရာ ပြာသာဒ်လောဟု မေးရဲ့ ဤပြာသာဒ်သည်ကား တံခါးမုခ်သာတည်းဟု ကြား၍ တံခါးမုခ်သည်ပင် ဤသို့စင်ရှိသေး၏။

နေရာကျောင်းတော်သည်ကား အဘယ်သို့ သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု ဆို၍ ဂန္ဓကုဋိတော် မည်သည်ကား နှိုင်းယှဉ်ဖွယ်မရှိဟု ဆိုလတ်သော် ဤသို့စင်သဘောရှိသော ရဟန်းတို့နှင့်တကွ ပြိုင်ဆိုင်ပြောဆိုခြင်းကို အဘယ်သူ ပြုနိုင်ချေအံ့နည်းဟု ဆို၍ ထိုအရပ်မှလျှင် ပြေးခဲလေ၏။ လူတို့သည် ကြွေးကြော်လျက် လိုက်ကုန်၍ ဇေတဝန်ကျောင်းတော်သို့ ဝင်ကုန်၍ မြတ်စွာဘုရားသည် အခါမဲ့၌ အဘယ်ကြောင့် လာကြကုန်သနည်းဟု မိန့်တော်မူသည်ရှိသော် ထိုအကြောင်းကို လျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဒါယကာတို့.... ဤပရိဗိုဇ်သည် ယခုအခါ၌သာလျှင် ငါ၏ နေရာအရပ်၏ တံခါးမုခ်ကို မြင်၍ ပြေးသည်မဟုတ်သေး။ ရှေး၌လည်း ငါ၏ နေရာအရပ်၏ တံခါးမုခ်ကို မြင်၍ ပြေးဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ ထိုဒါယကာတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာတို့, လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားလောင်းသည် မင်းပြု၏။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ထိုဗြဟ္မဒတ်မင်းသည် တက္ကသိုလ်ပြည်ကို ယူအံ့ဟု များစွာသော ဗိုလ်ပါ အပေါင်းဖြင့် သွား၍ မြို့မှ မနီးမဝေးသော အရပ်၌ တည်၍ ဤသို့သော အမှတ်ဖြင့် ဆင်ကို စေကုန်လော့။ ဤသို့သော အမှတ်ဖြင့် မြင်းတို့ကို စေကုန်

လော့။ ဤသို့သော အမှတ်ဖြင့် ရထားတို့ကို စေကုန်လော့။ ဤသို့သော အမှတ်ဖြင့် ခြေသည်တို့ကို စေကုန်လော့။ ဤသို့ ပြေးကုန်၍ လက်နက်တို့ဖြင့် ထိုးပစ်ကြကုန်လော့။ တစ်ခဲနက်ရွာကုန်သော မိုးတို့ကဲ့သို့ မြားမိုးကို ရွာစေကုန်လော့ဟု စစ်သည်တို့ကို စီရင်လိုရကား ဤဂါထာကို ဆို၏-

၁၅၇။ ဂဇဂ္ဂမေဃေဟိ ဟယဂ္ဂမာလိဘိ၊
ရထူမိဇာတေဟိ သရာဘိဝဿေဘိ။
ဓနုဂ္ဂဟာဝဋ္ဋဒဠ္ဟပ္ပဟာရိဘိ၊
ပရိဝါရိတာ တက္ကသိလာ သမန္တတော။

၁၅၈။ အဘိဓာဝထ စူပဓာဝထ စ၊
ဝိဝိဓာ ဝိနာဒိတာ ဝဒန္တိဘိ။
ဝတ္တတဇ္ဇ တုမုလော ဃောသော ယထာ၊
ဝိဇ္ဇုလတာ ဇလဓရေဿ ဂဇ္ဇတော။

အချင်းတို့ ကြိုးကြာသံကဲ့သို့သော ဆင်တို့၏ ဟီသံကို ဟီကုန်သော အမှုန်ယစ်ကုန်သော မြွတ်ကုန်သော ဆင်တည်းဟူသော မိုးတို့ဖြင့် လည်းကောင်း၊ မြွတ်ကုန်သော သိန္ဓောအမျိုး၌ ဖြစ်ကုန်သော မြင်းကို စီးကုန်သော သူရဲတို့ဖြင့်လည်းကောင်း၊ ထိုမှဤမှ လှည့်လည်၍ ပြင်းစွာပစ်တတ်ကုန်သော လွယ်အပ်သော သန်လျက်ကို ကိုင်စွဲအပ်သော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော အရှိုးတပ်သော လေးရှိကုန်ထသော တစ်ခဲနက်သော မိုးကို ရွာစေဘိသကဲ့သို့ မြားမိုးကို ရွာစေကုန်တတ်ထသော ကောင်းစွာဖြစ်သော လှိုင်းတံပိုးအဟုန်ရှိကုန်သော သမုဒ္ဒရာရေတို့ကဲ့သို့သော ရထားစီးသူရဲ အပေါင်းတို့ဖြင့် လည်းကောင်း တက္ကသိုလ်ပြည်၏ ထက်ဝန်းကျင်မှ ခြံရံကြကုန်လော့၊ အချင်းတို့ သင်တို့သည် ရှေးရှုလည်း ပြေးကြကုန်လော့၊ ချဉ်းလည်း ချဉ်းကပ်ကြကုန်လော့၊ ဆင်မြွတ် ဆင်ကောင်း တို့နှင့်တကွ အထူးထူး အပြားပြားသော အသံရှိကုန်သည် ဖြစ်ကုန်လော့၊ ယနေ့ သည်းစွာသော မိုးကြိုးသံကဲ့သို့ ဖြစ်စေလော့၊ ကြိုးထသော မိုးတိမ်၏ အဝမှ ထွက်ကုန်သော လျှပ်စစ်နွယ်တို့သည် ပြေးသွားကုန်ဘိသကဲ့သို့ ဤအတူ ပြေးသွားကုန်လျက် တက္ကသိုလ်ပြည်ကို ဝန်းရံကုန်၍ မင်းကို ဖမ်းကြကုန်လော့။

ဤသို့ မင်းသည် ကြုံးဝါး၍ စစ်သည်တို့ကို စီရင်၍ မြို့တံခါး၏ အနီးသို့ ရောက်၍ တံခါးမှူးကိုမြင်၍ ဤသည်ကား မင်း၏နေရာ နန်းလောဟု မေး၏။ ဤသည်ကား မြို့တံခါးမှူးသည် သာတည်းဟု ဆိုသည်ရှိသော် မြို့တံခါးမှူးသည်ပင် ဤသို့စင် သဘောရှိသည်ဖြစ်၏။ မင်း၏နေရာ နန်းပြာသာဒ်သည်ကား အသို့သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု ဆို၍ ဝေဇယန္တာပြာသာဒ်နှင့် တူ၏ဟု

ကြား၍ ဤသို့ အခြံအရံ စည်းစိမ်ချမ်းသာ ဘုန်းကျက်သရေနှင့် ပြည့်စုံသော မင်းနှင့်တကွ စစ်ထိုးအံ့သောငှါ မစွမ်းနိုင်ချေကုန်အံ့ဟု တံခါးမုခ်ကို မြင်၍ ပြန်၍ ပြေးလေ၍ ဗာရာဏသီပြည်သို့ လျင်စွာ သွား၏။

**ဇာတ်ပေါင်း**

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ ယခုအခါ ပြေးသော ပရိဗိုဇ်သည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တက္ကသိုလ်မင်း မင်းဖြစ်ဖူးပြီဟုဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာနှစ်ဆယ့်ကိုးခုမြောက်သော ပလာယိတဇာတ်သည် ပြီး၏။

---

## ၂၃၀-ဒုတိယ ပလာယိတဇာတ်

### ငါလိုလူ ဇမ္ဗူ မရှိဟု ထင်သူ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဓဇမပရိမိတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုတိယပလာယိတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ပြေးသော ပရိဗိုဇ်ကိုပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

ဤဝတ္ထု၌ကား ထိုပရိဗိုဇ်သည် ဇေတဝန်ကျောင်းတော်သို့ ဝင်၏။ ထိုခဏ၌ မြတ်စွာဘုရားသည် လူများနှင့် ခြံရံအပ်သည်ဖြစ်၍ တန်ဆာဆင်အပ်သော တရားဟောနေရာတော်၌ နေတော်မူလျက် ဆေးဒန်း မြင်းသီလာအပြင်၌ ခြင်္သေ့သံကို ကြွေးကြော်သော ခြင်္သေ့ပျိုကဲ့သို့ တရားကို ဟောတော်မူ၏။ ပရိဗိုဇ်သည် အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဗြဟ္မာမင်း၏ ကိုယ်နှင့်တူသော ကိုယ်တော်ကိုလည်းကောင်း၊ လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်း ရှိသော မျက်နှာတော်ကိုလည်းကောင်း၊ ရွှေပြားနှင့်တူသော နဖူးတော်ကို လည်းကောင်း မြင်၍ ဤသို့သဘောရှိသော ယောကျ်ားမြတ်ကို အောင်အံ့ သောငှါ အဘယ်လူ တတ်နိုင်ချေအံ့နည်းဟု ပြန်၍ ပရိသတ်အတွင်းသို့ မဝင်မူ၍ ပြေးလေ၏။ လူများသည် ထိုပရိဗိုဇ်ကို လိုက်၍ ပြန်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ဒါယကာတို့ ထိုပရိဗိုဇ်သည် ယခုအခါ၌သာလျှင် ငါ၏ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော

မျက်နှာကို မြင်၍ ပြေးသည်မဟုတ်သေး။ ရှေး၌လည်း ငါ၏ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော မျက်နှာကို မြင်၍ ပြေးဖူးသလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာတို့ လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏။ တက္ကသိုလ်ပြည်၌ တင်ယောက်သော ဂန္ဓာရမင်းသည် မင်းပြု၏။ ထိုဂန္ဓာရမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟူ၍ အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် လာလတ်၍ မြို့ကို ဝန်းရံ၍ မြို့တံခါး၏ အနီး၌ တည်လျက် မိမိ၏ ဗိုလ်ပါစစ်သည်ကို ကြည့်၍ ဤမျှ အတိုင်းအရှည်ရှိသော စစ်သည်အပေါင်းကို အောင်အံ့သောငှါ အဘယ်သူ စွမ်းနိုင်လတ္တံ့နည်းဟု မိမိ၏ စစ်သည်ကို ချီးမွမ်း၍ ဤဂါထာကို ဆို၏—

၁၅၉။ ဓဇမပရိမိတံ အနန္တပါရံ၊
ဒုပ္ပသဟံ ဓင်္ကေဟိ သာဂရံဝ။
ဂိရိမိဝ အနိလေန ဒုပ္ပသယှော၊
ဒုပ္ပသဟော အဟမဇ္ဇတာဒိသေန။

ရထားတို့၌ ဒေါင်းတောင်တို့ကို စိုက်၍ ထောင်အပ်သော တံခွန်သည်ပင်လျှင် မနှိုင်းယှဉ်နိုင် များ၏။ ဆင်ကား ဤမျှ မြင်းကား ဤမျှဟု ရေတွက်ခြင်း၏ အပိုင်းအခြားကို လွန်သည် ဖြစ်၍ အဆုံးမရှိသော ကမ်းရှိ၏။ ကြီးတို့သည် သမုဒ္ဒရာကို လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်ဘိသကဲ့သို့၊ ငါ၏ ဤဗိုလ်ပါအပေါင်းကို ဆန့်ကျင်ဘက် ဖြစ်ကုန်သော ရန်သူတို့သည် နှိပ်စက်လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်။ လေသည် တောင်ကို တုန်လှုပ်စိမ့်သောငှါ မစွမ်းနိုင်ဘိသကဲ့သို့တည်း။ ဤသို့ ဗိုလ်ပါအပေါင်းနှင့် ပြည့်စုံသော ငါ့ကို ယခု ထိုသို့ သဘောရှိသော ဗိုလ်ပါအပေါင်းသည် လွှမ်းမိုးခြင်းငှါ မစွမ်းနိုင်။

ထိုအခါ၌ ထိုဂန္ဓာရမင်းအား ထိုဘုရားလောင်းသည် လပြည့်ဝန်းကဲ့သို့ အသရေရှိသော မိမိ၏ မျက်နှာကို ပြ၍ ဟယ်ငမိုက် သင်သည် မယောင်မယမ်း မမြည်တမ်းလင့်။ ယခုအခါ၌ အမုန်ယစ်သော ဆင်ပြောင်သည် ကျူတောကို နင်းဘိသကဲ့သို့ ထိုအတူ သင်၏ စစ်သည် အပေါင်းကို ဖျက်ဆီးလိုက်အံ့ဟု ခြိမ်းခြောက်လို၍ ဤဂါထာကို ဆို၏—

၁၆၀။ မာ ဗာလိယံ ဝိလပိ န ဟိဿ တာဒိသံ။
ဝိဠယှသေန ဟိ လဘသေ နိသေဓကံ။

အာသဇ္ဇသိ ဂဇမိဝ ကေဏုရိန်း။
ယော တံ ပါဒါ နဠမိဝ ပေါထယိဿတိ။

ဟယ်ငမိုက် သင်သည် မိမိ၏ မိုက်သည်၏အဖြစ်ကို မမြည်တမ်းလင့်၊ ထိုစကားသည် မှန်၏။ သင်၏ ဗိုလ်ပါအပေါင်းသည် ထိုသို့ သင်ကြံသောအတိုင်း သဘောရှိသည် မဖြစ်သလျှင်ကတည်း။ သင့်ကို ဇင်စစ် ရာဂ,ဒေါသ အစရှိသော အပူသည် လောင်အပ်၏။ သင်သည် ငါကဲ့သို့ သဘောရှိသော နှိပ်စက်လှမ်းမိုး၍ တားမြစ်တတ်သော သူကို မရသလျှင်ကတည်း။ ချဉ်းခဲ့လော ကေဏုရိ တစ်စီးထည်းသာ သွားလေ့ရှိသော ဆင်ပြောင်ကြီးသည် ကျူတောကို ခြေတို့ဖြင့် နင်းချိုးသကဲ့သို့ ထို့အတူ အကြင် ဗာရာဏသီမင်းသည် သင့်ကို နင်းနှိပ်လတ္တံ့။

ဤသို့ ခြိမ်းခြောက်သော ထိုဘုရားလောင်း၏ စကားသို့ ကြား၍ ဂန္ဓာရမင်းသည် ကြည့်မျှော်လေသည့် ရှိသော် ရွှေပြားနှင့် တူသော မြတ်သော နဖူးကို မြင်၍ မိမိကို ဖမ်းအံ့သည်မှ ကြောက်ရကား ပြန်၍ ပြေးလျက် မိမိမြို့သို့လျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ ယခုအခါ ပြေးသော ပရိဗိုဇ်သည် ထိုအခါ ဂန္ဓာရမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာသုံးဆယ်မြောက်သော ဒုတိယ ပလာယိတဇာတ်သည် ပြီး၏။
ဂ-ကာသာဝဂ် ပြီး၏။]

---

## ၉-ဥပါဟနဝဂ်

## ၂၃၁-ဥပါဟနဇာတ်

### သက်သာစေရန် ဖိနပ်စီး၊ ဖိနပ်ကိုက်ခံရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယထာပိ ကီဘာ" အစရှိသော ဂါထာပုဒ်ဖြင့် ထင်ရှားဆင်အပ်သော ဤဥပါဟနဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ် ကို အကြောင်းပြု၍ ဟောတော်မူ၏။

တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဒေဝဒတ်သည် ဆရာဖြစ်သော ဘုရားကို စွန့်၍ မြတ်စွာဘုရား၏ ဆန့်ကျင်ဘက် ရန်သူသည် ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ ငါလာတော်မူသော အခါ၌ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာ ဆရာဖြစ်သော ငါဘုရားကို စွန့်၍ ဆန့်ကျင်ဘက် ဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ရောက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဆင်ဆရာ အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် ဆင်အတတ်၌ အပြီးသို့ ရောက်၏။ ထိုအခါ ကာသိက ရွာ၌ နေသော တစ်ယောက်သော လုလင်ငယ်သည် လာလတ်၍ ထိုဘုရားလောင်း၏ အထံ၌ အတတ်ကို သင်၏။ ဘုရားလောင်းတို့ မည်သည်ကား အတတ်ကို သင်ကုန်သည် ရှိသော် ဆရာကြွင်း ထားခြင်းကို မပြုကုန်။ မိမိတတ်သော အမှတ်ဖြင့် အကြွင်းမရှိ သာလျှင် သင်ကုန်၏။ ထို့ကြောင့် ထိုလုလင်သည် ဘုရားလောင်း တတ်သမျှ အတတ်ကို အကြွင်းမရှိ သင်၍ ဘုရားလောင်းကို ဆရာ အကျွန်ုပ် သည် မင်းကို ခစားအံ့ဟု ဆို၏။ ဘုရားလောင်းသည် အမောင် ကောင်းပြီဟု ဆို၍ မင်းအား ကြား၏။ အဘယ်သို့ ကြားသနည်းဟူမူကား မြတ်သော မင်းကြီး အကျွန်ုပ်၏ တပည့်သည် အရှင်မင်းမြတ်တို့ကို ခစားအံ့သော်ငါ အလိုရှိ၏ဟု ကြား၏။ မင်းသည် ကောင်းပြီ ခစားစေလောဟု ဆို၏။ မင်းမြတ် ထိုသို့ တပြီးကား ထိုယောကျ်ားအား ရိက္ခာကို သိတော်မူကုန်လော့ဟု လျှောက်၏။ သင်တို့၏ တပည့်သည် သင်တို့နှင့် တူမျှသော ရိက္ခာကို မရလတ္တံ့။ သင်တို့သည် တစ်ရာသော ရိက္ခာကို ရကုန်သည် ရှိသော် သင်တို့၏ တပည့်သည် ငါးဆယ်သော ရိက္ခာကို ရလတ္တံ့။ သင်တို့သည် နှစ်ခုတို့ကို ရကုန်သည် ရှိသော် သင်တို့၏ တပည့်သည် တစ်ခုကို ရလတ္တံ့ဟု ဆို၏။

ဘုရားလောင်းသည် အိမ်သို့ သွား၍ ထိုအကြောင်းကို တပည့်အား ကြား၏။ တပည့်သည် ဆရာ အကျွန်ုပ်သည် သင်တို့နှင့်အမျှ အတတ်ကို တတ်၏။ အမျှသာလျှင် ဖြစ်သော ရိက္ခာကို အကယ်၍ ရအံ့ ခစားအံ့၊ အကယ်၍ မရအံ့ မခစားအံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုအကြောင်းကို မင်းအား ကြား၏။ မင်းသည် သင်တို့နှင့် အမျှသော ဆုလာဘ်ကို ယူလိုသော် သင်တို့နှင့် အမျှ

သာလျှင် ဖြစ်သော အတတ်ကို ပြအံ့သောငှါ အကယ်၍ စွမ်းနိုင်အံ့ အမျှ ဖြစ်သော ရိက္ခာကို ရလတ္တံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုအကြောင်းကို တပည့်အား ကြား၍ ထိုသို့တပြီးကား ကောင်းပြီ ပြအံ့ဟု ဆိုသည်ရှိသော် မင်းအား ကြား၏။ မင်းသည် ထိုသို့တပြီးကား နက်ဖြန် အတတ်ကို ပြကြကုန်လော့ဟု ဆို၏။ ကောင်းပြီ ပြကုန်အံ့ဟု ဆိုသည်ရှိသော် မြို့၌ စည်လည်စေကုန်လော့ဟု ဆို၍ နက်ဖြန်၌ တပည့်သည်လည်းကောင်း, ဆရာသည်လည်းကောင်း နှစ်ယောက်ကုန်သော သူသည် ဆင်အတတ်ကို ပြကုန်လတ္တံ့၊ မင်းရင်ပြင်၌ စည်းဝေးကုန်၍ ရှုလိုကုန်သော သူတို့သည် ရှုစေကုန်သတည်းဟု မင်းသည် စည်လည်စေ၏။ ဆရာသည် ငါ၏ တပည့်သည် ငါ၏ ဥပါယ်တံမျဉ်၌ လိမ္မာသည်၏ အဖြစ်ကို မသိလေဟု ဆင်တစ်စီးကို ယူ၍ တစ်ညဉ့်ခြင်းသာလျှင် ဖောက်ပြန်သော အတတ်ကို သင်၏။ ထိုဘုရားလောင်းသည် ထိုဆင်ကို သွားလော့ဟု ဆိုသည်ရှိသော် နောက်သို့ ဆုတ်စိမ့်သောငှါ နောက်သို့ ဆုတ်လော့ဟု ဆိုသည်ရှိသော် သွားစိမ့်သောငှါ၊ ရပ်လော့ဟု ဆိုသည်ရှိသော် ဝပ်စိမ့်သောငှါ၊ ဝပ်လော့ဟု ဆိုသည်ရှိသော် ရပ်စိမ့်သောငှါ၊ ယူလော့ဟု ဆိုသည်ရှိသော် ထားစိမ့်သောငှါ၊ ထားလော့ဟု ဆိုသည်ရှိသော် ယူစိမ့်သောငှါ သင်၍ နက်ဖြန်နေ့၌ ထိုဆင်ကို စီး၍ မင်းရင်ပြင်သို့ သွား၏။

တပည့်သည် တစ်စီးသော နှစ်သက်ဖွယ်သော ဆင်ကို စီး၏။ လူများသည် စည်းဝေး၏။ ဆရာ တပည့် နှစ်ယောက်တို့သည်လည်း အမျှအတတ်ကို ပြကုန်၏။ တစ်ဖန် ဘုရားလောင်းသည် မိမိဆင်ကို ဖောက်ပြန်သော အတတ်ကို ပြုစေ၏။ ထိုဆင်သည် သွားလော့ဟု ဆိုသည်ရှိသော် နောက်သို့ ဆုတ်၏၊ နောက်သို့ ဆုတ်လော့ဟု ဆိုသည်ရှိသော် ရှေ့သို့ ပြေး၏။ ရပ်လော့ဟု ဆိုသည် ရှိသော် ဝပ်၏။ ဝပ်လော့ဟု ဆိုသည်ရှိသော် ရပ်၏။ ယူလော့ဟု ဆိုသည်ရှိသော် ချလိုက်၏။ ချလော့ဟု ဆိုသည်ရှိသော် ယူ၏၊ လူများသည် ဟယ် ပြစ်မှားတတ်သော တပည့် သင်သည် ဆရာနှင့်တကွ ပြိုင်ခြင်းကို ပြု၏။ မိမိ၏ ပမာဏကို မသိ။ ဆရာနှင့်တကွ အမျှဖြစ်သော အတတ်ကို တတ်၏ဟု အမှတ်ရှိ၏ဟု ဆို၍ ခဲလုံး တံ အစရှိသည် တို့ဖြင့် ပုတ်ခတ်ကုန်၍ ထိုပွဲအလယ်၌သာလျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ဘုရားလောင်းသည်သည် ဆင်မှ သက်၍ မင်းသို့ ကပ်၍ မြတ်သော မင်းကြီး အတတ်မည်သည်ကို မိမိကိုယ်ကို ချမ်းသာစေခြင်း အကျိုးငှါ သင်၏။ ထိုသို့ မိမိကိုယ်ကို ချမ်းသာစေခြင်း အကျိုးငှါ သင်ငြားသော်လည်း အချို့သော သူအား သင်အပ်သော အတတ်သည် မကောင်းသဖြင့် လုပ်အပ်သော ဖိနပ်ကဲ့သို့ ပျက်စီးခြင်းသာလျှင် ဆောင်ရွက်တတ်၏ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၁၆၁။ ယထာပိ ကီတာ ပုရိသဿုပါဟနာ၊
သုခဿ အတ္ထာယ ဒုခံ ဥဒဗ္ဗဟေ။

ဃမ္မာဘိတတ္တာ ထလသာ စ ပဗ္ဗိဋ္ဌိတာ၊
တဿေဝ ပါဒေ ပုရိသဿ ခါဒရေ။

၁၆၂။ ဧဝမေဝ ယော ဒုက္ကုလီနော အနရိယော။
တမ္မာကဝိဇ္ဇာသု သုတဥ္စ အာဒိယ။
တမေဝ သော တတ္ထ သုတေန ခါဒတိ၊
အနရိယော ဝုစ္စတိ ဒုပါဟနူပမော။

မြတ်သော မင်းကြီး ချမ်းသာခြင်း၏ အကျိုးငှါ ဝယ်၍ ခြေတို့၌ စွပ်အပ်သော မကောင်းသဖြင့် လုပ်အပ်သော ဖိနပ်သည် ယောကျ်ား၏ ဆင်းရဲကို ဆောင်ရာ၏၊ အပူသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ခြေဖဝါးအပြင် သည်လည်း ကျင်နာသည်ဖြစ်၍ ဝယ်၍ ခြေတို့၌ စွပ်အပ်ကုန်သော ဖိနပ်တို့သည် ထိုယောကျ်ား၏ ခြေတို့ကိုသာလျှင် ခဲကုန်သကဲ့သို့ ထို့အတူ ယုတ်မာသော အမျိုးရှိသော အတတ်သင်ပေးသော ဆရာအထံမှ အတတ်, အကြားအမြင် တို့ကို သင်ယူပြီးသော မသူတော်သည် ထိုဆရာအထံ၌ အကြားအမြင်ဖြင့် ထို မိမိကိုယ်သာလျှင် ခဲ၏။ ထိုအမျိုးယုတ်သောသူကို ခဲတတ်သော ဖိနပ်နှင့် တူသော မသူတော်ဟူ၍ တစ်နည်း–ခြေကို ခဲတတ်သော ဖိနပ်ဆိုးရှိသော ယောကျ်ားနှင့် တူသော မသူတော်ဟု ဆိုအပ်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ တပည့် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာသုံးဆယ့်တစ်ခုမြောက်သော ဥပါဟန ဇာတ်သည် ပြီး၏။

---

## ၂၃၂-ဝီဏာဂုဏဇာတ်

### ဘို့ရှိလျှင် ဥသဘလော

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဧကဝိန္ဒုတော သမတ္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤဝီဏာဂုဏဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သူဌေးသမီးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော သူဌေးသမီးသည် မိမိ၏ အိမ်၌ နွားမင်း ဥသဘအား ချီးမြှောက်ခြင်းကို ပြုလတ်သည်ကို မြင်၍ အမိကို မိခင် ဤသို့

နွားမင်းသည် အချီးအမြှောက်ကို ရ၏။ အဘယ်အမည် ရှိသနည်းဟု မေး၏။ ချစ်သမီး နွားမင်းသည် ဥသဘမည်၏ဟု ဆို၏။ ထိုသူဌေးသမီးသည် တစ်နေ့သ၌ ပြာသာဒ်၌ ရပ်၍ ခရီးလမ်းလယ်ကို ကြည့်လတ်သည်ရှိသော် တင်ယောက်သော လူကုန်းကို မြင်၍ ဤနွားတို့၏ အလယ်၌ နွားမင်းကြီး၏ ကျောက်ကုန်း၌ လဘ္ဘိုသည် ရှိ၏။ လူမင်းကြီး၏လည်း ကျောက်ကုန်း၌ ထိုလဘ္ဘိုသည် ဖြစ်ရာ၏။ ဤသူသည် လူတို့တွင် ယောကျ်ား ဥသဘသည် ဖြစ်လတ္တံ့။ ငါသည် ထိုယောကျ်ား ဥသဘ၏ ခြေရင်း၌ အလုပ်အကျွေး ဖြစ်ခြင်းငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ထိုသူဌေးသမီးသည် ကျွန်မကို စေလိုက်၍ သူဌေးသမီးသည် သင်နှင့်တကွ သွားလို၏။ ဤမည်သော အရပ်သို့ သွား၍ နေနှင့်လော ဟု ထိုလူကုန်းအား ကြားစေ၍ မြတ်သောဥစ္စာကို ယူ၍ မထင်ရှားသော အသွင်ဖြင့် ပြာသာဒ်မှဆင်းသက်၍ ထိုလူကုန်းနှင့်တကွ ပြေး၏။ နောက်အခါ ထိုအမှုသည် မြို့သူအပေါင်း၌လည်းကောင်း၊ ရဟန်းအပေါင်း၌လည်းကောင်း ထင်ရှားသည် ဖြစ်၏။ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤအမည်ရှိသော သူဌေးသမီးသည် ကုန်းနှင့်တကွ ပြေးသတတ်ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုငါလာတော်မူသောအခါ၌ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ထိုသူဌေးသမီးသည် ယခုအခါ၌သာလျှင် ကုန်းကို တပ်စွန်းသည် မဟုတ်သေး ရှေး၌လည်း တပ်စွန်းဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိက်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ခုသော နိဂုံး၌ သူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်၍ အိမ်ရာထောင်သည်ရှိသော် သားသမီးတို့ဖြင့် ပွါးလတ်၍ မိမိသား၏ အကျိုးငှါ ဗာရာဏသီ သူဌေးကိုတောင်း၍ နေ့ကိုမှတ်၏။ သူဌေးသမီးသည် မိမိအိမ်၌ နွားမင်းဥသဘအား ကောင်းစွာပူဇော်ခြင်း မြတ်နိုးတနာ ပြုခြင်းကို မြင်၍ ဤသူကား အဘယ်အမည် ရှိသနည်းဟု မေး၍ နွားမင်း ဥသဘဟု ကြား၍ ခရီးအလယ်ဖြင့် သွားသော တစ်ယောက်သော လူကုန်းကို မြင်၍ ဤယောကျ်ားသည် ယောကျ်ား ဥသဘ ဖြစ်လတ္တံ့ဟု ကြံ၍ မြတ်သော ဥစ္စာကို ယူ၍ ထိုလူကုန်းနှင့် တကွ ပြေး၏။ ဘုရားလောင်းသည် သူဌေးသမီးကို ဆောင်အံ့ဟူ၍ များစွာသော အခြံအရံဖြင့် ဗာရာဏသီပြည်သို့ သွားသည် ရှိသော် ထိုသူဌေးသမီး ပြေးလာသော ခရီးသို့လျှင် သွား၏။ ထိုနှစ်ယောက် ကုန်သောသူဌေးသမီး ကုန်းတို့သည်လည်း တစ်ညဉ့်ပတ်လုံးခရီးကိုသွားကုန်၏။

ထိုအခါ တစ်ညဉ့်ပတ်လုံး မအိပ်ရသော ငကုန်း၏ ကိုယ်၌ အရုဏ်တက်သောအခါ လေသည်ထ၏။ သည်းစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ထိုငကုန်းသည် သည်းစွာသောဝေဒနာသို့ရောက်သည်ဖြစ်၍ အညို့ပြတ်ပြီးသော ကောက်သော အရိုးရှိသော စောင်းကဲ့သို့ ကွေးလျက် အိပ်၏။ သူဌေးသမီးသည် ထိုငကုန်း၏ ခြေရင်း၌ နေ၏။ ဘုရားလောင်းသည် သူဌေးသမီးကို ငကုန်း၏ ခြေရင်း၌ နေသည်ကို မြင်၍ သိသည့်ရှိသော် ကပ်လေ၍ သူဌေးသမီးနှင့် တကွ စကားပြောလို၍ ဤဂါထာကို ဆို၏—

၁၆၃။ ဧကစိန္တိတော ယမတ္ထော၊ ဗာလော အပရိဏာယကော။
န ဟိ ခုဇ္ဇေန ဝါမေန၊ ဘောတိ သင်္ဂန္တုမရဟသိ။

ချစ်သမီး ဤအမှုမျိုးကို သင်တစ်ယောက်သာလျှင် ကြံခြင်း ဖြစ်လိမ့်မည်။ မိုက်သော ငကုန်းသည် အကြီးအကဲမဟုတ်၊ ရှင်မ ကွသောငကုန်းနှင့် ပေါင်းဖော် အံ့သောငှါ သင်သည် မထိုက်။

ထိုအခါ ဘုရားလောင်း၏ စကားကို ကြား၍ သူဌေးသမီးသည် ဤဂါထာကို ဆို၏—

၁၆၄။ ပုရိသူသဘံ မညမာနာ၊ အဟံ ခုဇ္ဇမကာမယိံ။
သောယံ သံကုဋိတော သေတိ၊ ဆိန္နတန္တိ ယထာ ဝိဏာ။

အရှင် အကျွန်ုပ်သည် နွားမင်း ဥသဘ တစ်ကောင်ကို မြင်၍ နွားတို့၏ အကြီးဖြစ်သော နွားမင်း၏ ကျောက်ကုန်း၌ လဘ်ိုရှိ၏။ ဤယောကျ်ား အားလည်း ထိုသဘ်ိုရှိ၏၊ ဤယောကျ်ားသည် ယောကျ်ား ဥသဘ ဖြစ်ရာ၏ဟု ကြံမိ၍ အကျွန်ုပ်သည် ငကုန်းကို ယောကျ်ားဥသဘဟု ထင်မှတ်မိ၍ တပ်စွန်း မိ၏၊ ထိုငကုန်းသည် ယခုအခါ၌ အညို့ပြတ်ပြီးသော စောင်းကဲ့သို့ ကွေးလျက် အိပ်၏။

ဘုရားလောင်းသည် ထိုသူဌေးသမီး၏ မသိ မလိမ္မာသည်၏ အဖြစ်ကြောင့် အိမ်မှ ထွက်သည်၏ အဖြစ်ကို သိ၍ ထိုသူဌေးသမီးကို ရေချိုးစေ၍ တန်ဆာ ဆင်အပ်သော ရထားသို့ တင်၍ အိမ်သို့လျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သူဌေး သမီးသည် ထိုအခါ သူဌေးသမီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီ သူဌေးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာသုံးဆယ့်နှစ်ခုမြောက်သော ဝီဏာဂုဏဇာတ်သည် ပြီး၏။

## ၂၃၃-ဝိကဏ္ဏကဇာတ်

### အရှက်မဲ့ မြား

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို သုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာမံ ယဟိ ဗ္ဗုစ္ဆသိ တေန ဂစ္ဆ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဝိကဏ္ဏကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ပါးသော ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တရားသဘင်သို့ ဆောင်အပ်သော ထိုရဟန်းသည် ရဟန်း-သင်သည် ငြီးငွေ့ခြင်း ရှိသတတ်ဟူသည် မှန်သလောဟု မြတ်စွာဘုရားသည် မေးတော်မူလတ်သည်ရှိသော် အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်၍ အဘယ့်ကြောင့် ငြီးငွေ့သနည်းဟု မိန့်တော် မူလတ်သည်ရှိသော် အရှင်ဘုရား ကာမဂုဏ်ဟူသော အကြောင်းကြောင့် ငြီးငွေ့ခြင်း ရှိ၏ဟု လျှောက်၏။ ထိုအခါ ထိုရဟန်းကို မြတ်စွာဘုရားသည် ရဟန်း ကာမဂုဏ်တို့ မည်သည်ကား အရှက်မရှိသော မြားတို့နှင့် တူကုန်၏။ တစ်ကြိမ် နှလုံး၌ တည်ရာကို ရကုန်သော်လည်း အရှက်မရှိသော မြားကဲ့သို့ စူးကုန်၏။ အရှက်မရှိသော မြားသည် မိကျောင်းကို သေခြင်းသို့သာလျှင် ရောက်စေဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီ သောအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တရားသဖြင့် မင်းပြုသည် ရှိသော် တစ်နေ့သ၌ ဥယျာဉ်သို့ ထွက်၍ ရေကန်နားသို့ ရောက်၏။ ကခြင်း သီခြင်းတို့၌ လိမ္မာကုန်သော သူတို့သည် ကခြင်း သီခြင်းတို့ကို သီကုန်၏။ ရေကန်၌ ငါးလိပ်တို့သည် သီချင်းသံ၌ တပ်စွန်းသည်၏ အဖြစ်ကြောင့် စည်းဝေးကုန်၍ မင်းနှင့်သာလျှင်တကွ လိုက်ကြကုန်၏။ မင်းသည် ထန်းတုံး ပမာဏရှိသော ငါးအပေါင်းကို မြင်၍ ဤငါးတို့သည် ငါနှင့်တကွ အဘယ့်ကြောင့် လိုက်လာကုန်သနည်းဟု အမတ်တို့ကို မေး၏။ အမတ်တို့သည် အရှင်မင်းကြီး ထိုငါးတို့သည် အရှင်မင်းကြီးကို ခစားကုန်၏ဟု လျှောက်ကုန်၏။ မင်းကြီးသည် ငါ့ကို ထိုငါးတို့သည် ခစားကုန်သတတ်ဟု နှစ်သက်၍ ထိုငါးတို့အား ထမင်းဝတ်ကို တည်စေ၏။ နေ့စဉ်း နေ့စဉ်း တစ်ဇမ္ဗဏစသော ဆန်ကို ချက်၏။ နောက်အခါ ထမင်းကျွေးသော ကာလ၌ အချို့ကုန်သော ငါးတို့သည် လာကုန်၏။ အချို့ကုန်သော ငါးတို့သည် မလာကုန်၊ ထမင်းသည် ပျက်စီး၏။ မင်းအား ထိုအကြောင်းကို ကြားကုန်၏။

မင်းသည် ဤနေ့မှ စ၍ ထမင်းကျွေးသော အခါ၌ စည်ကို တီး၍ စည်သံအမှတ်ဖြင့် ငါးတို့သည် စည်းဝေးကုန်သည် ရှိသော် ထမင်းကို ပေးကြကုန်လော့ဟု ဆို၏။ ထိုအခါမှစ၍ အမှုရွက်ဆောင်သော သူသည် စည်ကိုတီးစေ၍ စည်းဝေးကုန်သော ငါးတို့အား ထမင်းကို ပေး၏။ ထိုငါးတို့သည်လည်း စည်သံ အမှတ်ဖြင့် စည်းဝေးကုန်၍ စားကုန်၏။ ထိုငါးတို့သည် ဤသို့စည်းဝေးကုန်၍ စားကုန်သည် ရှိသော် တစ်ကောင်သော မိကျောင်းသည် လာ၍ တ်၍ ငါးတို့ကို စားကုန်၏။ ထမင်းကျွေးခြင်း အမှု၌ ရွက်ဆောင်သော သူသည် မင်းအား ကြား၏။ ထိုမင်းသည် ထိုစကားကို ကြား၍ မိကျောင်းကို ငါးတို့ကို စားကုန်သော ကာလ၌ အရှက်မတင်သော မြားဖြင့်ပစ်၍ ဖမ်းလော့ဟု ဆို၏။ ထမင်း ကျွေးခြင်း အမှုကို ရွက်ဆောင်သော သူသည် ကောင်းပြီဟု သွားလျက်လှေ၌စီး၍ ငါးတို့ ကို စားအံ့သောငှါ လာသော မိကျောင်းကို အရှက်မတပ်သော မြားဖြင့် ပစ်၏။ မြားသည် မိကျောင်း၏ ကျောသို့ဝင်၏။ ထိုမိကျောင်းသည် ဝေဒနာသို့ရောက်သည် ဖြစ်၍ ထိုမြားကို ယူ၍လျှင် ပြေး၏။ ထမင်းကျွေးခြင်း အမှုကို ရွက်ဆောင်သော သူသည် ထိုမိကျောင်းကို မြားစူးသည်၏ အဖြစ်ကို သိ၍ ထိုမိကျောင်းကို ခေါ်လျက် ဤဂါထာကို ဆို၏—

၁၆၅။ ကာမံ ယဟိံ ဣစ္ဆသိ တေန ဂစ္ဆ၊
ဝိဒ္ဓေါသိ မမ္မမှိ ဝိကဏ္ဏကေန။
ဟတောသိ ဘတ္တေန သုဝါဒိတေန၊
လောလော စ မစ္ဆေ အနုဗန္ဓမာနော။

ဟယ် မိကျောင်း သင်သည် စင်စစ်ပြေးသွားလိုရာ အရပ်သို့ သွားလေတော့၊ ငါ၏ အရွက်မတက်သောမြားသည် သင့်ကို စူးဝင်လေပြီ၊ သင်သည် လောဘကြီးသည်ဖြစ်၍ အစာစားအံ့သောငှါ လာကုန်သော ငါးတို့ကို စားအံ့သောငှါ လိုက်ခြင်းကြောင့် ကောင်းစွာ တီးမှုတ်ခြင်းနှင့်ယှဉ်သော ထမင်းသည်လည်း သင့်ကို သတ်လေပြီ။

ထိုမိကျောင်းသည် မိမိနေရာသို့သွား၍ အသက်ကုန်ခြင်းသို့ ရောက်လေ၏။ မြတ်စွာဘုရားသည် ဤအကြောင်းကို ပြတော်မူပြီး၍ ဤဂါထာကိုဟောတော်မူ၏—

၁၆၆။ ဧဝမ္ပိ လောကာမိသံ ဩပတန္တော၊ ဝိဟညတီ စိတ္တဝသာနုဝတ္တီ။
သော ဟညတိ ဉာတိသခါနမဇ္ဈေ၊ မစ္ဆာနုဂေါ သောရိဝ သုံသုမာရော။

ရဟန်းတို့ ငါးသို့အစဉ်လိုက်သော ထိုမိကျောင်းသည် ပျက်စီးခြင်းသို့ရောက်သကဲ့သို့ ထို့အတူ ကာမဂုဏ် ငါးပါးသို့ကျသော ကိလေသာ၏ အစွမ်းအားဖြင့်

စိတ်၏အလိုသို့ အစဉ်လိုက်သော ထိုပုဂ္ဂိုလ်သည် ဆွေမျိုးအပေါင်းတို့၏အလယ်၌ ပင်ပန်းရ၏။

ဇာတ်ပေါင်း

ဤသို့ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ငါးတို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(ရှက်မဲ့မြားပမာ၊ ကိလေသာ)

နှစ်ရာသုံးဆယ့်သုံးခုမြောက်သော ဝိကဏ္ဏကဇာတ်သည် ပြီး၏။

---

၂၃၄-အသိတာဘူဇာတ်

ငါးစိမ်းမြင် ငါးကင်ပစ်

မြေပါလည်းဆုံး သားလည်းဆုံး

(မ-လိုက်မင်း)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "တွမေဝ ဒါနိမကရ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအသိတာဘူဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော သတို့သမီးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့၏ အလုပ်အကျွေးအိမ်၌ တစ်ယောက်သော သတို့သမီးသည် အလွန်အဆင်းလှ၏။ မြတ်သော တင့်တယ်ခြင်းသို့ ရောက်၏။ ထိုသတို့သမီးသည် အရွယ်သို့ရောက်သည်ရှိသော် တူသော ဒေမျိုးရှိသော အိမ်သို့ရောက်၏။ လင်သည် သတို့သမီးကို တစိုးတစိမျှ မမြတ်နိုးသည်ဖြစ်၍ တစ်ပါးသော မိန်းမ၌ စိတ်လိုလိုက်သည်၏ အစွမ်းအားဖြင့် ကျင့်၏။ ထိုသတို့သမီးသည် ထိုယောကျ်ား၏ မိမိ၌ ထိုသို့ မရှိမသော ကျင့်ခြင်းကို မရေတွက်မူ၍ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ဖိတ်၍ အလှူကို လှူ၍ တရားကိုနာသည်ရှိသော် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုအမျိုးသမီးသည် ထိုအခါမှစ၍ မင် ဖိုလ် ချမ်းသာဖြင့် လွန်စေလျက် လင်သည်လည်း ငါ့ကို အလိုမရှိ၊ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အလိုမရှိ၊ ငါသည် ရဟန်းပြုအံ့ဟု ကြံ၍ မိဘတို့အား ကြား၍ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်၏။ ထိုအမျိုးသမီး၏ ထိုအမှုအရာသည် ရဟန်းတို့၌ ထင်ရှားသည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည် ရှိသော အမျိုးသမီးသည် အကျိုးကို ရှာမှီးတတ်၏။ လင်၏အလို မရှိသည် အဖြစ်ကိုသိ၍ အဂ္ဂသာဝကတို့၏ တရားကိုနာရ၍ သောတာပတ္တိဖိုလ်၌ တည်၍ တစ်ဖန် မိဘတို့ကိုပန်၍ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။ ဤသတို့သမီး သည် အကျိုးစီးပွားကို ရှာမှီးတတ်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာ ဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုအမျိုးသမီးသည် အကျိုးကို ရှာတတ်သည်မဟုတ်သေး၊ ရှေး၌လည်း အကျိုးကို ရှာမှီးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ရသေ့ ရဟန်းအဖြစ်သို့ ကပ်၍ အဘိညာဉ်တို့ကို လည်းကောင်း, သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် မိမိ၏ သားဖြစ်သော ဗြဟ္မဒတ်မင်းသား၏ အခြံအရံနှင့် ပြည့်စုံခြင်းကိုမြင်၍ ဖြစ်သော ရွံရှာခြင်းသို့ရောက်၍ မိမိသားကို တိုင်းနိုင်ငံမှ နှင်လိုက်၏။ ထိုဗြဟ္မဒတ်မင်းသားသည် အသိတာဘူ အမည်ရှိသော မိမိ၏ မိဖုရားကို ယူ၍ ဟိမဝန္တာသို့ ဝင်၍ ငါး အမဲ သစ်သီးငယ် သစ်သီးကြီး တို့ကို စားလျက် သစ်ရွက်မိုးသော ဇရပ်၌ နေ၏။ ထိုဗြဟ္မဒတ် မင်းသားသည် တစ်ခုသော ကိန္နရီမကိုမြင်၍ တပ်စွန်းသောစိတ်ရှိသည် ဖြစ်၍ ဤကိန္နရီမကို မယားပြုအံ့ဟု အသိတာဘူ မိဖုရားကို မရေတွက်မူ၍ ထိုကိန္နရီမ၏ ခြေရာ အစဉ်သို့ လိုက်၏။ ထိုအသိတာဘူ မိဖုရားသည် ကိန္နရီမသို့ အစဉ်လိုက်သော ထိုဗြဟ္မဒတ် မင်းသားကို မြင်လေ၍ ထိုဗြဟ္မဒတ် မင်းသားသည် ငါ့ကို မရေတွက် မူ၍ ကိန္နရီမသို့ အစဉ်လိုက်၏။ ဤမင်းသားဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်းဟု တပ်စွန်းခြင်းကင်းသော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်းသို့ ကပ်လေ၍ ရှိခိုး၍ မိမိအား ကသိုဏ်းပရိကံကို ဟောစေ၍ ကသိုဏ်းကို ကျင့်လျက် အဘိညာဉ်တို့ကို လည်းကောင်း, သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဘုရားလောင်းကို ရှိခိုး၍ လာလတ်၍ မိမိ၏ သစ်ရွက်မိုးသော ဇရပ်

တံခါး၌ တည်၏။ ဗြဟ္မဒတ် မင်းသားသည်လည်း ကိန္နရီမသို့ လိုက်လျက် လှည့်လည်၍ ထိုကိန္နရီမ၏ အစဉ်သွားသော ခရီးကိုလည်း မမြင်၍ အာသာ ပြတ်သည်ဖြစ်၍ သစ်ရွက်ဖြင့် မိုးသော ဇရပ်သို့သာလျှင် ရှေးရှုလာလတ်၏။ အသိတာဘူမိဖုရားသည် ထိုဗြဟ္မဒတ်မင်းသား လာသည်ကို မြင်၍ ကောင်းကင် သို့ ပျံတက်၍ ပတ္တမြားညို အဆင်းနှင့်တူသော အဆင်းရှိသော ကောင်းကင် ပြင်၌ ရပ်လျက် အရှင့်သား အရှင့်သားကို မှီ၍ ငါသည် ဤ ဈာန်ချမ်းသာကို ရပေ၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၆၇။ တွမေဝ ဒါနိ'မကရ၊ ယံ ကာမော ဗျဂမာ တယိ။
သောယံ အပ္ပဋိသန္ဓိကော၊ ခရဆိန္နံဝ ရေနုကံ။

အရှင့်သား ယခုအခါ၌ သင့်ကြောင့် ငါသည် ဤဈာန်ချမ်းသာကို ရပေပြီ၊ ယခုအခါ၌ သင့်အပေါ် ငါ၏ တပ်စွန်းခြင်း ကာမသည် ကင်းပြတ်လေပြီ၊ လွှဖြင့်ဖြတ်အပ်သော ဆင်စွယ်ကဲ့သို့ ထိုသင့်အပေါ်၌ တပ်စွန်းခြင်း ကာမသည် တစ်ဖန် ပြန်ဆက်စပ်ခြင်းသဘော မရှိတော့ပြီ။

ဤသို့ဆို၍ ထိုဗြဟ္မဒတ်မင်းသား၏ မြင်စဉ်ပင်လျှင် ပျံ၍ တစ်ပါးသော အရပ်သို့ သွား၏။ ထိုဗြဟ္မဒတ်မင်းသားသည် ထိုအသိတာဘူ မင်းသမီး၏ သွားသောကာလ၌ ငိုကြွေးလျက် ဤဂါထာကို ဆို၏—

၁၆၈။ အတြိစ္ဆံ အတိလောဘေန၊ အတိလောဘမဒေန စ။
ဧဝံ ဟာယတိ အတ္ထမှာ၊ အဟံဝ အသိတာဘုယာ။

ငါသည် အသိတာဘူ မင်းသမီးကို ဆုံးရှုံးရသကဲ့သို့ ထို့အတူ ထိုထိုအာရုံ၌ အလိုရှိတတ်သော အဆုံးမရှိသော တဏှာ၏ အစွမ်းအားဖြင့် ထိုထိုအာရုံ၌ လိုချင်မက်မောတတ်သော ပုဂ္ဂိုလ်သည် အလွန်လောဘကြီးခြင်းကြောင့် လည်းကောင်း ပုရိသမာန်ကိုလည်း ဖြစ်စေတတ်သော အလွန်သော လောဘဖြင့် ယစ်ခြင်းကြောင့် လည်းကောင်း အကျိုးစီးပွားမှ ဆုံးရှုံးရ၏။

ထိုဗြဟ္မဒတ်မင်းသားသည် ဤဂါထာဖြင့် ငိုကြွေး၏။ တစ်ယောက် အထီး တည်းသာလျှင် တော၌နေ၍ အဖလွန်သဖြင့် သွား၍ မင်းအဖြစ်ကို ယူ၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ၌ ဤ နှစ်ယောက်ကုန်သော သူတို့သည် ထိုအခါ မင်းသားလည်းကောင်း၊ မင်းသမီး လည်းကောင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အရှုံးထဲမှ အမြတ်ထုတ်)

နှစ်ရာသုံးဆယ့်လေးခုမြောက်သော အသိတာဘူဇာတ်သည် ပြီး၏။

---

## ၂၃၅-ဝစ္ဆနခဇာတ်

### ကိစ္စမြားမြောင် လူတို့ဘောင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သုခါ ဃရာ ဝစ္ဆနခ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝစ္ဆနခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရောဇမည်သော မလ္လာမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရောဇအမည်ရှိသော မလ္လာမင်းသည် အရှင်အာနန္ဒာ၏ လူအဆွေခင်ပွန်း ဖြစ်သတတ်။ ထိုရောဇမည်သော မလ္လာမင်းသည် တစ်နေ့သ၌ ကြွလာစိမ့်သောငှါ အရှင်အာနန္ဒာမထေရ်အား သတင်းစကားကို မှာလိုက်၏။ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို ပန်၍ သွား၏။ ထို ရောဇမည်သော မလ္လာမင်းသည် အရှင်အာနန္ဒာမထေရ်ကို အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ဘုဉ်းပေးစေ၍ တင့်အပ်သော နေရာ၌နေလျက် မထေရ်နှင့် တကွ ပျူငှါသော လောကဝတ်ကိုပြု၍အရှင်အာနန္ဒာမထေရ်ကို လူတို့၏စည်းစိမ်ဖြင့်လည်းကောင်း၊ ငါးပါးကုန်သော ကာမဂုဏ်တို့ဖြင့်လည်းကောင်း ဖိတ်၍ အရှင်အာနန္ဒာ အကျွန်ုပ်၌ များစွာသော အသက်ရှိသောရတနာသည် လည်းကောင်း၊ အသက်မရှိသော ရတနာသည်လည်းကောင်း ရှိ၏။ ဤရတနာကို အလယ်၌ခွဲ၍ အရှင်အား ပေးအံ့။ လာလှည့်လော့ နှစ်ယောက်ကုန်သော ငါတို့သည် အိမ်၌ နေကြကုန်အံ့ဟုဆို၏။

အရှင်အာနန္ဒာမထေရ်သည် ထိုရောဇမည်သော မလ္လာမင်းအား ကာမဂုဏ်တို့၌ အပြစ်ကို ဆို၍ နေရာမှထ၍ ကျောင်းသို့သွား၍ အာနန္ဒာ သင်သည် ရောဇမည်သော မလ္လာမင်းကို မြင်ခဲ့၏လောဟု မြတ်စွာဘုရား မေးသည်ရှိသော် အရှင်ဘုရား မြင်ခဲ့ပါ၏ဟု လျှောက်၏။ ထိုရောဇမည်သော မလ္လာမင်းကို အသို့ဆိုခဲ့သနည်းဟု မိန့်တော်မူသည်ရှိသော် အရှင်ဘုရား ထိုရောဇမည်သော မလ္လာမင်းသည် ကျွန်ုပ်ကို ဃရာဝါသဖြင့်ဖိတ်၏၊ ထိုအခါ ထိုရောဇမည်သော မလ္လာမင်းအား အိမ်ရာထောင်ခြင်း၌လည်းကောင်း၊ ကာမဂုဏ်တို့၌ လည်းကောင်း အပြစ်ကို ဟောခဲ့၏ဟု လျှောက်၏။ မြတ်စွာဘုရားသည် အာနန္ဒာ ရောဇမည်သော မလ္လာမင်းသည် ယခုအခါ၌သာလျှင် ရဟန်းတို့ကို ဃရာဝါသဖြင့် ဖိတ်သည် မဟုတ်သေး။ ရှေး၌လည်း ဖိတ်ဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အာနန္ဒာမထေရ်သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

အာနန္ဒာ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုအခါ ဘုရားလောင်းသည် တစ်ခုသော နိဂုံး၌ ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ရသေ့ ရဟန်းအဖြစ်သို့ ကပ်၍ ဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေ၏။ ချဉ်, ဆား, မှီဝဲအံ့သောငှါ ဗာရာဏသီ ပြည်သို့ရောက်၍ မင်းဥယျာဉ်၌ နေ၍ နက်ဖြန်နေ့၌ ဗာရာဏသီပြည်သို့ ဝင်၏။ ထိုအခါ ဗာရာဏသီ သူဌေးသည် ထိုဘုရားလောင်း၏ ဣရိယာပုထ်၌ကြည်ညို၍ အိမ်သို့ပင့်ပြီးလျှင် ဆွမ်းကျွေး၍ ဥယျာဉ်၌နေစိမ့်သောငှါ ဝန်ခံခြင်းကိုယူစေ၍ ထိုဘုရားလောင်းကို လုပ်ကျွေး၍ ဥယျာဉ်၌နေစေ၏။ ထိုရသေ့,သူဌေးတို့သည် အချင်းချင်းဖြစ်သော ချစ်ခြင်းရှိကုန်၏။ ထိုအခါ တစ်နေ့သ၌ ဗာရာဏသီ သူဌေးသည် ဘုရားလောင်း၌ ချစ်ခြင်း၊ အကျွမ်းဝင်ခြင်း၏ အစွမ်းအားဖြင့် ရဟန်းအဖြစ် မည်သည်ကား ဆင်းရဲငြိုငြင်၏။ ငါ၏ အဆွေခင်ပွန်းဖြစ်သော ဝစ္ဆနခပရိဗိုဇ်ကို လူထွက်စေ၍ အလုံးစုံသော စည်းစိမ်ကို အလယ်၌ခွဲ၍ ထို ဝစ္ဆနခ ပရိဗိုဇ်အားပေး၍ နှစ်ယောက်ကုန်သော ငါတို့သည်လည်း အညီအညွတ် နေခြင်းကို နေကြကုန်အံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဗာရာဏသီသူဌေးသည် တစ်နေ့ သ၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ၏ အဆုံး၌ ထိုဝစ္ဆနခ ပရိဗိုဇ်နှင့်တကွ သာယာ စွာသော ပျူငှါ လောကဝတ် စကားကို ပြောဟောပြီး၍ အရှင် ဝစ္ဆနခ ရဟန်း အဖြစ်မည်သည်ကား ဆင်းရဲငြိုငြင်၏။ အိမ်၌နေခြင်းသည် ချမ်းသာ၏။ အရှင် ဝစ္ဆနခ အရှင်သည် လာလှည့်လော့။ နှစ်ဦးကုန်သော ငါတို့သည် အညီအညွတ် ကာမဂုဏ်တို့ကို သုံးဆောင် ခံစားကုန်လျက် နေကြကုန်အံ့၊ ဤသို့ ဆို၍ ဤဂါထာကို ဆို၏—

၁၆၉။ သုခါ ဃရာ ဝစ္ဆနခ၊ သဟိရညာ သဘောဇနာ။
　　　ယတ္ထ ဘုတွာ ပိဝိတွာ စ၊ သယေယျာထ အနုဿုကော။

အရှင်ဝစ္ဆနခ ရတနာ ခုနစ်ပါး စားဖွယ်ဘောဇဉ်တို့နှင့် ပြည့်စုံသော အိမ်၌ လုံ့လမပြုဘဲ စား၍ သော်လည်းကောင်း၊ သောက်၍သော်လည်းကောင်း နေလာလှည့်လော့၊ ရွှေအစရှိသော ရတနာ ခုနစ်ပါးနှင့်ပြည့်စုံထသော စားဖွယ် ဘောဇဉ်နှင့် ပြည့်စုံထသောအိမ်၌ နေခြင်းသည်သာ ချမ်းသာ၏။

ထိုအခါ ဘုရားလောင်းသည် ထိုဗာရာဏသီ သူဌေး၏ စကားကို ကြား၍ သူဌေးကြီး သင်သည် မသိသည်၏ အဖြစ်ကြောင့် ကာမဂုဏ်၌ မက်မောသည် ဖြစ်၍ အိမ်၌ နေရခြင်း၏ ကျေးဇူးကိုဆို၏။ သင်အား အိမ်၌ နေခြင်း၏ ကျေးဇူးမဲ့ကို ငါဆိုအံ့။ ယခုအခါ သင် နာလော့ဟု ဤသို့ ဆို၍ ဤဂါထာကို ဆို၏—

၁၇၀။ ဃရာ နာ’နီဟမာနဿ၊ ဃရာ နာ’ဘဏတော မုသာ။
ဃရာ နာဒိန္နဒဏ္ဍဿ၊ ပရေသံ အနိကုဗ္ဗတော။
ဧဝံ ဆိဒ္ဒံ ဒုရဘိသမ္ဘဝံ၊ ကော ဃရံ ပဋိပဇ္ဇတိ။

သူဌေးကြီး အစဉ်မပြတ် လယ်ယာထွန်ခြင်း, နွားကျောင်းခြင်း စသော အမှုဖြင့် လုံ့လမရှိသူ၏ အိမ်သည် မတည်နိုင်၊ လယ်ယာ ဥစ္စာ ရွှေငွေ စသည်တို့၏ အကျိုးငှါ မုသား မဆိုသောသူ၏ အိမ်သည် မတည်နိုင်၊ ဒဏ်ပေးမခံရဖူးသော, သူတစ်ပါးတို့အား နှိပ်စက်ခြင်းကို မပြုသောသူ၏အိမ်သည် မတည်နိုင်၊ ဤသို့ အပြစ်အပေါက်ရှိသော, ဖြစ်နိုင်ခဲသော သဘောရှိသော အိမ်ကို အဘယ်သူသည် အုပ်စိုး၍ နေချင်လိမ့်မည်နည်း။

ဤသို့ ဘုရားလောင်းသည် အိမ်၌ နေခြင်း၏ အပြစ်ကို ဆို၍ ဥယျာဉ်သို့ သွား၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန္တာဖြစ်မည်သော မလ္လာမင်းသည် ထိုအခါ ဗာရာဏသီသူဌေးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝစ္ဆနခ ပရိဗိုဇ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(မုသား မမည်၊ အိမ် မတည်၍၊ လိမ်လည်လူ့ ရွာ၊ လောင်းများစွာတို့ ဃရာနှောင်ခြင်း၊ ရှောင်ကာကွင်းခဲ့)

နှစ်ရာသုံးဆယ့်ငါးခုမြောက်သော ဝစ္ဆနခဇာတ်သည် ပြီး၏။

---

## ၂၃၆·ဗကဇာတ်

### သီလကြောင် ဗျိုင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ဘဒ္ဒကော ဝတာယံ ပက္ခီ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားသည် ဆောင်ခဲ့သောရဟန်းကို မြင်တော်မူ၍ ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည် မဟုတ်သေး။ ရှေး၌လည်း ဤရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်၌ တစ်ခုသောအိုင်ဝယ် ငါးဖြစ်၍ များစွာသော အခြံအရံရှိလျက် နေ၏။ ထိုအခါ တစ်ကောင်သော ဗျိုင်းသည် ငါးတို့ကို စားအံ့ဟု အိုင်၏အနီးဖြစ်သော အရပ်၌ ဦးခေါင်းကိုချ၍ အတောင်ကို ဖြန့်၍ အလွန်သိမ်မွေ့သကဲ့သို့ ငါးတို့ကို ကြည့်လျက် ထိုငါးတို့၏ မေ့လျော့ခြင်းကို ငံ့လျက် ရပ်၏။ ထိုခဏ၌ ဘုရားလောင်းသည် ငါးအပေါင်း ခြံရံလျက် အစာကိုယူလာသော် ထိုအရပ်သို့ရောက်၏။ ငါးအပေါင်းသည် ထို ဗျိုင်းကို မြင်၍—

၁၇၁။ ဘဒ္ဒကော ဝတ ယံ ပက္ခီ၊ ဒိဇော ကုမုဒသန္နိဘော။
ဝူပသန္တေဟိ ပက္ခေဟိ၊ မန္ဒမန္ဒေဝ ဈာယတိ–

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

အချင်းတို့ ကြာဖြူအဆင်းနှင့်တူသော အတောင်ရှိထသော ဤငှက်သည် ငြိမ်းချမ်းကုန်သော အတောင်တို့ဖြင့် ကောင်းလေစွ။ ညံ့ညံ့ပျောင်းပျောင်း ကဲ့သို့ မှိုင်လျက်နေ၏။

ထိုအခါ ထိုဗျိုင်းကို ဘုရားလောင်းသည် ကြည့်၍ ဤဂါထာကိုဆို၏–

၁၇၂။ နာဿ သီလံ ဝိဇာနာထ၊ အနညာယ ပသံသထ။
အမှေ ဒိဇော န ပါလေတိ၊ တေန ပက္ခီ န ဖန္ဒတိ။

အချင်းတို့ သင်တို့သည် ထိုဗျိုင်း၏သီလကို မသိကုန်ဘဲလျက် ချီးမွမ်းကြကုန်၏။ ငါတို့ကို ဗျိုင်းငှက်သည် မစောင့်၊ ထိုမစောင့်သောကြောင့် ဗျိုင်းသည် မတုန်မလှုပ်နေ၏။

ဤသို့ ဆိုသည်ရှိသော် ငါးအပေါင်းသည် ရေကို ချောက်ချားစေ၍ ပြေး၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ဖျိုင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ငါးမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အကျင့်ရှိယောင်၊ သီလကြောင်၊ ဖျိုင်းကောင် ပုံပမာ)

နှစ်ရာသုံးဆယ့်ခြောက်ခုမြောက်သော ဗကဇာတ်သည် ပြီး၏။

## ၂၃၇-သာကေတဇာတ်

### မြင်လျှင်မြင်ချင်း ချစ်ခြင်းပြင်း

### ပစ္စုပ္ပန် နှင့် အတိတ်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်"ကော နု ခေါ ဘဂဝါ ဟေတု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာကေတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **သာကေတ** အမည်ရှိသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤသာကေတဇာတ်၌ အတိတ် ပစ္စုပ္ပန်ဖြစ်သော ဝတ္ထုကား အောက်ဧကကနိပါတ်သာကေတဇာတ်၌ ဆိုအပ်ပြီးသလျှင်ကတည်း။ မြတ်စွာဘုရားသည် ကျောင်းဦးသို့ ကြွတော်မူသောကာလ၌ ရဟန်းတို့သည် အရှင်ဘုရား ဤချစ်ခြင်းမည်သည်ကား အဘယ်အကြောင်းကြောင့် တည်သနည်းဟု မေးလိုက်သည်ဖြစ်၍ ဤဂါထာကို ဆို၏-

၁၇၃။ ကော နု ခေါ ဘဂဝါ ဟေတု၊ ဧကစ္စေ ဣဓ ပုဂ္ဂလေ။
အတီဝ ဟဒယံ နိဗ္ဗာတိ၊ စိတ္တဉ္စာပိ ပသီဒတိ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤလောက၌ အချို့သောပုဂ္ဂိုလ်၌ မြင်ကာမျှဖြင့်သာလျှင် နှလုံးသည် အလွန်လျှင် ငြိမ်းချမ်း၏။ စိတ်သည်လည်း ကြည်ညို၏။ အကြောင်းကား အသို့နည်း။

ထိုအခါ ထိုရဟန်းအား မြတ်စွာဘုရားသည် ချစ်ခြင်း၏ အကြောင်းကို ပြတော်မူလို၍ ဤဂါထာကို မိန့်တော်မူ၏-

၁၇၄။ ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

(ဤဂါထာ၌ ဝါနှစ်လုံးကား ရဿ ရောက်သည်)

ရဟန်းတို့ ကြာသည်လည်းကောင်း၊ ကြာမှကြွင်းသော ရေ၌ဖြစ်သော ပန်းသည်လည်းကောင်း ရေ၌ဖြစ်လတ်သည်ရှိသော် ရေ, ညွန်ဟူသော ဤ အကြောင်းနှစ်ပါးတို့ကို မှီ၍ ဖြစ်သကဲ့သို့ ထို့အတူ ထိုချစ်ခြင်းသည် ဖြစ်လတ်သည်ရှိသော် ရှေးဘဝက အတူတကွ နေခဲ့ဖူးခြင်းကြောင့်လည်းကောင်း, ယခုဘဝ၌ အစီးအပွားကို ဆောင်ခြင်းကြောင့်လည်းကောင်း ဤအကြောင်း နှစ်ပါးကြောင့် ဖြစ်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ဤ နှစ်ယောက်ကုန်သော သူတို့သည် ထိုအခါ ပုဏ္ဏားသည်လည်းကောင်း၊ ပုဏ္ဏေးမ သည် လည်းကောင်း ဖြစ်ဖူးကုန်ပြီ။ ယခုအခါ မဖောက်မပြန် ကိုယ်တော်တိုင် သာလျှင် ခပ်သိမ်းသော တရားကိုသိပြီးသော ငါဘုရားသည်သာလျှင် ထိုအခါ သားဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(အတူနေဖူး၊ ကျေးဇူးဆောင်လင့်၊ မေတ္တာသင့်၊ ရေနှင့်ကြာပမာ)

နှစ်ရာသုံးဆယ့်ခုနစ်ခုမြောက်သော သာကေတဇာတ်သည် ပြီး၏။

---

## ၂၃၇-ကေပဒဇာတ်

### ဖအေထက် သားတစ်လကြီး

### စီးပွါးရေး ပြဿနာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ကေ ပဒံ တာဘ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤကေပဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော သူကြွယ်သည် ရှိသတတ်၊ ထိုအခါ ထိုသူကြွယ်အား တစ်နေ့သ၌ ရင်ခွင်၌နေသော သားသည် အကျိုး အကြောင်းကို မှီသော ပြဿနာကို မေး၏၊ ဤပြဿနာသည်ကား ဘုရား

အရာတည်း။ ထိုပြဿနာကို ဖာစ်ပါးသော သူသည် ဖြေအံ့သောငှါ မစွမ်းနိုင်လတ္တံ့ဟု ထိုသူကြွယ်သည် သားကိုယူ၍ ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ အရှင်ဘုရား ဤသူငယ်သည် အကျွန်ုပ်ရင်ခွင်၌ နေလျက် အကျိုးစီးပွါးဖြစ်ခြင်းအကြောင်းကိုမှီသော ပြဿနာကို မေး၏။ အကျွန်ုပ်သည် ထိုပြဿနာကို မသိသည်ဖြစ်၍ အရှင်ဘုရားအထံသို့လာ၏။ အရှင်ဘုရား ဤပြဿနာကို ဖြေတော်မူလော့ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဒါယကာ ဤသူငယ်သည် ယခုအခါ၌သာလျှင် အကျိုးစီးပွါးကိုရှာသည် မဟုတ်သေး။ ရှေး၌လည်း အကျိုးစီးပွါးကို ရှာသည်သာလျှင် ဖြစ်၍ ပညာရှိတို့ကို မေးဖူး၏။ ရှေးပညာရှိတို့သည်လည်း ထိုသူငယ်အား ဖြေဖူးကုန်၏။ ထိုသို့ မေးဖူး ဖြေဖူးသော်လည်း ဘဝဖုံးလွှမ်းသည်၏ အဖြစ်ကြောင့် မမှတ်မိဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် အဖလွန်သဖြင့် သူဌေးအရာကိုရ၏။ ထိုအခါ ထိုသူဌေးအား ငယ်သော ပျို့နုသော သားသည် ရင်ခွင်၌နေ၍ ဖခင် ငါ့အား တစ်ခုသော ပုဒ်ရှိသော အကျိုးကိုမှီသော အကြောင်းကို ဆိုပါလော့ဟု မေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏ —

၁၇၅။ ဧကံ ပဒံ တာတ၊ အနေကတ္ထပဒဿိတံ။
ကိဉ္စိ သင်္ဂါဟိကံ ဗြူသိ၊ ယေန’တ္ထေ သာဓယေမသေ။

ဖခင် တိုက်တွန်း၏ ပုဒ်တစ်ခုတည်းဖြင့် အကျိုးများစွာကို ပြီးစေကုန်ငြားအံ့၊ များစွာသောအကျိုးအကြောင်းကို ပြတတ်သော ပုဒ်ကို မှီသော အလုံးစုံ အနည်းအများဖြစ်သော အကျိုးကို ပြီးစေတတ်သော ထိုပုဒ်တစ်ခုကို ပြောကြားပါလော။

ထိုအခါ ထိုသူငယ်၏ အဖသည် ဖြေလိုသည်ဖြစ်၍ ဤဂါထာကိုဆို၏—

၁၇၆။ ဒက္ခေယျ’ ကပဒံ တာတ၊ အနေကတ္ထပဒဿိတံ။
တဉ္စ သီလေန သညုတ္တံ၊ ခန္တိယာ ဥပပါဒိတံ။
အလံ မိတ္တေ သုခါပေတုံ၊ အမိတ္တာနံ ဒုခါယ စ။

ချစ်သား လာဘ်ကို ဖြစ်စေခြင်း၌ လိမ္မာသောသူ၏ အဖြစ်ဟု ဆိုအပ်သော ဉာဏ်နှင့်ယှဉ်သော တစ်ခုသော ပုဒ်ရှိထသော များစွာသောအကျိုးအကြောင်းကို

ပဒ်ကိုမှီထသော ထိုဝီရိယသည် သီလနှင့် ယှဉ်လ‌တ်သော် သည်းခံခြင်းနှင့် ပြည့်စုံလတ်သည်ရှိသော် အဆွေခင်ပွန်းတို့ကိုချမ်းသာစိမ့်သောငှါလည်းကောင်း၊ ရန်သူတို့ကို ဆင်းရဲစိမ့်သောငှါ လည်းကောင်း စွမ်းနိုင်၏။

ဤသို့ ဘုရားလောင်းသည် သားအား ပြဿနာကိုဖြေ၏။ ထိုသူငယ်သည် လည်း အဖဖြေအပ်သော နည်းဖြင့် သာလျှင် မိမိအကျိုးစီးပွါးကို ပြီးစေ၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကိုပြသည်၏ အဆုံး၌ အဖသည် လည်းကောင်း၊ သားသည်လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဤသားသည် ပင်လျှင် ထိုအခါ သားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီသူဌေး ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာသုံးဆယ့်ရှစ်ခုမြောက်သော ဧကပဒဇာတ်သည် ပြီး၏။

---

၂၃၉- ဟရိတမဏ္ဍုကဇာတ်

မြွေနှင့် ဖားညို

ရေပျားတော့ ရေနိုင် မီးများတော့ မီးနိုင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "အာသီဝိသမ္ပိ မံ"အစရှိသော ဂါထာ ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဟရိတမဏ္ဍုကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အဇာတသတ်မင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ကောသလမင်း၏ အဖဖြစ်သော မဟာကောသလမင်းသည် ဗိမ္ဗိသာရမင်း အား သမီးကို ပေးလတ်သည်ရှိသော် သမီး၏ ကာယ်မှုန့်ဖိုး အကျိုးငှါ ကာသိက အမည်ရှိသော ရွာငယ်ကို ပေးလိုက်၏။ ထိုမိဖုရားသည် အဇာတသတ် မင်းသည် ပိတုဃာတကကံကို ပြုသည်ရှိသော် မင်းအား ချစ်ခြင်းကြောင့် မကြာမြင့်မီလျှင် သေ၏။ အဇာတသတ်မင်းသည် အမိသေလတ်သည် ရှိသော် ထိုကာသိကရွာကို စားသလျှင်ကတည်း။ ကောသလမင်းသည် အဖသတ် သူခိုးအား ငါ၏ဥစ္စာဖြစ်သောရွာကို မပေးအံ့ဟု ထိုအဇာတသတ်မင်းနှင့် တကွ

စစ်ထိုး၏။ ရံခါ ဦးရီး၏ အောင်ခြင်းသည် ဖြစ်၏။ ရံခါ တူ၏ အောင်မြင်ခြင်းသည်ဖြစ်၏။ အကြင်အခါ၌ကား အဇာတသတ်မင်းသည် အောင်၏။ ထိုအခါ ရထား၌ တံခွန်ကိုစိုက်၍ များစွာသော အခြံအရံဖြင့် မြို့သို့ဝင်၏။ အကြင်အခါ၌ ရှုံး၏။ ထိုအခါ နှလုံးမသာယာခြင်းသို့ရောက်သည်ဖြစ်၍ တစ်စုံတစ်ယောက်သော သူကို မသိစေမူ၍သာလျှင်ဝင်၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ အဇာတသတ်မင်းသည် ဦးရီးကို အောင်၍ နှစ်သက်ဝမ်းသာရှိ၏။ ဦးရီးကိုရှုံး၍ နှလုံးမသာယာခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်သည်ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤအဇာတသတ်မင်းသည် အောင်၍ နှစ်သက်သည်၊ ရှုံး၍ နှလုံးမသာယာခြင်းသို့ရောက်သည် မဟုတ်သေး။ ရှေး၌လည်း ဤအဇာတသတ်မင်းသည် အောင်၍ နှစ်သက်ဝမ်းသာရှိ၏။ ရှုံး၍နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဖားညိုအမျိုး၌ ဖြစ်၏။ ထိုအခါ လူတို့သည် မြစ်ချောင်းအစရှိသည်တို့တွင် ထိုထိုအရပ်၌ ငါးကို ဖမ်းအံ့သောငှါ မြှုံးတို့ကို ထောင်ကုန်၏၊ တစ်ခုသော မြှုံး၌ ငါးတို့သည် ဝင်ကုန်၏။ ထိုအခါ တစ်ခုသော ရေမြွေသည် ငါးတို့ကို စားလိုရကား ထိုမြှုံးသို့ ဝင်လေ၏။ များစွာကုန်သော ငါးတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်၏။ ထိုရေမြွေကို ခဲကုန်၏၊ တစ်ကိုယ်လုံး သွေးခြင်းခြင်းနီသည်ကို ပြုကုန်၏။ ထိုရေမြွေသည် ကိုးကွယ်ရာ မမြင်ရကား သေဘေးမှ ကြောက်သည်ဖြစ်၍ မြှုံးပေါက်ဝဖြင့် ထွက်၍ ဒုက္ခဝေဒနာသို့ ရောက်သည်ဖြစ်၍ ရေ၏အဆုံး၌ အိပ်၏။ ဖားညိုသည်လည်း ထိုခဏ၌ ခုန်၍ မြှုံးတံ၏ ထိပ်၌ ဝပ်၏။ ရေမြွေသည် ဆုံးဖြတ်ရာ အရပ်ကို မရသည်ဖြစ်၍ ထိုမြှုံးတံ ထိပ်၌ ဝပ်သော ဖားညိုကိုမြင်၍ အဆွေဖားညို ဤငါးတို့၏ အမူအရာကို သင်သည် နှစ်သက်သလောဟု မေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏–

၁၇၇။ အာသီဝိသမ္ပိ မံ သန္တံ၊ ပဝိဋ္ဌံ ကုမိနာမုခံ။
ရုစ္စတေ ဟရိတာ မာတာ၊ ယံ မံ ခါဒန္တိ မစ္ဆကာ။

အဆွေဖားညို မြှုံးဝသို့ ဝင်သော ရေမြွေသည်လည်းဖြစ်သော ငါ့ကို ငါးအပေါင်းတို့သည် ခဲကုန်၏။ သင်အဆွေသည် ထိုသို့ခဲခြင်းကို နှစ်သက်၏လော။

ထိုအခါ ရေမြွေကို ဖားညိုသည် အချင်းရေမြွေ ငါသည် နှစ်သက်၏။ အဘယ့်ကြောင့်နည်း ဟူမူကား သင်သည် သင်၏နေရာသို့ လာကုန်သော ငါးတို့ကို စား၏၊ ငါးတို့သည် မိမိအရပ်သို့ လာသော သင့်ကိုလည်း ခဲကုန်၏။ မိမိ၏ အရာဖြစ်သောအရပ်၌ မိမိ၏ ကျက်စားရာမြေ၌ အားမရှိသော သူမည်သည်ကား မရှိ၊ ထို့ကြောင့် ငါသည်နှစ်သက်၏ဟု ဆို၍ ဤဂါထာကိုဆို၏–

၁၇၈။ ဝိလုမ္ပတေဝ ပုရိသော၊ ယာဝ’ဿ ဥပကပ္ပတိ။
ယဒါ စညေ ဝိလုမ္ပန္တိ၊ သော ဝိလုတ္တော ဝိလုမ္ပတိ။

အချင်းရေမြွေ လုယက်တတ်သော ယောကျ်ားအား လုယက်မှု၌ အစိုးရနေသမျှ ကာလပတ်လုံး ထိုယောကျ်ားသည် သူတစ်ပါးအပေါ် လုယက်ဖျက်ဆီးသည်သာတည်း၊ သူတစ်ပါးတို့သည် ထိုယောကျ်ားအား ပြန်လည်အစိုးရကုန်၍ လုယက် ဖျက်ဆီးကြသောအခါ၌ သူတစ်ပါးကို လုယက်ဖျက်ဆီး တတ်သော ယောကျ်ားသည် အစိုးရကုန်သော သူတစ်ပါးတို့ကြောင့် ပြန်လည် ပျက်စီးရလေ၏။

ဤသို့ ဖျက်ဆီးတတ်သော သူသည် တစ်ဖန် ပျက်စီးခြင်းသို့ ရောက်၏ဟု ဘုရားလောင်းသည် ဆုံးဖြတ်သည်ရှိသော် ရေမြွေ၏ အားနည်းသည်၏ အဖြစ်ကို သိ၍ ရန်သူကို ဖမ်းကုန်အံ့ဟု ငါးအပေါင်းတို့သည် မြုံးဝမှ ထွက်ကုန်၍ ထိုအရပ်၌လျှင် ထိုရေမြွေကို အသက်ကုန်ခြင်းသို့ ရောက်စေ၍ ခဲကြကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ အဇာတသတ်မင်းသည် ထိုအခါ ရေမြွေ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဖားညိုဖြစ်ဖူးပြီဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

(စည်းလုံးစိတ်တူ၊ ရှိတုံမူ၊ ရန်သူပျက်ယွင်း၊ အောင်ပွဲခင်း)

နှစ်ရာသုံးဆယ့်ကိုးခုမြောက်သော ဟရိတမဏ္ဍူကဇာတ်သည် ပြီး၏။

---

## ၂၄၀-မဟာပိင်္ဂလဇာတ်

### ပတရားမင်း

### ယမမင်းက ဆလံသရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗော ဇနော အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤ

မဟာပိင်္ဂလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ခြင်းကြောင့် ကိုးလလွန်သဖြင့် ဇေတဝန်ကျောင်းတော် တံခါးစုံဦး၌ မြေမျို၏။ ဇေတဝန်ကျောင်းတော်၌ နေကုန်သော သူတို့သည်လည်းကောင်း တိုင်းအလုံး၌ နေကုန်သော သူတို့သည် လည်းကောင်း ဘုရားသခင်၏ ရန်ဆူးရန်ငြောင့်ဖြစ်သော ဒေဝဒတ်ကို မြေမျို၏။ ယခုမြတ်စွာဘုရားသည် ပျောက်ကင်းသော ရန်သူရှိ၏ဟု နှစ်သက် ရွှင်လန်းခြင်း ဖြစ်ကုန်၏။ ထိုသူတို့၏ စကားကို အဆင့်ဆင့်သော အသံဖြင့်ကြားကုန်၍ ဇမ္ဗူဒီပါ ကျွန်းအလုံး၌ နေကုန်သော ဘီလူး ဘုမ္မစိုး ရုက္ခစိုး နတ်အပေါင်းတို့ သည်လည်း နှစ်သက်ရွှင်လန်း ကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုအခါ တစ်နေ့ သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်ကို မြေမျိုသည်ရှိသော် ဘုရားသခင်၏ ရန်ဆူးရန်ငြောင့်ဖြစ်သော ဒေဝဒတ်ကို မြေမျို၏ဟု လူများ သည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာ ဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေး ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် သေသည် ရှိသော် လူအများ သည် နှစ်သက်ရွှင်လန်းသည် မဟုတ်သေး၊ ရှေး၌လည်း ဒေဝဒတ်သည် သေသည်ရှိသော် လူများသည် နှစ်သက်ရွှင်လန်းသလျှင်ကတည်းဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပိင်္ဂလအမည် ရှိသော မင်းသည် မတရား မညီညွတ်သဖြင့် မင်းပြု၏။ချစ်ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် မကောင်းမှုကိုပြုလျက် ရာဇဝတ်မင်းဒဏ်ပေးခြင်း၊အခွန်အတုတ် ယူခြင်း၊ ရွှေရှားစေခြင်း၊ အသပြာယူခြင်း အစရှိသည်ကို ပြုသဖြင့် ကြံညစ် ယန္တရားတို့ဖြင့် ကြံကို ညှစ်ဘိသကဲ့သို့ လူများကို နှိပ်စက်ညှဉ်းဆဲ၏၊ ကြမ်းတမ်း ရှုန့်ရင်း၏။ နိုင်ထက်ကလူ မှုဘတ်၏။ သူတစ်ပါးတို့၌ ထိုမဟာပိင်္ဂလမင်း၏ အနည်းငယ်မျှသော သနားခြင်း မည်သည် မရှိ၊ အိမ်၌ မိန်းမတို့သည်လည်း ကောင်း၊ သားသမီးတို့သည်လည်းကောင်း၊ အမတ် ပုဏ္ဏား သူကြွယ်တို့သည် လည်းကောင်း၊ မချစ်မနှစ်သက်အပ်သည် ဖြစ်၏။ မျက်စိ၌ ကျသော မြူကဲ့သို့ လည်းကောင်း၊ ထမင်းဆုပ်၌ ကျသော ကျောက်စရစ်ကဲ့သို့ လည်းကောင်း ဖနောင့်ကို စူး၍ဝင်သော ဆူးကဲ့သို့သည်းကောင်း ဖြစ်စေ၏။ ထိုအခါ ဘုရား

လောင်းသည် မဟာပိင်္ဂလမင်း၏ သားဖြစ်၏၊ မဟာပိင်္ဂလမင်းသည် အခါ လေးမြင့် မင်းအဖြစ်ကိုပြု၍ သေ၏။ ထိုပိင်္ဂလမင်းသည် သေသည်ရှိသော် ဗာရာဏသီပြည်၌နေသော သူတို့သည် နှစ်သက်ရွှင်လန်း ကုန်သည်ဖြစ်၍၊ သည်းစွာသော ရယ်ခြင်းကို ရယ်ကုန်၏။ လှည်းအထောင်တို့ဖြင့် မဟာပိင်္ဂလ မင်း၏အလောင်းကို သင်္ဂြိုဟ်ကုန်၍ များစွာကုန်သော ရေအိုးအထောင်တို့ဖြင့် သင်္ချိုင်းမီးကို ငြိမ်းစေကုန်၍ ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၍ ငါတို့အည် တရားစောင့်သော မင်းကို ရကုန်ပြီဟု နှစ်သက် ရွှင်လန်း ကုန်သည်ဖြစ်၍ မြို့၌ပွဲခံခြင်းကို ပြုကုန်၍ စည်လည်စေ၍ စိုက်အပ်သော တံခွန် ကုက္ကားရှိသည်ဖြစ်၍ မြို့ကို တန်ဆာဆင်ကုန်၍ တံခါးတိုင်း တံခါးတိုင်း မဏ္ဍပ် ကို ဆောက်စေ၍ ပရိဖရဲကြဲအပ်သော ပေါက်ပေါက်ပန်းတို့ဖြင့် တန်ဆာဆင်အပ် သော အပြင်ရှိကုန်သော တန်ဆာဆင်အပ်သော မဏ္ဍပ်တို့၌ နေကုန်၍ ခဲလည်း ခဲကုန်၏၊ သောက်လည်း သောက်ကုန်၏။

ဘုရားလောင်းသည် တန်ဆာဆင်အပ်သော ပြာသာဒ်၌ စိုက်အပ်သော ထီးဖြူရှိသော မြတ်သောပလ္လင်၏ အလယ်၌ များသောစည်းစိမ်ကို ခံစားလျက် နေ၏။အမတ်ပုဏ္ဏား သူကြွယ်တို့သည်လည်းကောင်း၊ တိုင်း၌နေသောသူ၊ တံခါး စောင့်အစရှိသော သူတို့သည်လည်းကောင်း မင်းကိုခြံရံ၍ တည်ကုန်၏။ ထိုအခါ တစ်ယောက်သော တံခါးစောင့်သည် မဝေးလွန်းသောအရပ်၌ တည်၍ ပြင်းစွာ သော ထွက်သက်ကို ဖြစ်စေလျက် ပြင်းစွာသော ဝင်သက်ကို ဖြစ်စေလျက် ငို၏။ ဘုရားလောင်းသည် ထိုတံခါးစောင့်ကိုမြင်၍ ငါ၏အဖသည် သေသည် ရှိသော် ခပ်သိမ်းကုန်သောသူတို့သည် နှစ်သက်ရွှင်လန်းကုန်သည်ဖြစ်၍ ပွဲလမ်း သဘင်ကို ကစားကုန်၏။ သွားကုန်၏။ သင်တမူကား ငိုလျက်တည်၏။ ငါ၏ ခမည်းတော်ကို သင်သည် ချစ်မြတ်နိုးသလောဟု မေးလိုရကား ဤဂါထာကို ဆို၏—

၁၇၉။ သဗ္ဗော ဇနော ဟိံသိတော ပိင်္ဂလေန၊
တသ္မိံ မတေ ပစ္စယာ ဝေဒယန္တိ။
ပိယော နု တေ အာသိ အကဏှနေတ္တော၊
ကသ္မာ နု တွံ ရောဒသိ ဒွါရပါလ။

အို တံခါးစောင့် လူအားလုံးကို ညှဉ်းဆဲတတ်သော ထိုပိင်္ဂလမင်းသေသော အခါ လူအားလုံးတို့သည် နှစ်သက်ခြင်းကို ခံစားကြကုန်၏၊ သင်သည်ကား ကြောင်သော မျက်စိရှိသောကြောင့် အကဏှနေတ္တမည်သော ပိင်္ဂလမင်းကို ချစ်သေးသလော သင်သည် အဘယ်ကြောင့် ငိုနေရသနည်း။

ထိုတံခါးစောင့်သည် ထိုဘုရားလောင်း၏ စကားကို ကြား၍ မြတ်သော မင်းကြီးအကျွန်ုပ်သည် သေသော ပိင်္ဂလမင်းကို အောက်မေ့၍ မငို၊ အကျွန်ုပ်၏ ဦးခေါင်းအား ချမ်းသာခြင်းသည် ဖြစ်ပေပြီ၊ ထိုစကားသည် မှန်၏။ ပိင်္ဂလ မင်းသည် ပြာသာဒ်မှ သက်သော်လည်းကောင်း, တက်သော် လည်းကောင်း ပန်းပဲတို့၏ပေ၌ တူဖြင့်ရိုက်ဘိသကဲ့သို့ ကျွန်ုပ်၏ ဦးခေါင်း၌ ရှစ်ချက် ရှစ်ချက် ရိုက်ခြင်းကို ပေး၏။ ထိုပိင်္ဂလမင်းသည် တမလွန်ဘဝ၌ ငရဲသို့ လား၍လည်း ငါ၏ ဦးခေါင်း၌ ရိုက်ခြင်းကို ပေးဘိသကဲ့သို့ ငရဲစောင့်တို့၏ ဦးခေါင်း၌ ရိုက်ခြင်းကို ပေးလတ္တံ့၊ ထိုငရဲထိန်းတို့၏ ဦးခေါင်း၌ ရိုက်ခြင်းကို ပေးလတ်သည်ရှိသော် ထိုပိင်္ဂလမင်းကို ငရဲထိန်းတို့သည် ဤမင်းသည်ကား ငါတို့ကို အလွန်လျှင် ညှဉ်းဆဲ၏ဟု ဤအရပ်သို့သာလျှင် တစ်ဖန် ပို့လိုက်ကုန်၍ လွှတ်လာရ၏။ ထိုသို့လွှတ်လာသည်ရှိသော် ထိုပိင်္ဂလမင်းသည် တစ်ဖန်လည်း အကျွန်ုပ်၏ဦးခေါင်း၌ ရိုက်ခြင်းကို ပေးပြန်ရာ၏ဟု ဤသို့ ကြောက်ခြင်းကြောင့် ငို၏ဟု ဆိုလို၍ ဤဂါထာကို ဆို၏—

၁၇၀။ န မေ ပိယော အာသိ အကဏ္ဍနေတ္တာ၊
ဘာယာမိ ပစ္စာဂမနာယ တဿ။
ဣတော ဂတော ဟိံ သေယျ မစ္စုရာဇံ၊
သော ဟိံ သိတော အာနေယျ ပုန ဣဓ။

မြတ်သောမင်းကြီး အကျွန်ုပ်သည် ပိင်္ဂလမင်းကို မချစ်ပါ၊ ထိုပိင်္ဂလမင်းသည် တမလွန်ဘဝရောက်သောအခါ သေမင်းကို ညှဉ်းဆဲရာ၏၊ ထိုသို့ညှဉ်းဆဲခြင်းကြောင့် ထိုပိင်္ဂလမင်းကို ဤအရပ်သို့ သေမင်းသည် ထိုပိင်္ဂလမင်းကို တစ်ဖန် ပြန်ပို့မည်ကို ကြောက်၏။

ထိုအခါ ထိုတံခါးစောင့်ကို ဘုရားလောင်းသည် ထိုပိင်္ဂလမင်းကို ထင်းတို့၏ လှည်းအထောင်တိုက်ဖြင့် သင်္ဂြိုဟ်အပ်လေပြီ။ သင်္ဂြိုဟ်အပ်ပြီးသော ပိင်္ဂလမင်း၏ သင်္ချိုင်းမြေကိုလည်း ထက်ဝန်းကျင်မှ တူးအပ်ပြီ။ ပြကတေ့ အားဖြင့်လည်း တမလွန်ဘဝသို့ သွားကုန်သော သူတို့မည်သည် တစ်ပါးသောဘဝ၌ တည်ရာနေရာ၌လေကုန်၏။ တစ်ဖန် ထိုကိုယ်ဖြင့်လျှင် မလာနိုင်ကုန်၊ သင်သည် မကြောက်လင့်ဟု တံခါးစောင့်ကို နှစ်သိမ့်စေလျက် ဤဂါထာကိုဆို၏—

၁၇၁။ ဒဇ္ဇော ဝါဟသဟဿေဟိ၊ သိင်္ဃော ဿဋ္ဌသတေဟိ သော။
ပရိက္ခိတာ စ သာ ဘူမိ၊ မာ ဘာယိ နာဂမိဿတိ။

တံခါးစောင့် ထိုပိင်္ဂလမင်းကို ထင်းလှည်းအထောင်တိုက်ဖြင့် မီးရှို့အပ်ပြီ၊ ရေအိုးတစ်ရာတို့ဖြင့် ရေလောင်းအပ်ပြီ၊ ထိုသင်္ချိုင်းမြေနေရာကို တူးဖို့အပ်ပြီ၊ သင်သည် မကြောက်လင့်၊ ပိင်္ဂလမင်းသည် မလာနိုင်တော့ပေ။

ထိုအခါမှစ၍ တံခါးစောင့်သည် သက်သာရာကို ရ၏။ ဘုရားလောင်းသည်လည်း တရားသဖြင့် မင်းပြု၍ အလှူအစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပိင်္ဂလမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပိင်္ဂလမင်း၏သား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(နိုင်ထက်ကလူ၊ ပြုတတ်သူ၊ ဗိုလ်လူ မတော်င့်တ)

နှစ်ရာလေးဆယ်ခုမြောက်သော မဟာပိင်္ဂလဇာတ်သည် ပြီး၏။

၉-ဥပါဟနဝဂ် ပြီး၏။

---

# ၁၀-သိင်္ဂါလဝဂ်

## ၂၄၃-သဗ္ဗဒါဌိဇာတ်

(ပထဝီဇယမန္တန်)

ကိုယ့်ဇာတ် ကိုယ်မနိုင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သိင်္ဂါလော မာနထဒ္ဓေါ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသဗ္ဗဒါဌိဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် အဇာတသတ်မင်းကို ကြည်ညိုစေ၍ ဖြစ်စေအပ်သော လာဘသက္ကာရကို ကြာမြင့်စွာ တည်သည်ကို ပြုအံ့သောငှါ မစွမ်းနိုင်။ နာဠာဂီရိဆင်ဖြင့် တိုက်သောပွဲ၌ တန်ခိုးပြာဋိဟာကို မြင်သော အခါမှစ၍ ထိုဒေဝဒတ်၏ ထိုလာဘသက္ကာရသည် ကွယ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့၊ ဒေဝဒတ်သည် လာဘသက္ကာရကို ဖြစ်စေ၍ ကြာမြင့်စွာတည်ခြင်းကို ပြုအံ့သောငှါ မစွမ်းနိုင်ဟု စကားကိုဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူလတ်၍ ဤအမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည်

ယခုအခါ၌သာလျှင် မိမိဖြစ်ပြီးသော လာဘသက္ကာရကို ကွယ်စေသည် မဟုတ်သေး။ ရှေး၌လည်း ကွယ်စေဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ဖြစ်၍ ဗေဒင်သုံးပုံတို့၏ လည်းကောင်း၊ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့၏ လည်းကောင်း ကမ်းတစ်ဘက်သို့ ရောက်၏။ ထိုပုရောဟိတ် ပုဏ္ဏားသည် ပထဝီဇယ အမည်ရှိသော မန္တရားကို တတ်၏။

[မြေအပြင်၌ လဲရန်ကို စေတတ်သော မန္တရားကို ပထဝီဇယ မန္တရားဟု ဆိုအပ်၏။]

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် ထိုပထဝီဇယ မန္တရားကို သရဇ္ဈာယ်အံ့ဟု တစ်ခုသော အပြင်ရှိသော ကျောက်ဖျာ၌ နေ၍ သရဇ္ဈာယ်ခြင်းကို ပြု၏။

[ထိုပထဝီဇယမန္တရားကို တစ်ပါးသော တည်ကြည်ခြင်း ကင်းသော သူကို ကြားစိမ့်သောငှါ မတတ်ကောင်းသတတ်။ ထို့ကြောင့် ပထဝီဇယ မန္တရားကို ထိုပုရောဟိတ်သည် ထိုသို့ သဘောရှိသော ကာလ၌ သရဇ္ဈာယ်၏။]

ထိုအခါ ပုရောဟိတ် သရဇ္ဈာယ်သော ကာလ၌ တစ်ခုသော မြေခွေးသည် တစ်ခုသောတွင်း၌ ဝပ်လျက် ထိုပထဝီဇယမန္တရားကို ကြား၍ လေ့ကျက်သည်ကို ပြု၏။ ထိုမြေခွေးသည် အခြားမဲ့ဖြစ်၍ လွန်လေပြီးသော ကိုယ်၏ အဖြစ်၌ ပထဝီဇယမန္တရားကို လေ့လာသော တစ်ယောက်သော ပုဏ္ဏား ဖြစ်ဖူးသတတ်။

ဘုရားလောင်းသည် သရဇ္ဈာယ်ခြင်းကို ပြု၍ ထ၍ ငါ့အား ဤမန္တရားသည် နှုတ်တက်ပေ၏ဟု ဆို၏။ မြေခွေးသည် တွင်းမှ ထွက်၍ အိုပုဏ္ဏား ဤမန္တရားသည် သင့်ထက်လည်း ငါ့အားသာလျှင် နှုတ်တက်၏ဟု ဆို၍ ပြေး၏။ ဘုရားလောင်းသည် ဤမြေခွေးသည် များစွာသော အကုသိုလ်ကို ပြုလတ္တံ့၊ ဖမ်းလော့ ဖမ်းလော့ဟု ဆို၍ အတန်ငယ် လိုက်၏၊ မြေခွေးသည် ပြေး၍ တောသို့ ဝင်လေ၏။ ထိုမြေခွေးသည် သွားလေ၍ မြေခွေးမ တစ်ခုကို အတန်ငယ် ကိုယ်၌ ကိုက်၏၊ သခင် အသို့နည်းဟု မေးသည် ရှိသော် သင်သည် ငါ့အား သိ၏လော မသိ၏လောဟု မေး၏။ မြေခွေးမသည် သခင် သိပါ၏ဟု ဆို၏၊ ထိုမြေခွေးသည် ပထဝီဇယမန္တရားကို မန်း၍ များစွာကုန်သော မြေခွေး

အရာတို့ကို စေ၍ ဤအလုံးစုံလည်း ဖြစ်ကုန်သော ဆင် မြင်း ခြင်္သေ့ ကျား ဝက် သမင် ဒီစရှိကုန်သော ခြေလေးချောင်း ရှိကုန်သော သတ္တဝါတို့ကို မိမိအား ခြံရံစေ၏။ အခြံအရံ ပြုပြီး၍ သဗ္ဗဒါဌ အမည်ရှိသောမင်း ဖြစ်၍ မြေခွေးမ တစ်ကောင်ကို မိဖုရားကြီး ပြု၍ ဆင်နှစ်စီးတို့၏ ကျောက်ကုန်း၌ ခြင်္သေ့သည် စီးရ၏။ ခြင်္သေ့၏ ကျောက်ကုန်း၌ သဗ္ဗဒါဌ အမည်ရှိသော မြေခွေးမင်းသည် မြေခွေးမ မိဖုရားကြီးနှင့်တကွ စီးရ၏။ အခြံအရံ များသည် ဖြစ်၏။

## မန္တန်ဖြင့် မာန်ကြီးသော မြေခွေး

ထိုသဗ္ဗဒါဌ မြေခွေးသည် အခြံအရံများဖြင့် မာနကို ဖြစ်စေ၏။ ဗာရာဏသီ မင်းအဖြစ်ကို ယူအံ့ဟု အလုံးစုံသော အခြေလေးချောင်းရှိသော သားအပေါင်း ခြံရံလျက် ဗာရာဏသီပြည်၏ အနီးဖြစ်သော အရပ်သို့ ရောက်လာ၏။ ပရိသတ် တို့သည် တစ်ဆယ့်နှစ်ယူဇနာ ရှိကုန်၏။ ထိုသဗ္ဗဒါဌ မြေခွေးမင်းသည် အနီး၌ တည်လျက်သျှင် မင်းအဖြစ်ကိုဘည်း ပေးအံ့လော၊ စစ်ကိုတည်း ထိုးအံ့လောဟု ဗာရာဏသီမင်းအား စေလိုက်၏၊ ဗာရာဏသီပြည်၌ နေကုန်သော သူဘို့သည် ကြောက်ရွံ့ ထိတ်လန့်ကုန်သည် ဖြစ်၍ မြို့တံခါးတို့ကို ပိတ်၍ နေကုန်၏။ ဘုရားလောင်းသည် မင်းသို့ ကပ်၍ မြတ်သော မင်းကြီး သဗ္ဗဒါဌ မည်သော မြေခွေးနှင့် စစ်ထိုးခြင်းသည် အကျွန်ုပ်၏ ဝန်ဘည်း၊ အကျွန်ုပ်ကို ထား၍ ထိုသဗ္ဗဒါဌ မြေခွေးနှင့်တကွ စစ်ထိုးအံ့သောငှါ စွမ်းနိုင်သော သူမည်သည် မရှိဟု ဆို၍ ဘုရားလောင်းသည် မင်းကို လည်းကောင်း၊ မြို့သူတို့ကို လည်းကောင်း နှစ်သိမ့်စေ၍ အသို့ပြု၍ သဗ္ဗဒါဌသည် မင်းအဖြစ်ကို ယူလတ္တံ့နည်းဟု ရှေးဦးစွာ ထိုသဗ္ဗဒါဌ မြေခွေးကို မေးဦးအံ့ဟု ဆို၍ တံခါးပစွင်သို့ တက်၍ အချင်း သဗ္ဗဒါဌ အသို့ပြု၍ ဤပြည်ကို ယူအံ့နည်းဟု မေး၏။ ခြင်္သေ့ကို ဟောက်စေ၍ လူများကို ခြင်္သေ့သံဖြင့် ထိတ်လန့်စေ၍ ယူအံ့ဟု ဆို၏။

ဘုရားလောင်းသည် ထိုအကြောင်းသည် ရှိ၏ဟု သိ၍ ပစွင်မှ ဆင်းသက်၍ အလုံးစုံ တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဗာရာဏသီပြည်၌ နေကုန်သော သူတို့သည် နားပေါက်တို့ကို ပဲကြီးမုန့်ညက်ဖြင့် ပိတ်စေကုန်သတည်းဟု စည်သည်စေ၏။ လူများသည် စည်သံကို ကြား၍ အယုတ်သဖြင့် ကြောင်တို့ကို အစပြု၍ အလုံးစုံသော အခြေလေးချောင်းရှိသော သားတို့၏လည်းကောင်း၊ မိမိတို့၏လည်းကောင်း နားပေါက်တို့ကို အကြင်အခြင်းဖြင့် ဆို့ပိတ်သည် ရှိသော် သူတစ်ပါး၏ အသံကို ကြားအံ့သောငှါ မတတ်ကောင်း၊ ထိုအခြင်းဖြင့် ပဲကြီး မုန့်ညက်ဖြင့် ပိတ်၏။ ထိုအခါ ဘုရားလောင်းသည် တစ်ဖန် ပစွင်သို့ တက်၍ သဗ္ဗဒါဌဟု ခေါ်၏၊ ပုဏ္ဏား အသို့နည်းဟု ဆိုသည် ရှိသော် ဤပြည်ကို အသို့ပြု၍ ယူအံ့နည်းဟု ဆို၏။ ခြင်္သေ့ကို ဟောက်စေ၍ လူတို့ကို ပျက်စီးစေ၍

အသက်ကုန်ခြင်းသို့ ရောက်စေ၍ ယူအံ့ဟု ဆိုသည် ရှိသော် ခြသေ့ကို ဟောက်စေခြင်းငှါ မစွမ်းနိုင်လတ္တံ့၊ ထိုစကားသည် မှန်၏၊ မြတ်သော အမျိုးနှင့် ပြည့်စုံကုန်သော တင့်တယ်ကုန်သော နီသော ခြေလက်ရှိကုန်သော ကေသရာဇာ ခြသေ့မင်းတို့သည် ထိုသို့သဘောရှိသော မြေခွေးအိုအား အာဏာကို မပြုကုန်လတ္တံ့ဟု ဆိုသည် ရှိသော် မြေခွေးသည် မာနဖြင့် ခိုင်မာသည် ဖြစ်၍ တစ်ပါးကုန်သော ခြသေ့တို့ကို ထားဘိဦး၊ ငါသည် အကြင် ခြသေ့၏ ကျောက်ကုန်း၌ နေ၏၊ ထိုခြသေ့ကိုပင်လျှင် ဟောက်စေဦးအံ့ဟု ဆို၏။ အဘယ်၍ စွမ်းနိုင်သည် ဖြစ်အံ့၊ ထိုသို့ စွမ်းနိုင်ပါမူကား ဟောက်စေလောဟု ဆိုသည် ရှိသော် ထိုသဗ္ဗဒါဌ မြေခွေးသည် အကြင် ခြသေ့၌ စီး၏၊ ထိုခြသေ့အား ဟောက်လော့ဟု ခြေဖြင့် အမှတ်ပေး၏၊ ခြသေ့သည် ဆင်ဦးကင်း၌ မျက်နှာကို မော်၍ သုံးကြိမ် တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ခြသေ့သံကို ဟောက်၏။ ဆင်တို့သည် ထိတ်လန့်ခြင်းသို့ ရောက်သည် ဖြစ်၍ မြေခွေးကို ခြေနင်း၌ ကျစေကုန်၍ ထိုမြေခွေး၏ ဦးခေါင်းကို ခြေဖြင့် နင်းကုန်၍ မှုန့်မှုန့်ညက်ညက် ကြေသည်ကို ပြုကုန်၏။

သဗ္ဗဒါဌ မြေခွေးသည် ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ ဆင်တို့သည်လည်း ခြသေ့သံကို ကြားကုန်၍ သေဘေးမှ ကြောက်ကုန်သောကြောင့် အချင်းချင်း တိုးမိကြကုန်၍ ထိုအရပ်၌ပင်လျှင် သေခြင်းသို့ ရောက်ကုန်၏။ ခြသေ့တို့ကို ထားကုန်၍ ကြွင်းကုန်သော သမင် ဝက် အစရှိကုန်သော ယုန် ကြောင် အဆုံးရှိကုန်သော ခပ်သိမ်းကုန်သော အခြေလေးချောင်း ရှိကုန်သော သားတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏။ ခြသေ့တို့သည် ပြေးကုန်၍ တောသို့ ဝင်ကုန်၏။ အသားစုသည် ယူဇနာ ရှိသည် ဖြစ်၏၊ ဘုရားလောင်းသည် ပစ္စင်မှ ဆင်း၍ မြို့တံခါးတို့ကို ဖွင့်စေ၍ ခပ်သိမ်းကုန်သော ပြည်သူတို့ကို မိမိ၏ နေအိမ်တို့၌ ပဲကြီး မုန့်ညက်တို့ကို ပယ်စေ၍ အသားဖြင့် အလိုရှိကုန်သော သူတို့သည် အသားကို ဆောင်စေကုန်သတည်းဟု မြို့၌ စည်လည်စေ၏။ လူတို့သည် အသားစိုင်ကို စားကုန်၍ ကြွင်းကုန်သော အသားတို့ကို အခြောက်လှမ်း၍ အမဲညှင်းကို ပြုကုန်၏။ ထိုကာလ၌ အမဲညှင်း ပြုခြင်းသည် ထင်ရှားသည် ဖြစ်၏ဟု ဆိုကုန်သတတ်။ မြတ်စွာဘုရားသည် ဤမဓ္ဓဒေသနာကို ဆောင်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၇၂။ သိင်္ဂါလော မာနထဒ္ဓေါ စ၊ ပရိဝါရေန အတ္ထိကော။
ပါပုဏိ မဟတိံ ဘူမိံ၊ ရာဇာသိ သဗ္ဗဒါဌိနံ။

၁၇၃။ ဧဝမေဝ မနုဿေသု၊ ယော ဟောတိ ပရိဝါရဝါ။
သော ဟိ တတ္ထ မဟာ ဟောတိ၊ သိင်္ဂါလော ဝိယ ဒါဌိနံ။

ရဟန်းတို့ အစွယ်ရှိကုန်သော သတ္တဝါအားလုံးတို့၏ မင်းဖြစ်၍ ကြီးမြတ်သော စည်းစိမ်ကို ရသော မြေခွေးသည် အခြံအရံကို မှီ၍ ဖြစ်သော မာနဖြင့် ခိုင်မာသည် ဖြစ်၍ ရရှိပြီးသော အခြံအရံထက် ပိုလွန်သော အခြံအရံဖြင့် အလိုရှိသည် ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်၏၊ ရဟန်းတို့ မြေခွေးသည် အစွယ်ရှိသော သတ္တဝါတို့ထက် မြတ်သကဲ့သို့ ဤအတူသာလျှင် လူတို့တွင် အခြံအရံနှင့် ပြည့်စုံသော သူသည်သာလျှင် လူအပေါင်း၌ မြတ်၏။ ထိုနောင်မှ ထိုသူသည် မြေခွေးကဲ့သို့ မေ့လျော့ခြင်းသို့ ရောက်၍ ထိုအခြံအရံကို အမှီပြု၍ ပျက်စီးခြင်းသို့ ရောက်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေး ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ်ပုဏ္ဏား ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မန္တန်တတ်မှု၊ အကြောင်းပြု၊ သားစု သေပျက်ပြုန်း)

နှစ်ရာလေးဆယ့်တစ်ခုမြောက်သော သဗ္ဗဒါဌိဇာတ်သည် ပြီး၏။

---

## ၂၄၂-သုနခဇာတ်

### ခွေးလိမ္မာ

### တစ်ချက်ခုတ် နှစ်ချက်ပြတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဗာလော ဝတာယံ သုနခေါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုနခဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နေရာဇရပ်ဝယ် ခွေးစားခွက်၌ ထမင်းကို စားသော ခွေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုခွေးကို မွေးဦးစ ကာလမှ စ၍ ရေခပ်ကုန်သော သူတို့သည် ယူကုန်၍ ထိုဇရပ်၌ မွေးကုန်သတတ်။ နောက်အဖို့၌ ထိုဇရပ်၌ ထမင်းကို စားပျက် ဆူဖြိုးသောကိုယ် ရှိသည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရွာ၌ နေသော ယောကျ်ားတို့သည် ထိုဇရပ်သို့ ရောက်လေသော် ခွေးကို မြင်၍ ရေခပ်

ကုန်သော သူတို့အား အပေါ်ရုံပုဆိုးကိုလည်းကောင်း၊ အသပြာကိုလည်းကောင်း ပေး၍ တောက်ဖြင့် ဖွဲ့၍ ထိုခွေးကို ယူ၍ သွား၏၊ ထိုခွေးသည် ယူဆောင်သည် ရှိသော် မမြည်၊ ပေးတိုင်း ပေးတိုင်းသော အစာကို စားလျက် နောက်မှ လိုက်၏။

ထိုအခါ ထိုယောကျ်ားသည် ဤခွေးသည် ယခုအခါ ငါ့ကို အကျွမ်းဝင်၏ဟု တောက်ကို ဖြေ၏။ ထိုခွေးသည် လွတ်သည့်အခါမျှဖြင့် တစ်ဟုန်တည်း နေရာဇရပ်သို့သျှင် ပြေးလာ၏။ ရဟန်းတို့သည် ထိုခွေးကို မြင်ကုန်၍ ထိုခွေးသည် ပြုအပ်သော အကြောင်းကို သိကုန်၍ ညချမ်းသော အခါ တရားသဘင်၌ ငါ့ရှင်တို့ နေရာဇရပ်၌ ခွေးသည် အနှောင်အဖွဲ့မှ လွတ်ခြင်း၌ လိမ္မာသည် ဖြစ်၍ လွတ်သည့်ခြင်းလျှင် တစ်ဖန် ပြန်လာ၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ထိုခွေးသည် ယခုအခါ၌သာလျှင် အနှောင်အဖွဲ့မှ လွတ်ခြင်း၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း လိမ္မာသည်သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ တစ်ဦးသော များစွာ စည်းစိမ် ရှိသော အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် အိမ်ရာ ထောင်ခြင်းကို ယူ၏။ ထိုအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော လူအား ခွေးသည် ရှိ၏။ ထိုခွေးသည် ထမင်းဆုပ်ကို ရခြင်းကြောင့် ဆူဖြိုးသောကိုယ် ရှိ၏။ ထိုအခါ တစ်ယောက်သော ရွာသားသည် ဗာရာဏသီပြည်သို့ လာသည် ရှိသော် ထိုခွေးကို မြင်၍ ထိုခွေးရှင် ယောကျ်ားအား အပေါ်ရုံ ပုဆိုးကိုလည်းကောင်း၊ အသပြာကို လည်းကောင်း ပေး၍ ခွေးကို ယူ၍ သွားရေလွန်ဖြင့် ချည်၍ လွန်စွန်း၌ ကိုင်၍ သွားသည် ရှိသော် တောဝ၌ တစ်ခုသော ဇရပ်သို့ ဝင်၍ ခွေးကို ချည်၍ ပျဉ်၌ လျောင်း၍ အိပ်ပျော်ခြင်းသို့ ရောက်၏။ ထိုအခါ ဘုရားလောင်းသည် တစ်စုံတစ်ခုသော ပြုဖွယ် ကိစ္စကြောင့် တောဝသို့ ရောက်သည် ရှိသော် လွန်ဖြင့် ချည်၍ ထားအပ်သော ခွေးကို မြင်၍ ဤဂါထာကို ဆို၏—

၁၀၃။ ဗာလော ဝတာယံ သုနခေါ၊ ယော ဝရတ္တံ န ခါဒတိ။
ဗန္ဓနာ စ ပမုဉ္စေယျ၊ အသိတော စ ဃရံ ဝဇေ။

လွန်ကို မစားသော ဤခွေးသည် မိုက်စွတကား။ အနှောင်အဖွဲ့မှလည်း လွတ်၍ ဝသည် ဖြစ်၍လည်း မိမိနေရာအရပ်သို့ ပြေးလေလော့။

ထိုစကားကို ကြား၍ ခွေးသည် ဤဂါထာကို ဆို၏—

၁၇၅။ အဋ္ဌိတံ မေ မနသ္မိံ မေ၊ အထော မေ ဟဒယေ ကတံ။
ကာလညူ ပဋိကင်္ခါမိ၊ ယာဝ ပဿုပတူ ဇနော။

အရှင် သင်တို့သည် ဆိုကုန်သော ထိုစကားကို ငါ၏ စိတ်၌ ငါသည် ဆောက်တည်အပ်၏။ ငါသည် နှလုံး၌ ပြုအပ်သလျှင်ကတည်း။ လူများသည် အိပ်ကြကုန်သော ကာလပတ်လုံး နေဦးအံ့ဟူ၍ ကာလကိုလည်း ငံ့လင့်၏။

ထိုခွေးသည် ဤသို့ ဆို၍ လူများသည် အိပ်ပျော်ခြင်းသို့ ရောက်သည် ရှိသော် လွန်ကို စား၍ ဝသည် ဖြစ်၍ ပြေးလေ၍ မိမိ၏ အရှင်တို့၏ အိမ်သို့လျှင် သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ခွေးသည်လျှင် ထိုအခါ ခွေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိယောကျ်ား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကိုယ်ရေးကိုယ်တာ၊ လွတ်ကြောင်းရှာ၊ မျက်နှာ ရွှင်ရွှင်သုံး)

နှစ်ရာ လေးဆယ့်နှစ်ခုမြောက်သော သုနခဇာတ်သည် ပြီး၏။

---

၂၄၃-ဂုတ္တိလဇာတ်

စောင်းဝိဇ္ဇာ

သူတော်ကောင်း နတ်ကောင်းမ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "သတ္တတန္တိံ သုမဓုရံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂုတ္တိလဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တရားသဘင်၌ ရဟန်းတို့သည် ဒေဝဒတ်ကို ငါ့ရှင် ဒေဝဒတ် မြတ်စွာဘုရားသည် ငါ့ရှင်၏ ဆရာတည်း။ ငါ့ရှင်သည် မြတ်စွာဘုရားကို မှီ၍ ပိဋကသုံးပုံတို့ကို သင်၏။ လေးပါးကုန်သော ဈာန်တို့ကို ဖြစ်စေ၏။ ဆရာ၏ ရန်သူဖြစ်ခြင်း မည်သည် မသင့်ဟု ဆိုကုန်၏။ ဒေဝဒတ်သည် ငါ့ရှင်တို့ ရဟန်းဂေါတမသည်

အဘယ်မှာလျှင် ငါ၏ ဆရာ ဟုတ်အံ့နည်း၊ ငါသည် မိမိ၏ အစွမ်းအားဖြင့် သာလျှင် ပိဋကသုံးပုံတို့ကို လည်းကောင်း, လေးပါးကုန်သော ဈာန်တို့ကို လည်းကောင်း ဖြစ်စေအပ်သည်ဟု ဆို၍ ဆရာကို စွန့်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် ဆရာကို စွန့်၍ ဆရာဖြစ်သော ဘုရား၏ ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်သော် အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ဆရာဖြစ်သော ငါ့ကို စွန့်၍ ငါ၏ ရန်သူဖြစ်၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး။ ရှေး၌လည်း ရောက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ''ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် စောင်းသမား အမျိုး၌ ဖြစ်၏။ ထိုဘုရားလောင်းအား ဂုတ္တိလသတို့သားဟူသော အမည်ကို မှည့်ကုန်၏။ ထိုဂုတ္တိလသည် အရွယ်သို့ ရောက်သည် ရှိသော် စောင်းအတတ်၌ အပြီးသို့ ရောက်၍ ဇမ္ဗူကျွန်း အလုံး၌ မြတ်သော စောင်းသမား ဖြစ်၏။ ထိုဂုတ္တိလ စောင်းသမားသည် သား မယား မွေးခြင်းကို မပြုမူ၍ မိဘ မျက်မမြင်တို့ကို မွေး၏။ ထိုအခါ ဗာရာဏသီပြည်သားတို့သည် ကုန်သွယ်အံ့သောငှါ ဥဇ္ဇေနီပြည်သို့ သွားကုန်၍ ပွဲသဘင် ကြွေးကြော်လတ်ကုန်သည် ရှိသော် ဆန္ဒကို တစ်ပေါင်းတည်း ပြုကုန်၍ များစွာသော ပန်း နံ့သာ နံ့သာပျောင်းတို့ကို လည်းကောင်း, ခဲဖွယ် ဘောဇဉ် အစရှိသည်တို့ကိုလည်းကောင်း ယူကုန်၍ ကစားရာ အရပ်၌ စည်းဝေးကုန်၍ အခဖြင့် တစ်ယောက်သော စောင်းသမားကို ဆောင်ခဲ့ကုန်လောဟု ဆိုကုန်၏။ ထိုအခါ ဥဇ္ဇေနီပြည်၌ မုသိလ အမည်ရှိသော စောင်းသမားသည် ရှိ၏။ ထိုကုန်သည်တို့သည် မုသိလစောင်းသမားကို ခေါ်စေကုန်၍ မိမိ၏ စောင်းတီးခြင်း အတတ်ကို ပြုစေကုန်၏။ မုသိလသည် စောင်းကို တီးလတ်သည် ရှိသော် အမြတ်ဖြစ်သော တီးခြင်းဖြင့် တီး၍ မြည်စေ၏။ ဂုတ္တိလ စောင်းသမား၏ စောင်းသံ၌ ဖြစ်ဖူးသော လေ့ကျက်ခြင်း ရှိကုန်သော ထိုကုန်သည်တို့အား ထိုမုသိလ၏ စောင်းသံသည် ဝါးခြမ်းစိတ်အတံ စောင်းကို တီးသကဲ့သို့ ဖြစ်၍ ထင်၏။ တစ်ယောက်သော သူသည်မူလည်း ရွှင်သော အခြင်းအရာကို မပြု။ မုသိလသည် ထိုကုန်သည်တို့သည် နှစ်သက်သော အခြင်းအရာကို မပြုကုန်သည် ရှိသော် ငါသည် အလွန်ကြမ်းသည်ကို ပြု၍ တီးမိယောင်ထကားဟု အလတ်

ဖြစ်သော တီးခြင်းဖြင့် တီး၍ အလတ်ဖြစ်သော အသံကို မြည်စေသည် ရှိသော် ထိုအလတ်ဖြစ်သော အသံတို့၌ လျှစ်လျူတည်ကုန်သည်သာလျှင် ဖြစ်ကုန်၏။

ထိုအခါ ထိုမုသိလသည် ဤသူတို့သည် တစ်စုံတစ်ခုကို မသိကုန်ယောင်တကားဟု မိမိသည်လည်း မသိသကဲ့သို့ ဖြစ်၍ သို့တို့ကို လျော့သည်ကို ပြု၍ တီး၏။ ထိုကုန်သည်တို့သည် ထိုသို့ တီးရာ၌လည်း တစ်စုံတစ်ခုကို မဆိုကုန်။ ထိုအခါ ထိုကုန်သည်တို့ကို မုသိလသည် အို-ကုန်သည်တို့ ငါသည် စောင်းကို တီးလတ်သော် သင်တို့သည် အဘယ်ကြောင့် မနှစ်သက်ကြကုန်သနည်းဟု မေး၏။ သင်သည် စောင်းကို တီးသလော၊ ငါတို့သည်ကား ဤမုသိလသည် စောင်းကို တီး၏ဟူသော အမှတ်ကို မပြုကုန်ဟု ကုန်သည်တို့သည် ဆိုကုန်၏။ သင်တို့သည် ငါ့ထက် လွန်မြတ်သော ဆရာကို သိကုန်သလော၊ ထိုသို့မဟုတ်မူကား မသိမလိမ္မာသည်၏ အဖြစ်ကြောင့် မနှစ်သက်ကုန်သလောဟု ဆိုသည် ရှိသော် ကုန်သည်တို့သည် ဗာရာဏသီပြည်၌ ဂုတ္တိလစောင်းသမား၏ စောင်းသံကို ကြားဖူးကုန်သော ငါတို့အား သင်၏ စောင်းသံသည် မိန်းမတို့သည် သူငယ်တို့ကို နှစ်သိမ့်စေသော အသံကဲ့သို့ ထင်ကုန်၏ဟု ဆိုကုန်၏။ ထိုသို့တပြီးကား သင်တို့သည် ငါ့အား ပေးအပ်သော ရိက္ခာကို ခံယူကြကုန်လော့၊ ငါ့အား ထိုရိက္ခာဖြင့် အလိုမရှိ၊ စင်စစ်သော်ကား ဗာရာဏသီပြည်သို့ သွားကုန်သည် ရှိသော် ငါ့ကို ခေါ်၍ သွားကုန်လော့ဟု မုသိလသည် ဆို၏။ ထိုကုန်သည်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၍ သွားသော ကာလ၌ ထိုမုသိလကို ခေါ်၍ ဗာရာဏသီပြည်သို့ သွားကုန်၍ ထိုမုသိလအား ဂုတ္တိလ၏ နေရာ အရပ်ကား ထိုအရပ်တည်းဟု ကြားကုန်၍ မိမိ မိမိတို့၏ အိမ်သို့ သွားကုန်၏။ မုသိလသည် ဘုရားလောင်း၏ အိမ်သို့ ဝင်၍ ဆွဲ၍ ထားအပ်သော စောင်းကို မြင်၍ ယူ၍ တီး၏။

ထိုအခါ ဘုရားလောင်း၏ မိဘတို့သည် စက္ခုအလင်း မရသည်၏ အဖြစ်ကြောင့် ထိုမုသိလကို မမြင်ကုန်သည် ဖြစ်၍ ကြွက်တို့သည် စောင်းကို ကိုက်ကုန်၏ဟု ထင်ကုန်၍ "သုသု" ပ ဆိုကုန်၏ ထိုအခါ မုသိလသည် စောင်းကို ထား၍ ဘုရားလောင်း၏ မိဘတို့ကို ရှိခိုး၍ မိခင်ဖခင်တို့ စောင်းတီးသည်ကား ငါတည်းဟု ဆို၍ သင်သည် အဘယ်အရပ်မှ လာသနည်းဟု ဆိုသည် ရှိသော် ဆရာ၏ အထံ၌ အတတ်ကို သင်အံ့သောငှါ ဥဇ္ဇေနီပြည်မှ လာ၏ဟု ဆို၏။ ထိုဘုရားလောင်း၏ မိဘတို့သည် ကောင်းပြီဟု ဆိုသည် ရှိသော် ဆရာ အဘယ်အရပ်မှာနည်းဟု မေး၍ အမောင် တစ်ပါးသို့ သွားသေး၏။ ယခုအခါ ရောက်လာလတ္တံ့ဟု ဆိုသော စကားကို ကြား၍ ထိုအရပ်၌ပင်လျှင် နေ၍ ဘုရားလောင်း လာလတ်သည်ကို မြင်၍ ထိုဘုရားလောင်းသည် ပြုအပ်သော အစေ့အစပ် ရှိသည် ဖြစ်၍ မိမိ၏ လာသော အကြောင်းကို ကြား၏။ ဘုရားလောင်းသည် အင်္ဂဝိဇ္ဇာကို တတ်သည် ဖြစ်၍ ထိုမုသိလ၏ သူတော် မဟုတ်သည်၏

အဖြစ်ကို သိ၍ ညီထွေး သွားလေ၊ သင်ဖို့ အတတ်သည် မရှိဟု ပယ်၏။ ထိုမုသိလသည် ဘုရားလောင်း၏ မိဘတို့၏ ခြေတို့ကို ကိုင်၍ ဆုပ်နယ်ခြင်းကို ပြုလျက် ထိုမိဘတို့ကို ကြား၍ အကျွန်ုပ်အား အတတ်ကို ပေးပါစေကုန်လော့ဟု တောင်းပန်၏။ ဘုရားလောင်းအား မိဘတို့သည် အဖန်တလဲလဲ ဆိုအပ်သည် ရှိသော် ထိုမိဘတို့ကို လွန်အံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ အတတ်ကို ပေး၏။

ထိုမုသိလသည် ဘုရားလောင်းနှင့်တကွ မင်းအိမ်သို့ သွား၏။ မင်းသည် မုသိလကို မြင်၍ ဆရာ ဤသူကား အဘယ်သူနည်းဟု မေး၏။ မြတ်သော မင်းကြီး ဤသူကား အကျွန်ုပ်၏ တပည့်တည်းဟု လျှောက်၏။ ထိုမုသိလသည် အစဉ်သဖြင့် မင်းအား အကျွမ်းဝင်ခြင်းသည် ဖြစ်၏။ ဘုရားလောင်းသည် ဆရာ၏ လက်ဆုပ်ကို မပြုမူ၍ မိမိသိသော အမှတ်ဖြင့် အလုံးစုံသော အတတ်ကို သင်စေ၍ အမောင် အတတ်သည် ပြီး၏ဟု ဆို၏။ ထိုမုသိလသည် ငါသည် အတတ်ကို လေ့လာအပ်ပြီ၊ ဤဗာရာဏသီမြို့သည်လည်း ဇမ္ဗူကျွန်းအလုံး၌ မြတ်သောမြို့တည်း၊ ဆရာသည်လည်း အိုမင်းပြီ၊ ဤဗာရာဏသီမြို့၌လျှင် ငါသည် နေခြင်းငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ထိုမုသိလသည် ဆရာကို ဆရာ ကျွန်ုပ်သည် မင်းကို စေအံ့ဟု ဆို၏။ ဆရာသည် အမောင် ကောင်းပြီ၊ မင်းအား လျှောက်ဦးအံ့ဟု ဆို၍ သွားပြီးလျှင် မြတ်သော မင်းကြီး အကျွန်ုပ်၏ တပည့်သည် အရှင်မင်းကြီးကို ခစားနိုင်ငှါ အလိုရှိ၏။ ထိုသူအား ပေးဖွယ်ဝတ္ထုကို သိတော်မူကုန်လော့ဟု မင်းအား လျှောက်၍ မင်းသည် သင်တို့အား ပေးအပ်သော ဝတ္ထုမှ ထက်ဝက်ကို ရလတ္တံ့ဟု ဆိုသည်ရှိသော် ထိုအကြောင်းကို မုသိလအား ကြား၏။ မုသိလသည် ဆရာ ငါသည် သင်တို့နှင့်အမျှသော ဆုလာဘ်ကို ရသည် ရှိသော် စေအံ့၊ မရသည် ရှိသော် မစေအံ့ဟု ဆို၏။ အဘယ့်ကြောင့်နည်းဟု ဆိုသည် ရှိသော် ငါသည် ဆရာ တတ်သော အလုံးစုံသော အတတ်ကို တတ်သည်မဟုတ်တုံလောဟု ဆို၏။ တတ်၏ဟု ဘုရားလောင်း ဆိုသည် ရှိသော် ဤသို့ ဆရာနှင့်အမျှ တတ်လျက် အဘယ်ကြောင့် ငါ့အား ထက်ဝက်သော ဥစ္စာကိုသာ ပေးလတ္တံ့နည်းဟု ဆို၏။ ဘုရားလောင်းသည် မင်းအား ကြား၏။ မင်းသည် ဆရာ ဤသို့ ဖြစ်သည် ရှိသော် သင်တို့နှင့်အမျှ အတတ်ကို ပြခြင်းငှါ စွမ်းနိုင်မူကား အမျှဖြစ်သော ဆုလာဘ်ကို ရလတ္တံ့ဟု ဆို၏။

ဘုရားလောင်းသည် မင်း၏ စကားကို မုသိလအား ကြား၍ ထိုမုသိလသည် ကောင်းပြီ၊ ပြအံ့ဟု ဆိုသည် ရှိသော် မင်းအား ထိုအကြောင်းကို လျှောက်၍ ဆရာ ကောင်းပြီ၊ ပြစေလော့၊ အဘယ်နေ့၌ ဆွေးနွေး ပြိုင်ဆိုင်ကြခြင်းသည် ဖြစ်လတ္တံ့နည်းဟု ဆိုသည် ရှိသော် မြတ်သော မင်းကြီး ခုနစ်ရက်မြောက်သော နေ့၌ ဖြစ်စေလော့ဟု လျှောက်၏။ မင်းသည် မုသိလကို ခေါ်စေ၍ မုသိလ သင်သည် ဆရာနှင့်တကွ အတတ်ပညာ ဆွေးနွေး ပြိုင်ဆိုင်ခြင်းကို ပြုလတ္တံ့ဟူ၍

ကြားရသည်ကား မှန်သလောဟု မေး၍ မှန်ပေ၏ဟု လျှောက်သည် ရှိသော် မုသိလ ဆရာနှင့်တကွ ပြိုင်ဆိုင်ခြင်းမည်သည်ကား မအပ် မပြုလင့်ဟု မြစ်သော်လည်း မြတ်သော မင်းကြီး မသင့်၊ အကျွန်ုပ်၏ ဆရာနှင့်တကွ ခုနစ်ရက်မြောက်သော နေ့၌ ပြိုင်ဆိုင်ဆွေးနွေးခြင်းသည် ဖြစ်လိုင်းစေသတည်း။ ဆရာ တပည့် နှစ်ယောက်တို့တွင် တစ်ယောက်ယောက် တတ်သည်၏ အဖြစ်ကို သိရလတ္တံ့ဟု ခံ၏။ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ ဆရာဂုတ္တိလသည် လည်းကောင်း၊ တပည့် မုသိလသည် လည်းကောင်း မင်းအိမ်တံခါး၌ အချင်းချင်း ပြိုင်ကြကုန်၍ အတတ်ကို ပြကုန်လတ္တံ့သတတ်။

## ဆရာနှင့် တပည့် စောင်းပြိုင်ပွဲ

မြို့သူတို့သည် စည်းဝေးကုန်၍ အတတ်ကို ကြည့်ကုန်လော့ဟု စည်လည်စေ၏။ ဘုရားလောင်းသည် ကြံ၏၊ အသို့ ကြံသနည်းဟူမူကား ဤမုသိလသည် ငယ်နုပျိုမျစ်၏၊ ငါကား ကြီးရင့်ချေပြီ။ အားအင်လျော့ချေပြီ၊ သူအို၏ အမှုအရာ မည်သည်ကား မပြည့်စုံ၊ တပည့်မည်သည်ကား ရှုံးသော်လည်း အထူးမရှိ၊ တပည့်အား အောင်ခြင်းသည် ရှိလတ်သော် ဆရာသည် အရှက်ရချေရ၏၊ တောသို့ ဝင်၍ သေခြင်းသည် ကောင်းမြတ်၏ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် တောသို့ ဝင်၍ သေရအံ့သည်မှ ကြောက်သောကြောင့် ပြန်၏၊ ရှက်ရအံ့သည်မှ ကြောက်သောကြောင့် သွား၏။ ဤသို့ ဘုရားလောင်းသည် သွားခြင်း လာခြင်းကို ပြုစဉ်သာလျှင် ခြေကုန်တို့သည် လွန်ကုန်၏၊ မြက်တို့သည် သေကုန်၏၊ ခြေကြောင်းရိုးသည် ဖြစ်၏၊ ထိုခဏ၌ သိကြားမင်း၏ နေရာ ကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော် ထိုအကြောင်းကို သိ၍ ဂုတ္တိလ စောင်းသမားသည် တပည့်မှ ကြောက်ခြင်းကြောင့် တော၌ ကြီးစွာသော ဆင်းရဲကို ခံ၏။ ငါသည် ထိုဂုတ္တိလ စောင်းသမား၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟု ကြံ၍ လျင်စွာ လာလတ်၍ ဘုရားလောင်း၏ ရှေ့မှ ရပ်၍ ဆရာ ဆရာသည် အဘယ်ကြောင့် တောသို့ ဝင်လေသနည်းဟု မေး၍ သင်သည် အဘယ်သူနည်းဟု မေးလတ်သည် ရှိသော် ငါသည် သိကြားဖြစ်၏ဟု ဆို၏။ ထိုအခါ ထိုသိကြားမင်းကို ဘုရားလောင်းသည် သိကြားမင်း ငါသည်လျှင် တပည့်မှ ရှုံးအံ့သည်ကို ကြောက်ခြင်းကြောင့် တောသို့ ဝင်၏ဟု ဆို၍ ဤဂါထာကို ဆို၏—

၁၇၆။ သတ္တတန္တိံ သုမဓုရံ၊ ရာမဏေယျံ အဝါစယိံ။
　　သော မံ ရင်္ဂမှိ အဝှေတိ၊ သရဏံ မေ ဟောဟိ ကောသိယ။

သိကြားမင်း ငါသည် မုသိလမည်သော တပည့်ကို ညို့ခုနစ်ချောင်းရှိသော သုမဇုရဲ အမည်ရှိသော မွှေးလျော်ဖွယ်သော စောင်းကို မိမိတတ်သမျှ အကုန် သင်ပေးမိ၏၊ ထိုမုသိလသည် ငါ့ကို ပ ခုအခါ၌ ပြိုင်ပွဲသဘင်အလယ်သို့ ပြိုင်ရန် စိမ်ခေါ်၏၊ ကောသိယအနွယ် ဖြစ်သော သိကြားမင်း သင်သည် ငါ၏ ကိုးကွယ်ရာ ဖြစ်ပါလော့။

သိကြားမင်းသည် ထိုဂုတ္တိလ၏ စကားကို ကြား၍ ဆရာ ဆရာသည် မကြောက်လင့်။ ငါသည် ဆရာ၏ ကိုးကွယ်ရာ မှီခိုရာ ဖြစ်အံ့ဟု ဆို၍ ဤဂါထာကို ဆို၏—

၁၀၇။ အဟံ တံ သရဏံ သမ္မ၊ အဟမာစရိယပူဇကော။
န တံ ဇယိဿတိ သိဿော၊ သိဿမာစရိယ ဇေဿသိ။

စိတ်ကောင်းရှိသော ဆရာ ငါသည် သင်၏ ကိုးကွယ်ရာ ဖြစ်၍ သင့်ကို ကယ်အံ့၊ ဆရာ ငါသည် သင့်ကို ပူဇော်အံ့၊ ဆရာ သင့်ကို တပည့် မုသိလသည် ရှုံးလတ္တံ့၊ ဆရာ သင်သည် တပည့် မုသိလကို နိုင်လတ္တံ့။

## အံ့ဩဖွယ်စောင်း

ငင်စစ်သော်ကား သင်သည် စောင်းကို တီးလတ်သည်ရှိသော် ညို့တစ်ချောင်းကို ဖြတ်၍ ညို့ခြောက်ချောင်းတို့ကို တီးလော့၊ သင့်စောင်းသံသည် ပကတိသော အသံသည် ဖြစ်လတ္တံ့၊ မုသိလသည်လည်း စောင်းညို့ကို ဖြတ်လတ္တံ့၊ ထိုအခါ ထိုမုသိလ၏ စောင်းသံသည် မဖြစ်လတ္တံ့၊ ထိုခဏ၌ ထိုမုသိလသည် ရှုံးခြင်းသို့ ရောက်လတ္တံ့၊ ထိုအခါ ထိုမုသိလ၏ ရှုံးသည်၏ အဖြစ်ကို သိ၍ နှစ်ခုမြောက် ဖြစ်သော ညို့ကိုလည်းကောင်း၊ သုံးခုမြောက် ဖြစ်သော ညို့ကိုလည်းကောင်း၊ လေးခုမြောက် ဖြစ်သော ညို့ကိုလည်းကောင်း၊ ငါးခုမြောက် ဖြစ်သော ညို့ကို လည်းကောင်း၊ ခြောက်ခုမြောက် ဖြစ်သော ညို့ကို လည်းကောင်း၊ ခုနစ်ခု မြောက်ဖြစ်သော ညို့ကိုလည်းကောင်း ဖြတ်၍ စောင်းရိုးသက်သက်ကိုသာလျှင် တီးလော့၊ ဖြတ်အပ်သော စောင်းညို့စွန်းတို့မှ အသံသည် ထွက်လတ်၍ အလုံးစုံ တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဗာရာဏသီမြို့ကို လွှမ်း၍ တည်လတ္တံ့ဟု ဆို၍ သိကြားမင်းသည် ဘုရားလောင်းအား စောင်းသုံးလက်တို့ကို ပေးလိုက်၍ တီးအပ်သော စောင်းသံဖြင့် မြို့အလုံးကို လွှမ်းသည်ရှိသော် ဤစောင်းသုံးလက်မှ စောင်းတစ်လက်ကို ကောင်းကင်သို့ ပစ်လော့၊ ထိုသို့ ပစ်သည် ရှိသော် သင်၏ ရှေ့မှ သက်လာကုန်၍ နတ်သမီးသုံးရာတို့သည် ကလာကုန်လတ္တံ့၊ ထိုနတ်သမီး တို့၏ ကသော ကာလ၌ နှစ်ခုမြောက်သော စောင်းလက်ကို ပစ်ဦးလော့၊ ထိုသို့ ပစ်သည် ရှိသော် တစ်ပါးလည်း ဖြစ်ကုန်သော နတ်သမီး သုံးရာတို့သည်လည်း

သင်၏ စောင်းဦး၌ ကကုန်လတ္တံ့၊ ထိုနောင်မှ သုံးခမြောက်သော စောင်းလက်ကို ပစ်ဦးလော့၊ ထိုသို့ ပစ်သည်ရှိသော် တစ်ပါးလည်း ဖြစ်ကုန်သော နတ်သမီးသုံးရာတို့သည်လည်း သက်လာကုန်၍ ပွဲသဘင်အပြင်၌ ကကုန်လတ္တံ့၊ ငါသည်လည်း ထိုပွဲသဘင်ကို ရှုကုန်သောသူတို့၏ အထံသို့ လာအံ့၊ သွားလေ မကြောက်လင့်ဟု ဆို၏။

ဘုရားလောင်းသည် နံနက်အခါ အိမ်သို့ သွား၏။ မြို့သူတို့သည် တံခါး၏ အနီး၌ မဏ္ဍပ်ကို ပြုကုန်၍ မင်း၏ နေရာကို ခင်းကုန်၏။ မင်းသည် ပြာသာဒ်မှ သက်၍ တန်ဆာ ဆင်အပ်သော မဏ္ဍပ်ဝယ် ပလ္လင်၏ အလယ်၌ နေ၏။ တစ်သောင်း နှစ်ထောင်ကုန်သော တန်ဆာဆင်အပ်ကုန်သော မိန်းမတို့သည်လည်းကောင်း၊ အမတ် ပုဏ္ဏား သူကြွယ် အစရှိကုန်သော သူတို့သည်လည်းကောင်း မင်းကို ခြံရံကုန်၏။ ခပ်သိမ်းကုန်သော မြို့သူတို့သည် စည်းဝေးကုန်၏။ မင်းရင်ပြင်၌ လှည်းအဆင့်ဆင့် တို့ကိုလည်းကောင်း၊ ညောင်စောင်းအဆင့်ဆင့် တို့ကို လည်းကောင်း ဖွဲ့ကုန်၏။ ဘုရားလောင်းသည် ရေချိုး၍ လော်စွာ လိမ်းကျံ၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်တို့ကို စား၍ စောင်းကို ယူခဲ့စေ၍ မိမိဖို့ ခင်းအပ်သော နေရာ၌ နေ၏။ လူများသည် ခြံရံ၏။ သိကြားမင်းသည် မထင်ရှားသော ကိုယ်ဖြင့် လာလတ်၍ ကောင်းကင်၌ တည်၏။ ဘုရားလောင်းသည်သာလျှင် သိကြားမင်းကို မြင်၏။ မုသိလသည်လည်း လာလတ်၍ မိမိနေရာ၌ နေ၏။ လူများသည် ခြံရံ၏။ အစမှလျှင် ဆရာတပည့် နှစ်ယောက်တို့သည်လည်း အမျှထပ်တူ တီးကြကုန်၏။

လူအပေါင်းတို့သည်လည်း ဆရာတပည့် နှစ်ယောက်တို့အားလည်း စောင်းတီးခြင်းကို နှစ်သက်သည် ဖြစ်၍ များစွာကုန်သော ကြွေးကြော်ခြင်းတို့ကို ဖြစ်စေ၏။ သိကြားမင်းသည် ကောင်းကင်၌ တည်၍ ဘုရားလောင်းကိုသာလျှင် ကြားစေလျက် ညှို့ တစ်ချောင်းကို ဖြတ်လော့ဟု ဆို၏။ ဘုရားလောင်းသည် စောင်းညှို့ကို ဖြတ်၏။ ထိုစောင်းညှို့သည် ပြတ်သော်လည်း ပြတ်သော အစွန်းမှ အသံထွက်သလျှင်ကတည်း။ နတ်စောင်းသံကဲ့သို့ ဖြစ်၏။ မုသိလသည်လည်း စောင်းညှို့ကို ဖြတ်၏။ ထိုဖြတ်အပ်သော စောင်းညှို့မှ အသံသည် မထွက်။ ဆရာသည် နှစ်ခုမြောက် ဖြစ်သော စောင်းညှို့ကို လည်းကောင်း၊ သုံးခုမြောက် ဖြစ်သော စောင်းညှို့ကို လည်းကောင်း၊ လေးခုမြောက် ဖြစ်သော စောင်းညှို့ကို လည်းကောင်း၊ ငါးခုမြောက် ဖြစ်သော စောင်းညှို့ကို လည်းကောင်း၊ ခြောက်ခုမြောက် ဖြစ်သော စောင်းညှို့ကို လည်းကောင်း၊ ခုနစ်ခုမြောက် ဖြစ်သော စောင်းညှို့ကိုလည်းကောင်း ဖြတ်၏။ သက်သက်သော စောင်းရိုးကို တီးသော ဘုရားလောင်း၏ စောင်းသံသည် ဗာရာဏသီမြို့ကို လွှမ်း၍ တည်၏။

ပုဆိုး ပစ်လှားခြင်း အထောင်တို့ကိုလည်းကောင်း၊ ကြေးကြော်ခြင်း အထောင်တို့ကိုလည်းကောင်း ဖြစ်စေ၏။

ဘုရားလောင်းသည် စောင်းလက်တစ်ခုကို ကောင်းကင်သို့ ပစ်၏။ နတ်သမီး သုံးရာတို့သည် သက်လာကုန်၍ ကကုန်၏။ ဤအတူ နှစ်ခုမြောက် ဖြစ်သော စောင်းလက်ကိုလည်းကောင်း၊ သုံးခုမြောက် ဖြစ်သော စောင်းလက်ကို လည်း ကောင်း ကောင်းကင်သို့ ပစ်သည် ရှိသော် သုံးရာ သုံးရာ ကုန်သော နတ်သမီး တို့သည် သက်လာကုန်၍ ကကုန်၏။ ထိုအခါ၌ မင်းသည် လူအပေါင်းအား မျက်စိကို မှိတ်ခြင်း လက်ကို ညိတ်ခြင်း အမှတ်ကို ပေး၏။ လူအပေါင်းသည် ထ၍ သင်သည် ဆရာနှင့်တကွ ဆန့်ကျင်ဘက်ပြု၍ တူမျှသော လာဘသက္ကာရ ရှိသည်ကို ပြုအံ့ဟ၍ လုံ့လပြု၏။ ပမာဏကို မသိဟု မုသိလကို ခြိမ်းခြောက်၍ ကိုင်မိတိုင်း ကိုင်မိတိုင်းသော လှံ ဖြစ်ကုန်သော ကျောက်ခဲ လုံးတံ အစရှိသည် တို့ဖြင့် မှုန်မှုန်ညက်ညက် ကြေစေ၍ ဒသက်ကုန်ခြင်းသို့ ရောက်စေ၍ ခြေတို့ကို ကိုင်၍ တံမြက်ချေး အမှိုက်စုရာ အရပ်၌ စွန့်ပစ်၏။ မင်းသည် နှစ်သက်သော စိတ်ရှိသည် ဖြစ်၍ ဝစ်ခဲနက်သော မိုးကို ရွာစေဘိသကဲ့သို့ ဘုရားလောင်းအား များစွာသော ဥစ္စာကို ပေး၏။ ထို့အတူ မြို့သူတို့သည် များစွာသော ဥစ္စာတို့ကို ပေးကုန်၏။

သိကြားမင်းသည်လည်း ဘုရားလောင်းနှင့်တကွ စေ့စပ်ခြင်းကို ပြု၍ ပညာရှိ ငါသည် သင့်ဖို့ အာဇာနည်မြင်း တစ်ထောင် ကသော ရထားကို ယူ၍ သွားချေဟု မာတလိနတ်သားကို စေလိုက်အံ့။ အာဇာနည်မြင်း တစ်ထောင် ကသော ဝေဇယန္တာ ထားမြတ်ကို စီး၍ နတ်ပြည်သို့ လိုက်လာခဲ့လော့ဟု ဆို၍ ဖဲ၏။ ထိုအခါ၌ သွား၍ ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေသော ထိုသိကြား မင်းကို မြတ်သော မင်းကြီး အရှင်တို့သည် အဘယ်သို့ ကြကုန် သနည်းဟု နတ်သမီးတို့သည် မေးကုန်၏။ သိကြားမင်းသည် ထိုနတ်သမီး တို့အား ထိုအကြောင်းကို အကျယ်အားဖြင့် ဆို၍ ဘုရားလောင်း၏ သီလကို လည်းကောင်း, ကျေးဇူးကို လည်းကောင်း ချီးမွမ်း၏။ နတ်သမီးတို့သည် မြတ်သော မင်းကြီး အကျွန်ုပ်တို့သည်လည်း ဆရာကို ဖူးလိုကုန်၏၊ ထိုဆရာကို ဤနတ်ပြည်သို့ ပင့်ဆောင်တော်မူပါကုန်လော့ဟု လျှောက်ကုန်၏။ သိကြားမင်း သည် မာတလိနတ်သားကို ခေါ်၍ အမောင် မာတလိ နတ်သမီးတို့သည် ဂုတ္တိလ စောင်းသမားကို ဖူးလိုကုန်၏၊ သွားချေ၊ ဂုတ္တိလစောင်းသမားကို ဝေဇယန္တာ ရထား၌ စီးစေ၍ ပင့်ဆောင်ခဲ့လော့ဟု ဆို၍ မာတလိ နတ်သားသည် ကောင်းပြီဟု သွား၍ ဘုရားလောင်းကို ပင့်ဆောင်၏။ သိကြားမင်းသည် ဘုရား လောင်းနှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဟော၍ ဆရာ ဆရာ၏ စောင်းသံကို နတ်သမီးတို့သည် နားထောင်လိုကုန်သတည်းဟု ဆို၏။

## စောင်းတီးခ

မြတ်သော မင်းကြီး အကျွန်ုပ်တို့ စောင်းသမားတို့မည်သည်ကား အတတ်ကို မှီကုန်၍ အသက်မွေးရကုန်၏၊ အခွင့်ရကုန်သည် ရှိသော် တီးရချေကုန်အံ့ဟု ဆို၏၊ ဆရာ တီးလော့၊ သင့်အား အဖိုးကို ပေးအံ့ဟု ဆိုသည် ရှိသော် ငါ့အား တစ်ပါးသော အဖိုးဖြင့် အလိုမရှိ၊ ဤနတ်သမီးတို့သည်ကား မိမိ၏ ကောင်းမှုကံကို ဆိုစေကုန်သတည်း။ ဤသို့ ဆိုသည် ရှိသော် ငါသည် တီးအံ့ဟု ဆို၏။ ထိုအခါ ဂုတ္တိလစောင်းသမားကို နတ်သမီးတို့သည် ဆရာငါတို့သည် ပြုအပ်သော ကောင်းမှုကံကို နောက်မှ သင်အားဆိုကုန်အံ့၊ စောင်းကို တီးလော့ဟု ဆိုကုန်၏။ ဘုရားလောင်းသည် ခုနစ်ရက်ပတ်လုံး နတ်ဘို့၏အကျိုးငှါ စောင်းကို တီး၏။ ထိုစောင်းသည် နတ်စောင်းကို လွှမ်းမိုး၍ ဖြစ်၏၊ ခုနစ်ရက်မြောက်သောနေ့၌ အစမှစ၍ နတ်သမီးတို့၏ ကောင်းမှုကံကို မေး၏။ တစ်ယောက်သောနတ်သမီးသည် ကဿပ ဘုရား ပွင့်တော်မူသော ကာလ၌ တစ်ပါးသောရဟန်းအား မြတ်သော အဝတ်ကို လှူသောကြောင့် သိကြားမင်း၏ ဖလုပ်အကျွေးဖြစ်၏။ ဂုတ္တိလ စောင်းသမားသည် ထိုနတ်သမီးကို နတ်သမီး သင်သည် ရှေးဘဝ၌ အဘယ် ကောင်းမှုကို ပြုသောကြောင့် နတ်သမီးတစ်ထောင် အခြွေအရံကို ဆောင်သော မြတ်သော အဘတ်ရှိသော နတ်သမီး ဖြစ်သနည်းဟု မေး၏။ ထိုဂုတ္တိလ စောင်းသမား၏ မေးသော အခြင်းအရာသည် ပည်းကောင်း၊ နတ်သမီးတို့၏ ဖြေသော အခြင်းအရာသည်လည်းကောင်း ဝိမာနဝတ္ထု၌ လာသတည်း၊ ထိုစကားသည် မှန်၏၊ ထိုဝိမာနဝတ္ထု၌ ဤဂါထာတို့ကို ဆို၏—

အဘိက္ကန္တေန ဝဏ္ဏေန၊ ယာ တွံ တိဋ္ဌသိ ဒေဝတေ။
ဩဘာသေန္တီ ဒိသာ သဗ္ဗာ၊ ဩသဓီ ဝိယ တာရကာ။

ကေန တေတာဒိသော ဝဏ္ဏော၊ ကေန တေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ တေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

ပုစ္ဆာမိ တံ ဒေဝိ မဟာနုဘာဝေ၊ မနုဿဘူတာ ကိမကာသိ ပုညံ။
ကေနာသိ ဧဝံ ဇလိတာနုဘာဝါ၊ ဝဏ္ဏော စ တေ သဗ္ဗဒိသာ ပဘာသတိ။

ဝတ္ထုတ္တမဒါယိကာ နာရီ၊ ပဝရာ ဟောတိ နရေသု နာရီသု၊
ဧဝံ ပိယရူပဒါယိကာ မနာပံ၊ ဒိဗ္ဗံ သာ လဘတေ ဥပေစ္စ ဌာနံ။

တဿာ မေ ပဿ ဝိမာနံ၊ အစ္ဆရာ ကာမဝဏ္ဏိနီဟမသ္မိ။
အစ္ဆရာသဟဿဿာဟံ၊ ပဝရာ ပဿ ပုညာနံ ဝိပါကံ။

တေန မေ တာဒိသော ဝဏ္ဏော၊ တေန မေ ဣဓ မိဇ္ဈတိ။
ဥပ္ပဇ္ဇန္တိ စ မေ ဘောဂါ၊ ယေ ကေစိ မနသော ပိယာ။

နတ်သမီး သင်သည် ပြဿဓိမည်သော ကြယ်ကဲ့သို့ အရပ်ဆယ်မျက်နှာတို့ကို ထွန်းပလျက် အလွန်လှသော အဆင်းရှိခြင်းသည် အဘယ့်ကြောင့်နည်း၊ အဘယ့်ကြောင့် သင့်အား နတ်ပြည်၌ ဖြစ်ရသနည်း၊ အဘယ့်ကြောင့် သင့်အား စိတ်အလိုရှိသမျှသော စည်းစိမ်တို့ ဖြစ်ရကုန်သနည်း၊ အာနုဘော်နှင့်ကြီးသော နတ်သမီး သင့်ကို ငါမေး၏၊ လူဖြစ်စဉ်က အဘယ်ကောင်းမှုကံကို ပြုဖူးသနည်း၊ သင်သည် အဘယ့်ကြောင့် ဤသို့ ထွန်းပသော အာနုဘော်ရှိသနည်း၊ အဘယ်ကောင်းမှုကြောင့် သင်၏ အဆင်းသည်လည်း အရပ်ဆယ်မျက်နှာတို့ကို ထွန်းပနိုင်သနည်း၊ ဤသို့ မေးအပ်သည် ရှိသော် အရှင်ဘုရား ယောကျာ်းတို့တွင်လည်းကောင်း, မိန်းမတို့တွင်လည်းကောင်း မြတ်သောအဝတ်ကို လှူသော မိန်းမသည် မြတ်၏၊ ဤသို့ ချစ်ဖွယ်သော သဘောရှိသော မြတ်သောဝတ္ထုကို လှူသော ထိုမိန်းမသည် နတ်ပြည်သို့ ကပ်ရောက်ရ၍ နတ်၌ ဖြစ်သော နှစ်လိုဖွယ်သော ဝတ္ထုကို ရ၏။ အရှင်ဘုရား အရှင်ဘုရားသည် အကျွန်ုပ်၏ ဗိမာန်ကို ရှုပါလော့၊ အကျွန်ုပ်သည် နှစ်လိုဖွယ်သော အဆင်းရှိ၏၊ နတ်သမီးတစ်ထောင်တို့ထက် မြတ်သော နတ်သမီးဖြစ်၏၊ ကောင်းမှုတို့၏ အကျိုးကို ရှုတော်မူပါလော့၊ အရှင်ဘုရား ထိုမြတ်သောအဝတ်အလှူကြောင့် အကျွန်ုပ်၏အဆင်းသည် ထိုသို့သဘောရှိ၏၊ ထိုမြတ်သော အလှူကြောင့် အကျွန်ုပ်အား ဤနတ်ပြည်၌ ပြည့်စုံရ၏၊ ထိုမြတ်သော အဝတ်အလှူကြောင့် စိတ်အလိုရှိသမျှသော စည်းစိမ်တို့သည် အကျွန်ုပ်အား ဖြစ်ကုန်သည်သာတည်း၊ ထိုမြတ်သော အဝတ်အလှူကြောင့် အကျွန်ုပ်သည် ဤသို့ ထွန်းပသော အာနုဘော် ရှိပါ၏၊ အကျွန်ုပ်၏ အဆင်းသည်လည်း အရပ်ဆယ်မျက်နှာတို့ကို ထွန်းပပါ၏ဟု ဖြေ၏။

တစ်ယောက်သော နတ်သမီးသည် ဆွမ်းခံသွားသော ရဟန်းအား ပူဇော်အပ်သောငါ ပန်းတို့ကို လှူ၏။ တစ်ယောက်သောနတ်သမီးသည် စေတီ၌ နံ့သာလက်ငါးချောင်းရာကို လှူပါကုန်၏ဟု ဆို၍ နံ့သာတို့ကို လှူ၏။ တစ်ယောက်သော နတ်သမီးသည် ချိုသော အရသာ ရှိကုန်သော သစ်သီးကြီးငယ်တို့ကို လှူ၏။ တစ်ယောက်သော နတ်သမီးသည် မြတ်သော အရသာကို လှူ၏။ တစ်ယောက်သော နတ်သမီးသည် ကဿပမြတ်စွာဘုရား စေတီတော်၌ နံ့သာလက်ငါးချောင်းရာတို့ကို လှူ၏။ တစ်ယောက်သော နတ်သမီးသည် ဒါယကာအိမ်၌ နားလာနေကုန်သော ခရီးသွား ရဟန်းယောကျာ်း ရဟန်းမိန်းမတို့၏ အထံ၌ တရားကို နာ၏။ တစ်ယောက်သော နတ်သမီးသည် လှေ၌ ဆွမ်းဘုဉ်းပေးသော ရဟန်းအား ရေကို ကပ်လှူ၏။ တစ်ယောက်သော နတ်သမီးသည်

အိမ်၏ အလယ်၌ နေလျက် အချက်မသွက်သည့် ဖြစ်၍ ယောက္ခမယောကျ်ားသူ ယောက္ခမမိန်းမသူတို့၏ ဝတ်ကို ပြု၏။ တစ်ယောက်သော နတ်သမီးသည် မိမိ ရသော အဖို့မှ ခွဲခြမ်းဝေဖန်၍ သီလရှိသော ပုဂ္ဂိုလ်အား လှူ၏။ တစ်ယောက် သော နတ်သမီးသည် သူ့အိမ်၌ ကျွန်မဖြစ်၍ အမျက်မာန် မရှိသည် ဖြစ်၍ မိမိ ရအပ်သောအဖို့မှ ခွဲခြမ်းဝေဖန်၍ ပေးလှူခြင်းကို ပြု၍ သိကြားမင်း၏ အလုပ် အကျွေးအားဖြင့် ဖြစ်၏။ ဤသို့ အစရှိသောအပြားအားဖြင့် ဂုတ္တိလဝိမာနဝတ္ထု၌ လာကုန်သော အလုံးစုံသော သုံးကျိပ်ခြောက်ယောက်ကုန်သော နတ်သမီး တို့သည် အကြင် အကြင်ကောင်းမှုကို ပြုကုန်၍ ထိုနတ်ပြည်၌ ဖြစ်ကုန်၏။ ထိုအလုံးစုံသော ကောင်းမှုကို ဘုရားလောင်းသည် မေး၏။ နတ်သမီး တို့သည်လည်း ထိုဘုရားလောင်းအား မိမိတို့သည် ပြုအပ်သော ကောင်းမှုကို ဂါထာတို့ဖြင့်သာလျှင် ဖြေကုန်၏။ ထိုစကားကို ကြား၍ ဘုရားလောင်းသည် အကြင် ငါသည် ဤနတ်ပြည်သို့ ရောက်၍ အနည်းငယ်မျှလည်း ဖြစ်သော ကောင်းမှုကြောင့် ရအပ်ကုန်သော စည်းစိမ်တို့ကို ကြားရပေပြီ၊ ထိုငါ၏ လူ၏ အဖြစ်ကို ရခြင်းသည်ကား ကောင်းသော ရခြင်းပေတကားဟု ဤအခါမှ စ၍ လူ့ပြည်သို့ သွား၍ ဒါနအစရှိသော ကုသိုလ်ကံတို့ကိုသာလျှင် ပြုအံ့ဟုဆို၍ ယခု ငါ၏ လာခြင်းသည်ကား ကောင်းသော လာခြင်းပေတကား။ မိုးသောက်ခြင်း သည်ကား ကောင်းသော မိုးသောက်ခြင်း ပေတကား၊ ငါသည် အစ္ဆရာ-ဟု ဆိုအပ်ကုန်သော နှစ်လိုဖွယ် အဆင်းရှိကုန်သော နတ်သမီးတို့ကို မြင်ရပေပြီ။ ဤနတ်သမီးတို့၏ တရားကို နာရ၍ ငါသည်သာ များစွာသော ကုသိုလ်ကို ပြုအံ့။ သတ္တဝါတို့သည် အကြင် နတ်ပြည်သို့ ရောက်ကုန်၍ မစိုးရိမ်ကုန်။ ထိုငါသည် အလှူပေးသဖြင့် လည်းကောင်း, ညီညွတ်စွာ ကျင့်သဖြင့် လည်းကောင်း, ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်သဖြင့် လည်းကောင်း, စက္ခုန္ဒြေ စသည်ကို ဆုံးမသဖြင့်လည်းကောင်း နတ်ပြည်သို့ လားရပေအံ့ဟု ဤဥဒါန်းကို ကျူးရင့်၏။ ထိုအခါ ဘုရားလောင်းကို ခုနစ်ရက် လွန်သဖြင့် သိကြား နတ်မင်းသည် မာတလိ အမည်ရှိသော နတ်သားကို ခေါ်၍ ရထား၌ စီးစေပြီးသော် ဗာရာဏသီပြည်သို့ ပို့စေ၏။ ဘုရားလောင်းသည် ဗာရာဏသီ ပြည်သို့ ရောက်၍ နတ်ပြည်၌ မိမိသည် မြင်ခဲ့သော အကြောင်းကို လူတို့အား ကြား၏။ ထိုအခါမှ စ၍ လူတို့သည် အားထုတ်ခြင်း ရှိကြကုန်၍ ကောင်းမှု တို့ကို ပြုအံ့သောငှါ အောက်မေ့ကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မုသိလ စောင်းသမား ဖြစ်ပြီးပြီ၊ ယခုအခါ

အနုရုဒ္ဓါသည် ထိုအခါ သိကြားဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဂုတ္တိလစောင်းသမား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(အတတ်ပညာ၊ သင်ဆရာအား၊ ပညာအနက်တု၊
ဖက်ပြိုင်ပြု၊ လူထု ရွံကာမုန်း)

နှစ်ရာလေးဆယ့်သုံးခုမြောက်သော ဂုတ္တိလဇာတ်သည် ပြီး၏။

---

## ၂၄၄-ဝိဂတိစ္ဆဇာတ်

### ပရိဗိုဇ်ပြေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယံ ပဿတိ န တံ ဣစ္ဆတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိဂတိစ္ဆဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော ပြေးသော ပရိဗိုဇ် ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပရိဗိုဇ်သည် ဇမ္ဗူကျွန်း အလုံး၌ ပြောဆိုဘက်ကို မရ၍ သာဝတ္ထိပြည်သို့ လာပြီးသော် ငါနှင့်တကွ ပြောဆိုခြင်းကို ပြုအံ့သောသူ အဘယ်သူသည် စွမ်းနိုင်အံ့နည်းဟု မေး၍ ဘုရားရှိ၏ဟု ကြား၍ လူအများ ခြံရံလျက် ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ပရိသတ်လေးပါး အလယ်၌ တရားကို ဟောစဉ် ပြဿနာကို မေးသတတ်။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိဗိုဇ်၏ ပြဿနာကို ဖြေတော်မူ၍ တစ်ခုမည်သည်ကား အဘယ်နည်းဟု ပြဿနာကို မေး၏။ ထိုပရိဗိုဇ်သည် ပြဿနာကို ဖြေအံ့သောငှါ မတတ်နိုင်သည် ဖြစ်၍ ထ၍ ပြေးလေ၏။ စည်းဝေးကုန်သော ပရိသတ်တို့သည် အရှင်ဘုရား အရှင် ဘုရားသည် တစ်ပုဒ်တည်းဖြင့် သာလျှင် ပရိဗိုဇ်ကို နှိပ်မိ၏ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဒါယကာတို့ ငါသည် ယခုအခါ၌သာလျှင် ထိုပရိဗိုဇ်ကို တစ်ပုဒ်တည်းဖြင့်သာလျှင် နှိပ်မိသည် မဟုတ်သေး၊ ရှေး၌လည်း နှိပ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိကတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့

ရောက်သည်ရှိသော် ဝတ္ထုကာမ ကိလေသာကာမတို့ကို စွန့်၍ ရသေ့ ရဟန်း အဖြစ်သို့ ကပ်၍ ရှည်စွာသော ကာလပတ်လုံး ဟိမဝန္တာ၌ နေ၏။ ထိုဘုရားလောင်းသည် တောင်မှ သက်၍ တစ်ခုသော နိဂုံးရွာကို အမှီပြု၍ မြစ်ကွေ့၌ သစ်ရွက်မိုးသော သင်္ခမ်း၌ နေ၏။ ထိုအခါ တစ်ယောက်သော ပရိဗိုဇ်သည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပြောဆိုဘက်ကို မရ၍ ထိုနိဂုံးသို့ ရောက်၍ ငါနှင့်တကွ ပြောဆိုခြင်းငှါ စွမ်းနိုင်သော တစ်စုံတစ်ယောက်သော သူသည် ရှိသလောဟု မေး၍ ရှိ၏ဟု ဘုရားလောင်း၏ အာနုဘော်ကို ကြား၍ လူများ ခြံရံလျက် ထိုဘုရားလောင်း၏ နေရာအရပ်သို့ သွား၍ ပဋိသန္ထာရကိုပြု၍ နေ၏။ ထိုအခါ ထိုပရိဗိုဇ်ကို ဘုရားလောင်းသည် အဆင်း အနံ့တို့ဖြင့် ပြည့်စုံသော ပန်းတို့ဖြင့် ထုံအပ်သော ဂင်္ဂါရေကို သောက်လတ္တံ့လောဟု မေး၏။ ပရိဗိုဇ်သည် ဝါဒဖြင့် လွှမ်းမိုး၍ ဂင်္ဂါသဲသည်ကား အဘယ်နည်း၊ ဂင်္ဂါ၏ ဤမှာဘက်ကမ်းကား အဘယ်နည်း၊ ဂင်္ဂါ၏ ထိုမှာဘက်ကမ်းကား အဘယ်နည်းဟု မေး၏။ ဘုရားလောင်းသည်ကား ထိုပရိဗိုဇ်ကို ရေကိုလည်းကောင်း၊ သဲကိုလည်းကောင်း ဤမှာဘက်ကမ်းကိုလည်းကောင်း၊ ထိုမှာဘက်ကမ်းကိုလည်းကောင်း ထား၍ ဂင်္ဂါကို အဘယ်မှာ ရလတ္တံ့နည်းဟု ဆို၏။ ပရိဗိုဇ်သည် ဆိုဖွယ်မဲ့လျှင်း၊ ပညာကင်းသည် ဖြစ်၍ ထ၍ ပြေး၏။ ထိုပရိဗိုဇ်သည် ပြေးသည် ရှိသော် ဘုရားလောင်းသည် စည်းဝေးသော ပရိသတ်အား တရားဟောလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏—

၁၈၈။ ယံ ပဿတိ န တံ ဣစ္ဆတိ၊ ယဉ္စ န ပဿတိ တံ ကိရိစ္ဆတိ။
မညာမိ စိရံ စရိဿတိ၊ န ဟိ တံ လစ္ဆတိ ယံ သ ဣစ္ဆတိ။

၁၈၉။ ယံ လဘတိ န တေန တုဿတိ၊ ယဉ္စ ပတ္ထေတိ လဒ္ဓံ ဟီဠေတိ။
ဣစ္ဆာဟိ အနန္တဂေါစရာ၊ ဝိဂတိစ္ဆာန နမော ကရောမသေ။

အချင်းတို့—ပရိဗိုဇ်သည် မျက်မြင်ဖြစ်သော ရေ စသည်ကို ဂင်္ဂါဟူ၍ မထင်ပေ၊ မျက်မြင်မဟုတ်သည့် ရေ စသည်ကိုသာ ဂင်္ဂါဟု မှတ်ထင် အလိုရှိနေပေ၏။ ဂင်္ဂါကို ကြာမြင့်စွာ ရှာဖွေလျက် နေရပေလတ္တံ့။ ထို့အတူလျှင် ရဟန်းသည် ရုပ်အစရှိသည်မှ လွတ်သော ကိုယ်ကို သံသရာဆုံးတိုင် လှည့်ပတ်ရှာဖွေပါသော်လည်း အလိုရှိသော ဂင်္ဂါအတ္တဘောကို မရရှိပေလတ္တံ့၊ ရရှိအပ်သော ရေ အစရှိသည့် ဝတ္ထုရုပ်ရုံကို မနှစ်သက်နိုင်ဘဲ အခြား တောင့်တအပ်သော စည်းစိမ်ကို ရရှိသော်လည်း အဘယ် အကျိုးရှိအံ့နည်း။ တဏှာသည် အဆုံးမရှိသော အာရုံရှိသောကြောင့် ထိုတဏှာ ကင်းကုန်ပြီးသော ဘုရား ပစ္စေကဗုဒ္ဓါ သာဝကတို့အား ငါတို့သည် ရှိခိုးကြပါကုန်၏။

### ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့ ယခုအခါ ပရိဗိုဇ်သည် ထိုအခါ ပရိဗိုဇ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာလေးဆယ့်လေးခုမြောက်သော ဝိဂတိစ္ဆဇာတ်သည် ပြီး၏။

---

## ၂၄၅-မူလပရိယာယဇာတ်

### မာန်ယစ် ပုဏ္ဏားများ

### ပညာ မတောက်တခေါက် မာနရောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကာလော ဃသတိ ဘူတာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမူလပရိယာယဇာတ်ကို ဥက္ကဋ္ဌတိုင်းကို အမှီပြု၍ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော တော၌ သီတင်းသုံး နေတော်မူစဉ် ဟောတော်မူအပ်သော မူလပရိယာယသုတ္တန်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဘက်သို့ ရောက်ကုန်သော ငါးရာကုန်သော ပုဏ္ဏားတို့သည် သာသနာတော်၌ ရဟန်းပြုကုန်၍ ပိဋကတ်သုံးပုံတို့ကို သင်ကုန်၍ မာနမာန်ဖြင့် ယစ်ကုန်၍ မြတ်စွာဘုရားသည်လည်း ပိဋကတ်သုံးပုံကို တတ်ကုန်၏။ ငါတို့သည်လည်း ပိဋကတ်သုံးပုံတို့ကို တတ်ကုန်၏။ ဤသို့ ဖြစ်သည်ရှိသော် ထိုမြတ်စွာဘုရားသည် ငါတို့နှင့် အဘယ်မှာ ထူးခြင်း ရှိအံ့နည်းဟု ဘုရားအား ခစားခြင်းကို မပြုကုန်။ ဆန့်ကျင်ဘက် ဖြစ်ကုန်၍ သွားကုန်၏။ ထိုအခါ တစ်နေ့သ၌ မြတ်စွာဘုရားသည် ထိုရဟန်းတို့သည် လာကုန်၍ အထံတော်၌ နေကုန်သည်ရှိသော် ရှစ်ပါးကုန်သော ဘုမ္မိတို့ဖြင့် တန်ဆာဆင်၍ မူလပရိယာယသုတ္တန်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် စိုးစဉ်းမျှ မမှတ်နိုင်ကုန်။ ထိုအခါ ထိုရဟန်းတို့အား ငါတို့နှင့် တူကုန်သော ပညာရှိတို့သည် မရှိကုန်ဟု ငါတို့သည် မာနကို ပြုကုန်၏။ ယခုအခါ၌ကား တစ်ခုံတစ်ခုကိုမျှ မသိနိုင်ကုန်။ ဘုရားတို့နှင့် တူသော ပညာရှိ မည်သည်ကား မရှိ။ ဘုရားကျေးဇူးတော်တို့သည် အံ့ဖွယ်သရဲ ရှိကုန်၏ဟု ဤသို့သော အကြံသည် ဖြစ်၏။ ထိုရဟန်းတို့သည် ထိုအခါမှစ၍ ပယ်အပ်သော မာနရှိကုန်သည်ဖြစ်၍ နုတ်အပ်သော အစွယ်ရှိကုန်သော မြွေတို့ကဲ့သို့ မာန်ထောင်လွှားခြင်း ကင်းကုန်သည်ဖြစ်၏။ မြတ်စွာဘုရားသည် ဥက္ကဋ္ဌ၌ မွေ့လျော်တော်မူသမျှ နေတော်မူ၍ ဝေသာလီပြည်သို့ ကြွတော်မူပြီးလျှင် ဂေါတမနတ်၏

နေရာ၌ ဆောက်အပ်သော ကျောင်း၌ ဂေါတမက အမည်ရှိသော သုတ္တန်ကို ဟောတော်မူ၏။ တစ်သောင်းသော လောကဓာတ်သည် တုန်လှုပ်၏။ မူလပရိယာယသုတ္တန်ကိုကား နာရကုန်၍ ထိုရဟန်းတို့သည် ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ မူလပရိယာယ သုတ္တန်၏ အဆုံး၌ကား မြတ်စွာဘုရားသည် ဥက္ကဋ္ဌ၌ နေတော်မူစဉ်လျှင် ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဘုရားရှင်တို့၏ အာနုဘော်သည် အံ့ဖွယ်သရဲရှိစွ။ ရဟန်းပြုကုန်၍ ထိုထိုသို့သော အခြင်းအရာအားဖြင့် မာန်ယစ်ခြင်းဖြင့် ယစ်ကုန်သော ပုဏ္ဏားတို့ကို ထိုမြတ်စွာဘုရားသည် မူလပရိယာယ ဒေသနာတော်ဖြင့် ပယ်အပ်သော မာနရှိသည်တို့ကို ပြုအပ်ကုန်၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ငါသည် ယခုအခါ၌သာလျှင် ဤသို့ မာန်ထောင်လွှားခြင်း အလေ့ရှိကုန်၍ သွားကုန်သော ဤရဟန်းတို့ကို ပယ်အပ်သော မာန ရှိသည်တို့ကို ပြုသည်မဟုတ်သေး၊ ရှေး၌လည်း ငါသည် ဤသို့ မာန်ထောင်လွှားခြင်း အလေ့ရှိကုန်သည်ဖြစ်၍ သွားကုန်သော ဤရဟန်းတို့ကို ပယ်အပ်သော မာနရှိသည်တို့ကို ပြုဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဗေဒင်တို့၏ ကမ်းတဘက်သို့ရောက်သော ဒိသာပါမောက္ခ ဆရာဖြစ်၍ လုလင်ငါးရာတို့ကို ဗေဒင်သင်၏၊ ထိုငါးရာကုန်သော လုလင်တို့သည် အပြီးသို့ရောက်သော အတတ်ရှိကုန်သည် ဖြစ်၍ အတတ်၌ မေးစိစစ်၍ အကြင်မျှလောက်သော အတတ်ကို ငါတို့တတ်ကုန်၏။ ဆရာသည်လည်း ထိုမျှလောက်သော အတတ်ကိုသာလျှင် တတ်၏။ အထူးမရှိပြီဟု မာနဖြင့် ခိုင်မာကုန်သည် ဖြစ်၍ ဆရာ့အထံသို့ မသွားကုန်။ ဝတ်ကြီးဝတ်ငယ်ကို မပြုကုန်။ ထိုငါးရာကုန်သော လုလင်တို့သည် တစ်နေ့သ၌ ဆရာသည် ဆီးပင်ရင်း၌ နေသည်ရှိသော် ဆရာကို ကဲ့ရဲ့လိုကုန်သည်ဖြစ်၍ ဆီးပင်ကို လက်သီးဖြင့် ခေါက်ကုန်၍ ဤသစ်ပင်သည် အနှစ်မရှိသလျှင် ကတည်းဟု ဆိုကုန်၏။ ဘုရားလောင်းသည် မိမိအား ကဲ့ရဲ့သည်၏ အဖြစ်ကိုသိ၍ တပည့်တို့ သင်တို့အား ငါသည် တစ်ခုသော ပြဿနာကို မေးအံ့ဟု ဆို၏။ တပည့်တို့သည် နှစ်သက်ရွှင်လန်းကုန်၍ မေးကုန်လော့ ဖြေကုန်အံ့ဟု ဆိုကြကုန်၏။ ဆရာသည် ပြဿနာကို မေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၉၀။ ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။

တပည့်တို့ အချိန်ကာလသည် မိမိအပါအဝင် သတ္တဝါအားလုံးတို့ကို စား၏။ အချိန်ကာလကို ခဲစားနိုင်သောသတ္တဝါတို့ကို လောင်မြိုက်စေတတ်သော တဏှာတည်းဟူသော မီးကို ဉာဏ်တည်းဟူသောမီးဖြင့် ကျက်စေတတ်သော သူကား အဘယ်သူနည်း။

ဤပြဿနာကို ကြား၍ လုလင်တို့တွင် တစ်ယောက်မျှလည်း သိအံ့သောငှါ စွမ်းနိုင်သော သူမည်သည် မရှိ။ ထိုအခါ လုလင်တို့ကို ဘုရားလောင်းသည် လုလင်တို့ သင်တို့သည် ဗေဒင်သုံးပုံတို့၌ ရှိ၏ဟူသော အမှတ်ကို မပြုကြကုန်လင့်၊ သင်တို့သည် အကြင် အတတ်ကို ဆရာသည်သိ၏။ ထိုအလုံးစုံကို ငါတို့သိကုန်၏ဟူ၍ အောက်မေ့ကုန်သည် ဖြစ်၍ ငါ့ကို ဆီးပင်နှင့်တူသည်ကို ပြုကုန်၏။ သင်တို့ထက် တစ်ယောက်သော ငါ၏ များသောအနက်ကို သိသည်၏ အဖြစ်ကို သိရကုန်အံ့ သွားကြလေကုန် ခုနစ်ရက်မြောက်သောနေ့၌ ကာလကို ပေး၏။ ဤမျှသောကာလဖြင့် ဤပြဿနာကို ကြံလေကုန်ဟု ဆိုသည်ရှိသော် ထိုလုလင်တို့သည် ဘုရားလောင်းကို ရှိခိုးကုန်၍ မိမိတို့၏ နေရာအရပ်သို့ သွားကုန်၍ ခုနစ်ရက်ပတ်လုံး ကြံကုန်သော်လည်း ပြဿနာ၏ အဆုံးအစကို မမြင်ကုန်သလျှင်ကတည်း။ ခုနစ်ရက်မြောက်သောနေ့၌ ဆရာ့အထံသို့ သွားကုန်၍ ရှိခိုးလျက် နေကုန်၏။ ကောင်းသောမျက်နှာ ရှိကုန်သော လုလင်တို့ ပြဿနာကို သိကုန်၏လောဟု မေးသည်ရှိသော် မသိနိုင်ဟု ဆိုကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် ထိုလုလင်တို့ကို ကဲ့ရဲ့လိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၁၉၁။ ဗဟူနိ နရသီသာနိ၊ လောမသာနိ ဗြဟာနိ စ။
ဂီဝါသု ပဋိမုက္ကာနိ၊ ကောစိဒေဝေ'တ္ထ ကဏ္ဏဝါ။

လည်တို့၌ စွပ်အပ်ကုန်ကော ပွားသောအမွေးရှိကုန်သော လူများစွာတို့၏ ဦးခေါင်းတို့သည် ထင်ကုန်၏။ ဤဦးခေါင်းများစွာတို့အနက် ဦးခေါင်းတစ်ခုသည် သာလျှင် သိတတ်သော နားရှိ၏။

ထိုလုလင်တို့သည် ကြားကုန်၍ ဆရာမည်သည် အံ့ဖွယ်ရှိစွတကား၊ မြတ်စွတကားဟု ကန်တော့၍ ပယ်အပ်သော မာန်ရှိကုန်သည်ဖြစ်၍ ဘုရားလောင်းကို လုပ်ကျွေးကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ဤငါးရကုန်သော ရဟန်းတို့သည် ထိုအခါ လုလင်ငါးရာ ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည် သူ့သာလျှင် ထိုအခါ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာလေးဆယ့်ငါးခုမြောက်သော မူလပရိယာယဇာတ်သည် ပြီး၏။

---

## ၂၄၆-ဗာလောဝါဒဇာတ်

## သက်သတ်လွတ် စားခြင်း

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဟန္တွာ ဆေတွာ ဝဓိတွာ စ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗာလောဝါဒဇာတ်ကို ဝေသာလီပြည်ကို အမှီပြု၍ စုလစ်မွမ်းချွန်တပ်သော ဇရပ်၌ သီတင်းသုံးနေတော်မူစဉ် သီဟာစစ်သူကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသီဟာစစ်သူကြီးသည် မြတ်စွာဘုရားကို ကိုးကွယ်ခြင်းပြု၍ ဖိတ်ပြီးလျှင် နက်ဖြန်နေ့၌ သားပြွမ်း ဆွမ်းကို လှူ၏။ နိဂဏ္ဌသည် ထိုစကားကိုကြား၍ အမျက်ထွက်၍ နှလုံးမသာယာသည် ဖြစ်၍ မြတ်စွာဘုရားကို ညှဉ်းဆဲလိုသည် ဖြစ်၍ ရဟန်းဂေါတမသည် သိလျက် ရည်၍ ပြုအပ်သော အသားကိုစား၏ဟု ဆဲရေး၏။ ရဟန်းတို့သည် နာဋ၏သားဖြစ်သော နိဂဏ္ဌသည် ရဟန်းဂေါတမသည် သိလျက် ရည်၍ ပြုအပ်သော အသားကို စား၏ဟု ပရိသတ်နှင့်တကွ ဆဲရေးသျက် လှည့်လည်၏ဟု စကားကို ဖြစ်စေကုန်၏။ ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့ နာဋ၏ သားဖြစ်သော နိဂဏ္ဌသည် ယခုအခါ၌သာလျှင် ရည်၍ ပြုအပ်သော အသားကို စားသောအားဖြင့် ငါ့ကို ကဲ့ရဲ့သည် မဟုတ်သေး၊ ရှေး၌လည်း ကဲ့ရဲ့ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော်

ရသေ့ ရဟန်းပြု၍ ချဉ်ဆားမှိုဝဲအံ့သောငှါ ဟိမဝန္တာမှ ဗာရာဏသီ ပြည် သို့သွား၍ နက်ဖြန်နေ့၌ မြို့သို့ ဆွမ်းခံအံ့သောငှါ ဝင်၏။ ထိုအခါ တစ်ယောက်သော သူကြွယ်သည် ရသေ့ကို ညှဉ်းဆဲအံ့ဟူ၍ အိမ်တွင်းသို့ ပင့်၍ ခင်းထားသော နေရာ၌ နေစေ၍ ငါးအမဲဖြင့် လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးသော ကိစ္စအဆုံး၌ လျောက်ပတ်သော အရပ်၌ နေ၍ ရှင်ရသေ့ သင်ဘို့ကိုသာလျှင် ရည်၍ သတ္တဝါတို့ကို သတ်၍ ဤအမဲကို ပြုအပ်၏၊ ဤအကုသိုလ်သည် ငါတို့အား သာလျှင် မဖြစ်စေလင့် သင်တို့အားလည်း ဖြစ်စေသတည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၁၉၂။ ဟန္တွာ ဆေတွာ ဝဓိတွာ စ၊ ဒေတိ ဒါနံ အသညတော။
ဒေိသံ ဘတ္တံ ဘုဉ္ဇမာနော၊ သ ပါပေန ဥပလိပ္ပတိ။

ရှင်ရသေ့ သီလမရှိသောသူသည် ပုတ်ခတ်ခြင်းဖြင့် လည်းကောင်း၊ ဖြတ်တောက်ခြင်းဖြင့် လည်းကောင်း၊ သတ်ဖြတ်ခြင်းဖြင့် လည်းကောင်း၊ အလှူကို ပေး၏၊ ဤသို့သဘောရှိသော ဆွမ်းကို စားသော ရဟန်းသည် မကောင်းမှုဖြင့် လိမ်းကျံ၏။

ဘုရားလောင်းသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏—

၁၉၃။ ပုတ္တဒါရမ္ပိ စေ ဟန္တွာ၊ ဒေတိ ဒါနံ အသညတော။
ဘုဉ္ဇမာနောပိ သပ္ပညော၊ န ပါပေန ဥပလိပ္ပတိ။

ဒါယကာ သီလမရှိသော သူသည် သားမယားကိုသော်လည်း သတ်၍ အလှူကို အကယ်၍ လှူစေကာမူ ပညာရှိသော ပုဂ္ဂိုလ်သည် ထိုဆွမ်းကို စားသော်လည်း မကောင်းမှုဖြင့် မလိမ်းကျံ။

ဤသို့ ထိုဒါယကာအား ဘုရားလောင်းသည် တရားကိုဟော၍ နေရာမှထ၍ ဖဲ၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ နာဋ၏ သားဖြစ်သော နိဂဏ္ဌသည် ထိုအခါ သူကြွယ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာလေးဆယ့်ခြောက်ခုမြောက်သော ဗာလောဝါဒဇာတ်သည် ပြီး၏။

## ၂၄၇-ပါဒဉ္စလိဇာတ်
## (နှုတ်ခမ်းကိုက် မင်းသား)
## မသိလျှင်တွေး၊ မတတ်လျှင်ငေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဒ္ဓါ ပါဒဉ္စလီ သဗ္ဗေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပါဒဉ္စလိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လာဠုဒါယီ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ နှစ်ပါးကုန်သော သာဝကတို့သည် ပြဿနာကို ဆုံးဖြတ်ကုန်၏။ ရဟန်းတို့သည် ပြဿနာကို ရကုန်သည်ဖြစ်၍ မထေရ်တို့ကို ချီးမွမ်းကုန်၏။ လာဠုဒါယီ မထေရ်သည်ကား ပရိသတ်ဘို့၏ အလယ်၌နေလျက် ထိုသာရိပုတ္တရာ မောဂ္ဂလာန်တို့သည် ငါတို့နှင့်အမျှ တတ်ကုန်သလောဟု နှုတ်ခမ်းကို ကိုက်၏။ မထေရ်တို့သည် ထိုလာဠုဒါယီ မထေရ်ကို မြင်ကုန်၍ ဖဲကြကုန်၏။ ပရိသတ်သည် ပျက်၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ လာဠုဒါယီ မထေရ်သည် နှစ်ပါးကုန်သော အဂ္ဂသာဝကတို့ကို ကဲ့ရဲ့၍ နှုတ်ခမ်းကို ကိုက်၏ဟု စကားကို ဖြစ်စေကုန်၏။ ထိုစကားကို ကြားတော်မူ၍ ရဟန်းတို့ ယခုအခါ၌သာလျှင် လာဠုဒါယီသည် နှုတ်ခမ်းကို ကိုက်ခြင်းကိုထား၍ ထို့ထက်အလွန်ဖြစ်သော တစ်ပါးသော အမှုကို မသိသည် မဟုတ်သေး။ ရှေး၌လည်း လာဠုဒါယီသည် နှုတ်ခမ်းကို ကိုက်ခြင်းကို ထား၍ ထို့ထက်အလွန်ဖြစ်သော တစ်ပါးသော အမှုကို မသိကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏။ မင်း၏ ပါဒဉ္စလိ အမည်ရှိသော သားသည် လျှပ်ပေါ်၏။ ညံ့သော လုံ့လရှိ၏၊ နောက်အဖို့၌ မင်းသည် သေ၏။ အမတ်တို့သည် မင်း၏သေမှုကို ပြုကုန်၍ အဘယ်သူကို မင်းအဖြစ်၌ အဘိသိက် သွန်းကြကုန်အံ့နည်းဟု တိုင်ပင်ကုန်သည်ရှိသော် ပါဒဉ္စလိ မင်းသားကို အဘိသိက် သွန်းကုန်အံ့ဟု ဆိုကုန်၏။ ဘုရားလောင်းသည်ကား ဤမင်းသားသည် လျှပ်ပေါ်၏။ ညံ့သော လုံ့လရှိ၏၊ စုံစမ်း၍ ထိုမင်းသားကို အဘိသိက် သွန်းကုန်အံ့ဟု ဆို၏။ အမတ်တို့သည် အဆုံးအဖြတ်ကို စီရင်ကုန်၍ မင်းသားကို အနီး၌ နေစေကုန်၍ တရားကို ဆုံးဖြတ်ကုန်သည်ရှိသော် ကောင်းစွာ မဆုံးဖြတ်ကုန်၊

ထိုအမတ်တို့သည် အရှင်မဟုတ်သော သူကို အရှင်ပြုကုန်၍ မင်းသား အသို သဘောရှိသနည်း အကျွန်ုပ်တို့သည် ကောင်းစွာ ဆုံးဖြတ်ကုန်၏လောဟု မင်းသားကို မေးကုန်၏။ ထိုပါဒဥ္စလိမင်းသားသည် နှုတ်ခမ်းကို ကိုက်၏။ ဘုရားလောင်းသည် ပညာရှိယောင်တကား ထိုမင်းသားသည် ကောင်းစွာ မဆုံးဖြတ်သည်၏ အဖြစ်ကို သိသည်ဖြစ်လတ္တံ့ဟု အောက်မေ့သည် ဖြစ်၍ ဤဂါထာကို ဆို၏—

၁၉၄။ အဒ္ဓါ ပါဒဥ္စလီ သဗ္ဗေ၊ ပညာယ အတိရောစတိ။
တထာ ဟိ ဩဋ္ဌံ ဘဉ္ဇတိ၊ ဥတ္တရိ ံ နူန ပဿတိ။

အချင်းတို့ ပါဒဥ္စလိမင်းသားသည် စင်စစ် သူခပ်သိမ်းတို့အား ပညာဖြင့် ထွန်းလင်းတောက်ပစေ၍ နှုတ်ခမ်းကို ကိုက်၏။ အလွန်ဖြစ်သောအကြောင်းကို မြင်ယောင်တကား။

တစ်ပါးသောနေ့၌လည်း အဆုံးအဖြတ်ကို စီရင်ကုန်၍ တရားကိုကောင်းစွာ ဆုံးဖြတ်ကုန်၍ မြတ်သောမင်းကြီး အဆုံးအဖြတ်ကို အဘယ်သို့သဘောရှိသနည်းဟု မေးကုန်၏။ ထိုပါဒဥ္စလိ မင်းသားသည် တစ်ဖန်လည်း နှုတ်ခမ်းကိုသာလျှင် ကိုက်၏။ ထိုအခါ ထိုပါဒဥ္စလိမင်းသား၏ အလွန်မိုက်သည်၏ အဖြစ်ကို သိ၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏။

၁၉၅။ နာယံ ဓမ္မံ အဓမ္မံ ဝါ၊ အတ္ထာနတ္ထဉ္စ ဗုဇ္ဈတိ။
အညတြ ဩဋ္ဌနိဗ္ဘောဂါ၊ နာယံ ဇာနာတိ ကိဉ္စနံ။

အချင်းတို့ ဤပါဒဥ္စလိမင်းသားသည် သင့်သောအကြောင်းကိုလည်းကောင်း မသင့်သော အကြောင်းကိုလည်းကောင်း အကျိုးရှိသည် မရှိသည်ကိုလည်း ကောင်း မသိ၊ ဤပါဒဥ္စလိမင်းသားသည် နှုတ်ခမ်းကိုက်ခြင်းက လွဲ၍ အခြား တစ်စုံတစ်ရာကို မသိရှာပေ။

အမတ်တို့သည် ပါဒဥ္စလိမင်းသား၏ မိုက်သည်၏ အဖြစ်ကို သိကုန်၍ ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက် သွန်းကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ လာဠုဒါယီသည် ထိုအခါ ပါဒဥ္စလိမင်းသားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ်လေးဆယ့်ခုနစ်ခုမြောက်သော ပါဒဥ္စလိဇာတ်သည် ပြီး၏။

## ၂၄၈-ကိံသုကောပမဇာတ်

### မင်းသားလေးယောက် ပေါက်လေးပင် ကိုယ့်ဘက်ကတော့ ကိုယ်မှန်နေကြသည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သမ္ဗောဟိ ကိံသုကော ဒိဋ္ဌော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိံသုကောပမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကိံသုကောပမသုတ္တန်ကို အကြောင်းပြု၍ ဟောတော်မူ၏။

လေးယောက်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသို့ကပ်၍ ကမ္မဋ္ဌာန်းကို တောင်းကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့အား ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် ကမ္မဋ္ဌာန်းကို ယူကုန်၍ မိမိတို့၏ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်တို့သို့ ကပ်ကုန်၏။ ထိုရဟန်းတို့တွင် တစ်ပါးသော ရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့ကိုသိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ရောက်၏။ တစ်ပါးသော ရဟန်းသည် ငါးပါးကုန်သောခန္ဓာတို့ကို၊ တစ်ပါးသောရဟန်းသည် လေးပါးကုန်သော မဟာဘုတ်တို့ကို၊ တစ်ပါးသော ရဟန်းသည် တဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ ရောက်၏။ ထိုရဟန်းတို့သည် မိမိတို့သည် ရအပ်သော တရားအထူးကို မြတ်စွာဘုရားအား လျှောက်ကုန်၏။ ထိုအခါ တစ်ပါးသော ရဟန်းအား ဤရဟန်းတို့၏ ကမ္မဋ္ဌာန်းတို့သည် ထူးကုန်၏၊ နိဗ္ဗာန်သည် ဘူ၏။ အဘယ့်ကြောင့် ခပ်သိမ်းကုန်သောရဟန်းတို့သည် အရဟတ္တဖိုလ်ကို ရအပ်သနည်းဟု အကြံသည်ဖြစ်၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရားကို လျှောက်၏။ မြတ်စွာဘုရားသည် ရဟန်း ပေါက်ပင်ကို မြင်ဖူးကုန်သော မင်းသားညီနောင် လေးယောက်တို့နှင့်တကွ သင့်အား ထူးသောအဖြစ်သည် အသို့ရှိအံ့နည်းဟု မိန့်တော်မူ၍ အရှင်ဘုရား ဤအကြောင်းကို အကျွန်ုပ်တို့အား ဟောတော်မူပါကုန်လောဟု ရဟန်းတို့သည် တောင်းပန်အပ်ကုန်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား လေးယောက်ကုန်သော သားတို့သည် ဖြစ်ကုန်၏။ ထိုမင်းသားတို့သည် တစ်နေ့သ၌ ရထားထိန်းကို ခေါ်၍ အချင်း ရထားထိန်း ငါတို့သည် ပေါက်ပင်ကို မြင်လိုကုန်၏။ ငါတို့အား ပေါက်ပင်ကို ပြလော့ဟု ဆိုကုန်၏။ ရထားထိန်းသည် ကောင်းပြီ ပြအံ့ဟုဆို၍ လေးယောက်

ကုန်သော မင်းသားတို့အားလည်း တစ်ပေါင်းတည်း မပြုမူ၍ မင်းသားကြီးကို ရှေးဦးရထားဖြင့် စီးစေ၍ တောသို့ဆောင်၍ ဤသည်ကား ပေါက်ပင်တည်းဟု မည်းသောကာလ၌ ပေါက်ပင်ကို ပြ၏။ တစ်ယောက်သော မင်းသားအား ထွက်သောအရွက်ရှိသော အခါ၌ပြ၏။ တစ်ယောက်သော မင်းသားအား ပွင့်သော ကာလ၌ ပြ၏။ တစ်ယောက်သောမင်းသားအား သီးသောကာလ၌ ပြ၏။

နောက်အဖို့၌ လေးယောက်ကုန်သော မင်းသားညီနောင် တို့သည်လည်း တစ်ပေါင်းတည်း နေကြကုန်လျက် ပေါက်ပင်မည်သည်ကား အဘယ်သို့သဘော ရှိသနည်းဟု စကားကို ဖြစ်စေကုန်၏။ ထိုနောင်မှ တစ်ယောက်သော မင်းသား သည်မီးလောင်ငုတ်ကဲ့သို့ရှိ၏ဟုဆို၏။ နှစ်ယောက်မြောက်သော မင်းသားသည် ပညောင်ပင်ကဲ့သို့ ရှိ၏ဟုဆို၏။ သုံးယောက်မြောက်သော မင်းသားသည် သားတစ်ကဲ့သို့ ရှိ၏ဟုဆို၏။ လေးယောက်မြောက်သော မင်းသားသည် ကုက္ကို ပင်ကဲ့သို့ ရှိ၏ဟုဆို၏။ ဤသို့ ထိုမင်းသားတို့သည် အချင်းချင်းစကားဖြင့် မနှစ် သက်ကုန်သည်ဖြစ်၍ အဘ၏အထံသို့ သွားကုန်၍ ခမည်းတော် မင်းမြတ် ပေါက်ပင်မည်သည်ကား အဘယ်သို့သဘောရှိသနည်းဟု မေး၍ သင်တို့သည် အသို့ဆိုအပ်သနည်းဟု ဆိုသည်ရှိသော် ဆိုအပ်ကုန်သောအမှတ်ကို မင်းအား လျှောက်ကုန်၏။ မင်းသည် လေးယောက်ကုန်သော သင်တို့သည်လည်း ပေါက်ပင်ကို မြင်ဖူးကြကုန်၏။ စင်စစ် သင်တို့သည် ပေါက်ပင်ကို ပြလတ်သည် ရှိသော် ရထားထိန်းကို ဤမည်သောကာလ၌ ပေါက်ပင်သည် အသို့သဘော ရှိသနည်း၊ ဤမည်သော ကာလ၌ကား အဘယ်သို့သဘောရှိသနည်းဟု ခွဲခြမ်း ဝေဖန်၍ မမေးအပ်။ ထို့ကြောင့် သင်တို့အား ယုံမှားခြင်းသည် ဖြစ်၏ဟုဆို၍ ဤဂါထာကို ဆို၏။

၁၉၆။ သဗ္ဗေဟိ ကိံသုကော ဒိဋ္ဌော၊ ကိံ န္ဝေတ္ထ ဝိစိကိစ္ဆထ။
န ဟိ သဗ္ဗေသု ဌာနေသု၊ သာရထိ ပရိပုစ္ဆိတော။

ချစ်သားတို့ ခပ်သိမ်းကုန်သော သင်တို့သည် ပေါက်ပင်ကို မြင်ဖူးကြကုန်၏။ ဤပေါက်ပင်၌ ထိုသင်တို့သည် အဘယ်ကြောင့် ယုံမှား ရှိကုန်သနည်းဟူမူ သင်တို့သည် အချခပ်သိမ်းတို့၌ ရထားထိန်းကို မမေးသောကြောင့် ယုံမှားကြ ခြင်း ဖြစ်ပေ၏။

မြတ်စွာဘုရားသည် ဤအကြောင်းကို ပြတော်မူ၍ ရဟန်းတို့ ထိုမင်းသား ညီနောင်လေးယောက်တို့သည် ခွဲခြမ်းဝေဖန်ခြင်းကို မပြုကုန်၍ မမေးအပ်သည် ၏ အဖြစ်ကြောင့် ပေါက်ပင်၌ ယုံမှားခြင်းကို ဖြစ်စေကုန်သကဲ့သို့ ထို့အတူ သင်တို့သည်လည်း ဤတရား၌ ယုံမှားခြင်းကို ဖြစ်စေ၏ဟု မိန့်တော်မူပြီး၍ မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၏—

၁၉၇။ ဝေ သမ္ဗေဟိ ဉာဏေဟိ၊ ယေသံ ဓမ္မာ အဇာနိတာ။
တေ ဝေ ဓမ္မေသု ကင်္ခန္တိ၊ ကိံသုကသ္မိံဝ ဘာတရော။

ရဟန်းတို့ မင်းသားလေးယောက်တို့သည် ပေါက်ပင်၌ ယုံမှားကုန်သကဲ့သို့ ထို့အတူ ခပ်သိမ်းကုန်သော ဝိပဿနာဉာဏ်ဘို့ဖြင့် ဖဿ အာယတန စသော တရားတို့ကို မသိကုန်သော သူတို့သည် စင်စစ် ဖဿ အာယတန စသော တရားတို့၌ ယုံမှားကုန်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့-ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ရည်မှန်းချက်မှာ၊ တူတုံပါလည်း၊ လုပ်ရာအမူ၊ ကွဲပြားပုံ၍၊ ဘယ်ဟုဘယ်ပင်၊ ပြစ်မတင်သင့်)

နှစ်ရာလေးဆယ့်ရှစ်ခုမြောက်သော ကိံသုကောပမဇာတ်သည် ပြီး၏။

၂၄၉-သာလကဇာတ်

ရှင်ကြီးနှိပ်စက် ရှင်ငယ်ပျက်

မရခင်ဖျောလိုလိပ် ထိပ်ပေါ်တင်

တစ်ခါဆက်ဆံ ဆယ်ခါလန်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဧကပုတ္တကော ဘဝိဿသိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာလက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပထင်ရှားသော မထေရ်ကြီးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမထေရ်ကြီးသည် သူငယ်တစ်ယောက်ကို ရှင်ပြု၍ နှိပ်စက်လျက် ဇေတဝန် ကျောင်းတော်၌ နေသတတ်၊ သာမဏေသည် နှိပ်စက်ခြင်းကို သည်းမခံနိုင်သည် ဖြစ်၍ လူထွက်၏။ မထေရ်ကြီးသည် သွား၍ သူငယ် သင်၏သင်္ကန်း သင်၏ သပိတ်သည် သင့်ဖို့သာလျှင် ဖြစ်လတ္တံ့၊ ငါ၏ ဥစ္စာဖြစ်သော သပိတ်သင်္ကန်း သည်လည်း သင့်ဖို့သာလျှင် ဖြစ်လတ္တံ့ဟု ထိုသူငယ်ကို ဖြားယောင်း၏။ ထိုသူငယ်သည် ငါရှင်မပြုအံ့ဟု ဆို၍လည်း အဖန် တလဲလဲ ဖြားယောင်း

ဆိုလတ်သည်ရှိသော် ရှင်ပြုပြန်၏။ ထိုအခါ ထိုသူငယ်ကို ရှင်ပြုသော နေ့မှစ၍ တစ်ဖန် မထေရ်ကြီးသည် ညှဉ်းဆဲ၏၊ ထိုသာမဏေသည် ညှဉ်းဆဲခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ တစ်ဖန် ထွက်၍ အကြိမ်များစွာ တောင်းပန်သော်လည်း အရှင်ဘုရား သင်သည် သည်းခံသော်လည်း မခံနိုင်သလျှင်ကတည်း။ ငါနှင့် ကင်း၍ နေအံ့သောငှါလည်း မစွမ်းနိုင်သလျှင်ကတည်း။ သွားလေ ငါရှင်မပြုပြီဟု ဆို၍ ရှင်မပြုဘဲနေ၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ စင်စစ် လိမ္မာသော စိတ်ရှိသော ထိုသူငယ်သည် မထေရ်ကြီး၏ အလိုကိုသိ၍ ရှင်မပြုဘဲနေ၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤသူငယ်သည် ယခုအခါ၌သာ လိမ္မာသောစိတ်ရှိသည် မဟုတ်သေး၊ ရှေး၌လည်း လိမ္မာသောစိတ်ရှိသည်ဖြစ်၍သာလျှင် တစ်ကြိမ် ထိုသူ၏အပြစ်ကို မြင်၍ တစ်ဖန် မပေါင်းဖော်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် စပါးရောင်းခြင်းဖြင့် အသက်မွေးခြင်းကို ပြု၏။ တစ်ယောက်သော အလမ္ပာယ်သည် မျောက်တစ်ကောင်ကို သင်၍ ဆေးကို ကိုင်စေ၍ ထိုမျောက်ကို မြွေကိုကစားစေ၍ အသက်မွေးခြင်းကို ပြု၏၊ ထိုအလမ္ပာယ်သည် ဗာရာဏသီပြည်၌ ပွဲလမ်းသဘင် ကြွေးကြော်သည်ရှိသော် ပွဲလမ်းသဘင်ကို ဂ.စားလို၍ ဤမျောက်ကို မမေ့မလျော့ပါလင့်ဟု ဆို၍ ထိုမျောက်ကို စပါးကုန်သည်၏ လက်၌ထား၍ ပွဲလမ်းသဘင် ကစား၍ ခုနစ်ရက်မြောက်သော နေ့၌ ထိုစပါးကုန်သည်၏ အထံသို့ သွား၍ မျောက်သည် အဘယ်မှာနည်းဟု မေး၏။ မျောက်သည် အရှင်၏အသံကို ကြား၍လျှင် စပါးစည့်မှ လျင်မြန်စွာ ထွက်လာ၏။ ထိုအခါ ထိုမျောက်ကို ထိုအလမ္ပာယ်သည် ဝါးခြမ်းပြားဖြင့် ကျောက်၌ ရိုက်၍ ယူလေပြီးလျှင် ဥယျာဉ်သို့သွား၍ လျောက်ပတ်သော အရပ်၌ ချည်၍ အိပ်ပျော်လေ၏။ မျောက်သည် ထိုအလမ္ပာယ် အိပ်ပျော်နေသည်၏ အဖြစ်ကို သိ၍ မိမိ၏ အနှောင်အဖွဲ့ကိုဖြေ၍ သရက်ပင်သို့တက်၍ သရက်သီးမှည့်ကို စားပြီးလျှင် အစေ့ကို အလမ္ပာယ်၏ ကိုယ်ပေါ်သို့ချ၍ အလမ္ပာယ်သည် နိုး၍ ကြည့်လတ်သည်ရှိသော် မျောက်ကိုမြင်၍ ချိုသာ နားဖွယ်သော စကားနှင့် လှည့်ပတ်၍ သရက်ပင်မှ သက်စေ၍ ပမ်းအံ့ဟု ကြံလျက် ထိုမျောက်ကို ဖြားယောင်းလိုရကား ဤဂါထာကို ဆို၏—

၁၉၈။ ကေပုတ္တကော ဘဝိဿသိ၊ တွဉ္စ နေ၁ ဟေဿသိ ဂ္ဂဿရော ကုလေ။
ဩရောဟ ဒုမသ္မာ သာလက၊ ဧဟိ ဒါနိ ဃရကံ ဝဇေမသေ။

သာလက သင်သည် ငါတို့၏အိမ်၌ တစ်ယောက်တည်းသော သားသည် ဖြစ်လတ္တံ့။ ငါ၏စည်းစိမ်တို့ကို အစိုးရသည် ဖြစ်ရလတ္တံ့။ သရက်ပင်မှ ဆင်းခဲ့လော့။ ယခုအခါ၌ ငါတို့၏ အိမ်သို့ သွားကြကုန်အံ့၊ လာလော။

မျောက်သည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏—

၁၉၉။ နနု မံ သုဟဒယောတိ မညသိ၊ ယဉ္စ မံ ဟနသိ ဝေဠုယဋ္ဌိယာ။
ပက္ကမ္ဗဝနေ ရမာမသေ၊ ဂစ္ဆ တွံ ဃရကံ ယထာသုခံ။

အိုအလမ္ပာယ်သမား သင်သည် ငါ့ကိုလိမ္မာသော စိတ်ရှိ၏ဟူ၍ အောက်မေ့သည် မဟုတ်တုံလော၊ သင်သည် ငါ့ကို ဝါးခြမ်းပြားဖြင့် ရိုက်သောကြောင့် ငါတို့သည် သရက်သီးမှည့်သောကာလ၌ မွေ့လျော်ကုန်အံ့။ သင်သည် အိမ်သို့ အလိုအတိုင်း သွားလေလော့။

ဤသို့ ဆို၍ တောသို့ဝင်၏။ အလမ္ပာယ်သည်လည်း နှလုံးမသာသည်ဖြစ်၍ အိမ်သို့သွား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ သာမဏေသည် ထိုအခါ မျောက်ဖြစ်ဖူးပြီ။ ယခုအခါ မဟာထေရ်သည် ထိုအခါ အလမ္ပာယ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ စပါးကုန်သည် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရလေးဆယ့်ကိုးခုမြောက်သော သာလကဇာတ်သည် ပြီး၏။

---

## ၂၅၀-ကပိဇာတ်

### ရသေ့သွင်မျောက်

### ဟန်ဆောင်ကောင်းသောမျောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အယံ ဣသိဥပသမသံယမေ ရတော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်

မှုစဉ် တစ်ယောက်သော အံ့ဖွယ်သရဲကို ဖြစ်စေတတ်သောရဟန်းကို အကြောင်းပြု၍ဟောတော်မူ၏။

ထိုရဟန်း၏ အံ့ဖွယ်သရဲကို ဖြစ်စေသည်၏ အဖြစ်သည် ရဟန်းတို့၌ ထင်ရှားဖြစ်၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းသည် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာဖြစ်သော ဘုရားသခင်၏ သာသနာတော်၌ ရဟန်းပြု၍ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော အကြောင်းကို ပြည့်စုံစေ၏ဟု စကားကို ဖြစ်စေကုန်၏။ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ အရှင်ဘုရား ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ဖြစ်စေသည် မဟုတ်သေး။ ရှေး၌လည်း မီးဟူသော အကြောင်းကြောင့် မျောက်ဖြစ်၍ အံ့ဖွယ်သရဲ၏ အဖြစ်ကို ပြုဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုအခါ ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် သားသည် ရှေးရှု ထက်ဝန်းကျင်ပြေး၍ သွားနိုင်သော ကာလ၌ ပုဏ္ဏေးမသည် သေလတ်သည်ရှိသော် သားကို ရင်ခွင်ဖြင့်ချီ၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်း အဖြစ်အားဖြင့် ရဟန်းပြု၍ ထိုသားငယ်ကိုလည်း ရသေ့ငယ်ပြု၍ သစ်ရွက်မိုးသော သင်္ခမ်း၌ နေခြင်းကိုပြု၏။ မိုးလအခါ အလျဉ်မပြတ် စီးသော မိုးသည် စွေလတ်သည် ရှိသော် မျောက်သည် အချမ်းနှိပ်စက်သည် ဖြစ်၍ သွားဖြင့် သွားတို့ကိုခဲလျက် တုန်လှုပ်လျက် သွား၏။ ဘုရားလောင်းသည် ကြီးစွာသော ထင်းတုံးတို့ကို ဆောင်၍ မီးညှိ၍ ညောင်စောင်း၌ လျောင်း၏။ ထိုဘုရားလောင်း၏ သားငယ်သည်လည်း ထိုဘုရားလောင်း၏ ခြေတို့ကို ဆုပ်နယ်လျက်နေ၏။ ထိုမျောက်သည် တစ်ပါးသော သေလေသော ရသေ့၏ ဥစ္စာဖြစ်ကုန်သော လျှော်တေသက်န်းတို့ကို ဝတ်ရုံ၍ သစ်နက်ရေကို ပခုံး၌ တင်၍ ကမ်းပိုးကရားကို ယူ၍ ရသေ့အသွင်ဖြင့် လာလတ်၍ သစ်ရွက်မိုးသော သင်္ခမ်းတံခါး၌ မီးဟူသော အကြောင်းကြောင့် အံ့ဖွယ်သရဲဖြစ်သော အမှုကိုပြု၍ ရပ်၏။ ရသေ့ငယ်သည်လည်း မြင်၍ ဖခင်ရသေ့တစ်ယောက်သည် အချမ်းနှိပ်စက်သည် ဖြစ်၍ တုန်လှုပ်လျက် ရပ်၏။ ဤမီးဖိုသို့ ထိုရသေ့ကို ခေါ်ကုန်လော့။ မီးလှုံလတ္တံ့ဟု အဖကို တောင်းပန်လိုသည်ဖြစ်၍ ဤဂါထာကို ဆို၏—

၂၀၀။ အယံ ဣသိ ဥပသမသံယမေ ရတော၊
သ တိဋ္ဌတိ သိသိရဘယေန အဋ္ဋိတော။
ဟန္ဒ အယံ ပဝိသတု မံ အဂါရကံ၊
ဝိနေတု သီတံ ဒရထဉ္စ ကေဝလံ။

ဖခင် ရသေ့အစရှိသည်တို့၏ ငြိမ်းခြင်းကို ထိန်းသိမ်းခြင်း, သီလကို ထိန်းသိမ်းခြင်း၌ မွေ့လျော်ထသော ဤရသေ့သည် လေနှင့်တကွ ရွာသောမိုးသည် ဖြစ်စေအပ်သော ချမ်းအေးခြင်းဘေးသည် နှိပ်စက်အပ်သည်ဖြစ်၍ ရပ်၏။ ယခု ဤရသေ့သည် ဤကျောင်းသို့ ဝင်စေသတည်း။ အလုံးစုံသော ချမ်းခြင်းကို လည်းကောင်း, ဆင်းရဲခြင်းကို လည်းကောင်း ပျောက်စေသတည်း။

ဘုရားလောင်းသည် သား၏ စကားကိုကြား၍ ထ၍ ကြည့်သည်ရှိသော် မျောက်၏အဖြစ်ကို သိ၍ ဤဂါထာကို ဆို၏—

၂၀၁။ နာယံ ဣသိ ဥပသမသံယမေ ရတော၊
ကပိ အယံ ဒုမဝရသာခဂေါစရော။
သော ဒူသကော ရောသကော စာပိ ဇမ္မော၊
သစေ ဝဇေ မမ္ပိ ဒူသေယျဂါရံ။

ချစ်သား ဤသတ္တဝါသည် ရသေ့အစရှိသည်တို့၏ ငြိမ်းခြင်းကို စောင့်စည်းခြင်း သီလကို စောင့်စည်းခြင်း၌ မွေ့လျော်သော ရသေ့မဟုတ်။ ဤသတ္တဝါသည် မြတ်သော သစ်ပင်တို့၏ အခက်၌ ကျက်စားတတ်သော မျောက်တည်း။ ထိုမျောက်သည် ဖျက်လည်း ဖျက်ဆီးတတ်၏၊ ချုပ်လည်း ချုပ်ချယ်တတ်၏၊ ယုတ်လည်း ယုတ်မာ၏။ ဤကျောင်းသို့လည်း အကယ်၍ ဝင်ငြားအံ့၊ ကျောင်းကို ဖျက်ဆီးရာ၏။

ဤသို့ဆို၍လျှင် ဘုရားလောင်းသည် မီးစကိုကိုင်၍ ထိုမျောက်ကို ခြောက်လှန့်၍ ပြေးစေ၏။ ထိုမျောက်သည် ခုန်သွား၍ တောသို့ဝင်၍ ပြေးလေ၏။ တစ်ဖန် ထိုအရပ်သို့ မလာပြီ။ ဘုရားလောင်းသည် အဘိညာဉ်တို့ကို လည်းကောင်း, သမာပတ်တို့ကို လည်းကောင်း, ဖြစ်စေ၍ ရသေ့ငယ်အား ကသိုဏ်းပရိကံကို ကြား၏။ ထိုရသေ့ငယ်သည်လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၏။ ထိုနှစ်ဦးသော ရသေ့တို့သည်လည်း မယုတ်သော ဈာန် ရှိကုန်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည်မဟုတ်။ ရှေးကာလမှာစ၍လည်း ဤရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်စေသလျှင်ကတည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ရဟန်းတို့ ယခုအခါ အံ့ဖွယ်သရဲကိုဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ မျောက်ဖြစ်ဖူးပြီ။ ယခုအခါ ရဟုလာသည် ထိုအခါ သားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အဘရသေ့ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးဆယ်ခုမြောက်သော ကပိဇာတ်သည် ပြီး၏။

၁၀-သိင်္ဂါလဝဂ် ပြီး၏။

ဒုကနိပါတ်ဇာတ်တော်ကြီး ဤတွင် ပြီး၏။

# ၃-တိကနိပါတ်

## ၁-သက်ပွဝဂ်

### ၂၅၁-သက်ပွရာဂဇာတ်

### (ဝတ်လဲလျှော့ပြေ ဈာန်ယာဉ်ကြွေ)

### မမြင့်ဖူး မူးမြစ်ထင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သင်္ကပ္ပရာဂဓောတေန" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသင်္ကပ္ပရာဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းအဖြစ်၌ ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေသော တစ်ယောက်သော အမျိုးသားသည် သာသနာတော်၌ အသက်ကို လှူသဖြင့် ရဟန်းပြု၍ တစ်နေ့သ၌ သာဝတ္ထိပြည်ဝယ် ဆွမ်းခံသွားသည် ရှိသော် တန်ဆာဆင်အပ်သော မိန်းမတစ်ယောက်ကို မြင်၍ ကာမရာဂ ဖြစ်ရကား မမွေ့လျော်သည် ဖြစ်၍ နေသတတ်။ မမွေ့လျော်သော ထိုရဟန်းကို ဆရာဥပဇ္ဈာယ် အစရှိသည်တို့ကို သိမြင်၍ မမွေ့လျော်သော အကြောင်းကို မေးပြီးလျှင် ထိုရဟန်း၏ လူထွက်လိုသော အဖြစ်ကို သိ၍ ငါ့ရှင် ဘုရားမည်သည်ကား ကာမရာဂ အစရှိသော ကိလေသာတို့သည် နှိပ်စက်အပ်ကုန်သော သူတို့၏ ကိလေသာတို့ကို ခွါ၍ သစ္စာတို့ကို ပြတော်မူပြီးလျှင် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို ပေးတတ်၏။ လာလော့ သင့်ကို မြတ်စွာဘုရား အထံသို့ ဆောင်ကုန်အံ့ဟု ဆို၍ ထိုရဟန်းကို ခေါ်၍ သွားကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ အလိုမရှိသည်လျှင် ဖြစ်သော ဤရဟန်းကိုခေါ်၏။ အဘယ့်ကြောင့် လာကြကုန်သနည်းဟု မေးတော်မူလတ်သော် ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း သင်ကား ရဟန်းအဖြစ်၌ ငြီးငွေ့သတတ်ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် အဘယ့်ကြောင့် ငြီးငွေ့သနည်းဟု မေးတော်မူ၏။ ထိုရဟန်းသည် ထိုအကြောင်းကို နားတော်လျှောက်၏။

## မ-တို့အင်အား

ထိုအခါ ထိုရဟန်းကို သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း မိန်းမတို့မည်သည်ကား ရှေးကာလ၌ ဈာန်၏ အာနုဘော်အားဖြင့် ခွါအပ်ပြီးသော ကိလေသာရှိကုန်သော စင်ကြယ်ကုန်သော သူတို့အားလည်း ကိလေသာကို ဖြစ်စေကုန်ပြီ၊ သင်ကဲ့သို့ အချည်းနှီးသောသူကို အဘယ့်ကြောင့် မညစ်ညူးစေကုန်လတ္တံ့နည်း၊ စင်ကြယ်ကုန်သော သူတို့သည် ညစ်ညူးကုန်သေး၏။ မြတ်သော အကျော်အစောနှင့် ပြည့်စုံကုန်သော သူတို့သည်လည်း အကျော်အစော မဲ့သည်၏ အဖြစ်သို့ ရောက်ကုန်သေး၏။ မစင်ကြယ်သော သူတို့သည်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မြင်းမိုရ်တောင်ကို လှုပ်စေနိုင်သော လေသည် ဟောင်းလေပြီးသော သစ်ရွက်ခြောက်ကို အဘယ်မှု၍ မလှုပ်စေနိုင်ငြားအံ့နည်း။ ဗောဓိအပြင်၌ နေ၍ သတ္တဝါတို့ကို သိအံ့သော သူကိုလည်း ဤကိလေသာသည် နှိပ်စက်နိုင်ဘိ၏၊ သင်ကဲ့သို့သော သူကိုကား ထိုကိလေသာသည် အဘယ်မှုရ် မနှိပ်စက်နိုင်ကုန် အံ့နည်းဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်ရကား အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ဗြာဟ္မဏ မဟာသာလအမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ဗာရာဏသီပြည်သို့ ပြန်၍ သားမယားမွေး၏။ မိဘလွန်သဖြင့် မိဘတို့အား သင်္ဂြိုဟ်ခြင်း ကိစ္စကို ပြု၍ ရွှေငွေဥစ္စာတို့ကို ကြည့်လတ်သော် ဤဥစ္စာသည်ကားထင်၏၊ ဤဥစ္စာရှင်တို့သည်ကား မထင်ဟု ဆင်ခြင်လျက် သံဝေဂ ရ၏၊ ကိုယ်မှ ချွေးတို့သည် ယိုကုန်၏။ ထိုဘုရားလောင်းသည် လူ့တိုဘောင်၌ ကြာမြင့်စွာနေလျက် အလှူပေး၍ ကာမတို့ကို ပယ်ပြီးလျှင် မျက်ရည်စွတ်သော မျက်နှာရှိသော ဆွေမျိုး အပေါင်းတို့ကို စွန့်လျက် ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြုပြီးလျှင် မွေ့လျော်ဖွယ်ရှိသော အရပ်၌ ကျောင်းဆောက်၍ သစ်မြစ် သစ်သီး အစရှိကုန်သော အာဟာရတို့ဖြင့် မျှတလျက် မကြာမြင့်မီလျှင် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် ကြာမြင့်စွာနေ၍ ချဉ်ဆား မှီဝဲသောငှါ လူ့တို့ပြည်ကို မှီ၍ နေရမှုကား ငါ၏ကိုယ်သည်လည်း ခိုင်ခံ့သည် ဖြစ်လတ္တံ့၊ ငါသည် သွားခြင်းဖြင့် ဇင်္ဃာဝိဟာရကိုလည်း ဆောင်ခြင်းပြုရသည်လည်း ဖြစ်လတ္တံ့။ အကြင်သူတို့သည် ငါကဲ့သို့ သီလနှင့် ပြည့်စုံသော ရဟန်းအား ဆွမ်းကိုမူလည်း လှူကုန်လတ္တံ့။ ရှိခိုးခြင်း အစရှိသည်ကိုလည်း ပြုကုန်လတ္တံ့။ ထိုသူတို့သည် နတ်ပြည်ကို ပြည့်စေကုန်လတ္တံ့ဟု ကြံ၏။

ဤသို့ ကြံပြီး၍ ထိုဘုရားလောင်းသည် ဟိမဝန္တာမှ သက်၍ အစဉ်သဖြင့် ဒေသစာရီသွားလတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ နေဝင်သောအခါ၌ နေရာအရပ်ကို ကြည့်လျှင် ဥယျာဉ်ကို မြင်၍ ဤဥယျာဉ်ကား နေခြင်းငှါ လျောက်ပတ်၏။ ဤဥယျာဉ်၌ နေအံ့ဟု ဥယျာဉ်သို့ ဝင်၍ တစ်ခုသောသစ်ပင်ရင်း၌ နေလျက် ချမ်းချမ်းသာဖြင့် ညဉ့်ကိုကုန်စေ၍ မိုးသောက်လတ်သော် ကိုယ်လက်သုတ်သင်၍ နံနက်အခါ၌လျှင် ဆံကျစ်သစ်နက်ရေ လျှော်တေသက်န်း တို့ကို ကောင်းမွန်စွာ ပြုပြင်၍ သပိတ်ကို ပိုက်လျက် ငြိမ်သက်သော ဣန္ဒြေ ငြိမ်သက်သောစိတ် ငြိမ်သက်သော ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထမ်းပိုး၊ တစ်ပြန်မျှကြည့်၍ ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသော မိမိ၏ အဆင်း အသရေဖြင့် လူအပေါင်း၏ မျက်စိတို့ကို ငင်ဘိသကဲ့သို့ မြို့သို့ဝင်၍ ဆွမ်းခံ သွားလျက်ပင် မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် မြတ်သော အပြင်၌ စကြံသွားလျက် လေသာပြတင်းပေါက်ဖြင့် ဘုရားလောင်းကိုမြင်၍ ဣရိယာပုထ်၌လျှင် ကြည်ညို၍ သူတော်ကောင်းတရား မည်သည် အကယ်၍ ရှိငြားအံ့။ ဤရသေ့၏ ကိုယ်တွင်း၌ ရှိသည် ဖြစ်ရာ၏ဟု ကြံ၍ သွားချေ၊ ရှင်ရသေ့ကို ပင့်ချေဟု တစ်ယောက်သော အမတ်ကို စေ၏။ ထိုအမတ်သည် သွား၍ ရှိခိုးလျက် သပိတ်ကို လှမ်း၍ အရှင်ဘုရား အရှင်ဘုရားကို မင်းသည် ပင့်ခေါ် ၏ဟု ဆို၏၊ ဘုရားလောင်းသည် ဘုန်းတန်ခိုး ကြီးသော ဒါယကာ ငါတို့ကို မင်းသည် မသိဟု ဆို၏။ အရှင်ဘုရား ထိုသို့တိုင်းကား အကြင်မျှလောက်သော ကာလပတ်လုံး လာပါအံ့၊ ထိုမျှလောက်သော ကာလပတ်လုံး အရှင်ဘုရား တို့သည် ဤအရပ်၌သာလျှင် နေတော်မူပါကုန်လော့ဟု ဆိုလျက် သွား၍ မင်းအား ကြားလျှောက်၏။ မင်းသည် ငါတို့အားကား ဆရာရသေ့သည် မရှိ။ သွားချေ၊ ထိုရသေ့ကိုပင် ဆောင်ချေ ဆို၍ မိမိသည်လည်း လေသာနန်း တံခါး ပေါက်ဖြင့် လက်ကို ဖြန့်လျက် ရှိခိုး၍ အရှင်ဘုရား ဤအရပ်သို့ အရှင်ဘုရား ကြွတော်မူပါကုန်လော့ဟု ဆို၏။

ဘုရားလောင်းသည် အမတ်လက်၌ သပိတ်ကို ပေး၍ မြတ်သော ပြာသာဒ် အပြင်သို့တက်၏။ ထိုအခါ မင်းသည် ဘုရားလောင်းကို ရှိခိုးလျက် ရာဇပလ္လင်၌ နေစေ၍ မိမိဖို့ ကောင်းစွာ စီရင်အပ်သော ယာဂု ခဲဖွယ် ဆွမ်းတို့ဖြင့် လုပ်ကျွေး၍ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားလောင်းကို ပြဿနာမေး၏။ ပြဿနာကို ဖြေသဖြင့် လွန်စွာကြည်ညို၍ ရှိခိုးလျက် အရှင်ဘုရား အရှင်ဘုရား တို့သည် အဘယ်အရပ်၌ သီတင်းသုံး နေကုန်သနည်း၊ အဘယ်အရပ်မှ ကြွလာ ကုန်သနည်းဟု မေး၏၊ မြတ်သော မင်းကြီး ငါတို့သည် ဟိမဝန္တာ၌ နေကုန်၏ဟု ပြောဆိုလတ်သော် တစ်ဖန် အဘယ့်ကြောင့် ကြွလာကုန်သနည်းဟု မေး၍ မြတ်သော မင်းကြီး မိုးကာလ၌ အမြဲနေရာ မည်သည်ကို ရခြင်းငှါ သင့်၏။

ထို့ကြောင့် လာကုန်၏ဟု ဆိုလတ်သော် အရှင်ဘုရား ထိုသို့ တပြီးကား မင်း၏ ဥယျာဉ်၌ နေတော်မူပါကုန်လော့၊ အရှင်ဘုရားတို့သည် လေးပါးသော ပစ္စည်းတို့ဖြင့် မပင်ပန်းကုန်လတ္တံ့၊ အကျွန်ုပ်သည်လည်း နတ်ပြည်၌ ဖြစ်စေတတ်သော ကောင်းမှုကို ပွါးစေရအံ့ဟု ဆိုလေသဖြင့် ဝန်ခံခြင်းကိုယူ၍ နံနက်စာ စားပြီးသော် ဘုရားလောင်းနှင့် တကွ ဥယျာဉ်သို့ သွား၍ သစ်ရွက်မိုးသော ကျောင်း စင်္ကြံတို့ကို ဆောက်စေ၍ ညဉ့်သန့်ရာ နေ့သန့်ရာအရပ် အစရှိသည်တို့ကို ဖြစ်စေ၍ ရဟန်းတို့၏ ပရိက္ခရာတို့ကို လှူပြီး၍ အရှင်ဘုရား အရှင်ဘုရားတို့သည် ချမ်းသာသဖြင့် နေပါကုန်လော့ဟု ဆို၍ ဥယျာဉ်စောင့်ကို အပ်၏၊

ဘုရားလောင်းသည် ထိုအခါမှစ၍ တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ထိုဥယျာဉ်၌လျှင် နေ၏။ ထိုအခါ တစ်နေ့သ၌ မင်း၏ ပစ္စန္တရစ်ကို ခိုးသူတို့သည် ဖျက်ဆီးအပ်၏။ မင်းသည် ပစ္စန္တရစ်ကို ငြိမ်စိမ့်သောငှါ သွားလိုရကား မိဖုရားကိုခေါ်၍ မိဖုရား သင်သည် မြို့၌ နေခြင်းငှါ သင့်၏ဟု ဆို၏။ မြတ်သောမင်းကြီး အဘယ်ကို မှီ၍ ဆိုကုန် သနည်းဟု လျှောက်လတ်သော် မိဖုရား သီလ ရှိသော ရသေ့ကို မှီ၍ ဆို၏ဟု မင်းသည် ဆို၏။ မြတ်သော မင်းကြီး အကျွန်ုပ်သည် ရှင်ရသေ့၌ မမေ့မလျော့သည် ဖြစ်အံ့၊ ရှင်ရသေ့အား လုပ်ကျွေးခြင်းသည် အကျွန်ုပ်၏ဝန် ဖြစ်စေ၊ အရှင်မင်းကြီးတို့သည် ရွံ့ရှာခြင်း ကင်းကုန်သည် ဖြစ်၍ ကြွတော်မူလော့ဟု မိဖုရားသည် ဆို၏။

## ဝတ်လဲလျှောပြေ ချာန်ယာဉ်ကြွေ

မင်းသွားသည် ရှိသော် မိဖုရားသည်လည်း ဘုရားလောင်းကို မင်းဆိုတိုင်း သာလျှင် ရိုသေစွာ လုပ်ကျွေး၏။ ဘုရားလောင်းသည်ကား မင်း၏သွားသော ကာလ၌ အမြဲအခါ၌သွား၍ မိမိအလိုရှိသောကာလ၌ ဆွမ်းစားခြင်းကိစ္စကိုပြု၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် အလွန်ကြာမြင့်လတ်သော် မိဖုရားသည် ခပ်သိမ်းသော ခဲဖွယ် ဘောဇဉ်ကို စီရင်၍ ရေချိုး၍ တန်ဆာဆင်၍ သောင်စောင်းငယ်ကို ခင်း၍ ဘုရားလောင်း၏ လာခြင်းကို မျှော်လျက် ပြေပြစ်သောအဝတ်ကို အလျော့လျော့ဝတ်၍ အိပ်၏။ ဘုရားလောင်းသည် လည်း အခါကိုမှတ်၍ သပိတ်ကိုယူ၍ ကောင်းကင်ဖြင့် သွား၏။ လေသွန်တံခါးသို့ ရောက်၏။ ထိုဘုရားလောင်း၏ လျှော်တေသက်န်းသံကို ကြား၍ အဆောတလျင် ထသော မိဖုရား၏ ကိုယ်မှ ပြေပြစ်သော အဝတ်သည် လျောကျ၏။ ဘုရားလောင်းသည် ဝိသဘာဂအာရုံကို မြင်၍ ဣန္ဒြေကို ဖျက်၍ တင့်တယ်၏ဟု နှလုံးသွင်းလျက် ကြည့်၏။ ထိုအခါ ဘုရားလောင်းအား စျာန်၏အစွမ်းအားဖြင့် ငြိမ်စွာသော ကိလေသာသည်လည်း ကြုတ်၌ထည့်အပ်သော မြွေဟောက်သည် ပါးပျဉ်းထောင်၍ ထသကဲ့သို့လည်းကောင်း၊ အစေးရှိသော သစ်ပင်ကို ပဲခွပ်ဖြင့်

ပေါက်သော ကာလဲကဲ့သို့လည်းကောင်း ဖြစ်၏။ ကိလေသာဖြစ်သည်နှင့်တကွ ဈာန်အင်္ဂါတို့သည် ကွယ်ကုန်၏။ ဣန္ဒြေတို့သည် မပြည့်စုံသည် ဖြစ်ကုန်၏။ မိမိသည် အတောင်ပြတ်သော ကျီးကဲ့သို့ဖြစ်၏။ ထိုဘုရားလောင်းသည် ရှေး၌ ကဲ့သို့ ထိုင်၍ ဆွမ်းဘုဉ်းပေးခြင်းကို ပြုအံ့သော်ငှါ မတတ်နိုင်၍ ထိုင်ပါလောဟု ဆိုငြားသော်လည်း မထိုင်။ ထိုအခါ မိဖုရားသည် ခပ်သိမ်းသောခဲဖွယ်ဘောဇဉ်ကို ဘုရားလောင်း၏ သပိတ်၌သာလျှင် ထည့်၏။ ရှေး၌ ဆွမ်းဘုဉ်းပေးခြင်းကို ပြု၍ ခြင်္သေ့ခံသော ပြတင်းပေါက်ကို ဖွင့်၍ ကောင်းကင်၌သာလျှင် သွားသကဲ့သို့ ထိုအတူ ထိုနေ့၌ သွားခြင်းငှါ မတတ်နိုင်။ သပိတ်ကို ယူ၍ စောင်းတန်းမဖြင့်လျှင် သက်၍ ဥယျာဉ်သို့ သွား၏။

မိဖုရားသည်ကား မိမိ၌ ဘုရားလောင်း၏ တပ်စွန်းသော စိတ်ကို သိ၏။ ဘုရားလောင်းသည် ဥယျာဉ်သို့ သွား၍ ဆွမ်းကို မစားမူ၍လျှင် ညောင်စောင်းအောက်၌သာလျှင် သပိတ်ကိုထား၏။ မိဖုရား၏ ဤသို့သဘောရှိသော လက်တို့သည် တင့်တယ်ကုန်၏။ ခြေတို့သည် တင့်တယ်ကုန်၏။ ဤသို့သဘောရှိသော ခါးသည် တင့်တယ်၏။ ဤသို့သဘောရှိသော ပေါင်တို့သည် တင့်တယ်ကုန်၏။ ဤသို့ အစရှိသည်တို့ကို မြည်တမ်းလျက် ခုနစ်ရက်အိပ်၏။ ဆွမ်းသည်ကား ပုပ်သိုး၏။ ယင်ညိုတို့ဖြင့် ပြည့်၏။ မင်းသည် ပစ္စန္တရစ်ကို ငြိမ်စေ၍ ပြန်လာလတ်သော် တန်ဆာဆင်သောမြို့ကို လက်ယာရစ်လှည့်၍ မင်းအိမ်သို့မသွားမီ ဘုရားလောင်းကို ဖူးအံ့ဟု ဥယျာဉ်သို့သွား၍ အမှိုက်တို့ဖြင့်ပြည့်သောကျောင်းကို မြင်၍ အရပ်တစ်ပါးသို့ ကြွသွားသည် ဖြစ်လတ္တံ့ဟု ကျောင်းတံခါးကို ဖွင့်၍ ကျောင်းသို့ဝင်လတ်သော် လျောင်းနေသော ဘုရားလောင်းကို မြင်၍ တစ်စုံတစ်ခုသော မချမ်းသာခြင်းရှိလတ္တံ့ဟု ပုပ်သိုးသော ဆွမ်းကို စွန့်စေ၍ ကျောင်းကိုသုတ်သင်စေ၍ အရှင်ဘုရားအား အဘယ်ရောဂါရှိသနည်းဟု မေး၏။

## ကိလေသာညစ်ဆိုး နှလုံးထိုး

မြတ်သောမင်းကြီး ငါ့ကိုထိုးမိပြီဟု ဆို၏။ မင်းသည် ငါ၏ရန်သူတို့သည်ကား ငါ့အား အခွင့်မရကုန်၍ ဤရသေ့အား အားနည်းခြင်းကို ပြုအံ့ဟုလာ၍ ဤရသေ့ကို ထိုးအံ့သည် ဖြစ်လတ္တံ့ဟု အောက်မေ့၍ ကိုယ်ကိုပြစေ၍ စူးရာအရပ်ကို မမြင်လတ်သော် အရှင်ဘုရား အဘယ်၌ ထိုးမိသနည်းဟု မေး၏။ ဘုရားလောင်းသည် မြတ်သောမင်းကြီး ငါ့ကို တစ်ပါးသောသူသည် မထိုးအပ်ပေ၊ ငါသည်သာလျှင် ငါ၏နှလုံး၌ ငါ၏ကိုယ်ကို ထိုး၏ဟုဆို၍ ထိုင်လျက် ဤဂါထာကို ဆို၏–

၁။ သင်္ကပ္ပရာဂဓောတေန၊ ဝိတက္ကနိသိတေန စ။
နာလင်္ကတေန ဘဒြေန၊ ဥသုကာရာကတေန စ။

၂။ န ကဏ္ဍာယတနာ ဧတ္တန၊ နာပိ မောရူပသေဝိနာ။
တေနမှိ ဟဒယေ ဝိဒ္ဓေါ၊ သဗ္ဗင် ပရိဒါဟိနာ။

၃။ အာဝေဓော့ န ပဿာမိ၊ ယတော ရုဟိရ မဿဝေ။
ယာဝအယောနိသော စိတ္တံ၊ သယံ မေ ဒုက္ခမာဘတံ။

မြတ်သောမင်းကြီး ကာမဝိတက်နှင့်ယှဉ်သော ရာဂရေဖြင့် ဆေးအပ်သော ကာမဝိတက်ဟူသောကျောက်၌ သွေးအပ်သည်လည်း ဖြစ်ထသော ကောင်းသော တန်ဆာဆင်ခြင်းလည်း ကင်းထသော မြားသမားတို့သည်လည်း မချွန်အပ်ထသော လက်ယာနားစွန်း၌ ဝင်သည်ဖြစ်၍ မလွှတ်အပ်တသော ဥဒေါင်းလင်းတတောင် စသည်တို့ဖြင့် မြားလွှတ်မကပ်အပ်ထသော ခပ်သိမ်းသော ကိုယ်အင်္ဂါတို့ကို လောင်စေနိုင်သော ထိုကိလေသာမြားသည် ငါ၏စိတ်၌ စူးဝင်၏။ မြတ်သောမင်းကြီး၊ ကိလေသာမြား စူးငင်ခြင်းကြောင့် သွေးယိုစီးရာ ထိုစူးရာ အရပ်ကိုလည်းမမြင်၊ အသွန်လျှင် မသင့်သောအားဖြင့် ရာဂစိတ်သည် ပွား၏။ ငါသည် ကိုယ်တိုင် ဆင်းရဲကို ဆောင်မိချေ၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာတို့ဖြင့် မင်းအား တရားဟော၍ မင်းကို ကျောင်းမှ အပသို့ထွက်စေ၍ ကသိုဏ်းပရိကံကိုပြု၍ ပျောက်ပြီးသောဈာန်ကို ဖြစ်စေ၍ ကျောင်းမှထွက်လတ်၍ ကောင်းကင်၌နေလျက် မင်းကိုဆုံးမ၍ မြတ်သောမင်းကြီး၊ ငါသည် ဟိမဝန္တာသို့ သွားအံ့ဟု ဆို၏။ အရှင်ဘုရား၊ ဟိမဝန္တာသို့သွားခြင်းငှါ မသင့်ဟု ဆိုငြားသော်လည်း မြတ်သောမင်းကြီး၊ ငါသည် ဤအရပ်၌နေခြင်းကြောင့် ဤသို့သဘောရှိသော ဖောက်ပြန်ခြင်းသို့ ရောက်၏၊ ယခု ဤအရပ်၌ နေခြင်းငှါ မသင့်ဟုဆို၍ မင်း၏တောင်းပန်စဉ်လျှင် ကောင်းကင်၌ပျံ၍ ဟိမဝန္တာသို့ပြန်သွား၍ အသက်ထက်ဆုံးတည်၍ ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏၊ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ ရဟန်းအဖြစ်၌ ငြီးငွေ့သောရဟန်းသည် အရဟတ္တဖိုလ်၌တည်၏။ အချို့ကုန်သော ရဟန်းတို့သည် သောတာပန်ဖြစ်ကုန်၏၊ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမိဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမိ ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကိုပေါင်း

တော်မူသနည်း ဟူမူကား ယခုအခါ ဩဝါနန္ဒာသည် ထိုအခါ ဗာရာဏသီမင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်ကား ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်သူမြတ်၊ ဖြစ်တုံလတ်လည်း၊ မခေတ်စိတ်ဖက်၊ အကျိုးပျက်၊ လှေ့ခသက် ရှောန်ယာဥ်ကြွေ။)

နှစ်ရာငါးဆယ် တစ်ခုမြောက်သော ဧကပ်ပွဲဇာတ်သည် ပြီး၏။

---

## ၂၅၂-တိလမုဋ္ဌိဇာတ်

### (နှမ်းတစ်ဆုပ်-ဒုတ်သုံးချက်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အဇ္ဇာပိ မေတံ သရသိ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိလမုဋ္ဌိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မထင်ရှားသော အမျက်ထွက်တတ်သော ရဟန်းကိုအကြောင်းပြု၍** ဟောတော်မူ၏။

မထင်ရှားသောရဟန်းတစ်ပါးသည် အမျက်ထွက်တတ်၏။ ပင်ပန်းခြင်းများတတ်သော သဘောရှိ၏။ အနည်းငယ်ဆိုငြားသော်လည်း ပြင်းစွာ အမျက်ထွက်တတ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့၊ ဤမည်သောရဟန်းသည် အမျက်ထွက်တတ်၏၊ ပင်ပန်းခြင်းများသော သဘောရှိ၏။ ခုံလောက်၌ထည့်အပ်သော ဆားကဲ့သို့ ဖျစ်ဖျစ်မြည်လျက် သွားတတ်၏။ ဤသို့သဘောရှိသော အမျက်ကင်းသော သာသနာတော်၌ ရဟန်းပြုလျက် အမျက်မျှကိုလည်း နှိပ်အပ်သောငှါ မတတ်နိုင်ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကိုကြား၍ ထိုရဟန်းကို ရဟန်းတစ်ပါးအား ခေါ်စေ၍ ရဟန်း၊ သင်သည် အမျက်ထွက်တတ်သောဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့၊ ဤရဟန်းသည် ယခုအခါ၌သာလျှင် အမျက်ထွက်တတ်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက်ထွက်တတ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်းအား ဗြဟ္မဒတ္တမည်သော မင်းသား

သည် ဖြစ်၏။ ရှေးမင်းတို့သည် ဤသို့စေသည်ရှိသော် မင်းသားတို့သည် မာန ကင်းကုန်လတ္တံ့ အချမ်းအပူကို သည်းခံနိုင်ကုန်လတ္တံ့ လောက စရိုက်လည်း သိကုန်လတ္တံ့ဟု မိမိတို့၏မြို့၌ ဒိသာပါမောက္ခ ဆရာရှိငြားသော်လည်း အတတ်ကို သင်စိမ့်သောငှါ ဝေးစွာသော တိုင်းတစ်ပါးသို့ မင်းသားတို့ကို စေကုန်၏။ ထို့ကြောင့် ဗြဟ္မဒတ်မင်းသည် တစ်ဆယ့်ခြောက်နှစ်ရှိသော သားကို ခေါ်စေ၍ တစ်လွှာ ဖိနပ် သစ်ရွက်ထီး အသပြာတစ်ထောင်တို့ကိုပေး၍ အမောင် သင်သည် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ကို သင်ချေဟု စေ၏။ ထိုဗြဟ္မဒတ်မင်းသား သည် ကောင်းပြီဟု မိဘတို့ကို ရှိခိုးလျက် ထွက်၍ အစဉ်သဖြင့် တက္ကသိုလ် ပြည်သို့ ရောက်လျှင် ဆရာအိမ်ကို မေး၍ ဆရာသည် တပည့်လုလင်ငယ်တို့အား အတတ်ကိုသင်ပြီးလျှင် ထ၍ အိမ်တံခါး၌ စင်္ကြံသွားလျက် နေ၏။ ထိုအိမ်သို့ ရောက်၍ အကြင်အရပ်၌ ရပ်လျက် ဆရာကို မြင်၏။ ထိုအရပ်၌သာလျှင် ဖိနပ် တို့ကို ချွတ်၍ ထီးကိုပယ်၍ ဆရာကိုရှိခိုး၍ ရပ်၏။ ဆရာလည်း ဗြဟ္မဒတ်မင်းသား ၏ ပင်ပန်းသော အဖြစ်ကို သိ၍ ဧည့်သည်အား ချီးမြှောက်ခြင်းကို ပြုစေ၏။

မင်းသားသည် ထမင်းစားပြီးသော် အတန်ငယ် အပင်အပန်းဖြေ၍ ဆရာ အထံသို့ ချဉ်းကပ်၍ ရှိခိုးလျက် နေ၏။ အမောင် အဘယ်အရပ်မှ လာသနည်းဟု မေးလတ်သော် ဗာရာဏသီပြည်မှ လာ၏ဟု ဆို၏။ အဘယ်သူ၏ သားနည်းဟု မေးလတ်သော် ဗာရာဏသီမင်း၏ သားတည်းဟု ဆို၏။ အဘယ်ကိစ္စကြောင့် လာသနည်းဟု မေးသည် ရှိသော် အတတ်သင်အံ့သောငှါ လာပါသည်ဟု ဆိုလျှင် ဆရာအဖိုးကို ဆောင်ခဲ့သလော သို့တည်းမဟုတ်မူ အမှုလုပ် တပည့် ခံလိုသလောဟု မေးသည် ရှိသော် အကျွန်ုပ်သည် ဆရာအဖိုးကို ဆောင်ခဲ့ သတည်းဟုဆို၍ ဆရာခြေရင်း၌အသပြာ တစ်ထောင်ထုပ်ကို ထားလျက် ရှိခိုး၍ လျောက်ပတ်သော အရပ်၌နေ၏။ အမှုလုပ်တပည့် အစရှိသော လုလင်တို့သည် ဆရာအမှုကိုလုပ်၍ ညဉ့်၌အတတ်ကို သင်ကုန်၏။ ဆရာအဖိုးကို ပေးကုန်သော တပည့်လုလင်တို့သည်ကား အိမ်၌ သားကြီးတို့ကဲ့သို့ဖြစ်၍ အတတ်ကိုသာလျှင် သင်ကုန်၏။ ထို့ကြောင့် ထိုတက္ကသိုလ် ဆရာသည်လည်း အလွယ်တကူသာလျှင် ကောင်းသောနက္ခတ်ဖြင့် ဗြဟ္မဒတ်မင်းသားအား အတတ်ကိုသင်စေ၏။ မင်းသား သည်လည်း အတတ်ကိုသင်စဉ် တစ်နေ့သ၌ ဆရာနှင့်တကွ ရေချိုးအံ့သောငှါ သွား၏။

ထိုအခါ တစ်ယောက်သော မိန်းမအိုသည် နှမ်းတို့ကို ချွတ်၍ ထားပြီးလျှင် စောင့်လျက်နေ၏။ မင်းသားသည် နှမ်းဖြူတို့ကိုမြင်၍ စားလိုသည်ဖြစ်၍ နှမ်း တစ်ဆုပ်ကိုယူ၍စား၏။ မိန်းမအိုသည်ကား ဤလုလင်သည် ချင်ခြင်းတပ်သော သူဖြစ်၏ဟု အောက်မေ့လျက် တစ်စုံတစ်ခုမဆို၊ မင်းသားသည်သုံးရက်မြောက် သော နေ့၌လည်း ထို့အတူသာလျှင်ပြု၏။ ထိုအခါ မိန်းမအိုသည်မြင်၍ ဒိသား

ပါမောက္ခ ဆရာသည် မိမိတပည့်တို့ကို ငါ့ကို လုယက်စေ၏ဟုဆို၍ လက်တို့ကို မြှောက်၍ ငိုမြည်တမ်း၏။ ဆရာသည် ပြန်၍ မိခင် ဤအမှုကား အသို့နည်းဟု မေး၏။သခင် အရှင့်တပည့်သည် ယနေ့နှမ်းတစ်ဆုပ် ယမန်နေ့က နှမ်းတစ်ဆုပ် ကိုစား၏။ ဤသို့စားသော်အကျွန်ုပ်၏ဥစ္စာအလုံးကို ကုန်စေ လတ္တံ့သည် မဟုတ် လောဟုဆို၏။ မိခင် မငိုလင့် သင့်အား အဖိုးကိုပေးစေအံ့ဟု ဆို၏။ သခင် အကျွန်ုပ်ကား အဖိုးဖြင့်အလိုမရှိ၊ ဤလုလင်သည် တဖန် ဤသို့မပြုအောင်သာ ဆုံးမလောဟုမိန်းမအိုသည်ဆို၏။ ဆရာသည်မိခင် ထိုသို့တပြီးကားကြည့်လေဟု ဆို၍ ထိုမင်းသားကို နှစ်ယောက်ကုန်သော လုလင်တို့ကို လက်ခြေတို့၌ ကိုင် စေ၍ ဝါးခြမ်းစိတ်ကိုကိုင်၍ တဖန် ဤသို့မပြုလင့်ဟု သုံးကြိမ်ကျော၌ ရိုက်၏၊မင်း သားသည် အမျက်ထွက်၍ မျက်စိတို့ကို နီစွာပြု၍ ခြေဖမိုးမှ ဆံဖျားတိုင်အောင် ဆရာကိုကြည့်၏။ ဆရာသည်မင်းသား၏ အမျက်ထွက်၍ ကြည့်သောအဖြစ်ကိုသိ ၏။မင်းသားသည် အတတ်ကိုအပြီးသို့ရောက်စေ၍ ဤဆရာကို ငါသည်သတ်အံ့ဟု ဆရာပြုသော အပြစ်ကို နှလုံး၌ထား၍ သွားသောကာလ၌ ဆရာကို ရှိခိုး၍ ဆရာအကြင်အခါ၌ အကျွန်ုပ်သည် ဗာရာဏသီမင်းအဖြစ်သို့ ရောက်၍ ဆရာ တို့၏ အထံသို့ စေလိုက်အံ့။ ထိုအခါ ဆရာတို့သည် လာကုန်လောဟု ချစ်ခြင်းရှိ သကဲ့သို့ ဝန်ခံခြင်းကို ယူ၍သွား၏။

ထိုအခါ မင်းသားသည်ဗာရာဏသီပြည်သို့ရောက်၍မိဘတို့ကိုရှိခိုး၍အတတ်ကို ပြ၏။ မင်းကြီးသည် အသက်ရှင်သဖြင့် ငါ့သားကိုမြင်ရပြီ။ အသက်ရှင်စဉ် ငါ့သား၏ မင်းအသရေကို ကြည့်အံ့ဟု မင်းအဖြစ်၌ထား၏။ ထိုပြဟ္မဒတ်မင်း သည် မင်း၏အသရေကို ခံစားလျက် ဆရာပြုသော အပြစ်ကို အောက်မေ့၍ အမျက်ထွက်သဖြင့် ထိုဆရာကို သတ်အံ့ဟု ခေါ်စိမ့်သောငှါ ဆရာ့ထံကို လက်ဆောင် ပဏ္ဏာကာရနှင့် တကွ တမန်ကိုစေ၏။ ဆရာသည် ငယ်စဉ်ကာလ၌ ဗာရာဏသီမင်းကို မှတ်စိမ့်သောငှါ မတတ်ကောင်းဟု မသွားမူ၍ ထိုမင်း၏ ပစ္ဆိမအရွယ်၌ ယခုအခါ ထိုမင်းကို သိစိမ့်သောငှါ တတ်ကောင်းပြီဟု သွား၍ မင်းအိမ်တံခါး၌ ရပ်လျက် တက္ကသိုလ်ဆရာ လာ၏ဟု ကြားလျှောက်စေ၏။ မင်းသည် နှစ်သက်စွာ ပုဏ္ဏားကို ခေါ်စေ၍ မိမိအထံသို့ လာသော ပုဏ္ဏားကို မြင်လျှင် အမျက်ကိုဖြစ်စေ၍ မျက်စိတို့ကို နီစွာပြု၍ အိုအမတ်တို့ ယနေ့ထက် တိုင်အောင်လည်း ငါသည် ဆရာပြုသောအမှုကို အောက်မေ့မိ၏။ ယနေ့ဆရာ သည် နဖူးပြင်၌သေမင်းကိုယူ၍ သေအံ့ဟုလာ၏။ ယနေ့ဆရာ၏ အသက်သည် မရှိဟုဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၄။ အဇ္ဇာပိ မေ တံ မနသိ၊ ယံ မံ တွံ တိလမုဋ္ဌိယာ။
ဗာဟာယ မံ ဂဟေတွာန၊ လဋ္ဌိယာ အနုတာဠယိ။

၅။ နနု ဇီဝိတေ န ရမသိ၊ ယေနာသိ ပြဟ္မဏာ ဂတော။
ယံ မံ ဗာဟာ ဂဟေတွာန၊ တိက္ခတ္တုံ အနုတာပယိ။

ပုဏ္ဏား သင်သည် နှမ်းတစ်ဆုပ်ကြောင့် လက်မောင်းကို ကိုင်စေ၍ ဝါးခြမ်းစိတ်ဖြင့် ငါ့ကို ရိုက်ခြင်းကို ယနေ့တိုင်အောင်လည်း ငါသည် မမေ့သေး၊ ထိုသို့ လက်မောင်း၌ ကိုင်စေ၍ သုံးကြိမ်ရိုက်ခဲ့သော သင်ပုဏ္ဏားသည်, ငါ၏ အထံသို့ လာ၏၊ သင်သည် အသက်ရှင်ခြင်း၌ မမွေ့လျော်လေသလား။

ဤသို့ သေဘေးဖြင့် ခြိမ်းခြောက်၍ ဆိုသောစကားကို ကြား၍ ဆရာသည် ဤဂါထာကို ဆို၏–

၆။ အရိယော အနရိယံ ကုဗ္ဗန္တံ၊ ယော ဒဏ္ဍေန နိသေဓတိ။
သာသနံ တံ န တံ ဝေရံ၊ ဣတိ နံ ပဏ္ဍိတာ ဝိဒူ။

မြတ်သောမင်းကြီး မြတ်သောအကျင့်ရှိသော သူသည် မမြတ်သောအကျင့်ကို ကျင့်သောသူကို ဒဏ်ဖြင့် တားမြစ်၏၊ ထိုတားမြစ်ခြင်းသည် အဆုံးအမမည်၏၊ ထိုတားမြစ်ခြင်းသည် ရန်မဟုတ်၊ ဤသို့ ထိုတားမြစ်ခြင်းကို ပညာရှိတို့သည် သိကုန်၏။

မြတ်သောမင်းကြီး ဤသို့သဘောရှိသော အရာ၌ ရန်ငြိုးဖွဲ့ခြင်းငှါ မထိုက်၊ မြတ်သောမင်းကြီး သင်မင်းကြီးကိုအကယ်၍ အကျွန်ုပ်းမဆုံးမငြားအံ့၊ ထိုနောင်ကာလ၌ ပဲကြီ မုန့်နှမ်းဖြင့် ပြုအပ်သော ခဲဖွယ် အစရှိသည်တို့ကိုလည်းကောင်း သစ်သီးကြီးငယ် အစရှိသည်တို့ကိုလည်းကောင်း လုယက်ခြင်း အစရှိသည်ဖြင့် အိမ်ခြံစပ်ကို ဖြတ်ခြင်း ခရီးသွားတို့ကို လုယက်ခြင်း ရွာနိဂုံးတို့ကို တိုက်ခြင်း အစရှိသည်တို့ကိုပြု၍ မင်း၏ ဆန့်ကျင်ဘက် ခိုးသူတည်းဟု ဥစ္စာနှင့်တကွ ဖမ်း၍ မင်းအားပြလတ်သည်ရှိသော် သွားချေ ထိုခိုးသူအားလျော်သော ဒဏ်ကိုဆောင်ကြကုန်ဟု မင်းစေ၍ ဒဏ်ပေးခြင်းသို့ရောက်ရာ၏။ သင်မင်းကြီးအား အဘယ်မှာ ဤသို့ သဘောရှိသော စည်းစိမ်သည်ဖြစ်ရာအံ့နည်း၊ ဆရာဖြစ်သော အကျွန်ုပ်ကိုမှီ၍ ဤစည်းစိမ်ကို သင်မင်းကြီး ရ၏ဟု ဆရာသည် မင်းကို သိစေ၏။ ခြံရံ၍ နေကုန်သော အမတ်တို့သည်လည်း ဆရာ့စကားကို ကြား၍ အရှင်မင်းကြီး အရှင်မင်းကြီး၏ ဤစည်းစိမ်သည် ဆရာ့ဥစ္စာလျှင် တည်းဟု ဆိုကြကုန်၏။ ထိုခဏ၌ မင်းသည် ဆရာ့ကျေးဇူးကို မှတ်နိုင်၍ ဆရာ သင့်အား အလုံးစုံသော စည်းစိမ်ကို ပေး၏ဟု ဆို၏။ ဆရာသည် မြတ်သောမင်းကြီး အကျွန်ုပ်အား မင်းအဖြစ်ကို အလိုမရှိဟုပယ်၏။ မင်းသည် တက္ကသိုလ်ပြည်သို့စေ၍ ဆရာ၏ သားမယားကို ဆောင်စေ၍ များစွာသော အခြံအရံ စည်းစိမ်တို့ကို ပေး၍

ထိုဆရာကိုလျှင် ပုရောဟိတ်ပြု၍ အဖအရာ၌ ထား၍ ဆရာ၏ အဆုံးအမ၌ တည်လျက် ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့လား၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကိုပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြသည်၏ အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ များစွာကုန်သော ရဟန်းတို့သည် သောတာပန်, သကဒါဂါမ် ဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းသနည်း ဟူမူကား ယခုအခါ အမျက်ထွက်တတ်သော ရဟန်းသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆရာဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

[တပည့်တွက်တာ၊ နောင်ကျိုးရှာလစ်၊ ဆရာဖြစ်လည်း၊ ကြောင်းနည်းဆင်ခြင်၊ ရိုက်ပုတ်သင်၊ ရန်လျှင်ဖွဲ့တတ်သည်။]

နှစ်ရာငါးဆယ့်နှစ်ခုမြောက်သော တိလမုဋ္ဌိဇာတ်သည် ပြီး၏။

---

## ၂၅၃-မဏိကဏ္ဌဇာတ်

### တောင်းလွန်းလျှင် အမုန်းခံရ

### ပစ္စုပ္ပန်ဝတ္ထု

နက်နှင့်တကွသော လောက ကို ဆုံးမတော်မူသော သဗ္ဗညု မြတ်စွာဘုရားသည် "မမနွပါန်"အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော ဤမဏိကဏ္ဌဇာတ်ကို အာဠဝီပြည်ကို အမှီပြု၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံးနေတော်မူစဉ် ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ဟောတော်မူ၏။

အာဠဝီတိုင်းသား ရဟန်းတို့သည် ကိုယ်တိုင်အဆောက်အဦတို့ကို ဆောက်၍ ကုဋိတို့ကို ပြုအပ်ကုန်သည် ရှိသော် ယောကျ်ားကို ပေးကြကုန်လော့၊ ယောကျ်ားတို့၏ လက်အမှုကို ပေးကြကုန်လော့ ဤသို့အစရှိသော စကားတို့ကို ဆိုကုန်လျက် တောင်းခြင်း ဝိညတ် များကုန်သည်ဖြစ်လတ်၍ နေကုန်၏။ လူတို့သည် တောင်းခြင်း ဝိညတ်ဖြင့် နှိပ်စက်အပ်ကုန်ရကား ရဟန်းတို့ကိုမြင်၍ ပြေးကုန်၏။ ထိုအခါ အရှင်မဟာကဿပသည် အာဠဝီပြည်သို့ ကြွတော်မူ၍ ဆွမ်းခံဝင်တော်မူ၏၊ လူတို့သည် အရှင်မဟာကဿပကို မြင်၍လည်း ရှေးအတူသာလျှင် ကျင့်ကုန်၏။ အရှင်မဟာကဿပ မထေရ်သည် ဆွမ်းဘုဉ်းပေးပြီးသည်ရှိသော် ဆွမ်းခံရွာမှ ဖဲခဲ့၍ ငါ့ရှင်တို့ ဤအာဠဝီပြည်သည် ရှေး၌ရလွယ်

သော ဆွမ်းရှိ၏။ ယခုအဘယ်ကြောင့် ရခဲသော ဆွမ်းရှိသနည်းဟု ရဟန်းတို့ကို မေးလေ၍ ထိုအကြောင်းကို ကြား၍ သဗ္ဗညုမြတ်စွာဘုရားသည် အာဠဝီပြည်သို့ ကြွတော်မူ၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူသည် ရှိသော် မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ ထိုအကြောင်းကိုနားတော်လျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအခါ၌ ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ အာဠဝီဘိုင်းသား ရဟန်းတို့ကို သင်တို့သည် ကိုယ်တိုင် တောင်းအပ်သော အဆောက်အဦဖြင့် ကုဋိတို့ကို ပြုကြကုန်သော ဟူသည်မှန်သလောဟုမေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဤတောင်းခြင်းမည်သည်ကို ရတနာခုနစ်ပါးနှင့် ပြည့်စုံသော နဂါးပြည်၌ နေကုန်သောနဂါးမင်းတို့ စင်လျက် မနှစ်သက်ကုန်သေး၊ လူတို့အား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ တစ်သပြာကို(ဝါ) တစ်ကျပ်ကို ဖြစ်စေကုန်သော သူတို့အား ကျောက်ဖျာမှကျောက်ချပ် ကျောက်ဆစ်ကို ဖြစ်စေသော ကာလကဲ့သို့ဖြစ်၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏ ရဟန်းတို့သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

[ကျောက်ဖျာမှ ကျောက်ချပ် ကျောက်ဆစ်ကို ဖဲ့ရသကဲ့သို့ လူတို့သည် တစ်ကျပ်သား အသပြာသော်လည်း အလွန်ရခဲ၏ဟူလိုသည်။]

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် များသော စည်းစိမ်ရှိသော ပုဏ္ဏားမျိုး၌ဖြစ်၏။ ဘုရားလောင်းသည် ရှေးရှုထက်ဝန်းကျင် ပြေးသွားနိုင်သော ကာလ၌ ဘုန်းရှိသော တစ်ပါးသော သတ္တဝါသည်လည်း ဘုရားလောင်း၏ မယ်တော်ဝမ်း၌ ဖြစ်၏။ ထိုနှစ်ယောက်ကုန်သော ညီနောင်တို့သည် အရွယ်သို့ ရောက်ကုန်လတ်သော် မိဘတို့၏ သေလွန်ခြင်းကြောင့် ထိတ်လန့်သောနှလုံး ရှိ၍ ရသေ့ရဟန်းပြုလျက် ဂင်္ဂါမြစ်နား၌သစ်ရွက်မိုးသော ကျောင်းကိုဆောက်လုပ်၍ နေကုန်၏၊ ထိုရသေ့ညီနောင်တို့တွင် အစ်ကိုကြီး ရသေ့၏ ကျောင်းသည်ကား ဂင်္ဂါ၏ အညာ၌ ညီတော် ရသေ့၏ ကျောင်းသည်ကား ဂင်္ဂါ၏ အကြေ၌ ရှိ၏။

## မဏိကဏ္ဍနဂါး

ထိုအခါ တစ်နေ့သ၌ မဏိကဏ္ဍ နဂါးမင်းသည် နဂါးပြည်မှ ထွက်၍ ဂင်္ဂါ ကမ်းနား၌ လုလင်၏ အသွင်ဖြင့် သွားသည်ရှိသော် ညီတော်ရသေ့၏ကျောင်းသို့ရောက်၍ ရှိခိုးလျက် တင့်တယ်စွာ နေ၏၊ အချင်းချင်း ဝမ်းမြောက်ခြင်းကို

ဖြစ်စေတတ်သော စကားကို ပြောဆို၍ အကျွမ်းဝင် ကုန်၏။ ကင်း၍ နေအံ့သောငှါ မတတ်နိုင်ကုန်။ မဏိကဏ္ဌနဂါးမင်းသည် မပြတ် ညီတော် ရသေ့အထံသို့ လာ၍ စကားပြောလျက် နေ၍ သွားသော ကာလ၌ ရသေ့အား ချစ်ခြင်းကြောင့် လုလင်ငယ်၏ အတ္တဘောကို စွန့်၍ အခွေတို့ဖြင့် ရသေ့ကို ပတ်လျက် သုံးသပ်၍ ဦးခေါင်းထက်၌ ကြီးစွာသော ပါးပျဉ်းကို ဆောင်း၍ အာဘန်ငယ် နေ၍ ထိုချစ်ခြင်းကို ဖြေ၍ အခွေတို့ကို ဖြေ၍ ရသေ့ကို ရှိခိုး၍ မိမိနေရာသို့လျှင် သွား၏။ ရသေ့သည် မဏိကဏ္ဌနဂါးမှ ကြောက်သောကြောင့် ကြုံလှီ၏၊ အဆင်းမလှသည် ဖြစ်၏။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသည် ဖြစ်၏။ အကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်၏။ ထိုညီတော် ရသေ့သည် တစ်နေ့သ၌ နောင်တော်အထံသို့ သွား၏။ ထိုနောင်တော်ရသေ့သည် ရှင်ရသေ့ သင်သည် အဘယ်ကြောင့် ကြုံလှီသနည်း။ အဆင်းမလှသနည်း။ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့ခြင်း ရှိသနည်း အကြော ပြိုင်းပြိုင်းထသော ကိုယ်ရှိသနည်းဟု မေး၏။ ညီတော် ရသေ့သည်လည်း နောင်တော်ရသေ့အား ထိုအကြောင်းကို ကြား၍ သင်သည် ထိုနဂါး၏ လာခြင်းကို အလိုမရှိသလောဟု မေးလတ်သော် အလိုမရှိဟု ဆို၍ သင့်အထံသို့ လာသော ထိုနဂါးမင်းသည် အဘယ်တန်ဆာကို ဆင်၍ လာသနည်းဟု မေးလတ်သော် ပတ္တမြား ရတနာကို ဆင်၍ လာ၏ဟု ဆို၏။

ထိုသို့တပြီးကား ထိုနဂါးမင်းသည် သင့်အထံသို့ လာ၍ မထိုင်မီ ရှေ့မှ လာစဉ်လျှင် ထိုနဂါးမင်းအား ပတ္တမြားကို ပေးလော့ဟု တောင်းလော့၊ ဤသို့ တောင်းသည်ရှိသော် ထိုနဂါးမင်းသည် အခွေတို့ဖြင့် သင့်ကို မပတ်မူ၍လျှင် သွားလတ္တံ့။ နက်ဖြန်နေ့၌ ကျောင်းတံခါး၌ ရပ်၍ လာစဉ်လျှင် ပတ္တမြားကို တောင်းလော့၊ သုံးရက်မြောက်သော နေ့၌ ဂင်္ဂါကမ်းနား၌ တည်၍ ရေမှ ပေါ်စဉ်လျှင် ပတ္တမြားကို တောင်းလော့၊ ဤသို့ တောင်းသည် ရှိသော် ထိုနဂါးသည် သင်၏ အထံသို့ တစ်ဖန် မလာလတ္တံ့ဟု ဆို၏။ ညီတော် ရသေ့သည် ကောင်းပြီဟု ဝန်ခံ၍ မိမိ၏ ကျောင်းသို့ သွား၍ နက်ဖြန်လာလတ်၍ ရပ်စဉ်လျှင် နဂါးမင်းကို သင်၏ တန်ဆာဖြစ်သော ဤပတ္တမြားကို ငါ့အား ပေးလော့ဟု တောင်း၏။ ထိုနဂါးမင်းသည် မထိုင်မူ၍လျှင် ပြေး၏။ ထိုနောက် နှစ်ရက်မြောက်သော နေ့၌ ကျောင်းတံခါး၌ ရပ်၍ လာစဉ်လျှင် ထိုနဂါးမင်းကို ပြန်နေ့က ငါ့အား ပတ္တမြား ရတနာကို သင်မပေး။ ယနေ့ ပေးလော့ဟု ဆို၏။ နဂါးမင်းသည် ကျောင်းသို့ မဝင်မူ၍လျှင် ပြေး၏။ သုံးရက်မြောက်သော နေ့၌ကား ရေ၌ ရပ်၍ ပေါ်စဉ်လျှင် ထိုနဂါးမင်းကို ယနေ့ ပတ္တမြားကို တောင်းသော ငါ့အား သုံးရက်ရှိပြီ။ ယခု ငါ့အား ထိုပတ္တမြား ရတနာကို ပေးလော့ဟု ဆို၏။ နဂါးမင်းသည် ရေ၌ ရပ်၍ ရသေ့ကို ပယ်လိုရကား ဤဂါထာကို ဆို၏—

၆။ မမန္န ပါနံ ဝိပုလံ ဥဠာရံ၊
ဥပ္ပဇ္ဇတိ မယာ မဏိယာ ဟောတု။
တံ တေ န ဒဿံ အတိယာစကောသိ၊
န စာပိ တေ အဿမ မာဂမိဿံ။

၇။ သုသူ ယထာ သက္ခရ ဓောတ ပါဏိ၊
တာသေသိ မံ သေလံ ယာစမာနော။
တံ တေ န ဒဿံ အတိယာစကောသိ၊
န စာပိ တေ အဿမ မာဂမိဿံ။

အိုရသေ့ ဤပတ္တမြားကြောင့် ငါ့အား ပြန့်ပြောသော မြတ်သော နတ်ထမင်း နတ်အဖျော်သည် ဖြစ်၏၊ ထိုပတ္တမြားကို သင့်အား မပေးနိုင်၊ သင်သည် အလွန်တောင်းတတ်၏၊ သင်၏ ကျောင်းသို့လည်း ငါမလာတော့။

အိုရသေ့ ဥပမာ မည်သည်ကား ဆီဖြင့် ကျောက်၌ သွေးအပ်သော သန်လျက်ရှိသော လုလင်ပျိုသည် ခြိမ်းခြောက်သကဲ့သို့ ထိုအတူ ဤပတ္တမြားကို တောင်းသော သင်သည် ငါ့ကို ခြိမ်းခြောက်ဘိ၏၊ အလွန် တောင်းတတ်၏၊ ထိုပတ္တမြားကို သင့်အား ငါ မပေးနိုင်၊ သင်၏ ကျောင်းသခ်မ်းသို့လည်း ငါ မလာတော့ပြီ။

ဤသို့ဆို၍ နဂါးမင်းသည် ရေ၌ ငုပ်၍ မိမိနေရာ နဂါးဘုံသို့လျှင်သွား၍ တစ်ဖန်မလာ။ ထိုအခါ ထိုရသေ့သည် ရှုဖွယ်ရှိသော ထိုနဂါးမင်းကို မမြင်ခြင်းကြောင့် လွန်စွာကြုံလှီ၍ အဆင်းမလှသည် ဖြစ်၏။ ဖက်ရွက်ရော် ကဲ့သို့ ဖျော့တော့သည် ဖြစ်၏။ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည်ဖြစ်၏။ ထိုအခါ နောင်တော် ရသေ့သည် ညီတော် ရသေ့၏ အကြောင်းအရာကို သိရအောင် ညီတော် ရသေ့၏အထံသို့သွား၏။ လွန်စွာလျှင် ဖျော့တော့ခြင်းရှိသော ညီတော် ရသေ့ကိုမြင်၍ ရှင်ရသေ့ သင်သည် အဘယ်ကြောင့်လွန်စွာဖျော့တော့ခြင်း ဖြစ်သနည်းဟု ဆို၍ ရှုဖွယ်ရှိသော ထိုနဂါးကို မမြင်ရခြင်းကြောင့် လွန်စွာလျှင် ဖျော့တော့ခြင်းဖြစ်၏ဟူသော စကားကို ကြား၍ ဤရသေ့သည် နဂါးမင်းနှင့် ကင်းအံ့သောငှါလည်း မတတ်နိုင်ဟု မှတ်၍ ဤဂါထာကိုဆို၏–

၈။ န တံ ယာစေ ယဿ ပိယံ ဇိဂီသေ၊
ဒေဿော ဟောတိ အတိ ယာစနာယ။
နာဂေါ မဏိံ ယာစိတော ဗြာဟ္မဏေန၊
အဒဿနံ ယေ ဝ တဒဇ္ဈဂမာ။

ငါ့ညီ သူတစ်ပါး နှစ်သက်မြတ်နိုးသော ပစ္စည်းကို နှစ်သက်မြတ်နိုးခြင်းကို သိလျက် မတောင်းယူအပ်။ အလွန်တောင်းခြင်းကြောင့် မုန်းတတ်၏၊ ငါ့ညီ

ရသေ့သည် ပတ္တမြားကို အတောင်းခံရသော နဂါးမင်းသည် တောင်းခံရသည့်နေ့မှစ၍ ငါ့ညီရသေ့ မမြင်ရာ အရပ်သို့သာ သွားလေပြီ။

ဤသို့ကား ထိုညီတော် ရသေ့ကိုဆို၍ ယနေ့မှစ၍ ယခု သင်မစိုးရိမ်လင့်ဟု နှစ်သိမ့်စေ၍ နောင်တော်ရသေ့သည် မိမိကျောင်းသို့လျှင် သွား၏။ နောက်အဖို့၌ နှစ်ဦးကုန်သော ညီနောင်ရသေ့တို့သည်လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လားကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ရတနာ ခုနစ်ပါးနှင့် ပြည့်စုံသော နဂါးဘုံ၌ နေကုန်သော ခပ်သိမ်းသော နဂါးတို့ စဉ်သျှက်လည်း တောင်းခြင်းမည်သည်ကို မနှစ်သက်၊ လူတို့အားကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီတော်ရသေ့ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နောင်တော် ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပစ္စည်းရတနာ၊ တောင်းတုံပါ၊ မေတ္တာမဲ့တတ်လှ)

နှစ်ရာငါးဆယ့်သုံးခုမြောက်သော မဏိကဏ္ဍဇာတ်သည် ပြီး၏။

---

## ၂၅၄-ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်

### သိန္ဓောမြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဘုတွာ တိဏပရိဃာသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ရံရောအခါ သဗ္ဗညုမြတ်စွာဘုရားသည်သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီး၍ ဒေသစာရီ ကြွတော်မူ၍ တစ်ဖန်ပြန်သည်ရှိသော် လူတို့သည် အာဂန္တုက တို့အား ပူဇော်ခြင်းကို ပြုကုန်အံ့ဟု ဘုရားအမှူးရှိသော သံဃာတို့အား အလှူကြီးကို ပေးကြကုန်၏၊ ကျောင်း၌ တစ်ပါးသော ဓမ္မဃောသကရဟန်းကို ထား၏။ ထိုရဟန်းသည် အကြင်အကြင် သူတို့သည် အကြင်မျှ လောက်သော

ရဟန်းတို့ကို အလိုရှိကုန်၏၊ ထိုသူတို့အား ဤမျှလောက်သော ရဟန်းတို့ကို စီရင်၍ ပေး၏။ ထိုအခါ တစ်ယောက်သော ဆင်းရဲစွာသော မိန်းမအိုသည် တစ်ပါးစာကို စီရင်၍ ထိုထိုသူတို့အား ရဟန်းတို့ကို စီရင်၍ ပေးကုန်သည်ရှိသော် နေမြင့်သောအခါ၌ ဓမ္မဘဏ္ဍာဂါရိက(?)ရဟန်း၏ အထံသို့ သွား၍ အကျွန်ုပ်အား တစ်ပါးသောရဟန်းကို ပေးပါကုန်လော့ဟုဆို၏။ ထိုရဟန်းသည် ငါကားခပ်သိမ်းသောရဟန်းတို့ကို စီရင်၍ ပေးအပ်ကုန်ပြီ။ အရှင်သာရိပုတ္တရာမထေရ်သည်ကား ကျောင်း၌လျှင် ရှိ၏။ အရှင်သာရိပုတ္တရာအား ဆွမ်းကိုလှူချေလော့ဟု ဆို၏။ ထိုမိန်းမအိုသည် ကောင်းပြီဟူ၍ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်း တံခါးမုခ်၌ ရပ်၍ အရှင်သာရိပုတ္တရာမထေရ်လာသော ကာလ၌ ရှိခိုး၍ လက်မှ သပိတ်ကိုယူ၍ အိမ်သို့ပင့်ဆောင်၍ နေစေ၏။ တစ်ယောက်သော မိန်းမအိုသည် အရှင်သာရိပုတ္တရာမထေရ်ကို မိမိအိမ်သို့ ပင့်ဆောင်၍ နေစေသတတ်ဟု များစွာကုန်သော သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော အမျိုးတို့သည် ကြားကုန်၏။

ထိုအမျိုးတို့တွင် ပသေနဒီ ကောသလမင်းသည် ထိုအကြောင်းကို ကြား၍ ထိုမိန်းမအိုအား ပုဆိုးဥစ္စာထောင်ထုပ်နှင့်တကွ သိမ်မွေ့ကောင်းမြတ်သော ဘောဇဉ်ဘို့ကို ငါ့အရှင်အား လုပ်ကျွေးသည်ရှိသော် ဤအဝတ်ကိုဝတ်၍ ဤအသပြာတို့ကို သုံးဆောင်၍ လုပ်ကျွေးပါဟုဆို၍ ပို့စေ၏။ ပသေနဒီကောသလမင်း ပို့စေသကဲ့သို့ ထိုအတူ မဟာအနာထပိဏ် စူဠအနာထပိဏ် ဝိသာခါ သီတင်းသည်မ်ကြီးတို့သည်လည်း ပို့စေကုန်၏။ တစ်ပါးကုန်သော အမျိုးတို့သည် မိမိတို့၏အစွမ်းအားလျော်စွာ တစ်ရာနှစ်ရာတို့၏ အစွမ်းအားဖြင့် အသပြာတို့ကို ပေးစေကုန်၏။ ဤသို့ တစ်ရက်ချင်းသာလျှင် ထိုမိန်းမအိုသည် တစ်သိန်းသော အသပြာကိုရ၏။ အရှင်သာရိပုတ္တရာသည်ကား ထိုမိန်းမအိုသည် လှူအပ်သော ယာဂုကိုလျှင်သောက်၍ ထိုမိန်းမအိုသည် စီရင်အပ်သော ခဲဖွယ်ဘောဇဉ်ကိုလျှင် ဘုဉ်းပေး၍ အနုမောဒနာပြု၍ မိန်းမအိုကို သောတာပတ္တိဖိုလ်၌တည်စေ၍ ကျောင်းသို့လျှင်ကြွ၏။ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာမထေရ်သည် အိုမင်းပြီးသော အိမ်ရှင်မကို ဆင်းရဲမှ လွတ်စေ၏၊ အိုမင်းပြီးသော အိမ်ရှင်မသည် လှူအပ်သော အာဟာရကို မရွံမရှာ ဘုဉ်းပေးတော်မူ၏ဟု အရှင်သာရိပုတ္တရာမထေရ်၏ ကျေးဇူးစကားကို ပြောဆိုကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့၊ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ထိုမိန်းမအို၏ ကိုးကွယ်ရာဖြစ်သည်မဟုတ်၊ ယခုအခါ၌သာလျှင် ထိုမိန်းမအိုသည် ပေးအပ်သော အာဟာရကို မရွံမရှာစားသည် မဟုတ်၊ ရှေး၌လည်း စားဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥတ္တရာပထ မြင်းကုန်သည်အမျိုး၌ ဖြစ်၏။ ဥတ္တရာပထဇနပုဒ်မှ ငါးရာကုန်သော မြင်းကုန်သည်တို့သည် မြင်းတို့ကို ဗာရာဏသီပြည်သို့ ဆောင်၍ ရောင်းကုန်၏။ တစ်ယောက်သော မြင်းကုန်သည်လည်း မြင်းငါးရာတို့ကို ယူ၍ ဗာရာဏသီပြည် ခရီးသို့ သွား၏။ ဗာရာဏသီပြည်၏ ခရီး အကြားမှ မနီးလွန်း မဝေးလွန်းသော အရပ်ဝယ် တစ်ခုသော နိဂုံးသည် ရှိ၏။ ထိုနိဂုံး၌ ရှေးသရောအခါ များစွာသော စည်းစိမ် ရှိသော သူဌေးသည် ဖြစ်ဖူး၏။ ထိုသူဌေး၏ အိမ်သည် ကြီး၏၊ အမျိုးသည် တမူကား အစဉ်သဖြင့် ကုန်ခြင်းသို့ ရောက်၏၊ တစ်ယောက်သော မိန်းမအိုသည်သာလျှင် ကြွင်း၏။ ထိုမိန်းမအိုသည် ထိုအိမ်၌ နေ၏။ ထိုအခါ ထိုမြင်းကုန်သည်သည် ထိုနိဂုံးသို့ ရောက်၍ အခပေးအံ့ဟု ဆို၍ ထိုမိန်းမ အို၏ အိမ်၌နေရာကိုယူ၍ မြင်းတို့ကို တင့်ဒပ်ရာအရပ်၌ ထား၏။ ထိုနေ့၌ လည်း တစ်ခုသော အာဇာနည်မြင်းမအား သားဖွားခြင်းသည် ဖြစ်၏။ ထို မြင်းကုန်သည်သည် နှစ်ရက်သုံးရက်တို့ပတ်လုံးနေ၍ မြင်းတို့ကိုအားယူစေ၍ မင်းကို ဖူးမြင်အံ့ဟု မြင်းတို့ကို ယူ၍သွား၏။ ထိုအခါ ထိုမြင်းကုန်သည်ကို မိန်းမအိုသည် အိမ်၌ တည်းနေခကို ပေးလော့ဟုဆို၍ မိခင် ကောင်းပြီ၊ ပေးအံ့ ဟု ဆိုသည်ရှိသော် အမောင် အခပေးသည်ရှိသော် ဤမြင်းငယ်ကို ပေးလော့ ဟုဆို၏။ မြင်းကုန်သည်သည် မိန်းမအိုဆိုတိုင်း မြင်းငယ်ကို ပေး၍သွား၏၊ မိန်းမ အိုသည် ထိုမြင်းငယ်၌ သားကဲ့သို့ ချစ်ခြင်းကို ဖြစ်စေ၍ ဆန်ကွဲ ထမင်းချိုး စားကြွင်းတဲမြက်တို့ကိုပေး၍ မြင်းငယ်ကိုလုပ်ကျွေး၏။

ထိုအခါ နောက်အဖို့၌ ဘုရားလောင်းသည် မြင်းငါးရာတို့ကိုယူ၍သွားလတ်သော် ထိုအိမ်၌တည်းနေခြင်းကို ပြု၍ ဆန်ကွဲစားသော သိန္ဓောမြင်းငယ်၏ နေရာအရပ်မှ အနံ့နံ၍ တစ်ကောင်သော မြင်းသည်လည်း အိမ်သို့မဝင်ဝံ့၊ ဘုရား လောင်းသည် မိခင် ဤအိမ်၌ တစ်ကောင်သောမြင်းသည် ရှိသလောဟု မေး၏။ အမောင် တစ်ပါးသောမြင်းကား မရှိ၊ ငါသည် သားပြု၍ တစ်ကောင်သော မြင်းငယ်ကို မွေး၏၊ ထိုမြင်းငယ်သည် ရှိ၏ဟု ဆို၏။ မိခင် ထိုမြင်းငယ်သည် အဘယ်မှာနည်းဟု မေး၏။ အမောင် အစာစားအံ့သောငှါ သွား၏ဟု ဆို၏။ မိခင် အဘယ်အခါ၌ လာသနည်းဟု မေးသည်ရှိသော် အမောင် ညချမ်းသောအခါ၌ လာလတ္တံ့ဟု ဆို၏။ ဘုရားလောင်းသည် ထိုမြင်းငယ်၏ လာခြင်းကို မျှော်လျက် မြင်းတို့ကို ကျောင်းအပ၌ ထား၍လျှင် နေ၏။ သိန္ဓောမြင်းငယ်သည်လည်း ကျက်စား၍ ညချမ်းအခါ၌လျှင် လာ၏။ ဘုရားလောင်းသည် ဆန်ကွဲကိုစားသော သိန္ဓောမြင်းငယ်ကို မြင်၍ လက္ခဏာတို့ကို ဆင်ခြင်၍ သိန္ဓောမြင်းငယ်သည်

အဖိုးမဖြတ်နိုင်အောင် ထိုက်သော မြင်းတည်းဟု သိ၍ မိန်းမအိုအား အဖိုးကို ပေး၍ ယူခြင်းငှါ သင့်၏ဟု ကြံ၍ သိန္ဓောမြင်းငယ်သည်လည်း အိမ်သို့ဝင်၍ မိမိ နေရာအရပ်၌ နေ၏။

ထိုခဏ၌ ထိုမြင်းတို့သည် အိမ်သို့ဝင်ခြင်းငှါ မတတ်နိုင်ကုန်၊ ဘုရားလောင်းသည် နှစ်ရက် သုံးရက်နေ၍ မြင်းတို့ကို အားယူစေပြီး၍ သွားအံ့ဟုပြင်ဆင် လတ်သည်ရှိသော် မိခင် မြင်းငယ်၏အဖိုးကိုယူ၍ အကျွန်ုပ်အား မြင်းငယ်ကို ပေးလောဟုဆို၏။ အမောင် မြင်းကုန်သည် သင် အသို့ ဆိုသနည်း၊ သားကို ရောင်းစားသော မိန်းမမည်သည် ရှိသလောဟု မိန်းမအိုသည် ဆို၏။ မိခင် သင်သည် ဤမြင်းငယ်ကို အဘယ်အစာကိုစားစေ၍ ကျွေးမွေးသနည်းဟု ဘုရားလောင်းသည် မေး၏။ အမောင် မြင်းကုန်သည်၊ ဆန်ကွဲထမင်းချိုး စာ ငုတ်မြက်တို့ကို စားစေ၍ ဆန်ကွဲယာဂုကို သောက်စေ၍ ငါကျွေးမွေး၏ဟု မိန်းမအို ဆို၏၊ မိခင် ကျွန်ုပ် ဤမြင်းကိုရသော် ထမင်းကို စားစေအံ့၊ မြင်း နေရာအထက် ပုဆိုးဗိတာန်ကိုကြက်၍ အင်းပျဉ်အပေါ်၌ ထားအံ့ဟု ဘုရား လောင်းဆို၏၊ အမောင်မြင်းကုန်သည် ဤသို့ပြုစုမှုကား ငါ့သားသည်ချမ်းသာ ခံရလတ္တံ့၊ ငါ့သားကိုယူ၍ သွားလော့ဟုဆို၏၊ ထိုအခါ ဘုရားလောင်းသည် သိန္ဓောမြင်းငယ်၏ အခြေလေးချောင်း အမြီးနှုတ်သီးတို့၌ ခြောက်ထောင်သော အသပြာထုပ်ကိုထား၍ မိန်းမအိုကို အဝတ်သစ်ဝတ်စေ၍ သိန္ဓောမြင်းငယ်၏ ရှေ့၌ ရပ်စေ၏။ သိန္ဓောမြင်းငယ်သည် မျက်စိကိုဖွင့်၍ အမိကိုကြည့်လျက် မျက်ရည်ယို၏။ မိန်းမအိုသည်လည်း သိန္ဓောမြင်းငယ်၏ကျောကို သုံးသပ်၍ ချစ်သား ငါသည် သားမွေးကျိုးကိုရပြီ၊ ငါ့သား လိုက်လေတော့ဟုဆို၍ ပေး၏။ သိန္ဓောမြင်းငယ်သည်လိုက်၏။ ဘုရားလောင်းသည် နက်ဖြန် သိန္ဓောမြင်းငယ်၏ ထမင်းအစာကိုစီရင်၍ သိန္ဓောမြင်းငယ်သည် မိမိ၏ကိုယ်အစွမ်းကို သိသလော။ ထိုသို့မဟုတ် မသိသလော၊ ထိုသိန္ဓောမြင်းငယ်ကို စုံစမ်းအံ့ဟု မြင်းစားကျင်း၌ ဆန်ကွဲယာဂုကို လောင်း၍ပေး၏။ သိန္ဓောမြင်းငယ်သည် ထိုဘောဇဉ်ကို ငါ မစား၊ ယာဂုကိုသောက်ခြင်းငှါ ငါအလိုမရှိဟုဆို၏။ ဘုရားလောင်းသည် သိန္ဓော မြင်းငယ်အား စုံစမ်းလိုသောအားဖြင့် ဤဂါထာကိုဆို၏—

၁၀။ ဘုတွာ တိဏပရိဃာသံ၊ ဘုတွာ အာစာမ ကုဏ္ဍကံ။
ဧတံ တေ ဘောဇနံ အာသိ၊ ကသ္မာ ဒါနိ န ဘုဉ္ဇသိ။

မြင်းငယ် သင်သည် စားကြွင်းမြက်ကိုလည်းကောင်း၊ ထမင်းချိုး ဆန်ကွဲ ညှာကိုလည်းကောင်း စား၍ ကြီးလာရ၏၊ ဤဆန်ကွဲ ယာဂုဘောဇဉ်သည် သင်၏ အစာဖြစ်လျက် အဘယ့်ကြောင့် ယခုအခါ၌ ဤဆန်ကွဲ ယာဂုကို မစား သနည်း၊

ဤသို့ဆိုသောစကားကိုကြား၍သိန္ဓောမြင်းငယ်သည် ဤဂါထာတို့ကိုဆို၏ –

၁၁။ ယတ္ထ ပေါသံ န ဇာနန္တိ၊ ဇာတိယာ ဝိနယေန ဝါ။
ဗဟုံ တတ္ထ မဟာဗြဟ္မေ၊ အပိ အာစာမကုဏ္ဍကံ။

၁၂။ တွဉ္စ ခေါ မံ ပဇာနာသိ၊ ယာဒိသာ'ယံ ဟယုတ္တမော။
ဇာနန္တော ဇာန'မာဂမ္မ၊ န တေ ဘက္ခာမိ ကုဏ္ဍကံ။

မြတ်သောကုန်သည်ကြီး အမျိုးအစား, အကျင့်စရိုက်အားဖြင့် မိမိမွေးမြူထားသော ဥစ္စာအပေါ် မသိသောဒ ရပ်၌ များစွာသော ထမင်းချိုး ဆန်ကွဲကို စင်စစ် ငါစား၏၊ ဤမြင်းသည် မြင်းမြတ်ဟု သင်သည် ငါ့ကို ကောင်း၏၊အစွမ်းကိုသိသောငါသည် အစွမ်းကိုသိသော သင့်ကို စွဲ၍ သင်၏ ဆန်ကွဲ ယာဂုကို ငါမစားတော့။

သင်သည် ဆန်ကွဲယာဂုကိုစားစေလိုသဖြင့် အသပြာ ခြောက်ထောင်တို့ကို ပေး၍ ငါ့ကိုမဝယ်၊ ဤသို့ဆိုသော် ထိုစကားကိုကြား၍ ဘုရားလောင်းသည် သင့်ကို စုံစမ်းအံ့သောငှါ ငါသည် ထိုအမှုကိုပြု၏။ အမျက်မထွက်လင့်ဟု ဆို၍ ထိုသိန္ဓောမြင်းငယ်ကို ကောင်းသော ဘောဇဉ်ကို စားစေလျက် ယူ၍ မင်းရင်ပြင်ဝယ် တစ်ခုသော အရပ်၌ မြင်းငါးရာတို့ကို ထား၍ တစ်ခုသော အရပ်၌ ဆန်းကြယ်သော ဘင်းတိမ်ကို ကာရံ၍ အောက်၌ အခင်းကိုခင်း၍ အထက်၌ ပုဆိုးဗိတာန်ကြက်၍ သိန္ဓောမြင်းငယ်ကို ထား၏။ မင်းသည် လာလတ်၍ မြင်းကို ကြည့်လျက် ဤမြင်းကို အဘယ့်ကြောင့် အသီးထားသနည်းဟု မေး၏၊ မြတ်သော မင်းကြီး ဤမြင်းကား သိန္ဓောမြင်းတည်း။ ဤမြင်းတို့တွင် ထူးသော မြင်းတည်းဟု လျှောက်လတ်သော် အချင်းမြင်းကုန်သည် သိန္ဓောမြင်းသည် ကောင်းသလောဟု မေး၏၊ ဘုရားလောင်းသည် မြတ်သောမင်းကြီး ကောင်း၏ဟု ဆို၍ မြင်း၏ လျင်မြန်ခြင်းကို ကြည့်လို၏ဟု ဆိုလတ်သော် –

## သိန္ဓောမြင်း စွမ်းရည်

ထိုမြင်းကို ကာ၍ စီရင်၍ မြတ်သောမင်းကြီး ကြည့်တော်မူလောဟု ဆို၍ လူတို့ကို ရှားစေ၍ မင်းရင်ပြင်၌ မြင်းကို မောင်းနှင်၏။ အလုံးစုံသော မင်းရင်ပြင်သည် မြင်းအစဉ်ဖြင့် ခြံရံသကဲ့သို့ ဖြစ်၏။ တစ်ဖန် ဘုရားလောင်းသည် မြတ်သောမင်းကြီး သိန္ဓောမြင်းငယ်၏ လျင်မြန်ခြင်းကို ကြည့်တော်မူလော့ဟု လွှတ်ပြန်၏။ တစ်ယောက်သော သူသည်မျှလည်း သိန္ဓောမြင်းငယ်ကို မမြင်သည် ဖြစ်၏။ တစ်ဖန် နီသော အဝတ်ကို ပတ်၍ ဝတ်၍ လွှတ်ပြန်၏။ နီသော အဝတ်ကိုသာလျှင် မြင်ကုန်၏၊ ထိုနောင်မှ ထိုသိန္ဓောမြင်းကို မြို့တွင်းဝယ် ဝ စ်ခု

သော ဥယျာဉ် ရေကန် အပြင်၌ လွှတ်၏။ ထိုရေကန်၌ ပြေးသော သိန္ဓောမြင်း၏ ခွါဖျားတို့ကိုလည်း ရေတို့သည် မဆွတ်ကုန်။ ပဒုမ္မာ ကြာရွက် တို့၏ အပေါ်သို့ ပြေးသည်ရှိသော် တစ်ခုသော ပဒုမ္မာကြာရွက်ကိုလည်း ရေ၌ မနစ်စေ။ ဤသို့ ထိုမြင်း၏ လျင်ခြင်းနှင့် ပြည့်စုံခြင်းကို ပြပြီး၍ မြင်းမှ ဆင်းသက်၍ လက်ခုပ် တီး၍ လက်ဝါးအပြင်ကို ပြ၏။ မြင်းသည် လာလတ်၍ အခြေလေးဘက်တို့ကို တစ်ပေါင်းတည်းပြု၍ လက်ဝါးအပြင်၌ ရပ်၏။ ထိုအခါ ဘုရားလောင်းသည် မင်းကို မြတ်သောမင်းကြီး ဤမြင်းငယ်သည် ခပ်သိမ်းသော အခြင်းအရာ အားဖြင့် လျင်မြန်ခြင်းကို ပြသည်ရှိသော် သမုဒ္ဒရာ အဆုံးရှိသော တိုင်းသည် လျင်မြန်ခြင်း အဟုန်ကို ချထားခြင်းငှါ မလောက်ဟု မင်းကိုဆို၏။

မင်းသည် ထိုမြင်း၏ လျင်မြန်ခြင်းကို မြင်၍ ဘုရားလောင်းအား ထက်ဝက် သော ပြည်ကို ပေး၍ သိန္ဓော မြင်းငယ်ကိုလည်း အဘိသိက် သွန်း၍ မင်္ဂလာ မြင်း ပြု၏၊ ထိုမင်္ဂလာမြင်းကို မင်းသည် ချစ်မြတ်နိုး၏။ မင်္ဂလာမြင်းအား ပူဇော်သက္ကာရ များ၏။ မင်း၏ တန်ဆာ ဆင်အပ်သော နေရာ တိုက်ခန်းကဲ့သို့ မြင်း၏နေရာသည် ဖြစ်၏။ လေးပါးသော နံ့သာမျိုးတို့ဖြင့် မြေကိုလိမ်းကျံကုန်၏။ နံ့သာဆိုင်း၊ ပန်းဆိုင်း တို့ကို ဆွဲကုန်၏။ အထက်၌ ရွှေကြယ်စီသော ဗိတာန် ကြက်၏။ ထက်ဝန်းကျင်မှ ဆန်းကြယ်သော တင်းတိမ်ဖြင့် ကာရံ၏။ အမြဲ နံ့သာဆီတို့ဖြင့် ဆီမီးကို ထွန်းကုန်၏။ မင်္ဂလာမြင်း၏ ကျင်ကြီး ကျင်ငယ် သွားရာ အရပ်၌လည်း ရွှေအိုးကို ခံထားကုန်၏။ အမြဲလျှင် မင်းစားသော ဘောဇဉ်ကိုသာလျှင် စားစေ၏၊ ထိုမင်္ဂလာမြင်း ရောက်သော ကာလမှ စ၍ ဇမ္ဗူဒိပ် အလုံး၌ မင်းအဖြစ်သည် ဗာရာဏသီမင်း၏ လက်သို့ ရောက်သည် သာလျှင် ဖြစ်၏။ ဗာရာဏသီမင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အလှူပေးခြင်း အစရှိသော ကောင်းမှုတို့ကို ပြု၍ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာ တို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကြကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား၊ ယခုအခါ သူအိုမသည် ထိုအခါ သူအိုမ ဖြစ်ဖူးလေပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သိန္ဓောမြင်း ဖြစ်ဖူးလေပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးလေပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မြင်းကုန် သည် ဖြစ်ဖူးလေပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးဆယ့်လေးခုမြောက်သော ကုဏ္ဍကကုစ္ဆိသိန္ဓဝ ဇာတ်သည် ပြီး၏။

## ၂၅၅-သုကဇာတ်

### စားပိုးနင်းသော ကျေး
### တန်ဆေး လွန်ဘေး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ယာဝ သော မတ္တံ မညာသိ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော သုကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် များစွာစား၍ အစာမကြေခြင်းကြောင့် သေလွန်ရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ထိုရဟန်း သေလွန်သည်ရှိသော် တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် ဝမ်း၏ ပမာဏကို မသိမူ၍ အစာကြေစိမ့်သောငှါ မတတ်နိုင်ရှိရကား သေလွန်၏ဟု ထိုရဟန်း၏ ကျေးဇူးမဲ့စကားကို ပြောဆိုကုန်သတတ်။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏။ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤရဟန်းသည် အလွန်စားခြင်းကြောင့် သေသည် မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းသည် အလွန်စားခြင်းကြောင့် သေဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကျေးအမျိုး၌ ဖြစ်၍ ဟိမဝန္တာအရပ်၌ နေကုန်သော အထောင်မကကုန်သော ကျေးတို့၏ မင်းဖြစ်၏။ ထိုဘုရားလောင်းအား တစ်ယောက်သော သားသည် ရှိ၏။ ထိုသားသည် အားနှင့်ပြည့်စုံလတ်သော် ဘုရားလောင်းသည် မျက်စိအားနည်းသည် ဖြစ်၏။ ကျေးတို့အား လျင်မြန်သော အဟုန်ရှိသတတ်။ ထို့ကြောင့် ထိုကျေးတို့အား အိုသောကာလ၌ ရှေးဦးစွာ မျက်စိအားနည်းသည် ဖြစ်၏။ ဘုရားလောင်း၏ သားသည် မိဘတို့ကို အသိုက်၌ထား၍ အစာကို ဆောင်ယူ၍ မွေး၏။ ထိုဘုရားလောင်း၏ သားသည် တစ်နေ့သ၌ ကျက်စားရာ အရပ်သို့ သွား၍ တောင်ထိပ်ဖျား၌ နေ၍ သမုဒ္ဒရာကို ကြည့်လတ်သော် တစ်ခုသောကျွန်းငယ်ကို မြင်၏။ ထိုကျွန်းငယ်၌ကား ရွှေအဆင်းနှင့်တူသော အဆင်းရှိသော အသီးနှင့်ပြည့်စုံသော သရက်တောသည် ရှိ၏။ ထိုကျေးသား

သည် နက်ဖြန် အစာရှာသောအခါ၌ ပျံ၍ ထိုသရက်တော၌ သက်၍ သရက်အရသာကို ခံစား၍ သရက်သီးမှည့်ကို ယူလျက် လာ၍ မိဘတို့အား ပေး၏။ ဘုရားလောင်းသည် ထိုသရက်သီးကို စားလတ်သော် အရသာကို မှတ်မိ၍ အမောင် ဤသရက်သီးမှည့်ကား ဤမည်သော ကျွန်းငယ်၌ သရက်သီးမှည့် မဟုတ်လောဟု ဆို၏။ ဖခင် ဟုတ်၏ဟု ဆိုလတ်သော် အမောင် ကျွန်းငယ်သို့ သွားကုန်သော ကျေးတို့မည်သည်ကား ရှည်မြင့်စွာ အသက်ကို စောင့်နိုင်ကုန်သည် မရှိကုန်။ သင်သည် တစ်ဖန် ထိုကျွန်းငယ်သို့ မသွားလင့်ဟု ဆို၏။

**မိဘစကား မနာယူ**

ထိုကျေးသားသည် ဘုရားလောင်း၏ စကားကို မယူမူ၍ သွားသည်သာလျှင် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ များစွာသော သရက်ရည်ကို သောက်၍ မိဘတို့၏ အကျိုးငှါ သရက်သီးမှည့်ကို ယူ၍ သမုဒ္ဒရာ၏ အထက်အပြင်ဖြင့် လာလတ်သည် ရှိသော် အလွန်လေးသည်၏ အဖြစ်ကြောင့် ပင်ပန်းသောကိုယ် ရှိသည်ဖြစ်၍ အိပ်ချင်ခြင်း နှိပ်စက်ရကား ငိုက်မျဉ်းလျက်လည်း လာလတ်သည်သာလျှင် ဖြစ်၏။ နှုတ်သီးဖြင့် ချီအပ်သော သရက်သီးမှည့်သည် ကျ၏။ ထိုကျေးသားသည် အစဉ်သဖြင့် လာသော လမ်းခရီးကို စွန့်၍ ရေအပြင်၌ လာလတ်သော် ရေ၌ လျှင်ကျ၍ နစ်၏။ ထိုအခါ တစ်ကောင်သောငါးသည် ထိုကျေးကို ဖမ်း၍စား၏။ ဘုရားလောင်းသည် ထိုကျေးသားသည် လာချိန် အခါ၌လျှင် မရောက်သည် ရှိသော် သမုဒ္ဒရာသို့ ကျ၍ သေသည် ဖြစ်လတ္တံ့ဟု သိ၏။ ထိုအခါ ထိုကျေးသား၏ မိဘတို့သည်လည်း အာဟာရကို မရကုန်ရကား ခြောက်ကပ်၍ သေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၃။ ယာဝ သော မတ္တမညာသိ၊ ဘောဇနသ္မိံ ဝိဟင်္ဂမော။
တာဝ အဒ္ဓါန' မာပါဒိ၊ မာတရဉ္စ အပေါသယိ။

၁၄။ ယတော စ ခေါ ဗဟုတရံ၊ ဘောဇနံ အဇ္ဈဝါဟရိ။
တတော တတ္ထေဝ သံသီဒိ၊ အမတ္တညူ ဟိ သော အဟု။

၁၅။ တသ္မာ မတ္တညုတာ သာဓု၊ ဘောဇနသ္မိံ အဂိဒ္ဓတာ။
အမတ္တညူဟိ သီဒန္တိ၊ မတ္တညူ စ န သီဒရေ။

ရဟန်းတို့ ထိုကျေးသားသည် အစာ၌ အတိုင်းအရှည်ကို သိနေသမျှ ကာလပတ်လုံး အသက်ရှည်စွာ နေရတတ်၏၊ မိဘကိုလည်း လုပ်ကျွေးမွေးမြူရ၏၊ ထိုကျေးသားသည် အလွန်များစွာ သရက်သီရည် ဘောဇဉ်ကို စားသောအခါ၌ကား သမုဒ္ဒရာ၌သာလျှင် နစ်လေ၏။ ထိုသို့ နစ်ခြင်းသည် အတိုင်းအရှည်ကို မသိခြင်းကြောင့်တည်း။

ထို့ကြောင့် ဘောဇဉ်၌ အကိုင်းအရှည်ကို သိခြင်း, မမက်မောခြင်းသည် ကောင်း၏၊ ဘောဇဉ်၌ အကိုင်းအရှည်ကို မသိကုန်သော သူတို့သည် နစ်ကုန်၏။ အတိုင်းအရှည်ကို သိကုန်သော သူတို့သည် မနစ်ကုန်။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ ဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော ရဟန်းသည် ထိုအခါ ကျေးမင်း၏သား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ကျေးမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးဆယ့်ငါးခုမြောက်သော သုကဇာတ်သည် ပြီး၏။

---

၂၅၆-ဇရူဒပါနဇာတ်

ရေတွင်းပျက်ကြီး

ရဒလ လိုလေ အိုဇာစွေ

လူ့လောဘ အတောမသတ်နိုင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ''ဇရူဒပါနံ ခဏမာနာ'' အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင်အပ်သော ဤဇရူဒပါန ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်၌ ကုန်သည်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကုန်သည်တို့သည် သာဝတ္ထိပြည်၌ ဘဏ္ဍာတို့ကို ဖြည့်စေ၍ ကုန်သွယ်သွားအံ့သော ကာလ၌ မြတ်စွာဘုရားကို ပင့်ဖိတ်၍ သရဏဂုံတို့ကို ယူ၍ သီလတို့၌ တည်၍ မြတ်စွာဘုရားကို ရှိခိုး၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်တို့သည် ကုန်သွယ်သွားအံ့သော၊ ရှည်စွာသော ခရီးကို သွားပါကုန်အံ့၊ ဘဏ္ဍာကိုရောင်း၍ အပြီးသို့ ရောက်ကုန်သော် ချမ်းသာသဖြင့် ပြန်လာ၍ တစ်ဖန် အရှင်ဘုရားတို့ကို ရှိခိုးပါကုန်အံ့ဟု ဆို၍ ခရီးသို့ သွားကြကုန်၏။ ထိုကုန်သည်တို့သည် ကန္တာရ ခရီး၌ ရေတွင်းဟောင်းကို မြင်၍ ဤရေတွင်း၌ ရေသည်မရှိ၊ ငါတို့သည်လည်း ရေငတ်ကုန်၏။ ထိုရေတွင်းကို တူးကြ

ကုန်အံ့ဟု တူးကုန်လတ်သော် အစဉ်သဖြင့် သလွဲငင်၊သလွဲပုပ်၊ ကြေးပုပ်၊ ကြေးနီ၊ ကြောင်မျက်ရွဲ အပေါင်းတို့ကို ရကုန်၏။ ထိုသို့ ဥစ္စာကို ရသဖြင့်လျှင် ရောင့်ရဲကုန်၏။ ထိုရတနာတို့ဖြင့် လှည်းတို့ကို ပြည့်စေ၍ ချမ်းသာသဖြင့် သာဝတ္ထိပြည်သို့ ပြန်ကြကုန်၏။ ထိုကုန်သည်တို့သည်လည်း ထိုဥစ္စာကို သိုမှီး၍ အပြီးသို့ ရောက်ကုန်ရကား မြတ်စွာဘုရားကို ရှိခိုးကြကုန်အံ့ဟု မြတ်စွာဘုရားကို ဖိတ်၍ အလှူကို လှူ၍ ရှိခိုးကြကုန်ပျက် တင့်အပ်လျောက်ပတ်စွာ နေကုန်၍ မိမိတို့သည် ဥစ္စာရသော အကြောင်းကို မြတ်စွာဘုရားအား ဂြ ားလျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် သီဝင်းသည်တို့ သင်တို့သည်ကား ထိုဥစ္စာဖြင့် ရောင့်ရဲကုန်၍ ပမာဏကို သိကုန်၍ ဥစ္စာကိုလည်းကောင်း, အသက်ကိုလည်းကောင်း ရကုန်၏။ ရှေးသူဟောင်းတို့သည်ကား မရောင့်ရဲကုန်၍ အတိုင်းအရှည်ကို မသိကုန်၍ ပညာရှိတို့၏ စကားကို နားမထောင်ကုန်၍ အသက်ကုန်ခြင်းသို့ ရောက်ကုန်သလျှင်ကတည်းဟု မိန့်တော်မူရ၍ ထိုကုန်သည်တို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒါယကာတို့ လွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗာရဏသီပြည်ဝယ် ကုန်သည်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် လှည်းကုန်သည်မှူး ဖြစ်၏။ ထိုဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဘဏ္ဍာကို ယူ၍ လှည်းတို့ကို ပြည့်စေ၍ များစွာကုန်သော ကုန်သည်တို့ကို ခေါ်၍ ထိုကန္တာရသို့ သွားလတ်သော် ထိုရေတွင်းကိုလျှင် မြင်၏။ ထိုအရပ်၌ ထိုကုန်သည်တို့သည် ရေသောက်ကုန်အံ့ဟု ထိုရေတွင်းကို တူးကုန်လတ်သော် အစဉ်သဖြင့် များစွာကုန်သော ရတနာတို့ကို ရကုန်၏။ ထိုကုန်သည်တို့သည် များစွာသော ရတနာတို့ကိုလည်း ရ၍ ထိုရတနာတို့ဖြင့် မရောင့်ရဲ ကုန်သည် ဖြစ်၍ ရေတွင်း၌ ဤထက်ကောင်းမြတ်သော တစ်ပါးသော ရတနာသည် ရှိလတ္တံ့ဟု အလွန်အားဖြင့် ထိုရေတွင်းကို တူးကြကုန်၏။ ထိုကုန်သည်တို့သည် များစွာသော ရတနာတို့ကို ရ၍လည်း ထိုရတနာတို့ဖြင့် မရောင့်ရဲကုန်သည် ဖြစ်၍ ရေတွင်း၌ ဤထက် ကောင်းမြတ်သော တစ်ပါးသော ရတနာသည် ရှိလတ္တံ့ဟု အလွန်အားဖြင့် ထိုရေတွင်းကို တူးကြကုန်စဉ် ဘုရားလောင်းသည် ထိုကုန်သည်တို့ကို မြစ်ကုန်သော်လည်း တူးကြကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုရေတွင်းကိုလည်း နဂါးမင်းသည် သိမ်းဆည်းအပ်၏။

ထိုအခါ ရေတွင်းအောက်၌ နေသော နဂါးမင်းသည် မိမိ၏ဗိမာန် ပျက်လတ်၍ မြေမှုန့် ကျလတ်ကုန်သော် အမျက်ထွက်၍ ဘုရားလောင်းကို

ထား၍ ကြွင်းကုန်သော ခပ်သိမ်းကုန်သော သူတို့ကိုလည်း နှာခေါင်း လေဖြင့် မှုတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၍ နဂါးဘုံမှထွက်၍ လှည်းတို့ကို ကုန်၍ ခပ်သိမ်းသော ရတနာတို့ဖြင့် ပြည့်စေ၍ ဘုရားလောင်းကို ချမ်းသာစွာသော ယာဉ်ငယ်၌ စီးစေ၍ နဂါးလုလင်တို့ကို လှည်းတို့ကို နှင်စေ၍ ဘုရားလောင်းကို ဗာရာဏသီပြည်သို့ ဆောင်၍ အိမ်သို့ ဝင်စေ၍ ထိုဥစ္စာတို့ကို သိုမှီးခဲ့၍ မိမိနေရာ နဂါးဘုံသို့လျှင် သွား၏၊ ဘုရားလောင်းသည် ထိုဥစ္စာတို့ကို စွန့်ကြဲ၍ အလုံးစုံသော ဇမ္ဗူဒိပ်ကို လယ်ထွန်လုပ်ခြင်း မရှိသည်ကိုပြု၍ အလှူပေးလျက် ဥပုသ်သီလ ဆောက်တည်၍ အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သဗ္ဗညုဘုရား ဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၆။　ဇရူဒပါနံ ခဏမာနာ၊ ဝါဏိဇာ ဥဒကတ္ထိကာ။
　　အဇ္ဈာမုံ အယသံ လောဟံ၊ တိပုံ သီသံ စ ဝါဏိဇာ။
　　ရဇတံ ဇာတရူပဉ္စ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။

၁၇။　တေစ တေန အသန္တုဋ္ဌာ၊ ဘိယျော ဘိယျော အခါဏိသုံ။
　　တေ တတ္ထာ’ သီဝိသော ဃောရော၊ တေဇသီ တေဇသာ ဟနိ။

၁၈။　တသ္မာ ခဏေ နာတိခဏေ၊ အတိခါတံ ဟိ ပါပကံ။
　　ခါတေန စ ဓနံ လဒ္ဓံ၊ အတိခါတေန နာသိတံ။

သီတင်းသည်တို့ ရေဖြင့်အလိုရှိကုန်သော ကုန်သည်တို့သည် ရေတွင်း ဟောင်းကို တူးသည်ရှိသော် မည်းသောအဆင်းရှိသော ကြေးကိုလည်းကောင်း, ကြေနီကို လည်းကောင်း, သလွဲဖြူကို လည်းကောင်း, သလွဲပုပ်ကို လည်းကောင်း ရကုန်၏။ ထိုကုန်သည်တို့သည်လည်း ငွေကိုလည်းကောင်း, ရွှေကိုလည်းကောင်း, ပုလဲကိုလည်းကောင်း, ကြောင်မျက် ရွဲကိုလည်းကောင်း, ပတ္တမြားကိုလည်းကောင်း ရကုန်၏။ ထိုကုန်သည်တို့သည် ထိုရအပ်သောရတနာဖြင့် မရောင့်ရဲကုန်သည် ဖြစ်၍ လွန်လွန်စွာ တူးကုန်၏၊ ထိုကုန်သည်တို့ကို ထိုအတွင်း၌ လျင်သော အဆိပ်ရှိသော၊ ပြင်းသော အဆိပ်ရှိသော၊ အဆိပ်တန်ခိုးနှင့် ပြည့်စုံသော နဂါးသည် အဆိပ်တန်ခိုးဖြင့် သတ်ပြီ။ ထို့ကြောင့် လျောက်ပတ်ရုံသာ တူးရာ၏။ လွန်စွာ မတူးရာ၊ မှန်၏ အလွန်တူးခြင်းသည် ယုတ်မာ၏၊ လျောက်ပတ်ရုံသာ တူးသဖြင့်လည်း ဥစ္စာကို ရ၏။ အလွန်တူးသဖြင့် သေကြေပျက်စီး၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ

သာရိပုတ္တရာသည် ထိုအခါ နဂါးမင်း ဖြစ်ဖူးလေပြီ။ ပ-ခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ လှည်းကုန်သည်မှူး ဖြစ်ဖူးလေပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(လောဘလွန်ကဲ၊ သေပွဲဝင်၊ ဆင်ခြင်ထောက်ကြည့်၊ အလိုဖြည့်။)

နှစ်ရာငါးဆယ့်ခြောက်ခုမြောက်သော ဇရူဒပါနဇာတ်သည် ပြီး၏။

---

## ၂၅၇-ဂါမဏိစန္ဒဇာတ်

(အမေး ၁၀-ထွေ အဖြေ ၁၀-လွှာ)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နာယံ ဃရာနံ ကုသလော"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂါမဏိစန္ဒ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပညာတော်ကို ချီးမွမ်းခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ မြတ်စွာဘုရားသည် ကြီးသော ပညာရှိတော်မူ၏။ မြေကြီးအထုနှင့် တူသောပညာ ရှိတော်မူ၏။ ရွှင်သော ပညာရှိတော်မူ၏။ လျင်သောပညာ ရှိတော်မူ၏။ ထက်သောပညာ ရှိတော်မူ၏၊ ထိုးထွင်းသောပညာ ရှိတော်မူ၏။ နတ်ပြည်နှင့်တကွသော လောကကို ပညာဖြင့် လွှမ်းမိုးတော်မူ၏ဟု သဗ္ဗညုမြတ်စွာဘုရား၏ ပညာတော်ကို ချီးမွမ်းကုန်လျက် နေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ပညာရှိတော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ငါဘုရားသည် ပညာရှိတော်မူသလျှင်ကတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဇနသန္ဓမည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဇနသန္ဓမင်း၏ မိဖုရားကြီးဝမ်းတိုက်၌ ဖြစ်၏၊ ထိုဘုရားလောင်း၏မျက်နှာသည် ကောင်းစွာ ပွတ်အပ်သော ရွှေကြေးမုံအပြင်ကဲ့သို့ စင်ကြယ်လှ၏။ အလွန်လျှင် တင့်တယ်ခြင်းအစုသို့ ရောက်

လေ၏။ ထို့ကြောင့် ဘုရားလောင်းအား အမည်မှည့်သောနေ့၌ အာဒါသမုခ သတို့သားဟူသော အမည်ကိုမှည့်ကုန်၏။ ထိုအခါ အာဒါသမုခမင်းသားကို ခုနစ်နှစ်အရွယ်၌လျှင် ခမည်းတော်သည် လောက၌ကောင်းသော ဗေဒင်သုံးပုံ အတတ်မျိုးအပေါင်းကို သင်စေ၍ အာဒါသမုခမင်းသား ခုနစ်နှစ်ရှိသော ကာလ၌ ခမည်းတော် သေလွန်၏။ အမတ်တို့သည် ကြီးစွာသော ပူဇော်သက္ကာရဖြင့် မင်း၏အလောင်းကို သင်္ဂြိုဟ်၍ မတကဒါန အစရှိသည်တို့ကို ပြုပြီး၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းရင်ပြင်ဝယ် စည်းဝေး၍ မင်းသားသည်အလွန် ငယ်၏၊ မင်းအဖြစ်၌ အဘိသိက်သွန်းအံ့သော်ငှါ မတတ်ကောင်း၊ မင်းသားကို စုံစမ်း၍ အဘိသိက်သွန်းကြကုန်အံ့ဟု တစ်နေ့သ၌ မြို့ကို တန်ဆာဆင်စေ၍ တရားစီရင်ရာအရပ်ကိုလည်း တန်ဆာဆင်၍ ပလ္လင်ကိုခင်းစေ၍ မင်းသား၏နေရာ အရပ်သို့သွား၍ အရှင်မင်းကြီး တရားစီရင်ရာအရပ်သို့ လာခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။

မင်းသားသည် ကောင်းပြီဟု များစွာသော အခြံအရံဖြင့်သွား၍ ပလ္လင် ထက်၌ နေ၏၊ မင်းသားနေသော ကာလ၌ အမတ်တို့သည် တစ်ခုသော အခြေ နှစ်ချောင်းတို့ဖြင့် သွားတတ်သော မျောက်ကို အိမ်ရာမြေသိသော ဆရာအသွင်ကို ယူစေ၍ တရားစီရင်ရာအရပ်သို့ ဆောင်၍ အရှင်မင်းမြတ် ဤယောကျ်ားကား ခမည်းတော်မင်းကြီး လက်ထက်တော်၌ အိမ်ရာမြေကို သိသော ဆရာတည်း၊ အတတ်၌ လေ့လာပွန်းတီးသော ဆရာတည်း၊ မြေ၏ အတွင်း၌ ခုနစ်တောင်ရှိသော အရပ်၌လည်း အကျိုးအပြစ်ကို သိမြင်သော သူတည်း။ မင်းမျိုးတို့၏အိမ်ကို ဤဆရာသည်သာလျှင် ယူအပ်၏၊ အရှင် မင်းမြတ်သည် ဤဆရာကို ချီးမြှောက်တော်မူ၍ အရာအထူး၌ ထားတော်မူပါ လောဟု လျှောက်ကုန်၏။ မင်းသားသည် ထိုမျောက်ကို အောက်အထက်၌ ကြည့်၍ ဤသတ္တဝါကား လူမဟုတ်၊ ဤသတ္တဝါသည် မျောက်တည်းဟု သိ၍ မျောက်တို့မည်သည်ကား လူတို့ပြုတိုင်း ပြုတိုင်းကို ဖျက်တတ်ကုန်၏။ မပြုအပ် သေးသည်ကိုကား ပြုခြင်းငှါလည်းကောင်း, စီရင်ခြင်းငှါလည်းကောင်း မသိ ကုန်ဟု ကြံ၍ အမတ်တို့အား ဤဂါထာကို ဆို၏။

၁၉။ နာယံ ဃရာနံ ကုသလော၊ လောလော အယံ ဝလီမုခေါ။
ကတံ ကတံ ခေါ ဒူသေယျ၊ ဧဝံ ဓမ္မမိဒံ ကုလံ။

အိုအမတ်တို့ ဤမျောက်သည်ကား အိမ်တို့ကို စီရင်အံ့သောငှါလည်း ကောင်း၊ ပြုအံ့သောငှါလည်းကောင်း မကျွမ်းကျင် မလိမ္မာ၊ ဤမျောက်သည် လျှပ်ပေါ်လေ့ရှိ၏၊ တွန့်သောမျက်နှာရှိသော မျောက်သည် ပြုတိုင်း ပြုတိုင်း ကိုလျှင် ဖျက်ဆီးရာ၏၊ ဤမျောက်မျိုးသည် ဤသို့ ပြုတိုင်း ပြုတိုင်းကို ဖျက်ဆီး တတ်သော သဘောရှိ၏။

ဤသို့ ဆိုသောအခါ အမတ်တို့သည် အရှင်မင်းမြတ် အမိန့်တော် ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ ထိုမျောက်ကို ပယ်၍ တစ်ရက် နှစ်ရက်လွန်သဖြင့် တစ်ဖန် ထံမျောက်ကိုလျှင် တန်ဆာဆင်၍ တရားစီရင်ရာ အရပ်သို့ဆောင်၍ အရှင် မင်းမြတ် ဤသူသည် ခမည်းတော်မင်းကြီး လက်ထက်တော်၌ တရား စီရင်သော အမတ်တည်း၊ တရား အဆုံးအဖြတ်၌ လေ့လာ ပွန်းတီး သော သူတည်း။ ဤသူကို ချီးမြှောက်တော်မူ၍ တရားဆုံးဖြတ်သော အမှုကို ပြုစေ ခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။ မင်းသားသည် ထို မျောက်ကိုကြည့်၍ ပညာနှင့် ယှဉ်သော စိတ်ရှိသော သူ၏ အမွေးကား ဤသို့သဘောရှိသည် မဟုတ်ပေ။ ဤသတ္တဝါကား ပညာနှင့်ယှဉ်သော စိတ်မရှိ သော မျောက်တည်း။ တရားအဆုံးအဖြတ်အမှုကို ပြုခြင်းငှါ မတတ်ကောင်းဟု သိ၍ ဤဂါထာကို ဆို၏—

၂၀။ န ယိဒံ စိတ္တဝတော လောမံ၊ နာယံ အဿာသိကော မိဂေါ။
သိဋ္ဌံ မေ ဇနသန္ဓေန၊ နာယံ ကိဉ္စိ ဝိဇာနာတိ။

အိုအမတ်တို့ ဤအမွေးသည်ကား ပညာနှင့် ယှဉ်သော စိတ်ရှိသော သူ၏ အမွေးမဟုတ်၊ ဤသတ္တဝါသည်ကား သက်သာရာ ရစေခြင်းငှါ တတ်နိုင်သော သတ္တဝါမဟုတ်။ တိရစ္ဆာန်တည်း။ ဤသို့ ငါ၏ ခမည်းတော် ဇနသန္ဓမင်းသည် ဆုံးမအပ်၏။ ဤမျောက်သည် တစ်စုံတစ်ခုသော အဆုံးအဖြတ်ကို မသိ။

ဤ သို့ ဆိုသောစကားကိုလည်း ကြား၍ အမတ်တို့သည် အရှင်မင်းမြတ် အမိန့် တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ ထိုမျောက်ကိုပယ်၍ တစ်ဖန်လည်း တစ်နေ့သ၌ ထိုမျောက်ကိုပင်လျှင် တန်ဆာဆင်၍ တရားစီရင်ရာ အရပ်သို့ ဆောင်၍ အရှင် မင်းမြတ် ဤမျောက်သည် ခမည်းတော်လက်ထက်တော်၌ မိဘတို့အား လုပ်ကျွေးသော အမျိုး၌ ကြီးသော သူအား အရိုအသေ ပြုမှုကို ပြုတတ်သော သူတည်း၊ ဤသူအား ချီးမြှောက်တော်မူခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။ မင်းသားသည် ထိုမျောက်ကို ကြည့်၍ မျောက်တို့မည်သည်ကား လျှပ်ပေါ်သော စိတ်ရှိကုန်၏၊ ဤသို့သဘောရှိသောအမှုကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်ဟုကြံ၍ ဤဂါထာကို ဆို၏—

၂၁။ န မာတရံ ပိတရံ ဝါ၊ ဘာတရံ ဘဂိနိံ သကံ။
ဘရေယျ တာဒိသော ပေါသော၊ သိဋ္ဌံ ဒသရထေန မေ။

အိုအမတ်တို့ ထိုသို့ သဘောရှိသော မျောက်များသည် မိမိ အမိကိုလည်း ကောင်း၊ မိမိအဖကို လည်းကောင်း၊ မိမိအစ်ကို ကိုလည်းကောင်း၊ မိမိနှမကို လည်းကောင်း မမွေးမြူရာဟု ငါ၏ ခမည်းတော် ဒသရထမင်းကြီးသည် ဆုံးမ အပ်၏။

ထိုအခါ အာဒါသမုခမင်းသား၏ ခမည်းတော်မင်းသည် လေးပါးကုန်သော သင်္ဂဟဝတ္ထုတို့ဖြင့် လူကို သင်္ဂြိုဟ်တတ်သောကြောင့် ဇနသန္ဓမည်၏။ ဆယ်ဆူသော ရထားတို့ဖြင့် ပြုအပ်သောကိစ္စကို ရထားတစ်စင်းဖြင့်သာလျှင် ပြုတတ်သောကြောင့် ဒသရထမည်၏၊ ထိုမင်း၏ အထံမှ ဤသို့ သဘောရှိသော အဆုံးအမကို ကြားဖူးသည်၏အဖြစ်ကြောင့် အာဒါသမုခမင်းသားသည် ဤသို့ ဆို၏။ အမတ်တို့သည် အရှင်မင်းမြတ် အမိန့်တော်ရှိတုံင်းဖြစ်လတ္တံ့ဟု ဆို၍ မျောက်ကို ပယ်၍ မင်းသားသည် ပညာရှိ၏၊ မင်းပြုခြင်းငှါ စွမ်းနိုင်လတ္တံ့ဟု ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက်သွန်း၍ အာဒါသမုခမင်း၏ အာဏာတည်းဟု မြို့၌စည်လည်စေကုန်၏။ ထိုအခါမှစ၍ ဘုရားလောင်းသည် တရားသဖြင့် မင်းပြု၏။ ဘုရားလောင်း၏ ပညာရှိသောအဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကို နှံ့၍ သွား၏။ ထိုအခါ ဘုရားလောင်း၏ ပညာရှိသောအဖြစ်ကို ပြအံ့သောငှါ နွား, သား, မြင်း, ဒေါင်းရွှေသမား, ရွာစား, ပြည်တန်ဆာမ, ပျိုသော မိန်းမ, မြွေ, သမင်, ခါ, ရုက္ခစိုးနတ်, နဂါး,ရသေ့, ပုဏ္ဏားလုလင်ဟူကုန်သော တစဆယ့်လေးပါးကုန်သော ဝတ္ထုတို့သည် လာကုန်၏။ ထိုဝတ္ထုတို့၌ ဤဆိုလတ္တံ့သော အစဉ်ဖြစ်သော စကားကိုသိအပ်၏၊ ဘုရားလောင်းကို မင်းအဖြစ်၌ အဘိသိက်သွန်းသည်ရှိသော် အမည်အားဖြင့် ဂါမဏိစန္ဒမည်သော ဇနသန္ဓမင်း၏ ခြေရင်း၌ မြဲစွာသော အမတ်တစ်ယောက်သည် အရွယ်တူဖြစ်ကုန်သော မင်းတို့အား ခစားရခြင်းသည် တင့်တယ်၏။ ငါသည်လည်း လူကြီးပြီ။ ငါသည် သတို့သားကို မခစားကုန်၊ ဇနပုဒ်၌ လယ်ထွန်ခြင်းအမှုကို ပြု၍ အသက်ကို မွေးအံ့ဟု ကြံ၏။ ဤသို့ ကြံ၍ ထိုဂါမဏိစန္ဒသည် မြို့မှ သုံးယူဇနာ အတိုင်းအရှည်ရှိသော အရပ်သို့ သွား၍ တစ်ခုသော ရွာငယ်၌နေ၏။

## တရားလေးချက်

၁။ ဂါမဏိစန္ဒအား အမှုလုပ်ဆောင်အံ့သောငှါ နွားဘိုသည်လည်း မရှိကုန်။ ဂါမဏိစန္ဒသည် မိုးရွာလတ်သော် တစ်ယောက်သော အဆွေခင်ပွန်းကို နွားနှစ်ကောင်တို့ကိုတောင်း၍ (ငှါး၍) တစ်နေ့ပတ်လုံး ထွန်၍ မြက်ကို စားစေပြီး၍ နွားရှင်အား အပ်ကုန်အံ့သောငှါ အိမ်သို့သွား၏၊ ထိုခဏ၌ နွားရှင်သည် မယားနှင့်တကွ အိမ်၏အလယ်၌နေ၍ ထမင်းစား၏။ နွားတို့သည်လည်း လေ့ကျက်မြဲအားဖြင့် အိမ်သို့ ဝင်ကုန်၏။ ထို နွားတို့သည်ဝင်ကုန်လတ်သော် နွားရှင်သည် ထမင်းခွက်ကို ချီ၏။ မယားသည် ထမင်းခွက်ကို တည်၏။ ဂါမဏိစန္ဒသည် ထမင်းဖြင့် ငါ့ကို ဖိတ်ရာ၏ဟု ကြည့်၍ (ထမင်းစားပါဦး ခေါ်မည်စိုး၍) နွားဘိုကို မအပ်ဘဲလျှင် သွား၏၊ ခိုးသူသည် ညဉ့်၌ ခြံကိုဖောက်၍ ထိုနွားတို့ကိုလျှင် ခိုး၏။ နွားရှင်သည် နံနက်စောစောကလျှင် ခြံသို့ဝင်၍ နွားတို့ကို မမြင်သော် ခိုးသူတို့သည် ခိုးယူသောအဖြစ်ကို သိလျက်

လည်း ဂါမဏိစန္ဒအား လျှော်စေအံ့ဟု ဂါမဏိစန္ဒ အထံသို့ ချဉ်းကပ်၍ အရှင် ဂါမဏိစန္ဒ နွားတို့ကို ပေးလော့ဟုဆို၏။ နွားတို့သည် အိမ်သို့ဝင်ကုန်ပြီ မဟုတ်လောဟု ဂါမဏိစန္ဒသည် ဆို၏။ သင်သည် ငါ့အား နွားတို့ကို အပ်ကုန်သလောဟု နွားရှင်သည်ဆို၏။ ငါသည် မအပ်ကုန်ဟု ဂါမဏိစန္ဒ ဆိုသည်ရှိသော် ထိုသို့ ဖြစ်ပါမူ ဤကား သင့်အားခေါ်သော မင်းတမန်တည်း၊ လာလော့ဟု နွားရှင်သည်ဆို၏။ ထိုဇနပုဒ်တို့၌ တစ်စုံတစ်ခုသော ကျောက်စရစ်ကိုလည်းကောင်း၊ အိုးခြမ်းကွဲကိုလည်းကောင်း ပစ်ချ၍ ဤကား သင့်အားခေါ်သော မင်းတမန်တည်း၊ လာလော့ဟု ဆိုသည်ရှိသော် အကြင်သူသည် မသွား၊ ထိုသူအား ရာဇဒဏ်ကို အကြောင်းပြု၏။ ထို့ကြောင့် ထိုဂါမဏိစန္ဒသည် မင်း၏ အမိန့်ဟူသော စကားကိုကြား၍လျှင် ထွက်၏။

၂။ ဂါမဏိစန္ဒသည် နွားရှင်နှင့်တကွ မင်း၏မြို့သို့ သွားလတ်သော် အဆွေခင်ပွန်း၏ နေရာဖြစ်သော တစ်ခုသော နိဂုံးသို့ရောက်၍ အလွန်လျှင်ဆာမွတ်၏၊ ရွာသို့ဝင်၍ ထမင်းစား၍ လာသည်တိုင်အောင် ဤအရပ်၌လျှင် နေလင့်ပါဦးဟု ဆို၍ မိမိ၏ အဆွေခင်ပွန်း၏ အိမ်သို့ဝင်၏။ ဂါမဏိစန္ဒ၏ အဆွေခင်ပွန်း ယောကျ်ားသည်ကား အိမ်၌မရှိ၊ ခင်ပွန်း၏ မယားသည် မြင်၍ အရှင် ချက်ပြီးသော ထမင်းသည် မရှိ၊ အဘ နှင်ငယ်ငံ့ဦးလော့၊ ယခုပင်လျှင်ချက်၍ ပေးအံ့ဟု ဆို၍ လှေကားဖြင့် လျင်မြန်စွာ ကျီသို့တက်လတ်သော် မြေသို့ကျ၏။ ထိုခဏ၌လျှင် ထိုမိန်းမ၏ ခုနစ်လရှိသော ကိုယ်ဝန်သည်ကျ၏။ ထိုခဏ၌ ထိုမိန်းမ၏ လင်သည်လာ၍ ဂါမဏိစန္ဒကိုမြင်၍ သင်သည် ငါ့မယားကိုပုတ်ခတ်၍ကိုယ်ဝန်ကို ကျစေ၏။ ဤကား သင့်အားခေါ်သော မင်းတမန်တည်း၊ လာလော့ဟု ဂါမဏိစန္ဒကို ခေါ်၍ ထွက်၏။

၃။ ထိုအခါမှစ၍နှစ်ယောက်သော သူတို့သည် ဂါမဏိစန္ဒကိုအလယ်၌ထား၍ သွားကုန်၏။ ထိုအခါ တစ်ခုသော ရွာတံခါး၌ တစ်ယောက်သော မြင်းထိန်းသည် မြင်းကိုလည်စိမ့်သော်ငှါ မတတ်နိုင်၊ မြင်းသည်လည်း ဂါမဏိစန္ဒ၏ အထံသို့ သွား၏။ မြင်းထိန်းသည် ဂါမဏိစန္ဒကိုမြင်၍ ဦးရီးဂါမဏိစန္ဒ ထိုမြင်းကို တစ်စုံတစ်ခုဖြင့်သာလျှင် ပစ်ခတ်၍ လည်၍ လာပါစေလော့ဟု ဆို၏။ ဂါမဏိစန္ဒသည် တစ်ခုသော ကျောက်ခဲကို ကိုင်၍ ပစ်၏။ ကျောက်ခဲသည် မြင်းခြေ၌ ကျ၍ ကြက်သူရိုးကို ချိုးဘိသကဲ့သို့ မြင်းခြေကို ချိုး၏။ ထိုအခါ ဂါမဏိစန္ဒကို မြင်းထိန်းသည် ငါ၏ မြင်းကို သင်သည် ချိုး၏။ ဤကား သင့်အား ခေါ်သော မင်းတမန်တည်းဟု ဆို၍ ယူ၏။

၄။ ထိုဂါမဏိစန္ဒကိုလည်း ထိုသုံးယောက်သော သူတို့သည် ဆောင်ယူအပ်သည် ရှိသော် ဤသူတို့သည် ငါ့ကို မင်းအားပြကုန်လတ္တံ့၊ ငါသည် နွားဖိုးကိုလည်းမပေး

နိုင်။ ကိုယ်ဝန်ကျွဲအလျော်ကို အဘယ်မှာလျှင် ပေးနိုင်အံ့နည်း၊ မြင်းဖိုးကိုကား အဘယ်မှာ ရအံ့နည်း။ ထိုကြောင့် သေခြင်းသည်သာလျှင် ကောင်းမြတ်၏ဟု ကြံ၏။ ကြံပြီး၍ သွားသည်ရှိသော် လမ်းခရီးအကြား တောအုပ်ရိုး၏ အနားၶ်လျှင် တစ်ဖက်မှ ပြတ်သော ကမ်းရှိသော တစ်ခုသော တောင်ကို မြင်၏၊ ထိုတောင်၏ အရိပ်၌ နှစ်ယောက်ကုန်သော ဒေါင်းရွေသမား သားအဖတို့သည် ဖျာရက်ကြကုန်၏။ ဂါမဏိစန္ဒသည် အရှင်တို့ ကိုယ်လက်သုတ်သင်လုံ၏။ အတန်ငယ်ကျ၍လျှင် နေလင့်ကြဦးလော့ ပြန်လာအံ့ဟုဆို၍ တောင်သို့ တက်၍ ကမ်းပါးပြတ်နပါးဖြင့် ခုန်ဆင်းလတ်သော် ဒေါင်းရွေသမား ကျောပေါ်၌ကျ၏။ ဒေါင်းရွေသမားသည် ကျသည်နှင့် တစ်ပြိုင်နက် အသက်ကုန်ခြင်းသို့ရောက်၏။ ဂါမဏိစန္ဒသည်ကား ရပ်လျက်နေ၏။ ဒေါင်းရွေသမားသားသည် သင်ကား ငါ၏ အဖသတ်ခိုးသူတည်း။ ဤကား သင့်အားခေါ်သော မင်းတမန်တည်းဟုဆို၍ ဂါမဏိစန္ဒကို လက်၌ကိုင်၍ ချုံမှ ထွက်စေ၍ ဤအမှုကား အသို့နည်းဟု ဆိုသည်ရှိသော် ဤသူသည် ငါ၏ အဖသတ်ခိုးသူတည်းဟု ဆို၏။

## အမေး ၁၀-မထွ

၁။ ထိုအခါမှ စ၍ ဂါမဏိစန္ဒကို အလယ်၌ထား၍ လေးယောက်သောသူတို့သည်ခြံရံ၍ဆောင်ကုန်၏၊ ထိုအခါတစ်ခုသော ရွာတံခါး၌ တစ်ယောက်သော ရွာစားသည် ဂါမဏိစန္ဒကိုမြင်၍ ဦးရီးဂါမဏိစန္ဒ အဘယ်သို့သွားအံ့နည်းဟုမေး၍ မင်းကို ဖူးမြင်အံ့သောငှါ သွားအံ့ဟုဆိုသည်ရှိသော် ဦးရီးသင်သည်စင်စစ်မင်းကို ဖူးမြင်လတ္တံ့။ အကျွန်ုပ်သည် မင်းအား သတင်းစကားကိုပေးလို၏။ ဆောင်ပါလော့ဟုဆို၏၊ ဆောင်အံ့ဟုဆိုသည်ရှိသော် အကျွန်ုပ်သည် ရှေး၌ပကတိအားဖြင့် အဆင်းလှ၏။ ဥစ္စာ ရှိ၏။ အခြံအရံနှင့် ပြည့်စုံ၏။ ရောဂါ ကင်း၏။ ယခုအခါမူကား ဆင်းရဲသည်လည်း ဖြစ်၏။ ဖျော့တော့သော ရောဂါ စွဲသည်မူလည်း ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့ကုန်သနည်းဟု မင်းကို မေးပါလော့။ မင်းသည်ပညာရှိသတတ်။ သင့်အား ဖြေဆိုလတ္တံ့။ မင်း၏ သတင်းစကားကို တစ်ဖန် ကျွန်ုပ်အား ပြောဆိုလာပါလော့ဟု ဆို၏။ ဂါမဏိစန္ဒသည် ကောင်းပြီဟု ဝန်ခံ၏။

၂။ ထိုနောင် ရှေ့မှ တစ်ခုသော ရွာတံခါး၌ တစ်ယောက်သော ပြည်တန်ဆာမသည် ဂါမဏိစန္ဒကို မြင်၍ ဦးရီး ဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်းကို ဖူးမြင်အံ့သောငှါ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတတ်၊ ကျွန်ုပ် သတင်းစကားကို ဆောင်ပါလော့ဟု ဆို၍ ရှေး၌ ကျွန်ုပ်သည် များစွာသော အခကို ရ၏။ ယခုအခါမူကား ကွမ်းကို မျှသည်း မရ။ ကျွန်ုပ် အထံသို့ လာသော တစ်စုံတစ်ယောက်သော သူမျှလည်း မရှိ၊ ထိုသို့ ဖြစ်ရာ၌ အကြောင်း

အသို့နည်းဟု မင်းကို မေး၍ တစ်ဖန် ပြန်၍ အကျွန်ုပ်အား ပြောဆိုပါလေဟု ဆို၏။

၃။ ထို့နောင်ရွှေမှ တစ်ခုသော ရွာတံခါး၌ တစ်ယောက်သော ပျိုသော မိန်းမသည် ဂါမဏိစန္ဒကို မြင်၍ ရှေးအတူလျှင် မေး၍ ကျွန်ုပ်သည် လင်၏ အိမ်၌ နေခြင်းငှါလည်း မတတ်နိုင်။ မိဘအိမ်၌ နေခြင်းငှါလည်း မတတ်နိုင်။ ထိုသို့ ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေး၍ တစ်ဖန်ပြန်၍ ကျွန်ုပ်အား ပြောဆိုပါလေဟု ဆို၏။

၄။ ထို့နောင် ရွှေသို့ သွား၍ ခရီးလမ်းမ၏အနီး တစ်ခုသော တောင်ပို့၌ နေသော မြွေသည် ဂါမဏိစန္ဒကို မြင်လေ၍ ဦးရီး ဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်းကို ဖူးမြင်အံ့သောငှါ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတဲ့။ သဝဏ်းစကားကို ဆောင်ပါလေဟု ဆို၍ အစာရှာအံ့သောငှါ သွားသော ကာလ၌ ဆာမွတ်သော ကိုယ်၊ ညှိုးနွမ်းသော ကိုယ်ရှိလျက် တောင်ပို့မှ ထွက်လတ်သော် ကိုယ်သည် တွင်းကို ပြည့်စေ၍ ကိုယ်ကိုင်လျှင် ငြိုငြင်သဖြင့် ထွက်ရ၏။ အစာစား၍ လာလတ်သော်ကား ဝလင်ပြည့်ဖြိုးသော ကိုယ်ရှိ၍လျှင် တွင်းနံပါးကို မထိစေဘဲ အဆောတလျင် ဝင်နိုင်၏။ ထိုသို့ ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေး၍ အကျွန်ုပ်အား ပြောဆိုပါလေဟု ဆို၏။

၅။ ထိုနောင် ရွှေသို့ သွား၍ တစ်ကောင်သောသမင်သည် ဂါမဏိစန္ဒကိုမြင်၍ ရှေးအတူလျှင် မေး၍ အကျွန်ုပ်သည် တစ်ပါးသော အရပ်၌ မြက်ကို စားခြင်းငှါ မတတ်နိုင်။ တစ်ခုသော သစ်ပင်ရင်း၌ သာလျှင် မြက်တို့ကို စားနိုင်၏။ ထိုသို့ ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလေဟု ဆို၏။

၆။ ထိုနောင်မှ ရွှေသို့ သွားပြီး၍ တစ်ကောင်သော ခါသည် ဂါမဏိစန္ဒကို မြင်၍ထိုရှေးအတူသာလျှင်မေး၍ အကျွန်ုပ်သည် တစ်ခုသော တောင်ပို့ခြေရင်း၌သာလျှင် နေ၍ တွန်သည်ရှိသော် နှစ်သက်ဖွယ် တွန်ခြင်းငှါ စွမ်းနိုင်၏။ ကြွင်းသော အရပ်တို့၌ နေ၍ တွန်သော်ကား နှစ်သက်ဖွယ် တွန်ခြင်းငှါ မစွမ်းနိုင်။ ထိုသို့ ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလေဟု ဆို၏။

၇။ ထိုနောင်မှ ရွှေသို့ သွား၍ တစ်ယောက်သော ရုက္ခစိုးနတ်သည် ဂါမဏိစန္ဒကို မြင်၍ ဦးရီး ဂါမဏိစန္ဒ အဘယ်သို့ သွားမည်နည်းဟု မေး၍ မင်း၏ အထံသို့ သွားအံ့ဟု ဆိုသည်ရှိသော် မင်းသည် ပညာရှိသတတ်၊ ကျွန်ုပ်သည် ရှေး၌ ပူဇော် သက္ကာရကို ရ၏။ ယခုတမူကား ပန်းတစ်ဆုပ်ကို မျှလည်း မရ။ ထိုသို့ဖြစ်ရာ၌ အကြောင်းအသို့နည်းဟု မင်းကို မေးပါလေလေဟု ဆို၏။

၇။ ထိုမှ နောက်အဖို့၌ တစ်ကောင်သော နဂါးမင်းသည် ဂါမဏိစန္ဒကို မြင်၍ ထိုရှေးအတူသာလျှင် မေး၍ မင်းသည် ပညာရှိသတတ်။ ရှေး၌ ဤရေကန်ဝယ် ရေသည် ကြည်၏။ မြအဆင်းနှင့် တူ၏။ ယခု တမူကား နောက်၏။ မှော်ကြီး မှော်သေး မြေးရှက်၏။ ထိုသို့ ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

၉။ ထိုနောင်မှ ရှေ့သို့ သွား၍ မြို့၏ အနီးဖြစ်သော တစ်ခုသော အရပ်၌ နေကုန်သော ရသေ့တို့သည် ဂါမဏိစန္ဒကို မြင်၍ ထိုရှေးအတူသာလျှင် မေး၍ မင်းသည် ပညာရှိသတတ်၊ ရှေး၌ ဤအရပ်ဝယ် သစ်သီးကြီးငယ်တို့သည် ချိုကုန်၏။ ယခုတမူကား သြဇာ မရှိသည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆိုကုန်၏။

၁၀။ ထိုနောင်မှ ရှေ့သို့ သွား၍ မြို့တံခါး၏ အနီး တစ်ခုသော ဇရပ်၌ ပုဏ္ဏားလုလင်ငယ်တို့သည် ဂါမဏိစန္ဒကို မြင်၍ အရှင် ဂါမဏိစန္ဒ အဘယ်သို့ သွားအံ့နည်းဟု မေး၍ မင်း၏ အထံသို့ သွားအံ့ဟု ဆိုသည် ရှိသော် ထိုသို့ တပြီးကား ငါ၏သတင်းစကားကိုယူ၍ သွားပါလော၊ ငါတို့အား ရှေး၌သင်အပ်သော ဗေဒင်သည်ထင်၏။ ယခုမူကား ကွဲသောအိုး၌ ရေမတည်သကဲ့သို့ သင်အပ်သော ဗေဒင်သည်မထင် အမိုက်ကဲ့သို့ဖြစ်၏။ ထိုသို့ဖြစ်ရာ၌ အကြောင်း အသို့နည်းဟု မင်းကို မေးပါလေလော့ဟု ဆို၏။

ဂါမဏိစန္ဒသည် ဤတစ်ဆယ့်လေးပါးကုန်သော သတင်းစကားတို့ကို ယူ၍ မင်းအထံသို့ သွား၏။ မင်းသည် တရားဆုံးဖြတ်ရာအရပ်၌ နေ၏။ နွားရှင်သည် ဂါမဏိစန္ဒကို ခေါ်၍ မင်းအထံသို့ ချဉ်းကပ်၏။ မင်းသည် ဂါမဏိစန္ဒကိုမြင်လျှင် သိ၍ ဤသူသည် ငါ၏ခမည်းတော်မင်း၏ အလုပ်အကျွေးတည်း၊ ငါ့ကိုယ်ကို ချီ၍ ရွက်ဆောင်ဖူး၏။ ဤမျှလောက်သော ကာလပတ်လုံး အဘယ်၌လျှင် နေလေသနည်း၊ မင်း၏အထံ၌ မထင်ဟုမေး၍ အဘယ်ကိစ္စကြောင့်လာသနည်းဟု ဆို၏။ အရှင်မင်းမြတ် အမိန့်တော်ရှိတိုင်း ဟုတ်မှန်ပေ၏။ အကျွန်ုပ်သည် ခမည်းတော်မင်းကြီး နတ်ရွာလားတော် မူသည်မှစ၍ ဇနပုဒ်သို့သွား၍ လယ်လုပ်၍ အသက်မွေး၏။ ထိုဇနပုဒ်မှ အကျွန်ုပ်ကို ဤယောကျ်ားသည် နွားမှုဟူသောအကြောင်းကြောင့် မင်းတမန်ကိုပြု၍ အရှင်မင်းမြတ်တို့၏ အထံတော်သို့ အကျွန်ုပ်ကိုငင်၏။ ငင်သောကြောင့် အကျွန်ုပ်သည် လာရ၏၊ ငင်သော အဖြစ်သည်လျှင် ကောင်းပေ၏။ ယခုအခါ၌ အကျွန်ုပ်သည် ရအပ်သည်ကိုရပေ၏ဟု ဆို၏။ သင့်ကိုငင်သော ထိုယောကျ်ားသည် အဘယ်မှာနည်းဟု မင်းသည် မေး၏။ အရှင်မင်းမြတ် ဤသူလျှင်တည်းဟု ဆို၏။ အချင်းယောကျ်ား ငါတို့၏ စန္ဒအား တမန်ကိုပြုသော ဟူသည် မှန်သလောဟု မေး၏။ အရှင်မင်းကြီး မှန်၏ဟုလျှောက်၏။ အဘယ်ကြောင့် တမန်ကို ပြုသနည်းဟု မေး၏။

## ဆုံးဖြတ်ချက် ၄-ခု

၁။ အရှင်မင်းကြီး ဤစန္ဒသည် အကျွန်ုပ်၏နွားနှစ်ကောင်တို့ကို အကျွန်ုပ်အား မပေး၊ ထို့ကြောင့် တမန်ကို ပြုဒ်ဟု လျှောက်၏။ စန္ဒ မှန်သလောဟု မေး၏၊ အရှင်မင်းမြတ် အကျွန်ုပ်ဘောင်းပန်ပါ၏၊ ထိုစကားကို နာတော်မူပါဟုဆို၍ အလုံးစုံသောအကြောင်းကို လျှောက်၏။ ထိုစကားကို ကြား၍ မင်းသည် နွားရှင်ကို အချင်း သင့်အိမ်သို့ဝင်သော နွားတို့ကို မြင်၏လောဟု မေး၏။ အရှင်မင်းမြတ် မမြင်ဟု လျှောက်၏။ အချင်း ငါ့ကို အာဒါသမုခ်မင်းမည်၏ဟု ပြောဆိုကြကုန်သော သူတို့၏စကားကို သင် မကြားဖူးသလော၊ မှန်စွာဆိုလော့ဟု ဆို၏။ အရှင်မင်းမြတ် မြင်သည် မှန်ပေ၏ဟု ဆိုပြန်၏။ မင်းသည် စန္ဒ သင်သည် နွားတို့ကို မအပ်သည်၏ အဖြစ်ကြောင့် လျော်ထိုက်၏။ ဤယောကျ်ားသည်လည်း မြင်လျက်လျှင် မမြင်ဟူ၍ မုသာဝါဒကို ဆို၏။ ထို့ကြောင့် သင်သည်ပင်လျှင် မင်းမှုဆောင်လုပ်၍ ဤယောကျ်ားလင်မယား၏ မျက်စိတို့ကိုထုတ်၍ သင်သည် ငါဥစ္စာကိုယူ၍ နွားဖိုးနှစ်ဆယ့်လေးသပြာတို့ကိုပေးဟု ဆိုလတ်သော် နွားရှင်ကို ဒုပသို့ ထုတ်ကြကုန်၏။ နွားရှင်သည် မျက်စိတို့ကို ထုတ်အပ်ကုန်သည်ရှိသော် နှစ်ဆယ့်လေးသပြာတို့ဖြင့် အဘယ်မှုအံ့နည်း၊ ဂါမဏိစန္ဒ၏ ခြေရင်းတို့၌ ရှိခိုး၍ အရှင်စန္ဒ နွားအဖိုး အသပြာတို့သည် အရှင်တို့သာလျှင် ဖြစ်ပါစေကုန်လော့၊ ဤအသပြာတို့ကိုလည်း ယူပါလော့ဟု တစ်ပါးသော အသပြာတို့ကိုလည်းပေး၍ ပြေး၏။

၂။ ထို့နောင်မှ နှစ်ယောက်မြောက် ဖြစ်သော အမှုသည်သည် အရှင်မင်းမြတ်၊ ဤစန္ဒသည် အကျွန်ုပ်၏မယားကိုသတ်၍ ကိုယ်ဝန်ကို ကျစေ၏ဟု လျှောက်၏။ စန္ဒ မှန်သလောဟု မင်းသည် မေး၏။ မြတ်သော မင်းကြီး နာတော်မူလော့ဟုဆို၍ ထိုအလုံးစုံတို့ကိုချဲ့၍ ဂါမဏိစန္ဒသည် လျှောက်၏၊ ထိုအခါ ဂါမဏိစန္ဒအား မင်းသည် သင်သည်ဤသူ၏မယားကိုသတ်၍ ကိုယ်ဝန်ကို ကျစေသလောဟု မေး၏။ အရှင်မင်းကြီး မကျပါစေဟု ဂါမဏိစန္ဒသည် လျှောက်၏။ အချင်းယောကျ်ား စန္ဒသည် သတ်၍ ကိုယ်ဝန်ကိုကျစေသည်၏ အဖြစ်ကို ပြအံ့သောငှါ သင်သည် တတ်နိုင်သလောဟု မင်းဆို၏။ အရှင်မင်းကြီး မတတ်နိုင်ပါဟု လျှောက်၏။ ယခု အသို့ပြုလတ္တံ့နည်းဟု မင်းဆို၏။ အရှင်မင်းကြီး အကျွန်ုပ်သည် သားကိုရခြင်းငှါ သင့်၏ဟု လျှောက်၏။ အချင်းစန္ဒ ထိုသို့ဟုပြီးကား သင်သည် ဤသူ၏မယားကို သင့်အိမ်၌ထား၍ အကြင်အခါ၌ သားဖွား၏၊ ထိုအခါ၌သာလျှင် ဆောင်၍ ဤသူအားပေးလောဟု ဆို၏၊ ထိုအမှုသည် သည်လည်း ဂါမဏိစန္ဒ၏ ခြေတို့ကို ရှိခိုး၍ အရှင်စန္ဒ အရှင်သည် ကျွန်ုပ်၏အိမ်ကို မဖျက်ပါလင့်ဟု အသပြာကိုပေး၍ ပြေး၏။

၃။ ထို့နောင် သုံးယောက်မြောက်သောအမှုသည်သည် သွား၍ မြတ်သော မင်းကြီး ဤစန္ဒသည် မြင်း၏ခြေ၌ ပစ်ခတ်၍ မြင်း၏ခြေကို ချိုး၏ဟု လျှောက်၏၊ စန္ဒ မှန်သလောဟု မင်းသည် မေး၏။ မြတ်သော မင်းကြီး နာတော်မူပါလော့ဟု ဆို၍ ဂါမဏိစန္ဒသည် အလုံးစုံသော အကြောင်းကို အကျယ်အားဖြင့် လျှောက်၏။ ထိုစကားကိုကြား၍ မင်းသည် မြင်းထိန်းကို အချင်း သင်သည် မြင်းကိုပင်၍ ပြန်လာပါစေ ဆိုသလောဟု မေး၏။ အရှင်မင်းကြီး မဆိုဟု လျှောက်၏။ ထိုမင်းကြီးသည် တစ်ကြိမ် ထပ်၍မေးပြန်သော် ဆိုပေ၏ဟု လျှောက်၏။ မင်းသည် ဂါမဏိစန္ဒကို ခေါ်၍ အချင်းစန္ဒ ဤမြင်းထိန်းသည် ဆိုလျက်လည်း မဆိုဟု မုသားဆို၏၊ သင်သည် မြင်းထိန်း၏ လျှာကိုဖြတ်၍ မြင်းဖိုးကို ငါ၏ဥစ္စာ အသပြာတစ်ထောင်ကို ယူ၍ ပေးလော့ဟု ဆို၏။ မြင်းထိန်းသည် အရှင်စန္ဒ ကျွန်ုပ်၏ လျှာကို မဖြတ်ပါလင့်ဟု ဂါမဏိစန္ဒ အား တစ်ပါးကုန်သော အသပြာတို့ကိုလည်း ပေး၍ ပြေး၏။

၄။ ထို့နောင်မှ ဒေါင်းရွှေသမား၏ သားသည် မြတ်သောမင်းကြီး အကျွန်ုပ်၏ အဖသတ် ခိုးသူတည်းဟု လျှောက်၏။ စန္ဒ မှန်သလောဟု မင်းသည် ဆို၏။ အရှင်မင်းကြီး နာတော်မူပါလောဟု ဆို၍ ဂါမဏိစန္ဒသည် ထိုအကြောင်း ကိုလည်း အကျယ်အားဖြင့် လျှောက်၏။ ထိုအခါ မင်းသည် ဒေါင်းရွှေသမားကို ခေါ်၍ ယခု အသို့ပြုလတ္တံ့နည်းဟု မေး၏။ မြတ်သောမင်းကြီး အကျွန်ုပ်အား အဖကိုရခြင်းငှါ သင့်၏ဟု လျှောက်၏။ အချင်းစန္ဒ ဤသူ၏ အဖကိုရခြင်းငှါ သင့်၏။ သေလေပြီးသော သူကိုကား ဆောင်၍ တစ်ဖန် ပေးအံ့သောငှါ မတတ်ကောင်း။ သင်သည် ဤသူ၏ အမိကို သင့်အိမ်၌ထား၍ ဤသူ၏ အဖ ဖြစ်လော့ဟု ဆို၏။ ဒေါင်းရွှေသမားသည် အရှင်စန္ဒ သေလေသော အကျွန်ုပ် အဖ၏အိမ်ကို အရှင်သည် မဖျက်ပါလင့်ဟု ဂါမဏိစန္ဒအား အသပြာကိုပေး၍ ပြေး၏။

## အပြေ ၁၀-လွှာ

၁။ ဂါမဏိစန္ဒသည် တရားနိုင်၍ နှစ်သက်သော စိတ်ရှိလျက် မင်းကို မြတ်သောမင်းကြီး မင်းကြီး၏ အထံတော်သို့ ထိုသူတို့သည် သတင်းစကားကို မှာလိုက်၏။ ထိုသတင်းစကားကို လျှောက်ပါကုန်အံ့ဟု ဆို၏။ စန္ဒ လျှောက် လော့ဟု မင်းသည် ဆို၏။ ဂါမဏိစန္ဒသည် ပုဏ္ဏားလုလင်တို့၏ သတင်းစကားကို အစပြု၍ ပဋိလောမ အစဉ်အားဖြင့် တစ်ပါးစီသော စကားကို လျှောက်၏။ မင်းသည် အစဉ်သဖြင့် ဖြေ၏။ အသို့ဖြေသနည်း ဟူမူကား ရှေးဦးစွာသော ပထမ သတင်းစကားကို ကြား၍ ရှေး၌ ထိုပုဏ္ဏားလုလင်တို့၏ နေရာအရပ်၌ အခါကိုသိ၍ တွန်သောကြက်သည် ရှိ၏။ ထိုပုဏ္ဏားလုလင်တို့သည် ထိုကြက်၏

အသံဖြင့် အိပ်ရာမှထ၍ ဗေဒင်တို့ကို သရဇ္ဈာယ်ကုန်စဉ်လျှင် အရုဏ်သည် တက်၏။ ထို့ကြောင့် ထိုပုဏ္ဏားလုလင်အား သင်တိုင်း သင်တိုင်းသော ဗေဒင်တို့သည် မပျောက်။ ယခု တမူကား ထိုပုဏ္ဏားလုလင်တို့၏ နေရာအရပ်၌ အချိန်မဲ့ တွန်တတ်သော ကြက်သည်ရှိ၏။ ထိုကြက်သည် အလွန်စောစောမှုလည်း တွန်၏၊ အလွန် လင်းမှမူလည်း တွန်၏။ အလွန်စောစောတွန်သော ကြက်သံဖြင့် ထ၍ ဗေဒင်တို့ကို သရဇ္ဈာယ်ကုန်သော ပုဏ္ဏားတို့သည် အိပ်ချင်ခြင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍ သရဇ္ဈာယ်ခြင်းကို မပြုမူ၍လျှင် တစ်ဖန်ပြန်၍ အိပ်ပြန်ကုန်၏။ အလွန်လင်းမှ တွန်သောကြက်၏ အသံဖြင့်ထ၍ သရဇ္ဈာယ်ခွင့်ကို မရကုန်။ ထို့ကြောင့် ပုဏ္ဏားလုလင်တို့အား သင်အပ်သော ဗေဒင်သည် မထင်ဟု ဆို၏။

၂။ ဒုတိယ သတင်းစကားကိုကြား၍ ထိုရသေ့တို့သည် ရှေး၌ ရဟန်း တရားကို ကျင့်ကုန်လျက် ကသိုဏ်းပရိကံ၌ လုံ့လပြုအပ်သည်သာလျှင် ဖြစ်ကုန်၏။ ယခု တမူကား ရဟန်းတရားကို လွှတ်၍ မပြုအပ်သော အမှုတို့၌ လုံ့လပြုကုန်လျက် အရံ၌ ဖြစ်သော သစ်သီးကြီးငယ်တို့ကို ဒါယကာတို့အား ပေး၍ ဆွမ်းပေး၍ အတို့ယူခြင်းဟူသော အသက်ကို မွေးကြကုန်၏။ ထို့ကြောင့် ထိုရသေ့တို့အား သစ်သီးကြီးငယ်တို့သည် မချိုကုန်။ ထိုရသေ့တို့သည် ရှေး၌ကဲ့သို့ ရဟန်းတရား၌ လုံ့လပြုကုန်အံ့။ တစ်ဖန် ထိုရသေ့တို့အား သစ်သီးကြီးငယ်တို့သည် ချိုကုန်လတ္တံ့။ ထိုရသေ့တို့သည် မင်း၏ ပညာရှိသော အဖြစ်ကို မသိကုန်။ ထိုရသေ့တို့အား ရဟန်းတရားကို ကျင့်စိမ့်သောငှါ ဆိုလေလော့ဟု ဆို၏။

၃။ သုံးခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ ထိုနဂါးမင်းတို့သည် အချင်းချင်း ခိုက်ရန်ပြုကြကုန်၏။ ထို့ကြောင့် ထိုနဂါးတို့၏ ရေသည် နောက်၏။ ထိုနဂါးတို့သည် ရှေး၌ကဲ့သို့ သင့်တင့်ပြန်ကုန် ငြားအံ့ တစ်ဖန် ရေသည် ကြည်လင်လတ္တံ့ဟု ဆို၏။

၄။ လေးခုမြောက် ဖြစ်သော သတင်းစကားကို ကြား၍ ထိုရုက္ခစိုးနတ်သည် ရှေးအခါ တောအုပ်၌ ခရီးသွားကုန်သော လူတို့ကို စောင့်၏။ ထို့ကြောင့် အထူးထူး အပြားပြားရှိသော ပူဇော်သက္ကာရကို ရ၏။ ယခု တမူကား စောင့်ရှောက်ခြင်းကို မပြု။ ထို့ကြောင့် ပူဇော်သက္ကာရကို မရ။ ရှေး၌ကဲ့သို့ စောင့်ရှောက်ခြင်း ပြုပြန်အံ့။ တစ်ဖန် မြတ်သော လာဘ်ကို ရသည်ဖြစ်လတ္တံ့။ မင်း၏ ပညာရှိသော အဖြစ်ကို ရုက္ခစိုးနတ် မသိလေ။ ထို့ကြောင့် ထိုရုက္ခစိုးနတ်ကို တောသို့ ရောက်ကုန်သော လူတို့အား စောင့်ရှောက်ခြင်းကို ပြုစိမ့်သောငှါ ဆိုလေလော့ဟု ဆို၏။

၅။ ငါးခုမြောက်သော သတင်းစကားကိုကြား၍အကြင်တောင်ပို့ခြေရင်း၌ နေ၍ ထိုခါသည် နှစ်သက်ဖွယ်တွန်၏၊ ထိုတောင်ပို့ခြေရင်း၏အောက်၌ ကြီးစွာ ကုန်သော ဥစ္စာထိုသည် ရှိကုန်၏။ ထိုဥစ္စာတို့ကို ထုတ်ဖော်၍ သင်ယူလောဟု ဆို၏။

၆။ ခြောက်ခုမြောက်ဖြစ်သော သတင်းစကားကိုကြား၍ အကြင်သစ်ပင်၏ အောက်၌ ထိုသမင်သည် မြက်ကိုစားခြင်းငှါ တတ်နိုင်၏။ ထိုသစ်ပင်၏အထက်၌ ကြီးစွာသောပျားသည် ရှိ၏။ ထိုသမင်သည် ပျားသူးမြက်တို့၌ တပ်မက်မောသည်ဖြစ်၍ တပါးသောမြက်တို့ကို စားခြင်းငှါ မတတ်နိုင်။ သင်သည် ထိုပျားတို့ကိုယူ၍ ပျားဦးကိုငါ့အား ပို့လာလော့၊ ကြွင်းသောပျားကို သင်စားလော့ဟု ဆို၏။

၇။ ခုနစ်ခုမြောက်ဖြစ်သော သတင်းစကားကိုကြား၍ အကြင်တောင်ပို့၌ မြွေသည် နေ၏။ ထိုတောင်ပို့၏ အောက်၌ ကြီးစွာသော ရွှေအိုးသည် ရှိ၏။ ထိုမြွေသည် ထိုရွှေအိုးကို စောင့်လျက်နေရကား ထွက်သောကာလ၌ လောဘအားဖြင့် ကိုယ်ကိုလျော့စွာပြု၍ ကပ်ငြိလျက်ထွက်၏။ အစာ စားပြီး၍ကား ဥစ္စာ၌ချစ်သဖြင့် မကပ်မငြိ သျှင်စွာဝင်၏။ ထိုရွှေအိုးတို့ကို ထုတ်ဖော်၍ သင်ယူလေလော့ဟုဆို၏။

၈။ ရှစ်ခုမြောက်ဖြစ်သော သတင်းစကားကိုကြား၍ ထိုပျိုသောမိန်းမ၏ လင်နှင့် မိဘတို့၏ရွာ အကြားဝယ် တစ်ခုသောရွာငယ်၌ သယောက်လင်သည် ရှိ၏၊ ထိုမိန်းမသည် ထိုသယောက်လင်ကို အောက်မေ့၍ ထိုသယောက်လင်၌ ချစ်သဖြင့် လင်၏အိမ်၌ နေအံ့ဒသောငှါ မတတ်နိုင်၍ မိဘတို့ကို ဖူးမြင်ချေအံ့ဟု သွား၍ သယောက်လင်၏အိမ်၌ နှစ်ရက် သုံးရက်နေ၍ မိဘတို့၏အိမ်၌ နှစ်ရက် သုံးရက်နေ၍ တစ်ဖန်သယောက်လင်ကိုအောက်မေ့၍ လင်၏အိမ်သို့ သွားအံ့ဟု သယောက်လင်၏အိမ်သို့ သွားပြန်၏။ ထိုမိန်းမအား မင်းရှိသည်၏ အဖြစ်ကို ကြား၍ လင်၏အိမ်၌သာနေစေ၊ သင့်ကို မင်းဖမ်းငြာအံ့၊ သင်၏အသက်သည် မရှိသည်ဖြစ်အံ့၊ ထိုကြောင့် မမေ့မလျော့ ကြည်အံ့သောငှါ သင့်၏ဟု ထိုမိန်းမအား ဆိုလေဟု ဆို၏။

၉။ ကိုးခုမြောက်ဖြစ်သော သတင်းစကားကို ကြား၍ ထိုပြည့်တန်ဆာမသည် ရှေး၌ တစ်ယောက်သော သူ၏လက်မှ အခယူ၍ ထိုအခကို မကျေစေဘဲ တစ်ပါးသောယောကျ်ား၏လက်မှ အခကိုမယူ၊ ထို့ကြောင့် ထိုပြည့်တန်ဆာမ အား ရှေး၌ အခသည်များ၏။ ယခုတင်မူကား မိမိ၏သဘောကိုနှင့်၍ တစ်ယောက်သောသူ၏လက်မှ ယူအပ်သောအခကို မကျေစေဘဲလျှင် တစ်ပါးသော ယောကျ်ား၏လက်မှ အခကိုယူ၏၊ ရှေးယောကျ်ားအား အခွင့်ကို မယူ

မူ၍ နောက်ယောကျ်ားအား အခွင့်ကိုယူ၏၊ ထို့ကြောင့် ထိုပြည့်တန်ဆာမအား အခသည် မပြည့်စုံ။ တစ်စုံတစ်ယောက်သော သူတို့သည် ထိုပြည့်တန်ဆာမကို မသွားကုန်။ မိမိ၏သဘော၌ အကယ်၍တည်ငြားအံ့၊ ရှေးရှေးနှင့် တူသည်သာလျှင် ဖြစ်လတ္တံ့ ၊ မိမိသဘော၌ တည်အောင် ဆိုလေလောဟုဆို၏။

၁၀။ ဆယ်ခုမြောက်ဖြစ်သော သတင်းစကားကိုကြား၍ ရွာစားသည် ရှေး၌ ဟုတ်မှန်သဖြင့် တရားကိုဆုံးဖြတ်၏၊ ထို့ကြောင့် လူတို့သည် ချစ်မြတ်နိုး၏။ ချစ်မြတ်နိုးသော ရွာစားအား လူတို့သည် များစွာသော လက်ဆောင်ပဏ္ဏာကို ပေးကုန်၏၊ ထို့ကြောင့် အဆင်းလှ၏။ ဥစ္စာများ၏။ အခြံအရံပြည့်စုံ၏။ ယခုတစ်မူကား တံစိုးစား၍ မဟုတ်မမှန်သဖြင့် တရားကိုဆုံးဖြတ်၏။ ထို့ကြောင့် ဆင်းရဲသည်။ အထီးကျန်သည်ဖြစ်၍ ဖျော့တော့သောရောဂါသည် နှိပ်စက်၏။ ရှေး၌ကဲ့သို့ ဟုတ်မှန်သဖြင့် တရားကို ဆုံးဖြတ်ငြားအံ့။ ရှေးနှင့်တူသည်သာလျှင် ဖြစ်လတ္တံ့ ၊ ထိုရွာစားသည် မင်းရှိသည်၏အဖြစ်ကို မသိ။ ဟုတ်မှန်သဖြင့် တရားကိုဆုံးဖြတ်စိမ့်သောငှါ ရွာစားအား ဆိုလေဟုဆို၏။ ဤသို့ ထိုဂါမဏိစန္ဒ၏ နေရာ ရွာကို ထို ဂါမဏိစန္ဒအားသာလျှင် မြတ်သောပေးခြင်းဖြင့်ပေး၍ လွှတ်လိုက်၏။ ထိုဂါမဏိစန္ဒသည် မြို့မှထွက်၍ ဘုရားလောင်းသည် ပေးအပ်သော သတင်းစကားတို့ကို ပုဏ္ဏား,လုလင်,ရသေ့,နဂါးမင်း,ရုက္ခစိုးနတ်တို့အား ကြား၍ ခါ၏နေရာအရပ်မှ ဥစ္စာတို့ကိုယူ၍ သမင်၏မြက်စားရာအရပ်၌ သစ်ပင်မှပျားကို ယူ၍ မင်းအား ပျားကိုပို့စေ၍ မြွေ၏နေရာအရပ်၌ တောင်ပို့ကိုတူး၍ ဥစ္စာကို ယူ၍ ပျိုသောမိန်းမ ပြည့်တန်ဆာမ, ရွာစားတို့အား မင်းဆိုသောအမှတ်ဖြင့်ပင် လျှင် သတင်းစကားကို ကြား၍ များစွာသော အခြံအရံဖြင့် ရွာသို့သွား၍ အသက်ထက်ဆုံးတည်၍ ကံအားလျော်စွာ လား၏။အာဒါသမုခမင်းသည်လည်း ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ အသက်၏အဆုံး၌ နတ်ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ငါဘုရားသည်ကား ယခုအခါ၌ သာလျှင် ကြီးသောပညာရှိသည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိသည် သာလျှင် တည်းဟု မိန့်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကိုပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဂါမဏိစန္ဒဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အာဒါသမုခမင်းဖြစ်ဖူးပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးဆယ့်ခုနစ်ခုမြောက်သော ဂါမဏိစန္ဒဇာတ်သည် ပြီး၏။

## ၂၅၈-မန္ဓာတုဇာတ်

### ကာမတဏှာသမုဒ္ဒရာကို မပြည့်စေနိုင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်ကာသော လောကကို ဆုံးမတော် မူတက်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယာဝတာ စန္ဒိမ သူရိယာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမန္ဓာတုဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ ဆွမ်းခံဝင်သည်ရှိသော် တစ်ယောက်သော တန်ဆာဆင်သော မိန်းမကိုမြင်၍ သာသနာတော်၌ ငြီးငွေ့သတတ်။ ထိုအခါ ရဟန်းတို့သည် ထိုရဟန်းကို တရားသဘင်သို့ဆောင်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤရဟန်းသည် သာသာသနာတော်၌ ငြီးငွေ၏ဟု မြတ်စွာဘုရားအား ပြကုန်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်း သင်သည်ကား ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း သင်သည် အဘယ်အခါ၌ နေ၍လျက် တဏှာကို ပြည့်စေခြင်းငှါ တတ်နိုင်လတ္တံ့နည်း။ ဤကာမတဏှာမည်သည်ကား သမုဒ္ဒရာကဲ့သို့ ပြည့်စေခြင်းငှါ မတတ်ကောင်း။ ရှေးမင်းတို့သည် ကျွန်းငယ်နှစ်ထောင်အခြံအရံရှိကုန်သော ကျွန်းကြီးလေးကျွန်းတို့၌ စကြဝတေး မင်းအဖြစ်ကိုပြု၍ လူအခြံအရံဖြင့်လျှင် စတုမဟာရာဇ်နတ်ပြည်၌ မင်းအဖြစ်ကို ပြု၍ တာဝတိံသာ နတ်ပြည်၌ သုံးကျိပ် ခြောက်ရောက်သော သိကြားတို့၏ နေရာအရပ်၌ နတ်မင်း၏ အဖြစ်ကို ပြု၍လည်း မိမိ၏ ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍လျှင် သေကုန်၏။ သင်သည်ကား ကာမတဏှာကို အဘယ်အခါ၌ ပြည့်စေနိုင်လတ္တံ့နည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ကမ္ဘာဦး၌ မဟာသမ္မတမည်သော မင်းသည် မင်းပြုသည်ရှိသော် ထိုမင်း၏သားကား ရောဇမည်၏။ ထိုမင်း၏သားကား ဝရရောဇမည်၏။ ထိုမင်း၏သားကား ကလျာဏမည်၏။ ထိုမင်း၏သားကား ဝရကလျာဏမည်။ ထိုမင်း၏ သားကား ဥပေါသထမည်၏။ ထိုမင်း၏ သားကား မန္ဓာတုမည်၏။ ထိုမန္ဓာတုမည်သော မင်းသည် ရတနာခုနစ်ပါး တန်ခိုးလေးပါးတို့နှင့် ပြည့်စုံလျက် စကြဝတေးမင်း၏ အဖြစ်ကိုပြု၏။ မန္ဓာတုမင်းသည်

လက်ဝဲလက်ကိုမှေ၍ လက်ယာလက်ဖြင့်ခတ်လျက် ကောင်းကင်သို့ကြည့်၍ ပုဆစ်ပမာဏရှိသော ရတနာခုနစ်ပါး မိုးကိုရွာစေ၏၊ ထိုမန္ဓာတုမင်းသည် ဤသို့သဘောရှိသော အံ့ဖွယ်သရဲသောလူသည် ဖြစ်၏။ ထိုမန္ဓာတုမင်းသည် အနှစ်ရှစ်သောင်း လေးထောင်သော ကာလတို့ပတ်လုံး သူငယ်၏ ကစားခြင်းကို ကစား၏။ အနှစ်ရှစ်သောင်းလေးထောင် အိမ်ရှေ့မင်း၏ အဖြစ်ကိုပြု၏။ အနှစ်ရှစ်သောင်းလေးထောင် စကြဝတေးမင်း အဖြစ်ကိုပြု၏။ အသက် ပမာဏကား အသင်္ချေယျ ဖြစ်၏၊ ထိုမန္ဓာတုမင်းသည် တစ်နေ့သ၌ ကာမတဏှာကို ပြည့်စေခြင်းငှါ မတတ်နိုင်၍ ငြီးငွေ့၍သော အခြင်းအရာကိုပြ၏။ ထိုအခါ အမတ်တို့သည် မြတ်သောမင်းကြီး အဘယ်ကြောင့် ငြီးငွေ့သနည်းဟု မေးကုန်၏။ ကောင်းမှု အစွမ်းအားဖြင့် ကြည့်သည်ရှိသော် ဤမင်း၏ အဖြစ်သည် အဘယ်မူလတ္တံ့နည်း အဘယ်မည်သော အရပ်၌လျှင် မွေ့လျော်ဖွယ် ရှိသနည်းဟုမန္ဓာတု မင်းသည် အမတ်တို့ကိုမေး၏။ မြတ်သောမင်းကြီး နတ်ပြည်သည် မွေ့လျော်ဖွယ် ရှိ၏ဟု လျှောက်ကုန်၏။

ထိုမန္ဓာတုမင်းသည် စက်ရတနာကို ရေဖြင့်ဖျန်း၍ ပရိသတ်နှင့်တကွ စတုမဟာရာဇ်နတ်ပြည်သို့ သွား၏။ ထိုအခါ မန္ဓာတုမင်းအား လေးယောက်ကုန်သော စတုမဟာရာဇ် နတ်မင်းတို့သည် နတ်ပန်း နတ်နံ့သာတို့ကို လက်စွဲကုန်လျက် ခရီးဦးကြိုဆိုကုန်၏။ မန္ဓာတုမင်းကို ယူကုန်၍ စတုမဟာရာဇ် နတ်ပြည်သို့ သွားကုန်၍ နတ်မင်း၏ အဖြစ်ကို ပေးကုန်၏။ မိမိပရိသတ်ဖြင့် ခြံရံလျက်လျှင် စတုမဟာရာဇ် နတ်ပြည်၌ မန္ဓာတုမင်း မင်းပြုစဉ် ရှည်စွာသော ကာလသည် လွန်၏။ ထိုမန္ဓာတု မင်းသည် စတုမဟာရာဇ်နတ်ပြည်၌လည်း တဏှာကိုပြည့်စေခြင်းငှါ မစွမ်းနိုင်ရကား ငြီးငွေ့သော အခြင်းအရာကိုပြ၏။ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် မြတ်သောမင်းကြီးအဘယ်ကြောင့် ငြီးငွေ့တော်မူသနည်းဟု မေးကုန်၏။ အဘယ်အရပ်သည်လျှင် စတုမဟာရာဇ်နတ်ပြည်ထက် သာယာ သနည်းဟု စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့ကို မန္ဓာတုမင်းသည် မေး၏၊ မြတ်သောမင်းကြီး အကျွန်ုပ်တို့သည် သူတစ်ပါးတို့၏ အလုပ်အကျွေးပရိသတ် ဖြစ်ကုန်၏။ တာဝတိံသာ နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏ဟု စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဆိုကုန်၏၊ မန္ဓာတုမင်းသည် စက်ရတနာကို ရေဖျန်း၍ မိမိပရိသတ် ခြံရံလျက် တာဝတိံသာသို့ ရှေးရှုသွား၏။

ထိုအခါ မန္ဓာတုမင်းအား သိကြားမင်းသည် နတ်ပန်း နတ်နံ့သာ လက်စွဲလျက် နတ်အပေါင်းခြံရံလျက် ခရီးဦးကြိုဆို၍ မန္ဓာတုမင်းကိုလက်၌ ကိုင်၍ မြတ်သောမင်းကြီး ဤသို့ ကြွတော်မူလော့ဟု ဆို၏။ နတ်အပေါင်း ခြံရံလျက် မန္ဓာတုမင်းသည် သွားစဉ်ကာလ သားကြီးရတနာသည် စကြာရတနာကိုယူ၍

ပရိသတ်နှင့်တကွ လူ့ပြည်သို့ သက်၍ မြို့တွင်းသို့ဝင်၏။ သိကြားမင်းသည် မန္ဓာတုမင်းကို တာဝတိံသာသို့ဆောင်၍ နတ်ပြည်တို့ကို နှစ်စု ရ၍ နတ်မင်းကြီး၏ အဖြစ်ကို ဒေဝလယ်၌ ပိုင်း၍ပေး၏။ ထိုအခါမှစ၍ မင်းနှစ်ပါးတို့သည် မင်းပြုကုန်၏။ ဤသို့ ကာလလွန်လတ်သော် သိကြားသည် သုံးကုဋေ ခြောက်သန်းသော နှစ်တို့ကို ကုန်စေ၍ စုတေ၏။ တစ်ပါးသော သိကြားသည် ဖြစ်လာ၏။ ထိုသိကြားသည်လည်း နတ်အဖြစ်ကိုပြု၍ စုတေ၏။ ဤသို့သော နည်းဖြင့် သုံးကျိပ်ခြောက်ယောက်သော သိကြားတို့သည် စုတေကုန်၏။ မန္ဓာတုမင်းသည်ကား လူ၏ကိုယ်ဖြင့်လျှင် နတ်မင်း၏ အဖြစ်ကိုပြု၏။ ဤသို့ ကာလလွန်လတ်သော် ထိုမန္ဓာတုမင်းအား အတိုင်းထက်အလွန်လျှင် ကာမတဏှာသည် ဖြစ်၏။ ထိုမန္ဓာတုမင်းသည် ထက်ဝက်သော မင်းအဖြစ်ဖြင့် အဘယ်ပြုအံ့နည်း။ သိကြားကိုသတ်၍ ကေရာဇ်မင်းအဖြစ်ကို ငါပြုအံ့ဟု အကြံသည်ဖြစ်၏၊ အကြံဖြစ်၍ သိကြားကို သတ်အံ့သောငှါကား မတတ်နိုင်၍ တဏှာမည်သည်ကား ပျက်စီးခြင်း၏ အကြောင်း ဖြစ်၏။

ထို့ကြောင့် မန္ဓာတုမင်း၏ အာယုသင်္ခါရသည် ဆုတ်ယုတ်၏။ မန္ဓာတုမင်းသည် ကိုယ်ကိုသတ်၏။ လူတို့၏ ကိုယ်မည်သည်ကား နတ်ပြည်၌မပျက်စီးကောင်း၊ ထိုအခါ နတ်ပြည်မှ လျှောကျ၍ ဥယျာဉ်သို့သက်၏။ ဥယျာဉ်စောင့်သည် မန္ဓာတုမင်းသည် လာသည်၏အဖြစ်ကို မင်းပျိုတို့အား လျှောက်၏။ မင်းသည် လာလတ်၍ ဤဥယျာဉ်၌လျှင် နေရာကို ခင်းစေ၏။ မန္ဓာတုမင်းသည် မထသော အိပ်ခြင်းဖြင့် အိပ်၏။ အမတ်တို့သည် မြတ်သော မင်းကြီး အရှင်မင်းကြီးတို့၏ နောက်အဖို့၌ အဘယ်သို့ ပြောဆိုရအံ့နည်းဟု မေးကုန်၏။ သင်တို့သည် ငါ၏ နောက်ကာလ၌ မန္ဓာတုမင်းသည် ကျွန်းငယ်နှစ်ထောင် အခြံအရံ ရှိကုန်သော ကျွန်းကြီး လေးကျွန်းတို့၌ စကြာဝတေးမင်း၏ အဖြစ်ကိုပြု၍ ရှည်မြင့်စွာသော ကာလပတ်လုံး စတုမဟာရာဇ်နတ်တို့၌ မင်း၏ အဖြစ်ကို ပြု၍ သုံးကျိပ် ခြောက်ယောက် ကုန်သော သိကြားတို့၏ အသက်ပမာဏဖြင့် တာဝတိံသာ နတ်ပြည်၌ မင်းအဖြစ်ကိုပြု၍ တဏှာကို မပြည့်စေနိုင်သည်ဖြစ်၍ စုတေသေလွန်၏ဟု ဤသတင်းစကားကို လူအများအား ပြောဆိုရစ်ကြကုန်လောဟုဆို၍ ကံအားလျော်စွာ လား၏။ သဗ္ဗညု မြတ်စွာဘုရားသည် သဗ္ဗညု မြတ်စွာဘုရားဖြစ်တော်မူသဖြင့် အတိတ်ကို ဆောင်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၂၂။ ယာဝတာ စန္ဒိမသူရိယာ၊ ပရိဟရန္တိ ဒိသာ ဘန္တိ ဝိရောစနာ။
သဗ္ဗေဝ ဒါသာ မန္ဓာတု၊ ယေ ပါဏာ ပထဝိဿိတာ။

၂၃။ န ကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ။
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။

၂၄။ အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတိ။
တဏှက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော။

အရပ်ဆယ်မျက်နှာတို့ကို တင့်တယ် ထွန်းပလျက် လ,နေတို့သည် လှည့်လည် သွားလာရာ မြင်းမိုရ်တောင်အတွင်းရှိ မြေ၌တည်ကုန်သော ဒင်္ဂါး အားလုံး တို့သည် မန္ဓာတုမင်း၏ ကျွန်တို့သာ ဖြစ်ကုန်၏။ ရကနာခုနစ်ပါးဟူသော မိုးကို ရွာစေသဖြင့် ကာမတို့၌ ရောင့်ရဲခြင်းမရှိနိုင်၊ ကာမတို့သည် သာယာဖွယ်မရှိကုန်၊ များသော ဆင်းရဲခြင်း ရှိကုန်၏ဟု ပညာရှိသော သဗ္ဗညု ဘုရား၏ တပည့်သည် နတ်၌ဖြစ်သော ကာမတို့၌လည်း မွေ့လျော်ခြင်းသို့ မရောက်၊ နိဗ္ဗာန်၌သာလျှင် မွေ့လျော်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် ၊ သောတာပတ္တိဖိုလ်၌ တည်၏။ တစ်ပါးသော များစွာကုန်သော ရဟန်းတို့သည်ကား သောတာပတ္တိဖိုလ် အစ ရှိသည်တို့သို့ ရောက်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မန္ဓာတုမင်း ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကာမ ဘဏ္ဍာ၊ ပြည့်စေရာဟု၊ နှစ်ဖြာလူနတ်၊ အမြတ်ကာမဂုဏ်၊
အာရုံနှင့်ဖြည့်၊ သူမပြည့်ခဲ့။

နှစ်ရာငါးဆယ့်ရှစ်ခုမြောက်သော မန္ဓာတုဇာတ်သည် ပြီး၏။

---

## ၂၅၉–တိရီဋဝစ္ဆဇာတ်

### အသက်သခင် ကျေးဇူးရှင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "နယိမဿ ဝိဇ္ဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် သော ဤတိရီဋဝစ္ဆဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် အရှင်အာနန္ဒာမထေရ်အား ကောသလမင်း၏ မိဖုယားငါးရာလက်မှ ပုဆိုးငါးရာ, ကောသလမင်း၏ လက်မှ ပုဆိုးငါးရာအားဖြင့် ပုဆိုးတစ်ထောင် ရခြင်းဝတ္ထုကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုသည် အောက်ဒုကနိပါတ် သတ္တမမြောက် ဂုဏဇာတ်၌ လာပြီးသလျှင် ကတည်း။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အမည်မှည့်သော နေ့၌ တိရီဋဝစ္ဆ သတို့သားဟူသော အမည်ကိုမှည့်၏။ ထို တိရီဋဝစ္ဆ သတို့သားသည် အစဉ်သဖြင့် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အိမ်၌ နေသဖြင့် မိဘတို့၏ သေလွန်ခြင်းကြောင့် သံဝေဂရသောစိတ်ရှိရကား တောထွက်၍ ရသေ့ ရဟန်း ပြုပြီးလျှင် တောသစ်မြစ် သစ်သီး အာဟာရရှိသည် ဖြစ်၍ နေ၏။ တိရီဋဝစ္ဆ ရသေ့သည် တော၌နေစဉ် ဗာရာဏသီမင်း၏ ပစ္စန္တရစ်ကို ခိုးသူတို့ ဖျက်ဆီး၏၊ ဗာရာဏသီမင်းသည် ပစ္စန္တရစ်သို့သွား၍ စစ်ထိုးလတ်သော် ရှုံး၏။ သေဘေးမှ ကြောက်ရကား မြတ်သော ဆင်ကျောက်ကုန်း၌ စီးလျက် တစ်ခုသော အရပ်မျက်နှာဖြင့် ပြေး၍ တော၌ သွားသည်ရှိသော် ညချမ်း အခါ၌ တိရီဋဝစ္ဆရသေ့၏ သစ်သီးကြီးငယ် အကျိုးငှါသွားစဉ် ကျောင်းသို့ဝင်၏။ ထိုမင်းသည် ရသေ့တို့၏ နေရာအရပ်တည်းဟု ဆင်မှဆင်း၍ လေနေပူဖြင့် ပင်ပန်းရကား ရေငတ်သည် ဖြစ်၍ သောက်ရေအိုးကို ကြည့်လတ်သော် မမြင်၍ စင်္ကြံဦး၌ ရေတွင်းကို မြင်၏။ ရေခတ်အံ့သောငှါ ကြိုးအိုးတို့ကို မမြင်၍ ရေငတ်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်ရကား ဆင်၏ဝမ်း၌ ပတ်သောကြိုးကို ယူပြီး၍ ဆင်ကို ရေတွင်းနား၌ ထား၍ ထိုဆင်၏ ခြေ၌ ကြိုးကိုဖွဲ့၍ ကြိုးဖြင့် ရေတွင်းသို့သက်၍ အပေါ်ရှိ ပုဆိုးကို/ကြိုးဖြင့်ဆက်၍ တစ်ဖန်သက်လေ၏။

ထိုသို့ ပြုငြားသော်လည်း မမှီသည်သာလျှင် ဖြစ်၏။ ထိုမင်းသည် ခြေဖျားတို့ဖြင့် ရေကိုထိ၍ အလွန် မွတ်သိပ်ရကား ရေငတ်ခြင်းကို ပျောက်၍ သေခြင်းသည် ကောင်းသော သေခြင်းဖြစ်၏ဟု ကြံလျက် ရေတွင်းသို့ဆင်း၍ အလိုရှိတိုင်း သောက်၏။ တစ်ဖန်တက်အံ့သောငှါ မတတ်နိုင်ရကား ထိုရေတွင်း၌ တည်၏။ ဆင်သည်လည်း ကောင်းစွာ သင်အပ်သော ဆင်ဖြစ်သောကြောင့် တစ်ပါးသို့ မသွားမူ၍ မင်းကိုကြည့်လျက် နေ၏။ ဘုရားလောင်းသည် ညချမ်းသော အခါ၌ သစ်သီးကြီးငယ်တို့ကို ဆောင်ခဲ့၍ လာလတ်သော် ဆင်ကိုမြင်၍ မင်းလာသည် ဖြစ်စဲလတ္တံ့။ တန်ဆာဆင်သော ဆင်သည်သာလျှင် ထင်၏။ မင်းကား မထင်။ အကြောင်းအသို့နည်းဟု ဆင်၏ အနီးသို့သွား၏။ ဆင်သည်လည်း ဘုရားလောင်းလာသော အဖြစ်ကို သိ၍ ဟင့်အဲပ် လျော့ကျပတ်သော အရပ်၌ တည်၏။ ဘုရားလောင်းသည် ရေတွင်း ကမ်းနားသို့ သွား၍ မင်းကိုမြင်၍ မြတ်သောမင်းကြီး မကြောက်လင့်ဟု ဆို၍၊ လှေကားကိုဖွဲ့၍ မင်းကိုတက်စေ၍ မင်းကိုယ်ကိုဆုပ်နယ်၍ ဆီဖြင့်လိမ်း၍ သစ်သီးကြီးငယ်တို့ကို

စားစေ၍ ဆင်၏ချပ်တန်ဆာကို ဖြေ၏။ မင်းသည် နှစ်ရက် သုံးရက် အပင်ပန်း ဖြေ၍ ဘုရားလောင်းကို မိမိအထံသို့ လာစိမ့်သောငှါ ဝန်ခံစေ၍ သွား၏။

မင်း၏ ဗိုလ်ပါတို့သည် မြို့၏အနီး၌ သစ်တပ်တည်၍ နေကုန်လျက် မင်း လာသည်ကိုမြင်၍ ခြံရံ၏။ မင်းသည် မြို့သို့ဝင်၍ နေလတ်၏။ ဘုရားလောင်း သည်လည်း လခွဲလွန်သဖြင့် ဗာရာဏသီပြည်သို့ရောက်၍ ဥယျာဉ်သို့ ဝင်၍ နက်ဖြန် ဆွမ်းခံသွားလျက် မင်းအိမ်တံခါးသို့ရောက်၏။ မင်းသည် လေသွန် တံခါးမကိုဖွင့်၍ မင်းရင်ပြင်သို့ ကြည့်လတ်သော် ဘုရားလောင်းကို မြင်သဖြင့် သိ၍ ပြာသာဒ်မှ ဆင်းလျက် ရှိခိုး၍ ကောင်းစွာ ဆောက်အပ်သော ထီးဖြူ ရှိသော ရာဇပလ္လင်၌နေစေ၍ မိမိဖို့ စီရင်အပ်သော အာဟာရကို ဘုဉ်းပေး စေ၍ မိမိသည်လည်း စား၍ ဥယျာဉ်သို့ ပင့်ဆောင်၍ ဥယျာဉ်၌ဘုရားလောင်းကို ကျောင်းစကြံ ညဉ့်သန့်ရာ နေ့သန့်ရာအရပ်တို့ကို ပြုစေ၍ ပေးအပ်သော ရဟန်း ပရိက္ခရာတို့ကို လှူ၍ ဥယျာဉ်စောင့်ကို အပ်၍ ရှိခိုး၍ ဖဲလေ၏။ ထိုအခါမှ စ၍ ဘုရားလောင်းသည် မင်းအိမ်၌သာလျှင် ဆွမ်းစား၏။ များစွာသော လာဘ် ပူဇော်သက္ကာရ ရှိ၏။ ထိုဘုရားလောင်းကို သည်းမခံနိုင်သော အမတ်တို့သည် ဤသို့ သဘောရှိသော ပူဇော်သက္ကာရကို ရသည်ရှိသော် အဘယ်မည်သော တစ်ယောသော သူရဲကောင်းသည်လည်း အဘယ်မည်သောအမှုကိုပြုအံ့နည်းဟု ဆို၍ အိမ်ရှေ့မင်းကို ကပ်၍ အရှင်မင်းမြတ် အကျွန်ုပ်တို့၏မင်းသည် တစ်ပါးသော ရသေ့ကို အလွန်လျှင် မြတ်နိုး၏ ထိုရသေ့၌ မင်းသည် အဘယ်မည်သော အမှုကို မြင်သနည်း။ အရှင်တို့သည်လည်း မင်းနှင့် ပြောဆိုပါကုန် ဦးလော့ဟု ဆိုကုန်၏ အိမ်ရှေ့မင်းသည် ကောင်းပြီဟု ဝန်ခံ၍ အမတ်တို့နှင့်တကွ မင်းသို့ ကပ်၍ ဤဂါထာကိုဆို၏-

၂၅။ နယိမဿ ဝိဇ္ဇာမယ'မတ္ထိ ကိဉ္စိ၊
န ဗန္ဓဝေါ နော ပန တေ သဟာယော။
အထ ကေန ဝဏ္ဏေန တိရီဋဝစ္ဆော၊
တေ ဒဏ္ဍိကော ဘုဉ္ဇတိ အဂ္ဂပိဏ္ဍံ။

မြတ်သောမင်းကြီး ဤတိရီဋဝစ္ဆ ရသေ့အား တစ်စုံတစ်ခုသောအတတ်ဖြင့် ပြီးသောအမှုသည် မရှိ၊ တောင်ဝှေးသုံးခွကိုင်၍ သွားသော တိရီဋဝစ္ဆရသေ့ သည် သင်မင်းကြီး၏ အဆွေအမျိုးလည်းမဟုတ်၊ သင်မင်းကြီး၏ ကစားဖက် အဆွေခင်ပွန်းလည်း မဟုတ်ဘဲလျက် အဘယ်အကြောင်းကြောင့် ထမင်းဦးကို စားရသနည်း။

ထိုစကားကိုကြား၍ မင်းသည် သားကိုခေါ်၍ အမောင် ပစ္စန္တရစ်သို့သွား၍ စစ်ထိုးသော ငါ၏ နှစ်ရက် သုံးရက် မလာသောအဖြစ်ကို အောက်မေ့

မိ၏လောဟုဆို၍ အောက်မေ့မိ၏ဟုဆိုလတ်သော် ထိုအခါ ငါသည် ဤရသေ့ကို မှီ၍ အသက်ရ၏ဟု အလုံးစုံသော အကြောင်းကိုကြား၍ အမောင် ငါ၏ အသက်ကို ပေးသော သူသည် ငါ၏အထံသို့ ရောက်သည်ရှိသော် မင်းအဖြစ်ကို ပေးငြားသော်လည်း ထိုရသေ့ပြုသော ကျေးဇူးအားလျော်စွာ ပေးခြင်းငှါ မတတ်နိုင်သေးဟုဆို၍ ဤဂါထာတို့ကို ဆို၏—

၂၆။ အာပါသု မေယုဒ္ဓ ပရာဇိတဿ၊
ဧကဿ ကတွာ ဝိဝနသ္မိံ ဃောရေ၊
ပသာရယိံ ကိစ္ဆဂတဿ ပါဏိံ၊
တေနုဒ္ဓတာရိံ ဒုခသံပရေတော။

၂၇။ တဿ ကိစ္စေန ဣဓာနုပတ္တော၊
ဝေဠာယိနော ဝိသယာ ဇီဝလောကေ။
လာဘာရဟော တာတ တိရိဋ္ဌဝစ္ဆော၊
ဒေထ'ဿ'ဘောဂံ ယဇထဉ္စ ယညံ။

ချစ်သား ဘေးရန်တို့ကြောင့် စစ်ထိုးခြင်းမှ ရှုံးသော အဖော်မရှိ တစ်ယောက်တည်းသာဖြစ်သော ရောင့်သို့ကျ၍ ပင်ပန်းခြင်းသို့ရောက်သော ငါ့အား ဤရသေ့သည် ကြမ်းတမ်း၍ ရေမရှိသောတော၌ သနား၍ ရေတွင်းမှ ဆယ်ယူခြင်းငှါ လက်ကိုကမ်း၍ ကယ်တင်ခဲ့သောကြောင့် ငါသည်ဒုက္ခရောက် နေခဲ့သော်လည်း အထက်သို့ တက်ရောက်ခဲ့ရ၏၊ ထိုတိရိဋ္ဌဝစ္ဆရသေ့၏ ကယ်တင်ခြင်းကြောင့် ယမမင်း၏ နိုင်ငံမှ ဤလူ့ပြည်သို့ တစ်ဖန် ရောက်လာရပြန်၏၊ ထိုတိရိဋ္ဌဝစ္ဆရသေ့သည် ပစ္စည်းလေးပါးဟူသော လာဘ်ကို ခံထိုက်၏၊ ထို တိရိဋ္ဌဝစ္ဆရသေ့အား အသုံးအဆောင်ကို လှူကြကုန်လော၊ ပူဇော်မှုကိုလည်း ပြုကြကုန်လော။

ဤသို့ မင်းသည် ကောင်းကင်ပြင်၌ လပြည့်ဝန်းကို ထင်စေဘိသကဲ့သို့ ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကို ပြသည်ရှိသော် ဘုရားလောင်း၏ ဂုဏ် ကျေးဇူးသည် အလုံးစုံသော သူ၌ ထင်သည် ဖြစ်၏၊ ဘုရားလောင်းအား လာဘသက္ကာရသည်လည်း အလွန်များသည် ဖြစ်၏။ ထိုအခါမှစ၍ အမတ်တို့ သည်လည်းကောင်း၊ အမ်ိဖုရားသည်လည်းကောင်း၊ တစ်ပါးသောအမှတ် မရှိသောသူသည်လည်းကောင်း မင်းကို ဆိုခြင်းငှါ မဝံ့သည် ဖြစ်၏။ မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ အလှူပေးခြင်း အစရှိသော ကောင်းမှု တို့ကို ပြုကုန်၍ နတ်ပြည်ကို ပြည့်စေ၏။ ဘုရားလောင်းသည်လည်း အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း –

သဗ္ဗညု မြတ်စွာဘုရားသည် ရှေးပညာရှိ တို့သည်လည်း ကျေးဇူး၏ အစွမ်းအားဖြင့် ပြုဖူးကုန်၏ဟူ၍ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာငါးဆယ့်ကိုးခုမြောက်သော တိရီဋဝစ္ဆဇာတ်သည် ပြီး၏။

## ၂၆၀. ဒူတဇာတ်

### ဝမ်းပိုက်တမန်

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယဿတ္ထာ ဒူရမာယန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒူတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လော်လည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုသည် နဝကနိပါတ် အဋ္ဌမမြောက် စက္ကဝါကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကိုခေါ်တော်မူ၍ ရဟန်း သင်သည် ယခုအခါ၌သာလျှင် လော်လည်သည်မဟုတ်သေး၊ ရှေး၌လည်း လော်လည်ဖူးသလျှင်ကတည်း၊ လော်လည်ခြင်းကြောင့် သန်လျက်ဖြင့် ဦးခေါင်းဖြတ်ခြင်းကိုပြုလတ်သော် ပညာရှိမင်းကို မှီ၍ ချမ်းသာရဖူးသလျှင်ကတည်းဟု မိန့်တော် မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ သားဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ စင်ကြယ်သော ဘောဇဉ်ရှိသည်ဖြစ်၏။ ထိုအကြောင်းကြောင့် မင်းအား ဘောဇနသုဒ္ဓိကဟူသော အမည်သည် ဖြစ်၏။ ထိုဘောဇနသုဒ္ဓိက မင်းသည် တစ်ခုသော ထမင်းခွက်၌ အဖိုးတစ်သိန်း ထိုက်သည် သာလျှင် ဖြစ်သော အစီအရင်ဖြင့် ထမင်းကို စားသတတ်၊ စားသည်ရှိသော်ကား အိမ်တွင်း၌ မစား မိမိစားသော အစီအရင်ကို မြင်သော

လူများကို ကုသိုလ်ကောင်းမှု ပြုစေလိုသောကြောင့် မင်းအိမ်တံခါး၌ မဏ္ဍပ်ကို ဆောက်စေ၍ စားသောအခါ၌ ထိုမဏ္ဍပ်ကို တန်ဆာဆင်စေ၍ ဆောင်းအပ်သော ထီးဖြူရှိသော ရွှေဖြင့်ပြီးသော ရာဇပလ္လင်၌ မင်းသမီးတို့သည်ခြံရံလျက် အဖိုးတစ်သိန်းထိုက်တော ရွှေခွက်၌ ခပ်သိမ်းသော အရသာရှိသော ဘောဇဉ်ကို စား၏။

ထိုအခါ တစ်ယောက်သော လော်လည်သော ယောကျ်ားသည် ထိုမင်း၏ စားသော အစီအရင်ကို ကြည့်၍ ထို ဘော ဇဉ် ကို စား လို သည် ဖြစ်၍ စားချင်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်ရကား တစ်ခုသော ဥပါယ်သည် ရှိ၏ဟု မြဲ မြံ စွာ ဝတ်၍ လက်ဘိုကို မြှောက် ၍ ငါ တ မန် တည်း ဟူသော ပြင်းစွာသော အသံကို ပြုလျက် မင်း၏ အထံသို့ သွား၏။ ထိုအခါ ထိုအရပ်၌ ငါတမန်တည်းဟု ဆိုသော် မတားမြစ်၊ ထို့ကြောင့် လူများသည် နှစ်ဖြာ ကွဲ၍ လမ်းအခွင့်ကို ပေး၏။ ထိုယောကျ်ားသည် လျင်မြန်သဖြင့် သွား၍ မင်း၏ ခွက်၌ တစ်ခုသော ထမင်းဆုပ်ကို ယူ၍ ခံတွင်း၌ ထည့်၏။ ထိုအခါ သန်လျက်စွဲသည် ထိုယောကျ်ား၏ ဦးခေါင်းကို ဖြတ်အံ့ဟု သန်လျက်ကို ကိုင်၏၊ မင်းသည် မဖြတ်လင့်ဟု မြစ်၏။ မကြောက်လင့် စားလော့ဟု ဆို၍ လက်ကို ဆေး၍ မင်း သည် ထိုင်၏၊ ထိုယောကျ်ား စားပြီးသည်၏ အဆုံး၌လည်း မိမိသောက်သော ရေကိုလည်းကောင်း, ခွက်ကိုလည်းကောင်း ပေးစေ၍ ထိုယောကျ်ားသည် တမန်တည်းဟု ဆို၏။ အဘယ်သူ၏ တမန်နည်းဟု မေးသည် ရှိသော် မြတ်သော မင်းကြီး အကျွန်ုပ်သည် တဏှာ၏ တမန်တည်း၊ တဏှာသည် အကျွန်ုပ်ကို ခေါ်၍ သင်သွားလော့ဟု တမန်ပြု၍ စေ၏ဟု ဆိုလိုရကား ဤဂါထာတို့ကို ဆို၏—

၂၇။ ယဿတ္ထာ ဒူရမာယန္တိ၊ အမိတ္တမပိ ယာစိတုံ။
　　တဿူဒရဿဟံ ဒူတော၊ မာ မေ ကုဇ္ဈ ရထေသဘ။

၂၈။ ယဿ ဒိဝါ စ ရတ္တော စ၊ ဝသမာယန္တိ မာဏဝါ။
　　တဿူဒရဿဟံ ဒူတော၊ မာ မေ ကုဇ္ဈ ရထေသဘ။

မင်းမြတ် ဝမ်း၏ အကျိုးငှါ သတ္တဝါတို့သည် ရန်သူကိုလည်း တောင်းအံ့သောငှါ ခရီးဝေးသို့လည်း သွားကုန်၏၊ အကျွန်ုပ်သည် ထိုဝမ်း၏ တမန်တည်း၊ အကျွန်ုပ်အား အမျက်မထွက်လင့်။

မင်းမြတ် သတ္တဝါတို့သည် နေ့ရော ညဉ့်ပါ ဝမ်း၏ အလိုသို့ လိုက်ကုန်၏၊ အကျွန်ုပ်သည် ထိုဝမ်း၏ တမန်တည်း၊ အကျွန်ုပ်အား အမျက်မထွက်လင့်။

မင်းသည် ထိုယောကျ်ား၏ စကားကို ကြား၍ ထိုစကားသည် မှန်၏။ ဤသတ္တဝါတို့သည် ဝမ်း၏ တမန်ဖြစ်ကုန်၍ တဏှာ၏ အစွမ်းအားဖြင့် တဏှာသည်လည်း သတ္တဝါတို့ကို စီရင်၏။ ဤယောကျ်ားသည် အလွန် နှစ်သက်ဖွယ်သော စကားကို ဆို၏ဟု ထိုယောကျ်ားအား နှစ်သက်၍ ဤဂါထာကို ဆို၏—

၃၀။ ဒဒါမိ တေ ဗြာဟ္မဏ ရောဟိဏီနံ၊
ဂဝံ သဟဿံ သဟ ပုင်္ဂဝေန။
ဒူတော ဟိ ဒူတဿ ကထံ န ဒဇ္ဇံ၊
မယမ္ပိ တဿေဝ ဘဝါမ ဒူတာ။

ပုဏ္ဏား သင့်အား ဥသဘနှင့်တကွ နီသော အဆင်းရှိကုန်သော နွားတစ်ထောင်ကို ပေး၏၊ ငါတို့သည်လည်း ထိုဝမ်း၏သာလျှင် တမန် ဖြစ်ကုန်သောကြောင့် တမန် အချင်းချင်း အဘယ့်ကြောင့် မပေးဘဲ ရှိအံ့နည်း၊ ပေးရမည်သာတည်း။

ဤသို့ဆို၍ သင်ကဲ့သို့သောသူသည် မကြားစဖူးသော အကြောင်းကို ဆိုပေ၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ထိုယောကျ်ားအား များစွာသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံး၌ လော်လည်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ တစ်ပါးကုန်သော များစွာကုန်သော ရဟန်းတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လော်လည်သော ရဟန်းသည် ထိုအခါ လော်လည်သော ယောကျ်ား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ်ခုမြောက်သော ဒူတဇာတ်သည် ပြီး၏။

၁-သက်ပွဝဂ်ပြီး၏။

# ၂-ပဒုမဝဂ်

## ၂၆၁-ပဒုမဇာတ်

### အပြော မတတ်တော့ ဆဲသလို

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယထာ ကေသာ စ မဿု စ" ဤစကားရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဒုမဇာတ်ကို အာနန္ဒာဗောဓိ၌ ပန်းပူဇော်ခြင်းကို ပြုကုန်သော ရဟန်း တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုသည် ကာလိင်္ဂဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ထိုဗောဓိသည်ကား အရှင်အာနန္ဒာမထေရ်သည် စိုက်ပျိုးအပ်သည်၏ အဖြစ်ကြောင့် အာနန္ဒာဗောဓိ မည်၏၊ အရှင်အာနန္ဒာမထေရ်သည် ဇေတဝန်ကျောင်းတော် တံခါးမုခ်နား၌ ဗောဓိကို စိုက်ပျိုးသည်၏ အဖြစ်သည် အလုံးစုံ ဇမ္ဗူဒိပ်၌ ပျံ့နှံ့၏။ ထိုအခါ အချို့ကုန်သော ဇနပုဒ်နေ ရဟန်းတို့သည် အာနန္ဒာဗောဓိ၌ ပန်းပူဇော်ကုန်အံ့ဟု ဇေတဝန်ကျောင်းသို့ သွား၍ ဘုရားကို ရှိခိုး၍ နက်ဖြန်နေ့၌ သာဝတ္ထိပြည်သို့ ဝင်၍ ကြာချောင်းသော ဈေးသို့ သွား၍ ကြာပန်းတို့ကို မရဘဲ လာကုန်၍ အရှင်အာနန္ဒာ မထေရ်အား အရှင်ဘုရား အကျွန်ုပ်တို့သည် ပန်းပူဇော်ကုန်အံ့ဟု ကြာချောင်းသော ဈေးသို့ သွား၍ ပန်းတစ်ပွင့်ကိုမျှလည်း မရခဲ့ကုန်ဟု ကြားလျှောက်ကုန်၏။ အရှင်အာနန္ဒာ မထေရ်သည် ငါ့ရှင်တို့ သင်တို့အကျိုးငှါ ဆောင်ယူချေအံ့ဟု ကြာချောင်းသော ဈေးသို့ သွား၍ ကြာညိုစည်းကို ချီ၍ လာလတ်၍ ထိုရဟန်းတို့အား ပေး၍ ထိုရဟန်းတို့သည် ထိုကြာကို ယူ၍ ဗောဓိအား ပူဇော်ကုန်၏။

ထိုသတင်းစကားကို ကြားသိ၍ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့ ဇနပုဒ်နေ ရဟန်းတို့သည် ဘုန်းနည်းကုန်၏။ ကြာချောင်းသော ဈေးသို့ သွား၍ ပန်းကို မရကုန်။ အရှင်အာနန္ဒာ မထေရ်သည်ကား သွား၍လျှင် ဆောင်ယူခဲ့၏ဟု အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုကုန်၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် စကားတတ် လိမ္မာကုန်သော သူတို့သည် ပန်းကို ရကုန်သည် မဟုတ်သေး။ ရှေး၌လည်း စကားတတ် လိမ္မာကုန်သော သူတို့သည် ပန်းကို ရဖူးကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သူဌေးသား ဖြစ်၏။ မြို့တွင်း၌ တစ်ခုသော ရေကန်ဝယ် ပဒုမ္မာကြာတို့သည်သည်း ပွင့်ကြကုန်၏။ တစ်ယောက်သော နှာခေါင်းပြတ်သော ယောကျ်ားသည် ထိုရေကန်ကို စောင့်၏။ ထိုအခါ တစ်နေ့သ၌ ဗာရာဏသီပြည်ဝယ် ပွဲသဘင် ကြွေးကြော်လတ်သော် ပန်းပန်၍ ပွဲသဘင် ကစားသိုကုန်သော သုံးယောက်ကုန်သော သူဌေးသားတို့သည် နှာခေါင်း ပြတ်သော သူအား မဟုတ် မမှန်သဖြင့် ချီးမွမ်း၍ ပန်းကို တောင်းကုန်အံ့ဟု ထိုနှာခေါင်းပြတ်ခသောသူ၏ ပဒုမ္မာကြာတို့ကို ချိုးစဉ် ရေကန်၏ အနီးသို့ သွား၍ တင့်အပ်သော အရပ်၌ တည်နေကုန်၏။ ထိုသူတို့တွင် တစ်ယောက်သော သူဌေးသားသည် ရေကန်စောင့်ကို ခေါ်၍ ဤဂါထာကို ဆို၏—

၁၁။ ယထာ ကေသာ စ မဿူ စ၊ ဆိန္နံ ဆိန္နံ ဝိရူဟတိ။
ဝေ် ရူဟတု တေ နာသာ၊ ပဒုမံ ဒေဟိ ယာစိတော။

ဆံ တို့သည်လည်းကောင်း မုတ်ဆိတ်သည်လည်းကောင်း ဖြတ်တိုင်း ဖြတ်တိုင်း ပေါက်ပြန်သကဲ့သို့ ထိုအတူ သင်၏ နှာခေါင်းသည် တစ်ဖန် ပေါက်ပြန်စေ သတည်း။ ငါတောင်းအပ်သော သင်သည် ကြာကို ပေးလော့။

ထိုရေကန်စောင့်သည် ထိုသူဌေးသား အားလျှင် အမျက်ထွက်၍ ကြာကို မပေး။ ထိုအခါ ရေကန်စောင့်အား နှစ်ယောက်မြောက် ဖြစ်သော သူဌေး သားသည် ဤဂါထာကို ဆို၏—

၁၂။ ယထာ သာရဒိကံ ဗီဇံ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ။
ဝေ် ရူဟတု တေ နာသာ၊ ပဒုမံ ဒေဟိ ယာစိတော။

လယ်၌ ပျိုးအပ်သော တန်ဆောင်မုန်းလ၌ ယူ၍ထားသော မျိုးစေ့သည် ပေါက်သကဲ့သို့ ထိုအတူ သင်၏ နှာခေါင်းသည် တစ်ဖန် ပေါက်ပါစေသတည်း။ ငါတောင်းအပ်သော သင်သည် ကြာကို ပေးလော့။

ထိုရေကန်စောင့်သည် ထိုသူဌေးသား အားလည်း အမျက် ထွက်၍ ကြာကို မပေး။ ထိုအခါ ထိုရေကန်စောင့်အား သုံးယောက်မြောက် ဖြစ်သော သူဌေးသားသည် ဤဂါထာကို ဆို၏—

၃၃။ ဥဘောပိ ပလပန္တေ တေ၊ အပိ ပဒ္ဒါနိ ဒဿတိ။
ဝဇ္ဇံ ဝါ တေ န ဝါ ဝဇ္ဇံ၊ နတ္ထိ နာသာယ ရူဟနာ။
ဒေဟိ သမ္မ ပဒုမာနိ၊ အဟံ ယာစာမိ ယာစိတော။

အဆွေ ဤ နှစ်ယောက်ကုန်သော သူတို့သည် ကြာပန်းကို ပေးလိမ့်မည်ဟု ကြံစည်၍ ပြောဆိုကြကုန်၏။ ထိုသူတို့ ဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ ပြတ်သော နှာခေါင်း၏ ပြန်ပေါက်ခြင်းသည် မရှိနိုင်၊ ငါသည် ကြာတို့ကို တောင်း၏၊ ငါ့တောင်းအပ်သော သင်သည် ပေးလော့။

ထိုစကားကို ကြား၍ ကြာစောင့်သည် ဤနှစ်ယောက်သော သူတို့ကား မုသာဝါဒကို ဆို၏။ သင်သည် အဟုတ်အမှန်ကို ဆို၏။ သင့်အား ပဒုမ္မာကြာတို့သည် လျောက်ပတ်ကုန်၏ဟု ကြီးသော ပဒုမ္မာကြာစီးကို ယူ၍ ထိုသူဌေးသားအား ပေး၍ မိမိ ကြာကန်သို့လျှင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်ခဲ့တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကြာပန်းရသော သူဌေးသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်တစ်ခုမြောက်သော ပဒုမဇာတ်သည် ပြီး၏။

---

၂၆၂-မုဒုပါဏိဇာတ်

သမီးတစ်ကောင် နွားတစ်ထောင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ပါဏိ စေ မုဒုကော စဿ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမုဒုပါဏိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်ခဲ့သော ထိုရဟန်းကို ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း မိန်းမ မည်သည်ကား ကိုယ်လေသာ၏ အစွမ်းအားဖြင့် သွားခြင်းမှ စောင့်ရှောက်ခြင်းငှါ

မဘတ်နိုင်သော သဘောရှိ၏။ ရှေးပညာရှိတို့သည့်လည်း မိမိ သမီးကို စောင့်ရှောက်ချင်းပါ မဘတ်နိုင်ဖူးကုန်။ အဖသည် လက်၌ ကိုင်ထားသော သမီးသည်လျှင် အဖကို မသိစေမူ၍ ကိလေသာ၏ အစွမ်းအားဖြင့် ယောကျ်ားနှင့် ပြေးဖူး၏ဟု မိန့်တော်မူ၍ အတိတ် ကို ဆောင်တော်မူ၏၊

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သည် ရှိသော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ဘို့ကို သင်၍ အဖလွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏။ ထိုဘုရားလောင်းသည် သမီး, သား နှစ်ယောက်တို့ကို နန်းတွင်း၌ ကြီးစေလျက် တင်နေသည်၌ အမတ်တို့နှင့်တကွ နေလျက် ငါလွန်သော် ငါ့သား မင်းဖြစ်လတ္တံ့။ ငါ့သမီးလည်း ငါ့သား၏ မိဖုရားကြီး ဖြစ်ရလတ္တံ့ဟု ဆို၍ နောက်အဖို့ သား အရွယ်သို့ ရောက်သော ကာလ၌ တဖန် အမတ်တို့နှင့် တကွ နေလျက် ငါ့သားဖို့ တစ်ပါးသော မင်းသမီးကို ဆောင်ယူကြကုန်အံ့။ ငါ့သမီးကို တစ်ပါးသော မင်းမျိုး၌ ပေးကြကုန်အံ့။ ဤသို့ ပြုသော် ဆွေမျိုးများကုန်အံ့ဟု ဆိုပြန်၏။ အမတ်တို့သည် ဝန်ခံကုန်၏။ ထိုအခါ မင်းသည် သားအား နန်းတော်မှ အပ၌ အိမ်ကို ပေးစေ၏။ နန်းတွင်းသို့ ဝင်ခြင်းကို မြစ်၏။ ထိုမင်းသမီး မင်းသားတို့သည်ကား အချင်းချင်း တပ်စွန်းသောစိတ် ရှိကုန်၏။

မင်းသားသည် အဘယ် ဥပါယ်ဖြင့် မင်းသမီးကို အပသို့ ထုတ်ဆောင်ရအံ့ နည်းဟု ကြံလတ်သော် ဥပါယ်တစ်ခုသည် ရှိ၏ဟု အထိန်း မိန်းမအား တံစိုးပေး၍ အရှင့်သား အဘယ်ကိစ္စနည်းဟု မေးသည် ရှိသော် မိခင် အသို့မူ၍ မင်းသမီးကို ပြင်သို့ ထုတ်အံ့သောငှါ အခွင့်ရပါအံ့နည်းဟု ဆို၍ မင်းသမီးနှင့် တကွ ပေါင်းပင်၍ သံရအံ့ဟု အထိန်းမိန်းမ ဆိုသည်ရှိသော် မိခင် ကောင်းပြီဟု ဆို၏။ ထိုအထိန်း မိန်းမသည် သွား၍ ချစ်သမီး လာလော့။ ခေါင်း၌ သန်းရှာအံ့ဟု မင်းသမီးကို နိမ့်သော အင်းပျဉ်၌ နေစေ၍ မိမိသည် မြင့်သော အင်းပျဉ်၌ နေ၍ မင်းသမီး၏ ဦးခေါင်းကို မိမိပေါင်၌ ထား၍ သန်းကို ယူလျက် မင်းသမီး ဦးခေါင်းကို လက်သည်းတို့ဖြင့် ထိုးကုန်၏။ မင်းသမီးသည် ဤအထိန်း မိန်းမကား မိမိ လက်သည်းတို့ဖြင့် မထိုး။ ငါ့အရီး သား၏ လက်သည်းတို့ဖြင့် ထိုး၏ဟု သိ၍ မိခင် သင်သည် မင်းသား အထံသို့ သွားချေသလောဟု မေး၏။ မိခင် သွားချေ၏ဟု ဆိုလတ်သော် မင်းသားသည် အဘယ်စကားကို ပြောသနည်းဟု မေး၏။ ချစ်သမီး သင်၏ အပသို့ ရောက်ကြောင်းကို မေး၏ဟု ဆိုလတ်သော် မင်းသမီးသည် ပညာရှိမူကား

သိလတ္တံ့ဟု ဤဂါထာကို ဇီကိုးကာ သင်ပေး၍ မင်းသားအား လျှောက်လော့ဟု ဆို၏—

၄၄။ ပါဏိ စေ မုဒုကာ စဿ၊ နာဂေါ စဿ သုကာရိတော။
အန္ဓကာရော စ ဝဿေယျ၊ အထ နူန ဝဒါ သိယာ။

မိန်းမတစ်ယောက်၏ လက်သည် ဂါလက်ကဲ့သို့ နူးညံ့သောအခါ, ကောင်းစွာ သင်အပ်ပြီးသော ဆင် ရှိသောအခါ, အလွန် မိုက်မှောင်သောအခါ, မိုးရွာသော အခါ ဟူသော အကြောင်းလေးပါး စုံညီသော အခါ၌ သင်၏ စိတ်နှလုံး အလိုသည် အပြီးအဆုံးသို့ ရောက်လိမ့်မည်။

ထိုအထိန်း မိန်းမသည် ထိုဂါထာကို သင်၍ မင်းသား အထံသို့ သွား၍ မိဖင် မင်းသမီး အသို့ ဆိုလိုက်သနည်းဟု မေးသည် ရှိသော် အရှင်သား တစ်စုံတစ်ခု တစ်ပါးသော စကားကို မဆို၍ ဤဂါထာကို ပို့လာစေ၏ဟု ပြောဆို၍ ထိုဂါထာကို ရွတ်၏။ မင်းသားသည် ထိုဂါထာ၏ အနက်ကို သိ၍ မိခင် သွားလေလော့ဟု ဆို၍ ထိုအထိန်း မိန်းမကို လွှတ်လိုက်၏။

မင်းသားသည် ထိုအနက်ကို အမှန်အားဖြင့် သိ၍ တစ်ယောက်သော အဆင်းလှသော နူးညံ့သော လက်ရှိသော အလုပ်အကျွေး မိန်းမငယ်ကို သည်းပေး၍ မင်္ဂလာ ဆင်ထိန်းအား တံစိုး ပေး၍ ဆင်ကို လျှပ်ရှားအောင် သင်စေ၍ အခါကို ငံ့လင့်၍ နေ၏။ ထိုအခါ ဝါကပ်လကွယ် ဥပုသ်နေ့ သန်းခေါင်ယံ၏ အခြားမဲ့၌ တစ်ခဲနက် မည်းသော မိုးသည် ရွာ၏၊ ထိုမင်းသားသည် ယခုနေ့ကား မင်းသမီး ငါ့ကို မှာလိုက်သော နေ့တည်းဟု ဆင်ကို စီး၍ နူးညံ့သော လက်ရှိသော အလုပ်အကျွေး မိန်းမငယ်ကို ဆင်ကျောက်ကုန်း၌ နေစေ၍ သွား၍ မင်းအိမ်၌ ကောင်းကင်ပြင်သို့ မျက်နှာပြုရာ အရပ်၌ (လသာဆောင်၌) ဆင်ကို နံရံမှ ကို မှီ၍ လေသွန်တံခါး၏ အနီး၌ မိုးစွတ်လျက်လျှင် တည်၏။ မင်းသည်လည်း သမီးကို စောင့်ရှောက်ရကား တစ်ပါး၌ အိပ်စိမ့်သော ငါ့ မပေး၊ မိမိအထံ၌ ငယ်သော အိပ်ရာ၌ အိပ်စေ၏။ မင်းသမီးသည်လည်း ယနေ့ မင်းသား လာလတ္တံ့ဟု သိ၍ အိပ်ပျော်ခြင်းသို့ မရောက်ဘဲ လျောင်းလျက် ခမည်းတော် အကျွန်ုပ် ရေချိုးလို၏ဟု ဆို၏။ မင်းသည် ချစ်သမီး လာလော့ဟု ဆို၍ မင်းသမီးကို လက်၌ ကိုင်၍ လေသွန်တံခါး၏ အနီးသို့ဆောင်၍ ချစ်သမီး ရေချိုးလော့ဟု ချီ၍ လေသွန်တံခါး၏ အပ ပဒုမ္မာ အခံ၌ ရပ်စေ၍ လက်တစ်ဘက်၌ ကိုင်၍ နေ၏၊ ရေချိုးစဉ်လျှင် မင်းသားသို့ လက်ကို ဆန့်၏။ မင်းသားသည် မင်းသမီး၏ လက်မှ တန်ဆာတို့ကို ချွတ်၍ အလုပ်အကျွေး မိန်းမငယ်၏ လက်၌ ဆင်၍ ထိုအလုပ်အကျွေး မိန်းမငယ်ကို ချီ၍ မင်းသမီးကို မှီစေ၍ ပဒုမ္မာအခံ၌ ထား၏။

ထိုမင်းသမီးသည် ထိုအလုပ်အကျွေး မိန်းမငယ်၏ လက်၌ ကိုင်၍ အဖမင်း၏ လက်၌ ထား၏။ ထိုမင်းသည် ထိုအလုပ်အကျွေး မိန်းမငယ်၏ လက်ကို ကိုင်၍ သမီးလက်ကို လွှတ်၏။ မင်းသမီးသည် လက်တစ်ဘက်မှ တန်ဆာတို့ကို ချွတ်၍ ထိုအလုပ်အကျွေး မိန်းမငယ်၏ နှစ်ခုမြောက်ဖြစ်သော လက်၌ ဆင်၍ ခမည်းတော်လက်၌ ထား၍ မင်းသားနှင့်တကွ သွား၏။ မင်းသည်လည်း ငါ့သမီးလျှင် တည်းဟူသော အမှတ်ဖြင့် ထိုသူငယ်မကို ရေချိုးပြီးသည်၏ အဆုံး၌ အသရေရှိသော တိုက်ခန်း၌ အိပ်စေ၍ တံခါးပိတ်၍ တံကျင်ဖြင့် လျှို၍ အစောင့်အရှောက်ကို ပေး၍ မိမိအိပ်ရာသို့ သွား၍ အိပ်၏။ ထိုမင်းသည် လင်းလတ်သော် တံခါးကို ဖွင့်၍ ထိုသူငယ်မကို မြင်၍ ဤသို့ ဖြစ်ခြင်းကား အသို့တုံနည်းဟု မေး၏။ ထိုသူငယ်မသည် မင်းသမီး၏ မင်းသားနှင့်တကွ သွားသည်၏ အဖြစ်ကို မင်းအား လျှောက်၏။ မင်းသည် နှလုံးမသာ၍ ကိုင်၍ ထားသော်လည်း မာတုဂါမကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်သည် သာလျှင်တည်း။ မိန်းမတို့မည်သည်ကား စောင့်ရှောက်ခြင်းငှါ မတတ်ကောင်းသော သဘောရှိ၏ဟု ကြံ၍ ဤဂါထာတို့ကို ဆို၏—

၃၅။ အနလာ မုဒုသမ္ဘာသာ၊ ဒုပ္ပူရာတာ နဒီသမာ။
ဩဒိန္တိ နံ ဝိဒိတွာန၊ အာရကာ ပရိဝဇ္ဇယေ။

၃၆။ ယံ ဧတာ ဥပသေဝန္တိ၊ ဆန္ဒသာ ဝါ ဓနေန ဝါ။
ဇာတဝေဒေါဝ သံ ဌာနံ၊ ခိပ္ပံ အနုဒဟန္တိ နံ။

မိန်းမတို့သည် နူးညံ့သော စကားဖြင့် ချီးမြှောက်ခြင်းငှါ မတတ်ကောင်းပေ။ ပြည့်နိုင်ခဲသဖြင့် မြစ်နှင့် တူကုန်၏။ ငရဲ၌ ကျရောက်တတ်ကုန်၏။ ထိုအကြောင်းကို သိပြီး ပညာရှိသည် မိန်းမတို့ကို အဝေးမှ ကြဉ်ရာ၏။ ဆန္ဒကြောင့် လည်းကောင်း၊ ပစ္စည်းဥစ္စာကြောင့်လည်းကောင်း မိန်းမတို့၏ ချဉ်းကပ် မှီဝဲခံရသော ယောကျ်ားသည် လျင်စွာ အလောင်မြိုက်ခံရ၏။ မီးသည် မိမိ တည်ရာကို<br>မှီ၍ဟု လောင်မြိုက်သကဲ့သို့တည်း။

ဤသို့ ဆို၍ ဘုရားလောင်းသည် တူကိုလည်း ငါသည်ပင် မွေးအပ်၏ဟု များစွာသော စည်းစိမ်ဖြင့် သမီးကို တူအား ပေး၍ တူကို အိမ်ရှေ့အရာ၌ ထား၏။ တူသည် ဦးရီး လွန်သဖြင့် မင်းအဖြစ်၌ တည်၏။

ဇာတ်ပေါင်း

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရား သည်လျှင် ထိုအခါ မင်းဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်နှစ်ခုမြောက်သော မုဒုပါဏိဇာတ်သည် ပြီး၏။

---

## ၂၆၃-စူဠပလောဘနဇာတ် (အနိတ္ထိဂန္ဓ)

### မိန်းမ, မာယာ သဲကိုးဖြာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "အဘိဇ္ဇမာနေ ဝါရိသ္မိံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤစူဠပလောဘန ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညူ မြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်အပ်သော ထိုရဟန်းကို ရဟန်း သင်သည် သာသနာတော်၌ ငြီးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၏။ မှန်ပေ၏ဟု ကြားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ထိုမိန်းမတို့ မည်သည်ကား စင်ကြယ်ကုန်သော ရှေးသူဟောင်းတို့ကိုလည်း ညစ်ညူးစေကုန်၏ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မ တ်မင်းသည် မင်းပြုသည် ရှိသော် မင်းသည် သားမရှိသည် ဖြစ်၍ မိမိ မိန်းမတို့ကို သားဆု တောင်းကြ ကုန်လော့ဟု ဆို၏။ ထိုမိန်းမတို့သည်လည်း သားဆုကို တောင်းကြကုန်၏။ ဤသို့ သားဆုကို တောင်းသဖြင့် ကာလ ရှည်လတ်သည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေ၍ မိဖုရားကြီး ဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်းကို ဖွားကာ မျှလျှင် ရေချိုး၍ နို့တိုက်စိမ့်သောငှါ အထိန်း မိန်းမတို့အား ပေးကုန်၏။ ထိုဘုရားလောင်းသည် နို့တိုက်အပ်သည်ရှိသော် ငို၏။ ထိုအခါ ဘုရားလောင်းကို တစ်ပါးသော မိန်းမအား ပေးကုန်၏။ မာတုဂါမ၏ လက်သို့ ရောက်သည် ရှိသော် ဆိတ်ဆိတ် မနေသည်သာလျှင် ဖြစ်၏။ ထိုအခါ ဘုရားလောင်းကို တစ်ယောက်သော မင်း၏ ခြေရင်း၌ ခစားသော အမတ်အား ပေးကုန်၏။ ထိုအမတ်သည် ယူအပ်သည် ရှိသော်လျှင် ဆိတ်ဆိတ်နေ၏။ ထိုအခါမှ စ၍ ယောကျ်ားတို့သည် သာလျှင် ထိုဘုရားလောင်းကို ယူ၍ သွားရကုန်၏။

နို့တိုက်သည် ရှိသော်ကား ညှစ်၍ တိုက်ကြကုန်၏။ တင်းတိမ် ကြားဖြင့်မူလည်း နို့ကို ခံတွင်း၌ ထည့်ကြကုန်၏။ ထိုမှ ဤမှ ပြေးသွားတတ်သော်လည်း ဘုရားလောင်းအား မာတုဂါမ မည်သည်ကို မြင်ခြင်းငှါ မတတ်ကောင်း။ ထို့ကြောင့် ဘုရားလောင်းကို မင်းသည် အသီးသာလျှင် ထိုင်နေရာအရပ် အစရှိသည်တို့ကို လည်းကောင်း၊ (စျာန်) အိမ်ကို လည်းကောင်း ဆောက်လုပ်စေ၏။

ထိုမင်းသည် ဘုရားလောင်း၏ တစ်ဆယ့်ခြောက်နှစ်ရှိသော အခါ၌ ငါ့အား တစ်ပါးသော သားသည် မရှိ။ ဤမင်းသားကား မာတုဂါမတို့ကို မသုံးဆောင်၊ မင်းအဖြစ်ကိုလည်း အလိုမရှိသည် ဖြစ်လတ္တံ့။ ငါ့အား သားကို ရခဲ၏ဟု ကြံ၏။ ထိုအခါ ထိုမင်းသားကို ကခြင်း သီခြင်း၌ လိမ္မာသော ယောကျ်ား အသုံ့ဖြင့် လုပ်ကျွေး၍ မိမိအလိုသို့ လိုက်စေခြင်းငှါ စွမ်းနိုင်သော ပျိုသော ကချေသည်မ တစ်ယောက်သည် ချဉ်းကပ်၍ အရှင်မင်းကြီး အဘယ်သို့ ကြံသနည်းဟု မေး၏။ မင်းသည် ထိုအကြောင်းကို ကြား၏။ အရှင်မင်းကြီး ထိုသို့ ဖြစ်စေကာမူ အကျွန်ုပ်သည် ထိုမင်းသားကို ဖြားယောင်း၍ ကာမအရသာကို သိစေအံ့ဟု လျှောက်၏။ ထိုအနိတ္ထိဂန္ဓမည်သော ငါ့သားကို ဖြားယောင်းအံ့သောငှါ အကယ်၍ သင်စွမ်းနိုင်အံ့၊ ငါ့သားသည် မင်းဖြစ်လတ္တံ့၊ သင်သည် မိဖုရားကြီး ဖြစ်ရအံ့ဟု ဆို၏။ ထိုကချေသည်မသည် အရှင်မင်းကြီး သားတော်ကို ဖြားယောင်းခြင်းသည် အကျွန်ုပ်အဖို့ ဖြစ်စေ၊ အရှင်မင်းကြီးတို့သည် ကြံတော်မမူကုန်လင့်ဟု ဆို၍ အစောင့်အရှောက် လူတို့ကို ချဉ်းကပ်၍ အကျွန်ုပ်သည် မိုးသောက်ထ၌ လာ၍ အရှင့်သား၏ အိပ်ရာ အရပ်ငယ် (စျာန်) အိမ်၏ အပ၌ ရပ်၍ သီချင်း သီလာပါအံ့။ အရှင့်သားသည် အကယ်၍ အမျက် ထွက်အံ့၊ အကျွန်ုပ်အား ပြောဆိုကြကုန်လော့၊ အကယ်၍ အကျွန်ုပ် ဖဲသွားအံ့၊ အကယ်၍ အရှင်သား နားထောင်ငြားအံ့၊ အကျွန်ုပ်အား ပြောဆိုကြပါကုန်လော့ဟု ဆို၏။ ထိုအစောင့် အရှောက်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။

ထိုကချေသည်မသည်လည်း မိုးသောက်ထ ကာလ၌ ထိုအရပ်၌ နေ၍ စောင်းသံဖြင့် သီချင်းသံကို၊ သီချင်းသံဖြင့် စောင်းသံကို မလွန်စေမူ၍ သာယာစွာသော အသံဖြင့် သီ၏။ မင်းသားသည် နားထောင်လျက် လျောင်း၏။ နက်ဖြန်နေ့၌ အနီး၌ တည်၍ သီစိမ့်သောငှါ စေ၏။ တစ်ဖန် နက်ဖြန်နေ့၌ (စျာန်) အိမ်၌တည်၍ သီစိမ့်သောငှါ စေ၏။ တစ်ဖန် နက်ဖြန်နေ့၌ မိမိအနီး၌ တည်၍ သီစိမ့်သောငှါ စေ၏။ ဤသို့ အစဉ်သဖြင့် တဏှာကို ဖြစ်စေ၍ လူတို့၏ အကျင့်ကို မှီဝဲ၍ ကာမအရသာကို သိ၍ မာတုဂါမ မည်သည်ကို တစ်ပါးသော သူတို့အား မပေးအံ့ဟု သန်လျက်ကိုင်၍ ခရီးအလယ်သို့ ထွက်၍ ယောကျ်ားတို့ကို လိုက်၏။ ထိုအခါ ထိုမင်းသားကို မင်းသည် ဖမ်းစေ၍ ထိုသတို့သမီးနှင့်

တကာ မြို့မှ နှင်ထုတ်၏။ နှစ်ယောက်သော သူတို့သည်လည်း တောသို့ ဝင်၍ ဂင်္ဂါ အကြေသို့ သွား၍ တစ်ဘက်၌ ဂင်္ဂါ၊ တစ်ဘက်၌ သမုဒ္ဒရာ ရှိသည်ကိုမြင်၍ ဂင်္ဂါ သမုဒ္ဒရာတို့၏ အကြား၌ ကျောင်းဆောက်၍ နေကုန်၏။ သတို့သမီးသည် ကျောင်း၌ နေ၍ သစ်ဥ သစ်မြစ်တို့ကို ပြုတ်၏။ ဘုရားလောင်းသည် တောမှ သစ်သီး ကြီးငယ်တို့ကို ဆောင်၏။

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သစ်သီး ကြီးငယ် အကျိုးငှါ သွားသည်ရှိသော် သမုဒ္ဒရာ ကျွန်းငယ်၌ နေသော တစ်ပါးသော ရသေ့သည် ဆွမ်းခံသော အချိန်၌ ကောင်းကင်ဖြင့်လာ၍ မီးခိုးကို မြင်၍ ကျောင်း၌ သက်ဆင်း၏။ ထိုအခါ ထိုရသေ့ကို ထိုသတို့သမီးသည် ကျက်ရုံ နေဦးလော့ဟု နေစေ၍ မိန်းမတို့ အမူအရာဖြင့် ဖြားယောင်း၍ စျာန်မှ ယုတ်စေ၍ သေ့၏ မြတ်သော အကျင့်ကို ကွယ်စေ၏။ ထိုရသေ့သည် အတောင်ပြတ်သော ကျီးကဲ့သို့ ဖြစ်၏။ ထိုမိန်းမကို စွန့်ခြင်းငှါ မစွမ်းနိုင်ကား တစ်နေ့တော်လုံး ထိုအရပ်၌လျှင် နေ၍ လာလတ်သော ဘုရားလောင်းကို မြင်၍ လျင်မြန်သဖြင့် သမုဒ္ဒရာသို့ ရှေးရှုပြေး၏။ ထိုအခါ ထိုရသေ့ကို ထိုဘုရားလောင်းသည် ဤသူကား ငါ၏ ရန်သူ ဖြစ်လတ္တံ့ဟု သန်လျက်ကို ကိုင်၍ လိုက်၏။ ရသေ့သည် ကောင်းကင်သို့ ပျံအံ့သောငှါ အခြင်းအရာကို ပြ၍ သမုဒ္ဒရာ၌ ကျ၏။ ဘုရားလောင်းသည် ဤရသေ့ကား ကောင်းကင်ဖြင့် လာသည် ဖြစ်လတ္တံ့။ စျာန်မှ ယုတ်သည်၏ အဖြစ်ကြောင့် သမုဒ္ဒရာ၌ ကျ၏။ ယခု ငါသည် သေ့၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟု ကြံလျက် သမုဒ္ဒရာ ကမ်းနား၌ ရပ်၍ ဤဂါထာတို့ကို ဆို၏—

၃၇။ အဘိဇ္ဇမာနေ ဝါရိသ္မိံ၊ အယံ အာဂမ္မ ဣဒ္ဓိယာ။
မိဿီ ဘာဝိတ္ထိယာ ဂန္တွာ၊ သံသီဒသိ မဟဏ္ဏဝေ။

၃၈။ အာဝဋ္ဋနီ မဟာမာယာ၊ ဗြဟ္မစရိယကောပနာ။
သီဒန္တိ နံ ဝိဒိတွာန၊ အာရကာ ပရိဝဇ္ဇယေ။

၃၉။ ယံ ဧတာ ဥပသေဝန္တိ၊ ဆန္ဒသာ ဝါ ဓနေန ဝါ။
ဇာတဝေဒေါဝ သံ ဌာနံ၊ ခိပ္ပံ အနုဒဟန္တိ နံ။

ဤရသေ့သည် တန်ခိုးဖြင့် ရေကို မပြိုကွဲစေဘဲ လာခဲ့၍ မိန်းမနှင့် ရောနှောမိ၍ သမုဒ္ဒရာ၌ နစ်ရ၏၊

မိန်းမတို့သည် လှည့်စားတတ်ကုန်၏၊ မာယာ များကုန်၏၊ မြတ်သော အကျင့်ကို ဖျက်ဆီး တတ်ကုန်၏၊ အပါယ်တို့၌ နစ်မွန်း စေတတ်ကုန်၏။ ထိုအကြောင်းကို သိ၍ ထိုမိန်းမတို့ကို ပညာရှိသူသည် အဝေးမှ ရှောင်ကြဉ်ရာ၏၊

မီးသည် မိမိတည်ရာကို လောင်သကဲ့သို့ ထိုမိန်းမတို့သည် ချစ်သဖြင့်လည်းကောင်း၊ဥစ္စာဖြင့်လည်းကောင်း ချဉ်းကပ်မှီဝဲကုန်သော ထိုယောကျ်ားကို လျင်စွာ ပူလောင် တတ်ကုန်၏။

ဤသို့ ဆိုသော ဘုရားလောင်း၏ စကားကို ကြား၍ ရသေ့သည် သမုဒ္ဒရာ အလယ်၌လျှင် ပျောက်ပြီးသော စျာန်ကို တင်ဖန် ဖြစ်စေ၍ ကောင်းကင်ဖြင့် မိမိ၏ နေရာသို့လျှင် သွား၏။ ဘုရားလောင်းသည် ဤရသေ့ကား ဤသို့ လေးသော ကိုယ်ရှိလျက် လက်ပံဂွမ်းစိုင်ကဲ့သို့ ကောင်းကင်ဖြင့်လျှင် သွား၏။ ငါသည်လည်း ရသေ့ကဲ့သို့ စျာန်ကို ဖြစ်စေ၍ ကောင်းကင်၌ သွားခြင်းငှါ သင့်၏ဟု ကြံပြီး၍ ထိုဘုရားလောင်းသည် ကျောင်းသို့ သွား၍ ထိုမိန်းမကို လူ့ပြည်သို့ ဆောင်၍ သင်သည် သွားလေလော့ဟု လွှတ်လိုက်၏။ တောသို့ ဝင်၍ နှစ်သက်ဖွယ်ရှိသော မြေအဖို့၌ ကျောင်းဆောက်၍ ရသေ့ရဟန်းပြု၍ ကသိုဏ်းပရိကံကို စီးဖြန်း၍ အဘိညာဉ် သမာပတ်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အနိတ္ထိဂန္ဓ မင်းသား ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်သုံးခုမြောက်သော စူဠပလောဘန ဇာတ်သည် ပြီး၏။

---

၂၆၄-မဟာပနာဒဇာတ်

ကျောင်းအလှူ အကျိုးအာနိသင်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ပနာဒေါ နာမ သော ရာဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာပနာဒဇာတ်ကို ဂင်္ဂါနား၌ နေတော်မူစဉ် ဘဒ္ဒဇိမထေရ်၏ အာနုဘော်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ရံရောအခါ သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ဝင်တော်မူစဉ် ဘဒ္ဒဇိ သတို့သားအား သင်္ဂြိုဟ်ခြင်းကို ပြုအံ့ဟု ရဟန်း သံဃာ ခြံရံလျက် ဒေသစာရီ ကြွတော်မူသည်ရှိသော် ဘဒ္ဒိယ မြို့သို့ ရောက်၍ အလိုလိုဖြစ်သော တောဌ် ဘဒ္ဒဇိ သတို့သား၏ ဉာဏ်ရင့်ခြင်းကို ငံ့တော်မူလျက် သုံးလပတ်လုံး နေတော်မူ၏။ ဘဒ္ဒဇိ သတို့သားသည် များစွာသော အခြံအရံ ရှိ၏။ ကုဋေ ရှစ်ဆယ် ကြွယ်ဝသော ဘဒ္ဒိယ သူဌေး၏ တစ်ယောက်တည်းသော သားဖြစ်၏။ ထိုဘဒ္ဒိယ သူဌေးသားအား ဥတုသုံးပါးအား လျော်ကပ်သော ပြာသာဒ် သုံးဆောင်တို့သည် ဖြစ်ကုန်၏။ တစ်ဆောင် တစ်ဆောင်သော ပြာသာဒ်၌ လေးလ လေးလစီ နေ၏။ တစ်ဆောင်သော ပြာသာဒ်၌ နေပြီး၍ ကချေသည် အပေါင်း ခြံရံလျက် များစွာသော အခြံအရံဖြင့် တစ်ဆောင်သော ပြာသာဒ်သို့ ပြောင်းသွား၏။ ထိုခဏ၌ သတို့သား၏စည်းစိမ်ကိုကြည့်ကုန်အံ့ဟု မြို့အလုံးလည်း ချောက်ချား၏။ ပြာသာဒ်တို့၏ အကြား၌လည်း ညောင်စောင်း အဆင့်အဆင့် တို့ကို ဖွဲ့ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် သုံးလပတ်လုံး နေတော်မူပြီး၍ ငါတို့ သွားကြကုန်အံ့ဟု မြို့သူတို့အား ကြားတော်မူ၏။

မြို့သူတို့သည် ဘုန်းတော်ကြီးသော အရှင်ဘုရား နက်ဖြန် ကြွတော်မူပါဟု သဗ္ဗညု မြတ်စွာဘုရားကို ပင့်ဖိတ်၍ နှစ်ရက်မြောက်သော နေ့၌ ဘုရား အမှူး ရှိသော ရဟန်း သံဃာအား အလှူကြီးကို စီရင်၍ မြို့လယ်၌ မဏ္ဍပ်ဆောက်၍ တန်ဆာဆင်၍ နေရာခင်း၍ ကာလကို ကြားလျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာ ဘုရားသည် ရဟန်း သံဃာ ခြံရံလျက် ထိုမဏ္ဍပ်သို့ ကြွတော်မူ၍ နေတော်မူ၏။ လူတို့သည် အလှူကြီးကို ပေးကုန်၏။ သဗ္ဗညု မြတ်စွာ ဘုရားသည် ဆွမ်းဘုဉ်း ပေးတော် မူပြီးသော် သာယာစွာသော အသံ တော်ဖြင့် အနုမောဒနာ ပြုတော် မူ၏။ ထိုခဏ၌ ဘဒ္ဒဇိ သူဌေးသား သည်လည်း ပြာသာဒ် တစ်ဆောင်သို့ သွား၏။ ထိုဘဒ္ဒဇိ သူဌေးသား၏ စည်းစိမ်ကို ကြည့်အံ့သောငှါ ထိုနေ့၌ တစ်စုံတစ်ယောက်သောသူသည် မလာ၊ မိမိလူတို့သည်သာလျှင် သူဌေးသားကို ခြံရံကုန်၏။ ဘဒ္ဒဇိသူဌေးသားသည် တစ်ပါးသောကာလ၌ ငါသည် ပြာသာဒ်တစ်ဆောင်မှ ပြာသာဒ်တစ်ဆောင်သို့ သွားသော် မြို့အလုံးသည် ချောက်ချား၏။ လည်းအဆင့်ဆင့် ညောင်စောင်း အဆင့်ဆင့်တို့ကို ဖွဲ့ကုန်၏၊ ယနေ့ကား ငါ၏ လူတို့ကို ထား၍ တစ်ပါးသော တစ်စုံတစ်ယောက်သော လူတို့သည် မရှိ၊ အကြောင်း အသို့နည်းဟု လူတို့ကို မေး၏။ ဒါရှင့်သား- သဗ္ဗညု မြတ်စွာဘုရားသည် ဤဘဒ္ဒိယမြို့ကို မှီတော်မူ၍ သုံးလပတ်လုံး နေတော်မူပြီး၍ ယနေ့ ကြွတော်မူအံ့ဟု ဆွမ်းဘုဉ်းပေးပြီး၍ လူများအား တရားဟောတော်မူ၏။ အလုံးစုံသော မြို့သူတို့သည်လည်း ဘုရား၏ တရားတော်ကို နာကုန်လတ္တံ့ဟု ဆိုကုန်၏။

ဘဒ္ဒဇိသူဌေးသားသည် အချင်းတို့– ထိုသို့တပြီးကား လာကြကုန်လော့၊ ငါတို့သည် တရားတော်ကို နာကုန်အံ့ဟု ငြိမ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် လျှင် များစွာသော အခြံအရံဖြင့် ချဉ်းကပ်၍ ပရိသတ်အစွန်း၌ တည်၍ နာလျက်လျှင် ငြိမ်သိမ်းသော ကိလေသာတို့ကို ကုန်စေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဘဒ္ဒိယသူဌေးကို ခေါ်တော်မူ၍ သူဌေးကြီး သင်၏သားသည် တန်ဆာဆင်လျက်လျှင် တရားကို နာသည်ရှိသော် အရဟတ္တဖိုလ်၌ တည်၏။ ထို့ကြောင့် ဘဒ္ဒဇိအား ယနေ့လျှင် ရဟန်းပြုအံ့သော ငါ့လည်းကောင်း၊ ပရိနိဗ္ဗာန် ပြုအံ့သော်ငါ့ လည်းကောင်း သင့်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်သားအား ပရိနိဗ္ဗာန် ပြုခြင်းဖြင့် အလိုမရှိ၊ အကျွန်ုပ်သားကို ရဟန်းပြုပါကုန်၊ ရဟန်းပြုပြီး၍ အကျွန်ုပ်သားကို ခေါ်တော်မူ၍ နက်ဖြန် အကျွန်ုပ် အိမ်သို့ ကြွတော်မူပါကုန်ဟု လျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ပင့်ဖိတ်ခြင်းကို သည်းခံတော်မူ၍ အမျိုးသားကို ခေါ်တော်မူ၍ ကျောင်းသို ကြွတော်မူ၍ ရဟန်းပြုစေ၍ ပဉ္စင်းအဖြစ်ကို ပေးတော်မူ၏။ ဘဒ္ဒဇိမထေရ်၏ မိဘတို့သည် ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော်သက္ကာရကို ပြုကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး နေတော်မူ၏။ အမျိုးကောင်းသားကို ခေါ်တော်မူ၍ ဒေသစာရီ ကြွတော်မူသည်ရှိသော် ကောဋိရွာသို့ ဆောင်တော်မူ၏။ ကောဋိရွာ၌ နေကုန်သောသူတို့သည် ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ပေးကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောကိစ္စ အဆုံး၌ အနုမောဒနာ ပြုတော်မူ၏။ အမျိုးကောင်းသားသည် ဘုရား အနုမောဒနာပြုသော ကာလ၌ ရွာအပသို့သွား၍ ဘုရားကြွတော်မူလာသော ကာလ၌ ချွန်မှထအံ့ဟု ဂင်္ဂါကမ်းနား၏အနီး တစ်ခုသော သစ်ပင်ရင်း၌ ချွန်ဝင်စား၍ နေ၏။ မထေရ်ကြီးတို့သည် လာကုန်သော်လည်း မထမူ၍ ဘုရားကြွလာသောအခါ၌သာလျှင် ချွန်မှထ၏။ ပုထုဇဉ် ရဟန်းတို့သည်ကား ဤဘဒ္ဒဇိသည် ရှေး၌ ရဟန်းပြုဘိသကဲ့သို့ ယမန်နေ့၌ ရဟန်းပြုလျက် လာကုန်သော မထေရ်တို့ကို မြင်၍လည်း မထဟု အမျက်ထွက်ကုန်၏။ ကောဋိရွာ၌နေကုန်သော သူတို့သည် လှေဖောင်ကို ဖွဲ့ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လှေဖောင်စီးသော သံဃာ အလယ်၌ တည်တော်မူ၍ ဘဒ္ဒဇိသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား- ဤဘဒ္ဒဇိသည် ဤမှာလျှင်တည်းဟု လျှောက်ကုန်၏။ ဘဒ္ဒဇိ လာလော့၊ ငါတို့နှင့်အတူ တစ်စင်းတည်းလှေကို စီးလော့ဟု မိန့်တော်မူ၏။

ဘဒ္ဒဇိမထေရ်သည် သွား၍ သဗ္ဗညု မြတ်စွာဘုရားရှင်နှင့်အတူ တစ်စင်းတည်းသော လှေ၌ စီး၏။ ထိုနေ့ဝယ် ထိုဘဒ္ဒဇိမထေရ်ကို ဂင်္ဂါအလယ်သို့ ရောက်သောကာလ၌ သဗ္ဗညု မြတ်စွာဘုရားသည် ဘဒ္ဒဇိ သင်သည် မဟာပနာဒမင်းဖြစ်သော ကာလ၌ နေသော ပြာသာဒ်သည် အဘယ်မှာနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤအရပ်၌ နေ၏ဟု လျှောက်၏။ ပုထုဇဉ်ရဟန်းတို့သည် ဘဒ္ဒဇိမထေရ်ကား တစ်ပါးကို ပြောဆို၏ဟု ဆိုကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဘဒ္ဒဇိ ထိုသို့တပြီးကား ရဟန်းတို့၏ ယုံမှားခြင်းကို ဖျောက်လော့ဟု မိန့်တော်မူ၏၊ ထိုခဏ၌ ဘဒ္ဒဇိမထေရ်သည် သဗ္ဗညု မြတ်စွာဘုရားကို ရှိခိုး၍ တန်ခိုးအစွမ်းဖြင့် သွား၍ ပြာသာဒ် ထုပ်ကာကို ခြေချောင်းဖြင့် ညှပ်၍ နှစ်ဆယ့်ငါးယူဇနာရှိသော ပြာသာဒ်ကိုယူ၍ ကောင်းကင်သို့ ပျံ၏။ ကောင်းကင်သို့ ပျံသော အရှင်ဘဒ္ဒဇိမထေရ်သည် ပြာသာဒ်အောက်၌ တည်ကုန်သော သူတို့အား ပြာသာဒ်ကို ဖောက်၍ ထင်၏။ အရှင်ဘဒ္ဒဇိမထေရ်သည် တစ်ယူဇနာ နှစ်ယူဇနာ သုံးယူဇနာတိုင်သော ရေမှ ပြာသာဒ်ကို ချီ၏။ ထိုအခါ အရှင်ဘဒ္ဒဇိမထေရ်၏ ရှေးဘဝ၌ ဆွေမျိုးဖြစ်ကုန်သော ပြာသာဒ်၌ တပ်စွန်းသဖြင့် ငါး, လိပ်, နဂါး, ဖားတို့၏ အဖြစ်ဖြင့် ထိုပြာသာဒ်၌ ဖြစ်ကုန်၏၊ ပြာသာဒ်ကို ချီလတ်သော် ခုန်၍ ရေ၌လျှင် ကျကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ရေ၌ ကျကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ ဘဒ္ဒဇိ သင့်ဆွေမျိုးတို့သည် ပင်ပန်းကုန်၏ဟု မိန့်တော်မူ၍ ဘဒ္ဒဇိမထေရ်သည် စကားကို ကြား၍ ပြာသာဒ်ကို လွှတ်၏။ ပြာသာဒ်သည် တည်မြဲတိုင်း၌လျှင် တည်၏။ ဂင်္ဂါကမ်းနား၌လျှင် မြတ်စွာဘုရား၏ နေရာတော်ကို ခင်းကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ခင်းအပ်သော မြတ်သောဘုရားနေရာတော်၌ တက်သစ်သော နေလုလင်ကဲ့သို့ ရောင်ခြည်တော်တို့ကို လွှတ်လျက် နေတော်မူ၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားကို ရဟန်းတို့သည် ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ်ကာလ၌ ဘဒ္ဒဇိမထေရ်သည် သုံးဆောင်ဖူးသနည်းဟု လျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် မဟာပနာဒမင်းဖြစ်သောကာလ၌ ဘဒ္ဒဇိမထေရ်သည်သုံးဆောင်ဖူး၏ဟုမိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**

လွန်လေပြီးသောအခါ ဝိဒေဟတိုင်း မိထိလာပြည်၌ သုရုစိမည်သော မင်းသည် မင်းပြု၏။ ထိုသုရုစိမင်း၏ သားသည်လည်း သုရုစိ မည်သည်လျှင်ကတည်း။ ထိုသုရုစိမင်း၏ သားသည် မဟာပနာဒမည်၏။ ထိုမင်းတို့သည် ဤပြာသာဒ်ကို ရဖူးကုန်၏။ ရခြင်းအကျိုးကား လွန်လေပြီးသော အခါ

နှစ်ယောက်ကုန်သော သားအဖတို့သည် ကျူထရံ ရေသဖန်းသားသစ်တို့ဖြင့် ပစ္စေကဗုဒ္ဓါ၏နေရာကျောင်းကို ဆောက်လုပ် ကုန်၏။ ဤဇာတ်၌ အလုံးစုံသော အတိတ်ဝတ္ထုသည် ပကိဏ္ဏကနိပါတ် ခြောက်ခုမြောက် သုရုစိဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ သဗ္ဗညု မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၄၀။ ပနာဒေါ နာမ သော ရာဇာ၊ ယဿ ယူပေါ သုဝဏ္ဏယော။
တိရိယံ သောဠသုဗ္ဗေဓော၊ ဥဒ္ဓမာဟု သဟဿဓာ။

၄၁။ သဟဿကဏ္ဍော သတဂေဏ္ဍု၊ ဓဇာလု ဟရိတာမယော။
အနစ္စုံ တတ္ထ ဂန္ဓဗ္ဗာ၊ ဆ သဟဿာနိ သတ္တဓာ။

၄၂။ ဧဝမေတံ တဒါ အာသိ၊ ယထာ ဘာသသိ ဘဒ္ဒဇိ။
သက္ကော အဟံ တဒါ အာသိံ၊ ဝေယျာဝစ္စကရော တဝ။

ပနာဒမည်သောမင်း၏ ပြာသာဒ်သည် ရွှေဖြင့် ပြီး၏။ နှစ်ဆယ့်ငါးယူဇနာ မြင့်၍။ ယူဇနာဝက် ကျယ်၏၊ ဘုံဆင့်တစ်ရာ ရှိ၏။ တံခွန်များစွာ ရှိ၏။ ပတ္တမြား စိမ်းတို့ဖြင့် ပြီး၏။ ထိုပြာသာဒ်၌ ခြောက်ထောင်ကုန်သော ကချေသည်တို့သည် ခုနစ်ဌာနတို့၌ ကကုန်၏။

ဤသို့ ကကုန်သော်လည်း မင်းကိုရွှင်စေခြင်းငှါ မတတ်နိုင်ကုန်၊ ထိုအခါ သိကြားမင်းသည် နတ်ကချေသည်ကို စေလွှတ်၍ သဘင်ပြုစေ၏။ ထိုအခါ မဟာပနာဒမင်းသည် ရွှင်၏။

ဘဒ္ဒဇိ သင်ဆိုသော အခြင်းအရာအတိုင်းသာလျှင် ဖြစ်ပြီ။ ငါသည် ထိုအခါက သင်၏ အမှုကြီးငယ်ကို ဆောင်ရွက်သော သိကြားမင်းဖြစ်ပြီ။

ဤသို့ ဟောတော်မူသောခဏ၌ ပုထုဇဉ်ရဟန်းတို့သည် ယုံမှားခြင်း ကင်း ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဘဒ္ဒဇိမထေရ်သည် ထိုအခါ မဟာပနာဒမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်လေးခုမြောက်သော မဟာပနာဒဇာတ်သည် ပြီး၏။

## ၂၆၅-ခုရပ္ပဇာတ်

## (သေဝ့်မှ ဆူရဲကောင်း)

## သူဆန်မှား ရဲမှု၊ ကြောက်လျှင်လွဲ ရဲမင်းဖြစ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဒိဿာ ခုရပ္ပေ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤခုရပ္ပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျော့သော ဝီရိယရှိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းကို သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းသင်ကား လျော့သော ဝီရိယရှိသော ဟူသည် မှန်သလောဟု မေးတော်မူ၏။ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း အဘယ့်ကြောင့် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ဝီရိယကို လျော့ဘိသနည်း၊ ရှေးပညာရှိတို့သည် ဝဋ်ဆင်းရဲမှ မထွက်မြောက် စေတတ်သော အရာ၌လည်း ဝီရိယကို ပြုကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော တောအုပ်စောင့်အမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ငါးရာသော အခြံအရံ ရှိသည်ဖြစ်၍ တောအုပ်စောင့်တို့တွင် အကြီးဖြစ်၍ တောအုပ်ဝယ် တစ်ခုသောရွာ၌နေ၏။ ထိုတောအုပ်စောင့်သည်ကား အခယူ၍ လူတိုင်းကို တောအုပ်ကို လွန်စေ၏။ ထိုအခါ တစ်နေ့သ၌ ဗာရာဏသီပြည်၌ နေသော လှည်းကုန်သည်၏ သားသည် လှည်းငါးရာတို့ဖြင့် ထိုရွာသို့ ရောက်၍ အဆွေ· တစ်ထောင်သော အသပြာကို ယူ၍ ငါ့အား တောအုပ်ကို လွန်စေလောဟု ဆို၏။ ထို တောအုပ်စောင့်သည် ကောင်းပြီဟု လှည်းကုန်သည်လက်မှ တစ်ထောင်သော အသပြာကို ယူ၏။ ယူပြီးလျှင် လှည်းကုန်သည်အား အသက်ကို စွန့်၍ ထိုတောအုပ်စောင့်သည် လည်း ကုန်သည်ကို ယူ၍ တောအုပ်သို့ ဝင်၏။ တောအုပ်အလယ်၌ ငါးရာကုန်သော ခိုးသူတို့သည် ထကုန်၏။ ခိုးသူတို့ကိုမြင်၍ ဘုရားလောင်းမှ ကြွင်းသော သူတို့သည် ရင်ဖြင့် ဝပ်ကုန်၏။ တောအုပ်စောင့် အကြီးသည်ကား တစ်ယောက်ထည်းသာလျှင် ဟစ်ကြွေးကြော်ငြာလျက် ပစ်လွှတ်၍ ငါးရာသော ခိုးသူတို့ကို

ပြေးစေ၏။ လှည်းကုန်သည် သားကိုလည်း ချမ်းသာသဖြင့် ကန္တာရကို ကူးခပ်စေ၏။ လှည်းကုန်သည်သားသည် ကန္တာရ တစ်ဖက်၌ လှည်းကိုရပ်စေ၍ တောအုပ်စောင့်အကြီးကို အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ် ကို စားစေ၍ မိမိသည်လည်း နံနက်စာစား၍ ချမ်းသာစွာနေလျက် ထိုတောအုပ် စောင့် အကြီးနှင့်တကွ စကားပြောလတ်သည်ရှိသော် အဆွေ ကြမ်းကြုတ် ကုန်သော ခိုးသူတို့၏ လက်နက်တို့ကို ကိုင်၍ လှမ်းမိုးသော ကာလ၌ အဘယ် အကြောင်းကြောင့် စိတ် ထိတ်လန့်ခြင်းမျှသည်လည်း မဖြစ်သနည်းဟု မေးလို ရကား ဤဂါထာကို ဆို၏—

၄၃။ ဒိသွာ ခုရပ္ပေ ဓနုဝေဂနုန္နေ၊
ခဂ္ဂေ ဂဟီတေ တိခိဏေ တေလဓောတေ။
တသ္မိံ ဘယသ္မိံ မရဏေ ဝိယူဠ္ဟေ၊
ကသ္မာ နု တေ နာဟု ဆမ္ဘိတတ္တံ။

အဆွေ လေး၏အဟုန်ဖြင့် ပစ်လွှတ်အပ်ကုန်သော စဉ်းသွား တို့ကိုလည်း ကောင်း၊ ကိုင်စွဲအပ်ကုန်သော ထက်စွာကုန်သော ဆီဖြင့် သွေးအပ်ကုန်သော သန်လျက်တို့ကိုလည်းကောင်း မြင်၍ ကြောက်မက်ဖွယ်ရှိသော ထိုသေခြင်းသည် ထင်စွာ ဖြစ်ခါလာပါလျက် အဘယ့်ကြောင့် သင့်အား ကိုယ်တုန်လှုပ်ခြင်း မဖြစ်သနည်း။

ထိုစကားကို ကြား၍ တောအုပ်စောင့် အကြီးသည် ဤဂါထာ တို့ကို ဆို၏—

၄၄။ ဒိသွာ ခုရပ္ပေ ဓနုဝေဂနုန္နေ၊
ခဂ္ဂေ ဂဟီတေ တိခိဏေ တေလဓောတေ။
တသ္မိံ ဘယသ္မိံ မရဏေ ဝိယူဠ္ဟေ၊
ဝေဒံ အလတ္ထံ ဝိပုလံ ဥဠာရံ။

၄၅။ သော ဝေဒဇာတော အဇ္ဈဘဝိံ အမိတ္တေ၊
ပုဗ္ဗေဝ မေ ဇီဝိတမာသိ စတ္တံ၊
န ဟိ ဇီဝိတေ အာလယံ ကုဗ္ဗမာနော၊
သူရော ကယိရာ သူရကိစ္စံ ကဒါစိ။

အဆွေ ငါသည် လေး၏အဟုန်ဖြင့် ပစ်လွှတ်အပ်ကုန်သော စဉ်းသွားတို့ကို လည်းကောင်း၊ ကိုင်စွဲအပ်ကုန်သော ထက်စွာကုန်သော ဆီဖြင့်သွေးအပ်ကုန်သော သန်လျက်တို့ကိုလည်းကောင်း မြင်၍ ကြောက်မက်ဖွယ်ရှိသော ထိုသေခြင်းသည် ထင်လာသည်ရှိသော် များစွာသော မြတ်သောနှစ်သက်ခြင်း ဝမ်းမြောက်ခြင်း

ရရှိလာသော ငါသည် ရန်သူတို့ကို လွှမ်းမိုးပြီ၊ ရှေးကတည်းက ငါသည် အသက်ကို စွန့်အပ်ပြီးပြီ။ မှန်၏၊ အသက်၌ တပ်စွန်းသော သူရဲသည် တစ်ရံ တစ်ဆစ်မျှ သူရဲမပြုလုပ်သင့်။

ဤသို့ ထိုတောအုပ်စောင့်အကြီးသည် သူတစ်ပါးအား စွန့်အပ်သော အသက်၌ တပ်စွန်းခြင်းကို လွှတ်သဖြင့် မိမိ၏ သူရဲကိစ္စကို သိစေ၍ လှည်းကုန်သည်သားကို လွှတ်လိုက်၍ မိမိရွာသို့သာလျှင် ပြန်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြု၍ ကံအားလျော်စွာ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျော့သောဝီရိယ ရှိသော ရဟန်းသည် အရဟတ္တဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တောအုပ်စောင့်အကြီးဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မသေဝံ့ဘဲ၊ သူရဲမလုပ်နှင့်၊ သေဝံ့မှ သူရဲလုပ်)

နှစ်ရာခြောက်ဆယ့်ငါးခုမြောက်သော ခုရပ္ပဇာတ်သည် ပြီး၏။

---

## ၂၆၆-ဝါတဂ္ဂသိန္ဓဝဇာတ်

### အမှု လွန်သော မိန်းမ

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယေနာသိ ကိသိယာ ပဏ္ဍု" ဟူ၍စရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါတဂ္ဂသိန္ဓဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်၌ တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ အဆင်းလှသော တစ်ယောက်သော မိန်းမသည် အဆင်းလှသော တစ်ယောက်သော သူကြွယ်ကို မြင်၍ တပ်စွန်းသော စိတ်ရှိသတတ်။ ကိုယ်အလုံးကို မီးလောင်သကဲ့သို့ ထိုမိန်းမ၏ ကိုယ်တွင်း၌ ကိလေသာမီးသည် ဖြစ်၏။ ထိုမိန်းမသည် ကိုယ်၏ ချမ်းသာခြင်း စိတ်၏ ချမ်းသာခြင်းကို မရ၊ ထမင်းကိုလည်း မစား၊ ညောင်စောင်းပေါင်ကိုလျှင် ကိုင်၍ အိပ်၏။ ထိုအခါ

ထိုမိန်းမကို အလုပ်အကျွေး တို့သည်လည်းကောင်း၊ အဆွေခင်ပွန်း တို့သည် လည်းကောင်း၊ မိခင် သင်သည် အဘယ့်ကြောင့်လျှင် တုန်လှုပ်သော စိတ်ရှိသည် ဖြစ်၍ ညောင်စောင်းပေါင်ကို ကိုင်၍ အိပ်သနည်း၊ သင့်အား အဘယ်ရောဂါ ဝေဒနာ ဖြစ်သနည်းဟု မေးကုန်၏။ ထိုသို့ မေးကုန်သော် အလုပ်အကျွေး အဆွေခင်ပွန်းတို့အား တစ်ကြိမ် နှစ်ကြိမ် မေးသော ကာလ၌ မပြောမူ၍ အဖန်တလဲလဲ မေးအပ်သည် ရှိသော် ထိုအကြောင်းကို ကြား၏။

ထိုအခါ ထိုမိန်းမကို အလုပ်အကျွေး အဆွေခင်ပွန်းဖြစ်ကုန်သော မိန်းမ တို့သည် နှစ်သိမ့်စေ၍ ရှင်မ သင်သည် မကြံလင့်၊ ငါတို့သည် ထိုသူကြွယ်ကို ဆောင်ကုန်အံ့ဟုဆို၍ သွား၍ သူကြွယ်နှင့်တကွ ပြောဆိုကုန်၏။ ထိုသူကြွယ်သည် ငြင်းပယ်၍ အဖန်တလဲလဲ ဆိုအပ်သည် ရှိသော် သည်းခံ၏။ ထိုမိန်းမတို့သည် ဤမည်သောနေ့ ဤမည်သောအချိန် လာလော့ဟု ထိုသူကြွယ်ကို ဝန်ခံခြင်းကို ယူစေ၍ သွား၍ ထိုမိန်းမအား ပြောဆိုကုန်၏။ ထိုမိန်းမသည် မိမိနေရာ တိုက်နေးကို ပြင်ဆင်၍ ကိုယ်ကို တန်ဆာဆင်၍ အိပ်ရာအပြင်၌နေလျက် သူကြွယ် သည် လာ၍ အိပ်ရာတစ်ပိုင်း၌ နေလတ်သော် ငါသည် ဤသူကြွယ်အား အလေးမပြုမူ၍ ယခုပင်လျှင် အကယ်၍ အခွင့်ပြုချေအံ့၊ ငါ့အား အစိုးရသော အဖြစ်သည် ယုတ်လတ္တံ့၊ လာသော နေ့၌လျှင် အခွင့်ပြုခြင်းမည်သည်ကား မလျော်မသင့်၊ ယနေ့ သူကြွယ်ကို မျက်နှာမသာအောင် ပြုလိုက်၍ တစ်ပါးသော နေ့မှ အခွင့်ပြုအံ့ဟု ကြံ၏။ ထိုအခါ လက်ကို ကိုင်ခြင်း အစရှိ သည်၏ အစွမ်း အားဖြင့် ကစားအံ့သောငှါ အားထုတ်သော သူကြွယ်ကို လက်၌ ကိုင်၍ ဖဲလေ ဖဲလေ၊ ငါ့အား သင်ဖြင့် အလိုမရှိဟု မြစ်၏။ သူကြွယ်သည် နောက်သို့ဆုတ်လျက် ရှက်၍ ထပြီးသော် မိမိအိမ်သို့လျှင် သွား၏။

တစ်ပါးကုန်သော မိန်းမတို့သည် ထိုမိန်းမသည် လက်ကိုင် မခံခြင်း အစ ရှိသော အဖြစ်တို့ကို သိ၍ သူကြွယ်ထွက်သွားသော် ထိုမိန်းမသို့ ချဉ်းကပ်၍ သင်သည် ထိုသူကြွယ်၌ တပ်စွန်းသော စိတ်သည် ဖြစ်၍ အစာအာဟာရ တို့ကို ပယ်လျက် အိပ်၏။ ထိုအခါ ငါတို့သည် ထိုသူကြွယ်ကို အဖန်တလဲလဲ တောင်းပန်၍ ဆောင်ကုန်၏။ ထိုသူကြွယ်အား အဘယ် အကြောင်းကြောင့် ခွင့်မပြုသနည်းဟု မေးကုန်၏။ ထိုမိန်းမသည် ထိုအကြောင်းကို ကြား၏။ တစ်ပါးသော မိန်းမတို့သည် ထိုသို့ တပြုံးကား သင်သိလတ္တံ့ဟု ဆို၍ ဖဲကုန်၏။ သူကြွယ်သည် တဖန်ပြန်၍ မကြည့်။ ထိုမိန်းမသည် ထိုသူကြွယ်ကို မရ၍ အစာစားခြင်း ကင်းသည် ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်၏၊ သူကြွယ် သည် ထိုမိန်းမ၏ သေသောအဖြစ်ကို သိ၍ များစွာသော ပန်း နံ့သာပျောင်း တို့ကိုယူ၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ပူဇော်၍တင့်အပ် လျောက်ပတ်စွာ နေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် သီတင်းသည် သင်ကား

အဘယ့်ကြောင့် မထင်လာသနည်းဟု မေးတော်မူ၏။ ထိုအကြောင်းကို ကြားလျှောက်၏ ဘုန်းတော်ကြီးသော အရှင်ဘုရား ထိုမျှလောက်သောကာလ ပတ်လုံး အကျွန်ုပ်သည် ရှက်၍ အရှင်ဘုရားသို့ ဆည်းကပ်အံ့သောငှါ မလာပေသည်ဟု လျှောက်လတ်သော် သီတင်းသည် ထိုမိန်းမသည် ယခုအခါ၌သာလျှင် ကိလေသာ၏ အစွမ်းအားဖြင့် သင့်ကို ခေါ်စေ၍ လာသောကာလ၌ အခွင့်ကို မပြုဘဲ ရှက်စေသည် မဟုတ်သေး၊ ရှေး၌လည်း ပညာရှိတို့၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ ခေါ်စေ၍ လာသောကာလ၌ အခွင့်ကို မပြုမူ၍ ပင်ပန်းစေ၍ လွှတ်ဖူး၏ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိန္ဓောမျိုး၌ ဖြစ်၍ ဝါတဂ္ဂသိန္ဓဝ မည်သော မင်္ဂလာမြင်း ဖြစ်၏။ မြင်းထိန်းတို့သည် ထိုဝါတဂ္ဂသိန္ဓဝမြင်းကို ဆောင်၍ ဂင်္ဂါမြစ်ကမ်းနား၌ ရေချိုးကုန်၏။ ထိုအခါ သိန္ဓောမြင်းကို ဘဒ္ဒလီမည်သော မြည်းမသည်မြင်၍ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ကိလေသာ၏ အစွမ်းဖြင့် တုန်လှုပ်လျက် မြက်ကိုမစား ရေကိုမသောက် ခြောက်ကပ်ကြုံလှီ၍ အရိုးအရေမျှ ကြွင်းသည် ဖြစ်၏။ ထိုအခါ သားမြည်းငယ်သည် ခြောက်ကပ်ကြုံလှီသော အမိကို မြင်၍ မိခင် သင်သည် အဘယ့်ကြောင့် မြက်ကိုမစား ရေကို မသောက် ခြောက်ကပ်ကြုံလှီသည် ဖြစ်၍ ထိုထိုသော အရပ်၌ တုန်လှုပ်လျက် အိပ်သနည်း၊ သင့်အား အဘယ်ရောဂါ ဝေဒနာ ဖြစ်သနည်းဟု မေး၏။ ထိုမြည်းမသည် မပြောမဆိုမူ၍လျှင် အဖန်တလဲလဲ မေးမှ ထိုအကြောင်းကို ပြောဆို၏။ ထိုအခါ မြည်းမကို သားသည် နှစ်သိမ့်စေ၍ မိခင် သင်မစိုးရိမ်လင့်၊ ငါတို့ သိန္ဓောမြင်းကို ဆောင်၍ပေးအံ့ဟု ဆို၍ ဝါတဂ္ဂသိန္ဓောမြင်း ရေချိုးအံ့သောငှါ လာသော ကာလ၌ ဆည်းကပ်၍ သခင် အကျွန်ုပ်၏ အမိသည် သင်တို့၌ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ အာဟာရစားခြင်းမှ ကင်းလျက် ခြောက်၍ သေလတ္တံ့။ ထိုအမိအား အသက် အလှူကို ပေးပါကုန်လော့ဟု ဆို၏။

ချစ်သား ကောင်းပြီ၊ ပေးအံ့ပ မြင်းထိန်းတို့သည် ငါ့ကို ရေချိုး၍ အဝန်ငယ် ဂင်္ဂါမြစ်ကမ်းနား၌ ထား၍ ကျက်စားငိမ့်သောငှါ လွှတ်ကုန်လတ္တံ့၊ သင်သည် အမိကို ခေါ်၍ ထိုအရပ်သို့ လာလောဟု သိန္ဓောမြင်းဆို၏။ မြည်းငယ်သည် သွား၍ အမိကို ဆောင်၍ ထိုအရပ်၌ လွှတ်၍ သင့်အပ်သော အရပ်၌ ပုန်းကွယ်လျက် နေ၏။ မြင်းထိန်းတို့သည်လည်း ဝါတဂ္ဂသိန္ဓောမြင်းကို ထိုအရပ်၌ လွှတ်ကုန်၏။ ထို ဝါတဂ္ဂသိန္ဓောမြင်းသည် ထိုမြည်းမကို ကြည့်၍ ချဉ်းကပ်၏။

ထိုအခါ ထိုမြည်းမသည် ဝါတဂ္ဂသိန္ဓောမြင်း ချဉ်းကပ်လာ၍ မိမိကိုယ်ကို နမ်းသည်ရှိသော် ငါသည် အလေးမပြုမူ၍ လာသောခဏ၌လျှင် သိန္ဓောမြင်းအား အခွင့်ကို အကယ်၍ ပြုအံ့၊ ဤသို့ပြုသည်ရှိသော် ငါ့အား အခြံအရံ စည်းစိမ် ချမ်းသာသည် ယုတ်လတ္တံ့၊ အလိုမရှိသကဲ့သို့ဖြစ်ခြင်းငှါ သင့်၏ဟုကြံ၍ သိန္ဓော မြင်း၏ အောက်မေး၌ ခြေဖြင့် ကျောက်ကန်၍ ပြေး၏။ သိန္ဓောမြင်းအား သွားကျိုးအံ့ သကဲ့သို့ ဖြစ်၏။ ဝါတဂ္ဂသိန္ဓောမြင်းသည်လည်း ငါ့အား ထိုမြည်းမ ဖြင့် အလိုမရှိဟု ရှက်၍ ထိုအရပ်မှ ပြေး၏။ ထိုမြည်းမသည် နှလုံးမသာသည် ဖြစ်၍ ထိုအရပ်လျှင် လဲ၍ စိုးရိမ်လျက် ဝပ်၏။ ထိုအခါ သားသည် အမိအထံသို့ ချဉ်းကပ်၍ မေးလိုရကား ဤဂါထာကို ဆို၏—

၄၆။ ယေနာသိ ကိသိယာ ပဏ္ဍု၊ ယေန ဘတ္တံ န ရုစ္စတိ။
အယံ သော အာဂတော ဘတ္တာ၊ ကသ္မာ ဒါနိ ပလာယသိ။

မိခင် သိန္ဓောမြင်း၌ တပ်စွန်းသော စိတ်ကြောင့် သင်သည် ကြုံလှီ၏၊ ဖျော့တော့တော့ ရှိ၏၊ သိန္ဓောမြင်း၌ တပ်စွန်းသော စိတ်ဖြင့် အစာကိုပင် မနှစ်သက် ထိုသိန္ဓောမြင်း ရောက်လာသောအခါ၌ အဘယ့်ကြောင့် ယခု ပြေးစေဘိသနည်း။

မြည်းမသည် သား၏ စကားကို ကြား၍ ဤဂါထာကို ဆို၏—

၄၇။ သစေ ပနာ'ဒိကေနေဝ၊ သန္ထဝေါ နာမ ဇာယတိ။
ယသော ဟာယတိ ဣတ္ထီနံ၊ တသ္မာ တာတ ပလာယ'ဟံ။

ချစ်သား ပေါင်းဖော်ခြင်းမည်သည် မဖြစ်နိုင်ရာ၊ မိန်းမတို့အား စည်းစိမ် ချမ်းသာ အခြံအရံသည် ယုတ်တတ်သောကြောင့် ထိုသိန္ဓောမြင်းကို ပြေးစေ၏။

ထိုမြည်းမသည် သားအား ဤသို့ ပြုခြင်းသည် မိန်းမတို့၏ သဘော တည်းဟု ပြောဆို၏။

၄၈။ ယသဿိနံ ကုလေ ဇာတံ၊ အာဂတံ ယာ န ဣစ္ဆတိ။
သောစတိ စိရရတ္တာယ၊ ဝါတဂ္ဂမိဝ ဘဒ္ဒလီ။

မိန်းမသည် ရောက်လာသော အမျိုး၌ဖြစ်သော စည်းစိမ်နှင့် ပြည့်စုံသော ယောကျ်ားကို အလိုမရှိ၊ ဘဒ္ဒလီမည်သော မြည်းမသည် သိန္ဓောမြင်းကို စွဲ၍ စိုးရိမ် စေဘိသကဲ့သို့ ထိုမိန်းမသည် အမြဲတမ်း စိုးရိမ်ရ၏ဟူသော သုံးခုမြောက်သော ဤဂါထာကိုကား မြတ်စွာဘုရားသည် သစ္စာ လေးပါးကို သိတော်မူပြီးသည် ဖြစ်၍ ဟောတော်မူ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ထိုမိန်းမသည် ထိုအခါ မြည်းမဖြစ်ဖူးလေပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဝါတဂ္ဂသိန္ဓောမြင်း ဖြစ်ဖူးလေပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(မူလွန်းလျှင် လွဲ၊ ချဲ့လွန်းလျှင် မှန်း၊ ပြုံးလွန်းထော့ ပျက်)

နှစ်ရာခြောက်ဆယ့်ခြောက်ခုမြောက်သော

ဝါတဂ္ဂသိန္ဓဝဇာတ်သည်ပြီး၏။

---

၂၆၇-ကက္ကဋကဇာတ်

မ-သံကြားလျှင် ဓမ့်လျော့

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဂ်ဂိမိဂေါ်"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤကက္ကဋကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော မိန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော သူကြွယ်သည် မိမိမယားကို ယူ၍ ကြွေးမြီ ဆပ်အံ့သောငှါ ဇနပုဒ်သို့ သွား၍ ကြွေးမြီကို ဆပ်၍ ပြန်လတ်သော် လမ်းအကြား၌ ခိုးသူတို့သည် ဖမ်း၏။ ထိုသူကြွယ်၏ မယားသည်ကား အဆင်းလှ၏။ ကြည်ညိုဖွယ်ရှိ၏။ ခိုးသူကြီးသည် ထိုမိန်းမ၌ ချစ်သဖြင့် သူကြွယ်ကို သတ်အံ့သောငှါ အားထုတ်၏။ ထိုမိန်းမသည်ကား သီလရှိ၏။ အကျင့်နှင့်ပြည့်စုံ၏။ လင်ကို နတ်ကဲ့သို့ ကိုးကွယ်သည် ဖြစ်၍ ထိုမိန်းမသည် ခိုးသူကြီး၏ ခြေတို့၌ ရှိခိုး၍ အရှင်ခိုးသူကြီး အကျွန်ုပ်၌ အကယ်၍ ချစ်ခင်ခြင်းရှိငြားအံ့။ အကျွန်ုပ် လင်ကို မသတ်ပါလင့်။ အကယ်၍ သတ်ငြားအံ့။ အကျွန်ုပ်သည် အဆိပ်ကို စား၍ လည်းကောင်း, နှာခေါင်းလေကို ချုပ်၍လည်းကောင်း သေအံ့၊ သင်နှင့်အတူ မလိုက်ရအံ့။ အကျွန်ုပ်၏ လင်ကို အကြောင်းမရှိသဖြင့် မသတ်ပါလင့်ဟု တောင်းပန်၍ လင်ကို လွှတ်စေ၏။ ထိုလင်မယား နှစ်ယောက်တို့သည်လည်း ချမ်းသာသဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတော်၏ နောက်ဖြစ်သော

ကျောင်းအစွန်းသို့ ဝင်၍ မြတ်စွာဘုရားကို ရှိခိုးကုန်အံ့ဟု ဂန္ဓကုဋိ ပရိဝုဏ်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေကုန်၏။

ထိုလင်မယား နှစ်ယောက်တို့ကို သီတင်းသည်တို့ အဘယ်သို့ သွားကြကုန်သနည်းဟု မြတ်စွာဘုရားသည် မေးတော်မူအပ်ကုန်သည် ရှိသော် ကြေးမြီဆပ်အံ့သောငှါ သွားပါကုန်၏ဟု လျှောက်ကုန်၏။ ခရီးအကြား၌ ရောဂါမရှိသဖြင့် လာရကုန်၏လောဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား ခရီးအကြား၌ အကျွန်ုပ်တို့ကို ခိုးသူတို့သည် ဖမ်းကုန်၏။ အကျွန်ုပ်ကို သတ်လိုသော ခိုးသူကြီးကို ဤမိန်းမသည် တောင်းပန်၍ လွှတ်စေ၏။ ဤမိန်းမကို မှီ၍ အသက်ကို ရ၏ဟု သူကြွယ်သည် လျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် သီတင်းသည် ဤမိန်းမသည် ဤသို့ သင့်အား ယခုအခါ၌သာလျှင် အသက်ကို ပေးဖူးသည် မဟုတ်သေး၊ ရှေး၌ ပညာရှိတို့အားလည်း အသက်ကို ပေးဖူးသည်သာလျှင်တည်းဟု သဗ္ဗညုမြတ်စွာဘုရား မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဟိမဝန္တာ၌ ရေကန်ကြီးသည် ရှိ၏။ ထိုရေကန်၌ ရွှေပုစွန်ကြီးသည် နေ၏။ ရွှေပုစွန်ကြီး၏ နေရာဖြစ်သောကြောင့် ကုဠီရရေကန်ဟု ထင်ရှား၏။ ထိုပုစွန်ကြီးသည် ကောက်နယ်တလင်းဝန်း ပမာဏရှိ၏။ ဆင်တို့သည် ထိုပုစွန်မှ ကြောက်ခြင်းကြောင့် ထိုရေကန်၌ ကျက်စားအံ့သောငှါ မတတ်နိုင်ကုန်။ ထိုအခါ ဘုရားလောင်းသည် ထိုကုဠီရရေကန်ကို မှီ၍ နေသော ဆင်မင်းကို စွဲ၍ ဆင်မဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုအခါ ထိုဆင်မသည် ကိုယ်ဝန်ကို စောင့်အံ့ဟု တစ်ပါးသော အရပ်သို့ သွား၍ ကိုယ်ဝန်ကို စောင့်၍ သားကို ဖွား၏။ ထိုဆင်သည် အစဉ်သဖြင့် လိမ္မာသော အဖြစ်သို့ ရောက်လတ်သော် ကြီးသောကိုယ် ရှိ၏။ အစွမ်းနှင့်ပြည့်စုံ၏။ တင့်တယ်ခြင်း အစုသို့ ရောက်၏။ မြက်စဉ်းတောင်ကဲ့သို့ ဖြစ်၏။ ထိုဆင်သည် ဟစ်ခုသော ဆင်မ၌ ပေါင်းဖော်ခြင်းကို ပြု၍ ပုစွန်ကို ဖမ်းအံ့ဟု မိမိမယားကို လည်းကောင်း၊ အမိကို လည်းကောင်း ယူ၍ ဆင်အပေါင်းသို့ ချဉ်းကပ်၍ အဘကို ဖူးမြင်၍ ဖခင် အကျွန်ုပ်သည် ပုစွန်ကို ဖမ်းအံ့ဟု ဆို၏။ ထိုအခါ အဘဆင်သည် ချစ်သား ပုစွန်ကို ဖမ်းအံ့သောငှါ မတတ်နိုင်၊ မဖမ်းလေလင့်ဟု မြစ်၏။ အဖန်တလဲလဲ ဆိုသည် ရှိသော် သင်သည်လျှင် သိလတ္တံ့ဟု ဆို၏။ ထိုဆင်သည် ကုဠီရရေကန်ကို မှီ၍ နေကုန်သော ခပ်သိမ်းကုန်သော ဆင်တို့ကို စည်းဝေးစေ၍ ခပ်သိမ်းသော ဆင်တို့နှင့်တကွ ရေကန်၏ အနီးသို့ သွား၍ ထိုပုစွန်သည် တက်သောကာလ၌ ဖမ်းသလော၊ အစာစားသောကာလ၌

ဖမ်းသလေသာဟု မေး၏။ တက်သောကာလ၌ ဖမ်းသည်ဟု ကြား၍ ထိုသို့ဖြစ်လျှင် သင်တို့သည် ကုဋ္ဌိရရေကန်သို့ သက်၍ အသိုရှိတိုင်း အစာကို ယူပြီး၍ ရှေးဦးစွာ တက်ကြကုန်၊ ငါသည် နောက်၌ နေရစ်အံ့ဟု ဆို၏။

ဆင်တို့သည် ဘုရားလောင်းဆင် ဆိုတိုင်း ပြုကြကုန်၏။ ပုစွန်သည် နောက်မှ တက်သော ဘုရားလောင်းကို ညှပ်ဖြင့် ပန်းပဲတို့၏ သံချောင်းကို ညှပ်ဘိ သကဲ့သို့ တက်မနှုတ်ခုတို့ဖြင့် ခြေ၌ မြဲစွာ ကိုင်၏။ ဆင်မသည် ဘုရားလောင်းကို မစွန့်မူ၍ အနီး၌သာလျှင် နေ၏၊ ဘုရားလောင်းသည် ဆွဲငင်အပ်သည် ရှိသော် ပုစွန်ကို ဆောင်အံ့သောငှါ မတတ်နိုင်၊ ပုစွန်သည်ကား ဘုရားလောင်းကို ငင်လျက် မိမိသို့ ရှေးရှုသည်ကို ပြု၏။ ဘုရားလောင်းသည် သေဘေးမှ ကြောက်သည် ဖြစ်၍ မိသော မြည်ခြင်းကို မြည်၏။ ခပ်သိမ်းသော ဆင်တို့သည် ဘေးမှ ကြောက်ကုန်ရကား ကြိုးကြာသံနှင့် တူသော အသံကို မြည်၍ ကျင်ကြီး ကျင်ငယ်ကို စွန့်ကုန်လျက် ပြေးကုန်၏။ ဆင်မသည်လည်း ကြောက်ခြင်းကို သည်းခံအံ့သောငှါ မတတ်နိုင်၍ ပြေးအံ့သောငှါ အားထုတ်၏။ ထိုအခါ ထိုဆင်မကို ဘုရားလောင်းသည် မိမိအား ပုစွန်၏ ညှပ်မိသည်၏ အဖြစ်ကို သိစေ၍ ထိုဆင်မကို မပြေးစိမ့်သောငှါ ဤဂါထာကို ဆို၏—

၄၉။ သိင်္ဂီမိဂေါ အာယတစက္ခုနေတ္တော၊
အဋ္ဌိတ္တစော ဝါရိသယော အလောမော။
တေနာဘိဘူတော ကပဏံ ရုဒါမိ၊
မာ ဟေဝ မံ ပါဏသမံ ဇဟေယျ။

ဆင်မ ရွှေပုစွန်သည် မျက်စိရှည်၏၊ အရိုးဟူသော အရေရှိ၏၊ ရေ၌ နေ၏၊ အမွေးမရှိ၊ ထိုရွှေပုစွန် နှိပ်စက်အပ်သည် ဖြစ်၍ ငါသည် သနားဖွယ် ငို၏၊ အသက်နှင့်တူသော ငါ့ကို မစွန့်ပါလင့်။

ထိုအခါ ဘုရားလောင်းအား ဆင်မသည် ပြန်၍ နှစ်သိမ့်စေလျက် ဤဂါထာကို ဆို၏—

၅၀။ အယျ န တံ ဇဟိဿာမိ၊ ကုဉ္ဇရံ သဋ္ဌိဟာယနံ။
ပထဗျာ စာတုရန္တာယ၊ သုပ္ပိယော ဟောသိ မေ တုဝံ။

အရှင် ငါသည် အနှစ်ခြောက်ဆယ် ရှိသော အားယုတ်သော ဆင်မင်း ဖြစ်သော သင့်ကို မစွန့်အံ့၊ သမုဒ္ဒရာလေးစင်း အဆုံးရှိသော ဤကမ္ဘာမြေကြီး ပေါ်၌ သင့်ကို ငါအချစ်ဆုံးတည်း။

ထိုအခါ ဘုရားလောင်းကို တောင်းပန်၍ အရှင် ယခု သင့်ကို ပုစွန်နှင့်တကွ အတန်ငယ် စကားပြောဆို၍ လွှတ်စေအံ့ဟု ဆို၍ ပုစွန်ကို တောင်းပန်လိုရကား ဤဂါထာကို ဆို၏—

၅၁။ ယေ ကုဠီရ သမုဒ္ဒသ္မိံ၊ ဂင်္ဂါယ ယမုနာယ စ။
တေသံ တွံ ဝါရိဇော သေဋ္ဌော၊ မုဉ္စ ရောဒန္တိယာ ပတိံ။

အရှင်ပုစွန် ရေ၌ ဖြစ်သော သင်သည် သမုဒ္ဒရာ ဂင်္ဂါ ယမုနာတို့၌ ရှိသော ထိုပုစွန်တို့ထက် မြတ်၏၊ သင်သည် ငိုသော ငါ၏ လင်ကို လွှတ်လော့။

ပုစွန်သည် ဆင်မအသံ၌ မိန်းမသံဟူသော အာရုံကို ယူ၍ မိန်းမသံသည် ငင်အပ်သောစိတ်ရှိသည်ဖြစ်၍ ဆင်ခြေမှတက်မတို့ကို ဖြေသကဲ့သို့ လျှော့စေလျက် ဤဆင်သည် လျှော့သည်ရှိသော် ဤမည်သောအမှုကို ပြုလတ္တံ့ဟု တစ်စုံတစ်ခုကို မသိသည် ဖြစ်၏။ ထိုအခါ ဆင်သည် ခြေကိုချီ၍ ပုစွန်၏ ကျောက်ကုန်း၌ နင်း၏။ ထိုခဏ၌လျှင် အရိုးတို့သည် ကွဲကုန်၏။ ဆင်သည် ဝမ်းမြောက်သော အသံသည် မြည်၏။ ခပ်သိမ်းသော ဆင်တို့သည် စည်းဝေး၍ ပုစွန်ကို ထုတ်၍ ရေကန်၏ အပြင်ဖြစ်သော အပြင်၌ ထားလျက် မှုန့်မှုန့်ညက်ညက် ကြေစေကုန်၏။ ထိုပုစွန်၏ နှစ်ခုသော တက်မတို့ကို ကိုယ်မှခွဲ၍ လျောက်ပတ်သော အရပ်၌ ထားကုန်၏။ ထိုကုဠီရရေကန်သည် ဂင်္ဂါမြစ်နှင့် တစ်စပ်တည်းဖြစ်၍ ဂင်္ဂါရေပြည့်သောကာလ၌ ရေဖြင့် ပြည့်၏။ ဂင်္ဂါရေ နည်းသည် ရှိသော် ရေကန်မှ ရေသည် ဂင်္ဂါသို့ဝင်၏။

## စည်နှစ်မျိုး ပေါ်ပုံ

ထိုအခါ နှစ်ခုသော ထက်သော တက်မတို့သည်လည်း ဂင်္ဂါ၌ မျောကုန်၏။ တစ်ခုသော တက်မသည် သမုဒ္ဒရာသို့ ဝင်၍ တစ်ခုသော တက်မကိုကား ဒသဘာတိက မင်းတို့သည် ရေကစားကုန်သော် ရကုန်၍ အာလိင်္ဂမည်သော မုဒိန်းစည်ကို ပြုကုန်၏။ သမုဒ္ဒရာသို့ ဝင်သော တက်မကိုကား အသူရာတို့သည် ယူကုန်၍ အာလမ္ဗရ မည်သော စည်ကို ပြုကုန်၏။ ထိုအသူရာတို့သည် နောက်ကာလ၌ သိကြားမင်းနှင့် စစ်ထိုးကုန်လတ်သော် ရှုံးကုန်၍ အာလမ္ဗရစည်ကို ပစ်၍ ပြေးကုန်၏။ ထိုအခါ ထိုအာလမ္ဗရ စည်ကို သိကြားမင်းသည် မိမိအကျိုးငှါ ယူခဲ့စေ၏။ ထိုစည်ကို ရည်၍ အာလမ္ဗရ မိုးကဲ့သို့ မြည်၏ဟု ဆိုကြကုန်၏။

## ဇာတ်ပေါင်း

မြတ်စွာဘုရားရှင်သည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ နှစ်ယောက်သော လင်မယားတို့သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ သီတင်းသည်မသည် ထိုအခါ ဆင်မဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဆင်ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်ခုနစ်ခုမြောက်သော ကက္ကဋကဇာတ်သည် ပြီး၏။

## ၂၆၈-အာရာမဒူသကဇာတ်

### ဥယျာဉ်ဖျက်မျောက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယော ဝေ သဗ္ဗသမေတာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အာရာမဒူသကဇာတ်ကို ဒက္ခိဏဂိရိဇနပုဒ်၌ မထင်ရှားသော ဥယျာဉ်စောင့်၏ သားကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညူ မြတ်စွာဘုရားသည် ဝါကျွတ်ပြီးသည် ရှိသော် ဇေတဝန်ကျောင်းတော်မှ ထွက်၍ ဒက္ခိဏဂိရိဇနပုဒ်သို့ ဒေသစာရီ ကြွတော်မူသတတ်၊ ထိုအခါ တစ်ယောက်သော သီတင်းသည်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဖိတ်၍ ဥယျာဉ်၌ သီတင်းသုံးနေစေ၍ ယာဂုခဲဖွယ်တို့ဖြင့် ရောင့်ရဲစေ၍ အရှင်ကောင်းတို့သည် ဥယျာဉ်၌ လှည့်လည်ကုန်သည် ရှိသော် ဥယျာဉ်စောင့်နှင့် တကွ လှည့်လည်ကုန်စေသတည်းဟု ထားခဲ့၍ ဥယျာဉ်၌ သစ်သီးကြီးငယ်တို့ကိုလည်း လှူရစ်လော့ဟု ဆို၍ ဥယျာဉ်စောင့်ကို စေ၏။ ရဟန်းတို့သည် လှည့်လည်ကုန်သော် တစ်ခုသော သစ်ပင်ပြတ်ရာ အရပ်ကို မြင်၍ ဤအရပ်ကား သစ်ပင်ပြတ်၏။ ဤအရပ်ကား သစ်ပင်သည် မရောက်၊ အကြောင်း အသို့နည်းဟု မေးကုန်၏။ ထိုအခါ ရဟန်းတို့အား ဥယျာဉ်စောင့်သည် အရှင်ဘုရားတို့ တစ်ယောက်သော ဥယျာဉ်စောင့်သားသည် စိုက်ပျိုးအပ်ကုန်သော သစ်ပင်ငယ်တို့၌ ရေလောင်းသည် ရှိသော် အမြစ်ပမာဏဖြင့် ရေလောင်းအံ့ဟု နုတ်၍ အမြစ်ပမာဏဖြင့် ရေကို လောင်း၏။ ထိုအကြောင်းကြောင့် ဤအရပ်၌ သစ်ပင် ပြတ်၏ဟု လျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရား အထံသို့ သွား၍ ထိုအကြောင်းကို လျှောက်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ထိုသူငယ်သည် ဥယျာဉ်ကို ဖျက်သည် မဟုတ်သေး၊ ရှေး၌လည်း ဥယျာဉ်ကို ဖျက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဝိဿသေန မည်သော မင်းသည် မင်းပြုသည် ရှိသော် ပွဲသဘင်ကို ကြွေးကြော်သောအခါ၌ ဥယျာဉ်စောင့်သည် ပွဲသဘင်ကစားအံ့ဟု ဥယျာဉ်၌ နေကုန်သော မျောက်တို့ကို ဤဥယျာဉ်သည် သင်တို့အား ကျေးဇူးများ၏၊ ငါသည် ခုနစ်ရက်ပွဲသဘင်ကစားချေအံ့၊ သင်တို့သည် ခုနစ်ရက်ပတ်လုံး စိုက်ပျိုးအပ်ကုန်သော သစ်ပင်တို့၌ ရေလောင်းရစ်ကုန်လော့ဟု ဆို၏။ ထိုမျောက်တို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။ ထိုဥယျာဉ်

စောင့်သည် မျောက်တို့အား ကြိုး အိုးတို့ကို ပေး၍ ဖဲသွား၏။ မျောက်တို့သည် စိုက်ပျိုးအပ်ကုန်သော သစ်ပင်ငယ်တို့၌ ရေလောင်းကုန်အံ့ဟု ဆို၏။ ထိုအခါ မျောက်အပေါင်းကို မျောက်ကြီးသည် အချင်းတို့ ငုံ့ကြဦးလော့၊ ရေမည်သည်ကို အခါခပ်သိမ်းရခဲ၏။ ထိုရေကို စောင့်ရှောက်အပ်၏။ ထိုဥယျာဉ်၌ သစ်ပင်ငယ်တို့ကို နုတ်၍ အမြစ်ပမာဏကို သိ၍ ရှည်သော အမြစ်ရှိကုန်သော သစ်ပင်ငယ်တို့၌ များစွာသောရေကို၊ တိုသောအမြစ်ရှိကုန်သော သစ်ပင်တို့၌ အနည်းငယ်ရေကို လောင်းခြင်းငှါ သင့်၏ဟု ဆို၏။ ထိုမျောက်တို့သည် ကောင်းပြီဟု ဝန်ခံ၍ လျှင် အချို့ကုန်သော မျောက်တို့သည် သစ်ပင်တို့ကို နုတ်၍ သွားကုန်၏။ အချို့ကုန်သော မျောက်တို့သည် စိုက်ပျိုး၍ ရေလောင်းကုန်၏။ ထိုကာလ၌ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တစ်ယောက်သော အမျိုးသားဖြစ်၏။ ထိုဘုရားလောင်းသည် တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် ဥယျာဉ်သို့ သွား၍ ထိုသို့ပြုကုန်သော ထိုမျောက်တို့ကို မြင်၍ အဘယ်ကြောင့် သင်တို့သည် ဤသို့ ပြုသနည်းဟု မေး၏။ မျောက်ကြီးသည် စီရင်အပ်သောကြောင့် ဤသို့ ပြုအပ်၏ဟု ဆိုသည် ရှိသော် မျောက်ကြီးအား ပညာနည်း၏။ သင်တို့အားကား အဘယ်သို့ သဘောရှိလေအံ့နည်းဟု အနက်ကို ပြလိုရကား ဤဂါထာကို ဆို၏—

၅၂။ ယော ဝေ သဗ္ဗသမေတာနံ၊ အဟုဝါ သေဋ္ဌသမ္မတော။
တဿာယံ ဧဒိသီ ပညာ၊ ကိမေဝ ဣတရာ ပဇာ။

အလုံးစုံတူသော အမျိုး၌ ဖြစ်ကုန်သော သတ္တဝါတို့တွင် စင်စစ် မြတ်သည်ဟု သမုတ်အပ်သော သတ္တဝါအား ဤသို့ သဘောရှိသော ပညာရှိ၏၊ ဤမှ တစ်ပါးသော သတ္တဝါသည်ကား အဘယ်သို့သော သဘောရှိအံ့နည်း။

ဘုရားလောင်း၏ စကားကို ကြား၍ မျောက်တို့သည် ဤဂါထာကို ဆို၏—

၅၃။ ဧဝမေဝ တုဝံ ဗြဟ္မေ၊ အနညာယ ဝိနိန္ဒသိ။
ကထံ မူလံ အဒိသွာန၊ ရုက္ခံ ဇညာ ပတိဋ္ဌိတံ။

သူမြတ် သင်သည် မသိမူ၍ ဤအတူသာလျှင် ငါတို့ကို ကဲ့ရဲ့၏။ အမြစ်ကို မမြင်မူ၍ တည်သော သစ်ပင်ကို အဘယ်သို့ သိခြင်းငှါ တတ်ကောင်းအံ့နည်း။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၅၄။ နာဟံ တုမှေ ဝိနိန္ဒာမိ၊ ယေ စညေ ဝါနရာ ဝနေ။
ဝိဿသေနောဝ ဂါရယှော၊ ယဿတ္ထာ ရုက္ခရောပကာ။

မျောက်ဖြစ်ကုန်သော သင်တို့သည် တော၌ နေကုန်၏၊ ထိုသင်တို့ကို ငါသည် မကဲ့ရဲ့၊ တစ်ပါးကုန်သော ဤအရပ်၌ ဝိဿသေနမင်း၏ အကျိုးငှါ သင်တို့

ကဲ့သို့ သဘောရှိကုန်သော သူတို့သည် သစ်ပင်ပျိုးကုန်၏၊ ထိုဝိသာသေနမင်းကို သာလျှင် ကဲ့ရဲ့အပ်၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဉယျာဉ်ကို ဖျက်သော သူငယ်သည် ထိုအခါ မျောက်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော ယောကျ်ား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခြောက်ဆယ့်ရှစ်ခုမြောက်သော အာရာမဒူသကဇာတ်သည် ပြီး၏။

---

## ၂၆၉-သုဇာတဇာတ်

### နှုတ်ချို သျှိုတစ်ပါး၊ နှုတ်ကောင်းတော့ ပြည်စိုး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "န ဟိ ဝဏ္ဏေန သမ္ပန္နာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသုဇာတဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် အနာထပိဏ်သူဌေး၏ ချွေးမ, ဓနဉ္စယသူဌေး၏ သမီး, ဝိသာခါ၏ ညီမ ဖြစ်သော သုဇာတာကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသုဇာတာသည် များစွာသော အခြံအရံဖြင့် အနာထပိဏ်သူဌေး၏ အိမ်ကို ပြည့်စေလျက် ဝင်သတတ်။ ငါကား ဆွေကြီး မျိုးကြီး သမီးတည်းဟု မာနဖြင့် ခိုင်မာ၏၊ အမျက်ထွက်တတ်၏၊ ကြမ်းကြုတ်၏၊ ယောက္ခမဝတ် လင်ဝတ်တို့ကို မပြု၊ အိမ်သူ အိမ်သားကို ခြိမ်းခြောက်၏၊ ရိုက်ပုတ်၏၊ ခိုက်ရန်တွေ့၏။ ထိုအခါ တစ်နေ့သ၌ သဗ္ဗညူ မြတ်စွာဘုရားသည် ငါးရာကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် အနာထပိဏ် သူဌေး၏ အိမ်သို့ ကြွ၍ နေတော်မူ၏။ အနာထပိဏ် သူဌေးကြီးသည် တရားနာလိုသည် ဖြစ်၍ မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ ရှိခိုး၍ နေ၏၊ ထိုခဏ၌ သုဇာတာသည် ကျွန်အမှုလုပ်တို့နှင့် ခိုက်ရန်တွေ့၏။ သဗ္ဗညူ မြတ်စွာဘုရားသည် တရားဟောတော်မူ၍လျှင် ဤအသံ ကား အဘယ်အသံနည်းဟု မိန့်တော်မူ၍ အရှင်ဘုရား တစ်ယောက်သော အမျိုးချွေးမသည် အိမ်၌ နေလာသည် ရှိသော် ယောက္ခမဝတ် လင်ဝတ်ကို မပြု၊ သဒ္ဓါကြည်ညိုခြင်းမရှိ၊ နေ့ညဉ့်ပတ်လုံး ခိုက်ရန်ပြုလျက် သွား၏ဟု သူဌေးကြီးသည် နားတော် လျှောက်၏။ ထိုသို့ တပြီးကား ထိုအမျိုးချွေးမကို

ခေါ်ကုန်လော့ဟု ဘုရားမိန့်တော်မူ၏၊ ခေါ်စေ၍ လာ၍ ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေ၏။ ထိုအခါ သုဇာတာကို မြတ်စွာဘုရားသည် သုဇာတာ ယောကျ်ား၏ မယားတို့သည် ခုနစ်ယောက် ရှိကုန်၏။ ထိုခုနစ်ယောက်တို့တွင် သင်သည် အဘယ် မယားနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျဉ်းအားဖြင့် ဟောအပ်သော တရား၏ အနက်ကို အကျယ် အားဖြင့် အကျွန်ုပ် မသိနိုင်ပါ၊ ဟောတော်မူပါကုန်လော့ဟု လျောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုသို့ တပြီးကား ချသော နားရှိသည် ဖြစ်၍ နာလော့ဟု မိန့်တော်မူ၏။

## မယားအပြား ခုနစ်ပါး

၁။ သုဇာတာ အကြင် မယားသည် တစ်ပါးသော ယောကျ်ားတို့၌ တပ်စွန်း သော စိတ်ရှိသည် ဖြစ်၍ မိမိလင်အား ပြစ်မှားသော စိတ် ရှိ၏။ အကျိုးစီးပွါးမဲ့ကို အလိုရှိ၏။ ဥစ္စာဖြင့် ဝယ်အပ်သော ကျွန်ကိုကဲ့သို့ မထေမဲ့မြင် ပြု၏။ သတ်အံ့ သောငှါ လုံ့လပြု၏၊ ဤသို့ သဘောရှိသော ထိုမယားကို သူသတ်နှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၂။ အကြင် မယားသည် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းကို ပြု၍ ဥစ္စာရ၏။ ထိုဥစ္စာကို အနည်းငယ်မျှသော်လည်း ခိုးယူခြင်းငှါ မယားသည် အလိုရှိ၏၊ ထိုမယားကို ခိုးသူနှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၃။ အကြင် မယားသည် အမှုလုပ်လော့မရှိ၊ ပျင်းရိ၏။ အစားကြူး၏၊ ကြမ်းကြုတ်၏၊ အမျက် ထွက်တတ်၏၊ မကောင်းသဖြင့် ဆိုတတ်၏၊ လုပ်ဆောင် ကုန်သော သူတို့ကို နှိပ်စက်၍ ဆိုတတ်၏။ ထိုသို့ သဘောရှိသော မယားကို အရှင်နှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၄။ အကြင် မယားသည် ခပ်သိမ်းသော အခြင်းအရာအားဖြင့် လင်၏ အကျိုးစီးပွါးကို အလိုရှိ၏။ အမိသည် သားကို စောင့်သကဲ့သို့ လင်ကို စောင့်၏။ လင်သည် ဆည်းပူးသော ဥစ္စာကို စောင့်၏။ ထိုသို့ သဘောရှိသော မယားကို အမိနှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၅။ အကြင် မယားသည် နှမကြီး, နှမငယ်သည် မောင်၌ ရိုသေခြင်း ရှိသကဲ့သို့ မိမိလင်၌ ရိုသေခြင်းရှိ၏၊ လင်၏ အလိုသို့ လိုက်၏။ ထိုသို့ သဘော ရှိသော မယားကို နှမနှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၆။ အကြင် မယားသည် လင်ကို မြင်၍ ကြာမြင့်စွာသော ကာလမှ လာသော အဆွေခင်ပွန်းကို မြင်၍ ဝမ်းမြောက် ဝမ်းသာ ရှိ၏သို့ ဝမ်းမြောက်၏။

သီလနှင့် ပြည့်စုံ၏။ လင်ကို လုပ်ကျွေးတတ်၏။ ထိုသို့ သဘောရှိသော မယားကို အဆွေခင်ပွန်းနှင့် တူသော မယားဟူ၍ ဆိုအပ်၏။

၇။ အကြင် မယားသည် မိမိလင်သည် သတ်ခြင်းဒဏ်ဖြင့် ခြိမ်းခြောက်အပ်သည် ရှိသော် လင်အား အမျက်မထွက် သည်းခံ၏။ လင်၏ အလိုသို့ လိုက်၏၊ ထိုသို့ သဘောရှိသော မယားကို ကျွန်မနှင့် တူသော မယား ဟူ၍ ဆိုအပ်၏။

သုဇာတာ ယောက်ျားတို့၏ မယားတို့သည် ခုနစ်ယောက် တို့တည်း။ ထိုခုနစ်ယောက်တို့တွင် သူသတ်နှင့် တူသော မယား၊ ခိုးသူနှင့်တူသော မယား၊ အရှင်နှင့်တူသော မယားတို့သည် ငရဲ၌ ဖြစ်ကုန်၏။ ဤမှတစ်ပါး လေးယောက်ကုန်သော မယားတို့သည် နိမ္မာနရတိနတ်ပြည်၌ ဖြစ်ကုန်၏ဟု ဟောတော်မူ၏။ ဤသို့ သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ခုနစ်ယောက်ကုန်သော မယားတို့ကို ပြတော်မူစဉ်လျှင် သုဇာတာသည် သောတာပတ္တိဖိုလ်၌ တည်၏။ သုဇာတာ သင်သည် ဤ ခုနစ်ယောက်ကုန်သော မယားတို့တွင် အဘယ်မယားနည်းဟု မိန့်တော်မူသည် ရှိသော် ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်သည် ကျွန်မနှင့် တူသော မယားတည်းဟု မြတ်စွာဘုရားကို ရှိခိုး၍ ကန်တော့၏။ ဤသို့ သမ္ဗုဒ္ဓမြတ်စွာဘုရားသည် သုဇာတာမည်သော သူဌေးချွေးမကို တစ်ကြိမ်တည်းဖြင့် သာလျှင် ဆုံးမတော်မူ၍ ဆွမ်းဘုဉ်းပေးပြီးသည် ရှိသော် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် သုဇာတာကို တစ်ကြိမ်တည်းသော အဆုံးအမဖြင့် ဆုံးမအပ်သည် မဟုတ်သေး၊ ရှေး၌လည်း သုဇာတာကို တစ်ကြိမ်တည်းသော အဆုံးအမဖြင့်သာလျှင် ဆုံးမအပ်ပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ကို သင်၍ အဘ နတ်ရွာစံသဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏။ ထိုဘုရားလောင်း၏ မယ်တော်သည် အမျက်ထွက်တတ်၏၊ ဘုရားလောင်းသည် မယ်တော်အား အဆုံးအမကို ပေးလိုသော်လည်း မယ်တော်အား ဆုံးမအပ်သောအခါ တစ်စုံသော ဥပမာကို ကြံ၍လျှင် သွား၏၊ ထိုအခါ တစ်နေ့သ၌ ဥယျာဉ်သို့ မင်း သွားသည် ရှိသော် မယ်တော်သည်လည်း သားနှင့်အတူလျှင် လိုက်၏။

ထိုအခါ လမ်းအကြား၌ တီတီတွတ်ငှက်သည် မြည်၏။ ဘုရားလောင်း၏ ပရိသတ်တို့သည်လည်း ထိုအသံကို ကြား၍ နားကို ပိတ်၍—

အို ကြမ်းကြုတ်သောငှက် ရုန့်ရင်းသော အသံရှိသောငှက် သင် မမြည်လင့်—

ဟု ဆိုကြကုန်၏။

ဘုရားလောင်းသည် ကချေသည်အပေါင်း ခြံရံလျက် မယ်တော်နှင့်တကွ ဥယျာဉ်သို့ လှည့်လည်သည် ရှိသော် ကောင်းစွာ ပွင့်သော တစ်ခုသော အင်ကြင်းပင်၌ နားလျက် တစ်ကောင်သော ဥဩသည် သာယာစွာသော အသံဖြင့် မြည်၏။ လူများသည် ထိုဥဩသံကို ကြား၍ သာယာစွာသော အသံဖြင့် မြည်၏ဟု လူများသည် ထိုဥဩ၏ အသံဖြင့် ယစ်၍ လက်အုပ်ချီ၍—

သိမ်မွေ့သော စကားရှိသော ငှက် ပြေပြစ်သော စကားရှိသော ငှက် နူးညံ့သော စကားရှိသောငှက် မြည်ဦးလော့—

ဟု လည်ကို မော့၍ နားဘောင်၍ ကြည့်လျက် ရပ်၏။

ထိုအခါ ဘုရားလောင်းသည် ထိုအကြောင်း နှစ်ပါးကို မြင်၍ ယခု မယ်တော်ကို သိစေခြင်းငှါ တတ်ကောင်း၏ဟု ကြံ၍ မိခင် လမ်းအကြား၌ တီတီတွတ်ငှက် အသံကို ကြား၍ လူများသည် အသို့နည်း။ ဤအသံကို မမြည်လင့်ဟု နားတို့ကို မပိတ်လော့။ ကြမ်းကြုတ်သော စကားမည်သည်ကို တစ်စုံ တစ်ယောက်သောသူသည် မနှစ်သက်ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၅၅။ န ဟိ ဝဏ္ဏေန သမ္ပန္နာ၊ မဉ္ဇုကာ ပိယဒဿနာ။
ခရဝါစာ ပိယာ ဟောတိ၊ အသ္မိံ လောကေ ပရမှိ စ။

၅၆။ နနု ပဿသိမံ ကာဠိံ၊ ဒုဗ္ဗဏ္ဏံ တိလကာဟတံ။
ကောကိလံ သဏှဝါစေန၊ ဗဟူနံ ပါဏိနံ ပိယံ။

၅၇။ တသ္မာ သခိလဝါစဿ၊ မန္တဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

မိခင် အဆင်းနှင့် ပြည့်စုံစေကာမူ၊ သာယာသော အသံရှိစေကာမူ၊ ရှုချင့်စဖွယ် ရှိစေကာမူ နှုတ်ထွက်ကြမ်းသူကို ဤလောက၌ လည်းကောင်း နောက်ဘဝ၌လည်းကောင်း မချစ်အပ်။

မည်းသော အဆင်းမလှသော မှဲ့မည်းစွဲသော သိမ်မွေ့သော စကားကြောင့် လူများစွာတို့ ချစ်သော ဤဥဩကို မြင်၏မဟုတ်လော။

ထို့ကြောင့် သိမ်မွေ့စွာ စကား ပြောဆိုရာ၏။ ပညာဖြင့် ဆိုလေ့ရှိသော မပျံ့လွင့်သောသူသည် အနက် ပါဠိကို ပြ၏၊ ထိုသူဆိုသော စကားသည် ချို၏။

ဤသို့ ဘုရားလောင်းသည် ဤဂါထာတို့ဖြင့် မယ်တော်အား တရားဟော၍ မယ်တော်ကို သိစေ၏။ ထိုအခါမှ စ၍ မယ်တော်သည် အကျင့်နှင့် ပြည့်စုံ၏။ ဘုရားလောင်းသည်လည်း မယ်တော်ကို တစ်ကြိမ်တည်းဖြင့်သာလျှင် အဆုံး အမဖြင့် မာနမရှိသည်ကို ပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သုဇာတာသည် ထိုအခါ ငါ၏ မယ်တော်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ချင်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်းလက်လေးသစ်)

နှစ်ရာ့ခြောက်ဆယ့်ကိုးခုမြောက်သော သုဇာတဇာတ်သည် ပြီး၏။

---

## ၂၇၀-ဥလူကဇာတ်

### ကျီးနှင့် ခင်ပုပ် ကမ္ဘာရန်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "သဗ္ဗေဟိ ကိရ ဉာတီဟိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤဥလူကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ကျီး, ခင်ပုပ်တို့၏ ရန်ဖြစ်ခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကာလ၌ ကျီးတို့သည် နေ့အခါ ခင်ပုပ်တို့ကို ထိုးကုန်၏။ ခင်ပုပ်တို့သည် နေဝင်သောအခါမှ စ၍ ထိုထိုအရပ်၌ အိပ်ကုန်သော ကျီးတို့၏ ဦးခေါင်းတို့ကို ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ ထိုအခါ ဇေတဝန်ကျောင်းတော်၏ အစွန်းတစ်ခုသော ပရိဝုဏ်၌နေသော တစ်ပါးသော ရဟန်းသည် တံမြက်လှည်း သော ကာလ၌ သစ်ပင်မှ ကျတိုင်း ကျတိုင်းကုန်သော ခုနစ်ကွမ်းစား ရှိကုန်သော သွေးဖြင့် အလိမ်းအလိမ်း ကပ်ကုန်သော ကျီးဦးခေါင်းတို့ကို စွန့်အပ်ကုန်၏။ ထိုရဟန်းသည် ထိုအကြောင်းကို ရဟန်းတို့အား လျှောက်၏။ ရဟန်းတို့သည် တရားသဘင်၌ အရှင်တို့ ဤမည်သော ရဟန်း၏ နေရာ အရပ်၌ နေ့တိုင်း နေ့တိုင်း ဤမျှလောက်ကုန်သော ကျီးဦးခေါင်းတို့သည် ကျကုန်၏ဟု စကားကို ဖြစ်စေ

ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ကျီးခင်ပုပ်တို့သည် ခိုက်ရန် ပြုကြသည် မဟုတ်သေး၊ ရှေး၌လည်း ခိုက်ရန်ပြုကြသည်သာလျှင်တည်းဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အဘယ်အခါ၌ ကျီးခင်ပုပ်တို့သည် ခိုက်ရန်ဖြစ်ကြသနည်းဟု နားတော် လျှောက်လတ်သော် ကမ္ဘာဦးကစ၍ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကမ္ဘာဦးလူတို့သည် စည်းဝေး၍ တင့်တယ်သော အဆင်းလျှခြင်းသို့ ရောက်သော အကျင့်နှင့် ပြည့်စုံသော ခပ်သိမ်းသော အခြင်းအရာနှင့် ပြည့်စုံသော ယောကျ်ားကို ယူ၍ မင်းပြုကုန်၏။ အခြေလေးချောင်းတို့သည်လည်း စည်းဝေး၍ တစ်ကောင်သော ခြင်္သေ့ကို မင်းပြုကုန်၏။ မဟာသမုဒ္ဒရာ၌ ငါးတို့သည် အာနန္ဒာမည်သော ငါးကို မင်းပြုကြကုန်၏။ ထို့နောက် ငှက်တို့သည် ဟိမဝန္တာ၌ တစ်ခုသော ကျောက်ဖျာ၌ စည်းဝေး၍ လူတို့တွင် မင်းသည် ရှိ၏။ ထို့အတူ အခြေလေးချောင်းတို့၌ လည်းကောင်း၊ ငါးတို့၌လည်းကောင်း မင်းသည် ထင်၏။ ငါတို့၏ အတွင်း၌ကား မင်းသည် မရှိ။ ရိုသေတုပ်ဝင်ခြင်း မရှိသော နေခြင်းမည်သည် မသင့်။ ငါတို့အားလည်း မင်းကို ရခြင်းငှါ သင့်၏။ မင်းအရာ၌ ထားခြင်းငှါ လျှောက်ပတ်သော တစ်ကောင်သော ငှက်ကို ကြည့်ကြကုန်လော့ဟု ဆို၍ ထိုသို့ သဘောရှိသော ငှက်ကို ကြည့်လတ်သော် တစ်ကောင်သော ခင်ပုပ်ကို နှစ်သက်၍ ဤခင်ပုပ်ကို ငါတို့ နှစ်သက်၏ဟု ဆို၏။ ထိုအခါ ခင်ပုပ်ငှက်သည် ခပ်သိမ်းသော ငှက်တို့၏ အလိုကို ယူအံ့သောငှါ သုံးကြိမ် ကြားသိစေ၏။ နှစ်ကြိမ် ကြားခြင်းတို့ကို သည်းခံ၍ သုံးကြိမ် ကြားသော အခါ၌ တစ်ကောင်သော ကျီးသည် ထ၍ အမျက်မထွက်သေးသော ဤခင်ပုပ်အား ရာဇအဘိသေကကို ပြုသောကာလ၌ပင် ဤသို့ သဘောရှိသော မျက်နှာကို ကြည့်ပါလော့၊ အမျက်ထွက်သော ခင်ပုပ်၏ မျက်နှာသည် အသို့ သဘောရှိသည် ဖြစ်လတ္တံ့နည်း။ ဤခင်ပုပ်သည် အမျက်ထွက်၍ ကြည့်လတ်သည် ရှိသော် ငါတို့သည် ပူစွာသော အိုးကင်း၌ ထည့်အင်သော ဆားကဲ့သို့ ထိုကြည့်ရာအရပ်၌လျှင် ပျက်စီးကုန်အံ့၊ ဤခင်ပုပ်ကို မင်းပြုအံ့သောငှါ မနှစ်သက်ဟူသော အနက်ကို ပြအံ့သောငှါ ဤဂါထာကို ဆို၏—

၁၇။ သဗ္ဗေဟိ ကိရ ဉာတီဟိ၊ ကောသိယော ဣဿရော ကတော။
သစေ ဉာတီဟိ အနုညာတော၊ ဘဏေယျာဟံ ဧကဝါစိကံ။

အဆွေအမျိုး အားလုံးတို့သည် ခင်ပုပ်ကို မင်းပြုလုပ်သတတ်၊ အဆွေအမျိုးတို့သည် အကယ်၍ ခွင့်ပြုမည်ဆိုလျှင် ငါသည် စကားတစ်ခွန်း ပြောလို၏။

ထိုအခါ ကျီးကို ခွင့်ပြုလိုကုန်သော ငှက်တို့သည် ဤဂါထာကို ဆို၏—

၅၉။ ဘဏ သမ္မ အနုညာတော၊ အတ္ထံ ဓမ္မဉ္စ ကေဝလံ။
သန္တိ ဟိ ဒဟရာ ပက္ခီ၊ ပညဝန္တော ဇုတိန္ဓရာ။

အဆွေကျီး ငါတို့ခွင့်ပြု၏ သင်သည် သက်သက်သော အကျိုးအကြောင်း စကားကို ဆိုလော၊ မှန်၏ ငယ်ကုန်သော ပညာရှိကုန်သော ထွန်းပခြင်းကို ဆောင်ကုန်သော ငှက်တို့ ရှိကြကုန်၏။

ဤသို့ ခွင့်ပြုအပ်သည်ရှိသော် ထိုကျီးသည် ဤဂါထာကို ဆို၏—

၆၀။ န မေ ရုစ္စတိ ဘဒ္ဒံ ဝေါ၊ ဥလူကဿာ’ဘိသေစနံ။
အက္ကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ။

အရှင်တို့ ငါသည် ဤခင်ပုပ်အား အဘိသိက်သွန်းလောင်းခြင်းကို မနှစ်သက်၊ အမျက်မထွက်မီ ရှိသော ခင်ပုပ်၏ မျက်နှာကို ကြည့်ကြလော့ အမျက်ထွက်သော်ကား အသို့ပြုလတ္တံ့နည်း။

ထိုကျီးသည် ဤသို့ဆို၍ ငါမနှစ်သက်ဟု မြည်လျက် ကောင်းကင်သို့ ပျံ၏။ ခင်ပုပ်သည်လည်း ထ၍ ထိုကျီးကိုလိုက်၏။ ထိုအခါမှစ၍ အချင်းချင်း ရန်ငြိုးဖွဲ့ကြကုန်၏။ ငှက်တို့သည် ရွှေဟင်္သာကို မင်းပြု၍ ဖဲကြကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာသော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မင်းအဖြစ်၌ အဘိသိက်သွန်းလောင်းသော ဟင်္သာငယ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခုနစ်ဆယ်ခုမြောက်သော ဥလူကဇာတ်သည် ပြီး၏။

၂-ပဒုမဝဂ် ပြီး၏။

---

# ၃-ဥဒပါနဝဂ်

## ၂၇၁-ဥဒပါနဒူသကဇာတ်

### ခွေးတို့၏ ရိုးရာအစဉ်အလာ စားခွက်သေးပန်း

#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "အာရညိကဿ ဣသိနော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥဒပါနဒူသကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရေတွင်းကို ဖျက်ဆီးသော တစ်ကောင်သော မြေခွေးကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်ကောင်သော မြေခွေးသည် ရဟန်းသံဃာ၏ သောက်ရေတွင်းကို ကျင်ကြီးစွန့်ခြင်း ကျင်ငယ်စွန့်ခြင်းကို ပြု၍ ဖျက်ဆီး၍ သွား၏။ ထိုအခါ တစ်နေ့သ၌ ရေတွင်းအနီးသို့ ရောက်လာသော မြေခွေးကို သာမဏေတို့သည် ခဲအုတ်တို့ဖြင့် ပစ်ခတ်၍ ပင်ပန်းစေကုန်၏။ ထိုမြေခွေးသည် ထိုအခါမှစ၍ ထိုအရပ်ကို ပြန်၍ မကြည့်ဝံ့၊ ရဟန်းတို့သည် ထိုအကြောင်းကို သိ၍ တရားသဘင်၌ ငါ့ရှင်တို့ ရေတွင်းကို ဖျက်ဆီးသော မြေခွေးကို သာမဏေတို့သည် ပင်ပန်းစေအပ်သော ကာလမှစ၍ တစ်ဖန်ပြန်၍ ထိုအရပ်ကို မကြည့်ဝံ့ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညူမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ထိုမြေခွေးသည် ယခုအခါ၌သာလျှင် ဖျက်ဆီးသည် မဟုတ်သေး၊ ရှေး၌လည်း ဖျက်ဆီးဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဤဣသိပတနသည်လျှင် ဤရေတွင်းသည်လျှင် ဖြစ်၏။ ထိုအခါ ဘုရားလောင်းသည် ဗာရာဏသီပြည်၌ အမျိုးအိမ်၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ရသေ့ရဟန်းပြု၍ ရသေ့အပေါင်း ခြံရံလျက် ဣသိပတန၌ နေ၏။ ထိုအခါ တစ်ကောင်သော မြေခွေးသည် ဤရေတွင်းကို ဖျက်ဆီး၍သွား၏၊ ထိုအခါ တစ်နေ့သ၌ ထိုမြေခွေးကို ရသေ့တို့သည် ဝန်းရံ၍ တည်ကုန်လျက် ဖြစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ဖမ်း၍ ဘုရားလောင်း၏ အထံသို့ ဆောင်ခဲ့ကုန်၏၊ ဘုရားလောင်းသည် မြေခွေးနှင့်တကွ စကားဆိုလိုရကား ဤဂါထာကို ဆို၏—

၆၁။ အာရညိကဿ ဣသိနော၊ စိရရတ္တတပဿိနော။
ကိစ္ဆာကတံ ဥဒပါနံ၊ ကထံ သမ္မ အဝါဟယိ။

အချင်းမြေခွေး တောသို့နေသော သီလဇသော ကျေးဇူးကို ရှာတတ်သော ကာလရှည်လျားစွာ ခြိုးခြံသော ရသေ့အပေါင်းသည် ပင်ပန်းစွာ တူးထား အပ်သော ရေတွင်းကို အဘယ့်ကြောင့် ကျင်ကြီး ကျင်ငယ်စွန့်သဖြင့် ဖျက်ဆီး ရသနည်း။

ထိုစကားကို ကြား၍ မြေခွေးသည် ဤဂါထာကို ဆို၏—

၆၂။ သေ ဓမ္မော သိင်္ဂါလာနံ၊ ယံ ပိတွာ ဩဟဒါမသေ။
ပိတုပိတာမဟံ ဓမ္မော၊ န တံ ဥဇ္ဈာတုမရဟသိ။

အချင်းရသေ့ ရေတွင်းမှ ရေကိုသောက်၍ ငါတို့သည် ကျင်ကြီး ကျင်ငယ်ကို စွန့်ကုန်၏။ ထိုကျင်ကြီးကျင်ငယ်ကို စွန့်ခြင်းသည် မြေခွေးတို့၏ အလေ့အထ သဘောတည်း၊ အဘ အဘိုးတို့၏ အလေ့အထ သဘောတည်း၊ ထို အဘ အဘိုး တို့မှ လာသော အကျင့်ကို မစွန့်ပယ်ထိုက်။

ထိုအခါ မြေခွေးအား ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၆၃။ ယေသံ ဝေါ ဒီဒိသော ဓမ္မော၊ အဓမ္မော ပန ကီဒိသော။
မာ ဝေါ ဓမ္မံ အဓမ္မံ ဝါ၊ အဒ္ဒသာမ ကုဒါစနံ။

မြေခွေး အကျင့်သဘောသည် ဤသို့ သဘောရှိလျှင် အကျင့်သဘော မရှိခြင်းကား အဘယ်သို့ဖြစ်လတ္တံ့နည်း။ သင်တို့၏ အကျင့်သဘော ဟုတ်သည် ဖြစ်စေ, မဟုတ်သည်ဖြစ်စေ, နည်းနည်းမျှ ငါမမြင်လို။

ဤသို့ ဘုရားလောင်းသည် ထိုမြေခွေးအား အဆုံးအမကို ပေး၍ ဝင်ဖန် မလာလင့်ဟုဆို၍ ထိုမြေခွေးသည် ထိုအခါမှစ၍ တင်ဖန်ပြန်၍မျှလည်း မကြည့်။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ယခုအခါ ဤမြေခွေးသည် ထိုအခါ ရေတွင်းကို ဖျက်ဆီးသော မြေခွေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့အပေါင်း၏ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခုနစ်ဆယ့်တစ်ခုမြောက်သော ဥဒပါနဒူသကဇာတ်သည် ပြီး၏။

## ၂၇၂-ဗျဂ္ဃဇာတ်

### အတူလဲ မနေနိုင် ခွဲလဲ မနေနိုင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ယေန မိတ္တေန သံသဂ္ဂါ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗျဂ္ဃဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ကောကာလိက** ကို အကြောင်းပြု၍ ဟောတော်မူ၏။

ကောကာလိက ဝတ္ထုသည် တေရသကနိပါတ် ရှစ်ခုမြောက် တက္ကာရိယဇာတ်၌ ထင်စွာဖြစ်သတ္တံ့။ ကောကာလိကသည်ကား သာရိပုတ္တရာ မောဂ္ဂလာန်တို့ကို ယူ၍ သွားအံ့ဟု ကောကာလိကတိုင်းမှ ဇေတဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားကို ရှိခိုး၍ မထေရ်တို့ကို ကပ်၍ ငါ့ရှင်တို့ ကောကာလိကတိုင်း၌ နေကုန်သောသူတို့သည် ငါ့ရှင်တို့ကို ပင့်ခေါ်ကုန်၏။ လာကုန်လော သွားကြကုန်အံ့ဟုဆို၏။ အရှင် သွားကုန်လော့၊ ငါတို့ မသွားကုန်ဟု မထေရ်တို့သည် ပယ်အပ်သည်ရှိသော် ထိုကောကာလိကသည် မိမိသည်သာလျှင်သွား၏။ ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့၊ ကောကာလိကသည် သာရိပုတ္တရာ မောဂ္ဂလာန်တို့နှင့် အတူတကွ နေအံ့သော်ငှါလည်း မတတ်နိုင်၊ ကင်း၍ နေအံ့သော်ငှါလည်း မတတ်နိုင်၊ တကွဖြစ်ခြင်းကိုလည်း သည်းမခံနိုင်ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ကောကာလိကသည် သာရိပုတ္တရာ မောဂ္ဂလာန်တို့နှင့်တကွ နေအံ့သော်ငှါလည်းကောင်း ကင်း၍နေအံ့သော်ငှါ လည်းကောင်း မတတ်နိုင်သည် မဟုတ်သေး။ ရှေး၌လည်း တကွနေအံ့သော်ငှါ လည်းကောင်း၊ ကင်း၍ နေအံ့သော်ငှါလည်းကောင်း မတတ်နိုင်သာလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသောတော၌ ရုက္ခစိုးနတ်ဖြစ်၏။ ထိုရုက္ခစိုးနတ်၏ ဗိမာန်အနီး၌ တောစိုးသစ်ပင်စောင့်ဖြစ်သော တစ်ပါးသော ရုက္ခစိုးနတ်သည် နေ၏။ ထိုတောအုပ်၌ ခြင်္သေ့ ကျားတို့သည်လည်း နေကုန်၏။ ထိုခြင်္သေ့ ကျားတို့မှ ကြောက်ခြင်းကြောင့် တစ်စုံတစ်ယောက်သော သူသည် ထို

တောအုပ်၌ လယ်မထွန်။ သစ်ပင်ကို မဖြတ်။ ပြန်၍ ကြည့်ဝံ့သောသူ သည် မရှိ။ ထိုခြင်္သေ့ကျားတို့သည်ကား အထူးထူး အပြားပြား ကုန်သော သားတို့ကို သတ်၍စားကုန်၏။ စားကြွင်းတို့ကို ထိုတောအုပ်၌ သာလျှင် စွန့်၍ သွားကုန်၏။ ထိုစားကြွင်းအသားတို့၏ အနံ့ဖြင့် ထိုတောအုပ်သည် အပုပ်နံ့လှိုင်သည်ဖြစ်၏။ ထိုအခါ မထင်ရှားသော အလွန်မိုက်သော ရုက္ခစိုးနတ်သည် အကြောင်းသင့် မသင့်ကို မသိသည်ဖြစ်၍ တစ်နေ့သ၌ ဘုရားလောင်းကို အဆွေ၊ ခြင်္သေ့ကျားတို့ကိုမှီ၍ ဤတောအုပ်သည် မစင်ကြယ်သော အပုပ်နံ့သည် ဖြစ်၏၊ ထိုခြင်္သေ့ကျားတို့ကို ပြေးစေအံ့ဟုဆို၏။ ဘုရားလောင်းသည် အဆွေ ဤခြင်္သေ့ကျားကိုမှီ၍ ငါတို့ဗိမာန်သည် တည်၏၊ ဤခြင်္သေ့ကျားတို့သည် ပြေးသွားကုန်သော် ဗိမာန်တို့သည် ပျက်စီးကုန်လတ္တံ့၊ ခြင်္သေ့ကျားတို့၏ နေရာကို မမြင်ကုန်သည်ရှိသော် လူတို့သည် အလုံးစုံသောတောကို ခုတ်ဖြတ်၍ တစ်ခုတည်းသောအပြင်ကိုပြု၍ လယ်တို့ကိုထွန်ကုန်လတ္တံ့၊ သင်သည် ခြင်္သေ့ကျားတို့၏ပြေးခြင်းကိုမနှစ်သက်လင့်ဟုဆိုလို၍ ဤဂါထာတို့ကိုဆို၏—

၆၄။ ယေန မိတ္တေန သံသဂ္ဂါ၊ ယောဂက္ခေမော ဝိဟိယျတိ။
ပုဗ္ဗေဝ’ဇ္ဈာဘဝံ တဿ၊ ရက္ခေ အက္ခီဝ ပဏ္ဍိတော။

၆၅။ ယေန မိတ္တေန သံသဂ္ဂါ၊ ယောဂက္ခေမော ပဝဍ္ဎတိ။
ကရေယျ’တ္တသမံ ဝုတ္တိံ၊ သဗ္ဗကိစ္စေသု ပဏ္ဍိတော။

အဆွေ၊ အဆွေခင်ပွန်းယုတ်နှင့် ပေါင်းဖော်ရခြင်းကြောင့် ကိုယ်စိတ်ချမ်းသာခြင်းမှ ဆုတ်ယုတ်၏၊ ထိုအဆွေခင်ပွန်းသည် ရှေး၌သာလျှင် နှိပ်စက်အပ်သည်ကို ပညာရှိသည် မျက်စိကဲ့သို့စောင့်ရ၏။

အဆွေ၊ အဆွေခင်ပွန်းကောင်းနှင့် ပေါင်းဖော်ရသည်ဖြစ်၍ ကိုယ်စိတ်ချမ်းသာခြင်းသည် တိုးပွါး၏။ ထိုအဆွေခင်ပွန်း၏ ကိစ္စအားလုံးတို့၌ ပညာရှိသည် မိမိကိစ္စနှင့် ထပ်တူထပ်မျှ ကောင်းသောအကျင့်ကို ပြုရာ၏။

ဤသို့ ဘုရားလောင်းသည် ထိုအကြောင်းကို ဆိုသော်လည်း ထိုမိုက်သောနတ်သည် မဆင်ခြင်မူ၍ တစ်နေ့သ၌ ကြောက်မက်ဖွယ်သော အာရုံကိုပြ၍ ခြင်္သေ့ကျားတို့ကို ပြေးစေ၏၊ လူတို့သည် ခြင်္သေ့ကျားတို့ကို မမြင်၍ ခြင်္သေ့ကျားတို့သည် တစ်ပါးသော တောသို့ သွားကုန်ပြီဟုသိ၍ တောအုပ်၏နံပါးတစ်ဘက်ကိုဖြတ်ကုန်၏။ ရုက္ခစိုးနတ်သည် ဘုရားလောင်းသို့ ချဉ်းကပ်၍ အဆွေ အကျွန်ုပ်သည် အဆွေ့စကားကို မနာယူ၍ ထိုခြင်္သေ့ကျားတို့ကို ပြေးစေ၏။ ထိုခြင်္သေ့ကျားတို့သည် သွားလေသောအဖြစ်ကိုသိ၍ လူတို့သည် တောအုပ်ကို ဖျက်ဆီးကုန်၏။ အဘယ်သို့ ပြုအပ်သနည်းဟု ဆိုသော် ယခု ထိုခြင်္သေ့ကျားသည် နေသောတောသို့သွား၍ ခြင်္သေ့ကျားတို့ကို ပင့်ဆောင်ချေလော့ဟု

စေသည်ရှိသော် ထိုတောသို့သွား၍ ခြသေ့်ကျားတို့၏ရှေ့မှ လက်အုပ်ချီ၍ ဤဂါထာကို ဆို၏—

၆၆။ ဧထ ဗျဂ္ဃါ နိဝတ္တဝှေါ၊ ပစ္စုပေထ မဟာဝနံ။
မာ ဝနံ ဆိန္ဒိ နိဗျဂ္ဃံ၊ ဗျဂ္ဃါ မာဟေသု နိဗ္ဗနာ။

အို ကျားခြသေ့်တို့ သင်တို့သည် လာတော်မူကြပါကုန်၊ ပြန်လာကြကုန်လော့၊ တောကြီးသို့ တစ်ဖန်ပြန်ကြဦးလော့၊ ကျားခြသေ့် မရှိသောတောကို မဖျက်စေလင့်၊ ကျားခြသေ့်တို့သည် နေရာအရပ်မှ ကင်းကုန်သည် မဖြစ်စေကုန်လင့်။

ထိုကျားခြသေ့်တို့အား ရုက္ခစိုးနတ် တောင်းပန်လတ်သော်လည်း သင်သည် သွားလော၊ ငါတို့သည် မလာကုန်သလျှင်ကတည်းဟု ပယ်ကုန်၏။ ရုက္ခစိုးနတ်သည် တစ်ယောက်တည်းလျှင် ထိုတောအုပ်သို့ ပြန်လာ၏။ လူတို့သည်လည်း နှစ်ရက် သုံးရက်ဖြင့်လျှင် အလုံးစုံသော တောအုပ်ကို ဖြတ်၍ လယ်ယာလုပ်၍ ထွန်ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကိုဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ကောကာလိကသည် ထိုအခါ ပညာမရှိသော ရုက္ခစိုးနတ်ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ခြသေ့်ဖြစ်ဖူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ ကျားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ ပညာရှိသော ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပုပ်နံ့ညှီနံ့၊ သည်းမခံ၊ ဗိမာန် တောလုံးပျက်)

နှစ်ရာခုနစ်ဆယ့်နှစ်ခုမြောက်သော ဗျဂ္ဃဇာတ်သည် ပြီး၏။

---

၂၇၃-ကစ္ဆပဇာတ်

လိပ်ခဲတန်းလန်း

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ကောသလ ဥဒ္ဒိတဘတ္တော ဝ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကစ္ဆပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီး၏ အမတ်ကြီးနှစ်ယောက်တို့ ခိုက်ရန်ငြိမ်းခြင်းကို

အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုကို ဒုကနိပါတ်၌ ဆိုအပ်ပြီး သလျှင်ကတည်း။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ ခပ်သိမ်းသော အတတ်တို့ကိုသင်၍ ကာမတို့ကို ပယ်၍ ရသေ့ ရဟန်း ပြု၍ ဟိမဝန္တာ အရပ်ဝယ် ဂင်္ဂါနား၌ ကျောင်းဆောက်၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ စျာန်ကစားခြင်းကို ကစားလျက် နေ၏။ ဤဇာတ်၌ကား ဘုရားလောင်းသည် အလွန် လျစ်လျူရှုသတတ်၊ ဥပေက္ခာပါရမီကို ဖြည့်သတတ်။ ထိုဘုရားလောင်းသည် ကျောင်းတံခါး၌ နေစဉ် တစ်ကောင်သော သီလမရှိသော ပြစ်မှားတတ်သော မျောက်သည် လာလတ်၍နားပေါက်တို့၌အင်္ဂဇာတ်ကို သွင်းသောအမှုကိုပြု၏။ ဘုရားလောင်းသည် မမြစ်မူ၍ လျစ်လျူရှုလျက် နေ၏။ ထိုအခါ တစ်နေ့သ၌ တစ်ကောင်သောလိပ်သည် ရေမှတက်၍ ဂင်္ဂါနား၌ ခံတွင်းဖွင့်၍ နေပူခံလျက် အိပ်၏။ ထိုလိပ်ကိုမြင်၍ လျှပ်ပေါ်သော မျောက်သည် လိပ်ခံတွင်း၌ အင်္ဂဇာတ် သွင်းခြင်းကို ပြု၏။ ထိုအခါ လိပ်သည် နိုး၍ မျောက်၏ အင်္ဂဇာတ်ကို ကြုတ်၌ ထည့်ဘိသကဲ့သို့ကိုက်၏၊ ပြင်းစွာသောဝေဒနာသည် ဖြစ်၏။ ထိုဝေဒနာကိုသည်းခံ အပ်သောငှါ မတတ်နိုင်ရကား အဘယ်သူသည်လျှင် ဤဆင်းရဲမှ ငါ့ကို လွတ်ပါ စေအံ့နည်း၊ အဘယ်သူ၏အထံကို ငါသွားရအံ့နည်းဟု ကြံ၍ ရသေ့ကိုထား၍ ငါ့ကို ဤဆင်းရဲမှ လွတ်စေနိုင်သော တစ်ပါးသောသူသည် မရှိ၊ ငါသည် ရသေ့ထံသို့ သွားခြင်းငှါသင့်၏ဟု လိပ်ကိုလက်နှစ်ဖက်တို့ဖြင့် ချီ၍ ဘုရားလောင်းအထံသို့ သွား၏၊ ဘုရားလောင်းသည် ထိုသီလမရှိသောမျောက်နှင့်တကွ ပြက်ရယ်ပြုလို ရကား ဤဂါထာကိုဆို၏—

၆၇။ ကော နု ဥဒ္ဓိတဘတ္တောဝ၊ ပူရဟတ္ထောဝ ဗြာဟ္မဏော။
ကဟံ နု ဘိက္ခံ အစရိ၊ ကံ သဒ္ဓံ ဥပသင်္ကမိ။

တန်ဆောင်မုန်းလ၌ မင်္ဂလာရှိတ်ရာမှ ဆွမ်းကို လက်ပြည့်အောင်ရသော ပုဏ္ဏားကဲ့သို့ သပိတ်၌ ခူးလောင်းအပ်သော ဆွမ်းများစွာရသောသူ့ဟန်ဆောင် ၍ လာသောရန်သူသည် အဘယ်သူနည်း၊ သင်သည် အဘယ်၌လျှင် ဆွမ်းခံခဲ့ သနည်း၊ သဒ္ဓါတရားနှင့်ပြည့်စုံသော အဘယ်အမျိုးသို့ ချဉ်းကပ်ခဲ့သနည်း။

ထိုစကားကိုကြား၍ သီလမရှိသော မျောက်သည် ဤဂါထာကို ဆို၏—

၆၈။ အဟံ ကပိသ္မိ ဒုမ္မေဓော၊ အနာမာသာနိ အာမသိံ။
တွံ မံ မောစယ ဘဒ္ဒံ တေ၊ မုတ္တော ဂစ္ဆေယျံ ပဗ္ဗတံ။

အရှင်ဘုရား၊ အကျွန်ုပ်သည် ပညာမရှိသောမျောက် ဖြစ်ပါ၏၊ အကျွန်ုပ်သည် မသုံးသပ်အပ်သောအရာဟူကို သုံးသပ်မိ၏။ အရှင်ဘုရားသည် အကျွန်ုပ်ကို လွတ်ပါစေလော့၊ လွတ်သည်ရှိသော် အကျွန်ုပ်သည် တောင်သို့သွားပါအံ့။

ဘုရားလောင်းသည် ထိုမျောက်ကိုသနားသဖြင့် လိပ်နှင့်တကွ စကားဆိုလိုရကား ဤဂါထာကိုဆို၏—

၆၉။ ကစ္ဆပါ ကဿပါ ဟောန္တိ၊ ကောဏ္ဍညာ ဟောန္တိ မက္ကဋာ။
မုဉ္စ ကဿပ ကောဏ္ဍညံ၊ ကတံ မေထုနကံ တယာ။

လိပ်တို့သည် ကဿပအနွယ်တို့ ဖြစ်ကုန်၏။ မျောက်တို့သည် ကောဏ္ဍညအနွယ်တို့ဖြစ်ကုန်၏။ ထို့ကြောင့် ကဿပအနွယ်ဖြစ်သောလိပ် သင်နှင့်မေထုန်ကိုပြုသော ကောဏ္ဍညအနွယ်ဖြစ်သောမျောက်ကို လွှတ်လော့။

လိပ်သည် ဘုရားလောင်း၏ စကားကို ကြား၍ အကြောင်းအားဖြင့် ကြည်ညိုရကား မျောက်၏အင်္ဂါဇာတ်ကို လွှတ်၏။ မျောက်သည် လွှတ်တည့်ခြင်းလျှင် ဘုရားလောင်းကိုရှိခိုး၍ ပြေး၏၊ တဖန် ထိုအရပ်ကို ပြန်၍လည်း မကြည့်၊ လိပ်သည် ဘုရားလောင်းကို ရှိခိုး၍ မိမိနေရာသို့လျှင် သွား၏။ ဘုရားလောင်းသည် ဈာန်မှမယုတ်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အမတ်နှင့်ယောက်ဘ်သည် ထိုအခါ မျောက် လိပ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ကာမသော့သွမ်း၊ ထင်တိုင်းရမ်း၊ သေပန်းရှာ၏သို့)

နှစ်ရာခုနစ်ဆယ့်သုံးခုမြောက်သော ကစ္ဆပဇာတ်သည် ပြီး၏။

## ၂၇၄-လောလဇာတ်

### အစာမက်၍ အသက်သေ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကာယံ ဗလာကာ သိခိနီ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤလောလဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်

မူစည် လျှပ်ပေါ်သော တစ်ပါးသောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် တရားသဘင်သို့ ဆောင်အပ်သော ရဟန်းကို ရဟန်း၊ သင်သည် ယခုမှသာလျှင် လျှပ်ပေါ်သည် မဟုတ်သေး၊ ရှေး၌လည်း လျှပ်ပေါ်သလျှင်ကတည်း၊ လျှပ်ပေါ်သည်၏အဖြစ်ကြောင့် အသက်ကုန်ခြင်းသို့ ရောက်ဖူးပြီ၊ သင့်ကိုမှီ၍ ရှေးပညာရှိတို့သည် မိမိနေရာအရပ်မှ ယုတ်ဖူးကုန်ပြီ ဟု အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဗာရာဏသီသူဌေး၏စားဖိုအိမ်၌ စားဖိုသည်သည် ကောင်းမှု၏အကျိုးငှါ ခိုတို့၏ အသိုက်တောင်းကို ထား၏၊ ထိုအခါ ဘုရားလောင်းသည် ခိုမျိုး၌ဖြစ်၍ ထိုတောင်း၌ နေ၏။ ထိုအခါ တစ်ကောင်သော လျှပ်ပေါ်သော ကျီးသည် စားဖိုအိမ် အထက်ဖြင့် သွားသည်ရှိသော် အထူးထူးအပြားပြားရှိသော ငါး အမဲဖွယ်တို့ကို မြင်၍ စားချင်ခြင်း နှိပ်စက်ရကား အဘယ်သူတို့ကို မှီ၍ အခွင့်ကိုရခြင်းငှါ တတ်ကောင်းအံ့နည်းဟု ကြံ၍ ဘုရားလောင်းကိုမြင်၍ ဤခိုကိုမှီ၍ အခွင့် ရခြင်းငှါ တတ်ကောင်း၏ဟု ဘုရားလောင်းခို၏ အစာရှာအံ့သောငှါ တောသို့ သွားသော ကာလ၌ နောက်မှလိုက်၏၊ ထိုအခါ ကျီးကို ဘုရားလောင်းသည် အချင်းကျီး ငါတို့သည်ကား တစ်ပါးသော အစာကို စားကုန်၏။ သင်သည် ကား တစ်ပါးသောအစာကို စား၏။ အဘယ်ကြောင့် နောက်သို့ လိုက်သနည်း ဟု ဆို၏။ အရှင် သင်တို့၏ အမူအရာကို ငါ နှစ်သက်၏။ ငါသည်လည်း သင်တို့နှင့်တူသော အစာရှိသည်ဖြစ်၍ သင်တို့ကို လုပ်ကျွေးလို၏။ ထို့ကြောင့် သင့်နောက်သို့ လိုက်၏ဟု ဆို၏။ ဘုရားလောင်းနှင့် အတူ အစာရှာလျက် ကျက်စားဟန်သကဲ့သို့ မြေ၌သက်၍ နွားချေးစုကို ပေါက်၍ ပိုးတို့ကို စား၍ ဝမ်းကို ပြည့်စေ၍ ဘုရားလောင်းထံသို့ ဆည်းကပ်၍ အရှင် ဤမျှလောက်သော ကာလပတ်လုံး ကျက်စားသည်ရှိသော် မကောင်း။ အရှင်- ပမာဏကို သိခြင်းငှါ သင့်၏၊ လာလော၊ မိုးမချုပ်မီ လျှင်စွာ သွားကြအံ့ဟု ကျီးသည် ဘုရားလောင်း ကို ဆို၏။ ဘုရားလောင်းသည် ထိုကျီးကို ခေါ်၍ နေရာအရပ်သို့ သွား၏။ စားဖိုသည်သည် ငါတို့ခိုသည် အဖော်ခေါ်၍ လာ၏ဟု ကျီးတို့၏ အလို့ငှါ တစ်ခုသော ဖွဲ့တောင်းကို ထား၏၊ ကျီးသည် လေးငါးရက် နေခြင်းတို့ဖြင့်လျှင် နေ၏။ ထိုအခါ တစ်နေ့သ၌ သူဌေး၏ များစွာသော ငါးအမဲတို့ကို မြင်၍ စားချင်ခြင်း နှိပ်စက်ရကား မိုးသောက်ထ ကာလမှစ၍ ညည်းညူလျက် အိပ်၏။

ထိုအခါ ကျီးကို ဘုရားလောင်းသည် အဆွေ လာလော့ အစာရှာသွားကုန်အံ့ဟု ဆို၏။ သင်တို့သည် သွားကုန်လော့၊ ငါ့အား အစာမကြေသော ရောဂါသည် ရှိ၏ဟု ဆို၏၊ အဆွေအား အစာမကြေခြင်းမည်သည် မရှိ။ သင်တို့၏ ဝမ်း၌ ဆီမီးစာမျှသာလျှင် ဖြစ်သော အနည်းငယ်သော အာဟာရသည် တည်၏။ ကြွင်းသော အာဟာရသည် မျိုထည့်ခြင်းလျှင် ကြေ၏။ ငါ့စကားကို နားထောင်လော့၊ ငါးအမဲ အထူးတို့ကို မြင်၍ ဤသို့ မပြုလင့်ဟု ဘုရားလောင်းသည် ဆို၏။ အရှင်တို့သည် အဘယ်မည်သော စကားကို ဆိုကုန်သနည်း၊ ငါ့အား အစာမကြေသော ရောဂါ ရှိ၏ဟု ကျီးသည် ဆို၏။ ထိုသို့ဟုပြီးကား မမေ့မလျော့ ဖြစ်ရစ်လောဟု ကျီးကို ဆုံးမ၍ ဘုရားလောင်းသည် သွား၏။

စားဖိုသည်သည် များစွာကုန်သော ငါး အမဲ အထူးတို့ကို စီရင်၍ ကိုယ်မှ ချွေးကို သုတ်လျက် စားဖိုအိမ်တံခါး၌ ရပ်၏။ ကျီးသည် ယခု ငါးအမဲကို စားခြင်းငှါ အချိန်ကာလ ရောက်၏ဟု ပျံသွား၍ အမဲကို ချက်သော ဟင်းအိုးတို့၏ အထက်၌ နားနေ၏။ စားဖိုသည်သည် ကျီးသံကိုကြား၍ ကြည့်လတ်သော် ကျီးကိုမြင်၍ ဖမ်းယူပြီးလျှင် စားဖိုအိမ်သို့ဝင်၍ ကိုယ်အလုံး၌ အမွေးတို့ကို နုတ်၍ ထိပ်၌ ဦးစွန်းထား၍ ချင်း ငရုတ် စသည်တို့ကို ဖျော်၍ သင်သည် ငါတို့အရှင်၏ ငါးအမဲကို စားကြွင်းကို ပြု၏ဟု ကျီး၏ကိုယ်အလုံးကို ချင်း ငရုတ် အစရှိသည်တို့၏ အရည်ဖြင့်လူး၍ အသိုက်တောင်း၌ ပစ်ချ၏။ သည်းစွာသော ဝေဒနာသည် ဖြစ်၏။ ဘုရားလောင်းသည် ကျက်စားရာ အရပ်မှလာ၍ ညည်းညူသော ကျီးကို မြင်၍ ပြက်ရယ်ပြုလိုရကား ဤဂါထာကို ဆို၏—

၇၀။ ကာ'ယံ ဗလာကာ သိခိနီ၊ စောရီ လင်္ဃိပိတာမဟာ။
ဩရံ ဗလာကေ အာဂစ္ဆ၊ စဏ္ဍော မေ ဝါယသော သခါ။

ဦးစွန်းရှိသော, နေရာတောင်းကို ခိုးသော, မိုးဟူသော အဖိုးရှိသော ဤဗျိုင်းသည် အသို့ပြုသနည်း၊ ဗျိုင်း ငါ၏ အဆွေခင်ပွန်း ဖြစ်သော ကျီးသည် ကြမ်း၏၊ ဤမှာဘက်သို့ လာလော။

ထိုစကားကို ကြား၍ ကျီးသည် ဤဂါထာကို ဆို၏—

၇၁။ နာဟံ ဗလာကာ သိခိနီ၊ အဟံ လောလောသ္မိ ဝါယသော။
အကတွာ ဝစနံ တုယှံ၊ ပဿ လူနောသ္မိ အာဂတော။

ငါသည် ဦးစွန်းရှိသော ဗျိုင်းမဟုတ်။ ငါသည် လျှပ်ပေါ်သော ကျီး ဖြစ်၏။ သင်၏စကားကို မလိုက်နာမူ၍ အမွေးကို အနုတ်ခံရ၍၊ ကျက်စားရာ အရပ်မှ ပြန်လာသော သင်သည် ငါ့ကို ရှုလော့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကိုဆို၏—

၇၂။ ပုနပါ'ပဇ္ဇသိ သမ္မ၊ သီလံ ဟိ တဝ တာဒိသံ။
န ဟိ မာနုသိကာ ဘောဂါ၊ သုဘုဉ္ဇာ ဟောန္တိ ပက္ခိနာ။

အဆွေ သင်သည် တစ်ဖန်လည်း ဤသို့သဘောရှိသော ဆင်းရဲခြင်းသို့ ရောက်လတ္တံ့။ မှန်၏၊ သင်၏ အလေ့အကျင့်သည် ထိုဆင်းရဲသို့ ရောက်ခြင်း အားလျော်သော သဘောရှိ၏။ ငှက်အနေဖြင့် လူတို့၏အသုံးအဆောင်တို့သည် လွယ်ကူစွာ သုံးဆောင်ရန် မဖြစ်နိုင်ချေ။

ဘုရားလောင်းသည် ဤသို့ဆို၍ ယနေ့မှစ၍ ဤအရပ်၌ ငါသည် နေခြင်းငှါ မတတ်ကောင်းဟု ပျံ၍ တစ်ပါးသို့ သွား၏။ ကျီးသည်လည်း ညည်းညူ လျက်လျှင် ထိုအရပ်၌ သေ၏။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာ တို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌လျှင် လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ ဇာတ်ကို အုဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လျှပ်ပေါ်သော ရဟန်း သည် ထိုအခါ ကျီးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခို ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခုနစ်ဆယ့်လေးခုမြောက်သော လောလဇာတ်သည် ပြီး၏။

## ၂၇၅-ရုစိရဇာတ်

### အစားတစ်လုတ်ကြောင့် အမွေးနုတ်ခံရ

### ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ကာ'ယံ ဗလာကာ ရုစိရာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤရုစိရ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လျှပ်ပေါ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော် မူ၏။ နှစ်ခုကုန်သော ဝတ္ထုတို့သည် ရှေးနှင့် တူကုန်သည်သာလျှင်ကတည်း၊ ဂါထာ သည်ကား ထူး၏။

၇၃။ ကာယံ ဗလာကာ ရုစိရာ၊ ကာကနိဋ္ဌသ္မိံ မစ္ဆတိ။
စန္ဒော ဇာကော သခါ မယှံ၊ ယဿ စေတံ ကုလာဝကံ။

၇၄။ နနု မံ သမ္မ ဇာနာသိ၊ ဒိဇ သာမာကဘောဇန။
အကတွာ ဝစနံ တုယှံ၊ ပဿ လူနောသ္မိ အာဂတော။

၇၅။ ပုနပါ'မဇ္ဇသိ သမ္မ၊ သီလံ ဟိ တဝ တာဒိသံ။
န ဟိ မာနုသကာ ဘောဂါ၊ သုဘုဉ္ဇာ ဟောန္တိ ပက္ခိနာ။

ဖြူစင်သော အဆင်းရှိသော ဤဗျိုင်းသည် အဘယ်သို့သော သဘောရှိသော ဗျိုင်းနည်း၊ ကျီးသိုက်၌ နေ၏၊ ငါ၏ အဆွေခင်ပွန်းအားလည်း ဤအသိုက်သည် ရှိ၏၊ ထိုအဆွေခင်ပွန်း ကျီးသည် ကြမ်းတမ်း၏။

မြက်သီးဟူသော အစာကိုစားသော အဆွေခို သင်သည် ငါ့ကို သိသည် မဟုတ်လော၊ သင်၏စကားကို နားမထောင်၍ ငါသည် အမွေးနုတ်ခံရ၏။ ကျက်စားရာအရပ်မှ ပြန်လာသော သင်သည် ငါ့ကို ကြည့်ပါလော။

အဆွေ သင်သည် တစ်ဖန်လည်း ဤသို့ သဘောရှိသော ဆင်းရဲသို့ ရောက်လတ္တံ့၊ မှန်၏၊ သင်၏ အလေ့အကျင့်သည် ထိုသို့သော ဆင်းရဲ ရောက်နိုင်သော သဘောရှိ၏၊ ငှက်သည် လူတို့၏ အသုံးအဆောင်တို့ကို လွယ်ကူစွာ သုံးဆောင်ခြင်း မဖြစ်နိုင်သည်သာတည်း။

ဤဇာတ်၌သည်း ဘုရားလောင်းခိုသည် ယနေ့မှစ၍ ငါသည် ဤအရပ်၌ နေခြင်းငှါ မသင့်ဟု ပျံ၍ တစ်ပါးသောအရပ်သို့ သွား၏။

## ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လျှပ်ပေါ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လျှပ်ပေါ်သော ရဟန်းသည် ထိုအခါ လျှပ်ပေါ်သောကျီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ ခိုဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆယ့်ခုနစ်ဆယ့်ငါးခုမြောက်သော ရုစိရဇာတ်သည် ပြီး၏။

## ၂၇၆-ဂရုဓမ္မဇာတ်

### သီလစောင့်မှ အူမတောင့်မည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် တဝ သဒ္ဓဋ္ဌ သီလဋ္ဌ–အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဂရုဓမ္မဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဟင်္သာသတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေကုန်သော အဆွေခင်ပွန်းတို့သည် ရဟန်းပြု၍ ပဉ္စင်းအဖြစ်ကို ရကုန်ပြီးသော် များသောအားဖြင့် တပေါင်းတည်းသာလျှင် သွားလာကုန်၏။ ထိုရဟန်းတို့သည် တစ်နေ့သ၌ အစိရဝတီမြစ်သို့ သွား၍ ရေချိုး၍ သဲပြင်၌ နေပူခံကုန်လျက် အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကို ပြောဆို၍ နေကုန်၏။ ထိုခဏ၌ နှစ်ကောင်သော ဟင်္သာတို့သည် ကောင်းကင်ပြင်သို့ သွားကုန်၏။ ထိုအခါ တစ်ယောက်သော ပဉ္စင်းငယ်သည် ကျောက်စရစ်ကို ကောက်၍ တစ်ကောင်သော ဟင်္သာငယ်၏ မျက်စိကို ပစ်အံ့ဟု ဆို၏၊ တစ်ယောက်သော ပဉ္စင်းငယ်သည် မတတ်နိုင်လတ္တံ့ဟု ဆို၏၊ ဤဘက်မျက်စိကို ထားဦးလော့၊ ထိုဘက်မျက်စိကိုလည်း ပစ်အံ့ဟု ဆို၏။ ထိုဘက်မျက်စိကိုလည်း မတတ်နိုင်သလျှင်ကတည်းဟု ဆို၏။ ထိုသို့ တပြီးကား မှတ်လော့ဟု ဆို၍ ထက်စွာသော ကျောက်စရစ်ကို ကိုင်၍ ဟင်္သာ၏ နောက်အဖို့၌ ပစ်၏။ ဟင်္သာသည် ကျောက်စရစ်သံ ကြား၍ ပြန်၍ ကြည့်၏။ တစ်ခုသော လုံးသော ကျောက်စရစ်ကို ယူ၍ ထိုဘက်မျက်စိ၌ ပစ်၍ ဤဘက်မျက်စိမှ ထွက်စေ၏။ ဟင်္သာသည် မြည်လျက် ရဟန်းတို့၏ ခြေရင်း၌သာလျှင် ကျ၏။

ထိုအရပ်၌ ရှိကုန်သော ရဟန်းတို့သည် မြင်၍ လာသတ်၍ ငါ့ရှင် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော ဘုရားသာသနာတော်၌ ရဟန်းပြု၍ ပါဏာတိပါတကို ပြုသဖြင့် သင့်အား မလျောက်ပတ်ဟု ဆို၍ ရဟန်းကို ယူ၍ မြတ်စွာဘုရားအား ပြကုန်၏။ မြတ်စွာဘုရားသည် ရဟန်း သင်သည် ပါဏာတိပါတကို ပြုသောဟူသည် မှန်သလောဟု မေးတော်မူ၏၊ မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း အဘယ့်ကြောင့် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ပါဏာတိပါတကို ပြုဘိသနည်း။ ရှေးပညာရှိ ဘို့သည် ဘုရားမပွင့်မီ လူ၏ဘောင်၌ နေကုန်လျက် ဖနည်းငယ်သော အရာတို့၌လည်း ကုက္ကုစ္စကို

ပြုကုန်၏။ သင်သည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ကုက္ကုစ္စကိုလည်း မပြု။ ရဟန်းမည်သည်ကား ကိုယ်, နှုတ်, စိတ်တို့ကို စောင့်ရှောက်ရသည် မဟုတ်တုံလောဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ မိဖုရားကြီး၌ ပဋိသန္ဓေယူ၍ အစဉ်သဖြင့် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘသည် အိမ်ရှေ့အရာ၌ ထားအပ်သည် ဖြစ်၍ နောက်အဘလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၍ ဆယ်ပါးသော မင်းကျင့်တရားတို့ကို မပျက်စေမူ၍ ဂရုဓမ္မ၌ တည်၏။(ဂရုဓမ္မဟူသည်ကား ပဉ္စသီတည်း)။ ဘုရားလောင်းသည် ပဉ္စသီကို စင်ကြယ်စွာပြု၍ စောင့်ရှောက်သကဲ့သို့ ထိုအတူ ဘုရားလောင်း၏ မယ်တော် မိဖုရားကြီး, ညီတော်, အိမ်ရှေ့မင်း, ပုရောဟိတ်, ပုဏ္ဏား, ကြိုးတိုင်းအမတ်, ရထားထိန်း, သူဌေး, တင်းခြင်အမတ်ကြီး, တံခါးစောင့်, ပြည့်တန်ဆာမဘို့သည် စင်ကြယ်စွာပြု၍ စောင့်ရှောက်ကုန်၏။ မင်းသည် မြို့တံခါး လေးမျက်နှာ မြို့လယ်နန်းတော်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်ကို ဆောက်စေကုန်၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းသော ဥစ္စာတို့ကို စွန့်၍ အလုံးစုံသော ဇမ္ဗူဒိပ်ကို လယ်ယာထွန်ခြင်း ပြုတ်သည်ကို ပြု၍ အလှူပေး၏။ ထိုဘုရားလောင်း၏ အလှူပေးခြင်း၌ မွေ့လျော်သည်၏ အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ပျံ့နှံ့၏။ ထိုအခါ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်းသည် မင်းပြု၏။ ထိုမင်း၏ တိုင်း၌ မိုးသည်ကား မရွာ၊ မိုးမရွာသည်ရှိသော် တိုင်းအလုံး၌ ငတ်မွတ်ခြင်းဘေးသည် ဖြစ်၏။ အာဟာရဖောက်ပြန်ခြင်းကြောင့် လူတို့အား ရောဂါသည်သည်း ဖြစ်၏၊ လူတို့သည် ထွက်ကုန်၍ သူငယ်တို့ကို လက်တို့၌ ကိုင်ကုန်၍ ထိုထိုသော အရပ်သို့ သွားကုန်၏။ တိုင်းအလုံး၌ နေကုန်သော သူတို့သည် ဟစ်ပေါင်းတည်း ဖြစ်ကုန်၍ ဒန္တပူရမြို့သို့ သွား၍ မင်းအိမ်တံခါး၌ ကြွေးကြော်ကုန်၏။

မင်းသည် လေသာတံခါးကို မှီ၍ တည်လျက် ထိုအသံကို ကြား၍ အဘယ့်ကြောင့် ထိုသူတို့သည် ကြွေးကြော်ကုန်သနည်းဟု မေး၏။ မြတ်သော မင်းကြီး အလုံးစုံသော တိုင်း၌ ဆာမွတ်သောဘေး ရောဂါဘေး အစာမရှိသော ဘေး ဤဘေးသုံးပါးတို့သည် ဖြစ်ကုန်၏။ မိုးသည် မရွာ။ ကောက်ပဲတို့သည် မပြည့်စုံကုန်။ မကောင်းသော အစာကို စားခြင်းကြောင့် ရောဂါ နှိပ်စက်ကုန်သော လူတို့သည် သားတို့ကို လက်၌ ကိုင်ကုန်၍ ရွာမှ ထွက်သွားကုန်၏။

မြတ်သော မင်းကြီး မိုးကို ရွာပါစေလော့ဟု ကြွေးကြော်ကုန်၏ဟု လျှောက်ကုန်၏။ ရှေးမင်းတို့သည် မိုးမရွာသော် အဘယ်သို့ ပြုကုန်သနည်းဟု မေး၏။ မြတ်သော မင်းကြီး ရှေးမင်းတို့သည် မိုးမရွာသော် အလှူပေး၍ သီလ ဆောက်တည်၍ ဥပုသ်ကို ဓိဋ္ဌာန်၍ အသရေရှိသော တိုက်ခန်းသို့ ဝင်၍ မြေစာ မြက်ကို ခင်း၍ အိပ်ကုန်၏။ ထိုအခါ မိုးသည် ရွာ၏ဟု လျှောက်ကုန်၏။ မင်းသည် ကောင်းပြီဟု ဝန်ခံ၍ ဆိုတိုင်းကို ပြု၏။ ဤသို့ ပြုသော်လည်း မိုးမရွာ။ ထိုအခါ မင်းသည် အမတ်တို့ကို ငါသည် ပြုအပ်သော ကိစ္စတို့ကို ပြုပြီ၊ မိုးသည် မရွာ။ အဘယ်သို့ပြုရကုန်အံ့နည်းဟု မေး၏။ မြတ်သော မင်းကြီး ဣန္ဒပတ္တနဂိုရ်မြို့၌ ဓနဉ္စယ ကောရဗျ မင်းအား အဉ္စနဝဏ္ဏ မည်သော မင်္ဂလာဆင်သည် ရှိ၏။ ထိုဆင်ကို ဆောင်ကုန်အံ့။ ဤသို့ ဆောင်သည် ရှိသော် မိုးသည် ရွာလတ္တံ့ဟု ဆိုကုန်၏။ မင်းသည် ဗိုလ်ပါ ဆင် မြင်းနှင့် ပြည့်စုံ၏။ စစ်ထိုး၍ နိုင်စက်ခြင်းငှါ ခက်ခဲ၏။ အဘယ်သို့လျှင် ထိုမင်း၏ မင်္ဂလာဆင်ကို ဆောင်ကုန်အံ့နည်းဟု မင်းသည် ဆို၏။ မြတ်သော မင်းကြီး ကောရဗျမင်းနှင့် စစ်ထိုးခြင်းမည်သည် မရှိ။ ကောရဗျမင်းသည်, တောင်းသည် ရှိသော် တန်ဆာ ဆင်သော ဦးခေါင်း ကိုလည်း ဖြတ်၍ လှူရာ၏၊ ကြည်ခြင်းနှင့် ပြည့်စုံကုန်သော မျက်စိတို့ကိုလည်း ထုတ်၍ လှူရာ၏။ အလုံးစုံသော မင်းအဖြစ်ကိုလည်း ဆောက်နှင်း၍ ပေးရာ၏။ ဆင်၌ကား ဆိုဖွယ်ရာ မရှိသည်သာလျှင် ဖြစ်၏။ မချွတ် တောင်းသော် ပေးကုန်လတ္တံ့ဟု အမတ်တို့သည် ဆိုကုန်၏။

အဘယ်သူတို့အားကား ထိုဆင်ကို တောင်းခြင်းငှါ စွမ်းနိုင်ကုန်အံ့နည်းဟု မင်းသည် ဆို၏။ မြတ်သော မင်းကြီး ပုဏ္ဏားတို့သည် စွမ်းနိုင်ကုန်၏ဟု အမတ်တို့သည် ဆိုကုန်၏။ မင်းသည် ပုဏ္ဏားအပေါင်းမှ ရှစ်ယောက်သော ပုဏ္ဏားတို့ကို ခေါ်စေ၍ ချီးမြှောက် ပေးကမ်းခြင်းကို ပြု၍ ဆင်ကို တောင်းစိမ့်သောငှါ စေ၏။ ထိုပုဏ္ဏားတို့သည် ရိက္ခာကို ယူပြီးသော် ခရီးသွားအသွင်ကို ယူ၍ ခပ်သိမ်းသော အရပ်တို့၌ တစ်ညဉ့်သာ အိပ်သဖြင့် လျင်မြန်စွာ သွား၍ နှစ်ရက် သုံးရက်ဖြင့် မြို့တံခါး အလှူတင်းကုပ်၌ စားကုန်၍ ကိုယ်ကို ရောင့်ရဲစေ၍ အဘယ်အခါ၌ မင်းသည် အလှူတင်းကုပ်သို့ လာလတ္တံ့နည်းဟု မေးကုန်၏။ လူတို့သည် ပက္ခ၏ စာတုဒ္ဒသီ ပန္နရသီ အဋ္ဌမီ ဟူကုန်သော သုံးရက်တို့၌ မင်းသည် လာ၏။ နက်ဖြန် ပုဏ္ဏမီနေ့ ဖြစ်၏။ ထို့ကြောင့် နက်ဖြန် လာလတ္တံ့ဟု ဆိုကြကုန်၏။ ပုဏ္ဏားတို့သည် နက်ဖြန် စောစောကလျှင် သွား၍ အရှေ့တံခါး၌ နေကြကုန်၏။

ဘုရားလောင်းသည် စောစောကလျှင် ရေချိုး၍ ကိုယ်ကို နံ့သာဖြင့် လိမ်းကျံ၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ တန်ဆာဆင်သော ဆင်ကျောက်ကုန်း၌ စီး၍ များစွာသော အခြံအရံဖြင့် ခြံရံအပ်သည် ဖြစ်၍

အရှေ့တံခါးဖြင့် အလှူတင်းကုပ်သို့ သွား၍ ဆင်မှ ဆင်းသက်၍ ခုနစ်ယောက် ရှစ်ယောက်ကုန်သော သူတို့အား ထမင်းပေး၍ ရှေးနည်းဖြင့်လျှင် လှူကြကုန်လော့ဟု ဆိုပြီး၍ ဆင်ကို စီး၍ တောင်တံခါးသို့ သွား၏၊ ပုဏ္ဏားတို့သည် အရှေ့တံခါး၌ အစောင့်အရှောက် အားကြီးသည်၏အဖြစ်ကြောင့် ဆင်ကို မရ၍ တောင်တံခါးသို့ လျင်စွာ သွား၍ လာလတ်သော မင်းကို မျှော်ကုန်လျက် တံခါးမှ မနီးလွန်း မဝေးလွန်းသော မြင့်ရာ အရပ်၌ တည်၍ မင်း ရောက်လာသော် လက်ကို မြှောက်၍ "ဇယတု ဘဝံ မဟာရာဇ" ဟု အောင်ဆု ပေးကုန်၏။ မင်းသည် ဝရဇိန်ချွန်းဖြင့် ဆင်ကို နှစ်စေ၍ ထိုပုဏ္ဏားတို့၏ အထံသို့ သွား၍ ပုဏ္ဏားတို့ သင်တို့သည် အဘယ်ကို အလိုရှိကုန်သနည်းဟု မေး၏။ ပုဏ္ဏားတို့သည် ဘုရားလောင်း၏ ကျေးဇူးကို ချီးမွမ်းလိုရကား ဤဂါထာကို ဆို၏—

၇၆။ တဝ သဒ္ဓဉ္စ သီလဉ္စ၊ ဝိဒိတွာန ဇနာဓိပ။
ဝဏ္ဏံ အဉ္ဇနဝဏ္ဏေန၊ ကာလိင်္ဂသ္မိံ နိမိမှသေ။

လူတို့ကို အစိုးရသော ကောရဗျမင်း ငါတို့သည် သင်မင်းကြီး၏ သဒ္ဓါတရားကိုလည်းကောင်း, သီလကိုလည်းကောင်း သိ၍ ကာလိင်္ဂရာဇ်၌ အဉ္ဇနဝဏ္ဏ ဆင်တော်ဖြင့် ရွှေကို လဲလိုကုန်၏။ (ကာလိင်္ဂရာဇ်မင်း၏ အထံသို့ အဉ္ဇနဝဏ္ဏ ဆင်ဖြင့် သင်မင်းကြီး၏ ကျေးဇူးကို ချီးမွမ်းကုန်၏။)

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ပုဏ္ဏားတို့ သင်တို့သည် ဤသို့ ဆင်ကို ဆောင်း၍ ဥစ္စာကို ပြုလိုကုန်သည် ဖြစ်အံ့ မစိုးရိမ်ကုန်သင့်။ တန်ဆာ ဆင်တိုင်းသော ဆင်ကို သင်တို့အား ပေးအံ့ဟု နှစ်သိမ့်စေ၍ ဤဂါထာတို့ကို ဆို၏—

၇၇။ အန္နဘစ္စာ စ’ ဘစ္စာ စ၊ ယော’စ ဥဒ္ဒိဿ ဂစ္ဆတိ။
သဗ္ဗေ တေ အပ္ပဋိက္ခိပ္ပါ၊ ပုဗ္ဗာစရိယဝစော ဣဒံ။

၇၈။ ဒဒါမိ ဝေါ ဗြာဟ္မဏာ နာဂ’မေတံ၊
ရာဇာရဟံ ရာဇဘောဂ္ဂံ ယသဿိနံ။
အလင်္ကတံ ဟေမဇာလာဘိဆန္နံ၊
သသာရထိံ ဂစ္ဆထ ယေန ကာမံ။

ပုဏ္ဏားတို့ ထမင်းကျွေးမွေးအပ်ကုန်သော သူတို့သည် လည်းကောင်း, ထမင်းမကျွေးမွေးအပ်ကုန်သော သူတို့သည်လည်းကောင်း ဤလောက၌ ရှိကြကုန်၏၊ ထိုသူတို့တွင် မိမိဆီသို့ ဦးတည် ရည်ရွယ်၍ လာကုန်သော သူတို့ကို မပယ်အပ်ကုန်။ ဤစကားသည် လက်ဦးဆရာ ဖြစ်သော မိဘတို့၏ စကားတည်း။

သင်တို့အား မင်းအား လျှောက်ပတ်သော မင်း၏ အသုံးအဆောင် ဖြစ်သော အမျိုးငါးရာ အခြံအရံရှိသော အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ရွှေကွန်ရက်ဖြင့် လွှမ်းအပ်သော ဆင်ထိန်းနှင့် တကွသော ဤဆင်ကို သင်တို့အား ငါပေးအံ့၊ အလိုရှိရာ အရပ်သို့ ခေါ်ဆောင်သွားကြကုန်လော့။

ဤသို့ ဘုရားလောင်းသည် မြတ်သော ဆင် ကျောက်ကုန်း၌ စီးလျက်လျှင် စကားဖြင့် လှူပြီး၍ ဆင်ကျောက်ကုန်းမှ ဆင်းသက်၍ တန်ဆာ မဆင်ရာ ရှိသေးအံ့။ တန်ဆာဆင်၍လျှင် လှူအံ့ဟု ဆို၍ သုံးကြိမ် လက်ယာရစ် လှည့်လည်လျက် ကြည့်လတ်သော် တန်ဆာ မဆင်ရာ အရပ်ကို မမြင်၍ ထိုဆင်၏ နှာမောင်းကို ပုဏ္ဏားတို့၏ လက်၌ ထား၍ ရွှေကရားဖြင့် ပန်းနံ့သာ ထုံအပ်သော ရေကို သွန်း၍ လှူ၏။ ပုဏ္ဏားတို့သည် အခြံအရံနှင့် တကွသော ဆင်ကို အလှူခံ၍ ဆင်ကျောက်ကုန်း၌ စီး၍ ဒန္တပုရမြို့သို့ သွား၍ မင်းအား ပေးကုန်၏။ ဆင်သည် ရောက်ပြီးသော်လည်း မိုးမရွာ။ မင်းသည် အကြောင်း အသို့တုံနည်းဟု မေးပြန်၏။ ဓနဉ္စယကောရဗျမင်းသည် ဂရုဓမ္မကို ကျင့်၏။ ထို့ကြောင့် မင်း၏ တိုင်း၌ လခွဲတင်ကြိမ် ဆယ်ရက်တစ်ကြိမ် မင်း၏ အာနုဘော်ဖြင့် မိုးသည် ရွာ၏။ ဤတိရစ္ဆာန်အား ကျေးဇူးသည် မရှိကုန်ဟု ကြား၍ ထိုသို့တပြီးကား တန်ဆာဆင်မြဲသာလျှင် ဖြစ်သော အခြံအရံနှင့်တကွ ဆင်ကို မင်းအား ပေးအပ်စေ၍ အကြင် ဂရုဓမ္မတို့ကို မင်းသည် စောင့်၏။ ထိုဂရုဓမ္မတို့ကို ရွှေပြား၌ ရေး၍ ဆောင်ကြကုန်လော့ဟု ပုဏ္ဏားတို့ကိုလည်းကောင်း၊ အမတ်တို့ကိုလည်းကောင်း စေ၏။ ထိုအမတ် ပုဏ္ဏားတို့သည် သွား၍ မင်းအား ဆင်ကို အပ်နှင်း၍ မြတ်သော မင်းကြီး ဤဆင်သည် ရောက်လာပြီးသော်လည်း အကျွန်ုပ်တို့၏ တိုင်း၌ မိုးမရွာ။ အရှင်မင်းကြီးတို့သည် ဂရုဓမ္မကို စောင့်ကုန်သတတ်။ အကျွန်ုပ်တို့၏ မင်းသည်လည်း ထိုဂရုဓမ္မကို စောင့်ရှောက်လိုသည် ဖြစ်၍ ဤရွှေပြား၌ ရေး၍ ဆောင်ကြစေကုန်၏ဟု စေ၏။ အကျွန်ုပ်တို့အား ဂရုဓမ္မကို ပေးပါကုန်လော့ဟု လျှောက်ကုန်၏။

အမောင်တို့ ငါသည် ထိုဂရုဓမ္မကို အကယ်၍ စောင့်ရှောက်၏။ ထိုသို့ စောင့်ရှောက်ပြီးသော်လည်း ယခုအခါ ထိုဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စ ရှိ၏။ ထိုဂရုဓမ္မသည် ငါ၏ စိတ်ကို မနှစ်သက်စေနိုင်။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်နိုင်ဟု မင်းသည် ဆို၏။ အဘယ့်ကြောင့် ထိုသီလသည် မင်းကို မနှစ်သက်စေနိုင်သနည်း ဟူမူကား ထိုအခါ မင်းတို့အား သုံးနှစ်မြောက်လျှင် တန်ဆောင်မုန်းလ၌ ပွဲသဘင် ဖြစ်၏။ ထိုသဘင်ကို ကစားကုန်သော် မင်းတို့သည် ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်ကုန်လျက် နတ်အသွင်ကို ယူကုန်၍ စိတ္တရာဇာ မည်သော နတ်၏ အထံ၌ တည်ကုန်၍ အရပ်လေးမျက်နှာ

တို့သို့ ပန်းတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော မြားတို့ကို ပစ်လွှတ်ကုန်၏။ ဤကောရဗျမင်းသည်လည်း ထိုပွဲသဘင်ကို ကစားလတ်သော် တစ်ခုသော ရေကန်ငယ် စိတ္တရာဇာနတ်၏ အထံ၌ တည်၍ ဒေရပ်လေးမျက်နှာတို့သို့ ပစ်လွှတ်အပ်ကုန်သော မြားတို့ကို ပစ်လွှတ်၍ ထိုမြားတို့ဖြင့် ကြွင်းကုန်သော အရပ်လေးမျက်နှာတို့သို့ သွားကုန်သော မြားသုံးစင်းတို့ကို မြင်၍ ရေအပြင်သို့ ပစ်အပ်သော မြားကိုကား မမြင် ငါပစ်အပ်သော မြားသည် ငါး၏ကိုယ်သို့ ကျလေသလောဟု မင်းအား ကုက္ကုစ္စဖြစ်၏။ ဤသို့ ပါဏာတိပါတကံဖြင့် သီလပျက်ခြင်းကို အာရုံပြုသောကြောင့် ထိုသီလသည် မင်းကို မနှစ်သက်စေ။ ထို့ကြောင့် မင်းသည် ငါ့အား ဂရုဓမ္မ၌ ကုက္ကုစ္စရှိ၏။ ငါ၏မယ်တော်သည်ကား ကောင်းစွာစောင့်၏။ ထို့ကြောင့် မယ်တော်အထံ၌ ယူကြကုန်လောဟုဆို၏။

မြတ်သောမင်းကြီး—သင်မင်းကြီးတို့အား သတ္တဝါကို သတ်အံ့ဟူသော စေတနာသည် မရှိ။ စေတနာကိုကြဉ်၍ ပါဏာတိပါတမည်သည်မရှိ။ ရှင်မင်းကြီး စောင့်သော ဂရုဓမ္မကို အကျွန်ုပ်တို့အား ပေးပါကုန်လော့ဟု အမတ်တို့သည် ဆိုကုန်၏။ ထိုသို့တပြီးကား ရေးကြကုန်လောဟုဆို၍ ရွှေပြား၌ သတ္တဝါကို မသတ်အပ်။ အရှင်မပေးသော ဥစ္စာကို မခိုးယူအပ်။ ကာမတို့၌ မှားသော အကျင့်ကို မကျင့်အပ်။ မုသာဝါဒကို မဆိုအပ်။ ယစ်မျိုးကို မသောက်အပ်ဟု ရေးစေ၏။ ရေးစေပြီး၍ကား ဤသို့စေခြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေ။ ငါ၏မယ်တော်အထံသို့ သွားကြလေကုန်ဟူ၍ ဆို၏။ တမန်တို့သည် မင်းကိုရှိခိုး၍ မယ်တော်အထံသို့သွား၍လျှင် မိဖုရားတို့သည် ဂရုဓမ္မကို စောင့်ရှောက်ကုန်သတတ်။ ထိုဂရုဓမ္မကို အကျွန်ုပ်တို့အား ပေးပါကုန်လောဟု ဆိုကုန်၏။ မယ်တော်မိဖုရားသည် အမောင်တို့· ငါသည် ဂရုဓမ္မကို အကယ်၍ စောင့်ရှောက်၏။ ထိုသို့ စောင့်ရှောက်ငြားသော်လည်း ထိုဂရုဓမ္မ၌ ယခုငါ့အား ကုက္ကုစ္စဖြစ်၏။ ထိုဂရုဓမ္မသည် ငါ့အား မနှစ်သက်စေနိုင်။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုမယ်တော်မိဖုရားအား သားနှစ်ယောက်တို့သည် ရှိကုန်သတတ်။ သားကြီးသည်မင်းဖြစ်၏၊ သားငယ်သည် အိမ်ရှေ့မင်းဖြစ်၏။ ထိုအခါ မင်းတစ်ပါးသည် ဘုရားလောင်းအား အဖိုးတစ်ထောင်ထိုက်သော ရွှေပန်းကို ဆက်လာ၏။ ဘုရားလောင်းသည် မယ်တော်ကို ပူဇော်အံ့ဟု ထိုအလုံးစုံကို မယ်တော်အား ပို့စေ၏။ မယ်တော်သည်ကား နံ့သာကိုလည်း မလိမ်း၊ ပန်းကိုလည်းမပန် ချွေးမတို့အား ပေးအံ့ဟု ကြံ၏။ ထိုအခါ မယ်တော်အား ငါ၏ ချွေးမကြီးသည် မင်းမိဖုရားကြီး အရာ၌ တည်၏။ ချွေးမကြီးအား ရွှေပန်းကို ပေးအံ့၊ ချွေးမငယ်သည် ဆင်းရဲ၏၊ ချွေးမငယ်အား စန္ဒကူးနံ့သာနှင့်ကို ပေးအံ့ဟု အကြံဖြစ်၏။ ဤသို့ အကြံဖြစ်၍ မင်း၏ မယ်တော်သည် မင်း၏မိဖုရားအား ရွှေပန်းကိုပေး၍ အိမ်ရှေ့မင်းမယားအား

စန္ဒကူးနှံ့သာနှစ်ကို ပေး၏၊ ပေးပြီး၍ကား ငါသည် ဂရုဓမ္မကို စောင့်၏။ အစိုးရသောဖြစ် ဆင်းရဲသော အဖြစ်သည် ငါ့အား ပမာဏမဟုတ် အမျိုး၌ ကြီးသော သူတို့အား အရိုအသေပြုခြင်း အမှုကိုသာလျှင် ပြုခြင်းငှါ ငါ့အား လျောက်ပတ်၏၊ ငါ့အား မပြုအပ်သည်ကို ပြုခြင်းကြောင့် သီလသည် ပျက်၏ဟု မယ်တော်အား ကုက္ကုစ္စ ဖြစ်၏။ ထို့ကြောင့် တမန်တို့ကို ဤသို့ ဆို၏။

ထိုအခါ မယ်တော်ကို တမန်တို့သည် မိမိဥစ္စာမည်သည်ကို အလိုရှိတိုင်း ပေးအပ်၏။ အရှင်မိဖုရားကြီးတို့သည် ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏။ တစ်ပါးသော မကောင်းသော အမှုကို အဘယ့်ပြုကုန်အံ့နည်း။ သီလမည်သည်ကား ဤသို့သော အမှုဖြင့် မပျက် အကျွန်ုပ်တို့အား ဂရုဓမ္မကို ပေးပါကုန်လော့ဟု ဆို၍ မယ်တော် မိဖုရား၏ အထံ၌လည်း ယူ၍ ထိုဂရုဓမ္မတို့ကို ရွှေပြား၌ ရေးကုန်၏။ မယ်တော် မိဖုရားသည် အမောင်တို့ ဤသို့ ပေးငြားသော်လည်း ဂရုဓမ္မသည် ငါ့ကို မနှစ်သက်စေနိုင်။ ငါ၏ ချွေးမသည်ကား ကောင်းစွာ စောင့်၏။ ငါ့ချွေးမ အထံ၌ ယူကြလေကုန်ဟု ဆိုအပ်ကုန်သော် တမန်တို့သည် မိဖုရားကြီး အထံသို့ ကပ်၍ ရှေးနည်းသာလျှင် ဂရုဓမ္မကို တောင်းကုန်၏၊ မိဖုရားကြီးသည်လည်း ရှေးနည်းဖြင့်သာလျှင် ဆို၏။ ယခု ငါ့ကို သီလသည် မနှစ်သက်စေနိုင်၊ ထို့ကြောင့် သင်တို့အား ငါမပေးဟု ဆို၏။ ထိုမိဖုရားကြီးသည် တနေ့သ၌ ခြသေ့်ခံသော လေသာပြုတင်းနား၌ ရပ်လျက် မြို့ကို လက်ယာရစ်လှည့်သော မင်း၏ နောက်မှ ဆင်ကျောက်ကုန်း၌စီးသော အိမ်ရှေ့မင်းကို မြင်၍ လောဘကို ဖြစ်စေ၍ ငါသည် အကယ်၍ အိမ်ရှေ့မင်းနှင့် အဆွေခင်ပွန်း ဖွဲ့ငြားအံ့၊ အစ်ကိုလွန်သဖြင့် မင်းအဖြစ်၌ တည်သော အိမ်ရှေ့မင်းသည် ငါ့ကို သိမ်းယူငြားအံ့ဟု ကြံသတတ်။ ထိုအခါ မိဖုရားအား ဂရုဓမ္မကို စောင့်သော ငါသည် လင်ရှိသည်ဖြစ်လျက် ကိလေသာ၏ အစွမ်းအားဖြင့် တစ်ပါးသော ယောကျ်ားကို ကြည့်မိ၏။ ထို့ကြောင့် ငါ့သီလ ပျက်သည် ဖြစ်ရာ၏ဟု ကုက္ကုစ္စ ဖြစ်၏။ ထို့ကြောင့် ဤသို့ ဆို၏။ ထိုအခါ မိဖုရားကြီးကို ထိုတမန်တို့သည် အရှင်မ စိတ်ဖြစ်ကာမျှဖြင့် လွန်ကျူး၍ ကျင့်ခြင်းမည်သည် မဖြစ်၊ သင်တို့သည်လည်း ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏။ လွန်ကျူးခြင်းကို အဘယ်သို့လျှင် ပြုကုန်လတ္တံ့နည်း။ ဤမျှဖြင့် သီလသည် မပျက် အကျွန်ုပ်တို့အား ဂရုဓမ္မကို ပေးကုန်လော့ဟု ဆို၍ မိဖုရားကြီး၏ အထံ၌လည်း ဂရုဓမ္မကို ရွှေပြား၌ ရေးယူကြကုန်၏။

မိဖုရားကြီးသည် အမောင်တို့ ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်။ အိမ်ရှေ့မင်းသည်ကောင်းစွာ စောင့်၏။ အိမ်ရှေ့မင်း၏ အထံ၌ ယူကြကုန်လော့ဟု ဆိုအပ်ကုန်သော် တမန်တို့သည် အိမ်ရှေ့မင်း၏ အထံသို့

ကပ်၍ ရှေးနည်းဖြင့်လျှင် ဂရုမ္မေကို တောင်းကုန်၏။ ထိုအိမ်ရှေ့မင်းသည့်ကား ညချမ်းသောအခါ မင်း၏ အထံသို့သွားသည်ရှိသော် ရထားဖြင့်လျှင် မင်းရင်ပြင်သို့ ရောက်၍ မင်း၏ အထံ၌ခစား၍ မင်း၏အထံ၌ အိပ်လိုသည်ရှိသော် ကြိုး နှင်တံ တို့ကို ရထားဦး၌ ထားခဲ့၏။ ထိုအမှတ်ဖြင့် လူများတို့သည် ဖဲ၍ နက်ဖြန် နံနက်စောစော၌ လာလတ်၍ အိမ်ရှေ့မင်း၏ ထွက်ခြင်းကို မျှော်လျက်လျှင် တည်၏။ ရထားထိန်းသည်လည်း ရထားကို ယူ၍ နက်ဖြန်နံနက်စောစောက လျှင် ရထားနှင့်တကွ မင်းအိမ်တံခါး၌ တည်၏။ ထိုခဏ၌သာလျှင် သွားလိုသည်ဖြစ်အံ့၊ ကြိုး နှင်တံတို့ကို ရထား၏ အတွင်း၌သာလျှင် ထားခဲ့၍ မင်းထံသို့ သွား၏။ လူအများတို့သည် ထိုအမှတ်ဖြင့် ယနေ့လျှင် ထွက်လတ္တံ့ဟု မင်းအိမ်တံခါး၌သာလျှင်တည်၏။ အိမ်ရှေ့မင်းသည် တစ်နေ့သ၌ ဤသို့ပြု၍ မင်းအိမ်သို့ ဝင်၏။ ဝင်ကာမျှလျှင် မိုးသည်ရွာ၏။ မင်းသည် မိုးရွာ၏ဟု အိမ်ရှေ့မင်းအား ထွက်ခြင်းကို မပေး၊ အိမ်ရှေ့မင်းသည် မင်းအိမ်၌သာလျှင် ခစား၍ အိပ်၏။

လူများသည် ယခုထွက်လတ္တံ့ဟု တစ်ညဉ့်ပတ်လုံး မိုးစွတ်လျက် တည်၏။ အိမ်ရှေ့မင်းသည် နက်ဖြန်မှ ထွက်၏၊ မိုးစွတ်လျက် တည်သော လူအများကို မြင်၍ ဂရုမ္မကို စောင့်ရှောက်သော ငါသည် ဤမျှလောက်သော လူကို ပင်ပန်းစေပြီ၊ ငါ၏သီလသည် ပျက်စီးရာ၏ဟု ကုက္ကုစ္စ ဖြစ်၏။ ထို့ကြောင့် ငါသည် ဂရုမ္မကို အကယ်၍ကား စောင့်ရှောက်၏။ ထိုသို့ စောင့်ရှောက်သော်လည်း ယခု ငါ့အား ကုက္ကုစ္စရှိ၏။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၍ ထိုအကြောင်းကို ကြား၏။ ထိုအခါ အိမ်ရှေ့မင်းကို တမန်တို့သည် အရှင်မင်းမြတ် သင်မင်းကြီးသည် ထိုသူတို့အား ပင်ပန်းစေကုန်၏ ဟူသော စိတ်မရှိသော် ကံမမြောက်၊ ဤအမှုဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်သေး၏၊ ဒိဘယ်မှာလျှင် အရှင်မင်းကြီးတို့အား လွန်ကျူးခြင်း ဖြစ်ကုန်အံ့နည်းဟု ဆို၍ အိမ်ရှေ့မင်း၏ အထံမှလည်း သီလကိုယူ၍ ရွှေပြား၌ ရေးကုန်၏။ ဤသို့ ပေးငြားသော်လည်း သီလသည် ငါ့ကို မနှစ်သက်စေ။ ပုရောဟိတ်သည်ကား ကောင်းစွာ စောင့်ရှောက်၏၊ ပုရောဟိတ်၏ အထံ၌ ယူကြကုန်ဟူ၍ ဆိုအပ်ကုန်သော် တမန်တို့သည် ပုရောဟိတ်၏ အထံသို့သွား၍ တောင်းကုန်၏။ ထိုပုရောဟိတ်သည်လည်း တစ်နေ့သ၌ မင်း၏ အထံသို့ သွားလတ်သော် မင်းတစ်ပါးသည် ထိုကောရဗျမင်းအား ဆက်အပ်သော အသစ်ဖြစ်သော ထွန်းပသော အဆင်းရှိသော ရထားကို လမ်းအကြား၌မြင်၍ အဘယ်သူ၏ ရထားနည်းဟု မေး၍ မင်းအား ဆက်သအပ်သော ရထားတည်းဟု ကြား၍ ငါသည် အိုမင်းပြီ။ မင်းသည် ဤရထားကို ငါ့အား အကယ်၍ ပေးငြားအံ့ ငါသည် ဤရထားကို စီး၍ ချမ်းသာစွာ လှည့်လည်ရရာ၏ဟုကြံ၍ မင်း၏ အထံသို့ သွား၏။

ထိုပုရောဟိတ်၏ ( ဇယတု ဘဝံ မဟာရာဇ ) ဆို၍ တည်သောကာလ၌ မင်းအား ရထားကို ဆက်ကုန်၏။ မင်းသည်မြင်၍ ဤရထားသည် အလွန်လျှင် ကောင်း၏၊ ဤရထားကို ဆရာအား ပေးကြကုန်လော့ဟု ဆို၏။ ပုရောဟိတ်သည် အလိုမရှိ၊ အဖန်ဘလဲလဲ ဆိုအပ်သော်သည်း အလိုမရှိ သည်သာလျှင် ဖြစ်၏။ အဘယ့်ကြောင့် ထိုပုရောဟိတ်အား ဤသို့ အလိုမရှိခြင်းသည် ဖြစ်သနည်း ဟူမူကား ဂရုဓမ္မကို စောင့်သော ငါသည် သူတစ်ပါး ဥစ္စာ၌ တပ်စွန်းခြင်းကို ပြု၏။ ငါ့သီလသည် ပျက်၏ ဤသို့သော အကြံသည် ဖြစ်၏။ ထို့ကြောင့် အလိုမရှိခြင်းသည် ဖြစ်၏။ ထိုပုရောဟိတ်သည် ထိုအကြောင်းကို ကြား၍ ဂရုဓမ္မ၌ ကုက္ကုစ္စသည် ငါ့အား ရှိ၏၊ ငါ့ကို ဂရုဓမ္မသည် မနှစ်သက် စေနိုင်၊ ထို့ကြောင့် ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုအခါ ထိုပုရောဟိတ် ကို တမန်တို့သည် လောဘ ဖြစ်ကာမျှနှင့် သီလသည် မပျက်၊ သင်တို့သည် ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်သေး၏၊ အဘယ်မှာ လွန်ကျူးခြင်းကို ပြုကုန်အံ့နည်းဟု ဆို၍ ပုရောဟိတ်၏ အထံ၌လည်း သီလကိုယူ၍ ရွှေပြား၌ ရေးကုန်၏။ ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်။ ကြိုးတိုင်း အမတ်သည်ကား ကောင်းစွာ စောင့်၏။ ထို ကြိုးတိုင်းအမတ်၏ အထံ၌ ယူကြကုန်လော့ဟု ဆိုကုန်သော် တမန်တို့သည် ကြိုးတိုင်းအမတ်၏ အထံသို့လည်း သွား၍ တောင်းကုန်၏။ ထိုကြိုးတိုင်းအမတ်သည်လည်း တစ်နေ့ သ၌ ဇနပုဒ်ဝယ် လယ်ကို တိုင်းလတ်သည်ရှိသော် ကြိုးစွန်းကို လှံတံ၌ဖွဲ့၍ တစ်ခုသော အစွန်းကို လယ်ရှင်ကို ကိုင်စေ၍ တစ်ခုသော အစွန်းကို မိမိသည် ကိုင်၏၊ ထိုကြိုးတိုင်းအမတ်သည် ကိုင်အပ်သော ကြိုးစွန်းဖြင့် ဖွဲ့အပ်သော လှံတံသည် တစ်ကောင်သော ပုစွန်တွင်း အလယ်သို့ ရောက်၏။ ထိုကြိုးတိုင်း အမတ်သည် အကယ်၍ လှံတံကို ပုစွန်တွင်း၌ စိုက်အံ့၊ တွင်း၏ အထဲ၌ ပုစွန်သည် ပျက်စီးလတ္တံ့၊ အကယ်၍ တွင်းမှ ထိုမှာဘက်၌ စိုက်အံ့။ မင်း၏ ဥစ္စာသည် ပျက်စီးလတ္တံ့။ အကယ်၍ တွင်း၏ ဤမှာဘက်၌ စိုက်အံ့ သူကြွယ်၏ ဥစ္စာသည် ပျက်စီးလတ္တံ့ အဘယ်သို့ ပြုအပ်သနည်း ဟူသော အကြံသည် ဖြစ်၏။

ထိုအခါ ထိုကြိုးတိုင်းအမတ်အား တွင်း၌ပုစွန်သည် မရှိတန်ရာ အကယ်၍ ရှိငြားအံ့ ထင်းရှားရာ၏ ပုစွန်တွင်း၌လျှင် လှံတံကို စိုက်အံ့ဟု အကြံသည် ဖြစ်၏၊ ဤသို့ အကြံဖြစ်၍ တွင်း၌ လှံတံကို ချ၏။ ပုစွန်သည် ကိရိဟူသော အသံကို ပြု၏။ ထိုအခါကြိုးတိုင်းအမတ်သည် လှံတံသည် ပုစွန်၏ကျောက်ကုန်း၌ ကျသည် ဖြစ်လတ္တံ့၊ ပုစွန် သေလတ္တံ့၊ ငါလည်း ဂရုဓမ္မကို စောင့်၏။ ထိုစောင့်သော သီလသည် ပျက်စီးရာ၏ ဟူသော အကြံသည် ဖြစ်၏၊ ထိုကြိုး တိုင်း အမတ်သည် ထိုအကြောင်းကို ကြား၍ ထိုဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စ သည် ဖြစ်၏၊ ထို့ကြောင့် ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုအခါ ထို ကြိုးတိုင်း အမတ်ကို တမန်တို့သည် သင်တို့အား ပုစွန် သေစေ

သတည်းဟူသော စေတနာသည် မရှိ၊ စေတနာမရှိသော် ကံမည်သည် မဖြစ်သင့်၊ ဤမျှဖြင့်လည်း ကုက္ကုစ္စဖြစ်စေသေး၏။ အဘယ်မှာလျှင် လွန်ကျူးခြင်းကို ပြုလတ္တံ့နည်းဟု ဆို၍ ထုံကြိုးတိုင်းအမတ်၏အထံ၌ သီလကို ယူ၍ ရှေ့ပေ၌ ရေးကုန်၏၊ ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်။ ရထားထိန်းသည်ကား ကောင်းစွာ စောင့်၏၊ ရထားထိန်း၏ အထံ၌ ယူကြလေကုန်ဟု ဆိုအပ်ကုန်သော် တမန်တို့သည် ရထားထိန်းအထံသို့သွား၍ တောင်းကုန်၏။

ထိုရထားထိန်းသည် တစ်နေ့သ၌ မင်းကို ရထားဖြင့် ဥယျာဉ်သို့ ဆောင်၍ မင်းသည် ဥယျာဉ်၌ တစ်နေ့ပတ်လုံး ကစား၍ ညချမ်းအခါ၌ထွက်၍ ရထားစီး၍ မင်း၏မြို့သို့ မရောက်မီလျှင် နေဝင်သောအခါ၌ မိုးသည် ဘက်၏။ ထိုအခါ ရထားထိန်းသည် မင်းအား မိုးစွတ်အံ့သည်မှ ကြောက်သောကြောင့် သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေး၏။ သိန္ဓောမြင်းတို့သည် လျင်မြန်သဖြင့် ပြေးသွားကုန်၏၊ ထိုအခါမှစ၍ကား ထိုသိန္ဓောမြင်းတို့သည် ဥယျာဉ်သို့ သွားကုန်သော်လည်းကောင်း၊ ဥယျာဉ်မှ လာကုန်သော်လည်းကောင်း ထိုအရပ်သို့ ရောက်လျှင် လျင်မြန်သဖြင့် သွားလာကုန်၏၊ အဘယ့်ကြောင့် လျင်မြန်သဖြင့် သွားကုန် လာကုန်သနည်းဟူမူကား ဤအရပ်သည် ဘေးရန်ရှိသည် ဖြစ်ရာ၏။ ထို့ကြောင့် ငါတို့အား ရထားထိန်းသည် နှင်တံအမှတ်ကို ပေး၏ဟု သိန္ဓောမြင်းတို့အား အကြံသည် ဖြစ်၏။ ထို့ကြောင့် လျင်မြန်သဖြင့် သွားကုန်လာကုန်၏။ ရထားထိန်းလည်း မင်းအား မိုးစွတ်သော်လည်းကောင်း မစွတ်သော်လည်းကောင်း အပြစ်မရှိ၊ ငါသည်ကား အရာမဟုတ်သည်တို့၌ သင်အပ်ပြီးသော သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေးမိ၏။ ထို့ကြောင့် ဤသိန္ဓောမြင်းတို့သည် ဤအခါ၌ အကြိမ်ကြိမ် ပြေးသွားရသဖြင့် ပင်ပန်းကုန်၏။ ငါသည် ဂရုဓမ္မကို စောင့်၏။ ထို့ကြောင့် ငါ့အား သီလပျက်သည်ဖြစ်ရာ၏ဟု အကြံသည် ဖြစ်၏။ ထိုရထားထိန်းသည် ထိုအကြောင်းကိုကြား၍ ဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စရှိ၏။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။

ထိုအခါ ရထားထိန်းကို တမန်တို့သည် သိန္ဓောမြင်းတို့အား နှင်တံအမှတ်ကို ပေးကုန်သော သင်တို့အား ပင်ပန်းစေကုန်သတည်းဟူသော စိတ်သည် မရှိ။ စိတ်စေတနာ မရှိသော် ကံမည်သည် မဖြစ်။ ဤမျှလည်း သင်တို့သည် ကုက္ကုစ္စကို ပြုကုန်၏။ အဘယ်သို့လျှင် လွန်ကျူးခြင်းကို ပြုကုန်လတ္တံ့နည်းဟု ဆို၍ ရထားထိန်း၏အထံ၌ သီလကို ယူ၍ ရှေ့ပြား၌ ရေးကုန်၏။ ဤသို့ ပေးငြားသော်လည်း ဆိုသီလသည်ငါ့ကိုမနှစ်သက်စေနိုင်။ သူဌေးသည်ကား ကောင်းစွာ

စောင့်ရှောက်၏။ သူဌေး၏အထံ၌ ယူကြလေကုန်ဟူ၍ ဆိုအပ်သော် တမန်တို့သည် သူဌေးအထံသို့ သွား၍ တောင်းကုန်၏။ ထိုသူဌေးသည်လည်း တစ်နေ့သ၌ မိမိ သလေးလယ်သို့ သွား၍ မဆင်ခြင်မိဘဲ အိမ်သို့ ပြန်သည် ရှိသော် ကောက်နှံပန်းကို ပန်အံ့ဟု သလေးနှံတစ်ဆုပ်ကို ယူခဲ့စေ၍ ဦးခေါင်း၌ ပန်၏။ ထိုအခါ ထိုသူဌေးအား ဤလယ်မှ မင်း၏အဖို့ကို ငါသည် ပေးအပ်၏။ မင်း၏ အဖို့ကို မပေးသေးသောလယ်မှ သလေးနှံတစ်ဆုပ်ကို ငါသည် ယူအပ်ပြီ။ ငါသည်လည်း ဂရုဓမ္မကို စောင့်၏။ ထို့ကြောင့် ငါစောင့်သော သီလသည် ပျက်ရာ၏ဟု အကြံသည် ဖြစ်၏။ ထိုသူဌေးသည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စသည် ရှိ၏၊ ထို့ကြောင့် သင်တို့အားပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုအခါ ထိုသူဌေးကို တမန်တို့သည် သင် သူဌေးအား ခိုးလိုသော စိတ်သည် မရှိ၊ ခိုးလိုသော စိတ်နှင့် ကင်း၍ အဒိန္နာဒါန် မည်သည် မဖြစ်။ ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်၏။ သူတစ်ပါးတို့၏ ဥစ္စာမည်သည်ကို သင်တို့သည် အဘယ်မှာလျှင် ယူကုန်လတ္တံ့နည်းဟု ဆို၍ သူဌေး၏အထံ၌ သီလကို ယူမျှ၍ ရွှေပြား၌ ရေးကုန်၏။ ဤသို့ ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်။ တင်းခြင်းအမတ်သည် ကား ကောင်းစွာ စောင့်ရှောက်၏။ ထိုအမတ်၏အထံ၌ ယူကြလေကုန်လော့ဟု ဆိုအပ်သော် တမန်တို့သည် ထိုအမတ်၏ ထံသို့ သွား၍ တောင်းကုန်၏။

ထိုအမတ်သည် တစ်နေ့သ၌ စပါးကျီ၏ တံခါး၌ ထိုင်၍ မင်း၏ အဖို့ ဖြစ်ကုန်သော ကောက်တို့ကို ခြင်လတ်သော စပါးအစုမှ ကောက်တို့ကို ယူ၍ မှတ်စေ၏။ ထိုနေရာ၌ မိုးသည်းစွာ ရွာ၏။ အမတ်ကြီးသည် အမှတ်တို့ကို ပွါးစေ၍ ခြင်ပြီးသော ကောက်တို့သည် ဤမျှရှိကုန်၏ဟု ဆို၍ အမှတ်ကောက်စုကိုကိုင်၍ ခြင်ပြီးသော ကောက်စု၌ ထည့်စေ၍ လျင်မြန်သဖြင့် သွား၍ တံခါးမုခ်၌ ရပ်၏။ ငါသည် အမှတ်မဲ့ကောက်တို့ကို ကောက်စု၌ ထည့်အပ်ကုန်ပြီ ခြင်ပြီးသော ကောက်စု၌ ထည့်အပ်ကုန်သလော၊ မခြင်သေးသော ကောက်စု၌ ထည့်အပ်ကုန်သလောဟု ကြံ၏။ ထိုအခါ အမတ်အား ခြင်ပြီးသော ကောက်စု၌ ထည့်အပ်ကုန်ငြားအံ့၊ မသင့်သော အားဖြင့်လျှင် မင်း၏ ဥစ္စာကို ပွါးစေအပ်၏။ သူကြွယ်တို့၏ ဥစ္စာသည် ပျက်စီး၏။ ငါသည် ဂရုဓမ္မကို စောင့်၏၊ ထို့ကြောင့် ငါ၏သီလသည် ပျက်စီးရာ၏။ ထိုတင်းခြင်းအမတ်သည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စသည် ရှိ၏။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုအခါ ထိုတင်းခြင်း အမတ်ကို တမန်တို့သည် သင်တို့အား ခိုးလိုသော စိတ်သည်မရှိ၊ ခိုးလိုသောစိတ်နှင့် ကင်း၍ အဒိန္နာဒါန် မည်သည်ကိုပြည့်စေခြင်းငှါ မတတ်ကောင်း၊ ဤမျှဖြင့်လည်း ကုက္ကုစ္စကို ပြုကုန်သေး၏။ အဘယ်မှာလျှင်

သူတစ်ပါး၏ဥစ္စာကို ယူလတ္တံ့နည်းဟု ဆို၍ ထိုတင်းခြင်းအမတ်၏ အထံ၌လည်း သီလကိုယူ၍ ရွှေပြား၌ ရေးကုန်၏။ ဤသို့ ပေးငြားသော်သည်း သီလသည် ငါ့ကို မနှစ်သက်စေနိုင်၊ တံခါးစောင့်သည်ကား ကောင်းစွာ စောင့်ရှောက်၏။ တံခါးစောင့်၏ အထံ၌ ယူကြကုန်လော့ဟု ဆိုအပ်ကုန်သော် တမန်တို့သည် တံခါးစောင့်၏ အထံသို့သွား၍ တောင်းကုန်၏။

ထိုတံခါးစောင့်သည်လည်း တစ်နေ့သ၌ မြို့တံခါးဝယ် ညချမ်းသော အခါ၌ သုံးကြိမ် အသံကို ကြွေးကြော်၏။ ထိုအခါ တစ်ယောက်သော သူဆင်းရဲသည် မိမိနှမငယ်နှင့်တကွ ထင်းခွေအံ့သောငှါ တောသို့ သွား၍ ပြန်လည်လတ်သော် တံခါးစောင့်၏ အသံကိုကြား၍ နှမကို ခေါ်၍ လျင်မြန်သဖြင့် ရောက်လာ၏။ ထိုအခါ ထိုယောကျ်ားကို တံခါးစောင့်သည် မြို့၌ မင်းရှိသည်၏ အဖြစ်ကို မသိသလော၊ အလုံးစုံသော မြို့တံခါးသည် ပိတ်လတ္တံ့ဟု မသိသလော၊ မိမိ မိန်းမကို ခေါ်၍ ကာမ၌ မွေ့လျော်ကစားခြင်းကို ကစားလျက် တစ်နေ့ပတ်လုံး ဝေ၁၌ ကျက်စား၏ဟု ဆို၏။ ထိုအခါ တံခါးစောင့်အား ထင်းခွေယောကျ်ားသည် ဤမိန်းမကား ငါ့မယားမဟုတ်။ ငါ့နှမတည်းဟု ဆိုလတ်သော် ငါသည်ကား အကြောင်းမဟုတ်သည်၌ ဆို၏။ ငါသည်လည်း ဂရုဓမ္မကို စောင့်၏။ သီလသည် ပျက်စီးရာ၏ဟု အကြံသည် ဖြစ်၏။ ထိုတံခါးစောင့်သည် ထိုအကြောင်းကို ကြား၍ ဤအကြောင်းကြောင့် ဂရုဓမ္မ၌ ငါ့အား ကုက္ကုစ္စသည် ဖြစ်၏။ ထိုကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ဆို၏။ ထိုအခါ ထိုတံခါးစောင့်ကို တမန်တို့သည် သင်တို့သည်ကား ထိုသို့ အမှတ်ရှိသဖြင့် ဆိုအပ်၏။ သီလပျက်ခြင်းသည် မရှိ။ ဤမျှ၌လည်း သင်တို့သည် ကုက္ကုစ္စကို ပြုကုန်သေး၏။ သိလျက်နှင့် မုသားကို အဘယ်မူ၍ ဆိုကုန်လတ္တံ့နည်းဟု ဆို၍ တံခါးစောင့်၏ အထံ၌ သီလကိုယူ၍ ရွှေပြား၌ ရေးကုန်၏။

ဤသို့ပေးငြားသော်လည်း ငါ့ကို သီလသည် မနှစ်သက်စေနိုင်၊ ပြည့်တန်ဆာ မသည်ကား ကောင်းစွာစောင့်၏။ ပြည့်တန်ဆာမအထံ၌ ယူလေကုန်ဟု ဆိုအပ်ကုန်သော် တမန်တို့သည် ပြည့်တန်ဆာမ အထံသို့ သွား၍ တောင်းကုန်၏။ ထိုပြည့်တန်ဆာမသည် ရှေးနည်းဖြင့်သာလျှင် ပယ်၏။ အဘယ့်ကြောင့် ပယ်သနည်း ဟူမူကား သိကြားမင်းသည် ပြည့်တန်ဆာမ၏ သီလကို စမ်းအံ့ဟု လုလင်ငယ်၏ အသွင်ဖြင့် လာလတ်၍ အကျွန်ုပ် လာပါအံ့ဟု ဆို၍ တစ်ထောင် သော ဥစ္စာကို ပေး၍ နတ်ပြည်သို့လျှင် သွား၍ သုံးနှစ်တိုင်ပတ်လုံး မလာ။ မိမိ၏ သီလ ပျက်အံ့သည်မှ ကြောက်သောကြောင့် သုံးနှစ်တိုင်ပတ်လုံး တစ်ပါးသော ယောကျ်ား၏ လက်မှ ကွမ်းကိုမျှလည်း မယူ။ ထိုပြည့်တန်ဆာမသည် အစဉ် သဖြင့် ဆင်းရဲသည်ဖြစ်၍ ငါ့အား တစ်ထောင်သော ဥစ္စာကို ပေး၍သွားသော

ယောကျ်ားသည် မလာသည်ကား သုံးနှစ်ရှိပြီ။ ငါသည် ဆင်းရဲ၍ အသက်မွေး ခြင်းကို ပေးအံ့သောငှါ မတတ်နိုင်။ ယခုအခါမှစ၍ တရားဆုံးဖြတ်ကုန်သော အမတ်ကြီးတို့အား အကြောင်းကြား၍ ရိက္ခာကို ယူခြင်းငှါ သင့်၏ဟု ကြံ၏။ ကြံပြီး၍ ထိုပြည့်တန်ဆာမသည် တရားဆုံးဖြတ်ရာ အရပ်သို့ သွား၍ အရှင်.... ရိက္ခာကိုပေး၍ သွားသော ယောကျ်ားသည် မလာသည်မှာ သုံးနှစ်ရှိပြီ။ ထိုယောကျ်ား၏ သေသောအဖြစ်ကို မသိ။ အကျွန်ုပ်သည် အသက်မွေး အံ့သောငှါ မတတ်နိုင်၍ အသို့ပြုရအံ့နည်းဟု ဆို၏။ သုံးနှစ်တိုင်အောင် မလာ သော် အသို့ပြုရအံ့နည်း။ ယနေ့မှစ၍ ရိက္ခာကို ယူလော့ဟု တရားစီရင်သော အမတ်ကြီးသည် ဆို၏။

ဤသို့ အဆုံးအဖြတ်ကိုရ၍ ဆုံးဖြတ်ရာ အရပ်မှ ထွက်ခဲ့သော် ထိုပြည့်တန်ဆာ မအား တစ်ယောက်သော ယောကျ်ားသည် တစ်ထောင်သော ဥစ္စာကို ပေး၏၊ ဥစ္စာကို ယူအံ့သောငှါ ထိုပြည့်တန်ဆာမ၏ လက်ကို ဖြန့်သောကာလ၌ သိကြား မင်းသည် ကိုယ်ကို ပြ၏၊ ထိုပြည့်တန်ဆာမသည် ငါ့အား သုံးနှစ် အထက်၌ တစ်ထောင်သောဥစ္စာကို ပေးသော ယောကျ်ားသည် လာ၏။အမောင် အသပြာ တို့ဖြင့် ငါ့အား အလိုမရှိဟုဆို၍ လက်ကိုခေါ်၏။ သိကြားမင်းသည် မိမိကိုယ်ကို ဖန်ဆင်း၍လျှင် တက်သစ်သော နေလုလင်ကဲ့သို့ ထွန်းပလျက် ကောင်းကင်၌ တည်၏။ မြို့အလုံး၌ လူများသည် စည်းဝေး၏။ သိကြားမင်းသည် လူများ၏ အလယ်၌ ငါသည်ကား ဤမိန်းမအား စုံစမ်းသည်၏ အစွမ်းဖြင့် သုံးနှစ် အထက်၌ တစ်ထောင်သော ဥစ္စာကိုပေး၏။ သီလစောင့်သော သူတို့မည်သည် ကား ဤသို့သဘော ရှိသည်ဖြစ်၍ စောင့်ကုန်လော့ဟု ပြည့်တန်ဆာမ၏ အိမ်ကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေ၍ ယနေ့မှစ၍ မမေ့မလျော့ ဖြစ်လော့ဟု ပြည့်တန်ဆာမကို ဆုံးမ၍ နတ်ပြည်သို့လျှင် သွား၏။ ထိုပြည့်တန်ဆာမသည် ယူအပ်ပြီးသော အခကို မကျေစေမူ၍သာလျှင် ယောကျ်ား တစ်ယောက်သည် ပေးအပ်သော အခကို ယူအံ့သောငှါ လက်ဖြန့်၏။ ဤအကြောင်းကြောင့် သီလသည် ငါ့ကို မနှစ်သက်စေနိုင်။ ထို့ကြောင့် သင်တို့အား ပေးခြင်းငှါ မတတ်ကောင်းဟု ပယ်၏။ ထိုအခါ ပြည့်တန်ဆာမကို တမန်တို့သည် လက်ဖြန့် ကာမျှဖြင့် သီလပျက်ခြင်းမည်သည် မရှိ။ ဤသီလမည်သည်ကား အလွန် စင်ကြယ်သည် ဖြစ်၏ဟုဆို၍ ထိုပြည့်တန်ဆာမ၏ အထံ၌ သီလကိုယူ၍ ရွှေပြား၌ ရေးကုန်၏။

ဤသို့ တစ်ကျိပ်ဘစ်ယောက်သော သူတို့၏ သီလကို ရွှေပြား၌ ရေးကုန်၍ ဒန္တပုရမြို့သို့ သွား၍ ကာလိင်္ဂမင်းအား ရွှေပြားကိုပေး၍ ထိုအကြောင်းကို ကြားကုန်၏။ ကာလိင်္ဂမင်းသည် ထိုဂရုဓမ္မ၌တည်၍ ပဉ္စသီတို့ကိုဖြည့်၏။ ထိုခဏ၌

အသုံးစုံသော ကာလိင်္ဂတိုင်း၌ မိုးသည်ရွာ၏။ ဘေးသုံးပါးတို့သည် ငြိမ်းကုန်၏။ ဘုရားလောင်းသည် အသက်ထက်ဆုံး ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ ပရိသတ်နှင့်တကွ နတ်ပြည်ကို ပြည့်စေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အချို့ကုန်သော ရဟန်းတို့သည် သောတာပန် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် သကဒါဂါမ် ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏။ အချို့ကုန်သော ရဟန်းတို့သည် ရဟန္တာဖြစ်ကုန်၏။ အဘယ်သို့ ဇာတ်ကိုပေါင်းတော်မူသနည်း ဟူမူကား ပ.ခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ ပြည့်တန်ဆာမ ဖြစ်ဖူးပြီ။ ယခုအခါ ပုဏ္ဏမထေရ်သည် ထိုအခါ တံခါးစောင့် ဖြစ်ဖူးပြီ။ ယခုအခါ ကစ္စည်းမထေရ်သည် ထိုအခါ ကြိုးဘိုင်းအမတ် ဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်မထေရ်သည် ထိုအခါ တင်းခြင်အမတ် ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာမထေရ်သည် ထိုအခါ သူဌေးဖြစ်ဖူးပြီ။ ယခုအခါ အနုရုဒ္ဓါမထေရ်သည် ထိုအခါ ရထားထိန်း ဖြစ်ဖူးပြီ။ ယခုအခါ ကဿပမထေရ်သည် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ။ ယခုအခါ နန္ဒပညာရှိသည် ထိုအခါ အိမ်ရှေ့မင်း ဖြစ်ဖူးပြီ။ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားကြီး ဖြစ်ဖူးပြီ။ ယခုအခါ မယ်တော်မာယာသည် ထိုအခါ မင်း၏မယ်တော် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကောရဗျမင်း ဖြစ်ဖူးပြီ။ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

( ငါးပါးသီလသုံးလျှင် မိုးလေဝသမှန် )

နှစ်ရာခုနစ်ဆယ့်ခြောက်ခုမြောက်သော ဂရုဓမ္မဇာတ်သည် ပြီး၏။

---

၂၇၇-ရောမကဇာတ်

ခိုသတ်စားလိုသော ရသေ့ပျက်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ဝဿာနိ ပညာသ သမာဓိ ကာနိ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရောမကဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး

နေတော်မူစဉ် မြတ်စွာဘုရားအား သတ်အံ့သောငှါ လုံ့လပြုခြင်း ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ထင်ရှားသလျှင်ကတည်း။

အတီတဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခိုမျိုး၌ဖြစ်၍ များစွာသော ခိုတို့ဖြင့် ခြံရံလျက်တောအရပ်ဝယ် တောင်လိုဏ်၌ နေ၏။ မထင်ရှားသော သီလရှိသော ရသေ့သည် ထိုခိုတို့၏ နေရာအရပ်မှ မနီးမဝေးသော အရပ်၌ တစ်ခုသော ပစ္စန္တရစ်ရွာကိုမှီ၍ ကျောင်းဆောက်၍ တောင်လိုဏ်၌ နေ၏။ ဘုရားလောင်းသည် ရံခါရံခါ ရသေ့၏ အထံသို့သွား၍ တရားနာ၏။ ရသေ့သည် ထိုအရပ်၌ ကြာမြင့်စွာနေ၍ ဖဲ၏။ ထိုအခါ တစ်ပါးသော ကောက်ကျစ်သော ရသေ့သည် လာလတ်၍ ထိုလိုဏ်၌နေ၏။ ဘုရားလောင်းသည် ခိုအပေါင်း ခြံရံလျက် ထိုရသေ့ကို ဆည်းကပ်၍ ပဋိသန္ထာရပြု၍ ကျောင်း၌ ကျက်စား၍ တောင်ချောက်ကြား၏ အနီး၌ အစာကျက်၍ ညအခါ မိမိနေရာသို့ သွား၏။ ကောက်ကျစ်သော ရသေ့သည် ထိုအရပ်၌ အနှစ်ငါးဆယ်ကျော်နေ၏။

ထိုအခါ တစ်နေ့သ၌ ပစ္စန္တရစ် ရွာသားတို့သည် ခိုသားကို ကောင်းစွာ စီရင်၍ လှူကုန်၏၊ ရသေ့သည် ခိုသား၌ ရသတဏှာဖြင့် တပ်စွန်း၍ အဘယ်မည်သော အသားနည်းဟု မေး၍ ခိုသားတည်းဟု ကြား၍ ငါ၏ ကျောင်း၌ များစွာကုန်သော ခိုတို့သည် ကျက်စားလာကုန်၏။ ထိုခိုတို့ကို သတ်၍အသားကို စားခြင်းငှါ သင့်၏ဟုကြံ၏၊ ကြံပြီး၍ ထိုရသေ့သည် ဆန်တောပတ် နို့ ဓမ်း နို့ ရည်အစရှိသည်တို့ကိုဆောင်၍ သျှောက်ပတ်သော အရပ်၌ထား၍ ဆောက်ပုတ်ကို သင်္ကန်းစွန်းဖြင့် ဖုံး၍ ခိုတို့၏ လာခြင်းကို မျှော်လျက် ကျောင်းတံခါး၌နေ၏။ ဘုရားလောင်းသည် ခိုအပေါင်း ခြံရံလျက်လာ၍ ထိုရသေ့ကောက်၏ ပျက်သောအမူအရာကိုမြင်၍ ဤရသေ့ပျက်သည် တစ်ပါးသော အခြင်းအရာဖြင့် နေ၏။ ငါတို့၏ ဆွေမျိုးတို့၏ အသားကို စားလိုသလော၊ ထိုရသေ့ကို စုံစမ်းအံ့ဟု လေကြော၌ ရပ်၍ ရသေ့၏ကိုယ်မှ ခိုသားနံ့နံ၍ ဤရသေ့သည် ငါတို့ကိုသတ်၍ အသားကိုစားလို၏။ ထိုရသေ့၏ အထံသို့ သွားခြင်းငှါ မသင့်ဟု ခိုအပေါင်းတို့ကိုခေါ်၍ ဖဲသွား၏။

ရသေ့သည် ထိုခိုမလာသည်ကိုမြင်၍ ခိုတို့နှင့်တကွ သာယာသောစကားကို ဆို၍ အကျွမ်းဝင်သဖြင့် ကပ်လာကုန်သော ခိုတို့ကိုသတ်၍ အသားကို စားခြင်းငှါ သင့်၏ဟု ကြံ၍ ဤဂါထာတို့ကို ဆို၏—

၇၉။ ဝသာနိ ပညာသ သမာဓိကာနိ၊
ဝသိမှ သေလဿ ဂုဟာယ ရောမက။
အသက်မာနာ အဘိနိဗ္ဗုတတ္တာ၊
ဟတ္ထတ္တ မှာယန္တိ မမ် ဏ္ဍဇာ ပုရေ။

၈၀။ တေ ဒါနိ ဝက္ကင် ကိမတ္ထ'မုဿုကာ၊
ဘဇန္တိ အညံ ဂိရိကန္ဒရံ ဒိဇာ။
န နူန မညန္တိ မမံ ယထာ ပုရေ၊
စိရပ္ပဝုတ္ထာ အထ ဝါ န တေ လမေ။

ကောင်းစွာ သွေးအပ်သော သန္တာ၏ အဆင်းကဲ့သို့သော မျက်စိရှိသော ခို ငါတို့သည် အနှစ် ၅၀-တိုပတ်သုံး တောင်သိုက်ဂူ၌နေကြပါ၏။ ရှေး၌ခိုတို့သည် ရွှင်ရှားခြင်းကင်းကုန်သည်ဖြစ်၍ ငြိမ်းချမ်းသောစိတ်ရှိကုန်လျက် ငါ၏ လက်ဖြင့် မိသောအရပ်သို့ လာကုန်၏။ ယခုအခါ ခိုတို့သည် အဘယ်အကျိုးငှါ တစ်ပါး သော တောင်ချောက်သို့ ပျံကုန်ဘိသနည်း။ ဤခိုတို့သည် ရှေးကကဲ့သို့ ငါ့ကို မအောက်မေ့ကုန်သည်ထင်၏။ ဤခိုတို့သည် အရပ်တစ်ပါး၌ ကြာမြင့်စွာနေကုန် ပြီး၍ ရှည်ကြာသဖြင့် ငါ့ကို မသိကြသောင်တကား။ ကြာမြင့်စွာနေခဲ့ကုန်သော ထိုခိုတို့ မဟုတ်ကုန်လေသလော။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် နောက်သို့ဆုတ်၍ တည်ပြီးလျှင် ဤဂါထာကိုဆို၏-

၈၁။ ဇာနာမ တံ န မယံ သမ္ပမူဠှာ၊
သောယေဝ တွံ တေ မယ'မသ္မ နာ'ညေ။
စိတ္တဉ္စ တေ အသ္မိံ ဇနေ ပဒုဋ္ဌံ၊
အာဇီဝိကာ တေန တမုတ္တသာမ။

အသက်မွေးခြင်းဟူသောအကြောင်းကြောင့် ရဟန်းပြုသော ရှင်ရသေ့မျက် ငါတို့သည် သင့်ကို သိကုန်၏၊ ငါတို့သည် မမိုက်မဲ မတွေဝေကြကုန်၊ သင်သည် ထိုရှေးက ရသေ့ပင်တည်း၊ ငါတို့သည် အရင်ကတည်းက ရှိနေကြကုန်သော ခိုတို့ပင်တည်း။ အခြားသော ခိုတို့မဟုတ်ကုန်၊ ဤခိုအပေါင်းအပေါ်၌ သင်၏ စိတ်သည် ပစ်မှားသောကြောင့် သင့်ကို ငါတို့ လန့်ကုန်၏။

ကောက်ကျစ်သော ရသေ့သည် ငါ့ကို ဤခိုတို့သည် သိပြီဟု ဆောက် ပုတ်ကို လွှတ်၍ အချင်းခို သွားလေတော့ ချက်သွင်းလေ၏ဟု ဆို၏၊ ထို အခါ ရသေ့ကို ဘုရားလောင်းသည် ချေဦးစွာ ငါ့ကို ချက်သွင်း၏။ အပါယ်

နှင့်ကား မချုတ်ယွင်း။ အကယ်၍ ကျောင်း၌နေအံ့ ရှာသားတို့အား ဤရသေ့သည် ခိုးသူတည်းဟု အကြောင်းကြား၍ သင့်ကို ဖမ်းစေအံ့ လျင်စွာ ပြေးလေလော့ဟု ရသေ့ကို ခြိမ်းခြောက်၍ ဖဲလေ၏။ ရသေ့ကောက်သည် ထိုကျောင်း၌ နေခြင်းငှါ မတတ်နိုင်၍ တစ်ပါးသော အရပ်သို့ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကောက်ကျစ်သော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ရှေး၌ နေသော သီလရှိသော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခိုတို့၏ အကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာခုနစ်ဆယ့်ခုနစ်ခုမြောက်သော ရောမက ဇာတ်သည် ပြီး၏။

## ၂၇၈-မဟိံသရာဇဇာတ်

### သူတော်ကောင်း မကောင်းကြံ ကိုယ်ဘေးဒဏ်ထိ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကိမတ္ထ မဘိသန္ဓာယ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟိံသရာဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လျှပ်ပေါ်သော မျောက်တစ်ကောင်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ဦးသော အမျိုးသားသည် မွေးအပ်သော မျောက်သည် ဆင်တင်းကုပ်သို့ သွား၍ သီလရှိသော တစ်ကောင်သော ဆင်၏ ကျောက်ကုန်း၌ နေ၍ ကျင်ကြီး, ကျင်ငယ် စွန့်၏။ ကျောက်ကုန်း၌ စကြံသွား၏။ ဆင်သည် သီလရှိသည်၏ အဖြစ်ကြောင့် သည်းခံခြင်းဖြင့် အမျက်မထွက် တစ်နေ့သ၌ ထိုဆင်၏ နေရာ၌ တစ်ပါးသော ကြမ်းသော ဆင်ငယ်သည် နေ၏။ ထိုမျောက်သည် ထိုသီလရှိသော ဆင်လျှင်တည်းဟူသော အမှတ်ဖြင့် ကြမ်းသော ဆင်၏ ကျောက်ကုန်းသို့ တက်၏။ ထိုအခါ မျောက်ကို ဆင်သည် လျင်မြန်စွာ နှာမောင်းဖြင့် ယူ၍ မြေ၌ ချထား၍ ခြေဖြင့် နင်း၍ ကြေစေ၏။ ထိုအကြောင်းသည် ရဟန်းသံဃာ၌ ထင်ရှားစွာ ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည်

တရားသဘင်၌ငါ့ရှင်တို့ လျှပ်ပေါ်သော မျောက်သည် သီလရှိသော ဆင်ဟူသော အမှတ်ဖြင့် ကျောက်ကုန်းသို့ တက်၏၊ ထိုအခါ ထိုမျောက်ကို ထိုကြမ်းသော ဆင်သည် အသက်ကုန်ခြင်းသို့ ရောက်စေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မိန့်တော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်လေသည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုမျောက်သည် လျှပ်ပေါ်သည် မဟုတ်သေး။ ရှေးအခါ၌လည်း ဤအတူသာလျှင် လျှပ်ပေါ်သည် သာတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ကျွဲမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အားနှင့် ပြည့်စုံ၏။ ကြီးသော ကိုယ်ရှိ၏။ တောင်ခြေရင်း ချိုင့်ဝှမ်းရာ ခဲယဉ်းသော တောအုပ်တို့၌ ကျက်စားလျက် လှည့်လည်သော် တစ်ခုသော ချမ်းသာသော သစ်ပင်ရင်းကို မြင်၍ အစာကို ယူပြီး၍ နေ့အခါ ထိုသစ်ပင်ရင်း၌ နေ၏။ ထိုအခါ တစ်ကောင်သော လျှပ်ပေါ်သောမျောက်သည် သစ်ပင်မှ ဆင်းသက်၍ ကျွဲ၏ ကျောက်ကုန်းသို့ တက်၏။ ကျင်ကြီး ကျင်ငယ် စွန့်၍ ချိုတို့၌ ကိုင်၍ တွဲလျားဆွဲ၍ အမြီးတို့၌ ကိုင်၍ ပုခက်လွှဲသကဲ့သို့ ပြု၍ ကစား၏။ ဘုရားလောင်းသည် သည်းခံခြင်း, ချစ်ခြင်း, သနားခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ထိုမျောက်သည် ထိုမရှိမသေ ကျင့်ခြင်းကို နှလုံးမပြု။ မျောက်သည် အဖန်တလဲလဲ ထိုအတူသာလျှင် ပြုကျင့်၏။ ထိုအခါ တစ်နေ့သ၌ ထိုသစ်ပင်ရင်း၌ နေသော နတ်သည် သစ်ခွကြား၌ တည်၍ ထိုကျွဲမင်းကို မျောက်ပျက်၏ မထီမဲ့မြင် ပြုခြင်းကို သည်းခံဘိ၏။ ထိုမျောက် ပျက်ကို မြစ်လော့ဟု ဆို၍ ထိုအနက်ကို ပြလိုရကား ဤဂါထာတို့ကို ဆို၏—

၇၂။ ကိမတ္ထ မဘိသန္ဓာယ၊ လဟုစိတ္တဿ ဒုဗ္ဘိနော။
သဗ္ဗကာမဒဒဿေဝ၊ ဣမံ ဒုက္ခံ တိတိက္ခသိ။

၇၃။ သိင်္ဂေန နိဟနာဟေ'တံ၊ ပဒသာ စ အဓိဋ္ဌဟ။
ဘိယျော ဗာလာ ပကုဇ္ဈေယျုံ၊ နော စဿ ပဋိသေဓကော။

ကျွဲမင်း အလုံးစုံသောအရှင်ကို ပေးတတ်သော အရှင်၏ဆင်းရဲကို သည်းခံသကဲ့သို့ အဘယ်အကျိုးကို ရည်၍ ပေါ့သောစိတ်ရှိသော အဆွေခင်ပွန်းကို ပြစ်မှားတတ်သော မျောက်၏ ဤဆင်းရဲကို သည်းခံဘိသနည်း။

ထိုမျောက်ကို ချိုဖြင့်လည်း သတ်လိုက်ပါလော့၊ ခွါဖြင့်လည်း သေအောင်သတ်လော၊ တားမြစ်ခြင်းသည် မဖြစ်ငြားအံ့၊ မိုက်ကုန်သော သတ္တဝါတို့သည် အဖန်တလဲလဲ ညှဉ်းဆဲကုန်ရာ၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် သစ်ပင်စောင့်နတ်၊ ငါသည် ဤမျောက်ထက် အမျိုးအနွယ်အားဖြင့်ရှိသည်တို့ဖြင့် လွန်မြတ်သည် ဖြစ်လျက် ဤမျောက်၏ အပြစ်ကို အကယ်၍ သည်းမခံအံ့။ အဘယ်မှာ ငါ၏နှလုံးအလိုသည် ပြီးခြင်းသို့ ရောက်နိုင်အံ့နည်း။ ဤမျောက်သည်ကား ငါ့ကိုကဲ့သို့ တစ်ပါးသော ကျွဲကိုလည်း ထင်မှတ်၍ မရိုသေသော အမှုကို ပြုလတ္တံ့၊ ထိုအခါ ကြမ်းကုန်သော ကျွဲတို့သည် ဤမျောက်ကား ဤသို့ ပြု၏ဟု သတ်ကုန်လတ္တံ့၊ ထိုသို့သော တစ်ပါးသော ကျွဲတို့သည် သတ်၍ ထိုမျောက်၏ သေခြင်းကြောင့် ငါ့အားဆင်းရဲမှ လည်းကောင်း၊ ပါဏာတိပါတ်မှလည်းကောင်း လွတ်ခြင်းသည် ဖြစ်လတ္တံ့ဟု ဆိုလို၍ သုံးခုမြောက်သော ဤဂါထာကိုဆို၏—

၈၄။ မမေဝါယံ မညမာနော၊ အညေပေဝံ ကရိဿတိ။
တေ နံ တတ္ထ ဝဓိဿန္တိ၊ သာ မေ မုတ္တိ ဘဝိဿတိ။

ရုက္ခစိုးနတ်မင်း ဤမျောက်သည် ငါ့ကိုကဲ့သို့ ထိုအတူအောက်မေ့၍ တစ်ပါးသော ကျွဲတို့ကိုလည်း ပြုလတ္တံ့၊ ထိုအရပ်၌ ထိုကျွဲတို့သည် ထိုမျောက်ကို သတ်ကုန်လတ္တံ့၊ ထိုသတ်ခြင်းသည် ငါ့အား ဆင်းရဲခြင်း၊ ပါဏာတိပါတ်ဖြစ်ခြင်းမှ လွတ်ခြင်းငှါ ဖြစ်လတ္တံ့။

နှစ်ရက်သုံးရက်လွန်သဖြင့် ဘုရားလောင်းသည် တစ်ပါးသော အရပ်သို့ သွား၏။ တစ်ပါးသော ကြမ်းသော ကျွဲသည် ထိုအရပ်သို့လာ၍ နေ၏။ ပျက်ချော်သောမျောက်သည် ဤကျွဲကား ထိုကျွဲကောင်းလျှင်တည်းဟု အမှတ်ရှိသဖြင့် ထိုကျွဲ၏ကျောက်ကုန်းသို့တက်၍ ထိုအတူလျှင် မရိုသေသော အကျင့်ကို ကျင့်၏။ ထိုအခါ ထိုမျောက်ကို ထိုကျွဲသည် ခါလျက် မြေ၌ကျစေ၍ ချိုဖြင့် ရင်၌ ပေါက်၍ ခြေတို့ဖြင့် နင်း၍ ကြေစေ၏။

ဇာတ်ပေါင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ ပြတော်မူ၍ ဇာတ်ပေါင်းတော်မူသည်၊ ထိုအခါ ဤကြမ်းသော ကျွဲသည် ထိုအခါ ကြမ်းသောကျွဲ ဖြစ်ပြီ၊ ယခုအခါ ဤမျောက်သည် ထိုအခါ ပျက်ချော်သောမျောက် ဖြစ်ပြီ၊

ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သီလရှိသော ကျွဲမင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မျိုးဇာတ်နှယ်မှာ၊ တူကုန်ပါလည်း၊ မှတ်ရာတူဖြင့်၊ မူမကျင့်လင့်)

နှစ်ရာခုနစ်ဆယ့်ရှစ်ခုမြောက်သော မဟိံသရာဇဇာတ်သည် ပြီး၏။

---

## ၂၇၉-သတပတ္တဇာတ်

## (ရန်သူကို မိတ်ဆွေထင်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကသို့ အဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ယထာ မာဏဝကော ပန္ထေ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသတပတ္တဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပဏ္ဍုကလောဟိတကရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဆဗ္ဗဂ္ဂီရဟန်းတို့တွင် မေတ္တိယဘူမဇက ရဟန်းနှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည်ကိုမှီ၍ နေကုန်၏။ အဿဇိပုနဗ္ဗသုက ရဟန်းနှစ်ပါးတို့သည် ကီဋာဂိရိကိုမှီ၍ နေကုန်၏။ ဤပဏ္ဍုကလောဟိတက ရဟန်းနှစ်ပါး တို့သည်ကား သာဝတ္ထိပြည်ကိုမှီ၍ ဇေတ ဝန်ကျောင်းတော်၌ နေကုန်၏။ တရားသဖြင့်ငြိမ်းပြီးသော အဓိကရုဏ်းကို လှန်၍ဖြစ်စေပြန်ကုန်၏။ အကြင်ရဟန်းတို့သည် ထိုပဏ္ဍုက လောဟိတကတို့၏ တကွ မြင်ဖူး ဆည်းကပ်ဖူးသော အဆွေခင်ပွန်းဖြစ်ကုန်၏။ထိုရဟန်းတို့အားလည်းထောက်ပံ့ခိုင်းစေကုန်၍ ငါ့ရှင်တို့သည်ထိုရဟန်းတို့နှင့် အမျိုးအားဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊သီလအားဖြင့်လည်းကောင်း၊အဝတ်အစရှိသည်တို့ဖြင့်လည်းကောင်းမတူကုန်၊ထိုရဟန်းတို့သည် ငါ့ရှင်တို့အောက် ယုတ်ကုန်၏။ သင်တို့သည် မိမိ အယူကို စွန့်ကုန်ငြားအံ့။ ထိုရဟန်းတို့သည် သင်တို့ထက် အလွန် ထင်စွာ ဖြစ်ကုန်လတ္တံ့။ ဤသို့ အစရှိသည်တို့ကို ဆို၍ အယူကို လွှတ်စိမ့်သောငှါ မပေးကုန်။ ထို့ကြောင့် ခိုက်ရန်ငြင်းခုံခြင်း၊ အထူးထူး အပြားပြား ပြောဆိုခြင်းတို့သည် ဖြစ်ကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက် ကုန်၏။ ထိုအခါ သဗ္ဗညု မြတ်စွာဘုရားသည် ထိုအရာ၌ ရဟန်းတို့ကို စည်းဝေးစေ၍ ပဏ္ဍုက လောဟိတက ရဟန်းတို့ကို ခေါ်စေ၍ ရဟန်းတို့ သင်တို့သည် မိမိ၏ ငြိမ်းလေ

ပြီးသော အခိကရုဏ်းကို လွန်ကြကုန်သော ဟူသည် တစ်ပါးကုန်သော ရဟန်းတို့အားလည်း အယူကို စွန့်စိမ့်သောငှါ မပေးကြကုန်သော ဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု နားတော်သျှောက်သည် ရှိသော် ရဟန်းတို့ သင်တို့၏ အမူအရာသည် ခေါက်ရှာငှက်နှင့် လုလင်၏ အမူအရာကဲ့သို့ ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် မထင်ရှားသော ကာသိရွာဝယ် တစ်ဦးသော အမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစ ရှိသည်ဖြင့် အသက်မွေးခြင်းကို မပြုမူ၍ ငါးရာကုန်သော ခိုးသူတို့ကို ယူ၍ ထိုခိုးသူတို့၏ အကြီးဖြစ်၍ ခရီးသွားတို့ကို လုယက်ခြင်း, အိမ်ခြံစပ်ကို ဖြတ်၍ ခိုးယူခြင်း အစရှိသည်တို့ကို ပြု၍ အသက်မွေးခြင်းကို ပြု၏။ ထိုအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော သူကြွယ်သည် တစ်ယောက်သော ဇနပုဒ်သားအား အသပြာ တစ်ထောင်ပေး၍ တစ်ဖန် မယူမူ၍ သေ၏၊ ထိုသူကြွယ်၏ မယားသည် နောက်အခါ နာ၍ သေရာ ညောင်စောင်း၌ အိပ်သည်ရှိသော် သားကို ခေါ်၍။ ငါ့သား သင့်အဖသည် တစ်ယောက်သော သူအား တစ်ထောင်သော အသပြာကို ပေး၍ မယူမူ၍လျှင် သေ၏။ ငါသည်လည်း အကယ်၍ သေငြားအံ့။ ထိုသူသည် သင့်အား မပေးလတ္တံ့။ သွားချေ အသက်ရှိစဉ်လျှင် ထိုသူကို ပေးစေ၍ ယူချေလောဟု ဆို၏။ ထိုလုလင်သည် ကောင်းပြီဟု ထိုဇနပုဒ်သို့ သွား၍ အသပြာတို့ကို ရ၏၊ ထိုလုလင်၏ အမိသည် သေ၍ သား၌ ချစ်သဖြင့် သား၏ လာရာလမ်း၌ ဥပပါတ် မြေခွေးမ ဖြစ်၏။ ထိုအခါ ထိုခိုးသူကြီးသည် ခရီးသွားတို့ကို လုယက်လျက် ပရိသတ်နှင့် တကွ ထိုခရီး၌ နေ၏။

ထိုအခါ ထိုမြေခွေးမသည် သား တောအုပ်ဝသို့ ရောက်သည် ရှိသော် အမောင် တောအုပ်သို့ မသွားလင့်၊ ထိုတောအုပ်၌ ခိုးသူတို့သည် နေကုန်၏။ ထိုခိုးသူတို့သည် သင့်ကို သတ်၍ အသပြာတို့ကို ယူကုန်လတ္တံ့ဟု အဖန်တလဲလဲ ခရီးကို ဖြတ်သန်း၍ တား၏၊ ထိုလုလင်သည် ထိုအကြောင်းကို မသိ၍ ယုတ်မာသော မြေခွေးမသည် ငါ၏ လမ်းကို ဖြတ်သန်း၏ဟု ထိုမြေခွေးမကို ခဲလုံးတံကိုင်၍ ပစ်ခတ်၍ ပြေးစေပြီးသော် တောအုပ်သို့ သွား၏။ ထိုအခါ တင်ကောင်သော ခေါက်ရှာငှက်သည် ယောကျ်ား၏ လက်၌ အသပြာတစ်ထောင် ရှိ၏။ ဤယောကျ်ားကို သတ်၍ အသပြာကို ယူကုန်လော့ဟု မြည်လျက် ခိုးသူတို့သို့ ရှေးရှုပျံ၏။ လုလင်သည် ထိုခေါက်ရှာငှက် ပြုသော အကြောင်းကို မသိ၍ ဤငှက်သည်ကား မင်္ဂလာငှက်တည်း၊ ယခု ငါ့အား မင်္ဂလာ ဖြစ်လတ္တံ့ဟု ကြံ၍

အရှင် မြည်လော့၊ အရှင် မြည်လော့ဟု ဆို၍ လက်အုပ်ချီ၏။ ဘုရားလောင်းသည် ခပ်သိမ်းသော သတ္တဝါတို့၏ မြည်သံကို သိ၏၊ ထိုလုလင်နှင့် ခေါက်ရှာငှက်တို့၏ အမူအရာကို မြင်၍ ဤမြေခွေးမသည် ဤလုလင်၏ အမိ ဖြစ်ရာ၏။ ထို့ကြောင့် မြေခွေးမသည် ဤလုလင်ကို သတ်၍ အသပြာတို့ကို ယူလတ္တံ့ဟု ကြောက်၍ လုလင်ကို မြစ်၏။ ဤခေါက်ရှာငှက်သည်ကား လုလင်၏ ရန်သူ ဖြစ်ရာ၏။ ထို့ကြောင့် ထိုခေါက်ရှာငှက်သည် ဤလုလင်ကို သက်၍ အသပြာတို့ကို ယူကုန်လော့ဟု ငါတို့အား ကြား၏။ ဤလုလင်သည်ကား ထိုအကြောင်းကို မသိ၍ အကျိုးစီးပွား အလိုရှိသော အမိကို ခြိမ်းခြောက်၍ ပြေးစေ၏။ အကျိုးမဲ့ကို အလိုရှိသော ခေါက်ရှာငှက်အား ငါ၏ အကျိုးကို အလိုရှိ၏ဟု အမှတ်ရှိသဖြင့် လက်အုပ်ချီ၏။ ဤလုလင်သည်ကား သြော် မိုက်လေစွဟု ကြံ၏။ ထိုစကားသည် မှန်၏။ ဘုရားလောင်းဖြစ်သော ယောကျ်ားမြတ်တို့အားလည်း မညီညွတ်သော ပဋိသန္ဓေ ယူခြင်း အစရှိသည်ဘို့၏ အစွမ်းအားဖြင့် ဤသို့ သူတစ်ပါးတို့၏ ဥစ္စာကို ခိုးယူခြင်းသည် ဖြစ်၏။ နက္ခတ် အပြစ်ကြောင့် ဖြစ်သည် ဟူ၍လည်း ဆိုကုန်၏။

လုလင်သည် လာလတ်၍ ခိုးသူတို့၏ အပိုင်းအခြား အတွင်းသို့ ရောက်၏။ ဘုရားလောင်းသည် ထိုလုလင်ကို ယူခဲ့စေ၍ အဘယ်အရပ်၌ နေသနည်းဟု မေး၏။ ဗာရာဏသီပြည်၌ နေသတည်းဟု ဆို၏။ အဘယ်သို့ သွားသနည်းဟု မေး၏။ တစ်ခုသော ရွာ၌ ရအပ်သော တစ်ထောင်သော အသပြာ ရှိ၏။ ထိုအရပ်သို့ သွား၏ဟု ဆို၍ သင်သည် ရခဲ့သလောဟု မေးလတ်သော် ရခဲ့၏ဟု ဆို၏။ အဘယ်သူသည် သင့်ကို စေသနည်းဟု မေး၏၊ အကျွန်ုပ် အဖ သေသည် ရှိသော် အမိသည်လည်း နာ၏။ ထိုအမိသည် ငါသေလတ်သော် ဤသားသည် မရရစ်လတ္တံ့ဟု ထင်မှတ်၍ အကျွန်ုပ်ကို စေ၏ဟု ဆို၏။ ယခု သင့်အမိ၏ အကြောင်းကို သိ၏လောဟု မေး၏၊ အရှင် မသိဟု ဆို၏။ သင့်အမိသည် သင်ထွက်သည်ရှိသော်လျှင် သေ၍ သား၌ ချစ်ခြင်းကြောင့် မြေခွေးမ ဖြစ်၍ သင်၏သေခြင်းမှ ကြောက်သောကြောင့် ခရီးအကြား၌ သင့်လမ်းကို သန်း၍ သင့်ကိုတားမြစ်၏။ သင်သည် ထိုမြေခွေးမကို ခြိမ်းခြောက်၍ ပြေးစေ၏။ ခေါက်ရှာငှက်သည်ကား သင်၏ ရန်သူဖြစ်၏။ ထိုခေါက်ရှာငှက်သည် လုလင်ကို သတ်၍ အသပြာတို့ကို ယူကုန်လော့ဟု ငါတို့အား ကြားလာ၏။ သင်သည် မိမိ၏ မိုက်သည်၏ အဖြစ်ကြောင့် အကျိုးစီးပွားကို အလိုရှိသော အမိကို ငါ၏ အကျိုးမဲ့ကို အလိုရှိ၏ဟု ထင်မှတ်၏။ အကျိုးမဲ့ကို အလိုရှိသော ခေါက်ရှာငှက်ကို ငါ၏အကျိုးကို အလိုရှိ၏ဟု ထင်မှတ်၏။ ထို့ကြောင့် သင်တို့အား ပြုအပ်သော ကျေးဇူးမည်သည် မရှိသင့်၊ အမိ၏ ကျေးဇူးတို့သည်ကား များကုန်၏။ ထိုအမိကျေးဇူးတို့ကို ရည်၍ တင်ထောင်သော အသပြာတို့ကိုယူ၍

သင်သွားလေလော့ဟု လှတ်လိုက်လေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၇၅။ ယထာ မာဏဝကော ပန္ထေ၊ သိင်္ဂါလိံ ဝနဂေါစရိံ။
အတ္ထကာမံ ပဝေဒေန္တိံ၊ အနတ္ထကာမာတိ မညတိ။
အနတ္ထကာမံ သတပတ္တံ၊ အတ္ထကာမောတိ မညတိ။

၇၆။ ဧဝမေဝ ဣဓေကစ္စော၊ ပုဂ္ဂလော ဟောတိ တာဒိသော။
ဟိတေဟိ ဝစနံ ဝုတ္တော၊ ပဋိဂဏှာတိ ဝါမတော။

၇၇။ ယေ စ ခေါ နံ ပသံသန္တိ၊ ဘယာ ဥက္ကံသယန္တိ ဝါ။
တဉှိ သော မညတေ မိတ္တံ၊ သတပတ္တံဝ မာဏဝေါ။

ခရီး၌ လုလင်သည် တော၌ ကျက်စားသော မိမိအကျိုးကို အလိုရှိ၍ မိမိအကျိုးကိုကြားသော မြေခွေးမကို အကျိုးမဲ့ကို အလိုရှိ၏ဟု အောက်မေ့၏၊ အကျိုးမဲ့ကို အလိုရှိသော ခေါက်ရှာငှက်ကို အကျိုးကို အလိုရှိ၏ဟူ၍ အောက်မေ့၏၊ ဤအတူသာလျှင် ဤလောက၌ အချို့သည် ထိုသို့ သဘောရှိကုန်၏၊ ထိုသို့ ပုဂ္ဂိုလ်မျိုးသည် အစီးအပွားတို့ဖြင့် ဆုံးမစကားကို ဆိုအပ်သည်ရှိသော် အယုတ်အားဖြင့် ယူ၏၊ ထိုပုဂ္ဂိုလ်ကို ကြောက်ရွံ့မှုကြောင့် မြှောက်ပင့်ကြကုန်၏၊ ထိုပုဂ္ဂိုလ်သည် ခေါက်ရှာငှက်ကို မိတ်ဆွေဟူ၍ ထင်သော လုလင်နှင့် တူ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခိုးသူတို့၏အကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ရန်သူမိတ်ဆွေ ခွဲတတ်ပါစေ)

နှစ်ရာခုနစ်ဆယ့်ကိုးခုမြောက်သော သတပတ္တဇာတ်သည် ပြီး၏။

## ၂၈၀-ပုဋ္ဌဒူသကဇာတ်

### မျောက်ဟူသည် အဖျက်သမား သက်သက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဒ္ဓါဟိ နူန မိဂရာဇာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုဋ္ဌဒူသကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော အထုပ်ကို ဖျက်ဆီးတတ်သော သူငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော အမတ်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဖိတ်၍ ဥယျာဉ်၌နေစေ၍ အလှူပေးသည်ရှိသော် ဆွမ်းမဘုဉ်းပေးမီအကြား၌ ဥယျာဉ်၌ လှည့်လည် လိုကုန်သော အရှင်တို့သည် လှည့်လည်စေကုန်သတည်းဟု လျှောက်၏။ ရဟန်းတို့သည် ဥယျာဉ်၌ လှည့်လည်ကုန်၏။ ထိုခဏ၌ ဥယျာဉ်စောင့်သည် အရွက်နှင့် ပြည့်စုံသော သစ်ပင်သို့တက်၍ ကြီးကုန် ကြီးကုန်သော အရွက်တို့ကို ခူး၍ ဤအထုပ်ကား ပန်းထုပ်ဖြစ်လတ္တံ့၊ ဤအထုပ်ကား သစ်သီးထုပ် ဖြစ်လတ္တံ့ဟု အထုပ်ကိုပြု၍ သစ်ပင်ရင်းသို့ ချ၏။ ထိုဥယျာဉ်စောင့်၏ သားသူငယ်သည် ချတိုင်း ချတိုင်း အထုပ်ကို ဖျက်ဆီး၏။ ရဟန်းတို့သည် ထိုအကြောင်းကို ဘုရားအား လျှောက်ကြကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤသူငယ်သည် အထုပ်ကို ဖျက်ဆီးတတ်သည် မဟုတ်သေး ရှေး၌လည်း အထုပ်ကို ဖျက်ဆီးဖူးသလျှင်ကတည်း ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ တစ်ဦးသော ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် အိမ်၌ နေလျက် တစ်နေ့သ၌ တစုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် ဥယျာဉ်သို့ သွား၏။ ထိုဥယျာဉ်၌ များစွာကုန်သော မျောက်တို့သည် နေကုန်၏။ ဥယျာဉ်စောင့်သည် ဤနည်းဖြင့် သစ်ရွက်ထုပ်တို့ကို ချ၏။ မျောက်ကြီးသည် ချတိုင်းချတိုင်းကုန်သော သစ်ရွက်ထုပ်တို့ကို ဖျက်ဆီး၏။ ဘုရားလောင်းသည် ထိုမျောက်ကြီးကို ခေါ်၍ ဥယျာဉ်စောင့်သည် ချအပ်သော သစ်ရွက်ထုပ်ကို ဖျက်ဆီး၍ တစ်ပါးသော အလွန် နှစ်သက်ဖွယ်ရှိသော သစ်ရွက်ထုပ်ကို ပြုလိုယောင်တကားဟု ဆို၍ ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၇၇။ အဒ္ဓါ ဟိ နူန မိဂရာဇာ၊ ပုဋကမ္မဿ ကောဝိဒေါ။
တထာ ဟိ ပုဋံ ဒူသေတိ၊ အညံ နူန ကရိဿတိ။

မျောက်မင်းသည် စင်စစ်လျှင် သစ်ရွက်ထုပ်သောအမှု၌ လိမ္မာယောင်တကား၊ ထို့ကြောင့်လျှင် အထုပ်ကို ဖျက်ဆီး၏၊ တစ်ပါးသော နှစ်သက်ဖွယ်ရှိသော အထုပ်ကို ပြုလတ္တံ့လော။

ထိုစကားကို ကြား၍ မျောက်သည် နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

၇၉။ န မေ မာတာ ဝါ ပိတာဝါ၊ ပုဋကမ္မဿ ကောဝိဒေါ။
ကတံ ကတံ ခေါ ဒူသေမ၊ ဝံ ဓမ္မမိဒံ ကုလံ။

အိုယောကျ်ား ငါ၏ အမိသည်လည်းကောင်း၊ အဖသည် လည်းကောင်း သစ်ရွက်ထုပ်သောအမှု၌ မလိမ္မာ၊ ငါတို့သည် ပြုတိုင်းပြုတိုင်းသော သစ်ရွက်ထုပ်ကိုလျှင် ဖျက်ဆီးကုန်၏။ ဤမျောက်မျိုးသည် ဤသို့ ဖျက်ဆီးတတ်သော သဘောရှိ၏။ ထိုစကားကို ကြားလျှင် ဘုရားလောင်းသည် သုံးခုမြောက်သော ဤဂါထာကို ဆို၏–

၈၀။ ယေသံ ဝေါ ဒေိသော ဓမ္မော၊ အဓမ္မော ပန ကီဒိသော။
မာ ဝေါ ဓမ္မံ အဓမ္မံ ဝါ၊ အဒ္ဒသာမ ကုဒါစနံ။

မျောက်မင်း အကြွင်သင်တို့၏ တရားသည် ဤသို့ သဘောရှိ၏။ တရားမဟုတ်သော အကျင့်မည်သည်ကား အဘယ်သို့ သဘောရှိအံ့နည်း၊ သင်တို့၏ တရားကို လည်းကောင်း၊ တရားမဟုတ်သော အကျင့်ကို လည်းကောင်း တစ်ရံတဆစ် ငါတို့ မြင်လိုကုန်၏။

ဤသို့ ဆို၍ မျောက်အပေါင်းကို ကဲ့ရဲ့၍ ဖဲ၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အထုပ်ကို ဖျက်ဆီးသော သူငယ်သည် ထိုအခါ မျောက်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိယောကျ်ား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာရှစ်ဆယ်ခုမြောက်သော ပုဋဒူသကဇာတ်သည် ပြီး၏။

၃-ဥဒပါနဝဂ် ပြီး၏။

# ၄-အဗ္ဘန္တရဝဂ်

## ၂၈၁-အဗ္ဘန္တရဇာတ်

## (ကျေးစေတမန်)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အဗ္ဘန္တရံ နာမ ဒုမော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဗ္ဘန္တရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်သည် ယသော်ဓရာထေရီမအား သရက်သီးအရသာပေးခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဓမ္မစကြာ တရားကို ဟောတော်မူပြီး၍ ဝေသာလီပြည် ကူဋာဂါရ ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည် ရှိသော် မဟာပဇာပတိဂေါတမီသည် သာကီဝင်မင်းသမီး ငါးရာတို့ကို ယူလျက် သွား၍ ရဟန်းအဖြစ်ကို တောင်းပန်၍ သာမဏေ၏ အဖြစ်ကို လည်းကောင်း၊ ပဉ္စင်း၏ အဖြစ်ကို လည်းကောင်း ရ၏။ နောက်ကာလ၌ ငါးရာကုန်သော ထိုရဟန်းမိန်းမတို့သည် နန္ဒကောဝါဒသုတ်ကို နာရ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည်ကား သာဝတ္ထိပြည်ကို မှီ၍ သီတင်းသုံးနေတော်မူသည်ရှိသော် ရာဟုလမယ်တော် ဗိမ္ဗာဒေဝီမိဖုရားသည် ငါ့လင်သည် ရဟန်းပြု၍ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်ပြီ၊ ငါ့သားလည်း ရဟန်းပြု၍ဘုရားအထံတော်၌ နေပြီ၊ ငါသည် အိမ်၌ နေသဖြင့် အဘယ်ပြုအံ့နည်း၊ ငါလည်းရဟန်းပြု၍ သာဝတ္ထိပြည်သို့ သွား၍ ဘုရားကို မပြတ်ဖူး၍ နေအံ့ဟု ကြံ၍ ရဟန်းတို့၏ ကျောင်းသို့ သွား၍ ရဟန်းပြု၍ ဆရာဉပဇ္ဈာယ်တို့နှင့် တကွ သာဝတ္ထိပြည်သို့ သွား၍ ဘုရား ကိုလည်းကောင်း၊ ချစ်စွာသော သားကို လည်းကောင်း ဖူးမြင်လျက် တစ်ခုသော ရဟန်းမိန်းမတို့၏ကျောင်း၌ နေ၏။ ရာဟုလ သာမဏေသည် လာ၍ မယ်တော်ကို ဖူးမြင်၏။ ထိုအခါ တစ်နေ့သ၌ မထေရ်မအား ဝမ်း၌ လေထ၏။ မထေရ်မသည် သားသည် ဖူးမြင်အံ့သောငှါ လာလတ်သော် သားအား ဖူးမြင်ရန် ထွက်အံ့သောငှါ မတတ်နိုင်၊ တစ်ပါးကုန်သော ရဟန်းမိန်းမတို့သည် သာလျှင် လာလတ်၍ မချမ်းသာသော အဖြစ်ကို ပြောဆိုကုန်၏။

ရာဟုလ သာမဏေသည် မယ်တော် အထံသို့ သွား၍ အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေး၏။ အမောင် အိမ်၌ နေစဉ် အကျွန်ုပ်အား သကာသကြားတို့ဖြင့် ဖျော်သော သရက်သီးရည်ကို သောက်သည်ရှိသော် လေနာသည် ငြိမ်းဖူး၏။ ယခု ဆွမ်းခံ၍ အသက်မွေး ကုန်၏။ အဘယ်မှာလျှင် သကာ

သကြားတို့ဖြင့် ဖျော်သော သရက်သီးရည်ကို ရအံ့နည်းဟု ဆို၏။ သာမဏေသည် ရသော် ဆောင်ခဲ့အံ့ဟု ဆို၍ ထွက်သွား၏။ ထို အရှင်ရာဟုလာ၏ ဥပဇ္ဈာယ်ကား အရှင် သာရိပုတ္တရာ မထေရ်တည်း၊ သရဏဂုံ ဆရာကား အရှင် မောဂ္ဂလာန် မထေရ်တည်း။ ဘထွေးတော်ကား အရှင် အာနန္ဒာ မထေရ်တည်း။ ခမည်းတော်ကား သဗ္ဗညု မြတ်စွာဘုရားတည်း။ အရှင် ရာဟုလာသည် ဤသို့ ကြီးစွာသော ပြည့်စုံခြင်းရှိသည် ဖြစ်ငြားသော်လည်း တစ်ပါးသော သူ၏ အထံသို့ မသွားမူ၍ ဥပဇ္ဈာယ်၏ အထံသို့ သွား၍ ရှိခိုးလျက် မျက်နှာ မသာသော အခြင်းအရာဖြင့် ရပ်၏။

ထိုအခါ ထိုရာဟုလာကို အရှင် သာရိပုတ္တရာ မထေရ်သည် ရာဟုလာ အဘယ်ကြောင့် မျက်နှာ မသာလျက် ရပ်သနည်းဟု ဆို၏။ အရှင်ဘုရား အကျွန်ုပ်အမိ မထေရ်မအား လေနာ နှိပ်စက်၏ဟု လျှောက်၏။ အဘယ်ကို ရခြင်းငှါ သင့်သနည်းဟု မေးသည်ရှိသော် သကာ, သကြားတို့ဖြင့် ဖျော်သော သရက်သီး ရည်ဖြင့် ချမ်းသာ၏ဟု ဆို၏ ဟူ၍ အရှင် ရာဟုလာသည် လျှောက်၏။ ရာဟုလာ ထိုသို့ဖြစ်စေ ရအံ့၊ မကြံလင့်ဟု အရှင်သာရိပုတ္တရာသည် မိန့်တော်မူ၏။ အရှင် သာရိပုတ္တရာ မထေရ်သည် နက်ဖြန် အရှင်ရာဟုလာကို ခေါ်၍ သာဝတ္ထိပြည်သို့ ဝင်၍ သာမဏေကို ဆွမ်းစားဇရပ်၌ နေစေ၍ မင်းအိမ် တံခါးသို့ ကြွ၏။ ကောသလမင်းသည် အရှင် သာရိပုတ္တရာ မထေရ်ကို မြင်၍ နေစေ၏။ ထိုခဏ၌လျှင် ဥယျာဉ်စောင့်သည် ချိုစွာသော သရက်သီးမှည့် အထုပ်ကို ဆက်လာ၏၊ မင်းသည် သရက်သီးခွံကို ခွါ၍ သကာ သကြားကို ထည့်၍ မိမိကိုယ်တိုင်လျှင် နယ်၍ အရှင်သာရိပုတ္တရာ မထေရ်အား သပိတ်ကို ပြည့်စေ၍ လှူ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် မင်းအိမ်မှ ထွက်၍ ဆွမ်းစား ဇရပ်သို့ သွား၍ ရာဟုလ သာမဏေအား ပေး၏။ သာမဏေသည် ထိုသရက်သီး ရည်ကို ဆောင်၍ မယ်တော်အား ပေး၏။ မထေရ်မအား သုံးဆောင်ကာမျှနှင့် ပင်လျှင် လေနာသည် ငြိမ်း၏။ မင်းသည်လည်း လူတို့ကို မထေရ်သည် ဤ၌ နေ၍ သရက်သီးရည်ကို မသုံးဆောင်၊ သွားကြချေ တစ်စုံ တစ်ယောက်သော သူအား ပေးသော အဖြစ်ကို စုံစမ်းကြချေဟု စေ၏။

ထိုလုလင်သည် အရှင်သာရိပုတ္တရာ မထေရ်နှင့် တကွသာလျှင် လိုက်၍ ထိုအကြောင်းကို သိ၍ မင်းအား လျှောက်၏၊ မင်းသည် ကြံ၏။ သဗ္ဗညု မြတ်စွာဘုရားသည် အကယ်၍ အိမ်၌ နေငြားအံ့။ စကြဝတေးမင်း ဖြစ်လတ္တံ့။ ရာဟုလ သာမဏေသည် သားကြီးရတနာ ဖြစ်လတ္တံ့။ အလုံးစုံသော စကြဝဠာ၌ မင်းအဖြစ်သည် ဘုရားသားတော် ရာဟုလာတို့အား သာလျှင် ဖြစ်ရာ၏။ ငါတို့သည်ကား ဘုရားသားတော် ရာဟုလာတို့၏ အလုပ်အကျွေး ဖြစ်ရာ၏။

ယခု ရဟန်းပြု၍ ငါတို့ကို မှီလျက် နေကုန်သော သဗ္ဗညု ဘုရားရှင်တို့၌ မေ့လျော့ခြင်းသည် ငါတို့အား မသင့်ချေဟု ကောသလမင်းကြီး ကြံ၏။ ကြံပြီး၍ ကောသလမင်းသည် ထိုအခါမှ စ၍ မပြတ် မထေရ်မအား သရက်သီးရည်ကို လှူစေ၏။ အရှင်သာရိပုတ္တရာမထေရ်သည် ဗိမ္ဗာဒေဝီမထေရ်မအား သရက်သီး ရည်ကို လှူသော အဖြစ်သည် ရဟန်း သံဃာအား ထင်ရှားစွာ ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် ဗိမ္ဗာဒေဝီ မထေရ်မအား သရက်သီးရည်ဖြင့် ရောင့်ရဲစေသတတ် ဟူ၍ စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ရာဟုလ မယ်တော်ကို သာရိပုတ္တရာသည် သရက်သီးရည်ဖြင့် ရောင့်ရဲစေသည် မဟုတ်သေး၊ ရှေး၌ လည်း ရောင့်ရဲစေဖူး သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင် တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အိမ်ထောင်ခြင်းကို ဖြစ်စေပြီး၍ မိဘတို့သည် လွန်လတ်သော် ရသေ့ ရဟန်း ပြု၍ ဟိမဝန္တာ အရပ်၌ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ရသေ့အပေါင်း ခြံရံလျက် ရသေ့အပေါင်းတို့၏ ဆရာဖြစ်၍ ကြာမြင့်သော ကာလ လွန်သဖြင့် ချဉ်ဆား မှီဝဲအံ့သောငှါ တောင်ခြေရင်းမှ သက်၍ ဒေသစာရီ လှည့်လည် လတ်သော် ဗာရာဏသီပြည်သို့ ရောက်၍ ဥယျာဉ်၌ နေ၏။ ထိုအခါ ရသေ့ အပေါင်း၏ သီလတန်ခိုးအားဖြင့် သိကြားနေရာသည် လှုပ်၏။ သိကြား မင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ဤရသေ့တို့အား နေရာ မရစိမ့်သောငှါ လုံ့လပြုအံ့၊ ထိုအခါ ထိုရသေ့တို့သည် နေရာပျက်သဖြင့် နှိပ်စက် အပ်ကုန်သည်ဖြစ်၍ စိတ်၏ တည်ကြည်ခြင်းကို မရကုန်လတ္တံ့။ ဤသို့ ဖြစ်သည်ရှိသော် ငါ့အား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု ကြံ၏။ အကြောင်း အသို့ ရှိသနည်းဟု ခြင်ဆင်လတ်သော် မဇ္ဈိမယံ၏ အခြားမဲ့၌ မင်းမိဖုရားကြီး၏ ကျက်သရေတိုက်သို့ ဝင်၍ ကောင်းကင်၌ ရပ်၍ အရှင်မိဖုရားကြီး သင်သည် အကယ်၍ အဗ္ဘန္တရ သရက်သီးမှည့်ကို စားရငြားအံ့။ သားကို ရလတ္တံ့။

ထိုသားသည် စကြဝတေးမင်း ဖြစ်လတ္တံ့ဟု ငါဆိုအံ့။ မိဖုရားကြီးသည်လည်း မင်းအား ထိုအကြောင်းကို ကြားလတ္တံ့။ မင်းသည် မိဖုရား စကားကို ကြား၍ သရက်သီးမှည့် အကျိုးငှါ ဥယျာဉ်သို့ စေလတ္တံ့။

ထိုအခါ ငါသည် သရက်သီးကို ကွယ်စေအံ့။ မင်းအား ဥယျာဉ်၌ သရက်သီးတို့၏ မရှိသော အဖြစ်ကို ကြားလျှောက်လတ္တံ့။ အဘယ်သူတို့သည် စားကုန်သနည်းဟု မေးလတ်သော် ရသေ့တို့သည် စားကုန်၏ဟု ဆိုလတ္တံ့။ ထိုစကားကို ကြား၍ ရသေ့တို့ကို ပုတ်ခတ်၍ နှင်ထုတ်စေလတ္တံ့။ ဤသို့နှင်ထုတ်စေသည်ရှိသော် ထိုရသေ့တို့သည် ဥပဒ္ဒဝေါရှိသည် ဖြစ်ကုန်လတ္တံ့။ ဤသို့ အကြောင်းကို မြင်၏။ မြင်ပြီး၍ ထိုသိကြားမင်းသည် မဇ္ဈိမယံ၏ အခြားမဲ့၌ ကျက်သရေတိုက်သို့ ဝင်၍ ကောင်းကင်၌ ရပ်လျက် မိမိ၏ သိကြားအဖြစ်ကို သိစေ၍ ထိုမိဖုရားနှင့် တကွ စကားပြောလိုရကား ဤနှစ်ဂါထာတို့ကို ဆို၏—

၉၁။ အဗ္ဘန္တရော နာမ ဒုမော၊ ယဿ ဒိဗျမိဒံ ဖလံ။
ဘုတွာ ဒေါဟဠိနီ နာရီ၊ စက္ကဝတ္တိံ ဝိဇာယတိ။

၉၂။ တွမ္ပိ ဘဒ္ဒေ မဟေသီသိ၊ သာ စာပိ ပတိနော ပိယာ၊
အာဟရိဿတိ တေ ရာဇာ၊ ဣဒံ အဗ္ဘန္တရံ ဖလံ။

ရှင်မိဖုရား နတ်တို့သည် သုံးဆောင်ခြင်းငှါ ထိုက်သော ဤသရက်ပင်၏ အသီးကို စားရ၍ စားချင်ခြင်းရှိသော မိန်းမသည် စကြဝတေးမင်းကို ဖွား၏၊ ထိုသရက်ပင်သည် အဗ္ဘန္တရ မည်၏။

ရှင်မိဖုရား အကြင် အကြောင်းကြောင့် မိဖုရားကြီး ဖြစ်သော ထိုသင့်ကိုလည်း လင်ဖြစ်သော ဗာရာဏသီမင်းသည် ချစ်အပ်သည်၏ အဖြစ်ကြောင့် သင့်ဖို့ မင်းသည် ဤအဗ္ဘန္တရ သရက်သီးကို ဆောင်လတ္တံ့။

ဤသို့ သိကြားမင်းသည် မိဖုရားအား ဤနှစ်ဂါထာတို့ကို ဆို၍ သင်သည် မမေ့မလျော့ ဖြစ်လော့။ ကြာမြင့်ခြင်းကို မပြုလင့်။ နက်ဖြန် မင်းအား ကြားလျှောက် လော့ဟု ဆုံးမ၍ မိမိနေရာသို့လျှင် သွား၏။ ထိုမိဖုရားသည် နက်ဖြန် နာသော အခြင်းအရာကို ပြု၍ အလုပ်အကျွေးတို့အား အမှတ်ပေး၍ အိပ်၏။ မင်းသည် ကောင်းစွာဆောက်အပ်သော ထီးဖြူရှိသော မြတ်သော နေရာ၌ နေလျက် ကချေသည်တို့ကို ကြည့်လတ်သော် မိဖုရားကို မမြင်၍ မိဖုရား အဘယ်မှာနည်းဟု မေး၏။ အလုပ်အကျွေးတို့သည် ရှင်မင်းကြီး မိဖုရား

မကျန်းမမာ ရှိ၏ဟု လျှောက်ကုန်၏။ မင်းသည် မိဖုရား အထံသို့ သွား၍ အိပ်ရာ နံပါး၌ ထိုင်၍ ကျော၌ သုံးသပ်လျက် ရှင်မိဖုရား သင့်အား အဘယ် ရောဂါ ဝေဒနာ ဖြစ်သနည်းဟု မေး၏။ မြတ်သော မင်းကြီး ကျွန်ုပ်အား တစ်ပါးသော ရောဂါ ဝေဒနာ မည်သည် မရှိ။ အကျွန်ုပ် အား ချင်ခြင်းသည် ဖြစ်၏ဟု လျှောက်၏။ ရှင်မိဖုရားသည် အဘယ်ကို အလိုရှိသနည်းဟု မေး၏။ မြတ်သောမင်းကြီး အမ္ဗဋ္ဌရ မည်သော သရက် သည် အဘယ်မှာရှိသနည်းဟု လျှောက်၏။ မိဖုရား အမ္ဗဋ္ဌရသရက်မည်သည်ကို ငါသည် မသိဟု မင်းသည် ဆို၏။ ထိုအမ္ဗဋ္ဌရမည်သော သရက်၏ အသီးကို မရသော် အကျွန်ုပ်သည် သေအံ့ဟု မိဖုရားလျှောက်၏။ ထိုသို့ တပြီးကား ဆောင်ယူစေအံ့။ သင် မစိုးရိမ်လင့်ဟု မင်းသည် မိဖုရားကို နှစ်သိမ့်စေ၍ ထသွား၍ ရာဇပလ္လင်၌ နေလျက် အမတ်တို့ကိုခေါ်စေ၍ မိဖုရားအား အမ္ဗဋ္ဌရ သရက်၌ ချင်ခြင်းသည် ဖြစ်၏။ အသို့ ပြုရအံ့နည်းဟု မေး၏။ မြတ်သော မင်းကြီး နှစ်ခုသော သရက်ပင်တို့၏ အကြား၌ တည်သော သရက်သည် အမ္ဗဋ္ဌရ သရက်မည်၏။ ဥယျာဉ်သို့ စေလွှတ်၍ နှစ်ခုသော သရက်ပင်တို့၏ အကြား၌ တည်သော သရက်ပင်မှ အသီးကို ဆောင်စေ၍ မိဖုရားအား ပေး ကုန်လော့ဟု အမတ်ဘို့သည် လျှောက်ကုန်၏။ မင်းသည် ကောင်းပြီဟု ဆို၍ ထိုသို့သဘောရှိသော သရက်သီးကို ဆောင်ကြချေကုန်ဟု ဥယျာဉ်သို့ စေ၏။

သိကြားသည် မိမိအာနုဘော်အားဖြင့် ဥယျာဉ်၌ သရက်သီးကို စားအပ် ပြီးသည်နှင့် တူသည်တို့ကိုပြု၍ ကွယ်စေ၏။ သရက်သီး အကျိုးငှါ သွားကုန် သော သူတို့သည် အလုံးစုံသော ဥယျာဉ်ကို လှည့်လည်ကုန်လျက် တစ်လုံး သော သရက်သီးကိုမျှလည်း မရကုန်ဘဲ သွားကုန်၍ ဥယျာဉ်၌ သရက်သီး တို့၏ မရှိသော အဖြစ်ကို မင်းအား လျှောက်ကုန်၏။ အဘယ်သူတို့သည် သရက်သီးတို့ကို စားကုန်သနည်းဟု မင်းကြီးမေး၏။ မြတ်သောမင်းကြီး ရသေ့ တို့သည် စားကုန်၏ဟု လျှောက်ကြကုန်၏။ ရသေ့ဘို့ကို ဥယျာဉ်မှ ရိုက်ပုတ်၍ နှင်ထုတ်ကြကုန်လော့ဟု မင်းကြီးဆို၏။ လူတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။ သိကြားမင်း၏ နှလုံးအလိုသည် အပြီးသို့ရောက်၏။ မိဖုရားသည် သရက်သီး အကျိုးငှါ မပြတ်လျှင် အိပ်၏။ မင်းကြီးသည် ပြုအပ်သော ကိစ္စကိုမမြင်ရကား အမတ်ပုဏ္ဏားတို့ကို စည်းဝေးစေ၍ အမ္ဗဋ္ဌရ သရက်သီး၏ ရှိသောအဖြစ်ကို သိအောင် ပြုကြကုန်လော့ဟု ဆို၏။ ပုဏ္ဏားတို့သည် မြတ်သောမင်းကြီး နတ် တို့၏ အသုံးအဆောင်ဖြစ်သော အမ္ဗဋ္ဌရမည်သော သရက်သည် ဟိမဝန္တာဝယ် ရွှေဂူ၏အတွင်း၌ ရှိ၏ဟု အဆင့်ဆင့်အားဖြင့် အကျွန်ုပ်တို့သည် ကြားဖူး၏ဟု လျှောက်ကုန်၏။ ထိုအမ္ဗဋ္ဌရသရက်သီးကို ဆောင်အံ့သောငှါ အဘယ်သူသည် တတ်နိုင်လတ္တံ့နည်းဟု မင်းကြီး မေး၏။ မြက်သောမင်းကြီး ထိုအရပ်သို့

လူဖြစ်သောသူသည် သွားခြင်းငှါ မတတ်ကောင်း။ တစ်ကောင်သောကျေးငယ်ကို စေခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။ ထိုအခါ၌လည်း မင်းအိမ်၌ မွေးအပ်သော ကျေးငယ်သည် ကြီးသော ကိုယ်ရှိ၏။ သူငယ်တို့၏ လည်းဘီးပုံတောင်း ပမာဏရှိ၏။ အားနှင့်ပြည့်စုံ၏။ ပညာရှိ၏။ ဥပါယ်တံမျဉ်၌ လိမ္မာ၏၊ မင်းသည် ထိုကျေးကို ဆောင်ယူစေ၍ အမောင် ကျေးငယ် ငါသည် သင့်အား ကျေးဇူး ပြု၏။ ရွှေချိုင့်၌ နေစေ၏။ ရွှေခွက်၌ ပျားပေါက်ပေါက်တို့ကို စားစေ၏။ သကြားသကာ အဖျော်ကို သောက်စေ၏။ သင်သည်လည်း ငါတို့၏ တစ်ခုသော ကိစ္စကို ဆောင်ရွက်ခြင်းငှါ သင့်၏ဟု ဆို၏။ ရှင်မင်းကြီး ဘယ်ကိစ္စနည်းဟု လျှောက်၏။ အမောင် မိဖုရားအား အဗ္ဗန္တရ သရက်သီး၌ ချင်ခြင်း ဖြစ်၏။ ထိုအဗ္ဗန္တရသရက်သီးသည်လည်း ဟိမဝန္တာ ရွှေတောင်အကြား၌ ရှိ၏။ နတ်တို့၏ အသုံးအဆောင်ဖြစ်၏။ ထိုအရပ်သို့ လူတို့သည် သွားခြင်းငှါ မတတ်ကောင်း။ သင်သည် သွား၍ သရက်သီးကို ဆောင်ခြင်းငှါ သင့်၏ဟု ဆို၏။ အရှင်မင်းကြီး ကောင်းပါပြီ ဆောင်အံ့ဟု ဆို၏။

ထိုအခါ ထိုကျေးကို မင်းသည် ရွှေခွက်၌ ပျားပေါက်ပေါက်တို့ကို စားစေ၍ သကြား သကာ အဖျော်တို့ကို သောက်စေ၍ အကြိမ်တစ်ရာ ချက်သောဆီဖြင့် ကျေးသား၏ အတောင်ကြားတို့ကို လိမ်း၍ လက်နှစ်ဖက်တို့ဖြင့်ကိုင်၍ ခြသေ့ံသော လေသာပြတင်း၌ရပ်၍ ကောင်းကင်သို့ လွှတ်၏။ ထိုကျေးသည်လည်း မင်းအား ရှိသေသော အခြင်းအရာကိုပြု၍ ကောင်းကင်သို့ ပျံလျက် လူ့ပြည်ကိုလွန်၍ ဟိမဝန္တာဝယ် ရှေးဦးစွာသော တောင်၏အကြား၌နေကုန်သော ကျေးတို့၏ အထံသို့ သွား၍ အဗ္ဗန္တရမည်သော သရက်သီးသည် အဘယ်မှာ ရှိသနည်း။ ထိုအဗ္ဗန္တရ သရက်သီး၏ တည်ရာအရပ်ကို ဆိုကြကုန်လော့ဟု မေး၏။ ငါတို့သည် မသိကုန်။ နှစ်ခုမြောက်သော တောင်ကြား၌ နေကုန်သော ကျေးတို့သည် သိကုန်လတ္တံ့ဟု ဆိုကုန်၏။ ထိုကျေးသည် ထိုစကားကို ကြား၍ ထိုပထမတောင်ကြားမှ ပျံ၍ နှစ်ခုမြောက်သော တောင်ကြားသို့ သွား၏။ ထိုအတူ သုံးခုမြောက်သော တောင်ကြား၊ လေးခု မြောက်သော တောင်ကြား၊ ငါးခုမြောက်သော တောင်ကြား၊ ခြောက်ခုမြောက်သော တောင်ကြားသို့သွား၏။ ထိုခြောက်ခုမြောက်သော တောင်ကြား၌လည်း ကျေးသားတို့လည်း ငါတို့သည် မသိကုန်။ ခုနစ်ခုမြောက်သော တောင်ကြား၌ နေကုန်သောကျေးသားတို့သည် သိကုန်လတ္တံ့ဟု ထိုကျေးသားကိုဆိုကုန်၏။ ထိုကျေးသားသည် ထိုခုနစ်ခုမြောက်သော တောင်ကြားသို့သွား၍ အဗ္ဗန္တရမည်သော သရက်ပင်သည် အဘယ်၌ ရှိသနည်းဟု မေး၏။ ဤမည်သောအရပ်ဝယ် ရွှေတောင်ကြား၌ရှိ၏ဟု ဆိုကုန်၏။ ငါသည် ထိုအဗ္ဗန္တရသရက်သီး၏ အကျိုးငှါ လာ၏။ ငါ့ကို ထိုအရပ်သို့ ဆောင်၍ ငါ့အား ထိုသရက်ပင်မှအသီးကို ပေးကြကုန်လော့ဟု ဆိုလတ်သော်

ထိုကျေးကို ကျေးသားအပေါင်းတို့သည် အဆွေ ဒဗ္ဗန္တရသရက်ကား ဝေဿဝဏ်နတ်မင်း၏ အသုံးအဆောင်တည်း။ ချဉ်းကပ်အံ့သောငှါ မတတ်ကောင်း။ အလုံးစုံသော အပင်ကို အမြစ်ရင်းမှစ၍ သံကွန်ရက် ခုနစ်ထပ်တို့ဖြင့် ဖုံးလွှမ်းအပ်၏။ ကုဋေ တစ်ထောင်ကုန်သော ကုမ္ဘဏ်ရက္ခိုသ်တို့သည် စောင့်ကုန်၏။ ထိုကုမ္ဘဏ် ရက္ခိုသ်တို့သည် မြင်အပ်သော သတ္တဝါအား အသက်မည်သည် မရှိ။ ကမ္ဘာကိုလောင်သော မီးနှင့်တူသော အရပ်ဖြစ်၏။ အဝီစိငရဲနှင့်တူသော အရပ်ဖြစ်၏၊ ထိုအရပ်သို့ သွားခြင်းကို မတောင့်တလင့်ဟု ဆိုကုန်၏။ သင်တို့သည် အကယ်၍ မလိုက်ကုန်အံ့။ ငါ့အား ထိုအရပ်ကို ကြားကြကုန်ဟု ထိုကျေးသားသည် ဆိုလျှင် ဤမည်သော အရပ်ဖြင့် သွားလေလော့ဟု ကျေးသားတို့သည် ဆိုကုန်၏။

ထိုကျေးသားသည် ထိုကျေးသားတို့ ကြားအပ်သည်၏ အစွမ်းဖြင့် ခရီးကို ကောင်းစွာမှတ်၍ ထိုအရပ်သို့ သွား၍ နေ့အခါ၌ ကိုယ်ကို မပြမူ၍ မဇ္ဈိမယံ၏ အခြားမဲ့၌ ရက္ခိုသ်တို့၏ အိပ်ပျော်ခြင်းသို့ ရောက်သောအခါ၌ ဒဗ္ဗန္တရသရက်ပင်သို့ သွား၍ တစ်ခုသော အမြစ်ကြားမှ သာယာစွာ တက်အံ့သောငှါ အားထုတ်၏။ သံကွန်ရက်သည် ချင်ချင်ဟူသော အသံကိုပြု၏။ ရက္ခိုသ်တို့သည် နိုးကုန်၍ ကျေးသားငယ်ကို မြင်ကုန်၍ ဤကျေးသားကား သရက်သီးခိုးတည်းဟု ဖမ်း၍ ညှဉ်းဆဲခြင်း အစီအရင်ကို ဆိုကုန်၏။ တစ်ယောက်သော ရက္ခိုသ်သည်ကား ထိုကျေးသားငယ်ကို ခံတွင်း၌ ထည့်၍ မျိုအံ့ဟုဆို၏။ တစ်ယောက်သော ရက္ခိုသ်သည်ကား ထိုကျေးသားကို လက်တို့ဖြင့် နယ်၍ ချေအံ့ဟုဆို၏။ တစ်ယောက်သော ရက္ခိုသ်သည် နှစ်ဖြာခွဲ၍ မီးကျီး၌ကင်၍ စားအံ့ဟု ဆို၏၊ ထိုကျေးသားသည် ရက္ခိုသ်တို့၏ ညှဉ်းဆဲအံ့သော အစီအရင်ကို ကြား၍မထိန့်မလန့်မူ၍လျှင် ထိုရက္ခိုသ်တို့ကို ခေါ်၍ အရှင်ရက္ခိုသ်တို့သင်တို့သည် အဘယ်သူတို့၏ လူတို့နည်းဟု မေး၏။ ဝေဿဝဏ်နတ်မင်းကြီး၏ လူတို့တည်းဟု ဆိုကုန်၏။ အရှင် ရက္ခိုသ်တို့ သင်တို့သည် မင်းတစ်ယောက်၏ လူဖြစ်ကုန်၏။ ငါသည်လည်း မင်းတစ်ယောက်၏ လူဖြစ်၏။ ဗာရာဏသီမင်းသည် ငါ့ကို ဒဗ္ဗန္တရသရက်သီး အကျိုးငှါ စေ၏။ ငါသည် ဗာရာဏသီ၌လျှင် မင်းအား အသက်ကို ပေး၍ လာ၏။ အကြင်သူသည် မိဘအရှင်တို့၏ အကျိုးငှါ အသက်ကို စွန့်၏။ ထိုသူသည် နတ်ပြည်၌လျှင် အကြင်ကြောင့်ဖြစ်၏။ ထိုကြောင့် ငါသည်လည်း ဤတိရစ္ဆာန်အမျိုးမှ စုတေ၍ နတ်ပြည်၌ ဖြစ်အံ့ဟု ဆိုလို၍ သုံးခုမြောက် ဂါထာကို ဆို၏—

၉၃။ ဘတ္တုရတ္ထေ ပရက္ကန္တော၊ ယံ ဌာနမဓိဂစ္ဆတိ။
သူရော အတ္တပရိစ္စာဂီ၊ လဘမာနော ဘဝါမဟံ။

မိမိအရှင်၏ အမှုကိစ္စ၌ လုံ့လပြုသော မိမိကိုယ်ကိုစွန့်လွှတ်သော သူရဲကောင်းသည် ရနိုင်သော အရာထူးကို ငါသည်လည်း ရသည်ဖြစ်အံ့။

ဤသို့ ကျေးသားသည် ဤဂါထာဖြင့် ထိုရက္ခိုသ်တို့အား တရားဟော၏။ ထိုရက္ခိုသ်တို့သည် ထိုကျေးသား၏ တရားကိုနာရ၍ ကြည်ညိုသော စိတ်ရှိကုန်၍ ဤကျေးသားကား တရားစောင့်၏။ သတ်ခြင်းငှါ မသတ်ကောင်း။ ထိုကျေးသားကို လွှတ်ကြကုန်အံ့ဟုဆို၍ ကျေးသား သင်သည် ငါတို့လက်မှ လွှတ်သည်ဖြစ်၍ ချမ်းသာသဖြင့် သွားလေလောဟုဆိုကုန်၏။ အရှင်ရက္ခိုသ်တို့ သင်တို့သည် ငါ၏လာခြင်းကို အချီးနှီး မပြုကြကုန်လင့်၊ ငါ့အား တစ်လုံးသော သရက်သီးကို ပေးကြကုန်လော့ဟု ကျေးသားဆို၏။ ကျေးသားငယ် သင့်အား တစ်လုံးသော သရက်သီးကို ပေးခြင်းငှါ ငါတို့အား ဝန်မတို၊ ထိုသို့ဝန်မတို ငြားသော်လည်း ဤသရက်ပင်၌ သရက်သီးတို့ကို ရေတွက်၍ ထားအပ်ကုန်၏။ တစ်လုံးသော သရက်သီးကို မမြင်သည်ရှိသော် ငါတို့အား အသက်သည် မရှိ။ ဝေဿဝဏ်နတ်မင်းသည် အမျက်ထွက်၍ တစ်ကြိမ်ကြည့်သည်ရှိသော် ပူစွာသောအိုးကင်း၌ ထည့်အပ်သော နှီတို့ကဲ့သို့ ကုမ္ဘဏ်တစ်ထောင်တို့သည် ကွဲကြေ၍ ဖရိုဖရဲရှိကုန်ရာ၏။ ထို့ကြောင့် သင့်အား ငါတို့မပေးဝံ့ကုန်။ ရအပ် အရပ်ကိုကား ကြားကုန်အံ့ဟု ဆိုကုန်၏၊ တစ်စုံတစ်ယောက်သောသူသည် ပေးသည်ဖြစ်စေ၊ ငါ့အား အသီးဖြင့် အလိုရှိသည်ဖြစ်၏၊ ရရာအရပ်ကို ကြားပါကုန်လော့ဟုဆို၏။ ထိုအခါ တစ်ခုသော ရွှေတောင်ကွန်ယက်၏ အကြား၌ ဇောတိရသမည်သော ရသေ့သည် မီးပူဇော်လျက် ရွှေတောင်လိုဏ် သစ်ရွက်မိုးသောကျောင်း၌ နေ၏။ ထိုရသေ့သည် ဝေဿဝဏ်နတ်မင်း၏ ဆရာတည်း၊ ဝေဿဝဏ်နတ်မင်းသည် ထိုရသေ့သို့ မပြတ် လေးလုံးသော သရက်သီးတို့ကို ပို့စေ၏။ ထိုရသေ့၏အထံသို့ သွားလေလော့ဟု ဆိုကုန်၏။ ထိုကျေးသားသည် ကောင်းပြီဟု ဝန်ခံ၍ ထိုရသေ့အထံသို့ သွား၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာနေ၏။ ထိုအခါ ထိုကျေးသားကို ရသေ့သည် အဘယ်မှ လာသနည်းဟု မေး၏။ ဗာရာဏသီမင်း၏ အထံမှလာ၏ဟု လျှောက်၏။ အဘယ်အကျိုးငှါ လာသနည်းဟုမေး၏။ မြတ်သောအရှင်ရသေ့ အကျွန်ုပ်တို့၏ မင်း၏ မိဖုရားအား အဗ္ဘန္တရသရက်သီး၌ ချင်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် အဗ္ဘန္တရ သရက်သီးကို ရစိမ့်သောငှါလာ၏။ ရက္ခိုသ်တို့သည်ကား အကျွန်ုပ်အား သရက်သီးကို မပေးမူ၍ အရှင်ဘုရားတို့၏ အထံသို့ စေကုန်၏ဟု လျှောက်၏။ ထိုသို့ တပြီးကား ရလတ္တံ့ဟု ရှင်ရသေ့ဆို၏။ ထိုအခါ ရသေ့အား ဝေဿဝဏ်နတ်မင်းသည် လေးလုံးသော သရက်သီးတို့ကို ပို့စေ၏။ ရှင်ရသေ့သည် ထိုသရက်သီးလေးလုံးမှ နှစ်လုံးကို ဘုဉ်းပေး၏။ တစ်လုံးသော သရက်သီးကို ကျေးသားငယ်အား စားစိမ့်သောငှါ ပေး၏။ ထိုကျေးသား ငယ်သည် ထိုသရက်သီးကို စားလတ်ပြီးသော် တစ်လုံးသော သရက်သီးကို ဆိုင်း၌

ထည့်၍ ယခုသွားလေလေ့ဟု ကျေးသားငယ်ကိုလွှတ်၏။ ထိုကျေးသားသည် ထိုသရက်သီးကို ဆောင်၍မိဖုရားအား ပေး၏။ ထိုမိဖုရားသည် ထိုသရက်သီးကို စား၍ ချင်ခြင်းကို ငြိမ်းစေ၏။ ထိုသရက်သီးကို စားခြင်းဟူသော အကြောင်းကြောင့် ထိုမိဖုရားအား သားရသော မည်သည် မဖြစ်။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ မိဖုရားဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ကျေးသားဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သရက်သီးမှည့်ပေးသော ဇောတိရသရသေ့ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဥယျာဉ်၌နေသော ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သိကြားမင်းကိုယ်တိုင် နားကင်းကြီးနှင့်ဆင်းပြီး ပြောသော်လည်း မယုံရ။

နှစ်ရာရှစ်ဆယ့်တစ်ခုမြောက်သော အဗ္ဘန္တရဇာတ်သည် ပြီး၏။

---

၂၈၂- သေယျဇာတ်

နှောင်အိမ်တွင်းမှ မေတ္တာစျာန်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သေယျံသော သေယျသော ဟောတိအစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ တစ်ယောက်သောအမတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအမတ်သည် များစွာကျေးဇူးပြု၏။ မင်း၏ ခပ်သိမ်းသော အမှုကိစ္စတို့ကို ပြီးစေ၏။ မင်းသည် ဤအမတ်ကား ငါ့အား များစွာကျေးဇူးပြု၏ဟု ထိုအမတ်အား များစွာသော စည်းစိမ်ကို ပေး၏။ ထိုအမတ်ကို သည်းမခံနိုင်ကုန်သော တစ်ပါးသော သူတို့သည် မင်းအား ကုန်းတိုက်၍ ဖျက်ဆီးကုန်၏။ မင်းသည် ထိုသူတို့၏ စကားကိုယူ၍ အပြစ်ကိုမဆင်ခြင်မူ၍လျှင် သီလရှိသော အပြစ်မရှိသောအမတ်ကို သံခြေကျဉ်းအနှောင်အဖွဲ့ဖြင့် ဖွဲ့စေ၍ နှောင်အိမ်သို့သွင်းစေ၏။ ထိုအမတ်သည် နှောင်အိမ်၌ တစ်ယောက်တည်းလျှင် နေလတ်သော် သီလ၏ ပြည့်စုံခြင်းကိုမှီ၍ စိတ်၏တည်ကြည်ခြင်းကိုရ၍ သင်္ခါရတို့ကိုသုံးသပ်၍ သောတာ

ပက္ကိဖိုလ်ကိုရ၏။ ထိုအခါ မင်းသည် နောက်ဂ လ၌ ထိုအမတ်၏ အပြစ်မရှိသော အဖြစ်ကိုသိ၍ သံခြေကျဉ်းအနှောင်အဖွဲ့ကို လွှတ်စေ၍ ရှေးစည်းစိမ်ထက် အလွန်ကြီးမြတ်သော စည်းစိမ်ကို ထိုအမတ်အားပေး၏။ ထိုအမတ်သည် ဘုရားကို ရှိခိုးအံ့ဟု များစွာသော ပန်းနံ့သာအစရှိသည်တို့ကိုယူ၍ ကျောင်းသို့သွား၍ မြတ်စွာဘုရားကို ပူဇော်ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုအမတ် နှင့်ဟက္ခ ပဋိသန္ထာရပြုတော်မူ၍ သင့်အားအကျိုး မဲ့ဖြစ်သည်ဟူ၍ ကြားရကုန်၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင် ဘုရား အကျိုးမဲ့ဖြစ်ချေ၏။ ထိုအကျိုးမဲ့ဖြင့်ကား အကျိုးစီးပွားကို ပြု၏။ နှောင်အိမ်၌နေ၍ သောတာပတ္တိဖိုလ်ကို ရစေ၏ဟု လျှောက်လေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဒါယကာ သင်သည်သာလျှင် အကျိုးမဲ့ဖြင့် အကျိုးကို ဆောင်သည်မဟုတ်သေး၊ ရှေးပညာရှိတို့သည်လည်း အကျိုးမဲ့ဖြင့် အကျိုးစီးပွားကို ဆောင်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ ထိုအမတ်သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ ဖြစ်၍ အရွယ် ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဖ လွန်သဖြင့် မင်းအဖြစ်၌ တည်၍ မင်းကျင့်တရားနှင့်ညီစွာ မင်းပြုလျက် အလှူ ပေး၏။ ပဉ္စသီလဆောက်တည်၏။ ဥပုသ်စောင့်၏။ ထိုအခါ ဘုရားလောင်းမင်း၏ တစ်ယောက်သော အမတ်သည် နန်းတွင်း၌ ပြစ်မှား၏။ ခြေရင်း၌ များစွာသော အမတ် အစရှိသည်တို့သည် သိ၍ ဤအမည်ရှိသော အမတ်သည် နန်းတွင်း၌ ပြစ်မှား၏ဟု မင်းအား လျှောက်ကုန်၏။ မင်းသည်လည်း စုံစမ်းသည် ရှိသော် အဟုတ်အမှန်အားဖြင့်သိ၍ ခေါ်စေ၍ ယနေ့မှစ၍ ငါ့ကိုမခစားလင့်ဟု နှင်ထုတ် ခြင်းကိုပြု၏။ ထိုအမတ်သည်သွား၍ တစ်ပါးသော ပြည်နီးချင်းမင်းကို ခစား၏။ အလုံးစုံသော ဝတ္ထုသည် အောက် မဟာသီလဝဇာတ်၌ ဆိုခဲ့ပြီးသည်နှင့် တူသ လျှင်ကတည်း။ ဤဇာတ်၌လည်း ထိုပြည်နီးချင်း မင်းသည် သုံးကြိမ် စုံစမ်း၍ ထိုအမတ်၏စကားကို ယုံကြည်၍ ဗာရာဏသီပြည်ကို ယူအံ့ဟု များစွာသော အခြံအရံဖြင့် ပြည်အပိုင်းအခြားသို့ ရောက်လာ၏။ ဗာရာဏသီမင်း၏ ခုနစ်ရာကုန် သော အမတ်တို့သည် ထိုအကြောင်းကိုသိ၍ မင်းကြီး ဤမည်သောမင်းသည် ဗာရာဏသီပြည်ကို ယူအံ့ဟု ဇနပုဒ်ကို ဖျက်ဆီးလျက် လာသတတ်၊ ထိုမင်းကို ဖမ်းကြကုန်အံ့ဟု ဆိုကုန်၏။ ငါ့အား သူတစ်ပါးကို ဆင်းရဲ၍ ရအပ်သော မင်းအဖြစ်ဖြင့် အလိုမရှိ၊ တစ်စုံတစ်ခုကို မပြုကြကုန်လင့်ဟု ဆို၏။

ထိုခိုးသူမင်းသည် လာ၍ မြို့ကိုရံ၏၊ အမတ်တို့သည် မင်းကိုကပ်၍ မြတ်သော မင်းကြီး ဤသို့ သည်းခံခြင်းကို မပြုလင့်။ အကျွန်ုပ်တို့သည် မင်းကိုဖမ်းကြကုန်အံ့ဟု ဆိုကုန်၏၊ မင်းသည် တစ်စုံတစ်ခုကိုပြုခြင်းငှါ မရအောင်။ မြို့တံခါးတို့ကို ဖွင့်ကြကုန်လောဟုဆို၍ မိမိသည် အမတ်ပေါင်းခြံရံလျက် မြတ်သောပြာသာဒ်အပြင် ပလ္လင်၌နေ၏၊ ခိုးသူမင်းသည် တံခါးလေးမျက်နှာတို့၌ လူတို့ကို ရိုက်ပုတ်လျက် မြို့သို့ဝင်၍ ပြာသာဒ်သို့တက်၍ အမတ်ခုနစ်ရာ အခြံရံရှိသောမင်းကိုဖမ်း၍ သံခြေကျဉ်းတို့ဖြင့် နှောင်ဖွဲ့၍ နှောင်အိမ်သို့ သွင်းစေ၏။ ဗာရာဏသီမင်းသည် နှောင်အိမ်၌ နေလျက် ဤခိုးသူမင်းကို မေတ္တာပွား၍ မေတ္တာစျာန်ကို ဖြစ်စေ၏။ ဗာရာဏသီမင်း၏ မေတ္တာအာနုဘော်အားဖြင့် ခိုးသူမင်း၏ ကိုယ်၌ ပူခြင်းသည် ဖြစ်၏၊ အလုံးစုံသောကိုယ်သည် အစုံသောမီးရှူးတို့ဖြင့် လောင်စေဘိသကဲ့သို့ ဖြစ်၏။ ထိုခိုးသူမင်းသည် ကြီးစွာသောဆင်းရဲဖြင့် နှိပ်စက်ရကား အကြောင်း အသို့တုံနည်းဟု မေး၏။ သင်မင်းကြီးတို့သည် သီလရှိသောမင်းကို နှောင်အိမ်၌ သွင်းကုန်၏။ ထို့ကြောင့် ထိုဆင်းရဲသည် ဖြစ်လတ္တံ့ဟု လျှောက်ကုန်၏။ ထိုခိုးသူမင်းသည် သွား၍ ဘုရားလောင်းကို ကန်တော့၍ ရှင်မင်းကြီးတို့၏ ပြည်သည် ရှင်မင်းကြီးတို့အားသာ ဖြစ်စေဟု မင်းအဖြစ်ကို ဘုရားလောင်းအားသာလျှင် အပ်၍ ယနေ့မှစ၍ ရှင်မင်းကြီးတို့၏ ရန်သူသည် အကျွန်ုပ်၏ဝန် ဖြစ်ဟုဆို၍ ပြစ်မှားသောအမတ်အား မင်းအာဏာကို ပြုစေ၍ မိမိ၏ မြို့သို့လျှင် သွား၏။ ဘုရားလောင်းသည် တန်ဆာဆင်အပ်သော မြတ်သော ပြာသာဒ်၌ ကောင်းစွာဆောက်အပ်သော ထီးဖြူရှိသော ပလ္လင်၌ နေလျက် အမတ်တို့နှင့် တကွ ပြောဆိုလိုရကား နှစ်ဂါထာတို့ကို ဆို၏။

၉၄။ သေယျံသော သေယျသော ဟောတိ၊ ယော သေယျ မုပသေဝတိ။
ဧကေန သန္ဓိံ ကတွာန၊ သတံ ဝဇ္ဈေ အမောစယိံ။

၉၅။ တသ္မာ သဗ္ဗေန လောကေန၊ သန္ဓိံ ကတွာန ဧကတော၊
ပေစ္စ သဂ္ဂံ နိဂစ္ဆေယျုံ၊ ဣဒံ သုဏာထ ကာသိယာ။

ကာသိတိုင်းသား အမတ်တို့ မြတ်သော ကုသိုလ်တရားဟုဆိုအပ်သော အဖို့အစုရှိသော မြတ်သောကုသိုလ်တရားကို(မြတ်သောပုဂ္ဂိုလ်ကို) မှီဝဲသောသူသည် အလွန်မြတ်သည် ဖြစ်၏၊ တစ်ယောက်သော ခိုးသူမင်းနှင့် စေ့စပ်ခြင်းကို ပြု၍ ခုနစ်ဆူကုန်သောအမတ်တို့ကို လွတ်စေသည်၏ အဖြစ်ကြောင့် ခပ်သိမ်းသော လောက၌ တပေါင်းတည်း စေ့စပ်ခြင်းကို ပြု၍ တမလွန်ဘဝ၌ နတ်ပြည်ဖြဟ္မာ့ပြည်သို့ လားရ၏။ ဤစကားကို သင်တို့သည် နာကြကုန်လော့။

ဤသို့ ဘုရားလောင်းသည် လူများအား မေတ္တာဘာဝနာ၏ ကျေးဇူးကို ချီးမွမ်း၍ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်၌ ထီးဖြူကို စွန့်ပစ်၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်း ပြု၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ သုံးခုမြောက်သော ဂါထာကို ဆို၏—

၉၆၊ ဣဒံ ဝတွာ မဟာရာဇာ၊ ကံသော ဗာရာဏသိဂ္ဂဟော။
ဓနုံ ကဏ္ဍဥ္စ နိက္ခိပ္ပ၊ သံယမံ အဇ္ဈုပါဂမိ။

ဗာရာဏသီပြည်ကို သိမ်းပိုက်တော်မူသော ကံသအမည်ရှိသော မင်းကြီးသည် ဤဂါထာစကားကို ဆို၍ လေးကို လည်းကောင်း, မြားကို လည်းကောင်း ချ၍ ရသေ့ရဟန်းအဖြစ်သို့ ကပ်ရောက်၏။

ရသေ့ပြုပြီး၍ကား ဈာန်ကို ဖြစ်စေ၍ မယုတ်သော ဈာန်ရှိသည် ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ခိုးသူမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာ ရှစ်ဆယ့်နှစ်ခုမြောက်သော သေယျဇာတ်သည် ပြီး၏။

---

## ၂၈၃-ဝစ္စကိသူကရဇာတ်

## စစ်ပညာနည်းပြ မဟာဗျူဟာ စစ်ခင်းခြင်း စစ်ဆင်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ဝရံ ဝရံ တွံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝစ္စကိသူကရ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဓနုဂ္ဂဟတိဿမည်သော မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ပသေနဒီ ကောသလမင်း၏ ခမည်းတော် မဟာကောသလ မင်းသည် ဗိမ္ဗိသာရ မင်းအား ဝေဒေဟီ မည်သော သမီးတော်ကို ပေးသည် ရှိသော် မင်းသမီးအား ရေချိုးကသယ်မှုန့်ဖိုးပြု၍ အခွန်တစ်သိန်းထွက်သောကာသိရွာကို

ပေးလိုက်၏။ အဇာတသတ် မင်းသည်ကား ခမည်းတော်ကို သတ်သည် ရှိသော် ဝေဒေဟီ မိဖုရားသည်လည်း သောကနှိပ်စက်သည် ဖြစ်၍ သေလွန်၏၊ ထိုနောက်မှ ပသေနဒီကောသလ မင်းသည် အဇာတသတ် မင်းကား အဘကို သတ်၏။ ငါ့နှမသည် လင်သေလတ်သော် ထိုသောကဖြင့် နှိပ်စက်သည်ဖြစ်၍ သေ၏။ အဘသတ်ခိုးသူအား ကာသိရွာကို ငါမပေးဟု ကြံ၏။ ကြံပြီး၍ ကောသလမင်းသည် ထိုကာသိရွာကို အဇာတသတ်မင်းအား မပေး၊ ထိုရွာကို အမှီပြု၍ မင်းနှစ်ပါးတို့အားလည်း ရံခါရံခါ စစ်ထိုးခြင်းသည် ဖြစ်၏။ အဇာတသတ်သည်ကား ပျို၏။ ပသေနဒီကား အို၏။ ပသေနဒီမင်းသည် မပြတ်လျှင် ရှုံး၏။ ပသေနဒီမင်း၏ လူတို့သည်လည်း ရှုံးကုန်၏၊ ထိုအခါ ပသေနဒီမင်းသည် ငါတို့သည် မပြတ်လျှင် ရှုံးကုန်၏။ အသို့လျှင် ပြုကုန်အံ့နည်းဟု အမတ်တို့ကို မေး၏။ မြတ်သော မင်းကြီး ဘုရားရှင်တို့သည် ပညာရှိကုန်၏။ ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့၏ စကားကို နားထောင်ခြင်းငှါ သင့်၏ဟု လျှောက်ကုန်၏။ မင်းသည် ထိုသို့ တပြီးကား ထိုအခါ၌ ရဟန်းတို့၏ စကားကို နားထောင်ကြကုန်လောဟု သူလျှိုယောကျ်ားတို့ကို စေ၏။ ထိုသူလျှိုယောကျ်ားတို့သည် ထိုအခါမှစ၍ မင်းစေတိုင်း ပြုကုန်၏။

ထိုကာလ၌ကား ဒတ္တမထေရ်, ဓနုဂ္ဂဟတိဿမထေရ်ဟူကုန်သော နှစ်ပါးကုန်သော အိုမင်းကုန်သော မထေရ်တို့သည် ကျောင်း၏ အစွန်ဖြစ်သော ကျောင်း၌ နေကုန်၏။ ထိုနှစ်ပါးကုန်သောမထေရ်တို့တွင် ဓနုဂ္ဂဟတိဿမထေရ်သည် ပဌမယာမ်, မဇ္ဈိမယာမ်၌ အိပ်၍ ပစ္ဆိမယာမ်၌ နိုး၍ မီးစတို့ကို သုတ်သင်၍ မီးလှုံ၍ ထိုင်လျက် အရှင်ဒတ္တ အိပ်သဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ထ၍ ထိုင်လောဟု ဆို၏။ ထိုဒတ္တမထေရ်သည် ထ၍ ထိုင်သည် ရှိသော် အရှင်ဒတ္တမထေရ် သင်၏ ဝမ်းပိုက်ကြီးသော ကောသလမင်းသည် စားအပ်သော ထမင်းဖြင့် ဝမ်းပြည့်ခြင်းကိုသာလျှင် ပြုတတ်၏။ တစ်စုံတစ်ခုသော စစ်ထိုးခြင်း အစီအရင်ကိုကား မသိ ရှုံးမြဲသာလျှင် ပြေးရ၏ဟု ဆို၏။ အဘယ်သို့ ပြုခြင်းငှါ သင့်သနည်းဟု ဒတ္တမထေရ်သည် မေး၏။ ထိုခဏ၌ ထိုသူလျှိုယောကျ်ားတို့သည် ထိုနှစ်ပါးကုန်သော မထေရ်တို့၏ စကားကို နားထောင်လျက် ရပ်ကုန်၏။ ဓနုဂ္ဂဟတိဿမထေရ်သည် စစ်ထိုးခြင်း အစီအရင်ကို ဆို၏။ အရှင်ဘုရား စစ်ထိုးခြင်းမည်သည်ကား ပဒုမဗျူဟာ စစ်ထိုးခြင်း, စက္ကဗျူဟာ စစ်ထိုးခြင်း, သကဋဗျူဟာစစ်ထိုးခြင်း ဟူ၍ သုံးပါးအပြား ရှိ၏။ အဇာတသတ်ကို ဖမ်းလိုသော် ဤမည်သော တောင်ဝှမ်းဝယ် နံရံနှစ်ဖက်တို့၌ လူဘို့ကို ထား၍ ရှေ့မှ အားနည်းသော စစ်သည်ကို ပြ၍ တောင်ကြားသို့ ဝင်သော အဖြစ်ကို မသိစေမူ၍ ဝင်သော ခရီးကို ပိတ်ဆို့၍ ရှေ့နောက် နှစ်ဖက်ကုန်သော တောင်နံရံတို့၌ ကြော်ငြာကုန်၍ ကွန်၌ ထည့်အပ်သော ငါးတို့ကဲ့သို့လည်းကောင်း၊ လက်ဆုပ်၌

ရှိသော ငုံးငယ်ကဲ့သို့ လည်းကောင်း ပြု၍ ဖမ်းခြင်းငှါ တတ်ကောင်း၏ဟု ဆိုလတ်သော် သူလျှို ယောကျ်ားတို့သည် ထိုသတင်းစကားကို မင်းအား ကြားလျှောက်ကုန်၏။ မင်းသည် ထိုစကားကို ကြား၍ စစ်ထိုးခြင်းစည်ကို လည်စေ၍ သွား၍ သကဋဗျူဟာ စစ်ထိုးခြင်းကို စီရင်၍ အဇာတသတ်မင်းကို အရှင်ဖမ်းစေ၍ မိမိ၏ သမီး ဝဇိရမည်သော မင်းသမီးကို တူအား ပေး၍ ကာသိမည်သော ရွာကို ဝဇိရမည်သော မင်းသမီး၏ ကသယ်မှုန့်ဖိုး ပြု၍ ပေး၍ လွှတ်လိုက်၏။ ထိုအကြောင်းသည် ရဟန်းသံဃာ၌ ထင်ရှားစွာ ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ကောသလမင်းသည် ဓနုဂ္ဂဟတိဿ မထေရ်၏ အစီအရင်ဖြင့် အဇာတသတ်ကို အောင်ပေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ငါလာခတော်မူသော အခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ဤဓနုဂ္ဂဟတိဿသည် စစ်ထိုးခြင်း အစီအရင်၌ လိမ္မာသည် မဟုတ်သေး၊ ရှေး၌လည်း စစ်ထိုးခြင်း အစီအရင်၌ လိမ္မာသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တော၌ ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ ဗာရာဏသီ ပြည်ကို မှီ၍ နေသော လက်သမား ရွာမှ တစ်ယောက်သော လက်သမားသည် အဆောက်အဦ အကျိုးငှါ တောသို့ သွား၍ တွင်း၌ ကျသော ဝက်ငယ်ကို မြင်၍ ထိုဝက်ငယ်ကို အိမ်သို့ ဆောင်၍ မွေး၏။ ထိုဝက်ငယ်သည် ကြီးလတ်သော် ကြီးသောကိုယ် ရှိ၏။ ကောက်သော အစွယ်ရှိ၏။ အကျင့်နှင့် ပြည့်စုံ၏။ လက်သမားသည် မွေးအပ်သည်၏ အဖြစ်ကြောင့်ကား ဝစ္စကီသူကရ ဟူ၍လျှင် ထင်ရှား၏။ လက်သမားအား သစ်ခွေသော ကာလ၌ နှုတ်သီးဖြင့် သစ်ကို လှန်၍ ပေး၏။ နှုတ်သီးဖြင့် ကိုက်၍ ပဲခွပ် ပုဆိန် ဆောက်ပုတ်တို့ကို ဆောင်ယူ၍ ပေး၏၊ မျဉ်းကြိုးစွန်း၌ ကိုက်၏၊ ထိုအခါ လက်သမားသည် ပေါက်စိမ့် တစ်ယောက်သော သူသည်သာလျှင် ဤဝက်ကို စားရာ၏ဟု ကြောက်သောကြောင့် ဆောင်၍ တော၌ လွှတ်၏၊ ထိုဝက်သည်လည်း တောသို့ ဝင်၍ ဘေးကင်းရာ ချမ်းသာရာ အရပ်ကို ကြည့်လတ်သော် တောင်ကြား၌ တစ်ခုသော ကြီးကျယ်စွာသော တောင်ချောက်ကြားကို မြင်လေ၏။ ထို တောင်ချောက်ကြား၌ ချမ်းသာသဖြင့် နေကုန်သော များစွာကုန်သော ဝက်တို့ဖြင့် ပြွမ်း၏။ ထိုဝက်တို့သည် ဝစ္စကီသူကရမည်သော ဝက်ကို မြင်၍ ဝစ္စကီသူကရ မည်သော ဝက်၏

အထံသို့ သွားကုန်၏။ ထိုဝစ္စကီးသူကရ ဝက်သည်လည်း ထိုဝက်တို့ကို ငါသည် သင်တို့ကိုလျှင် ကြည့်လျက် သွား၏။ စစ်စစ်သော်ကား သင်တို့ကို ငါသည် မြင်အပ်၏။ ဤအရပ်သည် မွေ့လျော်ဖွယ် ရှိ၏။ ဤအရပ်၌လျှင် ငါနေအံ့ဟု ဆို၏။ ဤအရပ်သည် မွေ့လျော်ဖွယ် ရှိသည်မှန်၏။ ထိုသို့ မွေ့လျော်ဖွယ် ရှိငြား သော်လည်း ဤအရပ်၌ ဘေးရန်ရှိ၏ဟု ဆိုကုန်၏။ ငါလည်း ထိုသင်တို့ကို မြင်၍ လျှင် ဤသို့ အစာနှင့် ပြည့်စုံသော အရပ်၌ နေကုန်သော ထိုဝက်တို့၏ ကိုယ်တို့၌ အသား အသွေးသည် မရှိဟု အောက်မေ့ မိ၏။ ဤအရပ်၌ သင်တို့အား အဘယ် ဘေးရန်ရှိသနည်းဟု မေး၏။ တစ်ခုသော ကျားသည် စောစော ကလျှင် လာလတ်၍ မြင်တိုင်းမြင်တိုင်းသော ဝက်ကို ယူ၍ သွား၏ဟု ဆိုကုန်၏။ ထိုကျားသည် မပြတ်လာ၍ ယူသလော၊ ရံခါရံခါ လာ၍ ယူသလောဟု မေး၏။ မပြတ်လာ၍ ယူ၏ဟု ဆိုကုန်၏။ ထိုကျားတို့သည် အဘယ်မျှ ရှိကုန်သနည်းဟု မေး၏။ တစ်ခုတည်းလျှင်တည်းဟု ဆိုကုန်၏။ ဤမျှလောက်ကုန်သော သင်တို့သည် တစ်ခုဘည်းသော ကျားအား စစ်ထိုးအံ့သော်ငှါ မတတ်နိုင်သလော ဟု မေး၏။ မတတ်နိုင်ကုန်ဟု ဆိုကုန်၏။ ထိုကျားကို ငါဖမ်းအံ့။ ငါ့စကားကို သင်တို့ လိုက်နာကြကုန်လော့၊ ထိုကျားသည် အဘယ်မှာ နေသနည်းဟု မေး၏။ တစ်ခုသော တောင်၌ နေ၏ဟု ဆို၏။

ထိုဝစ္စကီသူကရမည်သော ဝက်သည် ညဉ့်၌လျှင် ဝက်တို့ကို ကျက်စားစေ၍ စစ်ထိုးအံ့သောငှါ အစီအရင်ကို စီရင်သည် ရှိသော် စစ်ထိုးခြင်း မည်သည်ကား ပဒုမဗျူဟာ, စက္ကဗျူဟာ, သကဋဗျူဟာတို့၏ အစွမ်းအားဖြင့် သုံးပါး အပြားရှိ၏ဟု ဆို၍ ပဒုမဗျူဟာ၏ အစွမ်းအားဖြင့် စီရင်၏။ ထိုဝက်သည် မြေ၏ ဦးခေါင်းကို သိ၏။ ထို့ကြောင့် ဤအရပ်၌ စစ်ထိုးခြင်းကို စီရင်ခြင်းငှါ သင့်၏ဟု ဝက်တို့၏ မိဘတို့ကို အလယ်၌ ထား၏။ မိဘတို့ကို ခြံရံ၍ ဝက်မ တို့ကို ထား၏။ ဝက်မတို့ကို ခြံရံ၍ ဝက်ငယ်တို့ကို ထား၏။ ဝက်ငယ်တို့ကို ခြံရံ၍ ဝက်အိုတို့ကို ထား၏။ ဝက်အိုတို့ကို ခြံရံ၍ အစွယ်ရှည်ကုန်သော ဝက်တို့ကို ထား၏။ ထိုဝက်တို့ကို ခြံရံ၍ စစ်ထိုးခြင်း၌ စွမ်းနိုင်ကုန်သော အားရှိကုန်သော တစ်ဆယ်, နှစ်ဆယ်, သုံးဆယ်ကုန်သော ဝက်တို့ကို ထိုထိုခြံရံ၍ အစုအစု ပြု၍ ထား၏။

မိမိနေရာ၏ ရှေ့မှ တစ်ခုသော ဝန်းသော တွင်းကို တူးစေ၏။ နောက်မှ တစ်ခုသော ဆောင်းသဏ္ဌာန်ရှိသော အစဉ်သဖြင့် ဝှမ်းသောလိုဏ်နှင့် တူသော တွင်းကို တူးစေ၏။

ထိုဝစ္စကီသူကရမည်သော ဝက်၏ ခြောက်ဆယ် ခုနစ်ဆယ်မျှ ကုန်သော စစ်ထိုးပက်တို့ကို ယူ၍ ထိုထိုအရပ်၌ မကြောက်ကြကုန်လင့်ဟု အမှုကို စီရင်စဉ် အရုဏ်သည် တက်၏။ ကျားသည် ထမြဲ အချိန်ရောက်ပြီဟု သိ၍သွား၍ ထိုဝက်

တို့၏ ရှေ့တောင်အပြင်၌ ရပ်၍ မျက်စိတို့ကို ဖွင့်၍ ဝက်တို့ကို ကြည့်၏။ ထိုဝစ္စကိသူကရမည်သော ဝက်သည် ထိုကျားကို အတူကြည့်ကြကုန်လော့ဟု ထိုဝက်တို့အား အမှတ်သညာကို ပေး၏။ ထိုဝက်တို့သည် အတူကြည့်ကြကုန်၏။ ကျားသည် မျက်နှာကို မော်၍ နားထောင်၏။ ဝက်တို့သည်လည်း ထိုအတူပြုကြကုန်၏။ ကျားသည် ကျင်ငယ်ကို စွန့်၏။ ဝက်တို့သည်လည်း ထိုအတူ စွန့်ကုန်၏။ ဤသို့ အကြင် အကြင်အမှုကို ကျားပြု၏၊ ထိုထိုအမှုကို ဝက်တို့သည် အတူပြုကုန်၏။ ထိုကျားသည် ရှေး၌ ဝက်တို့သည် ငါကြည့်သောကာလ၌ ပြေးကြကုန်၏။ ကြည့်အံ့သောငါ့ကိုလည်း မတတ်နိုင်ကုန်၊ ယနေ့ကား မပြေးမူ၍ ငါ၏ ဆန့်ကျင်ဘက် ရန်သူ ဖြစ်ကုန်၏။ ငါပြုတိုင်းလျှင် အတုပြုကုန်၏၊ ထိုမြေဦးခေါင်းအရပ်၌ တည်သော ထိုဝက်တို့ကို စီရင်သော ဝစ္စခုသော ဝက်သည် ရှိရာ၏။ ယနေ့ သွားသော် ငါ့အား အောင်ခြင်းသည် မထင်ဟု ကြံ၍ ထိုကျားသည် ပြန်လည်၍ မိမိနေရာ အရပ်သို့လျှင် သွား၏၊ ထိုကျားသည် ယူခဲ့သော အစာကို စားသော တစ်ယောက်သောရသေ့ စဉ်းလဲသည် ရှိ၏။ ထိုရသေ့စဉ်းလဲသည် လက်ချည်း စည်းလာသော ထိုကျားကိုလျှင် မြင်၍ ထိုကျားနှင့်တကွ စကားပြောဆိုလိုရကား ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၉၇။ ဝရံ ဝရံ တွံ နိဟန် ပုရေ စရိ၊
အသ္မိံ ပဒေသေ အဘိဘုယျ သူကရေ။
သော ဒါနိ ဧကော ဗျပဂမ္မ ဈာယသိ၊
ဗလံ နု တေ ဗျဂ္ဃ န စဇ္ဇ ဝိဇ္ဇတိ။

အို ကျား ရှေး၌ သင်သည် ဤအရပ်၌ ဝက်တို့ကို နှိပ်စက်၍ ကောင်းမြတ်သော ဝက်ကို သတ်လျက် ကျက်စား၏။ ယခုအခါ၌ ထိုသင်သည် တစ်ယောက်တည်း တိမ်းရှောင်ထွက်ပြေးခဲ့၍ မှိုင်၏၊ ကျား သင့်အား ယနေ့ အားသည် မရှိသလော၊ ထိုစကားကို ကြား၍ ကျားသည် နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

၉၈။ ဣမေ သုဒံ ယန္တိ ဒိသောဒိသံ ပုရေ၊
ဘယဋ္ဋိတာ လေဏဂဝေသိနော ပုထု၊
တေ ဒါနိ သင်္ဂမ္မ ဝသန္တိ ဧကတော၊
ယတ္ထဋ္ဌိတာ ဒုပ္ပသဟဇ္ဇမေ မယာ။

ဤဝက်တို့ မည်သည် ရှေး၌ ငါ့ကို မြင်၍ ကြောက်ခြင်းဖြင့် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ ပုန်းအောင်းရာကို ရှာကုန်လျက် အသီးသီးဖြစ်ကုန်၍ ထိုထိုအရပ်မျက်နှာသို့ပြေးကုန်၏၊ ယခုအခါ၌ အကြင်အရပ်၌ တည်ကုန်သော ဤဝက်တို့ကို ယနေ့

ငါသည် မအောင်ကုန်။ ထိုအရပ်၌ စည်းဝေး၍ တစ်ပေါင်းတည်း နေကုန်၏။

ထိုအခါ ကျားအား ရသေ့စဉ်းလဲသည် အားထုတ်ခြင်းကို ဖြစ်စေလို၍ မကြောက်လင့်၊ သွားချေ၊ သင်အသံပြု၍ သွားသည် ရှိသော် ခပ်သိမ်းသော ဝက်တို့သည် ကြောက်ကုန်ရကား ကွဲ၍ ပြေးကုန်လတ္တံ့ဟု ဆို၏၊ ကျားသည် ရသေ့စဉ်းလဲ အားထုတ်ခြင်းကို ဖြစ်စေသည် ရှိသော် ရဲသည် ဖြစ်၍ ဝက်ဖန် သွား၍ တောင်မြင့်၌ ရပ်၏။ ဝစုကီသူကရမည်သော ဝက်သည် တွင်းနှစ်ခုဘို၏ အလယ်၌ နေ၏။ ဝက်တို့သည် အရှင် ခိုးသူကြီး လာပြန်၏ဟု ဆိုကုန်၏။ မကြောက်ကြလင့်၊ ယခု ဖမ်းအံ့ဟုဆို၏။ ကျားသည် မြည်၍ ဝစုကီသူကရမည်သော ဝက်၏ အပေါ်သို့ ပြေးလာ၏။ ဝက်သည် ကျား၏ မိမိ၏ အပေါ်သို့ ပြေးလာသော ကာလ၌ ပြန်၍ လျင်မြန်သဖြင့် ဖြောင့်စွာ တူးသော တွင်းသို့ သက်၏။ ကျားသည် အဟုန်ကို ချုပ်အံ့သောငှါ မတတ်နိုင်ရကား အထက်ဖ ဖို့ငြင့် သွား၍ ဆေးခွင်းကဲ့သို့ မျက်နှာရှိသည်ဖြစ်၍ ဖီလာတူးအင်သော တွင်း၏ အလုန် ကျဉ်းသော မျက်နှာဝ၌ ကျ၍ လက်အုပ်ချီသကဲ့သို့ နေ၏။ ဝက်သည် တွင်းမှ ထွက်၍ မိုးကြိုးကဲ့သို့သော လျင်မြန်ခြင်းဖြင့် သွား၍ ကျား၏ ပေါင်ကြား၌ အစွယ်ဖြင့် မွှန်း၍ အညို့တိုင်အောင် ခွဲ၍ ကောင်းသောအသား ငါးပါးတို့ကို အစွယ်ဖြင့် ထွင်း၍ ကျား၏ ထိပ်၌ လှည့်လည်၍ သင်တို့နှဲ့သူကို ယူကြကုန် လောဟု ချီ၍ ဝင်းဝသို့ ပစ်ချ၏။ ရှေးဦးစွာ လာကုန်သော ဝက်တို့သည် ကျား၏ အသားကို ရကုန်၏။ နောက်မှ လာသော ဝက်တို့သည် ကျားသား ကိုကား အသို့သဘော ရှိသနည်းဟု ကျားသားကို စားသော ဝက်တို့၏ နှုတ်သီးကို နမ်း၍ သွားကုန်၏။

ဝက်တို့သည် ကျားသေကာမျှဖြင့် မနှစ်သက်ကုန်သေး။ ဝစုကီသူကရသည် ထိုဝက်တို့၏အရိပ်နိမိတ်ကို မြင်၍ သင်တို့သည် အဘယ့်ကြောင့် မနှစ်သက်ကြ ကုန်သနည်းဟု ဆို၏။ အရှင် စားတတ်သော တစ်ခုသော ကျားသေသဖြင့် အဘယ်ပြုအံ့နည်း၊ တစ်ပါးကျားကို စေခိုင်းခြင်းငှါ စွမ်းနိုင်သော ရသေ့စဉ်းလဲ ရှိသလျှင်ကတည်းဟု ဆိုကုန်၏။ အဘယ်မည်သော ရသေ့နည်းဟု မေး၏။ တစ်ယောက်သော သီလမရှိသော ရသေ့တည်းဟု ဆိုကုန်၏။ ကျားကိုလျက် လည်း ငါသည် သတ်အင်ပြီ၊ ထိုရသေ့ကိုကား အဘယ်မှာသတ်လောက်အံ့နည်းဟု ဆို၍ လာကြကုန်၏။ ထိုရသေ့ကို ဖမ်းကြကုန်အံ့ဟု ထိုဝက်အပေါင်းတို့နှင့်တကွ သွား၏။ ရသေ့စဉ်းလဲသည်လည်း ကျား ကြာမြင့်သည် ရှိသော် ဝက်တို့သည် ကျားကို ဖမ်းလေကုန်သလောဟု ခရီးဦးကြို သွားလတ်သော် လာကုန်သော ထိုဝက်တို့ကို မြင်၍ မိမိပရိက္ခရာကို ယူ၍ ပြေး၏။ ဝက်တို့သည် လိုက်လတ်သော် ပရိက္ခရာတို့ကို စွန့်၍ လျင်မြန်သဖြင့် ရေသဖန်းပင်သို့ တက်၏။ ဝက်တို့သည်

သခင် ယခု ရသေ့ပြေး၍ သစ်ပင်သို့ တက်၏ဟု ဆိုကုန်၏။ အဘယ်သို့သော သစ်ပင်ကို တက်သနည်းဟု မေး၏။—ရေသဖန်းပင်ကို တက်၏ဟု ဆိုကုန်၏။ ထိုဝစ္စကီသူကရသည် ဝက်မတို့သည် ရေကို ဆောင်ကြကုန်၊ ဝက်ငယ်တို့သည် မြေကို တူးကြကုန်၊ အစွယ်ရှည်ကုန်သော ဝက်တို့သည် ဒ. မြင်ကို ဖြတ်ကြကုန်၊ ကြွင်းသောဝက်တို့သည် ခြံရံ၍ စောင့်ကြကုန်ဟု စီရင်၍ ထိုဝက်တို့သည် စီရင်တိုင်း ပြုကုန်သော် မိမိသည် ရေသဖန်းပင်၏ ဖြောင့်စွာ သွားသော အမြစ်ကို ပုဆိန်ဖြင့် ဖြတ်ဘိသကဲ့သို့ တစ်ချက်တည်းဖြင့်လျှင် ဖြတ်၍ ရေသဖန်းပင်ကို လဲစေ၏။ ခြံရံ၍ နေကုန်သော ဝက်တို့သည် ရသေ့စဉ်းလဲ မြေသို့ ကျစေ၍ အပိုင်းပိုင်း ဖြတ်၍ အရိုးတိုင်အောင် စား၍ ဝစ္စကီသူကရမည်သော ဝက်ကို ရေသဖန်းတုံး၌ နေစေ၍ ရသေ့စဉ်းလဲ၏ အသုံးအဆောင် ခရုသင်းဖြင့် ရေကို ဆောင်၍ အဘိသိက်သွန်း၍ မင်းပြုကုန်၏။ တစ်ခုသော ပျိုသော ဝက်မကိုလည်း ထိုဝက်မင်း၏ မိဖုရားကြီး ပြုကြကုန်၏။

ထိုကာလမှစ၍ ယနေ့ထက်တိုင် မင်းတို့ကို ရေသဖန်းပျဉ်၌လျှင် နေစေ၍ ခရုသင်းတို့ဖြင့် အဘိသိက်သွန်းကုန်သတည်း။

ထိုတောအုပ်၌နေသော နတ်သည် ထိုအံ့ဖွယ်သရဲကို မြင်၍ တစ်ခုသော သစ်ခွကြား၌ ဝက်တို့ကို ရှေးရှုသည် ဖြစ်၍ သုံးခုမြောက်သော ဤဂါထာကို ဆို၏—

၉၉။ နမတ္ထု သံဃာန သမဂ္ဂါနံ၊
ဒိသွာ သယံ သချ ဝဒါမိ အဗ္ဘုတံ။
ဗျဂ္ဃံ မိဂါ ယတ္ထ ဇိနိံသု ဒါဌိနော၊
သာမဂ္ဂိယာ ဒါဠဗလေသု မုစ္စရေ။

ညီညွတ်ကုန်သော ဝက်အပေါင်းတို့အား ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ ရှေး၌ မဖြစ်ဖူးသော မိတ်ဆွေခင်ပွန်း၏အဖြစ်ကို ကိုယ်တိုင်မြင်၍ ငါသည် ဆို၏။ အစွယ်ရှိကုန်သော အကြင်သို့ သဘောရှိကုန်သော ဝက်တို့စဉ်လုံးကိုက် ကျားကို အောင်ကုန်၏။ အစွယ်အားရှိကုန်သော ဝက်တို့၌ ညီညွတ်ခြင်းဖြင့် ထိုဝက်တို့သည် သေဘေးမှ လွတ်ကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဓနုဂ္ဂဟတိဿ မထေရ်သည် ထိုအခါ ဝစ္စကီသူကရ မည်သော ဝက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ပုဒ်ရှစ်ဆယ့်သုံးခုမြောက်သော ဝစ္စကီသူကရဇာတ်သည် ပြီး၏။

## ၂၈၄-သိရိဇာတ်

## ကျက်သရေ

## ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ယံ ဥဿုကာ သံဃရန္တိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသိရိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ယောက်သော ကျက်သရေကို ခိုးသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ဤသိရိဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုကို အောက်ကကနိပါတ် ခဒိရင်္ဂါရဇာတ်၌ ချဲ့အပ်သလျှင်ကတည်း။ ယခုအခါ၌ကား ထိုအနာထပိဏ်သူဌေး၏ အိမ်၌ လေးခုမြောက်ဖြစ်သော တံခါးမုခ်၌ နေသော မိစ္ဆာဒိဋ္ဌိနတ်သည် ဒဏ်အမှုကို ပြုသောအားဖြင့် ငါးဆယ့်လေးကုဋေသော ငွေတို့ကို ဆောင်၍ ကျီတို့၌ ပြည့်စေ၍ သူဌေးနှင့်တကွ အဆွေခင်ပွန်းဖြစ်၏။ ထိုအခါ ထိုနတ်ကို သူဌေးသည် ခေါ်၍ မြတ်စွာဘုရား အထံသို့ ဆောင်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုနတ်အား တရားဟောတော်မူ၏။ ထိုနတ်သည် တရားတော်ကို နာရ၍ သောတာပန်ဖြစ်၏။ ထိုအခါမှ စ၍ အနာထပိဏ်သူဌေးအား ရှေး၌ကဲ့သို့ စည်းစိမ်သည် ဖြစ်၏။ ထိုအခါ သာဝတ္ထိပြည်၌ နေသော ကျက်သရေလက္ခဏာကို သိသော တစ်ယောက်သော ပုဏ္ဏားသည် အနာထပိဏ်ကား ရှေး၌ ဆင်းရဲသည် ဖြစ်၍ ယခု စည်းစိမ်ရှင် ဖြစ်၏။ ငါသည် အနာထပိဏ်ကို မြင်လိုသကဲ့သို့ ပြု၍ အနာထပိဏ်၏ အိမ်မှ ကျက်သရေကို ခိုးယူ၍ လာရမှုကား ကောင်း၏ဟု ကြံ၏။ ကြံ၍ ထိုပုဏ္ဏားသည် အနာထပိဏ်အိမ်သို့ သွား၍ အနာထပိဏ်သူဌေးသည် ချီးမြှောက် ပေးကမ်းခြင်းကို ပြုအပ်သည် ဖြစ်၍ တစ်သက်ပတ်လုံး အောက်မေ့အပ်သော စကားကို ပြောဟောပြီး၍ အဘယ်အကျိုးငှါ လာခဲ့သနည်းဟု မေးသည် ရှိသော် အဘယ်၌လျှင် ကျက်သရေ တည်သနည်းဟု ကြည့်၏။

အနာထပိဏ်သူဌေးအားသည်း ကိုယ်လုံးဖြူသော ပွတ်အပ်သော ခရုသင်းနှင့်တူသော ရွှေချိုင့်၌ ထည့်၍ ထားအပ်သော ကြက်သည် ရှိ၏။ ထိုကြက်၏ အမောက်၌ ကျက်သရေတည်၏။ ပုဏ္ဏားသည် ကြည့်လတ်သော် ထိုကြက်၏ အမောက်၌ ကျက်သရေတည်သည်၏အဖြစ်ကို သိ၍ သူဌေးကြီး ဒီကျွန်ုပ်သည် တပည့်လုလင်ငါးရာတို့ကို ဗေဒင်သင်စေ၏။ အချိန်မမှန်တွန်တတ်သော တစ်ကောင်သော ကြက်ကို အမှီပြု၍ ထိုတပည့်တို့သည်လည်းကောင်း၊ အကျွန်ုပ်သည်

လည်းကောင်း ပင်ပန်းကုန်၏။ ဤကြက်သည်ကား အချိန်မှန်စွာ တွန်တတ်၏။ ဤကြက်၏ အကျိုးငှါ လာ၏။ အကျွန်ုပ်အား တစ်ကောင်သော ဤကြက်ကို ပေးလော့ဟု ဆို၏။ ပုဏ္ဏား ယူလော့၊ သင့်အား ငါပေး၏ဟု ဆိုစဉ် ထိုခဏ၌လျှင် ကျက်သရေသည် ကြက်၏ အမောက်မှ ဖဲ၍ ဦးခေါင်းရင်း၌ ထားအပ်သော ပတ္တမြားတုံး၌ တည်၏။ ပုဏ္ဏားသည် ပတ္တမြား၌ ကျက်သရေ၏ တည်သော အဖြစ်ကို သိ၍ ပတ္တမြားကိုလည်း တောင်း၏၊ ပတ္တမြားကိုလည်း ပေး၏ဟု ဆိုစဉ်ခဏ၌လျှင် ကျက်သရေသည် ပတ္တမြားမှ ဖဲ၍ ဦးခေါင်းရင်း၌ ထားအပ်သော အစောင့်အရှောက်ဖြစ်သော တောင်ဝှေး၌ တည်၏။

ပုဏ္ဏားသည် တောင်ဝှေး၌ ကျက်သရေတည်သောအဖြစ်ကို သိ၍ တောင်ဝှေးကိုလည်း တောင်း၏။ ယူ၍ သွားလော့ဟု ဆိုစဉ်ခဏ၌လျှင် ကျက်သရေသည် တောင်ဝှေးမှ ဖဲ၍ ပုညလက္ခဏဒေဝီမည်သော မိဖုရား၏ ဦးခေါင်း၌ တည်၏။ ကျက်သရေခိုး ပုဏ္ဏားသည် မိဖုရားဦးခေါင်း၌ တည်သည်၏ အဖြစ်ကို သိ၍ မိဖုရားသည်ကား မစွန့်အပ်သော ဥစ္စာဖြစ်၏။ ဤမိဖုရားကို တောင်းအံ့သောငှါ မတတ်ကောင်းဟု ကြံ၍ သူဌေးကြီး အကျွန်ုပ်သည် သင်တို့အိမ်၌ ကျက်သရေကို ခိုး၍ သွားအံ့ဟု လာ၏၊ ကျက်သရေသည်ကား ကြက်၏ အမောက်၌ တည်၏။ ထိုကြက်ကို ကျွန်ုပ်အား ပေးသည်ရှိသော် ကြက်အမောက်မှ ဖဲ၍ ပတ္တမြားတုံး၌ တည်၏။ ထိုပတ္တမြားတုံးကို ပေးသည် ရှိသော် အစောင့်အရှောက်ဖြစ်သော တောင်ဝှေး၌ တည်၏။ တောင်ဝှေးကို ပေးသည် ရှိသော် တောင်ဝှေးမှ ဖဲ၍ ပုညလက္ခဏဒေဝီမိဖုရား၏ ဦးခေါင်း၌ တည်၏။ ဤဥစ္စာသည်ကား မစွန့်အပ်သော ဥစ္စာတည်း။ ထို့ကြောင့် ဤဥစ္စာကိုလည်း အကျွန်ုပ်ယူခြင်းငှါ မတတ်ကောင်း။ သင်၏ ကျက်သရေကို ခိုးခြင်းငှါ မတတ်ကောင်း၊ သင်၏ ဥစ္စာသည် သင်တို့အားသာလျှင် ဖြစ်စေဟု ဆို၏။ ဆိုပြီး၍ နေရာမှ ထ၍ ဖဲ၏။ အနာထပိဏ် သူဌေးသည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်အံ့ဟု ကျောင်းတော်သို့ သွား၍ ဘုရားကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေလုက် အလုံးစုံကို ဘုရားအား ကြားလျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍ သူကြွယ် ယခုအခါ၌သာလျှင် ကျက်သရေသည် တစ်ပါးသို့ သွားသည် မဟုတ်သေး၊ ရှေး၌လည်း ဘုန်းနည်းကုန်သော သူတို့သည် ဖြစ်စေအပ်သော ကျက်သရေသည် ဘုန်းရှိကုန်သော သူတို့၏ ခြေရင်းသို့ သွားဖူး၏ဟု မိန့်တော်မူ၍ သူဌေးသည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့

ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်၍ အိမ်ရာထောင်သော လူတို့ဘောင်၌ နေလျက် မိဘလွန်သဖြင့် သံဝေဂ ရ ရကား တောထွက်၍ ဟိမဝန္တာ၌ ရသေ့ ရဟန်းပြု၍ ငါးပါးသော အဘိညာဉ် ရှစ်ပါးသော သမာပတ်တို့ကို ဖြစ်စေ၍ ရှည်မြင့်စွာ ကာလလွန်သဖြင့် ချဉ်ဆား မှီဝဲအံ့သောငှါ ဇနပုဒ်သို့ သွား၍ ဗာရာဏသီမင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန် ဆွမ်းခံသွားသည် ရှိသော် ဆင်ဆရာ၏ အိမ်တံခါးသို့ ရောက်၏၊ ထိုဆင်ဆရာသည် ဘုရားလောင်း၏ ငြိမ်သက်ခြင်း၌ ကြည်ညို၍ ဆွမ်းလှူ၍ ဥယျာဉ်၌ နေစေ၍ အမြဲလုပ်ကျွေး၏။ ထိုအခါ တစ်ယောက်သော ထင်းခွေယောကျ်ားသည် တောမှ ထင်းတို့ကို ဆောင်ခဲ့သည် ရှိသော် အချိန်၌ မြို့တံခါးသို့ ရောက်အံ့သောငှါ မမှီနိုင်၍ ညအခါ၌ တစ်ခုသော နတ်ကွန်းဝယ် ထင်းစည်းကို ဦးခေါင်းရင်း၌ ထား၍ အိပ်၏။ နတ်ကွန်း၌ လွှတ်အပ်ကုန်သော များစွာသော ကြက်တို့သည် နတ်ကွန်း၏အနီး တစ်ခုသော သစ်ပင်၌ အိပ်ကုန်၏။

ထိုကြက်တို့တွင် အထက်၌ အိပ်သော ကြက်သည် မိုးသောက်ထကာလ၌ ကျင်ကြီးကို ချသည်ရှိသော် အောက်၌ အိပ်သော ကြက်၏ ကိုယ်ပေါ်၌ ကျ၏။ အဘယ်သူသည် ငါ၏ ကိုယ်ပေါ်၌ ကျင်ကြီးကို ချသနည်းဟု ဆိုသည် ရှိသော် ငါသည် ချ၏ဟု ဆို၏။ အဘယ်ကြောင့် ချသနည်းဟု ဆိုသည်ရှိသော် မဆင်ခြင်မိ၍ ချ၏ဟု ဆို၍ တစ်ဖန် ချပြန်၏။ ထိုကြက်နှစ်ကောင်တို့သည်လည်း အချင်းချင်း ခိုက်ရန်ပြုကုန်လတ်သော် သင့်အစွမ်းအသို့နည်း၊ သင့်အစွမ်း အသို့နည်းဟု ခိုက်ရန်ပြုကြကုန်၏။ ထိုအခါ အောက်၌ အိပ်သော ကြက်သည် ငါ့ကို သတ်၍ မီးကျီး၌ ကင်အပ်သော အသားတို့ကို စားသောသူသည် စောစော ကလျှင် အသပြာတစ်ထောင်ကို ရ၏ဟု ဆို၏၊ အထက်၌ အိပ်သော ကြက်သည် အချင်းကြက် ဤမျှဖြင့် ငါ့ကို မခိုင်းချောက်လင့်။ ငါ၏ ကြီးမြတ်သော အသားကို စားသောသူသည် မင်းဖြစ်၏။ အပ၌ အသားကို စားသောသူသည် ယောကျ်ားဖြစ်အံ့၊ သေနာပတိအရာကို ရ၏။ မိန်းမဖြစ်အံ့၊ မိဖုရားအရာကို ရ၏၊ အရိုးအသားကို စားသောသူသည် လူဖြစ်အံ့၊ ဘဏ္ဍာစိုးအရာကို ရ၏။ ရဟန်းဖြစ်အံ့၊ မင်းဆရာအဖြစ်ကို ရ၏ဟု ဆို၏။

ထင်းခွေယောကျ်ားသည် ထိုကြက်တို့၏ စကားကို ကြား၍ မင်းအဖြစ်သို့ ရောက်သော် တစ်ထောင်သောဥစ္စာဖြင့် ကိစ္စသည် မရှိဟု သာယာစွာ တက်၍ အထက်၌ အိပ်သောကြက်ကို ဖမ်းပြီးလျှင် သတ်၍ ခါးပိုက်၌ ထည့်၍ မင်းဖြစ်အံ့ဟု ဆို၍ ဖွင့်သောတံခါးဖြင့်လျှင် မြို့သို့ ဝင်၍ ကြက်ကို အမွေးအတောင် နုတ်၍ ဝမ်းကို သုတ်သင်၍ ဤကြက်သားကို ကောင်းစွာ စီရင်လော့ဟု မယားအား ပေး၏။ မယားသည် ကြက်သားကိုသည်းကောင်း၊ ထမင်းကိုလည်းကောင်း ကောင်းစွာ စီရင်၍ စားလော့ဟု လင်အား တည်၏၊ လင်သည် ရှင်မ

ဤအသားကား အာနုဘော်ကြီး၏။ ဤကြက်သားကို စား၍ ငါမင်းဖြစ်အံ့၊ သင်သည် မိဖုရားဖြစ်လတ္တံ့ ။ သင်သည် ထမင်းနှင့် ကြက်သားကို ယူခဲ့၊ ဂင်္ဂါသို့ သွား၍ ရေချိုး၍ စားကြကုန်အံ့ဟု ဆို၍ ထိုသူတို့သည် ထမင်းတောင်းကို ကမ်းနားး၌ ထား၍ ရေချိုးအံ့သောငှါ ဆင်းသက်ကုန်၏။ ထိုခဏ၌ လေခတ် ရကား ရေသည် လာ၍ ထမင်းတောင်းကို ယူ၍ သွား၏။

မြစ်၌ မျောသော ထိုမင်းတောင်းကိုလည်း အောက်ဆိပ်၌ ဆင်ကို ရေချိုးသော တစ်ယောက်သော ဆင်ဆရာအမတ်ကြီးသည် မြင်၍ ဆယ်စေ၍ ဖွင့်စေ၍ အဘယ် နည်းဟု မေး၏။ အရှင် ထမင်းနှင့် ကြက်သားတည်းဟု ဆို၏။ ထိုအမတ်ကြီး သည် ထိုထမင်းတောင်းကို ပိတ်ဖုံးစေ၍ တံဆိပ်ခတ်စေ၍ ငါမရောက်မီ မဖွင့် လင့်ဟု မှာလိုက်၍ မယားထံသို့ ပို့စေ၏။ ထိုထင်းခွေး ယောကျ်ားသည်လည်း ခံဘွင်းသို့ ဝင်သော သဲရေဖြင့် ဖူးဖူးရောင်သော ဝမ်းရှိသည် ဖြစ်၍ ပြေး၍ ဆင်ဆရာ၏ တစ်ပါးသောဆရာဖြစ်သော ဒိဗ္ဗစက္ခုရှင်ရသေ့သည် ငါ၏ အလုပ် အကျွေးသည် ဆင်ဆရာ၏ အရာကို စွန့်၍ အဘယ်အခါ စည်းစိမ်ကို ရလတ္တံ့ နည်းဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် ထိုယောကျ်ားကို မြင်၍ ထို အကြောင်းကို သိ၍ ရှေးဦးစွာလျှင် သွား၍ ဆင်ဆရာ၏ အိမ်၌ နေ၏။ ဆင်ဆရာသည် လာလတ်၍ ရသေ့ကို ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေလျက် ထိုထမင်း တောင်းကို ဆောင်ယူခဲ့စေ၍ ရှင်ရသေ့ကို ကြက်သားဆွမ်းဖြင့် လုပ်ကျွေးကြ ကုန်လော့ဟု ဆို၏။ ရသေ့သည် ဆွမ်းကို ယူ၍ ကြက်သားကို ကပ်လာသော် မယူမူ၍ ဤကြက်သားကို ငါစီရင်အံ့ဟု ဆို၍ စီရင်တော်မူပါကုန်လော့ဟု ဆိုလတ်သော် ကြီးမြတ်သော အသားအ ရှိသည်တို့ကို တစ်စုတစ်စုစီ စုစေ၍ ခြေးမြတ်သော အသားကို ဆင်ဆရာအား ပေးစေ၏။ အပဖြာ်သောအသားကို ဆင်ဆရာ၏ မယားအား ပေးစေ၏။ ဤအရိုးအသားကို မိမိသည် စား၏။ ထိုရသေ့သည် ဆွမ်းစားပြီး၍ သွားသည် ရှိသော် သင်သည် ယနေ့မှ သုံးရက် မြောက်၌ မင်းဖြစ်လတ္တံ့ ။ မမေ့မလျော့လင့်ဟု ဆို၍ သွား၏။

သုံးရက်မြောက်သော နေ့၌ တစ်ယောက်သော ပြည်နီးချင်း မင်းသည် လာလတ်၍ ဗာရာဏသီပြည်ကို ဝန်းရံ၏။ ဗာရာဏသီမင်းသည် ဆင်ဆရာကို မင်းအသွင်ကို ယူစေ၍ ဆင်စီး၍ စစ်တိုက်လော့ဟု ဆို၏။ မိမိသည် မထင်ရှား သော အသွင်ကို ယူ၍ စစ်သည်၌ စီရင်သည် ရှိသော် ငြိုးသော အဟုန်ရှိသော တစ်စင်းသော မြားသည် မှန်၍ ထိုခဏ၌လျှင် သေ၏။ ထိုဆင်ဆရာသည် မင်း၏ သေသည်၏ အဖြစ်ကို သိ၍ များစွာသော အသပြာတို့ကို ထုတ်ယူစေ၍ ဥစ္စာဖြင့် အလိုရှိသော သူတို့သည် ရှေ့၌ နေ၍ စစ်ထိုးစေကုန်ဟု စည်ကို လည်စေ၏ ။ ဗိုလ်ပါ အပေါင်းသည် ခဏချင်းဖြင့် ပြည်နီးချင်းမင်းကို အသက်ကုန်စေ၏၊ အမတ်

တို့သည် မင်း၏ အလောင်းကို သင်္ဂြိုဟ်၍ အဘယ်သူကို မင်းပြုကုန်အံ့နည်းဟု တိုင်ပင်ကြကုန်သော် ငါတို့မင်းသည် အသက်ရှင်စဉ်လျှင် မိမိ၏ အသွင်ကို ဆင်ဆရာအား ပေး၏။ ဆင်ဆရာသည်လျှင် စစ်ထိုး၍ ပြည်ကို ယူ၏။ ထိုဆင်ဆရာအားသာလျှင် မင်းအဖြစ်ကို ပေးကြကုန်အံ့ဟု ဆင်ဆရာကို မင်းအဖြစ်၌ အဘိသိက် သွန်းကြကုန်၏။ ဆင်ဆရာ၏ မယားကို မိဖုရားကြီး ပြုကြကုန်၏။ ဘုရားလောင်းသည် မင်းဆရာဖြစ်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏—

၁၀၀။ ယံ ဥဿုကာ သံဃရန္တိ၊ အလက္ခိကာ ဗဟုံ ဓနံ၊
သိပ္ပဝန္တော အသိပ္ပါ စ၊ လက္ခိဝါ တာနိ ဘုဥ္ဇတိ။

၁၀၁။ သဗ္ဗတ္ထ ကဘပုညဿ၊ အတိစ္စ’ ညေဝ ပါဏိနော၊
ဥပ္ပဇ္ဇန္တိ ဗဟူ ဘောဂါ၊ အပ္ပ’ နာယတနေသုပိ။

အတတ်ပညာရှိသူ, အတတ်ပညာမရှိသူတို့သည် ဘုန်းကံမရှိကုန်သည် ဖြစ်၍ များစွာဥစ္စာတို့ကို လုံ့လအားထုတ် ပြုလုပ် စီမံကုန်၍ ထိုဥစ္စာတို့ကို ဘုန်းရှိသောသူသည် ခံစားရ၏။ ကုသိုလ်ကောင်းမှုရှိသူသည် ခပ်သိမ်းသောအရပ်၌ ဘုန်းမရှိသော သူတို့ကို လွန်၍လျှင် ရတနာတို့၏ ဖြစ်ရာ မဟုတ်သော အရပ်တို့၌လည်း များစွာကုန်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဂါထာကို ဟောတော်မူ၍ သူဘွယ် ဤသတ္တဝါတို့အား ကောင်းမှုနှင့် တူသော တစ်ပါးသော တည်ရာမည်သည် မရှိကုန်။ ကောင်းမှုရှိသော သူတို့အားကား ဖြစ်ရာမဟုတ်သော အရပ်၌လည်း ရတနာတို့သည် ဖြစ်ကုန်သလျှင်ကဘည်းဟု မိန့်တော်မူ၏။ ဤကောင်းမှုမည်သည်ကား လူနတ်တို့အား အလုံးစုံသောအလိုကို ပေးတတ်သော ဥစ္စာရွှေအိုးတည်း။ လူနတ်တို့သည် အကြင်ကြင် ဆုကို တောင့်တကုန်၏။ အလုံးစုံသော ထိုထိုဆုကို ကောင်းမှုဖြင့်လျှင် ရ၏။ အဆင်း ကောင်းခြင်း, အသံကောင်းခြင်း, သဏ္ဌာန်ကောင်းခြင်း, အစိုးရခြင်း, အခြံအရံများခြင်း ဟူသော အလုံးစုံကို ကောင်းမှုကြောင့် ရ၏။ ပဒေသရာဇ် ကေရာဇ်စည်းစိမ်, စကြဝတေး မင်း ချမ်းသာ, နတ်တို့၌ ဖြစ်သော နတ်မင်းချမ်းသာဟူသော အလုံးစုံကို ကောင်းမှုဖြင့် ရ၏။ လူ၌ ဖြစ်သော စည်းစိမ်, နတ်၌ ဖြစ်သော မွေ့လျော်ခြင်း, နိဗ္ဗာန်ချမ်းသာဟူသော ဤအလုံးစုံကို ကောင်းမှုဖြင့် ရ၏။ အဆွေခင်ပွန်း၏ ပြည့်စုံခြင်းကို စွဲ၍ အသင့်အားဖြင့် လုံ့လပြုသော ပုဂ္ဂိုလ်အား ဖြစ်သော ဝိဇ္ဇာ, ဝိမုတ္တိ, ဝသီဘော်ဟူသော အလုံးစုံကို ကောင်းမှုဖြင့် ရ၏။ ပဋိသမ္ဘိဒါ, ဝိမောက္ခ, သာဝက ပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သဗ္ဗညုတဉာဏ် ဟူသော

အလုံးစုံကို ကောင်းမှုဖြင့် ရ၏။ ဤသို့ အကြင်ကောင်းမှု၏ ဖြစ်ခြင်းသည် ရှိ၏။ ထိုကောင်းမှု၏ ဖြစ်ခြင်းသည် ကြီးမြတ်သော ပြည့်စုံခြင်းကို ဆောင်၏၊ ထို့ကြောင့် တည်ကြည်ကုန်သော ပညာရှိတို့သည် ပြုခဲ့ပြီးသော ကောင်းမှု ရှိသောသူ၏ အဖြစ်ကို ချီးမွမ်းကုန်၏ဟု တရားဟောတော်မူ၏။ ယခုအခါ၌ အနာထပိဏ်သူဌေး၏ ကျက်သရေတည်ရာ ရတနာတို့ကို ပြတော်မူအံ့သောငှါ ဤဂါထာကို ဟောတော်မူ၏—

၁၀၂။ ကုဏ္ဍလိနော မဏိယော ဒဏ္ဍော၊ ထိယော စ ပုညလက္ခဏာ။
ဥပဝဇ္ဇန္တိ အပါပဿ၊ ကတပုညဿ ဇန္တုနော။

ပြုအပ်ပြီးသော ကောင်းမှုရှိသော မယုတ်ညံ့သော အနာထပိဏ်သူဌေးအား ကြက်သည်လည်းကောင်း၊ ပတ္တမြားတို့သည်လည်းကောင်း၊ တောင်ဝှေးသည် လည်းကောင်း၊ ပုညလက္ခဏာဒေဝီ မည်သော မိန်းမသည်လည်းကောင်း ဖြစ်ကုန်၏။

ဇာတ်ပေါင်း

ဤသို့ ဟောတော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်း၏ ဆရာဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ဆာရှစ်ဆယ့်လေးခုမြောက်သော သိရိဇာတ်သည် ပြီး၏။

---

## ၂၇၅-မဏိသူကရဇာတ်

### ပတ္တမြားမှန်လျှင် နွံနစ်သော်လည်း မညစ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် “ဒရိယာ သတ္တ ဝဿာနိ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤမဏိသူကရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သုန္ဒရီ၏ အစည်းအဝေးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထုသည် မဟာခဏ္ဍဇာတ်၌ လာသလျှင်တည်း။ ဤဇာတ်၌ အကျဉ်းကား ဤသို့တည်း-မြတ်စွာဘုရားအားလည်းကောင်း၊ ရဟန်း သံဃာ အားလည်းကောင်း မြစ်ကြီးငါးစင်းတို့၏ ကြီးစွာသော ရေအလျဉ်ကဲ့သို့

လာဘသက္ကာရတို့သည် ဖြစ်ကုန်၏။ သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည်ကား နေထွက်သောအခါ ပိုးစုန်းကြူးတို့ကဲ့သို့ အရောင်အဝါ မရှိကုန်သည် ဖြစ်၍ ရဟန်းဂေါတမ၏ဖြစ်သောကာလမှစ၍ ငါတို့သည် လာဘသက္ကာရမှ ယုတ်ကုန်၏။ တစ်စုံတစ်ယောက်သော သူသည်မျှ ငါတို့၏ရှိသောအဖြစ်ကိုလည်း မသိ၊ အဘယ်သူနှင့် တစ်ပေါင်းတည်း ဖြစ်၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို ဖြစ်စေ၍ ရဟန်းဂေါတမ၏ လာဘသက္ကာရကို ငါတို့ ကွယ်စေကုန်ရအံ့နည်းဟု တစ်ပေါင်းတည်း စည်းဝေး၍ တိုင်ပင်ကုန်၏။ ထိုအခါ တိတ္ထိတို့အား သုန္ဒရီနှင့် တစ်ပေါင်းတည်း ဖြစ်၍ ကွယ်စေအံ့ဟု အကြံသည် ဖြစ်၏။ ထိုတိတ္ထိတို့သည် တစ်နေ့သ၌ တိတ္ထိတို့၏ အရံသို့ ဝင်၍ တည်သော သုန္ဒရီကို စကားမဆိုဘဲ နေကြကုန်၏။ သုန္ဒရီသည် အဖန်ဖန်တလဲလဲ ဆိုငြားသော်လည်း စကားတို့ကို မဆို၍ အရှင်ကောင်းတို့ကို တစ်စုံတစ်ယောက်သော သူသည် ညှဉ်းဆဲသလောဟု မေး၏။ နှမ သင်သည် ငါတို့ကို နှိပ်စက်၍ လာဘသက္ကာရ မရှိသည်ကို ပြု၍ သွားသော ရဟန်းဂေါတမကို မမြင်လောဟု ဆိုကုန်၏။ ဤအရာ၌ အကျွန်ုပ်သည် အဘယ်သို့ ပြုရအံ့နည်းဟု သုန္ဒရီသည် ဆို၏။ နှမ သင်သည် အဆင်းလှ၏။ တင့်တယ်ခြင်းအစုသို့ ရောက်၏၊ ရဟန်းဂေါတမအား အကျော်အစောမဲ့ကို တင်၍ လူများကို သင့်စကားကို ယူစေ၍ လာဘသက္ကာရ ပျောက်အောင် ပြုလော့ဟု တိတ္ထိတို့သည် ဆိုကုန်၏။ သုန္ဒရီသည် ကောင်းပြီဟု ဝန်ခံ၍ ရှိခိုး၍ သွား၏။

ထိုအခါမှစ၍ ပန်း နံ့သာ နံ့သာပျောင်း ပန်းဥ ကတိုး အစရှိသည်တို့ကို ယူ၍ ညချမ်းအခါ၌ လူများ၏ ဘုရား တရားတော်ကို နာ၍ မြို့သို့ ဝင်သော ကာလ၌ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွား၏။ အဘယ်သို့ သွားသနည်းဟု မေးသည်ရှိသော် ရဟန်းဂေါတမ၏ အထံသို့ သွားအံ့၊ ငါသည် ရဟန်း ဂေါတမနှင့်အတူ ဂန္ဓကုဋိတိုက်၌ နေချေအံ့ဟု ဆို၍ တိတ္ထိတို့၏ အရံ၌ အိပ်၍ နံနက်စောစောလျှင် ဇေတဝန်ကျောင်းတော်ခရီးသို့ သက်၍ မြို့သို့ ရှေးရှုသွား၏။ သုန္ဒရီ အဘယ်မှ လာသနည်းဟု မေးသည် ရှိသော် ရဟန်းဂေါတမနှင့်အတူ တစ်ခုတည်းသော ဂန္ဓကုဋိ၌ နေ၍ ရဟန်း ဂေါတမကို ကိလေသာဖြင့် မွေ့လျော်စေ၍ လာခဲ့၏ဟု ဆို၏။ ထိုအခါ နှစ်ရက် သုံးရက် လွန်သဖြင့် သေသောက်ကြူးတို့အား အသပြာ ပေး၍ သွားကြကုန်။ သုန္ဒရီကို သတ်၍ ရဟန်းဂေါတမ၏ ဂန္ဓကုဋိ၏နီး၌ ပန်းအမှိုက်ကြား၌ ပစ်၍ လာကြကုန်ဟု တိတ္ထိတို့သည် ဆိုကုန်၏။ သေသောက်ကြူးတို့သည် တိတ္ထိတို့ဆိုတိုင်း ပြုကုန်၏။ ထိုနောက်မှ တိတ္ထိတို့သည် သုန္ဒရီကို မမြင်ကုန်ဟု အုတ်အုတ်ကျက်ကျက် ပြု၍ မင််းအား ကြား၍ အဘယ်အရပ်၌ သင်ကိုသည် တွေးတောခြင်း ရှိကုန်သနည်းဟု ဆို၍ ဤမည်သော နေ့၌ ဇေတဝန်ကျောင်းတော်၌ နေ၏။ ထိုဇေတဝန်ကျောင်းတော်၌

သုန္ဒရီ၏ အကြောင်းကို ငါတို့ မသိကုန်ဟု ဆို၍ ထိုသို့ တပြီးကား သွားကြကုန်လော့၊ သုန္ဒရီကို ရှာကြကုန်လော့ဟု မင်းသည် ခွင့်ပြုအပ်သည် ဖြစ်၍ မိမိတို့၏ အလုပ်အကျွေးတို့ကို ခေါ်၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ ရှာကုန်လတ်သော် ပန်းအမှိုက်အကြား၌ မြင်၍ ညောင်စောင်းသို့ တင်၍ မြို့သို့ ဝင်၍ အချင်းတို့ ရဟန်းဂေါတမ၏ တပည့်တို့သည် ဆရာပြုသော ထိုမကောင်းမှုကို ဖုံးလွှမ်းလိုကုန်၍ သုန္ဒရီကို သတ်၍ ပန်းမှိုက်ကြား၌ ပစ်ကုန်၏ဟု မင်းအား ကြားလျှောက်စေကုန်၏။ မင်းသည် ထိုသို့ဖြစ်လျှင် သွားကြကုန်၊ မြို့ကို လှည့်လည်ကြကုန်လော့ဟု ဆို၏။

ထိုတိတ္ထိတို့သည် မြို့လမ်းခရီး၌ သာကီဝင်မင်းသား ရဟန်း တို့၏ အမှုကို ကြည့်ကြကုန်လော့ အစရှိသော စကားတို့ကို ဆို၍ တစ်ဖန် မင်းအိမ်တံခါးသို့ လာကုန်၏၊ မင်းသည် သုန္ဒရီ၏ အကောင်ကို အစိမ်းပစ်ရာ သုသာန်၌ ညောင်စောင်းသို့ တင်၍ စောင့်စေ၏။ အရိယာတို့ကို ထား၍ သာဝတ္ထိပြည်၌ နေကုန်သော သူတို့သည် သာကီဝင်မင်းသား ရဟန်းတို့၏ အမှုကို ကြည့်ကြကုန်လော့။ ဤသို့ အစရှိသော စကားတို့ကို ဆို၍ မြို့တွင်း၌လည်းကောင်း၊ မြို့ပ၌လည်းကောင်း တစ်ပါးကုန်သော ရဟန်းတို့ကို ဆဲရေးကုန်၏။ ရဟန်းတို့သည် ထိုအကြောင်းကို ဘုရားအား ကြားလျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ ထိုသို့ဖြစ်လျှင် သင်တို့သည် ထိုသူတို့ကို မဟုတ်မမှန် စွပ်စွဲသော သူသည်လည်းကောင်း၊ ပြုလျက် မပြုဟု ဆိုသော သူသည်လည်းကောင်း ငရဲသို့ ရောက်၏။ တမလွန်၌ ယုတ်မာသော အမှုရှိကုန်သော ထိုသူနှစ်ယောက်တို့သည် တူကြကုန်၏။ ဤသို့ စကားတို့ကို ဆိုကြကုန်လော့ဟု မိန့်တော်မူ၏။ မင်းသည် သုန္ဒရီကို တစ်ပါးသော သူတို့သည် သတ်သော အဖြစ်ကို သိအောင် ပြုကြကုန်လော့ဟု အချင်းတို့ကို စေ၏။ ထိုအခါ၌ သေသောက်ကြူးသူတို့သည်လည်း အသပြာတို့ဖြင့် သေသောက်ကုန်လျက် အချင်းချင်း ခိုက်ရန် ဖြစ်ကြကုန်၏။ ထိုသေသောက်ကြူးတို့တွင် တစ်ယောက်သော သေသောက်ကြူးသည် သင်ကား သုန္ဒရီကို တစ်ချက်တည်းဖြင့်လျှင် သတ်၍ ပန်းအမှိုက်ကြား၌ ပစ်၍ ရသော အသပြာတို့ဖြင့် သေကို သောက်ရ၏။ သင်တို့ကဲ့သို့သော သူတို့သည် အဘယ်သူ မည်ကုန်သနည်းဟု ဆို၏။ မင်းချင်းယောကျ်ားတို့သည် ထိုသေသောက်ကြူး တို့ကို ဖမ်း၍ မင်းအား ပြကုန်၏။ ထိုအခါ ထိုသေသောက်ကြူးတို့ကို မင်းသည် သင်တို့ သုန္ဒရီကို သတ်သလောဟု မေး၏၊ အရှင်မင်းကြီး သတ်၏ဟု ဆိုကုန်၏။ အဘယ်သူတို့သည် သင်တို့ကို သတ်စေသနည်းဟု မင်းသည် မေး၏။ မြတ်သော မင်းကြီး သာသနာတော်မှအပ ဖြစ်ကုန်သော တိတ္ထိတို့သည် သတ်စေ၏ဟု ဆိုကုန်၏။

မင်းသည် တိတ္ထိတို့ကို ခေါ်၍ သုန္ဒရီကို ညောင်စောင်း၌ တင်၍ ဤသုန္ဒရီကို ရဟန်းဂေါတမအား ကျေးဇူးမဲ့ကို တင်လိုကုန်သော ငါတို့သည် သတ်စေ၏။ ရဟန်းဂေါတမ၏ ဥပဋ္ဌာကတို့အား အပြစ်မရှိပေ။ ငါတို့အားသာလျှင် အပြစ်ရှိ၏ဟု ဆိုကုန်လျက် မြို့ကို လှည့်လည်ကြကုန်ဟု ဆို၏။ တိတ္ထိတို့သည် မင်းဆိုတိုင်း ပြုကြကုန်၏။ မိုက်သော လူများသည် ထိုအခါမှ ယုံကြည်၏။ တိတ္ထိတို့သည်လည်း လူသတ်ဒဏ်ဖြင့် နှောင့်ယှက်ကုန်၏။ ထိုအခါမှစ၍ သဗ္ဗညုမြတ်စွာဘုရားတို့အား အတိုင်းထက်အလွန် ကြီးစွာသော လာဘသက္ကာရသည် ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ငါ့ရှင်တို့ တိတ္ထိတို့သည် ဘုရားရှင် တို့၏ မည်းညစ်သည်၏ အဖြစ်ကို ဖြစ်စေကုန်အံ့ဟု အမှုကို ပြုကုန်လျက် မိမိတို့ သည်သာ မည်းညစ်သည်၏ အဖြစ်သို့ ရောက်၏။ ဘုရားရှင်တို့အားကား ကြီးစွာသော လာဘသက္ကာရသည် ဖြစ်၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဘုရားတို့၏ ညစ်နွမ်း ခြင်းကို ပြုခြင်းမည်သည်ကား ပဏ္ဍာများ၏ ညစ်နွမ်းခြင်းကို ပြုသည်နှင့် တူ၏။ ရှေးသရေအခါ ဇာတ်ရသ ပတ္တမြား၏ ညစ်နွမ်းခြင်းကို ပြုကုန်အံ့ဟု သတ္တပါ တို့သည် လုံ့လပြုကုန်သော်လည်း ညစ်နွမ်းခြင်းကို ပြုအံ့သောငှါ မတတ်နိုင် ကုန်ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကာမတို့၌ အပြစ်ကို မြင်၍ တောထွက်၍ ဟိမဝန္တာအရပ်၌ သုံးခုသော တောင်အရေးတို့ကို လွန်၍ ရသေ့ပြု၍ ကျောင်းဆောက်၍ နေ၏။ ထိုကျောင်း၏ အနီး၌ ပတ္တမြားလိုဏ်သည် ရှိ၏၊ ထိုပတ္တမြားလိုဏ်၌ သုံးဆယ် ကုန်သော ဝက်တို့သည် နေကုန်၏။ ပတ္တမြားလိုဏ်၏ အနီး၌ တစ်ကောင်သော ခြင်္သေ့သည် ကျက်စား၏။ ထိုခြင်္သေ့၏ အရိပ်သည် ပတ္တမြား၌ ထင်၏။ ဝက်တို့ သည် ခြင်္သေ့အရိပ်ကို မြင်၍ ထိတ်လန့်ကုန်ရကား နည်းသော အသားအသွေး ရှိကုန်၏။ ထိုဝက်တို့သည် ဤပတ္တမြား၏ ကြည်သည်၏ အဖြစ်ကြောင့် ဤအရိပ်သည် ထင်၏။ ဤပတ္တမြားကို ညစ်နွမ်းအောင် ပြုကြကုန်အံ့ဟု ကြံ၍ မနီးမဝေးသော အရပ်ဝယ် တစ်ခုသော ရေကန်သို့ သွား၍ ညွန်၌ လူး၍ လာလတ်၍ ထိုပတ္တမြားကို ပွတ်ကုန်၏။ ပတ္တမြားသည် ဝက်တို့၏ အမွေးတို့ဖြင့်

ပွတ်အပ်သည့် ရှိသော် အတိုင်းထက်အလွန် ကြည်၏။ ဝက်တို့သည် အကြောင်းကို မမြင်နိုင်ကုန်၍ ပတ္တမြားတို့၏ ညစ်နွမ်းခြင်းကို ပြုတတ်သော အကြောင်းကို ရသေ့ကို မေးကုန်အံ့ဟု ဘုရားလောင်းသို့ ဆည်းကပ်၍ လျှောက်ပတ်စွာ တည်ကုန်၍ ဤဂါထာတို့ကို ဆိုကုန်၏—

၁၀၃။ ဒရိယာ သတ္တ ဝဿာနိ၊ တိံသမတ္တာ ဝသာမသေ။
ဟညာမ မဏိနော အာဘံ၊ ဣတိ နော မန္တနံ အဟု။

၁၀၄။ ယာဝတာ မဏိံ ဃံသာမ၊ ဘိယျော ဝေါဒါယတေ မဏိ။
ဣဒဉ္စ ဒါနိ ပုစ္ဆာမ၊ ကိံ ကိစ္စံ ဣဓ မညသိ။

အို— အရှင်ရသေ့ ပတ္တမြားဂူ၌ ခုနစ်နှစ်တို့ပတ်လုံး သုံးဆယ်ကုန်သော ငါတို့သည် နေကုန်၏။ ပတ္တမြား၏ အရောင်ကို သတ်ကုန်အံ့၊ ဤသို့ အကျွန်ုပ်တို့၏ တိုင်ပင်ခြင်းသည် ဖြစ်၏။

အကြင်မျှလောက်သော ညွန့်ဖြင့် ငါတို့သည် ပတ္တမြားကို ပွတ်ကုန်၏။ ပတ္တမြားသည် လွန်စွာ အရောင်ထွက်၏။ ယခုအခါ၌ ထိုရသေ့ကို ဤအကြောင်းကို မေးကုန်၏။ ဤအရာ၌ ငါတို့၏ အမှုကိစ္စကို အရှင်ဘုရားသည် အသို့ အောက်မေ့သနည်း။

ထိုအခါ ထိုဝက်တို့အား ကြားလိုရကား ဘုရားလောင်းသည် သုံးခုမြောက်သော ဤဂါထာကို ဆို၏—

၁၀၅။ အယံ မဏိ ဝေဠုရိယော၊ အကာစော ဝိမလော သုဘော။
နာ’ဿ သက္ကာ သိရိံ ဟန္တုံ၊ အပက္ကမထ သူကရာ။

ဝက်တို့. ဤပတ္တမြားသည် ကြောင်မျက်ရွဲတည်း၊ မကြမ်း ပြန့်ပြောသော အရောင်ရှိ၏။ တင့်တယ်၏။ ထိုပတ္တမြား၏ အရောင်အပါကို ဖျောက်အံ့သောငှါ မတတ်ကောင်း သင်တို့သည် ဖဲကြကုန်လော့။

ထိုဝက်သည် ဘုရားလောင်း စကားကိုကြား၍ ဘုရားလောင်း ဆိုတိုင်း ဖဲကြကုန်၏။ ဘုရားလောင်းသည် ဈာန်ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာရှစ်ဆယ့်ငါးခုမြောက်သော မဏိသူကရဇာတ်သည် ပြီး၏။

---

## ၂၈၆-သာလူကဇာတ်

### အန္တရာယ်ကင်းသော အစာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မာ သာလုကဿ ပိဟယိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသာလူကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အချိုဖြိုး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် တေရသကနိပါတ် လေးခုမြောက် စူဠနာရဒဇာတ်၌ ထင်စွာဖြစ်လတ္တံ့။ ထိုရဟန်းကိုကား ခေါ်တော်မူ၍ ရဟန်း သင်သည် ငြီးငွေ့တတ်၏ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် သင့်ကို အဘယ်သူသည် ငြီးငွေ့စေသနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အချိုကြီးသည် ငြီးငွေ့စေ၏ဟု နားတော်လျှောက်သည် ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြု၏။ ရှေး၌လည်း သင်သည် ထိုမိန်းမအား ထိမ်းမြားသော ကာလ၌ လာသော ပရိသတ်၏ လက်သုပ်ဟင်းလျာ ဖြစ်ဖူးပြီဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မဟာလောဟိတ မည်သော နွားဖြစ်၏။ ဘုရားလောင်း၏ ညီဖြစ်သော နွားသည်ကား စူဠလောဟိတမည်၏။ နွားနှစ်ကောင်တို့သည်လည်း တစ်ဦးသောအမျိုး၌ အမှုကိုပြုကုန်၏။ ထိုအမျိုးအား အရွယ်သို့ ရောက်သော တစ်ယောက်သော အမျိုးသမီးသည် ရှိ၏။ ထိုသမီးကို တစ်ဦးသော အမျိုးသားသည် တောင်း၏။ ထိုအခါ သမီးကို အမျိုး၌ ထိမ်းမြားသော ကာလ၌ လက်သုပ်ဟင်းလျာ ဖြစ်လတ္တံ့ဟု သာလူကမည်သော ဝက်ကို ယာဂုထမင်းဖြင့် မွေး၏။ ထိုသာလူကသည် ညောင်စောင်းအောက်၌ အိပ်ရ၏။ ထိုအခါ တစ်နေ့သ၌ စူဠလောဟိတ မည်သော နွားသည် အစ်ကိုနောင်တော် ငါတို့သည် ဤအမျိုး၌ အမှုကို ပြုကြကုန်၏။ ငါတို့ကို မှီ၍ ဤအမျိုးသည် အသက်မွေး၏။ ထိုသို့ ဖြစ်လျက်လည်း ဤလူတို့သည် ငါတို့အား မြက် ကောက်ရိုးကိုသာ ပေးကုန်၏။ ဤဝက်ကိုကား ယာဂုထမင်းဖြင့် မွေးကုန်၏။ ညောင်စောင်း

အောက်၌ အိပ်စေကုန်၏။ ဤသူတို့သည် အဘယ်သို့ ပြုလေကုန်သနည်းဟု ဆို၏။ မဟာလောဟိတ နွားသည် ညီထွေး စူဠလောဟိတ သင်သည် သာလူက ဝက်၏ ယာဂုထမင်းကို မတောင့်တလင့်။ ထိုသတို့သမီးကို ထိမ်းမြားသော နေ့၌ သာလူကကို လက်သုပ်ဟင်းလျာပြု၍ အသား ပွဲများစိမ့်သောငှါ ထိုသူတို့သည် မွေးကုန်၏။ နှစ်ရက် သုံးရက် လွန်သဖြင့် သာလူကကို ညောင်စောင်းအောက်မှ ထုတ်၍ သတ်၍ အပိုင်းပိုင်းဖြတ်၍ ဧည့်သည်တို့၏ အစာလုပ်သည်ကို မြင်ရကုန်အံ့ဟု ဆိုလို၍ ဤနှစ်ဂါထာတို့ကို ဆို၏—

၁၀၆။ မာ သာလူကဿ ပိဟယိ၊ အာတုရန္နာနိ ဘုဉ္ဇတိ။
အပ္ပေါဿုက္ကော ဘုသံ ခါဒ၊ ဧတံ ဒီဃာယုလက္ခဏံ။

၁၀၇။ ဣဒါနိ သော ဣဓာဂန္တွာ၊ အတိထိ ယုတ္တသေဝကော။
အထ ဒက္ခသိ သာလူကံ၊ သယန္တံ မုသလုတ္တရံ။

ညီထွေးစူဠလောဟိတ သင်သည် သာလူကဝက်၏ အစာကို မချစ်လင့်၊ သာလူကသည် သေအံ့သော အစာတို့ကို စား၏။ သင်သည် ကြောင့်ကြမဲ့ဖြစ်၍ မြက်ကောက်ရိုးတို့နှင့် ရောသော ဖွဲကို စားလော့။ ဤအစာသည် အသက်ရှည်ခြင်း၏ လက္ခဏာအကြောင်းတည်း။

ယခုအခါ၌ ထိုထိမ်းမြားသော ယောကျ်ားသည် ဤအိမ်သို့ ယှဉ်လာမှီဝဲသော ဧည့်သည်ဖြစ်၍ လာသည်ဖြစ်လတ္တံ့။ ထိုအခါ၌ ကျည်ပွေ့နှင့်တူသော အထက်နှုတ်ခမ်းရှိသော သာလူကကို သတ်အံ့သောငှါ အိပ်သည်ကို မြင်ရလတ္တံ့။

ထိုသို့ဆိုသော နေ့မှ နှစ်ရက် သုံးရက် လွန်လတ်၍ ထိမ်းမြားခြင်းသို့ ရောက်သည်ရှိသော် သာလူကကို သတ်၍ လက်သုပ်ဟင်းလျာ ပြုကုန်၏။ ထိုနွားနှစ်ကောင်တို့သည် သာလူက၏ ထိုပျက်စီးခြင်းကို မြင်၍ ငါတို့၏ မြက် ကောက်ရိုးဟူသော အစာသည်သာလျှင် ကောင်းမြတ်၏ဟု ကြံကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ထိုအနက်ကို ပြအံ့သောငှါ သုံးခုမြောက် ဤဂါထာကို ဟောတော်မူ၏—

၁၀၈။ ဝိကန္တံ သူကရံ ဒိသွာ၊ သယန္တံ မုသလုတ္တရံ။
ဇရဂ္ဂဝါ ဝိစိန္တေသုံ၊ ဝရမှာကံ ဘုသာမိဝ။

ငိုမြည်တမ်းသော ကျည်ပွေ့နှင့် တူသော အထက်နှုတ်ခမ်းရှိသော ဝက်ကို သတ်အံ့သောငှါ အိပ်သည်ကိုမြင်၍ နွားအိုတို့သည် ငါတို့၏ မြက် ကောက်ရိုးနှင့် ရောသော ဖွဲသည်သာလျှင် မြတ်၏ ဟူ၍ ကြံကြကုန်၏။

### ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အပျိုကြီးသည် ထိုအခါ အမျိုးသမီး ဖြစ်ဖူးပြီ။ ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ သာလူကဝက် ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ စူဠလောဟိတနွား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မဟာလောဟိတနွား ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(စားကောင်းကျွေးလည်း၊ အရေးထောက်ချင့်၊ ဝမ်းမပြေခက်လင့်)

နှစ်ရာရှစ်ဆယ့်ခြောက်ခုမြောက်သော သာလူကဇာတ်သည် ပြီး၏။

---

### ၂၈၇-လာဘဂရဟဇာတ်

### လာဘ်များဖို့

### ပစ္စုပ္ပန်ဝတ္ထု

နှုတ်နှင့်တဲကူသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် နာ နူမ္မတ္တော-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤလာဘဂရဟဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်သာရိပုတ္တရာ မထေရ်၏ အတူနေတပည့်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှင်သာရိပုတ္တရာ မထေရ်၏ အတူနေတပည့်သည် အရှင်သာရိပုတ္တရာမထေရ်သို့ ဆည်းကပ်၍ ရှိခိုး၍နေလျက် အရှင်ဘုရား အကျွန်ုပ်အား လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို ဟောတော်မူပါလော့။ အဘယ်သို့ ပြုသော သူသည် သင်္ကန်း အစရှိသော လာဘ်တို့ကို ရသနည်းဟု မေး၏။ ထိုအခါ ထို ရဟန်းအား အရှင်သာရိပုတ္တရာ မထေရ်သည် ငါ့မျှင် လေးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသော ရဟန်းအား လာဘသက္ကာရ ဖြစ်၏။ မိမိကိုယ်တွင်း၌ ဟိရိဩတ္တပ္ပ ကိုဖျက်၍ ရဟန်းအဖြစ်ကို စွန့်၍—

မရှူးသော်လည်း ရှူးသကဲ့သို့ ဖြစ်ရာ၏။
ပိသုဏဝါစာကို ဆိုရာ၏။
ကချေသည်နှင့်တူသည် ဖြစ်ရာ၏။
ဖရိုဖရဲသော စကားရှိသည် ဖြစ်ရာ၏။

ဤအကျင့်သည်ကား လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်တည်းဟု ဟော၏။ ထိုရဟန်းသည် ထိုအကျင့်ကို ကဲ့ရဲ့၍ ထ၍ဖဲသွား၏။ အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားသို့ ဆည်းကပ်၍ ရှိခိုး၍ ထိုအကြောင်းကို ကြား၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းသည် ယခုအခါ၌ သာလျှင် လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို ကဲ့ရဲ့သည်မဟုတ်သေး၊ ရှေး၌လည်းကဲ့ရဲ့ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာမထေရ်သည် တောင်းပန်လတ်သော် အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တဆယ့်ခြောက်နှစ်ကလျှင် ဗေဒင်သုံးပုံ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့၏ အဆုံးသို့ရောက်၍ ဒိသာပါမောက္ခ ဆရာဖြစ်၍ လုလင်ငါးရာတို့ကို အတတ်သင်၏။ လုလင်တို့တွင် တစ်ယောက်သောလုလင်သည် သီလအကျင့်နှင့်ပြည့်စုံ၏။ ထိုလုလင်သည် တစ်နေ့သ၌ ဆရာသို့ ဆည်းကပ်၍ သတ္တဝါတို့အား အဘယ်အကြောင်းကြောင့် လာဘ်ဖြစ်သနည်းဟု လာဘ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော အကျင့်ကိုမေး၏။ ဆရာသည် အမောင် ဤသတ္တဝါတို့အား လေးပါးကုန်သော အကြောင်းတို့ဖြင့် လာဘ်သည် ဖြစ်၏ဟုဆို၍ ရှေးဦးစွာသော ဤဂါထာကိုဆို၏—

၁၀၉။ နာနုမ္မတ္တော နာပိသုဏော၊ နာနဋော နာကုတူဟလော။
မူဠ္ဌေသု လဘတေ လာဘံ၊ ဧသာ တေ အနုသာသနီ။

မရှူးဘဲလျက် ရှူးသောသူတို့၏၊ အမူအရာကို ကျင့်ရာ၏၊ ချောပစ် ကုန်းတိုက်တတ်သော အမျိုးမဟုတ်လျက် ချောပစ်ကုန်းတိုက်သော အကျင့်ကို ကျင့်ရာ၏၊ (သူတစ်ပါး၏ မကောင်းသတင်းပို့ရမည်) ကချေသည်မဟုတ်ဘဲလျက် ကချေသည်တို့၏ အမူအရာကိုကျင့်ရမည်၊ ဖရိုဖရဲစကား(တောင်စဉ်ရေမရ) ပြောတတ်ရမည်၊ မိုက်မဲတွေဝေကုန်သော သူတို့ဆီက လာဘ်ကို ရ၏၊ဤသည်ကား သင့်အား ပေးအပ်သောအဆုံးအမတည်း။

တပည့်သည် ဆရာ၏ စကားကို ကြား၍ လာဘ်တို့ကို ကဲ့ရဲ့လိုရကား ဤဂါထာတို့ကို ဆို၏။

၁၁၀။ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

၁၁၁။ အပိ စေ ပတ္တမာဒါယ၊ အနဂါရော ပရိဗ္ဗဇေ။
သောဝ ဇီဝိကာ သေယျော၊ ယာ စာဓမ္မေန ဧသနာ။

ပုဏ္ဏား ကိုယ်ကို ဖျက်ဆီးသဖြင့် လည်းကောင်း အဓမ္မကို ကျင့်သဖြင့် လည်းကောင်း ဖြစ်သောအခြွေအရံ ရခြင်းကိုလည်းကောင်း ဥစ္စာစိမ်ရခြင်းကို လည်းကောင်း ငါစက်ဆုပ်၏၊ အဓမ္မဖြင့် ဥစ္စာရှာခြင်းထက် နေရာမရှိသည်ဖြစ်၍ သပိတ်ကိုယူ၍ အကယ်၍ ဆွမ်းခံသွားငြားအံ့၊ ဤအသက်မွေးခြင်းသည်မြတ်၏။

ဤသို့လုလင်သည် ရဟန်းအဖြစ်၏ ကျေးဇူးကိုဆို၍ တောထွက်၍ ရသော ရဟန်းပြု၍ တရားသဖြင့် ဆွမ်းကို ရှာလျက် အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေလျက် ဗြဟ္မာ့ပြည်သို့လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ လာဘ်ရခြင်း၏ အကြောင်း ဖြစ်သောအကျင့်ကို ကဲ့ရဲ့သော ရဟန်းသည် ထို အခါ လုလင်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဆရာဖြစ်ဖူး ပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

နှစ်ရာရှစ်ဆယ့်ခုနစ်ခုမြောက်သော လာဘဂရဟဇာတ်သည် ပြီး၏။

၂၈၈-မစ္ဆုဒ္ဒါနဇာတ်

အမျှဝေခြင်း၏အကျိုး

ဥစ္စာရင်းမှန်လျှင် ပြန်ရမည်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် အဋ္ဌကထာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမစ္ဆုဒ္ဒါနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော စဉ်းလဲသော ကုန်သည်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ ဆိုအပ်ပြီးသလျှင်ကတည်း။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသောအခါ ဘုရားလောင်းသည် သူကြွယ်မျိုး၌ဖြစ်၍ လိမ္မာသောအဖြစ်သို့ ရောက်သည်ရှိသော် ဥစ္စာကိုဖြစ်စေ၏။ ဘုရားလောင်းအား ညီသည်လည်းရှိ၏။ နောက်ကာလ၌ ထိုညီအစ်ကိုတို့၏ အဘသည် သေလွန်၏။ ထိုညီအစ်ကိုတို့သည် တစ်နေ့သ၌ အဘဥစ္စာကို ကုန်သွယ်ကုန်အံ့ဟု တစ်ခုသော ရွာသို့သွား၍ တစ်ထောင်သော အသပြာကိုရ၍ လာကုန်သော် မြစ်ဆိပ်၌ လှေကိုဆိုက်ကုန်၍ ထမင်းစားကြကုန်၏။ ဘုရားလောင်းသည် ထမင်းစားကြွင်းကို ဂင်္ဂါ၌ ငါးတို့အား ပေး၍ မြစ်စောင့်နတ်အား ဒါနအဖို့ကို ပေး၏။ မြစ်စောင့်နတ်သည် ဒါနအဖို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ်အခြံအရံဖြင့် ပွား၏။ မိမိစည်းစိမ်ပွါးခြင်းကို ဆင်ခြင်လတ်သော် အကြောင်းကို သိ၏။ ဘုရားလောင်းသည်လည်း သဲပြင်၌ အပေါ်ရုံ ပုဆိုးကိုခင်း၍ လျောင်းလျက် အိပ်ပျော်ခြင်းသို့ ရောက်၏။ ဘုရားလောင်း၏ ညီသည်ကား အတန်ငယ် ခိုးတတ်သော သဘောရှိ၏။ ထိုဘုရားလောင်း၏ ညီသည် ထိုအသပြာတို့ကို ဘုရားလောင်းအား မပေးမူ၍ မိမိချည်းသာ ယူလိုသည်၏အဖြစ်ကြောင့် ထိုအသပြာထုပ်နှင့်တူသော တစ်ခုသော ကျောက်စရစ်ထုပ်ကိုပြု၍ နှစ်ခုသောအထုပ်တို့ကိုလည်း တစ်ပေါင်းတည်းထား၍ လှေစီး၍ ဂင်္ဂါလယ်သို့ ရောက်သည်ရှိသော် ညီသည် လှေကိုလှုပ်စေ၍ "ကျောက်ထုပ်ကို ရေ၌ချအံ့ဟု အသပြာ တစ်ထောင်ထုပ်ကို ရေ၌ ချ၍ အစ်ကို အသပြာ တစ်ထောင်ထုပ်သည် ရေ၌ကျ၏။ အသို့ပြုအံ့နည်းဟု ဆို၏။ ရေ၌ကျသော် အသို့ပြုကုန်အံ့နည်း မစိုးရိမ်လင့်ဟု ဆို၏။

မြစ်စောင့်နတ်သည် ဤသူသည် ပေးအပ်သော ဒါနတို့ကို ဝမ်းမြောက်၍ နတ်စည်းစိမ်ဖြင့် ငါ့အား ပွါးများ၏။ ထိုသူ၏ ဥစ္စာကို စောင့်အံ့ဟု ကြံ၏။ ကြံပြီး၍ မိမိအား ထိုဥစ္စာထုပ်ကို ငါးကြီးကို မျိုစေ၍ မိမိသည် စောင့်၏။ ထိုဥစ္စာခိုးညီသည်လည်း အိမ်သို့သွား၍ အစ်ကိုတို့ကိုလှည့်စားအပ်ပြီဟု အထုပ်ကို ဖြေလတ်သော် ကျောက်စရစ်ထုပ်တို့ကို မြင်၍ နှလုံးချောက်တတ်သည်ဖြစ်၍ ညောင်စောင်းပေါက်ကို ဖက်၍အိပ်၏။ ထိုအခါ တံငါတို့သည် ငါးဖမ်းအံ့သော ငှါ ကွန်ကိုပစ်ကုန်၏။ ထိုငါးသည် နတ်၏ အာနုဘော်အားဖြင့် ကွန်သို့ဝင်၏။ တံငါတို့သည် ငါးကိုယူ၍ရောင်းအံ့သောငှါ မြို့သို့ဝင်ကုန်၏။ လူတို့သည် ငါးကြီးကိုမြင်၍ အဖိုးကိုမေးကုန်၏။ တံငါတို့သည် အသပြာတစ်ထောင်နှင့် ခုနစ်ပဲ ပေး၍ ယူကြကုန်လောဟု ဆိုကုန်၏။ လူတို့သည် အသပြာတစ်ထောင်ထိုက်သော ငါးကို ငါတို့မမြင်စဖူးဟု ပြက်ရယ်ပြုကြကုန်၏။ တံငါတို့သည် ငါးကိုယူ၍ ဘုရားလောင်း၏ အိမ်တံခါးသို့သွား၍ ငါးဝယ်ကုန်လောဟု ဆိုကုန်၏။

ငါးဖိုး အဘယ်မျှနည်းဟုမေး၏။ ခုနစ်ပဲပေး၍ ယူကုန်လောဟု ဆိုကုန်၏။ တစ်ပါးသောသူတို့အား ပေးကုန်သော် အသို့ သင်တို့ပေးကုန်သနည်းဟုမေး၏။ တစ်ပါးသောသူတို့အား အသပြာတစ်ထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏ဟု ဆိုကုန်၏။ သင်တို့သည်မူကား ခုနစ်ပဲမျှပေး၍ ယူကုန်လော့ဟု တံငါတို့သည် ဆိုကုန်၏။ ဘုရားလောင်းသည် တံငါတို့အား ခုနစ်ပဲပေး၍ ငါးကို မယားသို့ ပို့စေ၏။ ဘုရားလောင်း၏ မယားသည် ငါး၏ ဝမ်းကိုခွဲ၍ အသပြာတစ်ထောင်ထုပ်ကို မြင်၍ ဘုရားလောင်းအား ကြား၏။ ဘုရားလောင်းသည် ထိုအသပြာထုပ်ကိုမြင်၍ မိမိ၏ တံဆိပ်ကိုမြင်၍ မိမိဥစ္စာအဖြစ်ကို သိ၍ ယခု တံငါတို့သည် ဤငါးကို သူတစ်ပါးတို့အား အသပြာတစ်ထောင်နှင့် ခုနစ်ပဲတို့ဖြင့် ပေးကုန်၏။ ငါတို့ အထံသို့ ရောက်ရကား အသပြာ တစ်ထောင်သည် ငါတို့၏ ဥစ္စာဖြစ်သောကြောင့် ခုနစ်ပဲတို့ကို သာလျှင် ယူ၍ပေးကုန်၏။ ဤအကြောင်းကို မသိသော တစ်စုံတစ်ယောက်သော သူကို ယုံစေခြင်းငှါ မတတ်ကောင်းဟု ကြံ၍ ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၁၁၂။ အတ္ထိ မစ္ဆာ အဓိကံ သဟဿံ၊
နု သော အတ္ထိ ယော ဣမံ သဒ္ဒဟေယျ။
မယှဥ္စ အဿု ဣဓ သတ္တမာသာ။
အဟံ ပိ တံ မစ္ဆုဒ္ဒါနံ ကိဏေယျံ။

ငါးတို့သည် ခုနစ်ပဲ အလွန်ရှိသော အသပြာ တစ်ထောင်ကို ထိုက်ကုန်၏။ ဤသို့ သူတစ်ပါးတို့သည် မေးအပ်ကုန်သော တံငါတို့သည် ဆိုကုန်၏။ ဤစကားကို ယုံရာသောသူသည် မရှိ။ ဤငါးအပေါင်း၌ ငါ့အားကား ခုနစ်ပဲ တို့သည် ဖြစ်ကုန်၏။ ငါသည်လည်း ထိုငါးအပေါင်းကို ဝယ်၏။

ဤသို့ဆို၍ အဘယ်ကို အမှီပြု၍လျှင် ငါသည် ထိုအသပြာတို့ကို ရအပ်ကုန်သနည်းဟု ကြံ၏။ ထိုခဏ၌ မြစ်စောင့်နတ်သည် ကောင်းကင်၌ ထင်သော အဆင်းဖြင့် ရပ်လျက် ငါကား ဂင်္ဂါစောင့် နတ်တည်း၊ သင်သည် ငါးတို့အား အကြွင်းဖြစ်သော ထမင်းကို ပေး၍ ငါ့အား ဒါနအဖို့ကို ပေးဝေ၏။ ထို့ကြောင့် ငါသည် သင်၏ ဥစ္စာကို စောင့်၏ဟု ပြလိုရကား ဤဂါထာကို ဆို၏—

၁၁၃။ မစ္ဆာနံ ဘောဇနံ ဒတွာ၊ မမ ဒက္ခိဏမာဒိသိ။
တံ ဒက္ခိဏံ သရန္တိယာ၊ ကတံ အပစိတိံ တယာ။

ငါးတို့အား ထမင်းကို ပေး၍ ငါ့အား ဒါနအဖို့ကို သင် ပေးဝေ၏။ သင်သည် ပြုအပ်သော ဒါနအဖို့ကို ပေးဝေခြင်း ဟူသော ထိုပူဇော်ခြင်းကို အောက်မေ့သော ငါသည် သင်၏ ဥစ္စာကို စောင့်အပ်၏။

ဤစကားကို ဆို၍ ထိုနတ်သားသည် ဘုရားလောင်းအား 'ညီသည် ပြုအပ်သော စဉ်းလဲသောအမှု အလုံးစုံကိုဆို၍ ဤငါးသည် ယခု နှလုံးချောက်တတ်သဖြင့် အိပ်၏။ ပြစ်မှားသော စိတ်ရှိသော သူအား စီးပွားမည်သည် မရှိ။ ငါသည်ကား သင်၏ ဥစ္စာသည် မပျက်စီးစေလင့်ဟု ဥစ္စာကို ဆောင်ခဲ့၍ သင့်အား ပေး၏။ ဥစ္စာကို ညီနှီးသူအား မပေးမူ၍ သင်သာလျှင် ယူလော့ဟု ဆိုလို၍ သုံးခုမြောက် ဤဂါထာကို ဆို၏—

၁၁၄။ ပဒုဋ္ဌစိတ္တဿ န ဖာတိ ဟောတိ၊ န စာပိ တံ ဒေဝတာ ပူဇယန္တိ။
ယော ဘာတရံ ပေတ္တိကံ သာပတေယျံ၊ အဝဉ္စယီ ဒုက္ကဋကမ္မကာရီ။

မကောင်းသော အမှုကို ပြုလေ့ရှိသောသူသည် အစ်ကိုကို အဖို့ရှိသော ဥစ္စာကို လှည့်စား၏။ ပြစ်မှားသောစိတ်ရှိသော သူအား အစီးအပွားသည် မဖြစ်။ ထိုသူကို နတ်တို့သည်လည်း မပူဇော်ကုန်။

ဤသို့ နတ်သည် အဆွေခင်ပွန်း ပြစ်မှားသော ခိုးသူအား အသပြာကို ပေးဝေခြင်းငှါ အလိုမရှိ၍ ဆို၏။ ဘုရားလောင်းသည်ကား ဤသို့ ပြုအပ်သောငှါ မတတ်ကောင်းဟု ညီအားလည်း ငါးရာသော အသပြာတို့ကို ပို့စေ သလျှင်ကတည်း။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ကုန်သည်သည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ စဉ်းလဲသော ကုန်သည်သည် ထိုအခါ ညီဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အစ်ကို ကုန်သည် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

(လှည့်စားကောက်ကျစ်၊ အကြံညစ်၊ မချစ်နတ်လူများ)

နှစ်ရာရှစ်ဆယ့်ရှစ်ခုမြောက်သော မစ္ဆုဒ္ဒါနဇာတ်သည် ပြီး၏။

## ၂၇၉-နာနာဆန္ဒဇာတ်

### လူတစ်ကိုယ် အကြိုက်တစ်မျိုး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နာနာဆန္ဒာ မဟာရာဇ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနာနာဆန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာမထေရ်၏ ဆုရှစ်ပါးရခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ကောဒသကနိပါတ်၊ နှစ်ခုမြောက် ဇုဏှဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ အဘလွန်သဖြင့် မင်းအဖြစ်သို့ ရောက်၏။ ထိုဘုရားလောင်းအား အရာမှုပယ်ချအပ်သော အဘ၏ ပုရောဟိတ်သည် ရှိ၏၊ ထိုပုရောဟိတ်သည် ဆင်းရဲ၍ တစ်ခုသော အိမ်အို၌ နေ၏။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် မထင်ရှားသောအသွင်ဖြင့် မြို့သို့စုံစမ်းလှည့်လည်၏။ ထိုဘုရားလောင်းကို ပြုအပ်ပြီးသော အမှုရှိကုန်သော ခိုးသူတို့သည် တစ်ခုသော သေတင်းကုပ်၌ သေသောက်၍ အိုးတို့ကိုယူ၍ မိမိအိမ်သို့ သွားကုန်လတ်သော် လမ်းခရီးအကြား၌ မြင်၍ အချင်း သင်ကား အသူနည်းဟုဆို၍ ပုတ်ခတ်လတ်၍ အပေါ်ရုံ ပုဆိုးတို့ကို ယူ၍ အိုးကိုထမ်းစေ၍ သွားကြကုန်၏။ ထိုပုဏ္ဏားသည်လည်း ထိုခဏ၌ ထွက်၍ ခရီးလမ်းလယ်၌ ရပ်လျက် နက္ခတ်တို့ကိုကြည့်၍ မင်း၏ ရန်သူလက်သို့ ရောက်သောအဖြစ်ကိုသိ၍ ပုဏ္ဏေးမကိုခေါ်၏။ ထိုပုဏ္ဏေးမသည် အရှင် အဘယ်နည်းဟုဆို၍ လျင်မြန်စွာ ပုဏ္ဏားအထံသို့ သွား၏။ ထိုအခါ ပုဏ္ဏေးမကို ပုဏ္ဏားသည် ရှင်မ ငါတို့မင်းသည် ရန်သူလက်သို့ရောက်၏ဟု ဆို၏။ အရှင် သင့်အား အဘယ်ပြုအံ့နည်း၊ မင်း၏အထံမှ စည်းစိမ်ရကုန်သော ပုဏ္ဏားတို့သည် ဆိကုန်လတ္တံ့ဟု ပုဏ္ဏေးမ ဆို၏။ မင်းသည် ပုဏ္ဏား၏အသံကိုကြား၍ အတန်ငယ် လိုက်၍ သေသောက်ကြူးတို့ကို အရှင်တို့ ကျွန်ုပ် လူဆင်းရဲတည်း၊ အပေါ်ရုံကို ယူ၍ အကျွန်ုပ်ကို လွှတ်ကြကုန်လောဟု ဆို၏။ သေသောက်ကြူးတို့သည် အဖန်တလဲလဲဆိုသော် သနားသဖြင့် လွှတ်ကုန်၏။ မင်းသည် ပုဏ္ဏား၏ နေရာအိမ်ကို မှတ်၍ ပြန်၏။

ထိုအခါ ပုရောဟိတ်ပေါင်းဖြစ်သော ပုဏ္ဏားသည် ရှင်မ ငါတို့မင်းသည် ရန်သူလက်မှလွတ်၏ဟုဆို၏။ မင်းသည်ထိုစကားကိုလည်းကြား၍ အိမ်က်မှတ်ရ ပြာသာဒ်သို့ တက်၏။ မင်းသည် လင်းသောအခါ၌ ပုဏ္ဏားတို့ကို ခေါ်စေ၍ ဆရာတို့ သင်တို့သည် ညဉ့်၌ နက္ခတ်ကို ကြည့်ကြကုန်၏ လောဟု မေး၏။ ရှင်မင်းကြီး ကြည့်ကြကုန်၏ဟု ဆို၏။ ကောင်း၏လောဟု မင်းကြီး မေးလေ၏။ ရှင်မင်းကြီး ကောင်း၏ဟု ဆိုကုန်၏။ တစ်စုံတစ်ခုသော အန္တရာယ်သည် မရှိလောဟု မေး၍ ရှင်မင်းကြီး မရှိဟုဆိုကုန်၏။ မင်းသည် ဤမည်သောအိမ်မှ ပုဏ္ဏားကိုခေါ်စေကုန်ဟုဆို၍ ပုရောဟိတ်ဟောင်းကို ခေါ်စေ၍ ဆရာ ညဉ့်က နက္ခတ်အသို့နည်း၊သင် ကြည့်၏လောဟု မေး၏။ ရှင်မင်းကြီး ကြည့်၏ဟု ဆို၏။ တစ်စုံတစ်ခုသောဘေးရန် ရှိသလောဟု မေး၏။ ရှင်မင်းကြီး ရှိ၏။ ယနေ့ညဉ့်၌ လျှင် မင်းကြီးတို့သည် ရန်သူလက်သို့ရောက်၍ ခဏချင်းဖြင့်လျှင် လွတ်၏ဟု ဆို၏။ မင်းသည် နက္ခတ်တတ်သောသူ မည်သည်ကား ဤသို့သဘောရှိသည် ဖြစ်ရာ၏ဟုဆို၍ ကြွင်းသောပုဏ္ဏားတို့ကို မြို့တွင်းမှ နှင်ထုတ်စေ၍ ပုဏ္ဏား သင့်အား ငါကြည်ညို၏။ ဆုကို ယူလော့ဟုဆို၏။ မြတ်သောမင်းကြီး သားမယားနှင့် တိုင်ပင်၍ ယူပါအံ့ဟုဆို၏။ သွားချေ၊ တိုင်ပင်၍ လာလော့ဟု မင်းကြီးဆို၏။ ပုဏ္ဏားသည် သွား၍ ပုဏ္ဏေးမ,သား,ချွေးမ,ကျွန်မတို့ကို ခေါ်စေ၍ မင်းသည် ငါ့အား ဆုကိုပေး၏၊ အဘယ်ဆုကို ယူကုန်အံ့နည်းဟု မေးလေ၏။ ပုဏ္ဏေးမသည် ငါ့ဖို့ နွားမတစ်ရာကို ဆောင်ခဲ့လောဟု ဆို၏။ ဆတ္တမာဏဝမည်သော သားသည် ငါ့ဖို့ ကုမုဒြာ ကြာအဆင်းနှင့်တူသော အဆင်းရှိသော သိန္ဓောမြင်းလေးစီးတို့ဖြင့် ကအပ်သော ရထားကိုဆောင်ခဲ့လော့ဟု ဆို၏။ ချွေးမသည် ပတ္တမြားနားတောင်းကို အစပြု၍ အလုံးစုံသော တန်ဆာကို ဆောင်ခဲ့လော့ဟု ဆို၏။ ပုဏ္ဏာမည်သော ကျွန်မသည် ငါ့ဖို့ ဆုံ,ကျည်ပွေ့ ကို ဆောင်ခဲ့လောဟု ဆို၏။ ပုဏ္ဏားသည်ကား မြတ်သောရွာကို ယူလို၏။ ပုဏ္ဏားသည် မင်းအထံသို့ သွား၍ ပုဏ္ဏား သင်သည် သားမယားကို မေးခဲ့ပြီလောဟု ဆို၏၊ မြတ်သော မင်းကြီး မေးခဲ့ပြီ၊ ထိုသူတို့သည် အထူးထူးသော အလိုရှိကုန်၏ဟု ဆို၍ ဤနှစ်ဂါထာတို့ကို ဆို၏—

၁၁၅။ နာနာဆန္ဒာ မဟာရာဇ၊ ဧကာဂါရေ ဝသာမသေ။
အဟံ ဂါမဝရံ ဣစ္ဆေ၊ ဗြာဟ္မဏီ စ ဂဝံ သတံ။

၁၁၆။ ပုတ္တော စ အာဇညရထံ၊ ကညာ စ မဏိကုဏ္ဍလံ။
ယာ စေသာ ပုဏ္ဏိကာ ဇမ္မီ၊ ဥဒုက္ခလံ ဘိကင်္ခတိ။

မြတ်သောမင်းကြီး အထူးထူးသော အလိုရှိကုန်သော အကျွန်ုပ်တို့သည် တစ်အိမ်တည်း၌ နေကုန်၏။ အကျွန်ုပ်သည် ရွာမြတ်ကို အလိုရှိ၏၊ ပုဏ္ဏေးမသည်ကား နွားမတစ်ရာကို အလိုရှိ၏။

သားသည်ကား အာဇာနည်မြင်းကသော ရထားကို အလိုရှိ၏။ ချွေးမသည်ကား ပတ္တမြားနားတောင်းကို အလိုရှိ၏။ ယုတ်မာသော ပုဏ္ဏားမည်သော ကျွန်မသည်ကား ဆုံကျည်ပွေ့ကို အလိုရှိ၏။

မင်းသည် ခပ်သိမ်းသော သူတို့အား အလိုရှိတိုင်း အလိုရှိတိုင်းကို ပေးကြကုန်ဟု ဧလိုရကား ဤဂါထာကို ဆို၏—

၁၁၇။ ဗြာဟ္မဏဿ ဂါမဝရံ၊ ဗြာဟ္မဏိယာ ဂဝံ သတံ။
ပုတ္တဿ အာဇညရထံ၊ သုဏှာယ မဏိကုဏ္ဍလံ။
ယဉ္စေတံ ပုဏ္ဏိကံ ဇမ္မိံ၊ ပဋိပါဒေထ ဒုက္ခလံ။

ပုဏ္ဏားအား ရွာမြတ်ကို၊ ပုဏ္ဏေးမအား နွားမတစ်ရာကို၊ သားအား အာဇာနည်မြင်းကသော ရထားကို၊ ချွေးမအား ပတ္တမြားနားတောင်းကို၊ ယုတ်မာသော အကြင်ပုဏ္ဏားမည်သောကျွန်မကို ဆုံကျည်ပွေ့ကို ပေးကြကုန်လော့။

ဤသို့မင်းသည် ပုဏ္ဏားသည် တောင့်တအပ်သော ဝတ်ပါးသော များစွာသော စည်းစိမ်ကိုလည်း ပေး၍ ဤယနေ့မှစ၍ ငါတို့၏ ပြုအပ်သော ကိစ္စတို့၌ လုံ့လပြုလောဟု ဆို၍ ပုဏ္ဏားကို မိမိ၏အထံ၌ နေစေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ထုရှစ်ဆယ့်ကိုးခုမြောက်သော နာနာဆန္ဒဇာတ်သည် ပြီး၏။

---

## ၂၉၀—သီလဝီမံသကဇာတ်

### သီလ၏ အကျိုးအာနိသင်ကို စုံစမ်း

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သီလံ ကိရေဝ ကလျာဏံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝီမံသကဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလကို စုံစမ်းသော တစ်ယောက်သောပုဏ္ဏားကို အကြောင်း

ပြု၍ ဟောတော်မူ၏၊ ပစ္စုပ္ပန်ဝတ္ထုကိုလည်းကောင်း၊ အတိတ်ဝတ္ထုကို လည်းကောင်းအောက်ဧကကနိပါတ်သီလဝီမံသကဇာတ်၌ ချဲ့အပ်ပြီးသလျှင်ကတည်း။ ဤသီလဝီမံသကဇာတ်၌ အထူးကား—

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်သည် မိမိ၏သီလကို စုံစမ်းအံ့ဟု ရွှေပန်းထိမ်သည်၏ ပျဉ်မှ နှစ်ရက်ပတ်လုံး တစ်သပြာ တစ်သပြာကို ယူ၏။ ထိုအခါ သုံးရက်မြောက်သော နေ့၌ ထိုပုရောဟိတ်ကို ခိုးသူတည်းဟု ဖမ်း၍ မင်း၏အထံသို့ဆောင်ကုန်၏။ ထိုပုရောဟိတ်သည် ခရီးအကြား၌ မြွေကိုကစားသော အလမ္မာယ်ကို မြင်ခဲ့၏။ ထိုအခါ မင်းသည် ထိုပုရောဟိတ်ကို အဘယ်ကြောင့် ဤသို့သဘောရှိသော အမှုကို ပြုသနည်းဟု မေး၏။ ပုရောဟိတ်သည် မိမိ၏ သီလကို စုံစမ်းလိုသည်၏ အဖြစ်ကြောင့် ပြု၏ဟုဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၁၈။ သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ န ဟညတိ။

၁၁၉။ သောဟံ သီလံ သမာဒိဿံ၊ လောကေ အနုမတံ သိဝံ။
အရိယဝုတ္တိသမာစာရော၊ ယေန ဝုစ္စတိ သီလဝါ။

၁၂၀။ ဉာတီနဉ္စ ပိယော ဟောတိ၊ မိတ္တေသု စ ဝိရောစတိ။
ကာယဿ ဘေဒါ သုဂတိံ၊ ဥပပဇ္ဇတိ သီလဝါ။

လောက၌ သီလသည်သာလျှင် ကောင်းသတတ်၊ သီလသည် မြတ်သတတ်။ ရှုပါလော့၊ ကြမ်းသော အဆိပ်ရှိသော မြွေကို သီလရှိ၏ဟူ၍ မညှဉ်းဆဲအပ်။

အရိယာတို့၏ အကျင့်ကို ကျင့်သောသူကို လောက၌ သီလရှိသောသူ ဟူ၍ ဆိုအပ်၏။ ဘေးမရှိဟူ၍ ပညာရှိတို့သည် ဝန်ခံအပ်သော သီလကို ထိုငါသည် ဆောက်တည်အံ့၊ သီလရှိသူကို အဆွေအမျိုးတို့သည်လည်း ချစ်အပ်သည် ဖြစ်၏။ သီလရှိသော သူသည် အဆွေခင်ပွန်းတို့၌လည်း တင့်တယ်၏။ ကိုယ်၏ ပျက်စီးသည်မှ နောက်၌ သုဂတိသို့ ဖြစ်ရ၏။

သေသောက်ကြူးသည် အလုံးစုံသော အလိုရှိတိုင်း ပေးတတ်သောကမ္ဘာဟု ဆိုအပ်သော အိုးကိုရ၍ ထိုအိုးကို ခေါင့်ရှောက်သော ထိုသေသောက်ကြူးသည် ချမ်းသာကို ရ၏။

ဤသို့ ဘုရားလောင်းသည် သုံးဂါထာတို့ဖြင့် သီလ၏ ကျေးဇူး ကို ပြလျက် မင်းအား တရားဟော၍ မြတ်သောမင်းကြီး အကျွန်ုပ်၏အိမ်၌ အဘ၏ဥစ္စာ ဖြစ်သော ကိုယ်သည် ဖြစ်စေအပ်သော အရှင်မင်းကြီးသည် ပေးအပ်သော များစွာသော ဥစ္စာသည်ရှိ၏။ ဥစ္စာ၏အဆုံး မည်သည်ကား မသာင် အကျွန်ုပ်သည်လည်း သီလကို စုံစမ်းလို၍ ရွှေပန်းထိမ်သည်၏ ပျဉ်မှအသပြာတို့ကိုယူ၏။ ယခုအခါ အကျွန်ုပ်သည် ဤလောက၌ အမျိုးအနွယ် ဆွေစဉ်မျိုးဆက်တို့၏ ယုတ်သောအဖြစ်ကို လည်းကောင်း၊ သီလ၏သာလျှင် မြတ်သော အဖြစ်ကို လည်းကောင်း သိရပြီ၊ အကျွန်ုပ်သည် ရဟန်းပြုအံ့၊ အကျွန်ုပ်အား ရဟန်း အဖြစ်ကို ခွင့်ပြုပါလော့ဟု အခွင့်တောင်း၍ မင်းသည် အဖန်တလဲလဲ တောင်းပန် သော်လည်း ခွင့်ပေးစေ၍ တောသွက်၍ ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သီလကို စုံစမ်းတတ်သော ပုရောဟိတ်ပုဏ္ဏား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ်ခုမြောက်သော သီလဝီမံသကဇာတ်သည် ပြီး၏။

၄-အဗ္ဘန္တရဝဂ် ပြီး၏။

---

## ၅-ကုမ္ဘဝဂ်

### ၂၉၁-သုရာဃဋဇာတ်

**လူမိုက်နှင့်ငွေ အတူမနေ**

**လူမိုက်ကို သိကြားမင်း မကယ်နိုင်**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သဗ္ဗကာမဒဒံ ကုမ္ဘံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသုရာဃဋဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အနာထပိဏ်သူဌေး၏တူကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအနာထပိဏ်သူဌေး၏ တူသည် မိဘတို့၏ ဥစ္စာဖြစ်ကုန်သော ကုဋေလေးဆယ် ကုန်ဖသော ရွှေတို့ကို သုံးဥသောက်သဖြင့် ဖျက်ဆီး၍ အနာထပိဏ်သူဌေး အထံသို့သွား၏။ အနာထပိဏ် သူဌေးသည်လည်း တူအား ကုန်သွယ်လော့ဟု တစ်ထောင်သော ဥစ္စာကို ပေး၏။ ထိုဥစ္စာကိုလည်း ဖျက်ဆီး၍ တစ်ဖန်သွားပြန်၏။ တစ်ဖန် ထိုသူအား ငါးရာသော ဥစ္စာတို့ကိုပေး၏။ ထိုဥစ္စာတို့ကိုလည်း ဖျက်ဆီး၍ တစ်ဖန်လာသော တူအား နှစ်ထည်သော ပုဆိုးကြီးတို့ကို ပေး၏။ ထိုပုဆိုးကြီးတို့ကိုလည်း ဖျက်ဆီး၍ တစ်ဖန်လာသော တူကို လည်၌ ကိုင်စေ၍ နှင်ထုတ်စေ၏။ ထိုတူသည် ကိုးကွယ်ရာမရှိသည် ဖြစ်၍ သူတစ်ပါးတိုက်နံရံကိုမှီ၍ သေ၏။ ထိုတူကို ငင်ထုတ်၍ အပ၌ စွန့်ကုန်၏။ အနာထပိဏ်သူဌေးသည် ကျောင်းတော်သို့သွား၍ တူ၏ ထိုအလုံးစုံသော အကြောင်းကို သဗ္ဗညုမြတ်စွာဘုရားအား လျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည်လည်း သူဌေး ကိုတူကို အသို့ ရောင့်ရဲစေနိုင်လတ္တံ့နည်း၊ ရှေးကာလ၌ ငါသည် ခပ်သိမ်းသော အလိုကိုပေးတတ်သော အိုးကိုပေး၍လည်း ရောင့်ရဲစိမ့်သောငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ သူဌေးသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍အဘလွန်သဖြင့် သူဌေးအရာကို ရ၏၊ ထိုသူဌေး၏အိမ်၌ မြေမြှုပ်ဥစ္စာ ကုဋေလေးဆယ်ရှိ၏။ ထိုသူအား တစ်ယောက်တည်းသာလျှင် ဖြစ်သော သားသည်လည်းရှိ၏။ ထိုဘုရားလောင်းသည် ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ သေလွန်သော် သိကြားဖြစ်၏။ ထိုအခါ ဘုရားလောင်း၏သားသည် ခရီးသို့သွား၍ မဏ္ဍပ်ကို ဆောက်လုပ်စေ၍ လူအပေါင်းခြံရံလျက်နေ၍ သေသောက်အံ့သောငှါ အားထုတ်၏။ ထိုသူဌေးသည် ကျွမ်းထိုးခြင်း ရေချိုးခြင်း တန်ဆာဆင်ခြင်း ကခြင်း အစရှိသည်တို့ကို ပြုကုန်သော သူတို့အား တစ်ထောင် တစ်ထောင်သော ဥစ္စာကို ပေးလျက် မိန်းမကြူးခြင်း သုရာကြူးခြင်း အမဲစားကြူးခြင်း အစရှိသော အဖြစ်သို့ ရောက်၍ အဘယ်အရပ်၌ သီသနည်း၊ အဘယ်အရပ်၌ ကသနည်း၊ အဘယ်အရပ်၌ တီးမှုတ်သနည်းဟု ပွဲသဘင်ဖြင့် အလိုရှိလျက် မေ့လျော့သည် ဖြစ်၍ လှည့်လည်လတ်သော် မကြာမြင့်မီလျှင် ကုဋေလေးဆယ်သော ဥစ္စာ အတွင်းအပ အသုံးအဆောင် အစရှိသည်တို့ကို ဖျက်ဆီး၍ ဆင်းရဲသော အထီးကျန်သောသူဖြစ်၍ ပုဆိုးနွမ်းကိုဝတ်၍ သွားရ၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် သား၏ဆင်းရဲသော အဖြစ်ကိုသိ၍ သား၌ချစ်ခြင်းဖြင့် လာလတ်၍

အသုံးစုံသော အလိုကို ပေးဘတ်သော အိုးကို ပေး၍ အမောင် ထိုအိုးကို မကွဲရအောင် စောင့်ရှောက်လော့၊ ဤအိုးရှိသော် ဥစ္စာ၏ အပိုင်းအခြား မည်သည် မဖြစ်လတ္တံ့။ မမေ့မလျော့ဖြစ်ရစ်လော့ဟု ဆုံးမ၍ နတ်ပြည်သို့လျှင် သွား၏။ ထိုအခါမှစ၍ သေသောက်ချက်သွား၏၊ ထိုအခါ တစ်နေ့သ၌ သေယစ်၍ ထိုအိုးကို ကောင်းကင်သို့မြှောက်၍ ခံသတ်သော် တစ်ကြိမ်တည်း ဖြင့်သာလျှင် ချော်လွှဲ၍ အိုးသည် မြေ၌ ကျ၍ကွဲ၏။ ထိုအိုးကွဲသော အခါမှစ၍ တစ်ဖန် ဆင်းရဲ၍ ပုဆိုးနွမ်းကို ဝတ်၍ ခွက်သက်စွဲ၍ တောင်းစား၍ သူတစ်ပါး တို့၏ တိုက်နံရံကို မှီ၍ သေလေ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဤဂါထာတို့ကို ဟောတော်မူပြီး ဇာတ်ကို ပေါင်းတော်မူ၏—

၁၂၁။ သဗ္ဗကာမဒဒံ ကုမ္ဘံ၊ ကုဋံ လဒ္ဓါန ဓုတ္တကော။
ယာဝ နံ အနုပါလေတိ၊ တာဝ သော သုခမေဓတိ။

၁၂၂။ ယဒါ မတ္တော စ ဒိတ္တော စ၊ ပမာဒါ ကုမ္ဘ'မဗ္ဘိဒါ။
တဒါ နဂ္ဂေါ စ ပေါတ္ထော စ၊ ပစ္ဆာ ဗာလော ဝိဟညတိ။

၁၂၃။ ဧဝမေဝ ဓနံ လဒ္ဓါ၊ ပမတ္တော ပရိဘုဉ္ဇတိ။
ပစ္ဆာ တပ္ပတိ ဒုမ္မေဓော၊ ကုဋံ ဘိတွာဝ ဓုတ္တကော။

ထိုသေသောက်ကြူးသည် ယစ်သည်သည်းဖြစ်သော ဘောခွမ်းကြမ်းဘမ်း သည်သည်းဖြစ်သော အခါ၌ မေ့လျော့သဖြင့် အိုးကိုခွဲ၏။ အိုးကိုခွဲသော နောက်ကာလ၌ မိုက်စွာသော သေသောက်ကြူးသည် ရံခါ အချည်းနှီး ဖြစ်၍ လည်းကောင်း၊ ရံခါ ပုဆိုးအနွမ်းကိုဝတ်၍ လည်းကောင်း ပင်ပန်း၏။ သေသောက် ကြူးသည် အိုးကိုခွဲ၍ နောက်၌ ဆင်းရဲသကဲ့သို့ ဤအတူသာလျှင် ဥစ္စာကို ရလျက် မေ့လျော့လျက် သုံးဆောင်သော ထိုလူမိုက်သည် နောက်၌ ဆင်းရဲ၏။

ဇာတ်ပေါင်း

အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အနာထပိဏ် သူဌေး၏တူသည် ထိုအခါ သုရာယစ်၍ အိုးကိုခွဲသော သေသောက်ကြူး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိကြားမင်းဖြစ်ဖူးပြီ။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

(မကြော့ကြမ်းနှင့်၊ မဟော့ရမ်းနှင့်၊ မသော့သွမ်းနှင့်)

နွစ်ရာ့ကိုးဆယ့်တစ်ခုမြောက်သော သုရာဃဋဇာတ်သည် ပြီး၏။

## ၂၉၂-သုပတ္တဇာတ်

### အရှင့်အတွက် အသက်စွန့်ရဲသော ကျီး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဗာရာဏသျံ မဟာရာဇ" ဒႀစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသုပတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော် မူစဉ် ဗိမ္ဗာဒေဝီ မထေရ်မအား အရှင်သာရိပုတ္တရာ မထေရ်သည် ပေးအပ်သော ငါးကြင်းသားကို အသစ်ဖြစ်သော ထောပတ်နှင့် ရောသော သလေးဆွမ်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုသည် အောက် အဗ္ဘန္တရဇာတ် ဝတ္ထုနှင့်တူသလျှင် ကတည်း။ ထိုအခါ ၌လည်း ဗိမ္ဗာဒေဝီ မထေရ်မ၏ ဝမ်း၌ လေသည်ထ၏။ အရှင်ရာဟုလာသည် အရှင် သာရိပုတ္တရာ မထေရ်အား ကြား၏ အရှင်သာရိပုတ္တရာ မထေရ်သည် အရှင် ရာဟုလာကို ဆွမ်းစား ဇရပ်၌ နေစေ၍ ကောသလမင်း၏ နန်းတော်သို့ သွား၍ ငါးကြင်းသား အချသာကို အသစ်ဖြစ်သော ထောပတ်နှင့်ရောသော သလေး ဆွမ်းကို ဆောင်၍ အရှင်ရာဟုလာအား ပေး၏။ အရှင်ရာဟုလာသည် ဆောင်၍ မယ်တော် မထေရ်မအား ပေး၏။ ဗိမ္ဗာဒေဝီ မထေရ်မအား စားကာမျှ၌လျှင် ဝမ်းလေသည် ငြိမ်း၏။ မင်းသည် မင်းချင်းတို့ကို စေ၍ ထိုအခါမှစ၍ ဗိမ္ဗာဒေဝီ မထေရ်မအား ထိုသို့ သဘောရှိသော ဆွမ်းကိုလှူ၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင့်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် ဗိမ္ဗာဒေဝီမထေရ်မအား ဤသို့သဘောရှိသော ဘောဇဉ်ဖြင့် ရောင့်ရဲစေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြ ကုန်သနည်းဟု မေးတော် မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက် သည် ရှိသော် ရဟန်းတို့-သာရိပုတ္တရာသည် ယခုအခါ၌ သာလျှင် ရာဟုလ မယ်တော်အား တောင့်တအပ်သော ဘောဇဉ်ကို ပေးသည် မဟုတ်သေး၊ ရှေး၌လည်း ပေးဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏၊

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကျီးအမျိုး၌ ဖြစ်၍ အရှယ်ရောက်လတ်သော် ကျီးရှစ်သောင်းတို့၏ အကြီးအမှူး ဖြစ်သော သုပတ္တမည်သော ကျီးမင်း

ဖြစ်၏။ သုပတ္တမည်သော ကျီးမင်း၏မိဖုရားကား သုဖဿာ မည်၏။ စစ်သူကြီးကား သုမုခမည်၏။ ထိုကျီးမင်းသည် ကျီးရှစ်သောင်း တို့ဖြင့် ခြံရံလျက် ဗာရာဏသီပြည်ကို မှီ၍ နေ၏၊ ထိုကျီးမင်းသည် တစ်နေ့သ၌ သုဖဿာ မည်သော ကျီးမိဖုရားကို ခေါ်၍ အစာရှာလတ်သော် ဗာရာဏသီမင်း၏ စားဖိုအိမ် အထက်ဖြင့် သွား၏၊ စားဖိုသည်သည် မင်း၏ များစွာသော ငါးအမဲ အထူးထူး ကုန်သော မွန်မြတ်သော ဘောဇဉ်တို့ကို ဖွင့်၍ အငွေ့ကို လွှတ်လျက် ရပ်၏။ သုဖဿာ ကျီးမိဖုရားသည် အနံ့နံ၍ မင်း၏ ဘောဇဉ်ကို အလိုရှိ၍ ထိုနေ့၌ မပြောဆိုမူ၍ နှစ်ရက် မြောက်သော နေ့၌ ရှင်မ လာလော့ အစာရှာ ကုန်အံ့ဟု ဆိုသည်ရှိသော် သင်တို့သည် သွားကုန်လော့။ ငါအား တစ်ခုသော ချင်ခြင်းသည် ရှိ၏ဟု ဆို၏၊ ရှင်မ အဘယ်ချင်ခြင်းနည်းဟု မေးသည်ရှိသော် ဗာရာဏသီ မင်း၏ ဘောဇဉ်ကို စားလို၏။ ရှင်မင်းကြီး ငါသည် ထိုဘောဇဉ်ကို ရခြင်းငှါ မတတ်ကောင်းအံ့။ ထို့ကြောင့် အသက်ကို စွန့်အံ့ဟု ဆို၏။

ဘုရားလောင်းသည် ကြံလျက်နေ၏။ သုမုခစစ်သူကြီးသည် လာ၍ မြတ်သော မင်းကြီး အဘယ့်ကြောင့် နှလုံးမသာရှိသနည်းဟု မေး၏။ ထိုကျီးမင်းသည် ထိုအကြောင်းကို ကြား၏။ ကျီးစစ်သူကြီးသည် မြတ်သောမင်းကြီး မစိုးရိမ် လင့်ဟု ဆို၍ ထိုကျီးမင်း မိဖုရားတို့ကို နှစ်သိမ့်စေ၍ ယနေ့ သင်တို့သည် ဤ နေရာ၌လျှင် နေကြကုန်လော့။ အကျွန်ုပ်သည် ထမင်းကို ဆောင်ခဲ့ကုန်အံ့ဟု ဆို၍ ဖဲလေ၏၊ ထိုကျီးစစ်သူကြီးသည် ကျီးတို့ကို စည်းဝေးစေ၍ ထိုအကြောင်း ကို ဆို၍ ထိုထမင်းကို ဆောင်ခဲ့အံ့ဟု ကျီးတို့နှင့်တကွ ဗာရာဏသီသို့ဝင်၍ စားဖို အိမ်၏ အနီး၌ ကျီးတို့ကို အစုစုနေစေ၍ ထိုထို၌ ရပ်၌ အစောင့်အရှောက် အကျိုးငှါထား၍ မိမိသည် ကျီးသူရဲရှစ်ကောင်တို့နှင့်တကွ စားဖိုအိမ်အမိုး၌ မင်း၏ စားတော်ကို ဆောင်သော ကာလကို မျှော်လျက်နေ၏။ ထိုကျီးတို့ကိုလည်း ငါသည် မင်း၏ စားတော်ကို ဆောင်ပို့သည် ရှိသော် ခွက်တို့ကို ကျစေအံ့။ ခွက်တို့သည် ကျကုန်သော် ငါ၏ အသက်သည် မရှိပြီ။ လေးယောက်ကုန်သော သင်တို့သည်ကား နှုတ်သီး၌ ပြည့်အောင် ထမင်းယူ၍ လေးယောက်ကုန်သော သင်တို့သည်ကား နှုယ်သီး၌ ပြည့်အောင် ငါးအမဲကို ယူ၍ ကျီးမင်းနှင့် တကွသော သုဖဿာ မိဖုရားကို ကျွေးကြ လေကုန်။ စစ်သူကြီးကား အဘယ်မှာနည်းဟု မေးသော် နောက်မှလာအံ့ဟု ဆိုကြလေကုန် ဟူ၍ ဆို၏၊ ထိုအခါ စားဖိုသည်သည် မင်း၏ ဘောဇဉ် အထူးကို ပြည့်စုံစေ၍ ထမ်းပိုးဖြင့် ယူခဲ့စေ၍ မင်းအိမ်သို့ သွား၏။ စားဖိုသည်၏ မင်းရင်ပြင်သို့ ရောက် သောကာလ၌ ကျီးစစ်သူကြီးသည် ကျီးတို့အား အမှတ်ကိုပေး၍ မိမိသည် ပျံ၍ စားဖိုသည်၏ရင်၌လက် သည်းချိုင့်ဖြင့်ခတ်၍ သံချောင်းနှင့်တူသော နှုတ်သီးဖြင့် စားဖိုသည်၏နှာခေါင်းဖျားကို ကိုက်လျက် အတောင်နှစ်ဘက်တို့ဖြင့် မျက်နှာကို

ပိတ်၏။ မင်းသည် မြတ်သော ပြာသာဒ်အပြင်၌ စကြံသွားလျက် လေသာ တံခါးဖြင့် ကြည့်၍ ထိုကျီး၏ အမူအရာကို မြင်၍ စားဖိုသည်အား အသံပေး၍ အချင်းစားဖိုသည် ထမင်းခွက်တို့ကို စုန်၍ ကျီးကိုသာလျှင် ဖမ်းလော့ဟု ဆို၏။ စားဖိုသည်သည် ထမင်းခွက်တို့ကို စုန့်၍ ကျီးကို မြဲစွာ ဖမ်း၏။ မင်းသည်လည်း ထိုကျီးကို ဤသို့ ဆောင်ခဲ့ဟု ဆို၏။

ထိုအခါ ကျီးတို့သည် လာလတ်၍ မိမိတို့သည် ဝအောင်စား၍ အကြွင်းကို စစ်သူကြီးဆိုသောအမှတ်ဖြင့်ယူ၍ သွားကုန်၏။ ထိုနောက်မှကြွင်းသော ကျီးတို့ သည်လာ၍ အကြွင်းကိုစားကုန်၏။ထိုရှစ်ကောင်သော ကျီးတို့သည်လည်းသွား၍ မိဖုရားနှင့်တကွသောကျီးမင်းကိုကျွေးကုန်၏။သုဖဿာ ကျီးမိဖုရားအား ချင်ခြင်း ငြိမ်း၏။စားဖိုသည်သည်ကျီးစစ်သူကြီးကို မင်း၏အထံသို့ဆောင်၏။ထိုအခါထိုစစ် သူကြီး ကျီးကို မင်းသည်ကျီး-သင်သည်ငါ့ကိုလည်း မရှက်၊စားဖိုသည်၏နှာခေါင်း ကိုလည်း ဖြတ်၏။ ထမင်းခွက်တို့ကိုလည်းခွဲ၏။ မိမိ အသက်ကိုလည်းမစောင့်။ အဘယ့်ကြောင့် ဤသို့သဘောရှိသော ဒ့မှုကိုပြုသနည်းဟု မေး၏။ ကျီးသည် မြတ်သောမင်းကြီး- အကျွန်ုပ်တို့၏ကျီးမင်းသည် ဗာရာဏသီပြည်ကို မှီ၍ နေ၏။ အကျွန်ုပ်သည် ကျီးမင်း၏ စစ်သူကြီးတည်း။ ထိုကျီးမင်း၏ သုဖဿာမည်သော မိဖုရားသည် သင်မင်းကြီးတို့၏ စားတော်ကို စားလို၍ ကျီးမင်းသည် ကျီးမိဖုရား၏ ချင်ခြင်းကို အကျွန်ုပ်အား ကြား၏။ အကျွန်ုပ်သည် ကျီးမင်းအထံ၌လျှင် အသက်ကိုစွန့်၍လာ၏။ ယခုအကျွန်ုပ်သည် ကျီးမင်း၏စားဖွယ်ကို ပြုစေအပ်ပြီ။ အကျွန်ုပ်၏ နှလုံးအလိုသည် အပြီးသို့ရောက်ပြီ။ ဤအကြောင်းကြောင့် အကျွန်ုပ်သည် ဤသို့သဘောရှိသောအမှုကိုပြု၏ဟု ပြလိုရကား ဤဂါထာတို့ကို ဆို၏။

၁၂၄။ ဗာရာဏသျံ မဟာရာဇ၊ ကာကရာဇာ နိဝါသကော။
　　အသီတိယာ သဟဿေဟိ၊ သုပတ္တော ပရိဝါရိတော။

၁၂၅။ တဿ ဒေါဟဠိနီ ဘရိယာ၊ သုဖဿာ ဘက္ခိတုမိစ္ဆတိ၊
　　ရညော မဟာနသေ ပက္ကံ၊ ပစ္စဂ္ဃံ ရာဇဘောဇနံ။

၁၂၆။ တေသာဟံ ပဟိတော ဒူတော၊ ရညောစမှိ ဣဓာဂတော။
　　ဘတ္တု အပစိတိံ ကုမ္မိ၊ နာသာယ မကရံ ဝဏံ။

မြတ်သောမင်းကြီး ဗာရာဏသီပြည်၌ သုပတ္တမည်သော ကျီးမင်းသည် ရှစ်သောင်းကုန်သော ကျီးတို့ဖြင့် ခြံရံလျက် အမြဲနေ၏။

ထိုကျီးမင်း၏ သုဖဿာ မည်သော မိဖုရားသည်ချင်ခြင်းဖြစ်၏။ မင်း၏စားဖို အိမ်၌ ချက်အပ်သော အသီးသီး အဖိုးများစွာထိုက်သော မင်း၏ဘောဇဉ်ကို စားခြင်းငှါ အလိုရှိ၏။

အကျွန်ုပ်သည် ထိုကျီးမင်း မိဖုရားတို့၏ အကျိုးစီးပွားကို ပြုတတ်သော တမန်တည်း၊ ကျီးမင်းသည်လည်း စေအပ်သောသူသည် ဖြစ်၏။ ထို့ကြောင့် ဤအရပ်သို့ လာ၏။ အရှင်ကျီးမင်းအား ပူဇော်ခြင်းကို ပြုပေ၏။ စားဖိုသည်၏ နှာခေါင်း၌ အနာကိုပြု၏။

ယခု ရှင်မင်းကြီးတို့သည် အကြင်ဒဏ်ကို ပြုလို၏။ ထိုဒဏ်ကို ပြုကုန်ဟူ၍ ဆို၏။ မင်းသည် ထိုစစ်သူကြီး၏ စကားကိုကြား၍ လူဖြစ်ကုန်သော ငါတို့သည် ကြီးစွာသော စည်းစိမ်ကို ပေးကုန်လျက်လည်း ငါတို့အား ချစ်စိမ့်သောငှါ မတတ်နိုင်ကုန်။ ရွာအစရှိသည်တို့ကို ပေးကုန်လျက်လည်း ငါတို့အား အသက်ကို ပေးသောသူကို မရကုန်။ ဤသူမူကား ကျီးဖြစ်လျက် မိမိအသက်ကို ကျီးမင်း အား စွန့်၏။ အလွန်လျှင် သူတော်ကောင်းဖြစ်၏။ သာယာစွာသောအသံရှိ၏။ တရားဟောတတ်၏ဟု ဂုဏ်ကျေးဇူး၌ ကြည်ညို၍ ထိုကျီးစစ်သူကြီးကို ထီးဖြူဖြင့် ပူဇော်၏။ ကျီးစစ်သူကြီးသည် မိမိရသောထီးဖြူဖြင့် မင်းကိုတစ်ဖန် ပူဇော်၍ ဘုရားလောင်း၏ ကျေးဇူးတို့ကိုဆို၏။ မင်းသည် ဘုရားလောင်းကိုခေါ်စေ၍ တရားနာ၍နှစ်ပါးကုန်သောကျီးစစ်သူကြီး-ကျီးမင်းတို့အားလည်း မိမိစားသော နည်းဖြင့် ထမင်းအစာကို မပြတ်ပေး၏။ ကြွင်းသော ကျီးတို့အား နေ့တိုင်း တစ်အမ္ဗဏချက် ထမင်းကိုပေး၏။ မိမိသည်လည်း ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ ပေး၍ ပဉ္စသီတို့ကို စောင့်၏။ သုပတ္တကျီးမင်း၏ အဆုံးအမသည်ကား အနှစ် ခုနစ်ရာ တည်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သုမုခမည်သော ကျီးစစ်သူကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလ မယ်တော်သည် ထိုအခါ သုဖဿာမည်သော ကျီးမိဖုရား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် လျှင် ထိုအခါ သုပတ္တ ကျီးမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

( သူဆန်စား ရဲမှ )

နှစ်ရာကိုးဆယ့်နှစ်ခုမြောက်သော သုပတ္တဇာတ်သည် ပြီး၏။

## ၂၉၃-ကာယနိဗ္ဗိန္ဒဇာတ်

### အကာထဲမှာ အနှစ်ရှာ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဖုဋ္ဌဿ မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာယနိဗ္ဗိန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော ယောကျ်ားကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော ယောကျ်ားသည် ဖျော့တော့သောရောဂါ နှိပ်စက်အပ်သည် ဖြစ်၍ ဆေးသမားတို့သည်လည်း ပယ်အပ်သည်ဖြစ်၍ သားမယားသည်လည်း လုပ်ကျွေးအံ့သော်ငှါ မတတ်နိုင်သည် ဖြစ်၍ ငါသည် ရောဂါမှ လွတ်သည်ရှိသော် ရဟန်းပြုအံ့ဟု ကြံ၏။ ထိုယောကျ်ားသည် နှစ်ရက်သုံးရက် ဖြင့်လျှင် တစ်စုံတစ်ခု လျောက်ပတ် သင့်တင့်သော ဆေးကို ရ၍ ရောဂါကင်း၍ ဇေတဝန်ကျောင်းတော်သို့ သွား၍ သဗ္ဗညု မြတ်စွာဘုရားကို ရဟန်းအဖြစ်ကို တောင်းပန်၍ ဘုရားအထံတော်၌ သာမဏေအဖြစ် ပဉ္စင်းအဖြစ်ကိုရ၍ မကြာမြင့်မီလျှင် ရဟန္တာအဖြစ်သို့ ရောက်၏။ ထိုအခါ တင်နေသည် ရဟန်းတို့သည် တရားသဘင်၌ငါ့ရှင်တို့ ဤမည်သော သူသည် ဖျော့တော့သော အနာစွဲ၍ ဤရောဂါမှ ထမြောက်လတ်သော် ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်၏ဟူ စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤသူသည်သာလျှင် ရောဂါမှ ထ၍ ရဟန်းပြု၍ မိမိစီးပွါးကို ပြုသည် မဟုတ်သေး၊ ရှေး၌ ပညာရှိတို့သည်လည်း ဤအတူလျှင် ရောဂါမှ ထ၍ ရဟန်းပြု၍ မိမိစီးပွါးကို ပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဥစ္စာကို ဖြစ်စေ၍ နေလတ်သော် ဖျော့တော့သော အနာစွဲ၍ ဆေးသမားတို့ သည်လည်း ကုအံ့သော်ငှါ မတတ်နိုင်ကုန်၊ သားမယားသည်လည်း နှလုံးမသာယာ ရှိ၏။ ထိုဘုရားလောင်းသည် ဤရောဂါမှ ထမြောက်လတ်သည် ရှိသော် ရဟန်းပြုအံ့ဟု ကြံ၍ တစ်စုံ

တစ်ခုလျှင် ဖြစ်သော သင့်တင့်လျောက်ပတ်သော ဆေးကို ရ၍ ရောဂါကင်း၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ချမ်းသာဖြင့် နေလျက် ဤမျှလောက်သော ကာလပတ်လုံး ဤသို့ သဘောရှိသော ဈာန်ချမ်းသာ မည်သည်ကို မရစဖူး ရပေပြီဟု ဥဒါန်းကျူးလိုရကား ဤဂါထာတို့ကို ဆို၏-

၁၂၇။ ဖုဋ္ဌဿ မေ အညတရေန ဗျာဓိနာ၊
ရောဂေန ဗာဠှံ ဒုခိတဿ ရုပ္ပတော။
ပရိသုဿတိ ခိပ္ပမိဒံ ကဠေဝရံ၊
ပုပ္ဖံ ယထာ ပံသုနိ အာတပေ ကတံ။

၁၂၈။ အဇညံ ဇညသင်္ခါတံ၊ အသုစိံ သုစိသမ္မတံ။
နာနာ ကုဏပပရိပူရိတံ၊ ဇညရူပံ အပဿတော။

၁၂၉။ ဓိရတ္ထု' မံ အာတုရံ ပူတိကာယံ၊
ဇေဂုစ္ဆိယံ အသုစိံ ဗျာဓိဓမ္မံ။
ယတ္ထပ္ပမတ္တာ အဓိမုစ္ဆိတာ ပဇာ၊
ဟာပေန္တိ မဂ္ဂံ သုဂတူပပတ္တိယာ။

ကိုးဆယ့်ရှစ်ပါးသော ရောဂါတို့တွင် တင်ပါးဖြစ်ထသော နှိပ်စက်တတ်သော ရောဂါသည် ပြင်းစွာနှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲထသော စွန့်အပ်သော ငါ၏ ဤအကောင်သည် ပူသောသဲပြင်၌ ပစ်ချအပ်သော သိမ်မွေ့စွာသော ပန်းကဲ့သို့ လျင်မြန်စွာ ခြောက်တတ်၏။

အကောင်သည် နှစ်သက်ဖွယ်မရှိ၊ သူမိုက်တို့သည် နှစ်သက်ဖွယ်ရှိ၏ဟု သမုတ်အပ်၏။ မစင်ကြယ်ရှုံရှာဖွယ်ဖြစ်လျက် သူမိုက်တို့သည် စင်ကြယ်၏ဟု သမုတ်အပ်၏။ အထူးထူးသော အပုပ်တို့ဖြင့် ပြည့်၏။ မမြင်သော ပုထုဇဉ် သူမိုက်အား နှစ်သက်ဖွယ်သော သဘောရှိ၏။

အကြင် အကောင်ပုပ်၌ သတ္တဝါတို့သည် မေ့လျော့ကုန်သည်ဖြစ်၍ အလွန် တပ်စွန်းကုန်သည်ဖြစ်၍ သုဂတိ၌ ဖြစ်ခြင်း၏အကြောင်းကို ယုတ်စေကုန်၏။ ကျင်နာဆသော စက်ဆုပ်ဖွယ်ရှိထသော မစင်ကြယ်ထသော ဖျားနာတတ်သော သဘောရှိထသော ထိုကိုယ်ကောင်ပုပ်ကို စက်ဆုပ်စွ။

ဤသို့ ဘုရားလောင်းသည် ကိုယ်၌ အထူးထူး အပြားပြားအားဖြင့် မစင်ကြယ်သည်၏အဖြစ်ကိုလည်းကောင်း၊ အမြဲနာသည်၏ အဖြစ်ကိုလည်းကောင်း၊ ဆင်ခြင်လျက် ငြိုးငွေ့၍ အသက်ထက်ဆုံး လေးပါးကုန်သော ဗြဟ္မဝိဟာရတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ များစွာကုန်သော ပုထုဇဉ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့ကိုရကုန်၏။ ဇာတ်ကို အသွယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်၏။ ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ့်သုံးခုမြောက်သော ကာယနိဗ္ဗိန္ဒဇာတ်သည် ပြီး၏။

---

## ၂၉၄-ဇမ္ဗုခါဒကဇာတ်

(ကြီးနှင့် မြေခွေး)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကောယံ ဗိန္ဒုဿရော ဝဂ္ဂု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇမ္ဗုခါဒကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကောကာလိကတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါဒေဝဒတ်အား လာဘသက္ကာရ ဆုတ်ယုတ်သည်ရှိသော် ကောကာလိကသည် ဒါယကာတို့ကို ဆည်းကပ်၍ ဒါယကာတို့၊ ဒေဝဒတ်မည်သော မထေရ်သည် မဟာသမ္မတမင်း၏ အစဉ်အဆက် ဩက္ကာကရာဇ်မင်းမျိုး၌ဖြစ်၏။ မရောယှက်သော မင်းမျိုး၌ကြီး၏။ ပိဋကတ်သုံးပုံကို ဆောင်၏၊ ဈာန်ကို ရ၏။ သာယာစွာသော အသံရှိ၏၊ တရားဟောတတ်၏။ ဒေဝဒတ်အား လှူဒါန်းကြကုန်လော့ဟု ဒေဝဒတ်၏ ကျေးဇူးကိုကို ပြောဆို၏၊ ဒေဝဒတ်သည်လည်း ကောကာလိက မထေရ်ကား ဥဒိစ္စပုဏ္ဏားမျိုးမှ ထွက်၍ ရဟန်းပြုသောသူတည်း၊ ဗဟုဿုတရှိ၏။ တရားဟောတတ်၏။ ကောကာလိက မထေရ်အား

လှူဒါန်းကြကုန်လော့။ ပူဇော်ကြကုန်လော့ဟု ဆို၏။ ထိုသို့ ဒေဝဒတ် ကောကာလိက တို့သည် အချင်းချင်း ကျေးဇူးကိုဆို၍ ဒါယကာတို့၏ အိမ်တို့၌ စားကုန်လျက် လှည့်လည်ကုန်၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်၌ ရဟန်းတို့သည် ငါ့ရှင်တို့၊ ဒေဝဒတ် ကောကာလိကတို့လည်း အချင်းချင်း၏ မဟုတ်မမှန်သော ကျေးဇူး စကားကို ဆိုကုန်၍ စားကုန်လျက် လှည့်လည် ကုန်၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ယခုအခါ၌သာလျှင် ထိုဒေဝဒတ် ကောကာလိကတို့သည် အချင်းချင်း၏ မဟုတ်မမှန်သော ကျေးဇူးကိုဆို၍ စားကုန်သည် မဟုတ်သေး၊ ရှေး၌လည်း စားဖူးကုန်သလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် မထင်ရှားသော သပြေတောအုပ်၌ ရုက္ခစိုးနတ်ဖြစ်၏။ ထိုတောအုပ်၌ တစ်ကောင်သော ကျီးသည် သပြေခက်၌ နားလျက် သပြေသီးမှည့်တို့ကို စား၏။ ထိုအခါ တစ်ကောင်သော မြေခွေးသည် လာလတ်၍ အထက်သို့ကြည့်လတ်သော် ကျီးကို မြင်၍ ငါသည် ထိုကျီးအား မဟုတ် မမှန်သော ကျေးဇူးစကားကို ဆိုရသော် သပြေသီးတို့ကို စားရအံ့ဟု ထိုကျီး၏ ကျေးဇူးကို ဆိုလိုရကား ဤဂါထာကို ဆို၏ --

၁၃၀။ ကော ယံ ဗိန္ဒုဿရော ဝဂ္ဂု၊ သရဝန္တာနမုတ္တမော။
အစ္စုတော ဇမ္ဗုသာခါယ၊ မောရစ္ဆာပေါဝ ကူဇတိ။

ဤငှက်သည် လှိုးသော အသံရှိ၏၊ သာယာသော အသံရှိ၏၊ အသံနှင့် ပြည့်စုံကုန်သော ငှက်တို့ထက် မြတ်၏။ ရွှေလျောခြင်းမရှိ၊ သပြေခက်၌ ဥဒေါင်းငယ်ကဲ့သို့ တွန်၏။ အဘယ်ငှက်နည်း။

၁၃၁။ ကုလပုတ္တောဝ ဇာနာတိ၊ ကုလပုတ္တံ ပသံသိတုံ။
ဗျဂ္ဃစ္ဆာပသရိသဝဏ္ဏ၊ ဘုဉ္ဇ သမ္မ ဒဒါမိတေ။

အမျိုးကောင်းသားသည် အမျိုးကောင်းသားကို ချီးမွမ်းအံ့သောငှါ သိ၏။ ကျားငယ်နှင့်တူသော ကိုယ်ရှိသော အဆွေမြေခွေး သင့်အား ငါသည် ပေး၏၊ သင်သည် စားလော့။

ဤသို့ဆို၍ သပြေခက်ကိုလှုပ်၍ သပြေသီးတို့ကို ကျစေ၏။ ထိုအခါ ထိုသပြေပင်၌ နေသောနတ်သည် မဟုတ်မမှန်သော ဂုဏ်ကျေးဇူးကိုဆို၍ သပြေသီးတို့ကို စားကုန်သော မြေခွေးနှင့် ကျီးတို့ကို မြင်၍ ဤဂါထာကိုဆို၏—

၁၃၂။ စိရဿံ ဝတ ပဿာမိ၊ မုသာဝါဒီ သမာဂတေ။
ဝန္တာဒံ ကုဏပါဒဉ္စ၊ အညမညံ ပသံသကေ။

မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိကုန်သော ဆိုင်မိကြကုန်သော အန်ဖတ်စား ကျီးလည်းဖြစ်သော အကောင်ပုပ်စား ခွေးလည်းဖြစ်သော အချင်းချင်း ချီးမွမ်းကုန်သော သတ္တဝါတို့ကို ရှည်မြင့်မှ စင်စစ်မြင်ရ၏။

ဤဂါထာကို ဆို၍ ထိုနတ်သားသည် ကြောက်မက်ဖွယ်သော အဆင်းကို ပြ၍ ထိုမြေခွေး ကျီးတို့ကို သပြေပင်မှ ပြေးစေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ၊ ယခုအခါ ကောကာလိကသည် ထိုအခါ ကျီးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရုက္ခစိုးနတ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

(ဂုဏ်ရည်မဲ့ချင်း၊ အကဲသွင်း၊ ကြားပြင်း လူတိုင်းဂုပ်)

နှစ်ရာကိုးဆယ့်လေးခုမြောက်သော ဇမ္ဗုခါဒကဇာတ်သည် ပြီး၏။

———

## ၂၉၅-အန္တဇာတ်

### ဂုဏ်မဲ့သူချင်း ဂုဏ်တင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥသဘဿေဝ တေ ခန္ဓော"အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအန္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ထိုဒေဝဒတ် ကောကာလိကတို့ကိုလျှင် အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် ရှေးဝတ္ထုနှင့် တူသလျှင်ကတည်း။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာ၏ ဥပစာ၌ ကြက်ဆူပင်စောင့်နတ်ဖြစ်၏။ ထိုအခါ ရွာ၌ သေသော နွားအိုကို ငင်ထုတ်၍ ရွာဝံခါး ကြက်ဆူတော၌ စွန့်ကုန်၏။ တစ်ကောင်သော မြေခွေးသည် လာလတ်၍ ထိုနွားအို၏ အသားကို စား၏။ တစ်ကောင်သော ကျီးသည် လာလတ်၍ ကြက်ဆူပင်၌နားလတ်သော် ထိုမြေခွေးကိုမြင်၍ မြေခွေးအား မဟုတ်မမှန်သော ကျေးဇူးကိုဆိုသော် အမဲကိုစားရာ၏ဟု ကြံ၍ ဤဂါထာကိုဆို၏။

၁၃၃။ ဥသဘဿေဝ တေ ခန္ဓော၊ သီဟဿေဝ ဝိဇမ္ဘိတံ။
မိဂရာဇ နမော တျတ္ထု၊ အပိ ကိဉ္စိ လဘာမသေ။

သားမင်း သင်၏ ပခုံးသည် နွားလားဥသဘ၏ ပခုံးကဲ့သို့ ဖြစ်၏၊ သင်၏ ကိုယ်၏ တင့်တယ်ခြင်းသည် ခြင်္သေ့၏ တင့်တယ်ခြင်းကဲ့သို့ ဖြစ်၏။ သင့်အား ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ စိုးစဉ်းအကြွင်းဖြစ်သော အမဲကိုလည်း ငါတို့သည် ရလိုကုန်၏။ ထိုစကားကိုကြား၍ မြေခွေးသည် ဤဂါထာကိုဆို၏၊

၁၃၄။ ကုလပုတ္တောဝ ဇာနာတိ၊ ကုလပုတ္တံ ပသံသိတုံ။
မယူရဂီဝသင်္ကာသ၊ ဣတော ပရိယာဟိ ဝါယသ။

အမျိုးကောင်းသားသည် အမျိုးကောင်းသားကို ချီးမွမ်းအံ့သော်ငှါ သိ၏။ ဥဒေါင်း၏ လည်နှင့်တူသော အဆင်းရှိသောကျီး သင်သည် ဤအရပ်သို့ လာလော့။

ထိုကျီးနှင့် မြေခွေးတို့၏ အမူအရာကို မြင်၍ ရုက္ခစိုးနတ်သည် ဤဂါထာကို ဆို၏။

၁၃၅။ မိဂါနံ သိင်္ဂါလော အန္တော၊ ပက္ခီနံ ပန ဝါယသော။
ဧရဏ္ဍော အန္တော ရုက္ခာနံ၊ တယော အန္တာ သမာဂတာ။

သားတို့တွင် မြေခွေးသည် ယုတ်မာ၏၊ ငှက်တို့တွင်ကား ကျီးသည် ယုတ်မာ၏၊ သစ်ပင်တို့တွင် ကြက်ဆူပင်သည် ယုတ်မာ၏။ သုံးခုကုန်သော အယုတ်တို့သည် ပေါင်းမိကြကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြွေခွေးဖြစ်ဖူးပြီ။ ယခုအခါ ကောကာလိကသည် ထိုအခါ ကျီးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကြက်ဆူပင်စောင့် ရုက္ခစိုး ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ့်ငါးခုမြောက်သော အနန္တဇာတ်သည် ပြီး၏။

---

## ၂၉၆-သမုဒ္ဒဇာတ်

### သမုဒ္ဒရာရေ ချွေတာသုံး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကော နာယံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသမုဒ္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဥပနန္ဒမထေရ်သည် အစားကြီး၏။ လောဘကြီး၏။ လှည်းတို့၌ပြည့်ကုန်သောပစ္စည်းတို့ဖြင့်ရောင့်ရဲစေခြင်းငှါမတတ်ကောင်း။ဝါဆိုသောကာလ၌ကျောင်း နှစ်ကျောင်း သုံးကျောင်းတို့၌ ဝါကပ်၍ တစ်ခုသောကျောင်း၌ ဖိနပ်ထား၏၊ တစ်ခုသောကျောင်း၌ တောင်ဝှေး ရေဗူးကိုထား၏။ တစ်ခုသောကျောင်း၌ မိမိနေ၏။ ဇနပုဒ်ကျောင်းသို့သွား၍ ကောင်းမြတ်သော ပရိက္ခရာရှိကုန်သော ရဟန်းတို့ကိုမြင်၍ အရိယဝံသ တရားကိုဟော၍ ထိုရဟန်းတို့ကို ပံသုကူသင်္ကန်းတို့ကို ဆောင်စေ၍ ထိုရဟန်းတို့၏ သင်္ကန်းကိုယူ၍ မြေသပိတ်တို့ကို ဆောင်စေ၍ ထိုရဟန်းတို့၏ နှစ်သက်ဖွယ်ရှိသော သပိတ်ခွက်တို့ကို ယူ၍ လှည်းကို ပြည့်စေ၍ ဇေတဝန်ကျောင်းတော်သို့လာ၏။ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့သာကီဝင်မင်းသား ဥပနန္ဒသည် အစားကြီး၏။ လောဘရမ္မက်ကြီး၏။ တစ်ပါးသောရဟန်းတို့အား ကျင့်ဝတ်ကိုဟော၍ ရဟန်းတို့၏ ပရိက္ခရာတို့ကို လှည်းကိုပြည့်စေ၍ လာ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဥပနန္ဒသည် တစ်ပါးကုန်သော ရဟန်းတို့အား အရိယဝံသ တရားစကားကို ဟောသဖြင့်

မသင့်မလျော်သည်ကို ပြု၏။ ရှေးဦးစွာ မိမိသည် အလိုနည်းသည်ဖြစ်၍ နောက်မှ သူတစ်ပါးတို့အား အရိယဝံသကို ဟောသင့်၏ဟု ဤဂါထာကို ဟောတော်မူ၏။

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။

ရှေးဦးစွာ ပညာရှိသည် မိမိကိုယ်ကိုသာလျှင် လျောက်ပတ်သောတရား၌ တည်စေရာ၏။ ထို့နောက်မှ သူတစ်ပါးကို ဆုံးမရာ၏။ မပင်ပန်းစေရာသလျှင် ကတည်း။

ဓမ္မပဒ၌လာသော ဤဂါထာကို ပြတော်မူ၍ ဥပနန္ဒကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ဥပနန္ဒသည် ယခုအခါ၌သာလျှင် အလိုကြီးသည် မဟုတ်သေး။ ရှေး၌လည်း မဟာသမုဒ္ဒရာရေကိုလည်း စောင့်ရှောက်အပ်၏ဟု ထင်မှတ်ဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်၏။ ထိုအခါ တစ်ခုသော သမုဒ္ဒရာနား၌ နေသော ကျီးသည် သမုဒ္ဒရာ၏ အထက်အဖို့၌ သွားလတ်သည် ရှိသော် သမုဒ္ဒရာရေကို အတိုင်းအရှည်အားဖြင့် သောက်ကြကုန်။ စောင့်ရှောက် သဖြင့် သောက်ကြကုန်ဟု ငါးအပေါင်း ငှက်အပေါင်းတို့ကို မြစ်လျက် သွား၏။ ထိုကျီးကို မြင်၍ သမုဒ္ဒရာစောင့်နတ်သည် ဤဂါထာကို ဆို၏။

၁၃၉။ ကောနာယံ လောဏတောယသ္မိံ၊ သမန္တာ ပရိဓာဝတိ။
မစ္ဆေ မကရေ စ ဝါရေတိ၊ ဦမိသု စ ဝိဟညတိ။

ဤငှက်သည် သမုဒ္ဒရာရေ၌ ထက်ဝန်းကျင်မှ ပြေး၏။ ငါးတို့ကိုလည်းကောင်း, မကန်းတို့ကိုလည်းကောင်း တားမြစ်၏။ လှိုင်းတံပိုးတို့၌လည်း ပင်ပန်း၏။ ထိုငှက်ကား အဘယ်မည်သော ငှက်နည်း။

ထိုစကားကိုကြား၍ သမုဒ္ဒရာအနီး၌ နေသော ကျီးသည် ဤဂါထာကို ဆို၏။

၁၃၁။ အနန္တပါယီ သကုဏော၊ အတိတ္တောတိ ဒိသာ သုတော။
သမုဒ္ဒံ ပါတုမိစ္ဆာမိ၊ သာဂရံ သရိတံ ပတိံ။

ငါသည် မရောင့်ရဲသောငှက်ဟူ၍ အရပ်မျက်နှာတို့၌ ထင်ရှားသော အဆုံးမရှိသော သမုဒ္ဒရာရေကို သောက်သောငှက် တည်း။ ငါသည် ကောင်းမြတ်သော ရတနာတို့၏ တည်ရာဖြစ်သောမြစ်တို့၏ အကြီးဖြစ်သော သမုဒ္ဒရာရေကို သောက်လို၏။

ထိုစကားကိုကြား၍ သမုဒ္ဒရာစောင့်နတ်သည် ဤဂါထာကို ဆို၏—

၁၃၈။ သော အယံ ဟာယတိစေဝ၊ ပူရတေ စ မဟောဒဓိ။
နာဿ နာယတိ ပီတန္တော၊ အပေယျော ကိရ သာဂရော။

ထိုသမုဒ္ဒရာသည် လျော့လည်း လျော့နည်း၏။ ပြည့်လည်း ပြည့်၏။ အလုံးစုံသော လောကသည် သောက်ငြားသော်လည်း ထိုသမုဒ္ဒရာရေသည် ကုန်ဆုံးခြင်းမရှိ၊ သမုဒ္ဒရာသည် တစ်စုံတစ်ယောက်သောသူသည် ရေကို ကုန်စေ၍ သောက်ခြင်းငှါ မတတ်နိုင်။

ဤစကားကိုဆို၍ ကြောက်မက်ဖွယ်သော အဆင်းကိုပြ၍ သမုဒ္ဒရာ၏အနီး ဖြစ်သော ကျီးကို ပြေးစေ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဥပနန္ဒသည် ထိုအခါ သမုဒ္ဒရာ၏အနီး ကျီးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ သမုဒ္ဒရာစောင့်နတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ့်ခြောက်ခုမြောက်သော သမုဒ္ဒဇာတ်သည် ပြီး၏။

---

## ၂၉၇-ကာမဝိလာပဇာတ်

### မယားအတွက် ရတက်မအေးနိုင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဥစ္စေ သကုဏ ဍေမာန" အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာမဝိလာပဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်းဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်

မူ၏။ ပစ္စုပ္ပန်ဝတ္ထုကို ပုပ္ဖရတ္တဇာတ်၌ ဆိုအပ်ပြီ။ အတိတ်ဝတ္ထုသည်ကား အဋ္ဌကနိပါတ် ခုနစ်ခုမြောက် ဣန္ဒြိယဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

## အတိတ်ဝတ္ထု

ထိုယောကျ်ားကိုကား အသက်ရှင်စဉ်လျှင် တံကျင်၌ လျှိုကုန်၏။ ထိုယောကျ်ားသည် ထိုတံကျင်၌နေလျက် ကောင်းကင်ဖြင့်လာသော တစ်ကောင်သောကျီးကို မြင်၍ ပြင်းထန်စွာသော ဝေဒနာကိုလည်း မရေတွက်မူ၍ ချစ်စွာသော မယားသို့ သတင်းစကားကို ပို့စိမ့်သောငှါ ခေါ်လျက် ဤဂါထာတို့ကိုဆို၏—

၁၃၉။ ဥစ္စေ သကုဏ ဍေမာန၊ ပတ္တယာနဝိဟင်္ဂမ။
ဝဇ္ဇာသိ ခေါ တွံ ဝါမူရုံ၊ စိရံ ခေါ သာ ကရိဿတိ။

၁၄၀။ ဣဒံ ခေါ သာ န ဇာနာတိ၊ အသိံ သတ္တိဉ္စ ဩဍ္ဍိတံ။
သာ စဏ္ဍီ ကာဟတိ ကောဓံ၊ တံ မေ တပတိ နော ဣဒံ။

၁၄၁။ ဧသ ဥပ္ပလသန္နာဟော၊ နိက္ခဉ္စုဿိသကော’ ဟိတံ၊
ကာသိကဉ္စ မုဒုံ ဝတ္ထံ၊ တပ္ပေတု ဓနိကာ ပိယာ။

မြင့်သောကောင်းကင်၌ပျံသွားတတ်သော ကောင်းကင်ပြင်၌ ပျံသွားတတ်သော အတောင်ဟူသော ယာဉ်ရှိသော အို ကျီး သင်သည် ငှက်ပျောတုံးနှင့်တူသော ပေါင်ရှိသော ငါ၏မိန်းမကို ပြောဆိုပါလေလော့၊ ထိုငါ၏ မိန်းမသည် ကြာလေစွဟု အောက်မေ့လတ္တံ့။

လျှိုခြင်းငှါ ထောင်အပ်သော သန်လျက်နှင့်တူသည်လည်းဖြစ်သော လှံမနှင့်တူသည်လည်းဖြစ်သော ဤတံကျင်ကိုလျှင် ထို ငါ့မယားသည် မသိရှာလေ၊ ထိုမိန်းမသည် အလွန်ကြာလေစွဟူ၍ ငါ့အား ကြမ်းသောသဘောရှိသော အမျက်ကို ပြုလတ္တံ့၊ ထိုမိန်းမ၏ အမျက်ထွက်ခြင်းသည် ငါ့ကိုပူပန်စေ၏။ ဤတံကျင်သည် မပူပန်စေ။

ကြာနှင့်တူသော တန်ဆာချပ်ကိုလည်းကောင်း၊ ငါးသုဝဏ် အတိုင်းအရှည်ရှိသော ရွှေဖြင့်ဝယ်အပ်သော လက်စွပ်ကိုသည်းကောင်း၊ ကာသိတိုင်း၌ ဖြစ်သော နူးညံ့သောပုဆိုးအစုံကိုသည်းကောင်း ဤမျှသောဥစ္စာကို ဦးခေါင်းရင်း၌ ထားအပ်၏။ ထိုဥစ္စာကို ဥစ္စာဖြင့်အလိုရှိသော ထိုမယားသည်ယူ၍ ရောင့်ရဲစေသတည်း။

ဤသို့ ထိုယောကျ်ားသည် ငိုကြွေးမြည်တမ်းလျက် သေ၍ ငရဲ၌ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကိုအဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ မယားသည်လျှင် ထိုအခါ မယားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ အကြောင်းကိုမြင်သော နတ်ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ့်ခုနစ်ခုမြောက်သော ကာမဝိလာပဇာတ်သည် ပြီး၏။

---

၂၉၈-ဥဒုမ္ဗရဇာတ်

(နေရာလုသော မျောက်)

သူများမျက်ခုံးမွေးပေါ် စကြံလျှောက်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဥဒုမ္ဗရာ စိမေ ပက္ကာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥဒုမ္ဗရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော ရဟန်းကိုအကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ပစ္စန္တရစ်ရွာယ်၌ ကျောင်းဆောက်၍ နေ၏။ ကျောင်းသည် မွေ့လျော်ဖွယ်ရှိ၏။ ကျောက်ဖျာရင်း၌တည်၏။ မဏ္ဍပ်သဘင်ငှာနရှိ၏။ရေဖြင့် ချမ်းသာ၏။ဆွမ်းခံရွာ မနီးလွန်း မဝေးလွန်းရှိ၏။ လူတို့ ချစ်မြတ်နိုးကုန်လျက် ဆွမ်းကို လှူကုန်၏။ ထိုအခါ တစ်ပါးသော ရဟန်းသည် ဒေသစာရီ သွားလတ်သော် ထိုကျောင်းသို့ ရောက်၏။ ကျောင်းနေရဟန်းသည် ထိုရဟန်းအား အာဂန္တုကဝတ်ကို ပြု၍ နက်ဖြန် အာဂန္တုက ရဟန်းကို ခေါ်၍ ရွာသို့ ဆွမ်းခံဝင်၏။ လူတို့သည် မွန်မြတ်သော ဆွမ်းကို လှူ၍ နက်ဖြန် အကျိုးငှါ ဖိတ်ကုန်၏။ ထိုအာဂန္တုကရဟန်းသည် လာလတ်၍ နှစ်ရက် သုံးရက် စား၍ တစ်ခုသော ဥပါယ်ဖြင့် ကျောင်းနေ ရဟန်းကို လှည့်စား၍ နှင်ထုတ်၍ ဤကျောင်းကို ငါယူအံ့ဟု ကြံ၏။ ထိုအခါ မထေရ်ကြီးကို ခစားလာသော ထိုကျောင်းနေရဟန်းကို ငါ့ရှင်သင်ကား ဘုရားအား ဆည်းကပ်ခြင်းကို အဘယ့်ကြောင့် မပြုသနည်းဟု မေး၏။ 'အရှင်ဘုရား ဤကျောင်းကို

စောင့်သောသူမရှိ၊ ထိုကြောင့် အကျွန်ုပ်သည် ဘုရားအထံတော်သို့ မရောက် မဖူးရဟု ဆို၏။ အကြင်မျှလောက် သင်သည် ဘုရားအထံတော်သို့ သွား၍ လာ၏။ ထိုမျှလောက် ငါစောင့်ရစ်အံ့ဟု ဆို၏။ အရှင်ဘုရား ကောင်းပြီဟု ကျောင်းနေရဟန်းသည် ငါလာသည် တိုင်အောင် မထေရ်ကို မမေ့ရစ်ကြကုန် လင့်ဟု လူတို့ကိုဆို၍ သွား၏။

ထိုအခါမှစ၍ အာဂန္တုက ရဟန်းသည် ဤသည့် ဤသည်လည်း ထိုကျောင်း နေ ရဟန်း၏ အပြစ်တည်းဟု ဆို၍ ထိုလူတို့ကို ဖျက်ဆီး၏။ ကျောင်းနေ ရဟန်းသည်သည်း ဘုရားတို့ ရှိခိုး၍ တစ်ဖန် လာ၏။ ထိုအခါ ကျောင်းနေ ရဟန်းအား အာဂန္တုက ရဟန်းသည် ကျောင်းကို မပေး၊ ထိုကျောင်းနေ ရဟန်းသည် တစ်ခုသော အရပ်၌ နေ၍ နက်ဖြန် ရွာသို့ ဆွမ်းခံဝင်၏။ လူတို့ သည် အရိုအသေ အမှုကိုမျှလည်း မပြုကြကုန်၊ ထိုကျောင်းနေ ရဟန်းသည် နှလုံးမသာယာ၍ တစ်ဖန် ဇေတဝန် ကျောင်းတော်သို့ သွား၍ ထိုအကြောင်းကို ရဟန်းတို့အား ကြားလျှောက်ကုန်၏၊ ထိုရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤမည်သော ရဟန်းသည် ဤမည်သော ရဟန်းကို ကျောင်းမှ နှင်ထုတ်၍ မိမိသည် ထိုကျောင်း၌ နေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြကုန် သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် ထိုရဟန်းသည် ဤရဟန်းကို နေရာမှ နှင်ထုတ်သည် မဟုတ်သေး။ ရှေး၌လည်း နေရာမှ နှင်ထုတ်ဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တော၌ ရုက္ခစိုးနတ်ဖြစ်၏။ ထိုတော၌ မိုးကာလဝယ် ခုနစ်ရက် ခုနစ်လီ မိုးရွာ၏။ ထိုအခါ တစ်ခုသော နီသော မျက်နှာရှိသော မျောက်ငယ်သည် တစ်ခုသော မိုးမစွတ်သော ကျောက်ဂူ၌ နေလတ်သော် တစ်နေ့သ၌ ဂူတံခါး မိုးမစွတ်သော အရပ်၌ ချမ်းသာသဖြင့် နေ၏။ ထိုအရပ်၌ တစ်ခုသော မည်းသော မျက်နှာရှိသော မျောက်ကြီးသည် မိုးစွတ်၍ အချမ်း နှိပ်စက်လျက် လှည့်လည်လတ်သော် ထိုသို့နေသော ထိုမျောက်ငယ်ကို မြင်၍ ထိုမျောက်ကို ထုတ်၍ ထိုအရပ်၌ ငါနေအံ့ဟု ကြံ၍ ဝမ်းကို တွဲလျားကျစေ၍ ဝသော အခြင်းအရာကိုပြ၍ ထိုမျောက်ငယ်၏ ရှေ့၌ ရပ်၍ ဤဂါထာကို ဆို၏—

၁၄၂။ ဥဒုမ္ဗရာ စိမေ ပက္ကာ၊ နိဂြောဓာ စ ကပိတ္ထနာ။
ဧဟိ နိက္ခမ ဘုဉ္ဇဿု၊ ကိံ ဇိဃစ္ဆာယ မိယျသိ။

အို-မျောက်ငယ် ဤရေသဖန်းပင်တို့သည် လည်းကောင်း၊ ဤပင်ညောင်တို့သည်လည်းကောင်း၊ ဤညောင်ချဉ်တို့သည် လည်းကောင်း၊ မှည့်ကုန်၏။ လာလော့။ ထွက်လော့။ စားလှည့်လော့။ ငတ်မွတ်သဖြင့် အဘယ်ကြောင့် သေလိုဘိသနည်း။

ထိုမျောက်ငယ်သည်လည်း ထိုမျောက်ကြီး၏ စကားကို ကြား၍ ယုံကြည်၍ အသီးတို့ကို စားလိုရကား ထွက်၍ ထိုထို အရပ်သို့ လှည့်လည်၍ တစ်စုံတစ်ခုသော သစ်သီးတို့ကို မရ၍ တစ်ဖန်ပြန်၍ ကျောက်ဂူ၏ အတွင်းသို့ ဝင်၍ နေသော မျောက်ကြီးကို မြင်၍ ထိုမျောက်ကြီးကို ငါလှည့်စားအံ့ဟု မျောက်ကြီး၏ ရှေ့၌ ရပ်၍ ဤဂါထာကို ဆို၏—

၁၄၃။ ဧဝံ သော သုဟိတော ဟောတိ၊ ယော ဝုဍ္ဎ'မပစာယတိ။
ယထာ ဟ'မဇ္ဇ သုဟိတော၊ ဒုမပက္ကာနိ မာသိတော။

ငါသည် ယနေ့ သစ်သီးမှည့်တို့ကို စားရ၍ ဝသကဲ့သို့ ဤအတူ ကြီးသောသူကို ပူဇော်သော သူသည် ဝသည်ဖြစ်၏။ ထိုစကားကို ကြား၍ မျောက်ကြီးသည် ဤဂါထာကို ဆို၏—

၁၄၄။ ယံ ဝနေဇော ဝနေဇဿ၊ ဝဉ္စေယျ ကပိနော ကပိ။
ဒဟရောပိ တံ န သဒ္ဒဟေယျ၊ န ဟိ ဇိဏ္ဏော ဇရာကပိ။

တော၌ဖြစ်သော မျောက်သည် တော၌ဖြစ်သော မျောက်အား လှည့်စားသော စကားကို မျောက်ငယ်သည် ယုံရာ၏၊ ရင့်ပြီးသော မျောက်အိုသည်ကား မယုံရာတည်း။

အချင်းမျောက်ငယ် ဟိမဝန္တာ၌ သစ်သီး ကြီးငယ်သည် မိုးစွတ်၍ ကြွေလေပြီ။ တစ်ဖန် သင့်အား ဤနေရာသည် မရှိပြီ သွားလေဟု ဆို၏။ ထိုမျောက်ငယ်သည် ထိုအရပ်မှ ဖဲသွားရ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကျောင်းနေ ရဟန်းသည် ထိုအခါ မျောက်ငယ်ဖြစ်ဖူးပြီ။ ယခုအခါ အာဂန္တုက

ရဟန်းသည် ထိုအခါ မည်းသော မျောက်ကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

နှစ်ရာကိုးဆယ့်ရှစ်ခုမြောက်သော ဥဒုမ္ဗရဇာတ်သည် ပြီး၏။

## ၂၉၉-ကောမာရပုတ္တဇာတ်

## ဆရာကောင်းတပည့် ပန်းကောင်းပန်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပုရေ တုဝံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောမာရပုတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကစားလေ့ရှိကုန်သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းတို့သည် သဗ္ဗညုမြတ်စွာဘုရားသည် အထက်ပြာသာဒ်၌ သီတင်းသုံးနေတော်မူသည်ရှိသော် အောက်ပြာသာဒ်၌ မြင်ဖူးကြားဖူးသော စကားအစရှိသည်တို့ကို ပြောဆိုကုန်လျက် ခိုက်ရန်တို့ကိုလည်းကောင်း, ပြက်ရယ်တို့ကိုလည်းကောင်း ပြုကုန်၍ နေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် မဟာမောဂ္ဂလာန်မထေရ်ကို ခေါ်တော်မူ၍ ထိုရဟန်းတို့ကို ထိတ်လန့်စေလော့ဟု မိန့်တော်မူ၏။ အရှင်မောဂ္ဂလာန် မထေရ်သည် ကောင်းကင်သို့ ပျံတက်တော်မူ၍ ခြေမဖြင့် ပြာသာဒ်ထုပိကာကို ခတ်၍ ရေအဆုံးရှိသည် တိုင်အောင် ပြာသာဒ်ကို လှုပ်စေ၏။ ထိုရဟန်းတို့သည် သေဘေးဖြင့် ကြောက်ကုန်ရကား ထွက်၍ အပ၌ တည်ကုန်၏။ ထိုရဟန်းတို့၏ ထိုကစားတတ်သော အလေ့သဘောသည် ရဟန်းတို့၌ ထင်ရှားစွာ ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အချို့ကုန်သော ရဟန်းတို့သည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ကစားတတ်သော အလေ့ရှိကုန်လျက် နေကုန်၏။ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာဉာဏ်ဖြင့် ကမ္မဋ္ဌာန်းကို မပြုကုန်ဟု စကားကို ဖြစ်စေကုန်၏။ "သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ထိုရဟန်းတို့သည် ယခုအခါ၌သာလျှင် ကစားတတ်သော အလေ့ရှိသည် မဟုတ်ကုန်သေး။ ရှေး၌လည်း ကစားတတ်သော အလေ့ရှိကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ခုသော ရွာငယ်၌ ပုဏ္ဏားမျိုး၌ ဖြစ်၏။ ထိုဘုရားလောင်းကို ကောမာရပုတ္တဟု မှည့်ကုန်၏။ ထိုကောမာရပုတ္တသည် နောက်အဖို့၌ တောထွက်၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာအရပ်၌ နေ၏။ ထိုအခါ တစ်ပါးကုန်သော ကစားတတ်သော အလေ့ရှိကုန်သော ရသေ့တို့သည် ဟိမဝန္တာအရပ်၌ ကျောင်းဆောက်၍ နေလာကုန်၏။ ကစားတတ်သော အလေ့ ရှိကုန်ရကား ထိုရသေ့တို့အား ကသိုဏ်းပရိကံမှုသည်လည်း မရှိ၊ တောမှ သစ်သီး ကြီးငယ်တို့ကို ဆောင်ကုန်၍ ရယ်ကုန်လျက် အထူးထူး အပြားပြား အားဖြင့် ကစားသော အလေ့ရှိကုန်သည်ဖြစ်၍ ကာလကို လွန်စေကုန်၏။ ထိုရသေ့တို့၏ အထံ၌ တစ်ကောင်သော မျောက်သည်ရှိ၏။ထိုမျောက်သည်လည်း ကစားတတ်သောအလေ့ ရှိသလျှင်ကတည်း။ မျက်နှာဖောက်ပြန်ခြင်း အစ ရှိသည်တို့ကို ပြုလျက် ရသေ့တို့အား အထူးထူးသော ကစားခြင်းကို ပြုသလျှင် ကတည်း။ ရသေ့တို့သည် ထိုအရပ်၌ ကြာမြင့်စွာ နေ၍ ချဉ်ဆား မှီဝဲအံ့သောငှါ သွားကုန်၏။ ထိုရသေ့တို့၏ သွားသောကာလမှစ၍ ဘုရားလောင်းသည် ထိုအရပ်သို့ သွား၍ နေ၏။ မျောက်သည် ထိုရသေ့တို့အား ကစားခြင်းကို ပြုသကဲ့သို့ ထိုအတူ ဘုရားလောင်းအားလည်း ကစားခြင်းကို ပြု၏။ ဘုရား လောင်းသည် လက်ဖျစ်တီး၍ ကောင်းစွာ ကျင့်သော ရဟန်းတို့၏ အထံ၌ နေသော သူမည်သည်ကား အကျင့်နှင့် ပြည့်စုံရာ၏။ ကိုယ်အစရှိသည်တို့ကို စောင့်ရှောက်ရာ၏ဟု ဆို၍ ထိုမျောက်အား အဆုံးအမကို ပေး၏။ ထိုမျောက် သည် ထိုအခါမှစ၍ သီလအကျင့်နှင့် ပြည့်စုံ၏။ ဘုရားလောင်းသည်လည်း ထိုအရပ်မှ တစ်ပါးသော အရပ်သို့ သွား၏။ ထိုအခါ ထိုရသေ့တို့သည် ချဉ်ဆား မှီဝဲပြီး၍ ထိုအရပ်သို့ လာကုန်၏။ မျောက်သည် ရှေး၌ကဲ့သို့ ထိုရဟန်းတို့အား ကစားခြင်းကို မပြု။ ထိုအခါ ထိုမျောက်ကို ရသေ့တို့သည် သင်သည် ရှေး၌ ငါတို့အား ကစားခြင်းကို ပြု၏၊ ယခုကား ကစားခြင်းကို မပြု၊ အဘယ့်ကြောင့် မပြုသနည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၁၄၅၊ ပုရေ တုဝံ သီလဝတံ သကာသေ၊
ဩက္ကန္တိကံ ကီဠသိ အဿမမှိ။
ကရောဟ' ရေ မက္ကဋိယာနိ မက္ကဋ၊
န တံ မယံ သီလဝတံ ရမာမ။

အချင်းမျောက် သင်သည် ရှေး၌ကဲ့သို့ ကစားလေ့ရှိကုန်သော ငါတို့၏ အထံ၌ သက်ဝင်၍ ကစားခြင်းကို ကစားလော၊ ကျောင်း၌ မျောက်၏ မျက်နှာ

ဖောက်ပြန်ခြင်းတို့ကို ပြုဦးလော၊ အို မျောက် ထိုရှေး၌ ကစားမြဲဖြစ်သော အကျင့်ကို ငါတို့သည် ယခု မမွေ့လျော်ရကုန်။ သင်သည်လည်း ငါတို့ကို မမွေ့လျော်စေ၊ အဘယ့်ကြောင့်နည်း။

ထိုစကားကို ကြား၍ မျောက်သည် ဤဂါထာကို ဆို၏—

၁၄၆။ သုတာ ဟိ မယှံ ပရမံ ဝိသုဒ္ဓိ၊
ကောမာရပုတ္တဿ ဗဟုဿုတဿ။
မာ ဒါနိ မံ မညိ တုဝံ ယထာ ပုရေ၊
ဈာနာနုယုတ္တော ဝိဟရာမိ အာဝုသော။

ငါ့ရှင် ငါသည် ဆိုအပ်သော များသော အကြားအမြင်ရှိသော ကောမာရပုတ္တ ရှင်ရသေ့၏ အလွန်အထူးသဖြင့် စင်ကြယ်သော အဆုံးအမကို သင်သည် နာလော့။ ယခု ငါ့ကို ရှေး၌ကဲ့သို့ မအောက်မေ့လင့်၊ ယခု ငါသည် ဆရာ ကောင်းကို ရသည်ဖြစ်၍ ဈာန်ကို လုံ့လပြု၍ နေ၏။

ထိုစကားကို ကြား၍ ရသေ့သည် ဤဂါထာကို ဆို၏—

၁၄၇။ သစေပိ သေလသ္မိံ ဝပေယျ ဗီဇံ၊
ဒေဝေါ စ ဝဿေ န ဟိ တံ ဝိရူဠှေ။
သုတာ ဟိ တေ သာ ပရမာ ဝိသုဒ္ဓိ၊
အာရာ တုဝံ မက္ကဋ ဈာနဘူမိယာ။

အို မျောက် ကျောက်ဖျာ၌ မျိုးစေ့ကို အကယ်၍ ပျိုးငြားအံ့။ မိုးသည်လည်း အကယ်၍ ရွာငြားအံ့။ ထိုမျိုးစေ့သည် မပေါက်ရာတည်း။ သင်သည် မြတ်သော စင်ကြယ်သော ထိုဈာန်အကျင့်ကို ကြားရရုံသာ ဖြစ်၏။ သင်သည် ဈာန်၏အရပ်မှ ဝေး၏။

သင်သည် ဈာန်ကို ဖြစ်စေခြင်းငှါ မတတ်နိုင်ဟု မျောက်ကို ကဲ့ရဲ့ကြကုန်၏။

## ဇာတ်ပေါင်း

သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရဟန်းတို့သည် ထိုအခါ ကစားလေ့ရှိကုန်သော ရသေ့တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ကောမာရပုတ္တရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(သူတော်ကောင်းနှင့်၊ ပေါင်းဖက်သင့်၊ ကိုယ်ကျင့်ကောင်းမွန်လာ)

နှစ်ရာကိုးဆယ့်ကိုးခုမြောက်သော ကောမာရပုတ္တဇာတ်သည် ပြီး၏။

## ၃၀၀-ဝကဇာတ်

### နို့အိုးကျကွဲတော့ ရွှေစည်းခုံလျှ
### စားစရာမရှိတဲ့နေ့ သီလစောင့်
### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ပရပါဏရောဓာ ဇီဝန္တော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခင်းနိုးအဖောင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထုသည် ဝိနည်း၌အကျယ်အားဖြင့် လာသလျှင်ကတည်း။ ဤဇာတ်၌ကား အကျဉ်းအားဖြင့် ဤသို့ သိအပ်၏။ အရှင်ဥပသေနသည် နှစ်ဝါရသည်ရှိသော် တစ်ဝါရသော အတူနေ တပည့်နှင့်တကွ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်၍ သဗ္ဗညုမြတ်စွာဘုရားသည် ကဲ့ရဲ့အပ်သည်ရှိသော် ရှိခိုး၍ ဖဲ့သွားပြီးလျှင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း၍ အရဟတ္တဖိုလ်သို့ရောက်၍ အလိုနည်းသည်အဖြစ် အစရှိသော ကျေးဇူးနှင့်ယှဉ်သည်ဖြစ်၍ တစ်ဆယ့်သုံးပါးသော ဓုတင်တို့ကို ဆောက်တည်၍ ပရိသတ်ကိုလည်း ဓုတင်ကို ဆောက်တည်စေ၍ သဗ္ဗညုမြတ်စွာဘုရားသည် သုံးလပတ်လုံး ကိုယ်တော်တစ်ပါးတည်း ကျိန်းအောင်းတော်မူသည်ရှိသော် ပရိသတ်နှင့်တကွ သဗ္ဗညုမြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်၍ ရှေးဦးစွာ ပရိသတ်ကိုမှီ၍ ကဲ့ရဲ့ခြင်းကိုရ၍ ဓမ္မိကဖြစ်သော ကတိကသို့လိုက်သော အရာ၌ ချီးမွမ်းခြင်းကိုရ၍ ဤနေ့မှစ၍ ဓုတင်ကိုဆောင်ကုန်သော ရဟန်းတို့သည် အလိုရှိတိုင်းဆည်းကပ်၍ ငါဘုရားကို ပူဇော်ကုန်ဟု သဗ္ဗညုမြတ်စွာဘုရားသည် ပြုတော်မူအပ်သော အခွင့်လွှတ်ခြင်းသည် ဖြစ်၍ ထွက်ခဲ့၍ ရဟန်းတို့အား ထိုအကြောင်းကို ကြား၏၊ ထိုအခါမှစ၍ ရဟန်းတို့သည် ဓုတင်ကို ဆောင်ကုန်သည်ဖြစ်၍ သဗ္ဗညုမြတ်စွာဘုရားအား ဖူးမြင်အံ့သောငှါ ဆည်းကပ်ကုန်၍ သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်တစ်ပါးတည်း ကျိန်းအောင်းတော်မူဆဲမှ ထတော်မူသည်ရှိသော် ထိုထိုအရပ်၌ ပံသုကူတို့ကို စွန့်၍ မိမိသပိတ်သင်္ကန်းတို့ကိုသာလျှင် ယူကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် များစွာကုန်သော ရဟန်းတို့နှင့်တကွ ကျောင်းစဉ်လည်တော်မူသည်ရှိသော် ထိုထိုအရပ်၌ စွန့်ပစ်အပ်ကုန်သော ပံသုကူတို့ကို မြင်တော်မူ၍ ထိုအကြောင်းကို ကြားတော်မူ၍ ရဟန်းတို့-ဤရဟန်းတို့၏ ဓုတင်ဆောက်တည်ခြင်းမည်သည်ကား ကြာမြင့်စွာ မတည်သော သစ်ကျုတ်၏ ဥပုသ်ဆောက်တည်ခြင်းနှင့် တူသည်ဖြစ်၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏။ ထိုအခါ တစ်ကောင်သော သစ်ကျုတ်သည် ဂင်္ဂါကမ်းနား ကျောက်ဖျာအပြင်၌ နေ၏။ ထိုအခါ ဂင်္ဂါ၌ ဆီးနှင်းရေသည်လာ၍ ထိုကျောက်ဖျာကို ခြံရံ၏။ သစ်ကျုတ်သည်တက်၍ ကျောက်ဖျာအပြင်၌ အိပ်၏။ သစ်ကျုတ်အား ကျက်စားရာသည် မရှိ။ ကျက်စားရာသို့ သွားလမ်းသည်လည်း မရှိ။ ရေသည် ပွားသည်သာလျှင်ဖြစ်၏။ ထိုသစ်ကျုတ်သည် ငါ့အား ကျက်စားရာသို့ သွားသောလမ်းသည် မရှိ။ ထွက်သော ငါ့အား ပျက်စီးခြင်းထက် ဥပုသ်ဆောက်တည်ခြင်းသည် မြတ်၏ဟု ကြံ၏။ ကြံ၍စိတ်ဖြင့်သာလျှင် ဥပုသ်ကိုဓိဋ္ဌာန်၍ သီလတို့ကို ဆောက်တည်၍ အိပ်၏။ ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုသစ်ကျုတ်၏ အားနည်းစွာသော ထိုသီလဆောက်တည်ခြင်းကို သိ၍ ထိုသစ်ကျုတ်ကို စုံစမ်းအံ့ဟု ဆိတ်၏အသွင်ဖြင့် လာလတ်၍ သစ်ကျုတ်၏ အနီး၌ရပ်၍ ကိုယ်ကို ပြ၏။ သစ်ကျုတ်သည် တစ်ပါးသောနေ့မှ ဥပုသ်မှုကို သိအံ့ဟု ထ၍ ထိုဆိတ်ကို ဖမ်းအံ့သောငှါ လာ၏။ ဆိတ်သည်လည်း ထိုမှဤမှ ပြေး၍ မိမိကိုယ်ကို ဖမ်းစိမ့်သောငှါ မပေး။ သစ်ကျုတ်သည် ထိုဆိတ်ကိုဖမ်းအံ့သောငှါ မတတ်နိုင်၍ ပြန်လည်၍လာလတ်၍ ဥပုသ်အမှုသည် ငါ့အားမပျက်သေးဟု ရှေးအတူသာလျှင် တစ်ဖန်အိပ်၏။ သိကြားသည် သိကြားကိုယ်၏ဒေဖြစ်ဖြင့် ကောင်းကင်၌ရပ်၍ ထိုသို့သဘောရှိသော အားနည်းသော ကုသိုလ်ဆန္ဒရှိသော သင့်အား ဥပုသ်ဆောက်တည်သဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်သည် ငါ့ကို သိကြားအဖြစ်ကို မသိ၍ ဆိတ်သားကို စားလို၏ဟု ထိုသစ်ကျုတ်ကို နှိပ်စက်ကဲ့ရဲ့၍ နတ်ပြည်သို့လျှင် သွား၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဤအတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၄၈။ ပရပါဏရောဓာ ဇီဝန္တော၊ မံသလောဟိတဘောဇနော။
ဝကော ဝတံ သမာဒါယ၊ ဥပပဇ္ဇိ ဥပေါသတံ။

၁၄၉။ တဿ သက္ကော ဝတ' ညာယ၊ အဇရူပေနု' ပါဂမိ။
ဝီတတပေါ် အဇ္ဈပ္ပတ္တော၊ ဘဉ္ဇိ လောဟိတပေါ တပံ။

၁၅၀။ ဝေမေဝ ဣဓေကစ္စေ၊ သမာဒါနမှိ ဒုဗ္ဗလာ။
လဟုံ ကရောန္တိ အတ္တာနံ၊ ဝကော ဝ အဇကာရဏာ။

သူ့အသက်ကို နှစ်သက်သော အမျိုး၌ အသက်ရှင်သော အသားအသွေးကို စားသော သစ်ကျုတ်သည့် သီလကို ဆောက်တည်၍ ဥပုသ်ကို သုံး၏။

သိကြားသည် ထိုသစ်ကျုတ်၏ အဇ္ဈာသယကို သိ၏။ သိသောကြောင့် ဆိတ်၏ အသွင်ဖြင့် ကပ်၏။ ကင်းသော ဥပုသ်ရှိသည် ဖြစ်၍ သစ်ကျုတ်သည် ထိုဆိတ်သို့ ကပ်လာ၏။ သွေးကို သောက်ဘတ်သော သစ်ကျုတ်သည် ဥပုသ်ကို ဖျက်ဆီး၏ သကဲ့သို့ ဤအတူလျှင် ဤသာသနာတော်၌ အချို့ကုန်သော သူတို့သည် ဆောက်တည်အပ်သော ကုသိုလ်၌ အားနည်းကုန်သည် ဖြစ်၍ ဆိတ်ဟူသော အကြောင်းကြောင့် သစ်ကျုတ်ကဲ့သို့ မိမိကိုယ်ကို ပေါ့သည်ကို ပြုကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ဝမ်းရေးမလှ၊ စောင့်သီလ၊ ညီမျှ သစ်ကျုတ်သာ)

သုံးရာမြောက်သော ဝကဇာတ်သည် ပြီး၏။

၅-ကုမ္ဘဝဂ် ပြီး၏၊

တိကနိပါတ် ဇာတ်ဝတ္ထု ဤတွင်ပြီး၏။

# ၄-စတုက္ကနိပါတ်

## ၁-ကာလိင်္ဂဝဂ်

### ၃၀၁-စူဠကာလိင်္ဂဇာတ်

**နိုင်မည်ဆိုတိုင်း မပေါ်ရ၊ ရှုံးမည်ဆိုတိုင်း မလျော့ရ**
**ယောကျ်ားတို့လုံ့လ သိကြားမင်း လက်လျော့ရ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဝိဝရထ'မာသံ ဒွါရံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠကာလိင်္ဂဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လေးယောက်ကုန်သော ပရိဗိုဇ် မိန်းမတို့၏ ရဟန်းပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝေသာလီပြည်၌ ခုနစ်ထောင့် ခုနစ်ရာ ခုနစ်ယောက်ကုန်သော လိစ္ဆဝီမင်းသားတို့သည် နေကုန်သတတ်။ ထိုခပ်သိမ်းကုန်သော မင်းတို့သည်လည်း မေးခြင်း အတုံ့ မေးခြင်းကို နှစ်သက်ကုန်၏။ ထိုအခါ တစ်ယောက်သော ဝါဒ ငါးရာတို့၌ လိမ္မာသောနိဂဏ္ဌသည် ဝေသာလီသို့ ရောက်၏။ ထိုလိစ္ဆဝီမင်းတို့သည် ထိုနိဂဏ္ဌအား ချီးမြှောက်ကုန်၏၊ ဤသို့ သဘောရှိသော တစ်ယောက်သော နိဂဏ္ဌမိန်းမသည်လည်း ရောက်လာ၏။ လိစ္ဆဝီမင်းတို့သည် နှစ်ယောက်ကုန်သော နိဂဏ္ဌ ယောကျ်ား နိဂဏ္ဌ မိန်းမတို့ကိုလည်း မေးခြင်း ဖြေခြင်း စကားကို ပြောဆိုစေကုန်၏။ နှစ်ယောက်ကုန်သော သူတို့သည်လည်း အစွမ်းသတ္တိ တူသည်သာလျှင် ဖြစ်ကုန်၏။ ထို့နောင်မှ လိစ္ဆဝီ မင်းတို့အား ဤနှစ်ယောက်ကုန်သော သူတို့ကို စွဲ၍ ဖြစ်သော သားသည် လိမ္မာသည် ဖြစ်လတ္တံ့ဟု အကြံသည် ဖြစ်၏။ အကြံဖြစ်၍ ထိုနှစ်ယောက်ကုန်သော နိဂဏ္ဌ မိန်းမ နိဂဏ္ဌ ယောကျ်ားတို့အား ထိမ်းမြားခြင်းကို ပြု၍ အတူနေစေကုန်၏။ ထိုအခါ ထိုနိဂဏ္ဌတို့အား သံဝါသကို စွဲ၍ အစဉ်သဖြင့် သမီးလေးယောက် သားတစ်ယောက် ဖွား၏။ သမီးတို့အား သစ္စကာ ဟူသောအမည်၊ လောလာ ဟူသောအမည်၊ အဝဓာရိကာ ဟူသောအမည်၊ ပဋိစ္ဆာဒါ ဟူသောအမည်ကို မှည့်ကုန်၏။ သားအား သစ္စက ဟူသော အမည်ကို မှည့်ကုန်၏။ ထိုသားသမီး ငါးယောက်တို့သည်လည်း လိမ္မာသော အဖြစ်သို့ ရောက်ကုန်သည် ရှိသော် အမိအထံမှ ဝါဒ ငါးရာ၊ အဘ အထံမှ ဝါဒငါးရာအားဖြင့် ဝါဒတစ်ထောင်ကို

သင်ကုန်၏။ မိဘတို့သည် သမီးတို့အား တစ်စုံ တစ်ယောက်သော သူသည် သင်တို့၏ ဝါဒကို အကယ်၍ ဖျက်ဆီးနိုင်အံ့၊ ထိုသူ၏ ခြေရင်း၌ အလုပ်အကျွေး ဖြစ်ရစ်ကြကုန်လော့၊ ရဟန်းတို့သည် သင်တို့၏ ဝါဒကို ဖျက်ဆီးနိုင်အံ့၊ ထိုရဟန်း၏ အထံ၌ ရဟန်းပြုရစ်ကြကုန်လော့ဟု ဆုံးမကုန်၏။

နောက်အဖို့၌ မိဘတို့သည် သေလွန်ကုန်၏။ မိဘတို့သည် သေလွန်ကုန်သည် ရှိသော် သစ္စက နိဂဏ္ဌသည် ထိုဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့အား အတတ် သင်လျက် နေ၏။ နှမ လေးယောက်တို့သည်ကား သပြေခက်ကို ကိုင်၍ ပုစ္ဆာ မေးခြင်း အကျိုးငှါ တစ်မြို့မှသည် တစ်မြို့သို့ လှည့်လာ ကုန်လတ်သော် သာဝတ္ထိပြည်သို့ ရောက်၍ မြို့တံခါး၌ သပြေခက်ကို စိုက်ထား၍ အကြင်သူသည် ငါတို့၏ ပုစ္ဆာကို ဖြေခြင်းငှါ တတ်ကောင်း၏၊ လူဖြစ်စေ ရဟန်းဖြစ်စေ ထိုသူ တို့သည် မြေမှုန့်စုကို ခြေတို့ဖြင့် ကြဲ၍ ခြေတို့ဖြင့်လျှင် သပြေခက်ကို နင်းစေ သတည်းဟု သူငယ်တို့အား ဆိုခဲ့၍ ဆွမ်းခံအံ့သောငှါ မြို့သို့ ဝင်ကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် တံမြက်လှည်း၍ ရေမရှိကုန်သော အိုးတို့၌ ရေခပ်၍ နာကုန်သော ရဟန်းတို့ကို လုပ်ကျွေး၍ နေမြင့်မှ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်သည် ရှိသော် ထိုသပြေခက်ကို မြင်၍ သူငယ်တို့ကိုမေး၍ သူငယ်တို့သည် ထိုအကြောင်း ကို ကြားကုန်သည် ရှိသော် အရှင်သာရိပုတ္တရာ မထေရ်သည် ထိုသူငယ်တို့ကိုလျှင် ဖျက်ဆီးစေ၍ အကြင်သူတို့သည် သစ်ခက်ကို ထားအပ်၏။ ထိုသူတို့သည် ဆွမ်းစားကုန်ပြီးသည် ရှိသော် လာကုန်၍ ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ ငါ့ကို ဖူးမြင်ကြစေကုန်ဟု သူငယ်တို့ကို ဆိုခဲ့ပြီး၍ မြို့သို့ ဆွမ်းခံဝင်၍ ဆွမ်းစားပြီး လတ်သော် ကျောင်းတံခါးမုခ်၌ နေတော်မူ၏။ ထိုပရိဗိုဇ် မိန်းမတို့ သည်လည်း ဆွမ်းခံရာမှ လာလတ်၍ သစ်ခက်ကို နင်းသည်ကို မြင်၍ အဘယ် သူသည် ဤသစ်ခက်ကို နင်းသနည်းဟု မေး၏၊ အရှင်သာရိပုတ္တရာ မထေရ်သည် နင်း၏ဟု ဆို၍ သင်တို့သည် မေးသော စကားဖြင့် အကယ်၍ အလိုရှိကုန်အံ့။ ဇေတဝန်ကျောင်း တံခါးမုခ်သို့ သွားကြကုန်လော့ဟု သူငယ်တို့သည် ဆိုအပ် ကုန်သည်ရှိသော် တစ်ဖန်မြို့သို့ ဝင်၍ လူများကို စည်းဝေး၍ ဇေတဝန်ကျောင်း တံခါးမုခ်သို့ သွား၍ အရှင်သာရိပုတ္တရာ မထေရ်အား ဝါဒတစ်ထောင်ကို မေးကုန်၏။

အရှင်သာရိပုတ္တရာ မထေရ်သည် ဝါဒတစ်ထောင်ကို ဖြေ၍ ဤဝါဒမှတစ်ပါး တစ်စုံတစ်ခုကို သိကြကုန်သလောဟု မေး၏။ အရှင် မသိပါကုန်ဟု ဆို၏။ ငါသည်ကား သင်တို့အား တစ်စုံတစ်ခုသော ပုစ္ဆာကို မေးအံ့ဟု ဆို၍ အရှင် မေးတော်မူလော့ သိကုန်သည်ရှိသော် ဖြေပါကုန်အံ့ဟု ဆို၏။ အရှင်သာရိပုတ္တရာ မထေရ်သည် တစ်ခုမည်သည်ကား အဘယ်နည်းဟု မေး၏။ ထိုပရိဗိုဇ်မတို့သည် မသိကုန်။ အရှင်သာရိပုတ္တရာ မထေရ်သည် ဖြေ၏။ ထိုပရိဗိုဇ်

မိန်းမတို့သည် အရှင် အကျွန်ုပ်တို့အား ရှုံးခြင်း, အရှင်ဘုရားအား အောင်ခြင်းသည် ဖြစ်၏ဟု ဆိုကုန်၏။ ယခု အသို့ပြုကုန်လတ္တံ့နည်းဟု အရှင်သာရိပုတ္တရာမထေရ်သည် မိန့်တော်မူ၏။ အရှင်ဘုရား အကျွန်ုပ်တို့၏ မိဘတို့သည် အကြင်လူသည် သင်တို့၏ ဝါဒကို အကယ်၍ ဖျက်ဆီးနိုင်အံ့၊ ထိုသူ၏ မယား ဖြစ်ရစ်ကြကုန်။ အကြင် ရဟန်းသည် အကယ်၍ ဖျက်ဆီးနိုင်အံ့၊ ထိုရဟန်း၏ အထံ၌ ရဟန်း ပြုရစ်ကြကုန်ဟူ၍ အကျွန်ုပ်တို့အား အဆုံးအမကို ပေးအပ်ကုန်၏။ အကျွန်ုပ်တို့သည် ရဟန်း ပြုကုန်အံ့ဟု လျှောက်၏။ အရှင်သာရိပုတ္တရာမထေရ်သည် ကောင်းပြီဟု ဆို၍ ဥပ္ပလဝဏ်မထေရ်မ၏ အထံ၌ ရဟန်းပြုစေ၏။ အလုံးစုံကုန်သော ရဟန်း မိန်းမတို့သည် မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အရှင်သာရိပုတ္တရာ မထေရ်သည် လေးယောက်ကုန်သော ပရိဗိုဇ် မိန်းမတို့၏ ကိုးကွယ်ရာဖြစ်၍ လေးယောက်ကုန်သော ပရိဗိုဇ် မိန်းမတို့ကို အရဟတ္တဖိုလ်သို့ ရောက်စေ၏ဟု စကားကို ဖြစ်စေကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌ သာလျှင် သာရိပုတ္တရာသည် ထိုမိန်းမတို့၏ ကိုးကွယ်ရာ ဖြစ်သည် မဟုတ်သေး။ ရှေး၌လည်း ထိုမိန်းမတို့၏ ကိုးကွယ်ရာ ဖြစ်ဖူး၏၊ ယခုအခါ ရဟန်း၏ အဖြစ်ဟူသော အဘိသိက်ကို ပေး၏။ ရှေး၌သည်း မင်းမိဖုရား အရာ၌ ထားဖူး၏ဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏။ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်းသည် မင်းပြုသည်ရှိသော် အဿကတိုင်း ပါဋလိပုတ်ပြည်၌ အဿကမင်းသည် မင်းပြု၏။ ကာလိင်္ဂမင်းသည် စစ်သည် ဗိုလ်ပါနှင့် ပြည့်စုံ၏။ မိမိသည်လည်း ဆင်ပြောင်အားကို ဆောင်နိုင်၏။ စစ်ထိုးဘက်ကို မမြင်။ ထိုကာလိင်္ဂမင်းသည် စစ်ထိုးလို၍ အမတ်တို့အား ငါသည် စစ်ထိုးခြင်းငှါ အလိုရှိ၏။ စစ်ထိုးဘက်ကို မမြင် အသို့ပြုရအံ့နည်းဟု ဆို၏။ အမတ်တို့သည် မြတ်သော မင်းကြီး တစ်ခုသော အကြောင်း ဥပါယ်သည် ရှိ၏။ ရှင်မင်းကြီး၏ လေးယောက်ကုန်သော သမီးတို့သည် မြတ်သော အဆင်းကို ဆောင်ကုန်၏။ ထိုလေးယောက်ကုန်သော သမီးတို့ကို တန်ဆာဆင်စေ၍ ယာဉ်ပေါင်းချုပ် စီးစေ၍ ဗိုလ်ပါခြံရံလျက် ရွာနိဂုံး မင်းနေပြည်တို့ကို လှည့်လည်စေ၍ အကြင်မင်းသည် ထိုမင်းသမီးတို့ကို

ယူလိုအံ့၊ ထိုမင်းနှင့် တကွ စစ်ထိုးခြင်းကို ပြုကြကုန်အံ့ဟု ဆိုကြကုန်၏။ ကာလိင်္ဂမင်းသည် အမတ်တို့ ဆိုတိုင်း ပြုစေ၏။ မင်းသမီးတို့သည် ရောက်တိုင်း ရောက်တိုင်းသော အရပ်၌ မင်းတို့သည် ကြောက်ခြင်းကြောင့် မင်းသမီးတို့အား မြို့သို့ ဝင်စိမ့်သောငှါ မပေးကုန်။ လက်ဆောင်ကို ပို့စေ၏။ မြို့ပ၌သာလျှင် နေစေကုန်၏။ ဤသို့ အလုံးစုံသော ဇမ္ဗူဒိပ်ကို လည်၍ အဿကတိုင်း ပါဋလိမြို့သို့ ရောက်ကုန်၏။ အဿကမင်းသည်လည်း မြို့တံခါးတို့ကို ပိတ်စေ၍ လက်ဆောင်ကို ပို့စေ၏။ အဿကမင်း၏ နန္ဒိသေန အမည်ရှိသော အမတ်သည် ပညာရှိ၏၊ လိမ္မာ၏။ အကြောင်း ဥပါယ်ကို သိ၏။ ထိုနန္ဒိသေန အမတ်သည် ဤမင်းသမီးတို့သည် အလုံးစုံသော ဇမ္ဗူဒိပ်ကို လှည့်လည်၍ စစ်ထိုးဖက်ကို မရကုန်။ ဤသို့ ဖြစ်သည်ရှိသော် ဇမ္ဗူဒိပ်သည် အချည်းနှီးမည်သည် ဖြစ်၏။ ငါသည် ကာလိင်္ဂမင်းနှင့် တကွ စစ်ထိုးအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုနန္ဒိသေန အမတ်သည် မြို့တံခါးသို့ သွား၍ တံခါးစောင့်ကို ခေါ်၍ ထိုမင်းသမီးတို့အား တံခါးကို ဖွင့်စိမ့်သောငှါ ဤဂါထာကို ဆို၏—

၁။ ဝိဝရထိ’မာသံ ဒွါရံ၊ နဂရံ ပဝိသန္တု၊ အရုဏရာဇဿ။
သီဟေန သုသိဋ္ဌေန၊ သုရက္ခိတံ နန္ဒိသေနေန။

ဤမင်းသမီးတို့အား မြို့သို့ ဝင်စိမ့်သောငှါ အရုဏမည်သော မင်း၏ ခြင်္သေ့ကဲ့သို့ ရဲရင့်သော ကောင်းစွာ လေ့ကျင့်သင်ကြားပြီးသော နန္ဒိသေနမည်သော ငါသည် စောင့်ခိုင်း၏၊ သင်တို့သည် တံခါးကို ဖွင့်ကြကုန်။

ထိုနန္ဒိသေနသည် ဤသို့ဆို၍ တံခါးကို ဖွင့်စေ၍ ထိုမင်းသမီးတို့ကို ယူ၍ အဿကမင်းအားပေး၍ အရှင်မင်းကြီးတို့သည် မကြောက်ကြကုန်လင့် စစ်ထိုးသည်ရှိသော် ကျွန်ုပ်တို့ အောင်စေအံ့၊ ဤမင်းသမီးတို့သည် မြတ်သော အဆင်းကို ဆောင်ကုန်၏။ ’မိဖုရားကြီး ပြုတော်မူလော့ဟု ဆို၍ ထိုမင်းသမီးတို့အား အဘိသိက်ကို ပေးစေ၍ မင်းသမီးနှင့်တကွ လာကုန်သော သူတို့ကို သင်တို့သည် ပြန်ကြလေကုန်၊ မင်းသမီးတို့အား အဿကမင်းသည် မိဖုရားအရာ၌ ထားသော အဖြစ်ကို သင်တို့မင်းအား ကြားလျှောက်ကြလေကုန်ဟု လွှတ်လိုက်၏။ ထိုသူတို့သည် သွား၍ ကြားလျှောက်ကုန်၏။ ကာလိင်္ဂမင်းသည် အဿကမင်းကား ငါ့အစွမ်းကို မသိယောင်တကားဟု ဆို၍ ထိုခဏ၌လျှင် များစွာသော စစ်သည်ဖြင့် ထွက်၏။ နန္ဒိသေနသည် ကာလိင်္ဂမင်း၏ လာခြင်းကိုသိ၍ မိမိနိုင်ငံ အပိုင်းအခြား၌သာလျှင် နေစေ၊ ငါတို့မင်း၏ နိုင်ငံအပိုင်းအခြားသို့ မကူးလင့်။ မင်းနှစ်ပါးတို့၏ တိုင်းနိုင်ငံအကြား၌ စစ်ထိုးခြင်းသည် ဖြစ်လတ္တံ့ဟု သတင်းစကားကို ပို့စေ၏၊ ကာလိင်္ဂမင်းသည် သတင်းစကားကို ကြား၍ မိမိနိုင်ငံ အပိုင်းအခြား၌သာလျှင် နေ၏။ အဿကမင်းသည်လည်း မိမိနိုင်ငံအပိုင်းအခြား၌

နေ၏။ ထိုအခါ ဘုရားလောင်းသည် ရသေ့ပြု၍ ထိုမင်းနှစ်ပါးတို့ တိုင်းအကြား၌ ကျောင်းဆောက်၍ နေ၏။

ကာလိင်္ဂမင်းသည် ရဟန်းမှည့်သည်ကား စိုးစဉ်း သိတ်ကုန်၏။ အသို့ ဖြစ်အံ့သည်ကို အဘယ်သူသိနိုင်အံ့နည်း အဘယ်မင်း၏ အောင်ခြင်း အဘယ် မင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့နည်းဟု ရသေ့ကို မေးအံ့ဟု မထင်ရှားသော အသွင်ဖြင့် ဘုရားလောင်းသို့ ကပ်၍ ပဋိသန္ထာရပြု၍ အရှင်ဘုရား ကာလိင်္ဂမင်း အဿကမင်းတို့သည် စစ်ထိုးလိုကုန်၍ မိမိတို့၏ နိုင်ငံအပိုင်းအခြား၌တည်ကုန်၏။ ထိုမင်းတို့တွင် အဘယ်မင်းသည် အောင်လတ္တံ့ နည်း အဘယ်မင်းသည် ရှုံးလတ္တံ့ နည်းဟု မေး၏။ ဘုန်းတန်းကြီးသော ဒါယကာ ငါသည် ဤအောင်ခြင်း ရှုံးခြင်းအဖြစ်ကို မသိ စင်စစ်သော်ကား သိကြားမင်းသည် ဤသို့လာ၏။ ထို သိကြားမင်းကို ငါမေး၍ ဆိုအံ့၊ နက်ဖြန်မှလာလောဟု ဆို၏။ သိကြားမင်း သည်လည်း ဘုရားလောင်း၏ အထံသို့လာ၍ နေ၏။ ထိုအခါ ဘုရားလောင်း သည် သိကြားမင်းအား ထိုအကြောင်းကို မေး၏။ အရှင်ဘုရား ကာလိင်္ဂမင်း သည် အောင်လတ္တံ့ အဿကမင်းသည် ရှုံးလတ္တံ့ ဤသို့သော ပုဗ္ဗနိမိတ်သည် လည်း ထင်လတ္တံ့ဟု သိကြား ဆို၏။ ကာလိင်္ဂမင်းသည် နက်ဖြန် လာ၍ မေး၏။ ဘုရားလောင်းသည်လည်း ကာလိင်္ဂမင်းအား ကြား၏။ ထိုကာလိင်္ဂမင်းသည် အဘယ်မည်သော ပုဗ္ဗနိမိတ်ဖြစ်လတ္တံ့နည်းဟု မမေးမူ၍လျှင် ငါအောင်လတ္တံ့ဟု ဝမ်းမြောက်သဖြင့် သွား၏။ ထိုစကားသည် ပျံ့နှံ့၏။ ထိုစကားကို ကြား၍ အဿကမင်းသည် နန္ဒိသေနကို ခေါ်စေ၍ ကာလိင်္ဂမင်းသည် အောင်လတ္တံ့ ငါတို့သည် ရှုံးကုန်လတ္တံ့။ အဘယ်သို့ ပြုအံ့နည်းဟု ဆို၏။

နန္ဒိသေနသည် မြတ်သောမင်းကြီး အဘယ်မင်း၏ အောင်ခြင်း အဘယ် မင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့ဟု အဘယ်သူသိအံ့နည်း အရှင်မင်းကြီးတို့သည် မစိုးရိမ်ကုန်လင့်ဟု မင်းကို နှစ်သိမ့်စေ၍ ဘုရားလောင်း အထံသို့ ဆည်းကပ်၍ ရှိခိုးလျက် တင့်အပ် လျောက်ပတ်စွာနေ၏။ အရှင်ဘုရား အဘယ်မင်းသည် အောင်လတ္တံ့၊ အဘယ်မင်းသည် ရှုံးလတ္တံ့နည်းဟုမေး၏ ကာလိင်္ဂမင်းသည် အောင်လတ္တံ့၊ အဿကမင်းသည် ရှုံးလတ္တံ့ဟု ဘုရားလောင်း ဆို၏။ အရှင်ဘုရား အောင်အံ့သောမင်း၏ ပုဗ္ဗနိမိတ်သည် အသို့ဖြစ်လတ္တံ့နည်း၊ ရှုံးအံ့သော မင်း၏ ပုဗ္ဗနိမိတ်သည် အသို့ ဖြစ်လတ္တံ့နည်းဟု မေး၏။ ဘုန်းတန်းကြီးသော ဒါယကာ အောင်အံ့သော မင်း၏ အစောင့်အရှောက် ဖြစ်သော နတ်သည် အလုံးစုံ ဖြူသော ဥသဘဖြစ်လတ္တံ့၊ ရှုံးအံ့သော မင်း၏ အစောင့်အရှောက်နတ်သည် အလုံးစုံမည်းသော ဥသဘဖြစ်လတ္တံ့၊ မင်းနှစ်ပါး တို့၏ အစောင့်အရှောက် နတ်တို့သည် စစ်ထိုး၍ အောင်ခြင်းရှုံးခြင်းကို ပြုကုန် လတ္တံ့ဟု ဘုရားလောင်းသည် ဆို၏။ နန္ဒိသေနသည် ထိုစကားကို ကြားလျှင်

ထ၍ သွား၍ မင်း၏ အဆွေခင်ပွန်း ဖြစ်ကုန်သော တစ်ထောင်အတိုင်းအရှည် ရှိကုန်သော သူရဲကြီးတို့ကိုခေါ်၍ အနီး၌ တောင်သို့ တက်၍ 'အချင်းတို့ သင်တို့သည် ငါတို့မင်းအား အသက်ကို ပေးအံ့သော်ငှါ တတ်နိုင်ကုန်လတ္တံ့လောဟု မေး၏။ တတ်နိုင်ပါကုန်အံ့ဟု ဆိုကုန်၏။ ထိုသို့ တပြီးကား ဤတောင်ကမ်းပါး ပြတ်၌ ကိုယ်ကို ချကုန်လော့ဟု ဆို၏။ ထိုသူရဲ တစ်ထောင်တို့သည် ချခြင်းငှါ အားထုတ်ကုန်၏။ ထိုအခါ ထိုသူရဲတစ်ထောင်တို့ကို တားမြစ်၍ ဤတောင် ကမ်းပါးပြတ်၌ ကိုယ်ကိုချသဖြင့် ငါအလိုမရှိဟု ဆို၍ ငါတို့မင်းအားချစ်သော စိတ် ရှိကုန်လျက် မဆုတ်မနစ် ကုန်သည်ဖြစ်၍ စစ်ထိုးကြကုန်လော့ဟု ဆို၏။ သူရဲတစ်ထောင်တို့သည် ဝန်ခံကုန်၏။

ထိုအခါ စစ်ထိုးခြင်းဖြစ်လတ်သော် ကာလိင်္ဂမင်းသည် ငါအောင်အံ့ဟု လုံ့လလျော့သော အဖြစ်သို့ရောက်၏။ ကာလိင်္ဂမင်း၏ ဗိုလ်ပါတို့သည်လည်း ငါတို့၏မင်းကြီးသည် အောင်အံ့ဟု လုံ့လလျော့သည်၏အဖြစ်သို့ ရောက်ကုန်၏။ ဖွဲ့ခြင်းကိုမပြုမူ၍ အစုအစုဖြစ်ကုန်၍ အလိုအလျောက်သွားကြကုန်၏။ ဝီရိယကို ပြုအပ်သောကာလ၌ ဝီရိယကိုမပြုကြကုန်။ မင်းနှစ်ပါးတို့သည်လည်း မြင်းစီး၍ စစ်ထိုးကြကုန်အံ့ဟု တစ်ဦးသည် တစ်ဦးသို့ ချဉ်းကပ်ကြကုန်၏။ မင်းနှစ်ပါးတို့၏ အစောင့်အရှောက် နတ်တို့သည် ရှေ့မှ လာကုန်၍ ကာလိင်္ဂမင်း၏ အစောင့် အရှောက်နတ်သည် အလုံးစုံဖြူသောဥသဘဖြစ်၏။ အဿကမင်း၏ အစောင့် အရှောက်နတ်သည် အလုံးစုံမည်းသော ဥသဘဖြစ်၏။ ထိုနတ်တို့သည်လည်း တစ်ဦးသည်တစ်ဦးအား စစ်ထိုးအံ့သောငှါ အခြင်းအရာကိုပြုကုန်လျက် ချဉ်းကပ် ကြကုန်၏။ ထိုဥသဘတို့သည်ကား မင်းနှစ်ပါးတို့အားသာလျှင်ထင်၏။ တစ်ပါး သော သူတို့ကား မထင်ကုန်။ နန္ဒိသေနသည် မြတ်သောမင်းကြီး သင်မင်းကြီး အား အစောင့်အရှောက်နတ်သည်ထင်၏ လောဟုမေး၏။ ထင်၏ဟုဆို၏။ အဘယ်အခြင်းအရာအားဖြင့် ထင်သနည်းဟု မေး၏။ ကာလိင်္ဂမင်း၏အစောင့် အရှောက်နတ်သည် အလုံးစုံဖြူသော ဥသဘဖြစ်၍ထင်၏။ ငါ၏အစောင့်အရှောက် နတ်သည်အလုံးစုံမည်းသော ဥသဘဖြစ်၍ထင်၏။ ဤသို့ထင်၍ ညှိုးနွမ်းသည် ဖြစ်၍ တည်၏ဟုဆို၏။ မြတ်သောမင်းကြီးတို့ သင်မင်းကြီးသည် မကြောက် ကုန်လင့် အကျွန်ုပ်တို့အောင်စေကုန်အံ့။ ကာလိင်္ဂမင်းသည်ရှုံးလတ္တံ့။

သင်မင်းကြီးသည် မြင်း၏ကျောက်ကုန်းမှသက်၍ ဤလှံကိုကိုင်၍ ကောင်း စွာသင်အပ်ပြီးသောသိန္ဓောမြင်းကို ဝမ်း၏နံပါး၌ လက်ဝဲလက်ဖြင့် မြဲစွာဘက်ကိုင် ၍ ဤသူရဲတစ်ထောင်နှင့်တကွ လျင်မြန်စွာသွား၍ ကာလိင်္ဂမင်း၏ အစောင့် အရှောက်နတ်ကို လှံဖြင့်ထိုးကုန်လော့ ထို့နောင်မှတစ်ထောင်ကုန်သော အကျွန်ုပ် တို့သည် လှံတစ်ထောင်ဖြင့် ထိုးကုန်အံ့။ ဤသို့ထိုးအပ်သည်ရှိသော် ကာလိင်္ဂ မင်း၏ အစောင့်အရှောက်နတ်သည် ပျက်စီးလတ္တံ့။ ထို့နောင်မှ ကာလိင်္ဂမင်းသည်

ရှုံးလတ္တံ့၊ အကျွန်ုပ်တို့သည် အောင်ကုန်အံ့ဟုဆို၏၊ အဿကမင်းသည် ကောင်းပြီဟု နန္ဒိသေနပေးသောအမှတ်ဖြင့်သွား၍ လှံဖြင့်ထိုး၏။ သူရဲတစ်ထောင် ဖြစ်ကုန်သော အမတ်တို့သည်လည်း လှံတစ်ထောင်တို့ဖြင့် ထိုးကုန်၏။ အစောင့်အရှောက်နတ်သည် ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ရောက်၏၊ ထိုခဏ၌လျှင် ကာလိင်္ဂမင်းသည်ရှုံး၍ ပြေး၏။ ကာလိင်္ဂမင်း ပြေးသည်ကိုမြင်၍ တစ်ထောင်ကုန်သော အမတ်တို့သည် ကာလိင်္ဂမင်း ပြေး၏ဟု ပဲ့တင်ထပ်အောင်ကြော်ငြာကုန်၏။ ကာလိင်္ဂမင်းသည် သေဘေးဖြင့်ကြောက်၍ပြေးလတ်သော် ထိုရသေ့ကို ဆဲရေးလိုရကား ဤဂါထာကို ဆို၏—

၂။ ဇယော ကလိင်္ဂါန’ မသယှ သာဟိနံ၊
ပရာဇယော အနယော အဿကာနံ။
ဣစ္စေဝ တေ ဘာသိတံ ဗြဟ္မစာရိ၊
န ဥဇ္ဇုဘူတာ ဝိတထံ ဘဏန္တိ။

မြတ်သောအကျင့်ကို ကျင့်သောရသေ့သင်သည် သည်းခံနိုင်ခက်သောအရာတို့ကို သည်းခံခြင်းငှါ စွမ်းနိုင်ကုန်သော ကာလိင်္ဂတိုင်းသားတို့အား အောင်ခြင်းသည်ရောက်အံ့။ အဿကတိုင်းသားတို့အား ရှုံးခြင်းသည် ရောက်အံ့။ ဤသို့လျှင် ဆိုအပ်၏။ ဖြောင့်မတ်သူတို့သည် ချွတ်ယွင်းသောစကားကို မဆိုကုန်။

ဤသို့ ထိုကာလိင်္ဂမင်းသည် ရသေ့ကိုဆဲရေးလျက်ပြေး၏။ မိမိမြို့သို့လျှင်စွာသွား၏။ ပြန်၍ကြည့်အံ့သောငှါလည်းမဝံ့။ ထိုနောင်မှ နှစ်ရက်သုံးရက်လွန်သဖြင့် သိကြားသည် ရသေ့အထံသို့ လာ၏။ ရသေ့သည် သိကြားနှင့်တကွ စကားပြောဆိုလိုရကား ဤဂါထာကို ဆို၏—

၃။ ဒေဝါ မုသာဝါဒ’ မုပါတိဝတ္တာ၊
သစ္စံ ဓနံ ပရမံ တေသု သက္က။
တံ တေ မုသာ ဘာသိတံ ဒေဝရာဇ၊
ကိံ ဝါ ပဋိစ္စ မဃဝါ မဟိန္ဒ။

သိကြားမင်း နတ်တို့သည် မုသာဝါဒကို လွန်ကုန်သည် မဟုတ်လော။ မှန်သောစကားသည် ချစ်ခြင်းကိုပြုတတ်သည် မဟုတ်လော။ နတ်မင်း သင်သည် ထိုစကားကို မဟုတ်မမှန်သဖြင့် ဆိုအပ်၏။ မဃအနွယ်ဖြစ်သော သိကြားမင်း အဘယ်ကိုမှီ၍ ချွတ်ယွင်းသောစကားကို သင်သည် ဆိုအပ်သနည်း။

ထိုစကားကိုကြား၍ သိကြားသည် ဤဂါထာကို ဆို၏—

၄။ န နု တေ သုတံ ဗြာဟ္မဏ ဘညမာနေ၊
ဒေဝါ န ဣဿန္တိ ပုရိသပရက္ကမဿ။

ဒမော သမာဓိ မနသော အဘဇ္ဇော၊
အဗျဂ္ဂတာ နိက္ကမနဉ္စ ကာလေ။
ဒဠှဉ္စ ဝိရိယံ ပုရိသပရက္ကမော စ၊
တေနေဝ အာသိ ဝိဇယော အဿကာနံ။

အို ရှင်ရသေ့ နတ်တို့သည် ယောကျ်ားတို့၏ လုံ့လကို မငြူစူကုန်။ ဤသို့ ပြောဆိုသည်ကို သင်သည် ကြားဖူးသည် မဟုတ်လော၊ အဿကတိုင်းသား တို့အား ကိုယ်ကို ဆုံးမခြင်းသည် လည်းကောင်း၊ စိတ်၏ မကွဲမပြိုသော သမာဓိ သည်လည်းကောင်း၊ အဿကမင်း လုံ့လပြုသောကာလ၌ ပျံ့လွင့်ခြင်းမရှိသော အဖြစ်ဖြင့် ထွက်ခြင်းသည် လည်းကောင်း၊ ယောကျ်ားတို့၏ အားထုတ် ခြင်းဟု ဆိုအပ်သော မြဲမြံတည်ကြည်စွာသော ဝီရိယရှိသည် လည်းကောင်း ဖြစ်၏။ ထို့ကြောင့်လျှင် အဿကမင်းတို့အား အောင်ခြင်းသည် ဖြစ်၏။

ကာလိင်္ဂမင်း ပြေးသည်ရှိသော် အဿကမင်းသည် ပျက်စီးသည်ကို ယူခဲ့ စေ၍ မိမိမြို့သို့ သွား၏။ နန္ဒိသေနသည် ဤလေးယောက်ကုန်သော မင်းသမီး တို့၏ အမွေအစုကို ပို့လာစေ၊ အကယ်၍ မပို့စေငြားအံ့။ ပြုအပ်သောအမှုကို ပြုအံ့ဟု ကာလိင်္ဂမင်းသို့ သတင်းကြားစေ၏၊ ကာလိင်္ဂမင်းသည် သတင်း စကားကို ကြား၍ အလွန်ကြောက်ရကား မင်းသမီးတို့သည် ရသင့်သော အမွေကို ပို့စေ၏။ ထိုအခါမှ စ၍ မင်းနှစ်ပါးတို့သည် ညီညွတ်စွာ နေကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤရဟန်းမိန်းမငယ်တို့သည် ထိုအခါ ကာလိင်္ဂမင်း၏ သမီးတို့ ဖြစ်ဖူးကုန်ပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နန္ဒိသေန အမတ်ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ခုမြောက်သော စူဠကာလိင်္ဂဇာတ်သည် ပြီး၏။

---

၃၀၂-မဟာအဿာရောဟဇာတ်

မင်းနှင့် ဝေဒတွင်းသား

တစ်လုတ်စားဖူး သူကျေးဇူး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် “အဒေယျေသု ဒဒန္တာနံ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်

သော ဤမဟာ အဿာရောဟဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ( ပစ္စုပ္ပန် ဝတ္ထုကို အောက်၌ ဆိုအပ်ပြီ )။ ဤမဟာအဿာရောဟ ဇာတ်၌ လည်း ရှေးပညာရှိတို့သည်လည်း မိမိအား ကျေးဇူးပြုသည်၏ အစွမ်းအားဖြင့် လျှင် ကျေးဇူးပြုဖူးကုန်၏ဟု ဟောတော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဘုရားလောင်းသည် ဗာရာဏသီမင်း ဖြစ်၍ တရားသဖြင့် မင်းပြု၏။ အလှူပေး၏၊ သီလဆောက်တည်၏။ ထိုဗာရာဏသီမင်းသည် ခိုးသူဖျက်ဆီးသော ပစ္စန္တရစ်ကို ငြိမ်းစေအံ့ဟု ဗိုလ်ပါစစ်သည် ခြံရံ၍ သွား၏။ စက်ရှုံးလျှင် မြင်းစီး၍ ပြေးသည်ရှိသော် တစ်ခုသော ပစ္စန္တရစ်ရွာသို့ ရောက်၏။ ထို ပစ္စန္တရစ်၌ သုံးကျိပ်ကုန်သော မင်းခစား ယောကျ်ားတို့သည် နေကြကုန်၏။ ထိုမင်းခစားယောကျ်ားတို့သည် စောစောက ရွာလယ်၌ စည်းဝေးကြကုန်၍ ရွာကိစ္စကို ပြုကြကုန်၏။ ထိုခဏ၌ မင်းသည် ချပ်မိန်တို့ဖြင့် ဆင်အပ်သော မြင်းကို စီး၍ တန်ဆာဆင်ယင်လျက် ရွာတံခါးမှ ရွာတွင်းသို့ ဝင်၏။ ထိုရွာသားတို့သည် အကြောင်း အသို့တုံနည်းဟု ကြောက်ကုန်ရကား ပြေး၍ မိမိ မိမိတို့၏ အိမ်သို့ ဝင်ကြကုန်၏၊ ထိုသူတို့တွင် တစ်ယောက်သော သူသည်ကား မိမိအိမ်သို့ မသွားမူ၍ မင်းအား ခရီးဦးကြိုခြင်းကို ပြု၍ ကျွန်ုပ်တို့မင်းသည် ပစ္စန္တရစ်သို့ သွား၏။ အဆွေသည် အဘယ်သူနည်း၊ မင်းချင်းယောကျ်ားလော ခိုးသူ ယောကျ်ားလောဟု မေး၏။ အဆွေ အကျွန်ုပ် မင်းချင်းယောကျ်ားတည်းဟု ဆို၏၊ ထိုသို့တပြီးကား လာကုန်လော့ဟု အိမ်သို့ဆောင်၍ မိမိအင်းပျဉ်၌နေစေ၍ ရှင်မ လာလော့၊ အဆွေ့ခင်ပွန်း၏ ခြေတို့ကိုဆေးလော့ဟု မယားကို ဆို၍ မင်း၏ခြေတို့ကို ဆေးစေ၍ မိမိ၏အစွမ်းအား လျောက်ပတ်သဖြင့် အာဟာရကိုပေး၍ အတန်ငယ် ပင်ပန်းဖြေကုန်လော့ဟု အိပ်ရာကိုခင်း၏။ မင်းသည် အိပ်၏၊ အိမ်ရှင်သည် မြင်း၏ကိုယ်တန်ဆာတို့ကို ဖြေ၍ ထိုမှဤမှသွားစေ၍ ရေသောက်စေ၍ ကျောက်ကို ဆီလူး၍ မြက်ကိုပေး၏။ ဤသို့ သုံးလေးရက် မင်းကိုလုပ်ကျွေး၍ အဆွေ အကျွန်ုပ် သွားအံ့ဟုဆိုသော် တစ်ဖန် မင်းအား လည်းကောင်း မြင်းအားလည်းကောင်း ပြုအပ်သော အလုံးစုံသော အမှုကို ပြု၏။

မင်းသည် နစ်သက်၍သွားသည်ရှိသော် အဆွေ ကျွန်ုပ်သည် မြင်းစီးကြီး မည်၏၊ မြို့လယ်၌ ကျွန်ုပ်အိမ်ရှိ၏၊ တစ်စုံတစ်ခုသော ကိစ္စကြောင့် မြို့သို့လာ သော် တောင်တံခါး၌ ရပ်၍ တံခါးစောင့်ကိုမေး၍ တံခါးစောင့်ကို ခေါ်၍ လာလော့ဟု ဆို၍ သွား၏။ ဗိုလ်ပါ အပေါင်းသည်လည်း မြို့ပ၌ သစ်ခက်တယ်

တည်၍နေလျက် မင်းကိုမြင်၍ ကြို၍ ခြံရံ၏။ မင်းသည် မြို့သို့ဝင်လတ်သော်တံခါး ကြား၌ တံခါးစောင့်ကိုခေါ်၍ လူများကိုဖဲစေ၍ အမောင် တစ်ယောက်သော ပစ္စန္တရစ်ရွာသားသည် ငါ့ကိုမြင်လိုသည်ဟုလာ၍ မြင်းစီးကြီးအိမ် အဘယ်မှာ နည်းဟု မေးလတ္တံ့၊ ထိုပစ္စန္တရစ်ရွာသားကို သင်သည် လက်၌ကိုင်၍ ဆောင်၍ ငါ့ကိုပြလာလည့်လော့၊ ထိုအခါသင်သည် တစ်ထောင်သော ဥစ္စာကို ရလတ္တံ့ဟု ဆို၏၊ ထိုပစ္စန္တရစ် ရွာသားသည် မြို့သို့ မလာသည်ရှိသော် မင်းသည် ထို ယောကျ်ားနေသောရွာ၌ အခွန်ကိုတောင်း၏။ ဤသို့အခွန်တောင်းသော်လည်း ထိုယောကျ်ားသည် မလာ၊ ဤအတူ နှစ်ကြိမ် သုံးကြိမ် အခွန်တောင်းစေ၏။ ထိုယောကျ်ားသည်ကား မလာ။ ထိုအခါ ထိုယောကျ်ားကို ရွာသားတို့သည် စည်းဝေး၍ အရှင် သင်၏အဆွေခင်ပွန်း မြင်းစီးကြီးလာသော ကာလမှ စ၍ အခွန်ဖြင့်နှိပ်စက်သည်ဖြစ်၍ ငါတို့သည် ဦးခေါင်းကိုချီအံ့သောငှါ မတတ် နိုင်ကုန်၊ အရှင်သည် သွားပါချေ၊ အရှင်၏အဆွေခင်ပွန်း မြင်းစီးကြီးအားဆို၍ ငါတို့အားအခွန်ကို လွှတ်ပါစေလော့ဟု ဆိုကုန်၏။ ထိုယောကျ်ားသည် ကောင်းပြီ သွားအံ့၊ အကျွန်ုပ်သည် လက်ချည်းသက်သက်သွားခြင်းငှါ မတတ် ကောင်း။ အကျွန်ုပ်၏အဆွေခင်ပွန်းအား သားငယ်နှစ်ယောက်သည် ရှိကုန်၏။ ထိုသားငယ်တို့ကိုလည်းကောင်း၊ အဆွေခင်ပွန်း၏ မယားတို့ကို လည်းကောင်း၊ အဆွေခင်ပွန်းကို လည်းကောင်း၊ အဝတ်အရုံ တန်ဆာတို့ကို စီရင်ကြကုန်လော့ ဟု ဆို၏။ ကောင်းပြီ စီရင်အံ့ဟု ထိုရွာသားတို့သည်အလုံးစုံသော လက်ဆောင် ကို စီရင်ကြကုန်၏။

ထိုယောကျ်ားသည် ထိုလက်ဆောင်ကိုလည်းကောင်း၊ မိမိအိမ်၌ ကြော်အပ်သော မုန့်ကိုလည်းကောင်း ယူပြီးလျှင် မြို့သို့သွား၍ တောင်တံခါးသို့ရောက်၍ တံခါးစောင့်ကို အဆွေတံခါးစောင့် မြင်းစီးကြီးအိမ် အဘယ်မှာနည်းဟု မေး၏။ ထိုတံခါးစောင့်သည် လာလော့ပြအံ့ဟု ထိုယောကျ်ား၏လက်၌ကိုင်၍ မင်းအိမ် တံခါးသို့သွား၍ တံခါးစောင့်သည် တစ်ယောက်သော ပစ္စန္တရစ် ရွာသားကို ယူ၍ လာ၏ဟု ကြားလျှောက်စေ၏။ မင်းသည် ထိုစကားကိုကြား၍ နေရာမှ ထ၍ ငါ၏အဆွေခင်ပွန်း သည်လည်းကောင်း၊ အဆွေခင်ပွန်းနှင့်အတူ လာကုန် ဆွေမှ သူတို့သည်လည်းကောင်း ဝင်စေကုန်ဟုဆို၍ ခရီးဦးကြို၍ ချစ်ခြင်းကို ထင်စေ၍ အကျွန်ုပ်၏ အဆွေခင်ပွန်းမသည် လည်းကောင်း၊ သူငယ်တို့သည် လည်းကောင်း၊ ရောဂါကင်းကြပါကုန်၏လောဟု မေး၍ လက်၌ကိုင်၍ မြတ်သော ပြာသာဒ်အပြင်သို့တက်၍ ထီးဖြူအောက် ရာဇပလ္လင်၌နေစေ၍ မိဖုရားကြီးကို ခေါ်စေ၍ ရှင်မိဖုရားကြီး၊ အဆွေခင်ပွန်း၏ခြေတို့ကို ဆေးလော့ဟုဆို၏။ မိဖုရား သည် ထိုပစ္စန္တရစ်ရွာသား၏ခြေတို့ကိုဆေး၏။ မင်းသည် ရွှေကရားဖြင့်ရေသွန်း ၏။ မိဖုရားသည်လည်း ခြေတို့ကိုဆေး၍ နံ့သာရေဖြင့် လိမ်း၏။ မင်းသည်

အဆွေ၊ တစ်ခုံတစ်ခု ငါတို့ဘို ခဲဖွယ်ပါသလောဟု မေး၏။ ထိုယောကျ်ားသည် ပါ၏ဟု အိတ်မှမုန့်တို့ကို ထုတ်၏။ မင်းသည် ရွှေဖြင့်ခံ၍ ထိုယောကျ်ားအား သင်္ဂြိုဟ်ခြင်းကို ပြုလိုသည်ဖြစ်၍ အဆွေခင်ပွန်းဆောင်ခဲ့သော ခဲဖွယ်ကိုစားကြဟု မိဖုရားကိုလည်းကောင်း၊ အမတ်တို့ကိုလည်းကောင်း စားစေ၍ မိမိလည်းစား၏။ ပစ္စန္တရစ်ရွာသားသည် တစ်ပါးသောလက်ဆောင်ကိုလည်းပြ၏။

မင်းသည် ထိုယောကျ်ားအား ချီးမြှောက်အံ့သောငှါ ကာသိက အဝတ်တို့ကို ပယ်၍ ထိုပစ္စန္တရစ်ရွာသားသည် ဆောင်ခဲ့သော ပုဆိုးစုံကိုဝတ်၏။ မိဖုရားသည်လည်း ကာသိကအဝတ်ကို လည်းကောင်း၊ တန်ဆာဘို့ကိုလည်းကောင်း ပယ်၍ ထိုပစ္စန္တရစ်ရွာသားသည် ဆောင်ခဲ့သော အဝတ်ကို ဆင်၏၊ ထိုအခါ ပစ္စန္တရစ်ရွာသားကို မင်းသည် မင်းအား ထိုက်သောဘောဇဉ်ကိုစားစေ၍ တစ်ယောက်သောအမတ်ကို သွားချေ၊ သင်သည် ဤသူအား ငါ့ကို ပြုပြင်သောနည်းဖြင့် မုတ်ဆိတ်ဆံကိုပြုပြင်စေ၍ နံ့သာရေဖြင့် ရေချိုးစေ၍ တစ်သိန်းထိုက်သော ကာသိကအဝတ်ကို ဝတ်စေ၍ မင်း၏တန်ဆာဖြင့် တန်ဆာဆင်စေ၍ ဆောင်ခဲ့ခဲ့၏။ ထိုအမတ်သည် မင်းစေခိုင်း ပြု၏။ မင်းသည် စည်လည်စေ၍ အမတ်တို့ကို စည်းဝေးစေ၍ ထီးဖြူ၏ အလယ်၌ ဟင်္သပဒါးစစ်ဖြင့် ဆိုးသော မြဉ်းကြိုးကို ချစေ၍ ထက်ဝက်သော မင်းအဖြစ်ကို ပေး၏။ ထိုအခါမှစ၍ ထိုနှစ်ယောက်ကုန်သော မင်းတို့သည် တကွနက်လျှင် စားသောက်ကြကုန်၏၊ အိပ်ကြကုန်၏။ အကျွမ်းဝင်ခြင်းသည် အလွန် မြဲမြံ၏။ တစ်စုံ တစ်ယောက်သော သူသည်လည်း မဖျက်ဆီးနိုင်၊ ထိုအခါ ထိုယောကျ်ား၏ သားမယားတို့ကိုလည်း ခေါ်စေ၍ မြို့တွင်း၌ အိမ်ကို ဆောက်စေ၍ ပေး၏။

ထိုမင်းနှစ်ယောက်တို့သည် အညီအညွတ် ဝမ်းမြောက်ကုန်သည် ဖြစ်၍ မင်းပြု ကုန်၏။ အမတ်တို့သည် အမျက်ထွက်၍ မင်းသားကို အရှင်မင်းသား တစ်ယောက်သော သူကြွယ်အား ထက်ဝက်သော မင်းအဖြစ်ကို ပေး၍ ထိုသူကြွယ်နှင့် တကွ စား၏ သောက်၏ အိပ်၏။ သူငယ်တို့ကိုလည်း ရှိခိုးစေ၏။ မင်းပြုအပ်သော အမှုကို အကျွန်ုပ်တို့သည် မသိပါကုန် မင်းသည် အသို့ ပြုသနည်း။ အကျွန်ုပ်တို့ကို ရှက်စေသလော မင်းအား ဆိုပါလော့ဟု ဆိုကုန်၏။ မင်းသားသည် ကောင်းပြီဟု ဝန်ခံ၍ ထိုအလုံးစုံသော စကားကို မင်းအား ကြား၍ မြတ်သော မင်းကြီး ဤသို့ မပြုလင့်ဟု ဆို၏။ အမောင် ငါစစ်ရှုံး၍ အဘယ်၌ နေသနည်းဟု တစ်ပါးသော သူတို့ကိုလည်း ထိုအကြောင်းကို မေးကုန်၏လောဟု ဆို၏။ မြတ်သော မင်းကြီး မသိကုန်ဟု မင်းသား ဆို၏။ ငါသည် ထိုယောကျ်ား၏ အိမ်၌ နေလျက် ရောဂါကင်း၍ လာ၍ မင်းပြုရ၏၊ ဤသို့ ငါ့အား ကျေးဇူးပြုသော သူအား အဘယ်ကြောင့် စည်းစိမ်ကို မပေးဘဲ ရှိရအံ့နည်းဟု ဆို၍ အမောင် အကြင်သူသည် ပေးအပ်သင့်သော သူအား

မပေး။ ထိုသူသည် တောင်းရန်သို့ ရောက်၍ ကျေးဇူးပြုသော သူကိုလည်း မရဟု မြဲလိုရကား ဤဂါထာတို့ကို ဆို၏—

၅။ အဒေယျေသု ဒဒံ ဒါနံ၊ ဒေယျေသု နပ္ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယံ နာဓိဂစ္ဆတိ။

၆။ နာဒေယျေသု ဒဒံ ဒါနံ၊ ဒေယျေသု ယော ပဝေစ္ဆတိ။
အာပါသု ဗျသနံ ပတ္တော၊ သဟာယ မဓိဂစ္ဆတိ။

၇။ သညောဂသမ္ဘောဂဝိသေသဒဿနံ၊
အနရိယဓမ္မေသု သဌေသု နဿတိ။
ကတဉ္စ အရိယေသု စ အဉ္ဇဝေသု၊
မဟပ္ဖလံ ဟောတိ အဏုမ္ပိ တာဒိသု။

၈။ ယော ပုဗ္ဗေ ကတကလျာဏော၊ အကာ လောကေ သုဒုက္ကရံ။
ပစ္ဆာ ကယိရာ န ဝါ ကယိရာ၊ အစ္စန္တံ ပူဇနာရဟောတိ။

အမှောင် အကြင်သူသည် ပေးအပ်ကုန်သောသူတို့အား မပေး၊ မပေးအပ်သော သူတို့အား ပေးကုန်သော ထိုသူတို့အား တောင်းရန် ဖြစ်ကုန်လတ်သော် အဆွေခင်ပွန်းကို မရ။

အကြင်သူသည် ပေးအပ်ကုန်သော သူတို့အား ပေးရလေ၏။ မပေးအပ်ကုန်သော သူတို့အား မပေးကုန်သော ထိုသူတို့အား တောင်းရန် ဖြစ်ကုန်လတ်သော် ထိုသူသည် ပျက်စီးခြင်းကို ရ၏။

မသူတော်တို့၏ အကျင့်ရှိကုန်သော စဉ်းလဲကုန်သော သူတို့၌ ပြုအပ်သော ကျေးဇူးအထူးကို မြင်ရခြင်းသည် ပျက်စီး၏။ မြတ်ကုန်သော ဖြောင့်ကုန်သော ထိုသို့ သဘောရှိကုန်သော သူတို့၌ အနည်းငယ်သည်လည်း ဖြစ်သော ပြုအပ်သော ကျေးဇူးသည် အကျိုးကြီးသည်ဖြစ်၏။

အကြင်သူသည် ရှေး၌ ကျေးဇူးကို ပြု၍ လောက၌ အလွန်ပြုနိုင်ခဲသော အမှုကို ပြု၏။ ထိုသူသည် နောက်ကာလ၌ ကျေးဇူးပြုသည် မူလည်း ဖြစ်စေ၊ ကျေးဇူးမပြုသည် မူလည်း ဖြစ်စေ၊ စင်စစ် ပူဇော်ခြင်းကို ခံထိုက်၏။

ဤစကားကို ကြား၍ အမတ်တို့သည်လည်းကောင်း မင်းသားတို့သည် လည်းကောင်း တစ်စုံတစ်ခုသော စကားကို မဆို။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရား သည် ဤ၊မဝဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပဉ္စနက္ခရာစ်ရှာသားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကျေးဇူးတုံ့မှု၊ ပြုထိုက်သူအား၊ ပြုမထားက ရန်ကားကြုံတွေ့၊ကယ်သူမေ့၏)

သုံးရာနှစ်ခုမြောက်သော မဟာအဿာရောဟဇာတ်သည် ပြီး၏။

---

## ၃၀၃-ကေရာဇဇာတ်

## (တရားစောင့်သောမင်း)

### တရားကို နတ်စောင့်

### ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွေ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကိုဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အနုတ္တရေကာမဂုဏသမ်ိနွေ့ အင်ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကေရာဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသောကောသလမင်းကို ခစားသောအမတ်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ (ပစ္စုပ္ပန်ဝတ္ထုကို အောက် သေယျဇာတ်၌ ဆိုအပ်ပြီ၊) ဤကေရာဇဇာတ်ကား သဗ္ဗညု မြတ်စွာဘုရားသည် ဒါယကာ သင်သည်သာလျှင် အကျိုးမဲ့ခြင်းဖြင့် အကျိုးကိုဆောင်သည် မဟုတ်သေး။ ရှေးပညာရှိတို့သည်လည်း မိမိအကျိုး မဲ့ခြင်းဖြင့် အကျိုးကို ဆောင်ဖူးကုန်သလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီမင်း၏အမတ်သည် နန်းတွင်း၌ဖြစ်မှား၏။ မင်းသည် ပစ္စက္ခအားဖြင့်လျှင် ထိုအမတ်၏အဖြစ်ကို မြင်၍အမတ်ကို ဖိုင်းနိုင်င်မှ နှင်ထုတ်စေ၏။ ထိုအမတ်သည် ဒုဗ္ဗိသေနမည်သော ကောသလမင်းကို ခစား၏။ (အလုံးစုံသော စကားကို မဟာသီလဝဇာတ်၌ ဆိုအပ်ပြီး သလျှင် ကတည်း။) ဤကေရာဇဇာတ်၌ကား ဒုဗ္ဗိသေနမင်းသည် မြတ်သော ပြာသာဒ်အပြင်ဝယ် အမတ်တို့၏အလယ်၌နေသော ဗာရာဏသီမင်းကို နှောင်ဖွဲ့၍ ဆိုင်း၌

---

သေယျဇာတ်-ဒုကနိပါတ်။ မဟာသီလဝဇာတ် ကေနိပါတ်။

ထည့်စေ၍ မြောက်တံခါးခုံ၌ ဦးစောက် ဆွဲစေ၏။ ဗာရာဏသီမင်းသည် ခိုးသူမင်းကို အာရုံပြုလျက် မေတ္တာကို ပွားစေ၍ ကသိုဏ်းပရိကံကို ဖြစ်စေ၏။ မင်းသည် အန္ဓောင်အဖွဲ့ကို ဖြတ်စေ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၏။ ခိုးသူမင်း၏ကိုယ်၌ ပူခြင်းသည်ဖြစ်၍ ပူ၏ ပူ၏ဟုမြေ၌ ထိုမှ ဤမှ လူးလဲ၍ အဘယ်အမှုနည်းဟု ဆိုလတ်သော် မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့သည် ဤသို့သဘောရှိသော တရားစောင့်သော အပြစ်မရှိသောမင်းကို မြောက်တံခါးခုံ၌ ဦးစောက်ဆွဲစေကုန်ဟု ဆိုကြကုန်၏။ ထိုသို့တပြီးကား လျင်စွာ သွား၍ လွှတ်ကြကုန်ဟုဆို၏။ မင်းချင်း ယောကျ်ားတို့သည် သွား၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့်နေသော ဗာရာဏသီမင်းကိုမြင်၍ လာ၍ ဒုဗ္ဗိသေနမင်းအား ကြားလျှောက်ကုန်၏။ ဒုဗ္ဗိသေနမင်းသည် လျင်မြန်စွာသွား၍ ဗာရာဏသီမင်းကို ရှိခိုး၍ ကန်တော့အံ့သောငှါ ဤဂါထာကိုဆို၏။

၉။ အနုတ္တရေ ကာမဂုဏေ သမိဒ္ဓေ၊
ဘုတွာန ပုဗ္ဗေ ဝသီ ဧကရာဇ။
သော ဒါနိ ဒုဂ္ဂေ နရကမှိ ခိတ္တော၊
နပ္ပဇ္ဇဟေ ဝဏ္ဏဗလံ ပုရာဏံ။

ဧကရာဇ်မင်း၊ ထိုသင်သည် ရှေး၌ အလွန်မြတ်ကုန်သော ပြည့်စုံကုန်သော ကာမဂုဏ်တို့ကို ခံစား၍နေ၏၊ ယခုအခါ၌ မညီညွတ်သောတွင်း၌ ဆွဲထားလျက် ရှေး၌ဖြစ်သော အဆင်းအားကို အဘယ့်ကြောင့် မစွန့်သနည်း။ ထိုစကားကို ကြား၍ဘုရားလောင်းသည် ဤဂါထာတို့ကိုဆို၏။

၁၀။ ပုဗ္ဗေဝ ခန္တီ စ တပေါ စ မယှံ၊
သမ္ပတ္ထိတာ ဒုဗ္ဗိသေန အဟောသိ။
တံဒါနိ လဒ္ဓါန ကထံ နု ရာဇ၊
ဇဟေ အဟံ ဝဏ္ဏဗလံ ပုရာဏံ။

၁၁။ သဗ္ဗာကိရေဝံ ပရိနိဋ္ဌိတာနိ၊ ယသဿိနံ ပညဝန္တံ ဝိသယှ။
ယသောစ လဒ္ဓါ ပုရိမံ ဥဠာရံ၊ န ပ္ပဇ္ဇဟေ ဝဏ္ဏဗလံ ပုရာဏံ။

၁၂။ ပနုဇ္ဇ ဒုက္ခေန သုခံ ဇနိန္ဒ၊ သုခေန ဝါ ဒုက္ခ မသယှသာဟ်။
ဥဘယတ္ထ သန္တော အဘိနိဗ္ဗုတတ္တာ၊
သုခေစ ဒုက္ခေစ ဘဝန္တိ တုလျာ။

ဒုဗ္ဗိသေနမင်း ရှေး၌လျှင် ငါသည် သီးခံခြင်းကိုလည်းကောင်း မြိုးခြံသော အကျင့်ကိုလည်းကောင်း တောင့်တသည် ဖြစ်၏။ ဒုဗ္ဗိသေနမင်း ယခုအခါ၌

ငါသည် ထိုတောင့်တအပ်သော သည်းခံခြင်း ခြိုးခြံခြင်းကိုရ၍ ရှေး၌ဖြစ်သော အဆင်းအားကို အဘယ်အကြောင်းကြောင့်လျှင် စွန့်ရအံ့နည်း။

အသုံးစုံကုန်သော သီလ ဘာဝနာ ဥပုသ်သုံးခြင်း ကိစ္စတို့သည် ဤသို့ ပြီးကုန်သည်သာလျှင် ဖြစ်ကုန်သတတ်၊ အခြံအရံရှိသော ပညာရှိသော် သည်းခံနိုင်ခက်သော အရာ၌ သည်းခံနိုင်သော မင်းကြီး စည်းစိမ်ရှိသော သူသည်လည်း ရှေး၌ မရစဖူးသော မြတ်သော ချမ်းသာကိုရ၍ ရှေး၌ဖြစ်သော အဆင်းအားကို မစွန့်ရာ။

ဒုဗ္ဘိသေနမင်း သင်သည် ဖြစ်စေအပ်သော ဆင်းရဲဖြင့် မင်းချမ်းသာကို ပယ်၍ သည်းခံနိုင်ခက်သော အရာကို သည်းခံ၏။ သူတော်ကောင်းတို့သည် ငြိမ်းသော သဘောရှိကုန်သည်ဖြစ်၍ နှစ်ပါးစုံသော သုခ၌လည်းကောင်း ဒုက္ခ၌လည်းကောင်း တူကုန်သည် ဖြစ်ကုန်၏။

ဤစကားကို ကြား၍ ဒုဗ္ဘိသေနမင်းသည် ဘုရားလောင်းကို ကန်တော့၍ သင်မင်းကြီးတို့၏ ပြည်ကို သင်မင်းကြီးတို့သည်ပင်လျှင် မင်းပြုကုန်လော့ ကျွန်ုပ်သည် သင်မင်းကြီးတို့၏ ခိုးသူတို့ကို ပယ်ဖျောက်အံ့ဟု ဆို၍ ထိုပြစ်မှားသော အမတ်အား မင်းအာဏာကိုပြု၍ သွား၏။ ဘုရားလောင်းသည်လည်း မင်းအဖြစ်ကို အမတ်တို့အား အပ်နှင်း၍ ရသေ့ရဟန်းပြု၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားအသည် ဤမမှဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ဒုဗ္ဘိသေနမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

-(တရားစောင့်သူ၊ လှည့်ပြန်ကူ၊ စောင့်ယူတရား ကူပုံပြား၏။)

သုံးရာသုံးခုမြောက်သော ကေရာဇဇာတ်သည် ပြီး၏။

---

၃၀၄။ ဒဒ္ဒရဇာတ်

(မစင်စွန့်မြေ- သုံးနှစ်နေ)

အမျက်ထွက်၍ နှင်ထုတ်ခံရ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကရဟန်းကို အကြောင်းပြု၍ ဤဒဒ္ဒရဇာတ်ကို ဟောတော်မူ၏။

မြတ်စွာ ဘုရားသည် ဣမာနိမံ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော

ဤဒဒ္ဒရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်ပါးသော အမျက်ထွက်တတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ဆိုအပ်ပြီ)။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်း၏ အမျက်ထွက်တတ်သော အဖြစ်ကို ပြောဆိုကုန်လတ်သော် သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့- ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ထိုရဟန်းကို ခေါ်စေ၍ ရဟန်း- သင်သည် အမျက်ထွက်တတ်သော ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့- ဤရဟန်းသည် ယခုအခါ၌သာလျှင် အမျက်ထွက်တတ်သည် မဟုတ်သေး။ ရှေး၌လည်း အမျက်ထွက်တတ်သည်သာလျှင် ဖြစ်၏။ ဤရဟန်း၏ အမျက်ထွက်တတ်သည်၏ အဖြစ်ကြောင့်လျှင် ရှေးပညာရှိတို့သည် စင်ကြယ်သော နဂါးမင်း၏ အဖြစ်၌ တည်ကုန်လျက်လည်း သုံးနှစ်တို့ပတ်လုံး ကျင်ကြီးဖြင့်ပြည့်သော မသန့်သော မြေ၌ နေရဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာအရပ်ဝယ် ဒဒ္ဒရ တောင်ခြေရင်း၌ ဒဒ္ဒရ မည်သော နဂါးပြည်၌ မင်းပြုသော ဒဒ္ဒရ နဂါးမင်း၏သား မဟာဒဒ္ဒရမည်သော နဂါးဖြစ်၏။ ထိုမဟာဒဒ္ဒရ နဂါး၏ ညီသည်ကား စူဠဒဒ္ဒရ မည်၏။ စူဠဒဒ္ဒရ နဂါးသည် အမျက်ထွက်တတ်၏။ ကြမ်းကြုတ်၏။ နဂါးလုလင်မတို့ကို ဆဲရေး ရိုက်ပုတ်လျက် သွားတတ်၏။ နဂါးမင်းသည် စူဠဒဒ္ဒရ နဂါး၏ ကြမ်းသော အဖြစ်ကိုသိ၍ စူဠဒဒ္ဒရကို နဂါးပြည်မှ နှင်ထုတ်စိမ့်သောငှါ စေ၏။ မဟာဒဒ္ဒရ နဂါးသည်ကား အဘကို သည်းခံစေ၍ တားမြစ်၏။ နှစ်ကြိမ်မြောက်လည်း နဂါးမင်းသည် စူဠဒဒ္ဒရ နဂါးအား အမျက်ထွက်၏။ နှစ်ကြိမ်မြောက်လည်း သည်းခံစေ၏။ သုံးကြိမ်မြောက်၌ကား သင်သည် ဤယုတ်မာသော အကျင့်ရှိသော နဂါးကို နှင်ထုတ်သည်ကို တားမြစ်၏။ နှစ်ယောက်ကုန်သော သင်တို့သည် နဂါးပြည်မှထွက်၍ ဗာရာဏသီပြည်၌ မစင်စွန့်ရာမြေ၌ သုံးနှစ်တို့ပတ်လုံး နေကြကုန်ဟု နဂါးပြည်မှ နှင်ထုတ်၏။ ထိုမဟာဒဒ္ဒရ စူဠဒဒ္ဒရ နဂါးတို့သည် ထိုအရပ်သို့သွား၍ နေကုန်၏။ ထိုအခါ မစင်စွန့်ရာ မြေဝယ် ရေနား၌ အစာရှာကုန်သော ထိုနဂါးတို့ကို ရွာသူသားငယ်တို့ မြင်ကုန်၍ ပုတ်ခတ်ကုန်လျက် ခဲ လုံးဘဲတို့ကို ပစ်ကုန်လျက် အချင်းတို့ ဖားစိမ်းစား ဖြစ်ကုန်သော ဤရေမြွေ

တို့သည် ဦးခေါင်း ကြီးကုန်၏။ အပ်နှင့်တူသော အမြီးရှိကုန်၏။ ဤသို့အစ ရှိသော စကားတို့ကို ဆို၍ ဆဲရေးကုန်၏။ စူဠဒဒ္ဒရ နဂါးသည် ကြမ်းကြုတ်သည်၏ အဖြစ်ကြောင့် ထိုသူတို့၏ မထီမဲ့မြင်ပြုခြင်းကို သည်းမခံနိုင်သည် ဖြစ်၍ အစ်ကို ဤသူငယ်တို့သည် ငါတို့ကို ပုတ်ခတ်ကုန်၏။ ငါတို့၏လျင်သော အဆိပ်ရှိသည်၏ အဖြစ်ကို မသိကြကုန်၊ ငါသည် ထိုသူငယ်တို့၏ မထီမဲ့မြင် ပြုခြင်းကို သည်းခံခြင်းငှါ မတတ်နိုင်။ ထိုသူငယ်တို့ကို နှာခေါင်းလေဖြင့် ပျက်စီးစေအံ့ဟု အစ်ကိုနှင့်တကွ ပြောလိုရကား ဤဂါထာကို ဆို၏—

၁၃။ ဣမာနိမံဒဒ္ဒရတာပယန္တိ၊ ဝါစာ ဒုရုတ္တာနိ မနုဿ လောကေ။
မဏ္ဍူကဘက္ခာဥဒကန္တသေဝီ၊ အာသီဝိသံမံအဝိသာသပန္တိ။

အစ်ကိုကြီး ဒဒ္ဒရ လူ့ပြည်၌ ဤမကောင်းသဖြင့် ဆိုအပ်သော စကားတို့သည် ငါ့ကို ဆင်းရဲစေကုန်၏။ အဆိပ်မရှိကုန်သော သားငယ်တို့သည် လျင်သော အဆိပ်ရှိသော ငါ့ကို ဖားစိမ်းစားတို့ဟူ၍ လည်းကောင်း ရေနားကို မှီကုန်သော မြွေတို့မူ၍ လည်းကောင်း ဆိုကုန်လျက် ဆဲရေးကုန်၏။

ထိုစူဠဒဒ္ဒရ နဂါး၏ စကားကိုကြား၍ မဟာဒဒ္ဒရ နဂါးသည် ဤဂါထာတို့ကို ဆို၏—

၁၄။ သကာ ရဋ္ဌာ ပဗ္ဗာဇိတော၊ အညံ ဇနပဒံ ဂတော။
မဟန္တံ ကောဋ္ဌံ ကယိရာထ၊ ဒုရုတ္တာနံ နိဓေတဝေ။

၁၅။ ယတ္ထ ပေါသံ န ဇာနန္တိ၊ ဇာတိယာ ဝိနယေန ဝါ။
န တတ္ထ မာနံ ကယိရာထ၊ ဝသ' မညာတကေ ဇနေ။

၁၆။ ဝိဒေသ ဝါသံ ဝသတော၊ ဇာတဝေဒသမေနပိ။
ခမိတဗ္ဗံ သပညေန၊ အပိ ဒါသဿ တဇ္ဇိတံ။

မိမိတိုင်းမှ နှင်ထုတ်ခံရသည်ဖြစ်၍ တစ်ပါးသော ဇနပုဒ်သို့ရောက်သော သူသည် မကောင်းသဖြင့် ဆိုအပ်ကုန်သော စကားတို့ကို ထားခြင်းငှါ ကြီးစွာသော ကျီကို ပြုရာ၏။

ယောကျ်ားကို အမျိုးအားဖြင့်လည်းကောင်း, သီလအားဖြင့်လည်းကောင်း မသိကုန်သော အရပ်၌ ငါဟူသောမာန်ကို မပြုရာ၊ ဂုဏ်ကျေးဇူးကို မသိသော သူအထံ၌ နေသောသူသည် သည်းခံရာ၏။

အရပ်တစ်ပါး၌နေသော ပညာရှိသည် ကျွန်၏လည်း မီးဘေးဖြင့်လည်း ငြိမ်းခြောက်ခြင်းကို သည်းခံရာ၏။

ဤသို့ ထိုမဟာဒဒ္ဒရ စူဠဒဒ္ဒရ နဂါးတို့သည် ထိုဗာရာဏသီပြည်ဝယ် မစင်စွန့်ရာမြေ၌ သုံးနှစ်တိုပတ်လုံး နေကုန်၏။ သုံးနှစ်ရှိပြီးအခါ ထိုနဂါးညီနောင်တို့ကို အဘသည် ခေါ်စေ၏။ ထိုအခါမှစ၍ မာန်ကင်းသည် ဖြစ်၏။

**ဇာတ်ပေါင်း**

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ အမျက်ထွက်တတ်သော ရဟန်းသည် အနာဂါမိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အမျက်ထွက်တတ်သော ရဟန်းသည် ထိုအခါ စူဠဒဒ္ဒရ နဂါးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ မဟာဒဒ္ဒရနဂါး ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာ့လေးခုမြောက်သော ဒဒ္ဒရဇာတ်သည် ပြီး၏။

---

**၃၀၅-သီလဝီမံသနဇာတ်**

**(သီလရှိသူ့, သမီးယူ)**

**မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နတ္ထိ လောကေ ရဟော နာမ" အစရှိသော ဂါထာပုဒ်ဖြင့် စာန်ဆာဆင်အပ်သော ဤသီလဝီမံသနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေအော်မူစဉ် ကိလေသာကိုနှိပ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် ကောဒသကနိပါတ် ပါနိယဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့)။ ဤသီလဝီမံသနဇာတ်၌ကား အကျဉ်းဖြစ်သော စကားကို ဤသို့သိအပ်၏။

ငါးယောက်ကုန်သောရဟန်းတို့သည် ဇေတဝန်ကျောင်းတော်တွင်း၌ နေကုန်လျက် ညဉ့်သုံးယာမ်အတွင်း၌ ကာမဝိတက်ကို ကြံကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ညဉ့်သုံးယာမ် နေ့သုံးယာမ် ဟူကုန်သော ခြောက်ပါးကုန်သော အဖို့တို့၌လည်း မျက်စိတစ်ဖက်သာရှိသော သူသည် မမေ့မလျော့သဖြင့် မျက်စိကို စောင့်သကဲ့သို့၊ သားတစ်ယောက်သာရှိသော သူသည် မမေ့မလျော့ သားတစ်ယောက်ကို စောင့်သကဲ့သို့၊ စာမရီသည် မမေ့မလျော့သဖြင့် အမြီးကိုစောင့်သကဲ့သို့ ထိုအတူ အခါခပ်သိမ်း ရဟန်းတို့ကို ကြည့်တော်မူ၏။ သဗ္ဗညုမြတ်စွာဘုရားသည် ညဉ့်အဖို့၌ ဒိဗ္ဗစက္ခုဖြင့် ဇေတဝန်ကျောင်းကို ကြည့်တော်မူသည်

ရှိသော် စကြဝတေးမင်း၏ နန်းတွင်း၌ဖြစ်သော ခိုးသူတို့ကဲ့သို့ ထိုရဟန်းတို့ကို မြင်တော်မူ၍ ဂန္ဓကုဋိကို ဖွင့်တော်မူ၍ အရှင်အာနန္ဒာမထေရ်ကို အာနန္ဒာဟု ခေါ်တော်မူ၍ အသပြာကုဋေတို့ကိုခင်း၍ယူအပ်သော ဇေတဝန်ကျောင်းတော်တွင်း၌ နေကုန်သော ရဟန်းတို့ကို စည်းဝေးစေ၍ ဂန္ဓကုဋိတံခါး၌ နေရာကို ခင်းလော့ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် ဘုရားမိန့်တော်မူတိုင်း ပြု၍ သဗ္ဗညုမြတ်စွာဘုရားအား ကြားလျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ခင်းအပ်သော နေရာ၌ နေတော်မူ၍ အလုံးစုံသော ရဟန်းတို့သို့ ခေါ်တော်မူသည်၏ အစွမ်းအားဖြင့် ရဟန်းတို့ဟု ခေါ်တော်မူ၍ ရှေးပညာရှိတို့သည် မကောင်းမှုကို ပြုရာ၌ ဆိတ်ကွယ်ရာမည်သည် မရှိဟု မကောင်းမှုကို မပြုကုန်ဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မည်သော မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဗာရာဏသီပြည်၌လျှင် ဒိသာပါမောက္ခဆရာ၏ဘထံ၌ ငါးရာကုန်သော လုလင်တို့၏ အကြီးဖြစ်၍ အတတ်ကိုသင်၏၊ ဆရာ၌ အရွယ်ရောက်သော သမီးရှိ၏။ ကိုဆရာသည် ဤလုလင်တို့၏ သီလကိုစုံစမ်း၍ သီလနှင့် ပြည့်စုံသော လုလင်အား သမီးကိုပေးအံ့ဟု ကြံပြီး၍ ထိုဆရာသည် တစ်နေ့သ၌ လုလင်တို့ကိုခေါ်၍ အမောင်တို့ ငါ့အား အရွယ်ရောက်သော သမီးသည်ရှိ၏။ သမီးအားထိမ်းမြားခြင်းကို ပြုအံ့၊ အဝတ်တန်ဆာကို ရခြင်းငှါ သွားကြကုန်။ မိမိ မိမိတို့၏ ဆွေမျိုးတို့၏ မမြင်ကုန်စဉ်လျှင် ခိုး၍ အဝတ်တန်ဆာတို့ကို ဆောင်ကြချေကုန်၊ တစ်စုံတစ်ယောက် သောသူသည် မမြင်သော အဝတ်တန်ဆာကိုလျှင် ယူခဲ့ကြကုန်။ ပြ၍ ယူခဲ့သော အဝတ်တန်ဆာကို ငါမယူဟု ဆို၏။ တပည့်တို့သည် ကောင်းပါပြီဟု ဝန်ခံ၍ ထိုအခါမှစ၍ ဆွေမျိုးတို့၏ မမြင်ကုန်စဉ် ခိုး၍ အဝတ်တန်ဆာ အစရှိသည်တို့ကို ဆောင်ခဲ့ကုန်၏။ ဆရာသည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာကို အသီးအသီးသာလျှင် ထားစေ၏။ ဘုရားလောင်းသည်ကား တစ်စုံတစ်ခုသော ဝတ်စားတန်ဆာတို့ကို မဆောင်ခဲ့၊ ထိုအခါ ဘုရားလောင်းကို ဆရာသည် အမောင်-သင်သည်ကား တစ်စုံတစ်ခုသော ဝတ်စားတန်ဆာကို မဆောင်ခဲ့လောဟု ဆို၏။ ဆရာ မဆောင်ခဲ့ဟု ဆို၏။ အမောင်–အဘယ်ကြောင့် မဆောင်ခဲ့ သနည်းဟု မေး၏၊ ဆရာ–သင်တို့သည် တစ်စုံတစ်ယောက်သော သူ၏ မြင်စဉ်ဆောင်ခဲ့ ယူခဲ့သော ဝတ်စားတန်ဆာကို မယူကုန်၊ ကျွန်ုပ်သည်ကား မကောင်းမှုကို

ပြုခြင်း၌ ဆိတ်ကွယ်ရာ မည်သည်ကို မမြင်၊ ထို့ကြောင့် မဆောင်စဲ့ဟု ပြလိုရကား ဤဂါထာတို့ကို ဆို၏—

၁၇။ နတ္ထိလောကေ ရဟော နာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံ ဗာလော မညတေ ရဟော။

၁၈။ အဟံ ရဟော န ပဿာမိ၊ သုညံ ဝါပိ န ဝိဇ္ဇတိ။
ယတ္ထ အညံ န ပဿာမိ၊ အသုညံ ဟောတိ တံ မယာ။

လောက၌ မကောင်းမှုကို ပြုသောသူအား ဆိတ်ကွယ်ရာအရပ်မည်သည် မရှိ။ တော၌ ဖြစ်ကုန်သော နတ်တို့သည် မြင်ကုန်၏။ ထိုမကောင်းမှုကို ပြုခြင်းသည် သူမိုက်သည် ငါသည် ဆိတ်ကွယ်ရာ၌ မှုအပ်၏ဟူ၍ အောက်မေ့၏။

ငါသည် ဆိတ်ကွယ်ရာ အရပ်ကို မမြင်၊ အကြင်အရပ်၌ သတ္တဝါတို့မှ ဆိတ်ခြင်းကို ငါ မမြင်၊ သတ္တဝါတို့မှ ဆိတ်သော အရပ်သည်လည်း မရှိ၊ ငါသည် ပြုအပ်သော ထိုမကောင်းမှုသည် မဆိတ်သည် ဖြစ်၏။

ဆရာသည် ဘုရားလောင်းအား ကြည်ညိုရ၍ အမောင် ငါ့အိမ်၌ ဥစ္စာ မရှိသည် မဟုတ်၊ ငါသည်ကား သီလနှင့် ပြည့်စုံသော သူအား သမီးကို ပေးအံ့ဟူ၍ လုလင်တို့ကို စုံစမ်းလိုရကား ဤသို့ မူ၏။ သင့်အား ငါ့သမီးသည် လျော်၏ဟု သမီးကို တန်ဆာဆင်စေ၍ ဘုရားလောင်းအား ပေး၏၊ ကြွင်းသော လုလင်တို့ကို သင်တို့သည် ဆောင်ခဲ့တိုင်း ဆောင်ခဲ့တိုင်းသော အဝတ်တန်ဆာ တို့ကို သင်တို့၏ အိမ်သို့ ဆောင်ကြကုန်လော့ဟု ဆို၏။ သဗ္ဗညု မြတ်စွာဘုရား သည် ရဟန်းတို့ ထိုသီလမရှိကုန်သော လုလင်တို့သည် မိမိတို့၏ သီလမရှိသည်၏ အဖြစ်ကြောင့် ထိုမိန်းမကို မရကုန်။ ပညာရှိသော လုလင်သည်ကား သီလနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ရ၏ဟု မိန့်တော်မူ၍ ဘုရားဖြစ်၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၉။ ဒုဇ္ဇစ္စော စ သုဇစ္စော စ၊ နန္ဒော စ သုခဝစ္ဆိတော။
ဝေဇ္ဇော စ အဒ္ဓုဝ သီလော စ၊ ယေ ဓမ္မံ ဇဟု မတ္တိကာ။

၂၀။ ဗြဟ္မဏော စ ကထံ ဇဟေ၊ သဗ္ဗဓမ္မာန ပါရဂူ။
ယော ဓမ္မ မနုပါလေတိ၊ ဓိတိမာ သစ္စနိက္ကမော။

ဒုဇ္စစ္စလုလင် လည်းကောင်း၊ သုဇ္စစ္စလုလင် လည်းကောင်း၊ နန္ဒလုလင် လည်းကောင်း၊ သုခဝစ္ဆိတလုလင် လည်းကောင်း၊ ဝေဇ္ဇလုလင် လည်းကောင်း၊ ထိုမှ သီလလုလင် လည်းကောင်း ထိုပြသိမ်းကုန်သော လုလင်တို့သည် မိန်းမဖြင့် အလိုရှိကုန်သည်ဖြစ်၍ မိန်းမကို ရခြင်းသဘောကို စွန့်ကုန်၏။

ခပ်သိမ်းကုန်သော ပဋိသံ၊ ဒသဗလ၁ဝ ဒိုးပါးသော သုစရိုက် ဟူကုန်သော ခပ်သိမ်းသော တရားတို့၏ ကမ်းတစ်ဘက်သို့ ရောက်၍ တရားကို စောင့်သော တည်ကြည်ခြင်းရှိသော သစ္စာ ဝီရိယနှင့် ပြည့်စုံသော ပုဏ္ဏားသည် အဘယ်သို့ မှူ၍ မိန်းမကို ရခြင်းသဘောကို စွန့်အံ့နည်း။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ဆရာဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော လုလင် ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာငါးခုမြောက်သော သီလဝီမံသနဇာတ်သည် ပြီး၏။

---

**၃၀၆-သုဇာတာဇာတ်**

**ဆီးသီးသည် ဘုရင်ကတော်ဖြစ်သော ဆီးသီးကို ဘာနည်းလဲမေး**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ကိံ အဏ္ဍကာနိ မေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသုဇာတာဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် မလ္လိကာ မိဖုရားကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ ကောသလမင်းအား မလ္လိကာ မိဖုရားနှင့်တကွ ကျက်သရေ အရာ၌ အငြင်းအခုံ ဖြစ်သတတ်။ အိပ်ရာ၌ အငြင်းအခုံ ဖြစ်၏ဟူ၍လည်း ဆိုကုန်သလျှင်ကတည်း။ ကောသလမင်းသည် အမျက်ထွက်၍ မလ္လိကာ၏ ရှိသည်၏အဖြစ်ကို မသိ။ မလ္လိကာ မိဖုရားသည်လည်း ငါ၌ မင်း၏ အမျက်ထွက် သည်၏ အဖြစ်ကို ဘုရားမသိပါလေဟု ကြံ၏။ သဗ္ဗညု မြတ်စွာဘုရားသည်လည်း သိတော်မူ၍ ဤသူတို့၏ သင့်တင့် ညီညွတ်သော အဖြစ်ကို ပြုအံ့ဟု နံနက်အခါ၌ သင်းပိုင်တော်ကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူဆောင်၍ ရဟန်းငါးရာ ခြံရံလျက် သာဝတ္ထိပြည်သို့ ဝင်တော်မူ၍ မင်းအိမ်တံခါးဝသို့ ကြွတော်မူ၏။ မင်းသည် မြတ်စွာဘုရား၏ သပိတ်ကိုယူ၍ နန်းတွင်းသို့ သွင်း၍ ခင်းအပ်သော နေရာ၌ နေစေ၍ ဘုရားအမှူးရှိသော ရဟန်း သံဃာတော်တို့အား အလှူ ရေစက်ကို ချ၍ ယာဂု ခဲဖွယ်ကို ဆောင်ခဲ့စေ၏၊ သဗ္ဗညု မြတ်စွာဘုရားသည်

လက်တော်ဖြင့် သပိတ်တော်ကို ပိတ်၍ မြတ်သောမင်းကြီး မိဖုရားကား အဘယ်မှာနည်းဟု မေးတော်မူ၏။ မင်းသည် ဘုန်းတော်ကြီးသော အရှင်ဘုရား မိမိ၏ စည်းစိမ် အခြံအရံဖြင့် ယစ်သော ထိုမိန်းမဖြင့် အဘယ်ပြုအံ့နည်းဟု လျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် မြတ်သောမင်းကြီး သင်မင်းကြီး ပင်လျှင် စည်းစိမ်ကိုပေး၍ မာတုဂါမကို ချီးမြှောက်၍ ထိုမာတုဂါမသည် ပြုအပ်သော အပြစ်ကို သည်းမခံခြင်းသည် မသင့်ဟု မိန့်တော်မူ၏။ မင်းသည် မြတ်စွာဘုရား၏ အမိန့်တော်ကို နာရ၍ မလ္လိကာ မိဖုရားကို ခေါ်စေ၏။ မလ္လိကာ မိဖုရားသည် ဘုရားကို လုပ်ကျွေး၏၊ သဗ္ဗညုမြတ်စွာဘုရားသည် အချင်းချင်း သင့်တင့် ညီညွတ်သည် ဖြစ်ရာ၏ဟု သင့်တင့်ညီညွတ်ခြင်း၏ ကျေးဇူးကို ဟော၍ ကြွတော်မူ၏။

ထိုအခါမှစ၍ မင်းမိဖုရားတို့သည် ညီညွတ်စွာ နေကုန်၏၊ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ သဗ္ဗညု မြတ်စွာဘုရားသည် တစ်ခွန်းတည်းသောစကားဖြင့်လျှင် မင်းမိဖုရား နှစ်ပါးတို့ကို သင့်တင့် ညီညွတ်အောင် ပြုတော်မူ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ငါဘုရားသည် ထိုမင်းမိဖုရားတို့ကို တစ်ကြိမ်တည်းဖြင့် သင့်တင့် ညီညွတ်အောင် ပြုသည် မဟုတ်သေး။ ရှေး၌လည်း တစ်ကြိမ်တည်းသော အဆုံးအမဖြင့် ပင်လျှင် သင့်တင့် ညီညွတ်အောင် ပြုဖူးပြီဟု မိန့်တော်မူ၍ ရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမသော အမတ် ဖြစ်၏၊ ထိုအခါ တစ်နေ့သ၌ မင်းသည် သေသွန် ပြူတင်းကို ဖွင့်၍ မင်းရင်ပြင်ကို ကြည့်လျက် ရပ်၏။ ထိုအခါ တစ်ယောက်သော အဆင်းလှသော အရွယ်၌တည်သော သုဇာတာမည်သော ဟင်းရွက်သည် သမီးသည် ဆီးသီး တောင်းကိုရွက်၍ ဆီးသီး ဝယ်ကြကုန်ဟု ဆိုလျက် မင်းရင်ပြင်သို့ သွား၏။ မင်းသည် သုဇာတာ၏ အသံကို ကြား၍ သုဇာတာ၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ အရှင်မရှိသည်၏ အဖြစ်ကိုသိ၍ ထိုသုဇာတာကို ခေါ်စေ၍ မိဖုရားကြီး အရာ၌ ထား၍ ကြီးစွာသော စည်းစိမ်ကို ပေး၏။ ထိုသုဇာတာကို မင်းသည် ချစ်မြတ်နိုး၏၊ ထိုအခါ တစ်နေ့သ၌ မင်းသည် ရွှေခွက်၌ ထည့်၍ ဆီးသီး

တို့ကို စားလျက် နေ၏။ ထိုအခါ သုဇာတာ မိဖုရားသည် မင်းကြီး ဆီးသီး စားသည်ကို မြင်၍ မြတ်သောမင်းကြီး အရှင်မင်းကြီးတို့သည် အဘယ်မည်သော အသီးသို့ စားကုန်သနည်းဟု မေးလိုရကား ဤဂါထာကို ဆို၏—

၂၁။ ကိမဏ္ဍကာဣမေ ဒေဝ၊ နိက္ခိတ္တာ ကံသ မလ္လိကေ။
ဥပလောဟိတကာ ဝဂ္ဂူ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

မင်းကြီး နီသော အဆင်းရှိကုန်သော အညစ်အကြေး မရှိထသော ဤ အသီးတို့ကို ရွှေခွက်၌ ထည့်အပ်ကုန်၏၊ ဥကဲ့သို့ လုံးကုန်သော ထိုအသီးတို့သည် အဘယ်အသီးတို့နည်း၊ မေးအပ်သော အရှင်မင်းကြီးသည် အကျွန်ုပ်အား ထိုအသီးကို ပြောဆိုလော့။

မင်းသည် အမျက်ထွက်၍ ဟင်းရွက်သည် အိမ်ရှင်သမီး ဆီးသီးသည်မ ဟင်းရွက်သည်မ သင်သည်ကား ဆင့် အဆွေအမျိုးတို့၏ ဥစ္စာ ဖြစ်သော ဆီးသီးတို့ကိုလည်း မသိလေဟု ဆို၍ ဤဂါထာတို့ကို ဆို၏။

၂၂။ ယာနိ ပုရေ တုဝံ ဒေဝိ၊ ဘဏ္ဍု နန္တကဝါသိနီ။
ဥစ္ဆင်္ဂဟတ္ထာ ပစိနာသိ၊ တဿာ တေ ကောလိယံ ဖလံ။

၂၃။ ဥဍ္ဍယှတေ န ရမတိ၊ ဘောဂါ ဝိပ္ပဇဟန္တိ တံ။
တတ္ထေဝိမံ ပဋိနေထ၊ ယတ္ထ ကောလံ ပစိဿတိ။

မိဖုရား သင်သည် ရှေး၌ ထိုဆီးသီးတို့ကို ဆံပင်ဖားလျားဖြင့် အဝတ်နွမ်းကို ဝတ်ပြီး ခါးပိုက်၌ လက်ထည့်၍ ဆွတ်ချွေခဲ့၏။ ဤငါစားသောအသီးသည်ကား၊ ထိုသင်၏ အမျိုးပေးသော ဆီးသီးတည်း။

ဤမိန်းမယုတ်သည် မင်းအိမ်၌နေသည်ရှိသော် ပူ၏ မမွေ့လျော် မင်း၏ စည်းစိမ်ဘဏ္ဍာသည် မိန်းမယုတ်ကို စွန့်ကုန်၏။ ဆီးသီးကိုရောင်းလျက် အသက်မွေး သော ထိုအိမ်သို့သာလျှင် ဤမိန်းမယုတ်ကို ပို့ဆောင်ကုန်လော့။

ဘုရားလောင်းသည် ငါကိုထား၍ ငါမှတစ်ပါးသောသူသည် ဤမင်းမိဖုရားတို့ကို သင့်တင့်ညီညွတ်အောင် ပြုခြင်းငှါ မတတ်နိုင်လတ္တံ့။ မင်းကိုနှစ်သိမ့်စေ၍ ထိုမိဖုရားအား မနှင်ထုတ်အောင်ပြုအံ့ဟုကြံ၍ ဤဂါထာကိုဆို၏။

၂၄။ ဟောန္တိ ဟေတေ မဟာရာဇ၊ ဣဒ္ဓိပ္ပတ္တာယ နာရိယာ။
ခမထ ဒေဝ သုဇာတာယ၊ မာဿာ ကုဇ္ဈ ရထေသဘ။

မြတ်သောမင်းကြီး မိန်းမတို့မှန်သမျှ ယစ်ခြင်းနှင့်တကွ ဖြစ်တတ်မြဲဖြစ်၍ ဤကဲ့သို့ ယစ်ခြင်းဖြစ်သည်သာတည်း အရှင်မင်းကြီး သင်တို့သည် သုဇာတာ

မိဖုရားအားသည်းခံပါကုန်လော၊ ရထားစီးခြင်း မင်းတို့ထက် မြတ်သော အရှင်မင်းကြီး အမျက်မထွက်ပါလင့်။

မင်းသည် ဘုရားလောင်း၏ စကားဖြင့် မိဖုရား၏အပြစ်ကို သည်းခံ၍ မိဖုရားကိုထားမြဲတိုင်းသော နေရာ၌သာလျှင် ထား၏။ ထိုအခါမှစ၍ နှစ်ယောက်ကုန်သော မင်းမိဖုရားတို့သည် ညီညွတ်စွာနေကုန်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကောသလမင်းသည် ထိုအခါ ဗာရာဏသီမင်းဖြစ်ဖူးပြီ။ ယခုအခါ မလ္လိကာသည် ထိုအခါ သုဇာတာမိဖုရားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် ထိုအခါ အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာခြောက်ခုမြောက်သော သုဇာတာ ဇာတ်သည် ပြီး၏။

၃၀၇-ပလာသဇာတ်

လုပ်ကျွေးကျိုး

စေတနာသည် ရောင်ပြန်ဟပ်စမြဲ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အစေတနံ ဗြာဟ္မဏအသုဏန္တ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပလာသဇာတ်ကို ပရိနိဗ္ဗာန်ပြုတော်မူရာ ညောင်စောင်းတော်၌ လျောင်းတော်မူလျက် အရှင်အာနန္ဒာမထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။

အရှင်အာနန္ဒာမထေရ်သည် မိုးသောက်ထ၌ ဘုရားပရိနိဗ္ဗာန်ပြုတော်မူအံ့သည်ကို သန်းခေါင်ယံ၌သိ၍ ငါသည်လည်း ပြုဖွယ်ကိစ္စရှိသော သေက္ခသည်သာလျှင် ဖြစ်၏။ ဘုရားသခင်သည်လည်း ပရိနိဗ္ဗာန်ပြုလတ္တံ့ သဗ္ဗညုဘုရားရှင်အား ငါသည် နှစ်ဆယ့်ငါးနှစ်တို့ပတ်လုံး လုပ်ကျွေးခြင်းသည် အကျိုးမရှိသည် ဖြစ်လတ္တံ့ဟု သောကနှိပ်စက်၍ ဥယျာဉ်ကျောင်းတိုက်ခန်း၌ တံခါးရွက်အပေါင်ကိုဆွဲ၍ငို၏။ သဗ္ဗညုမြတ်စွာဘုရားသည် အာနန္ဒာကို မြင်တော်မမူသည်ရှိသော် ရဟန်းတို့-အာနန္ဒာအဘယ်မှာနည်းဟု မေးတော်မူ၍ ခေါ်တော်မူ၍ဆုံးမလို၍ အာနန္ဒာ-သင်သည်ပြုခဲ့ဖူးသောကောင်းမှုရှိ၏။ မြတ်သောလုံ့လကို အားထုတ်လော့ လျင်စွာ ရဟန္တာဖြစ်လတ္တံ့၊ အာနန္ဒာမစိုးရိမ်လင့် ။ ယခု သင်သည် ငါ့အားပြုအပ်သော လုပ်ကျွေးခြင်းသည် အဘယ့်ကြောင့် အကျိုးမရှိဖြစ်အံ့နည်း၊ ရှေးရာဂကိလေသာ

နှင့်တကွဖြစ်သော ကာလ၌လည်း ငါ့အားသင်ပြုအပ်သော လုပ်ကျွေးခြင်းသည် သင့်အား အကျိုးမရှိသည် မဖြစ်ဖူးတကားဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်မှ မနီးလွန်း မဝေးလွန်းသော အရပ်၌ ပေါက်ပင်စောင့် ရုက္ခစိုးနတ် ဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်သားတို့သည် နတ်ဘို့အား ကိုးကွယ်ကုန်၏။ အမြဲနတ်ပူဇော်ခြင်းတို့၌ လုံ့လပြုကုန်၏။ ထိုအခါ တစ်ယောက်သောဆင်းရဲသားပုဏ္ဏားသည် ငါသည်လည်း တစ်ပါးသော နတ်ကို လုပ်ကျွေးအံ့ဟု တစ်ခုသော မြင့်မြသော အရပ်၌ ဟည်သော ကြီးစွာသော ပေါက်ပင်၏အရင်း၌ ညီညွတ်စွာ မြက်မရှိသည်ကို ပြု၍ သဲကြဲ၍ တံမြက်လှည်း၍ သစ်ပင်ကို နံ့သာ လက်ငါးချောင်းရာ ပေး၍ ပန်းနံ့သာ အထုံတို့ဖြင့် ပူဇော်၍ ဆီမီးထွန်း၍ ချမ်းသာစွာ အိပ်ရပါ၏လောဟု ဆို၍ သစ်ပင်ကို လက်ယာရစ် လှည့်၍ သွား၏။ နှစ်ရက်မြောက် သုံးရက်မြောက်၌ စောစောက သွား၍ ချမ်းသာစွာ အိပ်ရခြင်းကို မေး၏။ တစ်နေ့သ၌ ရုက္ခစိုးနတ်သည် ဤပုဏ္ဏားကား အလွန် ငါ့ကို လုပ်ကျွေး၏၊ ဤပုဏ္ဏားကို စုံစမ်း၍ အကြင်အကြောင်းကြောင့် ငါ့ကို လုပ်ကျွေး၏။ ထိုအကြောင်းကို မေးအံ့ဟု ကြံ၏။ ကြံပြီး၍ ရုက္ခစိုးနတ်သည် ထိုခဏ၌ ပုဏ္ဏားလာ၍ တံမြက်လှည်းသည် ရှိသော် ပုဏ္ဏားအို၏ အသွင်ဖြင့် အနီး၌ရပ်၍ ဤဂါထာကို ဆို၏—

၂၅။ အစေတနံ ဗြာဟ္မဏ အဿုဏန္တံ၊
ဇာနော အဇာနန္တ' မိမံ ပလာသံ။
အာရဒ္ဓဝိရိယော ဓုဝံ အပ္ပမတ္တော။
သုခသေယျံ ပုစ္ဆသိ ကိဿ ဟေတု။

ပုဏ္ဏား သင်သည် အသိဉာဏ်ရှိသူ ဖြစ်လျက် စိတ်မရှိသော စိတ်မရှိသည်၏ အဖြစ်ကြောင့် မကြားတတ် မသိတတ်သော ဤပေါက်ပင်ကို ဝီရိယစိုက်ထုတ်၍ အမြဲ မမေ့လျော့သည် ဖြစ်၍ ချမ်းသာစွာ အိပ်ရခြင်းကို အဘယ့်ကြောင့် မေးသနည်း။ ထိုစကားကို ကြား၍ ပုဏ္ဏားသည် ဤဂါထာကို ဆို၏—

၂၆။ ဒူရေ သုတော စေဝ ဗြဟာ စ ရုက္ခော၊
ဒေသေ ဌိတော ဘူတနိဝါသရူပေါ။
တသ္မာ နမဿာမိ ဣမံ ပလာသံ
ယေ စေတ္ထ ဘူတာ တေ စ ဓနဿ ဟေတု။

ဝါ၊ဇူဝါဆယ် (၃) ၃၄–ပ-မ-သ-စ

ပုဏ္ဏား ဤပေါက်ပင်သည် အဝေး၌လည်း ထင်ရှား၏။ ကြီးလည်း ကြီး၏။ မြင့်သော ညီညွတ်သောမြေအရပ်၌ တည်၏။ နတ်တို့၏နေရာဖြစ်၏၊ ထို့ကြောင့် ဤပေါက်ပင်ကို ငါ ရှိခိုး၏။ ဤပေါက်ပင်၌ နေကုန်သော ဘုန်းတန်ခိုးကြီးကုန်သော နတ်တို့သည်လည်း ဥစ္စာ၏ အကြောင်းကြောင့် ငါ ရှိခိုး၏။

ထိုစကားကို ကြား၍ ရုက္ခစိုးနတ်သည် ပုဏ္ဏားအား ကြည်ညို၍ ပုဏ္ဏား ငါသည် ဤပေါက်ပင်၌ဖြစ်သော နတ်တည်း၊ သင် မကြောက်လင့်၊ သင့်အား ဥစ္စာကို ပေးအံ့ဟု ထိုပုဏ္ဏားကို နှစ်သိမ့်စေ၍ မိမိ ဗိမာန်တံခါး၌ ကြီးစွာသော နတ်၏ အာနုဘော်အားဖြင့် ကောင်းကင်၌ ရပ်၍ ဤဂါထာတို့ကို ဆို၏—

၂၇။ သော တေ ကရိဿာမိ ယထာနုဘာဝံ၊
ကတညုတံ ဗြာဟ္မဏ ပေက္ခမာနော။
ကထဥှိ အာဂမ္မ သတံ သကာသေ၊
မောဃာနိ တေ အဿု ပရိဖန္ဒိတာနိ။

၂၈။ ယော တိန္ဒုကရုက္ခဿ ပုရေ ပိလက္ခော၊
ပရိဝါရိတော ပုဗ္ဗယညော ဥဠာရော။
တဿေ'သ မူလသ္မိံ နိဓိ နိခါတော၊
အဒါယာဒေါ ဂစ္ဆ တံ ဥဒ္ဓရာဟိ။

ပုဏ္ဏား ထိုငါသည် သင်ပြုသော ကျေးဇူးကို သိသည်၏ အဖြစ်ကို ရှုလျက် အစွမ်း သတ္တိအားလျော်စွာ သင့်အား ကျေးဇူးပြုအံ့၊ ထိုစကားသည် မှန်၏၊ သူတော်ကောင်းတို့၏အထံ၌ ကျေးဇူးပြုခြင်းသို့ ရောက်၍ သင်၏ ကိုယ်နှုတ်တို့ဖြင့် လုံ့လပြုခြင်းတို့သည် အကျိုးရှိကုန်သည် ဖြစ်ကုန်၏။

အချင်း ပုဏ္ဏား တည်ပင်၏ ရှေ့၌ တည်သော ညောင်ကြတ်ပင်ကို ဝန်းရံလျက် ရှေး၌ ယဇ်ဖြစ်ဖူးသော များစွာသော မြှုပ်အပ်သော ရွှေအိုးသည် ယခု အမွေခံမရှိပြီ။ သွားချေ၊ ထိုဥစ္စာကို ထုတ်ဆောင်၍ ယူချေလော့။

ဤသို့ ဆိုပြီး၍ ထိုရုက္ခစိုးနတ်သည် ပုဏ္ဏား သင်သည် ထိုဥစ္စာအိုးကို ထုတ်၍ ယူသည် ရှိသော် ပင်ပန်းလတ္တံ့၊ သင်သည် သွားလေလော့၊ ငါသည်လျှင် ထိုဥစ္စာတို့ကို သင့်အိမ်သို့ ဆောင်၍ ဤမည်သော ဤမည်သော အရပ်၌ မြှုပ်ထားအံ့၊ သင်သည် ထိုဥစ္စာကို အသက်ထက်ဆုံး သုံးဆောင်လျက် အလှူပေးလော့၊ သီလစောင့်လေလော့ဟု ပုဏ္ဏားအား ဆုံးမ၍ ထိုဥစ္စာကို မိမိအာနုဘော်ဖြင့် ပုဏ္ဏားအိမ်၌ တည်စေ၏။

ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ပုဏ္ဏား ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရုက္ခစိုးနတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာ့ခုနစ်ခုမြောက်သော ပလာသဇာတ်သည် ပြီး၏။

---

၃၀၈-သကုဏဇာတ်

ကျေးဇူးရှိမှ ကျေးဇူးစွပ်တတ်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "အကရမှသ တေ ကိစ္စံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤသကုဏဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ် ဒေဝဒတ်၏ ကျေးဇူးမသိသောအဖြစ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ရဟန်းတို့ ယခုအခါ၌သာလျှင် ဒေဝဒတ်သည် ကျေးဇူးမသိတတ်သည် မဟုတ် သေး၊ ရှေး၌လည်း ကျေးဇူး မသိတတ်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာ၌ သစ်တောက်လောက်ငှက် ဖြစ်၏။ ထိုအခါ အသားကို စားသောခြင်္သေ့၏လည်၌ အရိုးသည် ငြိ၏၊ လည်သည် ဖူးဖူးရောင်၏။ အစာကိုယူအံ့သောငှါ မတတ်နိုင်၊ ကြမ်းတမ်းသော ဝေဒနာသည် ဖြစ်၏။ ထိုအခါ အစာရှာသော ထိုသစ်တောက်လောက်ငှက်သည် ခြင်္သေ့ကိုမြင်၍ သစ်ခက်၌ နားလျက် အဆွေခြင်္သေ့ သင်အား အဘယ်ဆင်းရဲနည်းဟု မေး၏။ ခြင်္သေ့သည် ထိုအကြောင်းကို ကြား၏။ အဆွေခြင်္သေ့ သင်၏ လည်၌ ငြိသော ထိုအရိုးကို ပယ်ငြားအံ့၊ ငါ့ကို ခဲရာ၏၊ သင့်ကို ကြောက်သောကြောင့် သင့်ခံတွင်း သို့ ဝင်ခြင်းငှါ မဝံ့ဟု သစ်တောက်လောက်ဆို၏။ အဆွေ သစ်တောက်လောက် မကြောက်လင့်၊ သင့်ကို ငါမခဲအံ့၊ ငါ့အား အသက်ကို ပေးလော့ဟု ခြင်္သေ့ဆို၏။ သစ်တောက်လောက်လည်း ကောင်းပြီဟု ခြင်္သေ့ကို လက်ယာနံပါးဖြင့် အိပ် စေ၍ အဘယ်သို့ ဖြစ်အံ့သည်ကို အဘယ်သူသိနိုင်ချေအံ့နည်းဟုကြံ၍ ခံတွင်းကို မပိတ်နိုင်အောင် ခြင်္သေ့၏ အောက်နှုတ်ခမ်း၌လည်းကောင်း၊ အထက်နှုတ်ခမ်း၌

လည်းကောင်း လှံတံကို ထောက်၍ ခံတွင်းသို့ ဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့် ခတ်၏။ အရိုးသည် ကျ၍ ခြင်္သေ့ ခံတွင်းမှ ထွက်လျက် ထောက်သော လှံတံကို နှုတ်သီးဖြင့် ခေါက်၍ ကျစေပြီးသော် ထွက်၍ သစ်ခက်၌ နား၏။ ခြင်္သေ့သည် ရောဂါ ကင်း၍ တစ်နေ့သ၌ တစ်ကောင်သော တောကျွဲကို သတ်၍ စား၏။ သစ်တောက် လောက်ငှက်သည် ထိုခြင်္သေ့ကို စုံစမ်းအံ့ဟု ခြင်္သေ့၏ အထက် သစ်ခက်၌ နား၍ ခြင်္သေ့နှင့်တကွ ပြောဟောလိုရကား ဤဂါထာကို ဆို၏—

၂၉။ အကရမှသ တေ ကိစ္စံ၊ ယံ ဗလံ အဟုဝမှသေ။
မိဂရာဇ နမော တျတ္ထု၊ အပိ ကိဉ္စိ လဘာမသေ။

ခြင်္သေ့မင်း သင်အား ရှိခိုးခြင်းသည် ဖြစ်စေသတည်း၊ ငါတို့အား ဖြစ်သော အစွမ်းဖြင့် သင်၏ ကိစ္စကို ငါတို့သည် ပြုပါကုန်၏၊ ငါတို့သည် စဉ်းငယ်သော အမဲကိုလည်း ရပါကုန်အံ့လော။

ထိုစကားကို ကြား၍ ခြင်္သေ့သည် ဤဂါထာကို ဆို၏—

၃၀။ မမ လောဟိတဘက္ခဿ၊ နိစ္စံ လုဒ္ဒါနိ ကုဗ္ဗတော။
ဒန္တန္တရဂတော သန္တော၊ တံ ဗဟုံ ယမ္ပိ ဇီဝသိ။

အိုငှက် ငါသည် သွေးစိမ်းရှင်ရှင် စားသောက်၏၊ ကြမ်းကြုတ်မှုကို အမြဲ ပြုလုပ်၏၊ ထိုငါ၏ သွားကြားသို့ ရောက်သည် ဖြစ်လျက် သင် အသက်ရှင် နေရခြင်းသည် များလှန်းနေပြီ ထင်၏။

ထိုစကားကို ကြား၍ သစ်တောက်လောက်ငှက်သည် ဤဂါထာတို့ကို ဆို၏—

၃၁။ အကတညုမကတ္တာရံ၊ ကတဿ အပ္ပဋိကာရကံ၊
ယသ္မိံ ကတညုတာ နတ္ထိ၊ နိရတ္ထာ တဿ သေဝနာ။

၃၂။ ယဿ သမ္မုခစိဏ္ဏေန၊ မိတ္တဓမ္မော န လဗ္ဘတိ။
အနုသူယ မနက္ကောသံ၊ သဏိကံ တမှာ အပက္ကမေ။

အကြင်သူသည် သူတစ်ပါးကျေးဇူးကို မသိတတ်၊ မိမိက စတင်၍လည်း ကျေးဇူးမပြုတတ်၊ သူတစ်ပါးပြုသော ကျေးဇူးကိုလည်း အတုံ့အလှည့် ပြန် မပြုတတ်၊ ကျေးဇူးပြုတတ်သော သဘောမရှိ၊ ထိုပုဂ္ဂိုလ်အား ပေါင်းဖော်မှီခို ယှဉ်တွဲဆည်းကပ် ခစားခြင်းဖြင့် အကျိုးမရှိချေ။

အကြင်သူအား မျက်မှောက်ကျေးဇူးပြုခြင်းဖြင့် မိတ်ဆွေသဘောကို အပြန် အလှန် မရနိုင်၊ ထိုသူ့ကို မငြူစူ မဆဲရေးဘဲ ထိုသူမှ ဖြည်းညင်းသာယာစွာ ဖဲခွါရာ၏။

ဤသို့ ဆို၍ သစ်တောက်လောက်ငှက်သည် ဖဲ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ခြသေ့ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည် ထိုအခါ သစ်တောက်လောက်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာ့ရှစ်ခုမြောက်သော သကုဏဇာတ်သည် ပြီး၏။

---

၃၀၉-ဆဝကဇာတ်

ဒူးနေရာ ဒူး၊ တော်နေရာ တော်

ပညာရှာ ပမာသူဖုန်းစား

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သဗ္ဗမိဒံ စရိမံ့ကတံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဆဝကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် ဝိနည်း၌ အကျယ်အားဖြင့် လာသလျှင်ကတည်း)။ ဤဆဝကဇာတ်၌ကား အကျဉ်းကို သိအပ်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့သည် နိမ့်သော နေရာ၌ နေကုန်၍ မြင့်သော နေရာ၌ နေသောသူအား တရားဟောကုန်သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု လျှောက်သည် ရှိသော် ထိုဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ တရားတော်၌ အရိုအသေမပြုခြင်းသည် မသင့်။ ရှေးပညာရှိတို့သည် နိမ့်သောနေရာ၌ နေ၍ မြင့်သော နေရာ၌ နေသောသူအား ဗေဒင်ကို သင်သောသူတို့ကိုလည်း ကဲ့ရဲ့ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် စဏ္ဍာလမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ဥစ္စာကို ဖြစ်စေ၏။ ဘုရားလောင်း၏ မယားသည် ချင်ခြင်း ဖြစ်၍ ဘုရားလောင်းကို အရှင် ကျွန်ုပ်သည် သရက်သီးကို စားခြင်းငှါ အလိုရှိ၏ဟု ဆို၏၊ ရှင်မ ဤကာလ၌ သရက်သီးသည် မရှိ။ တစ်ပါးသော တစ်စုံတစ်ခုသော အသီးကို ဆောင်အံ့ဟု ဘုရားလောင်း ဆို၏။ အရှင် သရက်သီးကို ရမှ အသက်ရှင်အံ့၊ မရသော် ငါသေအံ့ဟု ဆို၏။

ဘုရားလောင်းသည် မိန်းမ၌ တပ်စွန်းသောစိတ် ရှိသည် ဖြစ်၍ အဘယ်၌လျှင် သရက်သီးကို ရပါအံ့နည်းဟု ကြံ၏။ ထိုအခါ၌ကား ဗာရဏသီမင်း၏ ဥယျာဉ်၌ သရက်ပင်သည် မပြတ်သီး၏။ ဘုရားလောင်းသည် ထိုသရက်သီးမှည့်ကို ဆောင်ယူ၍ မိန်းမအား ချင်ခြင်းကို ငြိမ်းစေအံ့ဟု ညဉ့်အခါ၌ ဥယျာဉ်သို့ သွား၍ သရက်ပင်သို့ တက်၍ အောက်ကိုင်း အထက်ကိုင်း အသီးကို ကြည့်လျက် လှည့်လည်၏။ ထိုသို့ပြုစဉ် ညဉ့်သည် လင်းသည် ဖြစ်၏၊ ထိုဘုရားလောင်းသည် ယခုအခါ၌လျှင် ဆင်းသက်၍ သွားသော် ငါ့ကို မြင်၍ ခိုးသူဟု ဖမ်းကုန်လတ္တံ့။ ညဉ့်အခါမှ သွားအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် တစ်ခုသော အခွသို့ တက်၍ ပုန်းလျက် နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် ပုရောဟိတ်၏ အထံ၌ ဗေဒင်တို့ကို သင်အံ့ဟု ဥယျာဉ်သို့ ဝင်၍ သရက်ပင်ရင်းဝယ် မြင့်သော နေရာ၌ နေ၍ ဆရာကို နိမ့်သောနေရာ၌ နေစေ၍ ဗေဒင်တို့ကို သင်၏။ ဘုရားလောင်းသည် အထက်၌ ပုန်းလျက် အကြင်မင်းသည် မြင့်သော နေရာ၌နေ၍ ဗေဒင်တို့ကို သင်၏။ ဤမင်းသည် တရားမစောင့်။ အကြင်ပုဏ္ဏားသည် နိမ့်သော နေရာ၌ နေ၍ ဗေဒင်တို့ကို သင်ပေး၏။ ဤပုဏ္ဏားသည်လည်း တရားမစောင့်။ အကြင် ငါသည် မိန်းမအလိုသို့ လိုက်၍ ကိုယ့်အသက်ကို မရေမတွက်ဘဲ သရက်သီးကို ခိုး၏။ ထိုငါသည်လည်း တရားမစောင့်ဟု ကြံပြီးလျှင် ထိုဘုရားလောင်းသည် သရက်ပင်မှ သက်လတ်သော် တစ်ခုသော တွဲလျားကျသော နိမ့်သော အခက်ကို ကိုင်၍ မင်းပုဏ္ဏား နှစ်ပါးတို့၏ အလယ်၌ ရပ်၍ မြတ်သောမင်းကြီး ကျွန်ုပ်သည်ပျက်၏၊ သင်မင်းကြီးသည် တွေဝေ၏။ ပုရောဟိတ်သည် ရမ္မက်ကြီး၏ဟု ဆို၏။ မင်းသည် အဘယ်အကြောင်းကြောင့် ဤသို့ ဆိုသနည်းဟု မေးအပ်သည် ရှိသော် ထိုဘုရားလောင်းသည် ရှေးဦးစွာသော ဤဂါထာကို ဆို၏—

၃၃။ သဗ္ဗမိဒံ စရိမံ ကတံ၊ ဥဘော ဓမ္မံ န ပဿရေ။
ဥဘော ပကတိယာ စုတာ၊ ယော စာယံ မန္တေဇ္ဈာပေတိ။
ယော စ မန္တံ အဓီယတိ။

ဤသုံးယောက်လုံး ပြုလုပ်သော အမှုသည် ယုတ်ညံ့နိမ့်ကျ၏၊ ဆရာပုဏ္ဏားသည် နိမ့်သော နေရာ၌ နေ၍ ဗေဒင်ကို သင်ပေး၏။ တပည့်ဖြစ်သော မင်းသည် မြင့်သော နေရာ၌ နေ၍ ဗေဒင်ကို သင်ယူ၏၊ ထိုနှစ်ဦးတို့သည် အမှန်တရားကို မမြင်ကုန်။ မိမိ ကျင့်သုံးလိုက်နာရမည့် ပင်ကို ပကတိ တရားသဘောမှ သွေဖည်ကုန်၏။

ထိုစကားကို ကြား၍ ပုဏ္ဏားသည် ဤဂါထာကို ဆို၏—

၃၄။ သာလီနံ ဩဒနံ ဘုဉ္ဇေ၊ သုစိံ မံသူပသေစနံ။
တသ္မာ ဧတံ န သေဝါမိ၊ ဓမ္မံ ဣသီဟိ သေဝိတံ။

ငါသည် မင်း၏ ဥစ္စာဖြစ်သော ဖြူစင်စွာသော သားပြွမ်း သလေးထမင်းကို စားရ၏။ ထို့ကြောင့် ရသေ့သူတော်စင်တို့ မှီဝဲအပ်သော ထိုတရားကို ငါမမှီဝဲနိုင်။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆိုကုန်၏—

၃၅။ ပရိဗ္ဗဇ မဟာ လောကော၊ ပစန္တညေပိ ပါဏိနော။
မာ တံ အဓမ္မော အာစရိတော၊ အသ္မာ ကုမ္ဘမိဝါ’ ဘိဒါ။

၃၆။ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

ပုဏ္ဏား လောကမည်သည်ကား ကျယ်၏။ တစ်ပါးသောဇရပ်သို့ သွားလေလော့၊ မင်းမှ တစ်ပါးသော သတ္တဝါတို့သည်လည်း ထမင်းချက်ကုန်၏၊ သင်သည် အဓမ္မကို မပြုကျင့်လင့်၊ ကျောက်သည် အိုးကို ခွဲသကဲ့သို့ အဓမ္မသည် သင့်ကို မခွဲစေလင့်။

ပုဏ္ဏား အပါယ်သို့ ဖရိုဖရဲ ကျစေခြင်းဖြင့် လည်းကောင်း, မတရားမှု ပြုကျင့်သဖြင့် လည်းကောင်း စည်းစိမ်ချမ်းသာ အခြေအရံ ရခြင်းသည် ဖြစ်၏၊ ထိုအခြေအရံရခြင်းကို လည်းကောင်း, ထိုဥစ္စာရခြင်းကို လည်းကောင်း ငါတို့ ကဲ့ရဲ့ကုန်၏။

ထိုအခါ ဘုရားလောင်း၏ တရားစကား၌ မင်းသည် ကြည်ညို၍ အချင်း ယောကျ်ား သင်သည် အဘယ်အမျိုးနည်းဟု မေး၏။ အရှင်မင်းကြီး အကျွန်ုပ် စဏ္ဍာလတည်းဟု ဆို၏။ အချင်းယောကျ်ား အကယ်၍ သင်သည် အမျိုးနှင့် ပြည့်စုံငြားအံ့၊ သင့်အား ငါသည် မင်းအဖြစ်ကို ပေးရာ၏။ ယခုနေ့မှ စ၍ကား ငါသည် နေ့အခါ၌ မင်းဖြစ်အံ့၊ သင်သည် ညဉ့်၌ မင်းဖြစ်လော့ဟု ဆို၍ မိမိ လည်၌ ဆင်သော ပန်းဆိုင်းကို ဘုရားလောင်း၏ လည်၌ ဆင်စေ၍ ဘုရားလောင်းကို မြို့စောင့်အဖြစ်ကို ပြု၏။ ဤအနွယ်သည်ကား မြို့စောင့်တို့၏ လည်၌ နီသော ပန်းဆိုင်းကို ဆင်သော အနွယ်ဖြစ်၏။ ထိုအခါမှ စ၍ကား မင်းသည် ဘုရားလောင်း၏ အဆုံးအမ၌ တည်၍ ဆရာအား ရိုသေခြင်းကို ပြု၍ နိမ့်သော နေရာ၌ နေ၍ ဗေဒင်တို့ကို သင်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ စဏ္ဍာလသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာ့ကိုးခုမြောက်သော ဆဝကဇာတ်သည် ပြီး၏။

## ၃၁၀-သေယျဇာတ်

### ရဟန်းချမ်းသာသည် မင်းစည်းစိမ်ထက် သာလွန်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သသမုဒ္ဒပရိယာယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသေယျဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်၌--ငြီးငွေ့သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ ဆွမ်းခံသွားသည်ရှိသော် တစ်ယောက်သော အဆင်းလှသော တန်ဆာဆင်အပ်သော မိန်းမကို မြင်၍ သာသနာတော်၌ ငြီးငွေ့၏၊ ထိုအခါ ရဟန်းတို့သည် သဗ္ဗညု မြတ်စွာဘုရားအား လျှောက်ကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း အသို့နည်း၊ သင် ငြီးငွေ့သောဟူသည် မှန်သလောဟု မေးတော်မူ၍ မှန်ပေ၏ဟု လျှောက်၍ အဘယ်သူသည် သင့်ကို ငြီးငွေ့စေသနည်းဟု မိန့်တော်မူသည် ရှိသော် ထိုအကြောင်းကို ကြားလျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း အဘယ့်ကြောင့် သင်သည် ဤသို့ သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ငြီးငွေ့သနည်း။ ရှေး၌ ပညာရှိတို့သည် ပုရောဟိတ် အရာကို ရကုန်လျက်လည်း ထိုအရာကို ပယ်၍ ရဟန်းပြုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုရောဟိတ်၏ ပုဏ္ဏေးမ ဝမ်း၌ ပဋိသန္ဓေယူ၍ မင်း၏ သားနှင့်တကွ တစ်နေ့ချင်း ဖွား၏။ မင်းသည် ငါ၏ သားနှင့်တကွ တစ်နေ့ချင်း ဖွားသော သူငယ်ရှိသလောဟု အမတ်တို့ကို မေး၏။ မြတ်သော မင်းကြီး ပုရောဟိတ်သား ရှိ၏ဟု လျှောက်ကုန်၏။ မင်းသည် ပုရောဟိတ်၏ သားကို ယူငင်စေ၍ အထိန်းတို့အား ပေး၍ မင်းသားနှင့် တကွနက် မွေးမြူစေ၏။ နှစ်ယောက်ကုန်သော သူငယ်တို့အား ဆင်သော တန်ဆာ အဖျော် ဘောဇဉ် အစရှိသည်တို့သည် ထပ်တူသာလျှင် ဖြစ်ကုန်၏၊ ထိုသူငယ်တို့သည် အရွယ်သို့ ရောက်ကုန်လတ်သော် တကွနက်သာလျှင် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ လာကုန်၏။ မင်းသည် သားအား အိမ်ရှေ့မင်း အဖြစ်ကို ပေး၍ အိမ်ရှေ့မင်းသည် များသော စည်းစိမ် အခြံအရံ ရှိ၏၊ ထိုအခါမှ စ၍ ဘုရားလောင်းသည် မင်းသားနှင့် တကွနက် စား၏၊ သောက်၏၊

အိပ်၏။ အချင်းချင်း အကျွမ်းဝင်ခြင်းသည် မြဲမြံ၏။ နောက်အခါ မင်းသားသည် အဘ လွန်သဖြင့် မင်းအဖြစ်၌ တည်၍ ကြီးစွာသော စည်းစိမ်ကို ခံစား၏။ ဘုရားလောင်းသည် ငါ၏ အဆွေခင်ပွန်းကား ပြည်ကို ဆုံးမ၏။ မှတ်မိသော ခဏ၌လျှင် ငါ့အား ပုရောဟိတ် အရာကို ပေးလတ္တံ့။ ငါ့အား အိမ်၌ နေသဖြင့် အဘယ် အကျိုးရှိအံ့နည်း။ ရဟန်းပြု၍ ဝိဝေကကို ပွားစေအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် မိဘတို့ကို ရှိခိုး၍ ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ကြီးစွာသော စည်းစိမ်ကို စွန့်၍ တစ်ယောက်တည်းသာလျှင် တောထွက်၍ ဟိမဝန္တာသို့ ဝင်၍ နှလုံးမွေ့လျော်ဖွယ် ရှိသော မြေအဖို့၌ ကျောင်းဆောက်၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် နေ၏။

ထိုအခါ မင်းသည် ဘုရားလောင်းကို အောက်မေ့၍ ငါ၏ အဆွေခင်ပွန်းသည် မထင်၊ အဘယ်မှာနည်းဟု မေး၏။ အမတ်တို့သည် ဘုရားလောင်း၏ ရဟန်းပြုသော အဖြစ်ကို ကြား၍ မွေ့လျော်ဖွယ် ရှိသော တောအုပ်၌ နေသတတ်ဟု လျှောက်ကုန်၏။ မင်းသည် ဘုရားလောင်း၏ နေရာအရပ်ကို မေး၍ သေယျမည်သော အမတ်ကို သင်သွားချေ၊ ငါ၏အဆွေခင်ပွန်းကို ခေါ်၍ လာခဲ့လော့၊ ငါ၏ အဆွေခင်ပွန်းအား ပုရောဟိတ်အရာကို ပေးအံ့ဟု ဆို၏။ ထိုသေယျအမတ်သည် ကောင်းပြီဟု ဝန်ခံ၍ ဗာရာဏသီမှ ထွက်၍ အစဉ်သဖြင့် ပစ္စန္တရစ်သို့ ရောက်၍ ထိုရွာ၌ သစ်ခက်တပ် တည်နေ၍ မုဆိုးတို့နှင့်တကွ ဘုရားလောင်း၏ နေရာအရပ်သို့ သွား၍ ကျောင်းတံခါး၌ ရွှေဆင်းတုကဲ့သို့ ထိုင်၍ နေသောဘုရားလောင်းကို မြင်၍ ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာ နေ၍ ပဋိသန္ဓာရပြု၍ အရှင်ဘုရား မင်းသည် အရှင်ဘုရားအား ပုရောဟိတ်အရာကို ပေးလို၍ အရှင်ဘုရား၏ လာခြင်းကို အလိုရှိ၏ဟု လျှောက်၏။ ဘုရားလောင်းသည်ကား ပုရောဟိတ် အရာကို ထားဘိဦး။ ကာသိတိုင်း ကောသလတိုင်းနှင့်တကွသော ဇမ္ဗူဒီပါမင်း၏ အဖြစ် စကြဝတေးမင်း၏ စည်းစိမ်ကိုပင် ရငြားသော်လည်း ငါမလိုက်။ ပညာရှိတို့သည် တစ်ကြိမ် စွန့်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန် မယူကုန်၊ တစ်ကြိမ်စွန့်အပ်ပြီးသော ကိလေသာသည် ထွေးအပ်ပြီးသော တံတွေးပေါက်နှင့် တူ၏ဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၃၇။ သသမုဒ္ဒပရိယာယံ၊ မဟိံ သာဂရကုဏ္ဍလံ။
န ဣစ္ဆေ သဟ နိန္ဒာယ၊ ဧဝံ သေယျ ဝိဇာနဟိ။

၃၈။ ဓိရတ္ထု တံ ယသလာဘံ၊ ဓနလာဘဉ္စ ဗြာဟ္မဏ။
ယာ ဝုတ္တိ ဝိနိပါတေန၊ အဓမ္မစရဏေန ဝါ။

၃၉။ အပိ စေ ပတ္တမာဒါယ၊ အန ဂါရော ပရိဗ္ဗဇေ။
သာယေဝ ဇီဝိကာ သေယျာ၊ ယာ စာ ဓမ္မေန သေနာ။

၄၀။ အပိ စေ ပတ္တမာဒါယ၊ အနဂါရော ပရိဗ္ဗဇေ။
အညံ အဟိံသယံ လောကေ၊ အပိ ရဇ္ဇေန တံ ဝရံ။

အို သေယျအမတ် သမုဒ္ဒရာ အပိုင်းအခြား ရှိသော၊ သမုဒ္ဒရာ၏ နားတောင်းသဖွယ်ဖြစ်သော ဤကမ္ဘာမြေကို ကဲ့ရဲ့ဖွယ်နှင့် တကွဖြစ်သော ကြောင့် အလိုမရှိ။ ဤသို့ သိလော့။

အို ပုဏ္ဏား အပါယ် ကျစေကြောင်း မကောင်းမှုပြု၍ လည်းကောင်း၊ မတရားပြုကျင့်၍လည်းကောင်း အသက်မွေးရခြင်းသည် ရှိ၏။ ထိုအသက် မွေးမှုနှင့် ပစ္စည်းဥစ္စာဝနေရခြင်းကို ငါတို့ ကဲ့ရဲ့ကုန်၏။

မတရားပြုကျင့်၍ ပစ္စည်းဥစ္စာ ရခြင်းထက် သပိတ်ပိုက်ကာ အိုးမဲ့ အိမ်မဲ့ လှည့်လည်သွားလာ အသက်မွေးရခြင်းသည် ပို၍ မြတ်၏။

သပိတ်ကိုင်ဆွဲကာ အိုးမဲ့ အိမ်မဲ့ လှည့်လည်သွားလာလျက် သူတစ်ပါးကို မညှဉ်းဆဲဘဲ အသက်မွေးနေထိုင်ခြင်းသည် မင်းအဖြစ်ထက် ပိုမြတ်၏။

ဤသို့ ဘုရားလောင်းသည် အဖန်တလဲလဲ တောင်းပန်သော်လည်း ထို တောင်းပန်ခြင်းကို ပယ်၏။ သေယျသည်လည်း ဘုရားလောင်း၏ စိတ်ကို မရ၍ ဘုရားလောင်းကို ရှိခိုး၍ သွား၍ ဘုရားလောင်း၏ မလာသောအဖြစ်ကို မင်းအား ကြားလျှောက်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာ တို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ တစ်ပါးကုန်သော များစွာကုန်သော ရဟန်းတို့သည်လည်း သောတာပတ္တိဖိုလ် အစရှိသည်တို့ကို မျက်မှောက် ပြုကုန်၏။ ဇာတ်ကို အဘယ် သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ် ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ သေယျအမည်ရှိသော အမတ်ဖြစ် ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပုရောဟိတ်သား ရသေ့ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ်ခုမြောက်သော သေယျဇာတ်သည် ပြီး၏။
၁-ကာလိင်္ဂဝဂ် ပြီး၏။

## ၂-ပုစိမန္ဒဝဂ်
## ၃၁၁-ပုစိမန္ဒဇာတ်
### တမာရုက္ခစိုး
### ပညာရှိသည် လူမိုက်ကို ရှံရှာမြ
#### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာ ဘုရားသည် "ဥဋ္ဌေဟိ စောရ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုစိမန္ဒဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင် မဟာမောဂ္ဂလာန်မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တောကုဋီ၌ သီတင်းသုံးနေသည် ရှိသော် တစ်ယောက်သော ခိုးသူသည် မြို့တံခါးရွာဝယ် တစ်ခုသော အိမ်၌ အစပ်ကို ဖြတ်၍ ဥစ္စာနှစ်ကို ယူ၍ ပြေး၍ အရှင်မဟာမောဂ္ဂလာန်မထေရ်၏ ကုဋိပရိဝုဏ်အရံတွင်းသို့ ဝင်၍ ဤ၌ ငါ၏ အစောင့်အရှောက်သည် ဖြစ်လတ္တံ့ဟု အရှင်မဟာမောဂ္ဂလာန် မထေရ်၏ ကျောင်းဦး၌ အိပ်၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ခိုးသူကျောင်းဦး၌ အိပ်သော အဖြစ်ကို သိ၍ ထိုခိုးသူ၌ ရှံရှာခြင်းကို ပြု၍ ခိုးသူနှင့်တကွ ရောနှော ခြင်း မည်သည်ကား မအပ်ဟု ထွက်၍ ဤကျောင်း၌ မအိပ်လင့်ဟု နှင်ထုတ်၏၊ ခိုးသူသည် ထွက်၍ ခြေရာကို ဖျက်၍ ပြေး၏။ လူတို့သည် မီးရှူးကို ယူ၍ ခိုးသူ၏ ခြေရာသို့ လိုက်သဖြင့် ထိုကျောင်းသို့ လာ၍ ထိုခိုးသူ၏ လာရာအရပ် ရပ်ရာအရပ် ထိုင်ရာအရပ် အိပ်ရာအရပ် အစရှိသည်တို့ကို မြင်၍ ခိုးသူသည် ဤကျောင်းမှ လာ၏။ ဤ၌ ရပ်၏၊ ဤ၌ ထိုင်၏၊ ဤ၌ အိပ်၏၊ ဤအရပ်မှ ပြေး၏။ ငါတို့သည် မမြင်ဟု ထိုမှ ဤမှ သွား၍ မမြင်၍လျှင် ပြန်ကုန်၏။ နက်ဖြန် အရှင်မဟာမောဂ္ဂလာန် မထေရ်သည် နံနက်အခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ဆွမ်းခံရာမှ ဖဲခဲ့သည် ရှိသော် ဝေဠုဝန်ကျောင်းတော်သို့ သွား၍ ထိုအကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏။ မောဂ္ဂလာန် သင်သည်လျှင် ရှံရှာအပ်သည်နှင့် ယှဉ်သော သူကို ရှံရှာခြင်း ပြုသည် မဟုတ်သေး။ ရှေးပညာရှိတို့သည်လည်း ရှံရှာခြင်းကို ပြုဖူးကုန်သည်သာလျှင် တည်းဟု မိန့်တော်မူ၍ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တောင်းပန် အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

#### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် မြို့၏ သုသာန်တော၌ တမာပင်စောင့်နတ် ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ မြို့တံခါးရှာ၌ ပြုအပ်ပြီးသော အမှုရှိသော ခိုးသူသည် သုသာန်တောသို့ ဝင်၏။ ထိုအခါ ထိုသုသာန်၌ တမာပင် ညောင်ဗုဒ္ဓဟေပင် ဟူကုန်သော သစ်ပင်ကြီးနှစ်ပင်တို့သည် ရှိကုန်၏၊ ခိုးသူသည် တမာပင်ရင်း၌ ဥစ္စာထုပ်ကို ထား၍ အိပ်၏။ ထိုကာလ၌ ခိုးသူတို့ကို ဖမ်း၍ တမာသားတံကျင်၌ လျှိုကုန်၏။ ထိုအခါ တမာပင်စောင့် နတ်သည် ဤအရပ်သို့ လူတို့သည် လာကုန်၍ ဤခိုးသူကို ဖမ်းကုန်သည် ရှိသော် ဤတမာပင်၏ အခက်ကို ဖြတ်၍ တံကျင်ပြု၍ ထိုခိုးသူကို လျှိုကုန်ရာ၏။ ဤသို့ ပြုသည် ရှိသော် တမာပင်သည် ပျက်စီးလတ္တံ့။ ယခု ငါသည် ခိုးသူကို ဤတမာပင်မှ နှင်ထုတ်အံ့ဟု ကြံ၏။ ကြံပြီး၍ ထိုတမာပင်စောင့် နတ်သည် ထိုခိုးသူနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၄၁။ ဥဋ္ဌေဟိ စောရ ကိံ သေသိ၊ ကော အတ္ထော သုပနေန တေ။
မာ တံ ဂဟေသုံ ရာဇာနော၊ ဂါမေ ကိဗ္ဗိသကာရကံ။

ခိုးသူ ထလော့၊ အဘယ့်ကြောင့် အိပ်သနည်း၊ သင့်အား အိပ်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ရွာ၌ ကြမ်းကြုတ်သော အမှုကို ပြုသော သင့်ကို မင်းချင်းယောကျ်ားတို့သည် မဖမ်းစေကုန်လင့်။

ဤသို့ ထိုခိုးသူကို ဆို၍ မင်းချင်းယောကျ်ားတို့သည် သင့်ကို မဖမ်းကုန်မီ တစ်ပါးသောအရပ်သို့ သွားလော့ဟု ကြောက်စေ၍ ပြေးစေ၏။ ခိုးသူ ပြေးသည် ရှိသော် ညောင်ဗုဒ္ဓဟေပင်စောင့် နတ်သည် ဤဂါထာကို ဆို၏—

၄၂။ ယံ နု စောရံ ဂဟေဿန္တိ၊ ဂါမေ ကိဗ္ဗိသကာရကံ။
ကိံ တတ္ထ ပုစိမန္ဒဿ၊ ဝနေ ဇာတဿ တိဋ္ဌတော။

ရွာ၌ ခိုးသောအမှုကို ပြုသော ခိုးသူကို ဖမ်းသည်ရှိသော် တော၌ ဖြစ်သော တော၌ တည်သော တမာပင်စောင့်နတ်အား အသို့ဖြစ်သနည်း (ဘာဆိုင်လဲ)။

ထိုစကားကို ကြား၍ တမာပင်စောင့်နတ်သည် ဤဂါထာကို ဆို၏—

၄၃။ န တွံ အဿတ္ထ ဇာနာသိ၊ မမ စောရဿ စန္တရံ။
စောရံ ဂဟေတွာ ရာဇာနော၊ ဂါမေ ကိဗ္ဗိသကာရကံ။
အပ္ပေန္တိ နိမ္ဗသူလသ္မိံ၊ တသ္မိံ မေ သင်္ကတေ မနော။

ညောင်ဗုဒ္ဓဟေပင်စောင့်နတ် သင်သည် ငါ၏ လည်းကောင်း၊ ခိုးသူ၏ လည်းကောင်း တစ်ပေါင်းတည်း မနေသင့်သော အကြောင်းကို မသိ။ ရွာ၌ ခိုးမှုကို ပြုသော ခိုးသူကို မင်းချင်းယောကျ်ားတို့သည် ဖမ်းကုန်၍ တမာသား တံကျင်၌ လျှိုကုန်၏၊ ထိုသို့ ပြုခြင်း၌ ငါ၏ စိတ်သည် ရွံရှာ၏။

ဤသို့ ရုက္ခစိုးနတ်တို့၏ အချင်းချင်း ပြောဆိုကုန်စဉ်လျှင် ဥစ္စာရှင်တို့သည် မီးရှူးကိုင်ကုန်လျက် ခြေရာသို့ လျှောက်သောအားဖြင့် လာကုန်၍ ခိုးသူ၏ အိပ်ရာအရပ်ကို မြင်ကုန်၍ အချင်းတို့ ယခုပင်လျှင် ခိုးသူ ထ၍ ပြေး၏။ ငါတို့သည် ခိုးသူကို မရအပ်။ အကယ်၍ ရကုန်အံ့၊ ဤတမာပင်၏ ထက်ကျင်၌ ခိုးသူကို လျှို၍ တမာခက်၌ ဆွဲ၍ သွားကြကုန်အံ့ဟု ဆို၍ ထိုမှ ဤမှ လိုက်၍ ခိုးသူကို မမြင်ရ၍လျှင် သွားကုန်၏။ ထိုလူတို့၏ စကားကို ကြား၍ ညောင်ဗုဒ္ဓဟေပင် စောင့်နတ်သည် ဤဂါထာကို ဆို၏—

၄၄။ သက်္ကေယျ သက်ိတဗ္ဗာနိ၊ ရက္ခေယျာ'နာဂတံ ဘယံ။
အနာဂတဘယာ ဓီရော၊ ဥဘော လောကေ အဝေက္ခတိ။

ပညာရှိသည် ရှိရှာအပ်သည်တို့ကို ရှိရှာရာ၏၊ လာလတ္တံ့သော ဘေးကို စောင့်ရှောက်ရာ၏။ လာလတ္တံ့သော ဘေးဖြင့် နှစ်ပါးသော လောကတို့ကို ကြည့်မျှော်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ ညောင်ဗုဒ္ဓဟေပင်စောင့်နတ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ တမာပင်စောင့်နတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ့်တစ်ခုမြောက်သော ပုစိမန္ဒဇာတ်သည် ပြီး၏။

---

## ၃၁၂-ကဿပမန္ဒိယဇာတ်

### သက်ကြီး သည်းခံ

### အသက်ကြီးသူက ခွင့်လွှတ်တတ်ရာ၏

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အပိ ကဿပ မန္ဒိယာ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဿပမန္ဒိယဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **တစ်ပါးသော အသက်ကြီးသော** ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော အမျိုးကောင်းသားသည် ကာမတို့၌ အပြစ်ကို မြင်၍ သဗ္ဗညုဘုရားအထံတော်၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းကို အားထုတ်

သည်ရှိသော် မကြာမြင့်မီလျှင် အရဟတ္တဖိုလ်သို့ ရောက်၏။ နောက်အဖို့၌ ထိုရဟန်း၏ အမိသည် သေလွန်၏။ ထိုရဟန်းသည် အမိသေလွန်သော် အဘနှင့် ညီငယ်ကို ရဟန်းပြု၍ ဇေတဝန်ကျောင်းတော်၌ နေ၍ ဝါဆိုခါနီး ကာလ၌ သင်္ကန်းပစ္စည်း ရလွယ်သည်၏ အဖြစ်ကို ကြား၍ တစ်ခုသော ရွာကျောင်းသို့ သွား၍ သုံးပါးကုန်သော ရဟန်းတို့သည်သည်း ထိုကျောင်း၌လျှင် ဝါဆိုကုန်၍ ဝါကျွတ်ကုန်သော် ဇေတဝန်ကျောင်းတော်သို့လျှင် လာကုန်၏။ ရဟန်းငယ်သည် ဇေတဝန်ကျောင်းတော်၏ အနီးဖြစ်သော အရပ်၌ သာမဏေ သင်သည် မထေရ်ကြီးကို အပင်ပန်း ဖြေစေ၍ ဆောင်ခဲ့လော့။ ငါသည် ရှေးဦး သွားလင့်၍ ကျောင်းကို သုတ်သင်ချေအံ့ဟု ဆို၍ ဇေတဝန်ကျောင်းတော်သို့ ဝင်၏။ အသက် ကြီးသော မထေရ်သည် ဖြည်းဖြည်းသွား၏။ သာမဏေသည် အဖန်တလဲလဲ ဦးခေါင်းဖြင့် နှိပ်ဘိသကဲ့သို့ အရှင်ဘုရား သွားလော့ဟု ထိုအသက်ကြီးသော မထေရ်ကို နှိုင်ထက်မှုသဖြင့် ဆောင်၏။ အသက်ကြီး မထေရ်သည် ငါ့ကို သင်သည် ကိုယ်အလိုအတိုင်း ဆောင်၏ဟု တစ်ဖန် ပြန်၍ အစမှ စ၍ သွား၏။

ထိုနှစ်ပါးကုန်သော သားအဘတို့၏ အချင်းချင်း ခိုက်ရန် ပြုကုန်စဉ်လျှင် နေဝင်၍ မှောင်မိုက်၏။ ပဥ္စင်းငယ်သည်လည်း ပရိဝုဏ်ကို တံမြက်လှည်း၍ ရေခပ်၍ ထိုသားအဘတို့၏ လာခြင်းကို မမြင်၍ မီးရှူးကိုင်လျက် ခရီးဦးကြို၍ လာလတ်ကုန်သော ထိုသားအဘကို မြင်၍ အဘယ့်ကြောင့် ကြာမြင့်ကြကုန်သနည်းဟု မေး၏။ အသက်ကြီး ရဟန်းအိုသည် ထိုအကြောင်းကို ပြောဆို၏။ ရဟန်းငယ်သည် ထိုနှစ်ပါးကုန်သော ရဟန်းကြီး, သာမဏေတို့ကိုလည်း အပင်အပန်း ဖြေစေ၍ ဖြည်းညင်းစွာ ဆောင်၏။ ထိုနေ့၌ ဘုရားကို ဆည်းကပ်ခွင့်ကို မရ။ နှစ်ရက်မြောက်သော နေ့၌ ဘုရားအထံတော်သို့ လာ၍ ရှိခိုး၍ နေသော် ထိုရဟန်းကို သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်း သင်သည် အဘယ်အခါ၌ လာရောက်သနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးလှသော ဘုရား ယမန်နေ့က ရောက်၏ဟု လျှောက်၏။ ယမန်နေ့က ရောက်လျက် ယနေ့မှ ငါဘုရားအား ဆည်းကပ်ခြင်းကို ပြုသလောဟု မိန့်တော်မူ၏။ ထိုရဟန်းသည် ဘုန်းတော်ကြီးသော ဘုရား မှန်ပေ၏ဟု ဆို၍ ထိုအကြောင်းကို ကြားလျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် အသက်ကြီးသော မထေရ်ကို ကဲ့ရဲ့၍ ရဟန်း ဤမထေရ်အိုသည် ယခုအခါ၌သာလျှင် ဤသို့ သဘောရှိသော အမှုကို ပြုသည် မဟုတ်သေး၊ ရှေး၌လည်း ပြုဖူး၏။ ယခုမူကား ထိုရဟန်းအိုသည် သင့်ကို ပင်ပန်းစေ၏။ ရှေး၌လည်း ပညာရှိတို့ကို ပင်ပန်းစေဖူး၏ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်းအပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသော်အခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိနိဂုံးဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၏။ ဘုရားလောင်းသည် အရွယ်ရောက်သော ကာလ၌ အမိသည် သေ၏။ ဘုရားလောင်းသည် အမိ၏ အယောင်းကို သင်္ဂြိုဟ်၍ လခွဲ တစ်လလွန်လတ်သော် အိမ်၌ရှိသော ဥစ္စာကို အလှူပေး၍ အဘနှင့် ညီငယ်ကို ယူ၍ ဟိမဝန္တာအရပ်၌ နတ်ပေးသော လျှော်တေ သင်္ကန်းကို ယူ၍ ရသေ့ ရဟန်းပြု၍ သစ်မြစ်သစ်သီး ကြီးငယ်တို့ဖြင့် မျှလျက် မွေ့လျော်ဖွယ်ရှိသော တောအုပ်၌ နေ၏။ ဟိမဝန္တာ၌ကား မိုးကာလ၌ အလျဉ်မပြတ် မိုးရွာသည်ရှိသော် သစ်မြစ်ကို တူးအံ့သောငှါ မတတ်နိုင်၊ သစ်သီးကြီးငယ် သစ်ရွက်တို့သည်လည်း ကြွေကုန်၏၊ ရသေ့တို့သည် များသောအားဖြင့် ဟိမဝန္တာမှ ထွက်၍ လူ့ပြည်၌ နေကုန်၏။ ထိုအခါ ဘုရားလောင်းသည် အဘနှင့် ညီကို ယူ၍ လူ့ပြည်၌ နေ၍ တစ်ဖန်လည်း ဟိမဝန္တာ၌ များစွာသော အသီးအပွင့် ရှိလတ်သော် အဘနှင့် ညီနှစ်ယောက်တို့ကို ခေါ်၍ ဟိမဝန္တာ၌ မိမိကျောင်းသို့ သွား၍ ကျောင်း၏ အနီးဝယ် နေဝင်လတ်သော် သင်တို့သည် ဖြည်းဖြည်း လာကြကုန်လော့။ ငါသည် ရှေ့မှ သွားလင့်၍ ကျောင်းကို သုတ်သင်ချေအံ့ဟု ဆို၍ သားအဘ နှစ်ယောက်တို့ကို နောက်၌ ထားခဲ့၍ သွား၏။

ရသေ့ငယ်သည် ရသေ့ကြီးနှင့် တကွ ဖြည်းဖြည်း သွားလတ်သော် ရသေ့ကြီးကို နှစ်ကြိမ်သုံးကြိမ် ဦးခေါင်းဖြင့် နှိပ်ဘိသကဲ့သို့ သွား၏။ ရသေ့ကြီးသည် ငါ့ကို သင်သည် မိမိ အလိုအားဖြင့် ဆောင်၏ဟု ပြန်၍ အစမှစ၍ လာ၏။ ဤသို့ ထိုရသေ့ကြီး ရသေ့ငယ်တို့၏ ခိုက်ရန် ပြုကုန်စဉ်လျှင် မှောင်မိုက်၏။ ဘုရားလောင်းသည်လည်း ကျောင်းကို တံမြက်လှည်း၍ ရေခပ်၍ မီးရှူး ကိုင်လျက် ခရီးဦး ကြိုလတ်သော် ထိုရသေ့ငယ် ရသေ့ကြီးတို့ကို မြင်၍ ဤမျှလောက် ကြာအောင် အဘယ်ကို ပြုခဲ့ကြကုန် သနည်းဟု ဆို၏။ ရသေ့ငယ်သည် အဘပြုသော အကြောင်းကို ပြောဆို၏။ ဘုရားလောင်းသည် နှစ်ယောက်ကုန်သော ရသေ့တို့ကိုလည်း ဖြည်းညင်းစွာ ဆောင်၍ ပရိက္ခရာကို သိုမှီး၍ အဘကို ရေချိုးစေ၍ ခြေဆေးခြင်း ကျောက်ကို ဆုပ်နယ်ခြင်း အစရှိသည်တို့ကို ပြု၍ မီးအိုးကင်းကို ထည့်၍ ပင်ပန်းခြင်းကို ငြိမ်းစေပြီးသော် အဘ၏ အနီး၌ နေ၍ ခမည်းတော် သူငယ်တို့ မည်သည်ကား မြေအိုးနှင့် တူကုန်၏။ တစ်ခဏဖြင့်လျှင် ကွဲတတ်ကုန်၏။ ကွဲသော ကာလမှစ၍ တစ်ဖန် စေ့စပ်ခြင်းငှါ မတတ်နိုင်ကုန်။ သူငယ်တို့သည် ဆဲဆို ကုန်ငြားသော်လည်း ကြီးသော သူတို့သည် သည်းခံ အပ်ကုန်၏ဟု ဆို၍ အဘကို ဆုံးမလိုရကား ဤဂါထာတို့ကို ဆို၏—

၄၅။ ဒေပိ ကဿပ မန္ဒိယာ၊ ယုဝါ သပတိ ဟန္တိ ဝါ။
သဗ္ဗံ တံ ခမတေ ဓီရော၊ ပဏ္ဍိတော တံ တိတိက္ခတိ။

၄၆။ သစေပိ သန္တော ဝိဝဒန္တိ၊ ခိပ္ပံ သန္ဓိယရေ ပုန။
ဗာလာ ပတ္တာဝ ဘိဇ္ဇန္တိ၊ န တေ သမထ မဇ္ဈဂူ။

၄၇။ ဧတေ ဘိယျော သမာယန္တိ၊ သန္ဓိ တေသံ န ဇီရတိ။
ယော စာ ဓိပန္နံ ဇာနာတိ၊ ယော စ ဇာနာတိ ဒေသနံ။

၄၈။ ဧသော ဟိ ဥတ္တရိတရော၊ ဘာရဝဟော ဓုရန္ဓရော။
ယော ပရေသာ ဓိပန္နာနံ၊ သယံ သန္ဓာတု မရဟတိ။

ကဿပ စင်စင်ပညာ နှံ့သည့်၏ အဖြစ်ကြောင့် သူငယ်တို့သည် ဆဲမူလည်း ဆဲကုန်၏။ ပုတ်ခတ်မူလည်း ပုတ်ခတ်ကုန်၏။ ပညာရှိသည် ထိုအလုံးစုံကို သည်းခံ၏။ ပညာရှိသည် သည်းခံ၏။

သူတော်ကောင်းတို့သည် အကယ်၍မူလည်း ခိုက်ရန် ဖြစ်ကုန်အံ့။ တစ်ဖန် လျင်စွာ မိတ်ဖြစ်ကုန်၏၊ သူငယ်တို့သည် မြေခွက်တို့ကဲ့သို့ ကွဲတတ်ကုန်၏။ ထိုသူငယ်တို့သည် ပြေငြိမ်းခြင်းသို့ မရောက်ကုန်။

အပြစ်ကို သိသူ, အပြစ်ကို ဖြေကြားခြင်းကို သိသူတို့သည် တစ်ဖန် စေ့စပ် ကုန်၏။ ထိုသူတို့၏ ချစ်ခြင်းသည် မဆွေးမြည့်။

အပြစ်ကို ပြုကုန်သော သူတစ်ပါးတို့အား မိမိသည် စေ့စပ်ခြင်းငှါ ထိုက်၏" လို့လ ပြု၏။ ထိုသူသည် ဆိုခဲ့ပြီးသော သူတို့ထက် လွန်မြတ်သော မိတ်ဟူသော ဝန်ကို ရွက်ဆောင်သောသူ ဖြစ်၏။

ဤသို့ ဘုရားလောင်းသည် အဘအား အဆုံးအမကို ပေး၏။ ထိုအဘ သည်လည်း ထိုအခါမှစ၍ ယဉ်ကျေးသည် ဖြစ်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အိုမင်းသော ရဟန်းသည် ထိုအခါ အဘ ရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ သာမဏေ သည် ထိုအခါ ရသေ့ငယ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အဘအား အဆုံးအမကို ပေးသော ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော် မူ၏။

သုံးရာတစ်ဆယ့်နှစ်ခုမြောက်သော ကဿပမန္ဒိယဇာတ်သည် ပြီး၏။

## ၃၁၃-ခန္တိဝါဒီဇာတ်

## (မတုပနိုင်သော ခန္တီ)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ယော တေ ဟဉ္စေ စ ပါဒေ စ အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆာဆင် အပ်သော ဤခန္တိဝါဒီ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ပါးသော အမျက်ထွက်တတ်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန် ဝတ္ထုကို အောက်၌ ဆိုအပ်ပြီ၊

သဗ္ဗညု မြတ်စွာဘုရားသည်ကား ထိုရဟန်းကို ရဟန်း အဘယ့်ကြောင့် သင်သည် အမျက်မထွက်အပ်သော ဘုရား သာသနာ၌ ရဟန်းပြု၍ အမျက် ထွက် ခြင်းကို ပြုသနည်း။ ရှေးပညာရှိတို့သည် ကိုယ်၌ အထောင်မျှလောက်သော ပုတ်ခတ်ခြင်းဖြင့် ပုတ်ခတ်ကုန်သော် လည်းကောင်း၊ လက် ခြေ နား နှာခေါင်းတို့ကို ဖြတ်ကုန်သော် လည်းကောင်း သူတစ်ပါးအား အမျက်ထွက်ခြင်းကို မပြုကုန်ဟု ဆို၍ အတိတ်ကို ဆောင်တော်မူ၏၊

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကလာဗုမည်သော မင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏား မျိုး၌ ဖြစ်၍ ကုဏ္ဍလမည်သော လုလင်ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ဥစ္စာကို ဖြစ်စေ၍ မိဘလွန်သဖြင့် ဥစ္စာစုကို ကြည့်၍ ဤဥစ္စာတို့ကို ငါ၏ ဆွေမျိုးတို့သည် မယူမူ၍သျှင် သွားကုန်၏။ ငါသည်ကား ထိုဥစ္စာကို ယူ၍ သွားခြင်းငှါ သင့်၏ဟု ခပ်သိမ်းသော ဥစ္စာဘို့ကို စွန့်ကြဲ၍ လှူဒါန်းခြင်း၏ အစွမ်းအားဖြင့် အကြင် သူသည် အကြင် ဥစ္စာကို ဆောင်၍ ထိုသူအား ထိုဥစ္စာကို လှူ၍ ဟိမဝန္တာသို့ ဝင်၍ ရသေ့ ရဟန်းပြု၍ သစ်သီး ကြီးငယ်တို့ဖြင့် မျိုလျက် ကြာမြင့်စွာ နေ၍ ချဉ်ဆား မှီဝဲအံ့သောငှါ လူ့ပြည်သို့ လာ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန် မြို့၌ ဆွမ်းခံ လတ်သော် စစ်သူကြီးအိမ် တံခါးသို့ ရောက်၏။ စစ်သူကြီးသည် ဘုရားလောင်း၏ ဣရိယာပုတ်တို့၌ ကြည်ညို၍ အိမ်သို့ သွင်း၍ မိမိတို့ စီရင်သော ဘောဇဉ်ကို ကျွေး၍ ဝန်ခံခြင်းကို ယူစေ၍ ထိုမင်း၏ ဥယျာဉ်၌သျှင် နေစေ၏။ ထိုအခါ တစ်နေ့သ၌ ကလာဗုမင်းသည် သုရာယစ်လုက် လိမ္မာ ကုန်သော ကချေသည်တို့သည် ခြံရံလျက် များစွာသော အခြံအရံဖြင့် ဥယျာဉ်သို့သွား၍ မင်္ဂလာ

ကျောက်ဖျာ၌ အိပ်ခြင်းစေ၍ တစ်ယောက်သော ချစ်နှစ်သက်သော မိန်းမ၏ ရင်ခွင်၌အိပ်၏။ သီချင်း တီးမှုတ်ခြင်း ကခြင်းတို့၌ လိမ္မာကုန်သော ကချေသည် မိန်းမတို့သည် သီချင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏၊ သိကြားနတ်မင်း၏ စည်းစိမ်ကဲ့သို့ ကြီးစွာသော စည်းစိမ်သည် ဖြစ်၏။ မင်းသည် အိပ်ပျော်ခြင်းသို့ ရောက်၏။

ထိုအခါ ထိုမိန်းမတို့သည် အကြင်မင်း၏ အကျိုးငှါ ငါတို့သည် သီခြင်း အစရှိသည်တို့ကို ဖြစ်စေကုန်၏။ ထိုမင်းသည် အိပ်ပျော်ခြင်းသို့ ရောက်၏ သီခြင်း တီးမှုတ်ခြင်းတို့ ဒို့ငှ် အဘယ်ပြုအံ့နည်းဟု တီးမှုတ်ချိုးတို့ကို ထိုထိုသော အရပ်၌ လျှင် စွန့်၍ ဥယျာဉ်၌ လှည့်လည်ကုန်လျက် အပွင့်အသီး အရွက်နု အစရှိသည် တို့သည် ဖြားယောင်းအပ်ကုန်သည် ဖြစ်၍ ဥယျာဉ်၌ မွေ့လျော်ကုန်၏။ ထိုအခါ ဘုရားလောင်းသည် ထိုဥယျာဉ်၌ ကောင်းစွာပွင့်သော အင်ကြင်းပင်ရင်း၌ ရဟန်းချမ်းသာဖြင့် လွန်စေလျက် အမုန်ယစ်သော ဆင်ကဲ့သို့နေ၏။ ထိုဥယျာဉ်၌ လှည့်လည်ကုန်သော ထိုမိန်းမတို့သည် ဘုရားလောင်းကိုမြင်၍ ရှင်မတို့ ထိုသူစဲပင် ရင်း၌ ရဟန်းသည် နေ၏။ မင်းနိုးသည်တိုင်အောင် ရဟန်းအထံ၌ တစ်စုံတစ်ခု သော တရားကိုနာလျက် နေကုန်အံ့ဟု သွား၍ရှိခိုး၍ ခြံရံလျက်နေကုန်၍ အကျွန်ုပ်တို့အား ဟောအပ်သော တစ်စုံတစ်ခုသော တရားကို ဟောပါလော့ဟု ဆိုကုန်၏။ ဘုရားလောင်းသည် ထိုမိန်းမတို့အား တရားဟော၏။ ထိုအခါ ထို မိန်းမသည် ကိုယ်ကိုလှုပ်၍ မင်းကိုနိုးစေ၏။ မင်းသည် နိုးလတ်သော် ထိုမိန်းမ တို့ကို မမြင်၍ ထိုအယုတ်မတို့သည် အဘယ်သို့ သွားကုန်သနည်းဟု မေး၏။ မြတ်သောမင်းကြီး ထိုမိန်းမတို့သည် သွား၍ တစ်ယောက်သော ရသေ့ကို ခြံရံ၍ နေကုန်၏ဟု ဆိုကုန်၏။ ထိုကလာဗုမင်းသည် အမျက်ထွက်၍ သန်လျက်ကိုကိုင်၍ ထိုရသေ့စဉ်းလဲကို သတ်အံ့ဟု လျင်မြန်စွာသွား၏။ ထိုအခါ ထိုမိန်းမတို့သည် အမျက်ထွက်သဖြင့် လာလတ်သော မင်းကိုမြင်၍ မင်းအား အလွန် အကျွမ်းဝင် ကုန်သော မိန်းမတို့သည် သွား၍ မင်း၏လက်၌ သန်လျက်ကိုယူ၍ မင်း၏အမျက် ကို ငြိမ်းစေကုန်၏ ထိုကလာဗုမင်းသည် လာလတ်၍ ဘုရားလောင်း၏ အထံ၌ တည်၍ ရဟန်း သင်သည် အဘယ်ဝါဒရှိသနည်းဟု ဆို၏။ မြတ်သောမင်းကြီး ခန္တီဝါဒရှိ၏ဟု ဆို၏။ ထိုခန္တီမည်သည်ကား အဘယ်နည်းဟု မေး၏။ ဆဲရေး ကုန်သော သူတို့၌လည်းကောင်း ပုတ်ခတ်ကုန်သော သူတို့၌ လည်းကောင်း အမျက်မထွက်သော အဖြစ်သည် ခန္တီမည်၏ဟု ဆို၏။ မင်းသည် ယခုသင့်အား ခန္တီရှိသည်၏ အဖြစ်ကို သိအံ့ဟုဆို၍ ခိုးသူသတ်ကို ခေါ်စေ၏။ ခိုးသူသတ်သည် မိမိစာရိတ္တအားဖြင့် ပုဆိန် အညှာတပ်သော ကြိမ်ကိုယူ၍ ဖန်ရည်ဆိုး အဝတ်ကို ဝတ်လျက် ပန်းနီပန်လျက်လာ၍ မင်းကို ရှိခိုးလျက် အရှင်မင်းကြီး အဘယ် အမှုကို ပြုရအံ့နည်းဟု ဆို၏။ ဤခိုးသူဖြစ်သော ရသေ့ယုတ်ကိုဆွဲငင်၍ မြေ၌

လည်းစေ၍ အဆူးတပ်သောကြိမ်ကို ကိုင်၍ ရှေနောက်နံပါး နှစ်ဘက် ဟူကုန်သော လေးမျက်နှာတို့၌ အချက်နှစ်ထောင် ရိုက်ခြင်းတို့ကို ပေးလော့ဟု ဆို၏။ ခိုးသူသတ်သည် မင်းဆိုတိုင်းပြု၏။ ဘုရားလောင်း၏ အပေါ်ရေ အတွင်းရေ စုတ်၏။ အသားသည် ပြတ်၏။ သွေးယိုစီး၏။ မင်းသည် တစ်ဖန် ရဟန်း သင်ကား အဘယ်ဝါဒရှိသနည်းဟု ဆို၏။ မြတ်သောမင်းကြီး ခန္တိဝါဒ ရှိ၏။ သင်မင်းကြီးသည် ငါ၏ ခန္တိကား အရေအကြား၌ ရှိ၏ဟုထင်၏။ ငါ၏ ခန္တိသည် အရေအကြား၌ ရှိသည်မဟုတ်။ သင်မင်းကြီးသည် ခန္တိကို မြင်ခြင်းငှါ မတတ်ကောင်း။ မြတ်သောမင်းကြီး ငါ၏ခန္တိသည် စိတ်အတွင်း၌ တည်၏ဟု ဆို၏။ ခိုးသူသတ်သည် တစ်ဖန် မြတ်သောမင်းကြီး အသို့ပြုအံ့နည်းဟု မေး၏။ ဤရသေ့စဉ်းလဲ၏ လက်နှစ်ဖက်တို့ကို ဖြတ်လော့ဟု ဆို၏။ ခိုးသူသတ်သည် ပုဆိန်ကိုယူ၍ စဉ်းတီးတုံး၌ လက်နှစ်ဖက်တို့ကို ထားစေ၍ ဖြတ်၏။ ထိုနောက် ခြေတို့ကိုဖြတ်လော့ဟု ဆို၏။ ခြေတို့ကိုလည်း ဖြတ်၏။ ဖြတ်အပ်ကုန်သော လက်စွန်းခြေစွန်းတို့မှ ချိုင်ရည်ကဲ့သို့သော သွေးသည် ယိုစီး၏။

တစ်ဖန်လည်း မင်းသည် ရဟန်း သင်သည် အဘယ်ဝါဒရှိသနည်းဟု မေး၏။ မြတ်သောမင်းကြီး ငါသည် ခန္တိဝါဒရှိ၏။ သင်မင်းကြီးသည်ကား ငါ၏ခန္တိသည် လက်စွန်းခြေစွန်းကို၌ ရှိ၏ဟု ထင်မှတ်၏။ ဤငါ၏ခန္တိသည် လက်စွန်းခြေစွန်း တို့၌မရှိ၊ နက်နဲသောအရပ်၌ တည်၏ဟုဆို၏။ မင်းသည် ရသေ့၏ နားနှာခေါင်း တို့ကို ဖြတ်လော့ဟုဆို၏။ ခိုးသူသတ်သည် နားနှာခေါင်းကို ဖြတ်၏။ ကိုယ်အလုံးမှ သွေးယိုစီး၏။ တစ်ဖန် ရဟန်း သင်သည် အဘယ်ဝါဒရှိသနည်းဟု မေး၏။ မြတ်သောမင်းကြီး ခန္တိဝါဒရှိ၏ဟု ဆို၏။ သင်မင်းကြီးသည် ရသေ့၏ ခန္တိကား နားနှာခေါင်းအစွန်းတို့၌ တည်၏ဟု မမှတ်လင့်၊ ငါ၏ခန္တိသည် နက်နဲ သော စိတ်အတွင်း၌ တည်၏ဟုဆို၏။ မင်းသည် ရသေ့စဉ်းလဲ သင့်ခန္တိကို သင်သည်လျှင် ရှက်၍ နေလော့ဟု ဆို၍ ဘုရားလောင်းကို ရင်၌ ခြေနှင့်ကျောက် ၍ သွား၏။ ထိုမင်းသွားသည်ရှိသော် စစ်သူကြီးသည် ဘုရားလောင်း၏ ကိုယ်မှ သွေးကိုသုတ်၍ လက်ခြေနားနှာခေါင်း အစွန်းတို့ကို ပုဆိုးအိပ်ထောင်၌ ထည့်၍ ဘုရားလောင်းကို ဖြည်းညှင်းစွာထိုင်စေ၍ ရှိခိုးပြီးသော် တင့်အပ်စွာနေ၍ အရှင်ဘုရား အရှင်ဘုရား၌ ပြုသည် အမျက်ထွက်လိုကုန်သည်ရှိသော် အရှင်ဘုရား တို့၌ အပြစ်ပြုသော မင်းအားသာလျှင် အမျက်ထွက်ပါကုန်လော့။ တစ်ပါး သောသူတို့အား အမျက်မထွက်ပါကုန်လင့်ဟု တောင်းပန်လိုရကား ဤဂါထာကို ဆို၏—

၄၉။ ယော တေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။
တဿ ကုဇ္ဈ မဟာဝီရ၊ မာရဋ္ဌံ ဝိနသာ ဣဒံ။

ကြီးသောလို့လရှိသော ရှင်ရသေ့ သင်၏လက်တို့ကို လည်းကောင်း, ခြေတို့ကို လည်းကောင်း, နား နှာခေါင်းတို့ကို လည်းကောင်း ဖြတ်သော မင်းအား အမျက်ထွက်လော့၊ ဤတိုင်းကို မဖျက်ဆီးပါလင့်။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၅၀။ ယော မေ ဟတ္ထေ စ ပါဒေ စ၊ ကဏ္ဏနာသဉ္စ ဆေဒယိ။
စိရံ ဇီဝတု သော ရာဇာ၊ နဟိ ကုဇ္ဈန္တိ မာဒိသာ။

ငါ၏လက်တို့ကို လည်းကောင်း, ခြေတို့ကို လည်းကောင်း, နားနှာခေါင်းကို လည်းကောင်း ဖြတ်သောမင်းသည် ကြာမြင့်စွာ အသက်ရှည်စေသတည်း။ ငါကဲ့သို့သော ပညာရှိတို့သည် အမျက်မထွက်ကုန်သည် သာလျှင်တည်း။

မင်းသည် ဥယျာဉ်မှထွက်၍ ဘုရားလောင်း၏ မြင်ကောင်းသော အရပ်ကို လွန်သောကာလ၌လျှင် ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးသည် ကစီဖြင့်ဖွဲ့သော ပုဆိုးကဲ့သို့ ကွဲ၍ အဝီစိမှ မီးလျှံသည် ထွက်၍ မင်းကို အမျိုးပေးသော ကမ္ဗလာနီဖြင့် ရုံဘိသကဲ့သို့ ရုံ၍ယူ၏။ ထိုကလာဗု မင်းသည် ဥယျာဉ်တံခါး၌လျှင် မြေသို့ဝင်၍ အဝီစိငရဲကြီး၌ တည်၏။ ဘုရားလောင်းသည်လည်း ထိုနေ့ ထိုဥယျာဉ်၌လျှင် သေလွန်၏။ မင်း၏ပရိသတ်တို့သည် လည်းကောင်း, ပြည်သူတို့သည် လည်းကောင်း နံ့သာပန်း ဒယ်အိုး အထုံ လက်စွဲကုန်လျက် လာလတ်ကုန်၍ ဘုရားလောင်း၏ အလောင်းကို သင်္ဂြိုဟ်ကုန်၏။

အချို့သော ဆရာတို့သည်ကား ဘုရားလောင်းသည် တစ်ဖန် ဟိမဝန္တာသို့ သွား၏ဟု ဆို၏။ ထိုစကားသည်ကား မဟုတ်။

သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

၅၁။ အဟူ အတီတ မဒ္ဓါနံ၊ သမဏော ခန္တိဒီပနော။
တံ ခန္တိယာ ယေဝ ဌိတံ၊ ကာသိရာဇာ အဆေဒ ယိ။

၅၂။ တဿ ကမ္မ ဖရုသဿ၊ ဝိပါကော ကဋုကော အဟု။
ယံ ကာသိ ရာဇာ ဝေဒေသိ၊ နိရယမှိ သမပ္ပိတော။

လွန်လေပြီးသောအခါ၌ သည်းခံခြင်းနှင့် ပြည့်စုံသော ရဟန်းသည်ဖြစ်ပြီ၊ သည်းခံခြင်း၌သာလျှင် တည်သော ထိုရဟန်းကို ကာသိမင်းသည် ဖြတ်စေ၏။

အကြိုးသော ဆရာကို သသ်ကား ဘုရားလောင်း၏ လက်ခြေနားနှာခေါင်းတို့သည် တခါနက် စင်ပြန်ကုန်၏ဟု ဆိုကုန်၏။ ထိုစကားသည်သည်း မဟုတ်သည် လျှင်ကတည်း။

ကာသိမင်းသည် ပြုသော ကြမ်းကြုတ်သော မကောင်းမှုကံ၏ ဆင်းရဲစွာသော အကျိုးသည် ဖြစ်၏။ ကာသိမင်းသည် ငရဲ၌တည်၍ ဆင်းရဲခံစား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ အမျက်ထွက်သော ရဟန်းသည် အနာဂါမိ ဖိုလ်၌ တည်၏။ တစ်ပါးကုန်သော များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။ အဘယ်သို့ဇာတ်ကို ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကလာဗုမည်သောမင်း ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စစ်သူကြီး ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခန္တိဝါဒီ ရသေ့ ဖြစ်ဖူးပြီဟု ဤသို့ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ့်သုံးခုမြောက်သော ခန္တိဝါဒီဇာတ်သည် ပြီး၏။

---

## ၁၁၄-လောဟကုမ္ဘီဇာတ်

### (ဒု, သ, န, သော)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ဒုဇ္ဇီဝိတံ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ လောဟကုမ္ဘီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ကောသလမင်းသည် ညဉ့်အဖို့၌ လေးယောက်ကုန်သော ငရဲသူတို့၏ အသံကို ကြားသတတ်။ တစ်ယောက်သော ငရဲသူသည် (ဒု)အက္ခရာကိုလျှင် ဆို၏။ တစ်ယောက်သော ငရဲသူသည် (သ)အက္ခရာကိုလျှင် ဆို၏။ တစ်ယောက်သော ငရဲသူသည်(န)အက္ခရာကို ဆို၏။ တစ်ယောက်သော ငရဲသူသည်(သော) အက္ခရာကို ဆို၏။ ထိုငရဲသူတို့သည် လွန်လေပြီးသော ဘဝ၌ သာဝတ္ထိပြည်ဝယ် သူ တစ်ပါးမယားကို ပြစ်မှား တတ်ကုန်သော မင်းသား ဖြစ်ဖူးကုန်သတတ်။ ထို မင်းသားတို့သည် သူတစ်ပါးတို့သည် စောင့်ရှောက် ထိန်းသိမ်းကုန်သော မိန်းမတို့၌

ချွတ်ယွင်းကုန်၍ စိတ်ကစားခြင်းကို ကစားကုန်၏။ များစွာသော မကောင်းမှုကို ပြု၍ သေမင်း စက်လက်နက်သည် ဖြဘ်အပ်ကုန်သည်ရှိသော် ဿဝတ္ထိပြည်၏ အနီး လေးလုံးကုန်သော လောဟကုမ္ဘီ ငရဲအိုးတို့၌ ဖြစ်ကုန်၍ ၆၀ အနှစ် ခြောက်သောင်းတို့ ပတ်လုံး ထိုလောဟကုမ္ဘီငရဲအိုးတို့၌ ခံကုန်၍ တက်ကုန် လတ်သော် လောဟကုမ္ဘီငရဲအိုးမျက်နှာဝ အရစ်ကို မြင်၍ အဘယ်အခါမှလျှင် ဤဆင်းရဲမှ လွတ်ပါကုန်အံ့နည်းဟု လေးယောက်ကုန်သော သူတို့သည်လည်း ကြီးစွာသောအသံဖြင့် အစဉ်အတိုင်း ဟစ်ကြွေးကုန်၏။ မင်းသည် ထိုငရဲသူတို့ ၏ အသံကိုကြား၍ သေဘေးမှ ကြောက်ရကား ထိုင်လျက်သာလျှင် အရုဏ်ကို တက်စေ၏။

အရုဏ်တက်သောအခါ၌ ပုဏ္ဏားတို့သည် လာကုန်၍ မင်းကိုချမ်းသာစွာ အိပ်ရခြင်းကို မေးကုန်၏။ မင်းသည် ဆရာတို့ ငါ့အား အဘယ်မှာ ချမ်းသာ စွာသော အိပ်ရခြင်းသည် ဖြစ်အံ့နည်း။ ယနေ့ငါသည် ဤသို့ သဘောရှိကုန် သော ကြောက်မက်ဖွယ်ရှိသော အသံတို့ကို ကြားရ၏ဟု ဆို၏။ ပုဏ္ဏားတို့သည် လက်ကိုခါ၍ နေကုန်၏။ ဆရာတို့ အသို့နည်းဟု ဆိုသည်ရှိသော် မြတ်သော မင်းကြီး ကြမ်းကြုတ်သော အသံတို့တည်းဟု ဆိုကုန်၏။ ကုစားအပ်ကုန်၏။ ကုစားအပ်ကုန်သော အသံတို့လော။ မကုစားအပ်ကုန်သော အသံတို့လောဟု မေး၏။ မြတ်သောမင်းကြီး စင်စစ်မကုစားအပ်သော အသံ ဖြစ်၏။ ထိုသို့ဖြစ်ငြား သော်လည်း အကျွန်ုပ်တို့သည် ကောင်းစွာ သင်အပ်သော အတတ်ရှိကုန်၏ဟု ဆိုကုန်၏။ အဘယ်သို့ ပြု၍ ပယ်ဖျောက်ကြ ကုန်အံ့နည်းဟု မေး၏။ မြတ်သော မင်းကြီးထုခြင်းသည်မူကား များစွာ၏။ အကျွန်ုပ်တို့သည်ကား သဗ္ဗစတုက္က ယဇ် ပူဇော်၍ ကုကုန်အံ့ဟု ဆိုကုန်၏။ ထိုသို့တပြီးကား လျင်စွာ ဆင်လေးစီး မြင်း လေးစီး နွားလေးခု လူလေးယောက် ဤသို့စသည်ဖြင့် နှံစုတ်ငှက်တို့ကို အစပြု၍ လေးခုလေးခု ကုန်သော သားတို့ကို ယူ၍ သဗ္ဗစတုက္ကယဇ် ပူဇော်၍ ငါချမ်းသာ သည်၏ အဖြစ်ကို ပြုကြကုန်လောဟု ဆို၏။

မြတ်သော မင်းကြီး ကောင်းပြီဟု ဆိုကုန်၍ အကြင်ဝတ္ထုဖြင့် အလိုရှိ၏။ ထို ဝတ္ထုကိုယူ၍ ယဇ်တွင်းကို ဖြစ်စေကုန်၏။ များစွာသောသတ္တဝါတို့ကို ယဇ်တိုင်သို့ ဆောင်၍ ထားကုန်၏။ များစွာသော ငါးအမဲကို စားရကုန်အံ့။ များစွာသော ဥစ္စာကို ရကုန်အံ့ဟု အားထုတ်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍ မြတ်သော မင်းကြီး ဤဝတ္ထုကို ရခြင်းငှါ သင့်၏။ မြတ်သောမင်းကြီး ဤဝတ္ထုကို ရခြင်းငှါ သင့်၏ဟု အဖန်တလဲလဲ လာကြကုန်၏။ မလ္လိကာ မိဖုရားသည် မင်းသို့ကပ်၍ မြတ်သောမင်းကြီး အဘယ့်ကြောင့် ပုဏ္ဏားတို့သည် အလွန် ပြုံးရွှင်ကုန်၍ လာကြကုန်သနည်းဟု မေး၏။ မိဖုရား ဤအမှုဖြင့် သင့်အား အဘယ်ပြုအံ့နည်း သင်သည် မိမိစည်းစိမ်ဖြင့်သာလျှင် ယစ်၍ မေ့၏။ ငါတို့၏

ဆင်းရဲကို မသိဟု ဆို၏။ မြတ်သော မင်းကြီး အဘယ်ဆင်းရဲနည်းဟု မေး၏။ မိဖုရား ငါသည် ဤသို့သဘောရှိသော မကြားဖူးသော အသံကိုကြား၏၊ ဤအသံတို့ကို ကြားခြင်းကြောင့် ငါ့အား အဘယ်သို့ ဖြစ်အံ့နည်းဟု ပုဏ္ဏားတို့ကို မေး၏။ ပုဏ္ဏားတို့သည် မြတ်သောမင်းကြီး သင်မင်းကြီးတို့အား မင်းအဖြစ်၏ လည်းကောင်း စည်းစိမ်တို့၏လည်းကောင်း အသက်၏လည်းကောင်း၊ အန္တရာယ် သည်ထင်၏။ သဗ္ဗစတုက္ကယဇ်ကို ပူဇော်၍ ချမ်းသာသော အဖြစ်ကို ပြုကုန်အံ့ဟု ဆိုကုန်၏။ ငါသည် ပြုကြကုန်ဟု ဆို၏။ထိုပုဏ္ဏားတို့သည် ငါ့စကားကိုယူ၍ ယဇ် တွင်းကိုပြု၍ အကြင်အကြင်ဝတ္ထုဖြင့် ဒေလိုရှိ၏။ ထိုထိုဝတ္ထု၏အကြောင်းကြောင့် လာကုန်၏ဟုဆို၏။ မြတ်သောမင်းကြီး-ဤအသံတို့၏ဖြစ်ခြင်းကို နတ်နှင့်တကွ သောလောက၌ မြတ်သောပုဏ္ဏားကို အရှင်မင်းကြီးတို့သည် မေးကုန်၏လောဟု ဆို၏။

မိဖုရား နတ်နှင့်တကွသော လောက၌ မြတ်သောပုဏ္ဏားမည်ကား အဘယ် သူနည်းဟု ဆို၏။ မြတ်သောမင်းကြီး မဟာဂေါတမ ဘုရားရှင်တည်းဟု ဆို၏။ မိဖုရား-ဘုရားသဗ္ဗညုကို မမေးဟုဆို၏။ မြတ်သောမင်းကြီး ထိုသို့တပြီးကား သွား၍မေးကုန်လော့ဟုဆို၏။ မင်းသည် မလ္လိကာမိဖုရား၏စကားကိုယူ၍ နံနက် စာစား၍ ရထားစီး၍ ဇေတဝန်ကျောင်းတော်သို့သွား၍ ဘုရားကိုရှိခိုး၍ ဘုန်း တော်ကြီးသော အရှင်ဘုရား-ညဉ့်အဖို့၌ အကျွန်ုပ်သည် လေးပါးကုန်သော အသံကိုကြား၍ ပုဏ္ဏားတို့ကို မေး၏။ ပုဏ္ဏားတို့သည်သဗ္ဗစတုက္ကယဇ်ကို ပူဇော်၍ ချမ်းသာခြင်းကို ပြုကုန်အံ့ဟုဆို၍ ယဇ်တွင်း၌အမှုကိုပြုကြကုန်၏။ ထိုအသံတို့ကို ကြားခြင်းကြောင့် အကျွန်ုပ်အား အဘယ်သို့ဖြစ်လတ္တံ့နည်းဟု မေး၏။ မြတ် သောမင်းကြီး တစ်စုံတစ်ခုသော အန္တရာယ်သည်မဖြစ် ငရဲသူတို့သည် ဆင်းရဲကို ခံကုန်လျက် ဤသို့ဟစ်ကြွေးကုန်၏ဟု မိန့်တော်မူ၍ ယခုအခါ၌ သင်မင်းကြီးသည် သာလျှင် ဤအသံတို့ကို ကြားအပ်သည်မဟုတ်သေး။ ရှေးမင်းတို့သည်လည်း ကြားအပ်ကုန်သလျှင်ကတည်း ထိုရှေးမင်းတို့သည် ပုဏ္ဏားတို့ကိုမေး၍ သတ္တဝါတို့ ကို သတ်သောယဇ်ပူဇော်ခြင်းကို ပြုလတ္တံ့ကုန်သည်လည်းဖြစ်၍ ပညာရှိတို့၏ စကားကိုကြား၍ ယဇ်ပူဇော်ခြင်းကိုမပြုကုန် ပညာရှိတို့သည် ထိုအသံတို့၏ အကြောင်းကိုဆို၍ များစွာသော သတ္တဝါတို့ကို လွှတ်စေ၍ချမ်းသာခြင်းကို ပြုဖူးကုန်ပြီဟု မိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်အပ်သည်ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိ သော် ဘုရားလောင်းသည် မထင်ရှားသော ကာသိရွာ ဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ကာမတို့၌ အပြစ်ကိုမြင်၍ ကာမတို့ကိုစွန့်၍ ရသေ့

ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကိုကစားလျက် ဟိမဝန္တာဝယ် မွှေလျော်ဖွယ်ရှိသော တောအုပ်၌ နေ၏။ ထိုအခါ ဗာရာဏသီမင်းသည် လေးယောက်ကုန်သော ငရဲသူတို့၏ အသံတို့ကိုကြား၍ ကြောက်လန့်ရကား ဤနည်းဖြင့်လျှင် ပုဏ္ဏားတို့သည် သုံးပါးကုန်သော အန္တရာယ်တို့တွင် တစ်ပါးပါးသောအန္တရာယ်သည် ဖြစ်လတ္တံ့။ ထိုအန္တရာယ်ကို သဗ္ဗစတုက္ကယဇ်ဖြင့် ငြိမ်းစေအံ့ဟုဆိုသည်ရှိသော် ဝန်ခံ၏။ ပုရောဟိတ်သည် ပုဏ္ဏားတို့နှင့်တကွ ယဇ်တွင်းကိုဖြစ်စေ၏။ များစွာသောသတ္တဝါအပေါင်းတို့ကို ယဇ်တိုင်သို့ ဆောင်၍ ထား၏။

ထိုအခါ ဘုရားလောင်းသည် မေတ္တာဘာဝနာကိုရှေ့ထား၍ ဒိဗ္ဗစက္ခုဖြင့် လောကကိုကြည့်လတ်သော် ဤအကြောင်းကိုမြင်၍ ယနေ့ငါသည် သွားခြင်းငှါ သင့်၏။ များစွာသော သတ္တဝါတို့အား ချမ်းသာခြင်းသည် ဖြစ်လတ္တံ့ဟု တန်ခိုးအစွမ်းဖြင့် ကောင်းကင်သို့ပျံ၍ ဗာရာဏသီမင်း၏ဥယျာဉ်၌ သက်၍ မင်္ဂလာကျောက်ဖျာ၌ ရွှေဆင်းတုကဲ့သို့ နေ၏။ ထိုအခါ ပုရောဟိတ်၏ တပည့်ကြီးသည် ဆရာသို့ ဆည်းကပ်၍ ဆရာ-ကျွန်ုပ်တို့၏ ဗေဒင်တို့၌ သူတစ်ပါးကိုသတ်၍ ချမ်းသာကိုယူခြင်းသည် မရှိသည်မဟုတ်တုံလောဟု ဆို၏။ သင်ကား မင်း၏ ဥစ္စာကိုစောင့်၏။ များစွာသောငါး အမဲတို့ကို စားရကုန်အံ့။ ဥစ္စာကိုရကုန်အံ့။ ဆိတ်ဆိတ်နေလော့ဟု တပည့်ကိုမြစ်၏။ တပည့်သည် ဤအမှု၌ ငါအဖော်မပြုဟု ထွက်၍ မင်း၏ ဥယျာဉ်သို့သွား၍ ဘုရားလောင်းကိုမြင်၍ ပုဏ္ဏားသည်ရှိခိုး၍ ပဋိသန္ထာရပြုလျက် တင့်အပ်လျောက်ပတ်စွာနေ၏။

ဘုရားလောင်းသည် လုလင် မင်းသည် တရားသဖြင့် မင်းပြု၏လောဟု မေး၏။ အရှင်ဘုရား မင်းသည် တရားသဖြင့် မင်းပြု၏။ ညဉ့်အဖို့၌ကား လေးခုသော သူတို့၏ အသံတို့ကို ကြား၍ ပုဏ္ဏားတို့ကို မေး၏။ ပုဏ္ဏားတို့သည် သဗ္ဗစတုက္ကယဇ်ကိုပူဇော်၍ ချမ်းသာခြင်းကိုပြုကုန်အံ့ဟု ဆိုကုန်၏။ မင်းသည် သတ္တဝါသတ်သောအမှုကိုပြု၍ ကိုယ်ချမ်းသာသောအဖြစ်ကို ပြုလိုရကား များစွာသော သတ္တဝါတို့ကို ယဇ်တိုင်သို့ဆောင်၍ ထား၏။ အရှင်ဘုရား အရှင်ဘုရားတို့ကဲ့သို့ သီလရှိကုန်သော အရှင်တို့အား ထိုအသံတို့၏ ဖြစ်ခြင်းကိုမြင်၍ သတ္တဝါများကို သေခြင်းမှလွတ်စေခြင်းငှါ သင့်သည်မဟုတ်လောဟု လျှောက်၏။ လုလင် မင်းသည် ငါ့ကိုမသိ ငါသည်လည်းမင်းကိုမသိ ဤအသံတို့၏ ဖြစ်ခြင်းကိုကား ငါသိ၏။ မင်းသည်ငါ့ကို အကယ်၍ မေးငြားအံ့။ မင်းကို ယုံမှားမရှိအောင်ပြု၍ ပြောဆိုအံ့ဟုဆို၏။ အရှင်ဘုရား-ထိုသို့တပြီးကား အကျွန်ုပ်သည် မင်းကိုခေါ်ခဲ့ပါအံ့၊ တစ်ခဏမျှ ဤ၌နေပါကုန်လော့ဟု လျှောက်၏။ လုလင် ကောင်းပြီဟုဆို၏။ ထိုလုလင်သည် သွား၍ မင်းအား ထိုအကြောင်းကိုပြော၍

မင်း၊ ကိုဆောင်၏။ ထိုအခါ မင်းသည် ဘုရားကျောင်းကို ရှိခိုး၍ တင့်အပ်၊ လျောက်ပတ်စွာ နေလျက် အရှင်ဘုရား-အရှင်ဘုရားတို့သည် အကျွန်ုပ်ကြီးအပ်သော အသံတို့၏ ဖြစ်ခြင်းကို သိကုန်သောဟူသည် မှန်သလောဟု လျှောက်၏။ မြတ်သောမင်းကြီး-သိသည်မှန်၏ဟု ဆို၏။ အရှင်ဘုရား ဆိုတော်မူကုန်လော ဟု လျှောက်၏။ မြတ်သောမင်းကြီး ထိုသူတို့သည် ရှေးဘဝ၌ သူတစ်ပါးတို့သည် စောင့်ရှောက်ထိန်းသိမ်းအပ်သော မိန်းမတို့၌ သွားလာကုန်၍ ဗာရာဏသီ၏ အနီး လေးခုကုန်သော လောဟကုမ္ဘိငရဲအိုး၌ ဖြစ်ကုန်၍ ကျိုက်ကျိုက်ဆူသော ဆားရေဖြင့် အမြုပ်ထလျက် ကျက်ကုန်၍ အနှစ် ခြောက်သောင်းတို့ပတ်လုံး အောက်သို့သွား၍ ငရဲအိုးအပြင်သို့ရောက်၍ အထက်သို့တက်ကုန်သော် အနှစ် ခြောက်သောင်းပြည့်လျှင် ငရဲအိုးမျက်နှာကို မြင်၍ အပကိုကြည့်၍ လေးယောက်ကုန်သောသူတို့သည်လေးဂါထာတို့ကို ပြည့်စုံစွာဆိုလိုကုန်လျက်လည်း ဆိုအံ့သော ငှါ မတတ်နိုင်ကုန်၍ တစ်လုံးတစ်လုံးသော အက္ခရာကိုသာလျှင် ဆိုကုန်၍ တစ်ဖန် လောဟကုမ္ဘိငရဲ၌သာလျှင် နစ်ပြန်ကုန်၏။ ထိုလေးယောက်ကုန်သော သူတို့တွင်-

ဒု-အက္ခရာ ဆို၍နစ်သောသတ္တဝါသည်—

၅၃။ ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေ သန္တေ န ဒဒမှသေ။
　　ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။

ဟု၍ဆိုလို၏။ ထိုဂါထာကို ပြည့်စုံစွာ ပြော၍ မဆိုနိုင်ဟုဆို၍ ဘုရားလောင်းသည် မိမိဉာဏ်ဖြင့် ထိုဂါထာကိုပြည့်စုံစွာ ပြော၍ဟော၏။ ကြွင်းသောဂါထာတို့၌လည်း ဤနည်းအတိုင်းလျှင် သိအပ်၏။

သ-အက္ခရာကိုဆိုသောသူ၏ အလိုဖြစ်သောဂါထာကား—

၅၄။ သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
　　နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

ဟူသည်တည်း။

န-အက္ခရာကိုဆိုသောသူ၏ အလိုဖြစ်သော ဂါထာကား—

၅၅။ နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။
　　တဒါ ဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသာ။

ဟူသည်တည်း-

သော-အက္ခရာကို ဆိုသော သူ၏ အလိုဖြစ်သော ဂါထာကား-

၅၆။ သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
　　ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။

ဟူသည်တည်း။

ယုတ်မာသော အသက်မွေးခြင်းကို အသက်မွေးမိကုန်၏။ စည်းစိမ်တို့သည် ရှိကုန်လျက် မပေးမလှူကုန်။ မိမိ၏ မှီခိုရာကိုမပြုကုန်။

ငရဲ၌ ခံရကုန်သော ငါတို့အား ခပ်သိမ်းသောအခြင်းအရာအားဖြင့် အနှစ်ခြောက်သောင်းတို့သည် ပြည့်ကုန်၏။ အဘယ်အခါ၌ အဆုံးသည်ဖြစ်လတ္တံ့နည်း။

ငါနှင့်တူသောအဆွေ ငါသည်လည်းကောင်း၊ သင်သည်လည်းကောင်း ထိုအခါ၌လျှင် မကောင်းမှုကို များစွာပြုအပ်၏။ အဆုံးသည်မရှိ။ အဘယ်အကြောင်းဖြင့် အဆုံးသည်ရှိအံ့နည်း အဆုံးသည်မထင်။

ထိုငါသည် ဤဆင်းရဲမှသွား၍ လူ၌ဖြစ်သော အမျိုးဇာတ်ကိုရ၍ ကောင်းသောသူတို့၏စကားကိုသိသည် သီလနှင့်ပြည့်စုံသည်ဖြစ်၍ စင်စစ်သဖြင့် များစွာသော ကုသိုလ်ကိုပြုအံ့။

ဤသို့ ဘုရားလောင်းသည် တစ်ခုတစ်ခုစီဖြစ်သော ဂါထာကိုဆို၍ မြတ်သော မင်းကြီး-ထိုငရဲသူသတ္တဝါသည် ဤဂါထာကို ပြည့်စုံစွာပြု၍ ဆိုလို့သော်လည်း မိမိမကောင်းမှုကြီးသည်၏ အဖြစ်ကြောင့် ပြည့်စုံစွာမဆိုနိုင် ထိုငရဲသူ သတ္တဝါသည် မိမိကံအကျိုးကိုခံလျက် မြည်းတမ်း၏၊ သင်မင်းကြီးတို့ဒေါသ ထိုအသံကို ကြားခြင်းဟူသော အကြောင်းကြောင့် အန္တရာယ်မည်သည် မရှိ၊ သင် မင်းကြီးတို့သည် မကြောက်ကုန်လင့်ဟုဆို၏။ မင်းသည် များစွာသော သတ္တဝါတို့ကို လွှတ်စေ၍ ရွှေစည်ကိုလည်စေ၍ ယဇ်တွင်းကိုဖျက်စေ၏။ ဘုရားလောင်းသည် များစွာသော သတ္တဝါတို့၏ ချမ်းသာကိုပြု၍ ထိုဥယျာဉ်၌လျှင် နှစ်ရက်သုံးရက်နေ၍ ဟိမဝန္တာသို့ သွား၍ မယုတ်သောစျာန်ရှိသည်ဖြစ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ ပုရောဟိတ်၏ တပည့်ကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာဘစ်ဆယ့်လေးခုမြောက်သော လောဟကုမ္ဘီဇာတ်သည် ပြီး၏။

## ၃၁၅-သဗ္ဗမံသလာဘဇာတ်

### မိတ်ဆွေသည့် ကိစ္စအားလုံး ပြီးစေနိုင်သည် စကားလိမ္မာ များစွာအကျိုးရှိ

ပစ္စုပ္ပန်ဝတ္ထု

နှုတ်နှင့်တကွသော လေးကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ဖရုသာ ဝတာ တေ ဝါစာ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသဗ္ဗမံသလာဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာမထေရ်သည် ဝမ်းကျဆေးသောက်ကုန်သော ရဟန်းတို့အား ပေးအပ်သော အမဲအရသာဆွမ်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ဇေတဝန်ကျောင်းတော်၌ အချို့ကုန်သော ရဟန်းတို့သည် ဝမ်းကျဆေးကို သောက်ကုန်သတတ်၊ ထိုရဟန်းတို့အား အမဲအရသာဆွမ်းဖြင့် အလိုရှိ၏။ သူနာလုပ်ကျွေးကုန်သော ရဟန်းတို့သည် အမဲအရသာဆွမ်းကို ဆောင်ကုန်အံ့ဟု သာဝတ္ထိသို့ဝင်၍ ထမင်းရောင်းသော အိမ်လမ်း၌ ဆွမ်းခံသွား၍ အမဲအရသာဆွမ်းကို မရကုန်၍လျှင် ပြန်လည်ကုန်၏။ အရှင်သာရိပုတ္တရာမထေရ်သည် နေမြင့်မှဆွမ်းခံဝင်သည်ရှိသော် ထိုရဟန်းတို့ကိုမြင်၍ ငါ့ရှင်တို့ သင်တို့သည် အဘယ့်ကြောင့် အလွန်စောစောကလျှင် ပြန်လည်ကြကုန်သနည်းဟု မေး၏။ ထိုရဟန်းတို့သည် ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊ အရှင်သာရိပုတ္တရာမထေရ်သည် ထိုသို့တပြီးကား လာကြကုန်ဟု ထိုရဟန်းတို့ကိုခေါ်၍ ထိုခရီးလမ်းသို့လျှင် သွား၏။ ထိုလူတို့သည် သပိတ်ကိုပြည့်စေ၍ အမဲအရသာဆွမ်းကို လှူကုန်၏။ သူနာလုပ်ကျွေးကုန်သော ရဟန်းတို့သည် အမဲအရသာဆွမ်းကို ဆောင်၍ သူနာ ရဟန်းတို့အား ပေးကုန်၏၊ သူနာရဟန်းတို့သည် သုံးဆောင်ကုန်၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့၊ အရှင်သာရိပုတ္တရာမထေရ်သည် အမဲအရသာဆွမ်းကို မရကုန်ဘဲ ထွက်လာကုန်သော ဝမ်းကျဆေးသောက်ကုန်သော သူနာရဟန်းတို့၏ အလုပ်အကျွေး ရဟန်းတို့ကိုခေါ်၍ ထမင်းရောင်းသော အိမ်လမ်း၌ ဆွမ်းခံ၍ များစွာသော အမဲအရသာဆွမ်းကို ကျောင်းသို့ဆောင်၍ ပို့စေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့၊ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့၊

ယခုအခါ သာရိပုတ္တရာသည်သာလျှင် အမဲကိုရသည် မဟုတ်သေး။ ရှေး၌ နူးညံ့သော စကားဖြင့် ချစ်ဖွယ်ဆိုခြင်း၌လိမ္မာကုန်သော ပညာရှိတို့သည်လည်း ရဖူးကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးသားဖြစ်၏။ ထိုအခါတစ်နေ့သ၌ တစ်ယောက်သော မုဆိုးသည် များစွာသော အသားကိုရ၍ ယာဉ်ကိုပြည့်စေ၍ ရောင်းအံ့ဟု မြို့သို့လာ၏။ ထိုအခါ ဗာရာဏသီပြည်၌နေသော လေးယောက်ကုန်သော သူဌေးသားတို့သည် မြို့မှထွက်၍ တစ်ခုသောလမ်း၏အဆုံး၌ တစ်စုံတစ်ခုမြင်ဖူး ကြားဖူးသည်ကို ပြောဆိုကုန်လျက် နေကုန်၏။ ထိုလေးယောက်ကုန်သော သူဌေးသားတို့တွင် တစ်ယောက်သော သူဌေးသားသည် အမဲယာဉ်ကိုမြင်၍ ထိုအမဲရောင်းသောမုဆိုးကို အမဲတုံးကိုပေးစေအံ့ဟု ဆို၏။ သွားလော၊ ဆောင်ချေလောဟု ဆိုကြကုန်၏။ ထိုသူဌေးသားသည် မုဆိုးသို့ကပ်၍ ဟယ်မုဆိုး ငါ့အား အမဲတုံးကို ပေးလော့ဟုဆို၏၊ မုဆိုးသည် အဆွေ တစ်စုံတစ်ခုကို တောင်းသောသူ မည်သည်ကား ချစ်ဖွယ်သောစကားကို ဆိုရာ၏။ သင်ဆိုသော စကားအားလျော်သော အမဲတုံးကိုရလတ္တံ့ဟုဆို၍ ဤဂါထာကို ဆို၏။

၅၇။ ဖရုသာ ဝတ တေ ဝါစာ၊ မံသံ ယာစနကော အသိ။
ကိလောမ သဒိသီ ဝါစာ၊ ကိလောမံ သမ္မ ဒမ္မိတေ။

အဆွေ သင်သည် တောင်းသူဖြစ်၏၊ သင်၏စကားသည် စင်စစ် ကြမ်း၏၊ သင်၏စကားသည် အမြှေးနှင့်တူ၏၊ အဆွေ သင့်အား အမြှေးကိုပေးအံ့။

ဤအမြှေးကိုယူလော့ သင်၏စကားနှင့် တူသော အမြှေးကို ငါပေး၏ဟု ဆို၍ အသွေးအသားမရှိသော အမြှေးကို ယူ၍ပေး၏။ ထိုအခါ တစ်ယောက်သော သူဌေးသားသည် ထိုသူဌေးသားကို အဘယ်သို့ဆို၍ သင်တောင်းသနည်းဟု မေး၏။ ဟယ်- ဆို၍ တောင်း၏ဟုဆို၏။ ထိုသူဌေးသားသည် ငါလည်း မုဆိုးကို တောင်းအံ့ဟုဆို၍ သွား၏၊ အစ်ကိုကြီး ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏၊ မုဆိုးသည် သင့်စကားအားလျော်သော အမဲတုံးကို ရလတ္တံ့ဟုဆို၍ ဤဂါထာကိုဆို၏ —

၅၈။ အင်္ဂမေတံ မနုဿာနံ၊ ဘာတာ လောကေ ပဝုစ္စတိ။
အင်္ဂဿ သဒိသီ ဝါစာ၊ အင်္ဂံ သမ္မ ဒဒါမိတေ။

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

လောက၌ ကိုယ်ဟူသော ဤစကားကို အစ်ကိုဟူ၍ လို့တို့သည် ဆိုအပ်၏။ သင်၏စကားသည် ကိုယ်နှင့်တူ၏။ အဆွေ သင်အား ကိုယ်သားကို ပေးအံ့။

ဤသို့ဆို၍ ကိုယ်သားကို ယူ၍ပေး၏။ ထိုသူဌေးသားကို တစ်ယောက်သော သူဌေးသားသည် အဘယ်သို့ဆို၍ သင်တောင်းသနည်းဟု မေး၏။ အစ်ကိုဆို၍ တောင်း၏ဟု ဆို၏။ ထိုသူဌေးသားသည် ငါလည်း မုဆိုးကို အမဲတောင်းအံ့ဟု ဆို၍ အဘ- ငါ့အား အမဲတုံးကို ပေးလော့ဟု ဆို၏။ မုဆိုးသည် သင့်စကားအား လျော်သော အမဲတုံးကို ရလတ္တံ့ဟုဆို၍ ဤဂါထာကို ဆို၏—

၅၉။ တာတာတိ ပုတ္တော ဝဒမာနော၊ ကမ္ပေတိ ဟဒယံ ပိတု။
ဟဒယဿသဒိသိဝါစာ၊ ဟဒယံ သမ္မ ဒမ္မိ တေ။

အဘ ဟူ၍ ဆိုသော သားသည် အဘ၏ နှလုံးကို တုန်လှုပ်စေ၏။ အဆွေ သင်၏ စကားသည် နှလုံးနှင့် တူ၏။ သင့်အား နှလုံးကို ပေး၏။

ဤသို့ဆို၍ နှလုံးသားနှင့်တကွ ကောင်းသောအသားကို ယူ၍ပေး၏။ ထို သူဌေးသားကို လေးယောက်မြောက်ဖြစ်သော သူဌေးသားသည် အဘယ်သို့ ဆို၍ သင်တောင်းသနည်းဟု မေး၏။ အဘဆို၍ တောင်း၏ဟု ဆို၏။ ထို သူဌေးသားသည် ငါလည်း တောင်းအံ့ဟု ဆို၍ အဆွေခင်ပွန်း ငါ့အား အမဲတုံးကို ပေးလော့ဟုဆို၏။ မုဆိုးသည် သင်၏ စကားအားလျော်သော အမဲတုံးကို ရလတ္တံ့ဟုဆို၍ ဤဂါထာကိုဆို၏—

၆၀။ ယဿ ဂါမေ သခါ နတ္ထိ၊ ယထာရညံ တထေဝတံ။
သဗ္ဗဿ သဒိသီ ဝါစာ၊ သဗ္ဗံ သမ္မ ဒဒါမိ တေ။

ရွာ၌ အဆွေခင်ပွန်းသည် မရှိ၊ တောကဲ့သို့ ထို့အတူသာလျှင် ထိုအဆွေ ခင်ပွန်း မရှိသော ရွာသည် ဖြစ်၏။ အဆွေ သင်၏ စကားသည် အလုံးစုံသော ကိုယ်နှင့် တူ၏။ သင့်အား အလုံးစုံသော အမဲကိုပေးအံ့။

ဤသို့ဆို၍ အဆွေ လာလော့၊ အလုံးစုံလျှင်ဖြစ်သော ဤယာဉ်၌ တင်သော အမဲကို သင့်အိမ်သို့ ဆောင်အံ့ဟု ဆို၏။ သူဌေးသားသည် မုဆိုးကို ယာဉ်ကို နှင်စေလျက် မိမိအိမ်သို့ အမဲကိုဆောင်ခဲ့စေ၍ မုဆိုးအား ပေးကမ်းပူဇော်ခြင်းကို ပြု၍ မုဆိုး၏ သားမယားကိုလည်း ခေါ်စေ၍ အမှုကို ကြဉ်စေ၍ မိမိဥစ္စာ အလယ်၌ နေစေလျက် မုဆိုးနှင့်တကွ အဆွေ ခင်ပွန်းအဖြစ်မှ မကွဲမပျက်သည် ဖြစ်၍ အသက်ထက်ဆုံး ညီညွတ်စွာနေ၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မုဆိုးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လှင် ထိုအခါ အလုံးစုံသော အမဲကိုရသော သူဌေးသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ့်ငါးခုမြောက်သော သဗ္ဗမံသလာဘ

ဇာတ်သည် ပြီး၏။

---

၃၁၆-သသပဏ္ဍိတဇာတ်

ကမ္ဘာဘည်သရွေ့ ရှိနေမည့် လဝယ်ယုန်တံဆိပ်

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် သတ္တမေရောဟိတာမစ္ဆာ- အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤသသပဏ္ဍိတ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ခပ်သိမ်းသော ပရိက္ခရာ အလှူကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ဦးသော သူကြွယ်သည် ဘုရားအမှူးရှိသော ရဟန်း သံဃာအား ခပ်သိမ်းသော ပရိက္ခရာ အလှူကို စီရင်၍ အိမ်တံခါး၌ မဏ္ဍပ် ဆောက်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဖိတ်၍ ကောင်းစွာ စီရင်အပ် သော မဏ္ဍပ်ဝယ် ခင်းအပ်သော မြတ်သော ဘုရားနေရာ၌ နေစေ၍ အထူး ထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို လှူ၍ တစ်ဖန် နက်ဖန် အကျိုးငှါဟု ခုနစ်ရက်ဖိတ်၍ ခုနစ်ရက်မြောက်၌ ဘုရား အမှူး ရှိကုန်သော ငါးရာကုန်သော ရဟန်းတို့အား ခပ်သိမ်းသော ပရိက္ခရာတို့ကို လှူ၏၊ သဗ္ဗညု မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ အနုမောဒနာ ပြုတော် မူသည်ရှိသော် သီတင်းသည် သင်သည် ပီတိသောမနဿကို ပြုခြင်းငှါသင့်၏။ ဤအလှူ မည်သည်ကား ရှေးပညာရှိတို့၏ အနွယ်တည်း၊ ရှေးပညာရှိတို့သည် ရောက်လာကုန်သော အလှူခံတို့အား အသက်ကိုစွန့်၍ မိမိ၏ အသားကိုလည်း လှူဖူးကုန်၏ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ရှိသော် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ယုန်မျိုး၌ ဖြစ်၍ တော၌ နေ၏။ ထိုအခါ တော၏ တစ်ဖက်မှတောင်၊ တစ်ဖက်မှမြစ်၊ တစ်ဖက်မှ ပစ္စန္တရစ်ရွာသည် ရှိ၏။ ဘုရားလောင်း ယုန်မင်းအား မျောက် မြေခွေး ဖျံ ဟူကုန်သော သုံးကောင်ကုန်သော အဆွေခင်ပွန်း တို့သည်လည်း ရှိကုန်၏။ ထိုပညာရှိ လေးယောက်တို့သည် အတူတကွ နေကုန်လျက် မိမိ မိမိ၏ ကျက်စားရာ အရပ်၌ အစာကို ယူကုန်၍ ညချမ်းသော အခါ၌ တကွနက် စည်းဝေးကုန်၏။ ယုန်ပညာရှိသည် အလှူကို ပေးအပ်၏။ သီလကို ဆောက်တည် အပ်၏။ ဥပုသ်ကို သုံးအပ်၏ဟု သုံးယောက်ကုန်သော အဆွေခင်ပွန်း တို့အား ဆုံးမသည်၏ အစွမ်းအားဖြင့် တရားဟော၏။ ထို သုံးယောက်ကုန်သော အဆွေခင်ပွန်း တို့သည် ယုန်ပညာရှိ၏ အဆုံးအမကို ခံယူကုန်၍ မိမိတို့၏ နေရာ ချုံသို့ ဝင်၍ နေကုန်၏။ တစ်နေ့သ၌ ဘုရားလောင်း သည် ကောင်းကင်သို့ ကြည့်၍ လကို မြင်၍ နက်ဖြန် ဥပုသ်နေ့ဟု သိ၍ သုံးယောက်ကုန်သော အဆွေ ခင်ပွန်း တို့ကို နက်ဖြန် ဥပုသ်နေ့တည်း၊ သုံးယောက်ကုန်သော သင်တို့သည်လည်း သီလ ဆောက်တည်၍ ဥပုသ်သုံးခြင်း ကို ဖြစ်စေကုန်လော့ သီလ၌ တည်၍ လှူအပ်သော အလှူသည် အကျိုး ကြီး၏။ ထို့ကြောင့် ရောက်လာကုန်သော အလှူခံတို့အား သင်တို့သည် စားအပ်သော အာဟာရမှ အလှူကို လှူ၍ စားကြကုန်လော့ဟု ဆို၏။

ထို သုံးယောက်ကုန်သော အဆွေခင်ပွန်းတို့သည် ကောင်းပြီဟု ဝန်ခံ၍ မိမိ၏ နေရာအရပ်တို့၌ နေ၍ နက်ဖြန် ထိုအဆွေခင်ပွန်း တို့တွင် ဖျံသည် စောစောကလျှင် အစာရှာအံ့ဟု ထွက်၍ ဂင်္ဂါနားသို့ သွား၏။ ထိုအခါ တစ်ယောက်သော ရွာသားသည် ငါးကြင်း ခုနစ်ကောင်တို့ကို ဆယ်၍ နွယ်ဖြင့် သီ၍ ဂင်္ဂါကမ်းနား၌ သဲကိုယက်၍ သဲဖုံးလွှမ်း၍ ငါးတို့ကို ဖမ်းအံ့သောငှါ ဂင်္ဂါအောက်သို့ သွား၏။ ဖျံသည် ငါးအနံ့နံ၍ သဲကို ယက်၍ ငါးတို့ကို မြင်၍ ထုတ်၍ ထိုငါးတို့၏ အရှင်သည် ရှိသလော မရှိသလောဟု သုံးကြိမ် အသံပြု၍ အရှင်ကို မမြင်လတ်သော် နွယ်ကိုကိုက်၍ မိမိနေရာ ချုံ၌ ထား၍ အချိန်၌ သာလျှင် စားအံ့ဟု မိမိသီလကို ဆင်ခြင်လျက် ဝပ်၏။ မြေခွေးသည်လည်း နေရာအရပ်မှ ထွက်၍ အစာရှာလတ်သော် တစ်ယောက်သော လယ်စောင့်၏ ကုဋိ၌ တံစို့ဖြင့် သီအပ်သော အမဲတံစို့နှစ်ခု ဖွတ်ကင်တစ်ခု နို့ဓမ်းအိုးတစ်ခု ကို မြင်၍ ထိုဝတ္ထုတို့၏ အရှင်သည် ရှိသလော မရှိသလောဟု သုံးကြိမ် အသံ ပြု၍ အရှင်ကို မမြင်၍ နို့ဓမ်းအိုး၌ ဖွဲ့သော ကြိုးကို လည်၌ သွင်း၍ အမဲ တံစို့ နှစ်ခု ဖွတ်ကင်ကို နှုတ်သီးဖြင့် ကိုက်လျက် ဆောင်ခဲ့၍ မိမိနေရာ ချုံ၌လျှင်

ထား၍ အချိန်၌ စားအံ့ဟု မိမိသီလကို ဆင်ခြင်လျက် ဝပ်၏။ မြောက်သည်လည်း နေရာမှထွက်၍ တောအုပ်သို့ ဝင်၍ သရက်သီးခိုင်ကို ယူ၍ မိမိနေရာ ချုံ၌ထား၍ အချိန်၌သာလျှင် စားအံ့ဟု မိမိသီလကို ဆင်ခြင်လျက် ဝပ်၏။

ဘုရားလောင်းသည်ကား အချိန်၌သာလျှင် နေရာမှထွက်၍ နေဇာမြက်ကို စားအံ့ဟု မိမိနေရာ ချုံ၌သာလျှင် ဝပ်၍ မိမိသီလကို ဆင်ခြင်လျက် ငါ့အထံသို့ လာကုန်သော အလှူခံတို့သည် မြက်ကို စားခြင်းငှါ မတတ်ကောင်းကုန် နှမ်းဆန် အစရှိသည်တို့သည်လည်း ငါ့အား မရှိကုန်။ ငါ့အထံသို့ အလှူခံသည် အကယ်၍ လာငြားအံ့ ကိုယ်အသားကို လှူအံ့ဟုကြံ၍ ဘုရားလောင်း သီလ တန်ခိုးအားဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းလည်း ဆင်ခြင်လတ်သော် ထိုအကြောင်းကို မြင်၍ ယုန်မင်းကို စုံစမ်းအံ့ဟု ရှေးဦးစွာ ဖျံ၏ နေရာသို့ သွား၍ ပုဏ္ဏားအသွင်ဖြင့် ရပ်၏။ ပုဏ္ဏား အဘယ်အကျိုးငှါ ရပ်သနည်းဟု မေးလတ်သော် ပညာရှိ တစ်စုံတစ်ခုသော အာဟာရကို ရသော် ဥပုသ်ဆောက်တည်၍ နေအံ့ဟု ရပ်၏ ဟူ၍ ဆို၏။ ဖျံသည် ကောင်းပြီ သင့်အား အာဟာရကိုပေးအံ့ဟု သိကြားမင်းနှင့် တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၆၁။ သတ္တ မေ ရောဟိတာ မစ္ဆာ၊ ဥဒကာ ထလမုဗ္ဘတာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။

ပုဏ္ဏား ငါ့အား ရေမှ ကြည်းကုန်းသို့ တက်ငါသည် ဆယ်တင်အပ်ကုန်သော ငါးကြင်း ခုနစ်ကောင်တို့သည် ရှိကုန်၏။ ဤဥစ္စာသည် ငါ့အား ရှိ၏။ ဤဥစ္စာကို စား၍ တော၌ နေလော့။

ပုဏ္ဏားသည် ရှိစေဦး၊ စောသေး၏၊ နောက်မှ သိရအံ့ဟု ဆို၍ မြေခွေး၏ အထံသို့ သွား၏။ မြေခွေးသည်လည်း အဘယ်အကျိုးငှါ ရပ်သနည်းဟု မေးသည် ရှိသော် ထိုရှေးအတူသာလျှင် ဆို၏။ မြေခွေးသည် ကောင်းပြီ၊ လှူအံ့ဟု ထို သိကြားနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၆၂။ ဒုဿ မေ ခေတ္တပါလဿ၊ ရတ္တိဘတ္တံ အပါဘတံ။
မံသသူလာ စ ဒွေ ဂေါဓာ၊ ဧကဉ္စ ဒဓိဝါရကံ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။

ပုဏ္ဏားဤအမည်ရှိသော လယ်စောင့်၏ ညစာကိုငါသည် ဆောင်ခဲ့အပ်၏။ အမဲတစ်ို့ နှစ်ခုတို့လည်းကောင်း၊ ဖွတ်ကင် လည်းကောင်း၊ တစ်ခုသော နို့ဓမ်းအိုး လည်းကောင်း ဤဥစ္စာသည် ငါ့အား ရှိ၏။ ထိုဥစ္စာကို စား၍ တော၌ နေဓလော့။

ပုဏ္ဏားသည် ရှိစေဦး၊ စောသေး၏၊ နောက်မှ သိရအံ့ဟု ဆို၍ မြေခွေးကြောက်၏ အထံသို့ သွား၏။ မြေခွေးသည်လည်း အဘယ် အကျိုးငှါ ရပ်လာသနည်းဟု မေးသည် ရှိသော် ထိုရှေးအတူတာလျှင် ဆို၏။ မြေခွေးသည် ကောင်းပြီ၊ လှူအံ့ဟု သိကြားမင်းနှင့် တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၆၃။ အမ္ဗပက္ကံ ဒကံ သီတံ၊ သီတစ္ဆာယာ မနောရမာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။

ပုဏ္ဏား ငါ့အား သရက်သီးမှည့် လည်းကောင်း၊ အေးသော ဂင်္ဂါရေ လည်းကောင်း၊ နှလုံး မွေ့လျော်ဖွယ် ရှိသော ချမ်းအေးသော အရိပ် လည်းကောင်း ဤဆိုအပ်ပြီးသော ဥစ္စာသည် ငါ့အား ရှိ၏။ ထိုသရက်သီးမှည့် ဂင်္ဂါရေကို စားသောက်၍ နှလုံးမွေ့လျော်ဖွယ် အရိပ်ရှိသော တော၌ နေလော့။

ပုဏ္ဏားသည် ရှိစေဦး၊ စောသေး၏၊ နောက်မှ သိရအံ့ဟု ဆို၍ ယုန်ပညာရှိ အထံသို့ သွား၏။ ယုန်သည်လည်း အဘယ်အကျိုးငှါ ရပ်လာသနည်းဟု မေးသည် ရှိသော် ထိုရှေးအတူသာလျှင် ဆို၏၊ ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဝမ်းမြောက်ခြင်းသို့ ရောက်၍ ပုဏ္ဏားအား အာဟာရ အကျိုးငှါ ငါ့အထံသို့ လာသော သင်သည် ကောင်းသည်ကို ပြုအပ်၏။ ယနေ့ ငါသည် မလှူဖူးသော အလှူကို လှူအံ့။ သင်သည်ကား သီလရှိ၏။ ပါဏာတိပါတကို မပြုလတ္တံ့၊ ပုဏ္ဏား သွားချေ၊ အထူးထူးသော ထင်းတို့ကို စု၍ မီးကျီး ပြု၍ ငါ့အား ကြားလော့။ ငါသည် ကိုယ်ကို စွန့်၍ မီးကျီးစု၌ ဆင်းအံ့။ ငါ၏ ကိုယ်သည် ကျက်လတ်သော် သင်သည် အသားကို စား၍ ရဟန်းတရားကို ကျင့်လော့ဟု သိကြားမင်းနှင့်တကွ ပြောလိုရကား ဤဂါထာကို ဆို၏—

၆၄။ န သသဿ တိလာ အတ္ထိ၊ န မုဂ္ဂါ နပိ တဏ္ဍုလာ။
ဣမိနာ အဂ္ဂိနာ ပက္ကံ၊ မမံ ဘုတွာ ဝနေ ဝသ။

ပုဏ္ဏား ယုန်အား နှမ်းတို့သည် မရှိကုန်၊ ပဲနောက်တို့သည် မရှိကုန်၊ ဆန်တို့သည် မရှိကုန် ဤမီးဖြင့် ကျက်သော အသားကို စား၍ တော၌ နေလော့။

သိကြားမင်းသည် ယုန်၏ စကားကို ကြား၍ မိမိအာနုဘော်ဖြင့် တစ်ခုသော မီးကြီးစုကို ဖန်ဆင်း၍ ဘုရားလောင်းအား ကြား၏။ ဘုရားလောင်း ယုန်သည် နေဇာမြက်အိပ်ရာမှ ထ၍ မီးကျီးစုသို့ သွား၍ အမွေး အကြားတို့၌ ပိုးငယ်တို့သည် ရှိကုန်ငြားအံ့။ ထိုပိုးငယ် တို့သည် မသေစေကုန်သတည်းဟု သုံးကြိမ် ကိုယ်ကို ခါ၍ အလုံးစုံသော ကိုယ်ကို အလှူဝတ္ထု၌ ထား၍ ခုန်လျက် ကြာကန်၌ ဟင်္သာမင်း ကျသကဲ့သို့ ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ မီးကျီးစု၌ ကျ၏။ ထိုမီးသည်ကား ဘုရားလောင်း၏ ကိုယ်၌ အမွေးတွင်းကိုမျှလည်း ပူစေခြင်းငှါ မတတ်နိုင်။ ဘုရားလောင်းသည် ဆီးနှင်းတိုက်သို့ ဝင်သကဲ့သို့ ဖြစ်၏။ ထိုအခါ သိကြားမင်းကို ခေါ်၍ ပုဏ္ဏား သင်ပြုသော မီးသည် အလွန်အေး၏။ ငါ၏ ကိုယ်၌ အမွေးတွင်းကိုမျှလည်း ပူစေခြင်းငှါ မတတ်နိုင်။ ဤသို့ ဖြစ်ခြင်းသည်ကား အကြောင်း အသို့နည်းဟု မေး၏။ ယုန်ပညာရှိ ငါကား ပုဏ္ဏား မဟုတ် သိကြားတည်း။ ငါသည် သင့်အား စုံစမ်းအံ့သောငှါ လာ၏ဟု ဆို၏။ သိကြား သင့်ကို ထားဘိဦး အလုံးစုံသော လောကသည်လည်း ငါ့ကို အလှူဖြင့် စုံစမ်းငြားအံ့။ ငါ၏ မလှူလိုသော အဖြစ်ကို မမြင်ရာသလျှင်ကတည်းဟု ဘုရားလောင်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော စကားကို ဆို၏။ ထိုအခါ ဘုရားလောင်းကို သိကြားမင်းသည် ယုန်ပညာရှိ သင်၏ ကျေးဇူးဂုဏ်သည် ကမ္ဘာပတ်လုံး ထင်ရှားသည်ဖြစ်စေဟု တောင်ကို ညှစ်၍ တောင်ဆီကို ယူ၍ လဝန်း၌ ယုန်ရုပ် အမှတ်ကို ရေး၍ ဘုရားလောင်းကို ဆောင်၍ ထိုတောအုပ် ထိုချုံ ထိုနေဇာမြက် အပြင်၌ အိပ်စေ၍ မိမိနေရာသို့လျှင် သွား၏။ လေးဦးသော ပညာရှိတို့သည်လည်း ညီညွတ်စွာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကုန်လျက် သီလကို ဖြည့်၍ အလှူကို ပေး၍ ဥပုသ်သုံး၍ ကံအားလျော်စွာ လားကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ခပ်သိမ်းသော ပရိက္ခာရကို လှူသော သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏၊ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဖျံ ဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ မြေခွေး ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ မျောက်

ဖြစ်ဖူးပြီ။ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ယုန်ပညာရှိ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးနှုတ်စ်ဆယ့်ခြောက်ခုမြောက်သော သသပဏ္ဍိတဇာတ်သည် ပြီး၏။

---

## ၃၁၇-မတရောဒနဇာတ်

### (ငို၍ အကျိုးမရှိ)

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မတံ မတံ ဧဝ ရောဒထ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမတရောဒနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မာသင်ရှားသော သာဝတ္ထိပြည်၌ နေသော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူကြွယ်၏ အစ်ကိုသည် သေလွန်သတတ်။ ထိုသူကြွယ်သည် အစ်ကို လွန်သဖြင့် သောကနှိပ်စက်သည်ဖြစ်၍ ရေမချိုး ထမင်းမစား နံ့သာမလိမ်း စောစောကလျှင် သုသာန်သို့ သွား၍ သောက နှိပ်စက်လျက် ငို၏။ သဗ္ဗညု မြတ်စွာဘုရားသည် မိုးသောက် ထ၍ လောကကို ကြည့်လတ်သည် ရှိသော် ထိုသူကြွယ်၏ သောတာပတ္တိဖိုလ်၏ ဥပနိဿယကို မြင်တော်မူ၍ ဤသူကြွယ်အား လွန်လေပြီးသော အကြောင်းကို ဆောင်ပြီးလျှင် သောကကို ငြိမ်းစေ၍ သောတာပတ္တိဖိုလ်ကို ပေးအံ့သော်ငါ ငါမှတပါး စွမ်းနိုင်သော သူမည်သည် မရှိ။ ငါသည် ဤသူကြွယ်၏ ကိုးကွယ်ရာ ဖြစ်ခြင်းငှါ သင့်၏ဟု ကြံတော်မူ၍ နက်ဖြန်ဆွမ်းဘုဉ်းပေးပြီးသည် ရှိသော် ဆွမ်းခံရာမှ ဖဲခဲ့တော်မူခဲ့၍ နောက်လိုက်ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၍ ဘုရားကြွတော်မူလာ၏ဟု ကြား၍ နေရာကို ခင်းစေပြီးလျှင် အိမ်သို့ ဝင်တော်မူပါကုန်လောဟု သူကြွယ် လျှောက်အပ်သည် ရှိသော် ဝင်တော်မူ၍ ခင်းအပ်သော နေရာ၌ နေတော်မူ၏။ သူကြွယ်သည်လည်း လာလတ်၍ ဘုရားကို ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေ၏။ ထိုအခါ ထိုသူကြွယ်ကို သဗ္ဗညု မြတ်စွာဘုရားသည် သူကြွယ် စုံးရိမ်သလေဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးသော

ဘုရား အကျွန်ုပ် အစ်ကို သေသော အခါမှ စ၍ စိုးရိမ်၏ဟု လျှောက်၏။ ဒါယကာ ခပ်သိမ်းသော သင်္ခါရတို့သည် အမြဲ မရှိကုန်။ ပျက်စီးအပ်သည်၏ အဖြစ်နှင့် ယှဉ်သော သင်္ခါရ တရားသည် ပျက်စီးတတ်၏။ ထိုသင်္ခါရ တရား၏ ပျက်စီးခြင်း၌ မစိုးရိမ်အပ်၊ ရှေးပညာရှိတို့ သည်လည်း အစ်ကို သေသည် ရှိသော် ပျက်စီးအပ်သည်၏ အဖြစ်နှင့် ယှဉ်သော သင်္ခါရတရားသည် ပျက်စီး တတ်၏ဟု မစိုးရိမ်ကုန်ဟု မိန့်တော်မူ၍ ထိုဒါယကာသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် မိဘတို့သည် သေလွန်၏။ မိဘတို့သည် သေလွန် သည်ရှိသော် ဘုရားလောင်း၏ အစ်ကိုသည် ဥစ္စာကို စီရင်၏။ ထိုဘုရားလောင်း သည် အစ်ကိုကို မှီ၍ အသက်မွေး၏။ ဘုရားလောင်း၏ အစ်ကိုသည် နောက် အခါ နာ၍ သေလွန်၏။ အဆွေအမျိုး အဆွေခင်ပွန်းတို့သည် စည်းဝေးကုန်၍ ငိုကြွေးကြကုန်၏။ တစ်ယောက်သော သူသည်လည်း မိမိသဘောအားဖြင့် တည်အံ့သောငှါ မတတ်နိုင်။ ထိုအခါ ဘုရားလောင်းသည်ကား မငိုကြွေး၊ လူတို့သည် အချင်းတို့ ကြည့်ကြကုန်လော့ အစ်ကိုသေလတ်သော် ဤသူအား မျက်နှာတွန့်ခြင်းမျှသည်လည်းမရှိ အလွန်လျှင် နှလုံးခိုင်မာ၏၊ နှစ်စုသော ဥစ္စာတို့ကို ငါသာလျှင် ခံစားရအံ့ဟု အစ်ကို၏ သေခြင်းကို အလိုရှိယောင် တကားဟု ဘုရားလောင်းကို ကဲ့ရဲ့ကြကုန်၏။ ဆွေမျိုးတို့သည်လည်း သင်သည် အစ်ကိုသေသော် အဘယ့်ကြောင့် မငိုသနည်းဟု ကဲ့ရဲ့ကုန်၏။ ဘုရားလောင်း သည် ထိုသူတို့၏ စကားကို ကြား၍ သင်တို့သည် အလွန် မိုက်သည်၏ အဖြစ် ကြောင့် ရှစ်ပါးသော လောကဓံတရားကို မသိကုန်၍ ငါ့အစ်ကို သေလတ်သော် ငိုကြွေးကြကုန်၏။ ငါသည်လည်း သေရအံ့။ ထို့ကြောင့် ငါသည်ကား မငို။ သင်တို့သည်လည်း သေရကုန်လတ္တံ့။ ထို့ကြောင့် ငါတို့သည်လည်း သေရကုန် လတ္တံ့ဟု နှလုံးသွင်းကုန်၍ မငိုကြကုန်လင့်။ ခပ်သိမ်းသော သင်္ခါရတို့သည် မမြဲကုန်၊ ဖြစ်၍ ချုပ်တတ်ကုန်၏။ ထိုသဘောဖြင့် တည်ခြင်းငှါ စွမ်းနိုင်သော တပါးသော သင်္ခါရသည်လည်း မရှိ။ အလွန်မိုက်ကုန်သော သင်တို့သည် မသိအပ် သော သဘောရှိသဖြင့် လောကဓံတရား ရှစ်ပါးတို့ကို မသိကုန်၍ ငိုကုန်သော် ငါသည် အဘယ်အကျိုးငှါ ငိုရအံ့နည်းဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၆၅။ မတံ မတံ ဧဝံ ရောဒထ၊ န ဟိ တံ ရောဒထ ယော မရိဿတိ။
သဗ္ဗေပိ သရီရဓာရိနော၊ အနုပုဗ္ဗေန ဇဟန္တိ ဇီဝိတံ။

၆၆။ ဒေဝမနုဿာ စတုပ္ပဒါ၊ ပက္ခိဂဏာ ဥရဂါ စ ဘောဂိနော။
သမှိ သရီရေ အနိဿရာ၊ ရမမာနာဝ ဇဟန္တိ ဇီဝိတံ။

၆၇။ ဧဝံ စလိတံ အသဏ္ဌိတံ၊ သုခဒုက္ခံ မနုဇေသွ ပေက္ခိယ။
ကန္ဒိတရုဒိတံ နိရတ္ထကံ၊ ကိံ ဝေါ သောကဂဏာ ဘိကီရရေ။

၆၈။ ဓုတ္တာ စ သောဏ္ဍာ အကတာ၊ ဗာလာ သူရာ အယောဂိနော။
ဓီရံ မညန္တိ ဗာလောတိ၊ ယေ ဓမ္မဿ အကောဝိဒါ။

သင်တို့သည် သေတုံငင်းသေတိုင်းသော သူကိုလျှင် ငိုကြွေကုန်၏။ သေလတ္တံ့သူကို မငိုကြကုန်လင့်၊ အလုံးစုံလည်း ဖြစ်ကုန်သော ကိုယ်ကိုဆောင်ကုန်သော သူတို့သည် အစဉ်သဖြင့် အသက်ကို စွန့်ရကုန်၏။

စည်းစိမ်နှင့် ပြည့်စုံကုန်သော နတ်တို့သည် လည်းကောင်း, လူတို့သည် လည်းကောင်း, ခြေလေးချောင်း သတ္တဝါတို့သည် လည်းကောင်း, ငှက်အပေါင်းတို့သည် လည်းကောင်း, မြွေနဂါးတို့သည် လည်းကောင်း ထိုကိုယ်၌ အစိုးမရကုန်သည်ဖြစ်၍ ဖြစ်ရာအရပ်၌ မွေ့လျော်ကုန်စဉ်သာလျှင် အသက်ကို စွန့်ရကုန်၏။

လူတို့၌ ဤသို့ တုန်လှုပ်သော မတည်သော သဘောရှိသော ချမ်းသာဆင်းရဲကို ကြည့်၍ ငိုခြင်း မျက်ရည်ယိုခြင်းသည် အကျိုးမရှိ အဘယ့်ကြောင့် သင်တို့အား စိုးရိမ်ခြင်း အပေါင်းတို့သည် နှိပ်စက်ကုန်ဘိသနည်း။

မိန်းမ လိုက်စားသူ ကြွေအန် ကြူးသည်လည်း ဖြစ်ကုန်သော အကျင့်ကို မကျင့်ကုန်ထသော အသင့်အားဖြင့် နှလုံးမသွင်းတတ်ကုန်သော လောကဓံတရား ရှစ်ပါးတို့၌ မလိမ္မာကုန်သော လူမိုက်တို့သည် ဆွေမျိုးတို့၏ သေခြင်း အစရှိသည်တို့၌ မငိုကြွေးသော ငါကဲ့သို့သော ပညာရှိကို သူမိုက်ဟူ၍ အောက်မေ့ကုန်၏။

ဤသို့ ဘုရားလောင်းသည် ထိုသူတို့အား တရားဟော၍ ခပ်သိမ်းကုန်သော ထိုသူတို့ကိုလည်း သောကကင်းအောင် ပြု၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြသည်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့

ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ လူများအား တရားဟော၍ သောကမရှိအောင် ပြုသော ပညာရှိ ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ့်ခုနစ်ခုမြောက်သော မတရောဒနဇာတ်သည် ပြီး၏။

---

## ၃၁၈-ကဏဝေရဇာတ်

### (အသက် ဉာဏ်စောင့်)

### အန္တရာယ်ကို ကြိုမြင်ရမည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ယံတံဝသန္တသမယေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဏဝေရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် အဋ္ဌကနိပါတ် ဣန္ဒြိယဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့)။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို ရဟန်း- သင်သည် ရှေး၌လည်း ထိုမိန်းမကို အမှီပြု၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်းကို ရဖူးပြီဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိရွာဝယ် တစ်ဦးသော သူကြွယ်၏အိမ်၌ စောရနက္ခတ်ဖြင့်ဖွား၍ အရွယ်သို့ ရောက်လတ်သော် ခိုးသူတို့၏ အမှုကိုပြုလျက် အသက်မွေး၍ လောက၌ ထင်ရှား၏၊ ရဲရင့်၏၊ ဆင်ပြောင်အားကို ဆောင်၏။ တစ်စုံတစ်ယောက်သောသူသည် ဖမ်းအံ့သောငှါ မစွမ်းနိုင်။ ထိုဘုရားလောင်းသည် တစ်နေ့သ၌ တစ်ဦးသော သူဌေးအိမ်ဝယ် အစပ်ကိုဖြတ်၍ များစွာသော ဥစ္စာကို ခိုး၏၊ မြို့သူတို့သည် မင်းအထံသို့ ဆည်းကပ်၍ မြတ်သောမင်းကြီး- တစ်ယောက်သော ခိုးသူကြီးသည် မြို့ကိုလုယက်၏၊ ထိုခိုးသူကြီးကို ဖမ်းစေလော့ဟု လျှောက်ကုန်၏။ ထိုစကားကို ကြား၍ မင်းသည် ထိုခိုးသူကြီးကို ဖမ်းစိမ့်သောငှါ မြို့စောင့်ကို စေ၏၊ မြို့စောင့်သည် ညဉ့်အခါ ထိုထိုအရပ်၌

အစုအဖွဲ့သဖြင့် လူတို့ကိုထား၍ ထိုခိုးသူကြီးကို ဥစ္စာနှင့်တကွ ဖမ်းစေ၍ မင်းအား လျှောက်၏။ မင်းသည် ခိုးသူကြီး၏ ဦးခေါင်းကို ဖြတ်လေဟု မြို့စောင့်ကို စေ၏။ မြို့စောင့်သည် ခိုးသူကြီးကို မြဲစွာ လက်ပြန်နှောင်ဖွဲ့စေ၍ ခိုးသူကြီး၏ လည်၌ နီစွာသော ကဏ္ဍဝေရပန်းကို ဆွဲပြီးလျှင် ဦးခေါင်း၌ အုတ်မှုန့်ကိုကြဲ၍ ခရီးလေးဆုံတိုင်း ခရီးလေးဆုံတိုင်း ကြိမ်လုံးဖြင့်ရိုက်၍ ကြမ်းသော အသံရှိသော စည်ဖြင့် သတ်ရာသုသာန်သို့ ဆောင်၏။ ဤမြို့၌ ခိုးတတ်သော ခိုးသူကို ဖမ်းမိပြီဟု မြို့အလုံးချောက်ချား၏။

ထိုအခါ ဗာရာဏသီပြည်၌ တစ်ထောင်သော ဥစ္စာကိုယူသော သာမာမည်သော ပြည့်တန်ဆာမသည် ရှိ၏။ မင်းနှင့် ဒိကျွမ်းဝင်သော ကျွန်မငါးရာ အခြံအရံရှိသော ထိုပြည့်တန်ဆာမသည် ပြာသာဒ် အပြင်၌ လေသာပြတင်းကို ဖွင့်လှစ်၍ ရပ်လျက် ဆောင်ယူသွားသော ထိုခိုးသူကြီးကို မြင်၏။ ထိုခိုးသူကြီးသည် အလွန် အဆင်းလှ၏၊ ကြည်ညိုဖွယ် ရှိ၏၊ အလွန်လျှင် မြတ်သော တင့်တယ်ခြင်းသို့ ရောက်၏၊ နတ်၏အဆင်းကဲ့သို့ ခပ်သိမ်းသော သူတို့အား အလွန်အမြတ်အားဖြင့် ထင်၏။ သာမာသည် ထိုခိုးသူကြီးကို မြင်၍လျှင် တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ အဘယ် မည်သော ဥပါယ်အားဖြင့် ဤယောကျ်ားကို ငါ၏ လင်ပြုရအံ့နည်းဟု တောင့်တအပ်သည်ရှိသော် တစ်ခုသော ဥပါယ်သည်ရှိ၏ဟု မိမိ၏ အကျိုးစီးပွားကို ဆောင်ရွက်သော တစ်ယောက်သော မိန်းမ၏ လက်၌ အသပြာတစ်ထောင်ကိုပေး၍ မြို့စောင့်အား ဤခိုးသူသည် သာမာ၏ မောင်တည်း၊ သာမာကို ထား၍ ထိုခိုးသူအား တစ်ပါးသော ကိုးကွယ်ရာသည်မရှိ၊ သင်တို့သည် ဤအသပြာ တစ်ထောင်ကို ယူ၍ ထိုခိုးသူကို လွှတ်ပါကုန်လော့ဟု စေ၏။ ထိုမိန်းမသည် သွား၍ သာမာ ဆိုတိုင်းပြု၏။ မြို့စောင့်သည် ဤခိုးသူကား မြို့၌ ထင်ရှားသော ခိုးသူတည်း ထိုခိုးသူကို လွှတ်အံ့သောငှါ မတတ်ကောင်း၊ တစ်ပါးသော လူကိုရမူကား ဤခိုးသူကို ဖုံးလွှမ်းသော ယာဉ်၌ စီးစေ၍ လွှတ်ခြင်းငှါ တတ်ကောင်း၏ဟု ဆို၏။ ထိုမိန်းမသည် သွား၍ သာမာအား ကြား၏။

ထိုအခါ တစ်ယောက်သော သူဌေးသားသည် သာမာ၌ တပ်စွန်းသော စိတ်ရှိ၍ နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ပေး၏။ ထိုသူဌေးသားသည် ထိုနေ့၌လည်း နေဝင်သောအခါ တစ်ထောင်သော ဥစ္စာကိုယူ၍ သာမာ၏အိမ်သို့ သွား၏။ သာမာသည်လည်း အသပြာတစ်ထောင်ကို ယူ၍ ပေါင်ပေါ်၌ထား၍ ငိုလျက် နေ၏။ ဒိဘယ်အမှုနည်းဟု မေးသည်ရှိသော် အရှင် ဤခိုးသူသည် ငါ့မောင်တည်း၊ ငါသည် နိမ့်သောအမှုကိုပြု၏ဟု ငါ့အထံသို့ မလာ၊ မြို့စောင့်အား စေသော် တစ်ထောင်သော ဥစ္စာဘို့ကိုရမူ လွှတ်အံ့ဟု မှာလိုက်၏။

ယခု ဤတစ်ထောင်သော ဥစ္စာကိုယူ၍ မြို့စောင့်၏အထံသို့ သွားမည့်သူကို မရဟု ဆို၏။ ထိုသူဌေးသားသည် သာမာ၌ တပ်စွန်းသော စိတ်ရှိသည်၏အဖြစ်ကြောင့် ငါသွားအံ့ဟု ဆို၏။ ထိုသို့တပြီးကား သင်ဆောင်ခဲ့သော ဥစ္စာကိုလျှင်ယူ၍ သွားလော့ဟုဆို၏။ သူဌေးသားသည် ထိုဥစ္စာကိုယူ၍ မြို့စောင့်၏ အိမ်သို့ သွား၏။ မြို့စောင့်သည် သူဌေးသားကို ဖုံးကွယ်ရာအရပ်၌ ထား၏။ ခိုးသူကို ဖုံးလွှမ်းသောယာဉ်၌ စီးစေ၍ သာမာ၏ အထံသို့ ပို့စေ၏။ ဤခိုးသူသည် တိုင်းပြည်၌ ထင်ရှားသော ခိုးသူတည်း။ မှောင်မိုက်စေဦး မှောင်မိုက်၍ လူတို့ စကားပြော ဆိတ်သောအခါမှ သတ်အံ့ဟု ရိုးမယ်ဖွဲ့ခြင်းကို ပြု၍ တစ်ခဏမျှကို လွန်စေ၍ လူတို့သည် စကားပြော ဆိတ်ကုန်လတ်သော် သူဌေးသားကို များစွာသော အစောင့်အရှောက်ဖြင့် သုသာန်သို့ ဆောင်ပြီးလျှင် သန်လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍ ကိုယ်ကို တံကျင်၌လျှို၍ မြို့သို့ဝင်၏။

ထိုအခါမှစ၍ သာမာသည် သူတစ်ပါးတို့၏ လက်မှ တစ်စုံတစ်ခုကို မယူ။ ထိုခိုးသူနှင့်လျှင် တကွ မွေ့လျော်လျက် နေ၏။ ခိုးသူကြီးသည် ဤသာမာကား တစ်ပါးသော ယောကျ်ား၌ တပ်နှန်းပြန်သည် ရှိသော် ငါ့ကိုလည်း သတ်စေ၍ ထိုတပ်စွန်းသော သူနှင့် မွေ့လျော်ပြန်လတ္တံ့။ ဤသာမာသည် စင်စစ် အဆွေ ခင်ပွန်းကို ပြစ်မှားတတ်၏။ ငါသည် သာမာ၏အထံ၌ မနေမူ၍ လျင်မြန်စွာ ပြေးခြင်းငှါ သင့်၏။ ပြေးသည်ရှိသော်ကား လက်ချည်းသက်သက် မသွားမူ၍ သာမာ၌ ဆင်ယင်သော တန်ဆာကိုယူ၍ သွားအံ့ဟုကြံ၏။ ကြံပြီး၍တစ်နေ့သ၌ သာမာကို နှမ ငါသည် ဆောင်း၌ လှောင်ထားအပ်သော ကြက်ကဲ့သို့ အမြဲ အိမ်၌လျှင် နေရ၏။ တစ်နေ့တစ်ရက် ဥယျာဉ်ကစားလို၏ဟု ဆို၏။ သာမာသည် ကောင်းပြီဟု ဝန်ခံ၍ ခဲဖွယ်ဘောဇဉ် အစရှိသော အလုံးစုံသော အဆောက် အဦးကို စီရင်၍ ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်ယင်လျက် ခိုးသူကြီးနှင့် အတူ ဖုံးလွှမ်းသော ယာဉ်၌စီး၍ ဥယျာဉ်သို့ သွား၏။ ခိုးသူကြီးသည် ဥယျာဉ်၌ သာမာနှင့်တကွကစားလျက် ယခုငါ့အား ပြေးခြင်းငှါ သင့်၏ဟု သာမာနှင့်တကွ ကိလေသာနှင့်ယှဉ်သော မွေ့လျော်ခြင်းဖြင့် မွေ့လျော်လိုဘိသကဲ့သို့ တစ်ခုသော ကုလားဇလပ်ချုံသို့ဝင်၍ သာမာကို လည်ဖက်သကဲ့သို့ နှိပ်၍ မိန်းမောအောင်ပြု၍ ပုတ်ခတ်၍ ခပ်သိမ်းသော တန်ဆာတို့ကို ချွတ်ယူ၍ သာမာ၏ အပေါ်ရုံအဝတ်ဖြင့် ဖွဲ့၍ အထုပ်ကို ပခုံး၌ထမ်း၍ ဥယျာဉ်စည်းကို ခုန်လွှား၍ ပြေး၏။

သာမာသည်လည်း သတိသညာ ရလတ်သော် ထ၍ အလုပ်အကျွေးတို့၏ အထံသို့သွား၍ အရှင့်သားကား အဘယ်မှာနည်းဟု မေး၏။ အရှင် အကျွန်ုပ်တို့ မသိကုန်ဟု ဆိုကုန်၏။ ငါ့ကို သေပြီဟူသော အမှတ်ဖြင့် ကြောက်၍ ပြေးသည်

ဖြစ်လတ္တံ့ဟု နှလုံးမသာသည်ဖြစ်၍ ထိုဥယျာဉ်မှ သာလျှင် အိမ်သို့သွား၍ ငါ၏ ချစ်စွာသော လင်ကို မမြင်ရသော ကာလမှစ၍လျှင် တန်ဆာဆင်အပ်သော အိပ်ရာ၌ ငါမအိပ်ဟု မြေ၌ အိပ်၏။ ထိုအခါမှစ၍ နှစ်သက်ဖွယ်ရှိသော အဝတ်ကို မဝတ် နှစ်သက်သော ထမင်းကို မစား ဘနံ့သာပန်းအစရှိသည်ကို မမှီဝဲ တစ်စုံ တစ်ခုသော ဥပါယ်ဖြင့် အရှင့်သားကိုရှာ၍ ခေါ်စေအံ့ဟု ကချေသည်တို့ကို ခေါ်စေ၍ တစ်ထောင်သော ဥစ္စာကိုပေး၏၊ ရှင်မ အသို့ပြုရကုန်အံ့နည်းဟု ဆိုသည်ရှိသော် သင်တို့အား မရောက်သော အရပ်မည်သည် မရှိ၊ သင်တို့သည် ရွာနိဂုံး မင်းနေပြည်တို့သို့ လှည့်လည်ကုန်လျက် ပွဲသဘင်ပြု၍ သဘင်အလယ်၌ ရှေးဦးစွာလျှင် ဤသီချင်းကို သီကြကုန်လော့ဟု ကချေသည်တို့ကို သင်လျက် ရှေးဦးစွာသော ဂါထာကိုဆို၍ သင်တို့သည် ဤသီချင်းကို သီသည်ရှိသော် အရှင့်သားသည် ထိုပရိသတ်အတွင်း၌ အကယ်၍ရှိသည်ဖြစ်အံ့၊ သင်တို့နှင့်အတူ စကားပြောဆိုသတ္တံ့၊ ထိုအခါ အရှင့်သားအား ငါ၏ရောဂါ ကင်းသောအဖြစ်ကို ဆို၍ အရှင့်သားကိုခေါ်၍ လာကြကုန်လော့၊ အကယ်၍ မလိုက်လာအံ့၊သတင်း စကား မှာသားလိုက်ကြ ကုန်လော့ဟု ဆို၍ ရိက္ခာပေး၍ ကချေသည်တို့ကို လွှတ်လိုက်၏။ ကချေသည်တို့သည် ဗာရာဏသီပြည်မှ ထွက်၍ ထိုထိုအရပ်၌ ပွဲသဘင် ပြုကုန်လျက် ပစ္စန္တရစ်သို့ သွားကုန်၏။ ခိုးသူကြီးသည်လည်း ပြေး၍ ထိုပစ္စန္တရစ်ရွာ၌ နေ၏။ ထိုကချေသည်တို့သည် ထိုအရပ်၌ ပွဲသဘင်ပြုလျက် ဤသီချင်းကိုလျှင် သီဆိုကုန်၏—

၆၉။ ယံ တံ ဝသန္တသမယေ၊ ကဏဝေရေသု ဘာဏုသု။
သာမံ ဗာဟာယ ပီဠေသိ၊ သာ တံ အာရောဂျမဗြဝိ။

အကြင်ဝသန္တ နွေဦးအခါ၌ ကုလားဇလပ်ပန်းချုံ၌ သာမာကို လက်မောင်းဖြင့် ဖျစ်ညှစ်၏။ ထိုသာမာသည် ထိုအရှင့်သားကို ကျန်းမာစွာရှိကြောင်း အကြောင်းကြား၏။

ခိုးသူကြီးသည် ထိုစကားကို ကြား၍ ကချေသည်သို့ ကပ်၍ သင်သည် သာမာကား ရှင်သေး၏ဟု ဆို၏။ ငါမယုံဟု ကချေသည်နှင့် စကားပြောလို ရကား ဤဂါထာကို ဆို၏—

၇၀။ အမ္ဗော န ကိရ သဒ္ဒေယျံ၊ ယံ ဝါတော ပဗ္ဗတံ ဝဟေ။
ပဗ္ဗတဉ္စေ ဝဟေ ဝါတော၊ သဗ္ဗမ္ပိ ပထဝိံ ဝဟေ။
ယတ္ထ သာမာ ကာလကတာ၊ သာမံ အာရောဂျ' မဗြဝိ။

အို ကချေသည် သေငြိးသော သာမာသည် ငါ့အား ကျွန်းမာကြောင်း၊ အကြောင်းကြား၏။ ဤစကားသည် မယုံကြည်အပ်သော စကားဖြစ်သတတ်။ တောင်ကိုဆောင်သော လေသည် တောင်ကို လည်းကောင်း၊ အလုံးစုံသော ကမ္ဘာမြေကို လည်းကောင်း ဆောင်ရာ၏။ ဤစကားကဲ့သို့ ထိုအတူ မယုံကြည် အပ်သော စကားဖြစ်သတတ်။

ကချေသည်သည် ခိုးသူကြီးစကားကို ကြား၍ ကချေသည်သည် ဤဂါထာ ကို ဆို၏—

၇၁။ န စေဝ သာ ကာလကတာ၊ န စ သာ အညမိစ္ဆတိ။
ကေဘတ္တိကိနိ သာမာ၊ တမေဝ အဘိကင်္ခတိ။

ထိုသာမာသည် မသေသေးသည်သာတည်း၊ ထိုသာမာသည် တစ်ခြားသော လင်ကို အလိုမရှိ၊ သာမာသည် ဝယ်ထားသော လင်တစ်ယောက်တည်းကိုသာ အလိုရှိ၏။

ခိုးသူကြီးသည် ထိုစကားကိုကြား၍ သာမာသည် ရှင်သည်မူလည်းဖြစ်စေ၊ သေသည်မူလည်းဖြစ်စေ သာမာဖြင့် ငါအလိုမရှိဟု ဆို၍ ဤဂါထာကို ဆို၏—

၇၂။ အသန္ထုတံ မံ စိရသန္ထုတေန၊
နိမိနိ သာမာ အဓုဝံ ဓုဝေန။
မယာပိ သာမာ နိမိနေယျ အညံ၊
ဣတော အဟံ ဒူရတရံ ဂမိဿံ။

သာမာသည် မပေါင်းဖော်ဖူးသော ငါ့ကို ကြာမြင့်စွာ ပေါင်းဖော်သော သူဌေးသားဖြင့် လဲလှယ်၍ ယူ၏။ မမြဲသောငါ့ကို မြဲသော လင်ဖြင့် လဲလှယ်၍ ယူရာ၏။ သမာသည် ငါ့ဖြင့်လည်း တပါးသော လင်ကို လဲလှယ်၍ ယူရာ၏။ ငါသည် ဤအရပ်မှ ပို၍ဝေးသော အရပ်သို့ သွားအံ့။

ငါ၏ တပါးသို့ သွားသော အဖြစ်ကို သာမာအား ပြောဆိုကြကုန်ဟု ဆို၍ ထိုကချေသည်တို့၏ မြင်စဉ်လျှင် အလွန်ပြင်းစွာ ပုဆိုးကိုဝတ်၍ မြန်စွာသော အဟုန်ဖြင့် ပြေး၏။ ကချေသည်တို့သည် သွား၍ ခိုးသူကြီးပြုသော အမူအရာကို သာမာအား ပြောဆိုကုန်၏။ သာမာသည် နှလုံးမသာ၍ မိမိသဘောဖြင့်လျှင် ကာလကို လွန်စေ၏။

### ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ သူဌေးသား ဖြစ်ဖူးပြီ။ ယခုအခါ ဤရဟန်း၏ မယားဟောင်းသည် ထိုအခါ သာမာ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခိုးသူကြီးဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာတစ်ဆယ့်ရှစ်ခုမြောက်သော ကဏဝေရဇာတ်သည် ပြီး၏။

---

## ၁၁၉-တိတ္တိရဇာတ်

## ( တည်–ခါ )

### ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှ မရွေ့

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည်“သုသုခံဝတ ဇီဝါမိ”အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတိတ္တိရဇာတ်ကို ကောသမ္ဗီပြည်ကို ဒ္ဓမှီပြု၍ ဆီးတော ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင် ရာဟုလာမထေရ်ကို အကြောင်းပြု၍ ဟောတော် မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက် ကေကနိပါတ် တိပလ္လတ္ထဇာတ်၌ ချဲ့အပ်ပြီ)။

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ အရှင်ရာဟုလာသည် သိက္ခာကို အလိုရှိ၏။ ကုက္ကုစ္စပြုတတ်၏။ ဆုံးမခြင်းငှါ ခံ၏ဟု စကားကို ဖြစ်စေကုန်၏။ ထိုအရှင်ရာဟုလာမထေရ်၏ ကျေးဇူးစကားကို ဖြစ်စေလတ်သည်ရှိသော် သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ရာဟုလာသည် ဆုံးမခြင်းငှါ ခံသည်မဟုတ်သေး၊ ရှေး၌လည်း ဆုံးမခြင်းငှါ ခံသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အာတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွား၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ တောထွက်၍ ဟိမဝန္တာ၌ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက် မွေ့လျော်ဖွယ်ရှိသော တောအုပ်၌နေ၍ ချဉ်ဆားမှီဝဲအံ့သောငှါ မထင်ရှားသော ပစ္စန္တရွာသို့ သွား၏။ ထိုရွာ၌နေသူ လူတို့သည် ဘုရားလောင်းကိုမြင်၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ မထင်ရှားသော တော၌ ကျောင်းဆောက်၍ ပစ္စည်းတို့ဖြင့် လုပ်ကျွေးကုန်လျက် နေစေကုန်၏။ ထိုအခါ ရွာ၌ တစ်ယောက်သော ငှက်မုဆိုးသည် တစ်ကောင်သော တိန်ညင်ခါကို ယူ၍ ကောင်းစွာသင်၍ ချိုင့်၌ထား၍ မွေး၏။ ထိုမုဆိုးသည် ထိုခါကို တောသို့ ဆောင်၍ ထိုခါ၏ အသံဖြင့် လာတိုင်းကုန်သော ခါတို့ကိုယူ၍ ရောင်း၍ အသက်မွေး၏။ ခါသည် တစ်ခုသောငါ့ကိုမှီ၍ ငါ၏ဆွေမျိုးတို့သည် ပျက်စီးကုန်၏၊ဤမကောင်းမှုကား ငါ၏မကောင်းမှုတည်းဟုကြံ၏။ ကြံပြီး၍ အသံမပြု ဆိတ်ဆိတ်နေ၏။ ထိုအခါ ထိုမုဆိုးသည် ခါဆိတ်ဆိတ်နေသည်၏ အဖြစ်ကိုသိ၍ ဝါးခြမ်းစိတ်ဖြင့် ခါကို ဦးခေါင်း၌ရိုက်၏။ ခါသည် ဆင်းရဲနှိပ်စက်ခြင်းကြောင့် အသံပြု၏။ ဤသို့ ထိုမုဆိုးသည် ထိုခါကိုမှီ၍ ခါတို့ကိုယူ၍ အသက်မွေး၏။ ထိုအခါ ထိုခါသည် ဤငါ၏ အဆွေအမျိုးတို့သည် သေစေကုန်သတည်းဟု ငါ့အား စေတနာသည် မရှိ၊ ငါ့ကိုစွဲ၍ကား မုဆိုးသည် ပါဏာတိပါတကံကို ရ၏။ ငါသည် အသံမပြုသော် ထိုခါတို့သည် မလာကုန်။ အသံကိုပြုသော်သာလျှင် လာကုန်၏။ လာတိုင်း လာတိုင်းကုန်သော ခါတို့ကို ဤမုဆိုးသည်ယူ၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ဤအရာ၌ ငါ့အား မကောင်းမှုရှိသလော၊ မရှိသလောဟု ကြံ၏၊ ကြံပြီး၍ ထိုခါသည် ထိုအခါမှစ၍ အဘယ်သူသည်လျှင် ငါ၏ ယုံမှားခြင်းကို ဖျောက်နိုင်အံ့နည်းဟု ထိုသို့ သဘောရှိသော ပညာရှိကို ဆင်ခြင်လျက် သွား၏။ ထိုအခါ တစ်နေ့သ၌ ထိုငှက်မုဆိုးသည် များစွာကုန်သော ခါတို့ကို ယူ၍ ရေသောက်အံ့ဟု ဘုရားလောင်း၏ ကျောင်းသို့ သွား၍ ထိုချိုင့်ကို ဘုရားလောင်း အထံ၌ ထား၍ ရေကိုသောက်၍ သဲပြင်၌ လျောင်းလျက် အိပ်ပျော်၏။ ခါသည် မုဆိုးအိပ်ပျော်သည်၏အဖြစ်ကိုသိ၍ ငါ၏ယုံမှားခြင်းကို ရသေ့ကို မေးအံ့၊ သိသည်ရှိသော် ငါ့အားဖြေလတ္တံ့ဟု ချိုင့်၌နေလျက်လျှင် ဘုရားလောင်းကို မေးလိုရကား ဤဂါထာကို ဆို၏-

၃၃။ သုသုခံ ဝတ ဇီဝါမိ၊ လဘာမိ စေဝ ဘုဉ္ဇိတုံ။
ပရိပန္ထေ စ တိဋ္ဌာမိ၊ ကာ နု ဘန္တေ ဂတီ မမ။

အရှင်ဘုရား အကျွန်ုပ်သည် ဤငှက်မုဆိုးကိုမှီ၍ စင်စစ် အလွန်ချမ်းသာစွာ အသက်မွေးရ၏၊ စားခြင်းငှါ အလိုအတိုင်းလည်း ရ၏။ ထိုသို့ ဖြစ်ငြားသော်လည်း ဆွေမျိုးတို့၏ ပျက်စီးရာ လမ်းကြောင်း၌သာလျှင် တည်ရ၏။ အရှင်ဘုရား အကျွန်ုပ်၏ ဂတိသည် အဘယ်သို့ဖြစ်လတ္တံ့နည်း။

ထိုခါ၏ ပြဿနာကို ဖြေလိုရကား ဘုရားလောင်းသည် ဤဂါထာကိုဆို၏—

၇၄။ မနော စေ တေ နပ္ပဏမတိ၊ ပက္ခိ ပါပဿ ကမ္မုနော။
အဗျာဝဋဿ ဘဒြဿ၊ န ပါပ'မုပလိမ္ပတိ။

အချင်းငှက် မကောင်းမှုအကျိုးငှါ သင်၏ စိတ်သည် မညွတ်အံ့၊ လုံ့လ မပြုသော စိတ်ကောင်းရှိသော သင့်အား မကောင်းမှုတို့ မလိမ်းကျံပေ။

ထိုစကားကို ကြား၍ ခါသည် ဤဂါထာကို ဆို၏။

၇၅။ "ဉာတကော နော နိသိန္နော တိ၊ ဗဟု အာဂစ္ဆတေ ဇနော။
ပဋိစ္စ ကမ္မံ ဖုသတိ၊ တသ္မိံ မေ သင်္ကတေ မနော။

အရှင်ဘုရား ငါတို့၏အဆွေအမျိုးသည် နေ၏ဟု များစွာသော ခါသည် လာ၏၊ အကျွန်ုပ်ကိုစွဲ၍ ပါဏာတိပါတကံကို မုဆိုးသည် ရ၏။ ထိုမကောင်းမှု၌ အကျွန်ုပ်၏ စိတ်သည် ယုံမှား၏။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

၇၆။ န ပဋိစ္စ ကမ္မံ ဖုသတိ၊ မနော စေ နပ္ပဒုဿတိ။
အပ္ပေါဿုက္ကဿ ဘဒြဿ၊ န ပါပ' မုပလိမ္ပတိ။

အချင်းငှက် သင့်စိတ်သည် ပြစ်မှားခြင်း မရှိအံ့၊ သင့်ကိုစွဲ၍ မုဆိုးပြုသော ပါဏာတိပါတကံသည် သင့်ထံသို့မရောက်၊ လုံ့လမပြုသော စိတ်ကောင်းရှိသော သင့်အား မကောင်းမှုသည် မလိမ်းကျံပေ။

ဤသို့ ဘုရားလောင်းသည် ခါကို သိစေ၏။ ခါသည်လည်း ဘုရားလောင်းကို မှီ၍ ကုက္ကုစ္စကင်း၏၊ မုဆိုးသည် နိုးလတ်သော် ဘုရားလောင်းကို ရှိခိုး၍ ချိုင့်ကို ယူ၍ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခု အခါ ရာဟုလာသည် ထိုအခါ ခါဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏၊

သုံးရာတစ်ဆယ့်ကိုးနှမြောက်သော တိတ္တိရဇာတ်သည် ပြီး၏။

---

## ၃၂၀-သုစ္စဇဇာတ်

(အေးအတူ, ပူအမျှ)

ကောင်းတူ ဆိုးဖက်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည်''သုစ္စဇံ ဝတ နစ္စဇိ''အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသုစ္စဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဝစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူကြွယ်သည် ရွာငယ်၌ မြီကို တောင်းအံ့ဟု မယားနှင့်တကွ ထိုရွာသို့ သွား၍ မြီကိုပေးဆပ်စေ၍ ပေးဆပ်ပြီးသောမြီကိုယူ၍ နောက်မှ ဆောင်အံ့ဟု တစ်ဦးသော အမျိုးထံ၌ ထားခဲ့၍ တစ်ဖန် သာဝတ္ထိပြည်သို့ ပြန်လတ်သော် ခရီးအကြား၌ တစ်ခုသောတောင်ကို မြင်၍ ထိုအခါ ထိုသူကြွယ်ကို မယားသည် အရှင် ဤတောင်သည် ရွှေဖြစ်သော် ကျွန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု ဆို၏။ ရှင်မသင်သည် အဘယ်သို့သဘောရှိသော မိန်းမနည်း။ တစ်စုံတစ်ခု ငါမပေးဟု ဆို၏။ ထိုမယားသည် ဤယောကျ်ားကား ဤတောင် ရွှေဖြစ်သော် လည်း ငါ့အား တစ်စုံတစ်ခုကို မပေးသည် တိုင်အောင် နှလုံးခိုင်မာ၏ဟု နှလုံး မသာယာရှိ၏။ ထိုနှစ်ယောက်သော သူတို့သည် ဇေတဝန် ကျောင်းတော်၏ အနီးသို့လာ၍ ရေသောက်ကုန်အံ့ဟု ကျောင်းသို့ဝင်၍ ရေသောက်ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည်လည်း မိုးသောက်ထ၌လျှင် ထိုနှစ်ယောက်သော သူတို့၏ သောတာပတ္တိဖိုလ်၌ ဥပနိဿယကို မြင်တော်မူ၍ လာလတ္တံ့သော လမ်းကို မျှော်တော်မူလျက် ဂန္ဓကုဋိပရိဝုဏ်၌ ခြောက်သွယ်သော ရောင်ခြည် တော်တို့ကို လွှတ်လျက် နေတော်မူ၏။ ထိုနှစ်ယောက်သော သူတို့သည် လည်း ရေသောက်ပြီးသော် လာလတ်၍ ဘုရားကို ရှိခိုး၍ နေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုနှစ်ယောက်ကုန်သော သူတို့နှင့် တကွ

ပဋိသန္ထာရ ပြုတော်မူ၍ အဘယ်သို့ သွားကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ကြွေးမြီကို သုတ်သင်အံ့သောငှါ ရွာငယ်သို့ သွားကုန်၏ဟု လျှောက်ကုန်လတ်သော် သီတင်းသည်မ သင်၏ လင်သည် သင်၏ အစီးအပွါးကို အလိုရှိ၏လော၊ သင့်အားကျေးဇူးပြု၏လောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ အကျွန်ုပ်သည် ဤ ယောကျ်ားအား ချစ်၏၊ ဤယောကျ်ားသည်ကား အကျွန်ုပ်၌ မချစ်၊ ယနေ့အကျွန်ုပ် သည် တောင်ကိုမြင်၍ ဤတောင်ရွှေဖြစ်သော် ကျွန်ုပ်အား စိုးစဉ်းပေးပါအံ့ လောဟု ဆိုသည်ရှိသော် သင်သည် အဘယ်မိန်းမနည်း။ ငါသည် တစ်စုံတစ်ခုကို မပေးဟု ဆို၏၊ ဤယောကျ်ားသည် ဤသို့ခိုင်မာသော နှလုံးရှိ၏ဟု လျှောက်၏။ သီတင်းသည်မ ဤယောကျ်ားသည် ဤသို့ ဆိုငြားသော်လည်း အကြင်အခါ သင်၏ ကျေးဇူးကို အောက်မေ့၏။ ထိုအခါ အလုံးစုံသော စည်းစိမ်ကို ပေးဖူး ၏ဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဟောတော်မူပါဟု ထိုဒါယကာ ဒါယိကာမ တို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ခပ်သိမ်းသော အမှုကိစ္စကို ဆောင်ရွက်သော အမတ်ဖြစ်၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် မင်းခစားအံ့ သောငှါ လာသော သားတော် အိမ်ရှေ့မင်းကိုမြင်၍ ဤမင်းသားသည် ငါ၏ နန်းတွင်း၌ ပြစ်မှားရာ၏ဟု အိမ်ရှေ့မင်းကိုခေါ်၍ အမောင် သင်သည် ငါအသက် ရှည်သရွေ့ မြို့၌ နေခြင်းငှါ မရ။ တစ်ပါး၌နေ၍ ငါလွန်မှ မင်းပြုလောဟု ဆို၏။ အိမ်ရှေ့မင်းသည် ကောင်းပြီဟု အဘကို ရှိခိုး၍ မယားကြီးနှင့်တကွ ဗာရာဏသီ ပြည်မှထွက်၍ ပစ္စန္တရစ်သို့ သွား၍ တောသို့ဝင်၍ သစ်ရွက်မိုးသော ဇရပ်ကို ဆောက်၍ တောသစ်မြစ် သစ်သီးတို့ဖြင့် မျှလျက်နေ၏။ နောက်အဖို၌ မင်းသည် သေလွန်၏။ အိမ်ရှေ့မင်းသည် နက္ခတ်ကိုကြည့်၍ မင်းသေလွန်သည်၏အဖြစ်ကို သိ၍ ဗာရာဏသီပြည်သို့ လာလတ်သော် လမ်းအကြား၌ တစ်ခုသောတောင်ကို မြင်၍ ထိုအခါ ထိုမင်းသားကို မယားသည် ရှင်မင်းကြီး ဤတောင် ရွှေဖြစ် သော် အကျွန်ုပ်အား စိုးစဉ်းပေးပါအံ့လောဟု ဆို၏။ သင်သည် အဘယ်မည် သော မိန်းမနည်း။ တစ်စုံတစ်ခုကို ငါမပေးဟု ဆို၏။ ထိုမိန်းမသည် ငါကား ဤယောကျ်ားအား ချစ်ခြင်းကို မဖြတ်နိုင်၍ တောသို့ဝင်၏။ ဤယောကျ်ား သည် ဤသို့ဆို၏။ အလွန်လျှင် ခိုင်မာသော နှလုံးရှိ၏၊ ဤသူသည် မင်းဖြစ် သော်လည်း ငါ့အား အဘယ်ကောင်းသောအမှုကို ပြုလတ္တံ့နည်းဟု နှလုံးမသာ ရှိ၏။

ထိုမင်းသားသည် လာလတ်၍ မင်းအဖြစ်၌ တည်လတ်သော် ထိုမိန်းမကို မိဖုရားကြီးအရာ၌ ထားခြင်းဟူသော စည်းစိမ်မျှကိုသာလျှင် ပေး၏။ ထို့ထက် အလွန်မြတ်နိုးခြင်း ပေးကမ်းခြင်းသည်မရှိ။ ထိုမိန်းမ၏ ရှိသည်၏ အဖြစ်ကိုမျှ လည်း မသိ။ ဘုရားလောင်းသည် ဤမိဖုရားကား ဤမင်းအား ကျေးဇူးပြု၏။ ဆင်းရဲခံ၍ တော၌နေ၏။ ဤမင်းကား ဤမိဖုရားကို မရေမတွက်မူ၍ တစ်ပါး သော မိန်းမတို့နှင့်တကွ မွေ့လျော်၏။အကြင်သို့ ပြုသည်ရှိသော် ဤမိဖုရား သည် ခပ်သိမ်းသောစည်းစိမ်ကို ရ၏။ ထိုသို့ ငါပြုအံ့ဟု ကြံ၍ တစ်နေ့သ၌ ထိုမိဖုရားသို့ကပ်၍ ရှိခိုး၍ ရှင်မိဖုရား ကျွန်ုပ်တို့သည် အရှင်တို့၏အထံမှ ထမင်း ကိုမျှ မရပါကုန်။ အဘယ့်ကြောင့် ကျွန်ုပ်တို့၌ မေ့လျော့ကုန်သနည်း။ အလွန် ခိုင်မာသောနှလုံး ရှိကုန်သနည်းဟုဆို၏။ ဘခင် ကျွန်ုပ်သည် အကယ်၍ရငြားအံ့။ ဘခင်တို့အားလည်း ပေးပါအံ့။ မရပါမူကား အဘယ်ကို ပေးရအံ့နည်း။ မင်း သည်လည်း ကျွန်ုပ်အား ယခု အဘယ်မည်သောဥစ္စာကို ပေးလတ္တံ့နည်း။ ထို မင်းသည် ခရီးအကြား၌ ဤတောင်ရွှေဖြစ်သော် ကျွန်ုပ်အား စိုးစဉ်းပေးပါအံ့ လောဟု မေးသည်ရှိသော် သင်သည် အဘယ်မည်သော မိန်းမနည်း ငါသည် တစ်စုံတစ်ခုကို မပေးဟုဆို၏။ ထိုမင်းသည် ယခု အဘယ်ကို အကျွန်ုပ်အား ပေးလတ္တံ့နည်းဟု ဆို၏။ ရှင်မိဖုရား သင်တို့သည် မင်း၏အထံ၌ ဤစကားကို ဆိုခြင်းငှါ စွမ်းနိုင်ပါကုန်အံ့လောဟု ဘုရားလောင်းဆို၏။ ဘခင် စွမ်းနိုင်၏ဟု မိဖုရားဆို၏။ ထိုသို့တပြီးကား ကျွန်ုပ်သည် မင်းအထံ၌နေ၍ မေးအံ့။ သင်တို့ သည် ဆိုကုန်လော့ဟု ဘုရားလောင်းဆို၏။ မိဖုရားသည် ဘခင် ကောင်းပြီဟု ဆို၏။ ဘုရားလောင်းသည် မင်းအား ခစားအံ့သောငှါလာ၍ မိဖုရားနေသော ကာလ၌ အရှင်မိဖုရား ကျွန်ုပ်တို့သည် ရှင်မိဖုရားတို့၏ အထံမှ တစ်စုံတစ်ခုကို မရပါကုန်ဟုဆို၏။ဘခင် ကျွန်ုပ်သည် တစ်စုံတစ်ခုကို မရပါဘဲလျက် ဘခင်အား အဘယ်ကို ပေးပါရအံ့နည်း။ အကြင်မင်းသည် တောမှ လာသောကာလ၌ တင်ခုသော တောင်ကိုမြင်၍ ဤတောင် ရွှေဖြစ်သော် ကျွန်ုပ်အားစိုးစဉ်းပေးပါ အံ့လောဟု မေးသည်ရှိသော် သင်သည် အဘယ်မည်သော မိန်းမနည်း ငါသည် တစ်စုံတစ်ခုကို မပေးဟုဆို၍ ပေးလွယ်သော အရာကိုလည်းမပေး၊ ထိုမင်းသည် ယခုအခါ ကျွန်ုပ်အား အဘယ်မည်သော ဥစ္စာကို ပေးလတ္တံ့နည်း ဟူသော အနက်ကို ပြလို၍ ဤဂါထာကို ဆို၏—

၇၇။ သုစ္စဇံ ဝတ နစ္စဇိ၊ ဝါစာယ အဒဒံ ဂိရိံ။
ကိံ ဟိ တဿ စဇန္တဿ၊ ဝါစာယ အဒဒ ပဗ္ဗတံ။

ဖခင် တောင်ကိုပင် စကားအဖြစ်ဖြင့် မပေးသောမင်းသည် စင်စစ် ပေးစွန့် လွယ်သော အရာကို မပေးစွန့်ပေ။ ပေးခြင်းလျှင် ဘာမျှ မဖြစ်နိုင်သော တောင်ကိုပင် စကားဖြင့် မပေးပေ။

ထိုစကားကို ကြား၍ မင်းသည် ဤဂါထာကို ဆို၏—

၇၈။ ယဉ္ဟိ ကယိရာ တဉ္ဟိ ဝဒေ၊ ယံ န ကယိရာ န တံ ဝဒေ။
အကရောန္တံ ဘာသမာနံ၊ ပရိဇာနန္တိ ပဏ္ဍိတာ။

ပညာရှိသည် ပြုအပ်သော အမှုကိုသာလျှင် ဆိုရာ၏။ မပြုသော အမှုကို မဆိုရာ၊ ဆိုလျက် မပြုသောသူကို ပညာရှိတို့သည် သိကုန်၏။

ထိုစကားကို ကြား၍ မိဖုရားသည် မင်းအား လက်အုပ်ချီ၍ ဤဂါထာကို ဆို၏—

၇၉။ ရာဇပုတ္တ နမော တျတ္ထု၊ သစ္စေ ဓမ္မေ ဌိတော စသိ။
ယဿ တေ ဗျသနံ ပတ္တော၊ သစ္စသ္မိံ ရမတေ မနော။

မင်းသား သင့်အား ရှိခိုးခြင်းသည် ဖြစ်စေသတည်း။ သင်သည် သစ္စာ၌ လည်းကောင်း၊ တရား၌ လည်းကောင်း တည်လျက် နေ၏။ တိုင်းမှ နှင်ထုတ်ခြင်းဟု ဆိုအပ်သော ပျက်စီးခြင်းသို့ ရောက်လျက် သင်၏ စိတ်သည် သစ္စာတရား၌ မွေ့လျော်ပေ၏။

ဤသို့ မင်း၏ ကျေးဇူးကို ဆိုသော မိဖုရား၏ စကားကို ဘုရားလောင်း ကြား၍ မိဖုရား၏ ကျေးဇူးကို ဆိုလိုရကား ဤဂါထာကို ဆို၏—

၈၀။ ယာ ဒလိဒ္ဒီ ဒလိဒ္ဒဿ၊ အဍ္ဎာ အဍ္ဎဿ ကိတ္တိမ။
သာ ဟိဿ ပရမာ ဘရိယာ၊ သဟိရညဿ ဣတ္ထိယော။

ကျော်စောခြင်းရှိသော မင်းမြတ် မယားသည် လင်ဆင်းရဲသော ကာလ၌ မိမိလည်း ဆင်းရဲ၏။ လင်ကြွယ်ဝသော ကာလ၌ မိမိလည်း ကြွယ်ဝ၏။ ထိုမယားသည်သာလျှင် ထိုယောကျ်ား၏ မယားမြတ်တည်း။ ရွှေငွေဥစ္စာ ရှိသောသူအား မိန်းမတို့သည် ဖြစ်ကြကုန်သည်မှာ အံ့သြဖွယ် မရှိပေ။

ဘုရားလောင်းသည် ဤသို့ဆို၍ မြတ်သောမင်းကြီး မိဖုရားသည် ရှင်မင်းကြီး ဆင်းရဲသေးကာလ တော၌ နေလျက် အတူဆင်းရဲခံ၏။ ဤမိဖုရားအား ချီးမြှောက်ခြင်းကို ပြုသင့်၏ဟု မိဖုရား၏ ကျေးဇူးကို ဆို၏။ မင်းသည် ဘုရားလောင်း၏ စကားဖြင့် မိဖုရား၏ ကျေးဇူးကို အောက်မေ့၍ ပညာရှိ သင့်စကားဖြင့် ငါသည် မိဖုရားကျေးဇူးကို အောက်မေ့မိပြီဟု ဆို၍ မိဖုရားအား ခပ်သိမ်းသော

စည်းစိမ်ကို ပေး၏။ သင်ပညာရှိသည် မိဖုရားကျေးဇူးကို ငါ့ကို အောက်မေ့စေ၏ဟု ဘုရားလောင်းအားလည်း များစွာသော စည်းစိမ်ကို ပေး၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ နှစ်ယောက်ကုန်သော လင်မယားတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ ဤသူကြွယ်သည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ဤသီတင်းသည်မသည် ထိုအခါ မိဖုရားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော အမတ် ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ်ခုမြောက်သော သုစ္စဇာတ်သည် ပြီး၏။

၂-ပုစိမန္ဒဝဂ် ပြီး၏။

## ၃-ကုဋိဒူသကဝဂ်

### ၃၂၁-ကုဋိဒူသကဇာတ်

**ကိုယ့်ထက်မြတ်သူ တန်းတူမတွေ့က တစ်ယောက်တည်း နေပါ လူမိုက်ကို အပေါင်းမပြုရ**

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "မနုဿဿေဝ တေ သီသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုဋိဒူသကဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်မဟာကဿပမထေရ်၏ ကုဋိကို မီးတိုက်သော ရဟန်းငယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည်ကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။)

ထိုအခါ အရှင်မဟာကဿပ မထေရ်သည် ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ တောကုဋိ၌ နေသတတ်၊ အရှင်မဟာကဿပ မထေရ်အား နှစ်ယောက်ကုန်သော ရဟန်းငယ်တို့သည် လုပ်ကျွေးကုန်၏၊ ထိုရဟန်းငယ်တို့တွင်

တစ်ယောက်သော ရဟန်းငယ်သည် အရှင်မဟာကဿပ မထေရ်အား ကျေးဇူးပြု၏၊ တစ်ယောက်သော ရဟန်းငယ်သည် ဆိုနိုင်ခက်၏။ ကျေးဇူးပြုသော ရဟန်းငယ်သည် ပြုတိုင်း ပြုတိုင်းသော အမှုကို မိမိပြုသည်နှင့် အတူပြု၏။ ထိုကျေးဇူးကို ပြုသော ရဟန်းငယ်သည် မျက်နှာသစ်ရေ အစရှိသည်တို့ကို တည်အပ်ကုန်သည် ရှိသော် မထေရ်အထံသို့ သွား၍ ရှိခိုး၍ အရှင်ဘုရား ရေကို တည်ထားအပ်ပြီ၊ မျက်နှာသစ်တော်မူပါလော့၊ ဤသို့ အစရှိသည်တို့ကို ဆို၏။ ကျေးဇူးပြုသော ရဟန်းငယ်သည် စောစောကလျှင် ထ၍ မထေရ်၏ ပရိဝုဏ်၌ တံမြက်လှည်းသည် ရှိသော် မထေရ် ထွက်သော ကာလ၌ ထိုမှ ဤမှ လှည်းခတ်လျက် အလုံးစုံသော ပရိဝုဏ်ကို မိမိ တံမြက်လှည်းသကဲ့သို့ ပြု၏။

ဝတ်နှင့် ပြည့်စုံသော ရဟန်းငယ်သည် ဤ ဆိုနိုင်ခက်သော ရဟန်းအား ငါပြုတိုင်း ပြုတိုင်း မိမိပြုသည်နှင့် တူအောင် ပြု၏။ ထိုရဟန်း၏ ဒုစ္စရိုက်အမှုကို ထင်ရှားအောင် ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုသို့ ဆိုနိုင်ခက်သော ရဟန်းငယ်သည် ရွာတွင်းမှ ဆွမ်းစားပြီးခဲ့သော် လာ၍ အိပ်စဉ်လျှင် ချိုးရေကို နွေး၍ ရေချိုးအိုးမှ အပ၌ ထား၍ တစ်မှုတ်မျှသော ရေနွေးကို ခုံသောက်၌ တင်သော အိုး၌ ထား၏။ ဆိုနိုင်ခက်သော ရဟန်းငယ်သည် နိုးလတ်သော် သွား၍ အငွေ့ထသည်ကို မြင်၍ ရေကို နွေး၍ ရေချိုးအိုး၌ ထားသည် ဖြစ်လတ္တံ့ဟု မထေရ်အထံသို့ သွား၍ အရှင်ဘုရား ရေချိုးအိုး၌ ချိုးရေတည်ထားပြီ၊ ရေချိုးတော်မူပါလော့ဟု လျှောက်၏။ မထေရ်သည် ရေချိုးအံ့ဟု ထိုရဟန်းငယ်နှင့် တကွလျှင် လာလတ်၍ ရေချိုးအိုး၌ ရေကို မမြင်၍ ရေအဘယ်မှာနည်းဟု မေး၏။ ထိုရဟန်းငယ်သည် လျင်မြန်စွာ မီးတင်းကုပ်သို့ သွား၍ အချည်းနှီးသော အိုး၌ ရေမှုတ်ကို ချ၏။ ရေမှုတ်သည် အချည်းနှီးသော အိုး၏ အပြင်၌ ကျ၍ ခေါက်ခေါက် မြည်၏။ ထိုအခါမှ စ၍ ထိုရဟန်းငယ်အား "ဥဋ္ဌုက်သဒ္ဒက" ဟူသော အမည်သည် ဖြစ်၏။ ထိုခဏ၌ ဝတ်နှင့် ပြည့်စုံသော ရဟန်းငယ်သည် ရေချိုးအိုး၏ အပြင်မှ ရေကို ဆောင်၍ အရှင်ဘုရား ရေချိုးတော်မူပါဟု လျှောက်၏။ မထေရ်သည် ရေချိုး၍ ဆင်ခြင်သည် ရှိသော် ဥဋ္ဌုက်သဒ္ဒက ရဟန်းငယ်သည် ဆိုနိုင်ခက်သော အဖြစ်ကို သိ၍ ဥဋ္ဌုက်သဒ္ဒကကို ညချမ်းသောအခါ မထေရ်အား ဆည်းကပ်အံ့သောငှါ လာလတ်သော် ငါ့ရှင် ရဟန်းမည်သည်ကား မိမိ ပြုသော အမှုကိုသာလျှင် ငါပြုသော အမှုဟု ဆိုခြင်းငှါ သင့်၏၊ မိမိ မပြုသော အမှုကို ငါပြုသောအမှုဟု ဆိုသည် ရှိသော် မုသာဝါဒ ဖြစ်၏။ ယနေ့မှစ၍ ဤသို့သဘော ရှိသော အမှုကို မပြုလင့်ဟု ဆုံးမ၏။ ဥဋ္ဌုက်သဒ္ဒက သည် မထေရ်အား အမျက်ထွက်၍ နက်ဖြန်နေ့၌ မထေရ်နှင့်တကွ ဆွမ်းခံမဝင် မထေရ်သည် ဝတ်နှင့် ပြည့်စုံသော တပည့်နှင့် အတူတကွ ဆွမ်းခံဝင်၏။ ဥဋ္ဌုက်သဒ္ဒက သည်လည်း မထေရ်၏ အလုပ်အကျွေးအိမ်သို့ သွား၍ အရှင်ဘုရား မထေရ်အား အဘယ်မှာ

နည်းဟု မေးသည် ရှိသော် မချမ်းသာ၍ ကျောင်း၌လျှင် နေ၏ဟု ဆို၍ အရှင်ဘုရား အဘယ်အာဟာရကို ရခြင်းငှါ သင့်သနည်းဟု မေးသည် ရှိသော် ဤမည် ဤမည်သော အာဟာရကို ပေးကြကုန်လော့ဟု ယူ၍ မိမိ နှစ်သက်သော အရပ်သို့ သွား၍ စားပြီးသော် ကျောင်းသို့ သွား၏။ နက်ဖြန် မထေရ်သည် ထိုအိမ်သို့ သွား၍ နေ၏။

လူတို့သည် အရှင်ဘုရား အရှင်ဘုရားအား အဘယ်ရောဂါ ဖြစ်သနည်း။ ယမန်နေ့က ကျောင်း၌လျှင် နေသတတ်။ ဤမည်သော ရဟန်းငယ်၏ လက်၌ အကျွန်ုပ်တို့သည် အာဟာရကို ပေးလိုက်ကုန်၏။ အရှင်ဘုရား သုံးဆောင်တော်မူရပါ၏လော့ဟု လျှောက်ကုန်သည် ရှိသော် မထေရ်သည် ဆိတ်ဆိတ်နေ၍လျှင် ဆွမ်းဘုဉ်းပေးခြင်းကို ပြု၍ ကျောင်းသို့ လာ၏၊ ညချမ်းအခါ မထေရ်အား ခစားအံ့သောငှါ လာသော ဥဋ္ဌုက်သဒ္ဒကကို ခေါ်၍ ငါ့ရှင် ဤမည်သောရွာ ဤမည်သော အိမ်၌ မထေရ်ဖို့ ဤမည်သော ဤမည်သော အာဟာရကို ရခြင်းငှါ သင့်၏ဟု တောင်း၍ သင်သည် ဆွမ်းကို စားသတတ်ဟု ဆို၍ ဝိညတ်မည်သည်ကား မအပ်။ တစ်ဖန် ဤသို့ သဘောရှိသော မကျင့်အပ်သော အကျင့်ကို မပြုလင့်ဟု ဆို၏၊ ထိုဥဋ္ဌုက်သဒ္ဒကသည် ဤမျှဖြင့် မထေရ်၌ ရန်ငြိုးဖွဲ့၍ ဤမထေရ်သည် ယမန်နေ့ကလည်း ရေပူကို မှီ၍ ငါနှင့်တကွ ခိုက်ရန်ကို ပြု၏၊ ယနေ့လည်း ဒါယကာတို့၏ အိမ်၌ ငါသည် စားအပ်သော တစ်ဆုပ်သော ထမင်းကို သည်းမခံနိုင်၍ ခိုက်ရန်ကို ပြု၏။ ပြုအပ်သည်နှင့် လျော်သော အမှုကို သိအံ့ဟု နက်ဖြန် မထေရ်သည် ဆွမ်းခံဝင်သည် ရှိသော် ဆောက်ပုတ်ကို ကိုင်၍ အသုံးအဆောင်တို့ကို ခွဲ၍ သစ်ရွက်မိုးသော ကုဋိကို မီးတိုက်၍ ပြေး၏။ ထိုဥဋ္ဌုက်သဒ္ဒကသည် အသက်ရှင်စဉ်လျှင် လူပြိတ္တာ ဖြစ်၍ ခြောက်ကပ်၍ သေလတ်သော် အဝီစိငရဲ၌ ဖြစ်၏။

ထိုဥဋ္ဌုက်သဒ္ဒကသည် ပြုအပ်သော မကောင်းသော အကျင့်သည် လူများ အလယ်၌ ထင်ရှားစွာ ဖြစ်၏။ ထိုအခါ အချို့ကုန်သော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိသို့ သွား၍ အဆွေခင်ပွန်းရှိရာ အရပ်၌ သပိတ်သက်န်းတို့ကို သိုမှီး၍ ဘုရားအထံတော်သို့ သွား၍ ရှိခိုးလျက် နေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းတို့နှင့် တကွ ပဋိသန္ထာရ ပြုတော်မူ၍ အဘယ်မှ လာကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ရာဇဂြိုဟ် ပြည်မှ လာကုန်၏ဟု လျှောက်သည် ရှိသော် ရာဇဂြိုဟ်ပြည်၌ အဆုံးအမ ပေးသော ဆရာသည် အဘယ်သူနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မဟာကဿပမထေရ်တည်းဟု လျှောက်သည် ရှိသော် ရဟန်းတို့ ကဿပအား ချမ်းသာပါ၏လောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မထေရ်အား ချမ်းသာ၏။ အတူနေတပည့်သည်ကား

အဆုံးအမပေးသည် ရှိသော် အမျက်ထွက်၍ မထေရ်၏ ကုဋိကို မီးတိုက်၍ ပြေး၏ဟု လျှောက်သည် ရှိသော် ထိုစကားကို ကြားတော်မူ၍ သဗ္ဗညု မြတ်စွာ ဘုရားသည် ရဟန်းတို့ ကဿပအား ဤသို့ သဘောရှိသော သူမိုက်နှင့်အတူ တကွ ကျင့်ရသောထက် တစ်ယောက်တည်း ကျင့်ရခြင်းသည်လျှင် မြတ်၏ဟု မိန့်တော်မူ၍ ဓမ္မပဒ၌ လာသော ဤဂါထာကို ဟောတော်မူ၏—

စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။

ရဟန်းတို့ ကျင့်သော သူသည် မိမိထက် မြတ်သော သူကိုလည်းကောင်း၊ တူသော သူကိုလည်းကောင်း အကယ်၍ မရငြားအံ့၊ တစ်ယောက်တည်း ကျင့်ခြင်းကို မြဲစွာ ပြုရာ၏။ သူမိုက်၌ အဆွေခင်ပွန်း၏အဖြစ် မရှိချေ။

ဤသို့ မိန့်တော်မူ၍ တစ်ဖန် ထိုရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ ထိုရဟန်းသည် ယခုအခါ၌သာလျှင် ကုဋိကို ဖျက်သည်မဟုတ်သေး၊ ရှေး၌လည်း ကုဋိကို ဖျက်ဖူးသလျှင်ကတည်း။ ယခုအခါ၌သာလျှင် အဆုံးအမပေးတတ်သော သူအား အမျက်ထွက်သည် မဟုတ်သေး၊ ရှေး၌လည်း အမျက်ထွက်ဖူးသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် သိင်္ဂိလငှက်မျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် နှစ်သက်ဖွယ်ရှိသော မိုးမယိုသော အသိုက်ကို ပြု၍ ဟိမဝန္တာ၌ နေ၏။ ထိုအခါ တစ်ကောင်သော မျောက်သည် မိုးကာလ၌ အလျဉ်မပြတ် မိုးရွာလတ်သော် အချမ်းနှိပ်စက်၍ သွားချင်းချင်း ကိုက်လျက် ဘုရားလောင်း၏ အနီး၌ နေ၏။ ဘုရားလောင်းသည် ပင်ပန်းသော ထိုမျောက်ကို မြင်၍ ထိုမျောက်နှင့် တကွ စကားပြောဆိုလိုရကား ဤဂါထာကို ဆို၏—

၇၁။ မနုဿဿေဝ တေ သီသံ၊ ဟတ္ထပါဒါ စ ဝါနရ။
အထ ကေန နု ဝဏ္ဏေန၊ အဂါရံ တေ န ဝိဇ္ဇတိ။

အို-မျောက် သင့်ဦးခေါင်းသည် လူဦးခေါင်း ပမာ ဖြစ်၏။ လက်ခြေတို့ သည်လည်း လူ၏ လက်ခြေတို့ကဲ့သို့တည်း။ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် သင့်အား နားခိုရန် အိမ်မရှိသနည်း။

ထိုစကားကို ကြား၍ မျောက်သည် ဤဂါထာကို ဆို၏—

၈၂။ မနုဿဿေဝ မေ သီသံ၊ ဟတ္ထပါဒါ စ သိင်္ဂိလ။
ယာ, ဟု သေဋ္ဌာ မနုဿေသု၊ သာ မေ ပညာ န ဝိဇ္ဇတိ။

သိင်္ဂိလ ငှဦးခေါင်းသည် လူ့ဦးခေါင်းပမာ ဖြစ်၏။ လက်ခြေတို့သည် လူတို့၌ ရှိသော မြတ်သော ပညာသည် ငါ့၌ မရှိပေ။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏—

၈၃။ အနဝဋ္ဌိတစိတ္တဿ၊ လဟုစိတ္တဿ ဒုဗ္ဘိနော။
နိစ္စံ အဒ္ဓုဝသီလဿ၊ သုခဘာဝေါ န ဝိဇ္ဇတိ။

၈၄။ သော ကရဿု အာနုဘာဝံ၊ ဝီတိဝတ္တဿု သီလိယံ။
သီတဝါတပရိတ္တာဏံ၊ ကရဿု ကုဋဝံ ကပိ။

မတည်ကြည်ဘဲ ပေါ့သောစိတ်ရှိသော အဆွေခင်ပွန်းကို ပြစ်မှားတတ်သော မမြဲသော သီလရှိသူအား ချမ်းသာသော အဖြစ်မရှိ၊ အိုမျောက် ထိုသင်သည် အစွမ်းအစကို ပြုလော့၊ သီလမရှိသူတို့၏အလေ့ကို ကျော်လွန်ပစ်လော့။ အချမ်းလေကို ကွယ်ကာတတ်သော အိမ်ကို ပြုပါလော့။

မျောက်သည် ဤငှက်ကား မိမိမိုးမစွတ်ရာ၌ နေသည်၏ အဖြစ်ဖြင့် ငါ့ကို ဆဲရေး၏။ ထိုငှက်ကို ဤအသိုက်၌ မနေစေအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းကို ဖမ်းလိုရကား ပြေးလာ၏။ ဘုရားလောင်းသည် ပျံ၍ တစ်ပါးသို့ သွား၏။ မျောက်လည်း အသိုက်ကို ဖျက်၍ မှုန်မှုန်ကြေကြေ၍ သွား၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကုဋိကို မီးတိုက်သော ရဟန်းငယ်သည် ထိုအခါ မျောက်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ သိင်္ဂိလငှက်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်တစ်ခုမြောက်သော ကုဋိဒူသကဇာတ်သည် ပြီး၏။

## ၃၂၂-ဒုဒ္ဒုဘဇာတ်

### မစူးမစမ်း ကောလာဟလယုံသူများ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ"အစရှိသော ဂါထာပုဒ်ဖြင့် ဟန်ဆာဆင်အပ်သော ဤဒုဒ္ဒုဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော်၏ အနီး ထိုထိုသို့သော အရပ်၌ ခင်းအပ်ကုန်သော ဆူးအခင်းတို့၌ အိပ်ကုန်သတတ်၊ ပဉ္စာတပအကျင့်ကို ကျင့်ကုန်သတတ်၊ အထူးထူးအပြားပြားသော မိစ္ဆာအကျင့်ကို ကျင့်ကုန်သတတ်၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံ၍ ဇေတဝန်ကျောင်းတော်သို့ လာကုန်လတ်သော် ခရီးအကြား၌ မိစ္ဆာအကျင့်ကို ကျင့်ကုန်သော တိတ္ထိတို့ကို မြင်၍ သွား၍ မြတ်စွာဘုရားသို့ ဆည်းကပ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား သာသနာတော်မှအပ ဖြစ်ကုန်သော တိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရရှိသလောဟု မေးလျှောက်ကုန်၏။ သဗ္ဗညူမြတ်စွာဘုရားသည် ရဟန်းတို့ ထိုတိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရသည်လည်းကောင်း, အကျိုးထူးသည်လည်းကောင်း မရှိ၊ ထိုတိတ္ထိတို့၏ အကျင့်သည် ဆင်ခြင်လတ်သည် ရှိသော် မစင်တို့ဖြင့် လိမ်းကပ်သော လမ်းခရီးနှင့် တူ၏။ ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့် တူ၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့် တူသည်၏ အဖြစ်ကို အကျွန်ုပ်တို့သည် မသိပါကုန်၊ ဟောတော်မူပါကုန်လော့ဟု ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်၍ အရှယ်သို့ ရောက်လတ်သော် တော၌ နေ၏။ ထိုအခါ အနောက်သမုဒ္ဒရာနား၌ ဥသျှစ်ပင်နှင့် ရောသော ထန်းတောသည် ရှိ၏။ ထိုထန်းတော၌ တစ်ကောင်သော ယုန်ငယ်သည် ဥသျှစ်ပင်၏ အနီး တစ်ခုသော ထန်းပင်ငယ်၏ ထန်းရွက်အောက်၌ နေ၏။ ထိုယုန်ငယ်သည် တစ်နေ့ပတ်လုံး အစာကို ယူ၍လာလတ်၍ ထန်းရွက်အောက်၌ ဝပ်လျက် ဤမြေသည် ပြိုငြားအံ့၊ အဘယ်သို့လျှင် သွားရပါအံ့နည်းဟု ကြံ၍ ထိုအခါ တစ်ခုသော ဥသျှစ်သီးမှည့်သည် ထန်းရွက်၏ အထက်၌

ကျ၏။ ထိုယုန်ငယ်သည် ထိုဥသျှစ်သီး၏ အသံဖြင့် မချွတ်လျှင် ဤမြေကြီးသည် ပြို၏ဟု ခုန်၍ နောက်သို့ မကြည့်မူ၍လျှင် ပြေး၏။ သေဘေးမှ ကြောက်၍ လျင်မြန်စွာ ပြေးသော ထိုယုန်ငယ်ကို တစ်ပါးသော ယုန်ငယ်သည် မြင်၍ အရှင် အဘယ့်ကြောင့် အလွန်လျှင် ကြောက်၍ ပြေးသနည်းဟု မေး၏။ အရှင် မမေးလင့်ဟု ဆို၏၊ ထိုယုန်ငယ်သည် အရှင် အဘယ်နည်း၊ အရှင် အဘယ်နည်းဟု မေးလတ်သော် ပြေးသော ယုန်ငယ်သည် ပြန်၍ မကြည့်ဘဲ လျက်လျှင် ဤအရပ်၌ မြေပြို၏ဟု ဆို၏။ ထိုမေးသော ယုန်ငယ်သည်လည်း ထိုယုန်ငယ်၏ နောက်မှ ပြေး၏၊ ဤအတူ ထိုယုန်ကို တစ်ပါးသော ယုန်သည် မြင်၏။ ထိုယုန်ကိုလည်း တစ်ပါးသော ယုန်သည် မြင်၏။ ဤသို့သော နည်းဖြင့် ယုန်တစ်သိန်းသည်တစ်ပေါင်းတည်းဖြစ်၍ပြေး၏၊ ထိုယုန်တို့ကို တစ်ကောင်သော သမင်သည် မြင်၍ တစ်ကောင်သောဝက်သည် မြင်၍ တစ်ကောင်သောစိုင်သည် မြင်၍ တစ်ကောင်သောကျွဲသည် မြင်၍ တစ်ကောင်သောနွားနောက်သည် မြင်၍ တစ်ကောင်သော ကြံ့သည် မြင်၍ တစ်ကောင်သော ကျားသည် မြင်၍ တစ်ကောင်သော ခြင်္သေ့သည် မြင်၍ တစ်ကောင်သော ဆင်သည် မြင်၍ အဘယ် နည်းဟု မေး၍ ဤအရပ်၌ မြေပြိုသည်ဟု ဆိုလတ်သော် ပြေး၏။ ဤသို့ အစဉ် သဖြင့် ယူဇနာ အတိုင်းအရှည်ရှိသော တိရစ္ဆာန်အပေါင်းတို့သည် ဖြစ်၏။

ထိုအခါ ဘုရားလောင်းသည် ပြေးသော တိရစ္ဆာန်အပေါင်းကို မြင်၍ ဘယ်အမှုတုံနည်းဟု မေး၍ ဤအရပ်၌ မြေပြိုသည်ဟု ကြား၍ မြေပြိုခြင်း မည်သည် ကား တစ်ရံတစ်ဆစ် မဖြစ်စဖူး။ စင်စစ်သဖြင့် ထိုသတ္တဝါတို့သည် တစ်စုံတစ်ခုသော အသံကို မကောင်းသဖြင့် ကြားသည် ဖြစ်လတ္တံ့။ ငါသည် လုံ့လမပြုသော် ခပ်သိမ်းသော သတ္တဝါတို့သည် ပျက်စီးကုန်လတ္တံ့။ ထိုသတ္တဝါ တို့အား အသက်ကို ပေးအံ့ဟု ကြံ၏။ ကြံပြီး၍ ခြင်္သေ့၏ အဟုန်ဖြင့် ရှေ့မှ တောင်ခြေရင်းသို့ သွား၍ သုံးကြိမ် ခြင်္သေ့သံကို ဟောက်၏။ ထိုသတ္တဝါတို့သည် ခြင်္သေ့ဘေးမှ ကြောက်ကုန်ရကား ပြန်၍ ပေါင်း၍ တည်ကုန်၏။ ခြင်္သေ့သည် သတ္တဝါတို့၏ အတွင်းကို ဝင်၍ အဘယ်အကျိုးငှါ ပြေးကြကုန်သနည်းဟု မေး၍ မြေပြိုသတည်းဟု ဆိုကြကုန်သော် အဘယ်သူသည် မြေပြိုသည်ကို မြင်သနည်း ဟု မေး၍ ဆင်တို့သည် သိကုန်၏ဟု ဆိုသည် ရှိသော် ဆင်တို့ကို မေး၏။ ဆင်တို့ သည် ငါတို့မသိကုန်။ ခြင်္သေ့တို့သည် သိကုန်၏ဟု ဆိုကုန်၏။ ခြင်္သေ့တို့သည်လည်း ငါတို့သည် မသိကုန်၊ ကျားတို့သည် သိကုန်၏၊ ကျားတို့သည်လည်းကြံ့တို့သည် သိ ကုန်၏ဟု ဆိုကုန်၏။ ကြံ့တို့သည်လည်း နွားနောက်တို့သည် သိကုန်၏ဟု ဆိုကုန်၏။ နွားနောက်တို့သည်လည်း ကျွဲတို့သည် သိကုန်၏ဟု ဆိုကုန်၏။ ကျွဲတို့သည်လည်း စိုင်တို့သည် သိကုန်၏ဟု ဆိုကုန်၏။ စိုင်တို့သည်လည်း ဝက်တို့သည် သိကုန်၏ဟု ဆိုကုန်၏။ ဝက်တို့သည်လည်း သမင်တို့သည် သိကုန်၏ဟု ဆိုကုန်၏။ သမင်

တို့သည်လည်း ငါတို့သည် မသိကုန်။ ယုန်ငယ်တို့သည် သိကုန်၏ဟု ဆိုကုန်၏။ ယုန်ငယ်တို့ကို မေးအပ်ကုန်သည် ရှိသော် ဤယုန်ငယ်သည် ပြောဆို၏ဟု ထိုယုန်ငယ်ကို ပြကြကုန်၏။

ထိုအခါ ထိုယုန်ကို အချင်း မြေပြိုသတတ်ဟူသည် မှန်သလောဟု မေး၏။ အရှင် မှန်၏၊ အကျွန်ုပ် မြင်အပ်၏ဟု ဆို၏။ အဘယ်အရပ်၌ နေလျက် မြင်သနည်းဟု မေး၏။ အရှင် အနောက်သမုဒ္ဒရာအနီး ဥသျှစ်ပင်နှင့် ရောသော ထန်းတော၌ နေလျက် မြင်၏။ အကျွန်ုပ်သည် ထိုတော၌ ဥသျှစ်ပင်ရင်း ထန်းပင်ငယ်၏ အောက်၌ အိပ်လျက် မြေပြိုသော် ငါအဘယ်သို့ ပြေးရပါအံ့နည်းဟု ကြံ၏။ ထိုခဏ၌လျှင် မြေပြိုသံ ကြား၍ ပြေး၏ဟု ဆို၏။ ခြင်္သေ့သည် စင်စစ်သဖြင့် ထန်းရွက်၏ အထက်၌ ဥသျှစ်သီးမှည့် ကျ၍ ဒုတ်ဒုတ်ဟူသော အသံသည် ပြု၏၊ ထိုယုန်ငယ်သည် ထိုအသံကို ကြား၍ မြေပြိုသည်ဟူသော အမှတ်ကို ဖြစ်စေ၍ ပြေးသည် ဖြစ်လတ္တံ့။ အဟုတ်အမှန်အားဖြင့် ထိုအကြောင်းကို သိအောင် ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ခြင်္သေ့သည် ထိုယုန်ငယ်ကို ယူ၍ သားအပေါင်းကို နှစ်သိမ့်စေ၍ ဤယုန်ငယ်မြင်ရာ အရပ်၌ မြေပြိုသည်၏အဖြစ် မပြိုသည်၏ အဖြစ်ကို အဟုတ်အမှန်အားဖြင့် ငါသိအောင် ပြု၍ လာသည် တိုင်အောင် သင်တို့သည် ဤ၌ နေကြကုန်၏ဟု ဆို၍ ဤယုန်ငယ်ကို ကျောက်ကုန်း၌ တင်၍ ခြင်္သေ့၏အဟုန်ဖြင့် ပြေး၍ ထန်းတော၌ ယုန်ငယ်ကို ချ၍ အချင်း လာလော့၊ သင်မြင်သော အရပ်ကို ပြလော့ဟု ဆို၏။ သခင် အကျွန်ုပ် မပြဝံ့ဟု ဆို၏။ အချင်း မကြောက်လင့်ဟု ဆိုလတ်သော် ထိုယုန်ငယ်သည် ဥသျှစ်ပင်သို့ ချဉ်းကပ်အံ့သော်ငါ မဝံ့ရကား မနီးမဝေး၌ ရပ်၍ အရှင် ဤအရပ်သည်ကား ဒုတ်ဒုတ်မြည်ရာ အရပ်တည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၇၅။ ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ၊ ယသ္မိံ ဒေသေ ဝသာမဟံ။
အဟမ္ပေတံ န ဇာနာမိ၊ ကိမေတံ ဒုဒ္ဒုဘာယတိ။

အရှင် သင့်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။ ငါနေရာအရပ်၌ ဒုတ်ဒုတ် မြည်၏။ ဘာကြောင့် ဒုတ်ဒုတ်မြည်သည်ဟု ထိုအကြောင်းကို ငါမသိပါ။

ဤသို့ ဆိုလတ်သော် ခြင်္သေ့သည် ဥသျှစ်ပင်ရင်းသို့ သွား၍ ထန်းပင် အောက်၌ ယုန်ငယ်၏ အိပ်ရာအရပ်ကို လည်းကောင်း ထန်းရွက်ထက်၌ ကျသော ဥသျှစ်သီးမှည့်ကို လည်းကောင်း မြင်၍ မြေမပြိုသည်၏အဖြစ်ကို အမှန်အားဖြင့် သိ၍ ယုန်ငယ်ကို ကျောက်ကုန်း၌ တင်၍ ခြင်္သေ့၏ အဟုန်ဖြင့် လျင်မြန်စွာ သားအပေါင်းတို့၏ အထံသို့ သွား၍ အလုံးစုံသော အကြောင်းကို ကြား၍ သင်တို့သည် မကြောက်ကြကုန်လင့်ဟု သားအပေါင်းတို့ကို နှစ်သိမ့်စေ၍

လွှတ်လိုက်၏။ ထိုအခါ ဘုရားလောင်း မရှိငြားအံ့၊ ခေပ်သိမ်းသော သားတို့သည် သမုဒ္ဒရာသို့ ဝင်၍ ပျက်စီးကုန်ရာ၏။ ဘုရားလောင်းကို မှီ၍ ခပ်သိမ်းသော သားတို့သည် အသက်ကို ရကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်ပြီး၍ ဤသုံးဂါထာတို့ကို ဟောတော်မူ၏—

၈၆။ ဗေလုဝံ ပတိတံ သုတွာ၊ ဒုဒ္ဒုဘန္တိ သသော ဇဝိ။
သသဿ ဝစနံ သုတွာ၊ သန္တတ္တာ မိဂဝါဟိနီ၊

၈၇။ အပ္ပတွာ ပဒဝိညာဏံ၊ ပရဃောသာနုသာရိနော။
ပနာဒပရမာ ဗာလာ၊ တေ ဟောန္တိ ပရပတ္တိယာ။

၈၈။ ယေ စ သီလေန သမ္ပန္နာ၊ ပညာယူ’ ပသမေ ရတာ။
အာရကာ ဝိရတာ ဓီရာ၊ န ဟောန္တိ ပရပတ္တိယာ။

ယုန်သည် ဥသျှစ်သီး ကြွေကျသဖြင့် မြည်သော ဒုတ်ဒုတ်မြည်သံကို ကြား၍ ထွက်ပြေး၏။ သားအပေါင်းသည် ယုန်၏ စကားကို ကြားပြီး ထိတ်လန့်သည် ဖြစ်၍ ပြေး၏။ သောတာပတ္တိ ဝိညာဉ်အစုသို့ မရောက်မူဘဲ သူတစ်ပါးစကားကို အစဉ်မှီးကုန်သော သူတစ်ပါးစကားကို အစဉ်မှီးခြင်းဟု ဆိုအပ်သော မေ့လျော့ခြင်းကို အမြတ်ဟူ၍ ထင်မှတ်ကုန်သော လူမိုက်တို့သည် သူတစ်ပါးစကားကို ယုံကြည်ကြကုန်၏။ ပညာရှိသည် အရိယာမဂ် သီလနှင့် ပြည့်စုံ၏။ အရိယာမဂ် ပညာနှင့်ပြည့်စုံ၏။ ကိလေသာငြိမ်းခြင်း၌ မွေ့လျော်၏။ မကောင်းမှုပြုခြင်းမှ ဝေးကုန်၏၊ မကောင်းမှုမှ ရှောင်ကုန်၏၊ ထိုပညာရှိတို့သည် သူတစ်ပါးစကားကို မယုံကြည်ကြကုန်။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ပညာကင်းမဲ့၊ တွေးနယ်ချဲ့၊ ကျိုးမဲ့ ဖြစ်တတ်လှ)

သုံးရာနှစ်ဆယ့်နှစ်ခုမြောက်သော ဒုဒ္ဒုဘဇာတ်သည် ပြီး၏။

# ၃၂၃-ဗြဟ္မဒတ္တဇာတ်

## တောင်းလျှင် မုန်း

## တောင်းခြင်းသည် ငိုသည်နှင့်တူ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဒွယံ ယာစနကော" အစရှိသော ဂါထာပုဒ်ဖြင့် စာန်ဆာဆင် အပ်သော ဤဗြဟ္မဒတ္တဇာတ်ကို အာဠဝီပြည်ကို မှီ၍ အဂ္ဂါဠဝစေတီ၌ သီတင်းသုံး နေတော်မူစဉ် ကုဋိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန် ဝတ္ထုသည်ကား အောက် ဒုကနိပါတ် မဏိကဏ္ဍဇာတ်၌ လာသလျှင် ကတည်း။)

ဤဗြဟ္မဒတ္တ ဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် ရဟန်းတို့ သင်တို့သည် တောင်းခြင်းများကုန်လျက် ဝိညတ်များကုန်လျက် နေကုန်သောဟူသည် မှန်သလောဟု မိန့်တော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည်ရှိသော် ထိုအာဠဝီရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ရှေးပညာရှိတို့သည် ရေမြေကို အစိုးရသော မင်းသည် ဖိတ်အပ်ကုန်လျက်လည်း သစ်ရွက်ထီး တစ်လွှာ ဖိနပ်အစုံကို တောင်းလိုကုန်သည် ရှိသော် ဟိရိဩတ္တပ္ပ ပျက်အံ့သည်မှ ကြောက်ခြင်းကြောင့် လူများအလယ်၌ မဆိုမူ၍ ဆိတ်ကွယ်ရာ အရပ်၌ ဆိုကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ကပိလတိုင်း ဥတ္တရပဉ္စာလမြို့၌ ဥတ္တရပဉ္စာလ မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် နိဂုံးရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ နောက်အဖို့၌ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ ရှာမှီးအပ်သော တောသစ်မြစ် သစ်သီးကြီးငယ်ဖြင့် မျှလျက် ကြာမြင့်စွာ နေ၍ ချဉ် ဆား မှီဝဲအံ့သောငှါ လူ့ပြည်သို့ လှည့်လည်သည် ရှိသော် ဥတ္တရပဉ္စာလမြို့သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေ၍ နက်ဖြန် ဆွမ်းခံသော် မြို့သို့ ဝင်၍ မင်းအိမ်တံခါးသို့ ရောက်၏၊ မင်းသည် ဘုရားလောင်း၏ ငြိမ်သက်ခြင်း၌ ကြည်ညို၍ မြတ်သော ပြာသာဒ် အပြင်၌ နေစေ၍ မင်းအား ထိုက်သော ဘောဇဉ်ကို ဘုဉ်းပေးစေ၍ ဝန်ခံခြင်းကို ယူ၍ ဥယျာဉ်၌လျှင် နေစေ၏။ ဘုရားလောင်းသည် တစ်နေ့မပြတ်

မင်းအိမ်၌လျှင် စားလျက် နေ၏။ မိုးကာလလွန်လတ်သော် ဟိမဝန္တာသို့ သွားလို၍ ခရီးသွားသော ငါ့အား တစ်လှာဖိနပ်နှင့် သစ်ရွက်ထီးကို ရခြင်းငှါ သင့်၏။ မင်းကို တောင်းအံ့ဟု ကြံ၏။ ကြံပြီး၍ ဘုရားလောင်းသည် တစ်နေ့သ၌ ဥယျာဉ်သို့ လာ၍ ရှိခိုး၍ နေသောမင်းကို ဖိနပ်,ထီးကို တောင်းအံ့ဟု ကြံ၍ တစ်ဖန် သူတစ်ပါးကို ဤဥစ္စာကို ပေးပါဟု တောင်းသော သူသည် ငိုသည် မည်၏။ မရှိဟူ၍ ဆိုသော ဥစ္စာရှင်သည်လည်း အတုငိုသောသူ မည်၏။ ငိုသော ငါကို လူများသည် မမြင်စေလင့်၊ အတုငိုသော မင်းကြီးကိုလည်း လူများသည် မမြင်စေလင့်၊ ဆိတ်ကွယ်ရာ အရပ်၌ နှစ်ယောက်ကုန်သော ငါတို့သည်လည်း ငို၍ ဆိတ်ဆိတ်ဖြစ်ကြကုန်အံ့ဟု ကြံ၏။ ကြံပြီး၍ ထိုအခါ မင်းကို မြတ်သော မင်းကြီး ဆိတ်ကွယ်ခြင်းကို အလိုရှိ၏ဟု ဆို၏။

မင်းသည် ထိုစကားကို ကြား၍ မင်းချင်းယောကျ်ားတို့ကို ဖဲစေ၏။ ဘုရားလောင်းသည် ငါ တောင်းသော် မင်း မပေးအံ့၊ ငါ့အား ချစ်ခြင်းသည် ပျက်လတ္တံ့၊ ထို့ကြောင့် ငါ မတောင်းဟု ထိုနေ့၌ ထီး,ဖိနပ်၏ အမည်ကို ယူခြင်းငှါ မတတ်နိုင်၍ မြတ်သောမင်းကြီး သွားဦးတော့၊ နောက်တစ်နေ့မှ သိရအံ့ဟု ဆိုပြန်၏။ နောက်တစ်နေ့ မင်းသည် ဥယျာဉ်သို့ လာသောကာလ၌ ထိုအတူလျှင် ဆိုပြန်၏။ တစ်ဖန်လည်း ထိုအတူသာလျှင် ဆိုပြန်၏။ ဘုရားလောင်းသည် ဤသို့ တောင်းခြင်းငှါ မတတ်နိုင်ဘဲလျက်လျှင် တစ်ဆယ့်နှစ်နှစ်တို့သည် လွန်လေကုန်၏။ ထိုအခါ မင်းသည် ငါ၏ အရှင်ကား မြတ်သော မင်းကြီး ဆိတ်ကွယ်ရာအရပ်ကို လို၏ဟု ဆို၍ ပရိသတ်ကို ဖဲစေသော် တစ်စုံတစ်ခုကို ဆိုခြင်းငှါ မဝံ့၊ ဆိုခြင်းငှါ အလိုရှိသော ငါ့အရှင်အား တစ်ဆယ့်နှစ်နှစ်တို့သည် လွန်ကုန်၏။ ကြာမြင့်စွာသော ကာလပတ်လုံး မြတ်သော အကျင့်ကို ကျင့်သော အရှင်သည် ငြီးငွေ့၍ မင်းစည်းစိမ်တို့ကို ခံစားလို၍ မင်းအဖြစ်ကို တောင့်တ ယောင်တကား၊ မင်းအဖြစ်၏ အမည်ကိုကား ယူအံ့သောငှါ မတတ်နိုင်၍ ဆိတ်ဆိတ်နေယောင်တကား၊ ယနေ့ ငါ၏ အရှင်အား ငါသည် မင်းအဖြစ်ကို အစပြု၍ အကြင်ဝတ္ထုကို အလိုရှိအံ့၊ ထိုဝတ္ထုကို ပေးအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုမင်းသည် ဥယျာဉ်သို့ သွား၍ ရှိခိုး၍ နေ၏။ ဘုရားလောင်းသည် ဆိတ်ကွယ်ရာအရပ်ကို အလိုရှိ၏ဟု ဆိုလတ်သော် ဖဲ‌ေ၍ တစ်စုံတစ်ခုကို ဆိုခြင်းငှါ မစွမ်းနိုင်သော ဘုရားလောင်းကို အရှင်ဘုရား အရှင်ဘုရားတို့သည် တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး ဆိတ်ကွယ်ရာအရပ်ကို အလိုရှိ၏ဟု ဆို၍ ဆိတ်ကွယ်ရာကို ရသော်လည်း တစ်စုံတစ်ခုကို ဆိုခြင်းငှါ မစွမ်းနိုင်ကုန်၊ အကျွန်ုပ်သည် အရှင်ဘုရားအား မင်းအဖြစ်ကို အစပြု၍ အလုံးစုံကို ဖိတ်၏။ ကြောက်ခြင်း မရှိသည် ဖြစ်၍ အကြင်ဝတ္ထုကို အလိုရှိ၏။ ထိုဝတ္ထုကို တောင်းကုန်လော့ဟု ဆို၏။ မြတ်သော မင်းကြီး အကြင်ဝတ္ထုကို ငါတောင်းအံ့၊ ထိုဝတ္ထုကို ပေးအံ့လောဟု ဆို၏။

အရှင်ဘုရား ပေးအံ့ဟု ဆို၏။ မြတ်သောမင်းကြီး ခရီးသွားသော ငါ့အား တစ်လွှာဖိနပ်ကို လည်းကောင်း, သစ်ရွက်ထီးကို လည်းကောင်း ရခြင်းငှါ သင့်၏။ အရှင်ဘုရား အရှင်ဘုရားတို့သည် ဤမျှလောက်သော ဝတ္ထုကို တစ်ဆယ့်နှစ်နှစ်တိုင်ပတ်လုံး တောင်းခြင်းငှါ မစွမ်းနိုင်ကုန်သလောဟု ဆို၏။ မြတ်သောမင်းကြီး မစွမ်းနိုင်သည် ဟုတ်၏ဟု ဆို၏။ အရှင်ဘုရား အဘယ့်ကြောင့် ဤသို့ ပြုကုန်သနည်းဟု ဆို၏။ မြတ်သော မင်းကြီး ဤမည်သော ဝတ္ထုကို ပေးပါလော့ဟု တောင်းသော သူသည် ငိုသည် မည်၏။ မရှိဟူ၍ ဆိုသောသူသည် အတုငိုသည် မည်၏။ တောင်းအပ်သော သင်သည် အကယ်၍ မပေးငြားအံ့၊ ထိုငါ၏ ငိုခြင်း, သင်မင်းကြီး၏ အတုငိုခြင်း မည်သည်ကို လူများသည် မမြင်စေသတည်းဟု ဆိတ်ကွယ်ရာကို တောင့်တ၏ဟု ပြလိုရကား ဤဂါထာတို့ကို ဆို၏—

၇၉။ ဒွယံ ယာစနကော ရာဇ၊ ဗြဟ္မဒတ္တ နိဂစ္ဆတိ။
အလာဘံ ဓနလာဘံ ဝါ၊ ဧဝံဓမ္မာ ဟိ ယာစနာ။

၈၀။ ယာစနံ ရောဒနံ အာဟု၊ ပဉ္စာလာနံ ရထေသဘ။
ယော ယာစနံ ပစ္စက္ခာတိ၊ တမာဟု ပဋိရောဒနံ။

၈၁။ မာ မဒ္ဒသံသု ရောဒန္တံ၊ ပဉ္စာလာ သုသမာဂတာ။
တုဝံ ဝါ ပဋိရောဒန္တံ၊ တသ္မာ ဣစ္ဆာမဟံ ရဟော။

ဗြဟ္မဒတ်မင်း တောင်းသောသူသည် ဥစ္စာကို မရခြင်းနှင့် ဥစ္စာကို ရခြင်း ဤနှစ်ပါးသို့ ရောက်တတ်၏။ တောင်းခြင်းတို့သည် ဤသို့ ရခြင်း မရခြင်း သဘော ရှိကုန်၏။

ပဉ္စာလတိုင်း၏ အထွတ်အမြတ်ဖြစ်သောမင်းကြီး တောင်းခြင်းကို ပညာရှိတို့သည် ငိုခြင်းဟူ၍ ဆိုကုန်၏၊ အကြင်သူသည် တောင်းသည်ကို မပေးနိုင်ဟု ပယ်၏။ ထိုပယ်ခြင်းကို အတုလိုက်၍ ငိုခြင်းဟူ၍ ပညာရှိတို့ ဆိုကုန်၏။

ငိုသော ငါ့ကိုလည်းကောင်း, အတုလိုက်၍ ငိုသော သင့်ကို လည်းကောင်း ပဉ္စာလတိုင်းတို့၌ စည်းဝေးကုန်သော သူတို့သည် မမြင်စေရန် အလိုရှိ၏။ ထို့ကြောင့် ငါသည် ဆိတ်ကွယ်ရာအရပ်ကို အလိုရှိ၏။

မင်းသည် ဘုရားလောင်း၏ ရိုသေခြင်း လက္ခဏာ၌ ကြည်ညို၍ ဆုပေးလိုရကား လေးခုမြောက်သော ဤဂါထာကို ဆို၏—

၉၂။ ဒဒါမိ ဘေ ဗြာဟ္မဏ ရောဟိဏီနံ၊
ဂဝံ သဟဿံ သဟ ပုင်္ဂဝေန။
အရိယော ဟိ အရိယဿ ကထံ န ဒဇ္ဇာ။
သုတွာန ဂါထာ တဝ ဓမ္မယုတ္တာ။

မကောင်းမှုကို အပပြုသော ရှင်ရသေ့ သင့်အား နွားလားနှင့်တကွ နီသော အဆင်းရှိသော နွားမတို့၏ တစ်ထောင်ကို ပေး၏။ မှန်၏၊ သင်၏ တရားနှင့် ယှဉ်ကုန်သော စကားတို့ကို နာရ၍ မြတ်သောအကျင့်နှင့် ပြည့်စုံသောသူသည် မြတ်သောအကျင့်နှင့် ပြည့်စုံသောသူအား အဘယ့်ကြောင့် မလှူဘဲ နေအံ့နည်း။

ဘုရားလောင်းသည်ကား မြတ်သော မင်းကြီး ငါသည် ကိလေသာကာမ, ဝတ္ထုကာမတို့၌ အလိုမရှိ။ အကြင် ထီး ဖိနပ်ကို ငါသည် တောင်း၏။ ထိုထီး, ဖိနပ်ကိုသာလျှင် ငါ့အား ပေးလော့ဟု ဆို၍ တစ်လွှာဖိနပ်, သစ်ရွက်ထီးကို ယူ၍ မြတ်သောမင်းကြီး မမေ့မလျော့ ဖြစ်လော့၊အလှူပေးလော့၊သီလစောင့်လော့၊ ဥပုသ် ဆောက်တည်လော့ဟု မင်းကိုဆုံးမ၍ မင်းတောင်းပန်စဉ်လျှင် ဟိမဝန္တာသို့ သွား၍ ထိုဟိမဝန္တာ၌ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်သုံးခုမြောက်သော ဗြဟ္မဒတ္တဇာတ်သည် ပြီး၏။

---

၃၂၄-စမ္မသာဋကဇာတ်

သိုးခွေ့ပရိဗိုဇ်

လူမိုက်နှောင်တ နှောင်မှုရ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာ ဘုရားသည် "ကလျာဏရူပေါ ဝတ ယံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင် အပ်သော ဤစမ္မသာဋက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် စမ္မသာဋကမည်သော ပရိဗိုဇ်ကို အကြောင်းပြု ဟောတော်မူ၏။

ထိုပရိဗိုဇ်အား သားရေဖြင့် ပြီးသော အဝတ်အရုံသည် ဖြစ်သတတ်။ ထိုစမ္မသာဋက ပရိဗိုဇ်သည် တစ်နေ့သ၌ ပရိဗိုဇ် အရံမှ ထွက်၍ သာဝတ္ထိပြည်၌ ဆွမ်းခံသွားသည် ရှိသော် သိုးတို့၏ တိုက်ရာအရပ်သို့ ရောက်၏။ သိုးသည် ပရိဗိုဇ်ကို မြင်၍ ခတ်လိုရကား နောက်သို့ ဆုတ်၏။ ပရိဗိုဇ်သည် ဤသိုးကား ငါ့အား အရိုအသေပြုခြင်းကို ပြု၏ဟု မဆုတ်။ သိုးသည် လျင်မြန်သော အဟုန်ဖြင့် ပြေးလာ၍ ပေါင်၌ ခတ်၍ ပရိဗိုဇ်ကို လဲစေ၏။ စမ္မသာဋက ပရိဗိုဇ်၏ ထိုသူတော်ကောင်း မဟုတ်သော သိုးအား ချီးမြှောက်ခြင်းကို ပြုခြင်း အမှုသည် ရဟန်းသံဃာ၌ ထင်ရှားစွာ ဖြစ်၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ စမ္မသာဋက ပရိဗိုဇ်သည် သူတော်ကောင်း မဟုတ်သော သိုးအား ချီးမြှောက်ခြင်းကို ပြု၍ ပျက်စီးခြင်းသို့ ရောက်၏ဟု စကားအကြောင်းဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ် စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ရဟန်းတို့ ဤစမ္မသာဋက ပရိဗိုဇ်သည် ယခုအခါ၌သာလျှင် သူတော်ကောင်း မဟုတ်သော သိုးအား ချီးမြှောက်ခြင်းကို ပြု၍ ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်သေး၊ ရှေး၌လည်း ပျက်စီးခြင်းသို့ ရောက်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် တစ်ဦးသော ကုန်သည်မျိုး၌ဖြစ်၍ အရွယ်သို့ရောက် လတ်သော် ကုန်သွယ်ခြင်းကို ပြု၏။ ထိုအခါ တစ်ယောက်သော စမ္မသာဋက ပရိဗိုဇ်သည် ဗာရာဏသီပြည်၌ ဆွမ်းခံလတ်သော် နောက်သို့ဆုတ်သော သိုးကို မြင်၍ ဤသိုးသည် ငါ့ကို ပူဇော်၏ဟု နောက်သို့ မဖဲမူ၍ ဤမျှ အတိုင်းအရှည် ရှိကုန်သော လူတို့၏ အတွင်း၌ တစ်ယောက်သော လူသည်မျှလည်း ကျေးဇူးကို မသိဟု ထိုသိုးအား လက်အုပ်ချီ၍ရပ်လျက် ရှေးဦးစွာသောဤဂါထာကို ဆို၏—

၉၃။ ကလျာဏရူပေါ ဝတာယံ စတုပ္ပဒေါ၊
သုဘဒ္ဒကော စေဝ သုပေသလော စ။
ယော ဗြာဟ္မဏံ ဇာတိမန္တူပပန္နံ၊
အပစာယတိ မေဏ္ဍဝရော ယသဿီ။

များသောအခြံအရံရှိသော အကြင်သိုးမြတ်သည် အမျိုးမြတ်ခြင်း ဗေဒင် တတ်ခြင်းနှင့် ပြည့်စုံသော ပုဏ္ဏားကို ပူဇော်၏။ အခြေလေးချောင်းရှိသော

အကြင်သိုးမြတ်သည် ကောင်းသောသဘော ရှိစွတကား၊ အလွန်ကောင်းသော ကျေးဇူးလည်း ရှိစွတကား၊ အလွန်သီလကို ချစ်စွတကား။

ထိုအရပ်၌ နေသော ပညာရှိကုန်သည်သည် ထိုပရိဗိုဇ်ကို တားမြစ်လိုရကား နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

၉၄။ မာ ဗြာဟ္မဏ ဣတ္တရဒဿနေန၊
ဝိဿာသမာပဇ္ဇိ စတုပ္ပဒဿ။
ဒဠှပ္ပဟာရံ အဘိကင်္ခမာနော၊
အဝဿကာတိ ဒဿတိ သုပ္ပဟာရံ။

ပုဏ္ဏား ပရိဗိုဇ် ထိုခဏ၌ မြင်သဖြင့် အခြေလေးချောင်းရှိသော သိုး၏ အကျွမ်းဝင်ခြင်းသို့ မရောက်လင့်။ ပြင်းစွာတိုက်ခတ်ခြင်းကို အလိုရှိသည် ဖြစ်၍ နောက်သို့ ဆုတ်၏။ ထိုသိုးသည် တိုက်ခတ်ခြင်းကို ပေးလတ္တံ့။

ထိုပညာရှိကုန်သည် ဆိုစဉ်လျှင် ထိုသိုးသည် လျင်မြန်စွာသော အဟုန်ဖြင့် ပြေးလာ၍ ပေါင်၌တိုက်၍ ထိုပရိဗိုဇ်ကို ထိုအရပ်၌လျှင် ဝေဒနာသို့ ရောက်လတ်သည်ကို ပြု၍ လဲစေ၏။ ထိုပရိဗိုဇ်သည် ဝေဒနာသို့ ရောက်လတ်သော် ငိုလျက် အိပ်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအကြောင်းကို ပြလိုရကား သုံးခုမြောက်သော ဤဂါထာကို ဆို၏—

၉၅။ ဥဒိရဋ္ဌိ ဘဂ္ဂံ ပဝဋ္ဋိတော ခါရိဘာရော၊
သဗ္ဗဥ္စ ဘဏ္ဍံ ဗြာဟ္မဏဿ ဘိန္နံ။
ဥဘောပိ ဗာဟာ ပဂ္ဂယှ ကန္ဒတိ၊
အဘိဓာဝထ ဟညတေ ဗြဟ္မစာရီ။

ပရိဗိုဇ်၏လျှင် ပေါင်ရိုးတို့သည် ကျိုးကုန်၏။ ပရိက္ခရာဖြင့် ပြည့်သော ဝန်ထုပ်သည် လိမ့်၏။ အလုံးစုံလည်း ဖြစ်သော ဘဏ္ဍာသည် ကွဲ၏။ ပရိဗိုဇ်ကို ထိုးခတ်၍ သတ်ပြီး သင်တို့သည် ပြေးကြကုန်ဟုဆိုလျက် လက်မောင်းတို့ကို မြှောက်၍ မြည်တမ်း၏၊ ငိုလည်း ငိုကြွေး၏။

ပရိဗိုဇ်သည် လေးခုမြောက်သော ဤဂါထာကို ဆို၏ —

၉၆။ ဧဝံ သော နိဟတော သေတိ၊ ယော အပူဇံ ပသံသတိ။
ယထာဟ’မဇ္ဇ ပဟတော၊ ဟတော မေဏ္ဍေန ဒုမ္မတိ။

ယနေ့ ပညာမရှိသောငါသည် သိုးသည် တိုက်ခတ်၍ သေရသကဲ့သို့ ထိုအတူ အကြင်သူသည် မပူဇော်အပ်သည်ကို ချီးမွမ်း၏၊ ထိုသူသည် သေ၍ အိပ်ရ၏။

ထိုပရိဗိုဇ်သည် ဤသို့ငိုလျက် ထိုအရပ်၌လျှင် သေလေ၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ စမ္မသာဋကပရိဗိုဇ်သည် ထိုအခါ စမ္မသာဋက ပရိဗိုဇ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိ ကုန်သည်ကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်လေးခုမြောက်သော စမ္မသာဋကဇာတ်သည် ပြီး၏။

၃၂၅-ဂေါဓရာဇဇာတ်

ဖွတ်သားစား ရသေ့

ဖွတ်မရ ခေါ်မဆိုး

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "သမဏံ တံ မညမာနော" အစရှိသော ဂါထာပုဒ်ဖြင့်တန်ဆာဆင်အပ်သော ဤဂေါဓရာဇဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို အောက်၌ချဲ့အပ်ပြီ)။ ဤဂေါဓရာဇဇာတ်၌လည်း ထိုရဟန်းကို ဆောင်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤရဟန်းသည် အံ့ဖွယ်သရဲကို ဖြစ်စေတတ်၏ဟု ဘုရားသဗ္ဗညုအား ပြကုန်၏။ သဗ္ဗညု မြတ်စွာ ဘုရားသည် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သည် မဟုတ်သေး၊ ရှေး၌လည်း အံ့ဖွယ်သရဲကို ဖြစ်စေသလျှင် ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဖွတ်မျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ကိုယ်အားနှင့် ပြည့်စုံ၏ တော၌နေ၏၊ တစ်ယောက်သော သီလမရှိသော ရသေ့သည် ထိုဖွတ်၏အနီး၌ ကျောင်းဆောက်၍ နေ၏။ ဘုရားလောင်းသည် အစာရှာ ထွက်လတ်သော် ထိုရသေ့ကျောင်းကို မြင်၍ သီလရှိသော ရသေ့ကျောင်း ဖြစ်လတ္တံ့ဟု ကျောင်းသို့ သွား၍ ရသေ့ကိုရှိခိုး၍ မိမိနေရာသို့လျှင် သွား၏။ ထိုအခါ တစ်နေ့သ၌ ထိုရသေ့စဉ်းလဲသည် ဒါယကာ အိမ်၌ ကောင်းစွာ စီရင်အပ်သော ကောင်းသော တောဖွတ်သားကို ရ၍ ဤအသားကား အဘယ်အသားနည်းဟု မေး၍ ဖွတ်သားတည်းဟု ကြား၍ ရသတဏှာသည် နှိပ်စက်အပ်သည်ဖြစ်၍ ငါ၏ကျောင်းသို့ မပြတ်လာသော ဖွတ်ကိုသတ်၍ အလိုရှိတိုင်းချက်၍ စားအံ့ဟု ထောပတ် နို့ ဓမ်းစသော ဘဏ္ဍာတို့ကိုယူ၍ ကျောင်းသို့သွား၍ ဆောက်ပုတ်ကို ကိုင်၍ သင်္ကန်းဖြင့် ဖုံးလွှမ်း၍ ဘုရားလောင်း၏ လာခြင်းကိုမျှော်လျက် ကျောင်းတံခါး၌ အလွန်ငြိမ်သက်သကဲ့သို့ နေ၏။ ဘုရားလောင်းသည် လာလတ်၍ ပျက်သော ဣန္ဒြေရှိသော ထိုရသေ့ကိုမြင်၍ ဤရသေ့သည် ငါတို့၏ ဆွေမျိုးအသားကို စားသည် ဖြစ်လတ္တံ့။ ရသေ့ကို စုံစမ်းအံ့ဟု လေကြော၌ ရပ်၍ ကိုယ်နံ့ရ၍ ဖွတ်သားကို စားသည်၏ အဖြစ်ကိုသိ၍ ရသေ့အထံသို့ မချဉ်းကပ်မူ၍ ဆုတ်၍သွား၏။ ရသေ့သည်လည်း ဘုရားလောင်း မလာသောအဖြစ်ကို သိ၍ ဆောက်ပုတ်ကို ပစ်၏။ ဆောက်ပုတ်သည် ကိုယ်၌မကျမူ၍ အမြီးဖျားသို့ ရောက်၏။ ရသေ့စဉ်းလဲသည် ဟယ်ဖွတ် သွားသလော့။ ချော်လေ၏ဟု ဆို၏။ ဘုရားလောင်းသည် ငါ့ကိုကား ချော်လေ၏။ လေးပါးကုန်သော အပါယ်တို့ကိုကား မချော်ဟုဆိုလျက် ပြေး၍ စင်္ကြံဦး၌ရှိသော တောင်ပို့သို့ဝင်၍ တစ်ပါးသောအပေါက်မှ ဦးခေါင်းကိုဖော်၍ ထိုရသေ့စဉ်းလဲနှင့်တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၉၇။ သမဏံ တံ မညမာနော၊ ဥပဂစ္ဆိံ မသညတံ။
သော မံ ဒဏ္ဍေန ပဟာသိ၊ ယထာ အဿမဏော တထာ။

၉၈။ ကိံ တေ ဇဋာဟိ ဒုမ္မေဓ၊ ကိံ တေ အဇိနသာဋိယာ။
အဗ္ဘန္တရံ တေ ဂဟနံ၊ ဗာဟိရံ ပရိမဇ္ဇသိ။

ငါသည် ကိုယ်နှုတ်နှလုံးဖြင့် မစောင့်ရှောက်သော သင့်ကို ရဟန်းထင်၍ ဆည်းကပ်၏။ ရဟန်းမဟုတ်သော အခြင်းအရာဖြင့် ထိုသင်သည် ငါ့ကို ဆောက်ပုတ်ဖြင့် ပစ်၏။

ပညာမဲ့ သင့်အား ဆံကျစ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင့်အား သစ်နက်ရေခြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်၏အတွင်း၌ ကိလေသာဟူသော တောအုပ်ရှိ၏၊ အပသည်ကား ပြေပြစ်၏။

ထိုစကားကိုကြား၍ ရသေ့သည် ဤဂါထာကို ဆို၏-

၉၉။ ဧဟိ ဂေါဓ နိဝတ္တဿု၊ ဘုဉ္ဇ သာလီနမောဒနံ။
တေလံ လောဏဉ္စ မေ အတ္ထိ၊ ပဟူတံ မယှ ပိပ္ဖလိ။

ဖွတ်-လာလော့၊ ပြန်ခဲ့ဦးလော့၊ သလေးတို့၏ ထမင်းကို စားလှည့်လော့၊ ငါ့အား ဆီသည် လည်းကောင်း ဆားသည် လည်းကောင်း ရှိ၏၊ ငါ့အား များစွာသော ရှိန်းခို ဇီယာ ချင်း ကြက်သွန် ငရုတ် ပိတ်ချင်း အားဖြင့် စပ်သော ဘဏ္ဍာသည်သည်း ရှိ၏၊

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၀၀။ ဧသ ဘိယျော ပဝေက္ခာမိ၊ ဝမ္မိကံ သတပေါရိသံ။
တေလံ လောဏဉ္စ ကိတ္တေသိ၊ အဟိတံ မယှ ပိပ္ဖလိ။

ရသေ့ပျက် ဤငါသည် အသူတစ်ရာရှိသော တောင်ပို့သို့ လွန်စွာဝင်အံ့၊ သင်သည် ဆီကိုလည်းကောင်း, ဆားကိုလည်းကောင်း ကြား၏။ ငါ့အား ပိတ်ချင်းအစရှိသော အစပ်ဘဏ္ဍာသည် မလျော်ကပတ်။

ဤသို့ဆို၍ ရသေ့စဉ်းလဲ သင်သည် အကယ်၍ ဤ၌နေအံ့၊ သင့်ကို ဆွမ်းခံရွာ၌ လူတို့ကို ဤရသေ့ကား ခိုးသူတည်းဟု ဖမ်းစေ၍ ဖောက်ပြန်ခြင်းသို့ ရောက်စေအံ့။ လျင်မြန်စွာ ပြေးလေဟု ခြိမ်းခြောက်၏။ ရသေ့စဉ်းလဲသည် ထိုအရပ်မှ ပြေး၏။

### ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဤအံ့ဖွယ်သာရကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ စဉ်းလဲသော ရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ ဖွတ်မင်းဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်ငါးခုမြောက်သော ဂေါဓရာဇဇာတ်သည် ပြီး၏။

## ၃၂၆-ကက္ကာရုဇာတ်

## နတ်ပန်းခိုင်ကို ပန်လိုမှု

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကာယေန ယော နာဝဟရေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ် ဤကက္ကာရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏—

ဒေဝဒတ်သည် သံဃာကို သင်းခွဲ၍ ပရိသတ်သည် အဂ္ဂသာဝကတို့နှင့်တကွ ဖဲလတ်သည်ရှိသော် ဒေဝဒတ်၏ ခံတွင်းမှ ပူသောသွေးသည် အန်၏။ ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် မုသားဆိုခြင်းကိုပြု၍ သံဃာကို သင်းခွဲ၏။ ယခု နာ၍ ကြီးစွာသော ဆင်းရဲကိုခံရ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုသာလျှင် မုသားဆိုသည် မဟုတ်သေး။ ရှေး၌လည်း မုသားဆိုသလျှင်ကတည်း ယခုသာလျှင် မုသားဆို၍ ကြီးစွာသော ဆင်းရဲကို ခံရသည် မဟုတ်သေး။ ရှေး၌လည်း ခံရဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တာဝတိံသာ နတ်ပြည်၌ မထင်ရှားသော နတ်သားဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်၌ ကြီးစွာသော ပွဲသဘင်သည်ဖြစ်၏။ များစွာကုန်သော နဂါး ဂဠုန် ဘုမ္မစိုး နတ်တို့သည် လာ၍ ပွဲသဘင်ကို ကြည့်ကုန်၏။ တာဝတိံသာ နတ်ပြည်မှလည်း လေးယောက်ကုန်သော နတ်သားတို့သည် ကက္ကာရု မည်သော နတ်ပန်းတို့ဖြင့် ပြုအပ်သော ပန်းကုံးတို့ကို ပန်၍ ပွဲသဘင် ကြည့်အံ့သောငှါ လာကုန်၏။ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့သည် ထိုပန်းတို့၏ အနံ့ဖြင့် တစ်စပ်တည်းသော အနံ့ ရှိ၏။ လူတို့သည် ဤပန်းတို့ကို အဘယ်သူသည် ပန်အပ်ကုန်သနည်းဟု ဆင်ခြင်ကုန်လျက် သွားကုန်၏။ ထိုနတ်သားတို့သည် ငါတို့ကို ထိုလူတို့သည် ဆင်ခြင်ကုန်၏ဟု သိ၍ မင်းယင်ပြင်သို့ ပျံ၍ ကြီးစွာသော နတ်တို့၏ အာနုဘော်ဖြင့် ကောင်းကင်၌ တည်ကုန်၏။ လူများသည် စည်းဝေး၏၊ မင်းသည်လည်း အိမ်ရှေ့မင်း အစရှိကုန်သော သူတို့နှင့်တကွ သွား၏။

ထိုအခါ ထိုနတ်သားတို့ကို အရှင်နတ်သားတို့ အရင်တို့သည် အဘယ်ပြည်မှ လာကုန်သနည်းဟု မေးကုန်၏။ တာဝတိံသာနတ်ပြည်မှ လာကုန်၏ဟု ဆိုကုန်၏။ အဘယ်အမှုဖြင့် လာကုန်သနည်းဟု မေးကုန်၏။ ပွဲကြည့်အံ့သောငှါ လာကုန်၏ဟု ဆိုကုန်၏။ ဤပန်းတို့သည်ကား အဘယ်အမည်ရှိကုန်သော ပန်းတို့နည်းဟု မေးကုန်၏။ ကက္ကာရုမည်သော နတ်ပန်းတို့တည်းဟု ဆိုကုန်၏။ အရှင်နတ်သားတို့ အရှင်တို့သည် နတ်ပြည်၌ တပါးကုန်သော ပန်းတို့ကို ပန်ဆင်ပါကုန်လော့၊ ကျွန်ုပ်တို့အား ဤပန်းတို့ကို ပေးပါကုန်လောဟု တောင်းကုန်၏။ နတ်သားတို့သည် ကက္ကာရု နတ်ပန်းတို့သည်ကား အာနုဘော် ကြီးကုန်၏။ နတ်တို့အားသာလျှင် ထိုက်ကုန်၏။ လူ့ပြည်၌ ယုတ်မာကုန်သော ပညာမရှိကုန်သော ယုတ်မာသော နှလုံးသွင်းရှိကုန်သော သီလမရှိကုန်သော သူတို့အား မထိုက်ကုန်။ အကြင် လူတို့သည်ကား ဤသို့ သဘောသည်လည်း ဖြစ်ကုန်သော ဤသို့သဘောရှိသည်လည်း ဖြစ်ကုန်သော ဂုဏ်တို့နှင့် ပြည့်စုံကုန်၏။ ထိုလူတို့အား ထိုက်ကုန်၏ဟု ဆိုကုန်၏။ ဤသို့ ဆိုပြီး၍ ထိုနတ်သားတို့တွင် နတ်သားအကြီးသည် ဤဂါထာကို ဆို၏—

၁၀၁၊ ကာယေန ယော နာဝဟရေ၊ ဝါစာယ န မုသာ ဘဏေ။
ယသော လဒ္ဓါ န မဇ္ဇေယျ၊ သ ဝေ ကက္ကာရုမရဟတိ။

ကိုယ်ဖြင့် သူ့ဥစ္စာကို မခိုး၊ နှုတ်ဖြင့် မဟုတ်မမှန်သော စကားကို မဆို၊ စည်းစိမ်ကို ရ၍ မမေ့မလျော့သော သူသည် စင်စစ် ကက္ကာရု မည်သော၊ နတ်ပန်းကို ထိုက်၏။

ထိုစကားကို ကြား၍ ပုရောဟိတ်သည် ငါ့အား ဤကျေးဇူးတို့တွင် တစ်ခုသော ကျေးဇူးသည်မျှလည်းမရှိ။ မဟုတ်မမှန်သော စကားကို ဆို၍ ထိုပန်းတို့ကို ယူ၍ ပန်အံ့။ ဤသို့ ပန်ဆင်သည်ရှိသော် လူများသည် ငါ့ကို ဤပုဏ္ဏားကား ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သူတည်းဟု သိလတံ့ဟု ကြံ၏။ ကြံပြီး၍ ထိုပုရောဟိတ်သည် ကျွန်ုပ်သည် ထိုကျေးဇူးတို့နှင့် ပြည့်စုံ၏ဟု ဆို၍ ထိုကက္ကာရု ပန်းတို့ကိုပေးစေ၍ ပန်ဆင်၍ နှစ်ယောက်မြောက်သော နတ်သားကို တောင်း၏။ ထိုနတ်သားသည်လည်း နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၀၂။ ဓမ္မေန ဝိတ္တံ ဧသေယျ၊ န နိကတျာ ဓနံ ဟရေ။
ဘောဂေ လဒ္ဓါ န မဇ္ဇေယျ၊ သဝေ ကက္ကာရုမရဟတိ။

တရားသဖြင့် ဥစ္စာကို ရှာသော စဉ်းလဲသဖြင့် ဥစ္စာကို မဆောင်သော စည်းစိမ်တို့ကို ရ၍ မမေ့မလျော့သောသူသည် စင်စစ် ကက္ကာရု မည်သော နတ်ပန်းကို ထိုက်၏။

ပုရောဟိတ်သည် အကျွန်ုပ်သည် ဤကျေးဇူးတို့နှင့် ပြည့်စုံ၏ဟု ဆို၍ ထိုပန်းတို့ကို ပေးစေ၍ ပန်ဆင်၍ သုံးယောက်မြောက်သော နတ်သားကို တောင်း၏။ သုံးယောက်မြောက်သော နတ်သားသည်လည်း သုံးခုမြောက် ဂါထာကို ဆို၏—

၁၀၃။ ယဿ စိတ္တံ အဟာလိဒ္ဒံ၊ သဒ္ဓါ စ အဝိရာဂိနီ။
ဧကော သာဒုံ န ဘုဉ္ဇေယျ၊ သ ဝေ ကက္ကာရုမရဟတိ။

စိတ်သည် နနွင်းဆိုးသော အရည်ကဲ့သို့ လျင်မြန်စွာ ပြေတတ်သည် မဟုတ်၊ ကံ ကံ၏ အကျိုးကို ယုံကြည်ခြင်းသည်လည်း အနည်းငယ်ဖြစ်လျှင် ပြေသည် မဟုတ်၊ သာယာအပ်သော ဘောဇဉ်ကို တစ်ယောက်တည်း မစားသောသူသည် စင်စစ် ကက္ကာရု မည်သော နတ်ပန်းကို ထိုက်၏။

ပုရောဟိတ်သည် အကျွန်ုပ်သည် ဤဂုဏ်တို့နှင့် ပြည့်စုံ၏ဟု ဆို၍ ထိုပန်းတို့ကို ပေးစေ၍ ပန်ဆင်၍ လေးယောက်မြောက်သော နတ်သားကို တောင်း၏။ ထိုနတ်သားသည် လေးခုမြောက် ဂါထာကို ဆို၏—

၁၀၄။ သမ္မုခါ ဝါ တိရောက္ခာ ဝါ ယော သန္တေ န ပရိဘာသတိ။
ယထာဝါဒီ တထာကာရီ၊ သ ဝေ ကက္ကာရုမရဟတိ။

မျက်မှောက်၌လည်းကောင်း မျက်ကွယ်၌လည်းကောင်း သူတော်ကောင်းတို့ကို မဆဲရေး၊ အကြင်အခြင်းဖြင့် ဆို၏၊ ထိုအခြင်းဖြင့် ပြုလေ့ရှိသောသူသည် စင်စစ် ကက္ကာရုမည်သော နတ်ပန်းကို ထိုက်၏။

ပုရောဟိတ်သည် ပေးလော့ အကျွန်ုပ်သည် ဤဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံ၏ဟု ဆို၍ ထိုပန်းတို့ကို ပေးစေ၍ ပန်ဆင်၏။ နတ်သားတို့သည် လေးခုသော ပန်းကုံးတို့ကို ပုရောဟိတ်အား ပေး၍ နတ်ပြည်သို့လျှင် သွားကုန်၏။ နတ်သားတို့၏ သွားသောကာလ၌ ပုရောဟိတ်၏ ဦးခေါင်း၌ ကြီးစွာသော ဝေဒနာသည် ဖြစ်၏။ ဦးခေါင်းသည် ထက်စွာသော အသွားဖျား ရှိသော ဆောက်ဖြင့် ပြတ်ဘိသကဲ့သို့လည်းကောင်း၊ သံပြားဖြင့် နှိပ်ဘိသကဲ့သို့လည်းကောင်း ဖြစ်၏။ ထိုပုရောဟိတ်သည် ဝေဒနာသို့ ရောက်၍ ထိုမှ ဤမှ လူးလည်း၍ ကျယ်စွာသော အသံဖြင့် ဟစ်ကြွေး၏။ ထိုအမှုသည် အဘယ်နည်းဟု မေးသည်ရှိသော် ငါသည် ငါ့ကိုယ်တွင်း၌ မရှိသော ဂုဏ်ကျေးဇူးတို့ကို ရှိ၏ဟု မုသားဆို၍ ထိုနတ်သားတို့ကို တောင်း၏၊ ထိုငါသည် ဝေဒနာသို့ ရောက်၍ ကိုယ်အလုံးတုံလှုပ်၏။ ထိုပန်းကုံးတို့ကို ငါ၏ ဦးခေါင်းမှ ပယ်ပါလော့ဟု ဆို၏။ ထိုပန်းကုံးတို့ကို ပယ်အံ့သောငှါ မတတ်နိုင်ကုန်။ သံပြားဖြင့် ဖွဲ့အပ်သကဲ့သို့ ဖြစ်ကုန်၏။ ထိုအခါ ထိုပုရောဟိတ်ကို ချီ၍ အိမ်သို့ ဆောင်ကုန်၏။ အိမ်၌ ထိုပုရောဟိတ်အား ဟစ်ကြွေးစဉ် ခုနစ်ရက်တို့သည်လွန်ကုန်၏။ မင်းသည် အမတ်တို့ကို တိုင်ပင်၍

သီလမရှိသော ပုဏ္ဏားသည် သေလတ္တံ့။ အဘယ်သို့ ပြုပြုကုန်အံ့နည်းဟု ဆိုသည်ရှိသော် မြတ်သောမင်းကြီး တစ်ဖန် ပွဲသဘင် ပြုပြန်သည်ရှိသော် နတ်သားတို့သည် တစ်ဖန် လာပြန်ကုန်လတ္တံ့ဟု လျှောက်ကုန်၏။ မင်းသည် ပွဲသဘင်ကိုပြုစေ၍ နတ်သားတို့သည် တစ်ဖန် လာပြန်ကုန်၏။ မြို့အလုံးကို ပန်းနံ့ဖြင့် တစ်စပ်ထည်းသော အနံ့ရှိသည်ကို ပြု၍ ရွှေအတူသာလျှင် မင်းရင်ပြင်၌ ရပ်ကုန်၏။ လူများသည် စည်းဝေး၏။ သီလမရှိသော ပုဏ္ဏားကို ဆောင်၍ နတ်သားတို့၏ ရှေ့ရင်ပြင်၌ ဝပ်စေ ကုန်၏။ သီလမရှိသော ထိုပုဏ္ဏားသည် အရှင်နတ်သားတို့ အရှင်တို့သည် အကျွန်ုပ်အား အသက်ကို ပေးပါကုန်ဟု နတ်သားတို့ကို တောင်းပန်၏။ နတ်သားတို့သည် သီလမရှိသော ယုတ်မာသော အမှုရှိသော သင့်အား ဤပန်းတို့သည် မထိုက် မလျော်ကုန်။ သင်သည်ကား ငါတို့ကို လှည့်စားအံ့ဟု အမှတ်ရှိသည် ဖြစ်၏။ မိမိ၏ မုသာဝါဒ အကျိုးကို ရ၏ဟု လူများအလယ်၌ ဒုဿီလပုဏ္ဏားကို ကဲ့ရဲ့၍ ဦးခေါင်းမှ ပန်းကုံးကို ပယ်၍ လူများအား အဆုံးအမကို ပေး၍ မိမိ၏ အရပ်သို့လျှင် သွားကုန်၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ပုဏ္ဏား ဖြစ်ဖူးပြီ။ ယခုအခါ ကဿပသည် ထိုအခါ တစ်ယောက်သော နတ်သား ဖြစ်ဖူးပြီ။ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ တစ်ယောက်သော နတ်သား ဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ တစ်ယောက်သော နတ်သား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ နတ်သားအကြီး ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

လူလယ်ခေါင် သီလရှိဟန် ဆောင်လိုသူ
(မုသားမနိုင်၊ သင်းနံ့ကြိုင်၊ ပန်းခိုင်ဆင်မှ၊ ဆင်းရဲရ)
သုံးရာနှစ်ဆယ့်ခြောက်ခုမြောက်သော ကက္ကာရုဇာတ်သည်
ပြီး၏။

## ၃၂၇-ကာကဝတီဇာတ်

### (မယားခိုး ဂဠုန်)

### ကတုံးပေါ် ထိပ်ကွက်၊ သူခိုးလက် သူဝှက်လု

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ဝါတိ ဝါယံ တတော ဂန္ဓော”အစရှိသော ဂါထာပုဒ်ဖြင့် ဇာနဆာဆင်အပ်သော ဤကာကဝတီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

သဗ္ဗညု မြတ်စွာဘုရားသည် ထိုအခါ ထိုရဟန်းကို ရဟန်း သင် ငြီးငွေ့သော ဟူသည် မှန်သလောဟု မေးတော်မူ၍ ဘုန်းကြီးသော အရှင်ဘုရား မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် အဘယ်၏အစွမ်းဖြင့် ငြီးငွေ့သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား ကိလေသာ၏ အစွမ်းအားဖြင့် ငြီးငွေ့၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်း မိန်းမမည်သည်ကား စောင့်ရှောက်ခြင်းငှါ မတတ်ကောင်း၊ ရှေးပညာရှိသည်လည်း မာတုဂါမကို သမုဒ္ဒရာအလယ် လက်ပံပင်ပျို ဗိမာန်၌ နေစေ၍ နန်းလျက် စောင့်ကုန်သော်လည်း စောင့်ရှောက်ခြင်းငှါ မတတ်နိုင်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုယားကြီးဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် အဘလွန်သဖြင့် မင်းပြု၏။ ဘုရားလောင်း၏ မိဖုယားကြီးသည် ကာကဝတီမည်၏။ နတ်သမီးကဲ့သို့ အလွန် အဆင်းလှ၏၊ (ဤကာကဝတီဇာတ်၌ ဤသို့ဆိုအပ်ပြီးသော အတိတ်ဝတ္ထု စကားသည်အကျဉ်း စကားတည်း။ အကျယ်အားဖြင့်ကား အတိတ်ဝတ္ထုသည် အသီတိနိပါတ်ကုဏာလ ဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့)။ ထိုအခါကား ဝစ်ကောင်သော ဂဠုန်မင်းသည်လူ၏ အသွင်ဖြင့် သွား၍ မင်းနှင့်တကွ ကြွေအန် ကစားလတ်သော် ကာကဝတီ မိဖုရား၌ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ကာကဝတီ မိဖုရားကို ယူ၍ ဂဠုန်ပြည်သို့ ဆောင်၍ ထိုမိဖုယားနှင့်တကွ မွေ့လျော်၏။ မင်းသည် မိဖုယားကို မမြင်လတ်သော် နဋကုဝေရမည်သော စောင်းသမားကို မိဖုရားကို စုံစမ်းလော့ဟု ဆို၏။ စောင်းသမားသည် စုံစမ်းသတ်သော် ထိုအကြောင်းကို သိ၍ ဂဠုန်မင်းကို စီး၍ အခတောင်ကြားမှ ထွက်၍ တန်ခုသော ရေအိုင်ဘယ် ပြိဘ်

တော်၌ အိပ်၍ ထိုပြိတ်တောမှ ဂဠုန်မင်း သွားသည်ကာလ အတောင်ကြား၌ စီး၍ ဂဠုန်ပြည်သို့ သွား၍ အတောင်ကြားမှ ထွက်၍ ထိုကာကဝတီ မိဖုရားနှင့်တကွ ကိလေသာ၏ အစွမ်းအားဖြင့် မွေ့လျော်ခြင်းကို ပြု၍ တဖန် ဂဠုန်မင်း၏ အတောင်ကြား၌လျှင် စီးလိုက်လာ၍ ဂဠုန်မင်းသည် ဗာရာဏသီ မင်းနှင့် တကွ ကြွေအန် ကစားသော ကာလ၌ စောင်းသမားသည် မိမိ စောင်းကို ယူ၍ ကြွေအန် ကစားသော ပွဲသို့ သွား၍ မင်း၏ အထံ၌ ရပ်လျက် သီခြင်း သီသည်၏ အစွမ်းအားဖြင့် ဤဂါထာကို ဆို၏—

၁၀၅။ ဝါတိ စာယံ တတော ဂန္ဓော၊ ယတ္ထမေ ဝသတီ ပိယာ။
ဒူရေ ဣတော ဟိ ကာကဝတီ၊ ယတ္ထ မေ နိရတော မနော။

ငါ၏ မယားသည် နေသော ဂဠုန်ပြည်မှ ဤနံ့သာကို လိမ်းကျံသော ကာကဝတီ မိဖုရား၏ ကိုယ်နံ့သည် လှိုင်၏။ အကြင် ကာကဝတီ မိဖုရား၌ ငါ၏ စိတ်သည် မွေ့လျော်၏။ ထိုကာကဝတီ မိဖုရားသည် ဤဗာရာဏသီပြည်မှ ဝေးသော ဂဠုန်ပြည်၌ နေ၏။

ထိုစကားကို ကြား၍ ဂဠုန်မင်းသည် ဤဂါထာကို ဆို၏။

၁၀၆။ ကထံ သမုဒ္ဒမတရိ၊ ကထံ အတရိ ကေပုကံ။
ကထံ သတ္တ သမုဒ္ဒါနိ၊ ကထံ သိမ္ဗလိမာရုဟိ၊

သင်သည် သမုဒ္ဒရာကို အဘယ်သို့ ကူးသနည်း သီတာခုနစ်တန်ကို အဘယ်သို့ကူးသနည်း။ သီတာ သမုဒ္ဒရာ ခုနစ်တန်တို့ကို အဘယ်သို့ လွန်၍ လက်ပံပင်ကို အဘယ်သို့ တက်သနည်း။ ထိုစကားကို ကြား၍ နဋကုဝေရ စောင်းသမားသည် ဤဂါထာကို ဆို၏—

၁၀၇။ တယာ သမုဒ္ဒမတရိံ၊ တယာ အတရိံ ကေပုကံ။
တယာ သတ္တ သမုဒ္ဒါနိ၊ တယာ သိမ္ဗလိမာရုဟိံ။

ငါသည် သင်ဖြင့် သမုဒ္ဒရာကို ကူးပြီ။ သင်ဖြင့် သီတာ ခုနစ်တန်ကို ကူးပြီ၊ သင်ဖြင့် သီတာ သမုဒ္ဒရာ ခုနစ်တန် တို့ကို လွန်၍ သင်ဖြင့် လက်ပံပင်ကို တက်ပြီ။

ထိုနောက်မှ ဂဠုန်မင်းသည် ဤဂါထာကို ဆို၏။

၁၀၈။ ဓိရတ္ထု' မံ မဟာကာယံ၊ ဓိရတ္ထု' မံ အစေတနံ။
ယတ္ထ ဇာယာယ' ဟံ' ဇာရံ၊ အာဝဟာမိ ဝဟာမိ စ။

ငါသည် မယား၏ လင်ဖြစ်သော စောင်းသမားကို ဂဠုန်ပြည်သို့လည်း ယူခြင်း လူ့ပြည်သို့လည်း ပို့ဆောင်ခြင်းကြောင့် ကြီးသော ကိုယ်ရှိသော

ငါ့ကို ငါကဲ့ရဲ့၏။ ပေါ့သည့်၏အဖြစ် လေးသည်၏ အဖြစ်ကို မသိသော ငါ့ကို ကဲ့ရဲ့၏။

ထိုဂဠုန်မင်းသည်ကား ကာကဝတီမိဖုရားကို ဆောင်၍ ဗာရာဏသီမင်းအား ပေး၍ တစ်ဖန် ဗာရာဏသီမြို့သို့ မလာပြီ။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာကို ပြတော်မူသည်၏ အဆုံး၌ ငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ငြီးငွေ့သော ရဟန်းသည် ထိုအခါ နဋကုဝေရ မည်သော စောင်းသမား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်ခုနစ်ခုမြောက်သော ကာကဝတီဇာတ်သည် ပြီး၏။

---

၃၂၈-အနနုသောစိယဇာတ်

မယားသေ စိတ်ထွေ

သေသူကို ရှင်သူက-တ

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဗဟူနံ ဝိဇ္ဇတိ ဘောတိ" အစရှိသော ဂါထာပုဒ်ဖြင့် ဝန်ဆောင်အပ်သော ဤ အနနုသောစိယ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မယားသေသော သူကြွယ် တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူကြွယ်သည် မယားသေလွန်သည် ရှိသော် ရေမချိုး မသောက် မလိမ်း မကျံ မစား အမှုမလုပ်၊ စင်စစ်သဖြင့် သောကသည် နှိပ်စက်ရကား သုသာန်သို့ သွား၍ ငိုလျက် လှည့်လည်သတတ်။ အိုး၌ ဆီမီးထွန်းပသကဲ့သို့ သူကြွယ်၏ အတွင်း၌ သောတာပတ္တိမဂ်၏ ဥပနိဿယသည် ထွန်းပ၏။ သဗ္ဗညု မြတ်စွာဘုရားသည် မိုးသောက်ထ ကာလ၌ လောကကို ကြည့်တော်မူသည် ရှိသော် ထိုသူကြွယ်ကို မြင်တော်မူ၍ ငါ့ကိုလာ၍ ငါမှတစ်ပါး ဤ သူကြွယ်အား သောကကို ပယ်၍ သောတာပတ္တိမဂ်ကို ပေးတတ်သော တစ်စုံတစ်ယောက်သော

သူသည် မရှိ၊ ငါသည် ထိုသူကြွယ်၏ ကိုးကွယ်ရာ ဖြစ်အံ့ဟု ဆွမ်းဘုဉ်းပေးပြီးသည်မှနောက် ဆွမ်းခံရာမှ ဖဲတော်မူ၍ နောက်လိုက် ရဟန်းကို ခေါ်တော်မူ၍ ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွတော်မူ၍ သူကြွယ်သည် ခရီးဦး ကြိုဆို၍ ပူဇော်သက္ကာရကို ပြုလတ်လော် ခင်းအပ်သော နေရာ၌ နေတော်မူ၍ သူကြွယ်သည် လာလတ်၍ ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေလတ်သော် သီတင်းသည် သင်သည် ဆိတ်ဆိတ်နေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးသော အရှင်ဘုရား အမိန့်တော်အတိုင်း ဟုတ်၏။ အကျွန်ုပ် မယားသည် သေ၏။ အကျွန်ုပ်သည် သေသော မယားကို စိုးရိမ်လျက် ဆိတ်ဆိတ်နေ၏ဟု နားတော်လျှောက်သည်ရှိသော် သီတင်းသည် ပျက်စီးတတ်သော သဘောမည်သည်ကား ပျက်စီးမြဲ ဖြစ်၏။ ထိုပျက်စီးခြင်း သဘောတရား၌ စိုးရိမ်ခြင်းငှါ မသင့်၊ ရှေးပညာရှိ တို့သည်လည်း မယားသေလွန်သည် ရှိသော် ပျက်စီးတတ်သော သဘောသည် ပျက်စီး၏ဟု မစိုးရိမ်ကုန်ဟု မိန့်တော်မူ၍ ထိုသူကြွယ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။ (အတိတ်ဝတ္ထုသည် ဒသကနိပါတ် စူဠဗောဓိဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့။ ဤအနနုသောစိယဇာတ်၌ ဤသို့ ဆိုလတ္တံ့သော အတိတ်ဝတ္ထုသည်ကား အကျဉ်းတည်း)။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်တို့ကို သင်၍ မိဘတို့၏ အထံသို့ပြန်၏။ ဤအနနုသောစိယဇာတ်၌ ဘုရားလောင်း သူငယ်လက်ထက်မှစ၍ မြတ်သော အကျင့်ကို ကျင့်၏၊ ထိုအခါ မိဘတို့သည် ဘုရားလောင်းအား မယားကို ရှာကုန်အံ့ဟု ကြားကုန်၏။ ဘုရားလောင်းသည် အိမ်ရာထောင်ခြင်းကို ငါအလိုမရှိ။ ငါသည် မိဘတို့၏ လွန်သောအခါ၌ ရသေ့ရဟန်းပြုအံ့ဟု ဆို၍ အဖန်တလဲလဲ တောင်းပန်အပ်သည်ရှိသော် တစ်ခုသော ရွှေရုပ်ကို လုပ်စေ၍ ဤသို့ သဘောရှိသော သူငယ်မကို ရသော် ယူအံ့ဟုဆို၏၊ ဘုရားလောင်း၏ မိဘတို့သည် ထိုရွှေရုပ်ကို ယာဉ်ပေါင်းချုပ်၌ တင်၍ သွားကြကုန်၊ ဇမ္ဗူဒိပ်အပြင်၌ လှည့်လည်ကုန်လျက် အကြင်အိမ်၌ ဤသို့သဘောရှိသော ပုဏ္ဏေးမငယ်ကို မြင်ကုန်အံ့။ ထိုအိမ်၌ ဤရွှေရုပ်ကို ပေး၍ ထိုပုဏ္ဏေးမငယ်ကို ဆောင်ခဲ့ကုန်လော့ဟု များစွာသော အခြံအရံဖြင့် လူတို့ကို စေလွှတ်ကုန်၏။ ထိုကာလ၌ကား တစ်ယောက်သော ဘုန်းရှိသော သတ္တဝါသည် ဗြဟ္မာ့ပြည်မှ စုတေ၍ ကာသိတိုင်း နိဂုံးဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏား၏အိမ်၌ သူငယ်မ၏ အဖြစ်ဖြင့် ဖြစ်၏၊ ထိုသူငယ်မအား သမ္မိလ္လဘာသိနီဟူသော အမည်ကို မှည့်၏။ ထိုသမ္မိလ္လ

ဟာသိနီသည် တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌ အလွန်အဆင်းလှ၏။ ကြည်သို့ဖွယ်ရှိ၏။ နတ်သမီးနှင့်တူ၏။ ခပ်သိမ်းသော လက္ခဏာနှင့်ပြည့်စုံ၏။ ထိုသမ္မိလ္လဟာသိနီမည်သော သူငယ်မအားလည်း ကိလေသာစိတ် မည်သည်ကား မဖြစ်စဖူး။ သမ္မိလ္လဟာသိနီသည် မြတ်သောအကျင့်ကို ကျင့်၏။ ဤရွှေရုပ်ကို ယူ၍ လှည့်လည်ကုန်သော သူတို့သည် ထိုရွာသို့ရောက်ကုန်၏၊ ထိုရွာ၌ လူတို့သည် ထိုရွှေရုပ်ကို မြင်ကုန်၍ ဤအမည်ရှိသော ပုဏ္ဏားသမီး သမ္မိလ္လဟာသိနီသည်အဘယ်ကြောင့် ဤ၌ နေသနည်းဟု ဆိုကုန်၏။

လူတို့သည် ထိုစကားကို ကြား၍ ဤပုဏ္ဏားအိမ်သို့ သွား၍ သမ္မိလ္လဟာသိနီကို တောင်းကုန်၏။ သမ္မိလ္လဟာသိနီသည် မိဘတို့၏ လုန်သောအခါ ကျွန်ုပ် ရဟန်းပြုပါအံ့။ ကျွန်ုပ် အိမ်ရာထောင်ခြင်းဖြင့် အလိုမရှိဟု မိဘတို့အား သတင်းစကားကို ပို့စေ၏။ မိဘတို့လည်း သူငယ်မသည် အဘယ်သို့ ပြုလတ္တံ့နည်းဟု ဆို၍ ရွှေရုပ်ကိုယူ၍ သမ္မိလ္လဟာသိနီကို များစွာသော အခြံအရံဖြင့် ပို့စေကုန်၏။ နှစ်ဦးကုန်သော သတို့သား သတို့သမီးတို့အား အလိမရှိကုန်ဘဲလျက် မင်္ဂလာ ပြုကုန်၏၊ ထိုနှစ်ယောက်ကုန်သော သူတို့သည် တစ်ခုသော တိုက်ခန်း၊ တစ်ခုသော အိမ်ရာ၌ နေကုန်လျက်လည်း အချင်းချင်း ကိလေသာ၏ အမှုမ်းအားဖြင့် မကြည့်ဖူးကုန်၊ မြတ်သော အကျင့်ကို ကျင့်ကုန်သော နှစ်ပါးကုန်သော ရဟန်းတို့ ကဲ့သို့ထိုအိမ်၌ နေကုန်၏။ နောက်အဖို့၌ ဘုရားလောင်း၏ မိဘတို့သည် သေလွန်ကုန်၏။ ဘုရားလောင်းသည် မိဘတို့ကို သင်္ဂြိုဟ်၍ သမ္မိလ္လဟာသိနီကို ခေါ်၍ ရှင်မ သင်သည် ငါ့မိဘဥစ္စာ ကုဋေရှစ်ဆယ်၊ သင့်ဥစ္စာ ကုဋေရှစ်ဆယ် ဤရှိလောက်သော ဥစ္စာတို့ကို ယူ၍ ဥစ္စာကို ဖြစ်စေလော့၊ ငါသည် ရဟန်းပြုအံ့ ဟု ဆို၏။ အရှင်သား အရှင်သည် ရဟန်းပြုသော် ကျွန်ုပ်လည်း ရဟန်းပြုအံ့ အရှင့်သားကို စွန့်ခြင်းငှါ မတတ်နိုင်ဟု သမ္မိလ္လဟာသိနီ ဆို၏။ ထိုသို့တပြီ ကား လာလော့ဟု ခပ်သိမ်းသောဥစ္စာကို အလှူဝ၌ စွန့်၍ တံတွေးပေါက်ကဲ့သို့ စည်းစိမ်ကိုပယ်၍ ဟိမဝန္တာသို့ဝင်၍ နှစ်ယောက်ကုန်သော သူတို့သည်လည်း ရသေ့ရဟန်းပြု၍ တောသစ်သီးဟူသော အာဟာရ ရှိကုန်သည်ဖြစ်၍ ဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ် ဆား မှီဝဲအံ့သောငှါ ဟိမဝန္တာမှသက်၍ အစဉ်သဖြင့် ဗာရာဏသီသို့ ရောက်၍ မင်း၏ ဥယျာဉ်၌နေကုန်၏။ မင်းဥယျာဉ်၌ နေကုန်သော နှစ်ယောက်ကုန်သော ရသေ့တို့တွင် သြဇာမရှိသော ရောနှောသော ဆွမ်းကို စားရသော ရသေ့မအား နူးညံ့သိမ်မွေ့သည်၏ အဖြစ်ကြောင့် ဝမ်းသွေးလွန်သော အနာသည် ဖြစ်၏။

ထိုရသေ့မသည် သင့်သော ဆေးကိုမရ၍ အားနည်း၏။ ဘုရားလောင်းသည် ဆွမ်းခံသောအချိန်၌ ထိုရသေ့မကို ယူခဲ့၍ မြို့တံခါးသို့ ဆောင်ခဲ့၍ တစ်ခုသော ဇရပ်ပျဉ်၌ အိပ်စေ၍ မိမိသည် ဆွမ်းခံဝင်၍ ဘုရားလောင်း မြို့မှ မထွက်မီလျှင်

ရသေ့မသည် သေလွန်၏။ လူများသည် ရသေ့မ၏ တင့်တယ်စွာသော အဆင်းကို မြင်၍ ခြံရံလျက် ငိုကြွေးမြည်တမ်း၏။ ဘုရားလောင်းသည် ဆွမ်းခံ၍ လာလတ်သော် ထိုရသေ့မ၏ သေသောအဖြစ်ကို သိ၍ ပျက်စီးတတ်သော သဘောသည် ပျက်စီး၏။ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲမရှိကုန် သလျှင်ကတည်းဟု ဆို၍ ထိုရသေ့မ လျောင်းသောပျဉ်၌လျှင် ထိုင်၍ ရောနှောသော ဆွမ်းကို ဘုဉ်းပေး၍ ခံတွင်းကိုဆေး၏။ ခြံရံ၍ တည်သော လူများသည် အရှင်ဘုရား ဤရသေ့မသည် အရှင်ဘုရားနှင့် အဘယ်သို့ တော်သနည်းဟု မေး၏။ လူဖြစ်စဉ်က ငါ၏ ခြေရင်း၌ အလုပ်အကျွေးတည်းဟု ဆို၏။ အရှင်ဘုရား အကျွန်ုပ်တို့ သည်ပင် သဘောအားဖြင့် မတည်နိုင် ကြကုန် ငိုကြွေး မြည်တမ်းကြကုန်၏။ အရှင်ဘုရားသည် အဘယ့်ကြောင့် မငိုသနည်းဟု မေးကုန်၏။ ဘုရားလောင်းသည် ဤမိန်းမကား အသက်ရှင်စဉ်ကပင်လျှင် ငါနှင့် တစုံတစ်ခုတော်သည် မဟုတ်၊ ယခု တမလွန်သို့သွားသော် အဘယ်သို့ တော်အံ့နည်း၊ ဤရဟန်းမိန်းမသည် သေမင်းနိုင်ငံသို့ လိုက်သွားပြီ၊ အဘယ့် ကြောင့် ငါငိုအံ့နည်းဟု လူများအား တရားဟောလိုရကား ဤဂါထာတို့ကို ဆို၏—

၁၀၉။ ဗဟူနံ ဝိဇ္ဇတီ ဘောတီ၊ တေဟိ မေ ကိံ ဘဝိဿတိ။
　　တသ္မာ ဧတံ န သောစာမိ၊ ပိယံ သမ္ဗိလ္လဟာသိနိံ။

၁၁၀။ တံ တံ စေ အနုသောစေယျ၊ ယံ ယံ တဿ န ဝိဇ္ဇတိ။
　　အတ္တာနမနုသောစေယျ၊ သဒါ မစ္စုဝသံ ပတံ။

၁၁၁။ န ဟေဝ ဌိတံ နာသီနံ၊ န သယာနံ န ပတ္ထဂုံ။
　　ယာဝ ဗျာတိ နိမိယတိ တတြာပိ ရသတီ ဝယော။

၁၁၂။ တတ္ထတ္တနိ ဝတ ပဗန္ဓေ၊ ဝိနာဘာဝေ အသံသယေ။
　　ဘူတံ သေသံ ဒယိတဗ္ဗံ၊ ဝီတံ အနနုသောစိယံ။

ပုဏ္ဏေးမသည် များစွာကုန်သော သူသေတို့၏ အတွင်း၌ ရှိ၏၊ ထိုသူသေတို့နှင့် တကွ ဖြစ်သော ပုဏ္ဏေးမသည် ငါ့အား အဘယ်သို့ တော်သည် ဖြစ်လတ္တံ့နည်း၊ ထို့ကြောင့် မယားဖြစ်သော ထိုသမ္ဗိလ္လဟာသိနီကို ငါမစိုးရိမ်၊ အကြင်အကြင် သေတိုင်း သေတိုင်း သောသူသည် ထိုစိုးရိမ်သောသူအား မရှိ၊ ထို သေတိုင်းသေတိုင်းသောသူကို အကယ်၍ စိုးရိမ်ငြားအံ့၊ အခါခပ်သိမ်း သေမင်းနိုင်ငံသို့ လိုက်ရသော ကိုယ်ကို စိုးရိမ်ရာ၏။ အိုလူများတို့ ရပ်သော သတ္တဝါသို့ သာလျှင် အာယုသင်္ခါရသည် လိုက်သည် မဟုတ်သေး၊ လျောင်းသော သတ္တဝါသို့သာလျှင် အာယုသင်္ခါရသည် လိုက်သည်မဟုတ်သေး၊ ဖဝါးဖြန့်လှန်း၍ သွားသော သတ္တဝါသို့သာလျှင် အာယုသင်္ခါရသည်

လိုက်သည် မဟုတ်သေး။ အကြင်မျှလောက် မျက်စိ ဖွင့်၏၊ မျက်စိ မှိတ်၏။ ထိုမျက်စိ ဖွင့်စဉ် မှိတ်စဉ်၌လည်း သုံးပါးသော အရွယ်သည် ဆုတ်ယုတ်၏၊ ထိုအရွယ်၌ အတ္တဘောသည် စင်စစ် စပ်သည်ရှိသော် ကွေကွင်းခြင်းသဘော သည် ယုံမှားမရှိ၊ ဖြစ်လတ်သော် အကြင်သတ္တဝါသည် မသေမပျောက်ဘဲ ကြွင်း၏၊ ထိုမသေမပျောက် ကြွင်းကျန်သော သတ္တဝါကို သနားချစ်ခင် အပ်၏၊ သေလေပြီးသော ထိုသတ္တဝါကို အဖန်တလဲလဲ မစိုးရိမ်အပ်။

ဤသို့ ဘုရားလောင်းသည် လေးဂါထာတို့ဖြင့် အနိစ္စအခြင်းအရာကို ပြလျက် တရားကိုဟော၏။ လူများသည် ပရိဗိုဇ်ရဟန်းမိန်းမကို သဂြိုဟ်၏။ ဘုရားလောင်းသည် ဟိမဝန္တာသို့လျှင်ဝင်၍ စျာန်အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့လား၏။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌တည်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ ရဟုလာ မယ်တော်သည် ထိုအခါ သမ္မိလ္လဟာသိနီ ဖြစ်ဖူးပြီ၊ ယနေ့အခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်ရှစ်ခုမြောက်သော အနနုသောစိယဇာတ်သည် ပြီး၏။

---

**၃၂၉- ကာဠဗာဟုဇာတ်**

**(တောတွင်းမောင်းညို)**

**ကိုယ့်ထမင်းအိုး ကိုယ်ခိုက်ခွဲ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် “ယံ အန္န ပါနဿ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကာဠဗာဟုဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပျောက်သော လာဘသက္ကာရ ရှိသော ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဒေဝဒတ်သည် ဘုရားအား အရာမဟုတ်သည်၌ ရန်ငြိုးဖွဲ့၍ လေးသမားတို့ကို စေလွှတ်၍ နာဠာဂိရိ ဆင်ကို လွှတ်သဖြင့် ဒေဝဒတ်၏ အပြစ်သည် ထင်ရှား ဖြစ်၏။ ထိုအခါ လူတို့သည် ဒေဝဒတ်အား အမြဲတည်အပ်သော ဆွမ်းဝတ် တို့ကို မတည်ကုန်။ မင်းသည်လည်း မကြည်ညို၊ ဒေဝဒတ်သည် ပျောက်သော လာဘသက္ကာရ ရှိသည်ဖြစ်၍ ဒါယကာတို့၌ တောင်း၍ စားလျက် လှည့်လည်၏။ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဒေဝဒတ်သည် လာဘသက္ကာရကို ဖြစ်စေ၍ ဖြစ်ပြီးသော လာဘသက္ကာရကို အမြဲ တည်စိမ့်သောငှါ မတတ်နိုင် ကုန်ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညူ မြတ်စွာဘုရားသည် ကြွလာတော်မူ လတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ပျောက် သော လာဘသက္ကာရ ရှိသည် မဟုတ်သေး။ ရှေး၌လည်းပျောက်သော လာဘ-သက္ကာရ ရှိသည်သာလျှင် ဖြစ်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဓနဉ္စယမင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ရာမည်သော ကျေးဖြစ်၏။ ကြီးသော ဖြည့်ဖြိုး သော ကိုယ်ရှိ၏။ ညီတော်သည်ကား ပေါဋ္ဌပါဒ မည်၏။ တစ်ယောက်သော မုဆိုးသည် ကျေးညီနောင် တို့ကို ဖမ်းယူ၍ တန်ဆာဆင်၍ ဗာရာဏသီမင်းအား ဆက်၏။ မင်းသည် ကျေးညီနောင်တို့ကို ရွှေချိုင့်၌ ထား၍ ရွှေခွက်ဖြင့် ပျားရည် ပေါက်ပေါက် တို့ကို စားစေလျက် သကြားရည် တို့ကို သောက်စေလျက် မွေး၏။ များမြတ်သော ပူဇော်သက္ကာရသည် ဖြစ်၏။ ထိုအခါ တစ်ယောက်သော မုဆိုးသည် ကာဠဗာဟု မည်သော တစ်ကောင်သော မျောက်ညိုကြီးကို ဆောင်၍ ဗာရာဏသီမင်းအား ဆက်၏။ ထို ကာဠဗာဟု မျောက်ညိုကြီးအား နောက်မှ လာသည်၏ အဖြစ်ကြောင့် အလွန်များသော လာဘသက္ကာရသည် ဖြစ်၏။ ကျေးသားတို့အား လာဘသက္ကာရသည် ပြတ်၏။ ဘုရားလောင်း သည် သည်းခံခြင်း လက္ခဏာနှင့် ယှဉ်သည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုကို မဆို။ ဘုရားလောင်း၏ ညီသည်ကား သည်းခံခြင်း လက္ခဏာ မရှိသည်၏အဖြစ် ကြောင့် မျောက်အားဖြစ်သော လာဘသက္ကာရကို သည်းမခံနိုင်သည် ဖြစ်၍ အစ်ကိုကြီး ဤမင်းအိမ်၌ ကောင်းသော အရသာရှိကုန်သော ခဲဖွယ် အစရှိ သည်တို့ကို ရှေး၌ ကျွန်ုပ်တို့အား သာလျှင် ပေးကုန်၏၊ ယခု အကျွန်ုပ်တို့သည် မရကုန်။ ကာဠဗာဟု မျောက်အားသာလျှင် ပေးကုန်၏၊ ဓနဉ္စယမင်း၏ အထံမှ လာဘသက္ကာရကို မရကုန်။ ဤအရပ်၌ ငါတို့သည် အဘယ်သို့

ပြုအံ့နည်း။ လာလော့ တောသို့သာလျှင် သွား၍ နေကုန်အံ့ဟု ရာမကျေးနှင့် တကွ စကားပြောလိုရကား ဤဂါထာကို ဆို၏—

၁၁၃။ ယံ အန္နပါနဿ ပုရေ လဘာမ။
တံ ဒါနိ သာခမိဂ မေဝ ဂစ္ဆတိ။
ဂစ္ဆာမ ဒါနိ ဝနမေဝ ရာဓ။
အသက္ကတာ စ’ သ္မ ဓနဉ္စယာယ။

အစ်ကို ငါတို့သည် ထိုဓနဥ္စယ မင်း၏ အထံမှ ရှေး၌ ရကုန်သော ထမင်း, အဖျော်သည် ယခုအခါ၌ မျောက်သို့သာလျှင် ရောက်၏။ အစ်ကို ရာဓ ငါတို့သည် ဓနဥ္စယမင်းမှ ပူဇော်သက္ကာရကို မရကုန်သည် ဖြစ်ကုန်၏။ ယခုအခါ၌ တောသို့ သာလျှင် သွားကြကုန်အံ့။

ထိုစကားကို ကြား၍ ရာဓကျေးသည် ဤဂါထာကို ဆို၏—

၁၁၄။ လာဘော အလာဘော ယသော အယသော စ။
နိန္ဒာ ပသံသာ စ သုခဉ္စ ဒုက္ခံ။
ဧတေ အနိစ္စာ မနုဇေသု ဓမ္မာ၊
မာသောစိ ကိံ သောစသိ ပေါဋ္ဌပါဒ။

ညီထွေး ပေါဋ္ဌပါဒ လူတို့၌ လာဘ်ရခြင်း၊ လာဘ်မရခြင်း စည်းစိမ် အခြံအရံ များခြင်း၊ စည်းစိမ် အခြံအရံ မရှိခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း ဤလောကဓံ ရှစ်ပါးတို့သည် အမြဲ မရှိကုန်၊ မစိုးရိမ်လင့်၊ အဘယ့်ကြောင့် စိုးရိမ်သနည်း။

ထိုစကားကို ကြား၍ ပေါဋ္ဌပါဒသည် မျောက်၌ ငြူစူခြင်းကို ပယ်ခြင်းငှါ မတတ်နိုင်ရကား ဤဂါထာကို ဆို၏—

၁၁၅။ အဒ္ဓါ တုဝံ ပဏ္ဍိတကောသိ’ ရာဓ၊
ဇာနာသိ အတ္ထာနိ အနာဂတာနိ။
ကထံ နု သာခါ မိဂံ ဒက္ခိသာမ၊
နိဒ္ဓါဝိတံ ရာဇကုလတောဝ ဇမ္မံ။

အစ်ကိုရာဓ သင်သည် စင်စစ် ပညာရှိသည် ဖြစ်၏။ မရောက်လာကုန်သေးသော အကျိုးတို့ကို သိ၏။ အဘယ်အကြောင်းဖြင့် ယုတ်မာသော မျောက်ကို မင်းအိမ်မှလျှင် နှင်ထုတ်စေအပ်သည်ကို ငါတို့သည် မြင်ရကုန်အံ့နည်း။

ထိုစကားကို ကြား၍ ရသေည် ဤဂါထာကို ဆို၏—

၁၁၆။ စာလေတိ ကဏ္ဏံ ဘကုဋိံ ကရောတိ၊
မုဟုံ မုဟုံ ဘာယယတေ ကုမာရေ။
သယမေဝ တံ ကာဟတိ ကာဋ္ဌဗာဟု၊
ယေနာ'ရကာ ဌဿတိ အန္ဓပါနာ။

ပေါဋ္ဌပါဒ၊ ကာဋ္ဌဗာဟု မျောက်သည် နားကို လှုပ်ယှက်၏။ မျက်မှောင်ကြုတ်ခြင်းကို ပြု၏။ ရှုတ်ချည်း ရှုတ်ချည်း မင်းသားငယ်တို့ကို လန့်စေ၏။ အကြင်အကြောင်းဖြင့် ထမင်းအဖျော်မှ ဝေးစွာ တည်လတ္တံ့၊ ထိုအကြောင်းကို မိမိသည် ပြုလတ္တံ့။

ကာဋ္ဌဗာဟု မျောက်သည်လည်း နှစ်ရက် သုံးရက် လွန်သဖြင့် မင်းသားငယ်တို့၏ ရှေ့မှ နား နှာခေါင်း လှုပ်ခြင်း အစရှိသည်ကို ပြုလျက် မင်းသားငယ်တို့ကို ခြောက်၏။ မင်းသားငယ်တို့ သည်လည်း ထိတ်လန့်ကုန်၍ ဟစ်ကြွေးကုန်၏၊ မင်းသည် အဘယ် အကြောင်းနည်းဟု မေး၏။ ထိုအကြောင်းကို ကြား၍ ကာဋ္ဌဗာဟု မျောက်ကို ထုတ်ကြကုန်ဟု နှင်ထုတ်စေ၏။ ကျေးသားတို့အား တစ်ဖန် ပကတိလာဘသက္ကာရသည် ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ ကာဋ္ဌဗာဟုမျောက် ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ ပေါဋ္ဌပါဒ ကျေးသား ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရာဓကျေးသား ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာနှစ်ဆယ့်ကိုးခုမြောက်သော ကာဋ္ဌဗာဟုဇာတ်သည် ပြီး၏။

---

## ၃၃၀-သီလဝီမံသဇာတ်

### မရှိတောင့်တ ရှိကြောင့်ကြ

### ကိုယ်ချမ်းသာမှုထက် စိတ်ချမ်းသာမှုက အဓိက

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သီလံ ကိရေဝ ကလျာဏံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝီမံသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလကို စုံစမ်းတတ်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်

မူ၏။ (နှစ်ပါးကုန်သော ပစ္စုပ္ပန်ဝတ္ထု, ဇာတိတ်ဝတ္ထုတို့ကိုလည်း အောက်၌ ဆိုအပ်ကုန်ပြီ) အထူးကား ဤသီလဝီမံသဇာတ်၌ ဘုရားလောင်းသည် ဗာရာဏသီမင်း၏ ပုရောဟိတ် ဖြစ်၏။ ထိုဘုရားလောင်းသည် မိမိသီလကို စုံစမ်းလိုရကား သုံးရက်ပတ်လုံး ရွှေပန်းထိမ်သည်၏ ပျဉ်မှ အသပြာကို ယူ၏။ ဘုရားလောင်းကို ခိုးသူဟု ဖမ်း၍ မင်းအား ပြကုန်၏။ ဘုရားလောင်းသည် **မင်း၏**အထံ၌ တည်လျက် ဤဂါထာကို ဆို၏—

၁၁၇။ သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလ ဝါတိ န ဟညတိ။

သီလသည်သာလျှင် ကောင်းသတတ်၊ လောက၌ သီလသည်သာလျှင် အတုမရှိ မြတ်သတတ်၊ ရှုပါလော့။ ပြင်းသော အဆိပ်ရှိသော မြွေကို သီလရှိသော မြွေဟူ၍ မညှဉ်းဆဲအပ်။

ဤဂါထာဖြင့် သီလကိုချီးမွမ်း၍ မင်းကို ရဟန်းအဖြစ်ကို ခွင့်ပြုစေ၍ ရဟန်းပြုအံ့သောငှါ သွား၏။ ထိုအခါ တစ်နေ့သ၌ စွန်သည် အမဲဈေးမှ သားတစ်ကိုချီ၍ ကောင်းကင်၌ပျံ၏။ ထိုစွန်ကို တစ်ပါးသောငှက်တို့သည် ဝန်းရံ၍ ခြေသည်း နှုတ်သီး အစရှိသည်တို့ဖြင့် ထိုးကုန်၏။ ထိုစွန်ရဲသည် သည်းခံအံ့သောငှါ မတတ်နိုင်၍ သားတစ်ကို စွန့်၏။ တစ်ကောင်သောစွန်သည် ယူလေ၏။ ထိုသားတစ်ကိုယူသော စွန်သည်လည်း တစ်ပါးသော ငှက်တို့သည် ညှဉ်းဆဲအပ်သည်ရှိသော် ရှေးအတူ စွန့်၏။ ထိုအခါ တစ်ပါးသောစွန်သည်လည်း ယူပြန်၏။ ထိုငှက်တို့တွင် အကြင်အကြင် ငှက်သည် ယူ၏။ ထိုထိုငှက်ကို တစ်ပါးသော ငှက်တို့သည် လိုက်ကုန်၏။ အကြင် အကြင် ငှက်သည် စွန့်၏။ ထိုထိုငှက်သည် ချမ်းသာသည်သာလျှင် ဖြစ်၏။ ဘုရားလောင်းသည် မြင်၍ ဤကာမတို့ မည်သည်ကား သားတစ်နှင့် တူကုန်၏။ ဤကာမတို့ကို ယူဆောင်သော သူတို့သာလျှင် ဆင်းရဲဖြစ်၏။ စွန့်သော သူတို့အား ချမ်းသာ ဖြစ်၏ဟု ကြံလျက် ဤဂါထာကို ဆို၏—

၁၁၈။ ယာဝဒေဝ'ဿ'ဟူ ကိဉ္စိ၊ တာဝဒေဝ အခါဒိသုံ။
သင်္ဂမ္မ ကုလလာ လောကေ၊ န ဟိံသန္တိ အကိဉ္စနံ။

ထိုစွန်အား အနည်းငယ်သော နှုတ်သီးဖြင့် ချီအပ်သော ကာလပတ်လုံးလျှင် ထိုစွန်ကို လောက၌ စွန်အပေါင်းတို့သည် ကပ်၍ ထိုးဆိတ်ကုန်၏၊ သားတစ်မရှိသောစွန်ကို စွန်အပေါင်းတို့သည် မညှဉ်းဆဲကုန်။

ထိုဘုရားလောင်းသည် မြို့မှ ထွက်၍ ခရီးအကြား၌ တစ်ခုသော ရွာဝယ် ညချမ်းသောအခါ တစ်ခုသော အိမ်၌ အိပ်၏။ ထိုအိမ်၌ ပိင်္ဂလာမည်သော

ကျွန်မသည် ဤမည်သော အချိန်၌ လာသော့ဟု ယောကျ်ား တစ်ယောက်နှင့် တကွ ချိန်းချက်ခြင်းကိုပြု၏၊ ထိုပိဂ်လာမည်သော ကျွန်မသည် အရှင်တို့၏ ခြေတို့ကို ဆေး၍ အရှင်တို့သည် အိပ်ကုန်လတ်သော် ထိုယောကျ်ား၏ လာခြင်းကို မျှော်လျက် တံခါးခုံ၌ ထိုင်၍ ယခု လာလတ္တံ့၊ ယခုလာလတ္တံ့ဟု ပဌမယာမ် မဇ္ဈိမယာမ်တို့ကို လွန်စေ၏၊ မိုးသောက်ထင်၌ကား ယခုထိုယောကျ်ားသည် မလာပြီဟု အာသာပြတ်လျက် လျောင်း၍ အိပ်ပျော်ခြင်းသို့ ရောက်၏၊ ဘုရားလောင်းသည် ဤအကြောင်းကိုမြင်၍ ဤကျွန်မသည် ထိုယောကျ်ားကား ယခုလာလတ္တံ့ဟူသောအမှတ်ဖြင့် ဤမျှလောက်သော ကာလပတ်လုံး ထိုင်လျက် နေ၏။ ယခုအခါ၌ကား ထိုယောကျ်ား၏ မလာအံ့သောအဖြစ်ကိုသိ၍ အာသာပြတ်ရကား ချမ်းသာစွာအိပ်၏။ ကိလေသာတို့၌ တောင့်တခြင်း အာသာမည်သည်ကား ဆင်းရဲ၏။ အာသာမရှိသော အဖြစ်သည်လျှင် ချမ်းသာ၏ ဟုကြံ၍ ဤဂါထာကို ဆို၏။

၁၁၉။ သုခံ နိရာသာ သုပတိ၊ အာသာ ဖလဝတီ သုခါ။
　　အာသံ နိရ သံ ကတွာန၊ သုခံ သုပတိ ပိင်္ဂလာ။

အာသာပြတ်၍ ချမ်းသာစွာ အိပ်ရ၏။ အာသာ၏အကျိုးကို ရခြင်းသည် ချမ်းသာ၏။ ပိင်္ဂလာမည်သောကျွန်မသည် တောင်းတခြင်းအာသာကို အာသာပြတ်ခြင်းကို ပြု၍ ချမ်းသာစွာ အိပ်ရ၏။

ထိုဘုရားလောင်းသည် နက်ဖြန် ထိုရွာမှတောသို့ ဝင်လတ်သော် ဈာန်ဝင်စားသော တစ်ပါးသောရသေ့ကိုမြင်၍ ဤပစ္စုပ္ပန်လောက, တမလွန်လောက၌ ဈာန်ချမ်းသာထက် လွန်သောချမ်းသာမည်သည် မရှိဟုကြံ၍ လေးခုမြောက်သော ဤဂါထာကို ဆို၏ —

၁၂၀။ န သမာဓိပရော အတ္ထိ၊ အသ္မိံ လောကေ ပရမှိ စ။
　　န ပရံ နာပိ အတ္တာနံ၊ ဝိဟိံသတိ သမာဟိတော။

ဤပစ္စုပ္ပန်လောက၌ လည်းကောင်း၊ တမလွန် လောက၌လည်းကောင်း၊ သမာဓိထက်မြတ်သော သုခတစ်ပါးသည် မရှိ။ ကောင်းသော တည်ကြည်သော သူသည် သူတစ်ပါးကိုလည်းမညှဉ်းဆဲ၊ မိမိကိုယ်လည်း မညှဉ်းဆဲ၊

ထိုဘုရားအလောင်းတော်သည် တောသို့ဝင်၍ ရသေ့ပဟန်းပြု၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏၊

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပုရောဟိတ်ပုဏ္ဏားဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်ခုနှစ်မြောက်သော သီလဝီမံသဇာတ်သည် ပြီး၏၊

၃-ကုဋိဒူသကဝဂ် ပြီး၏။

## ၄-ကောကာလိကဝဂ်

### ၃၃၁-ကောကာလိကဇာတ်

ကိုယ့်ဒုက္ခ ကိုယ်ရှာ

အသံကြောင့် ဖားသေ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ယော ဝေ ကာလေ အသမ္ပတ္တေ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကောကာလိကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိကကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို တေရသကနိပါတ် တက္ကာရိယဇာတ်၌ ချဲ့အပ်ပြီ)။ သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်ဘုရားလောင်းသည် ထိုမင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏။ မင်းသည် စကားများ၏။ ဘုရားလောင်းသည် ထိုမင်း၏စကားများသောအဖြစ်ကို တားမြစ်အံ့ဟု တစ်ခုသောဥပမာကို ရှာလျက်သွား၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် ဥယျာဉ်သို့သွား၍ မင်္ဂလာကျောက်ဖျာ၌နေ၏။ ကျောက်ဖျာ၏အထက်၌ သရက်ပင်သည် ရှိ၏။ ထိုသရက်ပင်ဝယ် တစ်ခုသော ကျီးသိုက်၌ ဥသြမသည် မိမိ၏ဥကိုထား၍ သွား၏၊ ကျီးမသည် ဥသြဥကို စောင့်ရှောက်၏။ နောက်အဖို့၌ ထိုဥမှ ဥသြငယ်သည် ပေါက်၏။ ကျီးမသည် ငါ့သားဟူသော အမှတ်နှင့်

---

တက္ကာရိယဇာတ် တေရသနိပါတ်မှာ။

နှုတ်သီးဖြင့်အစာကိုဆောင်၍ ဥဩငယ်ကို မွေး၏။ အတောင်မရောက်သေးသော ထိုဥဩငယ်သည် အခါမဟုတ်မီကလျှင် ဥဩသံကို မြည်၏။ ကျီးမသည် ဤငှက်ငယ်ကား ယခုကပင်လျှင် တစ်ပါးသောအသံကိုမြည်၏။ ကြီးသော် အသို့ပြုလတ္တံ့နည်းဟု နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှချ၏။ ထိုဥဩငယ်သည် မင်း၏ခြေရင်း၌ကျ၏။ မင်းသည် ဘုရားလောင်းကို အဆွေ၊ ဤအကြောင်းကား အသို့နည်းဟုမေး၏။ ဘုရားလောင်းသည် ငါကား မင်းကိုမြစ်အံ့သော ဥပမာ တစ်ခုသောဥပမာကို ရ၏။ ယခု ထိုဥပမာကို ရပြီဟုကြံ၍ မြတ်သော မင်းကြီး၊ အလွန်နှုတ်ကြမ်းကုန်သော အခါမဟုတ်သည်၌ စကားများကုန်သော သူတို့သည် ဤသို့သဘောရှိသော် ဆင်းရဲကို ရကုန်၏။ မြတ်သောမင်းကြီး၊ ဤဥဩငယ်သည် ဥဩမ၏သားတည်း၊ အတောင် မပေါက်သေး။ အခါမဟုတ်မီကလျှင် ဥဩသံကိုမြည်၏၊ ထို့ကြောင့် ဤဥဩငယ်ကို ကျီးမသည် ဤငှက်ကား ငါ့သားမဟုတ်ဟုသိ၍ နှုတ်သီးဖြင့် ထိုးသတ်၍ အသိုက်မှချ၏။ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အခါမဟုတ်သည်၌ စကားများကုန်သော သူတို့သည် ဤသို့သဘောရှိသော ဆင်းရဲကို ခံရကုန်၏ဟုဆို၍ ဤဂါထာတို့ကို ဆို၏။

၁၂၁။ ယော ဝေ ကာလေ အသမ္ပတ္တေ၊ အတိဝေလံ ပဘာသတိ။
ဧဝံ သော နိဟတော သေတိ၊ ကောကိလာယိ’ဝ အတြဇော။

၁၂၂။ န ဟိ သတ္ထံ သုနိသိတံ၊ ဝိသံ ဟလာ ဟလာ’မိဝ။
ဧဝံ နိကဋ္ဌေ ပါတေတိ၊ ဝါစာ ဒုဗ္ဘာသိတာ ယထာ။

၁၂၃။ တသ္မာ ကာလေ အကာလေ ဝါ၊ ဝါစံ ရက္ခေယျ ပဏ္ဍိတော။
နာ’တိဝေလံ ပဘာသေယျ၊ အပိ အတ္တသမမှိ ဝါ။

၁၂၄။ ယော စ ကာလေ မိတံ ဘာသေ၊ မတိပုဗ္ဗော ဝိစက္ခဏော။
သဗ္ဗေ အမိတ္တေ အာဒေတိ၊ သုပဏ္ဏော ဥရဂါမိဝ။

မြတ်သောမင်းကြီး၊ အကြင်သူသည် စင်စစ် ကာလသည်မရောက်မီ အပိုင်းအခြားကိုလွန်၍လည်းဆို၏။ ဥဩမ၏သားသည် သေ၍ အိပ်ရသကဲ့သို့ ဤအတူ ထိုသူသည် သေ၍ အိပ်ရ၏။

မကောင်းသဖြင့် ဆိုအပ်သောစကားသည် ခဏချင်း သတ်သကဲ့သို့ ထို့အတူ ကောင်းစွာသွေးအပ်သောဓားသည် မသတ်ဘတ်၊ မကောင်းသဖြင့် ဆိုအပ်သောစကားသည် ခဏခြင်းသတ်သကဲ့သို့ ထို့အတူ လတ်တလော သေစေတတ်သော အဆိပ်သည် မသတ်တတ်။

ထို့ကြောင့် ပညာရှိသည်ကာလ၌လည်းကောင်း၊ကာလမဟုတ်သည့်၌လည်းကောင်း၊ စကားကို စောင့်ရာ၏။ စင်စစ် မိမိနှင့်တူသော သူ၌လည်း အပိုင်းအခြားကို လွန်၍မဆိုရာ။

ဂဠုန်မင်းသည် နဂါးကို ဖမ်းယူသကဲ့သို့ ထို့အတူ ပညာရှေ့သွားရှိသော အကြင်ပညာရှိသည်ကား လျောက်ပတ်သောကာလ၌ နှိုင်းယှဉ်အပ်သော စကားကို ဆို၏။ ထိုပညာရှိသည် ခပ်သိမ်းကုန်သော ရန်သူတို့ကို ဖမ်းယူနိုင်၏။

မင်းသည် ဘုရားလောင်း၏ တရားကို နာရ၍ ထိုအခါမှစ၍ အတိုင်းအရှည်ရှိသော စကားကို ပြောဆို၏။ ဘုရားလောင်းအား စည်းစိမ်ကိုလည်း ပွား၍ များစွာပေး၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကောကာလိကသည် ထိုအခါ ငှသြငှက်ငယ် ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိအမတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်တင်နမြောက်သော ကောကာလိကဇာတ်သည် ပြီး၏။

## ၃၃၂-ရထလဋ္ဌိဇာတ်

### မကောင်းကျောင်းပို့

### ကိုယ့်အပြစ် သူများပုံချ

### ပစ္စုပ္ပန်ဝတ္ထု

နဘ်နှင့်တကွသော လောကကို ဆုံးမတော်မူဘတ်သော သဗ္ဗညု မြတ်စွာဘုရားသည် အပိ ဟန္တွာ ဟတော ဗြူတိ-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရထလဋ္ဌိဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်း၏ပုရောဟိတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုပုရောဟိတ်သည် ရထားဖြင့် စားသောရွာသို့ သွားသည်ရှိသော် ကျဉ်းမြောင်းသော ခရီး၌ ရထားနှင့်လျှင် တစ်ဦးသော လှည်းကုန်သည်မှူးကို မြင်၍ သင်တို့လှည်းကို ဖယ်လော့ဟုဆို၍ သွား၏။ လှည်းကို မရှောင်လွှဲသည်ရှိသော် အမျက်ထွက်၍ နှင်တံဖြင့် ရှေးဦးလှည်းဝယ် လှည်းနှင်ယောကျ်ားအား ရိုက်ခတ်၏။ ထိုနှင်တံသည် ရထားဦး၌ထိရကား ပြန်၍ ပုရောဟိတ်၏ နဖူးကို

လျှင်ခတ်၏။ ထိုခဏ၌သာလျှင် ပုရောဟိတ်၏ နဖူး၌ ဖူးဖူးရောင်၍ ထ၏။ ပုရောဟိတ်သည် ပြန်၍ လှည်းနှင်ယောကျ်ားတို့သည် ရိုက်၏ဟု မင်းအား လျှောက်၏။ လှည်းနှင် ယောကျ်ားတို့ကို ခေါ်စေ၍ စစ်မေးလတ်သည်ရှိသော် ပုရောဟိတ်၏ အပြစ်ကိုသာလျှင် မြင်ကုန်၏၊ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့- မင်း၏ ပုရောဟိတ်သည် လှည်းနှင်ယောကျ်ားတို့သည် ရိုက်သောဟု တရားတွေ့ကြလတ်သော် မိမိသည်လျှင် ရှုံးသတတ်ဟူ၍စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ကြွလာတော်မူလတ်၍ ရဟန်းတို့- ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော် ရဟန်းတို့-ဤပုရောဟိတ်သည် ယခုအခါ၌ သာလျှင် ဤသို့ သဘောရှိသော အမှုကို ပြုသည်မဟုတ်သေး။ ရှေး၌လည်း ဤသို့သဘောရှိသော အမှုကို ပြုသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ထိုမင်း၏ တရားဆုံးဖြတ်သော အမတ်ဖြစ်၏။ ထိုအခါ မင်း၏ပုရောဟိတ်သည် ရထားဖြင့် မိမိစားသောရွာသို့ သွား၏။ (အလုံးစုံသော စကားသည် ရှေးနှင့်တူပြီ)။ အထူးကား ဤအတိတ်ဝတ္ထု၌ ပုရောဟိတ်အမတ်သည် မင်းအား ကြားလျှောက်သည် ရှိသော် မင်းသည် ကိုယ်တိုင် တရားဆုံးဖြတ်သော အရာ၌နေ၍ လှည်းနှင်ယောကျ်ားတို့ကို ခေါ်စေ၍ အမှုကို မသုတ်သင် မစိစစ်မူ၍လျှင် သင်တို့သည်ပုရောဟိတ်ကို ရိုက်၍ နဖူး၌ ဖူးဖူးရောင်စေ၏ဟု ဆို၍ ထိုလှည်းနှင်ယောကျ်ားတို့၏ အလုံးစုံသော ဥစ္စာတို့ကို သိမ်းဆည်းခြင်းကို ပြုကြကုန်ဟု ဆို၏။ ထိုမင်းကို ဘုရားလောင်းသည် မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် အမှုကို မသုတ်သင် မစိစစ်မူ၍ လှည်းနှင်ယောကျ်ားတို့၏ အလုံးစုံသော ဥစ္စာကို ယူစေကုန်၏။ အချို့သောသူတို့သည်မိမိသည်ပင်လျှင် မိမိကိုယ်ကိုသတ်၍သူတစ်ပါးသတ်သည်ဟု ဆိုကုန်ရာ၏။ ထို့ကြောင့်မစိစစ်မူ၍ ပြုခြင်းငှါမသင့်၊ မင်းပြုသောသူ မည်သည် ကား သုတ်သင်စိစစ်၍ အမှုကိုပြုခြင်းငှါသင့်၏ဟု ဆို၍ ဂါထာတို့ကိုဆို၏—

၁၂၅။ အပိ ဟန္တွာ ဟတော ဗြူတိ၊ ဇေတွာ ဇိနောတိ ဘာသတိ။
ပုဗ္ဗမက္ခာယိနော ရာဇ၊ အညဒတ္ထု န သဒ္ဒဟေ။

၁၂၆။ တသ္မာ ပဏ္ဍိတဇာတိယော၊ သုဏေယျ ဣတရဿာပိ။
ဥဘိန္နံ ဝစနံ သုတွာ၊ ယထာ ဓမ္မော တထာ ကရေ။

၁၂၄။ အလသော ဂိဟီ ကာမဘောဂီ န သာဓု၊
အသညတော ပဗ္ဗဇိတော န သာဓု။
ရာဇာ န သာဓု အနိသမ္မကာရီ၊
ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။

၁၂၈။ နိသမ္မ ခတ္တိယော ကယိရာ၊ နာ’ နိသမ္မ ဒိသမ္ပတိ။
နိသမ္မကာရိနော ရာဇ ၊ ယသော ကိတ္တိဉ္စ ဝဍ္ဎတိ။

မြတ်သောမင်းကြီး တစ်ယောက်သောသူသည်စင်စစ်မိမိကိုယ်ကို မိမိရိုက်နှက်၍ သူတစ်ပါးရိုက်၏ဟုဆို၏ မိမိသည် သူတစ်ပါးကို အနိုင်ယူခဲ့၍ မိမိအနိုင်ခံရသည်ဟုဆို၏ ရှေးဦးစွာ ဆိုသောသူ၏ စကားကို စင်စစ်သဖြင့် မယုံကြည်ရာ။

ထို့ကြောင့်လျှင် ပညာရှိသော အမျိုးသားသည် အခြားသူ တစ်ယောက်၏ စကားကိုလည်း နားထောင်ရာ၏ နှစ်ဦးသော သူတို့၏စကားကို နားထောင်၍ တရားဥပဒေလမ်းကြောင်းအတိုင်း ပြုကျင့်ရာ၏။

ပျင်းရိသော အိမ်ထောင်ရှင်သည်မကောင်း ကိုယ်နှုတ်နှလုံးမစောင့်ထိန်းသော ရဟန်းသည် မကောင်း မဆင်မခြင်မဝုံမဧမ်း ပြုလေ့ရှိသော မင်းသည် မကောင်း ပညာရှိအမျက်ထွက်ခြင်းသည် မကောင်း။

ဘုရင်မင်းသည် စူးစမ်းဆင်ခြင်၍ ပြုရာ၏ ဘုရင်မင်းသည် မဆင်ခြင်မူ၍ မပြုရာ ဆင်ခြင်၍ ပြုလေ့ရှိသော မင်းအား စည်းစိမ်အခြံအရံသည်လည်းကောင်း အကျော်အစောသည် လည်းကောင်း တိုးပွား၏။

မင်းသည် ဘုရားလောင်း၏ စကားကိုကြား၍ တရားသဖြင့် ဆုံးဖြတ်သည်ရှိသော် ပုဏ္ဏားအားသာလျှင် အပြစ်သည် ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ပုဏ္ဏားသည် ထိုအခါ ပုဏ္ဏားဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာသုံးဆယ့် နှစ်ခုမြောက်သော ရထလဋ္ဌိဇာတ်သည် ပြီး၏။

## ၃၃၃-ပက္ကဂေါဓဇာတ်

### ဖွတ်ကင်ထွက်ပြေးသတဲ့ ဂျင်းစိမ်းနဲ့ မိဿလင် သူကြင်မှုကိုယ်ကြင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "တဒေဝ မေ တွံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပက္ကဂေါဓဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တစ်ယောက်သော သူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုကို အောက်၌ခဲ့အပ်ပြီ)။

အထူးကား ဤပက္ကဂေါဓဇာတ်၌ မြို့ကို တောင်း၍ လာကုန်သော ထိုသူကြွယ် ဇနီး ခင်ပွန်းတို့အား လမ်းအကြား၌ မုဆိုးသည် နှစ်ယောက် စားကြကုန်ဟု တစ်ခုသော ဖွတ်ကင်ကို ပေး၏။ ထိုယောကျ်ားသည် မယားကို ရေယူစေ၍အလုံးစုံသော ဖွတ်ကင်ကို စား၍ မယားလာသော ကာလ၌ ရှင်မဖွတ်ကင်သည်ပြေး၏ဟုဆို၏။ အရှင်ကောင်းပြီ ဖွတ်ကင်ပြေးသော်အဘယ်သို့ ပြုနိုင်တော့အံ့နည်းဟု ဆို၏။ ထို ဇနီး ခင်ပွန်း နှစ်ယောက်တို့သည် ဇေတဝန်ကျောင်းတော်၌ ရေသောက်၍ မြတ်စွာဘုရား အထံတော်၌နေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းသည်မ ဤသီတင်းသည် ယောကျ်ားသည် သင့် အစီးအပွားကို လို၏လော သင်အား ချစ်၏လောဟု မေးတော် မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား အကျွန်ုပ်သည် ဤယောကျ်ား၏ အစီးအပွားကို အလိုရှိ၏။ ဤယောကျ်ားအား ချစ်၏။ ဤယောကျ်ားသည်ကား အကျွန်ုပ်အား မချစ်ဟု ထိုမိန်းမသည် လျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် သီတင်းသည်မ သင်ဆိုတိုင်းဖြစ်စေ မစိုးရိမ်လင့်။ ဤယောကျ်ားသည် အကယ်၍ ထိုသို့ ပြု၏။ပြုငြားသော်လည်း အကြင်အခါ၌ သင်၏ ကျေးဇူးကို အောက်မေ့၏။ ထိုအခါ၌ သင်အားလျှင် အလုံးစုံသော စည်းစိမ်ကို ပေးဖူးပြီဟု မိန့်တော်မူ၍ ထိုနှစ်ယောက်သော သူတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

[အတိတ်ဝတ္ထုကား အောက်၌ ဆိုအပ်ပြီးသော ဝတ္ထုနှင့် တူသည်သာလျှင်ကတည်း]။ အထူးကား ဗာရာဏသီပြည်သို့ ပြန်လည်လာကုန်သော မင်းသမီး မင်းသားတို့အား လမ်းခရီးအကြား၌ မုဆိုးသည် ပင်ပန်းသောအဖြစ်ကို မြင်၍ နှစ်ယောက်သော သူတို့သည် စားကြကုန်ဟု တစ်ခုသော ဖွတ်ကင်ကို ပေး၏။ မင်းသမီးသည် ထိုဖွတ်ကင်ကို နွယ်ဖြင့် ဖွဲ့ယူ၍ ခရီးသွား၏။ ထိုမင်း

သမီး မင်းသားတို့သည် တစ်ခုသော ရေကန်ကို မြင်၍ ခရီးမှ ဖဲ၍ ညောင်ဗုဒ္ဓ ဟောပင်ရင်း၌ နေကုန်၏။ မင်းသားသည် ရှင်မ သွားချေ၊ ပဒုမ္မာရွက်ဖြင့် ရေဆောင်ချေ၊ဖွတ်သားကို စားကြကုန်အံ့ဟု ဆို၏။မင်းသမီးသည် ဖွတ်ကင်ကို ညောင်ခက်၌ ဆွဲ၍ ရေယူအံ့သောငှါ သွား၏။ မင်းသားသည် အလုံးစုံသော ဖွတ်ကင်ကို စား၍ အမြီးဖျားကို ကိုင်၍ မျက်ကွယ်ပြု၍ နေ၏။ မင်းသမီးသည် ရေကို ယူ၍ လာလတ်သော် မင်းသားသည် ရှင်မ ဖွတ်သည် ညောင်ခက်မှ ဆင်းသည် ဖြစ်၍ တောင်ပို့သို့ ဝင်၏။ ငါပြေး၍ အမြီးဖျားကို ဆွဲ၏။ ဆွဲကိုင်မိရာ အရပ်သည် လက်ထဲ၌သာလျှင် ပြတ်၍ တောင်ပို့သို့ ဝင်၏ဟု ဆို၏။ မင်းသမီး သည်အရှင်မင်းကြီး ပြေးစေတော့၊ ဖွတ်ကင်ပြေးသော် အဘယ်သို့ ပြုနိုင်ကုန်အံ့နည်း လာလေ့ သွားကြကုန်အံ့ဟု ဆို၍ နှစ်ယောက်သော သူတို့သည် ရေသောက်၍ ဗာရာဏသီပြည်သို့ သွားကုန်၏။ မင်းသားသည် မင်းအဖြစ်သို့ ရောက်၍ ထိုမင်းသမီးကို မိဖုရားကြီး အရာမျှ၌သာလျှင် ထား၏။ ထိုမိဖုရားကြီး အား ဆုလာဘ်ပေးခြင်း မြတ်နိုးတနာ ပြုခြင်းသည်ကား မရှိ။ဘုရားလောင်းသည် မိဖုရားကြီးအား ဆုလာဘ်ပေးခြင်း မြတ်နိုးတနာ ပြုစေလို၍ မင်း၏ အထံ၌ နေ၍ အရှင်မ ကျွန်ုပ်တို့သည် အရှင်မတို့၏ အထံမှ တစ်စုံတစ်ခုကို မရပါကုန်၊ အရှင်မတို့သည် ကျွန်ုပ်တို့ကို မကြည့်ကုန်ပြီလောဟု ဆို၏။ ဖခင် ကျွန်ုပ်သည်လျှင် မင်း၏ အထံမှ တစ်စုံတစ်ခုကို မရ ဖခင်အား အဘယ်ကို ပေးပါအံ့နည်း၊ မင်းသည်လည်း ယခု ကျွန်ုပ်အား အဘယ်ကို ပေးလတ္တံ့နည်း၊တောမှလာသော ကာလ၌ ဖွတ်ကင်ကို တစ်ယောက်တည်းသာလျှင် စား၏ဟု ဆို၏။ အရှင်မ ဤသို့ မဆိုသင့် မင်းသည် ဤသို့ မပြုရာဟု ဘုရားလောင်း ဆို၏။ ထိုအခါ ဘုရားလောင်းကို မိဖုရားသည် ဖခင် ထိုကာလ၌ ဖြစ်သော အမှုသည် ဖခင်တို့အား မထင်ရှား၊ ကျွန်ုပ်နှင့် မင်းအားသာလျှင် ထင်ရှား၏ဟု ဆို၍ ရှေးဦးစွာသော ဂါထာကို ဆို၏—

၁၂၉။ တဒေဝ မေ တွံ ဝိဒိတော၊ ဝနမဇ္ဈေ ရထေသဘ။
ယဿ တေ ခဂ္ဂဗဒ္ဓဿ၊ သန္နဒ္ဓဿ တိရီဋိနော။
အဿတ္ထဒုမသာခါယ၊ ပက္ကာ ဂေါဓာ ပလာယထ။

တိုင်းသူပြည်သား၏ အကြီး အမြတ်ဖြစ်သော ရှင်မင်းကြီး တော၏အလယ်၌ သန်လျက်ဖွဲ့ထသော ချပ်တန်ဆာဖွဲ့ထသော လျှော်တေအဝတ် ဝတ်ထသော အကြင် မင်းကြီး၏ ထိုခရီးလာသော အခါ၌သာလျှင် သင်မင်းကြီးသည် အကျွန်ုပ်အား မပေး၊ ညောင်ဗုဒ္ဓဟောခက်မှ ဖွတ်ကင်သည် ပြေး၏ဟူ၍ ဆို၏။ ဤအဖြစ်ကို သင်မင်းကြီးသည် သိအပ်၏။

ဤသို့ မင်းပြုသော အပြစ်ကို လူများအလယ်၌ ထင်စွာပြု၍ မိဖုရား ဆို၏၊ ဘုရားလောင်းသည် ထိုစကားကို ကြား၍ အရှင်မ မင်းသည် မချစ်သော

ကာလမှစ၍ နှစ်ယောက်ကုန်သော သူတို့၏လည်း မချမ်းသာခြင်းကို ပြု၍ အဘယ့်ကြောင့် ဤ၌ နေသနည်းဟု ဆို၍ ဤဂါထာတို့ကို ဆို၏—

၁၃၀။ နမေ နမန္တဿ ဘဇေ ဘဇန္တံ၊
ကိစ္စာနု ကုဗ္ဗဿ ကရေယျ ကိစ္စံ။
နာနတ္ထကာမဿ ကရေယျ အတ္ထံ၊
အသမ္ဘဇန္တမ္ပိ န သမ္ဘဇေယျ။

၁၃၁။ စဇေ စဇန္တံ ဝနထံ န ကယိရာ၊
အပေတစိတ္တေန န သမ္ဘဇေယျ။
ဒိဇော ဒုမံ ခီဏဖလန္တိ ဉတွာ၊
အညံ သမေက္ခေယျ မဟာ ဟိ လောကော။

မိပုရား မိမိသို့ ညွတ်သောသူအား ညွတ်ရာ၏။ မိမိသို့ ဆည်းကပ်သောသူကို ဆည်းကပ်ရာ၏။ မိမိကိစ္စကို ပြုသောသူ၏ ကိစ္စကို ပြုရာ၏။ မိမိအကျိုးစီးပွားကို အလိုမရှိသောသူ၏ အကျိုးစီးပွားကို မပြုရာ၊ မိမိသို့ မဆည်းကပ်သော သူကိုလည်း မဆည်းကပ်ရာ၊ မိမိကို စွန့်သောသူကို စွန့်ရာ၏။ ချစ်ခြင်းကို မပြုရာ။ တပ်စွန်းခြင်း ကင်းသော စိတ်ဖြင့် မဆည်းကပ်ရာ၊ ငှက်သည် ကုန်ကုန်သော အသီးရှိသော သစ်ပင်ကို သိ၍ တစ်ပါးသော သစ်ပင်ကို ကြည့်ရာ၏။ မှန်၏၊ လူတို့၏ နေရာသည် ကမ္ဘာမြေကြီးသည် အကျယ်ကြီး ဖြစ်ပေသည်။

မင်းသည် ဘုရားလောင်းဆိုတိုင်း မိပုရား၏ ကျေးဇူးကို အောက်မေ့၍ ရှင်မ ဤမျှလောက်သော ကာလပတ်လုံး သင့်ကျေးဇူးကို ငါ မအောက်မေ့မိ။ ပညာရှိ၏ စကားဖြင့် အောက်မေ့မိ၏။ ငါ၏ အပြစ်ကို သည်းခံလော့။ အလုံးစုံသော ဤမင်း၏ အဖြစ်ကို သင့်အားသာလျှင် ပေး၏ဟု ဆို၍ ဤဂါထာကို ဆို၏—

၁၃၂။ သော တေ ကရိဿာမိ ယထာနုဘာဝံ၊
ကတညုတံ ခတ္တိယေ ပေက္ခမာနော။
သဗ္ဗဉ္စ တေ ဣဿရိယံ ဒဒါမိ၊
ယဿိစ္ဆသိ တဿ တုဝံ ဒဒါမိ။

မိပုရား ကျေးဇူးကို သိသည်၏ အဖြစ်ကို ရှုသော မင်းဖြစ်သော ထိုငါသည် သင့်အား အစွမ်းသတ္တိအား လျော်စွာ ပြုအံ့၊ သင်အလိုရှိသော စည်းစိမ်ကို ငါပေး၏၊ သင့်အား အလုံးစုံသော အစိုးရသည်၏ အဖြစ်ကိုလည်း ငါပေး၏။

ဤသို့ လုံ၍ မင်းသည် မိဖုရားအား အလုံးစုံသော စည်းစိမ်ကို ပေး၏။ ဤပညာရှိတို့သည် မိဖုရား၏ ကျေးဇူးကို အောက်မေ့စေ၏ဟု ပညာရှိအားလည်း များစွာသော စည်းစိမ်ကို ပေး၏။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ လင်မယား နှစ်ယောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ အဘယ်သို့ ဇာတ်ကို ပေါင်းတော်မူသနည်း ဟူမူကား ယခုအခါ လင်မယားတို့သည် ထိုအခါ လင်မယား ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်သုံးခုမြောက်သော ပက္ကဂေါဓဇာတ်သည် ပြီး၏။

---

## ၃၃၄-ရာဇောဝါဒဇာတ်

### ခေါင်းဆောင်သီလရှိလျှင် အသီးပင်ချိုရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဂဝံစေ တရမာနာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရာဇောဝါဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **မင်းအား ဆုံးမခြင်းကို** အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည် **တေဘကုဏဇာတ်**၌ ထင်စွာ ဖြစ်လတ္တံ့)။ အထူးကား ဤရာဇောဝါဒဇာတ်၌ သဗ္ဗညုမြတ်စွာဘုရားသည် မြတ်သောမင်းကြီး ရှေးမင်းတို့သည်လည်း ပညာရှိတို့၏ စကားကို ကြား၍ တရားသဖြင့် မင်းပြုကုန်လျက် နတ်ပြည်ကို ပြည့်စေကုန်၏ဟု မိန့်တော်မူ၍ မင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ခပ်သိမ်းသော အတတ်တို့ကို သင်၍ ရသေ့ ရဟန်းပြု၍ အဘိညာဉ် သမာပတ်တို့ကို ဖြစ်စေ၍ မွေ့လျော်ဖွယ်ရှိသော ဟိမဝန္တာအရပ်၌ တောသစ်မြစ် သစ်သီးကြီးငယ် ဟူသော အာဟာရ

ရှိသည်ဖြစ်၍ နေ၏၊ ထိုအခါ မင်းသည် ကျေးဇူးမဲ့ကို ရှာတတ်သော သဘော ရှိသည်ဖြစ်၍ ငါ၏ ကျေးဇူးမဲ့ကို ပြောဆိုသော တစ်စုံတစ်ယောက်သောသူ ရှိသလောဟု ရှာသည်ရှိသော် မြို့တွင်း၌လည်းကောင်း, မြို့ပ၌လည်းကောင်း မိမိ၏ ကျေးဇူးမဲ့ကို ဆိုသောသူကို မမြင်၍ ဇနပုဒ်သားတို့သည် ဆိုကုန်သလောဟု မထင်ရှားသော အသွင်ဖြင့် ဇနပုဒ်ကို လှည့်လည်၏။ ထိုဇနပုဒ်၌လည်း ကျေးဇူးမဲ့ကို ဆိုသောသူ မမြင်သည်ဖြစ်၍ မိမိကျေးဇူး စကားကိုသာလျှင် ကြားရ၍ ဟိမဝန္တာ၌ ကျေးဇူးမဲ့ကို ဆိုကုန်သလောဟု တောသို့ဝင်၍ လှည့်လည်သော် ဘုရားလောင်း၏ ကျောင်းသို့ ရောက်၍ ဘုရားလောင်းကို ရှိခိုး၍ ပြုအပ်သော ပဋိသန္ဓာရ ရှိသည်ဖြစ်၍ တင့်အပ် လျောက်ပတ်စွာ နေ၏။ ထိုအခါ ဘုရားလောင်းသည် တောမှ ပညောင်သီးမှည့်တို့ကို ဆောင်၍ သုံးဆောင်၏။ ထိုပညောင်သီးမှည့်တို့သည် ချိုကုန်၏။ ဩဇာရှိကုန်၏၊ သကြား မှုန့်နှင့် တူကုန်၏။ ဘုရားလောင်းသည် မင်းကို ခေါ်၍ ဘုန်းကြီးသော ဒါယကာ ဤပညောင်သီးမှည့်ကို စား၍ ရေကို သောက်လောဟု ဆို၏။ မင်းသည် ဘုရားလောင်းဆိုတိုင်း ပြု၍ ဘုရားလောင်းကို အရှင်ဘုရား ဤပညောင်သီး မှည့်သည် အဘယ့်ကြောင့် အလွန် ချိုသနည်းဟု မေးကုန်၏။

ဘုန်းကြီးသော ဒါယကာ မင်းသည် တရားသဖြင့် မင်းပြု၏၊ ထို့ကြောင့် ထိုပညောင်သီးမှည့်သည် ချို၏ဟု ဆို၏။ အရှင်ဘုရား မင်း တရားမစောင့်သော ကာလ၌ မချိုခြင်းသည် ဖြစ်သလောဟု မေး၏။ ဘုန်းကြီးသော ဒါယကာ ဆိုတိုင်း ဟုတ်မှန်၏။ မင်းတို့သည် တရားမစောင့်ကုန်သည်ရှိသော် ဆီပျားတင်လဲ အစရှိသည်တို့သည်လည်းကောင်း, တောသစ်မြစ် သစ်သီးတို့သည်လည်းကောင်း မချိုကုန် ဩဇာမရှိကုန်။ အလုံးစုံသော တိုင်းသည်လည်း ဩဇာမရှိသည် ဖြစ်၏။ မင်းသည် တရားစောင့်ကုန်သည် ရှိသော် ခပ်သိမ်းသော အာဟာရတို့သည် ချိုကုန်၏။ ဩဇာရှိကုန်၏။ အလုံးစုံသော တိုင်းသည်လည်း ဩဇာရှိသည် ဖြစ်၏ဟု ဆို၏။ မင်းသည် အရှင်ဘုရား အမိန့်တော်ရှိတိုင်း ဖြစ်လတ္တံ့ဟု ဆို၍ မိမိ၏ မင်းအဖြစ်ကို မသိစေမူ၍လျှင် ဘုရားလောင်းကို ရှိခိုး၍ ဗာရာဏသီပြည်သို့ သွား၍ ရသေ့၏ စကားကို စုံစမ်းအံ့ဟု အဓမ္မဖြင့် မင်းပြု၍ ယခု သိရအံ့ဟု အနည်းငယ်သော ကာလကို လွန်စေ၍ ထိုကျောင်းသို့ သွား၍ ထိုဘုရားလောင်းကို ရှိခိုး၍ တင့်အပ် လျောက်ပတ်စွာ နေ၏။ ဘုရားလောင်းသည်လည်း မင်းအား ရှေးအတူလျှင် ဆို၍ ပညောင်သီးမှည့်ကို ပေး၏၊ ထိုပညောင်သီးမှည့်သည် ခါးသော အရသာ ရှိ၏။ မင်းသည် မချို အရသာမရှိဟု တံတွေးနှင့် တကွ ထွေး၍ အရှင်ဘုရား ခါး၏ဟု ဆို၏။ ဘုရားလောင်းသည် ဘုန်းကြီးသော ဒါယကာ မင်းသည် တရားမစောင့်သည် ဖြစ်လတ္တံ့။ မင်းတို့ တရားမစောင့်သော

ကာလ၌ တောသစ်သီး ကြီးငယ်ကို အစပြု၍ အလုံးစုံသည် မချို၊ ဩဇာမရှိခြင်းသည် ဖြစ်၏ဟု ဆို၍ ဂါထာတို့ကို ဆို၏—

၁၃၃။ ဂဝံ စေ တရမာနာနံ၊ ဇိမ္မံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ တာ ဇိမ္မံ ဂစ္ဆန္တိ၊ နေတ္တေ ဇိမ္မံ ဂတေ သတိ။

၁၃၄။ ဝေမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော စေ အဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ ဒုခံ သေတိ၊ ရာဇာ စေ ဟောတိ အဓမ္မိကော။

၁၃၅။ ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

၁၃၆။ ဝေမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော၊
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗံ ရဋ္ဌံ သုခံ သေတိ၊ ရာဇာ စေ ဟောတိ ဓမ္မိကော။

ဘုန်းကြီးသော ဒါယကာ မြစ်ကို ကူးကုန်သော နွားတို့တွင် ရှေ့ဆောင် နွားလားသည် ကောက်စွာ အကယ်၍ သွားအံ့၊ ရှေ့ဆောင် နွားလားသည် ကောက်စွာ သွားသည်ရှိသော် ခပ်သိမ်းကုန်သော နွားမတို့သည် ကောက်စွာ သွားကုန်၏။

ဤအတူလျှင် လူတို့တွင် အမြတ်ဟူ၍ သမုတ်အပ်သော မင်းသည် အဓမ္မကို အကယ်၍ ကျင့်အံ့။ ဤမှ တစ်ပါးကုန်သော သတ္တဝါတို့သည် အဘယ် ဆိုဖွယ်ရာ ဖြစ်အံ့နည်း။ မင်းသည် တရားမစောင့်သည် အကယ်၍ ဖြစ်အံ့။ အလုံးစုံသော တိုင်းသည် ဆင်းရဲစွာ အိပ်ရ၏။

မြစ်ကို ကူးကုန်သော နွားတို့တွင် ရှေ့ဆောင် နွားလားသည် ဖြောင့်စွာ အကယ်၍ သွားအံ့။ ရှေ့ဆောင် နွားလားသည် ဖြောင့်စွာ သွားသည်ရှိသော် ခပ်သိမ်းကုန်သော နွားမတို့သည် ဖြောင့်စွာ သွားကုန်၏။

ဤအတူသာလျှင် လူတို့တွင် အမြတ်ဟူ၍ သမုတ်အပ်သော မင်းသည် တရားကို အကယ်၍ ကျင့်အံ့။ မင်းမှ တစ်ပါးကုန်သော သတ္တဝါတို့သည် အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ မင်းသည် တရားစောင့်သည် အကယ်၍ ဖြစ်အံ့၊ အလုံးစုံသော တိုင်းသည် ချမ်းသာစွာ အိပ်ရ၏။

မင်းသည် ဘုရားလောင်း၏ စကားကို ကြား၍ မိမိ၏ မင်းအဖြစ်ကို သိစေ၍ အရှင်ဘုရား ရှေး၌ ပညောင်သီးမှည့်ကို အကျွန်ုပ်သည်လျှင် ချိုအောင်ပြု၍

ခါးအောင်ပြုပြီ။ ယခု ချိုအောင်ပြုအံ့ဟု ဆို၍ ဘုရားလောင်းကို ရှိခိုး၍ ပြည်သို့ သွား၍ တရားသဖြင့် မင်းပြု၏။ ပဉ္စောင်သီးမှည့်သည် ပကတိ ဖြစ်၏။

### ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(ကတိသစ္စာ၊ တည်သောခါဝယ်၊ ရသာလေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏။)

သုံးရာသုံးဆယ့်လေးခုမြောက်သော ရာဇောဝါဒဇာတ်သည် ပြီး၏။

---

### ၃၃၅-ဇမ္ဗုက ဇာတ်

### ခွေးအလုပ် မြင်းဝင်ရှုပ် ဝါးရင်းဟုတ်နှင့် အရိုက်ခံရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဗြဟာ ပဝဍကာယော သော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဇမ္ဗုက ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **ဒေဝဒတ်၏ ဘုရားအတုပြုခြင်းကို** အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုသည် အောက်၌ ချဲ့အပ်ပြီ။ အထူးကား ဤဇမ္ဗုကဇာတ်၌ ဤသို့ အကျဉ်းကို သိအပ်၏)။

သဗ္ဗညုမြတ်စွာဘုရားသည် သာရိပုတ္တရာ ဒေဝဒတ်သည် သင်တို့ကို မြင်၍ အဘယ်သို့ပြုသနည်းဟု မေးတော်မူသည်ရှိသော် အရှင်သာရိပုတ္တရာမထေရ်သည် ဘုန်းတော်ကြီးသော အရှင်ဘုရား အရှင်ဘုရားတို့၏ အတုကိုပြုလျက် ကျွန်ုပ်လက်၌ ယပ်ကို ပေး၍ အိပ်၏။ ထိုအခါ ဒေဝဒတ်ကို ကောကာလိကသည် ရင်၌ ဒူးပုဆစ်ဖြင့် ခတ်၏။ ဤသို့ ထိုဒေဝဒတ်သည် အရှင်ဘုရားတို့၏ အတုကိုပြု၍ ဆင်းရဲကို ခံရ၏ဟု လျှောက်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ထိုစကားကို ကြား၍ သာရိပုတ္တရာ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ၏အတုကို ပြု၍ ဆင်းရဲကို ခံရသည် မဟုတ်သေး၊ ရှေး၌လည်း ဆင်းရဲကို ခံရဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အရှင်သာရိပုတ္တရာ မထေရ်သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်၍ ဟိမဝန္တာလိုဏ်၌ နေသည်ရှိသော် တစ်နေ့သ၌ ကျွဲကို သတ်၍ အသားကို စား၍ ရေသောက်၍ လိုဏ်သို့ လာ၏။ တစ်ခုသော မြေခွေးသည် ခြင်္သေ့ကို မြင်၍ ပြေးခြင်းငှါ မတတ်နိုင်ရကား ရင်ဖြင့် ဝပ်၏။ မြေခွေး အသို့ပြုသနည်းဟု ဆိုသည်ရှိသော် အရှင့်ကို အကျွန်ုပ် ခစားလို၏ဟု ဆို၏။ ခြင်္သေ့သည် ထိုသို့တပြီးကား လာလေ့ဟု ထိုမြေခွေးကို မိမိနေရာအရပ်သို့ ဆောင်၍ နေ့တိုင်း နေ့တိုင်း အမဲကို ဆောင်ယူပေး၍ မွေး၏။ ခြင်္သေ့စားကြွင်းဖြင့် ဆူဖြိုးသော ကိုယ်ရှိသည်၏ အဖြစ်သို့ ရောက်သော် ထိုမြေခွေးအား တစ်နေ့သ၌ မာနသည် ဖြစ်၏။ ထိုမြေခွေးသည် ခြင်္သေ့သို့ ကပ်၍ အရှင် အကျွန်ုပ်သည် အခါခပ်သိမ်း အရှင်တို့၏ အလုပ်အကျွေးကို ခံ၏။ အရှင်တို့သည် အခါခပ်သိမ်း အမဲကို ဆောင်ယူ၍ အကျွန်ုပ်ကို ကျွေးမွေးကုန်၏။ ယနေ့ အရှင်သည် ဤနေရာ၌လျှင် နေလော့။ အကျွန်ုပ်သည် တစ်ခုသော ဆင်ကို သတ်၍ အသားကို စား၍ အရှင့်ဖို့ ဆောင်ခဲ့အံ့ဟု ဆို၏။ ခြင်္သေ့သည် မြေခွေး သင်သည် ထိုအမှုကို မနှစ်သက်လင့် သင်သည် ဆင်ကို သတ်၍ အသားကို စားသော အမျိုး၌ မဖြစ်၊ ငါသည် သင့်အား ဆင်ကိုသတ်၍ ပေးအံ့ ဆင်မည်သည်ကား ကြီးသောကိုယ်ရှိ၏။ သင်သည် ဆင်ကို မဖမ်းလင့် ငါ့စကားကို နားထောင်လော့ဟု ဆို၍- ဤဂါထာကို ဆို၏—

၁၃၇။ ဗြဟာ ပဝဍ္ဎကာယော သော၊ ဒီဃဒါဌော စ ဇမ္ဗုက။
န တွံ တတ္ထ ကုလေ ဇာတော၊ ယတ္ထ ဂဏှန္တိ ကုဉ္ဇရံ။

မြေခွေး ထိုဆင်သည် ကြီး၏၊ မြင့်သောကိုယ်ရှိ၏၊ ရှည်သော အစွယ်လည်းရှိ၏။ သင်သည် ဆင်ကို ဖမ်းတတ်သော ခြင်္သေ့မျိုးမဟုတ်ချေ။ မြေခွေးသည် ခြင်္သေ့တားမြစ်လျက် လိုဏ်မှထွက်၍ သုံးကြိမ်ခွေးသံကို မြည်၍ တောင်ထိပ်၌ ရပ်လျက် တောင်ခြေရင်းကို ကြည့်လတ်သော် တောင်ခြေရင်းဖြင့် လာလတ်သော တစ်ခုသော မည်းသောဆင်ကို မြင်၍ ထိုဆင်၏ ဦးကင်း၌ ကျအံ့ဟု ခုန်၏။ လိမ့်၍ ဆင်၏ခြေရင်း၌ ကျ၏။ ဆင်သည် ရှေ့ခြေနှစ်ဘက်ကို ကြွ၍ မြေခွေး၏ ဦးခေါင်းကို နင်း၏။ ဦးခေါင်းကွဲ၍ မှုန့်မှုန့်ကြေ၏။ မြေခွေးသည် ထိုအရပ်၌လျှင် ညည်းညူလျက် အိပ်၏။ ဆင်သည် ကြိုးကြာသံနှင့် တူသော အသံကိုမြည်လျက် ဖဲ၏။ ဘုရားလောင်းသည် သွား၍ တောင်ထိပ်၌ ရပ်လျက် ပျက်စီးခြင်းသို့ ရောက်သော ထိုမြေခွေးကို မြင်၍ မိမိမာနကို မှီ၍ မြေခွေးသည် ပျက်စီး၏ဟု- ဤဂါထာတို့ကိုဆို၏—

၁၃၈။ အသီဟော သီဟမာနေန၊ ယော အတ္တာနံ ဝိကုဗ္ဗတိ။
ကောဋ္ဌုဝ ဂဇမာသဇ္ဇ၊ သေတိ ဘူမျာ အနုတ္ထုနံ။

၁၃၉။ ယသဿိနော ဥတ္တမပုဂ္ဂလဿ၊
သဉ္ဇာတခန္ဓဿ မဟဗ္ဗလဿ။
အသမေက္ခိယ ထာမဗလူပပတ္တိံ၊
သ သေတိ နာဂေန ဟတောယံ ဇမ္ဗုကော။

၁၄၀။ ယော စီဓ ကမ္မံ ကုရုတေ ပမာယ၊
ထာမဗ္ဗလံ အတ္တနိ သံဝိဒိတွာ။
ဇပ္ပေန မန္တေန သုဘာသိတေန၊
ပရိက္ခဝါ သော ဝိပုလံ ဇိနာတိ။

ဤမြေခွေးသည် ဆင်သို့ရောက်၍ ညည်းညူလျက် မြေ၌ အိပ်ရသကဲ့သို့ ခြင်္သေ့မဟုတ်ဘဲလျက် ခြင်္သေ့မာန်ဖြင့် ကိုယ်ကိုဖောက်ပြန်၍ ပြုသောသူသည် ဤမြေခွေးကဲ့သို့ သဘောရှိသည် ဖြစ်၏။

ထိုမြေခွေးသည် အစိုးရခြင်းရှိသော မြတ်သော ပုဂ္ဂိုလ်ဖြစ်သော ကောင်းစွာတည်သော ကြီးသော ပညာရှိသော ခွန်အားကြီးသော ခြင်္သေ့မင်း၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကို မဆင်ခြင်မူ၍ ဆင်သည် သတ်အပ်သည်ဖြစ်၍ သေလျက် အိပ်ရ၏။

ဤလောက၌ ပညာရှိသော နှိုင်းယှဉ်၍ မိမိ၌ ကိုယ်အားဉာဏ်အားကို သိ၍ မန္တရားဖြင့်လည်းကောင်း၊ ပညာရှိတို့နှင့် တိုင်ပင်သဖြင့်လည်းကောင်း၊ ကောင်းစွာဆိုအပ်သော စကားဖြင့် လည်းကောင်း၊ အမှုကိုပြုသောသူသည် များစွာသော အကျိုးကို အောင်၏။

ဤသို့ ဘုရားလောင်းသည် ဤသုံးဂါထာတို့ဖြင့် ဤလောက၌ ပြုအပ်သည်နှင့်ယှဉ်သော အမှုကို ဆို၏။

### ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မြေခွေးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည် သာလျှင် ထိုအခါ ခြင်္သေ့ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

ခြင်္သေ့တုပြီး မြေခွေးဟောက်သော် ခွေးအူသံပေါက်—

သုံးရာသုံးဆယ့်ငါးခုမြောက်သော ဇမ္ဗုကဇာတ်သည် ပြီး၏။

---

### ၃၃၆-ဗြဟာဆတ္တဇာတ်

### ပညာဆောင်ငြား, စီးပွါးပြန်ရ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် တိဏံ တိဏံ·အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဗြဟာဆတ္တဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။ (ပစ္စုပ္ပန်ဝတ္ထုကို ဆိုအပ်ပြီ)။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ အကျိုးအကြောင်းကို ဆုံးမတတ်သော အမတ်ဖြစ်၏။ ဗာရာဏသီမင်းသည် များစွာသော စစ်သည်ဖြင့် ကောသလမင်းကို စစ်ထိုးအံ့သောငှါ သွား၍ သာဝတ္ထိပြည်၌ ကြီးစွာသော စစ်ထိုးခြင်းဖြင့် မြို့တွင်းသို့ ဝင်၍ မင်းကို ဖမ်း၏။ ကောသလမင်းအားကား ဆတ္တမည်သော သားသည် ရှိ၏၊ ထိုသားသည် မထင်ရှားသောအသွင်ဖြင့် ထွက်ပြေး၍ တက္ကသိုလ်ပြည်သို့ သွား၍ ဗေဒင်သုံးပုံ တစ်ဆယ့်ရှစ်ပါးသော အတတ်တို့ကို သင်၍ တက္ကသိုလ်ပြည်မှ ထွက်ခဲ့၍ ခပ်သိမ်းသော အတတ်ပညာတို့ကို သင်လျက် တစ်ခုသော ပစ္စန္တရစ်ရွာသို့ ရောက်၏။ ထိုပစ္စန္တရစ်ရွာကို မှီ၍ ငါးရာသော ရသေ့တို့သည် တောဝယ် သစ်ချက်မိုးသော ကျောင်းတို့၌ နေကုန်၏။ ဆတ္တမင်းသားသည် ငါးရာသော ရသေ့တို့ကို ဆည်းကပ်၍ ဤရသေ့တို့၏ အထံ၌လည်း တစ်စုံတစ်ခုသော အတတ်ကို သင်အံ့ဟု ရဟန်းပြု၍ အကြင် အတတ်ကို ရသေ့တို့သည် တတ်ကုန်၏။ ထိုအလုံးစုံသော အတတ်ကို သင်၍ နောက်အဖို့၌ ဂိုဏ်းဆရာ ဖြစ်၏။

ထိုအခါ တစ်နေ့သ၌ ရသေ့အပေါင်းကို ခေါ်၍ အရှင်ဘုရားတို့ အရှင်တို့သည် အဘယ်ကြောင့် မဇ္ဈိမဒေသသို့ မသွားကုန်သနည်းဟု မေး၏။ ငါ့ရှင် မဇ္ဈိမဒေသ၌ လူတို့ မည်သည်ကား ပညာရှိကုန်၏၊ ထိုလူတို့သည် ပြဿနာကို မေးကုန်လတ္တံ့။ အနုမောဒနာကို ပြုစေကုန်လတ္တံ့။ မင်္ဂလာကို ရွတ်စေကုန်လတ္တံ့။ မတတ်နိုင် ကုန်သော သူတို့ကို ကဲ့ရဲ့ကုန်လတ္တံ့။ အကျွန်ုပ်တို့သည် ထိုသို့ သဘောရှိသော ဘေးကြောင့် မသွားကုန်ဟု ဆိုကုန်၏။ အရှင် ဘုရားတို့သည် မကြောက်ကြကုန်လင့်။ ထိုအလုံးစုံကို ကျွန်ုပ်ပြုအံ့ဟု ဆတ္တမင်းသား ဆို၍ ခပ်သိမ်းသော ရသေ့တို့သည် မိမိတို့၏ အထူးထူးသော ပရိက္ခရာကို ယူ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်ကုန်၏။ ဗာရာဏသီ မင်းသည်လည်း ကောသလမင်းကို မိမိ လက်သို့ ရောက်သည်ကို ပြု၍ သာဝတ္ထိပြည်၌ မင်းချင်း ယောကျ်ားတို့ကို ထား၍ မိမိသည်ကား သာဝတ္ထိ၌ ရှိသော ဥစ္စာကို ယူ၍ ဗာရာဏသီပြည်သို့ သွား၍ ဥယျာဉ်၌ ကြေးအိုးတို့ကို ပြည့်စေ၍ မြှုပ်၍ ထိုဗာရာဏသီပြည်၌သာလျှင် နေ၏။ ထိုအခါ ရသေ့တို့သည် မင်း၏ ဥယျာဉ်ဝယ် ညဉ့်၌ နေ၍ နက်ဖြန်နံနက် ဗာရာဏသီမြို့သို့ ဆွမ်းခံဝင်၍ မင်းအိမ် တံခါးသို့ ရောက်ကုန်၏။ မင်းသည် ထိုရသေ့တို့၏ ဣရိယာပုတ်တို့၌ ကြည်ညို၍ ပင့်ခေါ်စေ၍ မြတ်သော ပြာသာဒ်အပြင်၌ နေစေ၍ ရသေ့တို့အား ယာဂု ခဲဖွယ်ကို လှူ၍ ဆွမ်းဘုဉ်းပေးသော ကာလတိုင်အောင် ထိုထိုပြဿနာကို မေး၏။

ဆတ္တမင်းသားသည်လျှင် မင်း၏ စိတ်ကို နှစ်သက်စေလျက် ခပ်သိမ်းသော ပြဿနာတို့ကို ဖြေ၍ ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ အထူးထူးသော အနုမောဒနာကို ပြု၏။ မင်းသည် အတင်းထက်အလွန် ကြည်ညို၍ ဝန်ခံခြင်းကို ယူ၍ အလုံးစုံသော ရသေ့တို့ကိုလည်း ဥယျာဉ်၌ နေစေ၏။ ဆတ္တမင်းသားသည် ဥစ္စာအိုးကို ထုတ်ဖော်သော မန္တရားကို တတ်၏။ ထိုဆတ္တမင်းသားသည် ဥယျာဉ်၌ နေလျက် အဘယ်၌လျှင် ဤဗာရာဏသီ မင်းသည် ငါ့အဖ ဥစ္စာကို မြှုပ်သနည်းဟု မန္တရားကို မန်း၍ ကြည့်လတ်သော် ဥယျာဉ်၌ မြှုပ်သော အဖြစ်ကို သိ၍ ဤဥစ္စာကို ယူ၍ ငါ၏ ပြည်ကို ငါယူအံ့ဟု ကြံ၍ ရသေ့တို့ကို ခေါ်၍ အရှင်ဘုရားတို့ ကျွန်ုပ်ကား ကောသလမင်း၏ သားတည်း၊ ဗာရာဏသီ မင်းသည် ကျွန်ုပ်တို့ ပြည်ကို ယူသည်ရှိသော် မထင်ရှားသော အသွင်ဖြင့် ထွက်၍ ဤမျှလောက်သော ကာလပတ်လုံး ကိုယ်အသက်ကို စောင့်ရ၏။ ယခု ကျွန်ုပ် အဖ ဥစ္စာကို ရအပ်ပြီ၊ ကျွန်ုပ်သည် ထိုဥစ္စာကို ယူ၍ သွား၍ ကိုယ့်နိုင်ငံကို ယူအံ့၊ အရှင်ဘုရားတို့သည် အဘယ်သို့ ပြုကြကုန်အံ့နည်းဟု မေး၏။ ကျွန်ုပ်တို့ သည်လည်း အရှင်နှင့် အတူတကွလျှင် လိုက်ကုန်အံ့ဟု ဆိုကုန်၏။ ဆတ္တမင်းသားသည် ကောင်းပြီဟု တိုင်ပင်၍ ကြီးစွာကုန်သော သားရေ အိတ်တို့ကို

လုပ်စေ၍ ညဉ့်အဖို့၌ မြေကို တူး၍ ဥစ္စာအိုးတို့ကို ထုတ်ဖော်၍ သားရေအိတ်တို့၌ ထည့်၍ အိုးတို့ကို မြက်ဖြင့်ပြည့်စေ၍ ငါးရာသော ရသေ့တို့ကို လည်းကောင်း တစ်ပါးကုန်သော လူတို့ကို လည်းကောင်း ဥစ္စာတို့ကို ဆောင်ယူစေ၍ ပြေးလျက် သာဝတ္ထိပြည်သို့ ရောက်၍ ခပ်သိမ်းသော မင်းချင်း ယောကျ်ားတို့ကို ဖမ်းစေ၍ သာဝတ္ထိပြည်ကို ယူ၍ တံတိုင်းပစ္စင် အစရှိသော အလုံးစုံကို ပြုပြင်စေ၍ တဖန် ရန်သူမင်းသည် စစ်ဆိုးသဖြင့် မယူနိုင်အောင် ပြု၍ သာဝတ္ထိပြည်၌ နေ၏။

ထိုအခါ ဗာရာဏသီမင်းအား ရသေ့တို့သည် ဥယျာဉ်မှ ဥစ္စာကို ယူ၍ ပြေးကုန်၏ဟု ကြားလျှောက်ကုန်၏။ ဗာရာဏသီမင်းသည် ဥယျာဉ်သို့ သွား၍ အိုးတို့ကို ဖွင့်စေ၍ မြက်တို့ကိုသာလျှင် မြင်၏။ ဗာရာဏသီမင်းအား ဥစ္စာတို့ကို အမှီပြု၍ ကြီးစွာသော စိုးရိမ်ခြင်းသည် ဖြစ်၏။ ဗာရာဏသီမင်းသည် မြို့သို့ သွား၍ မြက်သာလျှင်တည်း၊ မြက်သာလျှင်တည်းဟု မြည်လျက် သွား၏၊ ထိုမင်း၏ သောကကို ငြိမ်းစိမ့်သောငှါ တစ်စုံတစ်ယောက်သော သူသည် မတတ်နိုင်၊ ဘုရားလောင်းသည် မင်းကား ကြီးစွာသော စိုးရိမ်ခြင်း ရှိ၍ မြည်တမ်းလျက် သွား၏။ ငါ့ကိုထား၍ ငါမှတစ်ပါး တစ်စုံတစ်ယောက်သော သူသည် ဤမင်း၏ စိုးရိမ်ခြင်းကို ပယ်အံ့သောငှါ မတတ်နိုင်၊ ငါသည် မင်းအား စိုးရိမ်ခြင်း မရှိသည်ကို ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် တစ်နေ့သ၌ မင်းနှင့်တကွ ချမ်းသာစွာ နေလျက် မင်းသည် မြည်တမ်းသော ကာလ၌ ဤဂါထာကို ဆို၏—

၁၄၁။ "တိဏံ တိဏ"န္တိ လပသိ၊ ကော နု တေ တိဏ'မာဟရိ။
ကိံ နု တေ တိဏကိစ္စ'တ္ထိ၊ တိဏမေဝ ပဘာသတိ။

မြတ်သောမင်းကြီး မြက်သာလျှင်တည်း မြက်သာလျှင်တည်း ဟု ဆို၏။ သင်မင်းကြီး၏ မြက်ကို အဘယ်သူသည်လျှင် ဆောင်သနည်း။ သင်မင်းကြီးအား မြက်ဖြင့် ပြုအပ်သော ကိစ္စသည် ရှိသလော၊ မြက်ကိုသာလျှင် ဆို၏။

ထိုစကားကို ကြား၍ မင်းသည် ဤဂါထာကို ဆို၏—

၁၄၂။ ဣဓာဂမာ ဗြဟ္မစာရီ၊ ဗြဟာ ဆတ္တော ဗဟုဿုတော။
သော မေ သဗ္ဗံ သမာဒါယ၊ တိဏံ နိက္ခိပ္ပ ဂစ္ဆတိ။

ပညာရှိ မြတ်သော အကျင့်ကို ကျင့်သော မြတ်သော များသော အကြား အမြင် ရှိသော ဆတ္တသည် ဤ ဗာရာဏသီ ပြည်သို့ လာ၏၊ ထိုဆတ္တသည် စင်စစ် အလုံးစုံသော ဥစ္စာကို ယူ၍ မြက်ကို ထည့်၍ သွား၏။

ထို စကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၄၃။ ဧဝံ တံ ဟောတိ ကတ္တဗ္ဗံ၊ အပ္ပေန ဗဟုမိစ္ဆတာ။
သဗ္ဗံ သကဿ အာဒါနံ၊ အနာဒါနံ တိဏဿ စ။
(စာဠီသု ပက္ခိပိတ္ဂာန၊ တတ္ထကာ ပရိဒေဝနာ။)

မြတ်သောမင်းကြီး အနည်းငယ်သော မြက်ဖြင့် များစွာသော ဥစ္စာကို အလိုရှိသော ဆတ္တသည် မိမိဥစ္စာ၏ အလုံးစုံကို ယူခြင်းသည် လည်းကောင်း၊ မြက်ကို အိုးတို့၌ ထည့်၍ မယူခြင်းသည် လည်းကောင်း ဤသို့ ထိုအမှုတို့ကို ပြုအပ်သည် ဖြစ်၏။ ထိုအမှုတို့ကို ပြုခြင်း၌ မြည်တမ်းခြင်းသည် အဘယ် အကျိုး ရှိအံ့နည်း။

မင်းသည် ထိုစကားကို ကြား၍ ဤဂါထာကို ဆို၏—

၁၄၄။ သီလဝန္တော န ကုဗ္ဗန္တိ၊ ဗာလော သီလာနိ ကုဗ္ဗတိ။
အနိစ္စသီလံ ဒုဿီလျံ၊ ကိံ ပဏ္ဍိစ္စံ ကရိဿတိ။

သီလ ရှိသော သူတို့သည် ဤသို့ သဘောရှိသော အမှုကို မပြုကုန်၊ သူမိုက်သည် ဤမကောင်းသော အလေ့အကျက် တို့ကို ပြု၏။ မမြဲသော သီလ ရှိသော သီလမရှိသောသူအား ပညာရှိသောအဖြစ်သည် အသုံးမဝင် အကျိုး မရှိချေ။

ထိုဆတ္တမင်းသားကို ကဲ့ရဲ့လျက် ဆို၍ ဘုရားလောင်းသည် ဆိုအပ်ပြီးသော ဂါထာဖြင့် သောကကင်းသည် ဖြစ်၍ မင်းသည် တရားသဖြင့် မင်းပြု၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အံ့ဩယ်သရဲကို ဖြစ်စေတတ်သော ရဟန်းသည် ထိုအခါ ဗြဟာဆတ္တ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ပညာရှိသော အမတ် ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်ခြောက်ခုမြောက်သော ဗြဟာဆတ္တဇာတ်သည် ပြီး၏။

## ၃၃၇ ပီဌဇာတ်

### ကိုယ့်အလွဲ သူ့စွဲ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် “နတေ ပီဌ”အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပီဌဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှား သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် ဇနပုဒ်မှ ဇေတဝန်ကျောင်းတော်သို့ သွား၍ သပိတ် သင်္ကန်းကို သိုမှီး၍ ဘုရားကို ရှိခိုး၍ သာမဏေ ပဥ္စင်းငယ် တို့ကို ငါ့ရှင်တို့ သာဝတ္ထိပြည်သို့ လာကုန်သော ရဟန်းတို့အား အဘယ်သူတို့သည် ကျွေးဇူး ပြုကုန်သနည်းဟု မေး၍ အရှင်ဘုရား အနာထပိဏ်မည်သော သူဌေးကြီး၊ ဝိသာခါ မည်သော သီတင်းသည်မကြီး တို့သည် ရဟန်း သံဃာအား ကျွေးဇူး ပြုကုန်၏။ ရဟန်း သံဃာတို့၏ မိဘအရာ၌ တည်ကုန်၏ဟု ဆိုကုန်၏။ ထိုရဟန်း သည် ကောင်းပြီဟု နက်ဖြန် နံနက်စောစော တစ်ပါးသော ရဟန်းသည်လည်း မဝင်မီကလျှင် အနာထပိဏ် သူဌေး၏ အိမ်တံခါးသို့ သွား၏။ အလွန်စောစော လာသည်၏ အဖြစ်ကြောင့် ထိုရဟန်းကို တစ်စုံတစ်ယောက်သော သူသည်လည်း မကြည့်၊ ထိုရဟန်းသည် အနာထပိဏ် သူဌေးအိမ်မှ တစ်စုံတစ်ခုသို့ မရမူ၍ ဝိသာခါ၏ အိမ်တံခါးသို့ သွား၏။ ဝိသာခါ၏ အိမ်၌လည်း အလွန် စောစွာ လာသည်၏ အဖြစ်ကြောင့် တစ်စုံတစ်ခုကို မရ။ ထိုရဟန်းသည် ထိုထို အိမ်သို့ သွား၍ တစ်ဖန် ပြန်လျက် ယာဂု ကုန်လတ်သော် ရောက်လာ၏။ တစ်ဖန်လည်း ထိုထိုအိမ်သို့ သွား၍ ဆွမ်းကုန်လတ်သော် ရောက်လာ၏။

ထိုရဟန်းသည် ကျောင်းသို့သွား၍ နှစ်ပါးကုန်သော အမျိုးတို့သည်လည်း သဒ္ဓါတရား မရှိကုန်၊ ကြည်ညိုခြင်း မရှိကုန်၊ ဤရဟန်းတို့သည် သဒ္ဓါတရား ရှိကုန်၏၊ ကြည်ညိုခြင်း ရှိကုန်၏ဟု ဆိုကုန်၏။ ထိုအမျိုးတို့သည် အဘယ်မူ ကုန်အံ့နည်းဟု ရှုတ်ချ ကဲ့ရဲ့လျက် သွား၏။ ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ ဤအမည်ရှိသော ဇနပုဒ် ရဟန်းသည် အလွန် စောစောကလျှင် ဒါယကာတို့၏ အိမ်တံခါးသို့ သွား၍ ဆွမ်းကို မရလတ်သော် ဒါယကာယတို့ကို ရှုတ်ချ ကဲ့ရဲ့လျက် သွား၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေး ပါကုန်၏ဟု နားတော်လျှောက်သည် ရှိသော် ထိုရဟန်းကို ခေါ်တော်မူ၍

ရဟန်း သင်သည် ဆွမ်းမရ၍ ဒါယကာတို့ကို ရှုတ်ချ ကဲ့ရဲ့သော ဟူသည် မှန်သလောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား မှန်ပေ၏ ဟု နားတော်လျှောက်သည် ရှိသော် ရဟန်း အဘယ်ကြောင့် အမျက်ထွက်သနည်း၊ ဘုရားမဖြစ်မီ ရှေး၌ ရသေ့တို့သည် ဒါယကာ အိမ်တံခါးသို့ ရောက်၍ ဆွမ်းမရ၍ အမျက်မထွက်ကုန်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ပေသိမ်းသော အတတ်တို့ကို သင်၍ နောက်အဖို့၌ ရသေ့ ရဟန်း ပြု၏။ ထိုဘုရားလောင်းသည် ဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ ချဉ်ဆား မှီဝဲအံ့သောငှါ ဗာရာဏသီသို့ သွား၍ ဉယျာဉ်၌ နေ၍ နက်ဖြန် မြို့သို့ ဆွမ်းခံဝင်၏။ ထိုအခါ ဗာရာဏသီ သူဌေးသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ကြည်ညိုခြင်းရှိ၏။ ဘုရားလောင်းသည် အဘယ်သူ့အိမ်သည် သဒ္ဓါတရား ရှိသနည်းဟု မေး၍ သူဌေးအိမ်သည် သဒ္ဓါတရား ရှိ၏ဟု ကြား၍ သူဌေးအိမ်တံခါးသို့ သွား၏။ ထိုခဏ၌ သူဌေးသည် မင်းခစားအံ့သောငှါ သွား၏။ လူတို့သည်လည်း ဘုရားလောင်းကို မမြင်ကုန်၊ ဘုရားလောင်းသည် ပြန်၍ သွား၏။ ထိုအခါ သူဌေးသည် မင်းအိမ်မှ ပြန်လတ်သော် ဘုရားလောင်းကို မြင်၍ ရှိခိုး၍ သပိတ်ကို ယူ၍ အိမ်သို့ ပင့်ဆောင်နေစေ၍ ခြေဆေးခြင်း ဆီလိမ်းခြင်း ယာဂုခဲဖွယ် ကပ်ခြင်း အစရှိသည်တို့ဖြင့် ရောင့်ရဲစေ၍ ဆွမ်းမဘုဉ်းပေးမီ စိုးစဉ်းသော အကြောင်းကို မေး၍ ဆွမ်းဘုဉ်းပေးပြီးသော် ဘုရားလောင်းကို ရှိခိုး၍ တင့်အပ် လျှောက်ပတ်စွာ နေလျက် အရှင်ဘုရား အကျွန်ုပ် တို့၏ အိမ်တံခါးသို့ ရောက်လာကုန်သော သူတောင်းစား တို့သည် လည်းကောင်း၊ တရားစောင့်ကုန်သော ရဟန်း ပုဏ္ဏားတို့သည် လည်းကောင်း ပူဇော်သက္ကာရကို မရကုန်မူ၍ သွားရဖူးသော မည်သည် မရှိ။ အရှင်တို့ကိုကား အကျွန်ုပ်တို့၏ သူငယ်တို့သည် မမြင်သည်၏ အဖြစ်ကြောင့် နေရာကိုလည်းကောင်း သောက်ရေကိုလည်းကောင်း ခြေဆေးခြင်းကိုလည်းကောင်း ယာဂုဆွမ်းတို့ကိုလည်းကောင်း အရှင်ဘုရားတို့သည် မရကုန်မူ၍လျှင် သွားကုန်၏။ ဤသို့ မရခြင်းသည် အကျွန်ုပ်တို့၏ အပြစ်တည်း၊ ထိုအကျွန်ုပ်တို့ အပြစ်ကို သည်းခံတော်မူခြင်းငှါ သင့်၏ဟု ဆို၍ ဤဂါထာကို ဆို၏—

၁၄၅။ န တေ ပီဌမဒါယိမှာ၊ န ပါနံ နပိ ဘောဇနံ။
ဗြဟ္မစာရိ ခမဿု မေ၊ ဧတံ ပဿာမိ အစ္စယံ။

မြတ်သော အကျင့်ကို ကျင့်သော အရှင်ဘုရား အရှင်ဘုရားအား နေရာကို မပေးကုန် ရေကို မပေးကုန် ဆွမ်းကို မပေး မလှူကုန်။ ထိုအပြစ်ကို မြင်၏။ အကျွန်ုပ်၏ ထိုအပြစ်ကို အရှင်ဘုရားသည် သည်းခံတော်မူပါလော့။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏—

၁၄၆။ နေဝါဘိသဇ္ဇာမိ န စာပိ ကုပ္ပေ၊
န စာပိ မေ အပ္ပိယမာသိ ကိဉ္စိ။
အထောပိ မေ အာသိ မနောဝိတက္ကော၊
ဧတာဒိသော နူန ကုလဿ ဓမ္မော။

သူဌေး ငါသည် မငြိုမစွန်းသာလျှင်တည်း။ အမျက်လည်း မထွက်သာလျှင်တည်း။ ငါ့အား တစ်စုံတစ်ခုသော မုန်းခြင်းသည်လည်း မဖြစ်၊ စင်စစ်သော်ကား အမျိုး၏ ဤသို့သဘောရှိသော အလေ့သည် ဖြစ်လေယောင်တကားဟု ငါ့အား တစ်စုံတစ်ခုသော စိတ်အကြံသည် ဖြစ်၏။

ထိုစကားကို ကြား၍ သူဌေးသည် ဤဂါထာတို့ကို ဆို၏—

၁၄၇။ ဧသ’သ္မာကံ ကုလေ ဓမ္မော၊ ပိတုပိတာမဟော သဒါ။
အာသနံ ဥဒကံ ပဇ္ဇံ၊ သဗ္ဗေတံ နိပဒါမသေ။

၁၄၈။ ဧသ’သ္မာကံ ကုလေ ဓမ္မော၊ ပိတု ပိတာမဟော သဒါ။
သက္ကစ္စံ ဥပတိဋ္ဌာမ၊ ဥတ္တမံ ဝိယ ဉာတကံ။

မြတ်သော အကျင့်ကို ကျင့်သော အရှင်ဘုရား အကျွန်ုပ်တို့သည် နေရာ ခြေဆေးရေ, ခြေနယ်ဆီ ဤအလုံးစုံကို အလွန် လှူကုန်၏။ ဤအလေ့သည်, အကျွန်ုပ်တို့၏ အမျိုး၌ အခါခပ်သိမ်း အဘ အဘိုးတို့၏ ဥစ္စာဖြစ်သော အလေ့တည်း။

မြတ်သော အကျင့်ကို ကျင့်သော အရှင်ဘုရား အကျွန်ုပ်တို့သည် မြတ်သော မိဘကဲ့သို့ ရဟန်း ပုဏ္ဏားကို ရိုသေစွာ လုပ်ကျွေးကုန်၏။ ဤအလေ့သည် အကျွန်ုပ်တို့၏ အမျိုး၌ အခါခပ်သိမ်း အဘ အဘိုးတို့၏ ဥစ္စာဖြစ်သော အလေ့တည်း။

ဘုရားလောင်းသည်ကား နှစ်ရက် သုံးရက် ဗာရာဏသီ သူဌေးအား တရားဟောလျက် ဗာရာဏသီ၌ နေ၍ တစ်ဖန် ဟိမဝန္တာသို့လျှင် သွား၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့ လား၏။

**ဇာတ်ပေါင်း**

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီသူဌေးဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ရသေ့ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်ခုနစ်ခုမြောက်သော ပီဌဇာတ်သည် ပြီး၏။

---

**၃၃၈-ထုသဇာတ်**

**ဆရာ့ကျေးဇူးကြောင့် အသက်ချမ်းသာရ**

**အသက်ပေး ဂါထာ**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝိဒိတံ ထုသံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤထုသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် **အဇာတသတ်မင်း**ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအဇာတသတ်မင်းသည် အမိ ဝေဒေဟီ မိဖုရားဝမ်း၌ ပဋိသန္ဓေ နေသည်ရှိသော် ကောသလမင်း၏ သမီးတော် အဇာတသတ်မင်း၏ မယ်တော် ဝေဒေဟီမိဖုရားသည် ဗိမ္ဗိသာရမင်း၏ လက်ယာ ပုဆစ်ဒူးသွေးကို သောက်လိုသော ချင်ခြင်းသည် ဖြစ်၍ အိုင်၏၊ ထို ဝေဒေဟီမိဖုရားသည် အလုပ်အကျွေးတို့သည် မေးအပ်သည်ရှိသော် ထိုအလုပ်အကျွေးတို့အား ထိုအကြောင်းကို ကြား၏။ မင်းသည်လည်း ကြား၍ နိမိတ်ဖတ်တတ်ကုန်သော သူတို့ကို ခေါ်စေ၍ မိဖုရားအား ဤသို့သဘောရှိသော ချင်ခြင်းသည် ဖြစ်သတတ်၊ ထိုချင်ခြင်း အကျိုးသည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မေး၏။ ထိုနိမိတ်ဖတ်တတ်ကုန်သော သူတို့သည် မိဖုရား၏ ဝမ်း၌ ဖြစ်သော သားသည် အရှင်မင်းကြီးတို့ကို သတ်၍

မင်းအဖြစ်ကို ယူလတ္တံ့ဟု ဆိုကုန်၏။ မင်းသည် ဤငါ၏ သားသည် ငါ့ကို သတ်၍ မင်းအဖြစ်ကို အကယ်၍ ယူငြားအံ့။ ထိုသို့ယူရာ၌ ငါ့အား အဘယ်အပြစ်ရှိအံ့နည်းဟု လက်ယာပုဆစ်ကို ဓားဖြင့် ခွဲစေ၍ သွေးကို ရွှေခွက်ဖြင့် ယူစေ၍ မိဖုရားကို သောက်စေ၏။ မိဖုရားသည် ငါ၏ ဝမ်း၌ ဖြစ်သော သားသည် အဖကို အကယ်၍ သတ်ငြားအံ့။ ထိုသားဖြင့် ငါ့အား အဘယ်ပြုအံ့နည်းဟု ကြံ၍ ကိုယ်ဝန်ကို ကျစိမ့်သောငှါ ဝမ်းကို နယ်စေ၏၊ ဆေးကို စား၏။

ဗိမ္ဗိသာရမင်းသည် သိ၍ မိဖုရားကို ခေါ်စေ၍ ရှင်မ ငါ၏ သားသည် ငါ့ကို သတ်၍ မင်းအဖြစ်ကို ယူလတ္တံ့။ ငါသည် မအို မသေ မနေရ။ သားမျက်နှာကို ကြည့်စိမ့်သောငှါ ငါ့အား ပေးလော့။ ယနေ့မှစ၍ ဤသို့သဘောရှိသော အမှုကို မပြုလင့်ဟု ဆို၏။ မိဖုရားသည် ထိုအခါမှစ၍ ဥယျာဉ်သို့ သွား၍ ဝမ်းကို နယ်စေ၏။ မင်းသည် သိ၍ ထိုအခါမှ စ၍ ဥယျာဉ်သို့ သွားခြင်းကို မြစ်၏၊ မိဖုရားသည် ပြည့်သော ကိုယ်ဝန်ရှိသည်ဖြစ်၍ သားကို ဖွား၏။ အမည်မှည့်အံ့သောနေ့၌ မင်းသားအား မဖွားမီကလျှင် အဖ၏ ရန်သူဖြစ်ခြင်းကြောင့် အဇာတသတ် ဟူသော အမည်ကို မှည့်ကုန်၏။ မင်းသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပြုတ်သော ခဲဖွယ် ဘောဇဉ်ဖြင့် လုပ်ကျွေး၍ ဘုရားကို ရှိခိုး၍ တရားကို နာလျက် နေ၏။ ထိုအခါ မင်းသားကို တန်ဆာဆင်၍ မင်းအား ပေးကုန်၏။ မင်းသည် အားကြီးစွာသော ချစ်ခြင်းဖြင့် သားကို ယူ၍ ပေါင်ပေါ်၌ နေစေ၍ သား၌ဖြစ်သော ချစ်ခြင်းဖြင့် သားကိုသာလျှင် မြတ်နိုးရကား တရားကို မနာနိုင်။ သဗ္ဗညု မြတ်စွာဘုရားသည် မင်း၏ မေ့လျော့သော အဖြစ်ကို သိ၍၊ မြတ်သောမင်းကြီး ရှေးမင်းတို့သည် သား၌ ရှိရှာကုန်လတ်သော် ပုန်းကွယ်ရာအရပ်၌ ထားကုန်၍ ငါလွန်မှ ထုတ်ဆောင်၍ မင်းအဖြစ်၌ ထားကြကုန်လောဟု လျှောက်ကုန်၏ဟု မိန့်တော်မူ၍ ဗိမ္ဗိသာရမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

ဒ အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ ဖြစ်၍ များစွာကုန်သော မင်းသား ပုဏ္ဏားသားတို့ကို အတတ်သင်၏။ ဗာရာဏသီမင်း၏ သားသည်လည်း တစ်ဆယ့်ခြောက်နှစ် ရှိသောကာလ၌ ဘုရားလောင်း အထံသို့ သွား၍ ဗေဒင်သုံးပုံ အလုံးစုံသော အတတ်တို့ကို သင်၍ ပြည့်စုံသော အတတ်သည် ရှိသည်ဖြစ်၍ ဆရာကို ပန်၏။ ဆရာသည် အင်္ဂဝိဇ္ဇာ၏ အစွမ်းအားဖြင့်

မင်းသားကို ကြည့်လတ်သော် ဤမင်းသားကား သားကို အမှိုပြု၍ အန္တရာယ်သည် ထင်၏။ ငါသည် မိမိ အာနုဘော်အားဖြင့် ထိုအန္တရာယ်ကို ပယ်အံ့ဟု ကြံ၍ လေးဂါထာတို့ကို ဖွဲ့၍ မင်းသားအား ပေး၏။ ဤသို့လည်း ထိုမင်းသားကို မှာ၏။ အမောင် ရှေးဦးစွာသော ဂါထာကို မင်းအဖြစ်၌ တည်၍ သင်မင်းသား၏ သားသည် တစ်ဆယ့်ခြောက်နှစ် ရှိသော် ထမင်းစားစဉ်လျှင် ရွတ်လေလော့။ နှစ်ခုမြောက်သော ဂါထာကို ကြီးစွာ ခစားသော ကာလ၌ ရွတ်လေလော့။ သုံးခုမြောက်သော ဂါထာကို ပြာသာဒ်သို့ တက်လတ်သော် စောင်းတန်းဦး၌ ရပ်၍ ရွတ်လေလော့။ လေးခုမြောက်သော ဂါထာကို အိပ်ရာ ကျက်သရေတိုက်သို့ ဝင်လတ်သော် တံခါးခုံ၌ ရပ်၍ ရွတ်လေလော့ဟု မှာ၏။ မင်းသားသည် ကောင်းပြီဟု ဝန်ခံ၍ ဆရာကို ရှိခိုး၍ သွားသော် အိမ်ရှေ့မင်း အဖြစ်၌ တည်၍ အဖ လွန်သဖြင့် မင်းအဖြစ်၌ တည်၏။ ထိုမင်း၏ သားသည် တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌ ဥယျာဉ်ကစားခြင်း အစရှိသည်တို့၏ အကျိုးငှါ ထွက်သွားသော် မင်း၏ အသရေစည်းစိမ်ကို မြင်၍ အဖကို သတ်၍ မင်းအဖြစ်ကို ယူလိုသည်ဖြစ်၍ မိမိ၏ အလုပ်အကျွေးတို့အား ပြောဆို၏။ ထိုအလုပ်အကျွေးတို့သည် ရှင်မင်းသား ကောင်းပြီ အိုသော ကာလ၌ ရအပ်သော စည်းစိမ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ တစ်စုံတစ်ခုသော ဥပါယ်ဖြင့် မင်းကို သတ်၍ မင်းအဖြစ်ကို ယူခြင်းသည် သင့်၏ဟု ဆိုကုန်၏။ မင်းသားသည် အဆိပ်ကို စား၍ သေစေအံ့ဟု အဘနှင့်တကွ ညစာစားစဉ် အဆိပ်ကို ကိုင်၍ နေ၏။ မင်းသည် ထမင်းခွက်၌ ထမင်းကို စားအံ့သောငှါ အားမထုတ်မီလျှင် ဤဂါထာကို ဆို၏—

၁၄၉။ ဝိဒိတံ ထုသံ ဥန္ဒုရာနံ၊ ဝိဒိတံ ပန တဏ္ဍုလံ။
ထုသံ ထုသံ ဝိဝဇ္ဇေတွာ၊ တဏ္ဍုလံ ပန ခါဒရေ။

ကြွက်တို့အား ဖွဲသည် အမိုက်မှောင်၌လည်း ဖွဲ၏အဖြစ်ဖြင့် ထင်ရှား၏။ ဆန်သည်လည်း ဆန်၏အဖြစ်ဖြင့် ထင်ရှား၏။ ဖွဲတိုင်း ဖွဲတိုင်းကို ကြဉ်၍ ဆန်ကိုသာလျှင် စားကုန်၏။

မင်းသားသည် သိချေပြီဟု ကြောက်၍ ထမင်းခွက်၌ အဆိပ်ကိုချအံ့သောငှါ မဝံ့သည်ဖြစ်၍ ထ၍ မင်းကိုရှိခိုး၍ ထိုအရပ်မှ ပြေး၏။ ထိုအကြောင်းကို မိမိ၏ အလုပ်အကျွေးတို့အားကြား၍ ယနေ့သိချေပြီ။ ယခုအခါ အဘယ်သို့သတ်ရအံ့နည်းဟု မေး၏။ ထိုအလုပ်အကျွေးတို့သည် ထိုအခါမှစ၍ ဥယျာဉ်၌ ပုန်းကွယ်ကုန်၍ နားရင်း၌ ပြောဆိုသည်၏ အစွမ်းအားဖြင့် တိုင်ပင်ကုန်လျက် တစ်ခုသော အကြောင်းသည်ရှိ၏။ သန်လျက်ကိုဖွဲ၍ ကြီးစွာသော ခစားခြင်းသို့

ရောက်သောကာလ၌ အမတ်တို့၏အတွင်း၌နေ၍ မင်း၏မေ့လျော့သော အဖြစ်ကို သိ၍ သန်လျက်ဖြင့်သတ်၍ သေစေခြင်းငှါ သင့်၏ဟု မှတ်စေကုန်၏။ မင်းသားသည် ကောင်းပြီဟုဝန်ခံ၍ ကြီးစွာ ခစားသောကာလ၌ ဖွဲ့အပ်သော သန်လျက်ရှိသည်ဖြစ်၍ သွား၍ ထိုမှဤမှ လှည့်လည်လျက် သတ်ခွင့်ကို စုံစမ်း၏။ ထိုခဏ၌ မင်းသည် ဤဂါထာကိုရွတ်ဆို၏။

၁၅၀။ ယာ မန္တနာ အရညသ္မိံ၊ ယာ စ ဂါမေ နိကဏ္ဏိကာ။
ယံ စေ တံ ဣတိ စီတိ စ၊ ဧတမ္ပိ ဝိဒိတံ မယာ။

ဥယျာဉ်၌လည်းကောင်း၊ ရွာ၌လည်းကောင်း နားရင်း၌ တိုင်ပင်ခြင်းဟူသော အကြင်တိုင်ပင်ခြင်းသည်လည်းကောင်း ဤသို့တိုင်ပင်တိုင်း ငါ့အား သတ်အံ့သောငှါ ယခုအခါ အကြင်ငါ့ကို ထိုမှဤမှ သတ်အံ့သောအခွင့်ကို ရှာခြင်းသည်လည်းကောင်း ရှိ၏။ ထိုအလုံးစုံကိုလည်း ငါသည် သိအပ်၏။

မင်းသားသည် ခမည်းတော်မင်းကား ငါ၏ရန်သူအဖြစ်ကို သိ၏ဟု ထိုအရပ်မှပြေး၍ အလုပ်အကျွေးတို့အား ကြားလေ၏။ အလုပ်အကျွေးတို့သည် ခုနစ်ရက် ရှစ်ရက်လွန်လတ်သော် အရှင်မင်းသား၏ ခမည်းတော်သည် အရှင်မင်းသား၏ ရန်သူအဖြစ်ကို မသိ။ ကြံခြင်းမျှဖြင့် အရှင်မင်းသားသည် ဤသို့ အမှတ်ရှိ၏။ ခမည်းတော်ကို သတ်လော့ဟုဆိုကုန်၏။ မင်းသားသည် တစ်နေ့သ၌ သန်လျက်ကိုကိုင်၍ စောင်းတန်းဦး၌ရပ်၏။ မင်းသည် စောင်းတန်းဦး၌ ရပ်လျက် ဤဂါထာကိုဆို၏။

၁၅၁။ မမ္မေန ကိရ ဇာတဿ၊ ပိတာ ပုတ္တဿ မက္ကဋော။
ဒဟရသောဝ သန္တဿ၊ ဒန္တေဟိ ဖလမစ္ဆိဒါ။

အဖဖြစ်သော မျောက်သည် သားငယ်မျောက်၏ မျိုးစေ့ကို သဘောအားဖြင့် ငယ်ရွယ်စဉ်ကပင်လျှင် သွားတို့ဖြင့် ဖြတ်၍ယောကျ်ားအဖြစ်ကို ဖျက်ဆီး၏။

မင်းသားသည် ငါ့ကို ခမည်းတော်ဖမ်းလို၏ဟု ကြောက်ရကား ပြေး၍ ခမည်းတော်သည် ငါ့ကို ခြိမ်းခြောက်၏ဟု ဤအလုပ်အကျွေးတို့အား ကြား၏။ အလုပ်အကျွေးတို့သည် လခွဲလွန်လတ်သော် အရှင်မင်းသား မင်းသည် အကယ်၍ သိငြားအံ့။ ဤမျှလောက်သော ကာလ၌ ဖျက်ဆီးရာ၏။ အကြံအားဖြင့် အရှင့်သားသည် ဆုံအောင်၏။ မင်းကို သတ်လော့ဟု ဆို၏။ မင်းသားသည် တစ်နေ့သ၌ သန်လျက်ကိုယူ၍ ပြာသာဒ်ထက်ဝယ် အသရေရှိသော အိပ်ရာသို့ ဝင်၍လာစဉ်လျှင် ထိုမင်းကို သတ်အံ့ဟု ပလ္လင်အောက်၌နေ၏။ မင်းသည် ညစာစားပြီးသော် ပရိတ်သတ်ကို လွှတ်လိုက်၍ အိပ်အံ့ဟု အသရေရှိသော တိုက်ခန်းသို့ဝင်လတ်သော် တံခါးခုံး၌ရပ်၍ ဤဂါထာကိုရွတ်၏။

၁၅၂။ ယမေတံ ပရိသပ္ပသိ၊ အဇကာဠောဝ သာသပေ။
ယောပါ’ယံ ဟေဋ္ဌတော သေတိ၊ ဧတမ္ပိ ဝိဒိတံ မယာ။

သင်သည် မုန်ညင်းခင်းသို့ဝင်သောကာလ၌ ဆိတ်ကန်းကဲ့သို့ ကြောက်ခြင်းကြောင့် အကြင် ထိုမှဤမှ လှုပ်ရှား၏။ ယခုအခါ၌ သတ်အံ့ဟူ၍ ပလ္လင်အောက်၌ အကြင်အိပ်နေခြင်းကိုမူလည်း ပြု၏။ ထိုအလုံးစုံကိုလည်း ငါသည် သိအပ်၏။

ဤသို့ မသိသည်လျှင် ဖြစ်သောမင်း၏ ထိုဂါထာသည် မင်းသားအား ထိုထုံအနက်ကို ပြ၏။ မင်းသားသည် ခမည်းတော် ငါ့ကိုသိပြီ။ ယခုငါ့ကို ဖျက်ဆီးလတ္တံ့ဟု ကြောက်၍ ပလ္လင်အောက်မှထွက်၍ သန်လျက်ကို မင်း၏ ခြေရင်း၌ချ၍ မြတ်သောမင်းကြီး-အကျွန်ုပ်အား သည်းခံပါလေ့ဟု ခြေရင်း၌ ရင်ဖြင့် ဝပ်၏။ မင်းသည် သင်ကား ငါ့အမှုကို အဘယ်သူ သိအံ့နည်းဟု ကြံ၏ဟု မင်းသားကို ခြိမ်းခြောက်၍ သံခြေကျဉ်း အနှောင်အဖွဲ့ဖြင့် ဖွဲ့စေ၍ နှောင်အိမ်သို့သွင်းစေ၍ အစောင့်အရှောက်ထား၏။ ထိုအခါ မင်းသည် ဘုရားလောင်း၏ ကျေးဇူးကို မှတ်မိ၏။ နောက်အဖို့၌ ထိုမင်းသည်သေလွန်၏။ မင်း၏အလောင်းကို သင်္ဂြိုဟ်ခြင်းကိစ္စကိုပြု၍ မင်းသားကို နှောင်အိမ်မှထုတ်၍ မင်းအဖြစ်၌ တည်စေကုန်၏၊

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်ရှစ်ခုမြောက်သော ထုသဇာတ်သည် ပြီး၏။

---

၃၃၉-ဗာဝေရုဇာတ်

နေမထွက်ခင် လဘုရင်
နေရောင်လဲရောက် လလဲပျောက်

ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် အဒဿနေန မောရဿ-အစရှိသောဂါထာပုဒ်ဖြင့် စ-န်ဆာဆင်အပ်သော ဤဗာဝေရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် ပျောက်သောလာဘသက္ကာရ ရှိကုန်သော တိတ္ထိတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုတိတ္ထိတို့သည် ဘုရားမဖြစ်မီ လာဘ်ရကုန်၏။ ဘုရားဖြစ်တော်မူသည် ရှိသော်ကား ပျောက်သော လာဘသက္ကာရ ရှိကုန်သည်ဖြစ်၍ နေထွက်သော အခါ ပိုးစုန်းကြူးကဲ့သို့ ဖြစ်ကုန်၏။ ထိုတိတ္ထိတို့၏ ထိုအကြောင်းကို စွဲ၍ ရဟန်းတို့သည် တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရား သည် ကြွလာတော်မူလတ်၍ ရဟန်းတို့-ယခုအခါ အဘယ်စကားဖြင့် စည်းဝေး ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့-ယခုအခါ၌သာလျှင် ဂုဏ်ရှိသောသူ တို့သည် မဖြစ်ကုန်မီ ဂုဏ်မရှိသောသူတို့သည် မြတ်သောလာဘ် မြတ်သော အခြံအရံကိုရကုန်၍ ဂုဏ်ရှိသောသူတို့သည် ဖြစ်ကုန်လတ်သော် ပျောက်သော လာဘသက္ကာရ ရှိကုန်သည် မဟုတ်ကုန်သေး။ ရှေး၌လည်း ဂုဏ်ရှိသောသူတို့ မဖြစ်ကုန်မီသာ မြတ်သောလာဘ် မြတ်သောအခြံအရံကိုရကုန်၍ ဂုဏ်ရှိသော သူတို့သည် ဖြစ်ကုန်လတ်သော် ဂုဏ်မရှိကုန်သော သူတို့သည် ပျောက်သော လာဘသက္ကာရ ရှိသည်ဖြစ်ကုန်၏ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ဥဒေါင်းမျိုး၌ ဖြစ်၍ ကြီးခြင်းသို့ရောက်လတ် သော် မြတ်သော တင့်တယ်ခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ တော၌ ကျက်စား၏။ ထိုအခါ အချို့သော ကုန်သည်တို့သည် ဒိသာကာကကျီးကိုယူ၍ လှေဖြင့် ဗာဝေရုတိုင်းသို့ သွားကုန်၏။ ထိုအခါဗာဝေရုတိုင်း၌ ငှက်မည်သည်ကား မရှိ သည်ဖြစ်၏။ လာတိုင်း လာတိုင်းကုန်သော တိုင်းသားတို့သည် ရွက်တိုင်၌ နေသော ဒိသာကာကကျီးကိုမြင်၍ ဤငှက်၏ လည်အဆုံးရှိသော အရောင် အဆင်းနှုတ်သီး ပတ္တမြားနားဒေါင်းနှင့်တူကုန်သော မျက်စိတို့ကို ကြည့်ပါကုန် လော့ဟု ကျီးကိုလျှင် ချီးမွမ်း၍ ထိုကုန်သည်တို့ကို အရှင်တို့-သင်တို့သည် ဤငှက်ကို ငါတို့အား ပေးကုန်လော့။ ငါတို့အား ဤငှက်ဖြင့် အလိုရှိ၏။ သင်တို့သည် မိမိတို့၏တိုင်း၌ တစ်ပါးသောငှက်ကို ရပါကုန်လတ္တံ့ဟုဆိုကုန်၏။ ထိုသို့တပြီးကား အဖိုးဖြင့်ယူကြကုန်လော့ဟု ကုန်သည်တို့သည် ဆိုကုန်၏။ တစ်သပြာဖြင့် ငါတို့အားပေးကုန်လော့ဟု တိုင်းသားတို့သည် ဆိုကုန်လတ်သော် မပေးကုန်ဟု ဆိုကုန်၏။ အစဉ်သဖြင့်ပွါး၍ သပြာတစ်ရာဖြင့် ပေးကုန်လော့ဟု ဆိုလတ်သည်ရှိသော် ဤငှက်သည် ငါတို့အား ကျေးဇူးများ၏။ သင်တို့နှင့် ချစ်ခြင်းသည် ဖြစ်စေသတည်းဟု သပြာတစ်ရာကိုယူ၍ ပေးကုန်၏။ ရွှေချိုင့်၌ထည့်၍ အထူးထူးအပြားပြားသော ငါးအမဲ သစ်သီးကြီးငယ်တို့ဖြင့် မွေးကျွေးကုန်၏။ တစ်ပါးကုန်သောငှက်တို့၏ မရှိရာအရပ်၌ ဆယ်ပါးကုန်သော မသူတော်တော်တို့၏ အကျင့်နှင့် ပြည့်စုံသောကျီးသည် မြတ်သောလာဘ်

မြတ်သောအခြံအရံ အကျော်အစောကိုရ၏။ တစ်ဖန်လျှင် ကုန်သည်တို့သည် တစ်ခုသော ဥဒေါင်းမင်းကိုဖမ်းယူ၍ လက်ဖျစ်တွက်သံဖြင့် တွန်အောင် လက်ခုပ်သံဖြင့် ကအောင် သင်၍ ဗာဝေရုတိုင်းသို့ လာကုန်၏။

ထိုဥဒေါင်းမင်းသည် လူအများ စည်းဝေးလတ်သော် လှေဦး၌ရပ်၍ အတောင်တို့ကိုခါ၍ သာယာသောအသံကိုတွန်၍ က၏။ လူတို့သည် ဥဒေါင်းမင်းကို မြင်၍ ဝမ်းမြောက်ခြင်းဖြစ်ကုန်၍ အရှင်တို့ မြတ်သောတင့်တယ်ခြင်းနှင့် ပြည့်စုံသော ကောင်းစွာ သင်အပ်ပြီးသော ဤငှက်မင်းကို ငါတို့အား ပေးပါကုန်လော့ဟု ဆိုကုန်၏။ သင်တို့သည် ငါတို့ဆောင်ခဲ့သော ကျီးကိုလည်း ယူကုန်ပြီ။ ယခုအခါ ငါတို့ဆောင်ခဲ့သော တစ်ကောင်သော ဥဒေါင်းမင်းကိုလည်းတောင်းပြန်ကုန်၏။ သင်တို့တိုင်းသို့ ငှက်ကို ယူ၍လာခြင်းငှါ မတတ်ကောင်းဖြစ်ခဲ့ပြီဟု ကုန်သည်တို့သည် ဆိုကုန်၏။ သင်တို့ဆိုသည့်အတိုင်းဖြစ်စေ မိမိတို့၏တိုင်း၌ တစ်ပါးသောငှက်ကို ရကုန်လတ္တံ့၊ ဤငှက်ကို ငါတို့အား ပေးပါကုန်လော့ဟု အဖိုးကို ပွါးစေ၍ အသပြာတစ်ထောင်ဖြင့် ယူကုန်၏။ ထိုအခါ ထိုဥဒေါင်းမင်းကို ရတနာ ခုနစ်ပါးတို့ဖြင့် စီအပ်သော ချိုင့်၌ ထား၏။ ငါး အမဲ သစ်သီးကြီးငယ် ပျား ပေါက်ပေါက်သကြားအဖျော် စသည်တို့ဖြင့် ကျွေးမွေးကုန်၏။ ဥဒေါင်းမင်းသည် မြတ်သောလာဘ် မြတ်သော အခြံအရံ အကျော်အစောနှင့် ပြည့်စုံ၏။ ဥဒေါင်းမင်းသည် ရောက်သောကာလမှစ၍ ကျီးအား လာဘသက္ကာရသည် ယုတ်၏။ တစ်စုံတစ်ယောက်သော သူသည်လည်း ထိုကျီးကို ကြည့်ခြင်းငှါ အလိုမရှိ။ ကျီးသည် ခဲဖွယ်ဘောဇဉ်ကို မရလတ်သော် ကာ ကာ-မြည်လျက် ပျံသွား၍ မစင်စွန့်ရာမြေ၌ သက်၍ အစာကိုယူ၏။ သဗ္ဗညုမြတ်စွာဘုရားသည် နှစ်ပါးသော ဝတ္ထုတို့ကိုစပ်၍ ဘုရားဖြစ်တော်မူပြီး၍ ဤဂါထာတို့ကို ဟောတော်မူ၏—

၁၅၃။ အဒဿနေန မောရဿ၊ သိခိနော မဉ္ဇုဘာဏိနော။
ကာကံ တတ္ထ အပူဇေသုံ၊ မံသေန စ ဖလေန စ။

၁၅၄။ ယဒါ စ သရသမ္ပန္နော၊ မောရော ဗာဝေရုမာဂမာ။
အထ လာဘော စ သက္ကာရော၊ ဝါယသဿ အဟာယထ။

၁၅၅။ ယာဝ ုပ္ပဇ္ဇတိ ဗုဒ္ဓေါ၊ ဓမ္မရာဇာ ပဘင်္ကရော။
တာဝ အညေ အပူဇေသုံ၊ ပုထူ သမဏဗြာဟ္မဏေ။

၁၅၆၊ ယဒါ စ သရသမ္ပန္နော၊ ဗုဒ္ဓေါ ဓမ္မံ အဒေသယိ။
အထ လာဘော စ သက္ကာရော၊ တိတ္ထိယာနံ အဟာယထ။

ဦးစွန်းနှင့်ပြည့်စုံသော သာယာသောအသံရှိထသော ဥဒေါင်းကို မမြင်ရခြင်းကြောင့် ထိုဗာဝေရုတိုင်း (ဘေဘီလုံတိုင်းပြည်)၌ ကျီးကို အမဲဖြင့်လည်းကောင်း၊ သစ်သီး ကြီးငယ်ဖြင့် လည်းကောင်း ပူဇော်ကုန်၏။

အကြင်အခါ၌ကား အသံနှင့်ပြည့်စုံသော ဥဒေါင်းသည် ဗာဝေရုတိုင်းသို့ ရောက်လာ၏။ ထိုအခါ၌ ကျီးအား လာဘ်သည်လည်းကောင်း၊ ပူဇော်သက္ကာရသည်လည်းကောင်း ယုတ်၏။

အကြင်မျှလောက်သောကာလပတ်လုံး ကိုးပါးသော လောကုတ္တရာတရားဖြင့် ပရိသတ်ကို နှစ်သက်စေတတ်သော လောကသုံးပါးတို့၌ အရောင်အဝါကိုပြုတတ်သော ဘုရားသည် မဖြစ်သေး၊ ထိုမျှလောက် တစ်ပါးကုန်သော များစွာကုန်သော ရဟန်းပုဏ္ဏားတို့ကို ပူဇော်ကုန်၏။

အကြင်အခါ၌ကား ဗြဟ္မာမင်း၏ အသံနှင့်တူသော အသံနှင့် ပြည့်စုံသော ဘုရားသည် သစ္စာလေးပါးတရားကို ဟော၏။ ထိုအခါ၌ တိတ္ထိတို့အား လာဘ်သည်လည်းကောင်း၊ ပူဇော်သက္ကာရသည်လည်းကောင်း ယုတ်၏။

ဇာတ်ပေါင်း

ဤလေးဂါထာတို့ကို ဟောတော်မူပြီး၍ ယခုအခါ နိဂဏ္ဌနာဋပုတ္တသည် ထိုအခါ ကျီးဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဥဒေါင်းမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာသုံးဆယ့်ကိုးခုမြောက်သော ဗာဝေရုဇာတ်သည် ပြီး၏။

---

## ၃၄၀-ဝိသယှဇာတ်

### အချိန်ရှိခိုက် လှူလစိုက်

### အလှူကြီး

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အဒါသိ ဒါနာနိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝိသယှဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးကိုအကြောင်းပြု၍ဟောတော်မူ၏။(ဝတ္ထုကို အောက်ကေက

နိပါတ်ခဒိရင်္ဂါရဇာတ်၌ချဲ့အပ်ပြီ)ဤဝိသယှဇာတ်၌ကား သဗ္ဗညု မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးကို ခေါ်တော်မူ၍ သူကြွယ် ရှေးပညာရှိတို့သည်လည်း အလှူကို လှူကုန်၏။ ကောင်းကင်၌ ရပ်၍ တားမြစ်သော သိကြားမင်းကို ပယ်၍ အလှူကို လှူကုန်သလျှင်တည်းဟု မိန့်တော်မူ၍ အနာထပိဏ်သူဌေးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဝိသယှမည်သော သူဌေးဖြစ်၍ ပဥ္စသီလနှင့်ပြည့်စုံ၏၊ အလှူပေးခြင်း၌ အလိုရှိ၏။ အလှူပေးခြင်း၌ မွေ့လျော်၏။ ထိုဝိသယှသူဌေးသည် မြို့တံခါးလေးမျက်နှာ မြို့လယ် မိမိအိမ်တံခါး ဤခြောက်ဌာနတို့၌ အလှူတင်းကုပ်တို့ကို ဆောက်၍ အလှူကို လှူ၏။ နေ့တိုင်း နေ့တိုင်း အသပြာခြောက်သိန်းတို့ကို ထုတ်၍ပေး၏။ ဘုရားလောင်း၏ ထမင်းနှင့်အလှူခံ သူတောင်းစားတို့၏ ထမင်းသည် ထပ်တူမျှသည်သာလျှင် ဖြစ်၏။ ဇမ္ဗူဒိပ်ကို လယ်ယာထွန်ခြင်းကို ပြတ်သည်ကိုပြု၍ အလှူပေးသော ဝိသယှသူဌေး၏ ဒါနအာနုဘော်ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်၏၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် ငါ့ကို အဘယ်သူသည်လျှင် တည်ရာမှ ရွေ့လျောစေလိုသနည်းဟု ဆင်ခြင်လတ်သော် သူဌေးကြီးကို မြင်၍ ဤဝိသယှ သူဌေးသည် အလွန်လျှင် ပျံ့နှံ့စေ၍ အလုံးစုံသော ဇမ္ဗူဒိပ်ကို လယ်ယာထွန်ခြင်း ပြတ်သည်ကိုပြုလျက် အလှူကိုပေး၏။ဤဒါနဖြင့် ငါ့ကိုတည်ရာမှရွေ့စေ၍ မိမိသည် သိကြားဖြစ်လိုယောင်တကား၊ ထိုဝိသယှသူဌေး၏ဥစ္စာကို ဖျက်ဆီး၍ ထိုဝိသယှသူဌေးကို ဆင်းရဲအောင်ပြု၍ အလှူမပေးနိုင်အောင်ပြုအံ့ဟုကြံ၍ အလုံးစုံသော ဥစ္စာ စပါး ဆီ ပျားတင်လဲ သကာ သကြား အစရှိသည်တို့ကို အယုတ်သဖြင့် ကျွန်အမှုလုပ်သော ယောကျ်ားအပေါင်းကို ကွယ်စေ၏။

ထိုအခါ အလှူပေးခြင်း၌ လုံ့လပြုကုန်သော သူတို့သည် လာလတ်၍ အရှင် အလှူတင်းကုပ်၌ လှူအပ်သော ဝတ္ထုအပေါင်းသည်ပြတ်၏။ ထားတိုင်းထားတိုင်းသော အရပ်၌ တစ်စုံတစ်ခုသော လှူဖွယ်ဝတ္ထုကို မမြင်ကုန်ဟု ကြားလျှောက်ကုန်၏။ သင်တို့သည် ဤအိမ်မှ ရိက္ခာကို ဆောင်ကြကုန်၊အလှူကို မပြတ်ကုန်လင့်ဟု မယားကိုခေါ်စေ၍ ရှင်မ အလှူကို ပေးလော့ဟုဆို၏။ မယားသည် အလုံးစုံသောအိမ်၌ရှာ၍ ပဲဝက်သော ဥစ္စာကိုမျှလည်း မမြင်၍ အရှင် ငါတို့၏ကိုယ်၌ဝတ်သော အဝတ်ကို ထား၍ တစ်ပါးသော တစ်စုံတစ်ခုသော ဥစ္စာကို မမြင်၊ အိမ်အလုံးသည် အချည်းနှီးဖြစ်၏ဟု ဆို၏။ ရတနာ

ခုနစ်ပါးထားသော တိုက်ဘိုး၌ တံခါးကိုဖွင့်စေ၍ ကြည့်သော်လည်း တစ်စုံတစ်ခုသော ဥစ္စာကိုမမြင်၊ သူဌေးကိုလည်းကောင်း၊ သူဌေးမယားကိုလည်းကောင်း ထား၍ တစ်ပါးကုန်သော ကျွန်အမှုလုပ် ယောကျာ်းတို့ သည်လည်း မထင်ကုန်၊ တစ်ဖန် ဘုရားလောင်းသည် မယားကိုခေါ်၍ ရှင်မအလှူကို ဖြတ်ခြင်းငှါ မတတ်နိုင် အလုံးစုံသောအိမ်ကိုရှာ၍ တစ်စုံတစ်ခုသောဥစ္စာကို ကြည့်လော့ဟုဆို၏။ထိုခဏ၌ တစ်ယောက်သော မြက်ရိတ် ယောကျာ်းသည် တံစဉ်ထမ်းပိုး မြက်စည်းကြိုးကို တံခါးကြား၌ စွန့်ပစ်၍ပြေး၏။ သူဌေးမယားသည် ထိုတံစဉ်ထမ်းပိုး မြက်စည်းကြိုးကိုမြင်၍ အရှင် ဤဝတ္ထုကိုထား၍တစ်ပါးသော ဥစ္စာကိုမမြင်ဟု ဆောင်၍ပေး၏။

ဘုရားလောင်းသည် ရှင်မ ငါသည် ဤမျှလောက်သော ကာလပတ်လုံး မြက်မည်သည်ကို မရိတ်ဖူး၊ယနေ့မှစ၍ မြက်ရိတ်၍ ရောင်း၍ ဆောင်၍ရသည် အားလျော်စွာ အလှူကိုပေးအံ့ဟုဆို၍ အလှူပြတ်အံ့သည်မှ ကြောက်သော ကြောင့် တံစဉ်ထမ်းပိုးကြိုးကိုယူ၍ မြို့မှထွက်၍ မြက်ခင်းသို့သွား၍ မြက်ကို ရိတ်၍ ဤမျှလောက်သော မြက်သည် ငါတို့ဖို့ဖြစ်လတ္တံ့ ဤမျှလောက်ကို အလှူပေးအံ့ဟု နှစ်စည်းသုံးစည်းကုန်သော မြက်တို့ကို ဖွဲ့၍ ထမ်းပိုး၌ ဆွဲ၍ ထမ်းယူသွား၍ မြို့တံခါး၌ ရောင်း၍ တစ်ပဲသော အသပြာတို့ကိုရ၍ တစ်ဖို့သော ဥစ္စာကို သူတောင်းစားအား လှူ၏။ သူတောင်းစားတို့သည် များကုန်၏။ ငါ့အားပေးလော့ ငါ့အား ပေးသော့ဟု ဆိုကုန်သော သူတောင်းစားတို့အား တစ်ပါးသော အဖို့ကိုလည်းပေး၍ ထိုနေ့ကို မယားနှင့်တကွ အာဟာရ ကင်းလျက် လွန်စေ၏။ ဤနည်းဖြင့် ခြောက်ရက်တို့သည် လွန်ကုန်၏။ထို့နောက်ခုနစ်ရက်မြောက်သောနေ့၌ မြက်ကို ဆောင်သော သူဌေးအား ခုနစ်ရက် အာဟာရ ပြတ်သော အလွန်သိမ်မွေ့သော မြက်ကို ထမ်းသော ထိုဝိသယှ သူဌေး၏ နဖူး၌ နေပူခဘ်သဖြင့်သဲ၏၊ ဝိသယှသူဌေးသည် သတိ ကို ဖြစ်စေခြင်းငှါ မတတ်နိုင်ရကား မြက်ကို ဘိ၍လဲ၏။ ထိုအခါ သိကြားသည် ထိုသို့ပြုသော သူဌေးကို စုံစမ်းလိုရကား ထိုခဏ၌လျှင် လာလတ်၍ ကောင်းကင်၌ ရပ်၍ ဤဂါထာကိုဆို၏—

၁၅၇။ အဒါသိ ဒါနာနိ ပုရေ ဝိသယှ။
ဒဒတော စ တေ ခယဓမ္မော အဟောသိ။
ဣတော ပရံ စေ န ဒဒေယျဒါနံ။
တိဋ္ဌေယျုံ တေ သံယမန္တဿ ဘောဂါ။

ဝိသယှသူဌေး သင်သည် ရှေး၌အလှူတို့ကို လှူသော သင့်အား စည်းစိမ်တို့၏လည်း ကုန်သောသဘောသည်ဖြစ်၏။ ဤကာလမှ နောက်၌ အလှူကို အကယ်၍ မလှူငြားအံ့။စောင့်ရှောက်သော သင်၏ စည်းစိမ်တို့သည် တည်ကုန်ရာ၏။

ဘုရားလောင်းသည် သိကြားမင်း၏စကားကိုကြား၍ သင်သည် အဘယ်သူနည်းဟု မေး၏။ ငါသည် သိကြားတည်းဟု ဆို၏။ဘုရားလောင်းသည် သိကြားမင်း၏ စကားကိုကြား၍ သိကြားမင်း သိကြားမည်သည်ကား ကိုယ်တိုင်အလှူပေး၍ သီလဆောက်တည်၍ ဥပုသ်သုံးခြင်းကိုပြု၍ ခုနစ်ပါးသော ကျင့်ဝတ်ကို ဖြည့်၍ သိကြားအဖြစ်သို့ရောက်၏။ သင်သည်ကား မိမိ၏ အစိုးရခြင်းကို ပြုတတ်သော အလှူပေးခြင်းကို တားမြစ်၏။ ယုတ်မာသောအမှုကို ပြု၏ဟု ဆိုလို၍ ဤဂါထာတို့ကို ဆို၏—

၁၅၇။ အနရိယ မရိယေန သဟဿနေတ္တ၊
သုဒုဂ္ဂတေနာပိ အကိစ္စမာဟု။
မာ ဝေါ ဓနံ တံ အဟု ဒေဝရာဇ၊
ယံ ဘောဂဟေတု ဝိဇဟေမု သဒ္ဓံ။

၁၅၈။ ယေန ဧကော ရထော ယာတိ၊ ယာတိ တေန ပရော ရထော။
ပေါရာဏံ နိဟိတံ ဝတ္တံ၊ ဝတ္တ တဉေဝ ဝါသဝ။

၁၅၉။ ယဒိ ဟေဿတိ ဒဿာမ၊ အသန္တေကိံ ဒဒါမသေ။
ဧဝံ ဘူတာ ပိ ဒဿာမ၊ မာ ဒါနံ ပမဒမှသေတိ။

သိကြားမင်း စင်ကြယ်သောအကျင့်ရှိသော အလွန် ဆင်းရဲသော သူသည်လည်း ယုတ်မာသော အလှူပေးခြင်းအမှုကို မပြုအပ်ဟူ၍ ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့သည် ဆိုကုန်၏၊နတ်မင်းစည်းစိမ်ဥစ္စာ၏ အကြောင်းကြောင့် ငါတို့သည် သဒ္ဓါတရားကို မစွန့်နိုင်၊ ထိုစည်းစိမ်ဥစ္စာ မဖြစ်ပွားချင်နေပါစေ။

သိကြားမင်း ခရီးလမ်းတစ်ကြောင်းတွင် ရှေ့ရထားသွားရာ နောက်သို့ နောက်ရထားသည် သွားသကဲ့သို့ ငါသည် ရှေး၌ဖြစ်သော အကျင့်ဝတ်ကို ဆောက်တည်အပ်၏။ ထိုငါဆောက်တည်သော ဝတ်သည်သာလျှင် တည်ပါစေသတည်း။ သင်တို့သည် မတည်ပါကုန်လင့်။

ဥစ္စာရှိခိုက် လှူရပေ၏၊ ဥစ္စာမရှိခဲ့သော် လှူချင်ပေမဲ့ မလှူနိုင်တော့၊ ထို့ကြောင့် မြက်ခိတ်ရကုန်ငြားသော်သည်း လှူကုန်အံ့၊ အလှူပေးမှုကို မမေ့ကုန်။

သိကြားမင်းသည် ဘုရားလောင်းကို တားမြစ်အံ့သောငှါ မတတ်နိုင်ရကား အဘယ်အကျိုးငှါ အလှူပေးသနည်းဟု မေး၏။ ဘုရားလောင်းသည် ငါကား သိကြားမင်းအဖြစ်ကို တောင့်တ၍လည်း အလှူမပေး။ ဗြဟ္မာ့အဖြစ်ကိုတောင့်တ၍လည်း အလှူမပေး။ သဗ္ဗညုတဉာဏ်ကိုကား တောင့်တ၍ အလှူပေး၏ဟု ဆို၏။ သိကြားမင်းသည် ဘုရားလောင်း၏စကားကို ကြား၍ နှစ်သက်၍ လက်ဖြင့် ကျောက်ကုန်းကို ဆုပ်နယ်၍ ထိုခဏ၌လျှင် စားရဘိ သကဲ့သို့ ဘုရားလောင်း၏ ကိုယ်အလုံးသည် ပြည့်၏။ သိကြား၏အာနုဘော် အားဖြင့်လည်း ဘုရားလောင်း၏ အလုံးစုံသော စည်းစိမ် အခြံအရံသည်လည်း ပကတိလျှင် ဖြစ်၏။ သိကြားမင်းသည် သူဌေးကြီး သင်သည် ယနေ့မှစ၍ နေ့တိုင်းနေ့တိုင်း တစ်သန်းနှစ်သိန်းကုန်သော အသပြာဘို့ကိုစွန့်လျက် အလှူကို ပေးလေ့ဟု ဆို၍ ဘုရားလောင်း၏အိမ်၌ အတိုင်းအရှည်မရှိသော ဥစ္စာကိုပြု၍ ဘုရားလောင်းကို လွှတ်လိုက်၍ မိမိနေရာသို့လျှင် သွား၏။

**ဇာတ်ပေါင်း**

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ရာဟုလာမယ်ဘော်သည် ထိုအခါ သူဌေးမယားဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဝိသယှသူဌေးဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာလေးဆယ်ခုမြောက်သော ဝိသယှဇာတ်သည် ပြီး၏။

၄-ကောကိလဝဂ် ပြီး၏။

---

## ၅-စူဠကုဏာလဝဂ်

### ၃၄၁-ကိန္နရီဇာတ် (ကဏ္ဍရီဇာတ်)

"နရာနမရာမကရာသုနာရိသု"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိန္နရီဇာတ်၏ အကျယ်စကားသည် အသီတိနိပါတ် ကုဏာလဇာတ်၌ ထင်ရှားဖြစ်လတ္တံ့။

သုံးရာလေးဆယ့်တစ်ခုမြောက်သော ကိန္နရီဇာတ်သည် ပြီး၏။

# ၃၄၂-ဝါနရဇာတ်

## အသက်ဘေးလွတ်ရန် ဥပါယ်တမျဉ်သုံးရသည်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကတို့ ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အသက္ခိံ ဝတ အတ္တာနံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဝါနရဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဒေဝဒတ်သည် သဗ္ဗညုမြတ်စွာဘုရားအား သတ်အံ့သောငှါလုံ့လပြုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုကို အောက်၌ ချဲ့အံ့ပြီ)။ သဗ္ဗညု မြတ်စွာဘုရားသည်အတိတ်ကိုဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဟိမဝန္တာဝယ် မျောက်အမျိုး၌ ဖြစ်၍ အရွယ်သို့ရောက်လတ်သော် ဂင်္ဂါနား၌နေ၏။ ထိုအခါ ဂင်္ဂါ၌ တစ်ကောင်သောမိကျောင်းမသည် ဘုရားလောင်း၏ နှလုံးသား၌ ချင်ခြင်းကို ဖြစ်စေ၍ မိကျောင်းဖိုအား ပြောဆို၏။ မိကျောင်းဖိုသည် ဘုရားလောင်းကို ရေ၌ နှစ်သတ်၍ နှလုံးသားကို ယူ၍ မိကျောင်းမအား ပေးအံ့ဟုကြံ၍ ဘုရားလောင်းကို အဆွေ လာလော့၊ မြစ်၏ အလယ်ကျွန်းငယ်၌ သစ်သီး ကြီးငယ်တို့ကို စားအံ့သောငှါ သွားကုန်အံ့ဟု ဆို၏။ အဆွေ ငါအသို့သွားရအံ့နည်းဟု ဘုရားလောင်းဆို၏။ ငါသည် ကျောက်ကုန်း၌ သင့်ကိုစီး၍ ဆောင်အံ့ဟု မိကျောင်းဆို၏။ ဘုရားလောင်းသည် မိကျောင်းစိတ်ကို မသိရကား ခုန်၍ မိကျောင်းကျောက်ကုန်း၌ စီး၏။ မိကျောင်းသည် အတန်ငယ်သွား၍ ရေ၌ငုပ်အံ့သောငှါအားထုတ်၏၊ ထိုအခါမိကျောင်းကို ဘုရားလောင်းသည် အဆွေ အဘယ့်ကြောင့် ငါ့ကို ရေ၌ နှစ်သနည်းဟု ဆို၏။ ငါသည် သင့်ကို သတ်၍ သင့်နှလုံးသားကို ငါ့မယားအား ပေးအံ့ဟုမိကျောင်း ဆို၏။ သင့်ပညာသည် နုန့်နှေးသည်ဖြစ်၏။ ငါ့နှလုံးသားသည် ရင်၌ ရှိ၏ဟု သင်ထင်မှတ်နေ၏ဟု ဘုရားလောင်းဆို၏၊ ရင်၌ နှလုံးမရှိသည်ရှိသော် အဘယ်မှာ သင်ထားသနည်းဟု မိကျောင်းမေး၏။ ရေသဖန်းပင်၌ ဆွဲ၍ ထားအပ်သော ထိုနှလုံးသားကို သင်မမြင်လောဟု ဘုရားလောင်းဆို၏။ မြင်၏ သင် ငါ့အား ပေးလတ္တံ့လောဟု မိကျောင်းမေး၏။ ပေးအံ့ဟု ဘုရားလောင်း ဆို၏။ မိကျောင်းသည် နုန့်နှေးသောပညာရှိသည်၏အဖြစ်ကြောင့် ဘုရားအလောင်းကို ယူ၍ မြစ်ကမ်းနား ရေသဖန်းပင်ရင်းသို့ သွား၏။ ဘုရားလောင်းသည် မိကျောင်း ကျောက်ကုန်းမှ ခုန်၍ ရေသဖန်းပင်၌နေလျက်ဤဂါထာတို့ကိုဆို၏။

၁၆၅။ အသက္ခိံ ဝတ အတ္တာနံ၊ ဥဒ္ဓါတုံ ဥဒကာ ထလံ။
န ဒါနာ ဟံ ပုန တယံ၊ ဝသံ ဂစ္ဆာမိ ဝါရိဇ။

၁၆၆။ အလ မေတေဟိ အမ္ဗေဟိ၊ ဇမ္ဗူဟိ ပနသေဟိစ။
ယာနိ ပါရံ သမုဒ္ဒဿ၊ ဝရံ မယှံ ဥဒုမ္ဗရော။

၁၆၇။ ယော စ ဥပ္ပတိတံ အတ္ထံ၊ န ခိပ္ပ မနုဗုဇ္ဈတိ။
အ မိတ္တ ဝသ မန္ဝေတိ၊ ပစ္ဆာ စ အနုတပ္ပတိ။

၁၆၈။ ယော စ ဥပ္ပတိတံ အတ္ထံ၊ ခိပ္ပမေဝ နိဗောဓတိ။
မုစ္စတေ သတ္တု သမ္ဗာဓာ၊ န စ ပစ္ဆာနုတပ္ပတိ။

မိကျောင်း ငါသည် ရေမှကြည်းကုန်းသို့ မိမိကိုယ်ကို ထုတ်အံ့သောငှါ တတ်နိုင်၏၊ ယခုတစ်ဖန် ငါသည် သင်၏ အလိုသို့ မလိုက်တော့၊ မြစ်၏တစ်ဖက်သို့ သွား၍ စားအပ်ကုန်သော သရက် သပြေ ပိန္နဲသီးတို့ဖြင့် ငါ့အား အလိုမရှိ၊ ငါ့အား ရေသဖန်းသီးသည် မြတ်၏၊ ဖြစ်သောအမှုကို လျင်မြန်စွာ မသိသော သူသည် ရန်သူနိုင်ငံသို့ လိုက်ရတတ်၍ နောင်အခါ ပူပန်ရ၏၊ ဖြစ်ပေါ်သော အမှုကို လျင်စွာသာလျှင် သိသောသူသည် ရန်သူတို့၏ နှိပ်စက်ခြင်းမှလွတ်၍ နောင်အခါ၌လည်း မပူပန်ရ။

ဤသို့ ဘုရားလောင်းသည် လေးဂါထာတို့ဖြင့် လူ၏ကိစ္စတို့၏ ဖြစ်ခြင်း၏ အကြောင်းကို ဆို၍ တောအုပ်သို့လျှင်ဝင်၏။

### ဇာတ်ပေါင်း

သဗ္ဗညူ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ဒေဝဒတ်သည် ထိုအခါ မိကျောင်းဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မျောက်မင်းဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာလေးဆယ့်နှစ်ခုမြောက်သော ဝါနရဇာတ်သည် ပြီး၏။

## ၃၄၃-ကုန္တိနီဇာတ်

ရန်ကိုရန်ချင်းတုံ့လျှင်းတတ်သူ
ပညာရှိသည် သည်းခံတတ်၏
လူမိုက်သည် သည်းမခံတတ်
ကြိုးကြာမ

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အဝသိမှတဝါဂါငရေ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုန္တိနီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်း၏ နန်းတော်၌နေသော ကြိုးကြာငှက်မကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုကြိုးကြာငှက်မသည် မင်း၏ တမန်အမှုကို ဆောင်ရွက်၏၊ ထိုကြိုးကြာမအား သားငယ်နှစ်ခုတို့သည်လည်း ရှိကုန်၏။ မင်းသည် ကြိုးကြာငှက်မကို မင်းတစ်ပါး၏ အထံသို့ မှာစာကိုဆောင်၍ သွားစေ၏။ ထိုကြိုးကြာမ၏ သွားသော ကာလ၌ မင်းအိမ်၌ သူငယ်တို့သည် သားငယ် နှစ်ယောက်တို့ကို လက်တို့ဖြင့် နှိပ်နယ်ကုန်လျက် သတ်ကုန်၏။ ကြိုးကြာမသည် လာလတ်၍ ထိုသားငယ်တို့ကို မမြင်သည်ရှိသော် အသယ်သူသည် ငါ့သားကို သတ်အပ်သနည်းဟု မေး၏။ ဤမည်သော သူသည်လည်းကောင်း ဤမည်သောသူသည်လည်းကောင်း သတ်အပ်ကုန်၏ဟုဆိုကုန်၏။ ထိုကာလ မင်းအိမ်၌ မွေးသော ကျားသည် ရှိ၏။ ကြမ်းကြုတ် ရုန့်ရင်း၏။ အနှောင်အဖွဲ့၏ အစွမ်းအားဖြင့် တည်၏။ ထိုအခါ ထိုသူငယ်တို့သည် ထိုကျားကို ကြည့်အံ့သောငှါသွားကုန်၏။ ထိုကြိုးကြာမသည်လည်း ထိုသူငယ်တို့နှင့် အတူတကွသွား၍ဤသူငယ်တို့သည် ငါ့သားတို့ကို သတ်အပ်ကုန်သကဲ့သို့ ထို့အတူ လျှင် ထိုသူငယ်တို့ကို ငါပြုအံ့ဟု ကြံ၍ ထိုသူငယ်တို့ကိုယူ၍ ကျား၏ခြေရင်း၌ ထား၏။ ကျားသည် ကျွပ်ကျွပ်မြည်စေ၍ စား၏။ ထိုကြိုး[illegible]မသည် ဤယခုအခါ၏ နှလုံးအလိုသည် ပြည့်ပြီဟု ပျံ၍ ဟိမဝန္တာသို့လျှင် သွား၏။ ထိုအကြောင်းကိုကြား၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့ မင်းအိမ်၌ ဤအမည်ရှိသော ကြိုးကြာမသည် မိမိ သားငယ်တို့ကို သတ်ကုန်သော သူငယ်တို့ကို ကျား၏ ခြေရင်း၌ထား၍ သေစေ၍ ဟိမဝန္တာသို့လျှင် သွား၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့်စည်းဝေး

ကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ယခုအခါ၌သာလျှင် ဤကြိုးကြာမသည် မိမိသားငယ်တို့ကို သတ်ကုန်သော သူငယ်တို့ကိုယူ၍ ကျား၏ခြေရင်း၌ ထား၍ ဟိမဝန္တာသို့သွားသည် မဟုတ်သေး၊ ရှေး၌လည်း ဤအတူလျှင် သွားဖူး၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် တရားသဖြင့် မင်းပြု၏။ ထိုမင်း၏ နန်းတော်၌ တစ်ခုသော ကြိုးကြာမသည် တမန်တို့၏ ညီ ပြုအပ်သော အမှုကို ရွက်ဆောင်၏။ (အလုံးစုံသော စကားသည် ရှေးနှင့် တူသလျှင်တည်း။ ဤဆိုလတ္တံ့သည်ကား အထူးတည်း) ဤကြိုးကြာမသည် ကျားကို သူငယ်တို့ကို သတ်စေပြီး၍ ယခုအခါ ငါသည် ဤအရပ်၌ နေခြင်းငှါ မတတ်ကောင်း သွားအံ့ သွားသော် မင်းအားမကြားမူ၍ မသွားအံ့ မင်းအား ကြား၍သာလျှင် သွားအံ့ဟု ကြံပြီး၍ ထိုကြိုးကြာမသည် မင်းသို့ ဆည်းကပ်၍ ရှိခိုး၍ တင့်အပ်လျှောက်ပတ်စွာရပ်လျက် အရှင် အရှင်တို့သည် စေခိုင်း၍ မေ့လျော့သဖြင့် အကျွန်ုပ်၏ သားငယ်တို့ကို သူငယ်တို့သည် သတ်ကုန်ပြီ အကျွန်ုပ်သည် အမျက်ဒေါသအလိုသို့လိုက်၍ ထိုသူငယ်တို့ကို သတ်စေသတ်ပြီ ယခု အကျွန်ုပ်သည် ဤအရပ်၌နေခြင်းငှါ မတတ်ကောင်းဟုဆို၍ ဤဂါထာကို ဆို၏—

၁၆၅။ အဝသိမှ တဝါ ဂါရေ၊ နိစ္စံ သက္ကတ ပူဇိတာ။
တွမေဝ ဒါနိမာကရိ၊ ဟန္ဒ ရာဇာ ဝဇာမဟံ။

မင်းကြီး အကျွန်ုပ်တို့သည် သင်မင်းကြီး၏ အိမ်၌ အမြဲ အရိုအသေပြုအပ် ပူဇော်အပ်ကုန်သည်ဖြစ်၍ နေကုန်ပြီ၊ ယခု သင်မင်းကြီးသည်လျှင် အကျွန်ုပ်၏ နှလုံးမသာယာခြင်း၏ အကြောင်းကိုပြုပြီ၊ လွှတ်သောအကျွန်ုပ်သည် သွားအံ့။

ထိုစကားကိုကြား၍ မင်းသည် ဤဂါထာကိုဆို၏—

၁၆၆။ ယော ဝေ ကတေ ပဋိကတော၊ ကိဗ္ဗိသေ ပဋိဘိဗ္ဗိသေ။
ဧဝံ တံ သမ္မတိ ဝေရံ၊ ဝသ ကုန္တိနိ မာဂမာ။

ကြိုးကြာမ သူတစ်ပါးသည် စင်စစ် သားငယ်ကို သတ်ခြင်း အစရှိသော ကြမ်းကြုတ်သောအမှုကို ပြုအပ်သည်ရှိသော် မိမိသည် အစားသတ်ခြင်းစသော ကြမ်းကြုတ်သောအမှုကို ပြန်လည်ပြုပြီးသောအခါငါသည် လက်စားချေပြီးပြီဟု သိကာမျှဖြင့် ထိုရန်သည် ငြိမ်း၏၊ သင်သည် နေဖလော့ မသွားလင့်။

ထိုစကားကိုကြား၍ ကြိုးကြာမသည် ဤဂါထာကိုဆို၏—

၁၆၇။ န ကတဿစကတ္တာစ၊ မိတ္တိ သန္ဓိယတေ ပုန။
ဟဒယံ နာနုဇာနာတိ၊ ဂစ္ဆညေဝ ရထေသဘ။

ရထားစီးခြင်း မင်းတကာတို့ထက် မြတ်သောမင်းကြီး နှိပ်စက်ခံရသူ နှိပ်စက်တတ်သူ နှစ်ယောက်တို့အား တစ်ဖန် ချစ်ခင်ခြင်း မဖြစ်နိုင်တော့။ အကျွန်ုပ်၏ စိတ်သည် မနှစ်သက် မလိုလား။ သွားတော့မည်သာတည်း။

မင်းသည် ထိုစကားကိုကြား၍ ဤဂါထာကို ဆို၏—

၁၆၈။ ကတဿ စေဝ ကတ္တာစ၊ မိတ္တိသန္ဓိယတေ ပုန။
ဓီရာနံ နောစ ဗာလာနံ၊ ဝသ ကုန္တိနိမာဂမာ။

ကြိုးကြာမ နှိပ်စက်ခံရသူ နှိပ်စက်တတ်သူ နှစ်ယောက်တို့ ကွဲပြားသည် ရှိသော် ပညာရှိတို့အား တစ်ဖန် ချစ်ခင်ခြင်းသည် ဖြစ်နိုင်၏။ သူမိုက်တို့အား မဖြစ်နိုင်။ သင်သည် နေလော မသွားလင့်။

ကြိုးကြာမသည် အရှင် ဤသို့ ဖြစ်ငြားသော်လည်း အကျွန်ုပ်သည် ဤ အရပ်၌နေခြင်းငှါ မတတ်ကောင်းဟု မင်းကို ရှိခိုး၍ပျံ၍ ဟိမဝန္တာသို့သာလျှင် သွား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ကြိုးကြာမသည် ထိုအခါ ကြိုးကြာမဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်သာ လျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာလေးဆယ့်သုံးခုမြောက်သော ကုန္တိနိဇာတ်သည် ပြီး၏။

---

## ၃၄၄-အမ္ဗဇာတ်

### (သရက်သီးသူခိုး စွပ်စွဲခြင်း)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာ ဘုရားသည် "ယောနီလိယံမဏ္ဍယတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာ ဆင်အပ်သော ဤအမ္ဗဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သရက်ဥယျာဉ်ကို စောင့်သော တစ်ပါးသော မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမထေရ်သည် အိုသောကာလ၌ ရဟန်းပြု၍ ဇေတဝန်ကျောင်းတော်အစွန်းဝယ် သရက်ဥယျာဉ်၌ ကျောင်းဆောက်၍ သရက်ဥယျာဉ်ကို စောင့်လျက် ကြွေကုန်သော သရက်သီးမှည့်ကို စားလျက်နေ၏။ မိမိအထံသို့ ရောက်လာကုန်သော သူတို့အားလည်း သရက်သီးကို ပေး၏။ ထိုမထေရ် ဆွမ်းခံဝင်စဉ် သရက်သီးခိုးသူတို့သည် သရက်သီးကို ကြွေစေကုန်၍ စား၍လည်းကောင်း ယူ၍လည်းကောင်း သွားကုန်၏။ ထိုခဏ၌ လေးယောက်ကုန်သော သူဌေးသမီးတို့သည် အစိရဝတီမြစ်၌ ရေချိုး၍လှည့်လည်ကုန်လျက် သရက်ဥယျာဉ်သို့လျှင် ဝင်ကုန်၏။ ရဟန်းကြီးသည် ထိုသူဌေးသမီးတို့ကို မြင်၍ သင်တို့သည် ငါ၏သရက်သီးတို့ကို စားကုန်၏ဟု ဆို၏။ အရှင်ဘုရား အကျွန်ုပ်တို့သည် ယခုပင်လျှင်လာကုန်၏။ အရှင်ဘုရားတို့၏ သရက်သီးတို့ကို မစားပါကုန်ဟု ဆိုကုန်၏။ ထိုသို့ဖြစ်ပြီးကား ကျိန်ကြကုန်လော့ဟု ရဟန်းကြီးသည် ဆို၏။ အရှင်ဘုရား၊ ကျိန်ပါကုန်အံ့ဟုဆို၍ သူဌေးသမီးတို့သည် ကျိန်ကုန်၏။ ရဟန်းကြီးသည် သူဌေးသမီးတို့ကို ကျိန်စေ၍ အရှက်ရစေ၍ လွှတ်လိုက်၏။ ထိုရဟန်းကြီး၏ ထိုအမှုကို ကြားကုန်၍ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့၊ ဤမည်နှင့်သော ရဟန်းကြီးသည် မိမိနေရာ သရက်ဥယျာဉ်သို့ ဝင်ကုန်သော သူဌေးသမီးတို့ကို ကျိန်စေ၍ အရှက်ရစေ၍ လွှတ်လိုက်၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့၊ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့၊ ဤရဟန်းကြီးသည် ယခုအခါ၌သာလျှင် သရက်ဥယျာဉ်စောင့်ဖြစ်၍ လေးယောက်ကုန်သော သူဌေးသမီးတို့ကို ကျိန်စေ၍ အရှက်ခွဲ၍ လွှတ်လိုက်သည် မဟုတ်သေး၊ ရှေး၌လည်း ကျိန်စေ၍ အရှက်ခွဲ၍ လွှတ်ဖူးသလျှင်ကတည်းဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားဖြစ်၏။ ထိုအခါ စဉ်းလဲသော ရသေ့သည် ဗာရာဏသီပြည်ကို အမှီပြု၍ မြစ်နား သရက်ဥယျာဉ်၌ ကျောင်းဆောက်၍ သရက်သီးတို့ကိုစောင့်လျက် သရက်ပင်မှ ကြွေကုန်သော သရက်သီးမှည့်တို့ကို စားလျက် ရောက်လာအံ့သော လူတို့အားပေးလျက် များသော အသက်မွေးခြင်းဖြင့် အသက်မွေးလျက်နေ၏။ ထိုအခါ သိကြားမင်းသည် လူ့ပြည်၌အဘယ် သူတို့သည် အမိအဘတို့ကို လုပ်ကျွေးကုန်သနည်း။ အမျိုး၌ ကြီးသောသူတို့အား အရိုအသေအမှုကို ပြုကုန်သနည်း၊ အလှူပေးကုန် သနည်း၊ သီလစောင့်

ကုန်သနည်း၊ ဥပုသ်ကို စောင့်ကုန်သနည်း၊ အဘယ်ဟောင်းတို့သည်ကား ကျောင်းအပ်သော အကျင့်ကို ကျင့်ကုန်သနည်းဟု လုပြည်ကိုကြည့်လတ်သော် သရက်ဥယျာဉ်ကိုစောင့်လျက် ကျောင်းအပ်သော အကျင့်ကို ကျင့်လုက်နေသော ရသေ့စဉ်းလဲကိုမြင်၍ ဤရသေ့ဥင်းလဲကား ဂသိုဏ်းပရိက် အစေ့ိုသော မိမိ၏ပေးနိုးတရားကိုပယ်၍ သရက်ဥယျာဉ်ကိုစောင့်လုက်နေ၏။ ထိုရသေ့စဉ်းလဲကို ထိတ်လန့်စေအံ့ဟု ရသေ့သည် ရှာသို့ဆုမ်းခံအံ့သောငှါ ဝင်သောကာလ၌ သိကြား၏ အာနုဘော်ဖြင့် သရက်သီးကို ကြွေစေ၍ ခိုးသူတို့သည် ခိုးဘိသကဲ့သို့ ပြု၏။ ထိုအခါ ဗာရာဏသီပြည်မှ လေးယောက်ကုန်သော သူဋ္ဌေးသမီးတို့သည် ထိုသရက်ဥယျာဉ်သို့ဝင်ကုန်၏။ ရသေ့စဉ်းလဲသည် ထိုသူဋ္ဌေးသမီးတို့ကိုမြင်၍ သင်တို့သည် ငါ၏သရက်သီးတို့ကို စားကုန်၏ဟု ဆို၏။ အရှင်ဘုရား အကျွန်ုပ်တို့သည် ယခုပင်လျှင် လာပါကုန်၏။ အရှင်ဘုရား၏သရက်သီးတို့ကို မစားပါကုန်ဟု ဆို၏။ ထိုသို့တပြီးကား ကျိန်ကြကုန်လော့ဟု ဆို၏။ အရှင်ဘုရား၊ ကျိန်၍သွားခွင့်ကို ရပါကုန်အံ့လောဟု ဆိုကုန်၏။ ရလတ္တံ့ဟု ဆိုသည်ရှိသော် အရှင်ဘုရား ကောင်းပြီဟုဆို၍ ထိုသူဋ္ဌေးသမီးတို့တွင် အကြီးဖြစ်သော သူဋ္ဌေးသမီးသည် ကျိန်ခြင်းကိုပြုလိုရကား ဤဂါထာကို ဆို၏—

၁၇၃။ ယော နီလိယံ မဏ္ဍယတိ၊ သဏ္ဍာသေန ဝိဟညတိ။
တဿ သာ ဝသ မန္ဒေတု၊ ယာ တေ အမ္ဗေ အဝါဟရိ။

အရှင်ဘုရား၊ အရှင်ဘုရား၏ သရက်သီးတို့ကို ခိုးသောမိန်းမသည် ဆံပင်ညိုတို့၏အကြား၌ ဆံပင်ဖြူပေါက်သည့် အခါ မွေးညှပ်ဖြင့် အနုတ်ခံရခြင်းကြောင့် ပင်ပန်းဆင်းမှုရသော ယောကျ်ား၏ မယားဖြစ်ပါစေသည်း။

ရသေ့စဉ်းလဲသည် ထိုသူဋ္ဌေးသမီးကို သင်ကား သင့်တင့်ရာအရပ်၌နေလော့ဟုဆို၍ နှစ်ယောက်မြောက်သော သူဋ္ဌေးသမီးကို ကျိန်စေ၏။ ထိုသူဋ္ဌေးသမီးသည် ကျိန်သည်ရှိသော် ဤဂါထာကိုဆို၏—

၁၇၄။ ဝီသံ ဝါ ပဉ္စ ဝီသံ ဝါ၊ ဦနက တိံ သံ ဝ ဇာတိယာ။
တာဒိသာ ပတိ မာ လဒ္ဓါ၊ ယာ တေ အမ္ဗေ အဝါဟရိ။

အရှင်ဘုရား အရှင်ဘုရား၏သရက်သီးတို့ကို ခိုးသောမိန်းမသည် မွေးဖွားသည်မှ ၂၀-နှစ်၊ ၂၅-နှစ်၊ ၂၈-နှစ်သို့ရောက်၍ အရွယ်ရင့်ဟိုင်းသော သဘောရှိလျက် လင်မရစေသတည်း။

ထိုသူဋ္ဌေးသမီးသည်လည်း ကျိန်ပြီး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေသော် သုံးယောက်မြောက်သော သူဋ္ဌေးသမီးသည် ဤဂါထာကိုဆို၏။

၁၇၅။ ဒိဿံ ဂစ္ဆတု အဒ္ဒါနံ၊ ကေိကာ အဘိသာရိကာ။
သင်္ကေတေ ပတိမာ အဒ္ဒါ၊ ယာတေ အမ္ဗေ အဝါဟရိ။

အရှင်ဘုရား၊ အရှင်ဘုရား၏ သရက်သီးတို့ကို ခိုးသောမိန်းမသည် လင်ကို တောင့်တလျက် လင်၏အထံသို့ သွားသည်၏အဖြစ်ကြောင့် အဘိသာရိကာမည်သော မိန်းမဖြစ်၍ တစ်ယောက်တည်း တစ်ဂါဝုတ် နှစ်ဂါဝုတ်ရှိသောအခွန့်ရှည်သောခရီးသို့ သွားရစေသတည်း။ ဤမည်သော အရပ်သို့ လာလော့ဟု လင်ချိန်းရာအရပ်၌ လင်ကို မမြင်ရစေသတည်း။

ထို သူဌေးသမီးသည်လည်း ကျိန်ပြီး၍ တင့်အပ် လျှောက်ပတ်ရာ အရပ်၌ နေသည်ရှိသော် လေးယောက်မြောက်သော သူဌေးသမီးသည် ဤဂါထာကို ဆို၏—

၁၇၆။ အလင်္ကတာ သုဝသနာ၊ မာလိနီ စန္ဒနုဿဒါ။
ကေိကာ သယနေ သေတု၊ ယာ တေ အမ္ဗေ အဝါဟရိ။

အရှင်ဘုရား၊ အရှင်ဘုရား၏သရက်သီးတို့ကို ခိုးသောမိန်းမသည် တန်ဆာဆင်ယင် ကောင်းစွာဝတ်စားလျက် တစ်ယောက်တည်း အိပ်ရစေသတည်း။

ရသေ့စဉ်းလဲသည် သင်တို့ကား အလွန်ဝန်လေးကုန်သော ကျိန်ခြင်းတို့ကို ကျိန်၏။ တစ်ပါးသော သူတို့သည် သရက်သီးတို့ကို စားသည် ဖြစ်ကုန်ရာ၏။ သင်တို့သည် ယခု သွားကြကုန်လော့ဟု သူဌေးသမီးတို့ကို လွှတ်လိုက်၏။ သိကြားမင်းသည် ကြောက်မက်ဖွယ်သော အာရုံကို ပြ၍ ရသေ့ စဉ်းလဲကို ထိုအရပ်မှ ပြေးစေ၏။

ဇာတ်ပေါင်း

သမ္မာသမ္ဗုဒ္ဓဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ သရက်ဥယျာဉ်စောင့်သော ဤရဟန်းကြီးသည် ထိုအခါ ရသေ့စဉ်းလဲဖြစ်ဖူးပြီ၊ ယခုအခါ လေးယောက်ကုန်သော သူဌေးသမီးတို့သည်လျှင် ထိုအခါ လေးယောက်ကုန်သော သူဌေးသမီးတို့ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

(မိန်းမပျိုတို့၏ ကြောက်ဖွယ်ကျိန်ဆိုချက်များ)
သုံးရာလေးဆယ့်လေးခုမြောက်သော အမ္ဗဇာတ်သည် ပြီး၏။

## ၃၄၅-ရာဇကုမ္ဘဇာတ်

## (ပျင်းလွန်းသူ)

### ပစ္စုပ္ပန်ဝတ္ထု

နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဝနံယဒဂ္ဂိဒဟတိ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရာဇကုမ္ဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပျင်းရိသောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းသည် သာဝတ္ထိပြည်၌ နေသော အမျိုးသားဖြစ်၍ သာသနာတော်၌ အသက်ကိုစွန့်၍ ရဟန်းပြု၍လည်း ပျင်းရိသတတ်။ ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ ဝတ်ကြီးဝတ်ငယ်ပြုခြင်းအစရှိဘည့်ဘို့မှအပ်ပြု၍ နီဝရဏသည် နှိပ်စက်အပ်၏။ ထိုင်ခြင်း ရပ်ခြင်း အစရှိသော ဣရိယာပုတ်ဘို့၌ ပျင်းရိသည်သာလျှင် ဖြစ်၏။ ထိုရဟန်း၏ ထိုပျင်းရိသည် အဖြစ်ကို အကြောင်းပြု၍ ရဟန်းတို့သည် တရားသဘင်၌ ငါရှင်တို့ ဤမည်သော ရဟန်းသည် ဤသို့လျှင် သဘောရှိသော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော သာသနာတော်၌ ရဟန်းပြု၍ ပျင်းရိလျက် နီဝရဏသည် နှိပ်စက်အပ်လျက်နေ၏ဟု စကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကုန်သနည်းဟု မေးတော်မူလတ်၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည်ရှိသော် ရဟန်းတို့ ဤရဟန်းသည် ယခုအခါ၌သာလျှင် ပျင်းရိသည်မဟုတ်သေး၊ ရှေး၌လည်းပျင်းရိသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ထိုမင်း၏အမတ် ဖြစ်၏။ ဗာရာဏသီမင်းသည် ပျင်းရိသော သဘောရှိ၏။ ဘုရားလောင်းသည် မင်းကို သိစေအံ့ဟု တစ်ခုသော ဥပမာကိုရှာလျက် သွား၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် ဥယျာဉ်သို့သွား၍ အမတ်ပေါင်းခြံရံလျက် ဥယျာဉ်၌ လှည့်လည်သည်ရှိသော် ရာဇကုမ္ဘမည်သော ပျင်းရိသော သူတစ်ယောက်ကို မြင်၏။ တစ်နေ့ပတ်လုံး သွားငြားသော်လည်း လက်တစ်သစ် နှစ်သစ်မျှလျှင် သွား၏။ ဤသို့ ပျင်းရိသော သဘောရှိ၏။ မင်းသည် ထိုလူပျင်းကိုမြင်၍ အဆွေ ဤသူကား အဘယ်မည်

သော သူနည်းဟု ဘုရားလောင်းကို မေး၏။ ဘုရားလောင်းသည် မြတ်သော မင်းကြီး၊ ဤသူကား ရာဇကုမ္ဘမည်၏၊ ပျင်းရိသော သဘောရှိ၏၊ တစ်နေ့ပတ်လုံး သွားငြားသော်လည်း လက်တစ်သစ် နှစ်သစ်မျှလျှင် သွား၏၊ ဤသို့ ပျင်းရိသော သဘောရှိ၏ဟု ဆို၍ ထိုသူပျင်းနှင့်တကွ စကားပြောလိုရကား အချင်းရာဇကုမ္ဘ၊ သင်တို့၏သွားခြင်းသည် နှေးလှစွာ၏။ ဤတောကို တောမီးလောင်သည်ရှိသော် သင်တို့သည် အဘယ်သို့ပြုကုန်မည်နည်းဟုဆို၍ ဤဂါထာကို ဆို၏—

၁၇၇။ ဝန် ယဒဂ္ဂိ ဒဟတိ၊ ပါဝကော ကဏှဝတ္တနိ၊
ကထံ ကရောသိ ပစလက၊ ဧဝံ ဒန္ဓ ပရက္ကမော။

သူပျင်း၊ သင်သည် လုံ့လနည်းပါးလှ၏၊ မည်းသော ခရီးလမ်းကြောင်းရှိသော တောမီးလောင်လာခဲ့သော် အသင် အသို့ပြုမည်နည်း။

ထိုစကားကိုကြား၍ ရာဇကုမ္ဘသည် ဤဂါထာကိုဆို၏။

၁၇၈။ ဗဟူနိ ရုက္ခ ဆိဒ္ဒါနိ
ပထဗျာ ဝိဝရာနိစ တာနိ စေ နာဘိသမ္ဘောမ။
ဟောတိ နော ကာလပရိယာယော။

များစွာသော သစ်ခေါင်းပေါက်တို့သို့လည်းတောင်း၊ ထူးတွင်းပေါက် တို့သို့လည်းကောင်း၊ ငါတို့ မရောက်ကြကုန်အံ့၊ ငါတို့သည် သေခြင်းသို့ ရောက်ကြကုန်ပေအံ့။ ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာတို့ကိုဆို၏။

၁၇၉။ ယော ဒန္ဓကာလေ တရတိ၊ တရဏီယေ စ ဒန္ဓတိ။
သုက္ခပဏ္ဏံဝ အက္ကမ္မ၊ အတ္ထံ ဘဉ္ဇတိ အတ္တနော။

၁၈၀။ ယော ဒန္ဓကာလေ ဒန္ဓေတိ၊ တရ ဏီယေစ တာရယိ။
သသီဝ ရတ္တိံ ဝိဘဇံ၊ တဿတ္ထော ပရိပူရတိ။

ဖြည်းဖြည်းပြုရမည့်အခါ၌ အလျင်အမြန်ပြုတတ်သူ၊ အလျင်အမြန် ပြုရမည့်အခါ၌ ဖြည်းဖြည်းပြုတတ်သူသည် ထန်းရွက်ခြောက်ကိုနင်း၍ ဖျက်ဆီးသကဲ့သို့ မိမိအကျိုးစီးပွားကို ဖျက်ဆီး၏၊ ဖြည်းဖြည်းပြုရမည့်အခါ၌ ဖြည်းဖြည်းပြုတတ်သူ၊ အလျင်အမြန် ပြုရမည့်အခါ၌ အလျင်အမြန် ပြုတတ်သူသည် လဆန်းပိုင်းရက် လသည် နေ့တိုင်း နေ့တိုင်းပြည့်သကဲ့သို့ ထိုသူ၏ အကျိုးစီးပွားသည် ပြည့်ပေ၏။

မင်းသည် ဘုရားလောင်းစကားကိုကြား၍ ထိုအခါမှစ၍ မပျင်းမရိသည် ဖြစ်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ပျင်းရိသောရဟန်းသည် ထိုအခါ ရာဇကုမ္ဘ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ပညာရှိသော အမတ်ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာလေးဆယ့်ငါးခုမြောက်သော ရာဇကုမ္ဘဇာတ်သည် ပြီး၏။

---

၃၄၆-ကေသဝဇာတ်

(ကျွမ်းဝင်သူပေး ရောဂါဝေး)

ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် မနုဿိန္ဒဇဟိတွာန အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကေသဝဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ဝိဿာသ** ဘောဇနဇာတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေး၏အိမ်၌ ငါးရာကုန်သော ရဟန်းတို့အား မပြတ် ဆွမ်းလုပ်ကျွေးသတတ်။ သူဌေးအိမ်သည် အခါခပ်သိမ်း ရဟန်းသံဃာ၏ ရေဘွင်း ရေကန်သဖွယ် ဖြစ်၏၊ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်ဘွန်းပ၏။ ရဟန်းတို့၏ ကွေးခြင်း ဆန့်ခြင်း အစရှိသည်တို့ကြောင့် ဖြစ်သောလေသည် ခတ်အပ်၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် မြို့ကိုလက်ယာရစ် လှည့်လတ်သော် သူဌေးအိမ်၌ ရဟန်းသံဃာတို့ကို မြင်၍ ငါသည်လည်း အရိယာသံဃာအား မပြတ် ဆွမ်းလှူအံ့ဟု ကျောင်းသို့သွား၍ ဘုရားကို ရှိခိုး၍ ငါးရာကုန်သော ရဟန်းတို့အား မပြတ် ဆွမ်းလုပ်ကျွေးရခြင်းကို တောင်းပန်၏။ ထိုအခါမှစ၍ မင်းအိမ်၌ မပြတ်လျှင် သုံးနှစ်သားအပ်သော မွှေးသော မွန်မြတ်သော သလေးဘောဇဉ် ဆွမ်းကို လှူ၏။ အကျွမ်းဝင်ခြင်း ချစ်ခင်လေးမြတ်ခြင်းဖြင့် မိမိလက်ဖြင့် လှူသော သူတို့သည်ကား မရှိကုန်။ မင်းချင်းယောကျ်ားတို့ကို လှူစေကုန်၏၊ ရဟန်းတို့သည် မင်း၏အိမ်၌နေ၍ စားခြင်းငှါ အလိုမရှိကုန်။ အထူးထူးသော မြတ်သော အရသာရှိသော ဆွမ်းကိုယူ၍ မိမိတို့၏ အလုပ်အကျွေး အိမ်သို့သွား၍ ထိုဆွမ်းကို အလုပ်အကျွေးတို့အား ပေး၍ အလုပ်အကျွေးတို့သည် လှူအပ်သော ရှန့်ရင်းသည်လည်းကောင်း၊ မွန်မြတ်သည်လည်းကောင်း ဖြစ်သော ဆွမ်းကိုစားကုန်၏။

ထိုအခါ တစ်နေ့သ၌ မင်းအား များစွာသော သစ်သီးကြီးငယ် တို့ကို ဆက်ကုန်၏။ မင်းသည် ထိုသစ်သီးကြီးငယ်ကို သံဃာအား လှူကုန်လော့ဟု ဆို၏။ လူတို့သည် ဆွမ်းဘုဉ်းပေးရာ တင်းကုပ်သို့သွား၍ တစ်ပါးသော ရဟန်းကိုလည်း မမြင်၍ မရှိဟု မင်းအား ကြားကုန်၏။ အချင်းတို့၊ ဆွမ်းဘုဉ်းပေးသောအခါ မဟုတ်လောဟု ဆို၏။ ရှင်မင်းကြီး၊ ဆွမ်းဘုဉ်းပေးသောအခါ ဟုတ်၏။ ရဟန်းတို့သည်ကား ရှင်မင်းကြီးတို့၏ နန်းတော်၌ ဆွမ်းကိုယူ၍ မိမိ မိမိတို့၏ အကျွမ်းဝင်ရာ အလုပ်အကျွေးတို့၏ အိမ်သို့သွား၍ အလုပ်အကျွေးတို့အား ပေး၍ ထိုအလုပ် အကျွေးတို့သည် ပေးအပ်သော ရှန့်ရင်းသော ဆွမ်းကို လည်းကောင်း၊ မွန်မြတ်သော ဆွမ်းကို လည်းကောင်း စားကုန်၏ဟု လျှောက်ကုန်၏။ မင်းကြီးသည် ငါတို့၏ဆွမ်းကား ကောင်းမြတ်၏၊ အဘယ့်ကြောင့်မစားမူ၍တစ်ပါးသောဆွမ်းကို စားကုန်သနည်း။ ဘုရားကိုမေးလျှောက်အံ့ဟု ကြံ၍ ကျောင်းသို့သွား၍ ဘုရားကိုရှိခိုး၍ မေးလျှောက်၏။ သဗ္ဗညုမြတ်စွာဘုရားသည် မြတ်သော မင်းကြီး၊ ဘောဇဉ်မည်သည်ကား အကျွမ်းဝင်သော သူတို့သည် ပေးအပ်သော ဘောဇဉ်သည် မြတ်၏။ သင်မင်းကြီးတို့၏ အိမ်၌ အကျွမ်းဝင်ခြင်းကို ဖြစ်စေ၍ ချစ်သောအားဖြင့် ပေးတတ်သော သူတို့၏ မရှိခြင်းကြောင့် ရဟန်းတို့သည် ဆွမ်းကို ယူ၍ မိမိ မိမိတို့၏ အကျွမ်းဝင်ရာအရပ်၌ စားကုန်၏။ မြတ်သော မင်းကြီး၊ အကျွမ်းဝင်ခြင်းနှင့်တူသော တစ်ပါးသော အရသာမည်သည် မရှိ၊ အကျွမ်းမဝင်သောသူသည် ပေးအပ်သော စတုမဓုသည်လည်း အကျွမ်း ဝင်သောသူသည် ပေးအပ်သော ဟင်းရွက်ကိုမျှ မထိုက်၊ ရှေးပညာရှိ တို့သည်လည်း ရောဂါဖြစ်လတ်သည်ရှိသော် မင်းသည် ငါးယောက်ကုန်သော ဆေးသမားတို့ကို ခေါ်၍ ဆေးကုစေလျက် ရောဂါမငြိမ်းသည်ရှိသော် အကျွမ်းဝင်သော သူတို့၏ အထံသို့သွား၍ ဆားမခပ်သောကြိတ်ဆန် မြက်သီးဆန် ယာဂုကိုလည်းကောင်း၊ ဆားမခပ်သောရေဖြင့် ပြုပ်ခဖြာအပ်သော သစ်ရွက်ကိုလည်းကောင်း စားသုံး၍ ရောဂါကင်းပျောက်၏ဟုမိန့်တော်မူ၍ ကောသလမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည် ရှိသော် ဘုရားလောင်းသည် ကာသိ တိုင်းဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၏။ ဘုရားလောင်းအား ကပ္ပဘူခသော အမည်ကိုမှည့်ကုန်၏။ ကပ္ပလုလင်သည် အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ဘို့ကို သင်၍ နောက်အဖို့၌ ရသေ့ ရဟန်းပြု၏။ ထိုအခါ

ကေသဝမည်သော ရသေ့သည် ရသေ့ငါးရာ ခြံရံလျက် ဂိုဏ်းဆရာ ဖြစ်၍ ဟိမဝန္တာ၌ နေ၏။ ဘုရားလောင်းသည် ကေသဝရသေ့ အထံသို့ သွား၍ ငါးရာ ကုန်သော တပည့်တို့၏ အကြီး တပည့်ဖြစ်၍ နေ၏။ ကေသဝရသေ့သည် ကပ္ပ ရသေ့၏ အစီးအပွါးကို အလိုရှိ၏။ ကပ္ပရသေ့အား ချစ်မြတ်နိုး၏။ ထိုဆရာ တပည့် ရသေ့တို့သည် အချင်းချင်း အလွန်လျှင် အကျွမ်းဝင်ကုန်၏။ နောက် အဖို့၌ ကေသဝရသေ့သည် တပည့်တို့ကို ခေါ်၍ ချဉ်ဆား မှီဝဲ အံ့သောငှာ လူ့ပြည်သို့ သွား၍ ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌နေ၍ နက်ဖြန် မြို့သို့ ဆွမ်းခံအံ့သောငှာ ဝင်၍ မင်းအိမ်တံခါးသို့ ရောက်၏။

မင်းသည် ရသေ့အပေါင်းကို မြင်၍ ပင့်စေ၍ နန်းတွင်း၌ ဆွမ်းကျွေး၍ ဝန်ခံခြင်းကို ယူ၍ ဥယျာဉ်၌ နေစေ၏။ ထိုအခါ မိုးကာလ လွန်သည်ရှိသော် ကေသဝရသေ့သည် မင်းကို ပန်၏။ မင်းသည် အရှင်ဘုရား အရှင်ဘုရားတို့သည် အိုမင်းကုန်၏။ အကျွန်ုပ်တို့ကို မှီ၍ နေကုန်လော့၊ ရသေ့ငယ်တို့ကို သာလျှင် ဟိမဝန္တာသို့ စေလွှတ်ကုန်လော့ဟု ဆို၏။ ကေသဝ ရသေ့သည် ကောင်းပြီဟု တပည့်ကြီးနှင့်တကွ ထိုရသေ့ငယ်တို့ကို ဟိမဝန္တာသို့ သွားစေ၍ မိမိတင်ယောက် တည်းသျှင် နေရစ်၏။ ကပ္ပရသေ့သည် ဟိမဝန္တာသို့ သွား၍ ရသေ့တို့နှင့်တကွ နေ၏။ ကေသဝရသေ့သည် ကပ္ပရသေ့နှင့် ကင်းကွာသော် ငြီးငွေ့၍ ကပ္ပ ရသေ့ကို မြင်လိုသည်ဖြစ်၍ အိပ်ပျော်ခြင်းကို မရသည်ရှိသော် အစာအာဟာရ သည် ကောင်းစွာမကြေ ဝမ်းသွေးသွန်သော အနာသည် ဖြစ်၏။ သည်းစွာ ကုန်သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ မင်းသည် ငါးယောက်ကုန်သော ဆေး သမားတို့ကို ခေါ်၍ ရသေ့အား ကုစေ၏။ ရောဂါသည် မငြိမ်း၊ ရသေ့သည် မင်းကို မြတ်သောမင်းကြီး သင်မင်းကြီးတို့သည် ငါ၏ သေခြင်းကို အလိုရှိ ကုန်သလော၊ ထိုသို့ မဟုတ်မူ ငါ၏ရောဂါ ကင်းခြင်းကို အလိုရှိကုန်သလောဟု ဆို၏၊ အရှင်ဘုရား ရောဂါ ကင်းသောအဖြစ်ကို အလိုရှိကုန်၏ဟု မင်းသည် လျှောက်၏။ ထိုသို့ တပြီးကား ငါ့ကို ဟိမဝန္တာသို့ ပို့ကုန်လော့ဟု ရသေ့သည် ဆို၏။ မင်းသည် အရှင်ဘုရား ကောင်းပြီဟု နာရဒ မည်သော အမတ်ကို ခေါ်၍ နာရဒ ငါတို့၏ ဆရာကို ဆောင်ယူ၍ မုဆိုးတို့နှင့်တကွ ဟိမဝန္တာသို့ သွားလေလော့ဟု စေ၏။ နာရဒသည် ဟိမဝန္တာသို့ ပို့ဆောင်၍ တစ်ဖန်ပြန်၏။ ကေသဝ ရသေ့၏ စိတ်ကို မှီသော ရောဂါသည် ကပ္ပရသေ့ကို မြင်ကာမျှဖြင့်လျှင် ငြိမ်းကုန်၏။ ငြီးငွေ့ခြင်းသည် ပြေ၏၊ ထိုအခါ ကေသဝ ရသေ့အား ကပ္ပ ရသေ့သည် ဆားမခတ်သော ရေဖြင့် ပြုတ်ဖြော်အပ်သော သစ်ရွက်နှင့် တကွ မြက်သီးဆန် ကြိတ်ဆန် ယာဂုကို ပေး၏။ ထိုခဏ၌လျှင် ကေသဝရသေ့၏ ဝမ်းသွေးသွန်သော အနာသည် ငြိမ်း၏။ ဝင်ဖန် မင်းသည် နာရဒအမတ်ကို သင် သွားချေ ကေသဝရှင်ရသေ့၏ အကြောင်းကို သိအောင်ပြုချေဟု စေ၏။

နာရဒအမတ်သည် သွား၍ ရောဂါကင်းသော ကေသဝရသေ့ကို မြင်၍ အရှင်ဘုရား ဗာရာဏသီမင်းသည် ငါးယောက်ကုန်သော ဆေးသမားတို့ကို ယူ၍ ကုမလျက် အရှင်ဘုရားတို့၏ ရောဂါကို ကင်းစိမ့်သောငှာ မတတ်နိုင်၊ ကပ္ပရသေ့သည် အရှင်ဘုရားအား အဘယ်သို့ ကုစားသနည်းဟု ဆို၍ ဤဂါထာကို ဆို၏—

၁၇၁။ မနုဿိန္ဒံ ဇဟိတွာန၊ သဗ္ဗကာမသမိဒ္ဓိနံ။
ကထံ နု ဘဂဝါ ကေသီ၊ ကပ္ပဿ ရမတိအဿမေ။

ဘုန်းတော်ကြီးသော ကေသဝ ရှင်ရသေ့သည် အလုံးစုံသော လိုဖွယ်ဝတ္ထုနှင့် ပြည့်စုံသော ဗာရာဏသီမင်းကို စွန့်၍ ကပ္ပရသေ့၏ ကျောင်း၌ အဘယ့်ကြောင့် မွေ့လျော်သနည်း။

ဤသို့ သူတစ်ပါးတို့နှင့် တကွ စကားပြောဘိ သကဲ့သို့ ကေသဝရသေ့၏ မွေ့လျော်သော အကြောင်းကို မေး၏။ ထိုစကားကို ကြား၍ ကေသဝရသေ့သည် နှစ်ခုမြောက်သော ဤဂါထာကို ဆို၏—

၁၇၂။ သာဒူနိ ရမဏီယာနိ၊ သန္တိ ဝက္ခာ မနောရမာ။
သုဘာသိတာနိ ကပ္ပဿ၊ နာရဒ ရမယန္တိ မံ။

နာရဒအမတ် ကပ္ပရသေ့၏ ကျောင်း၌ ကောင်းကုန်သော မွေ့လျော်ဖွယ်တို့သည်လည်းကောင်း၊ နှလုံးမွေ့လျော်ဖွယ် ရှိကုန်သော သစ်ပင်တို့သည် လည်းကောင်း ရှိကုန်၏။ ကပ္ပရသေ့၏ ကောင်းစွာ ဆိုအပ်သော စကားတို့သည် ငါ့ကို မွေ့လျော်စေနိုင် ကုန်၏။

ဤသို့ ဆို၍ ဤသို့ ငါ့ကို မွေ့လျော်စေသော ကပ္ပရသေ့သည် ဆားမခတ်သော ရေဖြင့် ပြုတ်ဖြော်အပ်သော သစ်ရွက်မြက်သီးဆန် ကြိတ်ဆန် ယာဂုကို သောက်စေ၏။ ထိုယာဂုကို သောက်သဖြင့် ငါ၏ ကိုယ်၌ ရောဂါသည် ငြိမ်း၏ဟု ဆို၏။ ထိုစကားကို ကြား၍ နာရဒအမတ်သည် ဤဂါထာကို ဆို၏—

၁၇၃။ သာလီနံ ဩဒနံ ဘုဉ္ဇေ၊ သုစိံ မံသူပသေစနံ။
ကထံ သာမာက နီဝါရံ၊ အလောဏံ ဆာဒယန္တိ တံ။

အရှင်ဘုရား အရှင်ဘုရားသည် စင်ကြယ်စွာသော သားပြွမ်းသလေးဆွမ်းကို စား၏။ ဆားမခတ်သော မြက်သီးဆန် ကြိတ်ဆန် အာဟာရသည် အရှင်ဘုရားအား အဘယ်သို့ နှစ်သက်စေသနည်း။

ထိုစကားကို ကြား၍ ကေသဝ ရသေ့သည် လေးခုမြောက်သော ဤဂါထာကို ဆို၏—

၁၀၄။ သာနုံ ဝါ ယဒိ ဝါ’ သာနုံ၊ အပ္ပံ ဝါ ယဒိ ဝါ ဗဟုံ။
ဝိဿတ္ထော ယတ္ထ ဘုဉ္ဇေယျ၊ ဝိဿာသပရမာ ရသာ။

နာရဒအမတ် အကျွမ်းဝင်သည်ဖြစ်၍ သာယာအပ်သော ဘောဇဉ်တို့ကိုလည်းကောင်း၊ မသာယာအပ်သော ဘောဇဉ်တို့ကိုလည်းကောင်း အနည်းငယ်သော ဘောဇဉ်တို့ကိုလည်းကောင်း၊ များစွာသော ဘောဇဉ်ကိုလည်းကောင်း စားရာ၌ ဤသို့ စားအပ်သော ဘောဇဉ်သည် ချိုမြိန်၏။ အကြောင်းမူ အကျွမ်းဝင်ခြင်းသည် မြတ်သော အရသာ ဖြစ်သောကြောင့်တည်း။

နာရဒ အမတ်သည် ကေသဝ ရသေ့၏ စကားကို ကြား၍ မင်း၏ အထံသို့ သွား၍ ကေသဝ ရသေ့သည် ဤမည်သော စကားကို ဆို၏ဟု ကြား၏။

ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နာရဒအမတ် ဖြစ်ဖူးပြီ။ ယခုအခါ ဗကဗြဟ္မာသည်သည် ထိုအခါ ကေသဝရသေ့ ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကပ္ပရသေ့ ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာလေးဆယ့်ခြောက်ခုမြောက်သော ကေသဝဇာတ်သည် ပြီး၏။

## ၃၄၇-အယကူဋဇာတ်

### သံတူစွဲဘီလူး

### လူမင်းဘုန်းကြီးလျှင် နတ်မင်းမနေနိုင်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် “သဗ္ဗာယသံ” အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအယကူဋဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် လောက၏ အကျိုးစီးပွားအလို့ငှါ ကျင့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည် ဒွါဒသကနိပါတ် မဟာကဏှဇာတ်၌ ထင်စွာ ဖြစ်လတ္တံ့)။ သဗ္ဗညု မြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် သင်အပ်ပြီးသော အတတ်ရှိသည် ဖြစ်၍ အဘလွန်သဖြင့် မင်းအဖြစ်၌ တည်၍ တရားသဖြင့် မင်းပြု၏။ ထိုအခါ လူတို့သည် နတ်တို့ကို ကိုးကွယ်ကုန်၍ များစွာကုန်သော ဆိတ်မြန်မာ ဆိတ်ကုလား အစရှိသည်တို့ကို သတ်၍ နတ်တို့အား ပူဇော်ခြင်းကို ပြုကုန်၏။ ဘုရားလောင်းသည် သတ္တဝါကို မသတ်လင့်ဟု စည်လည်စေ၏။ ဘီလူးတို့သည် ပူဇော်ခြင်းကို မရကုန်လတ်သော် ဘုရားလောင်းအား အမျက်ထွက်၍ ဟိမဝန္တာ၌ ဘီလူးအစည်းအဝေးသို့ သွား၍ ဘုရားလောင်းကို သတ်စိမ့်သောငှါ ကြမ်းကြုတ်သော ဘီလူးတစ်ယောက်ကို စေကုန်၏။ ထိုဘီလူးသည် ကြီးစွာသော ပြောင်ပြောင်တောက်သော သံတူကို ယူ၍ ဤသံတူဖြင့် ဘုရားလောင်းကို ပုတ်ခတ်၍ သတ်အံ့ဟု လာလတ်၍ မဇ္ဈိမယာမ်အတွင်း၌ ဘုရားလောင်း၏ အိပ်ရာ အထက်၌ ရပ်၏။ ထိုခဏ၌ သိကြားမင်း၏ နေရာသည် ပူသော အခြင်းအရာကို ပြ၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ဤအကြောင်းကို သိ၍ ဝရဇိန် လက်နက်ကို ယူ၍ သွား၍ ဘီလူးအထက်၌ ရပ်၏။ ဘုရားလောင်းသည် ဘီလူးကို မြင်၍ ဤဘီလူးသည် ငါ့ကို စောင့်ရှောက်လိုသည် ဖြစ်၍ တည်သလော၊ ထိုသို့ မဟုတ်မူ သတ်လိုသည် ဖြစ်၍ တည်သလောဟု ထိုဘီလူးနှင့်တကွ ပြောလိုရကား ဤဂါထာကို ဆို၏—

၁၇၅။ သမ္ဗာယသံ ကူဋ’ မတိပ္ပမာဏံ၊
ပဂ္ဂယှ ယော တိဋ္ဌသိ အန္တလိက္ခေ။
ရက္ခာယ မေ တွံ ဝိဟိတော နု’ သဇ္ဇ၊
ဥဒါဟု မေ စေတယသေ ဝဓာယ။

ရက္ခိုသ် သင်သည် အလွန်ဖြစ်သော ပမာဏရှိသော အလုံးစုံသော သံဖြင့် ပြီးသော တူကို ကိုင်၍ ကောင်းကင်၌ တည်၏။ ယနေ့ သင်အည် ငါ့အား စောင့်ရှောက်အံ့သောငှါ စီရင်လေသလော။ ထိုသို့မဟုတ် ငါ့အား သတ်အံ့သောငှါ လုံ့လ ပြုသလော။

ဘုရားလောင်းသည် ဘီလူးကိုသာလျှင် မြင်၏၊ သိကြားမင်းကို မမြင်၊ ဘီလူးသည် သိကြားမင်းကို ကြောက်သောကြောင့် ဘုရားလောင်းကို ပုတ်ခတ်ခြင်းငှါ မဝံ့၊ ထိုဘီလူးသည် ဘုရားလောင်း၏ စကားကို ကြား၍ မြတ်သော မင်းကြီး ကျွန်ုပ်သည် သင် မင်းကြီးကို စောင့်ရှောက်အံ့သောငှာ မတည်၊ ဤ ပြောင်ပြောင် တောက်သော သံတူဖြင့်ကား ပုတ်ခတ်၍ သင်မင်းကြီးကို

သတ်အံ့ဟု လာ၏။ သိကြားမင်းကို ကြောက်သောကြောင့် သင်မင်းကြီးကို ပုတ်ခတ်အံ့သောငှာ မဝံ့ဟု အကြောင်းကို ပြလိုရကား နှစ်ခုမြောက်သော ဤဂါထာကို ဆို၏–

၁၇၆။ ဒူတော အဟံ ရာဇိ'မ ရက္ခသာနံ၊
 ဝဓာယ တုယှံ ပဟိတောဟ'မသ္မိ။
 ဣန္ဒော စ တံ ရက္ခတိ ဒေဝ ရာဇာ၊
 တေ န'တ္တမင်ံ ဖာလယာမိ။

မင်းကြီး ဤအရပ်၌ ငါသည် ရက္ခိုသ်တို့၏ တမန်တည်း။ ငါ့ကို သင့်အား သတ်စိမ့်သောငှာ စေအပ်၏။ နတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည်လျှင် သင်မင်းကြီးကို စောင့်သောကြောင့် သင်၏ ဦးခေါင်းကို ငါ မခွဲပေ။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ဤဂါထာတို့ကို ဆို၏–

၁၇၇။ သစေ စ မံ ရက္ခတိ ဒေဝရာဇာ၊
 ဒေဝါနမိန္ဒော မဃဝါ သုဇမ္ပတိ။
 ကာမံ ပိသာစာ ဝိနဒန္တု သဗ္ဗေ၊
 န သန္တသေ ရက္ခသိယာ ပဇာယ။

၁၇၈။ ကာမံ ကန္ဒန္တု ကုမ္ဘဏ္ဍာ၊ သဗ္ဗေ ပံသုပိသာစကာ။
 နာလံ ပိသာစာ ယုဒ္ဓါယ၊ မဟတီ သာ ဝိဘိံသိကာ။

ဘီလူး နတ်တို့ကို အစိုးရသော မဃ အနွယ်ဝင် သုဇာ၏အရှင်လင်ဖြစ်သော သိကြားမင်းသည် ငါ့ကို စောင့်ရှောက်သည် မူလည်း ဖြစ်စေ၊ ဘီလူး အားလုံးတို့သည် ထင်ထင်ရှားရှား ကြွေးကြော်ကုန်သည်မူလည်း ဖြစ်စေ ငါသည် ဘီလူးအား မထိတ်လန့်သည်သာလျှင် ကတည်း။

အိုး အတိုင်းအရှည် ရှိ၍ လျှို့ဝှက်အပ်သော အင်္ဂါရှိကုန်သော တံမြက်ချေး စုရာအရပ်၌ နေကုန်သော ဘီလူးအားလုံးတို့သည် ဖြတ်စေကုန်ရာ၏။ ဘီလူး တို့သည် စစ်ထိုးအံ့သောငှာ မစွမ်းနိုင်ကုန်။ ကြီးစွာသော ကြောက်မက်ဖွယ် ပြုခြင်းမျှသာ ဖြစ်ရာ၏၊ ငါမကြောက်ပေ။

သိကြားမင်းသည် ဘီလူးကို ပြေးစေ၍ ဘုရားလောင်းကို ဆုံးမ၍ မြတ်သော မင်းကြီး မကြောက်လင့် ယနေ့မှစ၍ သင်မင်းကြီးအား ငါတို့ စောင့်ရှောက် ကုန်အံ့ဟု ဆို၍ မိမိနေရာသို့လျှင် သွား၏။

## ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ။ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဗာရာဏသီ ဒင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာလေးဆယ့်ခုနစ်ခုမြောက်သော အယကူဋဇာတ်သည် ပြီး၏။

---

## ၃၄၈-အရညဇာတ်

## မိတ်ဆွေစစ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အရညာ ဂါမမာဂမ္မ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအရညဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အပျိုကြီး ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဝတ္ထုသည် စူဠနာရဒကဿပဇာတ်၌ ထင်စွာဖြစ်လတ္တံ့)။ သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်အပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ မယား သေလွန်လတ်သည်ရှိသော် သားကိုယူ၍ ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌နေလျက် သားကို ကျောင်း၌ထားခဲ့၍ မိမိသည် သစ်သီးကြီးငယ် အကျိုးငှါသွား၏။ထိုအခါ ခိုးသူတို့သည်ပစ္စန္တရစ်ရွာကို လုယက်ကုန်၍ သတို့သမီးငယ်တို့ကို ယူငင်၍ သွားကုန်သည်ရှိသော် တစ်ယောက်သော သတို့သမီးသည် ပြေး၍ ထိုကျောင်းသို့ ရောက်၍ ရသေ့ငယ်ကို ဖြားယောင်း၍ သီလပျက်ခြင်းသို့ ရောက်စေ၍ လာလော့ သွားကြကုန်အံ့ဟု ဆို၏။ ရသေ့ငယ်သည် ငါ့အဘ လာစေဦး၊ အဘကို ဖူးမြင်၍လျှင် သွားအံ့ဟုဆို၏။ ထိုသို့တပြီးကား အဘကို ဖူးမြင်၍ လာကုန်လောဟု ဆို၍ ကျောင်းမှထွက်၍ လမ်းအကြား၌ ငံ့လင့်နေ၏။ ရသေ့ငယ်သည်လည်း အဘလာသည်ရှိသော် ဤဂါထာကို ဆို၏—

၁၇၉။ အရညာ ဂါမမာဂမ္မ၊ ကိံ သီလံ ကိံ ၀တံ အဟံ။
　　　ပုရိသံ တာတ သေဝေယျံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဖခင် ငါသည် တောမှ ရွာသို့သွား၍ အဘယ်သို့ သီလရှိသော အဘယ်သို့ အကျင့်ရှိသော ယောကျ်ားကို မှီဝဲရအံ့နည်း။ မေးအပ်သော သင်သည် ငါ့အား ထိုအကြောင်းကို ပြောကြားလော။

ထိုအခါ ရသေ့ငယ်အား အဘသည် အဆုံးအမကိုပေးလို၍ ဤဂါထာတို့ကို ဆို၏–

၁၈၀။ ယော တံ ဝိဿာသယေ တာတ၊ ဝိဿာသဉ္စ ခမေယျ တေ။
　　　သုဿူသီ စ တိတိက္ခီ စ၊ တံ ဘဇေဟိ ဣတော ဂတော။

၁၈၁။ ယဿ ကာယေန ဝါစာယ၊ မနသာ နတ္ထိ ဒုက္ကဋံ။
　　　ဥရသီ ဝ ပတိဋ္ဌာယ၊ တံ ဘဇေဟိ ဣတော ဂတော။

၁၈၂။ ဟလိဒ္ဒိရာဂံ ကပိစိတ္တံ၊ ပုရိသံ ရာဂဝိရာဂိနံ။
　　　တာဒိသံ တာတ မာ သေဝိ၊ နိမ္မနုဿမ္ပိ စေ သိယာ၊

ချစ်သား သင်နှင့် ချစ်ကျွမ်းဝင်သော သင်နှင့် ချစ်ကျွမ်းဝင်ခြင်းကိုလည်း နှစ်သက်သော ချစ်ကျွမ်းဝင်သည့် စကားကိုလည်း နားထောင်လိုသော အပြစ်ကိုလည်း သည်းခံတတ်သော ယောကျ်ားကို သင်သည် မှီဝဲလေလော့၊ ကိုယ်ဖြင့် လည်းကောင်း, နှုတ်ဖြင့် လည်းကောင်း, စိတ်ဖြင့် လည်းကောင်း မကောင်းမှုကို မပြုသော ထိုယောကျ်ားကို ရင်၌တည်၍ ကြီးသောသားကဲ့သို့ ဆည်းကပ် လေလော့။ ချစ်သား နနွင်းဆိုးရည်ကဲ့သို့ မမြဲသောစိတ်ရှိသော မျောက်ကဲ့သို့ လျင်မြန်သော စိတ်ရှိသော ခဏချင်းဖြင့် ချစ်ခြင်း မုန်းခြင်း ဖြစ်တတ်သော ယောကျ်ားကို ဇမ္ဗူဒိပ်ကျွန်း ပြင်အလုံး၌ လူမရှိသည် ဖြစ်သော်လည်း သင်သည် မမှီဝဲလေလင့်။

ထိုစကားကိုကြား၍ ရသေ့ငယ်သည် ဖခင် ကျွန်ုပ်သည် ဌာ ကျေးဇူးတို့နှင့် ပြည့်စုံသောယောကျ်ားကို အဘယ်မှာရနိုင်အံ့နည်း၊ မသွားအံ့။ သင်ကို၏ အထံ၌သာလျှင် နေအံ့ဟုဆို၍ ရွာသို့သွားခြင်းမှ နစ်၏၊ ထိုအခါ ရသေ့ငယ်အား အဖသည် ကသိုဏ်းပရိကံကို ကြား၏၊ သားအဖနှစ်ယောက်တို့သည်လည်း ဈာန်မှ မယုတ်ကုန်သည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လာ၏။

**ဇာတ်ပေါင်း**

သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ ယခုအခါ အပျိုကြီးနှင့် ရဟန်းတို့သည်လျှင် ထိုအခါ ရသေ့ငယ် သတို့သမီးငယ်တို့သည် ဖြစ်ဖူးကုန်ပြီ။ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အဘရသေ့ ဖြစ်ဖူး၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုံးရာလေးဆယ့်ရှစ်ခုမြောက်သော အရညဇာတ်သည် ပြီး၏။

---

**၃၄၉-သန္ဓိဘေဒဇာတ်**

**ကုန်းချောမြေခွေး**

**ပစ္စုပ္ပန်ဝတ္ထု**

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "နေဝ ဣတ္ထီသု သာမညံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသန္ဓိဘေဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပေသုည သိက္ခာပုဒ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ သဗ္ဗညုမြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့သည် ကုန်းတိုက်သော စကားကို ဆောင်ကုန်၏ဟု ကြားတော်မူ၍ ဆဗ္ဗဂ္ဂီရဟန်းတို့ကို ခေါ်တော်မူ၍ ရဟန်းတို့ သင်တို့သည် အငြင်းအခုံ ခိုက်ရန်ဖြစ်ကြကုန်သော အထူးထူး အပြားပြား ပြောဆိုကုန်သော ရဟန်းတို့အား ကုန်းတိုက်သောစကားကို ဆောင်ကုန်သတတ်။ ထိုကြောင့် မဖြစ်ကုန်သေးသော ခိုက်ရန်အစရှိသည်တို့သည်လည်း ဖြစ်ကုန်ပြီ။ ဖြစ်ကုန်ပြီးသော ခိုက်ရန်အစရှိသည်တို့သည်လည်း အတိုင်းထက်အလွန် ပွားများကုန်၏ဟူသည်. မှန်သလောဟု မေးတော်မူလျှင် မှန်ပေ၏ဟု နားတော်လျှောက်သည် ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ရဟန်းတို့ ကုန်းတိုက်သော စကားမည်သည်ကား ထက်စွာသော သန်လျက်ဖြင့် ထိုးခုတ်သည်နှင့်တူ၏။ ရှည်မြင့်စွာသောကာလ၌ ဖြစ်သော အကျွမ်းဝင်ခြင်းသည်လည်း ထိုကုန်းတိုက်သော စကားဖြင့် လျင်မြန်စွာ ပျက်စီးတတ်၏။ ထိုကုန်းတိုက်သော စကားကိုယူ၍ မိမိ၏ အချစ်ပျက်ခြင်းကို ပြုတတ်သောသူသည် ခြင်္သေ့ဥသဘတို့နှင့် တူ၏ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည် ရှိသော်ဘုရားလောင်းသည် ဗြဟ္မဒတ်မင်း၏ သားဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ သင်ဒ ပ်ပြီးသော အတတ်ရှိသည်ဖြစ်၍ အဖလွန်လတ်သော် တရားသဖြင့် မင်းပြု၏။ ထိုအခါ တစ်ယောက်သော နွားကျောင်းသားသည် တောဝယ် နွားခြံတို့၌ နွားတို့ကို စောင့်ရှောက်၍ လာလတ်သော် တစ်ကောင်သော ကိုယ်ဝန်ရှိသော နွားမကို မမှတ်မိရကား စွန့်၍လာ၏။ ထိုနွားမအား တစ်ကောင်သော ခြင်္သေ့မနှင့်တကွ အကျွမ်းဝင်ခြင်းသည် ဖြစ်၏။ နှစ်ကောင်ကုန်သော နွားမ ခြင်္သေ့မတို့သည်လည်း မြဲမြံစွာ မိတ်ဖြစ်ကုန်၍ အတူတကွ ကျက်စားကုန်၏။ နောက်အဖို့၌ နွားမသည် နွားငယ်ကို မွေးဖွား၏။ ခြင်္သေ့မသည်လည်း ခြင်္သေ့ငယ်ကို မွေးဖွား၏။ ထိုနွား ခြင်္သေ့ နှစ်ကောင်သည်လည်း အမျိုးမှလာသော မိတ်အားဖြင့် မြဲမြံစွာသော အဆွေခင်ပွန်းဖြစ်ကုန်၍ အတူတကွ ကျက်စားကုန်၏။ ထိုအခါ တစ်ယောက်သော မုဆိုးသည် ထိုနွား ခြင်္သေ့တို့၏ အကျွမ်းဝင်ခြင်းကို မြင်၍ တော၌ဖြစ်သော ဘဏ္ဍာကိုယူ၍ ဗာရာဏသီသို့ သွား၍ မင်းအားဆက်၍ အရှင်မင်းမြတ် သင်သည် တော၌ တစ်စုံတစ်ခု အံ့ဖွယ်သရဲကို မြင်ခဲ့သလောဟု မင်း မေးသည်ရှိသော် ရှင်မင်းကြီး တစ်ပါးသော တစ်စုံတစ်ခုသော အံ့ဖွယ်သရဲကို မမြင်။ တစ်ကောင်သော ခြင်္သေ့ တစ်ကောင်သော ဥသဘ ဤတိရစ္ဆာန်တို့သည်ကား အချင်းချင်း အကျွမ်းဝင်ကုန်၍ အတူတကွ ကျက်စားကြသည်ကို မြင်၏ဟုလျှောက်၏။ ခြင်္သေ့ ဥသဘတို့အား သုံးယောက်မြောက်သော အဖော်သည်ဖြစ်လတ်သော် ဘေးသည်ဖြစ်လတ္တံ့။ အကြင်အခါ၌ ထိုခြင်္သေ့ဥသဘတို့၏ သုံးယောက်မြောက်သော အဖော်ကို မြင်အံ့။ ထိုအခါ ငါ့အား ကြားလော့ဟု ဆို၏။ ထိုမုဆိုးသည် ကောင်းပြီဟု ဝန်ခံ၏။

မုဆိုးသည် ဗာရာဏသီသို့ သွားသည်ရှိသော် တစ်ကောင်သော မြေခွေးသည် ခြင်္သေ့ကိုလည်းကောင်း၊ ဥသဘကို လည်းကောင်း ခစား၏၊ မုဆိုးသည် တောသို့သွား၍ ထိုမြေခွေးကိုမြင်၍ သုံးယောက်မြောက်ဖြစ်သော အဖော်၏ဖြစ်ခြင်းကို မင်းအားလျှောက်အံ့ဟု မြို့သို့ သွား၏။ မြေခွေးသည်လည်း ငါသည် ခြင်္သေ့အသားကို လည်းကောင်း၊ နွားလားဥသဘ အသားကိုသည်းကောင်း၊ ထား၍ မစားဖူးသော တစ်ပါးသော အသားမည်သည် မရှိ။ ဤခြင်္သေ့ နွားလားတို့ကို အချစ်ပျက်စေ၍ ဤခြင်္သေ့နွားလားတို့၏ အသားကို စားအံ့ဟု ကြံ၏။ ကြံပြီး၍ ထိုမြေခွေးသည် သင့်ကို ဤဥသဘသည် ဤသို့ဆို၏။ သင့်ကို ဤခြင်္သေ့သည် ဤသို့ဆို၏ဟု နှစ်ဦးကုန်သော အဆွေခင်ပွန်းတို့ကို အချင်းချင်း

ကွဲစေ၍ မကြာမြင့်မီလျှင် ခိုက်ရန်ပြုစေ၍ သေခြင်းသို့ ရောက်အောင်ပြု၏။ မုဆိုးသည်လည်းသွား၍ မင်းအား အရှင်မင်းကြီး ထိုခြင်္သေ့ဥသဘတို့အား သုံးဆောင်ပြောက်သော အဆွေခင်ပွန်းသည် ဖြစ်၏ဟု လျှောက်၏။ ထိုအဆွေခင်ပွန်းသည် အဘယ်သူနည်းဟု မေး၏။ မြတ်သောမင်းကြီး မြေခွေးတည်းဟု လျှောက်၏။ မင်းသည် နှစ်ခုသော အဆွေခင်ပွန်းတို့ကို မြေခွေးသည် ဖျက်ဆီး၍ သတ်စေလေတော့။ ငါတို့သည် ခြင်္သေ့နွားလားတို့၏ သေသော အခါလျှင် ရောက်ကုန်အံ့ဟုဆို၍ ရထားစီး၍ ခရီးညွှန်မုဆိုးနှင့်တကွ သွားလတ်သော် ထိုခြင်္သေ့နွားလားတို့သည် အချင်းချင်း ခိုက်ရန်ပြု၍ အသက်ကုန်လတ်သော် ရောက်၏။ မြေခွေးသည်ကား ရွှင်လန်းနှစ်သက်စွာ ခြင်္သေ့သားကို တစ်ကြိမ်စား၏။ ဥသဘသားကို တစ်ကြိမ်စား၏။ မင်းသည် အသက်ကုန်ခြင်းသို့ ရောက်လတ်သော ခြင်္သေ့ဥသဘတို့ကို မြင်၍ ရထားစီးလျက် ရထားထိန်းနှင့်တကွ စကားပြောလိုရကား ဤဂါထာတို့ကို ဆို၏—

၁၉၃။ နေဝ ဣတ္ထီသု သာမညံ၊ နာပိ ဘက္ခေသု သာရထိ။
အထဿ သန္ဓိဘေဒဿ၊ ပဿ ယာဝ သုစိန္တိတံ။

၁၉၄။ အသိ တိက္ခေါဝ မံသမှိ၊ ပေသုညံ ပရိဝတ္တတိ၊
ယတ္ထူသဘဉ္စ သီဟဉ္စ၊ ဘက္ခယန္တိ မိဂါဓမာ။

၁၉၅။ ဣမံ သော သယနံ သေတိ၊ ယမိမံ ပဿသိ သာရထိ။
ယော ဝါစံ သန္ဓိဘေဒဿ၊ ပိသုဏဿ နိဗောဓတိ။

၁၉၆။ တေ ဇနာ သုခမေဓန္တိ၊ နရာ သဂ္ဂဂတာရိဝ။
ယေ ဝါစံ သန္ဓိဘေဒဿ၊ နာဝဗောဓန္တိ သာရထိ။

ရထားထိန်း ဤခြင်္သေ့နွားလားတို့အား မိန်းမတို့၌ ဆက်ဆံခြင်းသည် မရှိသလျှင်ကတည်း။ အစာတို့၌လည်း ဆက်ဆံခြင်းသည် မရှိသလျှင်ကတည်း။ သို့ဖြစ်လျက် ထိုမိတ်ဖျက်မြေခွေး၏ အကြံကောင်းကို ရှုလော့။

ကုန်းတိုက်ခြင်းသည် ဖြစ်လတ်သော် ယုတ်မာကုန်သော မြေခွေးတို့သည် နွား၏ ကိုလည်းကောင်း ခြင်္သေ့ကိုလည်းကောင်း စားကုန်၏။ ထက်သောသန်လျက် ဖြင့်အသား၌ ဖြတ်သကဲ့သို့ ကုန်းတိုက်ခြင်းသည် မိတ်ဆွေအဖြစ်ကို ဖြတ်၏။

ရထားထိန်း သတ္တဝါနှစ်ကောင်တို့၏ သေလျက်အိပ်ခြင်းကို မြင်၏လော မိတ်ကိုဖျက်ဆီးတတ်သော ကုန်းတိုက်တတ်သော သူ၏ စကားကို နာယူမိသော သူသည် သေလျက် အိပ်ရတတ်၏။

ရထားထိန်းကုန်းတိုက်တတ်သောသူ၏စကားကို မနာယူကုန်သော သူတို့သည် နတ်၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သူတို့ကဲ့သို့ ချမ်းသာကို ရကုန်၏။

မင်းသည် ဤဂါထာတို့ကို ဆို၍ ခြသေ့်၏ လည်ဆံ, အရေ,ခြေသည်း, လက်သည်း, အစွယ်တို့ကို ယူခဲ့စေ၍ မြို့သို့လျှင် သွား၏။

**ဇာတ်ပေါင်း**

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူ၍ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်းဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

သုံးရာလေးဆယ့်ကိုးခုမြောက်သော သန္ဓိဘေဒဇာတ်သည် ပြီး၏။

## ၃၅၀-ဒေဝတာပဥှဇာတ်

"ဟန္တိ ဟတ္ထေဟိ ပါဒေဟိ"အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒေဝတာပဥှဇာတ်သည် မဟာနိပါတ် ဥမင်္ဂဇာတ်၌ ထင်စွာဖြစ်လတ္တံ့။

သုံးရာငါးဆယ်ခုမြောက်သော ဒေဝတာပဥှဇာတ်သည် ပြီး၏။

၅-စူဠကုဏာလဝဂ်ပြီး၏

---

**နိဂုံး**

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူများရှင် ဝ ရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွါးချမ်းသာ အကျိုးငှါ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့ မျက်နှာ ဧရပ်၌ မဟာဥပရာဇ်မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော စတုက္ကနိပါတ်ဇာတ်၌ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော စူဠကုဏာလ ဝဂ်သည် ဤမျှသောသဒ္ဒါ၏အစဉ် အနက်၏အစဉ်အားဖြင့် အပြီးသို့ ရောက်၏။

စတုက္ကနိပါတ် ဇာတ်ပတ္တု ဤတွင် ပြီး၏။

ငါးရာငါးဆယ်ဇာတ်ဝတ္ထု ဒုတိယတွဲ ပြီး၏။